www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ


## ဒီ့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ...နိုင်ငံအရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ...နိုင်ငံအရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ...နိုင်ငံအရေး |

# နဂ္ဂရွာကျောင်းခြံညီ

နဂ္ဂရွာကျောင်းခြံညီ

နဂ္ဂရွာကျောင်းခြံညီ



လောကီပညာရသစုံမဂ္ဂဇင်း



www.burmeseclassic.com

# နှစ္ယရောင်ခြည်

**နာယကကြီး**

ဒေါက်တာ အောင်မိုင်

M.B.B.S (Ygn)

ဒ-ဘ-ဝ(တိုင်းရင်းဆေး)

M.Med.Sc (Pharmacology)

Advanced Pharmacokinetics

Traning (London)

M.C.P.A. A.T.C.M

(Wuhan), D.M.A

Senior Fellowship of Aryuvedic

Medicine(India)

သာသနာ့အာကျိုးဆောင်

ဓမ္မာစရိယ ဆရာအောင်

**တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေး**

ဒေါ်ဝတ်ရည်ဆွေ

B.Sc(Bot),Dip.T.Med.

ဦးဝင်းထိန်ကျော်

B.A(Philos),Dip.T.Med.,

T.L.R.M (INDIA)

**အနောက်တိုင်း ဆေးကဏ္ဍ အယ်ဒီတာ**

ကိုကိုမောင်

**စာတည်းချုပ်**

ဦးကျော်မိုးသိန်း

**တာဝန်ခံစာတည်း**

ဝဿဒေဝ

**နယ်လှည့်အယ်ဒီတာ**

အောင်ဇ(LL.B)၊ ကိုစိုးဆန်း၊

သန်းထွန်း၊ (ဘားအံ)

**ပါဠိ အယ်ဒီတာ**

ဦးစံတင်

(စာချတိကာယကောဝိဒ၊ဝိနယဓရ၊ဓမ္မာစရိယ)

**ဥပဒေအကြံပေး**

ဦးထွန်းစိန်

B.A(Myanmar),B.G.P,R.L(Advocate)

**ပန်းချီဒီဇိုင်းပညာရှင်**

ကိုတင်ဦး၊

တင်တင်နွယ်

**မျက်နှာဖုံးပန်းချီ**

မြတ်မင်းဟန်

**ဖြန့်ချိရေးမှူး**

ယဉ်ကျေးဝေ

**ကွန်ပျူတာစာစီ**

ပါရမီ ကွန်ပျူတာစာစီလုပ်ငန်း

**အတွင်းဖလင်**

ပါရမီ



ဤအသင်းတုတော်အတွင်း၌
ရွှေငွေရတနာ ဌာပနာများကို
မှန်တော်ကိုချတ်၍ရလျှင် ရမည်ဆိုသောကြောင့်...

➡ စာ-၅၄

**ထုတ်ဝေသူ**
ဦးခင်မောင်ဝင်း(၀၃၄၇၂) နှစ္ယရောင်ခြည်စာပေတိုက်၊
၂၄၄ ၂၉ လမ်း ရန်ကုန်မြို့၊
**အတွင်းနှင့် မျက်နှာဖုံးရိုက်**
ဦးခင်မောင်ဝင်း(၀၅၁၉၄) ပါရမီအော့ဖ်ဆက်၊
အမှတ် ၅၈၉ ရွှေကြိုးအောင်လမ်း၊
၅-ရပ်ကွက် မရမ်းကုန်းမြို့နယ်၊
ရန်ကုန်မြို့၊
**မန္တလေးဖြန့်ချိရေး**
နဂါးစာပေ
**ရှမ်းတောင်ကြီး ဖြန့်ချိရေး**
မိလျံနာစာပေ (တောင်ကြီး)
ဝင်္ကနဒီစာပေဖြန့်ချိရေး(တောင်ကြီး)
**မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဖြန့်ချိရေး**
ကျော်ကျော်စာပေ(မော်လမြိုင်)
**ဖြန့်ချိရေး**
ကျော်မိုးသိန်းစာပေ၊ ၂၃၃၊ ၂၉ လမ်း ရန်ကုန်မြို့၊
ဖုန်း- ၀၁ ၂၄၂၂၈၄

**ကြော်ငြာဌာနမှူး** – ကိုတင်မောင်ရွှေ
**မင်္ဂလာ ဒီးမွှားရေးကြော်ငြာလုပ်ငန်း**

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ
**အမှတ် ၃၁၈**
အုပ်ရေ
**၁၀၀၀**
ငါးရာကျပ် (၅၀၀ိ/-)
**ဖုန်း-၀၁ ၂၄၂၂၈၄**



www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com


www.burmeseclassic.com




သလာဂီရိမောရပဗ္ဗတကျောင်းတော်တောင်၌
အစိဋ္ဌာန်ဝင်လိုသူသည်
ဗားမဲ့ဗားကရုဒ်ဘုရားသိမ်တော်နေရာ၌... ➜ စာ-၁၃၀

စကျောက်လက်ဝါးရဲ့ ထူးခြားစွာအံ့သြဖွယ်
အိပ်မက်နိမိတ်ကောင်းကို
စောင့်မျှော်ပါလို့... ➜ စာ-၁၀၈


BURMESE CLASSIC .com



## တွေ့ဆုံခြင်းရောင်ခြည်


ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊
ကျွန်းမာပါစေ တိုင်းရင်းဆေးခန်း ဆရာဦးသီဟ
(တဆ-၁၃၃၈၀)၏ အနာပဆည်ရောဂါ၊ ဆီးချိုရောဂါ၏
နောက်ဆက်တွဲ အနာပေါက်ရောဂါ
သိကောင်းစရာများနှင့် ကုထုံး (မြောင်းမြ မောင်ယဉ်တင့်) ၃၃


## ပညာပေးရောင်ခြည်


လှတိုင်းဖတ်တွက် တရုတ်ရိုးရာ
အိပ်မက်ဖွင့်ကျမ်း (၆၄) (ထက်မင်းကျော်စွာ) ၁၂၄
သင်္ကေတများ၏ အဓိပ္ပာယ်စကား (၁၉) ၁၆၆
တရုတ်ကြိုးထုံးပညာ (၇၄) (ဟူကျင်းစီ) ၂၂၀


## လက္ခဏာရောင်ခြည်


အိမ်မဲမြို့ ဆန်းမေ့သိဂီကျောင်းတိုက် ပဓာန နာယက
သက်တော်ရှည် ဆရာတော်ကြီး ဘဒ္ဒန္တကဝိဓဇ၏
လက္ခဏာပုံရိပ်များ (သန့်ပညာ) ၁၀၅
ဇိမ်ထောင်ရေး ကံခေတတ်သော လက္ခဏာ
[ဆရာ ဦးခင်မောင်လင်း–ရွှေဘို(B.Sc)] ၁၁၈
သူဘယ်လိုလူစားလဲ ၁၃၄
လက်မ ထောင်ကြည့်ပါ (ကောင်းသုခ) ၁၄၈
လက္ခဏာပဟေဠိ အဖြေညှိကြစို့
(ဆရာကြီး ဦးအောင်မြင့်–ဥပဓေဘွဲ့) ၁၇၉
သားသမီးရခြင်း၊ မရခြင်းနှင့် ကျွန်ုပ်အမြင်
(ဦးသော်ခင်–ဟသ်ာတ) ၂၀၈


## လမ်းညွှန်ရောင်ခြည်


ဖိုဝင်းတောင်၏ လျှောင်းတော်မှ(စိန်လှိုင်–ပြည်လုံးချမ်းသာ) ၁၅
ကိုးမြို့တောင်တန်းမှ သတ္တဝတီ သာသနာမြေနန်း
ဆီသို့ (၃) (ဘုန်းကျော်စွာ–မြိုင်တက္ကသိုလ်) ၄၉
တက်တော်ချောက်မှ ဆေးဖက်ဝင် ရေမခန်းတော့ကျောက်
(ဟူကျင်းစီ) ၁၃၇
စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်
ရှားစေ့ပြပ်ရွာမှ ဝဏ္ဏရရေကန်ကြီး (အရှင်ဝိသုဒ္ဓ) ၂၈၉


## အထူးဆောင်းပါးရောင်ခြည်


သရက္ခန် ကိုယ်စားတော် မွေ့လျော်တော်မူသည့်
ဆင်ကျိုးရွှေကူစေတီတော် (၁) (စံထွန်းသာ) - ၉
ထွက်ရပ်ပေါက်ပုဂ္ဂိုလ် မဟာဗိုဓိရှင်
သိဒ္ဓိရှင်များအကြောင်း (၂) (မင်းသစ္စာ) ၃၈
အောင်အတိတ်ဆောင် သိင်္ဂနိက်တောင်ရိုးဆီမှ
ပုထိုးစေတီ နေရာထူးများ (၅) (ထက်မင်းကျော်စွာ) ၅၇
ပေါင်လောင်ရှင်ကဿပမထေရ်၏ ကောင်းမှုစေတီများ
ပူဇော်မှုခရီး(ကျောက်မျက်ရွှေမြင်တင်စေတီ-၄)
(စံထွန်းသာ) ၆၅
ကံမမြို့နယ် မြောက်အစွန်အဖျားဆီက ကျောက်အမှန်
ရှင်မတောင်ဘုရားထံသို့ (၃) (ထက်မင်းကျော်စွာ) ၃၃
ကြာနိုင် အကျက်ဆန်းထွင်ပါတဲ့ ရှုံ့မဟာမြိုင် ရတ်ကန်
တောင်တော်ဦးဆီသို့ (၉) (ဘုန်းကျော်စွာ–မြိုင်[illegible]) ၈၀




www.burmeseclassic.com

www.burmeseclassic.com

## ❦ ကိုယ်တွေ့ရောင်ခြည် ❦

ထူးထူးခြားခြား စမများ ပေါ်နေသည့် –
စရဏာပုဂ္ဂိုလ်တစ်ဦး၏ လက်ဖဝါး (အောင်ထက်) ၉၇
ကျွန်ုပ်၏ တောတွင်းအတွေ့အကြုံများ ဖြစ်ရပ်မှန်(၈၀)
(ဦးသန်းစိုး–ချောင်းနက်) ၁၄၁
ပဲ ငါးဖွန်းသာ စားသုံးတဲ့ သာသနာပြုအဘရသေ့ကြီးနှင့်
တွေ့ကြုံခဲ့ရစဉ်က(၂) (ဇင်သူ–မော်လမြိုင်) ၂၄၁
လွန်ခဲ့သော နှစ်ပေါင်း(၆၀)ခန့်က ရေပေါ်မှာ ပေါ်လာကျ
ဘုရားရှိခိုးသူ အမေနန်း (မျိုးချစ်–စည်ပင်၊ ငြိမ်း) ၂၆၅
ဘုရားဖူးတဲ့ သက်တံလေလား သိသူများမှ
ဖော်ပြပေးကြပါ (ရွှေစံကောင်း) ၂၇၇
ရဟန္တာပုဂ္ဂိုလ်ထူး ဖူးတွေ့ဖူးသူများ
(ရွှေမှော်မြေ မောင်ကြည်သိန်း) ၂၉၇

## ❖ ထူးခြားဆန်းကြယ်ရောင်ခြည် ❖

တော့တာတောရမြေမှ သာသနာပြုမြွေကြီး မိနန်းဝေ
(ဇင်ညိုငယ်) ၁၇
ကျွန်ုပ်တော်နှင့် သာမညဆရာတော်ကြီး၏ ထူးခြားဆန်းကြယ်
ဖြစ်ရပ်ဆန်းများ(၂) (လင်းလက်သိန်း–မှော်ဘီ) ၂၂၅
ပဲခူးမြို့မ တောင်ညိုတောင်ကြီးမှ ကိုယ်တိုင်
တွေ့မြင်ခဲ့ရသော ထူးဆန်းသည့် အလင်းတန်းကြီး
(အေးရွှေ–စီးကုန်း) ၂၄၉
ဂန္ဓမာဒနတောင်နှင့် ပတ်သက်သော
ဒဏ္ဍာရီဖြစ်ရပ်ဆန်းများ(၁) (မြတ်သင်ဦး) ၂၆၇

## ✱ ဆေးမြီးတိုရောင်ခြည် ✱

သွေးတိုးအတွက် နှင်းဆီ (မောင်လှယဉ်–မော်လမြိုင်) ၁၁၉
ချဉ်ပေါင်စားလျှင် ညာဏ်နှင့်ယှဉ်
(ဖေမောင်–ညောင်လေးပင်) ၁၄၄
ဝဲနှင်းခူအတွက် စိတ်မပျက်နှင့် (ကိုစနေ) ၁၇၆
လိပ်ခေါင်းရောဂါအတွက် ဗာဒံစေ့
(အောင်ဝင်းသန့်–ရေနံမြေ) ၁၉၂
ပတူတုပ်လို့ မသေနိုင်တဲ့ဆေး (သာထက်ဇော်–မကွေး) ၂၁၅
အစွမ်းထက်မြက် သခေါ်ဆွတ် (ကျော်ရင်–ပညာ၊ ဟင်္သာတ) ၂၂၃

## ◆ ဆေးဗေဒရောင်ခြည် ◆

ကြွက်နို့နှင့် ငါးမျက်စိဆေးနည်း (နေမဝင်–နတ်မောက်) ၁၂၈
ငါးစင်စပ်၏ ဆေးအာနိသင် (ခွန်စိုင်းဝမ်း) ၁၅၀
သွေးဝမ်းအတွက် ဆေးတစ်ခွက်
(မောင်မောင်ထိန်လင်း–တိုင်းရင်းဆေး ကောလင်း) ၁၅၂
သည်းကြီးရင်တား အရပ်သုံးဆေးဝါးကိုစား ၁၅၉
ဖူးနာခါးနာဆိုလျှင် သက်သာပျောက်ကင်းတဲ့ဆေး
(မြို့သစ် မြင့်နောင်–) ၂၀၀
အမျိုးသမီးများ နို့ရည်မထွက်သော်
(အောင်နိုင်ဝင်း–မီသာလင်ဂျင်း) ၂၂၄



အကာယ်၏ မုံရွာမြို့ကိုရောက်ခဲ့ရင်
ဖိုဝင်းတောင်၏ လျောင်းတော်မူပုံတော်ကို
သွားရောက် ဖူးမြော်ကြည့်ရှုလေ့လာဖို့… ☛ စာ–၁၅

ဆီးချိုအခြေအနေကို စစ်ဆေးပြီး
ဒီတျာတ်သင်းရှုတို ရေအစား
သောက်ပေးရင်…နှစ်ရက်အတွင်းမှာ… ☛ စာ–၁၃၈



ဤခုတင်ပေါ်၌ အမောပြေ အိပ်စက်ကြရာ
ခုတင်ပေါ်မှ တွန်းချခြင်း
ကြောက်မက်ဖွယ်အာရုံထင်မြင်ခြင်းကို… ☛ စာ–၁၁၄



www.burmeseclassic.com


www.burmeseclassic.com



အဘောင်
လေးရာပြည့်
ကျောင်းတော်နှင့်
ဝင်းစိန်တောရ
ဆရာတော်ကြီးတို့...
◆ စာ-၄၁

ဒေသခံ
လူမျိုးစုတွေရဲ့
အဆောင်တစ်ခုပဲ
သားယောက်ျားလေး
မွေးအောင်တဲ့...
☛ စာ-၁၇၇





မိဿလင်ပင်
က
သုံးဆင့်
နွယ်ကွင်းထိုးလို့...
ဒါကြောင့်
လာဘ်တွေရှင်
စီးပွား
သိသိသာသာ
တိုးလာတာ...
◆ စာ-၁၂၁

**● အင်းစပယ်ညာရောင်ခြည် ●**


ရှားပါးသော ဗျည်းအက္ခရာတို့၏ သိဒ္ဓိထူး
(ဝေဒသစ္စာ ဆရာဝရအောင်-ကလေးမြို့) ၁၃၅
(၃၂)လုံး လိုရာသုံးအင်း (ဗိုလ်မင်း-မင်းလှ) ၂၃၈


**✻ ကျင့်စဉ်ရောင်ခြည် ✻**


ဉာဏ်ပညာထက်မြက်အောင် ဤကျင့်စဉ်ကိုဆောင်
(မောင်စိုးနွယ်-နတ်မောက်) ၈၆
သေလာဂီရိမောရပဗ္ဗတတောင်တော်ရှိ
နဝင်းအမိဌာန်ဝင်နည်း (သီဟတင့်ဇော်) ၁၂၉
ပုတီးကျင့်စဉ်နှင့် ဖြစ်စဉ်များ (တက္ကသိုလ် အပန်ငယ်) ၁၈၀
မနောမြင့်တင် စိတ်ကျင့်စဉ် (မင်းဇေယျာ-ကျောင်းကုန်း) ၁၈၇
ရက္ခန်းစင်တောင်ဆရာတော်ကြီး တရားအားထုတ်သွားခဲ့
သော မနောမယဖောင်တော်ဦးဘုရားနှင့် ကရာကုန်းကျောင်း
ဆရာတော်ဦးကေသရ၏ ကျင့်စဉ် ဗုဒ္ဓါနုဿတိ
(နေနီလင်း-ကောလင်း) ၂၀၁
ဖိုးဦးတောင်တန်း ပြည်ထွက်စခန်းဝင် (၁) (နေဝန်းနီ) ၂၇၃


**✻ ဂန္ဓာရဝဇ္ဇာရောင်ခြည် ✻**


နမ်းခွဲရှာသွား တောလား (တက္ကသိုလ် မောင်လှလှ) ၂၉၂


**✂ ဇေနှစ်ဦးသုံးဘာဝလမ်းညွှန်ရောင်ခြည် ✂**


၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလအတွင်း
စည်းစိမ်ဂုဏ်သိန် ပြည့်စုံစေဖို့ (ထက်မင်းကျော်စွာ) ၉၄
၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလအတွင်း
ပုံရိပ်ရှင်တို့၏ ကံကြမ္မာ (ဟူဂျင်းဇီ) ၁၉၈
၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလအတွက်
ခုနှစ်ရက်သားသမီး ဗေဟာစာတမ်း (ဆရာ ရောင်ခြည်) ၂၀၆


**✻ စိတ်စွမ်းအင်ရောင်ခြည် ✻**


အိပ်မက်ထဲက ဖြစ်ရပ်ဆန်း (ဦးအုန်းမြင့်-ဟသ်ာတ) ၂၅၅


**● အစီအရင်ရောင်ခြည် ●**


ချမ်းသာသုခပြည့်စုံကြစေ[ရာဟုသား(ဗုဒ္ဓဟူးညနေပိုင်း
များ)နှင့် ကြာသပတေးသားသမီးအတွက်]
(ခင်-စာသင်၊ ရောမြေ) ၉၉
သားယောက်ျားလေး မွေးဖွားစေသည့် အဆောင်
(ဟူဂျင်းဇီ) ၁၇၇
ထူးထူးခြားခြား မိုးတားလေတား
(ကြည်စိုး-မနောမယိဒ္ဓိ၊ ရောမြေ) ၁၈၅
ဇလွန်မြို့ ပြည်တော်ပြန်ဂါထာနှင့် ဆီမီးတိုင် စီရင်နည်း
(မောင်ဗဟိန်း-အင်းတော်) ၁၉၃
ဆေးမတိုးသော၊ ဆေးမတွေ့သော လူနာအတွက်
ပြုဖွယ်ယတြာ (နတ်မောက် လှမြင့်သစ်) ၁၉၉
မြေဖမ်းလျှင် ဒီလိုလုပ်ပါ (ဦးသန်းဦး-ဓိ...) ၂၁၀
မှာတင် အဆောင်အစီအရင် (မေဟ္ဟ...) ၂၁၉




www.burmeseclassic.com

www.burmeseclassic.com

## ✢ ထူးခြားသစ်ပင်ရောင်ခြည် ✢


မီးသာလင်းကျင်းထိုး စီးပွားတိုး (နတ်မောက် မင်းချစ်နော်) ၁၂၁
တိုက်ပွဲဝင်မြား(သို့မဟုတ်)မြားမြီးဂမုန်းအဖို
(လက်မင်းကျော်စွာ) ၁၄၅
မရိုက်သင့်သော ဂမုန်းများနှင့် ကုမ္ပဏီဂြာဂမုန်း
(စေတနာမိုး-တောင်ငူ) ၁၆၉


## ❐ အဂ္ဂိရတ်ရောင်ခြည် ❐


သွပ်လမ်း (ဦးသီတာ) ၁၂၃
ဆေးဒန်းအသုံးချနည်း (ဦးသုမန-မစိုးရိမ်) ၂၂၂
အနွှေဒန်နာ လမ်းနှစ်ခြာ (၃)(ရွှေတောင် ခင်မောင်ကြည်) ၂၃၃


## ✱ ဂါထာမန္တန်ရောင်ခြည် ✱


ကိုးသချိုင်းဝင်ခဲ့စဉ်က ရရှိခဲ့ပြီး အစွမ်းသတ္တိထူးများနှင့်
အံ့မခန်းအကျိုးပေးသည့် ဂါထာတစ်ပုဒ်
(ဆရာနေမျိုး-ဘီအေ) ၁၁၆
အစဉ်အလာ ကြီးမားသော ဂါထာထူးနှင့် မဂ္ဂင်ရှစ်ပါး
အဋ္ဌလက်ဖွဲ့ (ဦးခင်မောင်သန်း-အ.မ.က၊ ပခန်းတန်း) ၁၅၇
ဘေးရန်ကင်းကွာ သိရသွိဂါထာ
(ဦးကျော်ဆောင်း-H.Agr မန္တလေး) ၁၆၀


## ❊ ဓဟုသုတရောင်ခြည် ❊


ပထမဦးဆုံး သံလွင်မြစ်ကူးတံတား
(ဘုန်းကျော်စွာ-မြိုင်တက္ကသိုလ်) ၁၅၁
သူ့အရုပ်၊ သူ့ဒေသ၊ သူ့ဓလေ့ထုံးစံများ(ဝက်မွေးလျှင်
နတ်တင်ရတဲ့ တန်ခွန်းမရွာ) (ကိုသက်ရှည်) ၁၉၀


## ✝ ထူးခြားပစ္စည်းရောင်ခြည် ✝


စိန်ကျောက်အလား ထူးခြားသည့် မိုးကြိုးသွား
(သန်းထွန်းသိန်း-ဘားအံ) ၂၂
သစ်ဖောက်တုံးပေါ်မှ မြတ်စွာဘုရား (ယောနက ဘိုးတော်) ၈၇
ကြက်ဥကြီးထဲက ကြက်ဥကလေး
(ကျော်ချစ်သူ-နတ်မောက်) ၁၀၁
ကုန်းတော ရွှေတွင်းပေါ်က ကျောက်လက်ဝါးများ
(ညိုမင်းလက်-မြန်မာစာ၊ မော်လူး) ၁၀၈
ကော့တာကုန်းတော်ရောက် ရှေးဟောင်းသလွန်
(ခရီးသည် သုတေသီ) ၁၁၃


## ● ကိုယ်ခံပညာရောင်ခြည် ●


သိုင်းပညာရှင် ဆရာကြီး မင်းယက္ခ၏ ဘဝအတွေ့
အကြုံများ (၁၃) (ဆရာကြီး မင်းယက္ခ-တိုက်ပွဲဝင်) ၁၉၅


## ⍋ အမျိုးသမီးအထူးရောင်ခြည် ⍋


ထမင်းဟင်းချက်သည့် ဒန်အိုးများအား မီးခိုးမစွန်း
မမည်းရန် ပြုလုပ်နည်း (မြိုးသန့်ကျော်-စီးကုန်း) ၁၀၇
သိုးမွေးဆွယ်တာ ဖွပ်လျှော်နည်း
(ခင်သန်းဝင်း-ပဲခူးယဉ်ကုန်း) ၁၅၈
အသားဆန်ပြုတ် ညှိနံ့ပျောက်အောင် (အေးဝင်းသန္တာ) ၂၂၁


၆ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း





တစ်ညမှာ
အိပ်မက်တစ်ခု
မက်တယ်
မိနန်းဝေဆိုတဲ့
ဒါယိကာမက...
စာ-၁၇

အာဗမနန်းအား
အုဇက်ဂူသွင်းပြီး
တစ်နှစ်နှင့် ခုနစ်လ
အကြာ
အုဇက်ဂူကို
ဖွင့်မောက်ကြည့်ရာ...
စာ-၂၆၅




ဒီနှစ်ပင်ကြား
သွားလိုက်
လာလိုက်
လုပ်ပြီး
ဘုရားစာ
သက်ဝေ့ဆိုရင်...
စာ-၈၅



www.burmeseclassic.com

www.burmeseclassic.com





ရင်ပြင်တော်တောင်ဘက်မှ ဆင်ရုပ်နှင့်
အရှေ့ဘက်ဘက်မှ ကျားရုပ်တို့ကို
ထူးခြားစွာတွေ့ရသည်··· ☛ စာ–၆၆

စမတ္တာကိုရှေးရှု၍ လုပ်ကိုင်
ဆောင်ရွက်ပါက
ဤမြားမြီးဂမုန်းအပင်က··· ☛ စာ–၁၄၅




## ○ ဘုမ္မာသနရောင်ခြည် ○

ပြောက်ဦး ဘုရားဖော်ရေးကုန်းအမှတ် (၂)မှ
ဘုရားဖော်တွေ့ရှိသည့် ယဉ်ကျေးမှု ရှေးလက်ရာများ (၁၀)
(ပန်းချီထွန်းလှ–ရွှေပေါင်းသုတေသန) ၂၁၂
စိတ်ဝင်စားဖွယ်ကောင်းသော ထိုးမြွလက်မှတ်များ
အကြောင်း (ဆရာကြီး ဦးအောင်မြိုင်–ဥပဒေဘွဲ့) ၂၂၉

## ✎ မြန်မာ့ရိုးရာ ဝိဇ္ဇာရောင်ခြည် ✎

ဘယ်လိုအိမ်မထောင်ကျမလဲ အလွယ်တွက်နည်း
(နတ်မောက် လှမြင့်သစ်) ၂၀၉

## ◆ ကျန်းမာရေး ဓာတ်မာရောင်ခြည် ◆

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ကျန်းမာရေးအတွက်
အကြံပေးချက်များ (ဟူကျင်းဇီ) ၁၃၆

## ○ အမေးအဖြေရောင်ခြည် ○

သစ်မြစ်သစ်ကျင်းနှင့် ပတ်သက်၍ သိသူများမှ
ဖြေကြားပေးပါရန် (အေးချမ်းအောင်–ရမည်းသင်း) ၂၁၇
သိဗ္ဗမြောက်တဲ့ဆေး သိသူများမှ ဖော်ပြပေးစေချင်
(လက်ပံနီ) ၂၆၄

## ＊ ထီရှေ့ခန်းရောင်ခြည် ＊

ဆီးမသွားသောနွား ဆီးသွားစေရေး အလွယ်လေး
(ကိုကိုအောင်–မြကန်သာ၊ ဝက်လက်မြို့) ၁၀၂
ကျွဲ နွား ဆီးဝမ်းမှန်ဆေး လွယ်လွယ်လေး
(အောင်အိုး–နတ်မောက်) ၁၄၇
မိုင်းနွားများ ရွာနာဖြစ်ခဲ့သော်
(ရွှေတောင်ကိုနိုင်–ပြောက်ဦး) ၂၁၉

## ✍ ကြည်ညိုခြင်းရောင်ခြည် ✍

ရိုတ်ခါး ဆင်းတုတော်နှင့် လျှို့ဝှက်ချက်များ
(မောင်သိန်းနိုင်–စစ်တွေ) ၅၄

## ❒ ခရစ်နှစ်ဦး ရောင်ခြည် ❒

၂၀၁၃ ခုနှစ်အတွက် မွေးရက်စွဲနှင့် ကံကြမ္မာ
(ထက်မင်းကျော်စွာ) ၁၇၃

## ＊ တစ်ရုတ်နှစ်သစ်ကူး အထူးရောင်ခြည် ＊

၂၀၁၃ ခုနှစ် မြွေနှစ်တာ ခရီးလမ်း အေးချမ်းစေပါမည်
(ခွန်စိုင်းဝမ်း) ၃၀
၂၀၁၃ ခုနှစ် မြွေနှစ်အတွက် မိုးဝှက်လုယတ်မှ
ဘေးကင်းဝေးစေမည် (ထက်မင်းကျော်စွာ) ၃၇
၂၀၁၃ ခုနှစ် မြွေနှစ်အတွင်း စာမေးပွဲအောင်ဖို့
(ဂွခန်းယဲ) ၇၀
၂၀၁၃ ခုနှစ် မြွေနှစ်တာ ကျန်းမာရေးအဆောင် ၁၀၃
၂၀၁၃ ခုနှစ် မြွေနှစ်သစ်နှင့် ချစ်မှုရေးရာ ယတြာ ၁၁[illegible]
၂၀၁၃ ခုနှစ် မြွေနှစ်တာကာလအတွင်း
ဓားတောင်ကိုကျော်၍ မီးပင်လယ်ကို ဖြတ်သန်းနိုင်ဖို့
(ဟူကျင်းဇီ) ၁၆၅




www.burmeseclassic.com

www.burmeseclassic.com


**○ မြစ်ချင်းပြိုးဆေးပင်ဆေးမြစ်ရောင်ခြည် ○**

တိုးပေါင်းရောဂါ ဖြစ်သူတို့ တာကွယ်သက်သာ
ပျောက်ကင်းစေသော စိန်ပင်နှင့် တောင်နလင်
(တောင်စီးမခမ်း) *(သာဂဒ္ဒး–ကသာမြေ)* ၁၂၇
ဆူးဖြူပင်နှင့် ဆေးသုံးအချို့ *(ခွန်စိုင်းဝမ်း)* ၁၈၃

**✻ အောင်မြေရောင်ခြည် ✻**

စပါးတောင်မြေ အဓိဋ္ဌာန်ပြုရာ
ရွှေတောင်အောင်မြေ (၂) *(မောင်မောင်စိုး–ထားဝယ်)* ၈၉

**✧ ယတြာမေဒရောင်ခြည် ✧**

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ထီအတွက်
ရွေးချယ်ပါ ဤဂဏန်း *(ဆရာရဲထက်–သုတေသီ)* ၁၄၀
၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလအတွက် ဓာတ်ကြီးငါးပါး
စိုးမိုးမှုနှင့် အောင်ဘာလေထီဆုငွေ *(ထက်မင်းကျော်စွာ)* ၂၃၂

**✻ ရိုက်ချိုးရေးရောင်ခြည် ✻**


ပြဇာပင် နှစ်ချင်းသီးအောင်
*(ရွှေမှော်မြေ မောင်ကြည်သိန်း)* ၇၈
သနပ်ခါးပင် အမြန်ကြီးအောင်
*(ဦးပညာလက်ခရ–ပန်းတောင်း)* ၉၅
မိုးကာလတွင် မာလကာပင်မှာ အသီးပိုးဝင်တတ်သည့်
အကြောင်းရင်းတစ်ခု *(ကိုမောင်ကျော်လှိုင်–မအူပင်)* ၁၇၅

**✎ ပုဂ္ဂိုလ်ထူးရောင်ခြည် ✎**

ဝေဘူဆရာတော်ကြီး၏ ကြည်ညိုဖွယ်ရာများနှင့်
ကိုယ်တွေ့ဖြစ်ရပ်မှန်များ(၁၆) *(ကျောက်ဆည်–မင်းမပော်)* ၂၅
ဝင်းစိန်တောရ ဆရာတော် ဦးကေသရအား ဂါရဝပြု
ပူဇော်ခြင်းနှင့် ဖူးတွေ့မြင်ရသမျှ ဝင်းစိန်တောရ
မြင်ကွင်းများ (၂) *(ဟိုဂျင်းဇီ)* ၄၁
ကျောရွာအနှစ် ရတနာအစစ် *(ညိုမြင့်မောင်)* ၁၅၃

**● ဖြစ်ရပ်မှန်ရောင်ခြည် ●**

အညာမှာ မိကျောင်းဖမ်းတဲ့ ရေချိုပိုင်ဦးရှင်ကြီး
*(သတိုးဝဏ္ဏသိန်း)* ၂၄၇
နဂါးရုံဘုရားမှသည် *(ရွှေနေ ဦးသောင်းစိန်)* ၂၅၇
ရှက္ကစိုးနှင့် အလောင်းအစားလုပ်ရဲသူ
*(ညိုသစ်ဦး–မာန်အောင်)* ၂၇၉
ဓာတ်ပုံဆရာဘဝ ဖြစ်ရပ်ဆန်းများ (၁) *(ရွှေကံမြေ ဗိုးကေ)* ၂၈၁
ရုပ်ရှာအကျီကို ဆောင်နေတဲ့ ပရလောကသား
*(ရသကျွန်ရ ကျော်ဝင်းအောင်–ပြည်၊ ဆည်မြောင်း)* ၂၈၄
ပရလောကသားနှင့် စကားပြောနိုင်သည့် ဖြစ်ရပ်ဆန်း
*(မင်းစံလှိုင်–အကြောဘုရင်)* ၂၈၇
လူခြောက်ဘဝမှ လူဝင်စားဘဝဖြစ်လာသူ
တစ်ယောက်၏ ဖြစ်ရပ်ဆန်းများ *(ချစ်ဆိုင်)* ၃၀၀

BURMESE CLASSIC .com

**လက်ဖဝါးပြင်**
**ဖွေးဖွေးပေါ်တွင်**
**မိန်းလှဲနေသော**
**အရောင်မြင့်**
**ဓမဓာတ်လုံးများကို...**
☛ စာ–၉၇

အလိုအလျောက်
ရောက်လာသော
စိန်များတောင်းကို
ရှားခြားမှာ
တွေ့ရသည်...
☛ စာ–၇၆




www.burmeseclassic.com

www.burmeseclassic.com

သရက္ခန်ကိုယ်စားတော် မွေ့လျော်တော်မူသည့်

# ဆင်ကျိုးရွှေရှု စေတီတော် (၁)

စံလွင်နွယ်သာ




ဆင်ကျိုးရွှေရှု စေတီတော်

## တည်နေရာ

ပခုက္ကူ – ပုခန်းကြီး ကားလမ်း၏ လက်ယာဘက်တွင် **"ဆင်ကျိုးရေလျောင်တမံသို့ (၂)မိုင်"** ဟူသော လမ်းညွှန်ဆိုင်းဘုတ်ကလေးနှင့် မြေနီလမ်းကလေး တည်ရှိပါသည်။ ရှေးယခင်က လမ်းပန်းခက်ခဲသဖြင့် အရောက်အပေါက် နည်းကြသော်လည်း ယခုအခါ ရေလျောင်တမံ စီမံကိန်းနှင့်အတူ ညီညာသော မြေနီလမ်းအတိုင်း ကား၊ ဆိုင်ကယ်၊ ခြေကျင် လွယ်ကူစွာ သွားရောက်နိုင်ပြီ ဖြစ်သည်။

သရက္ခန်ရုပ်ပွားတော်ကို ဌာပနာပြုပူဇော်ထားသည့် ဒက္ခိဏသာခါ ဗောဓိသားရုပ်ပွားတော်သည် **ကြူရွာအုပ်စု၊ ဆင်ကျိုးရွာ၊ မဟာဗုဒ္ဓါရာမကျောင်းတိုက်အတွင်း ရွှေပြည်သာကျောင်းဆောင်၌** ကိန်းဝပ်တော်မူလေသည်။ ရေစကြိုမြို့နယ်တွင် ပါဝင်သည်။

## သမိုင်းနောက်ခံ

အလောင်းစည်သူ မင်းကြီးသည် သီဟိုဠ်မင်း ဆက်သသော သရက္ခန်သားကို ရုပ်ပွားတော် ငါးဆူ ထုလုပ်စေ၍ ထုစထွင်းစ သရက္ခန်အသားများကို သရိုးကိုင်ကာ တစ်ဆူ၊ စုစုပေါင်း (၆) ဆူတွင် သီဟိုဠ်ကပ်သော မွေတော် (၆) ဆူကို ဌာပနာပြုသည်။

ထိုရုပ်ပွားတော်ကို ဒက္ခိဏသာခါ ဗောဓိခက် ရုပ်ပွားတော်ကြီးတွင်း ထည့်သွင်းလျက် ရှင်အရဟံ မိန့်ကြားချက်အရ ဆင်ဖြူငါးစီးတွင် တင်တော်မူသည်။


**"ဘုရားရှင်တို့ ကိန်းဝပ်တော်မူလိုရာအရပ်တွင် ဆင်ဖြူ ရပ်စေသော်"** ဟု အဓိဋ္ဌာန်ပြု၍ လွှတ်တော်မူသည်။ ဆင်ဖြူငါးစီးအနက် လေးစီးသည် ဘုရားရှင် အလောင်းတော်တို့ ကျင်လည်သောအရပ်၌ ရပ်လေသည်။

မင်းကြီးလည်း ကွန်းရွာတစ်ဆူ၊ ပုခန်းတစ်ဆူ၊ ရှင်မတောင်တစ်ဆူ၊ ဆင်ကျိုးတစ်ဆူ စေတီလေးဆူ တည်တော်မူ၍ သီတင်းသုံးရ၏။ သရိုးကိုင်



www.burmeseclassic.com

www.burmeseclassic.com



◆ ကျောင်းအဆောင်တွင် ဘုရားဆောင်

◆ ရွှေပြည်သာကျောင်းတော်





မြတ်ပေါင်းမည္ဆူ ရုပ်ပွားတော်ကိုမူ ပုခန်းကြီးအရပ်မှ သီလဝန်၊ ဂုဏဝန်နှင့် ပြည့်စုံသော သခင်မြတ်အား အပ်၍ ကိုးကွယ်ရ၏။

ကျန်သရက္ခန် အဖျားပိုင်း ရုပ်ပွားတော်ကို မင်းကြီးအထက်၌ဖောင်တော် ဖြင့်ကြွစဉ် ဖောင်တော်ထက် ပျံတက်လာသော "သီဟတော" အရပ် ရောဝတီမြစ်လယ်ကျွန်းတွင် စေတီတည် ပူဇော်လေသည်။

***(မှန်နန်းရာဇဝင် ၁၈၇၊ ၁၈၈)***

သရက္ခန်ရုပ်ပွားတော် ပင့်ဆောင်လာသော ဆင်တော်တို့သည် ဘုရားရှင် အလောင်းတော်ဘဝ ကျင်လည်ရာ အရပ်တွင် ရပ်သည် ဆိုသည့်အတိုင်း ဆင်ကျိုးရွာ သရက္ခန်ရုပ်ပွားတော်မြတ် ကိန်းဝပ်ရာဌာနသည် အလောင်းတော် ဟသ်ာမင်း ကျင်လည်ရာအရပ် ဖြစ်သည် ဆိုကြလေသည်။

## စေတီတော်သို့

ရုပ်ပွားတော်မြတ် စံပယ်ရာ ရွှေဂူ စေတီသို့ သွားရောက်ရန် ပခုက္ကူ-ပုခန်းကြီးသွား ကားလမ်းနံဘေးရှိ ဆင်ကျိုးရွာအဝင် လမ်းထိပ်တွင် **"သရက္ခန်ရွှေဂူ မြတ်စွာဘုရားကြီး"** ဟူသော ကမ္ပည်းနှင့် မုခ်ဦးကို ထည်ဝါစွာ တွေ့ရသည်။

ထိုလမ်းအတိုင်း ဝင်ခဲ့ရာ မိုးရွာထားသဖြင့် ရွံ့ဗွက်များ ရှိသော်လည်း မြေနီလေးများ ဖြစ်သောကြောင့် အန္တရာယ် မပေးလှချေ။ မြေလမ်းမှာ ဖြောင့်တန်း၍ နှစ်မိုင်ခရီး ဆိုသော်လည်း ငြီးငွေ့အောင် စီးရသည်။ ဝန်းကျင်ကျေးရွာ အိမ်ခြေများမရှိ၊

◀ အလှူ့ဘက်အဝေးမှ

တသိမ်းဆင်ဆိုင်တန်းနေရာ

ကျောင်းနှင့် ကျောင်းသူများ



www.burmeseclassic.com

www.burmeseclassic.com



သရက္ခန်ရုပ်ပွားတော် ကိန်းဝပ်သည့်
ဗောဓိသားရုပ်ပွားတော်



သိဝါမင်း နန်ဦးစေတီမှ
ရုပ်ပွားတော်

ဆင်ကျိုးရွာရှိ အနောက်ဘက် ဇောင်းတန်းဦး



သစ်ပင်ကလေးများကိုသာ အဖော်ပြုရလေသည်။

လမ်းအဆုံးတွင် ဆင်ကျိုးရွာ မဟာဗုဒ္ဓါရာမကျောင်းတိုက်ရှေ့သို့ ရောက်သည်။ ကျောင်းတိုက်အတွင်းဝင်၍ **ဆရာတော် အရှင်သစ္စာယန**အား ဖူးမြော်ခွင့်တောင်းကာ ရွှေပြည်သာကျောင်းဆောင် အပေါ်ထပ်တွင်စံပယ်တော်မူသော သရက္ခန် ရုပ်ပွားတော်အား တက်ရောက် ပူဇော်ကြသည်။

ကျောင်းအထက်ထပ်တွင် တင်ပျဉ်ခွေ ရုပ်ပွားတော်တစ်ဆူ ပူဇော်ထားကာ ထိုပလ္လင်၏ နောက်တော်ပါးတွင် သံတိုင်တံခါးဖြင့် သော့ခတ်ထားသော မီးခံသေတ္တာနှစ်ခု တွေ့ရသည်။ လက်ဝဲဘက် မီးခံသေတ္တာအတွင်း၌- သရက္ခန် ရုပ်ပွားတော် ကိန်းဝပ်သော ဒင်္ကြီသားခါ ဗောဓိသား ရုပ်ပွားတော်ကြီးကို ပူဇော်ထားသည်။


သရက္ခန်ရုပ်ပွားတော်ကို မဖူးမြင်ရသဖြင့် မေးမြန်းကြည့်ရာ...

'အတွင်းက သရက္ခန်ရုပ်ပွားတော်ကို အပြီး ပင့်ဆောင့်ပူးမြော်နိုင်တာ ပုန်း[illegible] ကွန်းရှာ ရွှေတန့်တစ် နှစ်[illegible] ရှိပါတယ်



www.burmeseclassic.com

www.burmeseclassic.com




ဇရချိုင်ကွက်မှ ပူရသော
စေတီထီးတော်



အဂ္ဂိတော်မှ ရှင်တာစ်တော်စေတီ

ထုလုံးရုပ်ပတ်လည်မှ
ရုပ်ပွားတော်များ



ဆင်ကျိုးတွင် အဝင်လမ်းမှ မုခ်ဦး





အကျော်စံကား
ကျိုးပေါင်း



www.burmeseclassic.com


www.burmeseclassic.com



◆ ရွှေဂူဘုရား အရှေ့မုခ်ဝ ရုပ်ပွားတော်

အပူဇော်ခံ ကျောင်းဆောင်ပြာသာဒ် ◆

◆ ဆင်ကျိုးရွှေဂူစေတီမှ ဆရာတော် ဦးသစ္စာယန





စိတ်ထဲက အတွင်းရုပ်ပွားတော်ကို ရည်မှန်း ပူဇော်ရပါတယ်'

ဟု ဂေါပကလူကြီးတစ်ဦးက ရှင်းပြသည်။

လက်ယာဘက် မီးခံသေတ္တာ အတွင်း၌လည်း အလားတူ ရုပ်ပွားတော်တစ်ဆူကို ဖူးမြင်ရသည်။ နှစ်ဆူစလုံးမှ ရွှေအထပ်ထပ် ပူဇော်ထားသဖြင့် မျက်လုံး, နှာခေါင်း, နှုတ်ခမ်းတော်များ မပီပြင်ဘဲ ရွှေတုံးကြီးပမာ တွေ့ရလေသည်။

လက်ယာဘက် ရုပ်ပွားတော်မှာ ရတနာပုံ နန်းတော်ဦးစေတီ၌ ပူဇော်ခဲ့သော ရုပ်ပွားတော်ဖြစ်ကာ သီပေါမင်း ပါတော်မူပြီးနောက်တွင် ဆင်ကျိုးရွှေဂူကျောင်း ဆရာတော်ကြီးက ဆက်ခံ ထိန်းသိမ်းပူဇော်ခဲ့ခြင်း ဖြစ်ကြောင်း ပြောပြကြသည်။

## ရွှေဂူစေတီတော်

ရုပ်ပွားတော်နှစ်ဆူအား ပူဇော်ပြီးနောက် အလောင်းစည်သူကောင်းမှု ရွှေဂူစေတီအတွင်း ဝင်ရောက် ကြည်ညိုသည်။ အနောက်ဘက်မုခ်မှ စတင်ဝင်ရောက်ရသည်။ အနောက်တောင်ထောင့် စေတီအနီး၌ **ရေပြည့်ချိုင့်ခွက်**တစ်ခု တွေ့ရသည်။

စေတီထီးတော်ကို ဖူးမြော်နိုင်သည့် ရေချိန်ခွက် ဖြစ်သည်။ ချိန်ခွက်အတွင်း ကောင်းကင်ပြာကို နောက်ခံပြုလျက် စေတီထီးတော်နှင့် စိန်ဖူးတော်တို့ကို ကြည်ညိုဖွယ် ဖူးတွေ့နိုင်သည်။

ထို့နောက် အရှေ့ဘက် အာရုံခံတန်ဆောင်းအတွင်း ဝင်ရောက် ကြည့်ရှုသောအခါ စေတီ၏ အရှေ့လှည့်မုခ် လိုဏ်အတွင်းရုပ်ပွားတော်တစ်ဆူအား ပန်း, ရေချမ်း သိုက်မြိုက်စွာဖြင့် ဖူးမြင်ရသည်။


လိုဏ်အရှေ့တွင် ပြာသာဒ်တစ်ဆောင်ရှိကာ ပြာသာဒ်တွင်း၌ နရားလေးကောင်ခံ ပလ္လင်ထား၍ ပလ္လင်ထက်တွင် မြင်းမိုးတောင်



www.burmeseclassic.com

www.burmeseclassic.com





◆ ပလ္လင်ခြေမှ ခြင်္သေ့ရုပ်

◆ ပြာသာဒ်တွင်းမှ ခြင်္သေ့ခံပလ္လင်

◆ ပလ္လင်အရှေ့ခြေမှ ဘီလူး



ကသော ရထားပျံပုံသဏ္ဍာန် ပြုလုပ်ထားသည်။ သကြွန်ကာလ ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပရာတွင် သရက္ခန်ရုပ်ပွားတော်မြတ်အား ပင့်ဆောင်၍ အပူဇော်ခံသောပလ္လင် ဖြစ်သည်။

ပလ္လင် အနောက်ဘက်အခြေတွင် ခြင်္သေ့ရုပ်နှင့် အရှေ့ဘက်တွင် ဘီလူးရုပ်ပုံတို့ ထွင်းထားသည်။ ဆောင့်ကြောင့်ထိုင်၍ ပလ္လင်ကို ထမ်းမ,ထားပုံ ဖြစ်သည်။

ရှေ့ကြမ်းပြင်တွင် ကျောက်ဟင်္သာရုပ်တစ်ခု ရှိသည်။ အဓိဋ္ဌာန်ကျောက်အဖြစ် အသုံးပြုကြသည် ဆို၏။ အလောင်းတော် ဟင်္သာမင်းဘဝ ကျင်လည်ခဲ့ရာ ကုန်းတော်ဖြစ်၍ ဌာနဗျူပွတ်နှင့်လည်း ဆီလျော်လှပါသည်။ အနုစိတ် ထွင်းထုထားသော ပန်းတမော့လက်ရာကောင်း ဖြစ်၏။

## ရှေးပစ္စည်းများ

တန်ဆောင်းအတွင်း၌ မှန်ဗီရိုများဖြင့် ထည့်သွင်း ပြသထားသော ရှေးအသုံးအဆောင် ပစ္စည်းများစွာ တွေ့ရသည်။ ကဒေါင်းရုပ်လက်ကိုင်နှင့် ယောက်မ၊ ကတ္တီပါခြေနင်းတို့မှာ ထီးသုံးနန်းသုံး ပစ္စည်းများ ဖြစ်သည်ဆို၏။

ငွေရောင်တင်ထားသော သစ်သားငါး နှစ်ကောင်မှာ မိုးခေါ် အစီအရင်ငါးရံ့မင်းပရိတ် ရွတ်ဖတ် ပူဇော်ရာ၌ အသုံးပြုဟန် ရှိသည်။ အသုံးမပြုသလောက်ဖြစ်သော "ဒေါင်းလန်း" ခွက်မှာ ပစ္စည်းထည့်စရာအဖြစ် တွေ့ရသည်။ ပုလင်းဘုရား အချို့ကိုလည်း တွေ့ရသည်။ အတွင်း ရုပ်တုရုပ်ပွားကို တစ်စစီထုလုပ်ကာ ပုလင်းအတွင်းသို့ တစ်ခုစီ ထည့်သွင်း တပ်ဆင်ခြင်း ဖြစ်သည်။


ရှေ့လဆက်ဖတ်ပါရန်

**စံထွန်းသာ**



www.burmeseclassic.com

www.burmeseclassic.com



# ဗိုဝင်းတောင်၏ လျောင်းတော်မူ

မုံရွာမြို့၊ သလ္လာဝတီမြို့၊ အနောက်မြောက်တိုင်း မြို့တော်လို့ လူသိများနေပါပြီ။ မုံရွာမြို့ကိုရောက်ရင် ဖူးမြော်စရာ၊ လေ့လာစရာ၊ လည်ပတ်စရာ နေရာတွေ အများကြီး ရှိပါတယ်။

ကျောက္ကာရွှေဂူနီ၊ ရွှေဂူဖြူ၊ ထန်းတလုတ်ချောင်း၊ မိုးညှင်းသမ္ဗုဒ္ဓေ၊ မဟာဗောဓိတထောင်၊ လယ်တီကျောက်စာ၊ စိမ်းပြာရေညှိထွက်တဲ့ တွင်းတောင်တော်၊ ရွှေတောင်ဦးစေတီ၊ အလောင်းတော်ကဿပ၊ ဖိုဝင်းတောင် စသည်ဖြင့် သွားစရာနေရာတွေ ပေါပါတယ်။ အခု တင်ပြချင်တာက ဖိုဝင်းတောင်ပါ။

မုံရွာမြို့ကို ရောက်ခါနီးရင် ဖိုဝင်းတောင်ကို လှမ်းမြင်နေရပါပြီ၊ အဝေးကကြည့်ရင် လျောင်းကြီးကို မှောက်ထားသလိုပုံမျိုး မြင်နေရတာ ဖိုဝင်းတောင်ပါ။ ဖိုဝင်းတောင်ကို မြင်ရတဲ့အခါ မုံရွာမြို့နဲ့ နီးနေပြီ၊ ရောက်ခါနီးပြီဆိုတဲ့ သင်္ကေတပါပဲ။

ဖိုဝင်းတောင်ကလဲ လူသိများတဲ့ နေရာတစ်ခုပါ။ အရင်ကလဲ အလောင်းတော် ကဿပကို သွားမယ်ဆိုရင် ဖိုဝင်းတောင်မှာ ညအိပ်ပြီးမှ သွားကြတယ်။

ဖိုဝင်းတောင်မှာ ပျူမင်း၊ ပြူးမင်းတို့ တည်ထား ကိုးကွယ်တဲ့ ကျောက်သားရှေးဟောင်း ဆင်းတုတော်များ၊ ရှေးဟောင်း အဆောက်အအုံများ၊ ရှေးဟောင်း နံရံဆေးရေး ပန်းချီလက်ရာများကိုလဲ ယခုတိုင် မြင်တွေ့ရမှာ ဖြစ်ပါတယ်။

ရှေးဟောင်း သုတေသနဌာနမှ မပျောက်ပျက်အောင် ပြုပြင်ထိန်းသိမ်းစောင့်ရှောက်နေတဲ့ နေရာဒေသတစ်ခုလဲ ဖြစ်ပါတယ်။ ပုပ္ပားတောင်ကလပ်မှာကဲ့သို့ မျောက်သတ္တဝါများလဲ ရှိပါတယ်။

ရွှေဘတောင်ဟာလဲ သွားရောက်လည်ပတ် လေ့လာ ကြည့်ရှုသင့်တဲ့ နေရာတစ်ခုပါ။ ရွှေဘတောင်မှာလဲ ကျောက်သားကို ထွင်းထုထားသော အဆောက်အအုံများ ရှိပါတယ်။

ယခု ဖော်ပြထားသော ပုံမှာ ဖိုဝင်းတောင်မှ ရွှေဘတောင်သို့ သွားသောလမ်းမှာ တွေ့မြင်ရတဲ့ ဖိုဝင်းတောင်ရဲ့ ပုံပါ။

ရွှေဘတောင် မရောက်ခင် ရဟတ်ယာဉ်ဆင်းသော ကွင်း(၂)ကွင်း ရှိပါတယ်။ ယင်းရဟတ်ယာဉ်ဆင်းသော ကွင်း(၂)ကွင်းကြားမှ ကြည့်ရင် ယခုဖော်ပြထားသောပုံကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။

ဖိုဝင်းတောင်ကို များသောအားဖြင့် လျောင်းကြီးမှောက်ထားသကဲ့သို့ မြင်တွေ့ရပေမယ့် ယခု ဖော်ပြထားသော နေရာမှကြည့်ရင် အမြင်တစ်မျိုးနဲ့ မြင်တွေ့ကြရမှာပါ။

သေသေချာချာ ဆန်းစစ်ကြည့်ရင် မြတ်စွာဘုရားရှင်ရဲ့ ဆံတော်၊ ဦးခေါင်းတော်၊ လည်ပင်းတော်၊ ပခုံးတော်၊ လက်တော်၊ ခါးတော်၊ ပေါင်တော်၊ ခြေထောက်တော်တို့ကို အမြင်ဆန်းစွာ ပုံဖော်ယူလို့ ရနိုင်ပါတယ်။

ဓာတ်ပုံရိုက်တုန်းက ကင်မရာမဆံ့လို့ ရှေ့ပိုင်းတစ်ပုံ၊ နောက်ပိုင်းတစ်ပုံ၊ နှစ်ပုံရိုက်ပြီးမှ ပြန်ဆက်ထားခြင်း ဖြစ်ပါတယ်။

အကယ်၍ မုံရွာမြို့ကို ရောက်ခဲ့ရင် **ဖိုဝင်းတောင်၏ လျောင်းတော်မူပုံတော်ကို သွားရောက် ဖူးမြော်ကြည့်ရှု လေ့လာနိုင်ရန်** စေတနာအပြည့်ဖြင့် တင်ပြလိုက်ရပါတယ်။

မေတ္တာ စေတနာဖြင့်...

စိန်လှိုင်(ပြည်လုံးချမ်းသာ)



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




# ကျားမှန်လျှင် အားသန်ရအောင်
# ပြည်စိုး အမျိုးသားအားဆေးကိုဆောင်

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင် TMR 009194(0814)

လိုင်စင်-၅/၂၀၁၀/တဆထလ/တိုး(၀၁၄၇၂)

"ကိုမင်းဝေပါလား. . . မရွှင်မလန်းနဲ့ စိတ်ပင်ပန်းလူပင်ပန်းဖြစ်နေပုံရတယ်"

"ဟုတ်တယ်ဗျာ. . . စိတ်သွားတိုင်းကိုယ်မပါဘဲ လိုရာဆန္ဒမပြည့်ဖြစ်နေတာ. . . ပွင့်ပွင့်လင်းလင်းပြောရရင် အမျိုးသားအားနည်းနေလို့ ဘယ်ဆေးစားပြီး ဘယ်ဆရာနဲ့ကုသရင်ကောင်းမလဲဆိုတာ အကြံပေးပါဦး"

"ရောဂါသိမှတော့ဆေးရှိပါတယ် ကိုမင်းဝေ. . . ကျွန်တော့်မိတ်ဆွေဆရာကြီး ဦးစံမြင့်က. . . ပြည်စိုးအမျိုးသားအားဆေးထုတ်လုပ်နေတဲ့အပြင် အမျိုးသားအားနည်းရောဂါ (ပန်းညိုးပန်းသေရောဂါ)၊ လိပ်ခေါင်းရောဂါ၊ လေငန်းလေဖြတ်ရောဂါတွေကို ဦးစားပေးကုသနေတာဗျ. . . ပြည်စိုးဆေးတိုက်ကို လမ်းညွှန်လိုက်မယ် ခင်ဗျား သွားလိုက်ပါလား"

"ခင်ဗျားရဲ့မိတ်ဆွေဆိုတော့ ခင်ဗျားပါမှ ပိုကောင်းတာပေါ့"

"ဒါဆို. . . ပြည်စိုးဆေးတိုက်ကို အခုပဲသွားကြရအောင်'

❀ ❀ ❀ ❀ ❀

"ကိုမင်းမြတ်မောင်ပါလား. . . မလာတာကြာလို့ သတိရနေတာ. . . စည့်သည်လဲပါလာတာကိုး၊ ကဲ. . . ထိုင်ကြပါ"

"ဆရာ. . . ဒါ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ ကိုမင်းဝေပါ၊ စိတ်သွားတိုင်းကိုယ်မပါဘဲ အမျိုးသားအားနည်းနေလို့ ဆရာနဲ့ဆွေးနွေးပြီး အမျိုးသားအားဆေးလဲ လာဝယ်တာပါ"

"ကဲ. . . ကိုမင်းဝေ ဒီရောဂါကြောင့်တော့ သိပ်လဲစိုးရိမ်သောကမဖြစ်ပါနဲ့. . . ကျွန်တော် ပြောပြတာတွေကို နားထောင်ပြီး ခင်ဗျားခံစားနေရတဲ့အချက်တွေနဲ့ ကိုက်ညီမှုရှိမရှိသိမှ ပိုကောင်းတာပေါ့. . . အမျိုးသားအားနည်းရောဂါ ဖြစ်တတ်သူတွေဟာ (၁) မေထုန်မှုလွန်ကဲသူများ၊ (၂) သဘာဝမဟုတ်သောဟတ္ထမေထုန်ပြုသူများ၊ (၃) ကုန်ခန်းသွားသောသုက်ဓာက်နဲ့ အင်အားများကို ဆေးဝါးဓာတ်စာနဲ့ ပြန်လည်မဖြည့်ဆည်းသူများ၊ (၄) အပျော်အပါးလိုက်စားသူများ၊ (၅) မြစ်ခြောက်နာရှိသူများ၊ (၆) သားကြောဖြတ်ထားသူများ၊ (၇) အဆုတ်ရောဂါရှိသူများ၊ (၈) လေဖြတ်ဖူးသူများနဲ့ လေငန်းရောဂါရှိသူများ၊ (၉) ဆီးချိုသွေးချိုရောဂါရှိသူများ၊ (၁၀) လိပ်ခေါင်းရောဂါရှိသူများ၊ (၁၁) အသက်အရွယ်ကြီးရင့်သူများ၊ ပန်းညိုးပန်းသေရောဂါ ဖြစ်တတ်ကြပါတယ်၊ ပန်းညိုးရောဂါခံစားနေရပြီဆိုရင် (၁) ခန္ဓာကိုယ်ဝနေသော်လည်း စိတ်ရောကိုယ်ပါ ရွှင်လန်းမှုမရှိခြင်း၊ (၂) မောပန်းလွယ်ခြင်း၊ (၃) အစားအသောက်ပျက်ခြင်း၊ (၄) ညဥ့်ဦးပိုင်းတွင် အိပ်ပျော်သော်လည်း တရေးနိုးလျှင် အိပ်မရတတ်ခြင်း၊ (၅)သတိမေ့လျော့တတ်ခြင်း စတဲ့လက္ခဏာတွေရှိနေတတ်ပါတယ်"

"ဟုတ်ပါတယ်ဆရာ. . . ဆရာပြောပြတဲ့အချက်အလက်အတော်များများနဲ့ ကိုက်ညီနေပါတယ်"

"ဒါဆိုရင် ပြည်စိုး အမျိုးသားအားဆေးကို ပုံမှန်သောက်သုံးပြီး အကြောပညာ၊ ဆေးပညာနဲ့ ကုသသွားမယ်ဆိုရင် ကိုမင်းဝေခံစားနေရတဲ့ အမျိုးသားအားနည်းရောဂါဟာ တဖြည်းဖြည်း သက်သာပျောက်ကင်းသွားမှာပါ"

"ပြည်စိုးအမျိုးသားအားဆေးက ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေပါသလဲဆရာ"

"ပြည်စိုးအမျိုးသားအားဆေးဟာ အိပ်နေစဉ် သုတ်လွှတ်ခြင်း၊ သုက်အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အကြောအားနည်းပြီးအကြောသန်စွမ်းမှုမရှိခြင်း၊ အမောမလုံခြင်း၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ခြင်း၊ အစဉ်သဖြင့် အားအင်နုံးချည့်သလို ခံစားရခြင်းများကို သက်သာပျောက်ကင်းစေပါတယ်"

ဆရာကြီး ဦးစံမြင့်နဲ့ တွေ့ဆုံဆွေးနွေးပြီး "ပြည်စိုးအမျိုးသားအားဆေး ဝယ်ယူရရှိနိုင်တဲ့နေရာတွေကတော့...

**ဆေးထုတ်လုပ်ပင်ရင်း**
အမှတ် (၂၅၁၉/ခ)၊ ဗညားဒလလမ်း၊
(ရ၁) ရပ်ကွက်၊ အုံမြို့သစ်(တောင်ပိုင်း)

**ဆေးဖြန့်ချိရေး - ပြည်စိုး ဆေးကုဌာန**
အမှတ် (၁)၊ ကျိုက္ကဆံဘုရားဝင်းတောင်ဘက်...၊
သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့



www.burmeseclassic.com

www.burmeseclassic.com





စင်ဒိုင်ယ်

ကော့တာတောရမြွေမှ

# သာသနာပြုမြွေကြီး

မိနှင်းဝေ

'ဆရာတော်ဘုရား ဒီတန်ဆောင်းက ဘာအတွက် ရည်ရွယ်တာလဲဘုရား'

ကော့တာကုန်းတော်မြေရှိ ဆရာတော် ဦးတေဇ သီတင်းသုံးရာ ကျောင်းဆောင်အနီးတွင် တန်ဆောင်းငယ်တစ်ခုအတွင်း အမျိုးသမီးရုပ်တုတစ်ခုကို တွေ့ရသဖြင့် မေးလျှောက်ကြည့်ခြင်းဖြစ်သည်။

ဆရာတော်က ခေတ္တမျှ နှုတ်ဆိတ်ငြိမ်သက်နေပြီး…

'၂၀၁၀ ပြည့်နှစ်၊ အောက်တိုဘာလတစ်ညမှာ အိပ်မက်တစ်ခု မက်တယ်။ မိနှင်းဝေဆိုတဲ့ ဒါယိကာမတစ်ယောက်က ကော့တာကုန်းတော်မှာ နေပါရစေလို့ ခွင့်တောင်းတယ်။

ဘုန်းကြီးတို့က သတ္တဝါကယ်တင်နေတာပဲ။ အေးအေးဆေးဆေး လာနေနိုင်ပါတယ်လို့ ခွင့်ပေးလိုက်တယ်။ မနက်မိုးလင်းတော့ ကျောင်းနံဘေးမြေကွက်လပ်မှာ စပါးကြီးမြွေကြီးတစ်ကောင် တွေ့ရလို့ ကလေးတွေ အန္တရာယ် မပေးနိုင်အောင် ဝါးနဲ့ ခြံစည်းရိုးခတ် သားငါးတွေ ကျွေးတော့ မစားဘူး။

နို့နဲ့ ကြက်ဥတော့ သောက်တယ်။ သူက မလှုပ်မယှက်ခွေပြီး ငြိမ်နေတတ်တော့ ကလေးတွေက တုတ်နဲ့ ထိုးကြ၊ ဆွကြတယ်။

ဒါကြောင့် အခုမြင်ရတဲ့ တန်ဆောင်းကလေး ဆောက်ပြီး သံဇကာခတ်ထားပေးလိုက်တယ်။ အထဲမှာ ရေကန်ကလေးတစ်ခုလဲ လုပ်ပေးထားတယ်။ သောက်လို့ စိမ်လို့ရအောင်ပါ။

ဝါတွင်းကာလတွေမှာတော့ ဘာမှ မစားဘူး။ ရှတ်တရက် မသိသေးတော့ သတ္တဝါဆိုတာ အစာမစားရရင် သေမှာပဲလို့ တွေးပြီး ပါးစပ်ထဲ နွားနို့၊ ကြက်ဥတွေ လောင်းထည့်ပေးမိတာ အာခံ့ပြန်အန်ထုတ်တယ်။ ညဘက်တော့





www.burmeseclassic.com

www.burmeseclassic.com



◆ မိနန်းဝေတန်ဆောင်း

''အဘဘုန်းကလဲ သမီးက ဥပုသ်စောင့်နေတာ အတင်းကျွေးတာပဲ''လို့ ပြောတော့မှ သိရတာ'


ဟူ၍ ပြည့်စုံစွာ မိန့်ကြားတော်မူသည်။ အဆောင်ကလေးကို နှစ်ပိုင်းကန့်ထားကာ လက်ဝဲဘက် သံဆန့်ခါ အလုံကာထားသော အကန့်အတွင်း သစ်သားစင်ပေါ်၌ ခွေနေသော မြွေကြီး မိနန်းဝေကို တွေ့ရသည်။

မျက်ဝန်းအနည်းငယ်မျှ လှုပ်ယောင်ပြကာ နှုတ်ဆက်သည်ဟု ယူဆရသည်။ လက်ယာဘက် အခန်းအကန့်တွင် ဆရာတော် ဦးဓောဇ ကျောင်းဆီသို့ လက်အုပ်ချီကာ ပုဆစ်ဒူးတုပ်ထားသော မိနန်းဝေရုပ်တုကို တွေ့ရသည်။

ရုပ်တု၏ဆံပင်မှာ အမျိုးသမီးဆံပင်(ဆံစု)အစစ်ဖြစ်ကာ မိနန်းဝေ တောင်းဆိုသဖြင့် ဆင်ယင်ပေးရကြောင်း သိရသည်။ ရုပ်တုအနီး ဗီရို တစ်လုံးတွင် မိနန်းဝေအတွက် ရည်စူးလှူဒါန်းသော ထဘီ၊ အင်္ကျီ၊ ထီး၊ ဖိနပ် စသည် အမျိုးသမီး အသုံးအဆောင်များကို တွေ့ရသည်။

ကရင်တိုင်းရင်းသူ ဝတ်စုံလည်း ပါဝင်သည်။ သီလရှင်ဝတ်စုံမှာ သူ တောင်းဆိုသော ရက်ကာလများတွင်

◆ တောမှာရသော ရွှေပုံရုယ်





www.burmeseclassic.com

www.burmeseclassic.com

ဝတ်ဆင်ပေးရကြောင်း သိရသည်။

'သူ ရောက်လာတဲ့ (၇)လအတွင်း စေတီ(၃)ဆူ ကောင်းမှုပြုပြီးပြီ'

'သူက ဘယ်လိုပုံစံနဲ့ တည်တာလဲ ဘုရား'

'ပထမဆုံး ကော့တာတောရအဝင်က တစ်ဝဂ္ဂစေတီ တည်တယ်။ မတည်ခင် ဒီနေရာမှာ စေတီတည်ချင်တယ်လို့ ပြောတယ်။ ဘယ်လိုတည်မှာလဲမေးတော့ သမီး ပြောပေးပါ့မယ်။ ဒါယကာ ရောက်လာမှာပါတဲ့။ နောက်တော့ လူတစ်ယောက်က အိပ်မက်အရ စေတီတည်ချင်သတဲ့။ သူ တည်မယ့် စေတီပုံနဲ့ နေရာက မိနန်းဝေ ပြောတဲ့ အတိုင်းပါပဲ'

'သာသနာပြုမြွေကြီးပေါ့ဘုရား'

'ဟုတ်တယ်၊ နောက်တစ်ဆူက ကျိုက္ကဒူးစေတီလို့ခေါ်တဲ့ နွားလပို့ ကျိုက်ထီးရိုးစေတီ အတက်လမ်းမှာ တည်မယ်တဲ့'

'ပေါင်မြို့နယ်၊ ကျုံကရွာ နွားလပို့ တောင်စေတီလား အရှင်ဘုရား'

'ဟုတ်တယ် စေတီရောက်ခါနီး တောင်စောင်းက နွယ်ဒန်းကျောက်ဖျာမှာ။ ဒါကိုတော့ ဒါယကာရင်းတစ်ဦးဖြစ်တဲ့ ဦးနေဝင်းက ဒါယကာခံတယ်။ နောက်တစ်ဆူကတော့ ဇင်းကျိုက်တောင်တက်လမ်းအစက ကျောက်တုံးမှာ တည်တယ်။ ရုတ်တရက် ကျောက်တုံးနေရာကို မတွေ့ရဘူး။ သူ ပြောပြတဲ့အတိုင်း လိုက်ရှာမှ တွေ့ရပြီး စေတီတည်ဖြစ်တယ်'

'ဒီကောင်းမှုတွေနဲ့ဆိုရင် ဒီထက်မြင့်တဲ့ဘဝကို ကူးပြောင်းနိုင်ပြီပေါ့'

'ဟင့်အင်း... လူတွေကိုကြောက်တယ်။ လူတွေနဲ့ မဆက်ဆံချင်ဘူး။ ဒါကြောင့် မြွေဘဝနဲ့ပဲနေပြီး သာသနာပြု၊ ဥပုသ်သီတင်း ဆောက်တည်နေတာလို့ ပြောပါတယ်။ တစ်ခါတလေ ဘုရားလဲ သွားတတ်တယ်'

'သူ့ဘာသာ သွားတာလား'

'မဟုတ်ဘူး။ သူ့ကားနဲ့ သွားတာပါ'

ဆရာတော်က ကျောင်းနံဘေး အဖီအောက်မှ ကားတစ်စီးကို ပြပေးသည်။ ကားရှေ့မှန် အထက်နားတွင် ကမ္ပည်းစာတန်းတစ်ခု ရှိသည်။

'ကော့တာတောရ'

'ဟုတ်တယ် သူ့ကိုရည်စူးပြီး လှူထားကြတာမို့ သူ့နာမည်ကို ထိုးမလို့ဘဲ။ မထိုးပါနဲ့၊ ကော့တာတောရလို့ပဲ ရေးပါဆိုတာနဲ့ မထိုးဖြစ်တော့ဘူး။ ကားတင်မကဘူး။ ရွှေငွေကျောက်မျက်ရတနာ အစစ်တွေပါ လာလှူကြတယ်။ ပွဲတော်ရက်တွေမှာ အစစ်ဆင်ပေးရတယ်။ ကျန်ရက်တွေမှာတော့ အစားထိုးပေါ့'

'ဒါတွေကို အစောင့်ချထားရမှာပေါ့'

'မချထားပါဘူး။ သွားလာရင်း နည်းနည်းပါးပါး သတိထားကြတာလောက်ပဲရှိတယ်။ ပြီးခဲ့တဲ့ ဘုရားပွဲတုန်းက



မိနန်းဝေရုပ်တု



မိနန်းဝေ၏ အဝတ်အစားများ



www.burmeseclassic.com

www.burmeseclassic.com

ဈေးသည်ကလေးမတစ်ယောက် ရုပ်တုနားမှာ အတော်ကြာအောင် တွေ့နေရလို့ သွားကြည့်ကြတော့ နားကပ်ကိုင် လျက်သား ငြိမ်နေတယ်။ မျက်နှာကလဲ ဖြူရော်နေတယ်။ အချိန်အတော်ကြာကတည်းက ရပ်နေတာဖြစ်မယ်။

ဘုန်းကြီးက ဘာလုပ်နေတာလဲ ကလေးမလို့ ပြောတော့မှ လှုပ်လာတယ်။ ပွဲစောင့်ရဲတွေလဲ ရှိနေတော့ ဖမ်းချုပ်မယ် လုပ်ကြတယ်။ နေပါစေကွယ်၊ သူလဲ ရသွားတာမှ မဟုတ်တာ။ နောင်ကို လုပ်ဝံ့မှာ မဟုတ်တော့ပါဘူးလို့ တားပေးလိုက်ရတယ်'


'သူနဲ့ ဆက်သွယ်ပြောဆိုနိုင်တာပေါ့နော်'

'သမထ အားကောင်းတဲ့သူတွေ ဆက်သွယ်လို့ ရပါတယ်။ အခုလဲ ဒါယကာကြီးကို မပြောခင် ခွင့်တောင်းရတယ်။ "သမီးရဲ့ဘဘကြီးက ကျယ်ကျယ်ပြန့်ပြန့် သာသနာပြုနိုင်အောင် ဆောင်းပါးရေးမလို့တဲ့"။ "ကောင်းသားပဲ အဘဘုန်း"ဆိုပြီး သဘောတူမှ ပြောပြတာပါ'

ဤသည်ကြောင့်ပင် မိမိ စတင်မေးမြန်းစဉ်က ဆရာတော် ခေတ္တနှုတ်ဆိတ်သွားခြင်း ဖြစ်ဟန်တူပါသည်။

'အခု စေတီနောက်တစ်ဆူ တည်ဖို့ ပြင်ဆင်နေတယ်။ ကော့တာတောရမှာပဲ။ **တိဂုံထီးရိုးစေတီ**တဲ့။ အာရုံထဲမှာ သူ ပြပေးတဲ့အတိုင်း ကွန်ပျူတာနဲ့ ပုံစံထုတ်ထားတယ်။ ဝါကျွတ်တာနဲ့ လုပ်ငန်းစမှာပါ။ ဒါယကာရော၊ ပစ္စည်းတွေပါ အသင့်ဖြစ်နေပြီ'

ဆရာတော် ပြပေးသော ရုပ်ပုံတွင် **ကော့တာ ကျောင်းဝင်းအတွင်း** <u>**တည်ထားကိုးကွယ်မည့် တိဂုံထီးရိုး**</u>



◆ ၁၃၇၄ ခုနှစ်၊ ဝါကျွတ်တွင် တည်မည့် တိဂုံ ထီးရိုး စေတီပုံစံ

◆ မိန်းမတော်၏ ပထမဆုံးအလှူ ကျောင်းဝမှ တစ်ဆူ





မိန်းမတော်အတွက် လှူထားသောကား ◆



www.burmeseclassic.com

www.burmeseclassic.com



အဘဘိုးဘိုးအောင် ပေးခဲ့သော သုံးလွန်းတင် တောင်ဝှေးနှင့် ကော့တာဆရာတော်

**ဓာတ်ပေါင်းစုစေတီ**ဟု ကမ္ပည်းထိုးထားသည်။ ရွှေတိဂုံ ပုံစံတူစေတီနှင့် ကျိုက်ထီးရိုးပုံစံတူစေတီ နှစ်ဆူတွဲ ပုံတော် ဖြစ်သည်။

'တိုက်ဆိုင်တာတစ်ခုရှိတယ်။ သူ့ရုပ်တု ဖွင့်ပွဲနေ့မှာ တောထဲက ရလို့ဆိုပြီး လာပို့သွားတဲ့ သစ်မြစ်ကလေးက ခေါင်းထောင်နေတဲ့ မြွေပုံစံ ဖြစ်နေတယ်'

ဆရာတော် ယူပြသော သစ်မြစ်ကလေးမှာ ကိုယ်လုံးကိုခွေကာ ခေါင်းထောင်နေသည့် မြွေပုံစံဖြစ်သည်။ အမြီးဖျားကို အနည်းငယ်ဆန့်ကာ ဟန်ချက်ညီအောင် တောင့်ထားလေသည်။

ဤရုပ်တုပုံစံ လာရောက်ပို့လှူသွားသူသည်လည်း တိုက်ဆိုင်စွာပင် ထီးပေါက်သဖြင့် စေတီတည်ရန် ဝတ္ထုငွေများ ထည့်ဝင်လှူဒါန်းသည်ဟု သိရသည်။

ကော့တာတောရမှ သာသနာပြုမြွေကြီး မိနန်းဝေအား မေတ္တာပို့ အမျှပေးဝေကာ ကောင်းမှုပြုသူတို့ ကောင်းမှုကံ ရောင်ပြန်ဟပ်၍ ကောင်းကျိုးအသွယ်သွယ် ပြန်လည်ခံစားရသည်ဟုဆို၏။

ကော့တာတောရတွင် အတန်ကြာအောင် လျှောက်ထားပြောဆိုပြီးနောက် ပြန်ရန် ကန်တော့သောအခါ ဆရာတော်က ဓာတ်ပုံတစ်ပုံ ထုတ်ပြသည်။

'အဘ ဘိုးဘိုးအောင်က "သုံးလွန်းတင်မှကြိုး"ဆိုပြီး ပေးသွားတဲ့ တောင်ဝှေး'

ဓာတ်ပုံထဲတွင် ကော့တာဆရာတော်က မတ်တတ်ရပ်လျက် တောင်ဝှေးတစ်ချောင်း ကိုင်ထားသည်။ တောင်ဝှေးမှာ သုံးလွန်းတင်ကြိုးသဏ္ဌာန် ထွင်းထုထားသည်။

'အဓိပ္ပာယ်ကိုတော့ ဒကာကြီးကိုယ်တိုင် ဆက်စပ်တွေးယူပေတော့'

သာသနာ့အကျိုး သယ်ပိုးတော်မူသော သံဃာဟူသည့် ဆရာတော်ဦးတေဇ ပစ္စည်းလေးပါး အထောက်အပံ့ပြုသည့် တပည့်ဒါယကာများနှင့် မိနန်းဝေကဲ့သို့ ပရလောက (သို့မဟုတ်) သတ္တလောကမှ အထောက်အပံ့ပုဂ္ဂိုလ်များ သုံးလွန်းတင်ကြိုးပမ်းခြင်းဖြင့် သာသနာတော်ကြီး တည်တံ့ ပြန့်ပွားရေး ပိုမိုဆောင်ရွက်နိုင်ခြင်းကို ဆိုလိုဟန်ရှိပေသည်။

ထိုတောင်ဝှေးကို မိနန်းဝေ၏ ပထမကောင်းမှု တစ်ဝဂ္ဂစေတီ၌ ဌာပနာပြုထည့်သွင်းလိုက်ကြောင်း သိရလေသည်။

ထူးခြားသော ဤမြွေကြီးကို လေ့လာလိုပါက **ကျိုက်မရောမြို့အနီး ကျိုက်မရော-မော်လမြိုင်သွား ကားလမ်းနံဘေးရှိ ကော့တာတောရဆိုင်းဘုတ် စိုက်ထူထားသော လမ်းအတိုင်း သွားရောက်ကြည့်ရှုနိုင်ကြပါသည်။**

ဖင်ညိုငယ်




www.burmeseclassic.com

www.burmeseclassic.com

စိန့်ကျောက်အလား ထူးခြားသည့်


# မိုးကြိုးသွား

သန်းထွန်းဦး (ဘားအံ)



ဆေးဖက်ဝင် ကြေးနီ မိုးကြိုးသွား ပုံသဏ္ဌာန်ကို ကြက်ပေါင်သီး တစ်လုံးသဖွယ် တွေ့မြင်ရစဉ်

အလေးချိန် (၁၀)ကျပ်သားခန့် ရှိသော ထူးခြား မိုးကြိုးသွား



မိုးကြိုးသွားဆိုလျှင် တချို့သော စာဖတ်ပရိသတ်များ သိကြသလို မြင်လည်း မြင်ဖူးကြပေမည်။ ကျောက်မိုးကြိုးသွား၊ ကြေးမိုးကြိုးသွား စသည်အားဖြင့် နှစ်မျိုးရှိပြီး ပုံစံအမျိုးမျိုးလည်း ရှိတတ်ကြပါသည်။

တချို့သော ပုဂ္ဂိုလ်များက မိုးကြိုးသွားဆိုလျှင် ပုဆိန်ကလေးလို ရှိနေရမယ်ဟု ဆိုကြသလို၊ တချို့သော ပုဂ္ဂိုလ်များကျပြန်တော့ မိုးကြိုးပစ်ရာမှ ရရှိတယ်ဆိုတော့ ပုံစံအမျိုးမျိုး ရှိမှာပေါ့လို့ ဆိုကြပြန်သေးသည်။

စာရေးသူ ယခုတွေ့မြင်လာရသော မိုးကြိုးသွားကျပြန်တော့ ပုံသဏ္ဌာန်တစ်မျိုး ရှိနေပေသည်။

## ကြေးမိုးကြိုးသွား ပုံသဏ္ဌာန်

မြန်မာလိုတော့ မိုးကြိုးသွား၊ စကောကရင် ဘာသာစကားနှင့်တော့ **“လောင်းမဲ”** ဟု အစီပွာယ်ရပါသည်။

မိုးကြိုးသွားမှာ ကြေးနီရောင်ဖြစ်ပြီး၊ ကြက်ပေါင်သီး တစ်လုံးနှင့် အလွန်မှ တူလှပါသည်။

အလေးချိန် (၁၀)ကျပ်သားခန့် ရှိပြီး၊



www.burmeseclassic.com

www.burmeseclassic.com



▲ ဆေးဖက်ဝင် မိုးကြိုးသွားအကြောင်း

ဆရာကြီး ဦးထွန်းမြင့်မှ ရှင်းပြနေပုံ

မိုးကြိုးသွားကို ဆုပ်ကိုင်ကြည့်လျှင် အပူငွေ့ဓာတ်မှာ ကိန်းအောင်း နေပါသည်။

## ကြေးမိုးကြိုးသွား ရုပ်ပုံ

ဝါတွင်းကာလ မိုးဦးကျ အခါ သမယမို့ လျှပ်နွယ်၊ လျှပ်ပန်းတို့က ကောင်းကင်ယံ တစ်ခုလုံး အလင်းဓာတ်ပေးကာ မိုးက ထစ်ချုန်းနေသည်။ လေက သည်းထန်စွာ တိုက်သည်။

အမြောက်ပစ်သည့်အလား အသံကြီးက ကျယ်လောင်လှပြီး၊ ဘားအံမြို့နယ် တံတားဦးကျေးရွာ အနောက်ကွင်း၊ တောစပ်တစ်နေရာရှိ ကြီးမားသည့် ညောင်ပင်ကြီးကို မိုးကြိုးပစ်ချလိုက်ရာ မိုးရွာနေသည့်ကြားမှ မီးစွဲလောင်ခဲ့လေသည်။

နောက်တစ်နေ့ နံနက်မှာတော့ တကောင်ဗိုလ် ကျေးနယ်၊ မဲလန်ကျေးရွာ(ဦးခေါင်းတောင်)မှ သာသနာပြု တိုင်းရင်းဆေးဆရာကြီး ဦးထွန်းမြင့်နှင့် တပည့် စောမောင်နိုင်တို့နှစ်ဦး မိုးကြိုးပစ်ခံရသော ညောင်ပင်ကြီး အားသွားရောက် လေ့လာကြရာ၊ ညောင်ပင်တစ်နေရာတွင် **ထိုးစိုက် စူးဝင်နေသော ကြက်ပေါင်သီးသဏ္ဌာန် ကြေးနီတစ်ခုကို** ရရှိပြီး ပြန်လာခဲ့ကြပါသည်။

▲'အဲဒီ ပစ္စည်းကလေး ရရှိပြီးတော့ ဘယ်လို စမ်းသပ်ကြည့်သလဲ ဆက်ပြောပြပါဦး'

## ဆေးဖက်ဝင် ထူးခြား မိုးကြိုးသွား

○'ကျွန်တော်လဲ ဆေးဆရာတစ်ယောက်အနေနဲ့တော့ လက်မလောက်၊ လက်နှစ်လုံးလောက် ခပ်ပြားပြား ကျောက်မိုးကြိုးသွား၊ ကြေးမိုးကြိုးသွားတွေသာ တွေ့ဖူးတော့ ကျွန်တော်ရရှိထားတဲ့ ပစ္စည်းဟာ မိုးကြိုးသွားမှ ဟုတ်ပါ့မလားလို့ ရလာစက ဓားနဲ့ (၇)ချက် စမ်းခုတ်ကြည့်ပါတယ်။

ကြေးနီရဲ့အသားက ပျော့ပျောင်းနေပါတယ်။ နောက်ပိုင်းမှာတော့ ဘာမှ စမ်းသပ်မှုတွေ မလုပ်ခဲ့ပါဘူး။ (၈)နှစ်ကျော် သိမ်းဆည်းထားပြီး တိုက်ဆိုင်မှ လူနာတွေကို စမ်းသပ်ကုကြည့်တော့ ထူးခြားမှုတွေနဲ့ တွေ့ရပါတယ်'

▲'ဘယ်လို ထူးခြားမှုတွေလဲ။ ဘယ်လို ရောဂါမျိုးတွေကို ကုကြည့်သလဲ။ ပြောပြပေးပါဦး'

○'ကျွန်တော် သက်တန့်ရောဂါရှိတဲ့ လူနာတစ်ဦးကို လက်ခံပြီး ဆေးကုတော့ သက်တန့်ကို ကိုယ်လိုတဲ့နေရာကို ရရှိထားတဲ့ မိုးကြိုးသွားနဲ့ ကိုင်တွယ်ပြီး ရွှေ့ရတယ်။

ထူးခြားတာက မိုးကြိုးသွားဟာ အေးနေရာက လက်ထဲမှာ ပူလာပါတယ်။ ရောဂါမကုဘဲ ဒီအတိုင်းထားရင်တော့ အေးနေပါတယ်။ ကြေးနီရဲ့ သဘောက အမြဲတမ်း အေးနေတဲ့ သဘောကို ဆောင်ပါတယ်။ ဒါပေမယ့် ရောဂါကုနေချိန်မှာတော့ ပူနွေးလာတတ်ပါတယ်။

အဲဒီ မိုးကြိုးသွားနဲ့ လက်ရှိကုသပေးနေတဲ့ ရောဂါတွေကတော့ ဝမ်းတွင်းသက်တန့်၊ အပြင်မှာ ဖြစ်တတ်တဲ့ သက်တန့်၊ ခေါင်းကြီးကိုက်ရောဂါ၊ ဖက်ကြောလေး၊ ဖက်ကြောကိုက်ရောဂါ၊ လက်ပြင်ငုပ်နေတဲ့ ရောဂါတွေပါ ကုပေးနေပါတယ်။

ကျွန်တော်ရထားတဲ့ ပစ္စည်းကလေးကတော့ စိန်ကျောက်အလား (မိုးကြိုး) သွားလို့ ဆိုရမလားပဲ ဆရာရေ၊ တန်ဖိုး အလွန်မှ ရှိပါတယ်။ ရောဂါကုသရာမှာ အတော်ကို ခရီးရောက်ပါတယ်'

ဟု ဆရာကြီး ဦးထွန်းမြင့်မှာ ပြန်လည် ပြောပြပါသည်။

သို့ပါ၍ စာဖတ်သူ မိတ်ဆွေများ အထက်ဖော်ပြပါ **"ကြက်ပေါင်သီး သဏ္ဌာန် မိုးကြိုးသွား"**မျိုး လက်ဝယ်ရရှိထားခဲ့ပါလျှင် အသုံးပြုနိုင်ရန် ကုသသောရောဂါနှင့် နည်းလမ်းများပါ ထည့်သွင်းရေးသား ဖော်ပြလိုက်ရပါသည်။

**အနန္တမေတ္တာများဖြင့်...**

**သန်းထွန်းသိန်း(အ[illegible])**



www.burmeseclassic.com

www.burmeseclassic.com


ကြော်ငြာဆောင်းပါး

အမျိုးသားများ အားအင်ကုန်ခန်း စိတ်မရွှင်လန်းရင်

စကြာမင်း

အမှတ်တံဆိပ်

အားတိုးဆေး မှီဝဲပါ

(ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် (၀၇၁၁ YR ၀၀၆၀၂၄))



ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(တနယ်ဝင်း)
၅၃/၀၅၁၃


'ဟော့ ကိုကြီးကောင်း အိမ်တွင်းပုန်း လုပ်နေတာလားဗျ'

'အိမ်တွင်းပုန်းနေတာ မဟုတ်ဘူး။ စိတ်ဓာတ်ကျနေတာဗျ'

'ကဲ ဆိုစမ်းပါဦး။ စိတ်ဓာတ်ကျစရာ ဘယ်လိုအကြောင်းတွေများ ရှိလို့လဲ'

'ပြောရရင်တော့ ရှက်စရာကြီးပါဗျာ။ ဒါပေမယ့် ခင်ဗျားက ဗဟုသုတစုံသူဆိုတော့ အကြံဉာဏ်များပေးနိုင်ကောင်းရဲ့ ဆိုပြီး ရှေ့မျက်နှာ နောက်ထားပြီး ပြောမယ်ဗျာ။ ကျွန်တော့်မှာ အမျိုးသားအားနည်းရောဂါ ဖြစ်နေလို့ဗျ။ အဲဒါ လုပ်ပါဦး။ ဘယ်လိုလုပ်ရင် ကောင်းမလဲ'

'ဆေးတွေ မသုံးစွဲဘူးလား'

'သုံးစွဲတာမှ ရှိသမျှအားဆေးတွေ စုံနေပြီ။ ထူးခြားမှုမရှိဘူး ကိုဘုန်းရဲ'

'ဒါဆိုရင် ကျွန်တော်လဲ အမျိုးသားအားနည်းရောဂါ ဖြစ်နေရလို့ ခင်ဗျားလိုပဲ စိတ်ဓာတ်ကျနေတဲ့အချိန်မှာ ဆရာကြီး ဆရာမြင့် (စကြာမင်း) ရေးသားပြုစုထားတဲ့ "အမျိုးသားရောဂါ သိကောင်းစရာနဲ့ ကာကွယ်ကုသနည်းများ" ဆိုတဲ့ အမျိုးသားများအတွက် ကျန်းမာရေး ပညာပေးစာအုပ်ကို ဖတ်မှတ်မိရာမှ အားတက်သွားပြီး ဆရာမြင့်ထံ အပြေးကလေး သွားရောက်ဆွေးနွေးမိတယ်ဗျ။

အဲဒီမှာ ဆရာမြင့်က စကြာမင်းအားတိုးဆေးပေးပြီး တစ်နေ့ (၂)ကြိမ် မှန်မှန်သောက်ရင် မင်းရဲ့ရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းပါလိမ့်မယ်လို့ ညွှန်ကြားလိုက်တယ်။ ဒါနဲ့ ကျွန်တော်လဲ ဆရာ့ရဲ့ ညွှန်ကြားချက် ဆေးညွှန်းပါ အညွှန်းအတိုင်း သောက်သုံးလိုက်တာ အခုဆိုရင် လန်းဆန်းပြီး အကြောအားတွေ ကောင်းလိုက်တာမှ ဒေါင်ဒေါင်မြည်ပဲဗျ'

'ဆေးရဲ့ အစွမ်းအာနိသင်က ဘာတွေကောင်းလဲ'

'ဘာတွေကောင်းလဲဆိုရင် ခန္ဓာကိုယ်အတွက် တစ်နေ့တာ ကုန်ခန်းသွားတဲ့ အားအင်များကို အလျင်အမြန် ပြန်လည်ပြီး ဖြည့်တင်းပေးနိုင်တဲ့ အစွမ်းသတ္တိထူးရှိလို့ သွေးသစ်၊ အားသစ်၊ ခွန်အားသစ်၊ ဓာတ်ပစ္စည်းအသစ်များ ဖြစ်ထွန်းတည်ဆောက်ပေးနိုင်တယ်။

ပန်းသေ၊ ပန်းညှိုးဖြစ်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ သုက်ဓာတ်အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အိပ်နေစဉ်အလိုလို သုက်လွှတ်ခြင်း၊ ပင်ပန်းနွမ်းနယ်နေခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ အကြောအားနည်းခြင်း၊ နှစ်ခြိုက်စွာအိပ်မပျော်ခြင်း၊ စားမကောင်းခြင်း၊ ကိုယ်ခံစွမ်းအား လျော့နည်းကျဆင်းခြင်း၊ အာရုံကြောအားနည်းခြင်းနဲ့ အဆုတ်အား၊ နှလုံးအား၊ သွေးအားနည်းခြင်းများကို သက်သာပျောက်ကင်းစေပြီး အမောလုံး၍ စိတ်ဓာတ်အား၊ ဆန္ဒအား၊ အကြောအား၊ ပန်းအားများကို တက်ကြွလန်းဆန်းစေလျက် ဆန္ဒသုခ အိမ်ထောင်ရေးရသတို့ကို ပြည့်စုံစွာ ပေးစွမ်းနိုင်သော ရသာယနဆေး ဖြစ်ပါတယ်။ ပြီးတော့ နေ့စဉ်သုံးစွဲပါက ဒါ့အပြင် ခန္ဓာကိုယ်အတွင်းရှိ ဓာတ်ပစ္စည်းများကို ညီညွတ်မျှတစေပါတယ်'

'ကျွန်တော်လဲ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေးကို သုံးစွဲချင်လို့ ဆေးဆိုင်တွေမှာ မေးကြည့်တော့ မရှိဘူးလို့ ပြောပြောနေတော့ ခက်တယ်ဗျ'

'မခက်ပါနဲ့ဗျာ အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်စေဖို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါပြီ။ ခင်ဗျားလဲ နီးစပ်ရာ ဆေးမျိုးစုံဆိုင်သာ ပြေးပြီးဝယ်ပေတော့'

ဟော အခုတော့ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေး အစွမ်းထက်မှုကြောင့် စိတ်ရောကိုယ်ပါ လန်းဆန်းတက်ကြွနေတဲ့အပြင် အကြောအားတွေလဲ ကောင်းမှကောင်းပဲ။

အဲဒါကြောင့် ဘဝတူအမျိုးသားများ အကျိုးများပြီး အင်အားတိုးပွားကာ အမြဲတမ်းတက်ကြွလန်းဆန်း သန်မာစွာနဲ့ နေနိုင်စေဖို့ အသက်ရှည်ရာ အနာကင်းရေး သော့ချက်ဖြစ်တဲ့ စကြာမင်း စိတ်ပျိုကိုယ်နု အားတိုးဆေးစွမ်းတစ်လက်ကို နီးစပ်ရာ ဆေးဆိုင်များမှာ ဝယ်ယူသုံးကြည့်ပါလို့ အကြံပြုပါရစေ။

အဲ ဆရာမြင့်နဲ့ ကိုယ်တိုင်တွေ့ဆုံ ဆွေးနွေးချင်ကြရင်တော့...

**ဆရာမြင့်**

**စကြာမင်းတိုင်းရင်းဆေးတိုက်**

အမှတ် (စ/၆၆၆)၊ သုဝဏ္ဏလမ်းမကြီး၊ သုဝဏ္ဏမှတ်တိုင်အနီး၊

(စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၇၂၂၈၀

**ကိုကြီးကောင်း**



www.burmeseclassic.com

www.burmeseclassic.com

# ဝေဘူဆရာတော်ကြီး၏

## ကြည့်ညိုဖွယ်ရာများနှင့် ကိုယ်တွေ့ဖြစ်ရပ်မှန်များ (၁၆)

ကျော်ဆည် မင်းမော်

ယခင်လမှအဆက်

ရွှေသာလျောင်း တောင်တန်း၏ မြောက်ဘက် မင်းမွေးတောင်တန်း၏ တောင်ဘက်တွင် တည်ရှိသော ဝေဘူကျောင်းတိုက်သည် ခံ့ညားစွာ တည်ရှိသည်။

ဝေဘူကျောင်း၏ အဝင်ဝမှ ရေကန်ကြီးသည် ကြာဖြူ၊ ကြာနီ၊ ကြာညိုများနှင့် ပဒုမ္မာကြာတွေက ဖူးပွင့်နေကြရာ ရေကန်၏ အလှသဘာဝက ရှုမဝသာယာလှပနေသည်။

ဝေဘူကျောင်းတိုက်သွားရာ လမ်းတစ်လျှောက်ရှိ လမ်း၏ ဝဲယာမှာ တမာပင်တွေက သွယ်ကာတန်းပြီး မန်ကျည်းပင်၊ ထနောင်းပင်တို့သည် တစ်ပင်နှင့်တစ်ပင် ပင်ချင်းယှက်၍ နေပြောက်မထိုးပါ။

ရှဉ့်ငယ်လေးများသည် သူတို့သဘာဝ ပျော်မြူးနေကြပြီး တစ်ပင်နှင့်တစ်ပင် ကူးကာပြေးကာဖြင့် သူတို့သဘာဝ လွတ်လပ်စွာ ပျော်မြူးနေကြသည်။

ဝေဘူ ကျောင်းတိုက်အတွင်းမှာ တရုတ်စံကားပင်၊ တစ်ဆယ့်နှစ်ရာသီပန်းအဖြူ၊ အနီ၊ အဝါပင်များနှင့် ယင်းမာပင်၊ ခရေပင်တို့က ဖူးပွင့်နေကြသကဲ့သို့ တောစံပယ်ပန်းပင်တွေနှင့် ဒွန်ပင်၊ ခံပင်တွေကလည်း ဖူးပွင့်၍ သီးနေကြသည်။

ထို့ပြင် ဇီဇဝါပင်တွေကလည်း ဖူးပွင့်၍ ပန်းရနံ့က သင်းပျံ့မွှေးကြိုင်လှသည်။ လေပြေလေညင်းတို့ သယ်ဆောင်လာသော ပန်းရနံ့တို့သည် ဆရာတော်ကြီးကို ဖူးမြော်ရန် ရောက်ရှိနေသော ပရိသတ်က ထိုပန်းရနံ့ကို ရှူလိုက်သည် ဆိုလျှင်ပဲ မောပန်းသမျှအားလုံး ပြေပျောက်သွားကြသည်။



ဝေဘူဆရာတော်ကြီး


ဝေဘူဆရာတော်ကြီးသည် မန်ကျည်းတန်း၏တောင်ဘက် ဗုဒ္ဓပေါင်းပြည့်တောင်တန်းရှိ ကျောက်ဂူတွင် သီတင်းသုံး၍ တရားကျင့်နေသည်။ ကွမ်းတစ်ယာညက်ခန့်ကြာသော် ဗုဒ္ဓပေါင်းပြည့်တောင်တန်းမှ သဲကြီးမဲကြီး အတင်းပြေးလိုက်လာသော ေ[illegible]





www.burmeseclassic.com

www.burmeseclassic.com



◆ နံ့သာတောင်စေတီ ရှုတွေ့ပုံ

ကျားသတ္တဝါသည် သားကောင်ဖြစ်သည့် သမင်နောက်သို့ အပြေးလိုက်လာသည်။

ရှေ့ကပြေးနေသော သမင်ကလည်း အသက်ဘေးမှ ချမ်းသာရာရရန်ဆိုပြီး ပြေးလွှားရင်း ဆရာတော်ကြီး တရားကျင့်နေသော ကျောက်ဂူအတွင်းသို့ အတင်းဝင်ပြေးလာပြီး ဆရာတော်ကြီး၏ထံပါး ခေါင်းဝှက်နေရှာသည်။ ဆရာတော်ကြီးကို အားကိုးကြီးစွာဖြင့် ဝင်ရောက်ခိုကိုးနေသော သမင်သည် တစ်ကိုယ်လုံး တဆတ်ဆတ် တုန်နေရှာသည်။

တောမှုဆိုး ကျားသတ္တဝါက မောပန်းစွာဖြင့် အပြေးလိုက်လာပြီး သမင်ဝင်သွားသော ကျောက်ဂူအတွင်းသို့ ဝင်လိုက်ရာ ဆရာတော် တရားကျင့်နေသည်ကို တွေ့မြင်ရပြီး ဒေါသထွက်၍ ဂူပေါက်ကနေပြီး ဟိန်းဟောက်နေသည်။

ဆရာတော် တရားကျင့်နေရာမှ မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းသောအခါ ဂူပေါက်ဝတွင် ဒေါမာန်ပွားပြီး ဝမ်းရေးအတွက် လောဘမီးတောက်နေသော ကျားသတ္တဝါသည် တဖြည်းဖြည်းနှင့် မာန်လျှော့ကျကာ ဂူပေါက်ဝမှာ အသာကလေး ဝပ်နေရှာသည်။

ဆရာတော် တရားကျင့်ပြီး ဂူတွင်းက ထွက်လာစဉ် ဂူပေါက်တွင် ဝပ်နေသော ကျားကြီးကို တွေ့မြင်ရာ ဆရာတော်က ကျားကြီးဦးခေါင်းကို လက်ဖြင့်သပ်၍ မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းလိုက်သောအခါ ကျားကြီးသည် ငြိမ်နေရာမှ အသာလေး ခေါင်းနှင့် ဆရာတော်ကို ပွတ်သပ်ပြီး ဂူအနောက်ဘက်သို့ ထွက်ခွာသွားသည်။

ဆရာတော်သည် ကျောက်ဂူမှ ဆင်းလာသောအခါ သမင်ငယ်သည် ဆရာတော့်နောက်မှာ အသာလေး လိုက်လာပြီး ဆရာတော်၏ ခြေအစုံကို ဦးခိုက်၍ အရှေ့ဘက် ပိတောက်ပင်တောတန်းသို့ ထွက်သွားလေတော့သည်။

## အရိယာသိမ် သမုတ်ခြင်း

ဝေဘူဆရာတော်ကြီးသည် စွန်းလွန်းဆရာတော်နှင့် ညောင်လွန့်ဆရာတော်တို့ကို လေးစားကြည်ညိုသည့်အတိုင်း ဝေဘူချောင်ကျောင်းတိုက်သို့ သိမ်သမုတ်ရန် ပင့်ဖိတ်သည်။ သိမ်မသမုတ်မီ ကထိန်အရင်ခင်းသည်။ ကထိန်ပြီးမှ သိမ်သမုတ်သည်။


သိမ်သမုတ်ပြီးသောအခါ စွန်းလွန်းဆရာတော်မှ ဦးပျော့အား မိန့်ကြားသည်မှာ...

'အကာကြီး မောင်ပွင့်ကို ပျော်အောင် မွေးနော်၊ ကျောင်းအကာကြီး ...မှာ တစ်သုံ



www.burmeseclassic.com

www.burmeseclassic.com



◆ ဝေဘူဆရာတော်ကြီး ဆွမ်းစားကျောင်း

နိုတယ်။ မလွတ်တမ်း ကိုးကွယ်ပေတော့'

ဟု စွန်းလွန်းဆရာတော်မှ ဦးပျော့အား တိုက်တွန်း မိန့်ကြားတော်မူသည်။

ဝေဘူဆရာတော်သည် သိမ်သမုတ်ပြီးသောနေ့မှာ တရားနှလုံးသွင်းပြီး ကြေလမ်း လျှောက်နေစဉ် အသက်(၃၀)အရွယ်ခန့်ရှိသော ဖနီးမောင်နုံ ရောက်ရှိလာပြီး ဆရာတော်ကြီးကို ကန်တော့၍...

'မနက်ဖြန် အရုဏ်ဆွမ်း ကပ်လှူပါရစေဘုရား'

ဟု လျှောက်ထားသည်။ ဆရာတော်ကြီးက...

'အေးဟဲ့... ကောင်းပါ့ဗျာ'

ဟု မိန့်တော်မူလိုက်သည်။ ဆရာတော်သည် ရှင်ဉာဏကိုခေါ်၍...

'မနက်ဖြန် အရုဏ်ဆွမ်း ဘုဉ်းပေးဖို့ လျှောက်ထားချေဗျာ'

ဟု မိန့်တော်မူလိုက်သည်။

ဦးဉာဏက ညနေခင်းမှာ မီးတင်းကုပ်ဘက် လမ်းလျှောက်စဉ် ဆွမ်းချက်သည်ကို မမြင်တွေ့ရပေ။ ချက်ပြုတ်မည့်သူလည်း တစ်ဦးမှ မတွေ့ရနိုင့်မို့ ဦးဉာဏ စဉ်းစားရ ကျပ်လေသည်။

နောက်နေ့ အရုဏ်တက်သောအခါ ဝေဘူကျောင်းတိုက်တွင် ရှိသော သံဃာတော်တွေအားလုံးကို အရုဏ်ဆွမ်း ကပ်လေသည်။ သံဃာတော်များ ဆွမ်းကပ်ပြီးသောအခါ သီလရှင်များနှင့် ကျောင်းဝေယျာဝစ္စ ဆောင်ရွက်ကြသော ကပ္ပိယ၊ ဒကာကြီးပါမကျန် ဆွမ်းဒါန ပြုကြလေသည်။ ဆွမ်းစားချိန် ပြီးသောအခါ ဆရာတော်ကြီးက ဆွမ်းဒကာ၊ ဒကာမတို့ကို တရားချီးမြှင့်လေသည်။

ညချမ်းအချိန်အခါတွင် ဝေဘူဆရာတော်ကို သံဃာတော်များက ဝတ်ဖြည့်ကြပါသည်။ ဝတ်ဖြည့်ရင်း ဦးဉာဏက...

'ဆရာတော်ဘုရား... အရုဏ်ဆွမ်းကပ်တဲ့ ဒကာတွေက အမည်နာမ မပြောဘူး။ နေရပ်လဲ မေးမရပါဘူးဘုရား'

ဟု လျှောက်ထားရာ ဆရာတော်ကြီးမှ...

'တို့ရဟန်းတော်များ တရားကို အထူးကြိုးစားပြီး အားထုတ်ကြ ကိုယ်အားထုတ်မှ ကိုယ်ရတာဗျ။ တစ်နေ့ကုန်သွားရင် တစ်နေ့ သေမင်းဘက်ကို နီးသွားတာဗျ။ တစ်နေ့နဲ့ တစ်နေ့ ရုပ်နာမ်တရားတွေ ချို့ယွင်းနေကြတာ သတိထားကြရဲ့လားဗျ။

တစ်နေ့နေ့နဲ့ ရက်တွေ ပြောင်းလာပြီး ရက်တွေက နှစ်တွေကို ကူးပြောင်းလာပြီး ဆိုမှဖြင့် ခန္ဓာတွေက ဒွေးမြည့်၍ ရင့်ရော်လာပြီး သေခြင်းတရား ရောက်ခဲ့ရပြီဗျာ။ မသေခင် တရားအားထုတ်ကြရဲ့လားဗျာ သတိထားရဲ့လား'

ဟု ဆရာတော် မေးသောအခါ သံဃာတော်များက...



www.burmeseclassic.com

www.burmeseclassic.com



ယခင် ဆွမ်းစားကျောင်းနေရာမှာ မြဘုရင်မှိုချက်စက်ရုံဒီသားစု ဆောက်လုပ်လှူဒါန်းသော မြဘုရင်ကျောင်းပုံ

'အားထုတ်ပါတယ် ဘုရား'

ဟု လျှောက်ထားသော် ဆရာတော်ကြီးက သာဓုသုံးကြိမ် ခေါ်လေသည်။ ဆက်၍ မိန့်တော်မူသည်မှာ...

'အရှင်ဘုရားတို့ကို ကြည်ညိုလို့ အရဏ်ဆွမ်း ကပ်လှူသွားတာက ဘောဂတိုင်းပြည်ကလာတဲ့ နဂါးမင်းတို့ရဲ့ ကောင်းမှုကုသိုလ်ဗျာ၊ မေတ္တာပို့ကြဗျာ'

ဟု မိန့်တော်မူလိုက်သည်။

## မေတ္တာထားကြဗျာ

ဝေဘူဆရာတော်ကြီးသည် နောက်ပါသံဃာတော် အပါးနှစ်ဆယ်နှင့် စေတီတည်ရန် ချုံနွယ်သစ်ပင်များ ရှင်းနေစဉ် ဦးဉာဏမှ ဘောင်မှဲ့ပင် ခုတ်ထွင်ရှင်းလင်းလိုက်စဉ် ဘောင်မှဲ့ချုံအတွင်းက လုံးပတ် (၅)လက်မအရွယ်ခန့်ရှိသော ငန်းမြွေတစ်ကောင်သည် ဒေါသကြီးစွာဖြင့် ဦးဉာဏကို ပေါက်လိုက်ရာ ဦးဉာဏက တိမ်းရှောင်လိုက်ပြီး ဆူးခွထောက်ဖြင့် လှမ်းပြီးထိုးလိုက်ရာ ထိုမြွေကြီးက ပို၍ ဒေါသကြီးပြီး လိုက်၍ ပေါက်နေသည်။

တချို့ကိုယ်တော်များက ခဲနှင့်ပေါက်၍ ခြောက်လှန့်သော်လည်း ထိုမြွေက ထွက်ပြေးခြင်းမရှိဘဲ ဒေါသကြီး၍ ပါးပျဉ်းကြီးထောင်၍ ဦးဉာဏကို ကြည့်နေသည်။

'အရှင်ဘုရား ဒီမြွေက ထူးခြားလှပါတယ်။ အရှင်ဘုရား သေချာစွာကြည့်ပြီး အကဲခတ်ပါဘုရား။ ဒီမြွေရဲ့ ဦးခေါင်းပေါ်မှာ အမောက်လိုလို ပါရှိပြီး သူ့ကို ခဲနဲ့ထုပြီး ခြောက်ပေမယ့် မကြောက်တဲ့အပြင် ပါးစပ်ဟတိုင်း သူ့အာခံတွင်းက မီးရောင်ထွက်တယ်'

ဟု ဦးပဏ္ဍိတက လျှောက်ထားလိုက်မှ ဦးဉာဏက သေချာစွာ အကဲခတ်၍ ကြည့်လိုက်သောအခါ ထိုမြွေကြီးသည် သာမန်မြွေတော့ မဖြစ်နိုင်ဟု တွေးမိသည်။ ထိုမြွေက အရောင်က ကျီးညိုရောင်ရှိပြီး ဦးခေါင်းမှာ အမောက်ရှိသည်။ အမောက်၏ အရောင်သည် စိမ်းညို့ညို့နှင့် သူ့၏ နှုတ်ခမ်းမှာ နီရဲသောအရောင်ရှိပြီး လျှာထုတ်လိုက်တိုင်း မီးရောင်ထွက်၏။

လမ်းသွားသောအခါ အခြားမြွေများနှင့် မတူပါ။ သူ့ခေါင်းက အမြင့်တစ်တောင်ခန့်လောက် ထောင်ပြီး သွား၏။ မြွေက ပါးပျဉ်းထောင်ပြီး ဦးဉာဏကို အဆက်မပြတ် စောင့်ကြည့်နေသည်။ ဦးဉာဏကို စိုက်ကြည့်နေသော မြွေကြီးသည် တဖြည်းဖြည်းနှင့် ဒေါသကြီးလာပြီး လိုက်၍လိုက်၍ ပေါက်နေသည်။

ဦးဉာဏမှ ဆူးခွဖြင့် လှမ်းထိုးပြီး ရိုက်မည်ပြုနေစဉ်...

'ဟဲ့ ဟဲ့ ဉာဏ မလုပ်နဲ့။ ဟဲ့... ဉာဏရဲ့ ဒီမြွေကြီးက သူတော်ကောင်းမြွေ၊ သတ္တဝါတွေအပေါ် မေတ္တာထားပါတယ်။ မေတ္တာမပျက်ကောင်းဘူး။ ကိုယ်က မေတ္တာရှေ့ထား



www.burmeseclassic.com

www.burmeseclassic.com

တော့ သူတို့ကလဲ ရန်မမူပါဘူး။ မေတ္တာထား
တော့ ရန်အေးငြိမ်းတယ်'

ဟု မိန့်တော်မူပြီး ဆရာတော်ကြီးသည် ဒေါသကြီးနေသည့် မြွေကြီး၏ ရှေ့တည့်တည့်မှာ ရပ်၍နေတော်မူပြီး မေတ္တာဓာတ် စီးဖြန်းလိုက်စဉ် ဒေါသအလွန်ကြီးသော မြွေကြီးသည် ဆရာတော်ကြီး၏ ခြေအစုံကို ဦးခိုက်သည့်အလား ဆရာတော်ကြီး ခြေစုံပေါ်သို့ မြွေကြီးက ဦးခေါင်းတင်၍ နေလိုက်ပြီးမှ ဘောင်မှဲ့ချုံထဲ ဝင်သွားသည်။ ပြီးလျှင် ပြန်၍ထွက်လာပြီး ဆရာတော်၏ ခြေအစုံကို ဦးခိုက်လိုက်နှင့် သုံးကြိမ်မြှလုပ်ပြီး ဘောင်မှဲ့ချုံထဲသို့ ဝင်သွားသည်။

ဆရာတော်ကြီးသည် ဦးဉာဏကို ခေါ်၍ စားပွဲခုံ ယူခဲ့ရန်နှင့် ဖယောင်းတိုင်၊ နံ့သာတိုင်တို့ပါ ယူခဲ့ရန် မိန့်လိုက်သည်။ ဦးဉာဏနှင့် ဦးပဏ္ဍိတတို့က ဆရာတော် မိန့်ကြားသည့်အတိုင်း ယူလာပြီး ဆရာတော် ညွှန်ပြသော နေရာတွင် စားပွဲခုံ ချထားလိုက်သောအခါ ဆရာတော်မှ...

'ဟဲ့ ဉာဏနဲ့ပဏ္ဍိတတို့က ဒီချုံကို ခွဲကြ'

ဟု မိန့်တော်မူသည်။ ဆရာတော် ခွဲခိုင်းသော ဘောင်မှဲ့ပင်က အကြီးကြီးပါ။ ပင်စည်လုံးပတ်က လူကြီးပေါင်လုံးခန့်ရှိသည်။ ထိုအပင်ကို ဆရာတော်က ဖြတ်ထားသောအကိုင်းမှ ခွဲရန် မိန့်တော်မူသည်ကို ဦးဉာဏမှ ခွဲ၍ မရနိုင်ကြောင်း၊ အပင်၏အခြေက အမြစ် မတူးရသေးကြောင်း ဆရာတော်ကို လျှောက်ထားသည်။ ဆရာတော်ကြီးမှ...

'ဟဲ့ ဉာဏ နင်တို့ သီလ၊ သမာဓိ ရှိတယ်မဟုတ်လား။ နင်တို့က ကိုယ့်ကိုယ်ကိုယ် မယုံဘူး။ နင်တို့ သီလ၊ သမာဓိရှိရင် သာသနာစောင့်တဲ့နတ်များက ကူညီကြမှာဟဲ့'

ဟု ဆရာတော် မိန့်တော်မူသည်။ ဦးဉာဏနှင့် ဦးပဏ္ဍိတတို့နှစ်ပါးက အခြားသံဃာတော်များ၏ အကူအညီ မတောင်းဘဲ ဆရာတော် မိန့်တော်မူသည့်အတိုင်း ဘောင်မှဲ့ပင်ကို နှစ်ပါးတစ်ပြိုင်နက် တညီတညာတည်း ခွဲလိုက်ရာ ဘောင်မှဲ့ပင်မှာ အမြစ်က ကျွတ်ပါလေသည်။ ဦးဉာဏနှင့် ဦးပဏ္ဍိတတို့မှာ အံ့သြနေသည်။

ဘောင်မှဲ့ပင် အမြစ်ပါ ကျွတ်ပါသွားရာ အပင်ခြေရင်း၏ အောက်မှာ ရွှေဆင်းတု၊ ကြေးဆင်းတုတို့နှင့် ငွေလည်းမဟုတ်၊ ကြေးဖြူလည်းမဟုတ် အမည်မဖော်နိုင်သော ဓာတ်သတ္တုဖြင့် သွန်းလုပ်ထားသော ရုပ်ပွားတော်သည် ပလ္လင်သုံးဆင့်ပေါ်မှာ သီတင်းသုံးနေသည့် ရုပ်ပွားတော်မှာ ရွှေ၊ငွေတို့ဖြင့် သွန်းလောင်းထားသော ယပ်ကလေး(၃)လက်၊ ထီး (၅)လက်တို့နှင့် တွေ့ရပြီး ထိုရုပ်ပွားတော်များကို စားပွဲပေါ်သို့ ပင့်ဆောင်ပြီး ဆရာတော်နှင့် နောက်ပါသံဃာများက ပရိတ်တရားဖြင့် ပူဇော်တော်မူကြပါသည်။

ရှေ့လ ဆက်ဖတ်ပါရန်

**ကျောက်ဆည် မင်းမဟော်**

## စာရှုသူ သဘောတော်သိနှင့် ဝါသနာရှင်များသို့ . . .

မိမိတို့ဒေသရှိ ဆရာတော်ကြီးများ ပုဂ္ဂိုလ်ထူးကြီးများ၏ မိမိတို့သာသိပြီး သမိုင်းမဝင်သော ဖြစ်ရပ်များကို ရေးသားပေးပို့နိုင်ကြပါပြီ။

ဤသို့ ရေးသားပေးပို့ခြင်းဖြင့် ကွက်လပ်ဖြစ်နေသော၊ အများမသိသော ဖြစ်ရပ်များကို မှတ်တမ်းတင်ပြီး ဖြစ်သွားပါမည်။ ဤကုသိုလ်ထူးကြီးကို ပါဝင်မှတ်တမ်းတင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

လေးစားစွာဖြင့်...

ဦးကျော်မိုး[illegible]
စာတည်းမှူး



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၃ ခုနှစ် မြွေနှစ်တာ

# ခရီးလမ်း အေးချမ်းစေပါမည်



**၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၀)ရက်နေ့မှ စတင်ကာ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ(၃၀)ရက်တိုင်အောင် ကြာရှည်မည့် မြွေနှစ်တာကာလအတွင်း** ခရီးဝေး၊ ခရီးရှည် သွားလာရခြင်း၊ နေအိမ်ပြင်သို့ ထွက်ကာ နိစ္စဓူဝ သွားလာနေရသည့် ခရီးတိုများ ဟိုသည်သွားလာ လည်ပတ်ခြင်း စသည့် ခရီးလမ်းမှန်သမျှ ဘေးရန်အန္တရာယ်ကင်းဝေး၍ စိတ် အနှောင့်အယှက်ဖြစ်ဖွယ် အဖြစ်အပျက်၊ အနိဋ္ဌာရုံများ၊ မကောင်းသောဝမ်းနည်းဖွယ် သတင်းစကားများ၊ မမြင်ရ၊ မကြားစေရအောင် ကာကွယ်နိုင်သော အစီအစဉ် ဖြစ်သည်။

ရေစပ်ဒေသများတွင် ပေါက်လေ့ရှိသော ကသစ်ပင်မှ ကသစ်ဆူး၊ အနီရောင် အပွင့်လုလုကြီးများ ပွင့်လေ့ရှိသော လက်ပံပင်မှ လက်ပံဆူး အဆင်ပြေရာတစ်ခုခုကို ရှာဖွေယူကာ ကြာသပတေးနေ့တွင် ကိုယ်နှင့်မကွာထားလျက် ခရီးလမ်းအဆောင်အဖြစ် အသုံးပြုနိုင်သည်။

ဤနှစ်ကား (ယင်း)ဓာတ်ဆောင် ရေစိုးမိုးသော မြွေနှစ်ဖြစ်သည်။ ခရီးလမ်းအတွက် **"မွေးဖွားခြင်း"** ဆက်သွယ်မှု ရှင်းယှိုင်း(Shāng Xing)က ပိုင်ဆိုင်သည်။ ထို့အတွက် ခရီးလမ်း ကိုယ်စားပြုသော (ရေ၏ မွေးဖွားမှုဓာတ်)သစ်သားကို အသုံးပြုထားသည်။

**ဆူး**မှာ တရုတ်ဘာသာဖြင့် ဆိဂ်ရ (Ci)ဟု ခေါ်ဝေါ်ရေးသား၏။ **"ဆူး"** ဟူသော အနက်အဓိပ္ပာယ်အပြင် **"လုပ်ကြံသတ်ဖြတ်ခြင်း"**ဟုလည်း အနက်ဆောင်သည်။

ကသစ်ဆူး၊ လက်ပံဆူးတို့မှာ တောင်ပုံသဏ္ဌာန် အချွန်ကလေးများရှိလေရာ တောင်ကြီးဆီးကာထားသကဲ့သို့ လုံခြုံဘေးကင်းမှု နိမိတ်ဆောင်ယူသည်။

**ကသစ်ဆူး၊ လက်ပံဆူး ရှာဖွေရခက်ခဲပါက** တစ်ယောက်ယောက်၏ အမည်ကတ်ပြား**(ဆရာတော်ကြီးများ၏ ဘွဲ့မည်ကတ်ပြားလည်း သင့်ပါသည်)** တစ်ခုခုကို အဆောင်ပြုပါ။ ဆိဂ်ရ (Ci)သည် **"အမည်ကတ်ပြား"**ဟုလည်း ညွှန်းပါသည်။

ယင်းအပြင်လည်း နေအိမ်တွင်၊ အလုပ်ခန်းတွင် ဤအဆောင်ကို ဆောင်ထားခြင်းဖြင့် ပါးစပ်မှာ တဖျစ်တောက်တောက်နှင့် တစ်မျိုးပြီးတစ်မျိုး ပြောဆို ပစိပစပ်များလှသည့် အိမ်သူ ဇနီး အဘွားအို၊ အဘွားပျိုတို့၏ လေဘေးဒုက္ခမှ လွတ်ကင်းနိုင်ပါသည်။

အကြောင်းကား **ဆိဂ်ရ**(Ci)ဆိုသော စကားလုံး၏ အခြားအဓိပ္ပာယ်တစ်ခုမှာ "နားညည်းနားပူအောင် တစာစာတဖွဖွ ပြောဆိုခြင်း"ဟူ၍ ဖြစ်သောကြောင့်ပင်။

အိမ်ရှင်မများအနေဖြင့်ကား မြည်တွန်တောက်တီးကာ ရမယ်ရှာတတ်သော ခင်ပွန်း၏ လေလှိုင်းရန်ကို တွန်းလှန်နိုင်ပေလိမ့်မည်။

**ကြာသပတေးနေ့**တွင် (အဆောင်ပြု)စတင် အသုံးပြုရခြင်းမှာ ကြာသပတေးနေ့သည် သစ်သားဓာတ်ကို ကိုယ်စားပြုသော **"သစ်သားဓာတ်ရောင်ခြည်ဂြိုဟ်နေ့"** ဖြစ်သောကြောင့် ကာရကစွမ်းအင်ရယူခြင်း ဖြစ်ပါသည်။

**ခွန်စိုင်းဝမ်း**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# အရိုးကျိုးပေါင်းရောဂါအတွက် စကြာမင်း

အမှတ်တံဆိပ်

# ဆေးစွမ်းကောင်းနှစ်လက်

ဦးဉာဏ်ထွန်းရှိန်
(စက်မှု-၁)

'ဟော့... ကိုဉာဏ်ထွန်းရှိန် ရုံးမတက်ဘူးလား'

'ဪ... စာရေးဆရာကြီး မောင်ကိုဇော် (ဥက္ကလာ)ပါလား။ ဆာထိုင်ဗျာ၊ ကျွန်တော် ခွင့်ယူထားရတယ်ဗျ။ နေမကောင်းလို့'

'ကိုဉာဏ်ထွန်းရှိန်က ဘာရောဂါတွေ ဖြစ်နေလို့တုံး'

'မသိပါဘူးဗျာ။ ဓာတ်မှန်ရိုက်ပြီး ဆေးစစ်ချက်အရကတော့ ကျွန်တော် ကုပ်ဆက်ရိုးအဆစ် (၄ + ၅ + ၆ + ၇)မှာနဲ့ ခါးဆက်ရိုး (၄ + ၅) အဆစ်တွေမှာ အရိုးကျိုးပေါင်းတက်တဲ့ရောဂါလို့ ပြောကြတာပဲ'

'ဆေး မကုဘူးလား'

'ကုတာမှ စုံနေတာပဲ။ လေ့ကျင့်ခန်းတွေလဲ လုပ်တယ်။ ဒါပေမယ့် အရိုးကျိုးပေါင်းရောဂါကတော့ ကျွန်တော့်ကို နှိပ်စက်နေတုန်းပဲ'

'ဒါဆို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းထဲမှာ ကျွန်တော် ဖတ်လိုက်ရတဲ့ ကိုယ်တိုင် အရိုးကျိုးပေါင်းရောဂါ သက်သာပျောက်ကင်းသွားကြတဲ့ ကိုဘုန်းဝေ၊ ပြီးတော့ ရှေ့နေကြီး ဦးညွန့်လှိုင် (စည်ပင်)တို့ ကုသကြ၊ သုံးစွဲကြတဲ့ ဆရာမြင့် ကိုယ်တိုင်ကု၊ ထုတ်လုပ်ထားတဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါအတွက် သောက်ဆေး၊ လိမ်းဆေးတစ်စုံကို သုံးစွဲကြည့်ပါလား။

ဒီဆေးဟာဆိုရင် အရိုးကျိုးပေါင်းရောဂါရှင်တွေကို စနစ်တကျ ကုသပေးရာမှ စနစ်တကျ ဖော်စပ်ထုတ်လုပ်ထားတဲ့ ဆေးဖြစ်လို့ ခင်ဗျားအတွက် အကျိုးမယုတ်နိုင်ပါဘူး'

'ဒါဖြင့် အဲဒီဆရာကြီး ဆရာမြင့်ဆီ ကျွန်တော့်ကို လိုက်ပို့ပေးဗျာ'

'ကဲ... လာ သွားကြမယ်'

* * * * * *

'သိပ်လဲ မစိုးရိမ်ပါနဲ့ ကိုဉာဏ်ထွန်းရှိန်ရယ်။ အနာရှိရင် ဆေးရှိပါတယ်။ ဒီခေတ်မှာတော့ ဇက်ကျိုးပေါင်းတို့၊ ခါးကျိုးပေါင်း၊ ဒူးဆစ်ကျိုးပေါင်းတို့၊ ခြေဖနောင့် အတက်ထွက်တာတို့ ဆိုတဲ့ အရိုးဓာတ် ပျက်စီးရာမှ အရွတ်တွေ၊ အကြောတွေ၊ အာရုံကြောတွေ ရှုန်းပြုန်ကြွက်သားတွေ ချို့ယွင်းပျက်စီးတဲ့ အရိုးကျိုးပေါင်းရောဂါဟာ တော်တော် အဖြစ်များနေတဲ့ ရောဂါတစ်ခု ဖြစ်ပါတယ်။ ကျွန်တော့်ဆေးကုခန်းမှာလဲ အရိုးကျိုးပေါင်းရောဂါ အမျိုးမျိုးကို နေ့စဉ် ကုသပေးနေရပါတယ်'

'ဇက်ရိုးကျိုးပေါင်းနဲ့ ခါးရိုးကျိုးပေါင်း လက္ခဏာတွေက ဘယ်လို ရှိပါသလဲ ဆရာ'




ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၀၅၁၃ YR ၀၀၅၃၆၉

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၆/၀၅၁၃

'ကုပ်ဆက်မှာ ကျိုးပေါင်းတက်လာရင်တော့ ဇက်ကြောတွေ တက်ခြင်း၊ ထိုးခြင်း၊ ခေါင်းမကြည်လင်ခြင်း၊ နားထင်ကြောတွေ မျက်ကြောတွေထိုးခြင်း၊ ကိုက်ခြင်း၊ ခေါင်းငုံ့ရင် နောက်ကြော တက်ခြင်း၊ ဆွဲထားသလိုဖြစ်ခြင်း၊ မိုက်ခနဲမူးခြင်း၊ ချာချာလည် အောင်မူးခြင်း၊ ဟိုဘက်ဒီဘက် ခေါင်းလှည့်ရခက်ခြင်း၊ ဇက်နိုင်ခြင်း၊ ခေါင်းငုံ့မရခြင်း၊ လက်ပြင်ကြော မကြာခဏ ဝုပ်တတ်ခြင်း၊ မကြာခဏ အုံးလွဲခြင်း၊ လက်ကြောများကိုက်ခြင်း၊ လက်ဖျားများ ထုံကျဉ်ခြင်း၊ ကြာလာတဲ့အခါ လက်တွေ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ စိတ်ကြည်လင်မှုမရှိခြင်း၊ ဗဟို အာရုံကြောကြီးတွေကို အရိုးကျိုးပေါင်းများမှ ဖိတောက်ပိတ်ဆို့မှုပြု နေရင် အောက်ပိုင်းလေးခြင်း၊ ဆွဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်းများကို ဖြစ်ပေါ် ခံစားရတတ်ပါတယ်။

ခါးဆစ်မှာ ကျိုးပေါင်းတက်နေရင်တော့ ခါး မကြာခဏနာခြင်း၊ တောင့်တင်းကိုက်ခဲခြင်း၊ တင်ပါးဆုံထဲက အောင့်ခြင်း၊ ကိုက်ခြင်း၊ ခြေထောက်အကြောတွေ ကိုက်ခြင်း၊ တင်းခြင်း၊ ခြေဖျားတွေ ထုံကျဉ်လေးလံတတ်ခြင်း၊ ကြာလာပါက ခြေထောက်တွေဟာ သွားရလာရ အားမရှိသလိုဖြစ်ခြင်း စတဲ့ လက္ခဏာတွေကို



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၀၆၁၂YR ၀၀၆၇၀၈

ခံစားရတတ်ပါတယ်။ ပြင်းထန်လာပါက အောက်ပိုင်းတွေ ချည့်သွားစေနိုင်သလို အကြော လုံးဝ သေသွားတဲ့အထိလဲ ဖြစ်ပေါ်စေနိုင်ပါတယ်'

'ဟုတ်ကဲ့ပါဆရာ ကျွန်တော်ဖြစ်နေတာတွေနဲ့ တစ်ထပ်တည်းပါပဲ။ ကျွန်တော့်ကို လိုအပ်တဲ့ အကောင်းဆုံး ကုသမှုတွေ ပေးပါဆရာ'

'လိုအပ်တဲ့ ကုသမှုတွေ ပေးရမယ်ဆိုရင် ကျွန်တော့်ရဲ့ ကုထုံးစနစ်က နှစ်မျိုးရှိတယ်ဗျ။ ပထမစနစ်က စကြာမင်း အရိုးကျီးပေါင်းပျောက်သောက်ဆေး၊ လိမ်းဆေးနဲ့ ကုသတဲ့နည်း။ ဒီနည်းစနစ်က ကျွန်တော်တို့ရဲ့ဆေးခန်းမှာ အရိုးကျီးပေါင်းရောဂါရှင်ပေါင်းများစွာကို သုတေသနပြု ကုသရင်းမှ အရိုးကျီးပေါင်းရောဂါကို ထိရောက်ပျောက်ကင်းတဲ့အတွက် ကျွန်တော့်ဆေးတိုက်က ထုတ်လုပ်တဲ့ စကြာမင်း အရိုးကျီးပေါင်းရောဂါပျောက် (သောက်ဆေး)နဲ့ လိမ်းဆေးကို ဝယ်ယူပြီး ဆေးညွှန်းအတိုင်း သုံးစွဲတဲ့နည်း ဖြစ်ပါတယ်။

ဒုတိယနည်းကတော့ အစွမ်းထက်တဲ့ စကြာမင်း အရိုးကျီးပေါင်းရောဂါပျောက်ဆေး (သောက်ဆေး) လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး အနာရောက်ရာ၊ ဆေးရောက်ရာဆိုတဲ့ ရောဂါကို အလျှင်အမြန် နှိမ်နင်းတဲ့ ကုထုံးစနစ် ဖြစ်ပါတယ်။

ဒီနည်းစနစ်ကုထုံးကတော့ အရိုးကျီးပေါင်းဖြစ်ရာ အစိတ်အပိုင်းကို ဆေးကြပ်ထုပ်တွေထိုးပေးခြင်း၊ ကျီးပေါင်းဖြစ်ရာ နေရာရှိ ပျက်စီးနေတဲ့ အရွတ်တွေနဲ့ ပိုလျှံ အရိုးကျီးပေါင်းတွေကို ခြေဖျက်ပေးနိုင်ပြီး အာရုံကြောတွေ အကြောတွေကို အားရှိပွင့်လန်းစေတဲ့ ဆေးတွေ အုံပြီး စည်းပေးတဲ့စနစ် ဖြစ်ပါတယ်။

ဒီကုထုံးစနစ်နဲ့ စကြာမင်း အရိုးကျီးပေါင်းရောဂါပျောက်သောက်ဆေး၊ လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး ကုသမှုခံယူရင်တော့ နှစ်ပတ်အတွင်း သက်သာပြီး လေးပတ်မှ ခြောက်ပတ်အတွင်း သက်သာ ပျောက်ကင်းစေပါတယ်'

ကျွန်တော်လဲ အားတက်သွားပြီး စကြာမင်း အရိုးကျီးပေါင်းရောဂါပျောက် သောက်ဆေးရော လိမ်းဆေးပါ သောက်၊လိမ်းပြီး ဆရာမြင့်ရဲ့ ဒုတိယကုထုံးစနစ်နဲ့လဲ ကုသမှု ခံယူလိုက်တာ နှစ်ပတ်အတွင်းမှာ သိသိသာသာ သက်သာလာပြီး တစ်လအတွင်းမှာ ကျွန်တော် ခံစားနေရတဲ့ အရိုးကျီးပေါင်းရောဂါဟာ သက်သာ ပျောက်ကင်းချမ်းသာမှု ရခဲ့ပါပြီ။

'ဆရာ့ကို အရမ်း ကျေးဇူးတင်တာပဲခင်ဗျာ။ ကျွန်တော်ကတော့ တစ်သက်လုံး မပျောက်တဲ့ရောဂါမှ ငါ့ကို လာဖြစ်ရတယ်လို့ စိတ်ဓာတ်ကျနေတာ အခု ဆရာရဲ့ စကြာမင်းဆေးစွမ်းကောင်းနှစ်လက်ကြောင့် ဇက်ကျီးပေါင်းရောဂါ၊ ခါးရိုးကျီးပေါင်းရောဂါဘေးမှ စိတ်ရောကိုယ်ပါ လွတ်မြောက်ခဲ့တာပါ ဆရာ'

'ဒီလိုပေါ့ဗျာ အနာမသိတော့ ဆေးမရှိ၊ အနာသိရင် ဆေးရှိတယ်ဆိုတဲ့ ရှေးတိုင်းရင်း ဆေးပညာရှင်ကြီးတွေရဲ့ အဆိုအမိန့်အတိုင်းပေါ့လေ။ အရိုးကျီးပေါင်းရောဂါလို့ သိရတော့ ဆေးတွေပြီး ဦးလေးရဲ့ရောဂါဟာ သက်သာ ပျောက်ကင်းသွားတာပေါ့'

'ကျွန်တော့်လို ဆရာ့ဆီလာရောက်ပြီး မကုသနိုင်တဲ့ အရိုးကျီးပေါင်းရောဂါရှင်တွေအတွက် ကိုယ်ချင်းစာမိတယ်ဆရာ'

'ဒီအတွက်တော့ ဘာမှ စိတ်မပူပါနဲ့ ကိုဉာဏ်ထွန်းရှိန်ခင်ဗျားလိုပဲ အများရဲ့ တောင်းဆိုတိုက်တွန်းချက်ကြောင့် ကိုယ်တိုင်ကုပြီး လက်တွေ့ပျောက်တဲ့ စကြာမင်း အရိုးကျီးပေါင်းပျောက်ဆေးကို ဗဟို တိုင်းရင်းဆေးဝါး မှတ်ပုံတင်ဌာနသို့ မှတ်ပုံတင်စစ်ဆေးမှု ခံယူပြီး ဗဟိုတိုင်းရင်းဆေးဝါးမှတ်ပုံတင်နဲ့ ထုတ်လုပ်ဖြန့်ဖြူးခွင့် ရရှိထားလို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါပြီ။

ကျွန်တော့်ဆေးခန်းကို လာရောက်ပြီး ကုသမှု မခံယူနိုင်တဲ့ အရိုးကျီးပေါင်းရောဂါရှင်တွေအနေနဲ့ အမြို့မြို့အနယ်နယ်ရှိ ဆေးမျိုးစုံဆိုင်ကြီးများနဲ့ မိမိတို့ရဲ့ လက်တစ်ကမ်းရှိ ဆေးမျိုးစုံဆိုင်များမှာ စကြာမင်း အရိုးကျီးပေါင်းပျောက်ဆေး၊ သောက်ဆေး၊ လိမ်းဆေးတစ်စုံကို လွယ်လင့်တကူ ဝယ်ယူပြီး ဆေးညွှန်းပါအတိုင်း စနစ်တကျ သောက်ကြလိမ်းကြရင် အရိုးကျီးပေါင်းရောဂါဘေးဒုက္ခမှ ကင်းဝေးကြပါလိမ့်မယ်'

'ကဲ... အရိုးကျီးပေါင်းရောဂါရှင်များ ပေါ့ပေါ့ဆဆ မနေကြပါနဲ့။ ကျွန်တော်ရဲ့ ဇက်ကျီးပေါင်း၊ ခါးရိုးဆစ်ကျီးပေါင်းရောဂါကတော့ ဆရာကြီး ဆရာမြင့်ရဲ့ ကုသမှုနဲ့ ကိုယ်တိုင်ကု လက်တွေ့ပျောက်ကင်းတဲ့ စကြာမင်း အရိုးကျီးပေါင်းရောဂါပျောက်တဲ့ သောက်ဆေး၊ လိမ်းဆေး ဆေးစွမ်းကောင်းနှစ်လက်ကြောင့် ကင်းဝေးခဲ့ပါပြီ။

ကျွန်တော့်လို ဘဝတူ အရိုးကျီးပေါင်းရောဂါရှင်များအနေနဲ့ စကြာမင်း အရိုးကျီးပေါင်းရောဂါပျောက် သောက်ဆေး၊ လိမ်းဆေး တစ်စုံလောက်ကို သုံးစွဲကြည့်လိုက်ပါ။ အရိုးကျီးပေါင်းရောဂါဘေးမှ ကင်းဝေးကြမှာ အမှန်ပဲ ဖြစ်ပါတယ်။

မှတ်ထားနော် "စကြာမင်း" လို့ မေးဝယ်ပါ။

**ဆရာမြင့်**
**စကြာမင်းဆေးတိုက်**
**အမှတ်-၈/၆၆၆ သုဝဏ္ဏလမ်းမကြီး**
**သန္တာမှတ်တိုင်အနီး**
**မြောက်ဥက္ကလာပမြို့နယ်။**

**ဦးဉာဏ်ထွန်းရှိန် (စက်မှု-၆)**



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ကျန်းမာဝါစေတိုင်းရင်းဆေးခန်း

# ဆရာဦးသီဟ

(တဆ-၀၃၉၈၀)နှင့် တွေ့ဆုံ ဆွေးနွေးခဲ့သော အနာပဆုပ်အနာရောဂါ၊ ဆီးချိုရောဂါရဲ့ နောက်ဆက်တွဲ

# အနာပေါက်ရောဂါ

သိဟောင်းစရာများနှင့်ကုထုံး

မြောင်းမြ မောင်ယဉ်တင့်



ဆရာဦးသီဟ(တဆ-၀၃၉၈၀)

(၂၁)ရာစုမှာ Life Style တွေ ပြောင်းလဲလာတာနဲ့အမျှ လူပကြော့ရှင်းတဲ့ အမျိုးသမီး၊ အမျိုးသားတွေ တွေ့ရှိရပါတယ်။ ဒါပေမယ့် တိုးတက်ပြောင်းလဲလာတဲ့ခေတ်နဲ့အညီ အသင့်စား (Ready Made) အစားအစာတွေ ပေါ်များလာတာကြောင့် အနာရောဂါတွေလဲ ဆန်းကြယ် ပေါ်များလာပါတယ်။ ဖြစ်ပေါ်လာတဲ့ အနာရောဂါကြောင့် လူပင်ပန်း စိတ်ပင်ပန်းရုံးမက ငွေကုန်ကြေးကျလဲ များတတ်ပါတယ်။

ဒါကြောင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်များ အနာရောဂါ အမျိုးမျိုးမဖြစ်မီ ကြိုတင်ကာကွယ်နိုင်အောင်နဲ့ အနာရောဂါတစ်မျိုးမျိုး ဖြစ်လာခဲ့ရင် သက်သာပျောက်ကင်းအောင် ကုသနိုင်ဖို့အတွက် တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဖေယျာလမ်းကို ရောက်တဲ့အခါ အနာပေါက်ရောဂါကို ဦးစားပေးကုသပြီး အထွေထွေရောဂါ ကုသနေတဲ့ ဆရာဦးသီဟနဲ့ သွားရောက်တွေ့ဆုံ ဆွေးနွေးခဲ့ပါတယ်။

ဆရာဦးသီဟက အနာပေါက် ဦးစားပေးကုတဲ့ တိုင်းရင်းဆေးဆရာကြီး ဦးဝင်းလေးနဲ့ တိုင်းရင်းဆေးဆရာမကြီး ဒေါ်လှသိန်းတို့ရဲ့သား ဖြစ်ပါတယ်။ ဆေးကုသက် (၁၁)နှစ်ခန့်ရှိနေပြီဖြစ်တဲ့ ဆရာဦးသီဟနဲ့ တွေ့ဆုံ ဆွေးနွေး မေးမြန်းခဲ့သမျှ ပြန်လည် တင်ပြလိုက်ပါတယ်။

▲ 'ဆရာနဲ့ ဆွေးနွေးခြင်းဟာ ပထမဆုံးအကြိမ် ဖြစ်ပါတယ်။ ဆရာနဲ့ ဆရာ့မိဘများဖြစ်ကြတဲ့ ဆရာကြီးဦးဝင်းလေး (တဆ-၀၁၃၄၆)နဲ့ ဆရာမကြီး ဒေါ်လှသိန်း(တဆ-၀၂၆၁၄)တို့က အနာပေါက်ရောဂါကို ဦးစားပေး ကုသတာ တွေ့ရတဲ့အတွက် ဆရာနဲ့လဲ အနာပေါက်ရောဂါနဲ့ ဆီးချိုရောဂါရှင်များ ဖြစ်တတ်တဲ့ အနာပေါက်ရောဂါကုထုံးတွေကို ဆွေးနွေးချင်ပါတယ်။ ခုပထမ အနာပဆုပ်ရောဂါရဲ့ သဘောသဘာဝအကြောင်းကို ပြောပြပေးပါဦးဆရာ'

○ 'အနာပေါက်ရောဂါနဲ့ ပတ်သက်ပြီး **အနာပဆုပ် အနာရောဂါအကြောင်း**ကို ပြောရရင် အနာပဆုပ်ရောဂါကို ကွန်ရက်ကဲ့သို့ အသားမှာ ခွာမရအောင် စွဲကပ်နေလို့ **အနာကွန်ရက်**လို့ ခေါ်သလို လိပ်ကျောကုန်းနဲ့တူလို့ **အနာလိပ်ကျောက်ကုန်း**လို့လဲ ခေါ်ကြပါတယ်'

▲ 'အနာပဆုပ်အနာရောဂါ ဖြစ်ရတဲ့အကြောင်းရင်းကို ပြောပြပေးပါဦး'

○ 'အနာပဆုပ် အနာရောဂါဖြစ်ရတဲ့ အကြောင်းရင်းများကတော့ အေး၊ ချို၊ ဆိမ့်၊ ဖန် စသော အစားအစာတို့ကို လွန်ကဲစွာ စားသုံးခြင်း၊ ပန်ကာလေ၊ လေအေးစက်တို့နဲ့ နေထိုင်မှုများခြင်း၊ နေပူ၊မီပူခံခြင်း၊ ရေခဲရည်၊ ရေခဲတို့ကို စားသုံးမှုများခြင်း၊ ပူ၊စပ်၊ဖန်၊ ခါးသော ဆေး၊ အစာအာဟာရတို့ကို လွန်ကဲစွာ စားသုံးခြင်း ဆီး၊ဝမ်း အောင့်ချုပ်





www.burmeseclassic.com

www.burmeseclassic.com

ခြင်း၊ ဆီးချိုရောဂါရှိခြင်းစတဲ့ အကြောင်းအချက်များကြောင့် အနာပဆုပ်အနာရောဂါဖြစ်ရတာ ဖြစ်ပါတယ်'

▲'အနာပဆုပ်ရောဂါဟာ ဘယ်လိုနေရာတွေမှာ ဖြစ်တတ်ပါသလဲ ဆရာ'

○'အနာပဆုပ်အနာရောဂါဟာ ကုပ်၊ ဖက်၊ ပခုံး၊ ကျော၊ ကျောရိုးရဲ့ ဘေးနှစ်ဖက်၊ တင်ပါးရဲ့အပေါ်၊ ခါး စတဲ့နေရာတွေမှာ ပေါက်တတ်ပြီး အများအားဖြင့် ကျောဘက်မှာ ပေါက်တတ်ပါတယ်။ ဒါကြောင့် အနာပဆုပ် ကျောလုံးပုပ်လို့ ခေါ်နေကြတာ တွေ့ရပါတယ်'

▲'အနာပဆုပ်အနာ ဘယ်နှစ်မျိုးရှိပါသလဲ ဆရာ'

○'အနာပဆုပ်အနာ နှစ်မျိုးရှိပါတယ်။ အပူကြောင့်ဖြစ်တဲ့ အနာပဆုပ်နဲ့ အအေးကြောင့်ဖြစ်တဲ့ အနာပဆုပ် နှစ်မျိုး ဖြစ်ပါတယ်။

အဲဒီမှာ ထပ်ခွဲလိုက်ရင် ဆီးချိုရောဂါရှိတဲ့ အနာပဆုပ်အနာနဲ့ ဆီးချိုရောဂါမရှိတဲ့ အနာပဆုပ်အနာဆိုပြီး နှစ်မျိုး ရှိပါတယ်။

ဆီးချိုရောဂါရှိတဲ့ အနာပဆုပ်အနာရောဂါဟာ ကုသရတာ ခက်ခဲပြီး ဆီးချိုရောဂါမရှိတဲ့ အနာပဆုပ်အနာရောဂါဟာ ကုသရလွယ်ကူပြီး အနာကျက်တာ,ပျောက်တာ မြန်ပါတယ်။

ဆီးချိုရောဂါရှိတဲ့ အနာပဆုပ်အနာဟာ အနာရဲ့ဝန်းကျင်မှာ အသားလောင်စားပြီး အလယ်မှာ သားရေပြားလို အမည်းရောင်ရှိတဲ့ (အမြစ်နဲ့တူတဲ့) မကောင်းတဲ့အသားကို တွေ့ရပါတယ်။ ခွဲ၊ ညှပ်၊ လှီးလို့ အလွယ်တကူ မရပါဘူး။ အလွန်မာကျောနေတာ တွေ့ရပါတယ်'

▲'အနာပဆုပ်အနာရဲ့ ရောဂါလက္ခဏာများကို ဆက်ပြီး ပြောပြပေးပါဦး ဆရာ'

○'အနာပဆုပ်အနာဟာ ကုပ်စပ်မှ အောက်တင်ပါးရဲ့အထက်၊ နောက်ကျောပြင်တစ်ပြင်လုံးမှာ ပေါက်တတ်ပါတယ်။ အထက်မှာပြောခဲ့သလို အနာပဆုပ်အနာရောဂါဖြစ်ရတဲ့ အကြောင်းအရင်းတွေထဲက တစ်မျိုးမျိုးကြောင့် ပထမ အဖုသေးသေးလေး ပေါ်လာတတ်ပါတယ်။

အဲဒီ အဖုသေးလေးဟာ ရွေးစေ့ကြီး (သို့မဟုတ်) ဆီးစေ့လောက် ဖြစ်လာပါတယ်။ အဲဒီအဖုထိပ်တည့်တည့်မှာ ဝတ်ဆံအသေးလေး ပေါ်ပေါက်လာတယ်။ အနာပွားခြင်း၊ ကိုက်ခဲခြင်း မရှိသေးပါဘူး။ ရောင်ခြင်း၊ နီမြန်းခြင်း၊ အနည်းငယ် ပူခြင်းလောင်ပဲ ရှိပါတယ်။

အဲဒီနောက် မစားသင့်တဲ့ အစားအစာ စားမိခြင်း၊ ကုတ်မိခြစ်မိခြင်း၊ အညှော်မိခြင်းစတဲ့ အကြောင်းအချက်တွေကြောင့် အနာဟာ ကြီးလာတယ်။ ရောင်လာတယ်။ စူလာတယ်။ အဲဒီနောက် အနာအလုံးကြီးရဲ့ ဝန်းကျင်က အနာအလုံးအသေးလေးတွေ၊ ဝတ်ဆံလေးတွေနဲ့ အစီအရီပေါ်လာတယ်။

အဲဒီနောက် အနာဟာ ပဆုပ်ပနီအုံလို အနာပွားလာ၊ ကြီးလာပါတယ်။ အဲဒီအနာဟာ အညိုရောင်ရှိပြီး ချဲ့လာ၊ ကျယ်လာတယ်။ အချို့အနာဟာ အကြမ်းပန်းကန်လုံးလောက် ရှိပေမယ့် အချို့အနာဟာ အချိုပန်းကန်အောက်ခံပြားလောက် ကြီးလာတာ တွေ့ရပါတယ်။

အဲဒီနောက် အနာဟာ အဖြူရောင်ရှိကာ အရေခွံပါးပြီး စူထွက်လာပါတယ်။ ဝတ်ဆံလေးတွေဟာ ပြည်စလေးတွေ ထွက်စပြုလာပါတယ်။ အဲဒီအချိန်မှာ ပက်လက်လှန်လို့ မရ၊ လှည့်အိပ်လို့မရ ဖြစ်လျက် လက်ပေါ် နဖူးတင်ပြီး လေးဖက်ကုန်းပြီး အိပ်ရတဲ့ အထိ ဖြစ်တတ်ပါတယ်။

အနာပဆုပ် အနာရောဂါပေါက်တဲ့ ဝေဒနာရှင်ဟာ ရင်ဘတ်တစ်ခုလုံး ဆွဲဆုပ်ထားသလို ခံစားရတတ်ပါတယ်။ အချို့ကတော့ ရင်ဘတ်တစ်ခုလုံးကို အမြစ်တွေ လျှောက်သွားနေသလို ထင်မှတ်ကြပါတယ်။ အထက်မှာ ပြောခဲ့တာတွေဟာ အနာပဆုပ်အနာရောဂါ လက္ခဏာများ ဖြစ်ပါတယ်'

▲'အနာပဆုပ်အနာရောဂါရဲ့ ကုထုံးနဲ့ ဆေးချက်များကို ဆက်ပြီး ပြောပြပေးပါဦး ဆရာ'

○'အနာပဆုပ်အနာရောဂါနဲ့ ပတ်သက်လို့ **မန်းကျလိမ်းဆေး၊ ပြည်မှည့်လိမ်းဆေး၊ ပြည်ထွက်၊ အမြစ်ထွက်၊ အသားတက်၊ အနာထည့်ဆေး၊ ပိုးသတ်ဖန်ရည်ဆေးများနဲ့** လိမ်းဆေးများနဲ့ ကုသပါတယ်။

သောက်ဆေးအနေနဲ့ မန်းကျသောက်ဆေး၊ လျှာပွတ်ငန်းဆေး၊ အပူငြိမ်းဆေး၊ ဆီး၊ ဝမ်း၊ အပုပ်ချဆေးများနဲ့ ကုသရပါတယ်။ အနာပဆုပ် အနာစတင်ဖြစ်ပေါ်လာချိန်မှာ အလွန်ပူတဲ့ လိမ်းဆေးများကို မသုံးစွဲသင့်ပါဘူး။ တေဇောဓာတ်လွန်ရင် အနာဟာ အတွင်းကို စိုက်ဝင်တဲ့အတွက် ကုသရခက်ခဲနိုင်သလို အသက်အန္တရာယ် ထိခိုက်နိုင်ပါတယ်။

**တိုင်းရင်းဆေးအမှတ်များနဲ့ ကုသမယ်ဆိုရင်** လိမ်းဆေးအနေနဲ့ ဆေးအမှတ်(၂၉) သဗ္ဗဖေယျဆေးစပ်ကြီးနဲ့ ဆေးအမှတ်(၄၃) အကာင်းဆယ်ပါးဆေးကို ဆတူရောစပ်ပြီး ပျားရည်စစ်စစ်နဲ့ ရောစပ် လိမ်းပေးရပါတယ်။

အနာငန်းမန်းတက်ရင် ဆေးအမှတ်(၂၉) သဗ္ဗဖေယျဆေးစပ်ကြီး တစ်မျိုးတည်းကို ပျားရည်စစ်စစ်နဲ့ဖြစ်စေ၊ သနပ်ခါးရည်ကျဲနဲ့ ဖြစ်စေ၊ နှမ်းဆီနဲ့ဖြစ်စေ ရောစပ် လိမ်းပေးနိုင်ပါတယ်။

လိမ်းဆေးများ မလိမ်းမီ အနာကို



www.burmeseclassic.com

www.burmeseclassic.com

အာရွက်ပြုတ်ရည်နဲ့ ဖြစ်စေ၊ အနောက်တိုင်း ပိုးသတ်ဆေးတစ်မျိုးမျိုးနဲ့ ဖြစ်စေ ဖန်ရည်ဆေးပေးရပါမယ်။

**သောက်ဆေးအနေနဲ့** ဆေးအမှတ်(၁၅)မဟာမြင်းမိုရ်ကုန်းဆေး၊ ဆေးအမှတ်(၂၉) သဗ္ဗဖေယျဆေးစပ်ကြီး၊ ဆေးအမှတ်(၃၅) ဇာတိလဝင်္ဂဆေးတို့ကို ဆတူရောစပ်ပြီး ကွမ်းရွက်ပြုတ်ရည်နဲ့ တိုက်ရပါမယ်။

အနာပဆုပ် အနာရောဂါရှင်ကို ဆီး၊ ဝမ်းမှန်စေဖို့ ဆေးအမှတ်(၉) ဆီးဒူလာဆေးနဲ့ ဆေးအမှတ်(၁၀) ဆီးရှင်ဝမ်းနုတ်ဆေးကို ဆတူရောစပ်ပြီး ဆေးလက်ဖက်ရည်ဇွန်း တစ်ဇွန်းမှ နှစ်ဇွန်းထိ ဝမ်းအခြေအနေကို ကြည့်ပြီး ရေအေးနဲ့ တိုက်ရပါမယ်။

အထက်ပါအတိုင်း လိမ်းဆေး,စားဆေးများနဲ့ ကုသရင် အနာပဆုပ်အနာဟာ ဝတ်ဆံလေးတွေက ပြည်များများ ပျော်ကျလာတဲ့အခါမှာ အနာသက်သာလာပါတယ်။ ပြီးတော့ အနာချုံ့သွားပါတယ်။ အလယ်က အမြစ်ရူကြီးလဲ ပျော်ကျလာပါတယ်။ အဲဒီအချိန်မှာ အပုပ်နံ့ဟာ အလွန်ပြင်းပါတယ်။

အထက်ပါအတိုင်း လိမ်းဆေး,စားဆေးတွေနဲ့ ကုသပေးတဲ့အခါ မကောင်းတဲ့ အသားအရေ၊ ပြည်အမြစ်တွေ ကင်းစင်လာပြီး တဖြည်းဖြည်း အသားနုတက်လာပါတယ်။ အသားလဲ ပြည့်လာပါတယ်။

**အသားနုတက်ချိန်မှာ** အနာယားတတ်ပါတယ်။ အနာကို မကုတ်မိဖို့ အရေးကြီးပါတယ်။ ကုတ်မိရင် အနာရောင်လာပြီး အနာ ပြန်ဖြစ်တတ်ပါတယ်။ အနာမန်းကျသွားပြီး အသားတက်လာတဲ့အချိန်မှာ အားရှိတဲ့ဆေး၊ အစာအာဟာရတွေကို တိုက်ကျွေးရပါမယ်။



အနာ မန်းတက်နေတဲ့အချိန်မှာ တက်စာ၊ ကန်စာ၊ အညှီအဟောက်များ လုံးဝ မစားသုံးသင့်ပါဘူး။ အနာပြည့်ပြီး ကျက်တဲ့အချိန်မှာ အကင်းသေတဲ့ သောက်ဆေး၊ လိမ်းဆေးများနဲ့ ကုသရပါတယ်။ အနာကျက်တဲ့အချိန်မှာ သံပရာရည်၊ ရှောက်ရည်စတဲ့ ဖျော်ရည်များကို သောက်သုံးစေပါတယ်။

အထက်မှာ ပြောခဲ့တာတွေဟာ အနာပဆုပ် အနာရောဂါကုထုံးနဲ့ ဆေးချက်များပဲ ဖြစ်ပါတယ်'

▲ **'ဆီးချို၊ သွေးချိုရောဂါရှိတဲ့ အနာပဆုပ် အနာရောဂါကုထုံးနဲ့ ဆေးချက်ကိုလဲ ဆက်ပြီး ပြောပြပါဦး ဆရာ'**

○ 'ဆီးချို၊ သွေးချိုရောဂါရှိတဲ့ အနာပဆုပ် အနာရောဂါကုထုံးနဲ့ ဆေးချက် မပြောမီ ဆီးချိုရောဂါဟာ...

၁။ ပထဝီကို အခြေခံသော ဆီးချို၊
၂။ တေဇောကို အခြေခံပြီးဖြစ်တဲ့ ဆီးချို၊
၃။ အာပေါနဲ့ ဝါယောပေါင်းစပ်ပြီး အခြေခံဖြစ်တဲ့ ဆီးချို၊ သွေးချိုရောဂါ ဆိုပြီး ရှိပါတယ်။

ပထဝီကို အခြေခံပြီးဖြစ်တဲ့ ဆီးချို၊ သွေးချိုအနာရောဂါရှင်ဟာ ဆီးချို (၂၅၀)mg/dl ထက်မကျော်ရင် ကုသလွယ်ပြီး အမြန်ဆုံး သက်သာပျောက်ကင်းနိုင်ပါတယ်။ တေဇောအခြေခံပြီးဖြစ်တဲ့ဆီးချို၊ သွေးချို (၄၀၀)mg/dl မှ (၅၀၀)mg/dl ထိရှိရင် ဆီးချိုရောဂါရှင်ရဲ့ အနာရောဂါဟာ ကုသရခက်ခဲပါတယ်။

အာပေါဝါယော အခြေခံပြီးဖြစ်တဲ့ ဆီးချို၊ သွေးချိုအနာရောဂါရှင်ဟာ (၃၀၀)mg/dl မှ (၄၀၀)mg/dl ထိ ရှိရင် ဆီးချို၊ သွေးချို(၂၅၀)mg/dl အောက်ချပြီး ကုသမှ အနာပဆုပ်အနာဟာ သက်သာ ပျောက်ကင်းနိုင်ပါတယ်။

ဆီးချို၊ သွေးချိုကြောင့်ဖြစ်တဲ့ အနာပေါက်သူကို ကုသရခက်ခဲပါတယ်။ ဘာကြောင့်လဲဆိုရင် အနာတွေကို ကုသနေတဲ့ တစ်ချိန်တည်းမှာ ဆီးချို၊ သွေးချိုရောဂါကိုပါ ကုနေရတယ်ဆိုတော့ ပိုခက်ပါတယ်။

ဒီနေရာမှာ ကျွန်တော့် အတွေ့အကြုံပြောရရင် လူတော်တော်များများဟာ အနာတွေ ပေါက်လို့ဆိုပြီး လာရောက် ကုသခဲ့ကြပါတယ်။ ဒါပေမယ့် သူတို့မှာဖြစ်နေတဲ့ အနာတွေဟာ ဆီးချို၊ သွေးချိုကြောင့် ဖြစ်နေရတယ်ဆိုတော့ မသိကြဘူး။ အမှန်တော့ အနာတွေ မပေါ်ခင်ကတည်းက ဆီးချို၊ သွေးချိုရောဂါ စွဲကပ်နေမှန်း သတိမထားကြတဲ့ လူတွေ အတော်များပါတယ်။

ဆီးချို၊ သွေးချိုဖြစ်ပေါ်လာပြီဆိုရင် ဝတဲ့လူပဲဖြစ်ဖြစ်၊ ပိန်တဲ့လူပဲဖြစ်ဖြစ် သွားလာလှုပ်ရှားမှုတွေဟာ အရင်ကလို သွက်လက်ပေါ့ပါးမှု မရှိတော့ဘဲ လေးလံ ထိုင်းမှိုင်းလာပါတယ်။ အသားအရေနဲ့ အရောင်တွေ မမှန်ဘဲ အရောင်တွေ ပြောင်းလာပါတယ်။ ပျော့လာမယ်။ သွေးအားနည်းလာမယ်။ အရင်ကလောက် အမောမခံနိုင်ဘူး။ သွေးတိုးများလာတတ်ပြီး အမြဲမူးဝေတတ်ပါတယ်။မကြာခဏလဲ ဖျားတတ်ပါတယ်။

အစားအစာ ဘယ်လောက်စားစား အာဟာရ မဖြစ်သလို ဖြစ်နေတယ်။ ခြေတွေ,လက်တွေ ထုံကျဉ်နေတတ်ပြီး လမ်းလျှောက်ရင် ခြေထောက်က အပ်ထားခြင်းခံနေရသလိုဖြစ်တတ်ပါတယ်။

မတော်တဆ ထိခိုက်မိလို့ဒဏ်ရာရ



www.burmeseclassic.com

www.burmeseclassic.com

ရင် တော်ရုံနဲ့ အနာမကျက်သလို ဖြစ်လာနိုင်ပါတယ်။ ဆီးသွားရင် ဆီးထဲမှာ အနည်အနှစ် ပါလာတတ်ပါတယ်။ ဆီးရောင် မဖြူတော့ဘဲ အရောင်ပြောင်းတဲ့ သူလဲ ရှိပါတယ်။ စွန့်ထားတဲ့ ဆီးကို ခါချဉ်ကောင်၊ ပုရွက်ဆိတ်အကြီးတွေ အုံနေတဲ့ ဆီးမျိုး ရှိပါတယ်။ အဲဒီလို အခြေအနေမျိုးရှိရင် ဆီးချို၊ သွေးချို ရောဂါစွဲကပ်ပြီလို့ သိထားရပါမယ်။

ဆီးချို၊ သွေးချိုကြောင့် ခြေဖမိုး၊ လက်ဖမိုး၊ ခြေချင်းဝတ်၊ ပေါင်ခြံ၊ လည်ပင်း၊ ကျောကုန်းတွေမှာ အရေပြား လေး ဖောင်းလာပြီး အရေကြည်အိတ် တည်ကာ အဲဒီမှာတစ်ဆင့် အရေပြား လန်လျက် အနာဖြစ်သွားပါတယ်။ အနာအသားနီလန်သလို ဖြစ်ပြီး အသားတွေ ပေါ်လာပါတယ်။ အဲဒီ အသားတွေဟာ အရိအရွဲတွေနဲ့ လိုက်စားပြီး တဖြည်းဖြည်း အနာကြီးထွား လာပါတယ်။

အဲဒီအနာဟာ ပွားပုံနှေးကွေးတာ ရှိသလို မြန်တာလဲ ရှိပါတယ်။ အနာပွား ပုံနှေးကွေးရင် ကုသရလွယ်ပြီး အမြန်သက်သာ ပျောက်ကင်းပါတယ်။ အနာပွားပုံမြန်တဲ့သူဆိုရင် အသားကို တဖြည်းဖြည်း လိုက်စားသွားတဲ့ အတွက် ကုသရ ခက်ပါတယ်။

အေး၊ ချို၊ ဆိမ့်၊ ဖန် စားသုံးပြန် လေးလံကိုယ်ခန္ဓာ၊ ချဉ်၊ ငန်၊ စပ်၊ ခါး စားသုံးငြား ပေါ့ပါးကိုယ်ခန္ဓာဆိုတာ မြန်မာ့ဆေးကျမ်းတွေမှာ ရှိပါတယ်။ အေး၊ ချို၊ ဆိမ့်၊ ဖန်အရသာရှိတဲ့ အစားအစာတွေဟာ ပထဝီ၊ အာပေါ ဓာတ်တွေကို များပြားစေပါတယ်။

ပထဝီဓာတ်ကြောင့် ခန္ဓာကိုယ်မှာရှိတဲ့(၃၂) ကောဋ္ဌာသမှာ ထူထပ်မှုတွေ ဖြစ်လာစေပါတယ်။ အာပေါဓာတ်ကြောင့် ခန္ဓာကိုယ်တွင်းရှိတဲ့ အရည်ဓာတ်တွေ ပျစ်ချွဲလာစေပါတယ်။ ဒါကြောင့် ခန္ဓာကိုယ်ဟာ လေးလံမှုတွေ ဖြစ်လာရတာပါ။

အေး၊ ချို၊ ဆိမ့်၊ ဖန်တွေ များများ စားလေ ပထဝီအာပေါဓာတ်တွေ များလာလေဖြစ်ပြီး တေဇော၊ ဝါယောဓာတ် အားနည်းသွားတယ်။ အာကာသဓာတ် ဆိုတဲ့ ပိုင်းခြားမှုပေးတဲ့ ဓာတ်ကလဲ ခန္ဓာကိုယ်ထဲ ဇီဝဆိုင်ရာကလာပ်စည်း တွေကြားမှာ နေရာယူစရာ နည်းပါးသွားပြီး ပထဝီအာပေါပေါင်းစပ်မှုက ပိုပြီး သိပ်သည်းသွားတယ်။

ဒါကို ပထဝီအာပေါအာဗန္ဓန ဖြစ်တယ်လို့ ဆိုတယ်။ အဲဒီအခါမှာ အေး၊ ချို၊ ဆိမ့်၊ ဖန်ဓာတ်တွေဟာ ပိုပြီး အားကြီးလာတဲ့အတွက် ဆီးတွေ့သွေးတွေ ချိုလာရတာ ဖြစ်ပါတယ်။ မီးများ မီးနိုင် ရေများရေနိုင်တဲ့သဘောပါ။

အဲဒီ အထက်ပါ အချက်အလက်တွေကို ဘာလို့ပြောရလဲဆိုရင် အနာပေါက်ဝေဒနာရှင်များနဲ့နှလုံးလှရောင်ခြည် မဂ္ဂဇင်းစာဖတ်ပရိသတ်များ သိစေချင်တဲ့ သဘောနဲ့ ပြောပြရတာပါ။ ဆက်ပြီး ဆီးချို၊ သွေးချိုရောဂါရှိတဲ့ အနာပဆုပ် အနာရောဂါရဲ့ ကုထုံးနဲ့ ဆေးချက်ကို ပြောပြရင် ပထမဆီးချို၊ သွေးချိုကို (၂၅၀)mg/dlအောက် ရောက်အောင် ချဉ်၊ ငန်၊ စပ်၊ ခါး အရသာရှိတဲ့ ဆေးဝါးတွေနဲ့ ကုသရပါတယ်။

အနာဆိုးတွေကို အာကာသဖြစ်စေတဲ့ သောက်ဆေး၊ လိမ်းဆေး၊ ဖန်ရည်ဆေးတွေနဲ့ ကုသရပါတယ်။

တိုင်းရင်းဆေးခန်းသုံးတွေ ဖြစ်တဲ့ ဆေးအမှတ်(၁) မက်လင်ချဉ် သလိပ်ပုပ်ပျောက်ဆေး၊ ဆေးအမှတ်(၂၇) ပြည်လုံးချမ်းသာဆေး၊ ဆေးအမှတ် (၂၅) မတဲ့မြင်းမိုရ်ကုန်းဆေး၊ ဆေးအမှတ်(၂၁) ဆီးဆေးဖြူ၊ ဆေးအမှတ် (၃၅)ဓာတိလဝဏ်ဆေး၊ ဆေးအမှတ် (၁၇)သွေးဆေးနီကြီး၊ ဆေးအမှတ်(၁၄) ဒေဝဩသဓသွေးဆေးတို့ကို ရေလဲ အမျိုးမျိုးသုံးပြီး ကုသရပါတယ်။

အနာလိမ်းဆေးအနေနဲ့ ဆေးအမှတ်(၄၃) အကင်းဆယ်ပါးဆေးနဲ့ ဆေးအမှတ်(၂၉) သဗ္ဗဖေယျဆေးစပ်ကြီးတို့ကို လိုအပ်သလို သနပ်ခါးရည်ကျဲ ရေစပ်၍ဖြစ်စေ၊ ပျားရည်စစ်စစ်နဲ့ ရောစပ်၍ ဖြစ်စေ၊ နှမ်းဆီနဲ့ရောစပ်၍ ဖြစ်စေ လိမ်းပေးရပါမယ်။

ဝိဇ္ဇာဓရဓာတ်ဆေးများဖြစ်တဲ့ ယမ်းတေဇောငြိမ်း၊ ဝါဠုကယန္တရားနဲ့ ဝိဇ္ဇာဓရဓာတ်ပြာအမျိုးမျိုးနဲ့လဲ တွဲဖက်ပြီး ကုသနိုင်ပါတယ်။

ဆီးချို၊ သွေးချိုရောဂါရှိတဲ့ အနာပဆုပ် အနာရောဂါရှင်ကို ဆီးချို့သွေးချို ကျစေဖို့အတွက် ပထမ ဆေးအမှတ် (၂၅) မတဲ့မြင်းမိုရ်ကုန်းဆေး၊ ဆေးအမှတ်(၂၇) ပြည်လုံးချမ်းသာဆေး၊ ဆေးအမှတ်(၁၇) သွေးဆေးနီကြီး၊ ဆေးအမှတ်(၂၉)သဗ္ဗဖေယျဆေးစပ်ကြီး၊ ဆေးအမှတ်(၃၅) ဓာတိလဝဏ်ဆေး တစ်မျိုးမျိုးကို မနက်၊ နေ့လယ်၊ ညနေ တစ်နေ့(၃)ကြိမ် တစ်ကြိမ်လျှင် လက်ဖက်ရည်ဇွန်းတစ်ဇွန်းခန့် ရေနွေးနဲ့ တိုက်ရပါမယ်။ ဒါမှမဟုတ် ဆေးအမှတ်(၂၅) မတဲ့မြင်းမိုရ်ကုန်းဆေး၊ ဆေးအမှတ်(၂၉) သဗ္ဗဖေယျဆေးစပ်ကြီး၊ ဆေးအမှတ်(၃၅) ဓာတိလဝဏ်ဆေးတို့ကို ဆတူရောစပ်ပြီး ကွမ်းရွက်ပြုတ်ရည်နဲ့ တိုက်ရပါယေ်။

ညအိပ်ရာဝင်ချိန်မှာ ဆေးအမှတ် (၉) ဆီးဒူလာဆေးနဲ့ ဆေးအမှတ်(၁၀) ဆီးရှင်ဝမ်းနုတ်ဆေးကို ဆတူရောစပ်ပြီး ဝမ်းနဲ့ချင့်ချိန်ပြီး လက်ဖက်ရည်ဇွန်း တစ်ဇွန်းမှ နှစ်ဇွန်းထိ ရေနွေးနဲ့ တိုက်ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

အနာပေါက်ကုထုံးကတော့ အထက်မှာ ပြောခဲ့တဲ့အတိုင်း အနာပဆုပ်ရောဂါကုထုံးအတိုင်း ကုသမယ်ဆိုရင် ဆီးချို သွေးချိုနဲ့ ယှဉ်ဖြစ်တဲ့ အနာပဆုပ် အနာရောဂါဟာ တဖြည်းဖြည်း သက်သာပျောက်ကင်းသွားမှာ ဖြစ်ပါတယ်'

▲'ဆီးချို သွေးချိုရောဂါနဲ့ ယှဉ်ဖြစ်တဲ့ အနာပေါက်ရောဂါရှင်များ စားသုံးသင့်တဲ့ အစားအစာများနဲ့ ရှောင်ကြဉ်ရမယ့် အစားအစာများကိုလဲ သက်ဦး ပြောပြပေးပါဦး ဆရာ'

○'ဆီးချို သွေးချိုရောဂါနဲ့ ယှဉ်ဖြစ်တဲ့ အနာပေါက်ရောဂါရှင်များ စားသုံးသင့်တဲ့ အစားအစာများကတော့ ကြောင်လျှာရွက်၊ ကြောင်လျှာသီး၊ ရှောက်သီး၊ ရှောက်ရွက်၊ ရှောက်ရည်၊ ဒန့်သလွန်သီး၊ ဒန့်သလွန်ရွက်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ သံပရာသီး၊ သံပရာရည်၊ နာနတ်သီး၊ ကျွဲကောသီး၊ ရှောက်ချိုသီး၊ ရဲယိုသီး၊ မန်ကျည်းသီး၊ ဆီးသီး၊ ကင်ပွန်းရွက်၊ ချဉ်ပေါင်ရွက်နီ၊ဖြူ၊ မြင်းခွာရွက်၊ ကန်စွန်းရွက်၊ ဟင်းနုနယ်ရွက်တို့ကို သင့်တော်သလို ချက်ပြုတ်စားသုံးနိုင်ပြီး အမဲသား၊ ကြက်သား၊ ဆိတ်သား၊ ရေချိုငါးအမျိုးမျိုးကိုလဲ စားသုံးနိုင်ပါတယ်။

အထူးရှောင်ကြဉ်ရမယ့် အစားအစာတွေကတော့ ကြက်ဟင်းခါးသီး၊ ငှက်ပျောသီး၊ ပဲအမျိုးမျိုး၊ ရွှေဖရုံသီး၊ ဖရဲသီး၊ အုန်းသီး၊ အုန်းရည်၊ ပန်းသီး၊ သစ်တော်သီး၊ ပိန်းဥ၊ မျောက်ဥ၊ ကန်စွန်းဥ၊ သဖန်းသီး၊ ပီလောပီနံ၊ သရက်သီးမှည့်၊ ငါးပိ၊ ပုံးရည်ကြီး၊ နွားဆိတ်ချဉ်၊ အုန်းနို့ခေါက်ဆွဲ၊ ဒံပေါက်၊ နို့မျိုးစုံ၊ ဂျုံဖြင့်လုပ်သော အစားအစာများ၊ ချဉ်ဖတ်မျိုးစုံ၊ မှို၊ မျှစ်၊ ဆူးပုပ်ရွက်၊ ဘောပတ်၊ ငရုတ်သီးအမျိုးမျိုး၊ အရက်အမျိုးမျိုးတို့ကို အထူး ရှောင်ကြဉ်ရပါမယ်။

ဝက်သား၊ ဘဲသား၊ အမဲသား၊ ဆိတ်၊ သမင်၊ ချိုး၊ ဆတ်ရက်၊ စာကလေး၊ မြွေ၊ ဖား၊ ငါးရှဉ့်၊ ကြွက်၊ မြေအောင်းသားအမျိုးမျိုး၊ အကြေးခွံမပါသော ငါးများ၊ ဘဲဥနဲ့ ဥအမျိုးမျိုးတို့ကို လုံးဝ ရှောင်ကြဉ်ရပါမယ်'

▲'အနာပေါက်ရောဂါရှင်များ သက်သာပျောက်ကင်းစေတဲ့ ဆေးနည်းတစ်ခု ပညာဒါနပြုပေးပါဦး ဆရာ'

○'အနာဆိုး၊ အနာဆွေးမှအစ အနာရောဂါအမျိုးမျိုး သက်သာပျောက်ကင်းစေတဲ့ဆေးနည်းတစ်ခုပြောပြပေးပါမယ်။

**အနာရောဂါအမျိုးမျိုး**

**သက်သာပျောက်ကင်းဆေး**

| | |
|---|---|
| ၁။ ပရုတ် | ၁ ကျပ်သား |
| ၂။ ဒုတ္တာ | ၁ ကျပ်သား |
| ၃။ လေညှင်းပွင့် | ၁ ကျပ်သား |
| ၄။ ရှိန်းခို | ၁ ကျပ်သား |
| ၅။ ကျောက်ချဉ်ဖီးဖောက် | ၁ ကျပ်သား |
| ၆။ ဇဝက်သာ | ၁ ကျပ်သား |
| ၇။ လက်ချားဖီးဖောက် | ၁ ကျပ်သား |
| ၈။ အုန်းဆီ | ၅ ကျပ်သား |

*[ဆေး(၈)မျိုး၊*

*ဆေးချိန်(၁၂)ကျပ်တိတိ]*

အမှတ်(၁)မှ (၇)ထိ အမှုန့်ပြုလုပ်ပြီး အုန်းဆီနဲ့ ဖျော်လိမ်းပါ။ အနာမှန်သမျှ သက်သက်သာ ပျောက်ကင်းစေပါတယ်'

▲'ဆရာဦးသိဟနဲ့ ဆက်သွယ်နိုင်တဲ့ လိပ်စာတွေကတော့...

**ဆရာဦးသိဟ**

ကျန်းမာပါစေတိုင်းရင်းဆေးခန်း

အမှတ်(၈၂)၊ ဝေယျလမ်း(၁၀)ရပ်ကွက်၊

တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉၄ ၂၀၀၆၆၃၉၈၊

၀၉၇၃၀၈၅၄၄၀၊ ၀၉၅၀၅၉၇၇၃

**// မြောင်းမြ မောင်ယဉ်တင့် //**

၂၀၁၃ ခုနှစ်၊

# မြွေနှစ်ကောင်အကြောင်း

**ခိုးဝှက်လုယက်မှုဘေး ကင်းဝေးစေမည်**



**၂၀၁၃ခုနှစ်၊ ရေခတ်ဆောင် မြွေနှစ်ကောင်ကာလတစ်လျှောက် ခိုး** ဝှက်မှု လုယက်ခြင်းဘေးကြောင့် ငွေကြေးပစ္စည်းဥစ္စာများ ယုတ်လျော့ပျောက်ပျက်ခြင်းကို ကာကွယ်နိုင်သည့် ယတြာအဆောင် ဖြစ်သည်။

လက်မှတ် တစ်စောင်လိုအပ်ပါသည်။ ရုပ်ရှင်လက်မှတ်၊ မီးရထားလက်မှတ်၊ ကားလက်မှတ် မည်သည့် လက်မှတ်မဆို သုံးနိုင်သည်။ ထိုလက်မှတ်ကို စနေ,နေ့ခင်း (၉)နာရီမှ (၁၁)နာရီအတွင်း မားပုံသဏ္ဌာန်ကို ကိုက်ညှပ်ကာ အဆောင်ပြုထားရန် ဖြစ်သည်။

ခိုးဝှက်လုယက်ခြင်းကို (票刂) ဖျောင်း (Piãr)ဟု ရေးသားခေါ်ဝေါ်သည်။ ဤစာလုံးသည် လက်မှတ်(票)ဖျောက် (Piũo)ဟူသော စာလုံးနှင့် (刂)မားပုံသဏ္ဌာန်စာလုံးတို့ ယှဉ်တွဲထားခြင်း ဖြစ်သည်။

ထို့ကြောင့် လက်မှတ်ကို မားပုံစံ ကိုက်ညှပ်လိုက်ဖြတ်ကာအဆောင်ပြုခြင်းဖြင့်ခိုးဝှက်လုယက်ခြင်းဘေးမှကာကွယ်ပေးသောယတြာအပြင်အဆင် ဖြစ်မြောက်ရခြင်းဖြစ်သည်။

ယခုနှစ်စိုးမိုးသော ရေခတ်ကို ထိန်းချုပ်နိုင်သည်မှာ မြေခတ်ဖြစ်သည်။ ထို့ကြောင့် မြေခတ်ရောင်ခြည် ကြိုက်နေ့ဖြစ်သော စနေနေ့တွင်စတင်ရခြင်းဖြစ်ကာ ဤထိန်းချုပ်မှု ဆက်သွယ်ချက် ခဲ့ယိုင်း(Kè Xing)သည်ငွေကြေးလာဘ်လာဘကိုဆောင်လေရာ ခနငွေကြေးတို့ ရှိရင်းထက် မလျော့မနည်းဘဲ ပို၍ ပွားများရှင်လန်းခြင်းကိုဖြစ်ပေါ်စေသည်။

ပြုလုပ်သောအချိန်ကား နှစ်သခင်မြွေပုံရိပ် ပိုင်ဆိုင်သောကာလ ဖြစ်သည်။

**ထက်မင်းကျော်စွာ**



www.burmeseclassic.com

ထွက်ရပ်ပေါက်ပုဂ္ဂိုလ်

မဟိဒ္ဓိရှင်

# သိဒ္ဓိရှင်များအကြောင်း (၂)

မင်းသစ္စာ



ကျွန်ုပ်၏ မဟိဒ္ဓိကျင့်စဉ်ကာလ နှစ်ပေါင်း (၃၀)ကျော်အတွင်း တစ်စတစ်စ ကျင့်ဖော်ကျင့်ဖက် (၄)ဦး တွေ့ခဲ့ရာ, ရှိခဲ့ရာ ဘဝပါရမီ အားလျော်စွာ စိတ်တူ သဘောတူ ကျင့်ဖော်ကျင့်ဖက်များ ဖြစ်ကြ၏။

ကျွန်ုပ်တို့ (၄)ဦးသည် မည်သို့သော အခက်အခဲရှိရှိ ကျင့်နိုင်အောင် အားထုတ် ကြိုးပမ်းခဲ့၏။ ဆရာသခင်များ လမ်းညွှန်သော ကျင့်စဉ်များကို မည်သည့်ဒေသနေရာတွင်မဆို ဂန္ဓာရီ လှည့်လည် ကျင့်ခဲ့ကြ၏။ ဆရာသခင်များ၏ စောင့်ရှောက်မှုကြောင့် အခက်အခဲမရှိ ကျင့်နိုင်ခဲ့ကြ၏။

တရားကျင့်ကြံသူတို့အား နတ်ကောင်းနတ်မြတ်များ၊ သူတော်ကောင်း သူတော်မြတ်တို့က စောင့်ရှောက်ကြသည်မှာ အမှန်ပင်ဖြစ်ကြောင်းမှာ ကျွန်ုပ်၏ ကိုယ်တွေ့ ဖြစ်ပါ၏။ **အရေးကြီးသည်ကား သီလ အထူးစင်ကြယ်ရန်ပင် ဖြစ်၏။**

ဤသို့ နှစ်ရှည်လများ စုစုစည်းစည်း ညီညီညွတ်ညွတ် ကျင့်ကြံအားထုတ်ခြင်းကို ဆရာသခင်များက ညီညွတ်ခြင်းသည် မင်္ဂလာမည်၏။ မိတ်ဆွေအပေါင်းတို့တွင်...

'တရား ကျင့်ဖော်ကျင့်ဖက်တို့သည်သာ မိတ်ဆွေစစ် မိတ်ဆွေမှန်အစစ် ဖြစ်သည်။ သံသရာခရီး၏ ပါရမီဖြည့်ဖက်များ ဖြစ်သည်' ဟု မိန့်ကြားဖူး၏။

ကျွန်ုပ်တို့အား ဆရာသခင်များမှ ဆုံးမသွန်သင် ဟောပြောခဲ့သော တရားတော်များကို အကျဉ်းမျှ မှတ်မိသရွေ့ ကောက်နုတ် ဖော်ပြပေအံ့။

- တရားထိုင်၍ ပေါ်ပေါက်လာသော ထုံကျဉ်ကိုက်ခဲခြင်းကို ဖွဲ့နှင့် ပျောက်ကင်းနိုင်သည်။ ယင်းဖွဲ့ကား လောကုတ္တရာဖွဲ့ ဖြစ်၏။ ခန္တီပါရမီ ဖြည့်ဆည်းရာနှင့် တူ၏။ သစ္စာပါလဆိုသည်ကား မှန်သောတရား စောင့်ရှောက်ခြင်းဖြစ်ရာ ဤကား ကမ္ဘာဦးအစ အချိန်အခါက တည်ရှိခဲ့သည်။

ဤကား တရားတို့တွင် အလေးနက်ဆုံးသော သဘာဝကို ပြဆိုခြင်းဖြစ်၏။ သဘောငုံမိ၍လော၊ ထိုနည်းတူစွာ ကမ္ဘာဆုံးသည်အထိ ဆက်လက်စောင့်ရှောက်ရန် တာဝန်ရှိလိမ့်မည်။ ဤကား ကျယ်ပြောသော ခရီးအား ဖော်ပြခြင်း ဖြစ်သည်။

မောင်တို့တာဝနှင့် ဆက်နွယ်သည် ရှိသော် မောင်တို့ လူ့သက်တမ်းကာလ တစ်လျှောက် (သစ္စာပါလ)တရားအား စောင့်ရှောက်ရန် တာဝန်သည် လွန်ကဲစွာ မလိုအပ်ဘဲ ရှိဘိသနည်း။

သို့ဖြစ်၍ မောင်တို့ အသက်နှင့်အမျှ စောင့်ရှောက်အပ်သည်သာတည်း။ **သူတော်ကောင်းတို့မည်သည် သူတော်ကောင်းတရားကို အသက်နှင့် ထပ်တူထား၍ စောင့်ရှောက်သည်သာ ဖြစ်သည်။** ထို့အတူ မောင်တို့ စောင့်ရှောက်ဘိ, စောင့်ရှောက်ဘိ။


ရှေးအတိတ်သော ဘဝအခြေက နဝေနဝါ ရှိကြသူများ နားစိုက်ထား



www.burmeseclassic.com

www.burmeseclassic.com

သည်၊ ထုံးပေါင်းထားသည့် **"နွယ် မြက်နွယ်ဆီ သစ္စာတည့်က မြင်မိ ချေဗာ ဆေးဖက်ပါ၏"** ဤဥပမာ ကား သစ္စာသည် ဆေးဟုဖော်ပြသည်။ သစ္စာတည်ရန် ကြိုးစားက လက်ဝယ် ဆေးရှိသည်။



◎ လောကီအကျိုး မမျှော်ကိုးဘဲ လောကုတ္တရာအကျိုး ရည်သန်ကိုး လျက် လုပ်ကိုင်ကြရမည် ဖြစ်သ တည်း။ လောကီလူတွင်း သက်တုံ ဆင်း၍ ဤနည်းနှင့်နှင် ပြောထားရသည် ဖြစ်၍ လောကီအကျိုး ထည့်သွင်းခြင်းဖြစ်ရာ လောကီ နွယ်ဖွား လောကီသားများက လောကီအကျိုးဟု ဝမ်းမြောက်ကြ သည်။

လောကီအကျိုး ပေးလိမ့်နိုးနိုး ရလိမ့်နိုးဖြင့် မျှော်ကိုးလုပ်ဆောင်၊ ဆောင်ဖောင်နီ လောကုတ္တရာနယ်နှင့် ဝေးစွ ဝေးစွ။ ဝေးလွန်ကွာသည် စပ်၍ မရ ဖြစ်သတည်း။

◎ သစ္စာလေးပါးဆိုသည်မှာ ရှေးဘုရား စဉ်လာတို့ တွေ့ရှိခဲ့သည့် သဘော တရားလေးပါးပင် ဖြစ်သည်။ ဘုရား ရှင်တို့ပင်လျှင် သစ္စာအား ဦးစွာ တွေ့ရှိကြသည်ဖြစ်၍ မည်မျှ လေး နက် တန်ဖိုးထားသင့်ကြောင်း သိ သင့်ကုန်၏။

မောင်တို့သည်လည်း သစ္စာတရား ကောင်းစွာ လက်ကိုင်ထားဘိ။ **ဆင်းရဲ အမှန် ဖြစ်သည်မှာ သစ္စာ ဖြစ်သည်။** လူတို့သည် ဆင်းရဲခြင်းကို မမြင်ကြ ကုန်၊ ဆင်းရဲသည်ကို ချမ်းသာသည် ဟုမြင်က လောကီအလယ်တွင် နစ်မွန်း ချေမည်။

မနစ်မွန်းနိုင်ရန်အတွက် သိသင့် သောတရားကား ဤသို့တည်း။ သင်တို့ သည် သမာဓိတရား ထူထောင်စဉ် အတွင်း ရုပ်ဝေဒနာတို့သည် ဖောက်ပြန် ကြမည်။

ရုပ်ဝေဒနာ ဆိုသည်ကား နာကျင် ကိုက်ခြင်း၊ ပူခြင်းလောင်ခြင်း၊ ယားခြင်း တို့သည် ရုပ်၏ ဖောက်ပြန်ရန် ဖောက် ပြန်ကြောင်းတို့ ဖြစ်၏။

ရုပ်ဝေဒနာ ဖောက်ပြန်သည်ရှိသော် ရုပ်ဝေဒနာအား ကုစားနိုင်သည်ဖြစ်က ချမ်းသာခြင်းရမည်။ သို့ရာတွင် သေ လွန်ခါနီးအချိန်၌ ထိုရုပ်ဝေဒနာတို့ ဖောက်ပြန်သည်ရှိသော် မည်သို့ ကုစား ကြမည်နည်း။ ဤမျှ ပြင်းထန်သော ဝေဒနာကို ခံစားနေရပါသည်ဟု မပြော နိုင်၊ ဤသို့ ဆင်းရဲခြင်းကို သေလွန်ခါ နီးအချိန်တွင် ကောင်းစွာ သိရှိရမည်။ **ဒုက္ခကို ဒုက္ခဟုသိမှ ကျင့်ထားမှ သေခြင်းတရား၏ ဆင်းရဲခြင်းကို ရင်ဆိုင်နိုင်မည် ဖြစ်သည်။**

ရုပ်ဝေဒနာတို့သည်ကား မသေမီ ကာလ၌ ဖောက်ပြန်မှုသည် အပရိက ဖြစ်၏။ လူတို့သည် မေ့လျော့ကြ၏။ သေခါနီးကာလ၌ အော်မြည်တမ်းတ ပူလုံးကြွ ခံစားကြရပေ၏။ လွန်မင်းစွာ ဆင်းရဲလှသော တရားပေတကား။

ထို့အတူ နာမ်ဝေဒနာသည်လည်း သေခါနီးကာလ ဖောက်ပြန်ချေ၏။ မိမိနှင့် နီးနွယ်သော ပုဂ္ဂိုလ်တို့အား ထင်ယောင်ထင်မိဖြစ်၍ စိတ်အစုံတို့ သည် ဒွိယံ ဒွိယံ ဖြစ်ကုန်၏။

**ခင်မင်တွယ်တာသော, လိုချင် သော, မက်မောသော စိတ်တို့သည် မက်မောခြင်းဖြစ်၍ သေခြင်းကို ကြောက်သောစိတ်တို့ ဖြစ်လာကြ ၏။** ဤတွင် ဆင်းရဲခြင်း ဝေဒနာသည် တစ်ခုပေါ်တစ်ခုဆင့်လျက် များပြားစွာ ဖြစ်လျက်ရှိချေ၏။ **ဤတွင် ဒုက္ခကို ဒုက္ခဟု သိမြင်နိုင်သည်ဖြစ်အံ့၊ သေ ခြင်းတရားကို စိတ်ချမ်းမြေ့စွာ ရင် ဆိုင်နိုင်မည်။**

ဤတရားအစဖြစ်သော ကမ္မဋ္ဌာန်း တရားတို့ကို ကောင်းစွာ ကျင့်ကြံအား ထုတ်ကြဘိ၊ **သေခြင်းတရားကို ဝိပဿနာတရားဟု ဆိုအပ်သော တရားသည် ကယ်တင်ခြင်းတရား ဖြစ်သည်။**

ထုံကျင်ကိုက်ခဲခြင်း ဝေဒနာ၊ ရုပ်တို့ ၏, နာမ်တို့၏ ဖောက်ပြန်ခြင်းကို ရှုခြင်း သည် ဝိပဿနာဖြစ်သည်။ သမထနှင့် ဝိပဿနာ တွဲနေသည်။ **သမထ ဆို သည်ကား လိုအပ်သည်သာတည်း။ သမထပြီးမှ ဝိပဿနာသို့ လှမ်းသင့် သည်။** မြတ်စွာဘုရား၏ သာဝကများ သမထနှင့် ဝိပဿနာ ရှုခြင်းကြောင့် အဘိညာဉ်ရခြင်းတို့သည် ဒွန်တွဲဖြစ်၏။ **ဝိပဿနာကား လွန်စွာ သိမ်မွေ့လှ ပေ၏။ ဉာဏ်စဉ်ရမှ သိရှိနိုင်ကြမည် သာ ဖြစ်သည်။**


◎ ဘဝ၏ ပဋိသန္ဓေပြုသော...ခါ ကြ



www.burmeseclassic.com

www.burmeseclassic.com

ရမည့် သဘောတရားကိုလည်း နှလုံးသွင်းရမည်။ ပဋိသန္ဓေ ဘဝ၏ အစဖြစ်၍ ဒုက္ခ၏အစ ဖြစ်ချေသည်။ ပဋိသန္ဓေနေသော သတ္တဝါ၏ ကံဆက်နှင့်မှီသော သတ္တဝါတို့သည်လည်း စိတ်၏ဆင်းရဲခြင်း၊ ကိုယ်၏ ဆင်းရဲခြင်း ဖြစ်ရ၏။ ပဋိသန္ဓေနေသောသူလည်း ဆင်းရဲကြရ၏။ ဘဝ၏ ဆင်းရဲခြင်းအစဟု နှလုံးသွင်းရမည်။



- လောကမှာ ဆင်းရဲဆိုသော ဒုက္ခ၊ ချမ်းသာဆိုသော သုခ ထိုနှစ်ပါးသာလျှင် ရှိကြကုန်၏။ **ဒုက္ခကို ဒုက္ခဟု သိအောင်၊ သုခကို ဒုက္ခဟု သိအောင် ကျင့်ကြံခြင်းတို့သည် စိတ်ချမ်းသာခြင်းကို ဖြစ်စေကုန်၏။** ဤတရားနှစ်ပါးအား အဖန်တလဲလဲ ဆင်ခြင်ကြ, ဆင်ခြင်ကြ။
- လောကအလယ်တွင် တရားရှစ်ပါး ပြားပေးကုန်၏။ တရားရှစ်ပါးတို့တွင် ဆင်းရဲခြင်း၊ ချမ်းသာခြင်း တရားနှစ်ပါး ပါဝင်ပေ၏။ ဆင်းရဲခြင်းကို ကြုံတွေ့ရလျှင် လွန်စွာမှ ဆင်းရဲခြင်းကို ခံစားကြရ၏။ စိတ်၏ဆင်းရဲခြင်း၊ ကိုယ်၏ ဆင်းရဲခြင်းကို မလွဲမသွေ ခံစားကြရ၏။ ခံစားရသော် မည်သို့များ ဖြေဖျောက်ကြရပါ့မလဲ။

ဆင်းရဲခြင်း ဖြေဖျောက်ရန် တရားကတော့ ဆင်းရဲခြင်းနှင့် ချမ်းသာခြင်း ထိုနှစ်လမ်း တစ်လမ်းလမ်းကို လိုက်ကြရမည်။ ချမ်းသာမလိုက်နိုင်သော် ဆင်းရဲခြင်းလမ်းလိုက်ရမည် ဓမ္မတာပင်၊ ဆင်းရဲခြင်းလမ်းလိုက်၍ ဝမ်းနည်းခြင်း မဖြစ်လင့်၊ လောကဓမ္မတာအရ ရင်ဆိုင်ကြရမည်သည်။ ဤသို့ ဆင်ခြင်စဉ်းစားလော။

ထို့ပြင် **ရောင့်ရဲခြင်းတရားသည်လည်း ဒုက္ခဆင်းရဲကို ငြိမ်းစေနိုင်၏။** ဒုက္ခဆင်းရဲကို ကြုံသည်ရှိသော် ငါ၏ ဆင်းရဲခြင်းကား ဤအတိုင်းအတာ ပမာဏသည် နည်းချေ၏တကား။ ဤသို့ ဆင်ခြင်စဉ်းစားပြီး ရောင့်ရဲခြင်းကို မှတ်နိုင်ရမည်။ ရောင့်ရဲခြင်း အပါအဝင် **ချိုးနှိမ်ခြင်းသည်လည်း ဒုက္ခဖြစ်သော ဆင်းရဲကို ငြိမ်းစေနိုင်၏။**

ချိုးနှိမ်ခြင်းသည်ကား မိမိ၏ ရည်မှန်းထားသော အကြောင်းအချက်တို့သည် များပြားပေ၍ ဆင်းရဲခြင်းသည် များပြားပေ၏။ မိမိရည်မှန်းသော အကြောင်းများကို ချိုးနှိမ်ရမည်။ ဤတရားနှစ်ပါးက ဆင်းရဲခြင်းကို ငြိမ်းစေနိုင်သော တရားနှစ်ပါးဖြစ်သည်။ ထို့ပြင် တစ်ဝ **ရောင့်ရဲခြင်း၊ ချိုးနှိမ်ခြင်းတရားတို့ကို ယုံကြည်ခြင်းကလဲ ဒုက္ခကို ငြိမ်းစေနိုင်၏။**

ဤသို့ ယုံကြည်ထားသည်ကို မမေ့သောသတိ၊ လွန်ကဲသော ဝီရိယရှိက ဒုက္ခများ ငြိမ်းစေနိုင်၏။ နောက်ဆုံးကတော့ ကောင်းသောအမှုကို ပြုခြင်းသည် ဒုက္ခကို ငြိမ်းစေနိုင်၏။ ကောင်းမှုသည် ဆင်းရဲခြင်းကို ငြိမ်းစေ၏။ ရောင့်ရဲခြင်းသည် လှုပ်ရှားတက်ကြွသော စိတ်အစဉ်အား တည်ငြိမ်စေ၏။ ချိုးနှိမ်ခြင်းသည်လည်း ထို့အတူ ဖြစ်ပေ၏။ ချိုးနှိမ်ခြင်းက မိမိ၏ လုံ့လဝီရိယဖြင့် ချိုးနှိမ်ရသည်။ သဘာဝတရားနှင့် ပြုပြင်ဖန်တီးသော တရားနှစ်ပါးပေကွယ့်။

- ရုပ်နာမ်ကို ထိန်းခြင်းသည် မဟိဒ္ဓိပညာ၊ ရုပ်နာမ်ကို ပိုင်းခြင်းသည် လောကုတ္တရာ။
- သူတော်ကောင်းဆိုတာ ပြောခဲတယ်၊ ပြောပြီးရင်လဲ လုပ်ဖြစ်အောင် လုပ်ရတယ်ကွ။ ကတိသစ္စာမရှိရင် သူတော်ကောင်း မဟုတ်ဘူး။ ငါတို့အစွမ်းနဲ့ ပေးရင် မင်းတို့ ခံထာပဲရမယ်။ ဒါကိုသိလို့ ကျင့်စေတာ မင်းတို့စဉ်းစား။
- ကုသိုလ်မျိုးစေ့ဆိုတာ ယူတတ်မှ ရတယ်ကွယ့်။ မျိုးစေ့ အောင်မြင်အောင် အဖန်ဖန် ရေလောင်းရတယ်။ ရေလောင်းတယ်ဆိုတာ အဖန်ဖန် ပြန်လည် သတိရခြင်း၊ အောက်မေ့ခြင်း၊ မိမိပြုလုပ်ခဲ့သော ကုသိုလ်တရားတို့အား အဖန်ဖန် အောက့်မေ့ရသည်။ မိမိပြုသမျှ ကုသိုလ်ကို အဖန်ဖန် ဝေဖန်ရာ၏။

မောင်တို့ ပြုလုပ်ခဲ့သည့် ကုသိုလ်တို့ကား ဝမ်းမြောက်ပေစွ သာဓု... သာဓု သစ္စာ၏အကျိုး၊ မေတ္တာအကျိုးတို့အား ယုံမှားမရှိကြနှင့်။

- ဆန္ဒ၊ သဒ္ဓါတို့ပြီးပါက ဝီရိယဖွဲ့တို့ကို ပေးလတ္တံ့။ စိတ်ညစ်ဖွယ်, စိတ်ပျက်ဖွယ် တွေ့ရသော် နောက်မဆုတ်သောစိတ်တို့သည် ဝီရိယမည်တယ်ကွယ့်။

---

*ဆက်လက် ဖော်ပြသွားပါဦးမည်*

---

**ဆရာသခင် မဟိဒ္ဓိရှင်၊ သိဒ္ဓိရှင်များကို ဦးညွှတ်ကန်တော့လျက်...**

*ဗုဒ္ဓသာသနာ ကမ္ဘာကို လွှမ်းခြုံပါစေ။*

မင်းသစ္စာ



www.burmeseclassic.com

www.burmeseclassic.com

ဝင်းစိန်တောရ ဆရာတော် ဦးကေသရအား ဂါရဝပြု ပူဇော်ခြင်းနှင့် ဖူးတွေ့မြင်ရသမျှ

# ဝင်းစိန်တောရ

မြင်ကွင်းများ ( ၂ )

ဟူကျင်းဇီ (Hu Jin Zhi)



▲ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တကေသရ (၉၁)နှစ်ပိုင်းတော်

## ယခင်လမှအဆက်

အတောင်(၄၀၀)ပြည့် လျောင်းတော်မူရုပ်ပွားတော်၏ မျက်နှာချင်းဆိုင် ဘက်တောင်စောင်းတွင် အတောင်(၆၀၀)ပြည့် လျောင်းတော်မူ ပေါင်းလဲရုပ်ပွားတော် တည်ဆောက်ရန် လုပ်ငန်းဆောင်လျက်ရှိသည်ကို တွေ့ရသည်။

ဆရာတော် သန္နိဋ္ဌာန်ချခဲ့စဉ်က လျောင်းတော်မူ ရုပ်ပွားတော် အတောင်တစ်ထောင်ပြည့် တည်ဆောက်ရန် ကျွဲ့ ဖြစ်ရာ ယခု လျောင်းတော်မူကြီးကို ထပ်မံ တည်ဆောက်ကြခြင်း ဖြစ်သည်။

ဦးခေါင်းတော် အရှေ့ဘက်ပြုသော ရုပ်ပေါင်းလဲဖြစ်၍ လက်ယာ လက်တော် တံတောင်ဆစ်ကွေးကာ လက်ပေါ် အုံးမှီဟန် ဖြစ်မည်ဆို၏။ ဆုအကြား လျှိုကို ကွန်ကရစ်ပေါင်းကူး တံတားတည်ဆောက် ဆက်သွယ်ထားသည်။

အတောင်(၄၀၀)ပြည့် လျောင်းတော်မူလိုဏ်မှ ပြန်ထွက်လာကာ ပေါင်းကူးတံတားဦးသို့ ရောက်သော် အရှေ့ဘက် အခန်းငယ်၌ သလွန်ထက် ကျိန်းစက်ကာ တွေးတောနေဟန် ဆရာတော်၏ရုပ်တုကို ဖူးတွေ့ရသည်။

ခေါင်းရင်းဘက်တွင် မတ်ရပ်တော်မြတ်စွာဘုရားတစ်ဆူ ပူဇော်ထားလေသည်။ ရည်ရွယ်ချက်ကိုမူ မသိရှိခဲ့ရချေ။ တံတားထက်မှ ပွဲလာပရိသတ်နှင့် ဈေးဆိုင်မဏ္ဍပ်များကို တစ်မျှော်တစ်ခေါ် မြင်တွေ့နိုင်ပေသည်။

## ဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်း

စေတီပုထိုး အဆူ(၆၀၀)ကျော် ကိန်းဝပ်တော်မူသော ဧက(၅၀၀)နီးပါးရှိ ဝင်းစိန်တောရ သာသနာမြေကြီးကို ပြုစုပျိုးထောင်တော်မူခဲ့သော ဆရာတော် ဦးကေသရ လောင်းလျာကို မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ လက်တော ကျေးရွာနေ ဦးနိုင်ဖေ၊ ဒေါ်[illegible]

www.burmeseclassic.com

တို့မှ ၁၂၈၃ ခုနှစ်၊ ပြာသိုလဆုတ်(၁၀)ရက်၊ တနင်္လာနေ့ ည စက်(၉)နာရီတွင် မွေးဖွားခဲ့သည်။ ငယ်မည် မောင်ပိန်ဖြစ်၍ မွေးချင်း(၈)ယောက်အနက် တတိယမြောက် ဖြစ်သည်။

ထို့နောက် မောင်ချစ်သိန်း ဟူသော အမည်ဖြင့် သန်းခေါင်စာရင်းသွင်းကာ (၁၃)နှစ်သားအရွယ်တွင် သာမဏေ ဝတ်သည်။ (၁၆)နှစ်သားတွင် လူ့ဘဝ ကူးပြောင်းကာ ဖက်ဆစ်ဂျပန်ခေတ်ကာလ ရဲဘော်သုံးကျိပ် ဦးဆောင်သော ကာကွယ်ရေးတပ်မတော်တွင် ပါဝင် တာဝန်ထမ်းဆောင်ခဲ့သည်။

စစ်ကြီးပြီးသောအခါ လက်တက်ရွာ တိုက်ကျောင်း ဆရာတော်အား ဥပဇ္ဈာယ်ပြု၍ ရဟန်းဘောင် ဝင်ရောက်သည်။ ထိုမှ စာဝါသင်ယူနေစဉ် ရဟန်း(၃)ဝါအရ၌ အစ်ကိုကြီးဖြစ်သူ ဦးဖိုးရိန်မှာ ကျန်းမာရေး ချို့ယွင်းလာသဖြင့် ဖခင်၏ လယ်လုပ်ငန်းကို ဦးစီးရန် ပရိသုဒ္ဓပြုခဲ့ရသည်။

အသက်(၃၀)အရွယ်တွင် လက်တက်ရွာသူ ဒေါ်ချစ်တော်နှင့် အိမ်ထောင်ကျကာ မော်လမြိုင်မြို့၊ ဖက်ခင်းရပ်သို့ ပြောင်းရွှေ့နေထိုင်သည်။ သားသမီး (၅)ဦး ထွန်းကားခဲ့သည်။ လက်သမားလုပ်ငန်းဖြင့် အိမ်ထောင့်တာဝန်ယူ ကျွေးမွေးခဲ့ရာ အသက်(၅၀)အရွယ်၌ လောကီကိစ္စများကို ငြီးငွေ့လာသဖြင့် (၄၉)ရက် အဓိဋ္ဌာန်ဝင်သည်။

အဓိဋ္ဌာန် ပြည့်မြောက်သောနေ့ နံနက်တွင် အိမ်ရှေ့၌ ရပ်နေသော ရဟန်းတစ်ပါးကို မြင်ရသဖြင့် သာသနာ့ဘောင် ဝင်ရောက်ရန် ဆုံးဖြတ်လိုက်တော့သည်။

ထို့ကြောင့် အသက်(၅၀)အရွယ်တွင် မော်လမြိုင်မြို့၊ ဈေးကြိုရပ်၊ ဇောတိကာရာမကျောင်း ဆရာတော်



▲ မိုးနဂါးအဖွဲ့ ဂါရဝပြုခြင်းခံယူပြီးနောက် ဆရာတော် ဦးကောသလ

▼ သိမ်မှအထွက် ဦးဆောင်ကြိုဆိုလာသော မိုးနဂါးအဖွဲ့



အား ဥပဇ္ဈာယ်ပြုကာ ရဟန်းဘောင်သို့ ဝင်ရောက်သည်။ ဘွဲ့မည် ဦးကောသလ ဖြစ်သည်။

ရဟန်းဖြစ်ပြီးနောက် ကျောင်းတွင် (၇)ရက်သာ သီတင်းသုံး၍ သချိုင်းတကာ လှည့်ကာ သုသာန် ဓုတင် ဆောက်တည်သည်။ ဓုတင် အကျင့်မြတ်(၁၃)ပါးကိုလည်း ကျင့်ကြံ အားထုတ်ခဲ့သည်။

ထိုကာလများအတွင်း မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့မှ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့အထိ တောတောင် သချိုင်းစုံလင်အောင် ခြေကျင်ကြွရောက် အားထုတ်ခဲ့လေသည်။

သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်ဖြင့် လှည့်လည်ကျင့်ကြံစဉ် နှမ်းရိစုတ်ပြတ်နေသော သင်္ကန်းများကြောင့် ဆွမ်းလောင်းသူ မရှိသည်ကို မကြာခဏကြုံရကာ သပိတ်ခြေးရည်၊ စင်ပြွမ်းရှက်စသည်တို့ဖြင့် ဆွမ်းကိုစွဲပြီး ရသည့် ရက်များစွာ ရှိခဲ့ကြောင်း မိန့်



www.burmeseclassic.com

www.burmeseclassic.com






◆ မွှော်ရုံအတွင်း အင်္ဂလာဆွမ်းကပ်နေစဉ်

အတောင်(၄၀၀)မြင့် ကျောင်းတော်ရှုအား ဂါရဝပြု

ကန်တော့နေသည့် မိုးနဂါး ◆

◆ မွေးနေ့သဘင်ကျင်းပရာ မွှော်ရုံနှင့် ပရိသတ်အချို့



တော်မူခဲ့သည်။

ရှုတင်ဆောင် တောတောင်လျှောက်ကျင့်စဉ်ခရီး (၁၃)နှစ်မြောက်တွင် မုဒုံနှင့် ကျိုက်မရောမြို့နယ်တွင်း သချိုင်းများ၌ အားထုတ်စဉ် ကော့ခပုံတောင်ပေါ်ကျောင်း သက်တော်ရှည် ဆရာတော်ကြီး၊ လမ်းမတော် ဆရာတော်ကြီး၊ ဘင်လှိုင်ဆရာတော်၊ နဂါးမောက်(ကျောက်တစ်လုံး)တောင် ဆရာတော်သည့် ဆရာသမား(၄)ပါးက ကျောက်တစ်လုံး(နဂါးမောက်)တောင်မှာ မကြာသေးသော အတိတ်ကစ်ချိန်က ဘုန်းတော်ကြီး ဦးသီလ၊ ဘုန်းတော်ကြီး ဦးအုံးခိုင် စသည့် ပုဂ္ဂိုလ်ထူးများ စခန်းဝင် အားထုတ်ခဲ့ရာ နေရာမြတ် ဖြစ်သည်။ ဤတောင်တွင် အခြေတကျ သီတင်းသုံး အားထုတ်ရန် တိုက်တွန်းမိန့်ကြားတော်မူကြသည်။

သို့ဖြင့် ကျောက်တစ်လုံးတောင်၊ အနောက်ဘက်အစွန်းရှိ **"ငွေလိုဏ်ဂူ"**တွင် သီတင်းသုံးကာ တရားဓမ္မ ဟောကြား လမ်းညွှန်တော်မူသည်။ ကျောက်တစ်လုံးတောင် အထွတ်ရှိ ငွေလိုဏ်ဂူမှာ ကျောက်တုံးကျောက်စွန်းများကို တွယ်ကပ် တက်ရောက်ရသဖြင့် အလွန်ခက်ခဲစွာ သွားလာရသော လိုဏ်ဂူဖြစ်သည်။


ဆရာတော် ပြောင်းရွှေ့သွားပြီးနောက်မှ သစ်သား လှေကား၊ ကြိုးလှေကားများ တပ်ဆင်ထားသဖြင့် တစ်ကြိမ်မျှ တက်ရောက် လေ့လာခဲ့ဖူးသည်။ အသည်းထိတ်ရင်ဖိုစွာဖြင့် စွန့်စားရသောလမ်း ဖြစ်သည်။

ဆရာတော်မှာမူ လှေကားမရှိသော အချိန်တွင် ငွေလိုဏ်ချောင်မှ ညောင်မြစ်၊ ညောင်ပင်၊ ကျောက်စွန်းများကို တွဲခိုကာ နဂါးမောက်တောင်ထိပ် အရောက် သွားရောက်လျက် ညစဉ် တရားထိုင် ရှုမှတ်လေ့ရှိကြောင်း ဒါယကာရင်းတစ်ဦးဖြစ်သူ ဦးတင်သွင်းက ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



▲ ကွက်လပ်မှ မှုမြင်ရသော အတောင်(၄၀၀)ပြည့် လျောင်းတော်မူ

## ဘဲလူးတောင်ကြားသို့

ကျောက်တစ်လုံးတောင်(ခေါ်) နဂါးမောက်တောင် ငွေလိုဏ်ဂူတွင် သီတင်းသုံးစဉ် နေ့အခါ လာရောက် နာယူကြသူများအတွက် တောင်ထက်တွင် တရားပွဲ ချီးမြှင့်ပေးသည်။ ဆရာတော်၏ နိဗ္ဗာန်ရောက်ကြောင်း တရားမှာ လူများ သိနားလည်လွယ်ကူ၍ သဘောပေါက်နိုင်ကြသည်။ သဘောတွေ့ကြသည်။

ထို့အပြင်လည်း လောကီမျက်နှာစာမှ ကျန်းမာရေး စီးပွားရေး အိမ်ထောင်ရေး၊ လူမှုရေး အခက်အခဲများ မေးလျှောက် အကူအညီတောင်းရာတွင် မေတ္တာပို့သခြင်းဖြင့် ပြေလည်သွားကြသည်ဖြစ်ရာ ပရိသတ်ဒါယကာ ပေါများလာလေသည်။

ထို့အပြင်လည်း နဂါးမောက်တောင်အနီး ကျောက်ထုတ်စခန်းဖွင့်ကာ အခါမလပ် မိုင်းခွဲနေတတ်ခြင်းကြောင့် ယခင် ဝင်းစိန်တောရဖြစ်လာမည့် မြိုင်ကုန်းရွာ၊ ဘဲလူးတောင်ကြားသို့ ပြောင်းရွှေ့ သီတင်းသုံးရန် မူလပိုင်ရှင်ဖြစ်သူ **ကော့လှာဆရာတော် (ကျောက်စိမ်းဆရာတော်)**ထံ သွားရောက် လျှောက်ထားသည်။ ဆရာတော်က ရက်ရောစွာပင် ခွင့်ပြုတော်မူသဖြင့် ၁၃၄၃ ခုနှစ်၊ တပေါင်းလတွင် သင်္ကန်းသုံးထည်၊ သပိတ်တစ်လုံး၊ တောင်ဝှေးတစ်ချောင်းဖြင့် စတင် ကြွရောက်လေသည်။

ထိုစဉ်က ဘဲလူးတောင်ကြားသို့ စတင်ရောက်ရှိလာသော ဆရာတော်၏ပုံတော်ကို မုဒုံမြို့၊ မြို့တော်ခန်းမ-ရှေ့ရှိ "လှရိပ်မြုံ" ဓာတ်ပုံတိုက်မှ ကိုမြင့်ဦးက ဓာတ်ပုံမှတ်တမ်းပြုထားသဖြင့် ထပ်ဆင့် ရိုက်ကူး ဖော်ပြလိုက်ပါသည်။

## ဘဲလူးတောင်မှ အာမှတ်တရဖြစ်စဉ်

ထိုစဉ်ကာလ ဘဲလူးတောင်ကြားမှာ လူသူပြတ်လပ်၍ နယ်စပ်ကုန်သွယ်ရေးတွင် တရားမဝင် မှောင်ခိုလမ်းအဖြစ် အသုံးပြုဆဲကာလ ဖြစ်သည်။အထူးသဖြင့် နွားကုန်သည်တို့ ဖြတ်သန်းသွားလာလေ့ရှိသဖြင့် လုယက် တိုက်ခိုက်မှုများ မကြာခဏ ပေါ်ပေါက်တတ်လေသည်။ သစ်ပင်ကြီးများ မရှိ၊ နေရာအနှံ့အပြားတွင် ထုံးဖိုများကို တွေ့ရသည်။

ထုံးကျောက်ကျောများ ပေါများလှလေရာ ထုံးကျောက်တုံးကြီးများကို မြေတွင်းတူး၍ မီးသွေးဖုတ်သကဲ့သို့ မီးအပူပေးကာ မီးဖုတ်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com

ရက်စေ့လျှင် ဖိုများအား ဖော်ကာ မီးသင်းထုံးကျောက်များအား ရေ ချန်း ပေးခြင်းဖြင့် တဖျစ်ဖျစ် မြည် လျက် ကြေမွသွားကာ ဆောက် လုပ်ရေးသုံး မဖောက်ထုံးများ ဖြစ် လာကြလေသည်။

တစ်နေ့တွင် မုဒုံမြို့ ချောင်းနှစ်ခွ ထမ်းရှိ မြို့သစ်ရပ်မှ ကိုထွန်းထွန်း နှင့် အတူ ဘဲလူးတောင်ကြားရှိ ဆရာတော်အား သွားရောက် ဖူးမြော်ကြသည်။ တဲကျောင်း ကလေးရှေ့ ရောက်သောအခါ နေဝင်စပြုပြီ ဖြစ်သည်။

'ဟော့ ဘယ်ကလဲဟဲ့'

'တပည့်တော် မုဒုံက ထွန်းထွန်း ပါ ဘုရား'

'အေးပါ သိတယ်။ ဟိုကောင်က ဘယ်မြို့ကလဲ'

'ပေါင်မြို့ကပါ'

'ဘယ်မြို့ကဖြစ်ဖြစ် ဒီရောက်လာ ရင် ဝေးဝေးမသွားကြနဲ့၊ ထမင်းစားပြီး ရင် ဟောဒီမှာအိပ်၊ အပေါ့အလေးလဲ ထမသွားနဲ့'

ဆရာတော်မှာ သုသာန်ရှုတင် ဆောင်သည်ဖြစ်ရာ ကိုထွန်းထွန်းက ကော်ဘီးနောက်ထိုင် ကယ်ရီယာခုံတွင် တင်ကာ ကြွလိုရာ သုသာန်အနီးသို့ လိုက်လံ ပို့ဆောင်ပေးရသည်။ ဆရာ တော်အား ပို့ဆောင်ပြီးနောက် အမိန့်ရှိ သည့်အတိုင်း ညွှန်ပြရာနေရာ၌ သက်နုတ်ထည့်ကို နှစ်ဦးသား ခေါင်း အုံးခြ၍ အိပ်စက်ကြသည်။

မိမိတို့ကဲ့သို့ပင် စောင်ခြုံကွေးနေကြ သူ ဟိုတစ်စု ဒီတစ်စုတို့ကို လရောင် အောက်တွင် မြင်တွေ့ရလေသည်။

ထုံးဖိုများအကြား နေပူပူတွင် ခြေ ကျင်လျှောက်ရသည့် ပင်ပန်းမှုနှင့် ထမင်းဆိပ်တက်ကာ မကြာမီ အိပ်ပျော်



၁၉၄၀ ပြည့်နှစ်လွန်ကာလ ဘဲလူးတောင်ခြေသို့ စတင် ရောက်ရှိလာသော ဦးကေသရ

သွားရာမှ ကောင်းစွာ နိုးထလာသော အခါ မိုးစင်စင်လင်းလေပြီ။ ဆရာတော် လည်း တဲကျောင်းသို့ ပြန်ရောက်နှင့်ပြီ ဟု တွေးမိသည်။

သက်နုတ်ခြုံ လှပ်လိုက်သောအခါ နံဘေးရှိ လူများမှာ သွေးသံတရဲရဲ၊ ဒဏ်ရာအနာတရနှင့် ညည်းညူနေကြ သည်ကို တွေ့ရသဖြင့် စုံစမ်းကြည့် သည်။

'မင်းတို့နှယ်ကွာ၊ မေးမှမေးတတ် ပလေ။ တစ်ညလုံး ထုထောင်းရိုက်နှက် နေတာ ကမ္ဘာပျက်မတတ်ဘဲ။ ပါလာ သမျှတွေလဲ ကုန်ပြီ'

ဓားပြကုန်သည်များ ဓားပြတိုက်ခံရ ခြင်း ဖြစ်သည်။ မိမိတို့နှစ်ယောက်မှာ အသံဗလံမဆိုထားနှင့် အိပ်မက်ပင် ကယောင်ကတမ်း မြင်မက်ခြင်း မရှိ ပေ။ ဆရာတော်အား ဖူးတွေ့လျှောက် ထားသောအခါ...

'အတိတ်ကံ ကုသိုလ်၊အကုသိုလ် ကိုယ်စီ ရှိကြတယ်။ လူတိုင်းကို ကယ်ဖို့ မဖြစ် နိုင်ဘူး'

ဟုသာ အမိန့်ရှိတော်မူလေ သည်။

နံနက်(၉း၀၀)နာရီ ထိုးသော အခါ ဆရာတော်အား ရှိခိုး နှုတ်ဆက်၍ ညောင်ကုန်းကျေး ရွာ၊ မုဒုံ–မော်လမြိုင် ကားလမ်း ဆီသို့ ပြန်ထွက်ခဲ့ကြသည်။ ထုံးဖို များအကြား ကွေ့ဝိုက်သွားရ သော ကုန်းတက်ကုန်းဆင်းလမ်း ဖြစ်သောကြောင့် မိနစ်(၄၀)မျှ လျှောက်ကြရသည်။

ကားလမ်းမပေါ်သို့ ရောက် သောအခါ ကျောက်တစ်လုံး တောင်ဆီမှ ကြွလာသော ဆရာ တော်ကို တွေ့ရသဖြင့် ''ဘုန်း ဘုန်း ဘယ်က ကြွလာသလဲ ဘုရား''ဟု တအံ့တဩ မေးလျှောက် သည်။

'ကျောက်တစ်လုံး ဆရာတော်ဆီ က'

သို့ဖြစ်၍ ကျောက်တစ်လုံးတောင်သို့ အပြေးအလွှား သွားရောက်ကာ ဆရာ တော်ကြီးအား မေးလျှောက်ကြည့် သည်။

'ဆရာတော်ဘုရား ဘဲလူးတောင် ဦးပဉ္စင်း ရောက်လာသေးလား'

'အေးလေ (၉)နာရီလောက် ကတည်းက ရောက်နေတာ၊ ခုနက တင် ပြန်ကြွသွားပြီ။ လမ်းမှာ မတွေ့ခဲ့ ဘူးလား'

'မှန်ပါ့ တွေ့ခဲ့ပါတယ် ဘုရား'

ဆရာတော်ကြီးအား ဦးချ၍ ပြန်ခဲ့ရာ လမ်းတွင် နှစ်ဦးသား နှုတ်ဆိတ်နေမိ လေသည်။

ဆရာတော် စတင်ရောက်ရှိစဉ်က ဘဲလူးတောင်ထိပ်တွင် ဆောင်းသင်း



www.burmeseclassic.com

www.burmeseclassic.com


စေတီတစ်ဆူသာရှိ၍ ဖော်ပြပြီးသည့်အတိုင်း လူခြေပြတ်လပ်သဖြင့် ၁၃၄၃ ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် ဌာပနာအဖောက်ခံရသည်အထိ ပကတိတောကြီးအုံကြားဒေသ ဖြစ်လေသည်။

အောင်လင်းစေတီမှာ ကဿပဘုရားရှင်၏ ဆံတော်နှစ်ဆူကို ဌာပနာပြု၍ ရသေ့တစ်ပါး တည်ထားသောစေတီဖြစ်ကြောင်း ရှေးမွန်ပေစာအမှတ်အသားအရ သိရသည်။ မျိုးဆက်(ဆွေစဉ်မျိုးဆက်) ဘုရားဟုလည်း ခေါ်တွင်ကြသည်။

ယခုသော်လည်း စေတီပုထိုး အဆူ(၆၀၀)ကျော်နှင့် သာသနိက အဆောက်အအုံ(၃၀)ကျော်၊ ရဟန္တာ(၅၀၀)ရုပ်တုများဖြင့် စည်ကားစွာ ဖူးတွေ့နိုင်လေပြီ။ သာသနိက အဆောက်အအုံများအနက် ကလျာဏီသိမ်တော်မှာ ရှေးရဟန္တာတို့ သမုတ်ခဲ့သော သိမ်တော်ဖြစ်၍ မူတင်ဆောင် ရဟန်းတော်များအဖြစ် ကျော်ကြားသော ဘုန်းတော်ကြီး ဦးသီလ၊ ဘုန်းတော်ကြီး ဦးအုံးခိုင်တို့ ကြွရောက် သီတင်းသုံးခဲ့သော သိမ်တော်ဖြစ်ကြောင်း သိရသည်။

**ဘုန်းတော်ကြီး ဦးသီလ**သည် မော်လမြိုင်မှ မုဒုံသို့ကြွရာတွင် ကျိုက္ခမီသို့ လှေလမ်း ထိုမှကုန်းလမ်းဖြင့် ကြွရသည်ဆို၏။ ထိုသို့ကြွရာ၌ မွန်မြန်မာ ကရင်ပအိုဝ်းတိုင်းရင်းသား၊ တရုတ်၊ အိန္ဒိယနိုင်ငံသား ပရိသတ်စုံက သင်ဖြူး ကော်ဇော၊ ကတ္တီပါ၊ ပဝါပိတ်အုပ်များ အထပ်ထပ် ခင်းထားရာ ဘုန်းကြီးက အခင်းကို မနင်း ရပ်တန့်တော်မူနေ၏။ နိဗ္ဗာန်၊ မဂ်ဖိုလ် အလို့ငှာ ကြွတော်မူပါဟု လျှောက်ကြမှ နင်း၍ ကြွတော်မူသည်။

ဘုန်းကြီးသည် ရေလမ်းတွင် လှေ့၊



ကျောက်တစ်လုံး(ခေါ်) နဂါးမောက်တောင်

သင်္ဘောစီး၍ ကုန်းလမ်းတွင် ခြေကျင်သာ ကြွလေ့ရှိသည်ဟု သိရသည်။ ထို့ကြောင့် မုဒုံမှ ဘဲလူးတောင်ကြား(ဝင်းစိန်တောရ)ကလျာဏီသိမ်သို့ ကြွရာတွင် ဘုန်းကြီး ခြေထောက် မြေဝယ်မထိဟု ပြောစမှတ်ပြုကြလေသည်။

ဘုန်းတော်ကြီး ဦးအုံးခိုင်မှာ ကြွရောက် သီတင်းသုံးသည်ဟု သိရ၍ အသေးစိတ် ဖြစ်စဉ်အချို့ကို မသိရှိခဲ့ရပေ။

ဝင်းစိန်သာသနာမြေတွင်း ထူးခြားသော လိုဏ်ပါပုထိုး(၅၅)ဆူ တည်ရှိသည်ကို တွေ့ရသည်။ ဗိနည်းအရာတွင် အရေးကြီးလှသော ပရိဝသ်ဆောက်တည်ရန် တည်ထားခြင်း ဖြစ်ကာ အကျယ်(၆)ပေ ပတ်လည်၊ အမြင့်(၈)ပေရှိ ကုလားကျောင်းလိုဏ်ခံ ပုထိုးများဖြစ်ကြသည်။

၁၃၄၅ ခုနှစ်၊ သီတင်းကျွတ်ချိန်မှစတင်ကာ နှစ်စဉ် ပ[illegible]ဝသ် ဆောက်တည်ကြသော သံဃာတော်များ ကြွရောက် သီတင်းသုံး အားထုတ်လေ့ရှိကြောင်း သိရလေသည်။

## ဆရာတော်၏
## သာသနာပြုလုပ်ငန်းအချို့

ဝင်းစိန်တောရ ဦးစီး နာယကဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေသရ၏ ဝင်းစိန်တောရသာသနာမြေပြင်ပရှိ သာသနာပြုလုပ်ငန်းအချို့မှာ...

၁။ မွန်ပြည်နယ်၊ မုဒုံမြို့နယ် လက်တက်ကျေးရွာ(ဇာတိရွာ)၏ အရှေ့သုံးမိုင်အကွာတွင် ခပ်ရခပ်ယူသာသနာပြုစခန်းကို ၁၃၃၆ ခုနှစ်ဝါခေါင်လတွင် စတင် တည်ဆောက်ကာ စေတီ(၁၀)ဆူ တည်ထားပူဇော်ခဲ့သည်။

၂။ လက်တက်ကျေးရွာ ရွာဦးထိပ်တွင်ဉာဏ်တော်အမြင့် (၁၈၀)ပေရှိတင်ပျဉ်ခွေ ရုပ်ပွားတော်ကြီးကို ၁၃၆၇ ခုနှစ်တွင် စတင် တည်ဆောက်ခဲ့ရာ ကိုယ်လုံးတော်အတွင်း(၃၅)ပေအမြင့် အထပ်ဆောင်း (၈) ထပ် ပါဝင်သည်။

၃။ ၁၃၅၀ပြည့်နှစ်၊ တန်ခူးလတွင်



www.burmeseclassic.com

www.burmeseclassic.com



◆ ဝင်းစိန်တောရ အဝင်မုခ်

ကမာဝက်ကျေးရွာ ကမာကတာ သာသနာပြုစခန်းနှင့် စေတီ၊ ကျောင်း၊ သောက်ရေကန်များ ပူဇော် ကုသိုလ်ပြုခဲ့သည်။

၄။ ၁၃၅၀ ပြည့်နှစ်၊ ပြာသိုလတွင် ကမာဝက်ကျေးရွာ ကမာဆိုက် သာသနာပြုစခန်း၊ စေတီ၊ ကျောင်း၊ ရေကန်များ တည်ထောင်ကုသိုလ် ပြုခဲ့သည်။

၅။ မုဒုံမြို့မ၊ ကော့ဟဆင် သာသနာ ပြုစခန်း၊ ဗျိုင်းနှစ်ကောင် ကွင်း ကျောင်းနှင့် စေတီတစ်ဆူ တည် ထား ပူဇော်ခဲ့သည်။

၆။ မော်လမြိုင်မြို့နယ်၊ ဖားအောက် ကျေးရွာ သာမြူး သာသနာပြုစခန်း၊ စေတီ၊ ကျောင်းနှင့် ရေကန်တို့ကို တည်ဆောက် ကုသိုလ်ပြုခဲ့သည်။

၇။ ကရင်ပြည်နယ် ဘားအံမြို့နယ်၊ ဇာသပြင်ကျေးရွာရှိ သာသနာပြု မြေ (၃၆)ကေ လယ်ယာလုပ်ပိုင်ခွင့် ရ (၇၃၄)ကေတို့တွင် လယ်ယာမြေ တိုးတက်ဖွံ့ဖြိုးရေးကျောင်း၊ စေတီ (၆)ဆူတို့ တည်ဆောက်ပူဇော်ခဲ့ သည်။

## ဆရာတော်၏ ဩဝါဒ

မရှိမရှုပ် ရှိလျှင်ရှုပ်သည်။
မပျက်ပွားများ ထိုတရားကို မှတ်သားနာယူ သတိမူလော့။
အာရုံမသေ ဖြူကျွှာ၊ ရုပ်သေတာ သုသာန် နာမ်သေမှ နိဗ္ဗာန်။
စိတ်ကိုပိုင်မှ ရုပ်ကိုနိုင်မည်။
တရားရှိလျှင် ကမ္မမရှိ၊ ကမ္မရှိလျှင် တရား မရှိ။
ကိုယ်သာလျှင် ကိုယ့်ဘဝရဲ့ ပဲ့ကိုင်။
နေဝင်ချိန်နီးပြီ။
တွေ့အောင်ကြည့်၊
မြဲအောင်ကိုင်၊
မာအောင်ထုကြပါ။

## ဆရာတော်၏ ဘီလူးတွေ့ ကျင့်စဉ်

'ဟော့... အပေါင်ကဒကာ ဘီလူး တွေ့ဖူးသလား'

'ဓာတ်နိပါတ်တော် သရုပ်ဖော်ပန်းချီ တွေမှာတော့ တွေ့ဖူးပါတယ် ဘုရား'

'အဲဒါက ယက္ခ၊ ကုမ္ဘာန်တွေ ငါ ပြောတာက ဟောဒီထဲက ဘီလူး၊ ရေ ဘီလူး၊ ရက္ခ၊ မွန်ခေါ်တော့ ခမောင်း (ခမင်)တဲ့။ တွေ့ချင်သလား'

'မခြောက်လှန့်ရင်တော့ တွေ့ချင် ပါတယ်'

'မေတ္တာခံရင် ဘယ်ရန်မှ မခဘူး။ အသက်အောင့်ပြီး သမ္ဗုဒ္ဓေဂါထာ (၇) ခေါက်ပြည့်အောင်ရွတ်၊ ဘီလူးတွေ့ လိမ့်မယ်'

လွန်ခဲ့သော နှစ်,နှစ်ဆယ်ကျော်က မိန့်ကြားခဲ့ခြင်းဖြစ်ကာ ကြိုးစားပါ သော်လည်း (၆)ခေါက်မျှနှင့် မျက်လုံး ပြာလာသဖြင့် ဘီလူးကို ယနေ့တိုင်ပင် တွေ့ခွင့်မရခဲ့ချေ။

ထို့မှ နောက်ပိုင်းကာလများ၌ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် နယ် တကာလှည့်ရသော နယ်လှည့် စာတည်းအဖြစ် တာဝန်ထမ်းဆောင် ခဲ့ရလေရာ ဘဲလူးတောင်ကြား ဝင်းစိန် တောရနှင့် အဆက်အသွယ် ပြတ်ခဲ့ရ လေသည်။

ယခုနှစ်တွင် ပေါင်၊ ကြန့်တိတ် မိုး နဂါးအဖွဲ့အား ဦးဆောင်ကာ ဆရာ တော်၏ မွေးနေ့ပူဇာသဘင်တွင် ဂါရဝ ပြုခွင့်ရစဉ်ကာလငယ်အတွင်း မှတ် တမ်းဓာတ်ပုံများ ရိုက်ကူးကာ ဆရာ တော်အား ပူဇော်ရေးသားခြင်း ဖြစ်ပါ သည်။

ဝင်းစိန်တောရရှိ သာသနိက အဆောက်အအုံ စေတီပုထိုးများကို စုံလင်စွာ ဖူးမြော် ကြည်ညိုလိုပါလျှင် မော်လမြိုင်မှ မုဒုံအသွား အဝေးပြေး ကားလမ်းအတိုင်း **ကျောက်တစ်လုံး တောင်(ခေါ်) နဂါးမောက်တောင် အလွန် မြိုင်ကုန်းကျေးရွာထိပ်တွင် ဗျိုင်းနှစ်ကောင်မုခ်ဝကို** တွေ့ရှိလျက် လွယ်ကူစွာ ဝင်ရောက် ကြည်ညိုနိုင် ကြလေသည်။

**ဟူဂျင်းဇီ** *(Hu Jin Zhi)*



www.burmeseclassic.com

www.burmeseclassic.com


ကြော်ငြာဆောင်းပါး




# သွေးတိုးရောဂါရှင်များ . .

# စကြာမင်း

အမှတ်တံဆိပ်

# သွေးတိုးကျဆေး

# ကိုဆောင်ထား

ကိုရဲ




တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-0112 YR 007991

"အတော်ပဲ မြတ်တို့အိမ် အလည်လာတာ ထမင်းပွဲနဲ့ တန်းတိုးတယ်ဟေ့" "အေ့် မမမြင့်၊ လာ တစ်ခါထဲဝင်စားလိုက်လေ" "ဘာဟင်းချက်လဲဟင်" "မမမြင့်ရေ့ မနေ့က စင်ကာပူက သားကြီးပြန်လာ တယ်လေ၊ အဲ့ဒါ သားကြီးက အုန်းနို့ခေါက်ဆွဲ စားချင်တယ်ဆိုလို့ ထမင်းလွှတ် ချက်စားနေကြတာပါ" "အမလေး အုန်းနို့ခေါက်ဆွဲဆိုရင် အသံကြားတာနဲ့တင် သွေးတိုးချင်ပြီ။ တော်ပါပြီအေမစားရဲပါဘူး" "မမမြင့်ကလဲ ရောဂါရှိရင် ဆေးရှိပါတယ်။ ကျွန်မလဲ အစက ဒီလိုပဲလေ။ သွေးတိုးရှိလို့ ဟိုဟာမစားရဲ ဒီဟာမစားရဲနဲ့ ရှောင်လိုက်ရတဲ့အစား။ အခုတော့ စားချင်တာစားလို့ရပြီ မမမြင့်ရဲ့" "အေး အဲ့ဒါကြောင့် ငါအံ့သြနေတာ၊ အရင်ကဆို အစားအသောက်ရှောင်တာ မမထက်တောင် မြတ်ကပိုသေးတယ်။ ခုတော့ အံ့သြဘနန်းပဲ" "ဟုတ်တယ် မမမြင့်ရေ အရင်ကတော့ နည်းနည်းလေးအစားမှားတာနဲ့ သွေးကတိုးတိုးလာတော့ အစားတစ်လုပ်အတွက်နဲ့ ရောဂါမခံစားချင်တာနဲ့ အစားအသောက်ကို ဂရုတစိုက် ရှောင်ကြဉ်စားသောက်ခဲ့တာ။ အခုတော့ စကြာမင်းသွေးတိုးကျဆေး အားကိုးရှိနေပြီ မမမြင့်ရဲ့" "ဟင် ဟုတ်လား။ တစ်ယောက်ထဲ ကျိတ်ပြီး သုံးစွဲမနေနဲ့ဦး မမကိုလဲ ပြောအုံးလေ" "လာပါ မမမြင့်ရယ် ဆေးကို နောက်မှပေးမယ်၊ အုန်းနို့ခေါက်ဆွဲကို အရင်တဝကြီးစားပြီးမှ ဆေးဘယ်လောက်စွမ်းသလဲဆိုတာ လက်တွေ့ပြမယ်" "ဟုတ်ရဲ့လား မြတ်ရယ်" "အော် မမမြင့်ရယ် ကျွန်မကိုယ်တိုင် ဒီမှာအားရပါးရ စားနေတာပဲ၊ မမမြင့်ကို ဘေးဖြစ်အောင်တော့ မလုပ်ပါဘူး" "စိတ်ချလက်ချသာစားပါ မမမြင့်၊ ကျွန်တော်နဲ့ မြတ်ကတော့ သွေးတိုးစေမယ့် အစားအစာတွေစားပြီးတာနဲ့ ဆေးသောက်လိုက်တာပဲ" "ကဲပါလေ လင်ရောမယားပါ ဒီလောက်ညွှန်းနေမှတော့ စားပြီပေါ့၊ များများသာထည့်" "ဟားဟား။ ဟင်း ဟင်း ဟင်း"

"မြတ်တို့ဇနီးမောင်နှံတိုက်တွန်းလို့ အုန်းနို့ခေါက်ဆွဲကို တဝတပြစားပြီးပြီနော်၊ ကဲ ဆေးမြန်မြန်ပေးတော့လေ"

"ပေးပါ့မယ်မမမြင့်ရယ်၊ ရော့ ရော့၊ ၅ ပြားသောက်လိုက်" "မှန်း ဘာဆေးလဲ၊ ဟယ် **စကြာမင်း သွေးတိုးကျဆေး**ကိုး"

"ဟုတ်တယ်မမမြင့်ရေ သွေးတိုးရောဂါကာကွယ် ချင်လို့ပဲဖြစ်ဖြစ်၊ သွေးတိုးနေလို့ပဲဖြစ်ဖြစ်၊ သွေးတိုးရောဂါရှိလို့ စားချင်ရက်နဲ့ အစားအသောက် ရှောင်နေရသူများပဲဖြစ်ဖြစ် သွေးတိုးရောဂါနဲ့ပတ်သက်ရင် အိမ်တိုင်းအမြဲဆောင်ထား သင့်တဲ့ ဆေးကတော့ **ဆရာမြင့်ရဲ့ စကြာမင်း**အမှတ်တံဆိပ် **သွေးတိုးကျဆေး**ပဲ ဖြစ်ပါသတဲ့ရှင်" "သမားတော် **ဆရာမြင့်ရဲ့ စကြာမင်း သွေးတိုးကျဆေး**ဆိုရင် ယုံကြည်ပါတယ်၊ ဒါနဲ့အခြား ဘာရောဂါတွေအတွက် သုံးစွဲလို့ရလဲဟင်"

"သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့သွေးတိုးရောဂါဖြစ်ခြင်း၊ သွေးတက်၊ သွေးတိုးခြင်း၊ သွေးပေါင် အမြဲတမ်းတက်နေခြင်း၊ နောက်ကျောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူးဝေခြင်း၊ ခေါင်းအုံခဲ၍ လေးလံထိုင်းမှိုင်းနေခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောအားနည်းခြင်း၊ အဆစ်ရောင်အဆစ်ကိုက်ရောဂါဖြစ်ခြင်း၊ လက်ခြေများ ထုံကျဉ်ကိုက်ခဲခြင်း၊ အတက်စာ နည်းနည်းစားရုံဖြင့် သွေးတက်၊ သွေးတိုးလာခြင်း၊ အစာအိမ်အားနည်းခြင်း စတဲ့ ရောဂါတွေအတွက်လည်း သုံးစွဲနိုင်ပါတယ်"

"ဟယ် ! စကားကောင်းနေလိုက်တာ (၂)နာရီတောင် ကျော်ပါပေါ့လား၊ ပြန်အုန်းမှ ပြန်အုန်းမှ" "ဘယ်လိုလဲ မမမြင့်" "အေးဟဲ့ ဘယ်လိုမှမခံစားရဘူး၊ အရင်ကဆိုရင် ဒီလိုသွေးတိုးစာတွေစားပြီးတာနဲ့ ဆေးခန်း တန်းပြေးရတော့တာပဲ" "ဒါကြောင့် သွေးတိုးရောဂါအတွက် အကောင်းဆုံးဆေးပါလို့ဆို" "ဟုတ်ပတော်၊ ဝမ်းသာလိုက်တာ။ အိမ်က ကိုရဲအတွက်လဲ အုန်းနို့ခေါက်ဆွဲ ယူသွားအုန်းမှပဲ" "ဒီမှာ မမမြင့်ရေ၊ အဆင်သင့်ထည့်ထားပြီးပြီ၊ ရော့၊ ဒါက **စကြာမင်းသွေးတိုးကျဆေး**၊ ကိုရဲကိုလဲ ပြောလိုက်ပါ။ သွေးတိုးအတွက်တော့ စိတ်မညစ်နဲ့တော့လို့"

"အေးအေး၊ ပြောရုံမဟုတ်ဖူး လက်တွေ့ပြလိုက်မယ်"

"ကဲ ကျွန်တော်ရဲ့ဇနီးနဲ့ ညီအစ်ကိုမောင်နှမသဖွယ် ခင်မင်ရင်းနှီးတဲ့ ကိုအေးမင်းနဲ့မအေးမြတ်ဝင်းတို့ရဲ့ စေတနာ မေတ္တာကြောင့် အခု ကျွန်တော့်မှာစွဲကပ်နေတဲ့ သွေးတိုးရောဂါဟာ ပိန်းကြာရွက်ပေါ် ရေမတင်သလို ပျောက်ကင်းချမ်းသာရခဲ့ပါပြီ။ ဒါကြောင့် စာဖတ်ပရိသတ်ကြီးရေ ကျန်းမာခြင်း ဆုလာဘ်နဲ့ပြည့်စုံပြီး စားချင်တာစားရအောင်နော်၊ ဒါပေမဲ့...**စကြာမင်းသွေးတိုးကျဆေး**တော့ ဆောင်ထားဖို့တော့ လိုလိမ့်မယ်..."

**ကိုရဲ**

ပင်ရင်း – **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဝဏ္ဏဗိမ်း၊

မြောက်ဥက္ကလာပ။ ဖုန်း – ၀၉၁၀၉၅ ၈၂၂၅၄၁။




www.burmeseclassic.com

www.burmeseclassic.com



ရွှေဘိုကုံ ပုံတော် သားတော်များစေတီ

ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)

ဂျိုးဖြူတောင်တန်းမှ

# သဏ္ဍဝတီ သာသနာဖြန့်နှံ့ခဲ့သို့ (၃)

ယခင်လမှ အဆက်

ဆရာတော် သီတင်းသုံးရာ ခန်းမဆောင်အတွင်း ဝင်ရောက်ဖူးမြော်ရာ ဆရာတော်က ခန်းမအတွင်း ပူဇော်ထားသော ထေရ်အရှင် ရုပ်တုတော်များအား ညွှန်ပြကြည်ညိုစေသည်။ ခန်းမထောင့် လက်ဝဲဘက်ထိပ်တွင် သာသနာပြု ဘဒ္ဒန္တအဂ္ဂသာရ၊ ကျိုက္ကမော့လေးတောင် ဆရာတော် ဦးဓမ္မပိယသိဒ္ဓိ၊ ခေါင်းဆေးကျွန်းဆရာတော်၊ မဟာဗောဓိမြိုင်ဆရာတော်မှ အစပြုကာ ဂျိုးဖြူတောင် သာသနာ့မြေ စတင် တည်ထောင်ခဲ့သည့် အဘိုးဆရာတော် ဦးအာဒိစ္စဝံသအထိ တင်ပျဉ်ခွေ ရုပ်တုတော်များကို ဖူးတွေ့ရသည်။


သာသနာပြုမှတ်တမ်းတွင် ပုဂ္ဂိုလ်ထူးများအဖြစ် သတ်မှတ်ကြည်ညိုခြင်း ခံတော်မူရသော ဆရာတော်များ ဖြစ်ကြသည်။

နံရံတစ်နေရာတွင် ကျော်အောင်စံထားဆရာတော်နှင့် လက်ရှိ ဂျိုးဖြူတောင်ဆရာတော် ဦးအဂ္ဂသာရတို့ ယှဉ်တွဲရိုက်ထားသော ဗီနိုင်းကားချပ်တစ်ခု ချိတ်ဆွဲထားသည်။ ထိုပုံတော်ကို မြင်ရသောအခါ ကျော်အောင်စံထား ဆရာတော်အား ဖူးတွေ့ရစဉ် အဖြစ်အပျက်များကို သတိရမိသည်။

*　　*　　*

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလတွင် ဖြစ်သည်။ စာတည်းချုပ်မှ အကြံပေးတိုက်တွန်းသဖြင့် ကျော်အောင်စံထားဆရာတော်ထံ ဝင်ရောက် ဖူးမြော်ဖြစ်သည်။ မိမိနှင့်အတူ မုံရွာမဟာလယ်တိုက်မှ အရှင်သီလာစာရလည်း လိုက်

www.burmeseclassic.com



◆ ပုလဲဘုရား



◆ မြဘုရား

ပါခဲ့သည်။

ဆရာတော်က ကောင်းစွာလက်ခံတွေ့ဆုံကာ ရှေးဖြစ်စဉ်အချို့ကို မိန့်ကြားသဖြင့် လွန်စွာ ဗဟုသုတ တိုးပွားရသည်။ အမရပူရတစ်ခွင် ထူးခြားသော နေရာဌာနများကိုလည်း နောက်ခံဖြစ်စဉ်များနှင့်တကွ ရှင်းပြ လမ်းညွှန်ပေးတော်မူသည်။

အမရပူရနန်းမြို့တော် တည်စဉ်က မဇ္ဈိမဒေသမှ ကပိလရသေ့ ရုပ်တုကြီးကို ပင့်ဆောင်ပူဇော်၍ တည်ဆောက်ခဲ့ရာ ထိုရှေးလက်ရာရုပ်တုကြီးကို ယနေ့တိုင် မြင်တွေ့နိုင်ကြောင်း နေရာဌာနကို ညွှန်ပြပေးသည်။ ဆရာတော် ညွှန်ပြသမျှတို့ကို မှတ်တမ်းပြုရေးမှတ်၍ ပြန်ရန် နှုတ်ဆက်ကန်တော့သောအခါ…

'မင်း ဓာတ်ပုံရိုက်ဖို့တော့ မသေချာဘူး။ ခံစားသိနဲ့ သိနိုင်သလို အဆင်သင့်ရင်လဲ ရု[illegible]ကိုယ်ထည်ကို မြင်တွေ့နိုင်တယ်။ ဘုမ္မိယတ်တွေပါ။ သူတို့တွေက သီလ၊ သမာဓိ ရှိသူတွေကို လေးစားကြည်ညိုသလို အကူအညီလဲ ပေးတတ်ကြပါတယ်'

'ဘုမ္မိယတ်ဆိုတာ ဘယ်လိုမျိုးပါလဲဘုရား'

'အေး မင်းတို့စာသမားတွေ သိသင့်ပါတယ်။ အထူးသဖြင့် နှစ်ရှည်လများ အစဉ်အလာရှိခဲ့တဲ့ နက္ခတ္တဗေဒင်ပညာလို မဂ္ဂဇင်းကြီးတစ်စောင်အနေနဲ့ ပိုပြီး အသုံးဝင်ပါတယ်။ (ဘူမိ + ဏျ) မြေ၌ တည်သည်။ = ဘုမ္မ (ယမ္+တ)စောင့်စည်းအပ်သည် = ယတ။ မြေ၌ တည်ပြီး စောင့်စည်းအပ်သူ ဆိုပါတော့။

များသောအားဖြင့် အရိုးမတွေ့ယူမြတ်စွာဘုရား ပွင့်တော်တဲ့အခါ သာသနိက အဆောက်အအုံတွေ ဆောက်ဖို့အတွက် ရွှေ၊ငွေ၊ရတနာ ဥစ္စာပစ္စည်းတွေကို စောင့်ရှောက်ထိန်းသိမ်းရသူတွေ ဖြစ်လေ့ရှိတယ်။ အရပ်စကားနဲ့ ဥစ္စာစောင့်၊ သိုက်နန်းရှင်စသဖြင့် ခေါ်ကြတယ်'

ဟု ဆိုလျက် ကိုယ်တွေ့ကြုံခဲ့ရသော ဘုမ္မိယတ်ဆိုင်ရာ အဖြစ်အပျက်များကို နှုတ်ဆက်လက်ဆောင်အဖြစ် စိတ်ဝင်စားဖွယ် မြွက်ကြားပေးတော်မူခဲ့လေသည်။

## ရှေးရုပ်ပွားတော်များ

'ဟိုရှေ့က ဘုရားခန်းထဲမှာ ရှေးဟောင်း ရုပ်ပွားတော်တွေရှိတယ်။ ဖူးမြော်ပြီး ကုသိုလ်ယူလိုက်ကြပါဦး သားတို့'

ဆရာတော်ကြီးက မိန့်ကြားသဖြင့် တာဝန်ခံ ဦးပဥ္စင်းက ဦးဆောင်ခေါ်



www.burmeseclassic.com

www.burmeseclassic.com



ကျောက်စိမ်းဘုရား



ပတ္တမြားဘုရား

သွားသည်။ ဘုရားခန်းတွင်း၌ မုဒြာစုံ၊ အရွယ်အစား ဉာဏ်တော်အမြင့် စုံလင်စွာသော ရုပ်ပွားတော်များစွာ ဖူးတွေ့ရသည်။ ထိုရုပ်ပွားတော်များအနက် သုံးဆူမှာ မှန်ကျောင်းဆောင်များဖြင့် သီးခြားပူဇော်ထားသည်။

## စိန်ပြောင်ထိန်လင်း

## လာဘမုနိရုပ်ပွားတော်

လက်ဝဲဘက်စွန် မှန်ကျောင်းဆောင်တွင်း စံပယ်တော်မူသည့် ရုပ်ပွားတော်ဖြစ်သည်။(၁၂.၇.၁၉၉၄) ရက် ကြာသပတေးနေ့ နံနက် (၉)နာရီအချိန်တွင် ပဲခူးရိုးမ၌ ကျင့်ကြံအားထုတ်နေသည့် ရသေ့ကြီး ဦးဣန္ဒာဝံသသိဒ္ဓိက ခြံအမှတ် (၄၇/ခ) ပြည်ထောင်စုလမ်း၊ ဂွတ္တာလစ်ရှိ အဖေကြီး ဦးအေးဖေ၏ သာသနာပြုစခန်းသို့ ပင့်ဆောင် လှူဒါန်းခဲ့ခြင်း ဖြစ်သည်။

ယင်းမတိုင်မီ ၁၉၇၃ ခုနှစ်၊ အောက်တိုဘာလ (၉)ရက်နေ့ကပင်လျှင် အဘိုးဆရာတော် ဦးအာဒိစ္စက ဤရုပ်ပွားတော်ကို ပင့်ဆောင်ဖူးမြော်စေကာ...

ဘုရားရှင်၏ သရီရဓာတ်တော်တွေနှင့် ဂမုန်းပေါင်းများစွာ ဌာပနာပြုသွန်းလုပ်ထားသည့် စိန်ပြောင်ထိန်လင်း လာဘမုနိ ရုပ်ရှင်တော်မြတ်ဖြစ်ကာ ပဲခူးရိုးမအလယ် တံခါးပေါင်း (၉၉၉)ခု၊ ဈေးပေါင်း (၉၉၉)ဈေး၊ သိုက်ပေါင်း (၉၉၉)ခု ဝန်းရံတည်ရှိသည့် ဂန္ဓကုဋိတိုက်တော်မှာ စံမြန်းနေတော်မူကြောင်း၊ နောင်ကာလတွင် ခုနစ်ရက်သားသမီးတို့ ကုသိုလ်ယူဖူးမြော်နိုင်ရန် ငါ့သားကြီး(ဦးအေးဖေ) ထံကို ကြွရောက်တော်မူမည့် အကြောင်း...

အဘိုးဆရာတော်က မိန့်ကြားတော်မူခဲ့သည်။ အဖေကြီး ဦးအေးဖေက အရှင်အဂ္ဂသာရအဖြစ် သက္ကဝတီသာသနာမြေကို ဦးဆောင်စောင့်ရှောက်တော်မူသောအခါ ဤနေရာသို့ ပင့်ဆောင်လာခြင်း ဖြစ်လေသည်။

ဤရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုလျက် မိမိတို့ ပြုပြီးသမျှ ကောင်းမှုအစုစုကို သစ္စာပြု တိုင်တည်ကာ ဆုတောင်းပါက မနောမယသိဒ္ဓိ ဆုထူးမြတ်ကြီး ပြည့်စုံပြီးလျှင် ကပ်ဘေး ရန်အန္တရာယ်အသွယ်သွယ် ကင်းဝေးလျက် လာဘ်လာဘတို့ ရွှင်လန်းနိုင်ကြောင်း သိရသည်။



www.burmeseclassic.com

www.burmeseclassic.com

### မဟာဓနသိဒ္ဓိ

### ပတ္တမြားမျက်ရှင်ဘုရား

လက်ယာဘက်အစွန် မှန်ကျောင်းဆောင်တွင်း ကိန်းဝပ်တော်မူသော ရုပ်ပွားတော် ဖြစ်သည်။

ရတနာမာန်အောင် ဆရာတော်ကြီး၏ မိန့်ကြားချက်အရ ဘုရားရှင်၏ သရီရဓာတ်တော် (၁၀၈)ဆူ ဌာပနာ ပြုထားသည်။ မဏိတော်တွင် ပြဒါးရှင်၊ လက်ဝဲ,လက်ယာ ပခုံးထက်တွင် ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့၏ ဓာတ်တော်များနှင့် ဂမုန်းပေါင်းတစ်ထောင် ထည့်သွင်းပူဇော်ထားသည်။

ဦးသျှောင် မကိုဋ်တော်ထက်တွင် တင်ပျဉ်ခွေ ရုပ်ပွားတော်များ ဝန်းရံကာ ပခုံးတော်နှစ်ဖက်ထိပ်တွင် မတ်ရပ်တော်နှစ်ဆူ၊ လက်ဝဲ,လက်ယာ လက်ဝါးတော်များထက်၌ တင်ပျဉ်ခွေရုပ်ပွားတစ်ဆူစီ ပူဇော်ထားသည်။

ကိုယ်လုံးတော်ပြည့် ပတ္တမြားကျောက်မျက်များ တန်ဆာဆင် ကပ်လှူထားသည်။ ပြည်မြို့အနီးရှိ ရွှေတောင်မြို့နယ်တွင်းမှ ဇ်ရွှေနတ်တောင်စေတီအနီး ရွှေတောင်ငွေတောင်သိုက်မှ အစဉ်အဆက် ကိုးကွယ်ခဲ့သော ရုပ်ပွားတော် ဖြစ်သည်။

၁၉၉၂ ခုနှစ်တွင် ရွှေဖျိုင်းနားဆရာတော်၏ မေတ္တာဓာတ်ဖြင့် ရွှေတောင်မြို့နေ ဒါယကာ ဦးထွန်းအောင်၏ နေအိမ်သို့ အပူဇော်ခံ ကြွရောက်ကာ ယခုအခါ သက္ကဝတီကုန်းတော်တွင် ကိုးကွယ်ခွင့်ရသော ရုပ်ပွားတော် ဖြစ်လေသည်။

### ဝဇီယာမဟာမြတ်မုနိဘုရား

အလယ် မှန်ကျောင်းဆောင်တွင်း



ဓာတ်တော်အချို့

ရုပ်ပွားတော် ဖြစ်သည်။

အမှတ်(၉၃)၊ အင်းယားလမ်း၊ ရန်ကုန်တက္ကသိုလ်ဝင်း အတွင်းရှိ သာသနာ့ပြုစခန်းသို့ ၁၃၃၁ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်နေ့တွင် ဂျိုးဖြူဆရာတော် ဦးအာဒိစ္စဝံသ ကြွရောက်စဉ် ဒါယိကာမနှစ်ဦး လာရောက်၍ သီလခံယူပြီးနောက် လှူဖွယ်ပစ္စည်းနှင့်အတူ ကြေးသွန်းရုပ်ပွားတော်တစ်ဆူကိုလည်း လှူဒါန်းကြသည်။ ရေစက်ချ အမျှဝေ၍ ထိုဒါယိကာမများ ပြန်သွားသောအခါ အဘိုးဆရာတော်က...

'မင်းတို့ သိကြသလား။ သူတို့နှစ်ယောက် က မမင်းစိန်၊ မမင်းသိမ်တဲ့။ ရွှေတိဂုံဘုရားနားမှာရှိတဲ့ ကန်တော်မင်းသိုက်က ဒု ပို့တာတွေပဲ။ ဒါက သူတို့ ကိုးကွယ်ကြတဲ့ဘုရားပေါ့'

ဟု မိန့်တော်မူကြောင်း သိရသည်။ ဤရုပ်ပွားတော်အားလည်း ကျောက်မျက်ရတနာမျိုးစုံ ကပ်လှူပူဇော်ထားသည်ကို ဖူးတွေ့ရလေသည်။

ဤရုပ်ပွားတော်များသည် အခါအားလျော်စွာ မြန်မာနိုင်ငံအရပ်ရပ်သို့




www.burmeseclassic.com

www.burmeseclassic.com



▲ လိုဏ်ဂူတက်လမ်းအတွင်းတစ်နေရာ

▼ မွှောရုံကြီး



ဒေသစာရီ ကြွချီကာ အပူဇော် ခံယူလေ့ရှိသည်။ ထိုအခါတွင် ဆရာတော်ကြီး ဦးအဂ္ဂသာရကိုယ်တိုင် လိုက်ပါစောင့်ရှောက်တော်မူကြောင်း သိရသည်။

ဤရုပ်ပွားတော်များကို ပူဇော်ဖူးမြော်ကာ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်များ ပွားများခြင်းဖြင့် လောကီ၊ လောကုတ္တရာ အကျိုးထူးများစွာ ခံစားကြရကြောင်း မှတ်သားခဲ့ရလေသည်။

ထို့နောက်တွင် အခြားရုပ်ပွားတော်များအား ကြည်ညိုပြီးနောက် ဘုရားခန်းမှ ပြန်အထွက်တွင် အဝင်ဝ တံခါးအနီး၌ တောင်ဝှေးများကို ထောက်စင်ဖြင့် အစီအရီ တွေ့ရသည်။

လက်ကိုင်နေရာ၌ ကမ္ဘာလုံးပေါ် ချိုးဖြူနားနေသည့်ရုပ်၊ တောင်ဝှေးထမ်းကာ ကနေသော ဇော်ဂျီရုပ်၊ နဂါးရုပ်၊ သိကြား့ပြဟ္မာရုပ်၊ ရဟန္တာရုပ်၊ အဘဘိုးဘိုးအောင်ရုပ်တု စသည်ဖြင့် စုံလင်စွာ တွေ့ရသည်။

အဘိုးဆရာတော်မှ စ၍ လက်ရှိဆရာတော်တိုင်အောင် သက္ကဝတီကုန်းတော် ပဓာနဆရာတော်များ ကိုင်ဆောင်ခဲ့ကြသည့် တောင်ဝှေးများဖြစ်ကြောင်း သိရသည်။

## အခြား ကြည်ညိုဖွယ်များ

ဆရာတော်ကြီးက တာဝန်ခံဦးပဥ္စင်းနှင့်အတူ ကပ္ပိယလူရွယ်တစ်ဦး လိုက်ပါစေကာ ကုန်းတော်အတွင်းရှိ ပုထိုးစေတီ၊ သာသနိကအဆောက်အအုံများအား လေ့လာကြည်ညိုစေသည်။

ဆရာတော် ကျောင်းဆောင်ရှေ့သံတံတိုင်း ကာရံထားသော ကုန်းတော်မြေတွင် ရွှေတိဂုံပုံစံတူ **'သားတော်များစေတီကြီး'** ကိန်းဝပ်တော်မူသည်။ ရွှေတိဂုံစေတီတော်ကြီး၏ မူလဒါယကာဖြစ်သော ဥက္ကလာပမင်းကြီး၏ သက္ကဝတီမြို့တော်တွင် ဤစေတီကြီးမှာ ခံ့ထည်သပ္ပါယ်၍ မူလအလှူရှင်၏ ကုသိုလ်တော်များကို ပိုမို၍ ပီပြင်သိသာစေသော ပူဇော်မှုဖြစ်သည်ဟု ခံစားရသည်။

ဤစေတီတော်ကြီးအား ပူဇော်ကုသိုလ်ပြုကာ လောကီ၊ လောကုတ္တရာ မျက်နှာစာအသီးသီးတွင် ဟန်ချက်ညီစွာ ပြည့်စုံစေခြင်းကို ခံစားရရှိနိုင်လေသည်။ ကြိုးစားရုန်းကန်ခဲ့ရသမျှ ထိုက်တန်သော အသီးအပွင့် အကျိုးတရားများ ခံစားရခြင်း၊ ဘဝအမောအပန်းပြေပျောက်၍ သက်သောင့်သက်သာဖြင့် ခန္ဓာဝန်ကို ထမ်းရွက်နိုင်ခြင်း၊ အတ္တ,ပရ ညီမျှစွာဖြင့် လူ့ရွာလောက အကျိုး သယ်ပိုးနိုင်ခြင်း...

**ရွှေလ ဆက်ဖတ်ပါရန်**

**ဘုန်းကျော်စွာ**
**(မြိုင်တက္ကသိုလ်)**



www.burmeseclassic.com

www.burmeseclassic.com

# ရိုတံခါးဆင်းတုတော်နှင့်

## လျှို့ဝှက်ချက်များ

မောင်သိန်းနိုင်
(စစ်တွေ)

ရိုတံခါးဆင်းတုတော်သည် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရှေးဟောင်းမြို့တော်တစ်ခု ဖြစ်သည့် **မြောက်ဦးမြို့ ကျောက်ရာဇ်ကေကျေးရွာ ဘုန်းတော်ကြီးကျောင်း၌** တည်ရှိပါသည်။

ဆင်းတုတော်ကြီး၏ ဉာဏ်တော်မှာ စမ္ပခဏ်မှ မုနိတော်အထိ (၃)ပေ (၂)လက်မရှိပြီး ပခုံးစွန်းအကျယ်မှာ (၁)ပေ (၆½)လက်မရှိကာ ဒူးစွန်းနှစ်ဖက်အကျယ်မှာ (၂)ပေ (၄)လက်မရှိပါသည်။

ရိုတံခါးဆင်းတုတော်၏ သမိုင်းအကျဉ်းမှာ သာသနာတော်သက္ကရာဇ် ၂၁၈ ခုနှစ်တွင် စန္ဒသူရိယမင်း၏ အနွယ်တော် (၆)ဆက်မြောက် ဓညဝတီပြည့်ရှင် သူရိယစက္ကမင်းလက်ထက်၌ ပါဋလိပုတ်ပြည်မှ ကြွရောက်လာကြသော အသျှင်တိဿမထေရ်မြတ်နှင့် အသျှင်ဗာဟုလမထေရ်မြတ်တို့ထံမှ စန္ဒမုနိ၊ သကျမုနိ၊ ဒေဝမုနိ၊ ရာဇမုနိ၊ စူဠာမုနိဆိုသော မုနိငါးဆူကို ပုံတူကူးယူပြီး ဘေးလောင်းတော် စန္ဒာသူရိယမင်းမြတ် မဟာမုနိရုပ်ရှင်တော်ကို သွန်းလုပ်ခဲ့စဉ်က ကြွင်းကျန်ရစ်သော ရတနာတို့ဖြင့် သွန်းလုပ်တော်မူခဲ့သည်။

အဆိုပါ ဆင်းတုတော်စမ္ပခဏ်၌ ရေးထိုးထားသည့် စာမူရင်းမှာ "**၉၅၄ ခု၊ ဝါကျွတ်လတွင် တံခါးမင်းကောင်းမှုတောသွန်ညီကာ ကြီတဆဲ့ဒမောင်ဝင်၏**"ဟု ပါရှိသည်။ "**သက္ကရာဇ် ၉၅၄ ခုနှစ်၊ ဝါကျွတ်လတွင် တံခါးမင်းကောင်းမှုတော် သွန်းသည်ကား ကြီး(ကြေး) တစ်ဆယ့်တစ်မောင်း ဝင်၏**"ဟူ၍ ဆိုလိုခြင်းဖြစ်သည်။



◆ ရိုတံခါးဆင်းတုတော်

ဤစမ္ပခဏ်စာတန်းအရ ရိုတံခါးမင်း (အမတ်)သည် သက္ကရာဇ် ၉၅၄ ခုနှစ်၊ ဝါကျွတ်လတွင် ဤသွန်းစက်တော်ကို သွန်းလုပ်ခဲ့သည်။ သွန်းလုပ်ရာ၌ ကြေးချိန်ပေါင်း (၁၁)မောင်း ဝင်သည်ကို လေ့လာသိရှိရပါသည်။

ထိုဆင်းတုတော်ကို သက္ကရာဇ် ၉၃၃ ခုနှစ်မှ ၉၅၅ ခုနှစ်ထိ(အေဒီ ၁၅၇၁–၁၅၉၃) ဘုရင် မင်းဖလောင်[illegible] လက်ထက် ရိုတံခါးအမတ်က သွန်[illegible] လုပ်ဒါနပြုခြင်း ဖြစ်ပါသည်။

ဤမဟာကျန် ရိုတံခါးဆင်းတုတော်[illegible] မြတ်မှာ ခြေထပ်တင်ပျဉ်ခွေ "**ပဖော်[illegible] မုဒြာ**"ပုံတော်မျိုးဖြစ်ပြီး လူ့၊ နတ်[illegible] ဗြဟ္မာ၊ သတ္တဝါတို့၏ ပူဇော်အတူ[illegible] ခံယူတော်မူနေဟန် ဖြစ်သည်။

မျက်လွှာတော် [illegible]ချထားသည်[illegible] မျက်လုံး၊ မျက်အိမ်၊ [illegible]ရစ်၊ မျက်ဝန်[illegible]



www.burmeseclassic.com

www.burmeseclassic.com

မျက်မှောင်တော်၊ မျက်လွှာ၊ မျက်လုံး၊ နှာသီး၊ နှုတ်ခမ်း မေးချိုင့်၊ ဆံခွေဆံရစ်များနှင့် မုနိတော် အလွန်လက်ရာသေသပ်စွာ ထွင်း ထားသည်ကို တွေ့ရသည်။

ပိုင်းစက်သောမျက်နှာတော်၊ ဆန်းစ ကဲ့သို့ နှုတ်ခမ်းတော်အစုံမှ ပြုံးတော် ကို ဖူးမြော်ရသည်မှာ ကြည်ညိုရွှင် အောင် သပ္ပာယ်လှပါတော့ သည်။ မဟာပုရိသ လက္ခဏာတော် ငယ်တို့ကိုလည်း အထင်းသား တွေ့နိုင်ပါသည်။

ဆန်းသစ်စလကဲ့သို့ရှိသော နှုတ်ခမ်း တော်မှ ပြုံးတော်မူဟန်ရှိပြီး စန္ဒိမာမဏ္ဍ ပြည့်ဝန်းကဲ့သို့ ဝိုင်းစက်သော မျက်နှာတော်ရှိခြင်း၊ မျက်မှောင်တော် ကော်သည် လဆန်းငါးရက်ကဲ့သို့ ခြင်း၊ ကေသရာဇာခြင်္သေ့မင်းကဲ့သို့ တိတိဝန်းဝန်း မေးစေ့တော်ရှိခြင်း၊ ကေသရာဇာခြင်္သေ့မင်း၏ ရင်အုပ်ကဲ့ သို့ ရင်အုံတော် မို့မောက်ဖြိုးဝေခြင်း၊ လည်တော်၌ အိုးနားရေးသဏ္ဌာန် လည်ရစ် သုံးရစ်ရှိခြင်း...

လည်ပင်းတော်သည် မုရိုးစည် သဏ္ဌာန် လုံးလုံးဖြိုးဖြိုး ရှိတော်မူခြင်း၊ ပခုံးပြင်တော် နှစ်ဖက်သည်လည်း လဆန်း(၁၂)ရက်လကဲ့သို့ တိတိဖြိုးဖြိုး ရှိတော်မူခြင်း၊ သားမြတ်တော်အစုံ သည်လည်း နွားလားဥသဘ မျက်လုံး ကဲ့သို့ လုံးလုံးဖြိုးဖြိုး ရှိတော်မူခြင်း၊ ဒူးတော်နှစ်ဖက်သည်လည်း နွားလား ဥသဘ နှာရောင်ကဲ့သို့ လျောလျောရှိ ခြင်း...

ဆင်နှာမောင်းကဲ့သို့သော လက် မောင်းတော်နှင့် သွယ်ပျောင်းပြီး အချိုး အစား ပြေပြစ်လှသော လက်ချောင်း တော်များရှိခြင်း၊ နှာခေါင်းတော်မှာ လည်း ရွှေဆွဲနှင်းတောင်ကဲ့သို့ ဖြိုးဖြိုး မောက်မောက် ရှိတော်မူခြင်း...

ဖမိုးတော်နှစ်ဖက်ဖြိုးခြင်း၊ ပခုံး တော်နှစ်ဖက်ဖြိုးခြင်း၊ လည်တော်ဖြိုး ခြင်း၊ လက်တော်နှစ်ဖက်ဖြိုးခြင်း၊ စမွခဏ်တော်မှာ လခြမ်းသဏ္ဌာန်ရှိ တော်မူခြင်း စသော လက္ခဏာတော် အပြား (၁၁၈)ပါးသော အင်္ဂါရပ်များနှင့် အညီ ရခိုင်ဗိသုကာ ပန်းတဉ်းပညာရှင် တို့၏ အံ့မခန်းလက်ရာကို ဖူးတွေ့နိုင် ပါသည်။

ရိတံခါး ဆင်းတုတော်မြတ်ကို ကျောက်ရာဇ်ကေကျေးရွာ ဘုန်းတော် ကြီးကျောင်းတိုက်၌ ၁၉၄၈ ခုနှစ်မှ ၁၉၅၅ ခုနှစ်ထိ တန်ခိုးပြာဋိဟာပြလျက် ကိန်းဝပ်စံပယ်လျက်ရှိသည်။

၁၉၅၅ ခုနှစ်တွင် ရိတံခါးကျောင်း တိုက်ကို ဓားပြတိုက်၏။ ထိုဓားပြတို့ မှာ ဆင်းတုတော်အတွင်း၌ ရတနာ ရွှေငွေများ ဌာပနာများရှိကြောင်း၊ ထို ရတနာများကို မုနိတော်ကို ချွတ်၍ရ လျှင် ရမည်ဆိုသော သတင်းစကား ကြောင့် မုနိတော်ကို နည်းမျိုးစုံဖြင့် လှည့်၍ ချွတ်ကြကုန်၏။

မုနိတော်ကား ဂျင်ကဲ့သို့ လည်သာ လည်၏။ ချွတ်၍ကား မရကြ။ နောက် ဆုံး ပေါက်ဆိန်ဖြင့် အတင်းရိုက်ဖျက် ချိုးဖဲ့ကြသော်လည်း ပင်ပန်းမှုသာ အဖတ်တင်ကြလေ၏။

ယခင်က လက်ဖြင့်လှည့်ကာ ဂျင်ကဲ့ သို့ လည်ရန် စီမံထားခဲ့သော မုနိတော် မှာ ကျွတ်ထွက်မလာသည့်ပြင် ပို၍ ခိုင်မြဲသွားလေတော့သည်။

ထိုအချိန်မှစ၍ မုနိတော်မှာ လက် ဖြင့်လှည့်၍ ယနေ့တိုင် လုံးဝမလည် တော့ချေ။ အဆိုပါ ဓားပြ (၅)ဦးတို့မှာ လည်း ဓားပြတိုက်ပြီး (၇)ရက်အတွင်း တစ်ဦးပြီးတစ်ဦး သွေးအန်ပြီး သေဆုံး သွားသည်ဟု သိရသည်။

**ဤဆင်းတုတော်၏ ထူးခြားချက် မှာ** အဆိုပါ သွန်းစက်တော်မြတ်ကြီး အား ကျေးငှက်တိရစ္ဆာန်အပေါင်းတို့ သည် ရုပ်တုတော်မြတ်၏ အပေါ်သို့ ခုန်ပျံကျော်လွှား နားနေခြင်းငှာ မဝံ့ခြင်း၊ ရုပ်တုတော်မြတ်၏ မျက်နှာတော်သည် ထွန်းတောက်ပေါ်ထွန်းစ လပြည့်ဝန်း ပမာသို့ နေ့ညမဟူ ကြည်ညိုရှုမဝနိုင် လောက်အောင် သပ္ပာယ်လှခြင်း၊ မကြာခဏ ရောင်ခြည်တော်ကွန့်မြူး၍ တန်ခိုးပြာဋိဟာ ပြတော်မူခြင်း...

မိစ္ဆာယူမှား မတရားကျင့်ကြံ ဒိဋ္ဌိ အယူရှိသူများ ထိုရုပ်တုတော်မြတ်ကို ဖူးမြော်သော်လည်း မျက်နှာတော်သည် ညိုပြာမှောင်ရီလျက် အရောင်မထွက် ခြင်း၊ ဆုတောင်းသစ္စာပြုသမျှ ဒိဋ္ဌ လက်ငင်း တွေ့ကြုံခံစား ဆုတောင်း ပြည့်ဝစေနိုင်သော တန်ခိုးအာနုဘော် ကြီးမားခြင်း...

အခါမလပ် ရဟန်းရှင်လူ ပရိသတ် မစဲ လာရောက်ဖူးမြော် စည်ကားလျက် ရှိခြင်း၊ ဘုရားရှင်အား ပုံတူကူးယူ သွန်းလုပ်ရေးဆွဲ ရိုက်နှိပ်၍ ပုံစံတူ မရရှိနိုင်ခြင်း၊ တိုင်းပြည့်မြို့ရွာ ကောင်း ကျိုးဆိုးကျိုးကို ကြိုတင်၍ ရှေ့ပြေး အတိတ်နိမိတ် ပြသလေ့ရှိခြင်း စသော အံ့ဖွယ် ဝိသေသ လက္ခဏာတော်များ ပြသလျက် ယနေ့တိုင် ကိန်းဝပ်စံပယ် လျက် ရှိနေပေသည်။

ယခုအခါ ရန်ကုန်–စစ်တွေ ကားလမ်းမကြီး ပြီးစီးပြီဖြစ်၍ အဆိုပါ ရိတံခါးဆင်းတုတော်မြတ်အား ဗုဒ္ဓ ဘာသာဝင်များအနေဖြင့် လွယ်လင့် တကူ သွားရောက်ဖူးမြော် ကြည်ညို နိုင်ပါကြောင်း စေတနာကောင်းနှင့် နှိုးဆော်ရခြင်း ဖြစ်ပေသည်။

**မောင်သိန်းခိုင် (စစ်တွေ)**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

• • • • • • • • • ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပို့တဲ့ • • • • • • • • •

# သမားအိုဆေးတိုက်

မှ ထုတ်လုပ်သော နန်းတွင်းလိမ်းဆေး၊ လေးဖက်နာဆေး၊ နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး



သီပေါမင်း ပါတော်မူပြီးနောက်နန်းတွင်းသမားတော်ကြီးများ မြို့နယ်အသီးသီးသို့ ပြန့်ကျဲရောက်ရှိခဲ့ကြရာ ဘီလူးကျွန်း၊ ကမာမွန်ရွာသို့ ရောက်ရှိခဲ့ကြသည့် နန်းတွင်း သမားတော်ကြီး ဦးပန္နဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေး ခေါင်းဆောင်ဆရာစံ (သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်းသမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို **သမားတော်ကြီး ဦးနွယ်၏မြေး သမားတော်ကြီး ဦးတင့်လွင်(ငြိမ်း/ဗိုလ်ကြီး) ဇနီး ဒေါ်ကျင်သိန်း၊ တိုင်းရင်းသမားတော် ဦးသန်းဇော်၊ ညီမဒေါ်ခင်ခင်ထွေး**တို့ အကြောင်းပြု ပေါင်းစုလျက် သမားအိုဆေးတိုက်မှ မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

သမားအို နန်းတွင်းလိမ်းဆေးကြီး

*[တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် ၀၅၁၀ YR ၀၀၀၉၉၇]*

*[လိုင်စင်အမှတ် ၁၁/၂၀၀၈ တဆထလ တိုး(၀၁၂၁)]*

မြန်မာ့နန်းတွင်း အစဉ်အဆက် သုံးစွဲခဲ့သည့် လိမ်းဆေးဖြစ်ပြီး **ပရုတ်၊ မင်သော် စသည့် ဆေးပူများ မပါရှိသော** ဆေးအေးဖြစ်၍ ဘေးထွက်ဆိုးကျိုး လုံးဝ မပါရှိဘဲ အပူနာများကိုပါ သက်သာပျောက်ကင်းစေကြောင်း အာမခံသည့် လိမ်းဆေးတစ်လက်ဖြစ်သည်။

ပျောက်ကင်းစေသော ရောဂါများ

သမားအို နန်းတွင်းလိမ်းဆေးကြီးသည် အဆစ်၊ အမြစ်၊ အကြောရောင်/နာ၊ ကိုက်ခဲခြင်း၊ ဒူးနာ၊ ခါးနာ၊ လေးဖက်နာ၊ ဂေါက်နာ၊ ဇက်ထိုး၊ ခေါင်းအုံ၊ ခေါင်းကိုက်၊ ပန်းနာ၊ ရင်ကျပ်၊ နှာစေး၊ နှာပိတ်၊ ထိပ်ကပ်နာ၊ အရိုးကျိုး၊ အဆစ်လွဲ၊ အဆစ်ဟ၊ ဒဏ်နာဖြစ်၊ လက်ကပ်ခြင်းနှင့် အပူလောင်ခြင်းများကို သက်သာ ပျောက်ကင်းစေပါသည်။

အသားပပ်ခြင်း၊ အသားကွဲခြင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နေလောင်ကွက်များကို ညအိပ်ရာဝင်ချိန်၌ မျက်နှာအား ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပြီးမှ ဆေးလိမ်း တစ်ရှူးကပ် အိပ်ပါ။

နေ့စဉ်ရက်ဆက် လိမ်းပေးခြင်းဖြင့်**"အသားအရေ ဖြူနုချောမွတ်ပြီး မကြုံဘူးအောင် အလှထူးစေသည့်"**ကမ္ဘာ့ ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။ မန္တလေးတောင်၊ကျိုက်ထီးရိုးတောင်၊ ပုပ္ပါးတောင်ကဲ့သို့ အလေ့အကျင့်မရှိသော တောင်တက်ဘုရားဖူးခရီးသည်များ သုံးစွဲလျှင် ထုံကျဉ်သြောင်းညာ ကိုက်ခဲခြင်းများ သက်သာပျောက်ကင်းစေသည့်အပြင် ကျီးပေါင်းရောဂါဝေဒနာရှင်များ အသားထဲ စိမ့်ဝင်အောင် ညင်သာစွာ လိမ်းပေးခြင်းဖြင့်ကျီးပေါင်းရောဂါဝေဒနာများ အချိန်တိုအတွင်း သက်သာပျောက်ကင်းစေပါသည်။

သမားအို

လေးဖက်နာဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် ၀၃၀၅ YR ၃၀၆၃]*

လူတစ်ယောက်၏ခန္ဓာကိုယ်အား သိပ္ပံနည်းကျ သွေးစစ်ကြည့်ခြင်းဖြင့် **ယူရစ်အက်စစ်အလွန် များနေခြင်း၊ အေအက်စ်အို သီတာယူနစ်(၂၀၀)ထက် ရှိခြင်း၊ နောက်ဆုံး အာအေ စမ်းသပ်မှု၌ (+) အပေါင်းလက္ခဏာတွေ့ရှိခြင်း**စသည်ဖြင့် လေးဖက်နာရောဂါအဆင့်ဆင့်တို့ကိုသိရှိနိုင်ပေသည်။

လေးဖက်နာရောဂါ၏ ဆင့်ပွားရောဂါများဖြစ်သော နှလုံး၊ သွေးတိုး၊ ဆီးယပ်ရောဂါများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်သည့် ဆေးဖက်များ သမားအို လေးဖက်နာဆေးတွင် ထည့်သွင်း ဖော်စပ်ထားပါသည်။

သမားအိုလေးဖက်နာဆေးတွင် သက်စောင့်ဆေးဖက်များ ပါရှိသည့်အတွက် ရာသီဥတုဒဏ်ခံနိုင်ပြီး တရားထိုင်သူများ၊ ယာဉ်မောင်းသူများ၊ စက်ချုပ်သမားများ၊ လက်နှိပ်စက်နှင့် ကွန်ပျူတာ အော်ပရေတာများ ဤဆေးကို မှန်မှန် စားသုံးသွားပါက ဆီး၊ ဝမ်း၊ လေမှန်ကန်ပြီး ကျန်းမာရေးနှင့်ညီညွတ်ကာ ကိုယ်လက်ပေါ့ပါး သွက်လက်စေပါသည်။

သမားအို နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် ၀၃၁၁ YR ၀၀၃၀၆၂]*

မြန်မာ့နန်းတွင်းသမားတော်ကြီးများ အသုံးပြုခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်သည်။ **နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှလုံးကျုပ်ခြင်း၊ နှလုံးခုန်လွန်းခြင်း၊ မောပန်းခြင်း၊နှလုံးအားနည်းခြင်း၊ နှလုံးရောင်ခြင်းနှင့် နှလုံးရောဂါအမျိုးမျိုး**တို့ကို သက်သာပျောက်ကင်းစေပြီး စိတ်ဓာတ်ကို ကြည်လင် လန်းဆန်း၍ ဉာဏ်ရည်ထက်မြက်စေသော **"သတ္တဂုဏ်"**နှင့် ပြည့်စုံသော ဆေးကောင်းတစ်လက် ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းသူကျောင်းသားများနှင့် ရဟန်းသံဃာ အရှင်မြတ်များ စာမေးပွဲနီးသောအခါ၌ လည်းကောင်း၊ ပရိယတ္တိ,ပဋိပတ္တိ ဓန်ဆောင်ရာ၌ လည်းကောင်း အစဉ်အလာအားဖြင့် အောင်မြင်စွာ သုံးစွဲခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

**သမားအိုဆေးတိုက်**

အမှတ်(၄၇)၊ (၁၁၈)လမ်း၊ မင်္ဂလာဈေးအနီး၊


မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၂၉၀၆၁၀ အမြို့မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။

မြှောင်းမြ မောင်ယဉ်တင်

www.burmeseclassic.com

www.burmeseclassic.com



◆ လက်ဦးညွှန့်ဟန်

ထက်မြင့်ကျော်စွာ

အောင်အတိတ်ဆောင်

# သိဂ္ဂနိုက်တောင်ရိုးဆီ မှ

## ပုထိုးစေတီ နေရာထူးများ (၅)

ယခင်လမှအဆက်

အစိဋ္ဌာန် အောင်မြင်ပါက မြသပိတ်နှင့် ဆံတော်မြတ်အား အာရုံတွင် ထင်ရှားစွာ ဖူးမြော်ရသည့်အပြင် မိမိ ကျင်လည်နေရသော လောကီရေးရာတွင် အမှုကိစ္စ လုပ်ငန်းဆောင်တာများ အဆင်ပြေ လွယ်ကူလာသည်ဟု မှတ်သားရလေသည်။

သို့ဖြစ်၍ ၁၉၇၇ ခုနှစ် ဆောင်းဦးကာလတွင် သထုံမြို့ ညောင်ပိုင်းရပ်နေ ဆရာ ဦးကျော်ဝင်း (မိမိ၏ တိုင်းရင်းဆေးပညာ လက်ဦးဆရာ)နှင့်အတူ မြသပိတ်တောင်ပေါ်သို့ ကုလားပဲခြမ်းတစ်ထုပ်ဖြင့် တက်ရောက် ကျင့်ကြံခဲ့ကြသည်။

စိတ်၏ ငြိမ်းအေးမှုကို ရရှိကာ တောင်ထွတ်အထက် ကောင်းကင်၌ လွင့်မျောနေသကဲ့သို့ ပီတိအဟုန်ကို ရံဖန်ရံခါ ခံစားရသည်။ သို့သော်လည်း မြသပိတ်နှင့် ဆံတော်တို့အား ဖူးမြော်နိုင်ခြင်း မရှိချေ။


ထို၏နောက်ပိုင်းတွင် လူမှုဆက်ဆံရေး၌ အရေးတယူ နေရာပေးခြင်းများ ကြုံဆုံရသည်။ ဆရာကား မည်သို့ အခြေအနေရှိသည်ကို မသိခဲ့ရပါ။ ပါရမီ ရင့်သန်သူတို့အတွက် အကျိုးထူး ရနိုင်ကောင်းသည်ဟု ထင်မြင်မိသဖြင့် လက်ဆင့်ကမ်း ဒါနပြုလိုက်ခြင်း ဖြစ်ပါသည်။

မြသပိတ်တောင်၌ အဓိဋ္ဌာန်ဝင်စဉ် (၉) ရက်ကာလအတွင်း စိတ်နှလုံး ညှိုးချုံးချောက်ချားဖွယ်ရာ အမြင်အကြား အဖြစ်အပျက်များ တစ်စုံတစ်ရာ တွေ့ကြုံရခြင်း မရှိပါ။ အကျိုးထူးများစွာ မရသော်မှ စိတ်သန္တာန် ကြည်လင်အေး



www.burmeseclassic.com

www.burmeseclassic.com



◆ နတ်မြင်းခွာလေလား

ချမ်း၍ စိတ္တသုခ ပြည့်စုံနိုင်ကြလေသည်။

## ရွှေစေတီကုန်းတော်

မြသပိတ် စေတီရင်ပြင်ကို လှည့်ပတ်၍ ပဋ္ဌာန်းဂုဏ်တော်ကွန်ချာဖြင့် ပူဇော်ပြီးနောက် ဓမ္မဒဇ္ဇမင်းမောင်နှံမှအစ ဝေနေယျအားလုံးတို့အား အမျှဝေ မေတ္တာပို့သလျက်. မြောက်ဘက်လှေကားမှ ပြန်လည် ဆင်းသက်ခဲ့သည်။

ထိုမှ ကွင်းပြင်ငယ်အစွန်တွင် ကိန်းဝပ်တော်မူသော ရွှေစေတီကုန်းတော်သို့ တက်ရောက် ဖူးမြော်သည်။ ရွှေစေတီမှာ ဖရုံမြောင့် အုတ်မဏ္ဍိုင်မြင့်အထက် စေတီတစ်ဆူနှင့် အရံစေတီလေးဆူ ပူဇော်ထားခြင်း ဖြစ်သည်။ မဏ္ဍိုင် ဂေါ်လည်တွင် မှန်လေးခုနှင့် စေတီလေးဆူ ရံထားသည်။ ထူးခြားသောပုံစံ ဖြစ်သည်။ ဖြစ်စဉ်တော်ကို သိရှိရန်အတွက် ကုန်းတော် မြောက်ဘက်လှေကား အဆင်းလမ်းထက်ဝက်ရှိ ကျောင်းဆောင်သို့ သွားရောက်ကာ ကုန်းတော်ကို စောင့်ရှောက်တော်မူနေသည့် **ရွှေစေတီကျောင်း ဆရာတော် ဦးဝိသုဒ္ဓ**အား ဂါရဝပြု ဖူးမြော်သည်။

ဆရာတော်က ဖြစ်စဉ်ကို စိတ်ဝင်စားဖွယ်

◆ ရွှေစေတီကျောင်း ဆရာတော် ဦးဝိသုဒ္ဓ






www.burmeseclassic.com

www.burmeseclassic.com







ရှုပ်တု

မိန့်ကြားပေးတော်မူကာ လမ်းတွင် အသုံးပြုရန် ကော်ဖီမစ်ထုပ်များ၊ ရေသန့်ဘူးများ ဒါနပြု စွန့်ပေးတော်မူလေသည်။

## ရွှေစေတီဖြစ်စဉ် တောင်စဉ်တန်း

'ဒကာကြီးတို့ ကန်တော်မင်္ဂလာကို ရောက်ဖူးရဲ့ မဟုတ်လား။ နေမိန္ဒရ တောင်နားကလေ၊ မြတ်စွာဘုရား သထုံကို ကြွလာတော့ ခြေတော်ဆေးတဲ့ကန်လို့ဆိုကြတယ်၊ ကန်တော်မင်္ဂလာနားမှာ အကြီးဆုံး စေတီတစ်ဆူ ရှိတယ်။ အဲဒီတစ်ဝိုက်မှာ အကြီးဆုံးပဲ။

ဒီစေတီ မပွင့်ထွန်းမီ စေတီပြိုအုတ်ပုံ အဖြစ် ရှိနေချိန်မှာ အလံတစ်ရာ ဆရာတော်ကြီးရဲ့ တပည့် သံဃာ ဦးဇဝန ဆိုတာ ပြုပြင်ဖို့ ရောက်လာတယ်။ ဒီဦးပဥ္စင်းက စေတီ အဟောင်းအပျက်တွေကို လိုက်လံ ပြုပြင်ပြီး သာသနာပြုနေတဲ့ ဦးပဥ္စင်းပါ။

တပည့် ဒါယကာတွေ အကူအညီနဲ့ စေတီကြီးကို ပြန်တည်ပေမယ့် သုံးကြိမ်တိုင်အောင် ပြန်ပြိုကျတယ်။ နောက်ဆုံးအချိန် ပြိုကျတော့ လုပ်အားပေး သုံးဦး ပျက်စီးသွားတယ်။

ဒါနဲ့ ဦးဇဝနလဲ စေတီတည်တာ ခဏရပ်ပြီး သုံးနှစ်၊ အဓိဋ္ဌာန်ပြန်ဝင်တယ်။ အဓိဋ္ဌာန်ရက်စေ့တော့ တပည့် ဒါယကာတွေခေါ် အုတ်ပုံအပျက်ကို ရှင်းလင်းစေတယ်။ ဒါယကာတွေက အုတ်ပုံကို ရှင်းလို့ ဘာမှ မကြာသေးဘူး လူတစ်ယောက် ရောက်လာပြီး…

'ငွတ်တိုးမလို့လား။ ဒီတစ်ကြိမ်ဆိုရင် အရင်ထက် အများကြီး သေရမယ်'

လို့ ပြောဆို ထွက်ခွာသွားပါလေ



www.burmeseclassic.com

www.burmeseclassic.com

ရော။ ဒါယကာတွေလဲ လုပ်ငန်းရပ်ပြီး ဦးပဍ္ဍင်းကို လျှောက်တယ်။ ဒါနဲ့ ဦးပဍ္ဍင်းက ပြောတဲ့သူကို ခေါ်ခိုင်းလို့ လိုက်ရှာတော့ မတွေ့ရတော့ဘူး။


ဒီတော့ ဦးဇဝနက သထုံမြို့ပေါ်က ညောင်ပိုင်းဆရာတော်၊ ဂေါ့လေသာ ဆရာတော် စတဲ့ သက်သတ်လွတ် ဆရာတော်ကြီးတွေကို လျှောက်ထားတိုင်ပင်တယ်။ ဆရာတော်တွေကလဲ အကြံမပေးနိုင်ဘူး ဖြစ်နေတယ်။

အဲဒီအချိန်တုန်းက ဦးပဍ္ဍင်း (ရွှေစေတီဆရာတော်)က လူ့ဘဝပဲ ရှိသေးတယ်။ ဦးပဍ္ဍင်းဆီကို ဆရာတော်တွေ ကြွလာပြီး သာမညဆရာတော်ကြီးကို လျှောက်ထား အကြံတောင်းနိုင်အောင် လိုက်ပို့ခိုင်းတယ်။

ကျုပ်က သာမညဆရာတော် အနားမှာ ရဟန်းဝတ်နဲ့ နှစ်ဝါကြာအောင် ပြုစုပေးဖူးတယ်။ နေ့ချင်းပြန် သွားဖူးမယ်ဆိုပြီး ထွက်သွားလိုက်တာ ဆရာတော်ကြီးအနားနေ သံဃာအဖြစ်နဲ့ နှစ်ဝါကြာသွားတယ်လေ။ သာမန် သွားဖူးမယ်ဆိုရင် အစုလိုက်ဝင်၊ ဝတ္တု ပူဇော်ဖွယ် သက်န်းကပ်၊ အစုလိုက် ပြန်ထွက်ဆိုတော့ လျှောက်ထားခွင့်မရဘူး။ ဒါကြောင့် လာခေါ်တာပါ။

ကျုပ်လဲ ခေါ်သွားပေးပါတယ်။ သာမညဆရာတော်ကြီးဆီကို ရောက်လို့ လျှောက်ထားတိုင်ပင်တော့ ဆရာတော်ကြီးက သူကိုယ်တိုင်လာပြီး ပန္နက်ချပေးမယ်။ အဲဒါဆိုရင် ဆက်လက်ပြီး ဘယ်သူတည်တည် ပြဿနာ မရှိတော့ဘူးတဲ့။ ရက်ချိန်း ပေးလိုက်ပါတယ်။

အချိန်တန်တော့ သာမည ဆရာတော်ကြီး သထုံကို ကြွလာပြီး ကြိုတင်ဆောက်ပေးထားတဲ့ ဝါးကျောင်းကလေးမှာ သီတင်းသုံးတယ်။ လုပ်အားပေးတွေကလဲ အင်တေဖျော်၊



◆ ကုန်းတော် တနင်္ဂနွေထောင့်မှ မုခ်တန်ဆောင်း

◆ ရွှေစေတီ အစပြုရာ ကျောက်ပြား



ပန္နက်ချဖို့ အသင့်လုပ်ထားကြတယ်။ (၉) နာရီလောက်ကျတော့ ဆရာတော်ကိုယ်တိုင် ပန္နက်ချပေးတယ်။

ပန္နက်တင် မင်္ဂလာပြီးမြောက်တော့ ခဏနားပြီး ဝါးကျောင်းပေါ်မှာ ဆွမ်းဘုဉ်းတယ်။ သာမညဆရာတော် ကြွလာမှာသိလို့ သထုံတစ်မြို့လုံး အုတ်အုတ်ကြွက်ကြွက်နဲ့ ဆွမ်းပို့သူပို့ လာဖူးသူဖူးပေါ့။ ပရိသတ် အတော်များတယ်။

ဆွမ်းဘုဉ်းပြီးတဲ့အခါ ဝါးကျောင်းရှေ့ခင်းပြင်မှာ ပက်လက်ကုလားထိုင်နဲ့ ထိုင်ပြီး ပရိသတ်ကို တရားနည်းနည်း ဟောပေးတယ်။

နောက်တော့ **"ဒီလို စေတီပြိုတစ်ဆူ ဟိုတောင်ထိပ်မှာ ရှိသေးတယ်"**လို့ မိန့်ပြီး ဝါးကျောင်းအဖီအောက်ကနေ မြသပိတ်တောင်ဆီကို လက်ညှိုးထိုးပြတယ်။ မြသပိတ်စေတီရဲ့



www.burmeseclassic.com

www.burmeseclassic.com



ရွှေစေတီကုန်းတော်မှ တောင်ဘက်မြင်ကွင်း

မြောက်ဘက်မှာရှိသတဲ့။

အဲဒီနေရာ ကုန်းတော်ကလေးဟာ နယ်နယ်ရရ နေရာမဟုတ်ဘူး။ မြတ်စွာဘုရားရှင် သထုံမြို့ကို ကြွလာတဲ့အခါ အဲဒီကုန်းတော်မှာ ခေတ္တ စံပယ်ပြီး နောင် ငါ ဘုရားသာသနာကို စောင့်ရှောက်မယ့် ပါရမီရှင်တွေ ဒီနေရာကနေ ကျင့်ကြံ အောင်မြင်ကြလိမ့်မယ်လို့ ဗျာဒိတ်ပေးထားတဲ့ နေရာကွယ်။

အဲဒီလို မိန့်ကြားပြီး ဆရာတော်လဲ သာမညတောင်ကို ပြန်ကြွသွားတယ်။ ဆရာတော် ပန္နက်ချပေးပြီး နောက်ပိုင်းအစ စေတီကြီး ပွင့်ထွန်း အောင်မြင်လာတာပါပဲ။

ဆရာတော်ကြီးကိုယ်တိုင် ညွှန်ပြကြားသွားတာမို့ စေတီပြိုကို ကုသိုလ်ရှင်တွေက ကြိုးစား ရှာဖွေကြတယ်။ မြသပိတ်စေတီ မြောက်ဘက်ဆိုတော့ အကျယ်ကြီး၊ ဘယ်နေရာမှာ ရှာရမှန်း မသိဘူး။ တစ်ဖွဲ့ပြီးတစ်ဖွဲ့ လက်လျှော့ ပြန်သွားကြတယ်။

နောက်တော့ သာသနာပြု ပုဂ္ဂိုလ်တစ်ဦးရောက်လာပြီး ကျုပ်ကို အကူအညီတောင်းလို့ သာမည ဆရာတော်ဆီ သွားမေးကြတယ်။ စေတီ မွမ်းမံ ပြုပြင်ချင်တယ်။ နေရာ အတိအကျ ညွှန်ပေးတော်မူပါ လျှောက်တော့...

'မင်းတို့ ရှာလို့တွေ့မှာ မဟုတ်ဘူး။ သူ့အလိုလို ပေါ်လာမယ်။ နေ့ချင်း, ညချင်း ဆိုသလို စေတီကြီး ပွင့်ထွန်းလာမယ်'

ဆိုပြီး မိန့်ကြားတာမို့ အဲဒီပုဂ္ဂိုလ်လဲ ပြန်သွားရတယ်။

ဒါတွေက ဦးပဥ္စင်းဆီလာပြီး အကူအညီတောင်းလို့ သိရတာတွေပါ။ မိမိအစီအစဉ်နဲ့ ရှာ ဖွေကြသူတွေလဲ အများကြီးပါပဲ။ စေတီပြိုကိုတော့ မတွေ့ကြရဘူး။

## အခါသင့်လို့ ပွင့်ချိန်တန်

၂၀၀၅ ခုနှစ်၊ နှစ်ဦးအစမှာ ဦးပဥ္စင်းဆီကို လူနှစ်ယောက် ထူးထူးဆန်းဆန်းပဲ တစ်ပြိုင်နက်တည်း ရောက်လာကြသတဲ့။ သူတို့ချင်း မသိမခင်ကြဘူး။ တစ်နေရာစီက လာကြတာ။ တစ်ယောက်က မောင်ညိုအေးဆိုတဲ့ သူငယ်၊ မဲဆောက်မှာ အထည်ချုပ်စက်ရုံ ထောင်ထားတယ်။

သူ့ဇနီးက အိပ်မက်ထဲမှာ သာမည ဆရာတော်ကြီးနောက်က လိုက်သွားနေသတဲ့။ မြသပိတ်တောင်ရဲ့ မြောက်ဘက်လှေကားက ဆင်းတော့ ဆရာတော်ကြီးက ကုန်းတစ်ခုကို ညွှန်ပြပြီး ဒီနေရာမှာ နင် စေတီတည်ရမယ်လို့ ပြောသတဲ့။

တစ်ပြိုင်တည်း ရောက်လာတဲ့ နောက်တစ်ယောက်ကတော့ ...

www.burmeseclassic.com



◆ တောင်ဘက်မှ မြသပိတ်စေတီ

ဘက်က ဌာနဆိုင်ရာ အရာရှိတစ်ယောက်ပါ။ သူလဲ အဲဒီလိုပဲ ဆရာတော်ကြီးက အိပ်မက်ထဲမှာ ညွှန်ပြသွားတယ်လို့ တအံ့တသြ ပြောပြတယ်။

ဒါနဲ့ ကျုပ်တို့ တောင်ပေါ်တက်ပြီး စေတီဟောင်းကို ရှာကြတယ်။ ဒီကုန်းတော်က ချုံတွေ, သစ်ပင်တွေ ထူထပ်နေတော့ မတွေ့ကြဘူး။ မောင်ညိုအေးက လက်ကိုင်ဖုန်းနဲ့ သူ့ဇနီးဆီ အသေးစိတ် ပြန်မေးတယ်။

မြသပိတ်စေတီ မြောက်ဘက်လှေကားကဆင်းလာရင် ကွင်းပြင်တွေ့မယ်။ ကွင်းပြင်တစ်ဖက်က တောင်ကုန်းတဲ့။ ဒါကြောင့် ချုံတွေကို ဝိုင်းပြီးရှင်းကြမှ သာမညဆရာတော်မိန့်တော်မူတဲ့ ကျောက်ပြားကြီး စ,တွေ့တယ်။

ကျောက်ပြားတွေ့တဲ့ နေရာတစ်ပိုက်ရှင်းလင်းလိုက်တော့ ပထမအဆင့်ကိုတွေ့ရတယ်။ အဲဒီနောက်မှာ တစ်ဆင့်မြင့်သွားပြီး စေတီဟောင်းရဲ့ မဏ္ဍိုင်အပျက် ပေါ်လာတယ်။ မဏ္ဍိုင်အထက်မှာ သစ်ပင်ကြီးတစ်ပင်က ထီးလို ထီးတည်းပေါက်နေတယ်။

အားလုံး ဝမ်းသာအားရနဲ့ ချုံနွယ်သစ်ပင်တွေ ရှင်းပြီး ပြန်ဆင်းလာကြတယ်။ သာသနာရေးဝန်ကြီးဌာနကို စေတီတည်ခွင့် လျှောက်ထားရဦးမယ်လေ။ ချက်ချင်းပဲ လျှောက်လွှာရေး၊ ရန်ကုန်သွား၊ လျှောက်လွှာတင်လိုက်တယ်။ ခွင့်ပြုမိန့် စောင့်ရမှာမို့ လိုအပ်တာတွေ အေးအေးလူလူ ပြင်ဆင်စုဆောင်းကြတာပေါ့။

ဖြစ်ချင်တော့ လျှောက်လွှာကို ဖတ်ပြီးတာနဲ့ဝန်ကြီးက ခွင့်ပြုမိန့်ချပေးလိုက်လို့ ညချင်း သထုံပြန်လာ။ နောက်တစ်နေ့မှာ ဝန်ကြီးမှာတဲ့အတိုင်း မြို့နယ်သံဃနာယကအဖွဲ့ ခွင့်ပြုချက် တောင်း
တယ်။

ဥက္ကဋ္ဌဆရာတော်က စေတီတည်
တာ ကောင်းတာပေါ့ဆိုပြီး မဆိုင်းမတွ
လက်မှတ်ထိုးပေးတယ်။ အကျိုးတော်
ဆောင် ဆရာတော်ဆီ သွားကြတော့
တထိတ်ထိတ်နဲ့ ခွင့်မှ ပြုပါ့မလားပေါ့
အဲဒီဆရာတော်က "မြသပိတ်တောင်
ပတ်လမ်းဖောက်တော့ ဒီကုန်းကို
ရှင်းလိုက်ရင် ကွင်းပြင်ကွက်လပ်ကျယ်
လာလို့ ယာဉ်ရပ်နားစရာ၊ ဇရပ်တန်
ဆောင်း စတာတွေ ဆောက်နိုင်မယ်
လို့ စဉ်းစားမိကြတယ်။

ရှေ့လ ဆက်ဖတ်ပါရန်

ထက်မင်းကျော်စွာ



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

လေးဖက်နာရောဂါအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# လေးဖက်နာသောက်ဆေးနှင့် လိမ်းဆေး

"မမျိုးရေ မမမျိုး"
"ဟဲ့ ဘယ်သူတုံး"
"ညီမလေး ခင်ခင်ပါ"
"ကြော် ညီမလေး လာ အထဲကို ...ခဲ့တယ်"
"မမျိုး အပြင်တောင် မထွက်နိုင် ...အောင် ဘာရောဂါတွေ ဖြစ်နေလို့လဲ"
"အခန်းပြင်ထွက်ဖို့ နေနေသာသာ ...က်ဆစ်ခြေဆစ်တွေ ရောင်ရမ်း ...ကျင်ကိုက်ခဲနေလို့ အိပ်ရာထဲ ...ဘက်၊ ဒီဘက် လှည့်တာတောင် ...ဆုံ ခံစားရပြီး အမယ်လေး တ.နေ ...တယ်"
"ဒီလောက်ဖြစ်နေတာ ဆေးခန်းမပြ ...ဘူးလား"
"ဆေးခန်းလဲပြတယ်။ လိုအပ်တဲ့ ...ဆေးမှုတွေလဲ ခံယူတယ်"
"မမျိုးဖြစ်တာ ဘာရောဂါတဲ့လဲ"
"ဆေးပညာရှင်တွေ ကတော့ ...ဖက်နာရောဂါတဲ့။ ဆေးမတွေ့ဘူး ...နေတယ်။ အဲဒါကြောင့် ဟိုတစ်ခါ ...မလေး အစ်မလို လေးဖက်နာရောဂါ ...တုန်းက သောက်သုံးပြီး သက်သာ ...ပျောက်ကင်းသွားတဲ့ဆေးက ဘာဆေး ...လို့ သိချင်လို့ ခေါ်နိုင်းလိုက်ရတာပဲ"
"ကြော် ဟုတ်ပါရဲ့။ အဲဒီဆေးကတော့ စကြာမင်း လေးဖက်နာ ...သောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးပဲ အစ်မရဲ့"
"ဟုတ်လား ဒီဆေးက ဒီလောက်တောင် စွမ်းသလား"
"စွမ်းဆို စကြာမင်း လေးဖက်နာဆေး ထုတ်လုပ်ဖြန့်ချိတဲ့ ဆရာမြင့်ဆိုတာ အရိုးကျိုးပေါင်းရောဂါ၊ လေးဖက်နာရောဂါတို့ကို ...ယ်တိုင် စနစ်တကျ ကုသမှုတွေပေးနေတဲ့ ဆရာလေ။
ဆေးခန်းကို လာရောက် မကုသနိုင်တဲ့ လေးဖက်နာရောဂါရှင် ...အတွက် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပါပြီ"
"အဲဒီ စကြာမင်း လေးဖက်နာဆေးရဲ့ အညွှန်းလေး ...ပြပါဦး"
"စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေးရဲ့ အစွမ်း ...နိသင်ကတော့ သွေးအနည်ထိုင်၍ဖြစ်တဲ့ အဆစ်နာ၊ အဆစ် ...ောင်၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ လက်ဖဝါး၊ ခြေဖဝါး များ တင်းခြင်း၊ ကျိန်းခြင်း၊ အဆစ်အမျက်များ ကိုက်ခဲနာကျင်ခြင်း၊ ခြေဆစ်၊ လက်ဆစ်များ ရောင်ပွပြီး ကြီးနေခြင်း၊ နံနက်အိပ်ရာထနဲ့ ကြာကြာထိုင်ပြီး ပြန်အထများတွင် လက်ဖဝါး၊ ခြေဖဝါး ပို၍ တင်းခြင်း၊ ကျိန်းခြင်း၊ နာကျင်မှု ပိုများခြင်း။




(ယာယီတိုင်းရင်းဆေးဝါး
မှတ်ပုံတင်အမှတ်-၀၇၁၁ YR ၀၀၆၀ ၂၇)




(ယာယီတိုင်းရင်းဆေးဝါး
မှတ်ပုံတင်အမှတ်-၀၆၁၃ Y ၀၁၀၅၀၃)

**ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၇/၀၅၁၃**

အဆစ်အမျက်များ အနည်းငယ် လှုပ်ရှားရုံဖြင့် နာကျင်ခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အားနည်းနှေးကွေးခြင်း၊ လက်မြှောက်မရခြင်း၊ ခါးနာ၊ ခါးတောင့်၊ ခါးကိုက်ခြင်း၊ တင်ပါးခွက်ကြောနှင့် ပေါင်တွင်းကြောများ ထုံကျဉ်ကိုက်ခဲခြင်း၊ ဒူးနာ၊ ဒူးကိုက်၊ ဒူးဆစ်ရောင်ခြင်း၊ တံကောက်ခွက်ကြော တင်းခြင်း။

ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အောက်ပိုင်းများ လေးလံ ညောင်းညာ ကိုက်ခဲနေခြင်း၊ လက်ခြေများ မသယ်နိုင်ခြင်း၊ အာရုံကြောနဲ့ အကြောများ အားနည်းခြင်း၊ လေအားနည်းခြင်း၊ လေဖြတ်၊ လေငန်း၊ သွက်ချာပါဒဖြစ်ခြင်း၊ အရိုးကျိုးပေါင်းရောဂါ အမျိုးမျိုးဖြစ်ခြင်းနဲ့ အရိုးအဆစ်အကြောနဲ့ လေးဖက်နာရောဂါများကို သက်သာပျောက်ကင်းစေတဲ့ဆေး ဖြစ်ပါတယ်"

ကဲ စာဖတ်ပရိသတ်များ ညီမလေး ခင်ခင် အညွှန်းကောင်းတာနဲ့ စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးကို သုံးစွဲလိုက်တာဟာ အခု ကျွန်မ ခံစားဖြစ်ပေါ်နေတဲ့ လေးဖက်နာရောဂါဟာ သက်သာပျောက်ကင်းသွားပါပြီ။ အဲဒါကြောင့် ဆေးစွမ်းကောင်းတစ်လက်ကို သတင်းကောင်းလေး ပါးရတာလေ။

"မှတ်ထားနော် လေးဖက်နာရောဂါဖြစ်ရင် စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးကို မမေ့နဲ့နော်"

**ဆရာမြင့်**

**စကြာမင်းတိုင်းရင်းဆေးတိုက်**

အမှတ်-၈/၆၆၆၊ သုဓမ္မာလမ်းမကြီး၊
သန္တာမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်
ဖုန်း-၇၂၂၅၄၁



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

အာရုံကြောနှင့် အကြောအားနည်းသူများအတွက်

# စကြာမင်း
အမှတ်တံဆိပ်
# အကြောအားဆေး




(ယာယီ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၇၁၁YR ၀၀၆၀ ၂၅)

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆ၀က(စာနယ်ဇင်း) ၅၂/၀၅၁၃

'မင်္ဂလာပါ ဆရာ'

'မင်္ဂလာပါဗျာ။ ဘယ်သူတွေများလဲ မှတ်တယ် ရွှေနေကြီး ဦးအောင်ဝင်းနိုင်တို့ကို။ ဘယ်က လှည့်လာကြတုံး'

'ဆရာ့ဆီ သက်သက်လာတာပါ။ ဒီ ကျွန်တော့်မိတ်ဆွေ ဦးဇော်ထွန်းက ရုံးဝန်ထမ်းဆိုတော့ အလုပ်များ၊ အထိုင်များလို့နဲ့ တူတယ်။ ထိုင်းမှိုင်းလေးလံနေပြီး အမြဲတမ်း ညောင်းညာကိုက်ခဲကာ အကြောတွေတက်နေလို့ ညတိုင်းလိုလို နင်းခိုင်း၊နှိပ်ခိုင်းနေတာ တွေ့တာနဲ့ ဆရာ့ဆီ ခေါ်လာတာ'

'ဒါဆိုရင် ဦးဇော်ထွန်းရဲ့ ညာဘက်လက် တစ်ချက်လောက် ပြပါဦး။ ကျွန်တော် သွေးစမ်း အဖြေရှာကြည့်မယ်'

'ဟုတ်ကဲ့ ဆရာ။ လိုအပ်သလိုသာ ကုသပေးပါ'

'ဩော်... ဦးဇော်ထွန်းမှာ အာရုံကြောအားတွေ၊ အကြောအားတွေ နည်းလာလို့ အခုလို ဖြစ်လာတာပါ'

'အာရုံကြောအားနည်းရင် ဒီလိုမျိုး ခံစားရသလား ဆရာ'

'အာရုံကြောတွေ၊ အကြောတွေ အားနည်းလာရင် နောက်ကြောတက်၊ ဇက်ကြောထိုးခြင်း၊ ခြေလက်တွေ အားမရှိသလိုဖြစ်ခြင်း၊ ခြေလက်တွေ တုန်ယင်လာတတ်ခြင်း၊ အမြဲတမ်း လေးလံထိုင်းမှိုင်းနေခြင်း၊ ခြေကုန်လက်ပန်းကျသလို ခံစားရခြင်း၊ အမြဲတမ်း လိုလို ခြေလက်တွေ ညောင်းညာတောင့်တင်းခြင်း၊ ခြေလက်တွေ ကပ်ခြင်း၊ လုပ်ချင်ကိုင်ချင်စိတ်တွေ လျော့နည်းလာပြီး နုံးချည့်သလိုမျိုး ခံစားရတတ်ပါတယ်။

အာရုံကြောနဲ့ အကြောတွေ အားနည်းတော့ ကြွက်သားတွေ အဆစ်အဆက်အရွတ်တွေပါ အားနည်းသွားစေပါတယ်။ ဒီအခါမှာ လေးလံထိုင်းမှိုင်း ကိုက်ခဲခြင်း၊ အားမရှိသလိုမျိုး ခံစားရခြင်း၊ အကြောတက် ညောင်းညာခြင်း၊ လေဖြန်း၊ လေဖြတ်၊ သွက်ချာပါဒ ရောဂါတွေ ဖြစ်ပေါ်ခြင်း၊ ခြေတုန်၊လက်တုန်၊ လည်ပင်း၊ဦးခေါင်း တွေ၊ တုန်ယင်ခြင်းတွေ ဖြစ်ပေါ်ခံစားရတတ်ပါတယ်'

'ဟုတ်လား ဆရာ။ ကျွန်တော့်ကို အကောင်းဆုံးဆေးတွေ လမ်းညွှန်ပေးပါ'

'ဦးဇော်ထွန်းအတွက် အကောင်းဆုံးဆေး ပေးရမယ်ဆိုရင် အာရုံကြောနဲ့ အကြောအား အဆစ်အရွတ် ကြွက်သားအားတွေ အထူးကောင်းမွန်စေတဲ့ စကြာမင်း အကြောအားဆေးကိုသာ မှီဝဲပါ'

'စကြာမင်း အကြောအားဆေးက ဘာတွေကောင်းလဲ ဆရာ'

'ဘာတွေကောင်းလဲဆိုရင်တော့ အာရုံကြောနဲ့ အကြောများ ပိတ်ဆို့ရောင်ရမ်းပြီး နောက်ကြောတက် ဇက်ကြောထိုးခြင်း၊ သတိမှတ်ဉာဏ်နည်းခြင်း၊ အာရုံကြောများ၊ အကြောများ၊ ကြွက်သားများ အားနည်းရောင်ရမ်းခြင်း၊ အရိုးကျီးပေါင်းတက်ခြင်း၊ လက်ခြေများ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အားနည်းနှေးကွေးခြင်း၊ ခြေကပ်လက်ကပ်ဖြစ်ခြင်း၊ လက်မြှောက်မရခြင်း၊ ခါးနာ၊ ခါးတောင့်၊ ခါးကိုက်ခြင်း၊ အောက်ပိုင်းများ ထုံကျဉ်လေးလံညောင်းညာကိုက်ခဲခြင်း၊ ခြေလက် မသယ်နိုင်ခြင်း၊ အထိုင်အထလေးလံခြင်း၊ အမျိုးသားများ ပန်းသေ ပန်းညှိုး ဖြစ်ခြင်း၊ အကြောသေခြင်း၊ ဒူးနာ၊ ဒူးကိုက်၊ ဒူးရောင်ခြင်း၊ ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အ သစ်ရောင် အဆစ်နာ၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ အတက်စာနည်း နည်းစားရုံနဲ့ အကြောတက် ညောင်းညာလာခြင်း တစ်ကိုယ်လုံး သွက်လက် ပေါ့ပါးမှုမရှိခြင်းများကို သက်သာပျောက်ကင်းပြီး ကျန်းမာသန်စွမ်းကာ သွက်လက်ပေါ့ပါးစေတဲ့ဆေး ဖြစ်ပါတယ်။ ဒါ့အပြင် လေဖြတ်၊ လေငန်း၊ သွက်ချာပါဒရောဂါများအတွက်လဲ ကာကွယ် ဆေးအဖြစ် တစ်နေ့တစ်ကြိမ် ဆေး(၅)ပြား မှီဝဲပြီး ကြိုတင် ကာကွယ်နိုင်ပါတယ်'

'ဒီဆေးဟာ ဆရာ့ဆေးတိုက်မှာပဲ ရသလား ဆရာ'

'ကျွန်တော့်ဆေးတိုက်အပြင် အမြို့မြို့အနယ်နယ်ရှိ ဆေးမျိုးစုံ ဆိုင်တိုင်းမှာ ရနိုင်ပါတယ်'

'အခုဆိုရင် ကျွန်တော့်မှာ စကြာမင်း အကြောအားဆေးအစွမ်း ကြောင့် ကျန်းမာသန်စွမ်းပြီး သွက်လက်ပေါ့ပါးနေပါပြီ။ အာရုံ ကြော အားနည်းနေသူများ၊ အကြောအားနည်းသူများ၊ အဆစ် အရွတ် ကြွက်သားအားနည်းသူများ၊ အသက်(၄၀)ကျော်သူများ နဲ့ အာရုံကြောအားနည်းတဲ့ ကလေးလူကြီး၊ အမျိုးသား၊ အမျိုး သမီးများအတွက် အကောင်းဆုံး အဖော်မွန်ဖြစ်တဲ့ စကြာမင်း အကြောအားဆေးကို အိမ်တိုင်းဆောင်ထားပြီး မှီဝဲကြပါလို့ အကြံပြုပါရစေ'

ဆရာမြင့်
**စကြာမင်းဆေးတိုက်**
အမှတ်-စ/၆၆၆၊ သုဓမ္မာလမ်းမကြီး၊ သင်္ဃန်းကျွန်းမှတ်တိုင်အနီး၊
မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၇၂၂၅၄၁

ဦးဇော်ထွန်း



www.burmeseclassic.com

www.burmeseclassic.com

# ပေါင်လောင်ရှင်ကဿပမထေရ်

## ကောင်းမှုစေတီများ ပူဇော်မှုခရီး

### ကျောက်မျက်ရွှေမြင်တင်စေတီ (၄)

စံလွင်နွယ်သာ



▲ ရွှေမြင်တင် ရုပ်ပွားတော်

#### ယခင်လမှ အဆက်

ကျောင်းဝင်းအလယ်တွင် လေ့ကား အုတ်ခုံတစ်ခု တွေ့ရသဖြင့် မေးကြည့်ရာ လွန်ခဲ့သော နှစ်အနည်းငယ်က ရဟန်းတစ်ပါး တောရဆောက်တည် ကျင့်ကြံလိုသဖြင့် ကျောင်းငယ် တစ်ဆောင် ဆောက်လုပ်ပေးခဲ့ကြသည်။

ရက်အနည်းငယ်မျှသာ သီတင်းသုံးပြီးနောက် အရပ်တစ်ပါးသို့ ပြောင်းရွှေ့သွား၏။ ဆက်လက် သီတင်းသုံးမည့် သံဃာ မရှိသဖြင့် သစ်သားကျောင်းဆောင်မှာ ပြိုပျက်သွားကာ လေ့ကား အုတ်ခုံသာ ကျန်တော့သည်ဟု သိရ၏။

သီလ, သမာဓိ အားနည်းပါက ကြာရှည် သီတင်းသုံးနေထိုင်၍ မရသော ကြမ်းတမ်းသည့် နေရာဟု ဆို၏။

လှမ်းစေတီကား ပစ္စယံအဝိုင်းများ၌ ခေါင်းလောင်းမှောက်စေတီ ပေါက်ထားသော ရှေးဟောင်းစေတီ လက်ရာ ဖြစ်သည်။ ပေါင်လောင်ရှင် ကဿပသည် နရပတိစည်သူမင်း၏ သားတော် ထီးလိုမင်းလိုမင်း (ဥဇနာ၊ ဇေယျသိင်္ခ၊ နားတောင်းများ (ခေါ်) နန်းတောင်းများ၊ မဟာဗောဓိစေတီ တည်ကာ စသည်ဖြင့် အမည်ကွဲများစွာ ရှိ၏) လက်ထက်တွင် ကနီနယ်၌ ခရီးတော်မူရာ မင်းကြီးနှင့် အနန္တသူရိယ အမတ်တို့က သွားရောက်ဖူးမြော်ကာ မထေရ်မြတ် သီတင်းသုံးခဲ့ရာ နေရာများတွင် လှမ်းစေတီများ တည်ထားကြောင်း ကျောက်ရစ် ရွှေပေါင်လောင် ဘုရားသမိုင်းစာအုပ်တွင် ဖော်ပြထားသည်။

သို့ဖြစ်၍ ဤလှမ်းစေတီကား ထီးလိုမင်းလိုမင်းနှင့် အနန္တသူရိယ အမတ်တို့က ပေါင်လောင်ရှင်ကဿပအား ရည်စူး၍ တည်ထားကိုးကွယ်သော





www.burmeseclassic.com

www.burmeseclassic.com

လွှမ်းစေတီ ဖြစ်တန်ရာလေသည်။


## ရွှေမြင်တင်စေတီသို့

တောကျောင်းရာနှင့် လွှမ်းစေတီ ကုန်းတော်မှ ပြန်ဆင်းကာ တောင်ကြား ကျောင်းသို့ ရောက်သောအခါ ဆရာ တော်က ရွှေမြင်တင်စေတီသို့ သွား ရောက် ဖူးမြော်ရန် ရှင်ပညိန္ဒအား လမ်းပြအဖော် ထည့်ပေးလိုက်သည်။

'ရွှေမြင်တင်တောင်ရဲ့ မြောက်ဘက် ချောက် ထဲမှာ ခြသေ့်ဂူဆိုတာ ရှိတယ်။ တောင် ထက်ဝက်လောက်မှာ အတက်အဆင်း ခက် ပေမယ့် သတိနဲ့ ဖြည်းဖြည်းချင်းသွားရင် ရပါတယ်။ လိုဏ်ဂူကနေပြီး မြေအောက် ဥမင်အတိုင်းသွားရင် ပုဂံပြည်ရောက်တယ် လို့ ပြောကြတယ်။ ကျုပ်တော့ မသွားဖူးဘူး။ ဒီလိုပူပြင်းတဲ့ အချိန်မျိုးမှာ လိုဏ်ဂူက အေးမြတယ်။ ရာသီဥတု ပူလွန်းလို့ လိုက်ပြဖို့ မလွယ်ဘူး။ ဟိုတုန်းကတော့ ဂူထဲမှာပဲ တရားထိုင်ရင်ထိုင် မထိုင်လဲ နေ့လယ်နေ့ခင်း တစ်ရေးတမော သွားအိပ်လေ့ရှိပါတယ်။ အခု မရောက်ဖြစ်တာ နှစ်အတော်တောင် ကြာသွားပါပြီ။ ရွှေမြင်တင်ဘုရားသာ ဖူးကြ ပါ'


ဆရာတော်၏ စကားအဆုံးတွင် ရှင်ပညိန္ဒ ဦးဆောင်၍ ထက်ဝက်နီးပါး ကျန်ရှိသော တောင်တက်ခရီးကို ဆက်တက်ကြသည်။ ဆရာတော်သည် သာမဏေငယ်ကလေးများကို ခေါ်ယူ စောင့်ရှောက်ကာ စာချပေး၍ အတန်း အသင့် ကြီးပြင်းလာချိန်၌ စာသင်တိုက် ကြီးများသို့ ပို့ဆောင် ပျိုးထောင်ပေး လေ့ရှိရာ တောင်ကြားတောရတွင် သာမဏေ အတန်များစွာ မြင်တွေ့ရ လေသည်။

ရွှေမြင်တင် တောင်တက်လှေကား မှာ အင်္ဂတေခင်း လှေကားထစ်များ ဖြစ်သော်လည်း အရိပ်ကင်းမဲ့သော



◆ ရင်ပြင်တောင်ဘက်မှ ဆင်ရုပ်

◆ အနောက်ဘက်မှ ကျားရုပ်



နေရောင်အောက်တွင် ပူပြင်းလှပါ သည်။

အုတ်လှေကားသည် စေတီတော်၏ တောင်ဘက်မုခ် အဝင်ဝတွင် အဆုံး သတ်ပါသည်။ လှေကားထိပ်တွင် အမျှ ဝေသော ခေါင်းလောင်းတစ်လုံး ချိတ် ဆွဲထားရာ ၁၂၈၄ ခုနှစ်က လှူဒါန်း ကြောင်း ကမ္ပည်းတင်ထားလေသည်။


ကုန်းတော်ထက်၌ လေးထောင့် ပစ္စယံ သုံးဆင့်တင်ကာ ခေါင်းလောင်း မှောက်စေတီ ပေါက်ထားသော ရွှေမြင် တင် စေတီတော်ကို ဖူးမြင်ရသည်။ ပစ္စယံထောင့်များ အရံစေတီ တစ်ဆူစီ၊ စုစုပေါင်း (၁၂)ဆူ ပူဇော်လျက် အရှေ့ ဘက် အာရုံခံ အုတ်တိုက်တစ်ဆောင် လည်း လှူဒါန်းထားသည်။

၁၂၉၉ ခုနှစ်တွင် ဆောက်လုပ်ပြီး ကြောင်း မှတ်တမ်းစာသား တွေ့ရ သည်။ အာရုံခံအတွင်းတွင် တင်ပျဉ်ခွေ ရုပ်ပွားတော် လေးဆူ စီတန်း စံပယ်



www.burmeseclassic.com

www.burmeseclassic.com



▲ ပါဒစေတီ

▼ နဂါးရုံဘုရား



တော်မူကာ အလယ်ဗဟို မုခ်လိုဏ် အတွင်း၌ ကိုယ်လုံးတော်ပြည့် ရွှေသင်္ကန်းကပ်ထားသော တင်ပျဉ်ခွေ ရုပ်ပွားတော်ကြီး တစ်ဆူ ကိန်းဝပ်တော်မူလေသည်။

ဤစေတီ၏ မူလကောင်းမှုရှင်မှာ သီရိဓမ္မာသောကမင်း ဖြစ်သည်။ ပုဂံပြည့်ရှင် နရပတိစည်သူမင်းသည် စိန်, ရွှေ, ကျောက်မျက်များသဖွယ် ပြိုးပြိုးပြက်ပြက် အရောင်များ ထွက်ပေါ်နေသည့် ကျောက်မျက်တောင်ထိပ်ရှိ မုဋ္ဌောစေတီကို ငုံ၍ ရွှေမြင်တင်စေတီကို မွမ်းမံ တည်ထားခဲ့သည်။

ကုန်းတော်မှနေ၍ ဝန်းကျင်တစ်ခွိရှုခင်းများကို ကောင်းစွာ တွေ့မြင်နိုင်သဖြင့် "ရွှေမြင်တင်"ဘွဲ့မည် ကပ်လှူခြင်း ဖြစ်သည်ဆို၏။

စေတီတောင်ဘက် ပစ္စယံအခြေတွင် ဆင်ဖြူရုပ်နှင့် ပါဒစေတီ အနောက်တောင်ထောင့်တွင် နဂါးရုံ ရုပ်ပွားတော်တစ်ဆူ၊ အနောက်ဘက် ပစ္စယံအခြေတွင် ကျားရုပ်တစ်ရုပ်တို့ မြင်တွေ့ရသည်။

အနောက်မြောက်ထောင့်၌ နောင်တော်ကြီး (ခေါ်) ပုံတော်စေတီ၊ မြောက်ဘက်တွင် ကုန်းတော်စောင့်နန်း၊ ကျောက်သပိတ် စသည်တို့ကိုလည်း ဖူးတွေ့ရလေသည်။

ရွှေမြင်တင်ဘွဲ့မည်အတိုင်း ကုန်းတော်မှ ဝန်းကျင် အဝေးရှုခင်းကို ကောင်းစွာ ကြည့်ရှုနိုင်သည်။ အနောက်တောင်ထောင့် တောင်ခုလတ်တွင် လေးထောင့်စပ်စပ်၊ ကျောက်တန်းစီထားသော တောကျောင်းရာကို ပျပျမြင်ရသည်။

အရှေ့ဘက်တွင်ကား ချင်းတွင်းမြစ်ကို သဲသောင်ပြင်အကြား ရစ်ခွေ ကွေ့ဝိုက်လျက် တွေ့ရသည်။ မြစ်အရှေ့ဘက်ကမ်းတွင် တိုင်းဒေသကြီး လွှတ်တော် အဆောက်အအုံကို အစီအရီ မြင်နိုင်လေသည်။

ဝန်းကျင်တစ်ခွိ လှေ့လာကြည့်ရှုပြီးနောက် စေတီတော်အား နှုတ်ဆက်ကန်တော့ကာ သီရိဓမ္မာသောကမင်းမှ အစပြု၍ ခေတ်အဆက်ဆက် ကောင်းမှုရှင်များ၊ ဝေနေယျများအား မေတ္တာပို့ အမျှပေးဝေကာ တောင်ကြားလမ်းသို့ ပြန်ဆင်းခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆီးရောဂါအတွက် အစွမ်းထက်

ဆေးပင်

ရွှေမြင်တင်တောင်ပေါ်ရှိ သစ်ပင်များသည် အရွက်များကြွေကာ အရိုးပြိုင်းပြိုင်း ရှိနေကြ

◆ တောင်ပိုင်နန်း





◆ ဇေယျ ကျောက်သပိတ်

◆ ပုံတော်စေတီ

သော်လည်း စိမ်းစိုသော ရွက်ဖား ဝေဝေဆာဆာဖြင့် မင်းမူနေသူတို့မှာ နာနတ် ရိုင်းပင်များ ဖြစ်ကြသည်။ - အပူများလွန်း၍ ဆီး အိမ်တွင် ဆီးခန်းကာ ဆီးမသွားပါက နာနတ် ရိုင်းပင်၏ အရွက်နုများကို

ထုထောင်းလျက် အရည်ညှစ်ယူပါ။ ထိုအရည်ကို သကြားနှင့်ရောကာ သောက်ပေးလျှင် ဆီးတွင် သွေးပါ လောက်အောင် ဆီးခန်း၊ ဆီးချုပ်သော ရောဂါကိုပင် အမြန် သက်သာ ပျောက် ကင်းစေလေသည်။ **(ဆေးနည်းကို ဒါနပြုသော ကျောက်မျက်ရှာသား အဘိုးအိုအား ကျေးဇူးတင်ရှိပါ**


◆ ကူညီပေးသူ ရှင်ပညိန္ဒ





www.burmeseclassic.com

www.burmeseclassic.com



◆ ချင်းတွင်း မြစ်ကွင်း



နာနတ်ရိုင်းပင် ◆

ည်။)

## ဆရာတော်၏ လက်ဆောင်

တောင်ကြားကျောင်းသို့ ပြန်ကာ ဆွေ့နားနေပြီးနောက် ပြန်ရန် နှုတ်ဆက်သောအခါ ဆရာတော်က...

'ခင်ဗျား ခုနက မေးတယ်နော် ဆရာတော် ဦးဝိမလဆီက ဘာအမွေတွေ ရသလဲလို့ တောရမြေနဲ့ ကျောင်းပျက်အပြင် ရုပ်ဝတ္ထု ပစ္စည်း ဘာမှ မရပေမယ့် ပုတီးစိပ်နည်း တစ်ခုတော့ ရလိုက်တယ်။ ဟိုတုန်းက ဒီနေရာမှာ ကျောင်းပျက်ကြီး ရှိတယ်။ မြွေပေါလွန်းလို့ ကျုပ်ဖြင့် တစ်ခါမှ မလာဘူး။ ဟိုနားကလေး တဲကျောင်းနဲ့နေတယ်'

ဟု မိန့်ကြားသည်။

'တင်ပါ့ တပည့်တော် မှတ်မိပါတယ် ဘုရား'

'ကျောင်းထိုင်တာဝန် ယူရတော့ သာမဏေကလေးတွေကို အဆင်ပြေပြေ စာချနိုင်အောင် ကျောင်းတစ်ဆောင် လိုလာပြီ။ ဒါကြောင့် ဆရာတော်ပေးတဲ့ ပုတီးစိပ်နည်းအတိုင်း တစ်နေ့ကို ပုတီး (၉)ပတ်၊ အဓိဋ္ဌာန်နဲ့ စိပ်တယ်။ တိုက်ပျက်ကြီးကနေ အခုလို ကျောင်းဆောင်သစ် ဖြစ်လာတာပါပဲ'

ဆရာတော်၏ ပုတီးစိပ်နည်းမှာ...

* * *

| | | | | | |
|---|---|---|---|---|---|
| | အရဟံ | ဗုဒ္ဓံ | သရဏံ | ဂစ္ဆာမိ | *(ပုတီး တစ်လုံးချ)၊* |
| | အရဟံ | ဓမ္မံ | သရဏံ | ဂစ္ဆာမိ | *(ပုတီး တစ်လုံးချ)၊* |
| | အရဟံ | သံဃံ | သရဏံ | ဂစ္ဆာမိ | *(ပုတီး တစ်လုံးချ)။* |
| ဒုတိယမ္ပိ | အရဟံ | ဗုဒ္ဓံ | သရဏံ | ဂစ္ဆာမိ | *(ပုတီး တစ်လုံးချ)၊* |
| ဒုတိယမ္ပိ | အရဟံ | ဓမ္မံ | သရဏံ | ဂစ္ဆာမိ | *(ပုတီး တစ်လုံးချ)၊* |
| ဒုတိယမ္ပိ | အရဟံ | သံဃံ | သရဏံ | ဂစ္ဆာမိ | *(ပုတီး တစ်လုံးချ)။* |
| တတိယမ္ပိ | အရဟံ | ဗုဒ္ဓံ | သရဏံ | ဂစ္ဆာမိ | *(ပုတီး တစ်လုံးချ)၊* |
| တတိယမ္ပိ | အရဟံ | ဓမ္မံ | သရဏံ | ဂစ္ဆာမိ | *(ပုတီး တစ်လုံးချ)၊* |
| တတိယမ္ပိ | အရဟံ | သံဃံ | သရဏံ | ဂစ္ဆာမိ | *(ပုတီး တစ်လုံးချ)။* |

စသည်ဖြင့် (၁၀၈)လုံး ပုတီး တစ်ပတ်ပြည့်အောင် စိပ်ရသည်။

တစ်နေ့တာအတွင်း မိမိစိပ်ပွားမည့် ပုတီးအပတ်ရေကို သတ်မှတ် အဓိဋ္ဌာန်ကာ သမာဓိတည်စွာဖြင့် မပျက်မကွက် ပြုလုပ်ရသည်။

ဤဘာဝနာကုသိုလ်ကြောင့် မိမိ အလိုရှိရာကို (သတ်မှတ်ကာ) ရရှိလိုကြောင်း ဆုတောင်းပါ။ ဖြစ်နိုင်သည်ကို သာ တောင်းပါ။ အလွန်ပင် ထက်မြက်၍ ဆန္ဒပြည့်ဝစေသော ပုတီးစိပ်နည်းဖြစ်ကြောင်း မှတ်သားရသည်။

ပိုမို လျင်မြန်ထိရောက်စေရန် ဆရာတော်ကြီး၏ အောင်မြေ အနည်းငယ်ကို ပင့်ဆောင်သွားရန်လည်း မိန့်ကြားတော်မူလေသည်။

**စံထွန်းသာ**




www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ မြွေနှစ်အတွင်း

# စာမေးပွဲအောင်ဖို့





**၂၀၁၃ ခုနှစ်...**

မြွေစိုးမိုးသော တစ်နှစ်တာကာလအတွင်း အလုပ်ဝင် စာမေးပွဲ၊ အရည်အချင်းစစ် စာမေးပွဲ၊ အတန်းတင် စာမေးပွဲ၊ နှလုံးသားမော်ကွန်းဝင် စာမေးပွဲ စသည့် စာမေးပွဲများတွင် အဆင်ပြေစွာ ဖြေဆို အောင်မြင်ရေးအတွက် အစီအစဉ် ဖြစ်ပါသည်။

အသိအမြင် ကျယ်ပြန့်လာသော ယနေ့ခေတ် ကမ္ဘာတွင် မြန်မာဘာသာ၌ **"အကင်"**ဟူသော ဝေါဟာရကို လူသိများလာသည်။ မီးဖိုသေးသေးတစ်လုံးတွင် သံချောင်းကလေးများ ကန့်လန့်ခံကာ မီးသွေး မီးကျီးခဲများ ထည့်ထားသည်။

ကြက်သား၊ ကြက်အူချောင်း၊ ဝက်အူချောင်း၊ ငါးဖယ်ချောင်း၊ ကြက်ဥကင်၊ အာလူး၊ တို့ဟူး၊ ပဲပြား၊ ရုံးပတီ စသည်ဖြင့် တုတ်ထိုးကင်ကာ ငရုတ်ဆီဆမ်း၍ စားသုံးရသော သရေစာတစ်မျိုး ဖြစ်သည်။

ထိုအကင် တစ်မျိုးမျိုးဖြစ်စေ၊ သုံး,လေးမျိုးဖြစ်စေ ယူဆောင်ကာ စနေနေ့၌ ဗုဒ္ဓဟူးသား တစ်ဦးအား လက်ဆောင်ပေးရန် ဖြစ်သည်။

ဗုဒ္ဓဟူးနေ့မှာ **"ရေဓာတ်ရောင်ခြည်ဂြိုဟ်နေ့"**ဖြစ်ရာ ယခုနှစ် စိုးမိုးရှင် မြွေ၏ ရေ(ယင်း)ဓာတ်ကို ကိုယ်စားပြုလျက် လှူဒါန်းခြင်း ဖြစ်သည်။ စနေနေ့ကား မြေရောင်ခြည်ဂြိုဟ်နေ့ဖြစ်၍ ရေဓာတ်ကို အောင်နိုင်၏။ သူ့ကိုနိုင်လို၍ အောင်ဓာတ်ခိုခြင်း ဖြစ်သည်။

အကင်ကို တရုတ်ဘာသာဖြင့် ခေါင် (Kǎo) ဟူ၍ ရေးသားခေါ်ဝေါ်၏။ စာမေးပွဲကိုလည်း "ခေါင်"ဟုပင် ရေးသားခေါ်ဝေါ်၏။ ထို့ကြောင့် စာမေးပွဲ၌ အဆင်ပြေစေရန် အကင်ကို လှူဒါန်းခြင်း ဖြစ်သည်။

ပိုမို ထိရောက်စေလိုလျှင် ဖျော်ရည် (လိမ္မော်ရည်၊ စပရိုက်၊ ကိုလာ တစ်ခုခု တစ်ပုလင်းနှင့် တွဲဖက် လှူဒါန်းပါ။)

(火')မီးနှင့် (考 )စာမေးပွဲ စာလုံးနှစ်ခု ပေါင်းထားခြင်း ဖြစ်၏။ ဟော် (Huǒ) ခေါင် (Kǎo) အကင်ကို ခေါင် (Kǎo) (烤 )ဟုရေး၏။ ဖျော်ရည်ကား ရေဓာတ်ဖြစ်ရာ ဖျော်ရည်ကို တွဲဖက်လှူဒါန်းခြင်းဖြင့် စာလုံးတွင်ပါရှိသော (火')မီး ပျောက်ကွယ်၍ (考) ခေါင် (Kǎo) "စာမေးပွဲ"သာ ကျန်ရစ်သည်။ ထို့ကြောင့် စာမေးပွဲအတွက် အထူးပြုခြင်း ဖြစ်သည်။

လှူရန် **"အကင်"**၌လည်း **"ပဲပြားကင်"**က ပို၍ သင့်လျော်၏။ ပဲအမျိုးမျိုးမှာ ရေဓာတ်ပိုင်စိုးသောကြောင့် ဖြစ်သည်။

**[ပဲမှုန့်ညက်ဖြင့် လုပ်သော စားဖွယ်များတွင် ဗုကျန့် တရုတ်ဘာသာဖြင့် "တောင်ဖေွး" (ရှမ်းတို့၏ တို့ဟူးနွေးနှင့် ဆင်တူသည်)** "တောင်ဟူ" (ရှမ်းတို့ဟူးနှင့် တူပါသည်)နှင့် တောင်ကွမ်း **(ပဲပြားအမာ... ဖြစ်သည်။ ရှမ်းစားဖွယ်၌ မတွေ့ရပါ... တရုတ်တန်းများ၌ "တောင်ကွမ်း" ဟုမေးလျှင် ရ၏။)]** ဟူ၍ အမျိုးမျိုး... ရှိရာ "တောင်ဟူ" (ခေါ်) "တို့ဟူး" ကြော်ကို ကင်ထားသော "တို့ဟူး... ကင်"က ပိုမို၍ အကျိုး ဖြစ်ထွန်း... ပါမည်။

"တို့ဟူး"ကို (Madaran) တရုတ်... စကားဖြင့် (豆 腐) တို့ဖူ (Dòu Fu...) ဟု ရေးသားခေါ်ဝေါ်၏။ ယင်း၌ (Fǔ...) သည် "သုခ"ဟူသော ဖူ (Fǔ)နှင့်... အသံထွက် ဆင်တူသဖြင့် နိမိတ်ယူ... ထားခြင်း ဖြစ်ပါသည်။

ဖြေဆိုရသမျှ စာမေးပွဲများ၌ ... ချွန်စွာ အောင်မြင်နိုင်ကြပါစေ။

**ဝှခန်းယဲ့...**



www.burmeseclassic.com

www.burmeseclassic.com

ကျော်ကြားဆောင်းပါး

# အသည်းရောဂါအတွက် ကိုယ်တိုင်ကုသ ထုတ်လုပ်ထားတဲ့

# မင်းရာဇာ အသည်းအားဆေး

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ဂဃ၁၃ ၄ ၁၁၁၆၇၂၂ (တဆဂက(စာနယ်ဇင်း) ၁၁၇/၀၂၁၂) **ဦးအိုက်စံ(လားရှိုး)**

ယနေ့ခေတ်၊ ယနေ့အခါတွင် ရောဂါများသည်ခေတ်နှင့်အပြိုင်လိုက်၍ ထူးထွေဆန်းပြားစွာ ပေါ်ပေါက်၍လာပေသည်။ ထိုကဲ့သို့ ပေါ်ပေါက်စွဲကပ်လာသော ရောဂါများအနက်လွယ်ကူစွာ ကုသပေးနိုင်သော ရောဂါများရှိသကဲ့သို့ ခက်ခဲနက်နဲပြီး လုံးဝပျောက်ကင်းသက်သာအောင်ကုသမရဘဲလျက်သက်သာရုံရောဂါကို ထိန်းချုပ်ထားရုံမျှသာ တတ်နိုင်သော ရောဂါများလည်းရှိ၏။

ထိုခေတ်နှင့်အပြိုင် ဆန်းပြားထွေလာသောရောဂါများအနက်မှ အသည်းနှင့်ပတ်သက်သောရောဂါသည်လည်း ယနေ့အချိန်အခါတွင် ခေတ်စားအဖြစ်များသော ရောဂါတစ်မျိုးပင်ဖြစ်သည်။ အချို့အသည်းရောဂါများသည် ကာကွယ်ရုံမျှသာစွမ်းနိုင်ပြီး ဖြစ်ပေါ်လာခဲ့လျှင် လုံးဝပျောက်ကင်းအောင်ကုသမှုခံယူရန် မဖြစ်နိုင်ဘဲလျက် ရောဂါကို ထိန်းထားရုံမျှသာ စွမ်းနိုင်သောရောဂါဖြစ်ပါသည်။

လွန်ခဲ့သောနှစ်နှစ်ကျော်လောက်က ကျွန်တော်၏ဝမ်းဗိုက် အထူးသဖြင့် ညာဘက်ခြမ်းနံရိုးဆုံးမှ အောင့်နာသည်။ ရင်ခေါင်းတောင့်၏။ ပျို့အန်၏။ အစားအစာများစားချင်သောက် ချင်စိတ် မရှိ၊ ဝမ်းဗိုက်ထဲမှလေသံများတဂျုံးဂျုံး ကြားနေရ၏။ မျက်စိနှင့် အသားအရေများဝါလျှော့လာ၏။ ဆီးနည်းလာ၏။ ရံခါဝမ်းချုပ်၍၊ ရံခါ အပူဝမ်းကဲ့သို့ နည်းနည်းနှင့် ပျော့ပျော့သွား၏။ အားအင်ချည့်နည်းလာ၏။ အိပ်မပျော်ဖြစ်လာ၏။ အစားပျက်၊ အအိပ်ပျက်ကာ ပိန်ခြိုးလာ၏။ လူကသာပိန်လာသော်လည်း ဝမ်းဗိုက်ကလေးကတော့ ပူတင်းနေ၏။ ဘာမှန်းမသိရသော ရောဂါတစ်မျိုးကို ကျွန်တော်ခံစားလာရသည်။

အစာမစားနိုင်သည်မှာ နှစ်လလောက် ဖြစ်လာတော့ အစာအိမ်ရောဂါလို့ထင်ခဲ့၏။ သည့်လိုနှင့် ကျွမ်းကျင်သော အထူးကုသမားတော်ကြီးများနှင့် ပြသကြည့်တော့ လိုအပ်သော ဆေးစစ်ဆေးမှုများခံယူခိုင်း၏။ သည်မှာ ကျွန်တော်ကို ဒုက္ခပေးသောကျော်ကျော်နှိပ်စက်နေသော အနှီးရန်သူသည် B-ပိုး ဖြစ်နေ၏။ ယင်းပိုးကြောင့် ကျွန်တော်၏အသည်းမှာ မာခြောက်နေ၏ဟု ဆရာဝန်ကြီးကမိန့်ကြား၏။ ထိုခဏမှာပင် ကျွန်တော်နှင့် ဇနီးဖြစ်သူတို့မှာ နွေခေါင်ခေါင် မိုးကြိုးပစ်ခံလိုက်ရသလို ခံစားလိုက်ရ၏။

ကျွန်တော့်ရောဂါအတွက် ရောဂါနှင့် ရောဂါကိုဖြစ်စေသော လက်သည်ကိုတော့ တွေ့ပါ၏။ သို့သော် ထိုလက်သည် B-ပိုးနှင့် အသည်းမာခြောက်သောရောဂါကို လုံးဝကင်းစင်သွားအောင် ကုသနိုင်သောဆေးဝါးက နတ္ထိတဲ့လေ။ အသည်းပျက်စီးမှုကို မြန်မြန်မပျက်စီးစေရန် ထိန်းထားရုံနှင့် B-ပိုးကို အကောင်ရေ လျော့ချရုံမျှသာစွမ်းနိုင်၏ဟု သမားတော်ကြီးက ဆိုလာလေတော့ ဆောက်တည်ရာမရခံစားရပြန်သည်။

သည့်လိုနှင့် ဟိုဆရာ ဟိုဆေးကောင်းနိုးနိုး၊ သည်ဆရာသည်ဆေးကောင်းနိုးနိုးနှင့် လိုက်ကုလိုက်တာ ရန်ကုန်ကိုရောက်လာပါလေရော။ ခေတ်မီဆေးဝါးများနှင့် ပျောက်ကင်းအောင် ကုသမှုမပေးနိုင်ဘူးဆိုတော့ ရေနစ်သူအတွက်ကောက်ရိုးတစ်မျှင်ကို ရှာရ၏။ မိတ်ဆွေတစ်ဦး၏အကြံပေးမှုကြောင့် တိုင်းရင်းဆေးနှင့် ကုသရန် ဆုံးဖြတ်လိုက်၏။ သည့်လိုနှင့် ထိုမိတ်ဆွေမှ အရိုးကျိုးပေါင်းရောဂါ အထူးကုပေးနေသကဲ့သို့ ဆေးကျမ်းများစွာလည်း ရေးသားနေသော သမားတော်ဆရာမြင့်ရှိရာ စကြာမင်း တိုင်းရင်းဆေးကုခန်းသို့ လိုက်ပို့ပေး၏။ သမားတော် ဆရာမြင့်ထံရောက်တော့ ဆရာက ''ကျွန်တော်က အရိုးကျိုးပေါင်းရောဂါကိုပဲ အဓိက ကုသပေးနေတာပါ။ ဒါပေမယ့် အရိုးကျိုးပေါင်းရောဂါတုန်းကလိုပဲ ယနေ့ခေတ်မှာအဖြစ်များပြီး ဆေးတွေ့ဖို့ခက်ခဲနေတဲ့ အသည်းရောဂါအတွက်လည်း ကုထုံးဆေးဝါးတွေ တစ်နိုင်တစ်ပိုင်




www.burmeseclassic.com

www.burmeseclassic.com

ကုသရင်း သုတေသနပြုနေပါတယ်။ အခုတော့ အသည်းရောဂါအတွက် ဆေးတစ်လက်တော့ တွေ့ထားတယ်။ အဲဒါ ဦးအိုက်စံ ယူသွားပြီး တစ်ကြိမ် ဆေး ၅ ပြား တစ်နေ့ ၃ ကြိမ် သောက်ပေးပေါ့။ သဘာဝ တိုင်းရင်းဆေးဖြစ်လို့ ဘေးထွက်ဆိုးကျိုးမရှိပါဘူး။ "မှာတ်ကဲ့ပါ။ ကျေးဇူးအများကြီး တင်ပါတယ်"ဟု ဆရာ့ကို နှုတ်ဆက်ပြီး ပြန်လာခဲ့ပါသည်။

အိမ်ရောက်တော့ သမားတော်ဆရာမြင့် ပြောကြားသည့်အတိုင်း ငါ့အတွက် အကျိုးတော့မယုတ်တန်ကောင်းဘူးဆိုပြီး သမားတော်ဆရာမြင့်ပေးလိုက်တဲ့ဆေးကို ညွှန်ကြားချက်အတိုင်း ပုံမှန်သုံးစွဲမိသည်။ သည်လိုနှင့် တဖြည်းဖြည်းနှင့် ကျွန်တော် စောစောကပြောခဲ့တဲ့ ကျွန်တော်ခံစားနေရတဲ့ ရောဂါလက္ခဏာတွေ တစ်စတစ်စ သက်သာလာတာကို သတိပြုမိလာသည်။ ပုံမှန် အိပ်ရသည်။ ပုံမှန်စားကောင်းလာသည်။ ဝမ်းဗိုက်၏ ညာဘက် နံရိုး အဆုံးနားမှာ တစ်မျှင်းမျှင်းနှင့် အောင့်နာနေသော နာကျင်မှုမရှိတော့။ ဒါနှင့် အားတက်သွားပြီး ဂရုတစိုက်ဆေးကို သောက်မိ၏။ ဆေးသောက်လို့ ၆ လလောက်ကြာတော့ ကျွန်တော် အတော်လေး ကျန်းမာဝဖြိုးလာသည်။ ပုံမှန် အသားအရေနှင့် နဂိုအတိုင်း အားအင်အပြည့်နှင့် လုပ်ငန်းဆောင်တာတွေကို လုပ်လာနိုင်သည်။

ကျွန်တော်လည်း ကျေးဇူးရှင် သမားတော်ဆရာမြင့်ရှိရာ ရန်ကုန်သို့ မီရာ မန်းရွှေပြည်ကားနှင့် လိုက်လာခဲ့မိသည်။ ဆရာထံရောက်တော့ "ဆရာရဲ့ကျေးဇူးကို ဘယ်လိုဆပ်ရမှန်းကို မသိတော့ပါဘူး"လို့ ဆိုတော့ ဆရာက တွေတွေလေးစိုက်ပြီး ကျွန်တော့်ကို ကြည့်နေတယ်။ "ဆရာ ကျွန်တော့်ကို မမှတ်မိဘူးလား၊ ကျွန်တော် အိုက်စံလေ။ အသည်းရောဂါဖြစ်လို့ ဆရာ့ဆီလာပြတာ ဆရာ ပေးလိုက်တဲ့ဆေးကြောင့် အခု ကျွန်တော်ရဲ့အသည်းရောဂါဟာ သက်သာကင်းဝေးသွားပြီ ဆရာ"ဆိုမှ "ဩော် မှတ်မိပြီ ဦးအိုက်စံကိုး အခုလို ကြားရတာ ဝမ်းသာပါတယ်ဗျာ" "ဆရာ့ကို ကျွန်တော် တစ်ခုလောက် တောင်းဆိုချင်ပါတယ်ဆရာ" "ပြောပါ၊ ကျွန်တော် ဘာကူညီရမလဲ" "ဒီလိုပါဆရာ၊ ကျွန်တော့်လို အသည်းရောဂါရှင်တွေအတွက် ကျွန်တော့်ကိုပေးတဲ့ဆေးကို ထုတ်လုပ်ဖြန့်ဖြူးပေးပါလားဆရာ" "အင်း...ဦးအိုက်စံအနေနဲ့ အသည်းရောဂါသည်တွေအပေါ်ထားတဲ့ စိတ်စေတနာကို ကျွန်တော်လေးစားပါတယ်။ ဒါပေမယ့် ကျွန်တော့်မှာက ဆေးကုခန်းကတစ်ဖက်၊ အခြား ထုတ်လုပ်ဖြန့်ချိနေတဲ့ဆေးတွေကတစ်ဖက်ဆိုတော့ ဒီအသည်းဆေးကို ထုတ်လုပ်ဖို့ မလွယ်ကူသေးပါဘူး"

"ဆရာခွင့်ပြုမယ်ဆိုရင်တော့ ကျွန်တော်လို စိတ်ရောကိုယ်ပါ နာကျင်ခံစားနေရတဲ့ အသည်းရောဂါဝေဒနာရှင်တွေအတွက် ကူညီပေးချင်လို့ ဆရာမထုတ်ရင် ဒီအသည်းဆေးကို ကျွန်တော် ထုတ်လုပ်ချင်ပါတယ်ဆရာ။ အသည်းရောဂါဝေဒနာရှင်များ အလွယ်တကူသုံးစွဲနိုင်အောင်လို့ပါ။ "ဟာ...ကောင်းတဲ့အကြံပဲဗျာ။ ဦးအိုက်စံထုတ်လုပ်ချင်ရင် ထုတ်ပါ" "ဖော်မြူလာဆရာက ပေးမှာလား၊" "ပေးပါ့ဗျာ၊ ပေးပါ့။ ဖော်မြူလာတင်မဟုတ်ဘူး လိုအပ်တဲ့အရာတွေကိုလဲ ကူညီပေးပါ့မယ်" "မြင့်မြတ်တဲ့ ဆရာ့စိတ်ထားကို အရမ်းလေးစားပါတယ် ဆရာ"

ကဲ ကျွန်တော့်လိုအသည်းနှင့်ပတ်သက်၍ ဝေဒနာခံစားနေကြရသော အသည်းရောဂါရှင်များ...သမားတော် ဆရာမြင့်ရဲ့စေတနာ၊ ကျွန်တော်ကိုယ်တိုင် အသည်းရောဂါရဲ့ နှိပ်စက်မှုကို ခံစားခဲ့ရသည်မှလွတ်မြောက်၍ ရရှိခဲ့သော ပျော်ရွှင်မှုအရသာကို အသည်းရောဂါရှင်များထံ ဖြန့်ဝေပေးလိုက်ပါသည်။ ကျွန်တော့်ကို အသည်းရောဂါဝေဒနာ ဘေးဒုက္ခမှလွတ်မြောက်စေသော ဆေးစွမ်းကောင်းတစ်လက်ကတော့ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**ပဲ ဖြစ်ပါသည်။ ဤ**မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**၏ အာနိသင်ကတော့ အသည်းအားနည်းခြင်း၊ အသည်းရောင်အသားဝါရောဂါဖြစ်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းမာ၊ အသည်းကြီး၊ အသည်းခြောက် ရောဂါဖြစ်ခြင်း၊ အသည်းတစ်ဝိုက်အောင့်နာနေခြင်း၊ ပျို့အန်ခြင်း၊ ပိုးကြောင့်ဖြစ်သောရောဂါများအတွက် ထိရောက်သောဆေးဖြစ်သည်။ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေးကို** အသည်းရောဂါအမျိုးမျိုး ခံစားနေရသူများ၊ အသည်းကိုထိခိုက်စေတဲ့ အရက်သေစာနှင့် မကင်းနိုင်သူများ အသည်းမပျက်စီးအောင် ကာကွယ်လိုသူများ မဖြစ်မနေသုံးစွဲသင့်တဲ့ဆေးကတော့ **မန်းရာဇာအမှတ်တံဆိပ် အသည်းအားဆေး**ပဲဖြစ်၏ ဟူ၍ သတင်းကောင်းလေး ပါးလိုက်ပါသည်။

**ဦးအိုက်စံ (လားရှိုး)**

ဤဆေးသည် သဘာဝဆေးဖက်ဝင်ပစ္စည်းများဖြင့် စီမံဖော်စပ်ထားခြင်းကြောင့် အသည်းပျက်စီးခြင်းတို့ကို ကာကွယ်ပေးနိုင်သော ဆေးဖြစ်ပါသည်။

**ပင်ရင်း-မန်းရာဇာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**
**အမှတ်(ဆ/၃၆၀)၊ သုနန္ဒာ(ဂ)လမ်း၊ မ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁ ၆၉၁၀၉၁၊ ၀၉ ၇၃၂ ၄၁၀၉၄**

**ရှမ်းပြည်နယ်ဖြန့်ချိရေး-**
**အမှတ်(ည/၉)၊ ဘူတာလမ်း၊ ရပ်ကွက်-၁၀၊ လားရှိုးမြို့။**
**ဖုန်း-၀၈၂ ၂၆၂၉၁၊ ၀၉ ၄၇၃ ၂၂၃၉။**



www.burmeseclassic.com

www.burmeseclassic.com



◆ အရှေ့သို့ ဦးလှည့်နေသော ဆင်ပုံနှင့် စေတီတော်

ကံမနုယ် မြောက်အစွန်ဖျားဆီက | ထက်မင်းကျော်စွာ

# ကျောက်အမှုန် ရှင်မတောင် ဘုရားယံသို့ (၃)

ယခင်လမှ အဆက်

ဆင်ဦးကင်းသဏ္ဍာန် ကျောက်ဆောင်ထွတ်ပေါ်တက်၍ စေတီတည်ကျောက်တုံးကြီးအား အနီးကပ်ကြည့်ရှုနိုင်ရန် အုတ်လှေကား တပ်ဆင်ပေးထားသည်။ ထိုလှေကားမှ တက်ရောက် ဖူးမြော်ကြည့်ရှုရာ ကျောက်တုံးကြီးအား ဖိုခုံလောက်ပမာ ပင့်ထောက်ထားဟန်ရှိသော ကျောက်စွန်းသုံးခုကို တွေ့ရသည်။

ပင့်ထောက်ထားသည် ဆိုသော်လည်း ကျောက်စွန်းနှင့် စေတီတည် ကျောက်တုံးတို့ ထိကပ်နေခြင်း မရှိပေ။ ဖိုခုံလောက် ကျောက်စွန်း သုံးခုကြားတွင် တိုးလျှိုပေါက် မြင်ရလောက်အောင် ကွာဟနေသည်ကို တွေ့ရသည်။

သိပ္ပံနည်းကျ ဟန်ချက်ညီ တည်မြဲနိုင်သော အခြေအနေမျိုး မဟုတ်ပေ။ ဌာန ကာရက စွမ်းအားတို့ ကြီးမားစွာ သက်ဝင် ကိန်းအောင်းနေသော ကျောက်မြွတ်မ ဖြစ်သည်။

ထို့ပြင် ဆရာတော် ဦးပဏ္ဍဝ တည်ထားပြီး မကြာမီ မိုးကြိုးခစဉ် စေတီတော် (၅) ပေခန့် ရွှေ့သွားသည်ကို သမထကမ္မဋ္ဌာန်းဝင် မနောစွမ်းအင်ဖြင့် မူလကိန်းဝပ်ရာ နေရာသို့ ပြန်လည်ပင့်ဆောင်နိုင်သည်ဖြစ်ရာ စံပယ်တော်မှုပုံ အသွင်ထူးသည့် မြတ်စိန္တေဦးအဖြစ် ဝမ်းမြောက် ကြည်ညိုစွာ ဦးတိုက် ဖူးမြော်ခဲ့သည်။

ဖူးမြော်လိုဇောဖြင့် အတက်တွင် ချောမောခဲ့သော်လည်း ကျောက်တုံးပေါ်မှ ပြန်ဆင်းသောအခါ ခြေစုံချ ဖင်တွန်း၍ တွားဆင်းရသည်။ ဝဲယာ အောက်ခြေ လျှိုမြောင်ကြားရှိ သစ်ပင် သစ်ရွက်များကို ပြတ်သားစွာ မမြင်



www.burmeseclassic.com

www.burmeseclassic.com



လှမ်းမြင်ရသော ရှင်မတောင်နှင့်စေတီ

နိုင်အောင် မြင့်မား မတ်စောက်သည့် အပြင် တဟူးဟူး တိုက်ခတ်လာသော လေက ရပ်တည်ရာမရအောင် ဖန်တီး သကဲ့သို့ရှိသောကြောင့် ဖြစ်သည်။

မိမိမှာ အမြင့်တက်လျှင် မူးဝေတတ် သည့် အမြင့်ကြောက်သူ ဖြစ်သည်။ သို့သော်လည်း စေတီတည် ကျောက် တုံးကို နဖူးထိ၊ ဦးတိုက် ကန်တော့ခဲ့ ရသည့်အပြင် တစ်ဖက် တောင်ကုန်း ထက်မှ ဘုန်းကြီးကျောင်းနှင့် ဓမ္မာရုံ မြင်ကွင်းကိုပါ မှတ်တမ်းပြုနိုင်ခဲ့သဖြင့် ကြည်နူးရပါသည်။

စေတီအောက် အနီးရှိ အရုံစေတီ တွင် ၁၂၉၉ ခုနှစ်၊ နယုန်လဆန်းတွင် ဦးကျော်ဟိုး၊ ဒေါ်ရွှေဆင်တို့ ပြန်လည် မွမ်းမံသည်ဟူသော ကမ္ပည်းကို တွေ့ရ သည်။ စေတီတည် ကျောက်တုံးကြီး

စေတီတည်ကျောက်နှင့် ကြားခံ ဗိုလ်ုံးလောက် ကျောက်နှစ်ကြား တိုးလျှိုပေါက် မြင်ကွင်း





www.burmeseclassic.com

www.burmeseclassic.com



◆ စေတီအနီးမှ မြင်ရသော ကျောင်းနှင့် ဇရပ်

◆ ရှင်မတောင်အောင်မြေ



မိုးကြိုးခစဉ် ပြန်လည် မွမ်းမံခြင်းဖြစ်ကြောင်း သိရသည်။

### ရှင်မတောင်အောင်မြေနှင့် တောင်စောင့်ဗိမာန်

ဆင်ဦးကင်းပုံ ကျောက်တောင်ထွတ်၏ အရှေ့ဘက်စောင်း ကုန်းလျှောတွင် တည်ရှိသည်။ သုံးဖက်သုံးတန်တွင် လျှိုမြောင်များ ဝန်းရံနေသော ကုန်းစွန်းထိပ်ဖြစ်ကာ မြေသားလမ်းဖြင့် ဆင်းသက်နိုင်သည်။

ပွဲတော်ကာလက ဝါးလုံးများဖြင့် နှုတ်ခမ်းသတ်ကာ ပြုပြင်ထားသော်လည်း လေ့ကားထစ်များ မပီမပြင်၊ ပြိုပျက်သွားပြီ ဖြစ်သည်။ အောင်မြေနေရာကို ပျဉ်ချောင်းများဖြင့် ခြံခတ် ဝန်းရံပေးထားသည်။

ဆရာတော် ဦးပဏ္ဍဝ စေတီတည်ရန် (၄၉)ရက် အဓိဋ္ဌာန်ပြု ကမ္မဋ္ဌာန်းဆောက်တည်၍ တောင်ဝန်းကျင်နေဝေနေယျတို့ လက်ခံအားပေးမှု ရရှိအောင်မြင်ခဲ့သော အောင်မြေနေရာထူး ဖြစ်ပေသည်။

အုတ်တိုက် တန်ဆောင်းအနီးတွင် သီးခြား အဆောင်ထုတ်ကာ တောင်စောင့်နတ်မင်း ဗိမာန်အဖြစ် ပူဇော်ထားသည်။ ဗိမာန်တွင်း၌ နတ်မင်းရုပ်တုနှင့် အင်းဝိဇ္ဇာရုပ်တုများ တွေ့ရသည်။ ဤခရီးတွင် တောင်ပေါ်သို့ ချောမောစွာ ရောက်ရှိရန် ကူညီပေးမှုအတွက် ကျေးဇူးတင်ရှိကြောင်း မေတ္တာပို့ အမျှပေးဝေခဲ့သည်။

တောင်စောင့်နတ်မင်းများနှင့် ဝေနေယျအားလုံးအား ပြုပြီးသမျှ ကုသိုလ်အစုစု၏ အဖို့ဘာဂကို အမျှပေးဝေပြီးနောက် ပြန်ဆင်းလာကြရာ စောင်းတန်း ဝဲယာတွင် ကုံကုမံပင်များကို တွေ့ရသည်။ သီလရှင်ဝတ်ဖြင့် အဓိဋ္ဌာန်ပြု တရားအားထုတ်သွားကြသော တူမလေးများက ဘုရားဖူးလာသူတို့ မျက်စိပသာဒဖြစ်စေရန် စိုက်ပျိုးခဲ့ကြခြင်း ဖြစ်သည်ဟု မိန့်ကြား သိရှိရသည်။

ဒေသခံတို့၏ ဆေးသုံးအဖြစ် အဖုအကျိတ် အနာပေါက်များတွင် အရွက်ကို မီးအုံး၍ အုံပေးရသည်။ ရင့်လျှင် ပြည်ပေါက်၍ နုလျှင် အကျိတ်အဖု ကျေပျောက်စေသည်။

အသက်ရှူလမ်းတွင် အသက်ရှူမရလောက်အောင် ချွဲသလိပ်များ ပိတ်ဆို့နေလျှင် သတ္တုရည်ကို သောက်ပေးခြင်းဖြင့် ချွဲသလိပ်များ အန်ထွက်စေသည်။


သို့သော် ပမာဏများလျှင် အန္တရာယ်ရှိသဖြင့် လူကြီးအတွက် ကော်ဖီဇွန်း တစ်ဇွန်းမျှသာ ချင့်ချိန်သောက်သုံးရသည်။ ကလေးများအတွက် အရွယ်ကိုလိုက်၍ သုံးပုံတစ်ပုံ လေးပုံတစ်ပုံမျှသာ တိုက်ကျွေးသင့်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆေးကျမ်းအလိုအရ ခါး, ပူ၍ ကျေကျက်လျှင် စပ်၏။ ဝမ်းသက်၍ ပိုး, အဆိပ်တို့ကို ပယ်စေတတ်၏။ ဝဖြိုး၍ ကာမ အားပေးသည်။ ချောင်း ခြောက်ဆိုးခြင်း၊ လည်ပင်းနာ၊ ခေါင်း ကိုက်ဝေဒနာများ၊ ယားယံခြင်းဖြင့် အရေပြားရောဂါများတို့အတွက် အပွင့် ကို အသုံးပြုကြလေသည်။



◆ အလိုအလျောက် ရောက်လာသော စိန်နားတောင်း

### စိမ့်စမ်းများ

**ဥဩစမ်း**

ထို့နောက်တွင် ဆရာတော်က တောင်ကြားဇရပ် မရောက်မီ လက်ဝဲ ဘက် လျှိုမြောင်အတွင်း ဆင်းသက်ရာ ကျောက်လှေကားအတိုင်း ဦးဆောင် ခေါ်ငင်သွားသည်။ စက်ဝိုင်းခြမ်း တစ်ခုစာမျှ ကွေ့ပိုက်ဆင်းပြီးနောက် တောင်ကြားအဆုံသို့ ရောက်သည်။

ရှေ့ဆက်သွားပါက တောင်တန်း အလယ်ရှိ မဏိသြဃစမ်းရေထွက်နှင့် တောင်ဘက် ဆက်တက်လျှင် ဘုန်းကြီးကျောင်းသို့ ရောက်ပါမည်။ လက်ယာဘက် လှေကားအတိုင်း ဆင်း သက်ပါက ဥဩစမ်းရေထွက်သို့ ရောက်ရှိသည်။

ဦးစွာ ဥဩစမ်းသို့ သွားရောက် ကြည့်ရှုကြသည်။ ဆယ့်နှစ်ရာသီ ပတ် လုံး ရေမခန်းပါ။ ယခုကဲ့သို့ နွေနှောင်း, နွေကုန်ကာလတွင်ပင် ရေတသွင်သွင် စိမ့်ထွက်လျက် တွေ့ရသည်။ ရေထွက် ရာ ကျောက်တောင်ကို **"ဥဩ သံတိုင်"** ကျောက်တောင်ဟု ခေါ် ကြောင်း သိရသည်။

အကျယ် (၁၅)ပေ ပတ်လည်၊ အနက် (၄)ပေရှိ အုတ်ကန်တွင်း ရေ များ သိုလှောင်ထားသည်။ ကျောင်းရှိ ရာ ကုန်းထိပ်နှင့် အမြင့် ကွာလှသဖြင့် လှောင်ကန် (၄)ကန်၊ ရေစုတ်မော်တာ (၄)လုံးဖြင့် အဆင့်ဆင့် ရေတင်ရသည် ဆို၏။

ဆင်းသက်လာရာ လမ်းတစ် လျှောက် ဝါးတိုင်ခြစည်းရိုးကလေးများ ခတ်ထားသည်ကို တွေ့ရသဖြင့် မေး ကြည့်ရာ ပွဲတော်ကာလက ကုန်းထိပ် သို့ ရေတင်သော စခန်းထောက် ယာယီကန်များ ဖြစ်သည်ဟု မိန့်ကြား သည်။

မိုးကာဖျင်စကို လေးထောင့်ဝါးလုံး ပေါင်ကွပ်ကာ ရေကန်သဖွယ် ပြုလုပ် ထားခြင်း ဖြစ်သည်။

သာမန်ကာလများတွင် ဘုရားဖူး များက ရေကုသိုလ်ပြု သယ်တင်ပေး ကြသဖြင့် သောက်သုံးရေ လုံလောက် စွာ ရရှိသည်။ ရေချိုး, သက်န်းလျှော် ကိစ္စများအတွက် ဤနေရာသို့ လာ ရောက်ရသည်ဟု သိရသည်။

နွေရာသီတွင် သာယာစွာ မြည်ကြွေး တတ်သော ဥဩငှက်ကို နွေရာသီ၏ ပူပြင်းမှုများ လျော့ပါးအေးငြိမ်းစေသည့် ငှက်ဟု တင်စားကြသကဲ့သို့ ဥဩသံ တိုင် ကျောက်တောင်မှ စိမ့်ထွက်လာ သော ဥဩစမ်းရေသည်လည်း အေးမြ လှပါသည်။

ဌာနပလ၊ ကာရကပလ စွမ်းအင်ထူး များကြောင့် ဥဩစမ်းရေကို သောက် သုံးခြင်းဖြင့် ရောဂါဘယ ပျောက်ကင်း စေသည်ဟု ဆိုကြသဖြင့် မြည်းစမ်း ကြည့်ရန် ရေခွက်ရှာရာ မတွေ့ရပေ။ ဦးပဉ္ဇင်းများ ရေချိုး, သက်န်းလျှော်ကြ သည့် ပလတ်စတစ် ရေပုံးကြီး တစ်လုံး သာ ရှိလေသည်။


သို့ဖြစ်၍ အနီးတောင်စောင်းတွင် ပေါက်ရောက်နေသည့် ပိန်းရွက်ကြီး တစ်ရွက်ခူးကာ ကတော့ထိုး၍ ခံယူ သောက်သုံးခဲ့သည် ကြည်လင်အေးမြ သော စိမ့်စမ်းရေ ဖြစ်သည်။

ပိန်းရွက်ခူးစဉ် နဂါးမောက်ပင်များ လည်း ရှင်သန် ပေါက်ရောက်နေသည် ကို မြင်ရသဖြင့် ဦးအောင်ဝင်းတင့်



www.burmeseclassic.com

www.burmeseclassic.com



နာဂတောင်း ဘေးတိုက်မြင်ကွင်း

...ပြောပြသည့် စကားအချို့ကို အမှတ်ရမိ...သည်။

'အတိုး ဆရာတော် ဦးအာဒိစ္စဝံသဟာ ...တောင် သာသနာမြေ မထူထောင်မီ ...ခုနှစ် မတိုင်မီမှာ နယ်တကာလှည့်ပြီး ...ခင် အားထုတ်ခဲ့တယ်။ အခု ဆရာ ...သွားမယ့် ရှင်မတောင်မှာလဲ နှစ်အတန်ကြာ ...ပြီး လုပ်ရတ်စခန်းဝင် အားထုတ်ဖူးပါ တယ်။

ရှင်မတောင်အောင်မြေရဲ့ တောင်ဘက် လျှို ...မှာလို့ ဆိုတယ်။ ကာလကြာသွားလို့ ...နေရာကိုတော့ အတိအကျ သိနိုင်မှာ ...တူ။ အဲဒီမှာ လုပ်ရတ်အတွက် အသုံး ...တဲ့ "နာဂါးမျိုး" ရှာဖွေ ရရှိနိုင်သတဲ့။ အခုလက်ရှိ ဆရာတော် ဦးအဂ္ဂသာရ ရေဟန်း ...တောင်မဝင်မီ သာသနာပြု အဖေကြီး ဦးအေးဖေအဖြစ်နဲ့ ရှင်မတောင်ကို လာ ...ကာ ပြောပြဖူးတယ်'

ထိုစဉ်က ဦးအောင်ဝင်းတင့်၊ ဦးမောင်မောင်မြင့်နှင့် ဦးဇော်ဝင်းဦး စသည့် ဌာနဆိုင်ရာပုဂ္ဂိုလ်များ စုပေါင်း လိုက်ပါလျက် အဖေကြီး ဦးအေးဖေကို ကားတစ်တန်, လှည်းတစ်ခါ, ခြေလျင် တစ်လှည့်ဖြင့် လိုက်ပို့ပေးခဲ့ကြခြင်း ဖြစ် သည်။

'ဆရာတော်ဘုရား ဒီမှာ နဂါးမောက် ပင်တော့ တွေ့တယ်။ ဒီဒေသမှာ ဘာ အတွက် သုံးလေ့ရှိကြသလဲဘုရား'

'ထိခိုက်ကွဲရှတဲ့ ဒဏ်ရာတွေမှာ နဂါး မောက်ရွက်ကြိတ်ရည်နဲ့ လိမ်းပေးရင် အနာမယဉ်းဘူး၊ အနာကျက် မြန်စေ တယ်။ မီးလောင်နာ၊ ခွေး၊ ပင့်ကူ၊ ကင်း စတဲ့ အဆိပ်ရှိ သတ္တဝါတွေ ကိုက်ခဲရင်လဲ အဆိပ်ပြေအောင် လိမ်း ပေးကြတယ်။

အဂ္ဂိရတ်ထိုးရာမှာလဲ သုံးတယ်လို့ ဆရာတော်ကြီးတွေ ပြောကြတယ်။ ဦးပဥ္စင်းတော့ သုံးနည်း မသိပါဘူး' **[ဆေးကျမ်းအလိုအရ နဂါးမောက် သည် (၉၆)ပါးသော ရောဂါကို နိုင် သည်ဟု ဆိုထား၏။]**

'တပည့်တော် ကြားရသလောက် ဒီတောင်မှာ **နာဂမ၊ နာဂထ၊ နာဂမှိန်၊ နာဂမှိုင်း၊ နာဂမောက်** ဆိုတဲ့ နာဂါးမျိုး အစုံ ရှိသတဲ့၊ ကျန်တဲ့ "နာ"တွေကော ဆရာတော် တွေ့ရသလား'

'ရှိတယ်လေ တောင်စောင်း တောင် ကမ်းပါးတွေ၊ လျှိုမြောင်တွေကြား သွား ရင်တော့ အစုံရတတ်ပါတယ်။ ဒကာ ကြီး အသုံးလိုလို့လား'

ရှေ့လ ဆက်ဖတ်ပါရန်

**ထက်မင်းကျော်စွာ**



www.burmeseclassic.com

www.burmeseclassic.com

# ဩဇာပင် နှစ်ချင်းသီးအော



ဩဇာပင် နှစ်ချင်းသီးအောင် စိုက်ဖို့ဆိုတာ အင်မတန်မှ ခက်ခဲနက်နဲလှပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ဒီအပင်မျိုးဆိုတာ (၃)နှစ်မှ (၅)နှစ်ထိ စောင့်ဆိုင်းရပါတယ်။ ပြီးတော့ ဒီအပင်မျိုးဟာ မိုးများတဲ့ အရပ်ဒေသမှာ မဖြစ်ထွန်းပါဘူး။

အပူပိုင်း အညာဒေသ၊ မြေလတ်ဒေသများဖြစ်တဲ့ ပြည်၊ ရွှေတောင်၊ မှော်ဇာ၊ ဆီမီးဆွဲ၊ ပေါင်းတည်၊ ထုံးဘို၊ သူရဲတန်း၊ အင်းမ၊ တရုပ်မှော်၊ ညောင်စာရေး၊ ကွင်းလျှားကြီး စတဲ့ ဒေသတွေမှာ ဖြစ်ထွန်းအောင်မြင်ပါတယ်။


မလေးရှားလို ဒေသမျိုးမှာ ဖြစ်ထွန်းမှု မရှိပါဘူး။ ဘာကြောင့်လဲဆိုရင် စာရေးသူ မလေးရှားနိုင်ငံမှာ နှစ်ပေါင်းဆယ်စုတစ်စုခန့် သွားရောက်လုပ်ကိုင်ဖူး၍ ဖြစ်ပါတယ်။

မနက် နှင်းကျ၊ နေ့လယ် နေပူ၊ ညနေ မိုးရွာ ဒါဟာ နေ့စဉ်ဖြစ်ပေါ်နေတဲ့ ရာသီဥတုဖြစ်၍ ကြိုက်နှစ်သက်ဟန် မတူပါ။

ဒါကြောင့်လဲ ဩဇာပင် နှစ်ချင်းသီးအောင် စိုက်ဖို့ဆိုတာ ဂမ္ဘီရဆန်လွန်းပါတယ်။ အင်မတန် ခက်ခဲနက်နဲတဲ့ လျှို့ဝှက်ချက်တစ်ခုကို ဖော်ထုတ်နိုင်သူကတော့ စာရေးသူရဲ့ဖခင် ဦးထွန်းကြိုင်ပါ။

ဒါပေသိ ယခုအခါ ဖခင်ကြီး ကွယ်လွန်သွားခဲ့သည်မှာ (၂၃)နှစ်ကြာပြီ ဖြစ်သော်လည်း ဖခင်ကြီးရဲ့ စေတနာ, မေတ္တာတွေကို အမှတ်ရသောအားဖြင့် သေရွာယူမသွားတဲ့ သူ့ရဲ့ ဖော်ထုတ်တွေ့ရှိချက်ကို စာရေးသူ အမှန်တိုင်း မခြွင်းမချန် ဖော်ပြပေးပါ့မယ်။

စာရေးသူ မွေးရာဒေသဖြစ်တဲ့ ပဲခူးတိုင်းဒေသကြီးအနောက်၊ ရွှေတောင်




ဩဇာသီးမှည့် ထက်ခြမ်းခွဲထားပုံ

မြို့နယ် တရုပ်မှော်ရွာလေးမှာ ဖြစ်ပါတယ်။

'သား ဩဇာပင် နှစ်ချင်းသီးတာ မြင်ဖူးလား'

'ဘယ်မြင်ဖူးမလဲ အဖေရာ၊ ဩဇာပင်ဆိုတာ (၃)နှစ်၊ (၅)နှစ်ကြာမှ သီးတာမဟုတ်လား'

'လာ အဖေပြမယ်၊ ဒီမှာ ကြည့်စမ်း'

'ဟယ်... ဟုတ်ပါ့ဗျာ'

အပင်လေးက (၂)တောင်သာသာလေး အလုံးတွေက ပြွတ်နေအောင် သီးနေတယ်။

'အဖေ ဒါ ဘယ်လိုစိုက်တာလဲ၊ သားကို ပြောပြစမ်းပါ'

'ဒီလိုသားရဲ့ ပထမ အသီးကို ထက်ခြမ်းခွဲ၊ အလယ်မှာ အူတိုင်တွေ့တယ်မဟုတ်လား၊ **အဲဒီအူတိုင်ထိပ်တည့်တည့်က အစေ့ကိုယူ ဒီနှစ်စိုက်၊ နောက်နှစ်သီးရော သားရေ'**

'အဖေ ပြောတော့ လွယ်လွယ်လေးပါလား'

'အဖေလဲ နှစ်တော်တော် ကြာ စမ်းစိုက်ကြည့်တာ ဒါ အောင်မြင်သွားပြီပေါ့'

'ငယ်ငယ်လေးနဲ့ သီး တော့ စောစောသီး၊ စော စော ငွေပေါ် တော်တော် အကျိုးရှိတဲ့ နည်းလမ်း ပေါ့'

ကဲ စာရေးသူမှ မခြွင်းမချန် ပြော ပြီးပြီ။ စာတွေ့လား၊ လက်တွေ့လား ဆိုတာ ကိုယ်တိုင်စိုက်မှ သိကြမှာ ဒီနေ့ တိုးတက်နေတဲ့ ခေတ်ကြီးမှ သစ်မွေးပင်လို (၁၀)နှစ်၊ (၂၀)နှစ်ကြာ မှ အနှစ်တည်တာကို (၄)နှစ်၊ (၆)နှစ် သားကို ဆေးသွင်းပြီး (၁)နှစ်ခွဲ (၂)နှစ် အကြာခုတ်လှဲရောင်းလို့ရနေပြီဆိုတော့ ထူးခြားဆန်းသစ်နေပြီ မဟုတ်လား

ဩဇာသီးဟာ ရာသီစာ ပေါ်ပင်ဖြ လို့ လူတိုင်း ခုံမင်နှစ်သက်ကြပါတယ် ဩဇာသီး များများစားပြီးရင် ရေတော များများချိုးပေးပေါ့ဗျာ။ ဘာလို့လဲ ရင်သူကအပူသီးဗျ စားပြီးရင်ပူတယ်

*စာဖတ်သူအပေါင်း ကျန်းမာ ချမ်းသာ ကြပါစေ။*

ရွှေမှော်မြေ ခေါင်ကြည်သိန်း

www.burmeseclassic.com

www.burmeseclassic.com


ကြော်ငြာဆောင်းပါး

ဆီး ဝမ်း လေမှန်၍ မျက်စိကြည် အကြောပြေပြီး အပူအဝှပ် ကင်းစေတဲ့

# စကြာမင်း

အမှတ်တံဆိပ်

# မျက်စိကြည် အကြောပြေဆေး

ယာယီတိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် ၀၁၁၂ YR ၀၀၇၉၉၃

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၅/၀၅၁၃





ကျွန်ုပ်သည် တစ်နေ့တွင် စိတ်ချမ်းသာ ကျန်းမာ အသက်တစ်ရာ ကျင့်ကြံ နည်းစာမူ ရေးသားနေစဉ် ''ဟာ ဆရာကြီးကို တွေ့မှတွေ့ပါ့မလား'' အသံရှင်ကြောင့် ရေးလက်စ ကို အသာချထားပြီး ပြန်လည် ခရီးဦး နှုတ်ဆက်လိုက်သည်။

'ကိုမျိုးမြင့်ပါလား၊ လာဗျာ'

'စာရေးဆရာ ကိုဘုန်းဝေကတော့ အချိန်တွေ့တွေ့ တက်ကြွလန်းဆန်း စာရေးစာဖတ် အမြဲတမ်းမပြတ်ဘူးနော်'

'ဟဲ... ဟဲ... ဟဲ'

'ဟဲ... ဟဲ လုပ်မနေနဲ့ စာရေးဆရာကြီး အခု စာရေးဆရာကြီးကို အကူအညီ ချင်လို့ဗျ'

'ပြောလေ ကိုမျိုးမြင့်'

'ဒီလိုဗျ ကျွန်တော် ရုံးမှာပဲဖြစ်ဖြစ်၊ မှာပဲဖြစ်ဖြစ် နည်းနည်းလေး စာဖတ်မိ အလုပ်ထဲကို အာရုံစူးစိုက်တာတို့၊ နည်းနည်းလေးကြာကြာ ထိုင်မိတာ ရင် မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်။ ခေါင်းမကြည် ဘူး။ နောက်ကြောတက်၊ ဇက်ကြောထိုးလာတယ်။ အမြဲ လို ကိုယ်လက်တွေ လေးလံထိုင်းမှိုင်းနေပြီး စိတ်ရော ပါ မလန်းဆန်းဘူး ဖြစ်နေလို့ဗျ။ အဲဒါ ဘာဆေးတွေများ မလဲဆိုတာ စာရေးဆရာကြီးဆီမှာ အကြံဉာဏ် လာ တာ'

သည်ဆိုလို့ ဘယ်သူများမှတ်တယ် ကိုမျိုးမြင့်ကို။ လေး သုံးဆောင်ပါဦး'

ဆုံးပဲ အစ်မ၊ ကိုဘုန်းဝေနဲ့ အစ်မ မအေးစိန်တို့ ဇနီး ကတော့ ကျန်းမာရေး ပညာပေးစာပေတွေ ရေးသားနေ သူတွေမို့လား မသိဘူး။ လန်းဆန်းကျန်းမာ လှပနေတာကို တွေ့ရလို့ အားကျမိပါတယ်ဗျာ'


'ကိုမျိုးမြင့်ရေ ကျွန်တော်ရော အေးပါ အရင်တုန်းက ခင်ဗျားလိုပဲဗျ။ ကျွန်တော်ဆိုရင် စာလဲ မရေးနိုင်၊ စာလဲ မဖတ်နိုင် စာရေးစာဖတ်တိုင်း ခေါင်းတွေ အုံခဲလာပြီး စိတ်ရောလူရော အကြံဉာဏ်ပါ ထုံထိုင်းလေးလံနေတာဗျ။ အေးဆိုရင်လဲ တစ်နေ့ တခြား ဝ,ဝလာတယ်။ ဇက်ကြောထိုး၊ နောက်ကြောတက်၊ ကိုယ်လက်ညောင်းညာ ကိုက်ခဲနေတယ်။ အထိုင်လေး၊ အထ လေးနဲ့ ညဘက်ရောက်လာရင် သားသမီးတွေက နှင်းနှိပ်ပေး ရတယ်။ သူ့ကြည့်ပြီး စိတ်မချမ်းသာ၊ ကိုယ်ကျတော့လဲ မကျန်း မာဘူး ဖြစ်နေခဲ့တာပါဗျာ'



www.burmeseclassic.com

www.burmeseclassic.com






'ဟာ ကိုဘုန်းဝေကလဲ လုပ်တော့မယ်။ အခု ဆရာဆိုလဲ ကျန်းမာလန်းဆန်းလို့၊ အစ်မဆိုရင်လဲ ခန္ဓာကိုယ် သွယ်လျပြီး သွက်လက်ပေါ့ပါးနေတဲ့ဥစ္စာ'

'ကိုမျိုးမြင့်ရေ၊ အခုလို ကျွန်မ အဆီတွေကျ၊ ကိုယ်ရေစစ်တာ၊ ခန္ဓာကိုယ် သွယ်လျပြီး ဖနီးမောင်နဲ့ ကျန်းမာရွှင်လန်းနေတာက တော့ ဆေးစွမ်းတစ်လက်ကြောင့်ပဲရှင်'

'ဒါဆိုရင် လုပ်ပါဦးဗျ၊ ဘာဆေးလဲ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးလေ'

'ကိုဘုန်းဝေကတော့ လုပ်ပြီ။ ဆေးဝါးကောင်းတွေ့တာတောင် အသိမပေးဘူး'

'ဒီလိုဗျ၊ ကျွန်တော်လဲ စာဖတ်စာရေးတာနဲ့ မျက်စိ၊ မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်။ နောက်ကြောတက်၊ ဖက်ကြောထိုးပြီး ညောင်းညာလေးလံနေတယ်။ ဆီးဝမ်းလဲချုပ်၊ အပူလဲ ငုပ်နေပြီး ဒူလာ လိပ်ခေါင်းရောဂါပါ ဖြစ်စပြုလာနေတာဗျ။ တစ်နေ့မှာ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ မောင်မြင့်မောင် ရောက်လာပြီး ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးတစ်ဘူး လက်ဆောင်ပေးသွားတယ်။ ဆေးညွှန်း ဖတ်ကြည့်တော့ ကျွန်တော်တို့ ဖနီးမောင်နှံဖြစ်နေတဲ့ ရောဂါ လက္ခဏာတွေနဲ့ တစ်ထပ်တည်း တွေ့ရလို့ သုံးစွဲလိုက်တာ ဖြစ်ပေါ်ခံစားနေရတဲ့ ရောဂါတွေဟာ ကင်းစင်သွားပြီး အခုလို စိတ်ရောကိုယ်ပါ ကျန်းမာလန်းဆန်းနေတာပါ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးရဲ့ အာနိသင်လေး ပြောပြပါဦး'

'သမားတော် ဆရာကြီး ဆရာမြင့်ကတော့ ဤဆေးဟာ တိုင်းရင်းဆေးစစ်စစ်ဖြစ်ပြီး သဘာဝဆေးဖက်ဝင် ဆေးပစ္စည်းများ နဲ့ စနစ်တကျ စီမံဖော်စပ်ထားတဲ့ ဆေးဖြစ်လို့ စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ပါတယ်လို့ ဆိုပါတယ်။

သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့ မျက်စိမှုန်ဝေခြင်း၊ မျက်စိ အာရုံကြောများအားနည်းခြင်း၊ ခေါင်းမူး၊ ခေါင်းအုံ့၊ ခေါင်းကိုက်ခြင်း မျက်ခုံး၊ မျက်လုံးများ လေး၍ မျက်ရိုးကိုက်ခြင်း၊ နောက်ကြော တက် ဖက်ကြောထိုးခြင်း၊ ကိုယ်လက်များ ညောင်းညာကိုက်ခဲ၍ မအီ မသာ ထိုင်းမှိုင်းလေးလံနေခြင်း၊ သွေးတက်၊ သွေးတိုးဖြစ်ခြင်း သွေးမသန့်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပြင်လိပ်ဖြစ် ခြင်း၊ ဒူလာကိုက် ညောင်းညာ ချည့်နဲ့ခြင်း၊ အပူရှိန် အပုပ်ရှိန်များ အပေါ်သို့တက်၍ မျက်ရည်ပူကျခြင်း၊ မျက်ဝတ်ထွက်ခြင်း တိမ်သလာဖြစ်ခြင်း၊ အာခေါင်ခြောက်ခြင်း၊ လည်ချောင်းနာခြင်း ဆီးပူညောင်းကျဖြစ်ခြင်း၊ ဆီးချုပ်ဆီးကျန်ဖြစ်ခြင်း၊ ဝမ်းချုပ် ဝမ်းကျန် စမြင်းခံခြင်း၊ လေချုပ်လေပွဖြစ်ခြင်း၊ အဝလွန်ခြင်း ဗိုက်ခေါက်ထူ၍ အဆီပိုများ ပွားများနေခြင်း အသားအ မွဲခြောက် ညစ်ထေးနေခြင်း စသော ရောဂါများကို သက်သာ ပျောက်ကင်းလို့ မျက်စိကြည် အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေတဲ့ အဆီများကို ကျဆင်းစေပြီး ဆီး ဝမ်း၊ လေတို့ကို မှန်၍ ကျန်းမာပေါ့ပါး သွက်လက်လန်းဆန်း တဲ့ဆေး ဖြစ်တယ်ဗျ'

'ဒါဆို ဆရာမြင့်ရဲ့ စကြာမင်း မျက်စိကြည် အကြောပြေဆေး ဟာ မျက်စိကို အသုံးပြုပြီး အလုပ်လုပ်ရသူတွေ၊ နေ့စဉ် စာ ဇယားတွေနဲ့ ရင်ဆိုင်နေရတဲ့သူတွေ၊ ရုံးမှာ မိမိတို့လုပ်ငန်း မှာ ကြာမြင့်စွာ ထိုင်ကြပြီး အလုပ်လုပ်ကြရသူတွေနဲ့ ကာ ဉာဏ အလုပ်သမားတွေအတွက် နေ့စဉ် မှီဝဲသုံးစွဲသင့် ဆေးပေါ့နော်'

'ပြောဖို့လိုသေးလား ကိုမျိုးမြင့်ရယ်၊ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဘဲ ဖွံ့ဖြိုးတိုးတက်နေတဲ့ ခေတ်ကြီးထဲမှာ ကျန်းမာ လူမှုရေး၊ စီးပွားရေးတွေ နောက်ကျကျန်မနေခဲ့အောင် အ ကောင်းဖြစ်တဲ့ ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြ အကြောပြေဆေးကို ဆောင်ထားပါလို့ သင့်ကျန်းမာရေးအတွ အကြံပြုပါရစေ'

'ကျေးဇူးပဲ ဆရာကိုဘုန်းဝေရေ၊ ကျန်းမာပျော်ရွှင် ပြ ကောင်းမွန်တဲ့ မိသားစုကမ္ဘာလေးဖြစ်အောင် "စကြာ မျက်စိကြည် အကြောပြေဆေး"ကို ပြေးဝယ်လိုက်ဦးမယ်

ပင်ရင်း–ဖြန့်ချိရေး

**စကြာမင်း**

**တိုင်းရင်းဆေးတိုက်**

အမှတ်-စ/၆၆၆၊ သုဓမ္မာလမ်းမကြီး၊
သုဓမ္မာမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၁-၆၉၁၀၉၁၊ ၇၂၂၅၉၃



www.burmeseclassic.com

www.burmeseclassic.com

ငါးကြာခိုင် အကွက်ဆန်းထွင်ပါတဲ့ ရဝံ့မဟာမြိုင်

# ရက်ကန်းဝင် တောင်တော်ဦးဆီသို့ (၄)

ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)

ယခင်လမှ အဆက်

စောင်းတန်းလှေကား လက်ရန်း ဆက်တွင် သူငယ်တော်ရုပ်၊ နဂါး ဘီလူးရုပ်၊ နရားရုပ်များ စသည် ဆေးရောင်စုံခြယ်သ သွန်းလုပ် ထားသည်ကို တွေ့ရသည်။ စောင်း တန်းအမိုး တစ်ဖက်တစ်ချက်စီတွင် ဆင်သားများ တန်းစီ ခြံရံထားသည်။


ရင်ပြင်ထက်တွင်ကား ရှစ်မြှောင့် ပွယံသုံးဆင့်ခံကာ ခံ့ထည်သော ခေါင်းလောင်းမှောက်စေတီ ပေါက် ထားသည့် ကေလာသဆံတော်ရှင် စေတီကြီးကို ဖူးမြော်ရလေသည်။ မြို့တော်ရင်း အရပ်ရှစ်မျက်နှာတွင် ထောင့်အုတ်ခုံခံ၍ အရံစေတီ ရှစ်ဆူ ပေါက်ထားသည်။ အုတ်ခုံပတ် ည်တွင် ဇာတ်တော်သရုပ်ဖော် ချပ်လုံးရုပ်ကြွများ တွေ့ရသည်။

မဟာဇနကဇာတ်တော်၊ တေမိမင်း ဇာတ်တော်၊ ဝေဿန္တရာဇာတ်တော်၊ ဓူဇာတ်တော်၊ နာရဒစန္ဒကုမာရ ဟာသဇာတ်တော် စသည်ဖြင့် ည်း ကမ္ဘည်းစာတန်းများ ဖော်ပြ ထားသည်။ ထိုအရံစေတီများ အနီး တွင် နရသီဟရုပ်တုကိုလည်း တွေ့ရ သည်။



▲ ရင်ပြင် ပစ္စယံခွန်းမှ နရသီဟ

▼ အာကာသထဲမှ ဖိုးပွန်းတောင်မြင်ကွင်း



ဤရုပ်တုနှင့် ပတ်သက်၍ လာသတောင်ပေါ်သို့ ၁၈၉၁ ခု ဒီဇင်ဘာလတွင် ကျောက်စာဝန် စီနိုဒ် ရောက်ရှိ မှတ်တမ်းပြုထား သည်မှာ ကျိုက်ထီးရိုးနှင့် ကုသိနာရုံ စေတီများကဲ့သို့ပင် ဂေါတမမြတ်စွာ ဘုရား ပေးတော်မူသော ဆံတော်သုံး ဆူအနက် ကေလာသရသေ့ကို ပေး သော ဆံတော်တစ်ဆူ ဌာပနာထား သည့် သမိုင်းကြောင်း ထူးမြတ်သည့် စေတီ ဖြစ်သည်။

စေတီအနီး ဓမ္မစေတီမင်းကျောက် စာ နှစ်ချပ်ရှိ၍ ကျိုးပြတ် ကွာကျနေ သည်။ ပင်လယ်ဘက် မျက်နှာမူနေ သော နရသီဟရုပ်သာ ဘုရားရင်ပြင်



www.burmeseclassic.com

www.burmeseclassic.com




◆ မြောက်ဘက်အခြေမှ လေးဆူတန်း



◆ ညောင်ကျောင်းဆရာတော် ရုပ်တု



◆ မြောက်ဘက်မြင်ကွင်း



◆ မိုးသည်းကာလ ပြိုကျ[illegible]သောနေရာ

၌ ရှိသည်။ ကြာပန်းပုံဖော် လေးထောင့် အုတ်ချပ်များ ပြန့်ကြဲနေသည့် စသဖြင့် ဖော်ပြကာ ဤတောင်ပေါ်တွင် ဆေး ဖက်ဝင်သစ်ပင် ပေါများကြောင်း လည်း ဆက်လက် ရေးသားထားလေ သည်။

**(၁၉၆၀ ပြည့်နှစ်ထုတ် တက္ကသိုလ် မွန်အသင်း နှစ်ပတ်လည်မဂ္ဂဇင်း တွင် တော်စိန်ခို၏ စာတမ်းကို ထပ်မံ ဖော်ပြထားသည်။)**

တော်စိန်ခို ရောက်ရှိလေ့လာ သည့်ကာလမှာ နှစ်ပေါင်း(၁၂၀) ရှိပြီ ဖြစ်ရာ မူလလက်ရာ ပြိုပျက်သွား ပြီးနောက် အသစ် ထပ်မံ ပြုလုပ် ထားသည်ဟု ယူဆဖွယ်ရှိသည်။ နှောင်းခေတ်လက်ရာဟန်ဖြင့် မြင်တွေ့ ရသောကြောင့် ဖြစ်သည်။

တတိယသင်္ဂါယနာ တင်ပြီးနောက် သောဏနှင့်ဥတ္တရထေရ်တို့ပြီးဆောင်



www.burmeseclassic.com


www.burmeseclassic.com



◀ မြောက်ဘက် တောင်ကုန်းထိပ်စေတီ

ကာ သာသနာပြုကြွရာတွင် ဘီလူးတို့ရန်မှ နှိမ်နင်းပေးရန် ဖန်ဆင်းသော နရသီဟရုပ်ကို ညွှန်းဖွဲ့ခြင်းဖြစ်လေရာ တိုက္ကလားတောင်တန်း၏ အထူးဝိသေသရုပ်တုလည်း ဖြစ်ပေသည်။

စေတီရင်ပြင် အရှေ့တံတိုင်းအနီးတွင်လည်း ပတ်လည်(၈)နေရာ၌ လေးတိုင်စင် ဂန္ဓကုဋိတန်ဆောင်းတော်နှင့် ရုပ်ပွားတော် (၈)ဆူ ပူဇော်ထားကာ တန်ဆောင်းအထက်စေတီပေါက်ထားသည်။



▼ စောင်းတန်းလက်ဝဲဘက်မှ ရှင်ဥပဂုတ္တတန်ဆောင်း

အင်္ဂါထောင့် စောင်းတန်းလှေကားအဆုံးတွင် မိုးသည်းစဉ်က ပြိုကျသွားသော မြေနေရာအား ထိန်းသိမ်းထားသည့် မြေထိန်းနံရံအစပိုင်းကို မြင်တွေ့ရသည်။ ကျိုက်ဒေးယျုံစေတီ၊ တိုက္ကလားစေတီရင်ပြင်များမှ တွေ့မြင်ရသော မြေထိန်းနံရံအဖြူတန်းရှိရာဖြစ်သည်။

အဝေးဆီတွင် တိုက္ကလားစေတီ၊ ကျိုက်ဒေးယျုံစေတီတို့ကို မြူမှုန်များအကြား ဝိုးတဝါး မြင်တွေ့ရသည်။ ကြားမြေပြင်မှ တောင်ပူစာနှစ်ခုကိုလည်း အစီအရီ သွယ်တန်းလျက် ရှိနေသည်ကို စီးမိုး မြင်တွေ့ရသည်။

## မြောက်ဘက်တစ်ခွင်

စေတီတော်၏ သောကြာဂြိုဟ်တိုင်အနီးသို့ ရောက်သောအခါ မြောက်ဘက်အခြေ ကုန်းတော်မြေပြင်၌ တန်ဆောင်းတစ်ဆောင်၊ ကုန်းတော်စွန်းတွင် စေတီတစ်ဆူနှင့် လှိုဏ်တစ်ခုခြားသော တစ်ဖက်တောင်ကုန်းထိပ်တွင် စေတီတစ်ဆူတို့ကို ဖူးတွေ့ရသည်။

ထို့ကြောင့် ရာဟုဂြိုဟ်တိုင်အနီး၌



◀ မြေထိန်းပစ္စယံတောင်မှ နရသီဟများ



www.burmeseclassic.com

www.burmeseclassic.com

စောင်းတန်းလှေကားမှ ဆင်းကာ သွားရောက် လေ့လာကြည့်သည်။ တန်ဆောင်းအတွင်း၌ တင်ပျဉ်ခွေ ရုပ်ပွားတော်ကြီးလေးဆူ စီတန်း ကိန်းဝပ်တော်မူကာ လက်ဝဲဘက် အစွန်းတွင် ဆရာတော်တစ်ပါး၏ ရုပ်တု တည်ရှိသည်။


ရုပ်တုနောက်ကျောဘက် နံရံတွင် ကေလာသ သောဏ္ဍာယရွှေစေတီ ဖော်ကွန်းကမှည်း စိုက်ထူသွားသော **ညောင်ကျောင်းဆရာတော် ဘဒ္ဒန္တ သီရိဥာဏဝံသပုံ**တော်ဟူ၍ စာတန်း ထိုးထားသည်။

မြောက်ဘက် ကုန်းတော်စွန်းထိပ်တွင် ကေလာသပုံတော် စေတီငယ်ကို ဖူးမြင်ရကာ တောင်ဆင်း ကွန်ကရစ်လမ်းအစ၌ "ကား၊ ဆိုင်ကယ်များ မဆင်းရ"ဟူသော စာတန်း ချိတ်ဆွဲထားသည်။ အနီးရှိ အုန်းပင်တွင် "ကေလာသဖ"ဟူသော စာတန်း ရှိသည်။

လမ်းမှ လျှိုအတွင်း ဆင်းသွားကာ တစ်ဖက်တောင်ထိပ်စေတီသို့ ဦးတည် ဖောက်လုပ်ထားသည်ဖြစ်ရာ တောင်ကုန်းထက်စေတီ၏ ဘွဲ့တော် ဖြစ်ပေလိမ့်မည်။ အသစ် ထပ်မံ ဖော်ထုတ်မွမ်းမံခြင်းဖြစ်ကြောင်းနှင့် လမ်းမှာ မတ်စောက်လှသောကြောင့် ခြေလျင်ဘုရားဖူးများသာ သွားလာစေရန် သတိပေးစာတန်း ချိတ်ဆွဲထားကြောင်း သိရသည်။


## ညောင်တံခါး

ထို့နောက်တွင် စေတီအခြေကို လှည့်လည်ကြည့်ရှုရာ အဆင့်(၅)ဆင့်ဖြင့် မြေထိန်းအား ကောင်းမွန်စေရန် စီမံထားကာ အဆင့်ထောင့်ချိုးများတွင် နရသီဟတစ်ကောင်စီ သွန်းလုပ်



◆ မြေထိန်းနံရံမှ ဓာတ်တော် (၅၅၀) သရုပ်ဖော်ပုံများ

◆ ခြေလျှင်စောင်းတန်း တောင်ပေါ်မုခ်ဦး



ထားသည်။ စောင်းတန်းလှေကားတွင်လည်း မုခ်ဦး(၅)ဆင့် ဖော်ထားလေသည်။

ကုန်းတော်အခြေ တံတိုင်းပတ်လည်တွင် နုစဉ်ကာလ အလောင်းတော်ဘဝ ရုပ်ကြွများကို သရုပ်ဖော်ထားသည်။ ဥဒေါင်းမင်း (၃)ဘဝ၊ ဟင်္သာမင်း (၁၀)ဘဝ၊ ကရဝိက် (၅)ဘဝ၊ ခြင်္သေ့မင်း (၁၀)ဘဝ စသဖြင့် အညွှန်းစာတန်းများလည်း ပါဝင်လေသည်။

စနေထောင့် စောင်းတန်းလှေကား အနီး လက်ဝဲဘက်တွင် ရှင်ဥပဂုတ္တ ကျောင်းဆောင်၊ မယ်တော်ဆောင်နှင့် ဗောဓိညောင်ပင်ကြီးတို့ မြင်ရသည်။ သက်တမ်း ရှည်ကြာလှပြီဖြစ်သော ညောင်ပင်ကြီးမှာ မြေထောက်မြစ်များစွာဖြင့် ညောင်တံခါးဖြစ်နေသည်ကို တွေ့ရသည်။

အချို့မှာ အကိုင်းမှစ၍ ပူးရာမှ



www.burmeseclassic.com

www.burmeseclassic.com



◆ စနေထောင့်မှ ပရိဘောဂစေတီ

◆ စနေထောင့်မှ ညောင်တံခါး



တံခါးဖြစ်သွားသည်လည်း ရှိသည်။ ဘုရားဖူးတစ်စုကား သုတ်၊ ပရိတ် တော်များ တီးတိုးရွတ်ဆိုကာ ညောင် တံခါးမှ ခေါက်တုံ့ခေါက်ပြန် ဖြတ်သန်း နေကြသည်ကို တွေ့ရသည်။ နှီးကလေးငယ်တစ်ဦးအား မေးကြည့် ရာ...

'ဒီနှစ်ပင်ကြား သွားလိုက်လာလိုက်လုပ်ပြီး ဘုရားစာဆို၊ သက်စေ့ဆိုရင် လိုချင်တာ ရတယ်'

ဟူ၍ သူနားလည်သလို ရှင်းပြလေ သည်။

ထို ညောင်တံခါးမှာ ကေလာသစေတီ၏ အနောက်တောင်ထောင့် အရပ်၊ စောင်းတန်းလှေကား မှခ်ဦး အနီးတွင် ရှိသည်။ ကေလာသ ဘွဲ့တော် ပညတ်အရ ဂြိုဟ်သက် ပေါင်းရာ **၁၅+ ၁၇ + ၂၁ = ၅၃**၊ အနောက်တောင် ထောင့်အရပ်ညွှန်း စနေ ဂြိုဟ်သက်ပေါင်းသော် **၅၃ + ၁၀ = ၆၃ ÷ ၇ = လဒ်** **၉**၊ **ကြွင်း ဝစနေပင် ရ** သဖြင့် နံပေါ်ဓာတ်ရကိန်း ဆိုက်၏။

ဤသည်ကြောင့် ဤ ညောင်တံခါးတွင် သုတ်၊ ပရိတ်ဂါထာများ သက်စေ့ ရွတ်ပွား ဖြတ်သန်းခြင်း ဖြင့် အကြံအစည်ဆန္ဒ အောင်မြင်စေရန် ဆုပန် ကြခြင်း ဖြစ်သည်။

မိမိမှာ ခရီးသွား တစ်ဦးဖြစ်ရာ ၂၄ ပစ္စည်း ပဋ္ဌာန်းအကျဉ်းကို ရွတ်ဖတ် ပူဇော်၍ ညောင်တံခါးမှ လူးလာခေါက်တုံ့ ဖြတ် သန်းခဲ့သည်။ ပဋ္ဌာန = ပဋ္ဌာန်းကျမ်းကို ညွှန်း သကဲ့သို့ သွားခြင်းအနက် လည်း ပေးသောကြောင့် ဖြစ်လေသည်။

**ရွှေလ ဆက်ဖတ်ပါရန်**

**ဘုန်းကျော်စွာ**
**(မြိုင်တက္ကသိုလ်)**



www.burmeseclassic.com

www.burmeseclassic.com

# ဉာဏ်ပညာထက်မြက်အောင်

## ဤကျင့်စဉ်ကိုဆောင်

မောင်ဆိုးနွယ်
(နတ်မောက်)



စာရေးသူ တစ်ခါက အလုပ်တာဝန် ကျခဲ့ဖူးသော ကျေးရွာကလေး တစ်ရွာသည် နေပြည်တော်ပျဉ်းမနား၊ တောင်တွင်း၊ နတ်မောက်၊ ကျောက်ပန်းတောင်းသွား မီးရထားလမ်းဘေးမှာ ရှိပါသည်။

ရွာလေးနှင့် မီးရထားလမ်းသည် အလွန် ပနံတင့်လှပါသည်။ မနီးလွန်း မဝေးလွန်းသဖြင့် သစ်ပင်ပန်းပင်များ၊ ရေတွင်းရေကန်များနှင့် အလွန် စည်ကားနေပါသည်။

ထိုရွာကလေးသည် မီးရထားဘူတာရုံနှင့် (၁၅)မိနစ်ခန့်သွားလျှင် ရောက်ပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လှသဖြင့် စာရေးသူသည် ထိုရွာကလေးရှိ ရွာဦးကျောင်းတွင် သီတင်းသုံးတော်မူနေသော ဆရာတော် ဦးပညာထံသို့ နှစ်စဉ် ဝါဆိုအခါတွင် တစ်ကြိမ်၊ သီတင်းကျွတ် တစ်ကြိမ်၊ တန်ဆောင်မုန်းတွင် တစ်ကြိမ်နှင့် နှစ်သစ်ကူး တန်ခူးလတွင် တစ်ကြိမ် ရောက်ဖြစ်ခဲ့ပါသည်။

စာရေးသူသည် ဆရာတော့်ကျောင်းသို့ ရောက်ရှိသွားတိုင်း ဆရာတော်မှာ အားသည်မရှိ၊ ကျောင်းအိပ်ကျောင်းစား (ဆရာတော်၏ ဝေယျာဝစ္စ) လုပ်ကိုင်ပေးနေကြသော ရွာထဲမှ ဆွေရိပ်မျိုးရိပ်မကင်းသူတို့၏ သားသမီးများအား ဗဟုသုတရဖွယ် ခေတ်ပညာစာများနှင့်အတူ ဘုရားရှိခိုးအမျိုးမျိုး၊ လိုအပ်လျှင် အသုံးပြုကြနိုင်ရန် ဂါထာတော်, ပရိတ်တော်များကို စနစ်တကျ သင်ကြားပို့ချနေသည်ကို တွေ့မြင်ရပါသည်။

ည ဘုရားရှိခိုး ဝတ်တက်ပြီးသောအခါ ကျောင်းသားကြီးများ ရွတ်ဆိုနေသော ဘုရားစာကို စာရေးသူ သတိထား မှတ်သား လိုက်ရွတ်ဆိုနေမိပါသည်။

ထိုဘုရားစာမှာ...

'အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ'

'အတိတ်ဖြစ်စဉ်ကို အဝိတ်အပင်မရှိ အတားအဆီးမရှိ သိမြင်တော်မူသော မြတ်စွာဘုရား'

'ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ'

'ပစ္စုပ္ပန်ဖြစ်စဉ်ကို အဝိတ်အပင်မရှိ အတားအဆီးမရှိ သိမြင်တော်မူသော မြတ်စွာဘုရား'

'အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ'

'အနာဂတ်ဖြစ်စဉ်ကိုအဝိတ်အပင်မရှိ အတားအဆီးမရှိ သိမြင်တော်မူသော မြတ်စွာဘုရား'

ဟူ၍ ရွတ်ဆိုပွားများပြီး ဦးသုံးကြိမ်ချကာ ဘုရားဝတ်တက်ခြင်း ပြီးဆုံးသွားပါတော့သည်။ ဤသို့ ရွတ်ဆိုပွားများနေသည့်အသံများကို ကြားကြားနေခဲ့ရပါသည်။

သို့ဖြစ်သောကြောင့် ယခုတစ်ခေါက်မှာတော့ စာရေးသူသည် ကျောင်းထိုင်ဆရာတော် ဦးပညာအား...

'ဆရာတော်ဘုရား၊ ကျောင်းသားလေးတွေ နောက်ဆုံး ဝတ်တက်အပြီး ရွတ်ဆို ပူဇော်သွားတဲ့ ဓာရဏပရိတ်တော်ထဲမှာ "အတီတံသေပြီးရင် အနာဂတံသေ၊ အနာဂတံသေပြီးမှ ပစ္စုပ္ပန္နံသေ မဟုတ်ဘူးလားဘုရား'

ဟု ရိုသေစွာ လျှောက်ထား မေးမြန်းသောအခါ ဆရာတော်မှ...

'အေး... ဟုတ်တယ်, ဟုတ်တယ် ဒကာတော် စာအုပ်ထဲက အစဉ်အတိုင်းကတော့ အတီတံသေပြီးရင် အနာဂတံသေပေါ့ကွာ၊ အနာဂတံသေပြီးမှ ပစ္စုပ္ပန္နံသေပေါ့ကွာ။

ဒါပေမယ့် ဘုန်းကြီးကတော့ "အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်"ဆိုတဲ့ ကာလအစဉ်ကိုယူပြီး ပစ္စုပ္ပန္နံသေကို ဒုတိယနေရာမှာထားပြီး ရွတ်ဆိုပွားများ ပူဇော်စေတာပါပဲ'

စာရေးသူမှ...

'ဘာပြုလို့ အဲဒီကာလသုံးပါးကို ဘုရားဝတ်တက်စဉ်ထဲမှာ ထည့်ပြီး ရွတ်ဆိုပွားများ ပူဇော်စေရတာပါလဲ ဘုရား'



www.burmeseclassic.com

www.burmeseclassic.com

ဟု ထပ်မံ လျှောက်ထား မေးမြန်း လိုက်သောအခါ ဆရာတော်မှ…

'ဘုရားရှင်၏ ရွှေဉာဏ်တော်ကို အထွတ်တင် ပူဇော်ရတဲ့အတွက် ဉာဏ်ပညာ ထက်မြက်လာစေခြင်း၊ ကောင်းကျိုးတရားကို ရရှိစေနိုင်တဲ့အတွက် သေခု ကျောင်းက ကလေးတွေကို သူတို့ ထက်အပ်တဲ့ အတတ်ပညာပိုင်းဆိုင်ရာ တွေမှာ သင်ယူ ဆည်းပူးလေ့လာတဲ့ အခါမှာ ဉာဏ်ပညာ ထက်မြက်လာ အောင်လို့ ဘုရားရှင်ရဲ့ ရွှေဉာဏ်တော် ကို အထွတ်တင်ပြီး ရွတ်ဆို ပူဇော်စေ တာပါပဲ။

ကြားတယ်တော့ မထင်ပါနဲ့ကွာ၊ ကြာသေးတဲ့ အချိန် အပိုင်းအခြားက ကျောင်းကနေပြီး တန်းကျောင်းတက် ကြတဲ့ ကလေးတွေအားလုံးလောက် နီးနီး ဘွဲ့ရပြီးတဲ့လူနဲ့၊ တက္ကသိုလ်ဝင် တန်း အောင်ပြီးတဲ့လူနဲ့ ဘယ်လောက် တောင်များသလဲ အဲဒါသာ တွက်ကြည့် ပေတော့။ ပရိတ်တော်, ဂါထာတော်ရဲ့ တန်ခိုးက စွမ်းတယ်နော်'

ဤဖော်ပြပါ ကျင့်စဉ်တော်ကို မိမိတို့ တတ်အပ်တဲ့၊ သင်ယူနေတဲ့ အတတ်ပညာ ဆိုင်ရာဆိုင်ရာများ အခက်အခဲ မရှိ ဉာဏ်ပညာ ထက်မြက်လာစေဖို့ ရွတ်ဆိုပွားများ ပူဇော်ကြလျက် အဓိဋ္ဌာန်ဝင် ပုတီးစိပ်လျှင် အထူး အောင်မြင်စေပါသည်။

သို့ဖြစ်ပါ၍ ဉာဏ်ပညာ ထက်မြက် လိုသူများသည် အောက်ဖော်ပြပါ ဂါထာတော်ကို နှုတ်ဖြင့်ရွတ်ဆိုပြီး (၁၀၈)လုံး ပုတီးကုံးဖြင့်…

(က) **"အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ"** ကို ပုတီးတစ်လုံးချဖြင့် တစ်နေ့ ပုတီး (၃)ပတ် စိပ်ပါ။

***[နံနက်ပိုင်း]***

(ခ) **"ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ"** ကို ပုတီးတစ်လုံးချဖြင့် တစ်နေ့ (၁၀၈) လုံးပုတီးဖြင့် (၃)ပတ် စိပ်ပါ။

***[နေ့လယ်ပိုင်း]***

(ဂ) **"အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ"** ကို ပုတီးတစ်လုံးချဖြင့် (၁၀၈)လုံး ပုတီးကုံးဖြင့် ပုတီး(၃)ပတ် စိပ်ပါ။

***[ညနေအချိန် (သို့မဟုတ်) ည]***

စုစုပေါင်း…

(က) **နံနက်ပိုင်း** (၃)ပတ်၊
(ခ) **နေ့လယ်ပိုင်း** (၃)ပတ်၊
(ဂ) **ည(သို့)ညနေပိုင်း** (၃)ပတ်၊

စုစုပေါင်း (၉)ပတ် ရပါလိမ့်မည်။ ဒါမှ တစ်ကြိမ် ပြီးဆုံးပါသည်။ စိတ်ရှည် ဇွဲသန် သည်းညည်းခံ၍ အချိန်မှန်မှန် ပုတီးစိပ်သွားပါက ဉာဏ်ပညာ ထက် မြက် ထူးချွန်စေပါသည်။

**မောင်စိုးနွယ်(နတ်မောက်)**

# သစ်ဖောက်တုံးပေါ်မှ မြတ်စွာဘုရား



◆ မြတ်စွာဘုရားပုံတော်

သစ်ဖောက်တုံးပေါ်မှာ မြတ်စွာဘုရား ဈာန်သမာပတ်ဝင်စားနေပုံကို ထုလုပ်ထားပါတယ်။ မြတ်စွာဗုဒ္ဓပုံတော်ဟာ အတော်ကြည်ညိုသဒ္ဓါတရား ပွားများလာအောင် သပ္ပာယ်လှပါတယ်။ ထူးခြားတာကတော့ သစ်ဖောက်တုံးပေါ်မှာ ထုလုပ်ထားတာ ဖြစ်ပါတယ်။

အဲဒီ ရုပ်ပွားတော်မြတ်ကို ကျိုက်ထီးရိုးပြန် လက်ဆောင်အနေနဲ့ ရရှိခဲ့ပါတယ်လို့အမည် နာမ မဖော်လိုသူက ပြောပြပါတယ်။

အိမ်မှာ ကိုးကွယ်ထားတာ (၁၀)နှစ်အတွင်းမှာ အိမ်စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးတွေ မယုံနိုင်အောင် တိုးတက်မြင့်မားခဲ့ကြောင်း ဖွင့်ဟပြောပြပါတယ်။

ရတနာရှိရာ ရတနာစုဆိုသလို ထူးခြားမှုများ ပေါင်းဆုံစုစည်းနေသော အိမ်ကိုတွေ့ရ ခြင်း များစွာ အံ့သြခဲ့ရပါတယ်။ မည်သို့ပင်ဖြစ်စေ ထူးခြားသော ပစ္စည်းနဲ့ ထုလုပ်ကိုးကွယ် ထားသော ရုပ်ပွားတော်၏ ကောင်းကျိုးကား အနန္တပင် ဖြစ်ပါတယ်။

*အားလုံး ကျန်းမာကြပါစေ။*

**ယောနက ဘိုးထောင်**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# သားမင်း နှလုံးသည်းခြေဆေး

အမှတ်တံဆိပ်

၀၂၁၁ Y ၀၀၈၉၅၄ လိုင်စင် ၇/၂၀၀၈/တဆထလ (၁၆၂၅)
ကြော်ငြာခွင့်ပြုချက် တဆ၀က (စာနယ်ဇင်း) ၁၆၉/၀၂၀၁၀

ကလင်...ကလင်ဆိုတဲ့ ခေါင်းလောင်းသံကြောင့် တံခါးဖွင့်လိုက်ရာ ဂ–လ္ဘာ တက်လာသော ဘရဏီကို တွေ့လိုက်ရသည်။

"တံခါးဖွင့်ပါဦး သရဖီရယ်... မောလိုက်တာ... နောင်ဆို ဂ–လ္ဘာမှာမနေဘဲ တာဝတိံသာတက်နေ" ငေါ်ငေါ်တူးတူး ပြောလိုက်သော ဘရဏီစကားကြောင့် သရဖီက ရယ်ကျဲကျဲလုပ်ရင်း...

"နောက်မှပဲစိတ်ဆိုး... ခုတော့ အမောပြေ ဒီဆေးလေးသောက်လိုက်... အမောတွေ ပြေသွားစေရမယ်"

ဆေးလက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့် ရေအေးနှင့်သောက်ပြီး ခဏ ဘရဏီ မျက်နှာ ရွှင်ပျလာသည်။

"ဟယ်...ဆေးကလဲချိုချဉ်အရသာလေးနဲ့ ကောင်းလိုက်တာ... အမောကို ပြေသွားတာပဲ... အခု ငါ့ကို တိုက်တာ ဘာဆေးလဲဟင်"

"ငါတို့မိသားစု အမြဲ သုံးစွဲနေတဲ့ **သားမင်း အမှတ်တံဆိပ် နှလုံးသည်းခြေဆေးပါ**"

ထိုစဉ် ဘရဏီ၏ မိခင် ဒေါ်မာလာရောက်လာကာ "ဟုတ်တယ်... ဘရဏီရေ... ဒေါ်ဒေါ်တို့က ဂ–လ္ဘာမှာနေကြတဲ့သူတွေဆိုတော့ မိတ်ဆွေတစ်ယောက်ရဲ့ ဆေးလမ်းညွှန်မှုကြောင့် **သမားတော် ဦးကိုကိုကြီး ဖော်စပ်ထားတဲ့ သားမင်းအမှတ်တံဆိပ် နှလုံးသည်းခြေဆေး**ကို အမြဲသုံးစွဲနေတာ သရဖီ ရုံးသွားရုံးပြန်သောက်တဲ့ ဆေးဖြစ်သလို ဒေါ်ဒေါ်လည်း ဈေးသွားဈေးပြန်သောက်ရတဲ့ ဂ–လ္ဘာအတွက် အမောပြေဆေးပါပဲကွယ်"

"ခုနက သရဖီပြောလိုက်တာ နှလုံးသည်းခြေဆေး ဟုတ်လား"

"ဟုတ်တယ် ဘရဏီ... နှလုံးသည်းခြေဆေးပါ... နှလုံးကောင်းမှ သည်းခြေနဲ့သွေးဟာ တစ်ကိုယ်လုံးပျံ့နှံ့သလို သွေးနဲ့ အဗဒ္ဓသည်းခြေရောစပ်ကာ တစ်ကိုယ်လုံးပျံ့နှံ့ပြီး နှလုံးကို ပြန်စောင့်ရှောက်တာလို့ မြန်မာ့တိုင်းရင်းဆေးပညာကို လေ့လာထားလို့ ငါသိရတာ"

"နှလုံးသည်းခြေဆေးဟာ နှလုံးအတွက်ရော သည်းခြေအတွက်ပါ အကျိုးပြုတယ်ဆိုရင် လူတိုင်း သုံးစွဲသင့်ကဲ့ ဆေးတစ်လက်ပဲပေါ့... ဒါဆိုရင် အသက်ကြီးပြီဖြစ်တဲ့ ငါ့ရဲ့ဖေဖေနဲ့ မေမေကို သုံးစွဲဖို့ အသိပေးရဦးမယ်... အဲဒီ သားမင်းအမှတ်တံဆိပ် နှလုံးသည်းခြေဆေးဟာ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြပေးပါဦး သရဖီ"

"ပြောပြမယ်... သေသေချာချာ နား ထောင်... နှလုံးသည်းခြေအားနည်းခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ နှလုံးသွေးကြောကျယ်ခြင်း၊ နှလုံးသွေးကြော အဆီပိတ်ခြင်း၊ နှလုံးကြွက်သားများ အားနည်းခြင်း၊ ရောင်ခြင်း၊ နှလုံးတုန်ရင်ခုန်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ နှလုံးခုန်မမှန် မူးဝေ မောပန်းခြင်းများကို ရေအေး(သို့မဟုတ်) ဆီးဖျော်ရည် ရရာနှင့် သုံးစွဲနိုင်တယ်တဲ့"


"ဒါဆိုရင် လူတိုင်းနဲ့ သင့်လျော်တဲ့ ဆေးကောင်းတစ်လက်ပဲ ဆက်ပြောပါဦး သရဖီ"

"ရင်ညွန့်၌ စူးအောင့်ခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးစူး၍အောင့်ခြင်း၊ ရင်ဝပူ၍ မအီမသာဖြစ်ခြင်း၊ လေးလံထိုင်းမှိုင်းခြင်း၊ အနည်းငယ် လှုပ်ရှားရုံနှင့် မောပန်းနွမ်းချိနေခြင်း၊ ဒေါသကြောင့်ဖြစ်စေ၊ စိုးရိမ်ကြောင့်ကြ ထိတ်လန့်ခြင်းကြောင့်ဖြစ်စေ၊ နှလုံးတုန် ရင်ခုန် မောပန်းခြင်းများကို ရေအေး (သို့မဟုတ်) ကြံရည်ရရာနှင့် သုံးစွဲနိုင်ပါတယ်...

ဆက်နားထောင် ဘရဏီ... နှစ်ခြိုက်စွာ အိပ်မပျော်သူများ စိတ်ဖိစီးမှုများ၍ စိတ်မကြည်လင်သူ၊ စိတ်ရောကိုယ်ပါ ပင်ပန်းနွမ်းနယ်သူများ၊ အားအင်ကုန်ခန်းသူ၊ သတိမှတ်ဉာဏ်နည်းသူများ အထူးသဖြင့် အိပ်ပျက်ခံ ကျက်မှတ်ရသော စာသင်သား၊ ရဟန်းသံဃာများ၊ ကျောင်းသူကျောင်းသားများ၊ စိတ်ရောကိုယ်ပါ မောပန်းနွမ်းနယ်သော ကာယ၊ ဉာဏ လုပ်သားများ၊ နာလန်ထ လူနာများ၊ သက်ကြီးရွယ်အိုများ၊ ရေအေး (သို့မဟုတ်) ပျားရည်နဲ့ နေ့စဉ် သုံးစွဲပါက ပင်ပန်းမှုပြေပျောက်လျက် စိတ်ကြည်လင် လန်းဆန်းစေပါတယ်။

အပူအပုပ်များသူ၊ ဆီးနီ၊ ဆီးနည်းသူများ ရေအေး (သို့မဟုတ်) မန်ကျည်းဖျော်ရည်နဲ့ သုံးစွဲနိုင်ပါတယ်။ အထူးသဖြင့် နှလုံးအား သွေးအား၊ သည်းခြေအားနည်းသူများ၊ နှလုံးရောဂါရှင်များ ပုံမှန်သောက်သုံးသင့်ပြီး အရွယ်တင်နုပျိုလိုသူ၊ သွေးတိုးရောဂါ နှလုံးရောဂါ၊ လေငန်းရောဂါ ကာကွယ်လိုသူများအတွက် နေ့စဉ် သောက်သုံးသင့်တဲ့ ဆေးတစ်လက်ဖြစ်ပါတယ်တဲ့ ဘရဏီ"

"အဲဒီလောက်ကောင်းတဲ့ **သားမင်း အမှတ်တံဆိပ် နှလုံးသည်းခြေဆေး**ကို ငါတို့မိသားစုလဲ သုံးစွဲမယ် လိုအပ်တဲ့သူတွေလဲ သုံးစွဲနိုင်အောင် ပြည်ပေါ်မှာ ရွှေကြော်ငြာထုတ်လုပ်ချင်ပါပြီ ဘရဏီရယ်..."



**အမောပြေ၊ လန်းဆန်း၊ ကျန်းမာဖို့**
**သားမင်း** (အမှတ်တံဆိပ်)
**နှလုံးသည်းခြေဆေးကို သုံးစွဲကြစို့**

**ပင်ရင်း-သားမင်းဆေးတိုက်** အမှတ် (၁၀၁၃)၊ ဣန္ဒာ(၁၀)လမ်း ၄/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၁-၇၀၅၃၆၄ ၊ ၀၉ ၅၀ ၉၇၉၈၃



www.burmeseclassic.com

www.burmeseclassic.com



◆ မြောက်ဘက်အာရုံခံ ဘုရားသိမ် အတွင်း ရွှေတောင်သိုက်တော်မှ ဂုဏ်မွားတော်မြတ်ကြီးအား ဖူးမြော် ကြည်ညိုရစဉ်

စပါးတောင်ခြေ အစိဋ္ဌာန်ပြုရာ

# ရွှေတောင် ဒေါင်းမြေ (၂)

မောင်မောင်ဖိုး (ထားဝယ်)



မုစလိန္ဒသဏ္ဍာဟာ နဂါးရုံဘုရားအား ဖူးမြော်ရစဉ်

ယခင်လမှ အဆက်

မြောက်ဘက်အာရုံခံ ရွှေတောင်ဘုရားကြီး ကိန်းဝပ်သည့် သိမ်၏ ခေါင်မိုးပြာသာဒ်သည် ထားဝယ်သားတို့၏ ရှေးလက်ရာများဖြစ်၍ ဂုဏ်ယူစရာ ပြယုဂ်တစ်ခု ဖြစ်ရလေသည်။


ရွှေတောင်စေတီ၏ အရှေ့ဘက်တွင် သုဝဏ္ဏဘူမိ သမုတ်သိမ်ကြီး ရှိသည်။ အရှေ့မြောက်ထောင့်ရှိ ကျောက်စာတိုင်အရ သုဝဏ္ဏဘူမိ သမုတ်သိမ်ကြီးသည် ကောဇာ သက္ကရာဇ် ၁၂၆၄ ခုနှစ်၊ ကဆုန်လဆန်း(၅)ရက်နေ့တွင် ပြီးမြောက်ခဲ့ကြောင်း လေ့လာမှုပြုခဲ့ကြရပြန်ပါသည်။

သုဝဏ္ဏဘူမိ သမုတ်သိမ်ကြီး၏ အရှေ့မျက်နှာစာတွင် အာရုံခံဇရပ်ရှိပြီး အရှေ့ဘက် တန်ဆောင်းလှေကားမှ ဆင်းသက်လာကာ စပါးတောင် တောင်ပေါ်သို့ ရှေ့ဆက်၍ တက်ရောက် သွားလာနိုင်သော





www.burmeseclassic.com




◆ ရွှေတောင်ကျောင်းသမိုင်း မော်ကွန်း
ကျောက်စာကို တွေ့ရှိ လေ့လာစဉ်



◆ ရွှေတောင်စေတီအား
အရှေ့တောင်ထောင့်မှ ဖူးမြော်ရစဉ်

◆ မြောက်ဘက် အာရုံခံဘုရားသိမ်ကြီး၏
မြာသာခံပုံ



လူသွားလမ်း မြေနီလမ်း ကြောင်း တွေ့ရသည်။

ရွှေတောင်စေတီ၏ တောင်ဘက် ကုန်းမြင့်နေရာ၌ ဗြဲုဟ်တိုင်ဘုရားနှင့် သုဝဏ္ဏဘူမိမယ်တော်၏ ဂူ ရှိသည်။

ရွှေတောင် စေတီ၏ အနောက် တောင်ထောင့်တွင်ရွှေတောင် ကျောင်း၌ သီတင်းသုံးတော် မူနေကြသည့် ရဟန်း၊သံဃာတော်များ အသုံးပြုနိုင်ရန် (၁၂)ပေအမြင့် ခန့်ရှိ ဆလင်ဒါပုံသဏ္ဍာန် ရေကန်ကြီးတစ်ကန်ကို ထားဝယ်မြို့ ခုံဝင်းဒပ်ရပ်နေ ဦးရန်လင်း၊ ဒေါ်စွမ်တီတို့၏ လှူဒါန်း ကုသိုလ်ပြုမှုကို သဒ္ဓါယိုစိတ် ကြည်ညိုစိတ်ဖြင့် နာယူမိသည်။

စာရေးသူ အရှေ့တောင်ထောင့်အရပ်မှနေ၍ ရွှေတောင်စေတီထံပါးတွင်...

'သားတပည့်တော်သည် စပါးတောင်တစ်ခွင် အောင်မြေ(၃)ဌာနစလုံးသို့ သွားရောက်နိုင်ပြီး ဗုဒ္ဓသာသနာအကျိုးအတွက် ဘုရားစေတီ အစရှိသည့် သမိုင်းအစဉ်အလာ အကြောင်းအရာများကို မှတ်တမ်းတင် စုဆောင်း ရေး


◆ သုဝဏ္ဏဘူမိသမုတ်သိမ်ကြီးကို တွေ့ရစဉ်





www.burmeseclassic.com

www.burmeseclassic.com





▲ ရွှေတောင်စေတီတော်၏ တောင်ဘက်တွင် ကြိုက်တိုင်ဘုရားကို ဖူးမြော်ရစဉ်

◀ သုဝဏ္ဏဘူမိသမုတ်သိမ်ကြီး၏ ကျောက်စာကို တွေ့ရှိရလာစဉ်

အချိန်းဖြင့် စာပေအခန်းကဏ္ဍ တစ်ထောင့်တစ်နေရာမှ ဖော်ပြခွင့် ရရှိပါစေလို၏ အရှင်ဘုရား'

ဟူ၍ အဓိဋ္ဌာန်ပြု ဆုတောင်းနေမိသည်။

ထို့နောက် ရွှေတောင်ကျောင်းပေါ်သို့ တက်ရောက်ကြရာ ရဟန်းခံ၊ ရှင်ပြုအလှူမင်္ဂလာပွဲသို့ ကြွရောက်တော်မူလာကြသည့် သံဃာတော်အရှင်သူမြတ်များ သီတင်းသုံး နေထိုင်တော်မူနေကြသည်ကို ဖူးတွေ့ရသည်။

ရွှေတောင်ကျောင်း ဘုရားခန်းအတွင်း ကိန်းဝပ်တော်မူကြသည့် ဗုဒ္ဓရုပ်ပွားတော်များကို ကြည်ညို ဦးခိုက်ကန်တော့ကြသည်။ ဉာဏ်တော်တစ်တောင်ခန့်အမြင့်ရှိ ရှေးဟောင်းကြေးသွန်း ထိုင်တော်မူရုပ်ပွားတော်တစ်ဆူကို ရွှေတံကဲတော်ဖြင့် ရွှေပလ္လင်ထက်ဝယ် သပ္ပာယ်စွာဖြင့် ထူးထူးခြားခြား ဖူးမြော်ကြည်ညိုကြရသည်မှာ စိတ်ရွှင်လန်း ဝမ်းမြောက်ပီတိ ဖြစ်ရပါ၏။

ထိုကြေးသွန်း ထိုင်တော်မူ ရုပ်ပွားတော်မြတ်သည် အေဒီ(၃)ရာစုမှ (၁၀)ရာစုအတွင်းမှာ ပေါ်ပေါက်ခဲ့သောဝဇီယာနဂိုဏ်း ဗုဒ္ဓဘာသာ၏ လက်ရာဖြစ်ကြောင်း၊ ထားဝယ်ဒေသတွင် ထိုခေတ်က ပျူလူမျိုး ဗုဒ္ဓဘာသာတို့၏ ကိုးကွယ်မှု အမှတ်အသားဖြစ်ကြောင်း၊ ထားဝယ်ဒေသ သမိုင်းသုတေသီတစ်ဦးဖြစ်သူ ဆရာဦးဘမြင့်က အဆိုပြုထားပါသည်။

ပြီးနောက် ကျောင်းခန်းနံရံတွင် ချိတ်ဆွဲထားသော ရွှေတောင်ကျောင်း ပထမဆရာတော်ကြီး အရှင်ဉာဏာလင်္ကာရမထေရ်မြတ်၏ ပုံတူပန်းချီကားကို စာရေးသူ ဖူးမြော်ကြည်ညိုရင်း အတွေးစိတ်အာရုံသည် ဆရာတော်ကြီး၏ ဘဝဖြစ်စဉ်တော် ပုံရိပ်ဆီ လွင့်ပျံ့သွားစေပါသည်။

ပထမ ရွှေတောင်ဆရာတော်ကြီး အရှင်ဉာဏာလင်္ကာရ မထေရ်မြတ်သည် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ ရွှေတောင်ရွာဇာတိဖြစ်သည်။

ရွှေတောင်ရွာနေ ခမည်းတော်ဦးစိန်တန်း၊ မယ်တော်ဒေါ်ဖြူတို့မှ ၁၂၁၁ ခုနှစ်၊ တန်ခူးလဆန်း(၁၄)ရက် အင်္ဂါနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူသောသားရတနာ ဖြစ်လေသည်။ ငယ်အမည်မှာ ဖိုးနှင်းခိုင်(ခေါ်) မောင်ဖိုးကျေး ဖြစ်သည်။


အရွယ်ရောက်သော် တောင်ပွားကျောင်း ပထမဆရာတော် အရှင်



www.burmeseclassic.com

www.burmeseclassic.com





▲ ရွှေတောင် တောင်ပေါ်၌ သီတင်းသုံးနေကြသည့် ရဟန်း သံဃာတော်များ အသုံးပြုရန် ရေကန်ကြီးအား တွေ့ရစဉ်

◀ ရွှေတောင်[illegible]တော်၏ တောင်ဘက် တွင် သုဝဏ္ဏဘုမ္မိမယ်တော် ရုပ်တုတော်ကို တွေ့ရစဉ်

ဂုဏာဓမ္မာလင်္ကာရကဝိဓဇ ထံတော်၌ ပညာသင်ကြား၏။

ထိုဆရာတော်ထံ၌ပင် သာမဏေနှင့် ရဟန်းပြုပြီး အခြေခံ စာပေပညာများကို သင်ယူလေသည်။ ထို့နောက် ပိဋကတ်တိုက် ဆရာတော်ကြီးထံ၌ အထက်တန်း ပိဋကတ်စာပေများကို ဆည်းပူးတော်မူခဲ့လေသည်။ နေပြည်တော်မန္တလေးသို့ ကြွရောက်၍လည်း နာမည်ကြီး ဆရာတော်များထံ၌ အာစရိယဟတ္ထမှ၌ ရရှိအောင် သင်ယူတော်မူခဲ့သည်။

ဂုဏာဝိမုတ်ကူးတို့ဂိုဏ်းချုပ် ပိဋကတ်တိုက် ဆရာတော်ကြီး ပျံတော်မူသောအခါ ဂိုဏ်းအတွင်း သက်တော်,ဝါတော် အကြီးဆုံးလည်းဖြစ်၊ စာပေကျမ်းဂန်လည်းတတ်၍ ဝိနယဂရုကသီလဝန္တ ဖြစ်တော်မူသော သက်တော် (၆၈)နှစ်၊ သိက္ခာတော်(၄၈)ဝါရှိ ရွှေတောင် (ရှေးအခေါ် ဝေးတောင်) ဆရာတော်ကြီး အရှင်ဉာဏာလင်္ကာရ မထေရ်မြတ်ကို ဂိုဏ်းလုံးကျွတ် သံဃာ့အစည်းအဝေးက ၁၂၇၉ ခုနှစ်၊ နတ်တော်လဆုတ် (၃)ရက်နေ့တွင် ဒုတိယမြောက် **ဂုဏာဝိမုတ်ကူးတို့ ဂိုဏ်းချုပ် ဆရာတော်ကြီး**အဖြစ် တင်မြှောက်တော်မူလေသည်။

ဆရာတော်ကြီးသည် ရွှေတောင်ကျောင်း၌ ကျောင်းထိုင်ရပြီး ဂိုဏ်းချုပ်တာဝန်ကို (၁၇)နှစ်မျှ သာသနာရေးကို ထမ်းဆောင်တော်မူခဲ့လေသည်။

ရှေ့ဆောင်လမ်းပြ ဂုဏာစရိယ ဆရာတော်ကြီးတို့၏ လမ်းစဉ်အတိုင်း နေ့ဘက်တွင် ရွှေတောင်ကျောင်း၌ တပည့်သံဃာများကို စာပေပို့ချတော်မူပြီး ညဘက်တွင် တစ်မိုင်ခန့်ခရီးဝေးသည့် ဆင်ခေါင်းတောင်တောရသို့ တက်ရောက်ကာ တရားအားထုတ်တော်မူ၏။

အသက်အရွယ်တော် ကြီးရင့်လာသောအခါ ဆင်ခေါင်းတောရစခန်းထက် အနည်းငယ်နိမ့်သော ဘိုးဘိုးအောင်ချောင်တွင် တက်ရောက်ကာ တရား အားထုတ်တော်မူပြန်လေသည်။

ဘိုးဘိုးအောင်ချောင် ဟူသည်မှာ ကျောက်ရပ်၊ ရွှေတောင်ကျောင်းမှ အရှေ့တောင်ဘက် (၄)ဖာလုံခန့် အကွာရှိ သတ္တဗ္ဗာနမုဒ္ဒရုပ်ပွားတော်များ၊ စေတီတော်များ၊ ကျောင်း၊ ဇရပ်၊ သိမ်တော်များဖြင့် မွေ့လျော်ဖွယ်ရာ စည်ပင်နေသည့် နေရာပင် ဖြစ်သည်။

ဤသို့ ဆရာတော်ကြီး နေ့စဉ် တောင်ပေါ်စခန်းသို့ ကြွရောက် သီတင်းသုံးတော်မူလေ့ရှိသဖြင့် ကျားသတ္တဝါ တစ်ကောင်သည်ပင်လျှင် ယဉ်ပါးလာပြီး တောရကျောင်းအနီးသို့ လာရောက်အိပ်စက်လေ့ရှိသည်ဟု ဆိုပေသည်။

သို့နှင့် ဥစ္စာရတနာပြည့်ဝမှုရနှစ်ဖြာကို လွန်စွာ ဖောက်ချပြီး အားထုတ်တော်မူခဲ့သော ရွှေတောင်ကျောင်း ဆရာတော်ကြီးသည် သက်တော် (၈၅)နှစ်၊ သိက္ခာတော်(၆၅)ဝါရောက်ပြီး ဖြစ်သည့် ၁၂၉၆ ခုနှစ် ဝါဆိုလဆုတ်



www.burmeseclassic.com

www.burmeseclassic.com





● ရွှေတောင်ကျောင်း ပထမကျောင်းထိုင်
ဆရာတော် အရှင်ဉာဏာလင်္ကာရ
မထေရ်မြတ် ပုံတူပန်းချီကားကို
ကြည်ညိုဖွယ်

◆ ထားဝယ်ဒေသတွင် ပျူလူမျိုး
ဗုဒ္ဓဘာသာများ ကိုးကွယ်သည့်
အမှတ်အသားတစ်ရပ်ဖြစ်သော
ဝဇီယာနဂိုဏ်း၏လက်ရာ ရှေးဟောင်း
ကြေးသွန်း ထိုင်တော်မူရုပ်ပွားတော်အား
ထူးခြားစွာ ဖူးတွေ့ရစဉ်

...ရောက် နံနက်(၄)နာရီ(၃၀)မိနစ် ...အချိန်တွင် ရွှေတောင်ကျောင်း၌ပင် ...နေ့တော်နန်း စံမြန်းတော်မူလေသည်။

...တောင်ဆရာတော်ကြီး၏ ပုံတူ ...ချီကားကြီးအား အာရုံပြု ဖူးမြော် ...ကြည်ညိုနေသည့် စာရေးသူအား ...ခန်း၏ ရှင်ပြုမင်္ဂလာပွဲ အခမ်းအနား ...ရားခမ္မ နာယူရန် အချိန်ကျရောက် ...ကြောင်း ဇနီးဖြစ်သူ ဒေါ်တင်တင် ...က လာရောက် ခေါ်ဆိုရာ အတွေး ...ခုံကို ဖြတ်တောက်လိုက်ရသည်။

လောကီထွက်ရပ်လမ်းကို လိုက်နာကျင့်ဆောင်ကြသည့် ဗုဒ္ဓဘာသာဝင်တို့သည် မိမိတို့ ကြိုးပမ်း ကျင့်ဆောင်နေသည့် လမ်းစဉ်အောင်မြင်ရေးအတွက် ဆရာသခင်တို့၏ လမ်းညွှန်ချက်အရသော်လည်းကောင်း၊ မိမိတို့အခြေခံသည့် လမ်းစဉ်ကျမ်းညွှန်းအရသော်လည်းကောင်း တန်ခိုးကြီး ဘုရားများ၌ အဓိဋ္ဌာန်ဝင်ကြသည် ဆိုပါသည်။

အဓိဋ္ဌာန်ဝင်သည် ဆိုသည်မှာလည်း ညွှန်ကြားသည့် ဘုရား,ပုထိုးတို့၌ သတ်မှတ်သည့် ရက်ကာလအတိုင်း ရတနာသုံးပါး၏ ဂုဏ်တော်ကို အာရုံပြု၍ ပုတီးစိပ်ခြင်း သို့မဟုတ် သမထကမ္မဋ္ဌာန်းတစ်ခုခုကို ပွားများ အားထုတ်ခြင်းပင် ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

သို့နှင့် ရွှေတောင်ဆရာတော်ကြီးသည် တောတောင်စိမ့်စမ်းများနှင့် ဆိတ်ငြိမ်ရာ စပါးတောင်၏ အရှေ့တောင် အောင်မြေများ ဖြစ်သည့် ရွှေတောင်(ဇွေးတောင်)၊ ဆင်ကျွန်း



www.burmeseclassic.com

www.burmeseclassic.com

တောင်၊ ဘိုးဘိုးအောင်တောင် စသည့် အောင်မြေများ၌ သာသနာထွန်းကား ပြန့်ပွားရေးလုပ်ငန်းများကို ဆောင်ရွက်တော်မူပြီး တရားအားထုတ်တော်မူခဲ့ကြောင်း သိရှိခဲ့ရပေသည်။

ထို့ကြောင့် ဓမ္မမိတ်ဆွေသူတော်စင်အပေါင်းတို့သည် စပါးတောင်၏ အရံတောင် ကိုးတောင်တွင် တစ်ဌာနဖြစ်စေ၊ ထိုထက်လွန်ကာ နှစ်ဌာန၊ သုံးဌာန၊ လေးဌာန၊ ငါးဌာနဖြစ်စေ သို့မဟုတ် ကိုးဌာနပင်ဖြစ်စေ အဓိဋ္ဌာန်ပြီးလျှင် အသားလွတ်(သက်သတ်လွတ်) သို့မဟုတ် မီးလွတ်စားသုံးလျက်တစ်ဌာနလျှင် ကိုးရက်စီ တြင်းကျေ၊ နဝင်းကျေ ထိုထက်အလွန် သတ္တဗီသကျ လေ့လာဆည်းပူး ကြိုးစား အားထုတ် ကျင့်သုံးကြသည်မှာ ထွက်ရပ်ပေါက် ဝိဇ္ဇာနယ်ပယ်တွင် အစဉ်အလာကြီးတစ်ရပ်ကဲ့သို့ ထင်မှတ်ဖွယ် ဖြစ်ရလေသည်။

သို့ဖြစ်၍ စာရှုသူ ဓမ္မမိတ်ဆွေအပေါင်းတို့သည်လည်း ထားဝယ်မြို့သို့ ဘုရားဖူးရောက်ရှိပါက ခရီးလမ်းပန်းလွယ်ကူ အဆင်ပြေသော ထားဝယ်မြို့မှ (၂)မိုင်ခရီးရှိ စပါးတောင်ခြေ ရွှေတောင်(ဖေ့ားတောင်) အောင်မြေတွင် တရားအဓိဋ္ဌာန် ဝင်ရောက် ကြိုးစားအားထုတ်ခြင်းဖြင့် အဓိဋ္ဌာန် ကုသိုလ်ရယူနိုင်ပါကြောင်း။

**ဤဆောင်းပါး ဖြစ်မြောက်ရေးအတွက် မှတ်တမ်းဓာတ်ပုံများ ရိုက်ကူး ခွင့်ပြုပေးပါသော ရွှေတောင်ကျောင်းတွင် သီတင်းသုံးနေထိုင်သည့် ဦးပဥ္စင်း ဦးတိက္ခဉာဏအားလည်းကောင်း၊ သမိုင်းအကြံပြုပေးပါသော ဆရာ ဦးဘမြင့်(မင်းသူရိန်) ကျောက်မော်ရပ်၊ ထားဝယ်မြို့အားလည်းကောင်း၊ ခရီးသွားလာရေးအတွက် ကူညီပေးသော ဦးကျော်[illegible]သက်၊ ကိုသက်ဆွေ ကညုံရပ်[illegible] ထားဝယ်မြို့တို့အား လည်းကောင်း[illegible] အထူး ကျေးဇူးတင်ရှိပါကြောင်း...**

*သတ္တဝါဝေနေယျအပေါင်း*
*ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ[illegible]*

***မောင်မောင်စိုး (ထားဝယ်)***

ကိုးကားချက်

၁။ ရှင်ကိုးရှင်နှင့် သမိုင်းဝင် ထားဝ[illegible] ဘုရားများ မောင်သန်းဆွေ[illegible] (ထားဝယ်)။
၂။ သာသနာ့တံခွန် ထားဝယ်ထေ[illegible] မွန်များ မောင်သန်းဆွေ(ထားဝယ်[illegible]
၃။ ကိုယ်တိုင် ဘုရားဖူးသွားရော[illegible] လေ့လာခြင်း၊ မှတ်တမ်းဓာတ်ပုံ[illegible] ရိုက်ကူးခြင်း (၇-၃-၂၀၁၂)။

ဇန်နဝါရီလတွင် စည်းစိမ်ဥစ္စာ လာဘ်လာဘများ ဝေဝေဆာဆာ ဝင်ရောက်လာရေးအတွက် သောက်ဖွယ် အဖျော်တစ်မျိုးမျိုးကို ရွေးချယ် လှူဒါန်းကာ လိုရာ ဆုတောင်းနိုင်ကြစေရန် မိမိတို့ မွေးနှစ်အရ အောက်ပါအတိုင်း ရွေးချယ်ရန်ဖြစ်သည်။

* * * ⟶

**ဥပမာ ။ ။** ခွေးနှစ်ဖွားများအတွက် လာဘ်လာဘ ရွှင်လန်းစေရန် တောင်အရပ်ရှိ သက်ကြီးပိုင်းအမျိုးသမီး (ဒေါ်ကြီးအရွယ်) တစ်ဦးအား ကော်ဖီမစ်(၉)ထုပ်ကို **အင်္ဂါနေ့**တွင် လှူဒါန်းကာ ဆုတောင်းရန် ဖြစ်သည်။ သမ္မာဒေဝတို့အား ဤဒါနကုသိုလ်ကို တိုင်တည် အမျှဝေကာ စည်းစိမ်ဥစ္စာ တိုးပွားစေရန် ဆုတောင်းပါလေ။

ဤလတွင် ဂုဏ်ကျက်သရေ ပြည့်စုံစေရန် လက်ကိုင်ပြုသင့်သည်ကား တော်ဖြောင့်မှန်ကန်ခြင်း ဖြစ်သည်။

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလအတွင်း

## စည်းစိမ်ဂုဏ်သိန် ပြည့်စုံစေဖို့

| မွေးနှစ် | အလှူခံပုဂ္ဂိုလ် | အရပ်မျက်နှာ | နေ့ | ခုရေ[illegible] |
|---|---|---|---|---|
| ကြွက် | သက်လတ်ပိုင်း အမျိုးသား | အရှေ့တောင် | ကြာသပတေး | ၄ |
| နွား၊ ကျား | ပိခင်အရွယ် အမျိုးသမီး | အနောက်တောင် | တနင်္လာ | ၂ |
| ယုန် | သက်ငယ်ပိုင်း အမျိုးသမီး | အနောက် | သောကြာ | ၇ |
| နဂါး၊ မြွေ | သက်ငယ်ပိုင်း အမျိုးသား | အရှေ့မြောက် | စနေ | ၈ |
| မြင်း | သက်လတ်ပိုင်း အမျိုးသမီး | အရှေ့ | ကြာသပတေး | ၃ |
| မျောက်၊ ဆိတ် | ဖခင်အရွယ် အမျိုးသား | အနောက်မြောက် | တနင်္ဂနွေ | ၆ |
| ကြက် | သက်ကြီးပိုင်း အမျိုးသား | မြောက် | ဗုဒ္ဓဟူး | ၁ |
| ခွေး၊ ဝက် | သက်ကြီးပိုင်း အမျိုးသမီး | တောင် | အင်္ဂါ | ၉ |

အရာရာ တော်ဖြောင့်မှန်ကန်စွာ ပြောဆိုနေထိုင်ပါက ကျက်သရေ ဂုဏ်သိန်[illegible] ပြည့်စုံနိုင်ကြပေသည်။

***စည်းစိမ်ဂုဏ်သိန် ပြည့်စုံကြပါစေ။***

**ထက်မင်းကျော်စွာ**



www.burmeseclassic.com

www.burmeseclassic.com

# သနပ်ခါးပင်

အမြန်ကြီးအောင်



သနပ်ခါးသည် လူသုံးများသော ... ဖြစ်သော်လည်း သနပ်ခါးပင် ... အပင်ကြီးဖို့ရန် ခက်ခဲလှ၏။

သနပ်ခါးပင်တစ်ပင် ဈေးကောင်း ... ရောင်းရဖို့ရန် အနည်းဆုံး ...နှစ်)နှင့် (၁၅–နှစ်)ထိအောင် စောင့်ရ၏။

သနပ်ခါးပင် မြန်မြန်ကြီးအောင် နည်းစနစ်သိဖို့ လိုအပ်နေပါ၏။ ဤ ...ကြောင်းနှင့် ပတ်သက်ပြီး စာရေးသူသည် နွေရာသီရောက်တိုင်း မိမိ ...နယ်မြေ အညာမြေသို့ ရောက်ပါ၏။

အညာသို့ရောက်နိုက် ဆွေမျိုးတွေအိမ် လိုက်လည်သောအခါ ဦးလေး ...သို့ ရောက်သွားပါသည်။ ဦးလေး၏ အိမ်ဝိုင်းထဲမှာ သနပ်ခါးခြံကြီး ...ကားကား ဖြစ်နေ၏။

ကြည့်လိုက်သောအခါ တချို့အပင်တွေ လက်မောင်းလောက်အရွယ်၊ ...အပင်တွေက ခြေသလုံးလောက်အရွယ်တွေ တွေ့ရ၏။

ဦးလေးနှင့်အတူ သနပ်ခါးခြံထဲ လျှောက်လည်ရင်း သနပ်ခါးပင်တွေအမြန် ကြီးအောင် ပြုလုပ်နည်းကို မေးမြန်းကြည့်သောအခါ ဦးလေးက မထိမ် ...ပင် စေတနာပါပါဖြင့် ပြောပြပါသည်။

"သနပ်ခါးပင်တွေ အမြန်ကြီးအောင် ပြုလုပ်မယ်ဆိုရင် မိုးဦးကျရောက်တဲ့အခါ လက်သန်း ...အရွယ်ခန့်ရှိတဲ့ သနပ်ခါးပင်လေးတွေကို ဓားပြတ်ပြတ်နဲ့ အရင်းနားမှ ကပ်ပြီး တိခနဲ ...သွားအောင် ဖြတ်ချလိုက်ပါ။

...မကြာမီအချိန်အတွင်းမှာ ဖြတ်ထားတဲ့ သနပ်ခါးငုတ်တိုလေးက အတက်ကလေး ... ဖူးပြီး ထွက်လာပါလိမ့်မယ်။

...အတက်တွေထဲက အကြီးဆုံး အတက်ကလေးကို ချန်ထားပြီး ကျန်တဲ့ အတက်တွေကို အကုန်လုံး ဖဲ့ချပစ်လိုက်ပါ။

...ဆိုရင် စောစောက ချန်ထားခဲ့တဲ့အတက်ဟာ တစ်နေ့တခြား ကြီးမှန်းမသိ ကြီးလာပါလိမ့်မယ်။ အဲဒီ ထွက်လာတဲ့ ...ကြီးမှ အသေးအမွှား အတက်ကလေးတွေ ထွက်လာတိုင်း၊ ထွက်လာတိုင်းလဲ အမြဲ ဖဲ့ချပစ်ရပါမယ်။ ဒါမှသာ ...တဲ့အတက်က မြန်မြန်ကြီးလာမှာ ဖြစ်ပါတယ်။

...ဆိုရင် (၁၀)နှစ်ရှိမှ ခုတ်ရောင်းရမယ့် သနပ်ခါးမှာ အနည်းဆုံး (၇)နှစ်ဆိုရင် ရောင်းပန်းလှပါပြီ။ ခုတ်ရောင်းလို့ ...ပြီ"

...မာနိုင်ငံတွင် သနပ်ခါးသည် စီးပွားဖြစ် အပင်တစ်မျိုး ဖြစ်ပါသည်။

...၍ စီးပွားဖြစ် စိုက်ပျိုးသူများ သိရှိနိုင်ရန် စေတနာမေတ္တာ အရင်းခံလျက် ရေးသားတင်ပြလိုက်ခြင်း ဖြစ်ပါသည်။

**[ဤဆောင်းပါးဖြင့် နည်းစနစ်ကို ပြောပြပေးသော မိတ္ထီလာမြို့နယ်၊ မြောက်လည်ကျေးရွာအုပ်စု ထိန်ကန် ...ရွာမှ ဦးလေး ဦးစံမြိုင်အား မှတ်တမ်းတင် ဂုဏ်ပြုပါသည်။]**

ဦးပညာလင်္ကာရ (*ပန်းတောင်း*)
ကျွဲရဲကျောင်းဆရာတော်



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

အမျိုးသမီးများ သွေးသားမွန်ကန်ပြီး စိုပြည်လှပဖို့ဆိုရင်


# တင်တင်အောင်

အမှတ်တံဆိပ်

# အကိုက်အခဲပျောက် မီးယပ်သွေးပေါ်ဆေး

(တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၁၁၂ YR ၀၀၇၉၈၈)

'ဣတ္ထိယ မိန်းမတို့၏ ဥစ္စာခနကား အဆင်းတည်း''ဟု လောကနီတိဆရာများက အဆိုရှိပါတယ်။ အမျိုးသမီးတိုင်း ရွှင်လန်းကျန်းမာပြီး စိုပြည်လှပဖို့ဆိုရင် သွေးစ၊ သွေးလယ်၊ သွေးဆုံး အရွယ် (၃)ပါးလုံး ဓမ္မတာရာသီပန်း တစ်လ တစ်ကြိမ် မှန်မှန် ပွင့်လန်းဖို့လိုပါတယ်။




ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၁/၀၅၁၃

အမျိုးသမီးများအနေနှင့် ကိုယ်ဝန်ဆောင်စဉ်ကာလ၊ သားဖွားပြီးစ ကာလများမှလွဲ၍ လစဉ် ဓမ္မတာ မှန်မှန်လာဖို့ လိုပါတယ်။ မီးယပ်ထိမ် ငုပ်၊ ချုပ်၊ ကျန် ဖြစ်ခဲ့လျှင် အသားအရေ ညိုညစ်ညစ်နှင့် ယဉ်ဆိုသမျှ ပင်ကိုအလှများ ပျောက်ကွယ်တတ်ပါတယ်။

ဒါဆိုရင် မီးယပ်သွေးပေါ် ဆေးကောင်း တစ်လက် သုံးစွဲဖို့ လိုနေပြီ ဖြစ်ပါတယ်။ မီးယပ်သွေးပေါ်ဆေး အမျိုးမျိုးထဲက ဘယ်ဆေး အကောင်းဆုံးလဲလို့ မေးလာခဲ့ရင် အမျိုးသမီးများ မီးယပ်သွေးပေါ်ဆေးကို အမျိုးသမီးတိုင်းရင်းဆေးဆရာမ ဒေါ်တင်တင်အောင်(တဆ–၄၉၅၃)ကိုယ်တိုင် စီမံထုတ်လုပ်တဲ့ ဒေါ်တင်တင်အောင် အကိုက်အခဲပျောက် မီးယပ်သွေးပေါ်ဆေးဟာ အကောင်းဆုံးပဲလို့ ပြောလိုက်ပါရစေ။

တင်တင်အောင် အကိုက်အခဲပျောက် မီးယပ်သွေးပေါ်ဆေးဟာ ဘယ်လိုရောဂါ တွေအတွက် သုံးစွဲနိုင်သလဲဆိုရင် မီးယပ်မမှန် ထိမ်ကျန်၊ ငုပ်ခြင်း၊ နည်းခြင်း၊ အတုံးအခဲများ ဆင်းသက်ခြင်း၊ ရာသီသွေးပေါ်ခါနီးနှင့် ဖြစ်ပေါ်ဆဲ အချိန်အခါများ တွင် ခါး၊ ရင်၊ ဆီးစပ် ကိုက်ခဲသူများ ဓမ္မတာမလာမီ (၃)ရက်ဆက်၍ တစ်နေ့ (၂)ကြိမ် သောက်နိုင်သလို ရာသီသွေးပေါ်ရမည့်ရက်ထက် တစ်ပတ် (သို့မဟုတ်) အရက်နဲ့ နှစ်ပတ် ကျော်လွန်နေပါက တစ်နေ့ (၂)ကြိမ် (၃)ရက် ဆက်သောက်နိုင်ပါတယ်။

သုံးပတ်၊ လေးပတ် ကျော်လွန်နေပါက တစ်နေ့ (၂)ကြိမ် (၃)ရက် ဆက်သောက် နိုင်ပါတယ်။ သုံးပတ်၊ လေးပတ် ကျော်လွန်နေပါက တစ်ခါသောက် ဆေး(၅)ပြား တစ်နေ့ (၃)ကြိမ် (၃)ရက် ဆက်ပြီး(ချင်း+ထန်းလျက်+ကွမ်းရွက်ပြုတ်ရည်) (သို့မဟုတ်) အရက်နဲ့ သောက်မယ်ဆိုရင် ဓမ္မတာပန်း ပွင့်လန်းလာပါလိမ့်မယ်။

သွေးမသန့်ခြင်း၊ သွေးပုပ်ကျခြင်း၊ မီးယပ်ကွက်များပေါ်ခြင်း၊ အသားအရေ ညစ်ထေးမွဲခြောက်[...] နှမ်းခြင်း၊ ကိုယ်ခန္ဓာနုံ့ပြင်းခြင်း ဖြစ်နေ[...] များ တစ်နေ့တစ်ကြိမ် ဆေး(၅)[...] ရေနွေးနဲ့သောက်ရင် အသားအ[...] စိုပြည်သန့်ရှင်းပြီး ကိုယ်ခန္ဓာရနံ့ပြင်းခြ[...] ကင်းဝေးစေပါတယ်။

အိမ်ထောင်ရှင်အမျိုးသမီးများ သာ[...] သမီးဝေးလိုပါက ဓမ္မတာပေါ်မည့်[...] မတိုင်မီ (၃)ရက်ကြိုတင်ပြီး တစ်[...] (၂)ကြိမ် (၃)ရက်ဆက် ရေနွေးနဲ့ သော[...] ပါ။ ဓမ္မတာပေါ်ပြီး နောက်တစ်ပတ်အ[...] တွင် တစ်နေ့ (၂)ကြိမ်၊ (၃)ရက်ဆ[...] ရေနွေးနဲ့သောက်ပါ။ ဓမ္မတာပေါ်[...] (၃)ရက်ဆက်သောက်လျှင် သားသမီး[...] ပြီး နုပျိုဖွံ့ဖြိုး အလှတိုးစေပါတ[...] မီးမကင်ဆေးအဖြစ် မီးတွင်းကာလ[...] (၁)ရက်ခြား ဆေးတစ်ခွက်နှုန်း (၃)[...] ပြည့်အောင် သောက်ပါ။ သွေးပုပ်၊ ချွေးပုပ်၊ အနိုးပုပ်များ က[...] စင်ပြီး တစ်သားမွေး တစ်သွေးလှစေပါတယ်။

အသက် (၄၀)ဝန်းကျင် ရောက်ရှိလာသူ အမျိုးသမီး[...] သွေးပေါ်ချည်တစ်ခါ၊ ငုပ်ချည်တစ်လှည့် သွေးကစားခြင်း၊ [...] လိုက်ပူလိုက်ဖြစ်ခြင်း၊ အပူဒဏ်၊ အအေးဒဏ် မခံနိုင်ခြ[...] သွေးဆုံးရောဂါ ဖြစ်နေသူများ တစ်နေ့တစ်ကြိမ် မှီဝဲသုံးစွဲ[...] သွေးဆုံးမီးယပ်ရောဂါ ကင်းဝေးစေပါတယ်။

အမျိုးသမီးရောဂါမှန်သမျှ အမျိုးသမီးတိုင်းရင်းဆေးဆ[...] ဒေါ်တင်တင်အောင်နဲ့ ပွင့်ပွင့်လင်းလင်း တွေ့ဆုံဆွေးနွေး[...] ဆေးကုသမှုခံယူလိုက်မယ်ဆိုရင် အမျိုးသမီးရောဂါများသက်[...] ပျောက်ကင်းကာ အနာဂတ်ဘဝ သာယာစိုပြည်သွားမှာ[...]

**ဆရာမ ဒေါ်တင်တင်အောင်**
**ဟိတ်ထက်အောင် ဆေးတိုက်**
အမှတ် (ဆ/၂၆၁)၊ ကရဝိက် (၁)လမ်း၊ ဆ-ရပ်ကွက်၊
(မြောက်ဥက္ကလာပဆေးရုံကြီးအနီး) မြောက်ဥက္ကလာပမြို့နယ်

**မေမြတ်နိုးဦး (ဝိဇ္ဇာ/သိပ္ပံ)**



www.burmeseclassic.com


www.burmeseclassic.com

ဆောင်းပါး

ထူးထူးခြားခြား

# ဓမျှားပေါ်နေသည့်

စရဏာပုဂ္ဂိုလ်တစ်ဦး၏ လက်ဖဝါး



ဓမျှားပေါ်နေသော လက်ဖဝါးပြင်

ယခုကောဇာနှစ် ၁၃၇၄ ခုနှစ်ထဲမှာ အထူးခြားဆုံး မိုးခေါင်သောနှစ် ဖြစ်ပါသည်။ ကျွန်ုပ်တို့ မြေလတ်သားများ အနေဖြင့် အပူဒဏ်ကို ခံစားရသည်မှာ မြောက်ဘက် နေသွားလမ်းကို သူရိယ နေမင်းကြီးသွားစဉ်က တစ်ကြိမ် အဖြစ်ခံရပါသည်။

မပြီးသေးပါ။ တောင်ဘက် နေသွားလမ်းကို ပြန်သွားပြန်တော့ တစ်ခါ အဖြစ်ခံရမြဲဖြစ်၍ တစ်နှစ်မှာ (၂)ကြိမ်တိုင်အောင် နေခေါင်းပေါ်က အဖြစ်ခံကြရပါသည်။

ကျွန်ုပ်သည် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းကြီးကို အမြဲတမ်း ကျင့်စဉ်ဆောင်းပါးများ ဝိဇ္ဇာရေဂမ္ဘီရနယ်မှ အဆန်းတကြယ်များကို ရေးသားနေသည်ကို သိသော နက္ခတ္တရောင်ခြည် မဂ္ဂဇင်း၏ စာဖတ် ပရိသတ်လည်းဖြစ်၊ ကျွန်ုပ်၏ တပည့်လည်း ဖြစ်သည့်တပည့်တစ်ယောက် ကျွန်ုပ်ထံ ရောက်လာခဲ့ပါတော့သည်။

'ဆရာရေ... ကျင့်စဉ်ဆန်းပေါက် ခရီးရောက်နေပြီလို့ ကျွန်တော်အနေနဲ့ ယုံကြည်ရတဲ့ ပုဂ္ဂိုလ်တစ်ယောက်အကြောင်း ဆရာ့ကို အသိပေးချင်လို့ပါ'

ဟု ပြောလေတော့၏။

'အေးကွ...ငါလဲ ခေါင်းမြီးခြုံ လုံအောင်ဖုံး၊ ကိုယ်ရောင်ပြန့်ဆိုတဲ့ အဲဒီပုဂ္ဂိုလ်ရဲ့ ဓမ္မတွေပေါ်နေတဲ့ လက်ဖဝါးပြင်ကို ဓာတ်ပုံရိုက်ပြီး ဆောင်းပါး ရေးမလို့ကွ။





www.burmeseclassic.com

www.burmeseclassic.com

အကျိုးအကြောင်း ပြောပြပြီး မေတ္တာရပ်ခံထားတာ ခွင့်ပြုပါတယ်ကွ။

ဒါပေမယ့် ကန့်သတ်ချက်နဲ့ ခွင့်ပြုတာကွ။ မည်သူမည်ဝါဆိုတဲ့ အမည်နာမ၊ နေရပ်လိပ်စာတို့ကို လုံးဝ မဖော်ပြရဘူးတဲ့ကွ။

ခွင့်ပြုပြီး တိုက်တွန်းတဲ့ကိစ္စကလဲ ပါသေးကွ။ ဘာလဲဆိုတော့ **အဲဒီ ပုဂ္ဂိုလ်ကြီး ကျင့်ကြံနေတဲ့ အကျင့်စရဏပိုင်းကိုတော့ ဖော်ပြမယ့်ဆိုရင် သဘောတူတယ်လို့ ပြောသေးကွ'**

ဟု ကျွန်ုပ်မှ ပြန်လည် ပြောပြလိုက်ရလေသည်။

ကျွန်ုပ်သည် ''စမပေါ်နေသော လက်ဖဝါးပြင်''ကို ဓာတ်ပုံရိုက်ပြီး ယူလိုက်ပါသည်။ ပကတိမျက်မြင် အနေအရ စာဖတ်သူမိတ်ဆွေများကို တင်ပြမည်ဆိုလျှင် ညာဘက်လက်ဖဝါးပြင်ပေါ်တွင်...

(က) လက်သူကြွယ်၏အောက် (၁) စင်တီမီတာ အကွာလောက်တွင် (၁)ဂဏန်းကို ထင်ရှားစွာ တွေ့မြင်ရပါသည်။

(ခ) လက်သန်းနှင့် လက်သူကြွယ်အကြား တည့်တည့်လောက် မေတ္တာလမ်းကြောင်း၏ အောက်ကြက်ခြေသင်္ကေတန် အရေးအကြောင်း ဘေးဘက်တွင် (ဝ) သုညတစ်လုံးကို ထင်ရှားစွာ မြင်ရပါသည်။

(ဂ) လက်ဖဝါးပြင်အလယ်လောက် သောကြာဂြိုဟ်ခုံ၏ ထိပ်နားတွင် လေ့ကား အရေးအကြောင်း အောက်ခြေနားတွင် ထင်ရှားသော(၃,၄)တို့ကို မြင်တွေ့ရပါသည်။

(ဃ) လက်ဖဝါးပြင် အောက်ခြေနား အလယ်လောက်တွင် (၄,၆) ဂဏန်းတို့ကို ထင်ရှားစွာ မြင်တွေ့ရပါသည်။

ကျွန်ုပ် မျက်မြင်အရ တင်ပြရလျှင် ထိုစမ သင်္ချာဂဏန်း(၆)လုံးတို့ လက်ဖဝါးပြင်ဖွေးဖွေးပေါ်တွင် စိမ်းလဲ့နေသောအရောင်ဖြင့် အထင်အရှား မြင်ရပါတော့သည်။ မှန်းခြေနှင့် ဖတ်ရသော စမများ မဟုတ်ကြပါ။

လက်ဖဝါးပြင်ဓာတ်ပုံကို သီးခြား ဖော်ပြထားပါသည်။ ထင်ရှားပီပြင်အောင် ကျွန်ုပ်မှ မျက်မြင်အတိုင်း စက်ဝိုင်းများအတွင်းမှာ ရေးပြထားပါသည်။

ကျွန်ုပ်သိခဲ့သည့် ဝိဇ္ဇာဓရ ဂမ္ဘီရပညာနယ်မှ မဟာဂန္ဓာရီတို့ ရခဲ့, ပိုင်ဆိုင်ခဲ့ကြသော **''စက်''**နှင့် **''စမ''**တို့ အကြောင်းကို စာချစ်သူ မိတ်ဆွေများ သုတရစေရန် အောက်တွင် ရှင်းလင်းရေးသား ဖော်ပြပေးလိုက်ပါသည်။

---

မဟာဂန္ဓာရီတို့ ပိုင်ဆိုင်သည့်

''စက်''မည်ပုံနှင့် ''စမ''မည်ပုံ

---

**၁။ စက်ဟု ခေါ်ဆိုရခြင်းများ...**

(က) အာစက်လျှာစက်၊

(ခ) ခြေစက်ဟု ရှိခြင်း။

**၂။ စမဟု ခေါ်ဆိုရခြင်းများ...**

(က) ဓာတ်စမ၊

(ခ) ဗျည်းစမဟု ခွဲထားပါသည်။

**၁။ (က) အာစက်လျှာစက်**

လူ၏ ပါးစပ်ခံတွင်းရှိ လျှာပေါ်တွင် ရောဂါမဟုတ်မူဘဲ **အစိမ်းရောင်၊ အနီရောင်၊ အနက်ရောင်** ဝိုင်းစက်နေသော အစက်များ ပေါ်နေခြင်း (အစက်များပေါ်လာခြင်း)တို့ကို အာစက်လျှာစက်ခေါ်၏။

**(ခ) ခြေစက်**

စက်လက္ခဏာမှာမူ ခြေဖဝါးပြင်၏ အလယ်ဗဟိုတည့်တည့်တွင် (ဝ)ဝ,လုံး သင်္ကေတန် တစ်နည်း သုညသင်္ကေတန်ပေါ်နေခြင်း(ပေါ်လာခြင်း)တို့ကို စက်ဟု ခေါ်ပါသည်။

အရောင်အားဖြင့် **အစိမ်းနှင့် အနက်**တို့သာလျှင် များပါသည်။

**၂။ စမများခေါ်ပုံ**

(က) **ဓာတ်စမဆိုသည်မှာ** လက်ဖဝါးပြင်ပေါ်တွင် ဂဏန်းသင်္ချာ သင်္ကေတများ ပေါ်ပေါက်လာခြင်း။

(ခ) **ဗျည်းစမဆိုသည်မှာ** ''ကမှ အ''အထိ ဗျည်း(၃၃)လုံးကို ပေါ်ပေါက်လာခြင်းတို့ ဖြစ်ပါသည်။

အရောင်အဆင်းတို့မှာမူ အစိမ်းရောင် (ရွှန်းလဲ့နေ၏)၊ အနက်ရောင် (ရွှန်းလဲ့နေ၏)။

ထူးထူးခြားခြား သတိမှတ်ချက်များ

၁။ အာစက်လျှာစက်ကို လျှာအပေါ်နှင့် လျှာအောက်တို့ ခွဲ၍ သိဒ္ဓိ ခွဲထားခြင်း၊

၂။ ဗျည်းစမနှင့် ဓာတ်စမတို့ကို လက်ယာဘက် လက်ဖဝါးပြင်ပေါ်မှာသာ ဖြစ်တည်ရပါသည်။

၃။ ခြေစက်မှာမူ ဝဲဘက်ခြေဖဝါးပြင်၏ အလယ်ဗဟိုတည့်တည့်မှာသာ ပေါ်ရပါသည်။ ထိုစက်မှာလည်း ဗျည်းအက္ခရာ မပေါ်ရပါ။ ဓာတ်စမဟု ဆိုနိုင်မည် ထင်ပါသည်။

''ဝ''သုညကိုသာ ပေါ်ရပါသည်။ သိဒ္ဓိအထူးရှိကြသော စမများ၊ စက်များဟု ဖွင့်ဆိုထားပါသည်။

---

အာရုံဆုံး၏

အဆန်းဆုံးသော ကျင့်စဉ်

---

(က) သီလကို လုံခြုံအောင် ထိန်းရခြင်း၊ အနည်းဆုံး(၈)ပါးသီလမှ တတ်နိုင်သမျှသော သီလကို

စာမျက်နှာ (၁၁၁) သို့



www.burmeseclassic.com

www.burmeseclassic.com

ရာဟုသား (ဗုဒ္ဓဟူးနေ့ ညနေပိုင်းဖွား) နှင့် ကြာသပတေးသားသမီးအတွက်

'အေးကွယ် ရာဟုသား (ဗုဒ္ဓဟူးနေ့ ညနေပိုင်းဖွား)နဲ့ ကြာသပတေးသမီး တွေဆိုကြတယ်ဆိုတော့ **ဦးဝေ၊ စံကူး၊ ရေဘူး၊ တောသူ** ဆိုတဲ့ လက်ာအရ ရန်ဓာတ်ကြီး ဖြစ်နေတော့ အိမ်တွင်းရေး ပဋိပက္ခတွေ ကြုံရတတ်တာပေါ့'

အဘိုးရဲ့စကားကို နားထောင်ရင်း ကျွန်ုပ်က...

'ဒီလိုဆိုရင် အိမ်တွင်းရေး ပဋိပက္ခတွေ မကြုံရအောင် ယတြာကောင်းတွေ မရှိဘူးလား အဘိုး'

လို့ ကျွန်ုပ်က မေးလိုက်မိပါတယ်။

ထိုအခါ အဘိုးက...

'ရှိတာပေါ့ မြေးရာ၊ မြေးက သိချင်လို့လား'

လို့ ပြောရာ အကျွန်ုပ်က...

'သိချင်တာပေါ့ အဘိုးရယ် အခက်အခဲ တွေ့နေတဲ့သူတွေကို ကူညီရတာပေါ့အဘိုးရယ်၊ မြေး သေသေချာချာ မှတ်သားထားပါမယ်'

ဟုပြောရာ အဘိုးက "ကဲ... နားထောင်ပေတော့"လို့ အစချီပြီး ယတြာပြုဆောင်ရွက်နည်းကိုပြောပြခဲ့ပါတယ်။

'ရေဘူးဆိုတဲ့ ရန်ဓာတ်ကို ပြေပျောက်သွားအောင် ရန်ပြေ ဘွဲ့ပညတ်ထားတဲ့ စေတီတစ်ဆူဆူရဲ့ ဗုဒ္ဓဟူးအရပ်မှာ တစ်ကြိမ်၊ ကြာသပတေးအရပ်မှာ တစ်ကြိမ် ဆောင်ရွက်ရမယ်။ ရန်ပြေနဲ့ ရေဘူးက ဓာတ်တူနံတူပေါ့တယ်လား'

ကြည့်ဦး...။

ရေ ဘူး → ၈ · ၅

↓ ↓ ↓ ↓

ရန် ပြေ → ၈ · ၅

'နောက်ပြီးတော့ ရန်ပျက်တော့

# ချမ်းသာသုခ

ဖြည့်စုံကြစေသား

ခင်-စာသင်
(ဇရာမြေ)



ကမ္ဘာ့ရန်ပြေ စေတီတော်

မိတ်ဆိုတဲ့ အာစရိယ မူဝါဒအရ ရန်ပြေစေတီတော် တစ်ဆူဆူမှာ ပထမဦးစွာ ရာဟုထောင့်မှာ ရွက်လှ (၈)ညွန့်၊ ပျဉ်းမညွန့်(၅)ညွန့်၊ ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်းမို့ သပြေ (၆)ညွန့်ကို တစ်ပေါင်း တစ်စည်းတည်း လှူရမယ်။ **အဲဒီအတိုင်းပဲ ကြာသပတေး အရပ်မှာ လှူရမယ်'**

**'ပြီးရင် ဘုရားရှိခိုးရမယ်ပေါ့၊ ဘုရားရှိခိုးရမယ့် ဂါထာကတော့...**

နမော ဗုဒ္ဓဿ နမော ဓမ္မဿ နမော သံဃဿ။

သကလ လောကဓာတု မာတာပိတု ဗုဒ္ဓရက္ခနံ ကတံ။

သကလ လောကဓာတု မာတာပိတု ဓမ္မရက္ခနံ ကတံ။

သကလ လောကဓာတု မာတာပိတု သံဃရက္ခနံ ကတံ။

ရတ္တိံ ဝါ ဒိဝါ ဝါ သဒါ မံ ရက္ခန္တု။

ခက်ခဲသော ပါဠိအသံထွက်

| | | |
|---|---|---|
| **ဗုဒ္ဓဿ** | = | ဗုတ်ဓတ်သ |
| **ဓမ္မဿ** | = | ဓမ်မတ်သ |
| **သံဃဿ** | = | သံဃတ်သ |
| **ရက္ခနံ** | = | ရက်ခနံ |
| **ရတ္တိံ ဝါ** | = | ရတ်တိန်ဝါ |
| **ရက္ခန္တု** | = | ရက်ခန်တု |

အနက်အဓိပ္ပာယ်

**ဗုဒ္ဓဿ၊** ဘုရားရှင်အား။ **နမော၊** ရှိခိုးပါ၏။ **ဓမ္မဿ၊** တရားတော်အား။ **နမော၊** ရှိခိုးပါ၏။ **သံဃဿ၊** သံဃာတော်အား။ **နမော၊** ရှိခိုးပါ၏။

**သကလ လောကဓာတု၊** အလုံးစုံသော လောကဓာတ်၏။ **မာတာပိတု၊** မိဘသဖွယ်ဖြစ်သော။ **ဗုဒ္ဓရက္ခနံ၊** ဘုရားရှင်၏ စောင့်ရှောက်ခြင်းကို။ **ကတံ၊** ပြုအပ်ပါ၏။

**သကလ လောကဓာတု၊** အလုံးစုံသော လောကဓာတ်၏။ **မာတာပိတု၊** မိဘသဖွယ်ဖြစ်သော။ **ဓမ္မရက္ခနံ၊** တရားတော်၏ စောင့်ရှောက်ခြင်းကို။ **ကတံ၊** ပြုအပ်ပါ၏။

**သကလ လောကဓာတု၊** အလုံးစုံသော လောကဓာတ်၏။ **မာတာပိတု၊**



www.burmeseclassic.com

www.burmeseclassic.com

မိဘာသဖွယ်ဖြစ်သော။ **သံဃရက္ခနံ၊** သံဃာတော်၏ စောင့်ရှောက်ခြင်းကို။ **ကတံ၊** ပြုအပ်၏။

**တေ၊** ထိုဘုရား တရား သံဃာတို့သည်။ **ရတ္တိဝါ၊** ညဥ့်၌လည်းကောင်း။ **ဒိဝါ ဝါ၊** နေ့၌လည်းကောင်း။ **သဒါ၊** အခါခပ်သိမ်း။ **မံ၊** အကျွန်ုပ်ကို။ **ရက္ခန္တု၊** စောင့်ရှောက်တော်မူပါစေကုန်သတည်း။

'ပါဠိအနက်နဲ့ တစ်ခေါက် ရှိခိုး ပူဇော်ပြီး လိုရာဆုတောင်းရမယ်။ ဒီယတြာကို ဗုဒ္ဓဟူးနေ့ ညနေပိုင်းမှာ တစ်ကြိမ်၊ ကြာသပတေးနေ့မှာ တစ်ကြိမ် ဆောင်ရွက်ပေါ့။ အဲဒါပြီးရင် တစ်လတစ်ကြိမ် တနင်္ဂနွေနေ့တိုင်း အိမ်က ဘုရားမှာ...

ဖရုံယို (၄)ချောင်း ၁ ပွဲ

မုန့်လုံးရေပေါ်သွပ်း ၁ ပွဲ

မရန်းညွန့် ၃၁ ညွန့်

*(သပြေ ၂၁ ညွန့်နှင့် ရောထိုးပါ)*

လှူရမယ်။ ပြီးရင်...

"ဇိနော ဖယံ မယုံ ဒေတု"

*(ပုတီးတစ်လုံးချ)*

ဂါထာဖြင့် ပုတီး(၁)ပတ်စိပ်ပြီး လိုရာဆုတောင်းရမယ်'

'ပြီးရင်...

ရဟန်းတော် တစ်ပါးပါးကို မိုင်လို (၁)ဘူး လှူရမယ်။ ဒါမှမဟုတ်ရင် မုန့်ဘူး(မုန့်ပုံး) တစ်ဘူး လှူလဲရတယ်။ အသက်ကြီးတဲ့သူ တစ်ဦးဦးလဲ လှူလို့ရတယ်။

ဒါဆိုရင် ချမ်းသာသုခ ပြည့်စုံကြမှာ သေချာလှပါတယ်'

ကဲ... ဂမ္ဘီရသဘောနဲ့ ကြည့်ရင်...

**ဖ ရုံ ယို** → ၅ · ၄

↓ ↓

**မုန့် လုံးရေပေါ်** → ၃ · ၄ ၈ · ၅

↓ ↓

**မ ရန်း** → ၅ · ၈

↓ ↓

**မိုင် လို** → ၅ · ၄

↓ ↓

**မုန့် ပုံး** → ၅ · ၅

လို့ တွေ့ရမယ်။ စွမ်းနိုင်ရင်တော့ ပလ္လင် လှူဒါန်းခြင်း၊ ရွှေချခြင်း၊ ပြုပြင်ခြင်းများ ဆောင်ရွက်ပေးနိုင်ပါတယ်။

**ခင်-စာသင်(ရောမြေ)**

**စာမျက်နှာ(၉၈)မှ အဆက်**

ထိန်းသိမ်းထားရခြင်း။ သီလထိန်းရာတွင် မေတ္တာသီလ ပူးတွဲထိန်းရခြင်း။

(ခ) မကြာခဏ **ဝေနေယျများစွာတို့အား မေတ္တာထား၍ သက်သတ်လွတ်စား၍ အဓိဋ္ဌာန်ဝင်ရခြင်း။**

(ဂ) မြတ်စွာဘုရားရှင်၏ ဂုဏ်တော်များဖြစ်သော "အရ[illegible] ၁ ဘဂဝါအဆုံး"ရှိသော ဂုဏ်တော်ကိုးပါးကိုဖြစ်စေ၊ "အရဟံ"ဂုဏ်တော်ကို များစွာ အပြားပြု၍ဖြစ်စေ ပုတီးစိပ်ရခြင်း။

ပုတီးစိပ်ရာတွင် ဂုဏ်တော်ပုဒ်၏ အနက်အဓိပ္ပာယ်ကို နှလုံးသွင်းဖြင့် ပုတီးစိပ်ရခြင်း။ ပုတီးအသုံးပြုရာတွင် (၁၀၈)လုံး ပုတီးကုံးကိုသာ အသုံးပြုရခြင်း။

(ဃ) **ဝေနေယျများစွာတို့အား ကုသိုလ် အမျှပေးဝေခြင်း။** မေတ္တာအထူးပို့သရခြင်း။

(င) **မိမိပြုလုပ်သမျှကို "သစ္စာပြု"၍ ဆောင်ရွက်ရန်**

ဥပမာ။ ။ သစ္စာတိုင်ဆုတောင်း။ သစ္စာတိုင် မေတ္တာပို့သခြင်းတို့ ပြုလုပ်ရခြင်း။

စများ၊ စက်များ ပေါ်ပေါက်လာရခြင်းမှာ တချို့မဟာဂန္ဓာရီများ အင်းသောက်ခြင်း၊ မန္တန်ရွတ်ခြင်းတို့ဖြင့် ဖြစ်ပေါ်နိုင်ကြောင်း သိရှိရပါသည်။

စာချစ်သူမိတ်ဆွေများ ဆရာစစ်၊ ဆရာမှန်နှင့် ပညာစစ်ကို ရရှိနိုင်ကြပါစေ။ မဟာဂန္ဓာရီပညာကို လိုက်စားကြပြီး အပြီးပေါက် ခရီးရောက်ကြပါစေဟု ဆန္ဒပြုလိုက်ရပါသည်။

**[ယခုလက်ဖဝါးပိုင်ရှင်၏ ဆန္ဒသဘောထားအရ လျှို့ဝှက်ထားရခြင်းကို နားလည်ခွင့်လွှတ်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။ စာရေးသူ]**

*ကောင်းမှုကိစ္စမှန်သမျှ လိုလား တောင့်တတိုင်း ရရှိ ပြည့်စုံကြပါစေ။*

**အောင်ထက်**

ကိုးကား

၁။ **ပေမူနှင့် စမကျမ်းပေါင်း။**

၂။ **ကိုယ်တိုင်လေ့လာချက်များ။**


**စာမူပို့လိုက...**

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၃၃၊ (၂၉)လမ်း၊
ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း-၀၁ ၂၄ ၂၈၄



www.burmeseclassic.com

www.burmeseclassic.com




ကျော်ချစ်သူ
(နတ်မောက်)

# ကြက်ဥကြီးထဲက

ကြက်ဥကလေး

တစ်နေ့ ကျွန်တော့်အစ်ကိုကြီးလို ခင်မင်ရသော ကြက်မွေးမြူရေး ခြံပိုင်ရှင် ကိုညီသက်ဆီရောက်တော့ ရောက်ရောက်ချင်း ဆိုသလို...

'ဟာ... စာရေးဆရာပေါက်စ မင်းလာတာနဲ့ အတော်ပဲ၊ မင်းကို ပြစရာလေးရှိလို့'


'ဟုတ်လား ပြစရာရှိတော့လဲ ကြည့်ရတာပေါ့ဗျာ'

ဟုဆိုကာ သူခေါ်ရာ ခြံအပေါ်သို့ လိုက်လာမိလေသည်။ သီးသန့်ခန်းလေးထဲ ရောက်တော့...

'ကဲ... ဒီမှာကြည့်စမ်း'

'ဟာ... ကြက်ဥက ဒီလောက်ကြီးသလားဗျ'

'ဘယ်ကြီးမလဲကွာ ငါလဲ မွေးလာတာကြာပြီ၊ အခုလိုမျိုး ကြုံတာ ဒါပထမဦးဆုံး အကြိမ်ပဲ။ ညတုန်းက ကြက်ဥကြီးက မညှစ်နိုင်ဘဲ ဖြစ်နေတာနဲ့ ဘာကြောင့်ပါလိမ့်ဆိုပြီး ဒီ





www.burmeseclassic.com

www.burmeseclassic.com

သီးသန့်ခန်းလေးထဲယူပြီး ဥစမ်းကြည့်တော့ ဒီဥကြီးကြောင့် ဖြစ်နေတာနဲ့ မကြွယ်(သူ့ဇနီး)နဲ့ ငါ ကြက်လက်သည် လုပ်ပြီး မနည်း အပြင်ရောက်အောင် ထုတ်ခဲ့ရတာကွ'

ဟုတ်ပါသည် ဥစားကြက်ပင် ဖြစ်လင့်ကစား ဤမျှလောက်ကြီးသော ကြက်ဥကြီးကိုဖြင့် လွယ်လင့်တကူ ဥချနိုင်မည် မဟုတ်ချေ။ အများအားဖြင့်တော့ ဖန်ဂေါ်လီလုံးခန့် ဥသေးသေးလေးမှစ၍ သာမန်ဥများထက် ကြီးသောဥ၊ မညီညာသောဥ၊ ရှည်မျောမျောဥ၊ ချွန်သောဥ စသည်ဖြင့် ကြုံခဲ့ရသော်လည်း ယခုလို ကြီးလွန်းလှသော ဥမျိုးကိုတော့ ကြုံရခဲလှပါသည်။

ထိုကြက်ဥကြီးသည် အလေးချိန်အားဖြင့် **(၁၁)ကျပ် (၁)မတ်သားနှင့် အမြင့် (၄)လက်မ၊ လုံးပတ် (၃)လက်မ ရှိပါသည်။ ပုံ(၁)မှာ ရောင်းတမ်းထဲမှ ဥကြီး အရွယ်အစားနှင့် ယှဉ်ပြီး ရိုက်ထားခြင်း ဖြစ်ပါသည်။**

ပို၍ ထူးခြားသည်မှာ အားလုံး လေ့လာပြီး၍ ထိုဥကြီးကို ခွဲကြည့်သောအခါ ပုံ(၂)မှာ မြင်ရသည့်အတိုင်း ထိုဥကြီးထဲတွင် နောက်ထပ် ပုံမှန် အရွယ်အစားအခွံပါဥတစ်လုံးနှင့် (၅)ကျပ်သားရှိ အကာရည်များ တွေ့ရှိရသောကြောင့် ဤထူးဆန်းသော (သို့မဟုတ်) ထူးခြားသော ကြက်ဥကြီးအား ဓာတ်ပုံရိုက်ကူး၍ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်ကြီးအား တင်ပြလိုက်ရပါသည်ခင်ဗျား။

**တစ်နေ့...**

**ကျော်ချစ်သူ**
***(နတ်မောက်)***

# ဆီးမသွားသော နွား

**ဆီးသွားစေရေး အလွယ်လေး**





မြန်မာ့ တောင်သူလယ်သမားများသည် လယ်ယာလုပ်ငန်းခွင်တွင် ခိုင်းစေအသုံးပြုရန်အတွက် ကျွဲ၊ နွားများကို မွေးမြူထားကြသည်။ အများအားဖြင့် နွားများကို အဓိကထား မွေးမြူကြသည်ကို တွေ့ရှိရပါသည်။

သို့ဖြင့် တောင်သူလယ်သမားများ အနေနှင့်လည်း မိမိတို့ ခိုင်းစေနေကြသည့် နွားများ၏ ကျန်းမာရေးကို အလေးထား ဂရုပြုကြရပေမည်။

ရှေးမြန်မာ တောင်သူလယ်သမားကြီးများသည် နွားများကို မြန်မာ့နည်း မြန်မာ့ဟန် ပြုစုစောင့်ရှောက် ကျွေးမွေးကုသခဲ့ကြသည်ဟု သိရပြီး ယခုစာရေးသူ တင်ပြလိုသည်မှာလည်း နွားများ ကျန်းမာရေးအတွက် ဆေးမြီးတိုနည်းပင် ဖြစ်သည်။

တောင်သူလယ်သမားကြီးများ၏ အိမ်တိုင်းတွင်ရှိနေကြသော ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ဆား၊ ထန်းလျက်၊ ဂျင်း(ချင်း)၊ ငါးပိ၊ နနွင်းတို့သည် ဆေးဖက်ဝင် အသုံးအဆောင်များပင် ဖြစ်ပါသည်။

နွားများ ဆီးမသွားနိုင်ပါက ကုသနည်းကို စာရေးသူ၏ စာပေမိတ်ဆွေ သဏ်ဍာန်းဝင်း(ကြေး/မြေ)မှ ပြောပြသည်ကို တင်ပြလိုပါသည်။

ဆီးချုပ်၍ ဆီးမသွားနိုင်သော နွားသည် ဆီးတစ်စက်,နှစ်စက် ထွက်နိုင်ရေးအတွက် ခါးကုန်းကာ အသားတဆတ်ဆတ် တုန်နေအောင် ဖြစ်နေရှာသည်ဟု သိရသည်။

**ကုသနည်းမှာ...**

မီးဖိုချောင်သုံး ကြက်သွန်နီဥကြီးကြီးတစ်လုံးကို ဓားဖြင့် ထက်ခြမ်းခွဲကာ ကြက်သွန်နီခြမ်း၏ အစေးများဖြင့် ဆီးမသွားနိုင်သော နွား၏ သိုပေါက်ကို ပွတ်သပ်ပေးရမည်ဟု သိရသည်။

ထိုသို့ ပွတ်သပ်ပေးပြီး မကြာမီ ဆီးမသွားနိုင်သော နွားမှာ ဆီးများသွားနိုင်ကာ ဆီးမသွားနိုင်သောရောဂါ သက်သာပျောက်ကင်းနိုင်သည်ဟု သိရသည်။ ဤနည်းကိုသိရှိသည့် တောင်သူများ ရှိနိုင်သလို မသိရှိသေးသည့် တောင်သူလယ်သမားများအတွက် သိရှိနိုင်ရန် တင်ပြရခြင်း ဖြစ်ပါသည်။

**[ဆေးမြီးတိုပြောပြသော သဏ်ဍာန်းဝင်း(ကြေး/မြေ)အား ကျေးဇူး တင်စွာဖြင့်...]**

**ကိုကိုအောင် *(မြကန်သာ)* ဝက်လက်မြို့**



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ် မြွေနှစ်တာ

# ကျန်းမာရေးအဆောင်





**ကြာသပတေးနေ့မှာ** နှစ်သခင် မြွေပုံရိပ်၏ မူလသမုဒ္ဒာန် ညွှန်းနေ့ရက် ဖြစ်သည်။ ကြာသပတေးနေ့သားအား လက်ဆောင်ပေးခြင်းဖြင့် မြွေပုံရိပ်၏ ပင်ကိုဓာတ်အင်အားတို့ တက်စေသည်။

အမျိုးသားဖြစ်က အမျိုးသမီးကို လက်ဆောင်ပေးရ၍ အမျိုးသမီးက အမျိုးသားကို လက်ဆောင်ပေးရသည်။ အကြောင်းမှာ **ယင်း+ယန်း= ယင်း**ဖြစ်၍ **ယန်း+ယင်း=ယင်း**ဖြစ်သည်။ **ယန်း+ ယန်း=ယန်း၊ ယင်း+ ယင်း=ယန်း** ဖြစ်သည်။

ယခုနှစ်မှာ''ယင်း''နှစ်ဖြစ်ရာ ''ယင်း''ဆက်သွယ်မှုရလဒ်ကို မျှော်လင့်ခြင်း ဖြစ်ပါသည်။ ဆန့်ကျင်ဘက်လိင်ချင်းဆက်သွယ်မှသာ ''ယင်း''ရသောကြောင့် ဖြစ်သည်။

မြွေနှစ်တစ်နှစ်တာကာလပတ်လုံးအတွက် ကျန်းမာရေးအဆောင်ဖြစ်ရာ နှစ်ဆန်းလ တစ်လ(**၁၀-၂-၂၀၁၃ မှ ၁၁-၃-၂၀၁၃**)အတွင်း၌သာ ပြုလုပ်နိုင်သော အပြင်အဆင် ဖြစ်သည်။

တရုတ်ပြက္ခဒိန် နှစ်လပိုင်းဝင်ရောက်သော ၁၂-၃-၂၀၁၃ နေ့မှစ၍ နှောင်းပိုင်းကာလများတွင် ပြုလုပ်ခြင်းဖြင့် တစ်နှစ်တာအတွက် အကျိုးသက်ရောက်မှုကို မမျှော်လင့်နိုင်ချေ။ ထို့ကြောင့် ဖော်ပြပြီးသော နှစ်ဆန်းလ အချိန်ရက်စွဲကို သတိထား၍ လှူဒါန်းလုပ်ကိုင်ကြစေလိုပါသည်။

လှူဒါန်း၊ လက်ဆောင်ပေးပြီးနောက် သမ္မာဒေဝများအား တိုင်တည် အမျှပေးဝေကာကျန်းမာရေးကိစ္စအတွက် လိုအပ်ရာကို ဆုတောင်းကြပါ။ နှစ်ကာရကနှင့် ဂူယှင်းဓာတ်များအကူအညီဖြင့် ကျန်းမာရေး အကျိုးထူးများ ခံစားရနိုင်ကြပါလိမ့်မည်။

မြွေနှစ်တာကာလ ကျန်းမာရေးကောင်းမွန် ပြည့်စုံစေရန် ရောဂါဘယကြီးများ ဖိစီးနှိပ်စက်မှုဒဏ် ကင်းရစေရန် ကြုံဆုံရသမျှ အာဂန္တုဝေဒနာများလည်း ...ကောင်းဝါးကောင်းတွေ့ရှိ၍ လျင်မြန်စွာ ကုသပျောက်ကင်းသွားစေရန် ပြုလုပ်သော အပြင်အဆင် ဖြစ်သည်။

**အရှတ်ပြက္ခဒိန် တစ်လ [၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀)ရက်မှ မတ်လ(၁၁)ရက်အထိ ကာလအတွင်း]** ...အတွင်း အဆင်ပြေရာ တစ်နေ့တွင် ပင်လယ်ထွက်ပစ္စည်း တစ်မျိုးမျိုးကို ကြာသပတေးနေ့ဖွား (ဆန့်ကျင်ဘက်လိင်)တစ်ဦးအား လက်ဆောင်ပေး လှူဒါန်းပါ။

အိမ်သုံးဆား၊ ကျောက်ပွင့်၊ ပုစွန်ခြောက်၊ ပြည်ကြီးငါး၊ ပြည်ကြီးမျှော့၊ ကင်းမွန်၊ ရေငန်ငါးခြောက်စသည့် အခြောက်လှန်းထားသော စားဖွယ်များအပြင် ခရုခွံ၊ ကမာခွံ၊ ဂုံးခွံ၊ ...များဖြင့် ပြုလုပ်ထားသော အသုံးအဆောင်ပစ္စည်းများ၊ ...များ၊ အိမ်ခန်း အလှဆင်ပစ္စည်းများ (ဥပမာ ကျောက်ပုစွန်...လုံး)တို့ကိုလည်း ပေးနိုင်သည်။

ကျန်းမာရေးပြည့်စုံစေရန် ပင်ကိုဓာတ်ကို အားဖြည့်ပေးရသည်။ ယခုနှစ် မြွေနှစ်ကား ရေဓာတ်စိုးမိုးသော''ယင်း'' ဆက်ဆောင်နှစ်ဖြစ်သည်။ ထို့ကြောင့် ရေ(ယင်း)ဓာတ်သရုပ်ရှိသော အထက်ပါ စားဖွယ်၊ အသုံးအဆောင်များ လက်ဆောင်ပေးရခြင်း ဖြစ်သည်။

**ခွန်စိုင်းဝမ်း** (*Kun Sāi Wān*)



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

## အာရုံကြောရောဂါအတွက်ဆိုရင် ကလေးမြို့မှ ဆရာကြီး ဦးမာ၏ လက်တွေ့အသုံးပြု ကုသအောင်မြင်ခဲ့သော...

တိုင်းရင်းဆေးဝါး
မှတ်ပုံတင်အမှတ်
TRM009578(0115)
တဆဝက(စာနယ်ဇင်း)
၁၀၅/၀၉၁၄

# ခြူးရာဇာ

အမှတ်တံဆိပ်




## အာရုံကြောဆေးမှ စိတ်ချရတယ်...

'ကိုဇော် ဘယ်ကလှည့်လာတာလဲ၊ မတွေ့တာကြာပြီနော်လာထိုင်'

'ဟုတ်တယ် ကိုသန်းအောင်ဆီ တမင်လာတာပဲ။ ကျွန်တော် ခုတလော နောက်ကြောတက်၊ ဇက်ကြောထိုးပြီး သတိတွေလဲမေ့၊ ခေါင်းတွေလဲ မူး၊ စိတ်မကြည်လင်ဘဲ အာရုံတွေ နောက်နေတယ်ဗျာ'

'ဒါဆို ဆေးခန်းမပြဘူးလား'

'ပြပ့ါဗျာ အထူးကုသမားတော်ကြီးနဲ့ သွားပြပါတယ်။ သမားတော်ကြီးက အာရုံကြောအားနည်းတဲ့ရောဂါလို့ ပြောတယ်။ ဆေးတွေ သောက်တာလဲ သိပ်ပြီးမထူးခြားဘူး ဖြစ်နေတယ်။ ဆရာကတိုင်းရင်းဆေးသမားတော်တွေနဲ့ ရင်းနှီးတော့ ဘယ်ဆရာနဲ့ပြရင် ကောင်းမလဲ ဆိုတာ လမ်းညွှန်ပေးပါဦး'

'ဒါဆိုရင်တော့ ကျွန်တော်လဲ ခင်ဗျားဖြစ်သလို အာရုံကြောအားနည်းတဲ့ရောဂါ ခံစားရတုန်းက ရွှေလီဦး ဆေးတိုက်ကို ရောက်သွားတယ်။သမားတော်ကြီးဆရာကြီးဦးမာ၏သမီးဆရာမဒေါ်သန်းသန်းဌွေးက **ခြူးရာဇာ အမှတ်တံဆိပ် အာရုံကြောအားဆေး** ပေးလိုက်တယ်။ အဲဒီ ခြူးရာဇာအာရုံကြောအားဆေးကို သုံးစွဲလိုက်တာ အခု ခင်ဗျား မြင်တဲ့အတိုင်းပဲ ကျန်းမာသွက်လက် ဖျတ်လတ်ပြီး စာပေတွေလဲ ကောင်းကောင်း ရေးနိုင်နေတာပေါ့ဗျ'

'ဒီလိုဆိုကျွန်တော့်လဲရွှေလီဦးဆေးတိုက်ကိုလိုက်ပို့ပေးပါလားဆရာ'

'ကဲ ဒါဆို အချိန်မဆိုင်းဘဲ အခုပဲ သွားကြမယ်'

ဒီလိုနဲ့ ကျွန်တော်ရယ်၊ ဆရာ ကိုသန်းအောင်ရယ် ရွှေလီဦး ဆေးတိုက်ကို ရောက်သွားတော့ ဆရာမ ဒေါ်သန်းသန်းဌွေးနဲ့ တွေ့ရပါတယ်။ ဆရာမ ဒေါ်သန်းသန်းဌွေးက လိုအပ်သည်များကို စမ်းသပ်စစ်ဆေးပြီး...

'ကိုဇော် ဖြစ်ပေါ်ခံစားနေရတာက အာရုံကြောအားနည်းတဲ့ ရောဂါ ဖြစ်ပါတယ်'

'ဟုတ်ကဲ့ ဆရာမ၊ သမားတော်ကြီးများကလဲ အဲဒီလိုပဲ ဆုံးဖြတ်ကြပါတယ်။ ဒါဆိုရင် အာရုံကြောအားနည်းတဲ့ ရောဂါ လက္ခဏာတွေကို ပြောပြပေးပါလား ဆရာမ'

'အာရုံကြောဟာ ခန္ဓာကိုယ်မှာ အဓိကကျတဲ့ အခန်းကဏ္ဍက ပါဝင်ပြီး ခန္ဓာကိုယ်တစ်ခုလုံးကို ထိန်းချုပ်ကွပ်ကဲ လမ်းညွှန်မှုတွေကို ပေးနေတဲ့ အစိတ်အပိုင်း ဖြစ်ပါတယ်။ ဒီအာရုံကြောတွေအားနည်းလာပြီဆိုရင် သတိမှတ်ဉာဏ် မေ့လျော့ခြင်း၊ နောက်ကြောတက် ဇက်ကြောထိုးခြင်း၊ ခြေလက်များ ထုံကျဉ်လေးလံခြင်း၊ ကြွက်သားများ တင်းမာပြီး ညောင်းညာကိုက်ခဲခြင်း၊ စိတ်မကြည်လင်ခြင်း၊ ခေါင်းမူး ခေါင်းကိုက်ခြင်း၊ လေငန်းလေဖြတ် ကိုယ်တစ်ခြမ်းသေခြင်းနဲ့ စိတ်သွားတိုင်းကိုယ်မပါတဲ့ လက္ခဏာတွေ ခံစားဖြစ်ပေါ်ရတတ်ပါတယ်'

'ဒါဆိုရင် ကျွန်တော့်ကို လိုအပ်တဲ့ ကုသမှုတွေပေးပါဆရာမ'

'ကိုဇော်ရဲ့ အာရုံကြောအားနည်းတဲ့ရောဂါအတွက် အကောင်းဆုံး ကုသမှုပေးရမယ်ဆိုရင် ကျွန်မရဲ့အဖေ သမားတော်ကြီး ဆရာကြီးဦး[...] လက်တွေ့ အသုံးပြု ကုသအောင်မြင်ခဲ့တဲ့ ဆေးစွမ်းကောင်းတစ်လ[...] ဖြစ်တဲ့ **ခြူးရာဇာအမှတ်တံဆိပ် အာရုံကြောအားဆေး**ကိုပဲ **တစ်နေ့ သုံးကြိမ် သုံးစွဲပေးခြင်းဖြင့်** သက်သာပျောက်ကင်းစေနိုင်ပါတယ်'

'ခြူးရာဇာ အာရုံကြောအားဆေးရဲ့ အကျိုးအာနိသင်ကိုလဲ သိ[...] ရစေ ဆရာမ'

'ခြူးရာဇာ အာရုံကြောအားဆေးရဲ့ အကျိုးအာနိသင်တွေကတော့ အာရုံကြောအားနည်းခြင်း၊ ခြေလက်ထုံကျဉ်ခြင်း၊ ဒူးနာခါးနာ၊ ခြေကျ[...] လက်ကပ်၊ နောက်ကြောတက်၊ ဇက်ကြောထိုးခြင်း၊ အရိုးကျိုးပေါ်[...] တက်ခြင်း၊ ခြေလက်ညောင်းညာ ကိုက်ခဲခြင်း၊ ပန်းသေပန် သွိုးဖြစ်ခြ[...] အဆစ်ရောင်ခြင်း၊ ကြွက်သားနဲ့ အာရုံကြောများ နာကျင်ရောင်ရ[...] ခြင်းတို့အတွက် သုံးစွဲနိုင်ပြီး ဆီးချို၊ သွေးတိုး၊ လေငန်းရောဂါများ[...] ကြိုတင် ကာကွယ်နိုင်တဲ့ဆေး ဖြစ်ပါတယ်။ အထူးသဖြင့် အာရုံကြော[...] အားနည်း၍လေငန်း၊ လေဖြတ်၊ ထုံကျဉ်၊ ဒူးနာ၊ ခါးနာ၊ အကြောတ[...] ညောင်းညာသူများ၊ ကျောင်းသူကျောင်းသား ရုံးဝန်ထမ်းများနဲ့ ကွန်[...] တာသုံးစွဲသူများအတွက် အထူးသင့်တော်တဲ့ဆေးပဲ ဖြစ်ပါတယ်'

ကျွန်တော်လဲ ဆရာမ ဒေါ်သန်းသန်းဌွေး ပေးလိုက်သော ခြူးရာဇာ အာရုံကြောအားဆေးကို သုံးစွဲလိုက်တာ ကျွန်တော် ခံစားနေရ[...] ရောဂါတွေဟာ ပိန်းကြာရွက်ပေါ် ရေမတင်သကဲ့သို့ သက်သာ ပျောက်ကင်းသွားပြီး အခုဆိုရင် သွက်လက်ပေါ့ပါး လန်းဆန်းလို့[...] စာဖတ်ပရိသတ်ကြီးလဲ ကျွန်တော့်လို အာရုံကြောအားနည်းတဲ့ ရော[...] များ ဖြစ်ပေါ်ခံစားနေရင်တော့ **ခြူးရာဇာ အမှတ်တံဆိပ် အာရုံကြော အားဆေး**ကို နီးစပ်ရာ ဆေးဆိုင်များမှာ မေးဝယ်ပြီး သုံးစွဲကြ[...] လိုက်ပါ။ **အာရုံကြောဆို ခြူးရာဇာ**ကို သုံးစွဲပါလို့ သတင်းကောင်းပေ[...] ပါးလိုက်ပါတယ်။

ပင်ရင်း - **ခြူးရာဇာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

**ဖြန့်ချိရေး - ရွှေလီဦးဆေးတိုက်** အမှတ်(၁၃၀/၁၂)၊ သာယာလမ်း၊
တာဟန်(၃)၊ ကလေးမြို့
ဖုန်း - ၀၇၃-၂၂၄၁၇၊ ၀၉-၆၄၇၂၁၇၉၉၊
အမှတ် (က/၆၅၆)၊ နွယ်သာဂီ (၁)လမ်း၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။
တိုက် (၃/G) လှည်းတန်း (၁)လမ်း ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉-၅၁၁၆၇၅၁၊ ၀၉-၄၂၀၀၀၀၀၀
မန္တလေး ဖုန်း - ၀၉-၇၇၃၅၀၂၉၀၉



www.burmeseclassic.com


www.burmeseclassic.com

အိမ်မဲမြို့ ဆန်းခမ္မသိဂီကျောင်းတိုက် ဝဓာနုနာယက
သက်တော်ရှည် ဆရာတော်ကြီး

# ဘဒ္ဒန္တ ကောဝိဒ

၏ လက္ခဏာပုံရိပ်များ

သန်းပညာ






အိမ်မဲမြို့ ဆန်းခမ္မသိဂီကျောင်း
သက်တော်ရှည် ဆရာတော်ကြီး ဘဒ္ဒန္တကောဝိဒ

## ထေရုပ္ပတ္တိ

ဆရာတော်သည် ၁၂၉၄ ခုနှစ်၊ နယုန်လဆန်း (၃)ရက်၊ တနင်္လာနေ့တွင် အဝပြင် တောင်ဘက်ရှာ ကလန်ဂျမ်း အုပ်စု စနဲမြို့နယ် ကျောက်ဖြူခရိုင် ရခိုင်ပြည်နယ်၌ ဖွားမြင်ခဲ့သည်။ အသက် (၈)နှစ်အရွယ်၌ အဝပြင်တောကျောင်း၌ ရှင်သာမဏေ ဝတ်ခဲ့သည်။ ၁၃၁၃ ခုနှစ်၊ တော်သလင်းလဆန်း (၉)ရက်တွင် ခမည်းတော် ဦးယက်သဲ့အောင်၊ မယ်တော် ဒေါ်ကြာလှခိုင်တို့ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းပြုခဲ့ပြီး ၁၃၁၆ ခုနှစ်တွင် ရန်ကုန်မြို့နေ ဦးခွေး၊ ဒေါ်သင်းခင်၊ ညီမ ဒေါ်ကျင်၊ ဒေါ်ငွေတို့ ထပ်မံ၍ ရဟန်းခံပေးခဲ့သည်။



www.burmeseclassic.com


www.burmeseclassic.com

ဥပဓ္ဓာယ်ဆရာတော်မှာ အလပ်ချောင်း ဆိတ်ကြီးခနောင်တိုမြို့ မင်္ဂလသုခကျောင်းတိုက် ဆရာတော် ဦးနန္ဒိယ ဖြစ်သည်။

ရန်ကုန် တေဇိန္ဒာရာမကျောင်း၌ သီတင်းသုံးခဲ့သည်။ ထို့ပြင် မော်လမြိုင် စိန်မမကျောင်းတိုက်၊ ပဲခူးမြို့ မင်းကျောင်းတိုက်၊ သထုံမြို့ တောင်စွန်းရိပ်သာကျောင်း၊ မန္တလေးမြို့ ခင်မကန်ကျောင်း၊ ငွေချိုကျောင်း၊ အနောက်ပြင်ကျောင်း၊ မြစ်ကြီးနားမြို့ အောင်နန်းရိပ်သာ (မဟာစည်ဂိုဏ်းခွဲ)တို့၌ စာလိုက်ခြင်း, စာချခြင်းများ ပြုခဲ့သည်။ ပထမကြီးတန်း အောင်မြင်ခဲ့သည်။

၁၉၆၂ ခုနှစ်တွင် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်တွင် ဓမ္မသီဂီကိုဆောက်ပြီး စာဝါများပို့ချကာ သာသနာပြုခဲ့သည်။ နိုင်ငံခြား သာသနာပြုကျောင်း၌ တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သည်။


ဆရာတော်သည် အိမ်မဲမြို့နယ် လယ်ပေါ်ရပ်ကွက် ကံလှကျောင်းတိုက်၌ အလည်ရောက်စဉ် အိမ်မဲမြို့ ထိန်ငူ အုပ်စု ကျွဲလမ်းကျေးရွာက ဒကာ, ဒကာမများ ပင့်ဖိတ်ချက်အရ သီတင်းသုံးခဲ့ရခြင်း ဖြစ်ပါသည်။




လက္ခဏာတော် လေ့လာချက်

❒ **ဘယ်,ညာ တနင်္လာဂြိုဟ်ခုံတွင် ငါးရှပ်သင်္ကေတ တွေ့ရပါတယ်။** *(က)*

* * *





ဒါကတော့ ဘေးရန်ကင်းစေခြင်း၊ အေးချမ်းခြင်း၊ ငွေကြေးဝတ္ထုများ ရလွယ်စေခြင်း၊ ကံကောင်းခြင်းများကို ဖြစ်စေပါမယ်။

❒ **ဘယ်,ညာ ကြာသပတေးဂြိုဟ်ခုံတွင် မျဉ်းမတ်တစ်ကြောင်း ထင်ရှားနေပါတယ်။** *(ခ)*

ဒါကတော့ ရည်ရွယ်မျှော်မှန်းထားသမျှ ပြည့်စေမယ့် ဆန္ဒပြည့် အမှတ်သင်္ကေတပါပဲ။

❒ **ဘယ်,ညာ နှလုံးလမ်းကြောင်း ရင်းမှာ မြားမြီးသင်္ကေတများ တွေ့ရတယ်။** *(ဂ)*

* * *




ဒါကတော့ ခြွေရံပရိသတ် ပေါမ်ားစေတဲ့ သင်္ကေတပါပဲ။

❒ **ဘယ်,ညာ ဗုဒ္ဓဟူးဂြိုဟ်ခုံမှာ**




www.burmeseclassic.com

www.burmeseclassic.com

ချိုးမတ် ထင်ရှားပါတယ်။ *(ယ)*


* * *




ဒါကတော့ ဆေးစွမ်းထက်ခြင်း၊ အာဏာစက်ထက်မြက်ခြင်း၊ ပရိတ်ဂါထာ အစွမ်းထက်စေတဲ့ သင်္ကေတ တစ်ခုပါပဲ။


❒ **ညာဘက် စနေဂြိုဟ်ခုံမှာ သစ်ပင်သဏ္ဌာန်၊ ညောင်ရွက် သဏ္ဌာန် တွေ့ရတယ်။** *(င)*

* * *




ဒါကတော့ ဘာသာရေးဆိုင်ရာ လုပ်ငန်း အောင်မြင်ဖြစ်ထွန်းစေခြင်း ကို ဖြစ်ပါမယ်။ *[ညာဘက် တနင်္ဂနွေဂြိုဟ်ခုံတွင် အောင်မြင်ရေးလမ်းကြောင်း (စ)ပါ၍ ယခုကဲ့သို့ သုံးသပ်လိုက်ပါသည်။]*

* * *





***အေးပါစေ အောင်ပါစေ။***

**သန်းပညာ**

ထမင်း၊ ဟင်းချက်သည့်

# ဒန်အိုးများအား

## မီးခိုးမစွန်း မမည်းရန် ပြုလုပ်နည်း



ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ဇီးကုန်းမြို့အတွင်းရှိ မိုးသဲတောရွာတွင် ပြုလုပ်သော ရှင်ပြု အလှူမင်္ဂလာပွဲ တစ်ခုမှ ဖိတ်ကြားသဖြင့် စာရေးသူ သွားရောက်ခဲ့ပါသည်။ ရောက်သည်နှင့် အလှူတွင် ကျွေးမွေးရန် ချက်ပြုတ်နေကြသော ဖိုကြီးအဖွဲ့၌ ပါဝင်ကူညီ လုပ်အားဒါန ပြုခဲ့ပါ၏။

ထိုသို့ လုပ်အားဒါနပြုရင်းမှ ထမင်းအိုး၊ ဟင်းအိုးများကို သတိထားကြည့်လိုက်မိပါသည်။ သတိထားမိရသည့် အကြောင်းရင်းမှာလည်း ထမင်းအိုး၊ ဟင်းအိုးများကို ဒန်အိုးကြီး၊ ဒန်အိုးငယ်များဖြင့် ချက်ပြုတ်နေရာ ထိုအိုးများ လုံးဝ မီးခိုးမှိုင်းစွန်းခြင်း၊ မည်းခြင်းမရှိဘဲ မူလ ဒန်ရောင်မပျက် ဖွေးလျက် တွေ့မြင်ရသောကြောင့် ဖြစ်ပါသည်။

မှန်ပါသည်။ မီးလင်းဖိုကြီးများ တူးကာ ဒန်အိုး(၅)လုံးကို အတန်းလိုက်မီးပြင်းထိုး၍ ထမင်းချက်ခြင်း၊ ကြီးမားသော ရေပုံး (၇)ပုံးစာလောက်မျှ ဝင်မည့် ဒန်အိုးကြီးဖြင့် ဟင်းချိုချက်ခြင်းများ ပြုလုပ်နေကြသော်လည်း ဒန်အိုးများ၌ မီးခိုးမှိုင်းစွန်းခြင်း၊ အိုးမည်းစွန်းခြင်း လုံးဝ မတွေ့ရပါ။

စာရေးသူလည်း ထိုထူးခြားချက်များကြောင့် ချက်ပြုတ်ရေး တာဝန်ခံ ကိုအောင်ခိုင်ကို ဒန်အိုးများ မမည်းသည့်အကြောင်းရင်းကို မေးကြည့်ဖြစ်ပါ၏။

'ကိုအောင်ခိုင် ဒန်အိုးတွေ ခုလို ချက်ပြုတ်နေတာ ဘာကြောင့် မူလအရောင်မပျက်ရှိပြီး မီးခိုးမှိုင်းစွန်းခြင်း၊ မည်းသွားခြင်း မဖြစ်တာလဲ'

ထိုအခါ ကိုအောင်ခိုင်က ပြုံးပြီး...

'ဒန်အိုးတွေ မီးနဲ့ ချက်ပြုတ်ပေမယ့် မူလအရောင်အတိုင်း အစွန်းအပေ မရှိအောင် လုပ်တဲ့နည်းကတော့ မသိရင်တော့ ခက်တာပေါ့ဗျာ။ ဒါပေမယ့် သိရင် လွယ်လွယ်လေးပါ။

ဒီလိုဗျ ကိုယ်ချက်မယ့် ဒန်အိုးကို မီးဖိုပေါ် မတင်ခင် ဒန်အိုးရဲ့ အပြင်ဘက် ကိုယ်လုံးနဲ့ ဖင်ကို ဆီနဲ့ နံ့အောင် သုတ်ရတယ်။ ဒါမှမဟုတ် ဆပ်ပြာ၊ ဆပ်ပြာမှုန့် ရေဖျော်သုတ်ရတယ်။ အဲဒီလိုလုပ်ချက်ရင် ဒန်အိုးတွေမှာ မီးခိုးမှိုင်း မစွန်းဘူး၊ မည်းမသွားဘူး။ ခု အိုးတွေကို အဲဒီနည်းနဲ့ လုပ်ပြီး ထမင်းတို့၊ ဟင်းတို့ ချက်တာပါ'

ဟု ပြောပြပါသည်။

'ဟာ တော်တော်ကောင်းတဲ့ နည်းပါလားဗျာ။ ဒါဆိုတော့ ကိုယ်ချက်တဲ့ အိုးတွေကို စတီးလ်ဖတ်တို့၊ ပြာတို့နဲ့ တိုက်စရာ မလိုတော့ဘူးပေါ့နော်'

'ဟုတ်တယ်ဗျ။ မလိုတော့ဘူး'

'အင်း... အဲဒီလိုဆို ဒန်အိုးသက် ပိုရှည်တာပေါ့ဗျာ။ အိုးမပါးတော့ မပေါက်တော့ဘူးပေါ့'

ဟု ပြောရင်း အလှူမှ ရရှိခဲ့သည့် ဒန်အိုးသက် ပိုရှည်စေနိုင်သော နည်းလေးကို စာဖတ်သူ အိမ်ရှင်မများ အသုံးပြုလိုက ပြုနိုင်ပါရန် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှတစ်ဆင့် တင်ပြအပ်ပါ၏။

**ဖြိုးသန့်ကျော်(ဇီးကုန်း)**



www.burmeseclassic.com


www.burmeseclassic.com

ညိုမင်းထက် (မြန်မာစာ)
မော်လူး

မနက်မိုးလင်း အိပ်ရာထ၊ မျက်နှာသစ်၊ သွားတိုက်ပြီး အဝတ်အစားလဲကာ ဘုရားစင်ရှေ့ရောက်၊ ဘုရားရှင်အား ဆွမ်း, ပန်း, ရေချမ်း ကပ်လှူပူဇော်၊ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်တွေကို ရှိခိုးဦးချ ငါးပါးသီလ ဆောက်တည်၊ မေတ္တာသုတ်၊ သရဏဂုံသုံးဆယ်၊ သမ္ဗုဒ္ဓေငါးမျိုး၊ ပဋ္ဌာန်းဒေသနာ နှစ်ဆယ့်လေးပစ္စည်းရွတ်၊ မင်းကွန်းဆရာတော်ကြီးရဲ့ မေတ္တာပို့အမျှဝေ၊ ပုတီးကိုးပတ်စိပ်၊ တရားဘာဝနာပွားစတဲ့ အလုပ်တွေကို နေ့တဓူဝလုပ်။

မနက်တိုင်း သုံးဆောင်နေကျ ထမင်းဆီဆမ်းနဲ့ တို့ဟူးကြော်၊ ရေနွေးကြမ်း။ ပြီးတာနဲ့ မြို့ထဲထွက် စာရေးကွက်ရှာ။ ဒီကနေ့တော့ မနက်ခင်းမိုးရွာထားတာကြောင့် အပြင်ကို လုံးဝမထွက်ဖြစ်။ အိမ်မှာပဲ သတင်းစာဖတ်လိုက်၊ ဂျာနယ်ဖတ်လိုက်၊ မဂ္ဂဇင်းဖတ်လိုက်နဲ့ အချိန်ကို တန်ဖိုးချနေချိန်…

'ဆရာ ညိုမင်းထက် သတင်းမကြားဘူးလား၊ စာရေးစရာ ဆောင်းပါးတစ်ပုဒ်တော့ ရမှာပဲ။ အဲဒါက ကျောက်လက်ဝါး… မြမာလာရပ်ကွက်က ကိုကျော်သိန်းတို့ ရခဲ့တာလို့ ပြောတယ်၊ ကျွန်မ သွားကြည့်တော့ တကယ်ပဲ ကျောက်လက်ဝါးမှ ကျောက်လက်ဝါး အစစ်၊ လက်ချောင်းလေးတွေ ငါးချောင်းအပြည့်နဲ့ ဘုရားရှိခိုးနေတဲ့ပုံ။ ကျွန်မလဲ ဒီတစ်ခါပဲ မြင်ဖူးတယ်။ အံ့သြစရာပဲ'



ရှိုးသည့် သဏ္ဍာန် ကျောက်လက်ဝါးတစ်စုံ

ကွန်းတော ရွှေတွင်းပေါ်က

# ကျောက်လက်ဝါးများ


မော်လူးရဲ့စခန်းအနီးနေသူ ကျောင်းဆရာမအငြိမ်းစား ဒေါ်မူရဲ့ ပြောကြားချက်အရ စာရေးသူ ဩဂုတ်လ(၈) ရက်နေ့ ညနေ (၃)နာရီအချိန် မော်လူး၊ မြမာလာရပ်ကွက်နေ ကိုကျော်သိန်း အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် [illegible] သွားခဲ့ပါတယ်။

ကိုကျော်သိန်းမှာ စာရေးသူထက်



www.burmeseclassic.com

www.burmeseclassic.com



◆ ကျောက်လက်ဝါးများ

သက်(၂)နှစ်လောက်ကြီးမယ် ထင်တယ်။ ရှိလှ (၆၅)နှစ်ဆို ဆိုပေမယ့် အရွယ်နဲ့မလိုက်အောင် သွက်သွက် က်လက်ရှိသူတစ်ယောက်၊ မြင်း ည်းမောင်းပြီး အသက်မွေးဝမ်း ကျောင်းပြုနေသူ။

ကျောက်လက်ဝါး ရရှိလာပုံ အဖြစ် နစ်ကို စာရေးသူမေးတော့ ကိုကျော် ိန်းက အခုလို ရှင်းပြပါတယ်။

'ရှမ်းပြည်နယ်အတွင်း မိုးမိတ်မြို့ နယ် ရွှေလီကွန်းတောရွာအနီးမှာ ရွှေတွင်းပေါ်နေတယ်။ ရွာနဲ့အနီး ဆို ပေမယ့်လို့ မိုင် (၂၀)ကျော်လောက် ဝေးပါတယ်။ ဆိုင်ကယ်နဲ့ဆို နှစ်နာရီ၊ သုံးနာရီလောက် မောင်းရတယ်။ တောင်ဆင်းတောင်တက် ခက်ခက်ခဲခဲ သွားရတယ်။

တောင်ပေါ်ဆိုရင် တစ်ယောက်က ီး တစ်ယောက်က အနောက်ကတွန်း နဲ့ ရွှေလုပ်ကွက် ချောင်းရိုးရောက် အောင် ပင်ပင်ပန်းပန်း သွားကြရပါ တယ်။ ရွှေတွင်းက အခုမှ ပေါ်စဆို တော့ ရွှေလုပ်သူ (၁၅)ဦးလောက်ပဲ ရှိပါဦးမယ်။

တစ်နေရာမှာ (၃တဲ) (၄တဲ) စသဖြင့် သူ့အဖွဲ့ ကိုယ့်အဖွဲ့ မှုန်စုပ်စက်နဲ့ တောင်ပန်းပန်းပြီး လုပ်ကြတယ်။ ကျွန်တော့်အဖွဲ့မှာတော့ ကျွန်တော့်တူ တွေဖြစ်တဲ့ ဖိုးထောင်နဲ့ ညီအောင်တို့ ပါတယ်။

ကျွန်တော် ထိုတောင်ပန်းပန်းတဲ့ ချောင်းကမ်းပါး နံရံအမြင့်တွေက ပေ (၃၀)လောက်ရှိမယ်။ ဖိုးထောင်နဲ့ အောင်ညီက ရေစုပ်စက်မောင်းပြီး နော်ဇယ်နဲ့ တောင်ပန်းပန်းနေရာက တောင်ကမ်းပါးအမြင့် (၂၅)ပေလောက် မှာ ထူးဆန်းတဲ့ အံရာတစ်ခုကို မြင် တွေ့လိုက်ရတယ်။

သူတို့နှစ်ဦးလုံး မျက်စိ ဇဝေဇဝါ ဖြစ်သွားတယ်။ သင်းခွေချပ် ခွေနေတာ လား၊ ဒါမှမဟုတ် မြွေကြီးတစ်ကောင် ခွေနေတာလားလို့ ထင်ယောင်ဝိုးတဝါး ဖြစ်နေရာက သူတို့ရေပိုက်နဲ့ အဲဒီခွေ နေဟန်ရှိတဲ့ ထူးဆန်းတဲ့ အရာကို ရေအရှိန်ပြင်းပြင်းနဲ့ ပန်းထည့်လိုက် တော့ တောင်ခြေအောက်ကို အဲဒီ အခွေကြီး ပြုတ်ကျလာတယ်။

မရှေးမနှောင်း ဆိုသလို မြေကြီးတွေ ပါ ပြိုကျလာပြီး အဲဒီအခွေသဏ္ဌာန် ပေါ်ကို ဖုံးလွှမ်းသွားတယ်။ ဖိုးထောင်နဲ့ အောင်ညီလဲ ရေပိုက်ကို ပစ်ချပြီး နှစ် ယောက်သား မြေပုံထဲကနေ အဲဒီကျ လာတဲ့ အခွေကို ရှာကြည့်လိုက်တော့ လက်ဝါးသဏ္ဌာန် ဘုရားရှိခိုးနေတဲ့ ပုံက (၂)ခု၊ လက်မတစ်ချောင်းကျိုးပြီး လက်လေးချောင်းသာပါတဲ့ လက်ဝါး သဏ္ဌာန်တစ်ခု၊ အကျိုးအပဲ့ နှစ်ခု၊ သုံးခု ယူလာပြီး ကျွန်တော့်ဆီ ရောက်လာ ကြတယ်။ ရတဲ့အချိန်က ညနေ



www.burmeseclassic.com

www.burmeseclassic.com

(၆)နာရီလောက်ပါ။

ပြီးတော့...

''ဦးလေး ဒါ ဘာခေါ်သလဲ'' ဆိုပြီး ပစ္စည်းတွေကို ကျွန်တော့်ကို ပြတော့...

''ဒါ ကျောက်လက်ဝါး'' လို့ ခေါ်တယ်။

''ဘယ်လို တွေ့တာလဲ'' မေးတော့ ဖြစ်စဉ်ကို ပြော ပြတာပဲ။

''နောက်ထပ် ရှိသေးတယ်။ မြေကြီးတွေ ဖုံးနေတယ်''

''ဒါဆို မနက်ရောက်မှ သွား ဖော်ပြီး ယူခဲ့ကြ''



ကျောက်လက်ဝါးများ ရရှိသူ ဦးကျော်သိန်း

မနက်ရောက်တော့ ကျွန်တော်က အဲဒီကျန်တဲ့ ကျောက်လက်ဝါးတွေကို ယူဖို့ ပီနံအိတ်ကြီး ပေးလိုက်တယ်။

ဖိုးထောင်နဲ့ အောင်ညီ မနက်စော စောသွားပြီး မြေပုံကြီးကို ပေါက်ပြား တွေနဲ့ ဟိုလှန်ဒီလှန်ရှာ၊ ရေပန်းနဲ့ထိုးပြီး အပြန်ပြန်အခါခါ ရှာလဲ လုံးဝမတွေ့ရ တော့ဘူး။

ထူးတော့ထူးဆန်းတာပဲ။ ကျွန်တော် တို့လဲ ကြာကြာမလုပ်ရပါဘူး။ အသွား အပြန် တစ်ဆယ့်နှစ်ရက်လောက်ပဲ ကြာပါတယ်။ တချို့ စက်ကြီးတွေနဲ့ လုပ်တဲ့သူက တစ်ရက်ကို ရွှေး(၂၀) လောက် ရပါတယ်။ ကျွန်တော်တို့က ဟွန်ဒါစက်လေးနဲ့ဆိုတော့ သိပ်မကိုက် လှပါဘူး။ ဒါကြောင့် ပြန်ခဲ့တာပါ'

စာရေးသူက ကိုကျော်သိန်းအား ကျွန်တော်ဖတ်ဖူးသော နက္ခတ္တဗေဒင ခြည်မဂ္ဂဇင်းပါ ကျောက်လက်ဝါး အကြောင်းတွေ ဗဟုသုတအဖြစ် ပြော ပြပါတယ်။ ကျောက်လက်ဝါးဆိုတာ မြန်မာနိုင်ငံအတွင်း ကျောက်သား ကျောက်တောင် ပေါများတဲ့ အရပ် ဒေသတွေမှာ အတွေ့များတတ် ကြောင်း၊ ကျောက်လက်ဝါး၊ ကျောက် တန်ဆာ၊ ကျောက်နဂါး၊ ကျောက်ခြေ ထောက်၊ ကျောက်ဆင်၊ ကျောက်နွား၊ ကျောက်ဖား၊ ကျောက်လိပ် စတဲ့ ဂမ္ဘီရ ဆန်တဲ့ ပစ္စည်းတွေရှိကြောင်း...

သဘာဝကျောက်သားပင် ဖြစ်လင့် ကစား သိဒ္ဓိဝင်ပစ္စည်း ဖြစ်သလို ဆန်း ကြယ်မှုတွေ တွေ့ရတတ်ကြောင်း ပြောပြပါတယ်။ မိမိနဲ့ ထိုက်သင့် သလောက်ပဲရခြင်း၊ အခွေလိုက် ပြုတ် ကျပြီး မြေကြီးဖုံးလွှမ်းရာက ရသင့်တာ ရပြီး ကျန်တာကို မနက်ဖြန်ရှာတော့ လုံးဝ မတွေ့ရတော့၊ အစအနပင် မတွေ့ရ။

ကျောက်လက်ဝါးနဲ့ တူတာဆိုလို့ ဘာတစ်ခုမှမရှိ။ ဒါကပင်လျှင် ဂမ္ဘီရ ဆန်တဲ့ ကျောက်လက်ဝါး ပျောက်ချင်း မလှ ပျောက်သွားခဲ့ချေပြီ။

စာရေးသူ ဖတ်ဖူးကာ ပြောရမယ် ဆိုရင် ကျောက်လက်ဝါးဟာ လက် တစ်ဖက်တည်း ဆိုပေမယ့် အရာရာကို လူတစ်ယောက်လို စွမ်းဆောင်နိုင် တယ်။ လူသာမန်တွေထက် ပိုပြီး အစွမ်းထက်တယ် သိဒ္ဓိတွေရှိတယ်။

'ဝယ်လက်တွေရော မ ဘူးလား။ ဝယ်လာရင် မရောင်းနဲ့၊ ငါးပါးသီလ မြဲ ဆောက်တည်ပြီး ကျော လက်ဝါးကို ရေသန့်စင် ဆေးကြောပြီး မြင့်မြတ် နေရာမှာ ရိုရိုသေသေ ရှိဖို့ လိုပါမယ်'

ကိုကျော်သိန်းက...

'မုံရွာက ဝယ်လက်တွေ ရောက်လာတယ်၊ ဒါပေမယ့် ဘယ်လောက်ပေးပေး ကျွန်တော် မရောင်းပါဘူး'

တဲ့။

လူတွေဟာ လောဘသားတွေပါ ကျောက်လက်ဝါးဟာ တကယ်သိဒ္ဓိဝင် ပြီး အစွမ်းထက်နေရင် လိုချင်တဲ့သူ တွေက မရမကယူဖို့ လုပ်တတ်ကြ တယ်။ ဒါပေမယ့် နောက်ဆုံးတော့ သိဒ္ဓိဝင်ပစ္စည်းတွေဟာ မကောင်းတဲ့ သူ၊ လောဘကြီးတဲ့သူတွေရဲ့ လက်ထဲ မှာ ကြာကြာမနေဘဲ တစ်နည်းနည်းနဲ့ ထွက်ခွာ ပျောက်ကွယ်သွားတတ် ကြောင်း...

ကျောက်လက်ဝါးပိုင်ရှင်ဟာ ငါးပါး သီလ လုံခြုံအောင် စောင့်ထိန်းပါ၊ ကျောက်လက်ဝါးရဲ့ ထူးခြားစွာ ပေး လာမယ့် အိပ်မက်နိမိတ်ကောင်းကို စောင့်မျှော်ပါလို့ ပြောကြားရင်း ခတ်ပ မှတ်တမ်း ရိုက်ယူကာ ပြန်ခဲ့ပါတော့ တယ်။

ညိုမင်းထက် (မြန်မာစာ)
မော်လူး




www.burmeseclassic.com

www.burmeseclassic.com

မြွေနှစ်သစ်နှင့်

# ချစ်မှုရေးရာယတြာ





၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ရက်နေ့မှ စတင်ကာ မိုးသောနှစ်သစ်သို့ ကိ်ရှိမည်ဖြစ်ရာ ၂၀၁၄ ခုနှစ်၊ ဝါရီလ(၃၀)ရက်နေ့အထိ နှစ်တာကာလအတွင်း လုလင်ပျို၊ ပျို၊ မပျိုတပျို အားလုံးသော ထောင်မဲ့သူတို့အတွက် ချစ်မှုရေးရာ ခြေအနေနှင့် ကောင်းမွန်နှစ်သက် ဖြစ်အောင် ပြုပြင်နိုင်ပုံများကို ပြပေးပါမည်။

**ဤမြွေနှစ်တာတွင် ချစ်ရေး ကံကောင်း ကြသူတို့မှာ ခွေးနှစ်ဖွား**ဇာတာရှင်များဖြစ်ကြသည်။ သားမှ ကြိုတင် သတ်မှတ်ထားသော ပုံဖော်ချက် နှင့် နီးစပ်စွာကိုက်ညီသူ ဖူးစာရှင်တွေ့နိုင်သည်။

အလားတူစွာပင် **နွားနှစ်ဖွားနှင့် မြွေနှစ်ဖွား**တို့မှာလည်း **ကြက်နှစ်ဖွားများ**နည်းတူ နှလုံးသားရေးကံ ကောင်းမွန်၍ လင့်သော ဖူးစာဖက်များနှင့် လက်တွဲခွင့် ရရှိနိုင်ကြ ည်။

**မျောက်နှစ်ဖွား** ဇာတာရှင်တို့ကား ရှိနှင့်ပြီး ချစ်သူက ဖြစ်ယူကာ တစ်မျက်နှာပြောင်းသွားသဖြင့် နောက် ယောက်မရမီအထိ အသည်းကွဲနေရကိန်း ရှိသည်။ ဖော်မဲ့သူတို့မှာလည်း တစ်ဦးတည်း လုံးချင်းဇာတ်လမ်း က်က,ရပါဦးမည်။

မျောက်နှစ်ဖွားများကဲ့သို့ပင် **ကျားနှစ်ဖွားနှင့် ဝက်နှစ် ဖွား**တို့မှာလည်း အချစ်ရေးကံခေသောနှစ် ဖြစ်နေတတ် ည်။

**ဝက်နှစ်ဖွား**တို့မှာ ဆုံချက်ကာလဖြစ်ကာ အချစ်ဆုံး ခြေအနေမှ မုန်းတီးကျောခိုင်းခြင်းအဖြစ်မျိုး ကြုံနိုင် ကဲ့သို့ လမ်းခွဲပြတ်တောက်ပြီးသော အချစ်ဟောင်းနှင့် နလည် လက်တွဲခြင်းအဖြစ်မျိုးလည်း ကြုံရတတ်သော ထူးခြားသည့်နှစ် ဖြစ်သည်။

ကျန်ပုံရိပ်ရှင်တို့မှာ နှလုံးသားဒဏ်ရာ ပြင်းထန်မှုမရှိသကဲ့သို့ ရင်ခုန်နွေးထွေးမှု များလည်း ကျဲပါးနေနိုင်ပါသည်။

ထို့ကြောင့် နှလုံးသားရေးရာ ကံခေသူများ၊ အေးစက်နေသူများ ရင်ခုန်နွေးထွေးဖွယ် အကြင်နာဖော် ကလေးများ ရရှိစေရန် ငါးသေတ္တာ တစ်ဘူးကို သောကြာနေ့နံနက်တွင် ဆွမ်းခံ ဦးပဉ္စင်းတစ်ပါးအား လောင်းလှူကာ မိမိဖြစ်လိုသော နှလုံးသားရေးဆန္ဒများကို သမ္မာဒေဝ၊ သတ္တဘာဂနတ်များအား လျှောက်ထားတိုင်တည်ပါ။

ယခုနှစ်ကား ရေ(ယင်း)ဓာတ်ဆောင်သောနှစ် ဖြစ်သည်။ မိမိအပေါ် မေတ္တာသက်ဝင်ရေးအတွက် ဖန်တီး ပေးသော မိခင်ဓာတ်ကို အားဖြည့်ရသည်။ ထို့ကြောင့် ရေဓာတ်မိခင် သတ္တုဓာတ်ကို အားဖြည့်ပေးခြင်း ဖြစ်သည်။

စားဖွယ်မှာ သတ္တု(ယင်း)ဓာတ်ဆောင်၍ စည်သွတ်ဘူး (သတ္တုပစ္စည်း)ဖြစ်ရာ သတ္တုဓာတ်အင်အား ပိုမိုတောင့်တင်း စေသည်။

သောကြာနေ့မှာ သတ္တုရောင်ခြည် ကြိုဟ်နေ့ဖြစ်၍ "ငါး"မှာ ချစ်မေတ္တာ သရုပ်"ရေ"ဓာတ်ဆောင် သတ္တဝါဖြစ်လေသည်။ သာသနာ့ဝန်ထမ်းအား လှူဒါန်းခြင်းဖြစ်ရာ ကာယကံရှင်၏ မူလဓာတ်အင်အား ဖြည့်တင်းပြည့်ဝလျက် ကာယ,စိတ္တ နှစ်ဖြာသုခ ပြည့်စုံစေပါလိမ့်မည်။

သောကြာနေ့တိုင်း ကြိုးစားကြည့်ကြပါ။

တစ်ခုသောသောကြာအလွန်တွင် လက်တွေ့"စွံ"နိုင်ပါ လိမ့်မည်။

**ထက်မင်းကျော်စွာ**



www.burmeseclassic.com

www.burmeseclassic.com

► ကြော်ငြာဆောင်းပါး ◄

မှတ်ပုံတင် - ၁၁၃၄ y ၁၀၇၃၆ လိုင်စင် ၇၊၂၀၁၁၊ တအထလတိုး (၁၁၁၂)

နှလုံးရောဂါ ကင်းဝေးအောင်

# မုံရွာဆရာမိုး အမှတ်တံဆိပ်

# အမောလုံ နှလုံးအားဆေးကိုဆောင်




" ဆရာကိုယဉ်တင့်နဲ့ တွေ့ချင်နေတာ အတော်ပဲ။ ခုတလော အသက်ရှူကျပ်ပြီး မောတယ်ဗျာ။ ညဘက်လည်း အိပ်မပျော်ဘူး။ တစ်ခါတစ်ရံ နှလုံးနေရာက အောင့်တယ်။ ကိုယဉ်တင့်က တိုင်းရင်းဆေး သုတေသီဆိုတော့ ကျွန်တော့်ရဲ့ ဝေဒနာကို ဆန်းစစ်ပါဦး "

" ကိုချစ်ဆွေ ခံစားနေရတာ နှလုံးရောဂါပါ။ နှလုံးရောဂါဟာ ကံ၊ စိတ်၊ ဥ တု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတအောင် နေထိုင်စားသောက်မှုမရှိတဲ့အတွက် ဖြစ်ရတဲ့ရောဂါပါ။ အထူးသဖြင့် စိတ်ကြောင့် ဖြစ်ရတာများပါတယ်။ လောဘ၊ ဒေါသ၊ မောဟ လွန်ကဲတဲ့သူတွေ ပရိဒေဝမီးတောက်လောင်ပြီး၊ နှလုံးအိမ်ကို လောင်မြိုက်တဲ့အတွက် နှလုံးရောဂါဖြစ်စေတာပါ "

" နှလုံးရောဂါဟာ စိတ်ကြောင့်ဖြစ်ရတယ်ဆိုတာ လက်ခံပါတယ်။ ဆက်ပြောပါဦး "

" နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှကာလပတ်လုံး နေ့၊ ညမပြတ် အလုပ်လုပ်ရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခုပါ။ နှလုံးရောဂါ ခံစားနေရတာမသိဘဲ သန္နိပါတ်နှလုံးရောဂါဖြစ်လာပြီဆိုရင် ညဘက် အိပ်မပျော်ခြင်း၊ မူးခြင်း၊ မောခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပူခြင်း၊ အသက်ရှူကျပ်မောခြင်း၊ နှလုံးနေရာမှ အောင့်ခြင်း၊ ခြေဖျားလက်ဖျားအေးခြင်း၊ ဘယ်သူမှ စကားမပြောဘဲ စကားပြောသံကြားရခြင်း(စိတ်မှ ထင်မှတ်ခြင်း)၊ နှလုံးနေရာမှာ အပ်နဲ့ဆွသလို နာကျင်ခြင်း၊ လက်သည်းခွံအရောင်မမှန်ခြင်း၊ လက်သည်းများပြာ နှမ်းလာခြင်း၊ အိပ်နေရင်း ကယောင်ကတမ်းပြောခြင်း၊ သွေးစမ်းကြည့်ပါက သွေးတိုးမမှန်ခြင်း၊ နှလုံးနေရာ အောင့်နေခြင်း၊ တစ်ကိုယ်လုံး အေးစက်နေခြင်း၊ လေးလံနေခြင်းစတဲ့ လက္ခဏာတွေ ဖြစ်တတ်တယ် ကိုချစ်ဆွေ "

" ကိုယဉ်တင့် ပြောခဲ့တဲ့ နှလုံးရောဂါလက္ခဏာတွေထဲက ကျွန်တော် ခံစား နေရတဲ့ အချက်သုံးမျိုးနဲ့ တူတယ်ဗျ။ ဒါဆို ဘာဆက်လုပ်ရမှာလဲ "

" ကိုချစ်ဆွေ ခံစားနေရတာ ဘယ်လောက်ကြာပြီလဲ။ ဖြစ်တာ မကြာသေးဘူးဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပြီး ရောဂါသက်ကြာရင်တော့ ဆေးရုံဆေးခန်းပြရမှာပေါ့ "

" ကျွန်တော် ခံစားနေရတာ ဆယ်ရက်၊ ဆယ့်ငါးရက်လောက်ပဲ ရှိသေးတယ် "

" ဒါဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပါတယ် "

" သက်သာပျောက်ကင်းဖို့ဆိုရင် ဘယ်ဆေးစားရင် ကောင်းမယ်ဆိုတာ ကိုယဉ်တင့် ညွှန်ပြပေးပါဦး "

" သမားတော်ကြီး မုံရွာဆရာမိုးကိုယ်တိုင် ကုသအောင်မြင်ခဲ့တဲ့ **မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံနှလုံးအားဆေး** သောက်ရင် ကိုချစ်ဆွေ ခံစားနေရတဲ့ နှလုံးရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

" ဒါဆို မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးသောက်မယ်ဗျာ။ ဆေးအညွှန်းကို သိပါရစေ "

" ကဲ ကိုချစ်ဆွေ နားထောင်ပြောပြမယ်။ အညွှန်းက နှလုံး[illegible]ကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ ရင်ညွန့်၌ စူး၍အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန်မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ်လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ ချွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းခြင်း မူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော်၊ စားမဝင်၊ စိတ်မကြည်ခြင်း၊ အားအင်ကုန်ခမ်းစိတ်မရွှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်တယ်တဲ့ "

" ကိုယဉ်တင့် ညွှန်မှတော့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားတိုးဆေးဟာ ဆေးစွမ်းကောင်းတစ်လက်ဖြစ်တာ သေချာတယ်။ သောက်မယ်ဗျာ။ အဲဒီဆေးကို ဘယ်ဆိုင်တွေမှာ ဝယ်ရရနိုင်မှာလဲ "

" အဆီကျ၊ အကြောပြေ၊ ဆီး၊ ဝမ်း မှန်စေတဲ့ မုံရွာဆရာမိုးရဲ့ ရောက်တစ်လုံး ဝမ်းမှန်ဆေးဟာ တိုင်းသိပြည်ကျော်ဖြစ် ပြီးသားမို့ အထူးညွှန်းစရာမလိုတဲ့ ဆေးဖြစ်ပြီး နှအသစ်တဖန် ထုတ်လုပ်လိုက်တဲ့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးကိုလည်း မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် ဝယ်ယူရရှိနိုင်ပါတယ်။ ကဲ ကိုချစ်ဆွေ ယုံယုံကြည်ကြည် သောက်ကြည့်လိုက်စမ်းပါ။ ခင်ဗျား ခံစားနေရတဲ့ နှလုံးရောဂါဝေဒနာဟာ သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံး ဖြန့်ချိပေးနေပါပြီ။

ပင်ရင်း

**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

အမှတ်-(၅၂/၃၅၆)ဗဟိုလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း၀၁-၆၉၁၀၇၉ ၊ ၀၉-၅၁၈၈၆၁၂

---

**ဖြောင်းဖြ ဖေယဉ်တင့်**



www.burmeseclassic.com

www.burmeseclassic.com

ကော့တာကုန်းတော်ရောက်

# ရွှေပေဟောင်းသကျွန်

အိုးသည် သုတေသိ



ကော့တာဆရာတော် ဦးတေဇ

ကျိုက်မရောမြို့နယ်၊ ဘိန်းဗျော အပြင်ရွာနှင့် အတွင်းရွာ နှစ်ရွာကြား ၌ရှိသော ကော့တာတောရသို့ တစ်ကြိမ် တစ်ခေါက် အလည်အပတ် ရောက်ခဲ့ ရာ ကျောင်းရှေ့စေတီတော်ကြီး ရင်ပြင် ပေါ်တွင် သစ်ထွင်းကနုတ်များ တန်ဆာဆင်ထားသည့် ရှေးလက်ရာ ညောင်စောင်း ခုတင်တစ်လုံးကို တွေ့ရ သည်။

ရပ်ရွာခေလေ့ထုံးအရ တစ်စုံတစ် ယောက် ကွယ်လွန်သွားသည့်အခါ၌ **သက်ပျောက်ခုတင်** (အသက်ထွက် သေဆုံးချိန်၌ အိပ်နေသော ခုတင်)ကို ဘုန်းကြီးကျောင်းများသို့ လာရောက် လှူဒါန်းလေ့ရှိကြသည်။

သို့သော် ဤခုတင်မှာ သာမန် လူတန်းစားများ အိပ်စက်လေ့ရှိသော ခုတင် မဟုတ်ချေ။ မင်းညီမင်းသား တို့သာ သုံးဆောင်လဲလျောင်းခွင့် ရှိ သော အဆင်တန်ဆာဖြင့် ရှေးဟောင်း ခုတင် ဖြစ်နေသည်။

'ဒီခုတင်က ဘာအတွက်သုံးတာလဲ ဆရာတော်ဘုရား'

'ဒီခုတင်က ဖြစ်စဉ် ဇာတ်ပွတ် နည်း နည်း ဆန်းကြယ်တယ်'

ကော့တာဆရာတော် ဦးတေဇက ဤသို့ အစချီကာ မိန့်ကြားတော်မူသည်။ သက်ကြောင်နှင့် သားမယားတို့ကို စွန့် ခွာကာ သန္တိသုခ တရားထူး ရှာဖွေ နေ နယ်လှည့် တရားစခန်းဝင် ကျင့်ကြံ နေသော ဦးတေဇသည် ထိုစဉ်ကာလ က ယမ်းငွေ့ဝေနေသော အန္တရာယ် နယ်မြေရှိ "ဖားပေါင်" လိုဏ်ဂူသို့ ရောက်ရှိခဲ့သည်။

မငြိမ်းချမ်းသေးသဖြင့် လူသူ အရောက်အပေါက် နည်းလှသော အတ္တရံမြစ် ရေအောက် (**မြစ်ရေတက် လျှင် ဖားပေါင်ဂူ အဝင်ဝ ရေမြုပ် ပါသည်။ အတွင်းသို့ ဝင်၍မရ၊ အတွင်း ရောက်နေသူများလည်း အပြင်သို့ ထွက်၍မရပါ။ မြစ်ရေ ကျချိန်မှသာ ဝင်ထွက်သွားလာနိုင် လေသည်။**)

လိုဏ်ဂူအတွင်း၌ ပုပ်သိုးစပြုနေ သော ဆွမ်းတော်ကျ ကောက်ညှင်း ပေါင်းကို သုံး၍ လေးရက်မျှ ဆွမ်းအာဟာ ရ ပြုရသည်လည်း ရှိခဲ့သည်။

သို့ဖြင့် အဓိဋ္ဌာန်ကာလ ထက်ဝက် သို့ ရောက်သောနေ့တွင် မြစ်ရေဝင်၍ စွတ်စိုနေသော ဂူကြမ်းပြင်တွင် အနည်းငယ်မြင့်သော ကျောက်တုံးတစ် တုံးပေါ် တင်ပျဉ်ခွေထိုင်ကာ ရှုမှတ်နေ စဉ် ဂူနံရံ ပြိုကျသံ ကြားရသည်။

ရုပ်နာမ်ခန္ဓာကို ဘုရားရှင်အား လှူဒါန်းထားပြီးဖြစ်ရာ တရားအလုပ်ကို သာ ဆက်၍ လုပ်နေခဲ့သည်။ ပြိုကျသံ များက အတန်ကြာမှ ရပ်ဆိုင်းကာ တိတ်ဆိတ်မှုက မင်းမူလာသဖြင့် အမှတ်လည်း ကောင်းမွန်လာသည်။

ကမ္မဋ္ဌာန်းသိမ်း၍ မျက်စိဖွင့်ကြည့် လိုက်သောအခါ မိမိ၏ လက်ယာဘက် တောင်ဘက် ဂူနံရံပြိုကျကာ သစ်သား ခုတင်တစ်လုံး ထွက်ပေါ်နေသည်ကို မြင်ရလေသည်။

ထိုနေ့မှစ၍ အဓိဋ္ဌာန်ရက် စေ့ မြောက်အောင်မြင်ချိန်အထိ ဖားပေါင် ဂူအတွင်း ခြောက်သွေ့ နွေးထွေးစွာ သီတင်းသုံး ရှုမှတ်နိုင်ခဲ့လေသည်။


ပြီးသော် အခြားနေရာများစွာသို့ တောတောင်တစ်လျှောက် အဓိဋ္ဌာန်





www.burmeseclassic.com

www.burmeseclassic.com



◆ ဖားပေါင်ဂူမှ ကျွန်းခုတင်

◆ ကျွန်းခုတင်မှ သစ်ထွင်းလက်ရာ



ဝင်ပြီးနောက် ကော့တာကုန်းမြေတွင် အခြေတကျ သီတင်းသုံးနေတော်မူသောအခါ ဖားပေါင်ဂူအနီးရှိ ဒေသခံများက ခုတင်ကြီးကို ပဲ့ချိတ် (စက်တပ်လှေ)ဖြင့် တင်ဆောင်ကာ ယူလာပေးသည်။

ဖားပေါင်ဂူအတွင်း ဖားရှာ၊ ငါးရှာ၊ တရားရှာခြင်း၊ ရည်ရွယ်ချက် အမျိုးမျိုးဖြင့် ရောက်သွားကြသူတို့သည် ထိုခုတင်ပေါ်၌ ခြောက်သွေ့နွေးထွေးစွာ အမောအပန်းဖြေ အိပ်စက်ကြရာ ခုတင်ပေါ်မှ တွန်းချခြင်း၊ ကြောက်မက်ဖွယ်အာရုံ မြင်ထင် ကြုံတွေ့ရခြင်း၊ ကြက်သီးမွေးညင်းထကာ တုန်လှုပ်ချောက်ချားခြင်း စသည့် အသီးသီး ကြုံတွေ့ ခံစားကြရသောကြောင့် လူအများ၊ မသိနားမလည်သူများ၊ အန္တရာယ်ကင်းစေရန် ဆရာတော်ထံ ယူဆောင်လာခြင်းဖြစ်ကြောင်း လျှောက်ထားကြသည်။

'ဒီရောက်တော့ ဘုန်းကြီးက ကြမ်းပေါ် ကျိန်းစက်တယ်။ ခုတင်ညောင်စောင်း မသုံးဘူး။ သူတစ်ပါးကိုပေးတော့လဲ အန္တရာယ် ကြုံရတာနဲ့ ကျောင်းအောက်မှာ ထားရတယ်'

ကျောင်းမှာ ခြေတိုင်ရှည်ကျောင်း မဟုတ်ပါ။ လူတစ်ရပ်မလွတ်၊ ကုန်းကွ ဝင်ရသဖြင့် တကူးတက ဝင်ရောက် အိပ်စက်သူ မရှိပါ။

'ခုတလော မုန်တိုင်းတိုက်ပြီး ရေကြီးတော့ ခုတင်လဲ မျောပါသွားလို့ လိုက်ဆယ်ပြီး စေတီရင်ပြင် အခုနေရာမှာ ခေတ္တ ထားထားရတယ်။ လူတွေ မထိုင်မိအောင် သံကြိုးသံဆူး စေတီပွဲဝင်ပွဲမှုပစ္စည်းတွေ တင်ထားပါတယ်'

ကျွန်းသားကနုတ်ဆင် သလွန်ဖြစ်ကာ ကျွမ်းကျင်သူများက နှစ်ပေါင်း ခုနစ်ရာအထက် သက်တမ်းရှိသော ရှေးဟောင်းပစ္စည်းဖြစ်ကြောင်း ခန့်မှန်းကြသည်။

ရှေး မွန်၊ ကရင် တိုင်းရင်းသားများ ဘုရင် (သို့မဟုတ်) မင်းညီမင်းသားမျ အသုံးပြုခဲ့ကြသည့် တော်ဝင်သလွ ဖြစ်ဖွယ် ရှိသည်။

**သုတေသီများ စိတ်ဝင်တ လေ့လာလိုပါက... ကျိုက်မရော နယ်၊ ဘီနီးဗျောရွာအနီး၊ ကော့တ တောရသို့ သွားရောက်ကာ ဆ တော် ဦးတေဇအား** လျှောက်ထ လေ့လာနိုင်ကြပါသည်။

ခရီးသည် သုတေ



www.burmeseclassic.com

www.burmeseclassic.com



# ကိုးသချိုင်းဝင်ခွင်ဘဝ

ရှိခဲ့ပြီး အစွမ်းသတ္တိထူးများနှင့်
အံ့မခန်း အကျိုးပေးသည့် ဂါထာတစ်ပုဒ်

ဆရာနေမျိုး
(ဘီအေ)

ပဲခူးမြို့၏ အရှေ့ဘက် (၇)မိုင်ကွာတွင် သနပ်ပွင်မြို့လေး တည်ရှိသည်။ သနပ်ပွင်မြို့အပိုင် အုန္တဲကျေးရွာ နီး ခမဲပြင်ဘုရား(ခံမယ်သာပြင်) သည့် ထိုနယ်တစ်ဝိုက်တွင် တန်ခိုးကြီး သော စေတီတစ်ဆူ ဖြစ်ပါသည်။

ထို့အပြင် ခမဲပြင်ဘုရားကို စောင့် ရှောက်သော ဘိုးဘိုးကြီးမှာ (၇)ရက် သမီးများ ယာဉ်အန္တရာယ် ကင်းရှင်း အရောင်းအဝယ်ကောင်းစေရေး၊ ဆူးတို့။ နိုင်ငံရပ်ခြားခရီးသွား သော လူမှုဒုက္ခများကို ကူညီနိုင် သည်ဟု အယူအဆ ရှိသူများကြောင့် နယ်မြေအရပ်တွင် အလွန် ခင်မှတန်မှ ထင်ရှားကျော်ကြားလေ သည်။

ခမဲပြင်ဘုရားမှ (၅)မိုင်ခန့်အကွာ တွင် ထာဝကျေးရွာနှင့် သံဒင်းကျေးရွာ ကပ်လျက် တည်ရှိနေပါသည်။ ထို ကျေးရွာနှစ်ခုအကြားတွင် သချိုင်း၊ သချိုင်း၏ အဝင်ဝတွင် စေတီငယ် တစ်ဆူရှိပြီး၊ ယာဘက်အခြမ်းတွင် ပြယ်ပေါင်းတစ်ခု...

ဘက်ယွန်းယွန်းလောက်တွင် ကန် (မြေတူးထားသော ကန်ပေါင်း)တစ်ခု နှင့် အုပ်ဆိုင်းနေသော သရက်ပင်ကြီး (၇)ပင်၊ ကုက္ကိုပင်ကို ညောင်ပင်မျိုပြီး တွဲလွဲကျနေသော ညောင်မှတ်ဆိတ် များ (၂)ပင်,(၃)ပင်ခန့်နှင့် ထန်းမင် (၅)ပင်တို့သည် ကိုင်းလွတ်ရုံ တစ်ပင် နှင့် တစ်ပင် ကွဲ၍ တွဲ၍ ပေါက်နေပုံ နှင့် ဘေးပတ်လည် ကွင်းကြီးများမှ ဖြတ်တိုက်လာသော လေအရှိန်အဟုန် ကြောင့် တစ်ချက်တစ်ချက်တွင် သစ်ရွက်၊ ထန်းရွက်များ ပွတ်သပ် ပြီး ရှီး... ရှီး... ရှီး... ဟူသော အသံ များ အဆက်မပြတ် ကြားနေရတတ် သည်။

ထိုသချိုင်းနှင့် ပတ်သက်၍ အနီး အနား လူငယ်တချို့ကို စုံစမ်းကြည့် လိုက်သည်။

'ဆရာနေမျိုးရေ ညဘက် (၈)နာရီ ကျော်ရင် အဲဒီဘက်ကို အရက်မူးသမား တောင် ဖြတ်မသွားဘူးဗျ။ ညနေ နွား သိမ်းနောက်ကျလို့ အဲဒီဘေးက ဖြတ် မောင်းရင် နွားတွေလန့်ပြီး ထခုန်လို့ ထိန်းမရ၊ သိမ်းမရ ဖြစ်လွန်းလို့ လယ် ကွင်းဘက်က ဖြတ်မောင်းပြီး ရွာပြန် ဝင်ရတယ်'

ရှေ့မီနောက်မီ အဒေါ်ကြီးတစ် ယောက် သူ့နာမည်က မနီ၊ ဒေါ်ကြီး မနီ။ သူက ရွာအစွန်မှာ နေသည်။ သူ ပြောပြတာက...

'ညဘက်သန်းခေါင်လောက် ကျုပ် အလေးသွားချင်လို့ ကျုပ်လင် ဦးလွင် ကိုနှိုးပြီး အိမ်သာဘက်အလာ အဲဒီ ဘက်ကို လှမ်းကြည့်လိုက်တော့ ဆန်ကောလောက်ရှိတဲ့ မီးလုံးနီနီကြီး တွေ (၄,၅)ခုလောက်တွေ့တာ။ အတော်လေးကြာအောင်ကို တွေ့နေ ရတယ်။ မယုံရင် ဦးလွင်ကို မေးကြည့် ပါ'

သူကတော့ ဒေါ်ကြီးမနီ၏ သမီး



www.burmeseclassic.com

www.burmeseclassic.com

ငယ် မဝင်းရွှေ...

'လကွယ်ညတစ်ညပေါ့ အစ်ကိုကြီးရေ။ တစ်ရေးနိုး ရေထသောက်ပြီးလို့ အိုက်တယ်ဆိုပြီး ဘေးတံခါး ဖွင့်လိုက်မိတယ်။ လေ,လေးဝင်လာလို့ သဘောကျနေမိတာ။ တအောင့်လောက်ကြာတော့ မထင်မှတ်ဘဲ အဲဒီသချိုင်းဘက် ကြည့်လိုက်မိတယ်။ သမီးတို့လို အရွယ် မိန်းကလေးတွေ ကခုန်နေကြတယ်။

ဒါနဲ့ အမေ့ကို လှမ်းခေါ်နှိုးပြီးပြတာ။ အမေက တံခါးအတင်းပိတ်ခိုင်းပြီးနောက် ညဘက်တံခါးမဖွင့်ဖို့ သတိပေးထားတယ်လေ'

နောက်ဆုံး ပြောပြသည့်သူက ဖိုးမောင်... မကြာခဏ သူက သောက်တတ်သည်။

'ကျွန်တော် မိုးသိပ်ချုပ်ရင် အဲဒီဘက်က နီးပေမယ့် ဖြတ်ပြီးပြန်မလာဘူး။

တစ်ခါက သောက်ထားတဲ့ အရည်ကလဲများ၊ လူကလဲ တော်တော်လေးမူးနေတယ်။ မူးပေမယ့် သွားရမယ့်လမ်း၊ လူ၊ အိမ်၊ တံတား အကုန်သိတယ်။ မယိမ်းမယိုင် လျှောက်လာရင်း သချိုင်းနားလဲရောက်ရော မင်းသမီးဝတ်စုံတွေနဲ့ မိန်းကလေး (၁၀) ယောက်၊ မိန်းမကြီး (၃)ယောက် သီချင်းဆိုပြီး ကနေတယ်။

ကျွန်တော်လဲ ခပ်လှမ်းလှမ်းက ရပ်ကြည့်ပြီး ဘယ်က သကြံန်ယိမ်းအဖွဲ့ ဒီမှာ လာလေ့ကျင့်နေတာလဲ မသိဘူး။ ဘယ်လိုပဲကြည့်ကြည့် မျက်နှာနားရောက်ရင် မထင်ရှားသလိုပဲ။ အိုး... ရွာထဲရောက်မှ မေးကြည့်ဦးမယ်လို့ တွေးပြီး ရွာကိုပြန်လာခဲ့တယ်။ ရွာထဲရောက်လို့ မေးကြည့်မှ ဘယ်ယိမ်းအဖွဲ့မှ မကဘူးဆိုတာ သိရတော့တာပဲ'

ကျွန်တော့်ကို လိုက်ပို့သည့် ထိုရွာနှင့်ရင်းနှီးကျွမ်းဝင်ပြီးသား ဒေါ်ကြီးမနီသမက် မောင်ဝင်းနိုင်က...

'ဘယ်လိုလဲ အစ်ကိုကြီး ပဲခူးပြန်မလား'

ကျွန်တော် သချိုင်းအလယ်ရှိ စေတီလေးကို ငေးမောကြည့်နေလိုက်သည်။ စိတ်ထဲမှာလည်း...

'ဒါ ငါ အဓိဋ္ဌာန်နောက်ဆုံးဝင်ရမယ့်နေရာပဲ'

ဟု တွေးပြီး...

'ဒီညကစပြီး အဓိဋ္ဌာန် (၉)ရက်တိတိ ဝင်မယ်'

ဟု ပြန်ပြောလိုက်ပါသည်။

ပထမည... ညနေ (၆)နာရီတိတိ အချိန်တွင် သချိုင်းကို လက်ယာရစ်ပြီး မေတ္တာသုတ် ရွတ်ဖတ်ပါသည်။ မေတ္တာပို့ကိုလည်း တကယ်ချမ်းသာစေလိုသောစိတ်ဖြင့် ထက်သန်စွာ အသံထွက်ပြီး ပို့ပါသည်။ သစ်ပင်ကြီးတွေကို လက်နှစ်ဖက်ဖြင့် သေသေချာချာကိုင်ပြီး မေတ္တာပို့ပါသည်။ ပြီးမှ နယ်မြေစောင့်နတ်၊ စေတီစောင့်နတ်နှင့် ခမဲပြင်ဘိုးဘိုးကြီးတို့ကို အထူးမေတ္တာပို့ ခွင့်တောင်းလိုက်ပါသည်။

ည (၉)နာရီတွင် ဘုရားစေတီ၏ ရာဟုထောင့်မှာ ရှစ်ပါးသီလ ခံယူပြီး ခန္ဓာငါးပါး၊ ရုပ်,နာမ်နှစ်ပါးကို မြတ်စွာဘုရားအား ပေးအပ်လှူဒါန်းပြီး ကျွန်တော်၏ ဆရာအရှင်မြတ်အား တိုင်တည် သက်သေပြုလိုက်ပါသည်။ မေတ္တာကမ္မဋ္ဌာန်းကို လှိုက်လှိုက်လဲလဲ ပို့လွှတ်နေလိုက်သည်။

ည (၁၁)နာရီအချိန်လောက်တွင် ''အရဟံ''ဟု အသံထွက်ပြီး ပုတီးစတင်စိပ်ဖြစ်သည်။ ခွေးအူသံများ ကြားရသည်။ သိပ်မကြာလိုက်ပါ။ နောက်ကျောဘက် (၁)လံလောက်ဟု ထင်ရသည့် နေရာက တံမြက်စည်းလှည်းနေသလိုမျိုး ကြားရပြန်သည်။ အရဟံကို အသံပိုကျယ်အောင် ရွတ်ပြီး စိပ်လိုက်သည်။ ဘေးဘက် ခပ်လှမ်းလှမ်းလောက်က နွားမြက်စားနေသလိုမျိုး ''ဖြုတ်... ဖြုတ်... ဖြုတ်...'' ဟု ကြားရသည်။

အားတင်း၍ ပုတီးကို လက်နှင့်တင်းနေအောင်ကိုင်ပြီး **''အရဟံ=မြတ်စွာဘုရား''**ဟု ရွတ်ပြီး ခပ်မြန်မြန်စိပ်နေမိသည်။ စိပ်ရင်းစိပ်ရင်း မော ပြီးငြိမ်သွားချိန်တွင် ''ဟင်းဟင်း... ဟင်းဟင်း... ဟင်း...ဟင်း...''ဟူသော ညည်းသံရှည်ကြီးကို ကြားရသဖြင့် အလိုအလျောက် ကျွန်တော့်ဆံပင်များ ထောင်လာပြီး ကြက်သီးမွေးညင်းများ ထလာပါသည်။

ထိုအချိန်တွင် အသိစိတ်၌ ''ငါ့အသက်၊ ငါ့ခန္ဓာ ငါကိုယ်ပိုင်မရှိ။ မြတ်စွာဘုရားကို စွန့်လွှတ်လှူဒါန်းပြီးပြီ''ဟူသော အတွေးကို သွင်းယူပြီး ဆရာအရှင်မြတ်၏ မေတ္တာဓာတ်၊ ပညာဓာတ်များ ငါ့ခန္ဓာတစ်ခုလုံး ပျံ့နှံ့ပါစေသတည်း။ ပျံ့နှံ့ပါစေသတည်းဟု မှတ်ယူလိုက်မှ တုန်လှုပ်မှုများ ပျောက်ချင်းမလှ ပျောက်လေသည်။

မေတ္တာပို့ကိုလည်း ပီပီသသ ကျယ်ကျယ်လောင်လောင် ပို့သဖြစ်ပါသည်။

ည (၁)နာရီကျော်ကျော် အချိန်ခန့်တွင် အသားပုပ်နံ့များ အသက်ရှူမရလောက်အောင် နံလာပါသည်။ မခံမရပ်နိုင်အောင် ဖြစ်လာ၍ အသက်ကို အောင့်ပြီး စိတ်ကိုတင်း၍ မထတမ်း ပုတီးစိပ်နေလိုက်သည်။ တင်းခံနိုင်အောင်တင်း၍ နေပြီးမှ အသက်ပြန်ရှူမိသောအခါ နန္ဒင်းနံ့များ လှိုင်လှိုင်ထ



www.burmeseclassic.com

www.burmeseclassic.com



ပြီး နံ့လာပြန်သည်။ အထက်ပါအတိုင်း အသက်အောင့်ပြီး ပုတီးစိပ်လိုက်မှ ပျောက်သွားပြန်သည်။ ယ်မှန်းမသိ၊ ညည်းသံ န်းမသိ အသံများ ဘိုးရာမှ ကျယ်လာသည်။

ည (၂)နာရီခန့်လောက်အချိန်တွင် ဆရာအရှင်မြတ်ထံ စိတ်ကို ညွှတ်သွင်း ပြီး တိုင်တည်သမှု အကြိမ်ကြိမ် ပြု လိုက်မှ "ကဲ... လိုက်ဆို"ဟူသော ကြည်လင်ပြတ်သားပြီး သြဇာရှိသည့် အသံကို ကြားရမှ စိတ်နှလုံးကြည်လင် ပြီး ငြိမ်သွားပါသည်။

'ဉုံ ဃဋ္ဋေသိ ဃဋ္ဋေသိ ကိ' ကရဏာ နဝကမ္မံ အဟံ ဇာနာမိ ဇာနာမိ'

အနက်

**ဉုံ၊** အန္တရာယ်ကင်းစေသတည်း။ **ဃဋ္ဋေသိ၊** ချုပ်ချယ်ပြစ်မှားဘိ၏။ **ဃဋ္ဋေသိ၊** ချုပ်ချယ်ပြစ်မှားဘိ၏။ **ကိံ ကရဏာ၊** အဘယ်အကြောင်း ကြောင့်။ **ဃဋ္ဋေသိ၊** ချုပ်ချယ်ပြစ်မှားဘိ ၏။

**အဟံ၊** ငါသည်။ **နဝကမ္မံ၊** အလုပ် သစ်၊ အလုပ်အကိုင်ကို။ **ဇာနာမိ၊** သိ၏။ **ဇာနာမိ၊** သိ၏။

ထိုဂါထာကို လိုက်ဆိုရင်း လိုက်ဆို ရင်း အလွတ်ရပြီး ဆက်ဆိုလိုက်ပါ သည်။

ထိုအချိန်မှစ၍ အသံများ၊ အနံ့များ လုံးဝ လုံးဝ မနံ့၊ မကြားရတော့ပါ။ ဘုံခေါက်သံ ကြားသည့်အထိ ဘာမျှ ထူးခြားမှုမရှိ။

မိုးစင်စင်လင်းခါနီး အချိန်ကျမှ အမျှ ဝေလိုက်ပါသည်။

ဒုတိယည... ပြီးခဲ့သော ညကဲ့သို့ မြဲမြဲတိုင်း ဝတ်ပြုပြီး မနေ့ညက ရွတ် သည့်ဂါထာကို (၇)ခေါက် အသံထွက် ရွတ်ပြီး ပုတီးစ,စိပ်ပါသည်။

ည (၁၂)နာရီခန့်လောက် ခန္ဓာကိုယ် ကို ပြင်ထိုင်ပြီး ကြောနှင့် ဇက်ကို အညောင်းဖြေနေစဉ် ညာဘက်အခြမ်း ကို မျက်စိဖွင့်ပြီး ကြည့်နေမိလိုက် သည်။

ကျွန်တော့်ညာဘက် စေတီရှေ့တွင် ဘုရားကို ကန်တော့ပြီး လှည့်ထွက် သွားသည့် လူကြီးတစ်ယောက်၊ သူ တစ်ယောက်တည်း ရှိနေသလိုလို၊ ကျွန်တော့်ကိုပဲ မတွေ့သလိုလိုနှင့်။ သူ့အလုပ်သူလုပ်၊ ကိုယ့်အလုပ်ကိုယ် လုပ်ဟု စိတ်မှာမှတ်ပြီး ပုတီးစိပ်နေ လိုက်ပါသည်။

ကွမ်းတစ်ယာညက်ခန့် အကြာတွင် နူးညံ့ညင်သာ၍ ခေတ်ဟောင်းမြန်မာ့ ဂီတသံဟု ထင်ရသော တူရိယာသံ လေး မကြားတစ်ချက် ကြားတစ်ချက် ကြားရပြီး...

'အရှင့်သားပို့တဲ့ မေတ္တာကြောင့် ကျန်းမာ ချမ်းသာ၍ ကျွန်ုပ်တို့အားလုံး၏ ခန္ဓာများ လေနှင့်အေးတိုက်ခတ်သလို အေးစိမ့်ပြီး ပူလောင်မှုမရှိ၊ အပူတာတ်မရှိ ချမ်းသာစွာ နေရလို့ အရှင့်သားအပေါ်မှာ (၉)ပြစ်မျိုး ရှိရင် ကျေပါစေ။ (၁၀)ပြစ်မျိုးရှိရင် ကျေ ပါစေ။ ကျွန်ုပ်တို့ ငိုင်နေ့ကြွစေရန် ခွင့်လွှတ် တော်မူပါရန် ကျွန်ုပ်တို့အားလုံးက ဦးညွှတ် ပြီး တောင်းပန်ပါသည် အရှင့်သား'

ထိုအသံသည် ကျွန်တော့်စိတ်ထဲ၌ ကြောက်လန့်ခြင်းမရှိ။ နှလုံးသားထဲ၌ ရှင်းနေ လေသည်။

"ကျွန်တော်လည်း ကျေအေးပါ သည်။ သည်းခံပါသည်။ ခွင့်လွှတ်ပါသည်"ဟု အသံထွက်၍ ပြောပြီး ပြုခဲ့သမျှ ဒါန၊ သီလ၊ ဘာဝနာ၊ သစ္စာ အဓိဋ္ဌာန်များကို အမျှဝေလိုက်ပါ သည်။

ထိုအချိန်မှစ၍ (၉)ရက်တင်းတင်း ပြည့်သည့်နေ့အထိ ဘာသံ၊ ဘာအနံ့ မှ မရသည့်အပြင် လေတိုက်သံတောင် ပြင်းပြင်း မကြားရတော့ပါ။

ကိုးသချိုင်း အဓိဋ္ဌာန်ပြီးသဖြင့် ပဲခူးကို ပြန်ခဲ့ပါသည်။ ခရီးရောက် မဆိုက်...

'ဆရာ ကြွေးသွားတောင်းမလို့ ကူညီပါ'

ဟု အကူအညီ တောင်းသဖြင့်...

'ရော့ အဲဒီဂါထာ ရွတ်ပြီး သွား တောင်း'

ညနေဘက် ရောက်တော့...

'ကျေးဇူးပဲ ဆရာရေ ကြွေးပြန်ရ လာပါပြီ'

ဟူသော သတင်းကောင်း ကြားရ သည်။

နိုင်ငံခြားခရီး၊ အမှုကိစ္စမှန်သမျှ၊ အိမ်,ခြံ,မြေ အရောင်းအဝယ်ကိစ္စ၊ ရတနာပစ္စည်း အရောင်းအဝယ်၊ ကား အရောင်းအဝယ်၊ မြေကြွမ်း,အိမ်ကြွမ်း အတိုက်အခိုက်မှန်သမျှ ဒီဂါထာကို (၇)ခေါက်ရွတ်ပြီး ပြုလုပ်ရုံနှင့် အောင်မြင်တာတွေ လက်တွေ့ တွေ့ မြင်ခံစားရပါသည်ဆိုတာကို တင်ပြ ရင်း...

**ဆရာနေမျိုး (ဘီအေ)**



www.burmeseclassic.com

www.burmeseclassic.com

# ဝင် အိမ် ထောင် ရေး


**ကံခေတတ်သော လက္ခဏာ**




ကြည့်ပါ...။

- **နှလုံးလမ်းကြောင်းရဲ့ အဖျားတွင် မျဉ်းမတ်များ ဖြတ်ထားပါတယ်။** (၁)

* * *




ဒါကတော့ အချစ်ဦးနဲ့လွဲခြင်း၊ အချစ်ရေးတွင် တားဆီးချုပ်ချယ်မှုခံရခြင်း၊ ခိုးရာလိုက်ရခြင်း၊ အရှက်တကွဲ ဖြစ်ရတတ်ခြင်းကို ပြတာ ဖြစ်တယ်။

- **နှလုံးလမ်းကြောင်းမှာ အင်္ဂါအဖို ကြိုဟ်ခုံသို့ ဖြတ်ဆင်းသွားတဲ့ ဥပဒ်လမ်းတစ်ကြောင်းပါပဲ။** (၂)

* * *




ဒါကတော့ အိမ်ထောင်ရေး ပြိုကွဲခြင်း၊ တစ်ခုလပ်, မုဆိုးမ ဖြစ်စေရခြင်းရဲ့ သင်္ကေတတွေပါပဲ။

ဒါတွေကတော့ အိမ်ထောင်ရေး သောက ကြုံရတတ်တဲ့ သင်္ကေတ တချို့ပဲ ဖြစ်ပါတယ်။

*သင်္ဘောဇ သာယာချမ်းမြေ့ပါစေ*

**ဆရာဦးခင်မောင်လင်း-ရွှေဘို(B.Sc)**
(လက္ခဏာ မဟာဘုတ် သုတေသီ)



www.burmeseclassic.com

www.burmeseclassic.com

# သွေးတိုး အတွက်

နှင်းဆီနီ



သွေးတိုးရောဂါသည် လူကို
ကျော့ပေးနိုင်သလို သေသည့်အထိတောင်
ဖြစ်နိုင်ပါသည်။ တွေ့လည်း တွေ့ဖူးပါသည်။
သွေးတိုးကြောင့် စာရေးသူ၏
မိတ်ဆွေများများ သေဆုံးသွားတာကို
လည်း တွေ့ခဲ့ရ၍ သွေးတိုးကို ကြောက်ရွံ့
ခဲ့ပါသည်။ သူတို့သည် ''မူးတယ်၊ မူးတယ်''
ဆိုသာ ပြောနိုင်ပြီး ရုတ်တရက် သေဆုံးသွားရခြင်းပါ။ ဆရာဝန်တွေ၏ မှတ်ချက်အရ သွေးတိုးကြောင့် ရုတ်တရက် သေဆုံးသွားတာဟု မှတ်ချက်ပြုကြလေသည်။

သွေးတိုးသမားတို့သည် အုန်းနို့ခေါက်ဆွဲ၊ ဝက်သား၊ ဘဲသားတို့ကို အထူးရှောင်သင့်ပါသည်။

တစ်နေ့ သွေးတိုးရောဂါ ခံစားရနေသည့် မိတ်ဆွေတစ်ဦးနှင့် တွေ့သည်။ စာရေးသူက ''ဘယ်လိုလဲ သူငယ်ချင်း၊ သွေးတိုးရောဂါ ခံစားနေရတုန်းပဲလား''ဟု မေးလိုက်တော့ ထိုမိတ်ဆွေက...

'ဆေးနည်းကောင်းရထားလို့ သွေးတိုး မခံစားရတော့တာ တစ်နှစ်ကျော်သွားပြီကွ။ အခု အရမ်းကြိုက်တဲ့ အုန်းနို့ခေါက်ဆွဲကော၊ ဝက်သားဟင်းကော စားလို့ ရနေပြီဗျ'

'ဟာ...ဟုတ်လား ဝမ်းသာစရာပဲဗျာ။ ခင်ဗျားရဲ့ကိုယ်တွေ့ ဆေးနည်းကို ပြောပြပါဦးဗျာ။ တခြားလူတွေကိုလဲ ဝေငှပေးချင်လို့ပါ'

'ဟဲ...ဟဲ စာရေးဦးမှာ မဟုတ်လား၊ ရပါတယ်ဗျာ။ ကျွန်တော် သွေးမတိုးတော့သလို တခြား သွေးတိုးမိတ်ဆွေတွေကိုလဲ သိအောင် ပြောပြပေးပေါ့ဗျာ။ နောက် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာလဲ ရေးချင်ရေးပါ။ ဆေးနည်းက ခက်ခက်ခဲခဲကြီး မဟုတ်သလို အိမ်တိုင်းမှာ တစ်နှစ်ပတ်လုံး ပွင့်နေကြပြီး မိန်းကလေးတွေ ကြိုက်နှစ်သက်တဲ့ နှင်းဆီပန်းပဲဗျ'

'နှင်းဆီပန်းကို ဘယ်လိုလုပ်ရလဲဗျ'

'နှင်းဆီပန်း အနီအပွင့် လက်တစ်ဆုပ်ကို ရေနဲ့ သုံးခွက်တစ်ခွက်တင် ပြုတ်ပြီး ရေနွေးကြမ်းသောက်သလို သောက်ပေးပေါ့ဗျာ။ နှင်းဆီနဲ့သင်းသင်းလေးနဲ့ အရမ်းသောက်လို့ ကောင်းပါတယ်'

***ကောင်းကျိုးလိုရာ ပြည့်ပါစေ။***

**မောင်လုယဉ် (မော်လမြိုင်)**



www.burmeseclassic.com

www.burmeseclassic.com

မြန်မာ့နန်းတွင်း သမားတော်ကြီး ဦးပန္နဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေးခေါင်းဆောင် ဆရာစံ(သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်း သမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို သမားတော်ကြီး ဦးနွယ်၏မြေး၊ သမားတော် ဦးတင့်လွင်(ငြိမ်း/ပိုလိကြီး)၊ ဖနီးဒေါ်ကျင်သိန်းမိသားစု (သမားအို ဆေးတိုက်) မှ အကြောင်းပြု ပေါင်းစုလျက် သမားအိုအမှတ်တံဆိပ် မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

ကြော်ငြာဆောင်းပါး

ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပိုတဲ့

# သမားအိုဆေးတိုက်

မှထုတ်လုပ်သော အစာအိမ်ရောဂါသောက်ဆေး၊ ပါရမီရှင်ချောင်းဆိုးပျောက်ငုံဆေးပြား၊ ငှက်ဖျားရောဂါသောက်ဆေး၊ ယားနာရောဂါသောက်ဆေး၊ အဖြေကျော်လေဆေးလျက်ဆား



## ဦးစိန်အောင်၏

**သမားအို** အမှတ်တံဆိပ်

**ငှက်ဖျားရောဂါသောက်ဆေး**

၀၅၁၁ ၇၀၀၉၀၅၅

ဤဆေးသည် ငှက်ဖျားနှင့် အဖျားရောဂါ အမျိုးမျိုးကို ထိရောက်စွာ သက်သာ ပျောက်ကင်းစေပါသည်။

ချေးထွက်လျှင် အအေးပြန်မပတ်စေ... အဝတ်နှင့် သုတ်ပေးရပါမည်။ မည်သည့် အဖျားမဆို ဆေးသောက်ပြီးပါက အအေး... ခံခြင်း၊ ပင်ပန်းစွာလှုပ်ရှားခြင်းတို့ကို ရှောင်... ရှားသင့်ပါသည်။ ငှက်ဖျားနှင့် အအေး... နာစေခြင်းတို့ကြောင့် တစ်ကိုယ်လုံး နာကျင်... ကိုက်ခဲခြင်းများအတွက် သောက်သုံးနိုင်ပါသည်။

## ဒေါ်ခင်ခင်ထွေး၏

**သမားအို အမှတ်တံဆိပ် အစာအိမ်ရောဂါသောက်ဆေး ၀၅၁၁ ၇၀၀၉၀၅၄**

လူမှာအကျင့် ဝမ်းမှာအချင့် ဆိုသလို မသင့်သော အစားအစာများကို စားခြင်း၊ အချိန်မှန်မှန် မစားသောက်ခြင်း၊ အပူ၊အစပ်၊ အချဉ်၊အငန် စသည့် အရသာများကို တာရှည်စွာ စားသောက်ခြင်း၊ ကြေညက်ခဲသော အစာများကို တာရှည်စွာစားသောက်ခြင်း၊ အလွန်အိပ်ရေးပျက်ခံသော်လည်း အစားပုံမှန် မစားခြင်း စသည့် အကြောင်းများ တာရှည်ရာမှ ပါစကဝမ်းပျက်ပြီး အစာအိမ်ရောဂါအမျိုးမျိုး ဖြစ်ပေါ်လာပါသည်။

ဤဆေးသည် အစာမကြေ၊ လေထိုးလေအောင့်၊ ရင်ပြည့်ရင်ကယ်၊ ရင်ခေါင်းနှင့် နံကြားတို့၌ ထိုးအောင့်နာကျင်ခြင်း၊ အစာအိမ် အချဉ်ပေါက်ခြင်း၊ အစာအိမ်ရောင်ခြင်း၊ နာခြင်း၊ ပျို့အန်ခြင်း စသည့် အစာအိမ် လေနာအမျိုးမျိုးတို့ကို ထိရောက်စွာ သက်သာ ပျောက်ကင်းစေပါသည်။

## ဒေါ်နှင်းနှင်းကြည်၏

**သမားအို အမှတ်တံဆိပ် ယားနာသောက်ဆေး ၀၅၁၁ ၇၀၀၉၀၅၂**

ပိုးမွှားတိရစ္ဆာန်အချို့မှဖြစ်သော အဆိပ်သဖွယ် ယားယံမှုကြောင့်လည်းကောင်း၊ အပူ၊အစပ်၊အချို၊အဆိမ့် အရသာများ လွန်ကဲစွာ စားသောက်ပြီး ကိုယ်လက်လှုပ်ရှားမှုနည်းခြင်းကြောင့် လည်းကောင်း၊ ယခင်က ဝမ်းကိုက်၊သွေးပျက်၊ဝမ်းလျှော၊အသည်းရောင်နှင့် သည်းခြေနာ အမျိုးမျိုးဖြစ်ခဲ့ဖူးရာမှ သွေး၊သည်းခြေ ဖောက်ပြန်မှုကြောင့် လည်းကောင်း၊ တစ်ကိုယ်လုံး အနှံ့အပြားမှာ ဝဲကဲ့သို့ ရေကြည်ဖုကလေးများဖြစ်ခြင်း၊ ပွစိပွလောင်ယားယံပြီး အဖုအပိမ့်နှင့် အင်ပျဉ်များ ဖြစ်လာရပါသည်။ ဤဆေးသည် အထက်ပါ ယားယံခြင်း အမျိုးမျိုးတို့ကို ထိရောက်စွာ သက်သာပျောက်ကင်းစေသည့်အပြင် သွေးသား ညီညွတ်စေပါသည်။

## ဦးဆန်းဇော်၏

**သမားအို အမှတ်တံဆိပ် အဖြေကျော်လေဆေးလျက်ဆား ၀၅၁၁ ၇၀၀၉၀၅၃**

လူမှာအကျင့် ဝမ်းမှာအချင့်ဆိုသလို မသင့်သောအခါ မသင့်သော အစားအစာများစားမိ၍ အစာတောက်ခြင်း၊ အစာအဆိပ်သင့်ခြင်း၊ မူးဝေအော့အန်ဝမ်းကျခြင်း၊ ဝမ်းချုပ်ခြင်း၊ အထက်လှန် အောက်လျှော ဖြစ်ခြင်း စသည်တို့ဖြစ်ကာ အချိန်ကြာလာသော် ဝမ်းမီးနှံ့ရာမှ ဓာတ်လေးပါး ပျက်ပြီး အခြားခြားသောရောဂါများ နောက်ဆက်တွဲ ဖြစ်ပေါ်စေတတ်ပါသည်။ အထက်ပါ အစားမှား၊ အစာအဆိပ်ဖြစ်ခြင်း၊ အစာတောက်ခြင်း၊ အစာမကြေ ရင်ပြည့်ရင်ကယ် ဝမ်းရင်ထိုးအောင့်ခြင်း၊ အစာအိမ်အချဉ်ပေါက်ခြင်း၊ အစားမှား၍ သလိပ်ထခြင်း၊ အအေးမိ၍ ဖျားခြင်း၊ ရက်ခြားဖျားခြင်း၊ ချမ်းတစ်လှည့် ပူတစ်လှည့်ဖြစ်ခြင်း၊ ခြေဖဝါးလက်ဖဝါးပူခြင်း စသည့် ရောဂါများကို ထိရောက်စွာ သက်သာပျောက်ကင်းစေပါသည်။

## ဒေါ်အေးအေးမှု၏

**သမားအို အမှတ်တံဆိပ် ပါရမီရှင် ချောင်းဆိုးပျောက်ငုံဆေး ၀၅၁၂ ၇၀၀၉၆၉၆**

ဤဆေးသည် ရာသီအကူးပြောင်း၌ ဖြစ်တတ်သော ချောင်းဆိုးခြင်း၊ ချွဲကျပ်၊ ရင်ကျပ်၊ သလိပ်ကပ်၊ လည်ချောင်းနာ၊ လည်ချောင်းယား၊ အသံဝင်၊ အသံပျက်၊ အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ လည်ချောင်းနှင့် ရင်ဘတ်အတွင်း၌ သလိပ်များ ရှုရှုတက်ဖြစ်နေခြင်း၊ တရှီးရှီးမြည်နေခြင်းများကို ဆေးတစ်ပြားဆို ဆိုသလောက် သိသာလျှင်မြန်စွာ သက်သာ ပျောက်ကင်းစေပါသည်။ ပထမတစ်ကြိမ် ငုံနေစဉ်မှာပင် ချွဲသလိပ်များ ထွက်လာပြီး ရောဂါများ သက်သာလာကြောင်းကို လက်တွေ့သုံးဆောင်ခြင်းက သက်သေပြပါလိမ့်မည်။ ဤဆေးသည် အသံကို အထူးကြည်လင်စေသဖြင့် အဆိုတော်များ၊ စာပေသင်ကြားပို့ချနေသူများ၊ အသံဖြင့် အသက်မွေးဝမ်းကျောင်းနေသူများနှင့် လူတိုင်း အိမ်တိုင်း မရှိမဖြစ် ဆောင်ထားရမည့် ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

### သမားအိုဆေးတိုက်

အမှတ်(၄၇)၊ (၁၁၈)လမ်း မင်္ဂလာဈေးအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊

ရန်ကုန်။ ဖုန်း ၂၉၀၆၃၀ အမြို့မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com

# မိသလင်ကွင်းထိုး

စီးပွားတိုး

နတ်မောက် မင်းချစ်နော်



▲ ၈-၈-၈-၈ စမယုံပေါ်ကာ မိသလင်ပင်မှ သုံးဆင့် ထင်ရှားစွာ ကွင်းထိုးနေပုံ အနီးကပ်မြင်ကွင်း

"၃၁ - ၈ - ၂၀၁၂" သောကြာနေ့ နံနက် (၉)နာရီခန့်တွင် ဆရာဦးမင်းသန့်နိုင်မှ ကျွန်တော့်ထံ ဖုန်းဆက် သတင်းပေးပါသည်။

နတ်မောက်မြို့၊ မြို့မကွက် သစ်ရပ်ကွက်ရှိ ကိုကျော်စွာ ထက်၏ နေအိမ်တွင် (၈-၈-၈-၀) စမယုံ ပေါ်နေသည့် မိသလင်နွယ်ကွင်းထိုးသုံးဆင့် ပေါ်ပေါက်နေကြောင်း၊ သွား ရောက် လေ့လာ ဓာတ်ပုံမှတ် တမ်းတင်၍ စာရေးရန် သတင်းပေး ကုန်ကြမ်းပေးခြင်း ဖြစ်ပါသည်။

'သတင်းပေးရင် ထမင်း ကျွေးသလိုပါပဲ။ ကျေးဇူးတင် ပါတယ် ဆရာ မင်းသန့်နိုင်' ဟု ရင်ထဲမှ လှိုက်လှဲစွာဖြင့် စကား တုံ့ပြန်လိုက်ရပါသည်။

သားကို ဆိုင်ကယ်နှင့် ခေါင်းပို့ခိုင်းပြီး စုံစမ်းသွား ရာခဲ့ရာ ဆိုက်ဆိုက်မြိုက်မြိုက် ကိုကျော်စွာထက် နေအိမ်သို့ ရောက်ရှိခဲ့ပါသည်။

တကယ်ပင် မိသလင်ပင်မှ ၈-၈-၈-၀ စမယုံ ထင်ရှားစွာ (ကြည့်တတ်လျှင်) ပေါ်နေ သည်မှာ သုံးဆင့် ဖြစ်နေပါ သည်။ ပုံများတွင် ကြည့်ရှုပါ။

စာရေးသူကိုယ်တိုင် အနီး ကပ် ကိုင်တွယ်ကြည့်ရှုပြီး ဓာတ်ပုံမှတ်တမ်းတင် ယူခဲ့ပါ သည်။


ကိုကျော်စွာထက်ကို မေး ကြည့်ရာ...

'လွန်ခဲ့တဲ့ သုံးနှစ်လောက် က ကျွန်တော့်အမေမှာ



www.burmeseclassic.com

www.burmeseclassic.com



• မိသလင်ကွင်းထိုး တနိုင်ကာမြင်ကွင်း

သစ်ပင်ပေါ်ကလိမ့်ကျပြီးခါးမျက်ခဲ့တယ်။ ခါးက ခဏ, ခဏ ဒဏ်ပြန်ပေါ်ပြီး ကိုက်ခဲ နာကျင်ခဲ့တယ်ဆရာ။ ဒါနဲ့ သူငယ်ချင်း မောင်ငွေက ငါ့အိမ်မှာ မိသလင်ပင်တွေ ရှိတယ်။

မိသလင်ဥကို ထောင်းပြီး ခါးမျက်တဲ့ဒဏ်ရာပေါ် စည်းပေးရင် ဒဏ်ကျေတယ်, ပျောက်တယ် ဆိုတာနဲ့ မိသလင်ဥ လိုက်ပြီး တူးယူခဲ့တယ်။ အဲဒီဥထဲက အတက်ဖုလေး သုံးဖုကို မျိုးရအောင်ဆိုပြီး စိုက်ပျိုးခဲ့တာပါ။ အဲဒါ အခုလို ဖြစ်ထွန်းခဲ့တာပါဆရာ။

အခု ဝါတွင်းကာလမှာ ကျွန်တော် အသားစားရှောင်တယ်။ ပုတီးစိပ်ပွားတယ်။ အခု တစ်ပတ်, နှစ်ပတ်အတွင်းမှာ ကျွန်တော် ငွေတွေ အလုံးအခဲ လိုက်ဝင်တယ်ဆရာ။ ပုတီးတန်ခိုးတွေပဲလို့ပဲ ယုံကြည်ပါတယ်။

မတရားတဲ့နည်းနဲ့ ဝင်တာ မဟုတ်ပါဘူးဆရာ။ တရားသဖြင့် နည်းလမ်းမှန်ကန်စွာဝင်တဲ့ ငွေကြေးတွေပါ။

အခု တစ်ပတ်အတွင်းမှာပဲ ကျွန်တော် ဆိုင်ကယ်အသစ်တစ်စီး ဝယ်နိုင်ခဲ့တယ်။ လက်ကိုင်ဖုန်းဝယ်ဖို့ လုပ်နေပါတယ်။

မေမေကလဲ...

'သား လုပ်ငန်း တွင်ကျယ်လာတယ်။ ဝင်ငွေ ကောင်းလာတယ်နော်'

လို့ပြောပါတယ်။ သုံး,လေးရက်ကမှ မေမေ စ,မြင်တွေ့တာပါ။

'ဟယ်... သားကြီး မင်းစိုက်ထားတဲ့ မိသလင်ပင်က သုံးဆင့် နှယ်ကွင်းထိုးလို့ဟဲ့။ ကြည့်တတ်ရင် စခဗဝ စပယ် ပေါ်နေတယ်။ ဒါကြောင့် ဝင်ငွေတိုး၊ စီးပွား သိသိသာသာ တိုးလာတာ။

သား ထပ်ဝယ်ချင်တဲ့ ဆိုင်ကယ်အသစ်တစ်စီးလဲ ဝယ်ဖြစ်ပြီ ဟန်းဖုန်းလဲ ရှေ့လဆို ရမယ်တဲ့။ အဆင်ပြေလိုက်တာ သားကြီးရယ်'

ဆိုပြီး တအံ့တသြ ပြတာပဲ။

အဲဒါ ဟိုတစ်နေ့က ဆရာမင်းသန့်နိုင်လဲ လာကြည့်သွားသေးတယ်ခင်ဗျ။ စီးပွားလာဘ်လာဘ တိုးတော့မယ်ဆိုတာ ဒီ မိသလင်ကွင်းထိုးက ရက္ခဆန်းကြယ်စွာ နိမိတ်ပြတယ်လို့ ယူဆပါတယ်ဆရာ'

'ခုလို အရှိတရား ပကတိတရားအတိုင်း ပြောပြပေးတာ ကျေးဇူးတင်ပါတယ် ကိုကျော်စွာထက်'


ထို့နောက် မိသလင်ကွင်းထိုးကို ဓာတ်ပုံမှတ်တမ်းရိုက်ယူပြီး ယခုကဲ့သို့ ရေးသား တင်ပြလိုက်ရပါသည်။

**နတ်မောက် မင်းမျိုးနော်**



www.burmeseclassic.com

www.burmeseclassic.com



ဖိုးသိကျား

# သွပ်လမ်း

ပြီးခဲ့သော နွေရာသီကာလ၏ နေ့တစ်နေ့တွင် ဖြစ်ပါသည်။ ကျွန်ုပ်သည် အိမ်ရှေ့ ဧည့်ခန်း၌ ပက်လက်ကုလားထိုင် တစ်လုံးပေါ်တွင်ထိုင်ကာ ဆန်းဒေးဗင် ပညာစာအုပ်ကို လေ့လာ ဖတ်ရှုနေခိုက်၊ အိမ်ရှေ့ လမ်းပေါ်၌ ဆိုင်ကယ်တစ်စီး ရပ်လိုက်သည့်အသံကို ကြားရသဖြင့် ဖတ်လက်စ စာအုပ်ကို ကျွန်ုပ်၏ဘေးနားရှိ ထိုင်ခုံပုကလေးတစ်ခုအပေါ်တင်လိုက်ကာ အိမ်အဝင် ခြံတံခါးဝဆီသို့ လှမ်းကြည့်လိုက်ပါသည်။

**ကျွန်ုပ်မှ...**

'ဟ ကိုမြင့်ပါလား ဘယ်ကနေဘယ်လို မလာစဖူး အလာထူးပါလား'

ဟု ခရီးဦးကြိုစကားဖြင့် နှုတ်ဆက်လိုက်ပါသည်။

ကိုမြင့်ဆိုသူမှာ ယခင်က ကျွန်ုပ်တို့နှင့် တစ်ရပ်ကွက်တည်း နေသူဖြစ်ပြီး၊ သူ၏ဖခင်နှင့် ကျွန်ုပ်၏ မိတ်ဆွေဆရာတို့မှာ အင်္ဂရုတ် ထိုးဖော်ထိုးဖက် ဖြစ်ခဲ့ပါသည်။ သူ၏ဖခင်မှာလည်း ကွယ်လွန်ပြီး ဖြစ်ပါသည်။

ကိုမြင့်မှ...

'လာရမယ်လေ ကိုယ်က မသိတဲ့ အကြောင်းအရာတစ်ခုကို သိများ သိသလားဆိုတဲ့ အတွေးနဲ့ပေါ့ကွာ'

'ဘာကိစ္စတုံး ကျွန်တော်က ဘာကို သိပေးရမှာတုံး'

ဟု ပြန်ပြောရာ ယင်း၏ အကျႌအိတ်ထဲမှ အရုပ်ကလေး တစ်ရုပ်အား ထုတ်ပြသည်။ ယင်းကပင်...

'ဟောဒီအရုပ်ကလေးဗျာ ငါတို့အဖေ ရှိတုန်းက စီရင်ခဲ့တာလား၊ ဝက်ဆောင်ရတာလား မသိပါဘူး။ ဘုရားစင် သန့်ရှင်းရေးလုပ်ရင်း တွေ့လို့ ဒါ မင်းများ သိမလားလို့ပါ။ မင်းက ငါ့အဖေရဲ့ မိတ်ဆွေ (ကျွန်ုပ်၏ မိတ်ဆွေဆရာ) ဆရာနဲ့ ကျွမ်းကျွမ်းဝင်ဝင် ရှိတော့ လာမေးကြည့်တာ'

'ဒီအရုပ်ကိုတော့ သိပါတယ်။ မာတင် အရုပ်ကလေးပါ။ အစီအရင် အတိအကျနဲ့ စီရင်ထားရင်တော့ စီးပွားရှာတဲ့နေရာမှာ အကျိုးပြုပါတယ်။ သူတောင်းစားရဲ့ ထမ်းပိုးအကျိုးနဲ့ စီရင်ရတယ်လို့ ကြားဖူး ဖတ်ဖူးပါတယ်။ အဲဒီ ထမ်းပိုးအကျိုး ရဖို့ကလဲ မလွယ်ဘူးဆိုတယ်။ ငွေကြေးပေးပြီး ဝယ်ရင် သိဒ္ဓိမမြောက်ဘူးလို့ ဆိုတယ်။ လူကို "ခိုက်"စေတဲ့ အဆောင်တော့ မဟုတ်ပါဘူး။

သူနဲ့ သက်ဆိုင်တဲ့ ဂါထာတွေနဲ့ သိဒ္ဓိပြန်တင်ချင်တယ်ဆိုရင် ကျွန်တော့်ဆီမှာ မာတင်ဂါထာ ရှိတယ်။ လိုချင်ရင် ကူးယူသွားပေါ့'

ဟု ပြောလိုက်ပါသည်။

ကိုမြင့်မှ...

"ခိုက်"တဲ့အဆောင် မဟုတ်ရင် တော်ပါပြီကွာ။ သိဒ္ဓိတွေ ထပ်တင်တဲ့ ကိစ္စက နောက်မှ နောက်မှ'

ဟု ရယ်ကျဲကျဲ ပြောပါသည်။

ကျွန်ုပ်မှ...

'စိတ်ချပါဗျာ "ခိုက်"တဲ့ အဆောင်ဆိုရင် ကိုမြင့်တို့အဖေက သေသေချာချာ ရွေးချထားပြီး ဘုရားစင်ပေါ်မှာ တင်ထားမလားဗျာ စဉ်းစဉ်းစားစားလေးလဲ တွေးပါဦး။ ဪ... ဒါနဲ့ ကိုမြင့်တို့အဖေ ရှိတုန်းက လက်ရေးမူနဲ့ ရေးထားတဲ့ အင်္ဂရုတ်နည်းကလေးများ မရှိဘူးလားဗျာ ဗဟုသုတ လေ့လာချင်လို့ပါ'

ကိုမြင့်မှ...

'ရှိမယ်, မရှိမယ် ဆိုတာကိုတော့ ငါလဲ အတိအကျ မသိတော့ မင်းကို အာမ မခံရဲဘူး။ ဘာလဲဆိုတော့ ငါလဲ အဲဒါကို စိတ်မဝင်စားခဲ့ဘူး။ ဒါပေမဲ့ ငါရှာကြည့်မယ် တွေ့ရင် ရမှာပါ'

 (စာမျက်နှာ (၁၂၆) သို့)

www.burmeseclassic.com

www.burmeseclassic.com

လူတိုင်းအတွက် တရုတ်ရိုးရာ

# အိပ်မက်ရှင်းတမ်း (၆၄)

ထက်မင်းကျော်စွာ

## ဖိနပ်

သာမန်ပေါ့ပါး လွယ်ကူစွာ ဝတ်ဆင်စီးနင်းနိုင်သော ခြေညှပ်ဖိနပ်၊ ရှေ့ထိုးဖိနပ်ကို ဆိုလိုသည်။ ဘွတ်ဖိနပ်၊ ရှူးဖိနပ်၊ ကင်းဘတ်ဖိနပ်တို့ကဲ့သို့ ရာသီဥတုဒဏ်ခံ ပွဲနေပွဲထိုင် အားကစား လုပ်ရှားမှုများတွင် စီးနင်းသော ဖိနပ်မျိုး မဟုတ်ပါ။ ခုံဖိနပ် အပါအဝင် နေ့စဉ်သုံးစွဲနေကျ ဖိနပ် ဖြစ်သည်။

✤ **ခင်ပွန်းဖြစ်သူက ဖိနပ်ကို မြင်မက်လျှင်...**

ဘေးဒုက္ခ ကျရောက်မည့်နိမိတ် ဖြစ်သည်။

✤ **ဇနီးဖြစ်သူက မြင်မက်လျှင်...**

လင်ယောကျ်ား၏ စွန့်ပယ်ခြင်း ခံရတတ်သည်။

✤ **လူပျိုက မြင်မက်လျှင်...**

ဆန်းစစ်လေ့လာ သုတေသနပြုခြင်းတို့မှ အဖြေရမည်။ အတွေ့အကြုံ ဗဟုသုတ တိုးပွားမည်။ ဘဝသုခ ပြည့်စုံနိုင်သော နိမိတ်ကောင်း ဖြစ်သည်။

✤ **အပျိုက မြင်မက်လျှင်...**

ပညာဂုဏ်၊ ဓနဂုဏ် ပြည့်စုံသူနှင့် လက်ဆက်ရမည်။

✤ ငွေဖိနပ်ကို မြင်မက်ခြင်းသည် အမည်ကောင်းသတင်း ကျော်ကြား ထင်ရှားမည်။

✤ **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

နေထိုင်မှု အဆင့်အတန်း တိုးမြင့်လာမည်။

✤ **ဇနီးဖြစ်သူက မြင်မက်လျှင်...**

အိမ်ထောင်သုံး ပရိဘောဂပစ္စည်း ဝင်ကိန်းရှိသည်။

✤ **လူပျိုက မြင်မက်လျှင်...**

လိမ္မာရေးခြားရှိသူ မိန်းမပျိုနှင့် ဖူးစာဆုံမည်။

✤ **အပျိုက မြင်မက်လျှင်...**

ဓနဂုဏ် ပြည့်စုံသူက လာရောက်စပ်ဟပ်မည်။

✤ **ကုန်သည်က မြင်မက်လျှင်...**

အရောင်းအဝယ် သွက်လက်မည်။





✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**

သီးနှံ အထွက်တိုးမည်။

✤ **ခရီးသွားစဉ် မြင်မက်ပါက...**

ဘေးကင်း၍ ခရီးစဉ် ချောမွေ့မည်။

✤ **နာမကျန်း ဖြစ်နေစဉ် မြင်မက်လျှင်...**

ရောဂါဝေဒနာ မကြာမီ ပျောက်ကင်းမည်။

✦ ရွှေဖိနပ်ကို မြင်မက်ခြင်းကား ထိခိုက်နစ်နာမည့်နိမိတ် ဖြစ်သည်။

*(ဤတွင် ငွေဖိနပ်၊ ရွှေဖိနပ် ဟူသည်မှာ ငွေရောင်၊ ရွှေရောင် အလှအဆင် တန်ဆာဆင်ထားသော ဖိနပ်ကို ဆိုလိုပါသည်။)*

✤ **အိမ်ရှင်မက ရွှေဖိနပ်ကို မြင်မက်ပါက...**

အိမ်မှ မိသားစုဝင်တစ်ဦး ဖျားနာမည်။ အိမ်သို့ လူနာရောက်လာတတ်သည်။

✤ **ခင်ပွန်းက မြင်မက်လျှင်...**

လုပ်ငန်းများ ဆုံးရှုံးနစ်နာမည်။

✤ **လူပျိုက မြင်မက်လျှင်...**

အရှက်တကွဲ အကျိုးနည်းရတတ်သည်။

✤ **အပျိုက မြင်မက်လျှင်...**

ရောဂါသည်ခင်ပွန်းနှင့် ဖူးစာဆုံတတ်သည်။

✤ **ကုန်သည်က မြင်မက်လျှင် ...**

ကုန်ပစ္စည်း ပျက်စီး၍ ငွေကြေး အရှုံးများမည်။

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**

အပင်ရောဂါ သီးနှံဖျက် ပိုးမွှားများမည်။

✤ **ခရီးသွားစဉ် မြင်မက်ပါက...**

အချည်းအနှီး လက်ဗလာဖြင့် ပြန်

www.burmeseclassic.com

www.burmeseclassic.com

ရမည်။ (တရုတ်ဘာသာဖြင့် ပိုင်ဟွေး(BáiHūi) အဖြူရောင်ပြန် လာခြင်းဟု သုံးနှုန်းသည်။)

✤ **ရွှေ့နေက မြင်မက်လျှင်...**

အမှု ရှုံးနိုင်သည်။

✤ **ကိုယ်ဝန်ဆောင်မိခင်က မက်လျှင်...**

ဆေးအတွက် လေးမည်။ ဂရုစိုက် မှန်ကဲသဖြင့် ဆိုးကျိုးများ ဖြစ်ပေါ် လာတတ်သည်။

✤ **ပစ္စည်းပျောက်စဉ် မြင်မက်ပါက...**

ပြန်ရဖွယ် လမ်းမမြင်တော့ပါ။

✤ **ကျောင်းသူ ကျောင်းသားက မြင်မက်လျှင်...**

မမျှော်လင့်ဘဲ စာမေးပွဲ ကျတတ်သည်။

✤ **ပရိသတ်ကို အားပြုရသူ အနုပညာရှင်က မြင်မက်လျှင်...**

အောင်မြင်အသိအမှတ်ပြု ခံရခြင်း ကို လျှော့ကျပျောက်ဆုံးမည်။

✤ **နာတာရှည် ဝေဒနာရှင်က မြင်မက်လျှင်...**

ဤတောင်က ကျော်နိုင်မည် မဟုတ်

✤ စုတ်ပြဲနေသော ဖိနပ်ကို မြင်မက်ခြင်းသည် အပြောင်းအရွှေ့နိမိတ် ဖြစ်သည်။

✤ **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

အလုပ် ပြောင်းရွှေ့လုပ်ကိုင်ရမည်။

✤ **အိမ်ရှင်မက မြင်မက်လျှင်...**

နေအိမ် ရွှေ့ပြောင်းရတတ်သည်။

✤ **လူပျိုက မြင်မက်လျှင်...**

ခံထုံးနောက် သျှောင်ပါ ယောကျ်ားမ တက်နေရမည်။

✤ **အပျိုက မြင်မက်လျှင်...**

ဂုဏ်သရေရှိ အသိုင်းအဝိုင်းသို့ ရောက်ရှိမည်။

✤ **ကုန်သည်က မြင်မက်လျှင်...**

လုပ်ငန်း၊ ဈေးကွက် အပြောင်းအလဲ ကြုံတွေ့မည်။

✤ **တောင်သူလယ်သမားက မြင်မက်ပါက...**

သီးနှံအမျိုးအစား ပြောင်းလဲစိုက်ပျိုးရမည်။

✤ **နာမကျန်းဖြစ်သူက မြင်မက်လျှင်...**

တစ်နေရာရာသို့ အပန်းဖြေ စိတ်ပြေလက်ပျောက် ခရီးထွက်ခြင်းဖြင့် ရောဂါ သက်သာနိုင်သည်။

✤ **ပစ္စည်းပျောက်စဉ် မြင်မက်ပါက...**

အထားမှားခြင်းဖြစ်သည်။ မထင်မှတ်သော နေရာတွင် ရှာဖွေပါက ထူးခြားနိုင်သည်။

✤ **အကျပ်အတည်း ကြုံနေသူက မြင်မက်လျှင်...**

ထွက်ပေါက်ထွက်လမ်း တွေ့တတ်သည်။

✤ **ခရီးသွားသူက မြင်မက်လျှင်...**

မူလ ဦးတည်ချက် ပြောင်းလဲသွားမည်။ သို့မဟုတ် ခရီးစဉ် ရွှေ့ဆိုင်း ပြောင်းလဲရလိမ့်မည်။

✤ ဖိနပ်ပြတ်ကျသည်။ ကျန်ရစ်သည်။ အခိုးခံရသည် စသည် မက်ပါက ကြမ္မာဆိုးကျ ရောက်မည့်နိမိတ် ဖြစ်သည်။

✤ **သူတစ်ပါးက ဖိနပ်ခိုးခံရသည်ဟု မြင်မက်လျှင်...**

မိမိ၏ မိတ်ဆွေရင်းချာ ရန်ဘေးဒုက္ခ



ကျရောက်နေလိမ့်မည်။

✤ **ကုန်သည်က ဖိနပ်ခိုးခံရသည်ဟု မက်ပါက...**

စီးပွားရေးကျဆင်း၍ ထိုင်းမှိုင်းနေမည်။

✤ **အိမ်ထောင်ဦးစီးက ဖိနပ်ခိုးခံရသည်ဟု မြင်မက်လျှင် မိသားစု ဘေးဒုက္ခ ကြုံတတ်သည်။**

***(ဖိနပ်ခိုးခံရခြင်းသည် ဆိုရာ၌ မေ့ကျန်ခြင်း၊ ပြုတ်ကျခြင်း၊ ပျက်စီးခြင်းများ အကျုံးဝင်ပါသည်။)***

✪ ဖိနပ်ပျောက်သွားသည် (အကြောင်းရင်းကို မသိရလျှင်)ဟု မြင်မက်လျှင် ရန်သူ၊ မနာလိုသူများ တိုက်ခိုက်မှုကြောင့် ဆုံးရှုံးနစ်နာမည်။

✤ **ကုန်သည်က မြင်မက်လျှင်...**

စီးပွားပြိုင်ဘက်ကြောင့် နစ်နာမည်။

✤ **အိမ်ရှင်မက မြင်မက်လျှင်...**

မနာလိုသူကြောင့် လူမှုရေး ထိခိုက်မည်။

✤ **အပျိုက မြင်မက်လျှင်...**

မျက်နှာများသော ချစ်သူနှင့် ဆုံစည်းတတ်သည်။

✤ **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

ဂုဏ်တုဂုဏ်ပြိုင် ကိစ္စကြောင့် ငွေကုန် အချိန်ကုန်မည်။

✤ **လူပျိုက မြင်မက်လျှင်...**

ကြိုးရှည်ရှည်ဖြင့် လှန်ထားခြင်း ခံရမည်။ ***(ဆန့်ကျင်ဘက် မိန်းမပျို၏ လှည့်စားမှု ခံရတတ်သည်။)***

❒ ဖိနပ်အသစ် ဝတ်ရသည်ဟု မက်လျှင် ကံကောင်းခြင်းနိမိတ် ဖြစ်သည်။

✤ **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

သတင်းကောင်း ကြားရမည်။



www.burmeseclassic.com

www.burmeseclassic.com

✤ **ဖနီးမယားက မြင်မက်လျှင်...**

ဖနီးမောင်နှံ ချစ်ချစ်ခင်ခင်ဖြင့် အိမ်ထောင်ရေးသုခ ပြည့်စုံမည်။ လင်စုံမယားဖက် အပျော်ခရီး ထွက်ရတတ်သည်။

✤ **လူပျိုက မြင်မက်လျှင်...**

မကြာမီ ချစ်သူထံမှ ကြင်နာယုယမှု ရရှိမည်။

✤ **အပျိုက မြင်မက်လျှင်...**

မျှော်လင့်မထားသော ဖူးစာရှင်နှင့် တွေ့နိုင်သည်။

✱ ဖိနပ်ဟောင်း ဝတ်ရသည်ဟု မြင်မက်လျှင် အတိတ်က ဒါးသီးမှုများ အသစ်တစ်ဖန် ပေါ်ပေါက်လာတတ်သည်။

✤ **ကုန်သည်က မြင်မက်လျှင်...**

ရင်းနှီးမြှုပ်နှံထားမှုများ ဆုံးရှုံးမည်။

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**

ရာသီဥတုနှင့် အဖျက်ပိုးများကြောင့် သီးနှံဆုံးရှုံးမည်။

✇ ဖိနပ်ဝယ်ရသည်ဟု မြင်မက်လျှင် အတွေ့အကြုံအသစ်ရမည့်နိမိတ် ဖြစ်သည်။

✤ **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

မကြာမီ အိမ်အသစ် ဆောက်ရမည်။

✤ **အိမ်ရှင်မက မြင်မက်လျှင်...**

အိမ်ခန်းအသစ် ရတတ်သည်။

✤ **အပျို၊ လူပျိုက မြင်မက်လျှင်...**

ရုတ်တရက် ချက်ချင်း ခရီးထွက်ရဖွယ်ရှိသည်။

✤ **ကုန်သည်က မြင်မက်လျှင်...**

စီးပွားအရောင်းအဝယ် ဖွံ့ဖြိုးသွက်လက်မည်။

✤ **ဖိနပ်ချုပ်သမားက မြင်မက်လျှင်...**

ဘဝအနာဂတ်အတွက် ထိခိုက်နစ်နာမည်။ ***(ဖိနပ်ရောင်းဝယ်သူ၊ ဖိနပ်လုပ်ငန်း လုပ်ကိုင်သူ၊ ဖိနပ် သစ်ဟောင်း ချုပ်ပြင်သူအားလုံး အကျုံးဝင်သည်။)***

❁ တစ်စုံတစ်ယောက်အား ဖိနပ်ဖြင့် ရိုက်ရသည်ဟု မြင်မက်လျှင် အဆင့်အတန်း တိုးတက်မည့်နိမိတ် ဖြစ်သည်။

✤ **ခင်ပွန်းဖြစ်သူက မြင်မက်လျှင်...**

ရာထူးအလုပ်အကိုင် တိုးတက် မြင့်မားမည်။

✤ **ဖနီးက မြင်မက်လျှင်...**

လူချစ်လူခင် ပေါများ၍ ကူဖော်လောင်ဖက် အခြွေအရံရမည်။

✤ **လူပျိုက မြင်မက်လျှင်...**

လုပ်ငန်းအတည်တကျ ရှိမည်။

✤ **အပျိုက မြင်မက်လျှင်...**

မျက်နှာ ပွင့်လန်းမည်။

✦ သူတစ်ပါးကို ဖိနပ်လက်ဆောင် ပေး သည်ဟု မြင်မက်လျှင် သုမင်္ဂလ သာသ ကိစ္စ ပေါ်ပေါက်မည်။

✧ **ရှူးဖိနပ်အသစ် ဝတ်ဆင်ရသည် ဟု မြင်မက်လျှင်ကား...**

ကြံတိုင်းအောင် ဆောင်တိုင်း မြောက်၍ အရာရာ ကိစ္စအဝဝ၌ သူ ပြည့်စုံမည့်နိမိတ် ဖြစ်လေသည်။

**ထက်မင်းကျော်စွာ**

စာမျက်နှာ (၁၂၃)မှ အဆက်

ဟု ပြောကာ အခြား တွေရာလေးပါးကိစ္စများ ပြောကြပြီး ပြန်သွားပါသည်။

ယင်း ပြန်သွားပြီး တစ်ပတ်ခန့်အကြာတွင် သူတို့နေထိုင်ရာ ရပ်ကွက်သို့ ကိစ္စတစ်ခုဖြင့် ကျွန်ုပ်သွားရောက်စဉ် သူ့အိမ်ရှေ့ ဖြတ်အသွား ကျွန်ုပ်အားခေါ်ကာ စာအုပ်ငယ်လေးတစ်အုပ်အား ပေးခဲ့ပါသည်။

ယခု ကျွန်ုပ်ရေးသားတင်ပြမည့် ''သွပ်လမ်း''သည် သူ၏ ဖခင် လက်ရေးဖြင့် ရေးသားထားသော စာအုပ်ငယ်မှနည်း ဖြစ်ပါသည်။

| | | |
|---|---|---|
| ✱ **သွပ်** | = | (၇)ကျပ် (၂)မတ်သား။ |
| **ရွှေဝါမိုးမျှော်** | = | (၇)ကျပ်သား။ |
| **ဆီမီးတောက်ဥ** | = | (၇)ကျပ်သား။ |
| **ဂျင်း (ချင်း)** | = | (၇)ကျပ်သား။ |

ယင်းတို့ကို အညက်ကြိတ် မြေအိုးငယ်တစ်လုံးတွင်ထည့်၍ ရှောက်ရည်၊ သံပရာရည်နှင့် (၁၄)ရက်စိမ်၊ ရက်စေ့လျှင် ယင်းအိုးကို ဖော်မံ၍ ဖွဲ(၇)တင်းနှင့်ဖုတ်။

အေးမှယူ၊ ယင်းမှရသောသွပ်ကို တစ်ဖန် **အထက်ဆေး သုံးပါး (၂)ကျပ် (၂)မတ်သားစီ၊ ကြီကမျက် (၃)ပါး** = (၁)ကျပ်သားစီကို ရောကြိတ်ပြီး (သုံး) လုံးဖိတ်ထိုး သွပ်ဆေး ၏။

ယင်းသွပ်သေ(၁)မတ်သား၊ ရွှေ(၁ပဲသားရော၊ ဆေး = (၇)ကျပ်သားမှာပစ် အပြီးတိုင်၏...

ဟူ၍ ရေးသားထားပါသည်။

**မှတ်ချက်။ ။ သွပ် (၇)ကျပ်(၂)မတ်သားကို တံစဉ်း ချရမည်ဟု ကျွန်ုပ်ထင်ပါသည်။**

***ရှင်လန်းချမ်းမြေ့ကြပါစေ။***

**ဦးသိဏ်း**



www.burmeseclassic.com

www.burmeseclassic.com

သာဂဒွံ
(ဘသာမြေ)

# ကျိုးပေါင်းရောဂါဖြစ်သူတို့

ကာကွယ် သက်သာပျောက်ကင်းစေသော စိန့်ပင်နှင့် တောင်နုလင် (တောင်စီးမခမ်း)



▲ စိန့်ပင် အပင်ငယ်

▼ တောင်နုလင်ပင် အပင်ငယ်



လူ အများစုသည် ...ခုအချိန်တွင် ကျိုး ...ပေါင်းရောဂါ အဖြစ်များ ...ကျ် ရှိသည်။ ကျိုး ...ပေါင်းရောဂါ ကာကွယ် ...ဆေးပင်များကို ရှာ ...ရာ စိန့်ပင်နှင့် တောင် ...လင် (တောင်စီးမခမ်း) ...ဆေးပင်တို့ကို တွေ့ရ ...သည်။

ရောနှောပြီး သောက် ...ရသည်။ ဆတူပြုတ် ...၍ သောက်ခြင်းဖြင့် ကျိုး ...ပေါင်း ရောဂါများကို ...သက်သာ ပျောက်ကင်း ...သည်။ အလွန်ခါး ...သော အရသာရှိပြီး ...ကျင်ကိုက်ခဲခြင်းများ ...အမြန်ဆုံး သက်သာ ...ပြီး ပျောက်ကင်းစေ ...သည်။

ကျိုးပေါင်း ရောဂါ ...သည် အစကနဦးတွင် ...တို့အတွက် ရောဂါ ... မထင်ရလောက် ...လည်း ကြာရှည် ...သည်နှင့် အမျှ ...နာ ဆိုးဝါးလာ ...မှ အခက်အခဲ ...ကြရသည်။

ကျိုးပေါင်း၏ တွယ် ... ကြီးထွားမှုကြောင့် နာကျင်စွာ ...ကြရသည်။ လူ၏အကြောများ ...ရာမှ ခနေးကွေး သွားသည်နှင့်အမျှ ...ကို သဘာဝအကြောတို့ ထိခိုက်မှုကြောင့် နာကျင် ကိုက်ခဲသောဝေဒနာကို ခံစားကြရသည်။

ကျွန်တော်၏ အမျိုးသမီးလည်း ကျိုးပေါင်းဝေဒနာကို ခံစားနေရသည်။ ဤဆေးကို သောက်ကြည့်တော့မှ လက်တွေ့ကောင်းကြောင်း သိသွားသဖြင့် အမြဲပင် ပြုတ်၍ သောက်နေသည်။

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊ ၁၂၇

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်၏ အမျိုးသမီးမှာ လည်ကုပ်ပိုးတွင် ကျီးပေါင်းတက်ခြင်း ဖြစ်သည်။ အများအားဖြင့် လည်ကုပ်၊ တံတောင်ဆစ်၊ ဒူးဆစ်၊ လက်ဆစ်၊ ကျောရိုး၊ တင်ပါးခွက်တို့တွင် အဖြစ်များသည်။

တင်ပါးခွက်တွင်ဖြစ်နေသော ကျီးပေါင်း ဝေဒနာရှင်တစ်ယောက်ကို သောက်သုံးကြည့်ခိုင်းရာ သက်သာပျောက်ကင်းသွားသည်။ ထိုသူသည် ထိုင်နေလျှင် ဘာမျှမဖြစ်၊ ထပြီးလှုပ်ရှားလိုက်တိုင်း ခြေထောက်များ နာကျင်သည်ဟု အစကနဦး ပြောပြသည်။ ကြာလာတော့ ထတိုင်း,ထိုင်တိုင်း နာကျင်တော့သည်။

အစက အနှိပ်သည်များနှင့် နှိပ်ခဲ့သည်။ လုံးဝမပျောက်ဘဲ ဖြစ်နေခဲ့သည်။ ဤဆေးကို သောက်ကြည့်ခိုင်းမှ သက်သာခဲ့သည်ဟု ပြောပြပြီး အမြဲတမ်း မှာယူထားတော့သည်။

စိန်ပင်၏ အသား၊ အမြစ်ကို သွေးပြီး လိမ်းလျှင် မန်းထပြီး အရည်ထွက်နေသော အနာများ၊ ဖက်ခွက်နာများ၊ အသားစားအနာများကိုလည်း ပျောက်ကင်းစေသည်ဟု ဆိုပါသည်။

ဤဆေးကို ဖော်ပြပေးသော ကသာမြို့နယ်၊ ပင်းမလွတ်ကျေးရွာမှာ နေထိုင်သော ဦးပေါစံနှင့် သစ်တောစိုက်ခင်းမှာ နေထိုင်သော ဦးသိန်းဝင်းက ပြောပြသဖြင့် စိန်ပင်သည် အလွန်ခါးပြီး မန်းနိုင်ဆေးပင် ဖြစ်သည်ဟု သိရသည်။

တောင်နလင်ဆေးပင် (တောင်စီးမခမ်း)ကို ပြုတ်သောက်သူတို့၏ ကောင်းကျိုးမှာ လေးဖက်နာဖြစ်နေပါက အလွန်တည့်သော ဆေးပင် ဖြစ်သည်။ ညောင်းညာကိုက်ခဲခြင်းကိုလည်း သက်သာစေသည်။

ဆေးရွက်ကို ထုထောင်းပြီး ငုံ့လျှ... သွားဖုံးစားနာများ၊ ခံတွင်းအနာများ... ပျောက်ကင်းစေသည်ဟု **ကသာမြို့... ရပ်ကွက်(၃)မှ ဆရာဦးဉာဏ်လွင်... ကလည်း ပြောပြသဖြင့်** တောင်နလ... ဆေးပင်အစွမ်းကို သိရှိရသေးသည်...

ဆေးပင်များ၏ တစ်ပင်ချင်း... အာနိသင်ကို ဖော်ပြခြင်းဖြစ်ပြီး... စုပေါင်းပြီး ဆတူ ရောသောက်ပါက... ကျီးပေါင်းရောဂါအတွက် အကောင်း... ဆေးတစ်ဖုံ ဖြစ်သွားပါသည်။

ပြုတ်၍ သောက်ပါက လွယ်ကူ... ပြီး အမှုန့်ပြုလုပ်၍ ကြာရှည်ခံထား... လျှင်လည်း ဆေးများကို အခြောက်... ပြီး ထောင်းထုကြိတ်ပြီး သိမ်းထားနိုင်... သည်။

**သာဂဒူး (ကသာမြေ)**

# ကြွက်နို့ နှင့် ငါးမျက်စိ ဆေးနည်း



"ကြွက်နို့" နှင့် "ငါးမျက်စိ" တို့သည် လူ၏ ခန္ဓာကိုယ်ပေါ်တွင် ပေါက်တတ်သော ဘေးထွက်ဆိုးကျိုး ရောဂါတစ်မျိုး ဖြစ်ပါသည်။ **မကွေးမြို့မှ တိုင်းရင်းဆေးသမားတော် ဆရာဦးစိန်ဟန်**မှ ကုသနည်း ပြောပြသဖြင့် ရေးသား တင်ပြအပ်ပါသည်။

ဖီးကြမ်းငှက်ပျောသီးမှည့်မှည့် အခွံအမြှေးပါးပါသောဘက်မှ ကြွက်နို့ပေါ် အုပ်ကပ်ပြီး စည်းပေးထားပါ။ တစ်နေ့နှစ်ခါ,သုံးခါ အသစ်လဲပေးပါ။ သုံး,လေးရက် စည်းပေးပြီးလျှင် လက်နှင့် အသာ ဖိတွန်းချလိုက်ပါ။ အမြစ်ပါ ကျွတ်ထွက်သွားပါမည်။

ထို့အတူ "ငါးမျက်စိ" အနာပေါ်သို့လည်း အထက်ပါအတိုင်း ဖီးကြမ်းငှက်ပျောခွံနှင့် ကပ်စည်းပေးထားပါ။ တစ်ပတ်, ဆယ်ရက်စည်းပေးလျှင် ငါးမျက်စိ ကျွတ်ထွက်သွားပြီး ပျောက်ကင်းသွားပါမည်။

အထက်ပါ နည်းစနစ်များ တင်ပြရခြင်းမှာ လက်တွေ့ပျောက်သူများလည်း ရှိပြီး မနာမကျင်သည့်အပြင် မည်သည့် ဘေးထွက်ဆိုးကျိုးမှလည်း မရှိဘဲ ငွေကုန်ကြေးကျလည်း မရှိသဖြင့် လိုသူများ တိုက်ဆိုင်ကြုံတွေ့လျှင် အသုံးပြုနိုင်စေရန် ရေးသားတင်ပြပါသည်...

မူရင်းပညာရှင်မှာ ဆရာဦးစိန်ဟန် တိုင်းရင်းသမားတော်... မကွေးမြို့ ဖြစ်ပါသည်။ အသုံးပြု ပျောက်ကင်းသူမ... ဆရာ ဦးစိန်ဟန်ကို ကျေးဇူးတင်ကြပါ။

*ကျန်းမာ၊ ချမ်းသာ လန်းဖြာကြပါစေ။*

**နေမဝင် (နတ်မောက်)**

www.burmeseclassic.com

www.burmeseclassic.com

# သေလာဂီရိမောရပဗ္ဗတတောင်ပေါ်ရှိ

သီဟတင့်ဖော်

နုဝင်းအဓိဋ္ဌာန်ဝင်နည်း



◆ သေလာဂီရိမောရပဗ္ဗတတောင်ပေါ် တောင်ဘက်ရှိ ရွှေဝင်ဘုရားစေတီ


ရန်ကုန်-စစ်တွေ ကားလမ်းမကြီး ...ဘက္က မြစ်ဖြတ်၊ ချောင်းကျော် ...တားကြီး,ငယ်များ တည်ဆောက် ...နေပြီဖြစ်ရာ ကုန်းလမ်းခရီးအတိုင်း ...ကြီး၊ ကားငယ် အသွယ်သွယ်တို့ ...မြို့မှ တစ်မြို့သို့ ဥဒဟို သွားလာ ...ကြပြီ ဖြစ်သည်။

...ခိုင်ပြည်နယ် မြောက်ပိုင်းဒေသဖြစ် ...ည် ကျောက်တော်မြို့နယ်သည် ...င်တို့၏ ဓညဝတီသုံးခေတ် ထွန်း ...ခဲ့ရာ ဘုမ္မိနက်သန်မြေလည်း ဖြစ် ...ကျောက်တော်မြို့၏ အရှေ့ဘက် ...မိုင်ခန့်အကွာတွင် **သီရိကုမ္ဗ ...ောင်တော်၌** ကိန်းဝပ်စံပယ်တော် ...ည့် ဗုဒ္ဓမြတ်စွာဘုရား၏ ကိုယ်စား ...တ် သမိုင်းဝင် မဟာမြတ်မုနိစက် ...ရုပ်တော်မြတ်ကြီးနှင့်...

ကစ္ဆပနဒီမြစ်၏ အရှေ့ဘက်ကမ်း ...ကစ္ဆပနဒီတံတားကြီး ဦးခိုက်တည် ...နေသည့် ဗျာဒိတ်တော်ရ သေလာ ...မောရပဗ္ဗတ တောင်တော်မြတ်၌ ...ည်ထားရှိသည့် ဘုရားရှင်၏ ...ကျောက်ရိုးတော်ဓာတ်ကို ဌာပနာ ...သာ ကျောက်တော်တောင်စေတီ ...ကျောက်တော်တောင်ဘုရား) ဟု ...နေ့တိုင် ထင်ရှားလျက်ရှိသော ...ကြောင့် ယခုလို ထူးမြတ်သည့် ...ောင်မြေနေရာသို့ အမ်း,မြေပုံ,မင်း ...မြောက်ဦးမြို့များမှ လည်းကောင်း၊ ...တွေ့,ပုဏ္ဏားကျွန်းမြို့များမှ လည်း ...ောင်း ဘုရားဖူးခရီးသည် မော်တော် ...ည်များ နေ့စဉ်ရက်ဆက်ဆိုသလို လာရောက်ဖူးမြော်လျက် ရှိနေပါသည်။

စေတီတော်မြတ် တည်ထားရာ တောင်ထွတ်တွင် ဘုရားဖူး သူတော်စင်ယောဂီများ၊ ဆွမ်း,ရေချမ်း,ပန်းများ, အမွှေးနံ့သာများ လှူဒါန်းပူဇော်သည့် ကုသိုလ်ရှင်များ၊ ပုတီးစိပ်, တရားထိုင်သည့် သူတော်စင်များ စိတ်ချမ်းသာစွာ ဝတ်ပြုပူဇော်နိုင်ရန် တန်ဆောင်းများ အာရုံခံများ အရပ်မျက်နှာပတ်လည်

www.burmeseclassic.com



သေလာဂီရိမောရပဗ္ဗတတောင် အရှေ့ဘက်ရှိ တအမဲ့ တာကောရား ဘုရား

ကျယ်ပြန့်စွာ တည်ဆောက်ပေးထား သည်ဖြစ်ရာ အမိဌာန်ဝင်ရန် လွန်စွာ အဆင်ပြေလှ၏။ အောင်မြေမှန်သော သေလာဂီရိမောရပဗ္ဗတ ကျောက်တော်တောင်မှာသာ အမိဌာန်ဝင်ရန် လမ်းညွှန်ကြသည်။

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ် ၁၂၃ ခုနှစ်၊ ဘီစီ ၅၅၄ ခုနှစ်တွင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်မှ ဝါတော်(၂၀)၊ သက်တော်(၅၅)နှစ်တွင် ရက္ခပူရ ဓညဝတီနေပြည်တော်ကြီး၏ အရှင်သခင် ဘုရင်စန္ဒသူရိယမင်းကြီး၏ ပင့်ဖိတ်ချက်ကြောင့် ရဟန္တာ(၅၀၀) ခြံရံလျက် ပြာသာဒ်ယာဉ်ပျံစီးပြီး ကောင်းကင်ခရီးဖြင့် ဒေသစာရီ ကြွချီတော်မူလာသည်။

ယင်းသို့ ကြွချီတော်မူလာပြီး သေလာဂီရိမောရပဗ္ဗတ တောင်တော်မြတ်၌ သက်ဆင်း ရပ်တန့်တော်မူလျက် အရပ်ထက်ဝန်းကျင်ကို ကြည့်ရှုတော်မူ၍ ပြုံးတော်မူရာ အရပ်ဆယ်မျက်နှာ ရွှေရှုရာသို့ ရောင်ခြည်တော်များ ထွက်တော်မူသည်ကို ညီတော်အာနန္ဒာ မြင်လေလျှင် ငါးပါးသောရှိခိုးခြင်းတို့ဖြင့် ရှိသေစွာ ရှိခိုး၍ အကြောင်းစုံကို လျှောက်ထားလေရာ မြတ်စွာဘုရားလည်း ဤသို့ မိန့်တော်မူလေ၏။


'ချစ်သားအာနန္ဒာ မဖျိုမဒေသ သောဌသနဂိုရ်ပြည်ကြီးတို့၏ အနီးအစပ် အရှေ့တောင်အရပ်ဖြစ်သော ဤဓညဝတီပြည်သည် အလွန်ထင်ရှားမြင့်မြတ်သော ကစ္ဆပနဒီ(ကုလားတန်)မြစ်၏ အရှေ့ဘက်၌ (၉၉)မြို့၊ အနောက်ဘက်၌ (၉၉)မြို့ စသည်ဖြင့် မင်းတို့ စိမံတည်ထောင်အပ်သော မြို့တို့ဖြင့် စည်ကားလျက် ထင် မြင့်မြတ်သောတိုင်းပြည် ဖြစ်လ သောကြောင့် လည်းကောင်း...

ထိုသို့သော မြို့တို့၌ အထိ အလျောက် စိုးစံတော်မူလတ္တံ့သော မင်းတို့သည်လည်း အသမ္ဘိန္နခတ္တိ မင်းမျိုး အရိုးအစဉ်မခြား ထီးနန်း သော မင်းတို့ချည်း ဖြစ်လတ္တံ့သော ကြောင့် လည်းကောင်း၊ ငါတို့ သာကီ မင်း၏ အဆက်အနွယ် ကပိလအ ရှင်ရသေ့ အဆက်ဖြစ်ခြင်းကြော လည်းကောင်း ဤဓညဝတီပြည် အလွန်ထင်ရှားမြင့်မြတ်သော ပြည် ၍ ဆိုအပ်သတည်း။

ချစ်သားအာနန္ဒာ ငါသ အလောင်းသည် ရှေးရှေးသော သုံးဆယ်သော ပါရမီကို ဖြည့်ကျင့်တေ

www.burmeseclassic.com

www.burmeseclassic.com



သေလာဂီရိမောရပဗ္ဗတတောင် မြောက်ဘက်ရှိ ဂူဘွင်ဘုရား

သော ဤမြေဝတီပြည်၌ အကြိမ်များ စွာ ဖြစ်တော်မူဖူးလေသည်။ အဘယ် သို့နည်းဟူမူကား ဤမြေဝတီမြို့၌ မြောက်ထောင်သော တပည့်တို့၏ အကြီးအမှူး ပုရောဟိတ်ပုဏ္ဏား ဖြစ် တော်မူဖူးလေသည်။

ယင်းကြောင့် ငါ၏ကိုယ်စား သဏ္ဌာန် သွန်းလုပ်တော်မူလတ္တံ့သော မဟာမုနိရုပ်ရှင်တော်သည် သုံးဖော် သောကဌ် တောက်ပထွန်းလင်းစွာ ငါ သားတော်မူလတ္တံ့သော သာသနာ ငါးထောင်ပတ်လုံး ကိန်းဝပ်တော်မူရာ ဖြစ်လတ္တံ့သတည်း။

ငါဘုရား သက်ဆင်းရုပ်တန့်တော် မူရာ သေလာဂီရိ ကျောက်အတိပြီး သော ဤမောရပဗ္ဗတတောင်ထက်၌ နှုန်းပွတ်သမား တစ်ဇာတ် ဖြစ်ခဲ့ဖူး သောကြောင့် ငါဘုရား ပရိနိဗ္ဗာန် လွန်တော်မူလေလျှင် ငါ၏ ကျောက်ရိုး တော်ဓာတ်ကို စေတီတည်လတ်၍ ကျောက်တော်စေတီဟု တွင်လတ္တံ့'

သက္ကရာဇ် ၂၁၄ ခုနှစ်၊ ခရစ်နှစ် ဘီစီ ၃၁၆ ခုနှစ်တွင် စန္ဒသူရိယမှ နောက် မြောက်ဆက်မြောက်ဖြစ်သော သူရိယစက္ကမင်းကြီးသည် မိဖုရား ရူပိတာနှင့်အတူ မြေဝတီရွှေမြို့တော် ကြီးကို စိုးစံ အုပ်ချုပ်တော်မူသည့်အချိန် အိန္ဒိယပြည် ပါဋလိပုတ်ပြည့်ရှင် သီရိဓမ္မာသောကမင်းကြီးထံမှ မဟာ ရေဝမထေရ်နှင့် နောက်ပါ ရဟန်း (၅)ပါးတို့ကို ဗုဒ္ဓ၏ ဓာတ်တော်မွေတော် (၄၈)ဆူနှအား ပင့်ဆောင်ကာ မဟီသကဟု အမည်ရသော မြေဝတီ ရခိုင်ပြည်ကြီးသို့ ရောက်ရှိလာခဲ့၏။

ထို ဓာတ်တော်မွေတော် အပေါင်းတို့ အား ဗုဒ္ဓ၏ ဗျာဒိတ်တော်ထားခဲ့သည့် နေရာ၌ အသီးသီး ဌာပနာ တည်ထား နိုင်စေရန်အတွက် ဘုရင် သူရိယစက္က မင်းကြီးသည် နွားလားဥသဘ တစ်မော့ ခန့် စတူပါစေတီငယ်များ ပြုလုပ်၍ ပထမဦးစွာ ဗုဒ္ဓရုပ်တန့်ရာ သေလာဂီရိ မောရပဗ္ဗတတောင်ထိပ်၌ ကျောက်ရိုး တော်ဓာတ်ကို ကိန်းဝပ်စံပယ်ပြီး တည် ထားကိုးကွယ်တော်မူလေသည်။

ဝေသာလီခေတ် သီရိစန္ဒရားမင်း ကြီးနှင့် မိဖုရား ကဥ္စနမာလာဒေဝီတို့ သည် စတူပါစေတီတော်အား ရွှေ ကလပ်ကြီးထက်တွင် တင်ပြီး ဌာပနာ ကာ စေတီငယ်တစ်ဆူအဖြစ် တည် ထားတော်မူလေ၏။ လေးမြို့ခေတ် ဘုရင်မင်းထီး၊ မြောက်ဦးခေတ် မင်းရာဇာ၊ မင်းဖလောင်းတို့သည် လည်း ကြီးစွာသော အလှူများ ပေးကာ စေတီတော်မြတ်ကြီးဖြစ်



www.burmeseclassic.com


www.burmeseclassic.com

ပြုလုပ်လှူဒါန်းတော်မူ၏။

ဘဝရှင် သီရိသုဓမ္မရာဇာမင်းကြီးသည် ဘေးလောင်းတော် မင်းဖလောင်းနှင့် မင်းကြီးရာဇာတို့၏ တည်ထားကိုးကွယ်တော်မူခဲ့သော ကျောက်ရိုးတော်ဓာတ်စေတီမြတ်ကို ကုသိုလ်တော် ပြုအံ့သောငှာ မောင်နှံနှစ်ပါးသည် ရွှေဟင်္သာဖောင်တော်ကိုစီး၍ ကစ္ဆပနဒီမြစ်ညာသို့ ဆန်တက်ပြီး သေလာဂီရိမောရပဗ္ဗတ တောင်ထိပ်ဝယ် ကျောက်ရိုးတော်ဓာတ်စေတီမြတ်ကို တက်ရောက်ဖူးမြော် ပူဇော်တော်မူပြီးလျှင် မြန်မာသက္ကရာဇ် ၉၈၅ ခုနှစ်၊ တန်ခူးလဆုတ်(၇)ရက် သောကြာနေ့တွင် စိန်ဖူးတော် အထွတ်တော်မှသည် ဖိနပ်တော်အထိ လုံးပြည့်ရွှေသင်္ကန်း ကပ်လှူတော်မူလေ၏။

မြန်မာသက္ကရာဇ် ၁၁၈၉ ခုနှစ်၊ အေဒီ ၁၈၂၈ ခုနှစ်တွင် ကျောက်တော်မြို့ကို တည်ထောင်သူ မြို့အုပ်ကြီး ဦးမြသာကွန်းသည် စေတီတော်ပြိုပျက်နေပြီး ကျန်ရှိနေသော ဉာဏ်တော်(၁၅)တောင်ခန့်သာ ဖူးမြော်တွေ့ရကား ဆက်လက်၍ ယခု ဖူးမြော်မြင်တွေ့ရသည့် စိန်ဖူးတော်အထိ ဉာဏ်တော်(၇၅)ပေ၊ အောက်ခြေလုံးပတ် (၁၁၆)ပေရှိသော စေတီတော်မြတ်ကြီးကို ပြုလုပ်ခဲ့သည်။

သေလာဂီရိမောရပဗ္ဗတ ကျောက်တော်တောင်သည် ဗုဒ္ဓမြတ်စွာဘုရားရှင်တော်၏ ဗျာဒိတ်တော်ရ သမိုင်းဝင်တောင်ထွတ်တောင်မြတ် ဖြစ်သဖြင့် ငြိမ်းအေးရာအမှန် မြတ်နိဗ္ဗာန်သို့ ရည်မှန်းပြီး လွတ်လပ်စွာ ကျင့်ကြံအားထုတ်လိုသည့် ရဟန်းပုဂ္ဂိုလ်၊ ယောဂီပုဂ္ဂိုလ်များတို့အတွက် တရားထူး တရားမြတ်ကို ရရှိစေနိုင်သော



◆ သေလာဂီရိမောရပဗ္ဗတတောင် မြောက်ဘက်ရှိ ရုပ်တော်မှုဘုရားသိမ်

တောင်ထွတ်တောင်မြတ်ပင် ဖြစ်ပေသည်။

**သေလာဂီရိမောရပဗ္ဗတ ကျောက်တော်တောင်၌ အဓိဋ္ဌာန်ဝင်လိုသူသည်** တောင်တော်ရှိ အဓိဋ္ဌာန်စခန်း (၅)ခု၌ တစ်နေ့တည်းနှင့် အပြီးဝင်ရမည်ဖြစ်ရာ **ကျောက်ရိုးတော်ဓာတ်စေတီမြတ်နေရာကို ဗဟိုမဏ္ဍိုင်ပြု၍ ပထမဆုံး စတင်ဝင်ရမည်ဖြစ်ပြီး ဒုတိယနေရာမှာ တောင်အရှေ့**

**ဘက်ခြမ်း တောင်ခါးပတ်၌ ယ**
**တောရကျောင်း နေရာဟောင်းအ**
**ရှိ ဗားမဲ့ဗားကရားဘုရားသိမ်တေ**
**နေရာ၊ တတိယမှာ စေတီတော်မြ**
**ကြီး၏တောင်ဘက် လုံးပိတ်စေ**
**တော်နေရာ၊ စတုတ္ထမှာ တော**
**အနောက်ဘက်ခြမ်း တောင်ခါးပ**
**၌ ဂူထွင်းဘုရားနေရာ၊ ပဉ္စမ**
**စေတီတော်ကြီး မြောက်**
**ဗျာဒိတ်ရ ရုပ်တော်မှုဘုရား**



www.burmeseclassic.com

www.burmeseclassic.com



သေလာကီရိမောရပဗ္ဗတတောင်ပေါ်ရှိ ကျောက်ရှိုးတော်မာတ်စေတီမြတ်

**သိမ်တော်နေရာဟု** အဓိဋ္ဌာန်စခန်း (၅)နေရာ ရှိပါသည်။

အဓိဋ္ဌာန်ဝင်ရန် အစပထမတွင် မိမိမွေးနေ့၌ ဝတ်ဖြူစင်ကြယ်ဝတ်လျက် စေတီတော်ကြီး၏ မိမိမွေးနံအရပ်ဘုရားရှေ့တွင် နေရာယူ၍ မြတ်ဗုဒ္ဓရှင်တော်ဘုရား၏ ဂုဏ်တော်ကို အာရုံပြုပြီး ကိုးပါးသီလ ခံယူရပါမည်။ ထို့နောက် မိမိ၏ အသက်နှင့် ကိုယ်ကို ဘုရားရှင်အား လှူဒါန်းရပါမည်။ ဤသို့ပြုလုပ်ပြီးပါက ပုတီးစိပ်ခြင်းကို စတင်ရပါမည်။ ပုတီးစိပ်ရန် ဂါထာမှာ...

အနန္တ ဂုဏ သမ္ပန္နံ၊
နဝဂုဏေ ဟိ ဥတ္တမံ။
သဗ္ဗညု ဗုဒ္ဓ စေတိယံ၊
အဟံ နမာမိ သဗ္ဗဒါ။

**အနက်**

**အနန္တဂုဏသမ္ပန္နံ၊** အဆုံးအပိုင်းခြားမရှိသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော။ **နဝဂုဏေဟိ၊** အရဟံအစရှိသော ကိုးပါးသော ဂုဏ်တော်တို့ကြောင့်။ **ဥတ္တမံ၊** တစ်လောကလုံးတွင် အမြတ်ဆုံး ဖြစ်တော်မူသော။ **သဗ္ဗညု ဗုဒ္ဓစေတိယံ၊** အားလုံးကို သိမြင်တော်မူသော မြတ်စွာဘုရား၏ စေတီတော်ကို။ **အဟံ၊** တပည့်တော်သည်။ **သဗ္ဗဒါ၊** အခါခပ်သိမ်း။ **နမာမိ၊** ရှိခိုးပါ၏။

***(နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၏ ပါဠိအယ်ဒီတာ ဆရာကြီး ဦးစံတင့်မှ ပါဠိအနက် ပြန်ဆိုပေးပါသည်။)***

ဂါထာ တစ်ခါဆုံးလျှင် ပုတီးတစ်လုံးချပါ။ ဤသို့ဖြင့် အဓိဋ္ဌာန်စခန်း တစ်နေရာ၌ (၁၀၈)လုံးပုတီးဖြင့် ပုတီး (၉)ပတ်စိပ်ပါ။ ပထမမှာ ကျောက်ရှိုးတော်မာတ်မြတ်စေတီ နေရာ၌လည်းကောင်း၊ ဒုတိယမှာ စေတီမြတ်အရှေ့ဘက်ရှိ ဗားမဲ့ဗားကရားဘုရား၌လည်းကောင်း၊ တတိယမှာ စေတီမြတ်တောင်ဘက်ရှိ လုံးပိတ်စေတီ၌လည်းကောင်း၊ စတုတ္ထမှာ စေတီမြတ်အနောက်ဘက်ရှိ ဂူထွင်းဘုရား၌လည်းကောင်း၊ ပဉ္စမမှာ စေတီမြတ် မြောက်ဘက်ရှိ ရပ်တော်မူ ဘုရားကြီး၌လည်းကောင်း စခန်း (၅)ဌာန၌ အဓိဋ္ဌာန်ဝင်ပြီးလျှင် ပုတီးပတ်ရေ (၄၅) ပတ်ရရှိပြီး ဖြစ်ပါသည်။ နဝင်းကျေ ဖြစ်ပါသည်။

နောက်ဆုံး အဓိဋ္ဌာန် ပုတီးစိပ်ပြီးသောအခါ မိမိပြုလုပ်သော ကုသိုလ်ကောင်းမှု အစုစုတို့အတွက် အရိယာ နွယ်ဝင်သူတော်စင်များ၊ အစောင့်အရှောက် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်များ တို့အား တိုင်တည်သစ္စာပြု၍သတ္တဝါအပေါင်းတို့ကို မေတ္တာပို့ အမျှဝေပေးပါ။ ဤတောင်တော်မြတ်၌ အဓိဋ္ဌာန်ကို ယုံယုံကြည်ကြည်ဖြင့် ကျင့်ကြံအားထုတ်ဆောင်ရွက်ပါက အကျိုးထူးကို အဓိဋ္ဌာန်ဝင်သူတိုင်း ခံစားသိရှိ ရပါလိမ့်မည်။

အထူးသဖြင့် ဤဂါထာ၏ အကျိုးမှာ စီးပွားရေး အကျပ်အတည်းနှင့် ရင်ဆိုင်နေရသူများ၊ အလုပ်အကိုင် အဆင်မပြေသူများ၊ ပြဿနာပေါင်းစုံနှင့် ကြုံတွေ့နေရသူများအတွက် ထိုအခက်အခဲတို့ကို ကျော်လွှားကာ အောင်မြင်မှုများစွာကို အထောက်အကူ ပြုပါသည်။

**ကျောက်တော်မြို့သို့ ရောက်ရှိလျှင် သမိုင်းဝင်ဗျာဒိတ်ရ သေလာကီရိမောရပဗ္ဗတ ကျောက်တော်တောင်ရှိ ဘုရားရှင်၏ ကျောက်ရှိုးတော်မာတ်စေတီမြတ်ကို** ဝင်ရောက်ဖူးမြော်လေ့လာရင်း အဓိဋ္ဌာန်စခန်းနေရာထူးသို့ ရောက်ရှိနိုင်ကြစေရန် လမ်းညွှန်လိုက်ပါသည်။

**သီဟတင့်ဇော်**



www.burmeseclassic.com

www.burmeseclassic.com

# သူ ဘယ်လိုလူစားလဲ

ကြည့်ပါ...။


❁ လက်သူကြွယ်သည် **လက်ခလယ်သို့** ယိမ်းနေပါတယ်။ (က)

ဒါကတော့ ဘဝင်မြင့်ခြင်း၊ စိတ်ကြီးဝင်ခြင်း၊ အထင်ကြီးခြင်းတို့ ပါပဲ။

❁ လက်ညှိုးသည် **လက်မဘက်သို့** ယိမ်းနေတယ်။ (ခ)

ဒါကတော့ လွတ်လပ်မှု နှစ်ခြိုက်ခြင်း၊ အပျော်အပါးကို ခုံမင်ခြင်းပါပဲ။

❁ **လက်ညှိုးသည် တိုပြီး ဖြောင့်တန်းနေပါမယ်။ (ဂ)**




BURMESE CLASSIC .com

ဒါကတော့ နားဝင်ချိုအောင် စကား မပြောတတ်ခြင်း၊ ဘုဘောက်ကျခြင်း၊ ဘွင်းဘွင်း ပြောတတ်ခြင်းပါပဲ။

ကဲ ဒါဆိုရင်... သူ ဘယ်လိုလူစားလဲ ဆိုတာ သိလောက်ပါပြီ။

***အေးပါစေ အောင်ပါစေ***

**သန်းပညာ**

www.burmeseclassic.com

www.burmeseclassic.com

ရှားပါးသော

# ဗျည်းအက္ခရာတို့၏


## သိဒ္ဓိထူး



ကျွန်ုပ်သည် စေတုတ္တရာနယ်သို့ ရောက်ခဲ့သော မြန်မာဘုရင်လက်ထက် ဝိဇ္ဇာမယပညာရှင်တို့၏ အနွယ်တော် ဆရာတစ်ဦးထံမှ လေ့လာ ရရှိထားသော "မင်းပေါင်း" ဆောင်းပါးကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းသို့ သိမြင် လေ့လာ လောကီသုတရတနာအတွက် ပေးပို့ရန် ပြင်ဆင်နေချိန် ၁၄–၁–၂၀၀၂ ခုနှစ်တွင် ဖေဖော်ဝါရီလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို ဖတ်ရပါသည်။ စာမျက်နှာ (၂၆၄)၌ မိုးနောင် (ကောလင်း)၏ ဂျင်း(ချင်း)ကျင့်စဉ် နောက်ဆက်တွဲဆောင်းပါး၌ (၃၃) လုံးသော ဗျည်းအက္ခရာတို့၏ သိဒ္ဓိထူး များ ဖော်ပြထားသည်ကို တွေ့ရပါသည်။

ထိုဖော်ပြချက်များနှင့်မတူ လွန်စွာ ထူးခြားသော ဗျည်းအက္ခရာတို့၏ သိဒ္ဓိထူးများ ကျွန်ုပ်တွင် ရှိနေပါသည်။ စေတုတ္တရာ အနွယ်တော်ဆရာ၏ စာအုပ်ထဲမှ ဖြစ်ပါသည်။ ရှားပါးသော, ထူးခြားသော ဗျည်းစမအသုံးများ ဖြစ်နေသဖြင့် မိုးနောင်(ကောလင်း) ဆောင်းပါး၏ အဖြည့်ဆောင်းပါးအဖြစ် ရေးသား ပေးပို့လိုက်ပါသည်။

ဆရာ၏ မှတ်စုထဲတွင်မှု "**သဗ္ဗသိဒ္ဓိ ဗျည်းအင်းကြီး စီရင်နည်း**" ဟူ၍ ဖော်ပြထားပါသည်။ အင်းသည် လွယ်ကူသော စကြာလှည့်အင်းပင် ဖြစ်ပါသည်။ သိမြင်လေ့လာ လောကီသုတ ရတနာ ရှာလိုသူတို့အတွက် အင်းပုံစံနှင့် မူရင်းအသုံးကို မူရင်းအတိုင်းပင် ဖော်ပြလိုက်ရပါသည်။




"**က၊ ခ၊ ဂ၊ ဃ**" ယင်းအက္ခရာ လေးလုံးတွင် တစ်လုံးကို အလယ်ထား၍ဆောင်သော် တုတ်တစ်ထောင် ခံ၏။

"**င၊ စ၊ ဆ၊ ဇ**" ယင်းအက္ခရာ လေးလုံးတို့တွင် တစ်လုံးလုံးကို အလယ်ထား၍ဆောင်သော် လူ, မင်း, ဘုန်းကြီး ချစ်သနား၏။ ခုနစ်ရက် သားသမီးတို့ ချစ်၏။

"**ဈ၊ ည၊ ဋ၊ ဌ**" တစ်လုံးလုံးကို အလယ်ထား၍ ဆောင်သော် သူရသတ္တိ ဧောင်မ၏။

"**ဍ၊ ဎ၊ ဏ၊ တ**" တစ်လုံးလုံးကို ဆောင်သော် ကိုယ်စောင့် တစ်ကျိပ်နှစ်ပါး နတ်တို့သည် စောင့်ကြည့်ရှု၏။ မကောင်းဟူသမျှ ပယ်ရှား၏။ အတိတ်နိမိတ်ကြီးပြ၏။ ဆောင်လိုလျှင် မိုင်းကိုင်စက္ကူမှာ ပန်းပေါင်း, ဂမုန်း ပေါင်းနှင့် ရေး၍ဆောင်လေ အမှုမျိုးကို အောင်၏။

"**ထ၊ ဒ၊ ဓ၊ န**" တစ်လုံးလုံးကို ဆောင်သော် ဥစ္စာစည်းစိမ် များ၏။ ကျွဲ, နွား, ဆင်, မြင်း များ၏။

"**ပ၊ ဖ၊ ဗ၊ ဘ**" တစ်လုံးလုံးကို ဆောင်သော် ဘုန်းတန်ခိုးကြီး၏။ အသက်ရှည်၏။ အနာမျိုး ကိုးဆယ့် ခြောက်ပါးကင်း၏။ ဥစ္စာတည်၏။

"**မ၊ ယ၊ ရ၊ လ**" တစ်လုံးလုံးကို ဆောင်သော် သေနတ်, အမြောက်, စိန်ပြောင်း လွဲ၏။ လေးနှင့်ပစ်သော် ကျိုး၏။ သေနတ် ပျက်၏။ ကျီးမနား ထန်းရွက်တွင်ရေး၍ ဆောင်လေ။

"**ဝ၊ သ၊ ဟ၊ ဠ**" တစ်လုံးလုံးကို ဆေးရိုးပန်းပေါင်းနှင့်နှံသော် အကျိုး ကား၊ အန္တိဆတယာ သူတစ်ပါးကြံသော် အက္ခရာလှူပ်၏။

"**အ**"ကိုဆောင်သော် အကြံ အစည် အလုပ်အကိုင် အောင်၏။ တုမရ စမတည်း။

ဗျည်း (၃၃)လုံး ဉာဏ်ရှိတိုင်းသုံး လေ၊ အကျိုးကား အနန္တတည်း။

**ဝေဒသစ္စာ ဆရာဝရအောင်**
**(ကလေးမြို့)**


www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ

# ကျန်းမာရေး အမှတ် အကြံပေးချက်များ

| ပုံရိပ် | အခြေအနေ | ဝမ်တွင်းအင်္ဂါ | ဂဏန်း | အရောင် | စားဖွယ် | အရပ်ညွှန်း | မိတ်ဖက် | ကူညီပေးနိုင်သူ | ကံပွင့်နေ့ | အာရုံ |
|---|---|---|---|---|---|---|---|---|---|---|
| ကြွက် | သင့် | သည်းခြေ | ၄ | အစိမ်းရင့် | ဂျုံ | အရှေ့တောင် | မြွေ၊ကြွက်၊နွား | သက်လတ်ပိုင်းအမျိုးသား | ကြာသပတေး | စကျွဲအာရုံ |
| နွား | ညှိ | သရက်ရွက် | ၂ | မြေဝါ | ကောက်ညှင်း | အနောက်တောင် | မျောက်၊ကြွက်၊နဂါး | မိခင်အရွယ်အမျိုးသမီး | တနင်္လာနေ့ | ရသာရုံ |
| ကျား | သင့် | သရက်ရွက် | ၂ | မြေဝါ | ကောက်ညှင်း | အနောက်တောင် | နဂါး၊မျောက်၊ကြွက် | မိခင်အရွယ်အမျိုးသမီး | တနင်္လာနေ့ | ရသာရုံ |
| ယုန် | ကောင်း | အူမ | ၇ | ရွှေဝါ | ဆန် | အနောက် | ကြွက်၊မြွေ၊နွား | သက်ငယ်ပိုင်းအမျိုးသမီး | သောကြာနေ့ | ဂန္ဓာရုံ |
| နဂါး | ညှိ | အစာအိမ် | ၈ | အညို | ကောက်ညှင်း | အရှေ့မြောက် | နွား၊မြွေ၊ကြွက် | သက်ငယ်ပိုင်းအမျိုးသား | စနေနေ့ | ရသာရုံ |
| မြွေ | သင့် | အစာအိမ် | ၈ | အညို | ကောက်ညှင်း | အရှေ့မြောက် | ကျား၊မြင်း၊ခွေး | သက်ငယ်ပိုင်းအမျိုးသား | စနေနေ့ | ရသာရုံ |
| မြင်း | သင့် | အသည်း | ၃ | အစိမ်းနု | ဂျုံ | အရှေ့ | ယုန်၊ဆိတ်၊ဝက် | သက်လတ်ပိုင်းအမျိုးသမီး | ကြာသပတေးနေ့ | စကျွဲအာရုံ |
| ဆိတ် | ကောင်း | အဆုတ် | ၆ | အဖြူ | ဆန် | အနောက်မြောက် | ဝက်၊ယုန်၊ဆိတ် | ဖခင်အရွယ်အမျိုးသား | တနင်္ဂနွေနေ့ | ဂန္ဓာရုံ |
| မျောက် | သင့် | အဆုတ် | ၆ | အဖြူ | ဆန် | အနောက်မြောက် | ခွေး၊ကျား၊မြင်း | ဖခင်အရွယ်အမျိုးသား | တနင်္ဂနွေနေ့ | ဂန္ဓာရုံ |
| ကြက် | ညှိ | ကျောက်ကပ် | ၁ | အပြာ | ပဲ | မြောက် | ကြွက်၊နဂါး၊မျောက် | သက်ကြီးပိုင်းအမျိုးသား | ဗုဒ္ဓဟူးနေ့ | သောတာရုံ |
| ခွေး | သင့် | နှလုံး | ၉ | အနီ | မြောင်း | တောင် | မြင်း၊ခွေး၊ကျား | သက်ကြီးပိုင်းအမျိုးသမီး | အင်္ဂါနေ့ | သဒ္ဒါရုံ |
| ဝက် | ကောင်း | အူသိမ် | ၉ | အနီ | မြောင်း | တောင် | မြင်း၊ခွေး၊ကျား | သက်ကြီးပိုင်းအမျိုးသမီး | အင်္ဂါနေ့ | သဒ္ဒါရုံ |

* * *

ဇန်နဝါရီလတွင် **နွားနှစ်ဖွား၊ နဂါးနှစ်ဖွားနှင့် ကြက်နှစ်ဖွားတို့** ကျန်းမာရေး ချို့ယွင်းနိုင်သည်။ ဤလအတွက် ဇယားကို နွားနှစ်ဖွားတို့အား စံပြု၍ ရှင်းပြပါမည်။

နွားနှစ်ဖွား ဇာတာရှင်တို့သည် သရက်ရွက်နှင့် ပတ်သက်သော ရောဂါဝေဒနာများ သတိထား ကာကွယ်ပါ။ (၂)ဂဏန်းနှင့် မြေဝါရောင်တို့က ကံလာဘ် ပွင့်လင်းစေနိုင်သည်။ ကောက်ညှင်းဖြင့် ပြုလုပ်ထားသော စားဖွယ်များနှင့် သင့်လျော်သည်။

အနောက်တောင်ထောင့်အရပ် ကံလာဘ်ပွင့်လင်းစေ၍ မျောက်နှစ်ဖွား၊ ကြွက်နှစ်ဖွား၊ နဂါးနှစ်ဖွားတို့မှာ မိတ်ဖက်ပုံရိပ်ရှင်များ ဖြစ်ကြသည်။

ကျန်းမာရေးအတွက် အကူအညီ လိုအပ်ပါက မိခင်အရွယ် အမျိုးသမီး တစ်ဦးထံ အကူအညီ တောင်းခံပါ။ တနင်္လာနေ့ နေ့ကောင်းနေ့မြတ် ဖြစ်သည်။ ရသာရုံကို အားပြု၍ ကျန်းမာရေး ကောင်းမွန် စေနိုင်သည်။



**ကျန်းမာရေးယတြာ** ပြုလိုပါက ကောက်ညှင်းဖြင့် ပြုလုပ်သော မုန့်(၂) ပန်းကန်ကို လူအများကိုးကွယ်ရာ စေတီပုထိုးတွင် အနောက်တောင် ထောင့်အရပ်၊ စနေဂြိုဟ်တိုင်အနီးမှ ကပ်လှူဆုတောင်းပါ။

တနင်္လာနေ့တွင် ပြုလုပ်ရန် ဖြစ်သည်။ မြေဝါရောင်စက္ကူဖြင့် ကြက်လှာ (၂)ခု သို့မဟုတ် ထီးနှစ်လက်ပြုလုပ်၍လည်း တွဲဖက် လှူဒါန်းနိုင်ပါသည်။

**အခြား ပုံရိပ်ရှင်များ ဤကဲ့သို့ပင် ကောက်ချက်ချကြပါ။**

**အာရောဂျဆုလာဘ်နှင့် ပြည့်ဝကြပါစေ။**

**ဟူကျင်းဇီ** (*Hu Jin Chi*)




www.burmeseclassic.com

www.burmeseclassic.com

ဓာတ်တော်ချောက်မှ ဆေးဖက်ဝင်

# ရေုပခန်းကျောက်

မှူးငြိမ်း





◆ ဓာတ်တော်ချိုင့်
အနောက်ဘက်ကုန်းမြေတွင်
ဖူးမြော်ရသော ဓာတ်တော်တိုက်စေတီ

◀ ရဟန္တာကျောက်များရှိရာ ကုန်းတော်မှ
ဓာတ်တော်တိုက်စေတီ

BURMESE CLASSIC .com

'ဒေါက်တာစိန်ဟုတ် တစ်ယောက် ...ဘဲ့တိုက်မှုဖြစ်လို့ ဆုံးရှာပြီတဲ့' ...ခမ်းနည်းဖွယ် သတင်းကို ကြားရ ...ည့်ခဏ သူနှင့်အတူ တွဲ၍ ဘုံဘုရား ...ကျောင်းကိစ္စများတွင် တက်ကြွစွာ ...ခင်ခဲ့ပုံများကို သတိရမိသည်။

သူ့တွင် ဆီးချိုရောဂါ စွဲကပ်နေပြီဟု ကြားရသဖြင့် သတင်းမေးရန် သွားသောအခါ...

'ကျွန်တော်က လူ့ခွစာဆိုတော့ ဆေးထိုး,ဆေးစားမလုပ်ဘဲ ဖခင်ကြီးရဲ့ အစ်ကို(တာ့ဖော်)ဆီက မကြာခဏ ကြားသိနေရတဲ့ (法仙石) ဖာရှန်းရှီ (Fǎshān Shi)ဆိုတဲ့ "ရဟန္တာကျောက်ခဲ"ကို အပူတပြင်း ရှာမိတယ်။

ကံအားလျော်စွာပဲ တပည့် မောင်မြင့်အေးနဲ့အတူ သထုံ ဘိုးဘိုးအောင်ကုန်းမှာ လိုက်ရှာတော့ "ရဟန္တာကျောက်ခဲ" တစ်အိတ်စာ ရလိုက်တယ်'


'ဆရာက... ဒီကျောက်ခဲတွေ သထုံမှာ ရှိတယ်လို့ အတိအကျ သိထားလို့လား'





www.burmeseclassic.com

www.burmeseclassic.com



◆ တက်တော်ချောက်မှ ရေမခန်းကျောက် (ခေါ်)ရဟန္တာကျောက်များ

◆ တက်တော်ချောက်မှ ရေလျှံနေသော ရေစိမ့်တွင်း



'အေးဗျ... "တာဖော့"ရဲ့ အိပ်ရာဝင်ပုံပြင်ကလေးက စ,ပြောမှ ရှင်းတော့မယ် ဒီလိုဗျ...'

တရုတ်ရဟန်းတော် ဖာရှန်သည် ဝိနည်းကျမ်းတော်များ ပင့်ဆောင်ရန် ဗုဒ္ဓဂါယာသို့ ဘုရားဖူးကြွရောက်စဉ် "ကျင်းလင်" ခေါ် သုဝဏ္ဏဘူမိဒေသ၌ သာသနာပြု ရဟန်းတော်များ စတင်ကြွရောက် သီတင်းသုံးရာ ကုန်းမြေသို့ ရောက်ရှိခဲ့လေသည်။

ယင်းနေရာသည် တောတောင်ရိပ်နှင့် အေးမြသော စမ်းချောင်းငယ်တစ်စင်း၏ နံဘေးရှိ ကုန်းမြေကလေးဖြစ်သည်။ ကွေ့ဝိုက်စီးဆင်းလာသော စမ်းရေသည် ကုန်းတော်နံဘေး ချိုင့်ဝှမ်းသို့ ရောက်သောအခါ ဆေးဖက်ဝင် ဝါးရွက်၊ သစ်၊ မြက်များ စစ်,ခံပြီး၍ ကြည်လင်အေးမြ သန့်စင်လျက်ရှိလေသည်။

ထိုနေရာမှ ရေစိမ့်တွင်းကလေးသည် သက်ရှိသတ္တဝါအတွက် အသုံးဝင်လှသော သောက်ရေအိုးတစ်ခု ဖြစ်သည်။ သုံးရာသီစလုံး ရေမခန်းခြောက်သည့်အပြင် သောက်သုံးသူများအတွက် ဆေးဖက်ဝင် အာဟာရ ဖြစ်စေလေသည်။

ဤချိုင့်တွင်းမှ ရေအောက် ကျောက်ခဲအား မီးသင်းကာ အခိုးသတ်ထားသော ရေသည် ပင်ပန်းနွမ်းနယ်ခြင်းကို ပ,ပျောက်စေ၍ ဆီးအား သန့်စင်စေသောကြောင့် ရသာမတ,အင်္ဂလိပ် ဆေးသမားတို့ အသုံးအဝင် များလှလေသည်။ ရဟန္တာများ သီတင်းသုံး[...] ကုန်းမြေအနီးမှ ရရှိသဖြင့် "ရဟန္[...] ကျောက်ခဲ" ဟု ခေါ်တွင်ကြသည်။

'အထုံရောက်လို့ ဘုန်းတော်ကြီးကျော[...] တွေမှာ စုံစမ်းတော့ ဘိုးတို့အောင်ကုန်း[...] အရင်က "ရဟန္တာကုန်း"လို့ ခေါ်ကြပြီး [...] "တက်တော်တိုက်တည်ရာမြေကုန်း" [...] သိရတယ်။

ဒါနဲ့ တက်တော်တိုက်အနီး ချိုင့် စမ်း[...] အောက်က ကျောက်ခဲတွေ ယူလာပြီး [...]

www.burmeseclassic.com



◆ မိုးရွာချိန်တွင် ဓာတ်တော်အကိုင်ကို မိုးတားဖြင့် ဖုံးမိုးနိုင်သည်

◆ မိုးသည်းချိန်တွင် သစ်ဆက်တရမြင့် လှိုင်းပယက်ထနေသော ရေစိမ့်တွင်း



◆ သထုံမြို့ ပေါ်တော်မူဘုရားဝိုဏ်

ဓာတ်တော်တိုက်ဓာတ်ကြီးလမ်းညွှန်



◆ ဓာတ်တော်အား ရေတိုက်စားမှုရန်မှ ကင်းဝေးရန်

ကာကွယ်ထားသော အင်္ဂတေတာတမံ

BURMESE CLASSIC .com



အောင် မီးပုတ်၊ ကျောက်ခဲမြှုပ်သားရုံ့ ရေကို ဖလုံထဲထည့်ပြီး ကျောက်မီးခဲကို အခိုးသတ်တယ်။ ဆီးချိုအခြေအနေကို ဆေးစစ်စမ်းသပ်ချက်ယူပြီး ကျောက်သင်းရေကို သောက်ရေအစား သောက်ပေးတယ်။

နှစ်ရက်အကြာမှာ ဆေးစစ်ကြည့်တော့ ဆီးချိုကျသွားတယ်။ စိတ်မချလို့ (၁၀)ရက်အကြာမှာ တစ်ခါ ထပ်စစ်တော့လဲ ဆီးချိုလက္ခဏာ မပြတော့ဘူး။ အနောက်တိုင်းဆေးပညာနဲ့ သိပ္ပံနည်းကျ သက်သေပြချက်တော့ မရှိဘူး။ ကျွန်တော့်ဆီ ရောက်လာသမျှ ဆီးချိုလူနာတွေကိုတော့ "ရဟန္တာကျောက်ခဲ" တွေပေးပြီး ကုသိုလ်ဖြစ် ဆေးနည်း ပေးလိုက်တာပါပဲ"

(၂) ဒေါက်တာစိန်ဟုတ်၏ လမ်းညွှန်မှုကြောင့် ဆီးချိုရောဂါ ပျောက်ကင်းသွားခဲ့သော ပေါင်မြို့သစ် (၅)လမ်းနေ စက်ပြိုင်ဆရာကြီး ဦးမြင့်ဆောင်မှ



www.burmeseclassic.com

www.burmeseclassic.com

လည်း ယင်းကျောက်ခဲအား ညွန်းသဖြင့် အခွင့်သင့်သော တစ်နေ့တွင် သထုံမြို့ ဓာတ်တော်တိုက်စေတီသို့ သွားရောက် ဖူးမြော်လေ့လာခဲ့သည်။

ဓာတ်တော်ကျောင်း ဦးပဥ္ဇင်း ဦးသုမနက ကြည်သာစွာပင် လိုက်လံပြသပေးသဖြင့် ဓာတ်တော်ချောက်သို့ ရောက်ရှိခဲ့သည်။

စေတီတော်အရှေ့ မလှမ်းမကမ်း မြေနိမ့်တွင်းချိုင့်ဝှမ်းနေရာ စမ်းကွေ့အတွင်း တည်ရှိသဖြင့် ရေစီးကြောင်းပြောင်းကာ စေတီတော်အား ရေတိုက်စားမည့်အရေး ကာကွယ်ရန် အင်္ဂတေ တမံတုတ်ကာ ရေကြောင်းလွှဲထားသည်ကို တွေ့ရှိရပေါသည်။

ရေစိမ့်တွင်းကလေးအား အုတ်ပေါင်ခတ်ကာ ပြုပြင်ထားသော်လည်း မိုးအခါ ရေကြီးချိန်မို့ အုတ်ပေါင်ကို ကျော်ကာ ရေလျှံနေလေသည်။

'ဒါယကာတို့လိုပဲ ရန်ကုန်၊ မန္တလေး စတဲ့ ရပ်ဝေးက ဝေဒနာရှင်တွေလဲ ဆေးသုံးဖို့ လာစွန့်ကြတယ်။ သွေးတိုး၊ နှလုံး၊ ဆီးချိုရောဂါနဲ့ အာဂန္တုအဖျား ရောဂါတွေ သက်သာပျောက်ကင်းတယ်လို့ ဆိုကြတယ်'

လိပ်အင်း ရွာဦးကျောင်းက ဆရာတော်ကြီး ဦးပဏ္ဍိတကို မေးလျှောက်ကြည့်တော့...

'ဓာတ်တော်များ ကိန်းဝပ်ရာ စေတီကြီးရဲ့ နေအေးရိပ်(နေအပူရှိန် လျော့ပါးချိန်ကျသော အရိပ်)မှာ အစဉ်အမြဲ တည်ရှိတာမို့ ဗုဒ္ဓရဲ့ ကရုဏာတော် လွှမ်းခြုံပြီး ဒီလို ဝေဒနာတွေ ပျောက်ကင်းတယ်လို့ ယူဆပါတယ်'

ဟု မိန့်ကြားပါတယ်။

'ဒီကုန်းတော်ဟာ ရှေးယခင် ရှင်တော်ဗုဒ္ဓများ လက်ထက်အခါကပင်လျှင် ဓာတ်တော်မွေတော်များ ကိန်းဝပ်စံပယ်ရာ ဖြစ်ခဲ့ဖူးတယ်။ ဒါကြောင့် ဒီရေတွင်းမှာ ရေသောက်ဆင်းတဲ့ တိရစ္ဆာန်များတောင်မှ ကြည်လင်ရွှင်လန်းပြီး ဒေါသငြိမ်းအေးကြတယ်။ နွေမိုးဆောင်း ရေမခန်းတဲ့အတွက် ဒီချိုင့်အခြေက ကျောက်ခဲတွေကို **"ရေမခန်းကျောက်"**လို့ ခေါ်ကြသကွယ်'

"ရေမခန်းကျောက်"ခေါ် ရဟန္တာကျောက်တည်ရာရှိ ရေစိမ့်တွင်းမှာ လူ တစ်ရပ်ကျော်ခန့် နက်၍ အချင်း လေးပေခန့် ရှိလေသည်။ မိုးသည်းချိန် တွင် သစ်ရွက်များမှ ကျဆင်းလာသော ရေစက်များကြောင့် လှိုင်းဂယက် ထ နေသော်လည်း မိုးစဲချိန်တွင် မလှမ်း မကမ်းမှာ စေတီတော်အရိပ်အား ပုံ တဝါး ဖူးမြင်ရလေသည်။

အချိန်အတန်ကြာသော် မိုးပါး၍ နေ ပွင့်လာသဖြင့် ဦးပဥ္ဇင်း၏ အကူအညီ ဖြင့် ရေမခန်းကျောက် အနည်းငယ်ကို ခဲယဉ်းစွာ ဆယ်ယူ သယ်ဆောင်ကာ ဓာတ်တော်တိုက်စေတီနှင့် သံဃာတော် များအတွက် နဝကမ္မ အလှူငွေများ ဆက်ကပ် လှူဒါန်းလျက် ပြန်လာခဲ့ကြ လေသည်။

**(ကွယ်လွန်သွားရှာသော ဝမ်စင်**
**(ခေါ်) Dr.စိန်ဟုတ်အား အမှတ်တရ...)**

**ဟူဂျင်းဖီ**

---

## ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ



## အတွက် ရွေးချယ်ပါ ဤဂဏန်း

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် ဖွင့်လှစ်မည့် အောင်ဘာလေထီဖွင့်ပွဲတွင် ထွက်ပေါ်လာနိုင်သည့် ထီဂဏန်းတွဲများအား အောက်ပါအတိုင်း တွက်ချက် ဖော်ပြအပ်ပါသည်။

| | |
|---|---|
| **အကြိမ်** | ၂၈၈ |
| **ဇန်နဝါရီလ** | ၁ |
| **ခုနှစ်** | ၂၀၁၃ |
| | ၂၃၀၂ = ၇ |

**အကြိမ်၊ လ၊ ခုနှစ်** ဂဏန်းများအား တစ်လုံးတည်းဖြစ်အောင် ပေါင်းပါက (၇) ဂဏန်းရသည်။ သို့ဖြစ်၍ ၁၊ ၃၊ ၆၊ ၇၊ ၉ ဂဏန်းများကို ရွေးချယ်ပါ။

အထူးသဖြင့် ရှေ့ဂဏန်းများကို ၁၊ ၃၊ ၇၊ ၉ ဂဏန်းများ ရှေ့ဆုံးမှထား၍ ကံစမ်းနိုင်ကြပါ သည်။

ဥပမာ

| စ...ဆုံး | စ...ဆုံး | စ...ဆုံး | စ...ဆုံး |
|---|---|---|---|
| ၁...၁ | ၃...၁ | ၇...၁ | ၉...၁ |
| ၁...၃ | ၃...၃ | ၇...၃ | ၉...၃ |
| ၁...၆ | ၃...၆ | ၇...၆ | ၉...၆ |
| ၁...၉ | ၃...၉ | ၇...၉ | ၉...၉ |
| ၁...၀ | ၃...၀ | ၇...၀ | ၉...၀ |

မှတ်ချက်။ ။(...)ကွင်းအတွင်း ပြထားသော အလယ်ဂဏန်းများကို ၃၊ ၇၊ ၉ ဂဏန်း များများပါအောင် ရွေးချယ်ပါ။

အကြိမ်ဂဏန်း မပါဘဲ **"လ"**ဂဏန်းနှင့် **"နှစ်"**ဂဏန်းကိုသာ ပေါင်းပါက (၁ + ၂+ ၀+ ၁ +၃) = ၇ ဂဏန်းပင် ရသည်။ သို့ဖြစ်၍ "၇"ဂဏန်းမှာ ပိုမို အားကောင်းပါသည်။ သို့ဖြစ်၍...



| စ... | ဆုံး | | | | | |
|---|---|---|---|---|---|---|
| ၁... | ၁၊ | ၃၊ | ၆၊ | ၇၊ | ၉ | စနေ သားသ... |
| ၃... | ၃၊ | ၆၊ | ၇၊ | ၉၊ | ၁ | မျိုး ထီကံ... |
| ၇... | ၇၊ | ၉၊ | ၁၊ | ၃၊ | ၆ | နေပါသည်။ ... |
| ၉... | ၉၊ | ၁၊ | ၃၊ | ၆၊ | ၇ | ဖြစ်၍မိမိတို့အေ... |

ဤလတွ...

ရှိ ရှေးဟောင်းဘုရား တစ်ဆူဆူ၏ ရင်ပြ... တော်ကို (၃)ရက်တိတိ သန့်ရှင်းရေးလုပ်... ပြီး မိမိ၏ မွေးနံ့အရပ်ထောင့်တွင် ဘုရား... အား ရေသပ္ပာယ်ပူဇော်ပြီး ဂုဏ်တော် (၉)ပါးကို ပုတီးတစ်လုံးလျှင် ကိုးပါး... (၁၀၈)လုံးပုတီး (၃)ပတ်စိပ်ပေးပါ။ (၃)ရ... ဆက် အဓိဋ္ဌာန်ဝင်ပါ။

အဓိဋ္ဌာန်အောင်မြင်ပြီးပါက မိမိတို့... အနီးဆုံးရှိ ဘုန်းတော်ကြီးကျောင်းတိုက်... ဆန်၊ ဆီ၊ ဆေး၊ ဆား တစ်... လှူဒါန်း... မှ နီးစပ်ရာဆိုင်တွင် ထီကံစမ်းပါ။

အထူးဂဏန်း

✦ ၁၃၃၇၉၉ ✦ ၉၁၃၇၁၉ ✦ ၇၆...

*ထီကံ ပွင့်ပါစေ*

**ဆရာရဲထက် (သုဓေသီ)**



www.burmeseclassic.com

www.burmeseclassic.com



ဦးသန်းစိုး
(ချောင်းနက်)

ကျွန်တော်၏

# တောတွင်းအတွေ့အကြုံများ

ဖြစ်ရပ်မှန် (၈၆)

ကျော်သန်းမြောင်တဲ့

တောတွင်းအတွေ့အကြုံများ ဆက်လက် တင်ပြရေးသားရန် အလှည့်ကျ ရောက်လာသဖြင့် ဒီတစ်ခါ ဘာများ ရေးရပါမည်လဲဟု တွေးတောရင်း နေ့စဉ်မှတ်တမ်း အဟောင်းစာအုပ်များကို လှန်လှောမိပါသည်။ စာတစ်မျက်နှာတွင် **"ကျော်သန်းမြောင်သို့ရောက်"** ဟု ရေးမှတ်ထားသည်ကို တွေ့ရသဖြင့် စာမျက်နှာမှ နေ့စွဲ၊ ရက်စွဲကိုကြည့်ရှုရာ **၁၉၈၀ ပြည့်နှစ်၊ မေလ(၅)ရက်တဲ့။** မိုးဦးကျစပေါ့။ ဤရက်စွဲကို မြင်လိုက်ရလျှင်ပင် စာရေးသူမှာ ဟိုးငယ်စဉ်ဘဝ တောင်တွင်းကြီးမြို့နယ်၊ ကင်ပွန်းတောင်ကြိုးဝိုင်း၊ ကင်ပွန်းတောင်ချောင်းဖျားမှ ပန်းတင်မြောင်စခန်းဆီသို့ စိတ်ရော လူပါ ရောက်သွားပြီဟု ထင်မိပါသည်။ ထိုအချိန်က ကင်ပွန်းတောင်ကြိုးတိုင်း ပဲခူးရိုးမကြီး အခြေအနေက ယနေ့နှင့်မတူခဲ့ပါ။ သစ်တော၊ ဝါးတောကြီးများ ထူထပ်ပေါက်ရောက်လျက်၊ လျှိုမြောင်, စမ်းချောင်းများကလည်း ရေကြည်, ရေအေးများ တသွင်သွင် စီးဆင်းလျက်၊ စိမ့်ကြီးမြိုင်ကြီးရိပ်ကြီး ပောမန် ဖြစ်ခဲ့ပါသည်။

နံနက်စောစောနှင့် ညနေပိုင်းတွင် ကျေးငှက်သာရကာတို့၏ အသံဗလံများက တော၏သဘာဝအလှကို ပိုမိုပီပြင်စေပါသည်။ ညအခါကျပြန်တော့ ချေဟောက်သံ၊ ကျားဟိန်းသံများက



www.burmeseclassic.com

www.burmeseclassic.com

တောအခြေအနေကို တန်ဆာဆင်ထားကြပါသည်။

ထိုမျှမကသေး ညနေ (၄)နာရီ (၅)နာရီဆိုလျှင် ဆီးနှင်းများ ကျစပြုပါပြီ။ ညဦးသန်းခေါင်ယံကျတော့ ဆီးနှင်းပေါက်များက မိုးပေါက်များကဲ့သို့ တပေါက်ပေါက် ကျနေသဖြင့် "ဆီးနှင်းပေါက်လဲ မိုးလောက်ပြင်းထန်သွန်းချပြန်သော်" ဟု စာဆိုခဲ့ခြင်း ဖြစ်ပါသည်။

အချိန်က မိုးဦးကျစ မေလအခါ။ သစ်ထုတ်ရေးဝန်ထမ်းများ တောတက်စ၊ တောထဲ၊ ကွင်းထဲရောက်စ အချိန်ပါ။ နွေရာသီတုန်းက အလုပ်ပေါ့ဆဲဆဲ လုပ်ရလျက် သက်သာနေရာမှ တကယ် အလုပ်ခွင်သို့ ရောက်သောအခါ "ယုန်ဝပ်ကျင်းထ" ကဲ့သို့ ပျင်းရိနေးကွေးနေပါသည်။

အလုပ်တွင် စိတ်မပါသေး၊ ပျင်း၍နေရသည်။ အိမ်သူသက်ထား ဇနီးမယား သားသမီးများနှင့် ခွဲခွာစမို့လည်း ဖြစ်နိုင်ပါသည်။

## အလုပ်စခန်းသို့

ပန်းတင်စခန်းရောက်လာပြီး တစ်ရက်မျှ နားနေပါသည်။ နောက်နေ့ နံနက်စောစောတွင် နောက်လိုက် ဦးလှမြင့် စီစဉ်ပေးသော ထမင်းကြော်နှင့် ရေနွေးကြမ်းကို အဝစားသောက်ကြပါသည်။

စားသောက်အပြီး ဓားခေါင်းကြီး ဦးတင့်အား စောင့်နေရပါသည်။ ဓားခေါင်းကြီးနှင့် သစ်လုပ်သား(၂)ဦးတို့ ရောက်လာသောအခါ ကွင်းအမှတ် (၃၅)သို့ သွားကြရပါသည်။

စာရေးသူနှင့် ချောင်းအုပ်ကြီး ဦးထွန်းလှတို့က ယူနီဖောင်းအပြည့်နှင့်ပါ။ ပေတူး၊ တံဆိပ်တုံးနှင့် သစ်ထုတ်ရေးသုံးဓား ယူဆောင်ခဲ့ပါသည်။



အလုပ်မှာ အရေးကြီးပြီဖြစ်၍ ကွင်းနင်းရင်း တွေ့သမျှ ပင်ထောင်များကို လှဲကာ ဖြတ်ပိုင်းရိုက်ရန် ဖြစ်ပါသည်။ သစ်ုဘ်သားအချို့က ကွင်းထဲမှ အသင့်စောင့်မည်ဟု ဆိုပါသည်။

ဒီတစ်ခါတွင် ဖြတ်ပိုင်းပေးရန်မှာ ကျွန်းခြောက်မဟုတ်ပါ။ သစ်မာဖြစ်သော ပျဉ်းကတိုးနှင့် ပိတောက် အုပ်စု (၂) ဖြစ်ပါသည်။

စာရေးသူက ကျွန်းခြောက်သာ ဖြတ်ပိုင်းပေးခဲ့ရသဖြင့် ယခု သစ်မာကို မကျွမ်းကျင်သေးပါ။ ချောင်းအုပ်ကြီး ဦးထွန်းလှ၏ သင်ပြထားချက်များအတိုင်း ဖြတ်ပိုင်းပေးရပါမည်။

သစ်အုပ်စုတွင် ပေရှည်၍ အလုံးကြီး ဖြောင့်ဖြူးသော သစ်များကို နိုင်ငံခြားပို့ရန်နှင့် ပေတိုများကို ပြည်တွင်းသုံးရန် ခွဲခြားပြထားပါသည်။ ပြည်တွင်းသုံးမှာ (၉)ပေမှ ပေ(၂၀)အထိ ရယူပါသည်။ အိုးအိမ်တိုက်တာ အဆောက်အအုံများနှင့် အိမ်ထောင်ပရိဘောဂ ပြုလုပ်ရန် ဖြစ်ပါသည်။

ကျွန်းခြောက် ဖြတ်ပိုင်းတုန်းက
ချောင်းအုပ်ကြီး ဦးထွန်းမောင်က
ကျွမ်းကျင်လှသဖြင့် ဖြတ်ပိုင်းအလုပ်က
လွယ်ကူလှပါသည်။ ဖြတ်ပိုင်းပေ
ကျွမ်းမှ သစ်ကောင်းသစ်မွန် ထွက်
သည်။

စာရေးသူတို့အဖွဲ့မှာ တဲစခန်း
(၃၅)ကွင်းသို့ ဖြတ်လမ်းအတိုင်း ဓား
ခေါင်းကြီး ဦးတင့်၏ ဦးဆောင်မှုဖြင့်
လျှောက်လှမ်းနေကြရပါသည်။

တောကြီးထဲတွင် ချုံနွယ်၊ ပိတ်
ပေါင်းများကို ရှင်းလင်းသွားရပါသည်
မြက်တော၊ ကိုင်းတောများကိုလည်း
တိုးရပါသည်။ မိုးမရွာသေးပ်လည်း
ညက ကျထားသော မိုးနှင်းများ ကြောင့်
အေးကပိုင်းများ စိုရွှဲနေကြ ပါသည်

## ကျောသန်းမြောင်တဲ့ဗျာ

ယင်းသို့ ဖြတ်လမ်းအတိုင်း သွား
စဉ် အလွန်ထူထပ်စွာ ဓါးများပေါ်
နေသော လျှိုကြီးတစ်ခုကို ဖြ



www.burmeseclassic.com

www.burmeseclassic.com

...၏ လျှိုမှာ အလွန်ကျယ်ဝန်းလျက် ...တက်ရှိ တောင်ကမ်းပါးက ...တောက်လှုပါသည်။ တောင်ခုလတ် ...မှျင်ဝါးများနှင့် အောက်ဘက်တွင် ...သောင်းဝါးများ ရှိပါသည်။

...တောင်စောင်းရှိ မျှင်ဝါးများမှာ ...၍ ရှည်ပါသည်။ နှစ်စဉ်နှစ်တိုင်း ...နှင့်သားများက ဤလျှိုတွင် ဝါးများ ...လေ့ရှိပါသည်။ ထို့ကြောင့် ဓား ...ကြီးအား...

'ဒါ ဘာမြောင်လဲဗျာ့'

ဟု မေးမိပါသည်။

ဓားခေါင်းကြီးက...

'ဒါ ကျော်သန်းမြောင်လို့ ခေါ်သ...'

ဟု ဖြေကြားရာ ချောင်းအုပ်ကြီး ...ဘာ စာရေးသူပါ (၉၉)မြောင် ကင်ပွန်း ...တောင်တွင် ဒီကျော်သန်းမြောင်ကို ...ကြားဘူးသဖြင့်...

'ဘာ ကျော်သန်းမြောင်... ဟုတ် ...။ ဖြစ်လာပုံ နည်းနည်းရှင်းပြဦး'

ဟု တောင်းဆိုရာ ဓားခေါင်းကြီး ဦး...တင့်မှ အောက်ပါအတိုင်း ရှင်းလင်း ...ပြောပြပါသည်။

'၁၉၇၅ ခုနှစ်၊ မတ်လတုန်းက ...ဖြစ်ပါတယ်။ သဲကန်ရွာမှ ဝါးလှည်း ...သမားများ ဝါးခုတ် ရောက်လာပါ ...တယ်။ ကျွန်တော်တို့လဲ ဝါးခုတ်ရင်း ...တွေ့ရတာပါ။

အဲဒီ သဲကန်အဖွဲ့မှာ ကျော်သန်းဆို ...တဲ့ (...)ပင်စင်စားတစ်ဦးလဲ ပါလာ ...သဗျာ့။ သူက အလုပ်က ထွက်ကာစ ...အခြားအလုပ်မရှိလို့ ဝါးခုတ်ရောင်း ...မလို့တဲ့။ အရင်က တောထဲ မရောက် ...ဘူးသူပါ။ အခုမှ တောလိုက် ဝါးခုတ်ဖူး ...တာပါ။

သူက (...)အငြိမ်းစားဆိုတော့ ယူနီ ...ဖောင်းလဲ ပါလာတာကိုး။ သူ့ကို ကြည့်



ပါဦး။ ဘောင်းဘီစကတိုနဲ့၊ တောင် တက်ဖိနပ်လည်ရှည်နဲ့၊ လျှာထိုးဦးထုပ် နဲ့၊ အင်္ကျီကလဲ ပခုံးပေါ်က ဒေါက်နဲ့ တကာယ့်ဟန်ကျပန်ကျ အရာရှိပုံ ပေါက် နေတာပေါ့။

သူနဲ့ အတူလာကြသူများကလဲ သူ့ကို ဒီလိုမဝတ်ဖို့ မပြောကြဘူး။ မနာလိုလို့ ပြောတာ ထင်မှာစိုးလို့တဲ့။ ဒီမြောင်အကြောင်းကလဲ ဝါးအပေါင်း၊ အရင့် လိုချင်ရင် လာခုတ်၊ ဝါးရ လွယ်သတဲ့။

ဒါကြောင့် **ဝါးပေါင်းမြောင်လို့** ခေါ်ခဲ့တာပါ။ **ဒီလျှိုမြောင်အတွင်း ဝါးဝင်ခုတ်မယ်ဆိုရင် လေမချွန်ရ ဘူး။ သီချင်းမဆိုရဘူး။ အဝတ်အစား အသစ် မဝတ်ရဘူးလို့ ရှေးကတည်း က အဆိုအပြော ရှိခဲ့တာကလား ဗျာ။**

အဲဒါ ကိုကျော်သန်းက ဂျပန်ဓား ကောက်ကြီး ခါးချိတ်လို့ တောင်ပေါ် ဝါးတက်ခုတ်လိုက်၊ တောင်အောက် ထမ်းချလိုက် လေကလေး တချွန်ချွန် နဲ့ပေါ့။ အဲ ဝါးထမ်းချလို့ သုံးခေါက်

မြောက်လဲရောက်ရော ဝါးလုံးကြီး ထမ်းလျက်နဲ့ တောင်ပေါ်က ချော်ကျပါ လေရောဗျာ။

သူ့ဂျပန်ဓားကောက်ကြီးကလဲ လက် က ကိုင်လို့ပေါ့။ တလိမ့်ခေါက်ကွေး ကျသွားတာ။ လက်ထဲက ဓားက ပါးမုန်းရိုးအောက်နား လည်ပင်းကို စူးသွားပါလေရောဗျာ။ အဲဒါ သူ့ဆီ ပိုင်းသွားပြီး ဖေးမတွကြည့်လိုက်တော့ အဲဒီ ဓားစူးဝင်တဲ့ ဒဏ်ရာက သွေး ပေါက်ပေါက် တောက်ပန်းနေတာပေါ့။

အဲဒါ လက်နဲ့ပိတ်တာ မရပါဘူး။ အဲဒီတုန်းက ဓာတ်ဆီမီးခြစ်တွေ သုံး နေတုန်းပေါ့။ အဲ မီးခြစ်ထဲက ဓါတ်ဆီ ပါတဲ့ ဂွမ်းဖွေးတွေနဲ့ ဆို့ပိတ်တာ မီးခြစ် နှစ်လုံးကုန်သွားပါရော့၊ သွေးကတော့ မတွက်တော့ပါဘူး။ လူက ဖြူဖတ်နေ ပြီ။

ဆေးရုံအမြန်ရောက်မှ အသက်ရှင် မှာမို့ လျှိုအဝင်မှာ ကျောက်တိုက်နေ တဲ့ ထွန်စက်ကြီးငှားပြီး ဆေးရုံအမြန် ပို့ရတာပေါ့။ အဲဒါနဲ့ပဲ ကိုကျော်သန်း သေတော့မလိုဖြစ်လို့ လူအများက ဒီ မြောင်ကို ကျော်သန်းမြောင်လို့ ခေါ်ကြ တာပါဗျား'

စကားလည်းဆုံးရော (၃၅)ထဲ လည်း ရောက်ရော အလုပ်စကြပါပြီ။ သို့သော် စိတ်အစဉ်တွင် ကိုကျော်သန်း ကိုသာ မြင်ယောင်နေမိပါသည်။

ကျော်သန်းမြောင်ကိုလည်း မှတ်မိ နေပါပြီ။ **သူ့နေရာ၊ သူ့ဓလေ့ထုံး တမ်းကို မယုံမကြည် မလုပ်သင့်ပါ။** ဤစာစုဖြင့် ချောင်းအုပ်ကြီးနှင့် ဓား ခေါင်းကြီး၊ သစ်ခုတ်သမားများအား အမှတ်တရပေါ့ဗျား။

***အားလုံး ကျန်းမာ ချမ်းသာကြပါစေ***

**ဦးသန်းစိုး (ချောင်းနက်)**



www.burmeseclassic.com

www.burmeseclassic.com

# ချဉ်ပေါင်စားလျှင် ဉာဏ်နှင့်ယှဉ်



မြန်မာနိုင်ငံတစ်ဝန်း တောရာမြို့ပါ ကြိုက်နှစ်သက်သော မြန်မာ့ရိုးရာ ဟင်းလျာကို ပြပါဆိုလျှင် ဦးစွာ ချဉ်ပေါင်ရွက်ဟင်းကို ပြရပေမည်။

ချဉ်ပေါင်ဟင်းဆိုသည်မှာ ဟင်း အနံ့အသက် ရှုရှိုက်မိရုံနှင့်ပင် သွားရည်ယိုမှုကို ချက်ချင်း ဖြစ်ပေါ် စေသော မြန်မာ့ဟင်းလျာတစ်မျိုး မဟုတ်ပါလော။ ထို့ကြောင့် ချဉ်ပေါင် ရွက်ကို အခြား သားငါးမျိုးစုံနှင့် တွဲဖက် ၍ ချက်စားကြ၊ ကြော်စားကြခြင်းဖြစ်၏။

ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် ချဉ်ပေါင် ပင် အမျိုးအမည်က စုံလှ၏။ မြန်မာ ချဉ်ပေါင်၊ ဘီလပ်ချဉ်ပေါင်၊ ရွှေဘိုချဉ် ပေါင်၊ ချဉ်ပေါင်ဖြူ၊ ချဉ်ပေါင်နီ၊ ချဉ် ပေါင်ခါး စသဖြင့် ရှိကြပါသည်။ အမျိုး အမည်များသလောက် ဓာတ်သဘာဝ ကလည်း ကွဲပြားကြ၏။

အရသာအနေဖြင့် အချဉ်ပေါ့ အချဉ်လေး၊ အချဉ်စူး၊ အချဉ်ခါးဟူ၍ ရှိကြပါသည်။ ခြုံငုံ၍ ပြောရပါက ချဉ် ပေါင်ရွက်သည် အချဉ်ဓာတ်ရှိသော အပင်ဖြစ်သကဲ့သို့ အေး၍ တေဇော ဓာတ်ကိန်းနေသော အပင်လည်း ဖြစ် ပါသည်။ ထို့ကြောင့် ဆေးပညာအရ အချဉ်ဓာတ်ကို **"သီတတေဇော"**ဟု ခေါ်ခြင်း ဖြစ်၏။

ထို့ပြင် **အေးပြီး ပွင့်သောအစာ၊ အေးပြီး ပိတ်သောအစာ** ဟူ၍ ရှိသည့် အနက် ချဉ်ပေါင်ပင်သည် **"အာကာသ ကို ပိတ်ဆို့စေသော စားပင်"** တစ်မျိုး လည်း ဖြစ်ပါသည်။

သို့သော် ချဉ်ပေါင်ရွက်ကို ကြော် ချက်စားကြရာ၌ လျှာအလိုကျ ထင် သလို စားနေကြကြောင်း တွေ့မြင်နေရ၏။ အထူးသဖြင့် အကြောတက်စေ သော ပုစွန်ဆိတ်၊ ပုစွန်တုပ်၊ ကဏန်း၊ ငါးသလောက်၊ ငါးကျီးကန်းခြောက်၊ ငါးကုလားခြောက်၊ အာပြဲခြောက် စသည်တို့ကို အကြောတက်စေသော ချဉ်ပေါင်ရွက်နှင့် ရောနှော၍ မြိန်မြိန် ရှက်ရှက် စားသုံးနေကြသည်မှာ ဆိုး ကျိုးကို မသိခြင်းကြောင့်ပင်လော၊ သိသိကြီးနှင့် လျှာအလိုလိုက်နေခြင်း ပင်လော မဝေခွဲတတ်တော့ပေ။

အမှန်မှာ အအေးတေဇောချင်း ပေါင်းစပ်လိုက်ခြင်းကြောင့် **"သီတ ထိပ်ခေါင် ရွှေချဉ်ပေါင်"**ဟု အမည် သညာ တပ်စရာ ဖြစ်သွားရပါသည်။

ရှေးလူကြီးသူမများ၊ သမားအစဉ် အဆက်များ သတိစကား မိန့်ဆိုမှုများ ရှိပါလျက် သတိလက်လွတ် ကြော်ချက် စားနေကြသည်မှာ ရောဂါမျိုးစုံကို လက်ယပ်ခေါ်နေကြသလိုပင် ဖြစ်၏။

ဤသို့သော အစာများနှင့် ပေါင်းစပ် ၍ စားခဲ့သော အကြိမ်ရေ များလာ သည်နှင့်အမျှ အကြောတက်၊ နောက် ကြောတက်၊ ဖက်ကြောတက်၊ အကြော စုံ တင်းလာကြပါသည်။

ထို့အပြင် နှလုံးရောဂါ၊ သွေးတိုး ရောဂါ၊ ပန်းနာရောဂါရှိသူများ လုံးဝ စားရန် မသင့်ပါ။ အထူးသဖြင့် ကင်ဆာ ရောဂါ၊ အနာပဆုပ်၊ သွေးစုနာ၊ ဘရင် ဂျီနာ(ဂရင်ဂျီနာ) စသည့် အနာဆိုး ရှိ သူများကို ပို၍ ဘေးဥပဒ်ပေးတတ်ပါ သည်။

ထို့ကြောင့် သတိဉာဏ်နှင့်ယှဉ်၍ စားသုံးတတ်ပါမှ မိမိခန္ဓာကိုယ် ကျန်းမာရေးအတွက် အကျိုးရှိပေမည်။ ထို့အပြင် "ရွှေချဉ်ပေါင်တုံးကာမှ မောင်ဘုန်း ပြန်တော့မယ်" ဆို... အတိုင်း ဖြစ်စေရန်အတွက် အေးဖွဲ့... ဘေးဥပဒ်ဖြစ်စေသော ချဉ်ပေါ... "ကျန်းမာမှုဆောင် ရွှေချဉ်ပေါင်" ဖြ... ရန် ရှေးလူကြီးသူမတို့ တွဲဖက် စား... နည်းများကို စီမံခဲ့ပြီး ဖြစ်ပါသည်။

အာကာသကို အေးဖွဲ့ပိတ်ဆို့... တတ်သော ချဉ်ပေါင်အား အပူတေဇော... ဓာတ်ကိန်းသော မျှစ်နှင့် ပေါင်းစပ်၍... ချက်ပြုတ် ကြော်လှော်လိုက်ခြင်းဖြ... အစာတစ်ခုနှင့်တစ်ခု "ကိုင်းကျွန်း... ကျွန်းကိုင်းမှီ" ဖြစ်ကာ အန္တရာယ်ကင်း... သွားစေပါသည်။

ထို့အတူ ချဉ်ပေါင်ဟင်း၊ ချဉ်ပေါင်... ကြော်ကို ငရုတ်သီးစပ်စပ်နှင့် တွဲဖက်... ပြီး အမဲသား၊ ကြက်သား ရောစွက်ကာ... ချက်ကြ၊ ကြော်ကြခြင်းဖြင့် ဒုက္ခပေး... တတ်သော ချဉ်ပေါင်ဓာတ်အား... ချေမှုန်းပြီး ဖြစ်ပါသည်။

သို့တည်းမဟုတ် ချဉ်ပေါင်ရွက်ဟင်း... အား တေဇောပထဝီအား ကောင်း... သော ငရုတ်သီးစိမ်း(သို့မဟုတ်) ငရုတ်... စပ်ခြောက်ကို ဆား၊ ကြက်သွန်ဖြူတို့... နှင့် ရောထောင်း၍ ပဲဆီ၊ နှမ်းဆီစစ်စစ်... ဆမ်းထားသော ငရုတ်အစပ်ထောင်း... ဖြင့် ပူးတွဲ သုံးဆောင်လိုက်ပါ။

ဤစာစုလေးသည် လူတို့၏... ကျန်းမာမှုကို တစ်ထောင့် တစ်နေရာမှ... အကျိုးပြုနိုင်လိမ့်မည်ဟု မျှော်လင့်ပါ... သည်။

မိမိခန္ဓာကိုယ်ကို စက္ကန့်မလပ်... ကောင်းစွာ စောင့်ရှောက်နိုင်ကြပါစေ...

**ဖေမောင် (ညောင်လေးပင်)**



www.burmeseclassic.com

www.burmeseclassic.com

အရွက်ပုံသဏ္ဍာန်မှာ မြားအမြီးတွင် မြားပြေးလမ်း တည့်မတ်နေစေရန် ထိန်းညှိသော ငှက်တောင်မွေးတပ်ဆင်ထားသကဲ့သို့ ပုံစံရှိသည်။

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း **အမှတ်(၁၁၃) [၂၀၁၂ ခုနှစ်၊ ဩဂုတ်လထုတ်]စာမျက်နှာ(၁၁၈)တွင် ဖော်ပြပါရှိသော မေတ္တာစေကျွန်(ခေါ် ) မြားမြီးဂမုန်းနှင့် ပုံသဏ္ဍာန်ဆင်တူသော်လည်း** အရောင်အသွေးမှာ တိုက်ပွဲသင်္ကေတဖြစ်သော အနီရောင်၊ သွေးအရောင်ဖြစ်သည်။

အရွက်နုများသည် မြားဦးထိုးဖောက်၍ ထွက်လာသော သွေးကို ကိုယ်စားပြု၍ အနီရောင်ရှိသည်။ ရင့်လာသောအခါ အေးခဲသွားသော သွေးကို ကိုယ်စားပြုကာ အနီပုပ်ရောင် သို့မဟုတ် ခရမ်းဖောက်သော အနီရောင်ရင့်ရင့် ဖြစ်သွားသည်။

အရွက်ထွက်ပုံမှာလည်း မေတ္တာစေကျွန်ကဲ့သို့ ရွက်လွှဲမဟုတ်ဘဲ ထိပ်ရွက် တစ်ရွက်နှင့် ဝဲယာရွက်ပြိုင်နှစ်ရွက် ထွက်လေ့ရှိသည်။

## အကျိုးသွား

အရွက်အရောင်အသွေးနှင့် ပြိုင်ထွက်လေ့ရှိသော သဘာဝများက တိုက်ခိုက်ရေးကိစ္စ၊ အပြိုင်အဆိုင်ကိစ္စများအတွက် ရည်ညွှန်းကာ အသုံးပြုစိုက်ပျိုးတတ်ကြသည်။

ရွက်ကြောများ ပါရှိသော်လည်း မေတ္တာစေကျွန်ကဲ့သို့ အကြော မများသုပါ။ အလယ်ဗဟိုတွင် ထင်ရှားသော အကြောတစ်စုံနှင့် မထင်ရှား၊ မှေးမှိန်သော အရံအကြောနှစ်စုံသာ တွေ့ရတတ်သည်။ *(မေတ္တာစေကျွန်မှာ ရွက်ကြောလေးစုံနှင့်အထက် ပါရှိတတ်ပါသည်။)*



တိုက်ပွဲဝင်မြား သို့မဟုတ်

# မြားမြီးဂမုန်းအဆို





◆ မြားမြီးဂမုန်းအဆို

အပြိုင်အဆိုင်ကိစ္စများတွင် အနိုင်ရစေရန်၊ ရန်ငြိုး သို့မဟုတ် အကောက်ကြံမှုများ ပပျောက်စေရန်၊ စာသင်သား၊ အလုပ်ဝင်သူများအတွက် စာမေးပွဲ၊ အရည်အချင်းစစ်ဆေးပွဲ အောင်မြင်စေရန်၊ စီးပွားရေး ပြိုင်ဆိုင်ဘက်များထက် ခြေလှမ်းပိုမို သွက်လက်စေရန်၊ အပြင်အဆင်ပြုလုပ် စိုက်ပျိုးခြင်းဖြစ်ပါက သူ့ကိုနိုင်လို ဆ,ကို ခိုရသည်။ သူ၏ ဆဋ္ဌမမြောက်နေ့တွင် စတင် စိုက်ပျိုးရန်ဖြစ်၍ အချိန်မှာ နံနက်(၉)နာရီဝန်းကျင် ဖြစ်ရပါမည်။



www.burmeseclassic.com

www.burmeseclassic.com



● ပွက်ရဲ့မှ ထင်ရှားသောအကြော

"သူ"ဆိုသည်ကား ပြိုင်ဆိုင်ဘက်၏ (အမည်အရ) နေ့နံရှာရန် ဖြစ်သည်။ စာမေးပွဲကိစ္စဖြစ်လျှင် စတင်ဖြေဆိုရမည့်နေ့၏ ဆပွတ်နေ့၊ (၆)ခုမြောက်နေ့ ဖြစ်သည်။

တရုတ်ဓာတ်ပုံရိုပ်များအရ တွက်ချက် စိုက်ပျိုးလိုပါက မိမိမွေးရက်မှ (၆ ခု၊ ၁၈ ခု)မြောက်နေ့များတွင် စိုက်ပျိုးရသည်။ ဥပမာ(မြန်မာလ) လဆန်း(၁)ရက်နေ့ဖွားဖြစ်လျှင် တန်ခူး လဆန်း(၇)ရက်တွင် စိုက်ပျိုးရသည်။

သို့မဟုတ် လဆုတ်(၄)ရက်နေ့တွင် စတင်စိုက်ပျိုးနိုင်သည်။ မြန်မာပြက္ခဒိန်အရ မွေးရက် ယူရသည်။ **(တရုတ်ပြက္ခဒိန်နှင့် လသွားနှုန်းပေါ် အခြေခံသည့်ခြင်း တူညီသောကြောင့် ဖြစ်သည်။)**

(၆)ခုမြောက်နေ့ရက်ကို ယူရခြင်းသည် ဆပွတ်ယူခြင်း မဟုတ်ပါ။ မိမိမွေးရက်ကို စိုးမိုးသည့်ပုံရိုပ်ရှင်မှ (၆)ခုမြောက်ပုံရိုပ်သည် ရန်ကို ဆောင်ထားသောကြောင့် ဖြစ်ကာ အခြားသော ရန်ဘက်ပုံရိုပ်ရှင်များထက် ပိုမို၍ အားကောင်းသည်။

အဆိုးလွန်သော် အကောင်းဘက်ကူးသကဲ့သို့ (စက်ဝိုင်းတစ်ခုတွင် ပြေးနေသူနှစ်ဦးအနက် ရှေ့မှ ပြေးသူသည် အလွန် လျင်မြန်စွာ ပြေးပါက လိုက်သူ၏ အနောက်သို့ ရောက်သကဲ့သို့ ဖြစ်သည်။) ရန်ဓာတ်အားကောင်းသကဲ့သို့ အခြားသော ကာရကဗလ၊ ပံ့ပိုးမှု အင်အားများ ပေါင်းစည်းခြင်းဖြင့် ကောင်းကျိုး မိတ်အကျိုးကိုလည်း ပေးတတ်လေသည်။

ပုံရိုပ်(၁၂)ခုရှိလေရာ တစ်နေ့ချင်းကို ပုံရိုပ်တစ်ခုချင်းစီက စိုးမိုးသည်။ ထို့ကြောင့် (၆)ရက်မြောက်နေ့ရက်... ပုံရိုပ်ရှင်သည် (၁၂)ရက်အကြာ (မူ... မှ ၁၈ရက်အကြာ)တွင် တစ်ဖန် ပြ... လည် စိုးမိုးသည်။


ထို့ကြောင့် (၆)ခုမြောက် သို့မဟု... (၁၈)ခုမြောက်နေ့ရက်ကို ရွေးချယ်ခြ... ဖြစ်ပါသည်။

မြားမြီးဂမုန်းအမဟု ဆိုနိုင်သော... မေတ္တာစေကျွန်ဂမုန်းရွက်တွင် အကြော... ပြိုင်များစွာ ထင်ရှားပါရှိက မေတ္တာ... သရုပ်ကို ဖော်ပြသော်လည်း တိုက်ပွဲ... မြားခေါ် မြားမြီးဂမုန်းအဖိုရွက်တွ... ထင်ရှားသော အကြောတစ်စုံက "မို... **အောက်မှာ ပထမ** (Tiān Xià ... Yì)(ထျဲန်းယှာ့တိယိ)" ဟု ဝင့်ကြွား... ကြွေးကြော်နေသကဲ့သို့ရှိကာ မထင်... သော အရုံအကြောမျှားနှစ်စုံ... ဘက် ရန်သူတို့ကို ညွှန်း...လသည်...



www.burmeseclassic.com

www.burmeseclassic.com



◆ အနီရောင်ရွက်နှင့် ခရမ်းဖောက်ရွက်ချင်

အရေးကြီးသည့်မှာ မြိုင်ဘောက်ကိုအနိုင်ယူခြင်းသည် သူ့ထက် သာလွန်အောင်ကြိုးစားခြင်းဖြစ်သည်။ သူ့ကို ဖျက်ဆီးခြင်း မဟုတ်ပါ။ ထို့ကြောင့် မြိုင်ဆိုင်ဘောက်အား ပျက်စီးပါစေဟု မရှုရိုယစိတ် မပွားရပါ။ ပျက်စီးစေရန် အားထုတ်ခြင်း မပြုရပါ။ သို့မဟုတ်ပါက ကိုယ်ပြုသည့်ကံ ပုံတင်မြန်၍ ကိုယ်သာ ခံရလိမ့်မည်ဖြစ်လေသည်။

မေတ္တာကို ရှေ့ရှု၍ လုပ်ကိုင် ဆောင်ရွက်ပါက ဤမြားမြီးဂမုန်းအဖိုပင်က စီးပွားရေး၊ ပညာရေး၊ အလုပ်အကိုင်၊ အကြံအစည် လိုရာမျက်နှာစာများအတွက် ထိရောက် အောင်မြင်စေရန် ပွဲကိုင် ထိန်းမတ်ပေးနိုင်ပါလိမ့်မည်။ **(မြားမြီးဂမုန်းအဖိုပင်ကို ပေါင်မြို့မ ရုံးစုအနီးရှိ ဦးထွန်းမြင့် ကဖီးရှေ့တွင် တွေ့ရှိ မှတ်တမ်းပြုပါသည်။)**

**ထက်မင်းကျော်စွာ**

ကျမ်းကိုး

- **နဲ့ယျစမှတ်ဒရီ မွန်ပေမူ။**
- **ဦးအောင်ကြိုင်(မုဒုံ -စာစင်ရပ်) ပြောပြချက်များ။**
- **ဝူယှင်းခေတ်ငါးပါး အယူအဆ ပညာ။**

## ကျွဲ၊နွား ဆီး၊ဝမ်းမှန်ဆေး

လွယ်လွယ်လေး

မြန်မာ့လယ်ယာမြေ လုပ်ငန်းခွင်တွင် ယနေ့အထိ လက်လွှတ်မရနိုင်သေးသော ကျွဲ၊နွားများသည် တစ်ခါတစ်ရံတွင် ရာသီဥတု အပူအအေး ရုတ်တရက် အပြောင်းအလဲကြောင့် လည်းကောင်း၊ ရေနှင့် အစာကြောင့် လည်းကောင်း၊ အလုပ်ဒဏ်ကြောင့် သော်လည်းကောင်း ဆီးရောဝမ်းပါချုပ်ပြီးရောဂါရတတ်ပါသည်။

ဆီး၊ဝမ်းချုပ်သော ကျွဲ၊နွားသည် ဝမ်းဗိုက်ပြည့်ဖောင်းပြီး ခါးကုန်းကုန်းကြီး ရပ်နေတတ်ပါသည်။ စားမြုံ့မပြန်ဘဲ နေမည်။ အစာကို စတီသာ စားလိုက်၊နား လိုက် ဖြစ်နေပါမည်။

အလုပ်ခွင်တွင် ခြေလှမ်း မလှမ်းချင် လှမ်းချင် တုံ့နှေးနေပါမည်။ အနည်းငယ်စွန့်သော ကျင်ကြီးကျင်ငယ်သည် အနံ့ဆိုးထွက်နေမည်။ ထင်ရှားသိသာသော ရောဂါလက္ခဏာများ ဖြစ်ပါသည်။

**နတ်မောက်မြို့နယ်၊ စနီးကုန်းရွာမှ နွားဆေးသမား ဦးမြနိုင်နှင့် တွေ့ကြုံစဉ်** ပြောသည်မှာ...

'ကျွဲ၊နွား ဆီးဝမ်းချုပ် အလွယ်သုံးနဲ့ အလွယ်သုံး ကျေးလက်ဆေးနည်းကတော့ "ဆေးရိုးပင်"လို့ ခေါ်တဲ့ "ဥနဲ့ပင်"က အရွက်တွေကို လက်တွင်း တစ်ဆုပ်နှစ်ဆုပ်ခန့် ညက်ညက်ထောင်းပြီး ရေနဲ့ ဖျော်တိုက်လိုက်ပါ။ နာရီပိုင်းအတွင်း ဆီး၊ဝမ်းလိုက်လာပြီး အလုပ်ခွင် မပျက်ကျန်းမာသွားစေပါတယ်'



နွားဆေးသမား ဦးမြနိုင်ထံမှ ရခဲ့၊ ကြားခဲ့ရသမျှ လက်တွေ့ ဗဟုသုတအဖြစ် တင်ပြလိုက်ပါသည်။

**အောင်အိုး (နတ်မောက်)**



www.burmeseclassic.com

www.burmeseclassic.com

# လက်မ ထောင်ကြည့်ပါ



ကောင်းသူ

မြန်မာ့အသုံးအနှုန်းတွင် လက်မ ထောင်သည်ဟူသော စကားရှိသည်။ တိုက်ရိုက်အဓိပ္ပာယ် ရှိသကဲ့သို့ သွယ်ဝိုက်သော အဓိပ္ပာယ်လည်း ရှိသည်။ သွယ်ဝိုက်ဖွင့်ဆို၍ ဝက်ဝုတ္တိအလင်္ကာဟု ဆိုနိုင်၏။ မူရင်းနှင့် ကွဲလွဲသော အထူးအသုံးအနှုန်းဖြစ်၍ (IDIOM)ဟုလည်း ဆိုနိုင်၏။

တိုက်ရိုက် အဓိပ္ပာယ်ဖြစ်သော လက်မကို ထောင်ခြင်းဖြစ်စေ၊ သွယ်ဝိုက်ဖွင့်ဆိုရသော အောင်မြင်မှု အဓိပ္ပာယ်ဖြစ်စေ လက်မသည် အောင်မြင်မှုနှင့် ဆက်စပ်ပြောဆိုနေခြင်းသာ ဖြစ်သည်။ အောင်မြင်သူသာ လက်မ ထောင်နိုင်သောကြောင့် ဖြစ်၏။

အရှေ့တိုင်းတွင်ဖြစ်စေ၊ အနောက်တိုင်းတွင်ဖြစ်စေ **အပြည်ပြည်ဆိုင်ရာ ဘာသာစကား** (International Language)ဟု ဆိုနေကြသည့် ခြေဟန် လက်ဟန်ဖြင့် ဆက်သွယ်ရာ၌ **'လက်မထောင်ခြင်း'**သည် အောင်မြင်မှု၏ သင်္ကေတသာဖြစ်သည်။ ထိုလက်မ အကြောင်းကို လက္ခဏာဗေဒအရ လေ့လာတင်ပြလိုခြင်း ဖြစ်ပါသည်။

လက်မကိုကြည့်၍ လူတစ်ဦး၏ ကံအကြောင်းကို ဟောပြောရာ၌ လက်မ၏ ပုံပန်းသဏ္ဌာန်၊ အရွယ်အစား၊ အပျော့အမာ၊ အတိုအရှည်၊ လက်မပေါ်ရှိ အရေးအကြောင်း အမှတ်အသားများ ပါဝင်သည်။

လူတစ်ဦးတစ်ယောက်နှင့် တွေ့ဆုံသောအခါ ထိုသူ၏ဘဝ၊ အကျင့်စာရိတ္တ၊ စိတ်နေစိတ်ထားကို လက်မကိုကြည့်၍ များစွာမှန်းဆနိုင်သည်။ မိမိဘဝကိုဖြစ်စေ၊ အခြားသူ၏ ဘဝကို ဖြစ်စေ ဆင်ခြင်နိုင်သည်။ လက်မကို အောက်ပါအတိုင်း ခွဲခြမ်းစိတ်ဖြာ၍ အကဲဖြတ်နိုင်ပါသည်။

### ပုံသဏ္ဌာန်များ

၁။ **လက်မရှည်သောသူသည်...** ခေါင်းဆောင်ကောင်း တစ်ယောက်ဖြစ်သည်။ ဖြတ်ထိုးဉာဏ်ကောင်း၍ ဆုံးဖြတ်ချက် မှန်ကန်သည်။ အတွေးအခေါ် ရှင်းလင်းပြတ်သားသည်။

၂။ **လက်မ အလွန်ရှည်သူသည်...** မိမိကိုယ်မိမိ ယုံကြည်မှု များလွန်းသည်။ ဆုံးဖြတ်ချက် မပြင်တတ်။

၃။ **လက်မ ပုတိုလျှင်...** အားနာတတ်သည်။ ကြင်နာတတ်သည်။ တွေဝေတတ်သည်။ နှလုံးသားက ဦးနှောက်ကို အနိုင်ယူမည်။

၄။ **လက်မ ကြီးလျှင်...** လုပ်ရည်ကိုင်ရည် ရှိသည်။ ကိုယ်အား ဉာဏ်အား အစွမ်းကုန် အသုံးပြုတတ်သည်။

၅။ **ပု၍ အသားထူသော လက်မ ပိုင်ရှင်သည်...** အငြင်းသန်သည်။ တဇွတ်ထိုးသမား ဖြစ်သည်။

၆။ **မာ၍ ဖြောင့်တန်းသော လက်မ ရှိလျှင်...** တည်ကြည်၊ စိတ်ချ၊ ယုံကြည်ရသည်။ သတိရှိသည်။ ခေါင်းမာသည်။

၇။ **ကွေးညွတ်သောလက်မ ရှိ** **လျှင်...** စိတ်ရင်းကောင်းသည်။ အပေါ် အသင်းကို အလိုလိုက်သည် ကြင်နာတတ်သည်။ ပျော်ပျော် တတ်၍ အပူအပင်ကင်းသည် ဆက်ဆံရေး ကောင်းသည်။

၈။ **ပြေပြစ်သော လက်ဆစ် လျှင်...** ယုံကြည်မှု ပြည့်ဝသူဖြစ်သည်

၉။ **ပု၍ကြီးမားသော လက်ဆစ် လျှင်...** လူဖြောင့်စိတ်တို ဖြစ်သည် လုပ်ရည်ကိုင်ရည် ထက်မြက် သည်။

၁၀။ **လက်ဆစ်နှစ်ခု အရွယ် လျှင်...** မျှတစွာ စဉ်းစားတတ်သည်။

(ပုံ -


၁၁။ **အပေါ်လက်ဆစ်တို၍ အောက် ပိုင်းလက်ဆစ်ရှည်လျှင်...** ဦးနှောက်ကို ပို၍ ဦးစားပေးသည်

၁၂။ **လက်ဆစ်အပေါ်ပိုင်းက အောက် ပိုင်းထက် ပို၍ရှည်လျှင်...** နှလုံးသားကို ပို၍ ဦးစား သည်။ အထီးကျန်နေတတ် သည်။



www.burmeseclassic.com

www.burmeseclassic.com




| လက်မပေါ်ရှိ အမှတ်လက္ခဏာများ | အဆစ် | ပုံသဏ္ဌာန် |
|---|---|---|
| ၁။ လက်မပေါ်တွင် ဒေါင်လိုက်အစင်း (၃)ကြောင်း တွေ့ပါက သဘောထားပြည့်ဝသူ ဖြစ်မည်။ | ပထမဆစ် | \\\ |
| ၂။ လက်မပေါ်တွင် ကန့်လန့်စင်း စောင်းလျက် (၃)ကြောင်း တွေ့ပါက အမွေအနှစ်ရမည်။ | ပထမဆစ် | /// |
| ၃။ လက်မပေါ်မှ အစင်းကြောင်းတစ်ကြောင်းသည် သောကြာဂြိုဟ်ခုံအထိဆင်းသွားပါက မိန်းမမှုကြောင့် ဓားထိုးခံရမည်။ | |  |
| ၄။ လက်မ ပထမအဆစ်ပေါ်တွင် ကြက်ခြေခတ်ရှိပါက လူရှုပ်လူပွေ ဖြစ်သည်။ | | × |
| ၅။ လက်မပေါ်တွင် ခရေပွင့်ရှိပါက လော်လီသောစိတ် ရှိသည်။ | ပထမဆစ် | ✳ |
| ၆။ လက်မပေါ်တွင် ဆန်ခါကွက် ရှိပါက အိမ်ထောင်ဖက်မှ သစ္စာဖောက်မည်။ | ပထမဆစ် | ▦ |
| ၇။ လက်မပေါ်တွင် တြိဂံပုံရှိပါက လွတ်လွတ်လပ်လပ်နေမည်။ | ပထမဆစ် | △ |
| ၈။ လက်မပေါ်တွင် ကန့်လန့်စင်း များလွန်းပါက မိန်းမကို နိုင်လွန်းသည်။ | ပထမဆစ် | ≡ |
| ၉။ လက်မပေါ်တွင် ဒေါင်လိုက်စင်း(၂)ခု ရှိပါက ဉာဏ်ကောင်းသည်။ | ဒုတိယဆစ် | \\ |
| ၁၀။ လက်မပေါ်တွင် ကြက်ခြေ(၂)ခု ရှိပါက အညာလွယ်သည်။ | ဒုတိယဆစ် | × × |
| ၁၁။ လက်မပေါ်တွင် စက်ဝိုင်းရှိပါက အေးဆေးတည်ငြိမ်သူ ဖြစ်သည်။ | ဒုတိယဆစ် | ၀ |
| ၁၂။ လက်မပေါ်တွင် လေးထောင့်ကွက်ရှိပါက လက်တွေ့ဆန်သည်။ | ဒုတိယဆစ် | □ |
| ၁၃။ လက်မပေါ်တွင် မှည့်ရှိက လောဘကြီးသည်။ | ပထမဆစ် | • |
| ၁၄။ လက်မပေါ်တွင် မှည့်ရှိက ဆွေမျိုးမကင်းသူနှင့် အိမ်ထောင်ကျမည်။ | ဒုတိယဆစ် | • |
| ၁၅။ လက်မအလယ်ရစ်ပေါ်တွင် စပါးစေ့ပုံ ပါရှိက အစားအသောက် ပေါကြွယ်ဝမည်။ | အလယ် |  |
| ၁၆။ လက်မပေါ်တွင် ခက်ရင်းခွပုံရှိက သူများကို မယုံတတ်သူဖြစ်သည်။ | ဒုတိယဆစ် |  |



www.burmeseclassic.com

www.burmeseclassic.com

၁၃။ **လက်ဆစ်မပေါ်လွှင်ဘဲ တစ်ညီတည်း ဖြစ်နေပါက...**
ပွင့်လင်း၍ ခပ်ပြတ်ပြတ် ပြောဆိုလုပ်ကိုင်သည်။(ပုံ–၂)


၁၄။ **လက်မကို ဘေးတိုက်ကြည့်သောအခါ အပေါ်ပိုင်းပြား၍ ချွန်ပြီး သပ်ပုံသဏ္ဍာန် ဖြစ်နေလျှင်...**
မိမိကိုယ်မိမိ ယုံကြည်မှု အားနည်းသည်။(ပုံ –၃)

၁၅။ **ပထမလက်ဆစ်သည် တင်းပုတ်သဏ္ဍာန် ဖြစ်နေလျှင်...**
စိတ်အလိုလိုက်၍ ထင်ရာလုပ်တတ်သည်။ ကြမ်းတမ်းသောကိုယ်၊ စိတ် အမူအရာရှိသည်။ (ရှေးယခင်က ထိုလက်မမျိုးကို ရာဇဝတ်မှု ကျူးလွန်သူများ၌ တွေ့ရ၍ လူသတ်လက်မဟုခေါ်သည်။ ယခုခေတ်တွင် စိတ်အလိုလိုက် အပြုအမူ အပြောအဆို ကြမ်းသော မိန်းကလေးများတွင်လည်း တွေ့ရတတ်သည်။
(ပုံ–၄)

၁၆။ **ဒုတိယလက်ဆစ် (လက်မအရင်း)သည် ပို၍သိမ်ပြီး သွယ်နေလျှင်...**
ဖြတ်ထိုးဉာဏ်ရှိသည်။ တီထွင်ကြံဆတတ်သည်။ တစ်ခါတစ်ရံ အစွန်းရောက်၍ တစ်ဖက်သားကို အပြင်းအထန် ဝေဖန်တိုက်ခိုက်တတ်သည်။ (ပုံ –၅)

လက်မပုံသဏ္ဍာန်နှင့် အမှတ်လက္ခဏာများကိုကြည့်၍ မိမိကံကြမ္မာကို မှန်းဆနိုင်ရန် တင်ပြထားပါသည်။ ဘဝတွင် လက်မထောင်၍ အောင်မြင်သူများ ဖြစ်ကြစေရန် ဆုမွန်ကောင်းတောင်းလျက်...

**ကောင်းသုခ**



◆ ဆီပူထိုး ကြော်ထားသော ငါးစင်စပ်ငါးများ

# ငါးစင်စပ်ငါး

ဆေးအာနိသင်

ချောင်းမြောင်းများတွင် ကျက်စားလေ့ရှိသော ငါးငယ်တစ်မျိုးဖြစ်သည့် ငါးစင်စပ်သည် အကြေးခွံခွာ၊ အူဖောက်၊ ချေးထုတ်ရသော ကရိကထ နည်းပါး၍ မန်းကျည်းရည် (သို့မဟုတ်) ရှလကာရည်အနည်းငယ်ဖြင့် စင်ကြယ်အောင် ရေဆေးကာ ကြော်ချက်စားနိုင်သော ငါးဖြစ်သည်။

ငါးစင်စပ်နှင့် ပတ်သက်၍ မြန်မာ့ဆေးအဘိဓာန်များတွင် မတွေ့ရသော်လည်း တရုတ်ပုံပြဆေးအဘိဓာန်၌ ဤသို့ပြဆိုသည်။

( ၂၊ ၃၅၅ ၅၇ ) **ရှောင်ဟောလူး** Ambassis Bucalis(Small perch) တရုတ်အမည် တိုက်ရိုက်အဓိပ္ပာယ်ကား **'ချောင်းငါးမြေမ'**ဟူ၍ဖြစ်သည်။

ငါးစင်စပ်ကို ရေစင်ကြယ်စွာ ဆေး၍ ဆီပူထိုးကြော်စားပါက နှလုံး၏ လုပ်ငန်းဆောင်တာများကို ကူညီပေးသည်၊ အူသိမ်ကို သန့်ရှင်းစေသည်၊ လျှာနှင့် ပြောဆိုခြင်းဆိုင်ရာ အကြောများ သန်မာစေသည်။

စကားပြော နှေးထစ်သော ကလေးများအတွက် အထူးကောင်းသည်။ သွေးကြောများ သွက်လက်စေကာ အသားအရေကို ထိန်းသိမ်းပေးသည်။ အရွယ်လွန်၍ မျက်နှာအရေပြား တွန့်ရှုံ့ခြင်းကို ထိန်းပေးနိုင်သည်။ သွေးပေါက်များကို သန့်စင်ပွင့်စေသည်။

တစ်ကြိမ်လျှင် (၅၀)ဂရမ်မှ (၁၀၀)ဂရမ်(၃–ကျပ်သားမှ ၆–ကျပ်သားအထိ) တစ်နေ့ လေးကြိမ်မျှအထိ စားပေးနိုင်သည်။

ရက်သတ္တတစ်ပတ်လျှင် (၂)ရက်နှုန်းစားသုံးပေးပါက (၇)ပတ်(၄၉–ရက်) အတွင်း အကျိုးသွား သိသာထင်ရှားသည်။ ကလေးများ (၃–နှစ်အထက်) အတွက် ထက်ဝက်ချိန်ဆ ကျွေးမွေးသင့်သည်ဟု ဖော်ပြထားလေသည်။

**ခွန်စိုင်းဝမ်း**

ကျမ်းကိုး

ကျုန်းယောက်ယွဲ့ (Zhōng Yào Xué) တရုတ်ဆေးအဘိဓာန် စာမျက်နှာ ၁၁၈၅။



www.burmeseclassic.com

www.burmeseclassic.com



ပထမဦးဆုံး

# သံလွင်မြစ်ကူးတံတား

မြန်မာသက္ကရာဇ် ၉၁၀ ပြည့်နှစ်တွင် တပင်ရွှေထီးသည် ယိုးဒယား(ထိုင်း)သို့ စစ်ချီရန် မုတ္တမစား စောလကွန်းအိမ်အား စစ်သည်တော်များ ကူးသွားနိုင်စေရန် မုတ္တမမှ မော်လမြိုင်အထိ လှေဖောင်များဖြင့် သံလွင်မြစ်ကူးတံတား တည်ဆောက်စေသည်။

တံတားဆောက်ပြီးသောအခါ စောလကွန်းအိမ်က ဘုရင်မကူးမီ အခြားသူများ တံတားပေါ်မှ မကူးဖြတ်နိုင်စေရန် ရာဇမတ်ကာ အစောင့်ချထားသည်။

တံတားပြီးကြောင်း ဘုရင့်ထံ လျှောက်သောအခါ ဘုရင်က မြင်းသည်တော်များ လွှတ်၍ တံတားအခြေအနေကို ကြည့်ရှုစေသည်။ စစ်ချီမြင်းများ၊ ဝန်တင်နွားများ ဖြတ်ကျော်ရာတွင် သဘာဝမြေပြင်၌ သွားရသကဲ့သို့ ထင်မှတ်စေရန် တံတားခင်းပြင်ပေါ်တွင် မြက်ခြောက်နှင့် မြေကြီးများ ခင်းထားသည်။

မြင်းသည်တော်တစ်ဦးသည် ကာထားသော ရာဇမတ်ကို ဖယ်ရှားကာ မုတ္တမနှင့် မော်လမြိုင်ကို မြင်းဒုန်းစိုင်း၍ ကူးသွားကူးလာလုပ်သည်။

'ကမ္ဘာတည်သည့် ယခုအချိန်အထိ ဤတံတားမျိုး ရှိဖူးသလော၊ ဘုန်းတန်ခိုးရှင် ဘုရင်မင်းမြတ် မကူးမီ မင်း ကူးသင့်သလော'

စောလကွန်းအိမ်က ထိုသို့ဆို၍ မြင်းသည်တော်အား ဓားနှင့်ကွပ်မျက်သည်။ တပင်ရွှေထီးသည် ကျန်မြင်းသည်တော်တို့ လျှောက်ထားသဖြင့် အမျက်ထွက်ကာ မုတ္တမသို့ ကြွချီလာသည်။

ဘုရင် အမျက်ထွက်ကြောင်း သိထားသော စောလကွန်းအိမ်က ရွှေဖလားနှင့် ပိတ်အုပ်များ စီစဉ်ကာ ဘုရင်၏ စီးတော်ဆင်အနီးတွင် ကြဲ့နိုင်သော သူရဲကောင်း(၅၀)နှင့်အတူ ပုဆစ်တုပ်၍ ကြိုဆိုသည်။

ထိုသို့ကြိုသည်ကို တွေ့ရသဖြင့် ဘုရင် အမျက်ပြေကာ ဆက်သသော ရွှေဖလားနှင့် ပိတ်စများ လက်ခံတော်မူသည်။

'ငါဘုရင် စေလွှတ်သော မြင်းသည်တော်ကို မင်း ဘာကြောင့် သတ်သလဲ'

'ကမ္ဘာတည်သည်မှ ယခုအချိန်အထိ မုတ္တမ–မော်လမြိုင်တံတား တည်ဆောက်သူ ရှိဖူးပါသလား ဘုရား၊ အရှင်မင်းမြတ်၏ ဘုန်းတော်ကြောင့် ဤထူးမြတ်သော တံတားကို တည်ဆောက်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။ အရှင်မြတ်သာလျှင် ဦးဦးဖျားဖျား ကူးသွားနိုင်ရန် စည်းရုံးပြီး ရာဇမတ်ကာထားသည်ကို သာမန်စစ်သည်တစ်ဦးက ဖယ်ရှားကာ ကျွန်တော်မျိုးထံ ခွင့်မတောင်းဘဲ ကူးသွားသဖြင့် အပြစ်ရှိသည်ဟု ယူဆပြီး ကွပ်မျက်ပါသည်။ ကျွန်တော်မျိုး မှားသည်ဟု ယူဆလျှင် အရှင်မင်းမြတ် ဉာဏ်တော်ဖြင့် ဆုံးဖြတ်ပါဘုရား'

တပင်ရွှေထီးသည် နှစ်ထောင်းအားရ ကျေနပ်လှသဖြင့် မုတ္တမအပြင် မုတ္တမ(၃၂)မြို့ကို အပိုင်စားပေးကာ မိမိပါးစပ်ဆေးသော ရွှေအင်တုံ၊ ဆင်စွယ်တွင် တပ်ဆင်ထားသော လက်စွပ်၊ ဆင်ကကြိုးတစ်စုံတို့ကိုလည်း ချီးမြှင့်သည်။

မော်လမြိုင်သို့ ကူးသောအခါ စီးတော်ဆင်နှင့် ဆင်အချို့ကို ဖောင်တော်ဖြင့် တင်၍ကူးစေသည်။ ဆင်အချို့ကို မြစ်ကျဉ်းရာမှ ရေကူးသွားစေသည်။ စစ်သည်များ၊ မြင်းများ၊ ခဲယမ်းမီးကျောက် ဝန်တင်နွားများ၊ လှည်းများကို တံတားမှ ကူးစေသည်။

စစ်သည် (၁၂၀၀၀၀)နှင့် မြင်း၊ နွား၊ လှည်းများ ဖြတ်ကူးပြီးသည့်တိုင် တံတားကြီးမှာ ခိုင်ခံ့နေဆဲဖြစ်ရာ လွန်ခဲ့သော နှစ် (၄၆၀)ကျော်က မြန်မာ့ဗိသုကာပညာစွမ်းရည်ကို သက်သေထူခဲ့သော တံတားဖြစ်လေသည်။

**(ဆရာ ဦးအုံးကျော်၏ တောင်လေးလုံးကျောင်းတိုက်များ သမိုင်းစာအုပ်မှ ထုတ်နုတ်ဖော်ပြပါသည်။)**

ဘုန်းကျော်စွာ (မြိုင်တက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com

# သွေးဝမ်း အတွက်

## ဆေးတစ်ခွက်



မှတ်မှတ်ရရ မနှစ်က ဝါဆိုလက ဖြစ်သည်။ ကျွန်တော်၊ မောင်သူ၊ ကိုစစ်ငြိမ်းတို့ **ကောလင်းမြို့နှင့် ဝန်းသိုမြို့ အစပ်ဖြစ်သော ယွန်းအိုးရွာ၊ ဗီလေးရွာ၊ ကံကုန်းရွာများ** ဆီသို့ ရောက်နေ၏။ ရောက်ရခြင်းမှာ ဂမ္ဘီရပစ္စည်းတစ်ခု ရှိကြောင်း သတင်းရ၍ သွားရောက် ဝယ်ယူရန် ဖြစ်သည်။

တစ်ရွာဝင် တစ်ရွာထွက် မေးမြန်းနေရခြင်း ဖြစ်၏။ နောက်ဆုံး ကံကုန်းရွာမှာ ရှိသည်ဆိုသဖြင့် ကံကုန်းရွာသို့ ယွန်းအိုးမှ ကူးခဲ့ရခြင်းဖြစ်၏။

မိုးကာလဖြစ်၍ လယ်ကွင်းထဲမှာ နေပူပူ ရေပူပူတို့ကို ဖြတ်၍ သွားခဲ့ရ၏။ ကံကုန်းရွာ သူငယ်ချင်းမင်းလူအိမ် ရောက်တော့ ညနေ(၄း၀၀)နာရီထိုးနေပြီ။ ညစာစားပြီး စကားပြောနေစဉ် ကျွန်တော့်သူငယ်ချင်း မောင်သူ အိမ်သာခဏခဏ သွားနေ၏။ အိမ်သာက ပြန်လာတိုင်း မျက်နှာက ရှုံ့မဲ့နေ၏။

မေးကြည့်တော့ သွေးဝမ်းတွေ သွားနေကြောင်း ပြောသဖြင့် ကျွန်တော်တို့ ကျန်းမာရေးဆေးခန်းသွားရန် ပြောသောအခါ ဆရာမ မြို့နယ်အစည်းအဝေးသို့ သွားသဖြင့် မရှိကြောင်း ကျွန်တော့်သူငယ်ချင်းမိန်းမက ပြော၏။

ကျွန်တော် မောင်သူ့အတွက် စိုးရိမ်သွား၏။ သူငယ်ချင်း မင်းလူက "မင်းတို့ မပူနဲ့" ဆို၍ တူးရွင်းကလေးယူ၍ ထွက်သွား၏။ သူပြန်လာသောအခါ ဘာပင်မှန်းမသိသော အပင်ကလေးများ ပါလာ၏။

သူ့မိန်းမဆွေဆွေကို "ရေဆေးပြီး (၃)ခွက်(၁)ခွက်ကျိုခဲ့" ဟု ခိုင်းလိုက်၏။ ဆွေဆွေလည်း မီးဖိုခန်းထဲဝင်ပြီး (၁း၀၀)နာရီလောက်ကြာအောင် ကျိုခဲ့ပြီး မောင်သူကို သောက်ခိုင်းလိုက်၏။ ပထမတစ်ခွက်တိုက်ပြီး (၂)နာရီခန့်ကြာမှ အိမ်သာ

တစ်ခါသွားရ၏။ မောင်သူ[...] လည်း ကြောက်ကြောက်[...] တစ်အိုးလုံးကုန်အောင်သော[...] ၏။ နံနက်မိုးလင်းထိ တစ်ခ[...] မသွားရတော့ပါ။

နံနက် ရေခွေးဝိုင်း[...] ကျွန်တော့် သူငယ်ချ[...] မင်းလူကို "ဘာဆေးပင်[...]" ဟု မေးတော့...

'ငါတို့ ဝန်းသိုနယ်အ[...] တောနင်းဆီပင်၊ ကောလင်း[...] ဘက်က ခေါ်တာက ခွေးလျှ[...] ပန်း။ ဆရာတွေ အခေါ်က[...] အင်ဒိုင်းဆေးနီလို့ ခေါ်[...] သွေးဝမ်းအတွက်တော့ အ[...] ရပဲ။ သူငယ်ချင်းတို့ နယ်[...] ဒါမျိုးဖြစ်ရင် ဒီအပင်ကို [...] ကျိုတိုက်တာပဲ'

ဆိုပြီး သူ မနေ့က တူး[...] သော အပင်ကို ပြပါသည်[...] အပင်မှာ ပင်ငယ်မျိုးဖြစ်[...] အရွက်မှာ (၆)လက်မ ရှည်[...] အနံ (၂)လက်မလောက်ရှိ[...] အရွက်နားတွင် ခွေးသွား[...] သဏ္ဍာန် ရှိ၏။ အမြစ်မှာ အနီရောင်ကဲ့သို့ ရှိ၏။

သွေးဝမ်းဖြစ်လျှင် ဤဆေးပင်၏ ပဥ္စငါးပါး (၃)ခွ[...] (၁)ခွက်ကျို၍ သောက်ရန် ဖြစ်ပါသည်။ အမြဲ လက်ဖ[...] ခြောက်ကဲ့သို့ ခတ်သောက်ပါက လန်းဆန်း၏။ မောပ[...] ခြင်း မရှိပါ။ မျက်စိပါ ကြည်လာ၏။ စာဖတ်သူများ [...] ပတ်ဝန်းကျင်တွင် ယခုကဲ့သို့ ဝေဒနာရှင်များ တွေ့ရှိပါ[...] ဝေငှပေးနိုင်ရန် မေတ္တာဖြင့်...

**(ဤဆေးပင်အတွက် အခက်အခဲ ဖြစ်ပါက ကူညီနိုင်[...] ပါသည်။)**

**မောင်မောင်ထိန်လင်း**
***(တိုင်းရင်းဆေး)***
**ကောလင်းမြို့**




www.burmeseclassic.com

www.burmeseclassic.com

သိမ့်မြင့်အောင်

ကျောရှာအနှစ်

# ရဟန္တာဆဝတ်



◆ ဆရာတော် ဦးအာလောက သက်တော် (၆၁)နှစ်

လဲ အ.ထ.ကရဲ့ (၂)နှစ် (၁)ကြိမ် ပတဲ့ တတိယအကြိမ် အာစရိယ ဖော်ပွဲကို (၁၁-၁၂-၂၀၁၁)နေ့မှာ ပမှာဖြစ်တဲ့အတွက် ဒီနှစ်တော့ ဖြစ်အောင် တက်မယ်။ ကိုယ့် ကြီးတွေကိုလဲ ကန်တော့ချင်တာ သူငယ်ချင်းတွေနဲ့ တွေ့ရမှာ တော့ ဝမ်းသာရပါတယ်။ ဒီလိုပဲ စရိယပူဇော်ပွဲတွေ လုပ်နေကြတာ ပြောမယ်ဆို ရပါတယ်။

ဒီခရီးစဉ်သွားလို့ သတင်းထူးတစ်ခု ဒီစာကို ရေးဖြစ်တာပါ။

ဒီသတင်းက **ပုလဲမြို့ရဲ့ အနောက် မိုင်(၄၀)ဝေးတဲ့ ကျောရွာက ရရဟန်း အရှင် ဦးအာလောက အဂ္ဂိရျာပနမှာ ဓာတ်တော်တွေ တွေ့ရတဲ့ အကြောင်းပါ။** ဆရာ ရဲ့ဘဝက စိတ်ဝင်စားဖွယ် ကောင်းပါတယ်။

## ကျောရွာဇာတိဖွား

ဆရာတော်လောင်းလျာ ကိုကြည် ကို မကွေးတိုင်းဒေသကြီး ဂန့်ဂေါ ပုလဲဂန့်ဂေါလမ်းပေါ်က ပုံတောင် ညာတောင်(၂)ခုရဲ့ကြား မြေပြန့် ပြင်ဖြစ်တဲ့ ကျောရွာမှာ ခမည်း ဦးဘလှ၊ မယ်တော် ဒေါ်မြလှိုင် ရဲ့ သားသမီး(၆)ယောက်ထဲက ယမြောက် သားတော်ဖြစ်ပြီး ၃ ခုနှစ်၊ ဝါခေါင်လဆန်း(၃)ရက် နှစ်နေ့မှာ ဖွားသန့်စင်တယ်။

## ပညာရင်နို့ သောက်စို့ခြင်း

ကျောရွာရဲ့ စာသင်ကျောင်းမှာ ခြေခံ မူလတန်းပညာကို သင်ယူ တ်မြောက်ခဲ့ပါတယ်။

## လူ့ဘုံခလေ့ ပျော်မွေ့ခဲ့တယ်

ဆရာတော်လောင်းလျာဟာ အရွယ် ရောက်တော့ ဓာတ်ဆေးဆိုးလုပ်ငန်း လုပ်တယ်။ ကျွမ်းကျင်စွာ တတ်မြောက် တော့ ဒီလုပ်ငန်းနဲ့ စီးပွားဖြစ်တယ်။ ငွေရှင်တယ်ပေ့ါ။ လောကသဘာဝအရ လုပ်ငန်းတိုးချဲ့ဖို့ စိတ်ကူးတယ်။ အပေါင်း အသင်းများနဲ့တွေ့တော့ အသောက် အစား ဖက်လာတယ်။ နောက်တော့ စီးပွားပျက်တယ်။

## ငုပ်မိသဲတိုင်

စီးပွားလုပ်တတ်တဲ့ လူတစ်ယောက် က အသောက်အစားထူတော့ မိဘမှာ စိတ်ပျက်ရတာပါပဲ။ နောက်တော့ အိမ် မှာ မပျော်ဘဲ အရက်ဆိုင်မှာ ပျော်နေ တော့တယ်။ အိမ်ကဆင်းပြီးဆိုင်အိပ်,





www.burmeseclassic.com

www.burmeseclassic.com

ဆိုင်စား ဖြစ်သွားတော့တယ်။ အချိန်နဲ့ အမျှ တွေဝေ မှုးဝေနေတော့တယ်။

## နေလဲမထူး

အိမ်ကိုစွန့်အပြီးမှာ ဇာတိရွာကိုပါ စွန့်တော့တယ်။ အိမ်နဲ့လဲ အဆက် အသွယ်ပြတ်တောက်ပြီး သေသလား။ ရှင်သလား မသိရတော့ အမျိုးမျိုး ပြောကြတယ်။ တချို့ကလဲ အထက် အညာမှာ တွေ့ခဲ့တယ်။ တချို့အပြော ကြတော့လဲ သေသွားပြီး သင်္ဂြိုဟ်တာ သူတို့တောင် တွေ့ခဲ့တယ်ပေါ့။ မိဘ တွေကတော့ သေလူလို့တောင် စာရင်း သွင်းပြီပေါ့။

## လူပြောလဲ မယုံနဲ့

မသေချင်တဲ့လူ ရှင်တာပါပဲ၊ ဒီ စကား သိပ်မှန်တယ်။ (၁၅)နှစ်အကြာ ဘာသတင်းမှ မရတဲ့ ဆရာတော် လောင်းလျာ ကိုကြည်အေး ဇာတိရွာ ကို ပြန်ရောက်လာတယ်။ နှစ်ကြာလာ တာနဲ့အမျှ ပြောင်းလဲမှုများစွာနဲ့ တိုး တက်နေတဲ့ ကျေးရွာမှာ မီးရထား ဘူတာရုံနဲ့ အထက်တန်းကျောင်း၊ ရဲ စခန်း၊ စားသောက်ဆိုင်ကြီးတွေနဲ့၊ အိမ်ကြီးရခိုင်တွေနဲ့ ဝေစည်နေပြီး အဝင်နဲ့အထွက် ပြောင်းလဲသွားကြပြီ။

## မပြောင်းလဲသော ကျွန်ုပ်

ရွာကနေ မြို့နယ်ခွဲတစ်ခု မြို့ပြပုံစံ ပြောင်းသွားပေမယ့် ကိုကြည်အေး ကား မပြောင်းလဲသေး။ အရက်ရဲ့ဒဏ်၊ လောကဓံ၊ ရာသီဥတုဒဏ်ကြောင့် လူလုံးမလှတော့ အိမ်ကိုပင် နေ့အချိန် မဝင်ရဲ။ လမ်းပျောက်နေပြီ။ လူမေးသူ မေးနဲ့ အိမ်ပြန်မလှ ဖြစ်ရပြန်တယ်။ ဖခင်ဖြစ်သူကလဲ သားယစ်ထုတ်ကြီး ကို မြင်ရတော့ ဝမ်းမသာဘဲ နှလုံး မသာ ဖြစ်ရတယ်။

မျက်နှာချင်းပင် မဆိုင်တော့၊ အိမ် ကိုတော့ မှာထားတယ်။ "တစ်ရက်ကို (၁)လုံးဖိုးပေးတာထက် ပိုမပေးနဲ့"။ ကျန်တဲ့ပြဿနာ တာဝန်မယူမဖြစ်လို့ သာ လိုက်လျောရတဲ့သဘောပါ။ ဒီ တော့ ညီအစ်ကိုမောင်နှမတွေဆီ လက်ဝါးဖြန့်ရတော့တယ်။ နေ့စဉ် သောက်သူအတွက် အရက်ဖိုးကို များများမပေးတော့၊ တတ်နိုင်သလောက် ပေးကမ်းကြ၏။

## တက်နိုင်ဖျားရောက်

အသက်(၅၀)ပြည့်လာတော့ စိတ် ထဲမှာ အလိုလို ပြောင်းလာတယ်။ ဘဝမှာ အဆိုးဆုံး အစွန်ဖျား ရောက် သွားခဲ့ပြီ၊ ဒီဘဝကိုလဲ စိတ်ညစ်,စိတ်နာ လာပြီ။ သံဝေဂစိတ်၊ ဆန့်ကျင်ဘက် စိတ်က ဒီအတိုင်း မနေချင်တော့ လွတ် မြောက်ချင်ပြီ။

တိပိဋကပုဂ္ဂိုလ်ရဲ့ သဘောအတိုင်း မည်သူ တစ်ဦးတစ်ယောက်ရဲ့ တိုက် တွန်း စေ့ဆော်ချက်မပါဘဲ အရက်ဖြတ် တော့တယ်။ အိမ်ရှိ ဆွမ်းချိုင့်ကို ဆွဲကာ ရွာဦးကျောင်း ဆရာတော်ထံ ဆွမ်းပို့ သွားတော့တယ်။ ဆရာတော်ကို ဖူးတွေ့ ပြီး အရက်ဖြတ်လိုကြောင်း လျှောက် ထားတယ်။ ဆရာတော် သာဓု ခေါ်ပါ တယ်။

ဥပုသ်သီတင်းပတ်တိုင်း တရားနာ ကုသိုလ်ပြု လက်လှမ်းမီသမျှ တရား စာအုပ်ကို ဖတ်လျက်နေတော့တယ်။ နောက်တော့ ကျေးရွာရဲ့မြောက်ဘက် (၆)မိုင်ခန့်အကွာ ကျဲရွာ ပုခက်သုံး ဆယ်တောင်ပေါ် ဥမင်ဂူမှာ လူဝတ် ကြောင်နဲ့ တရားအားထုတ်နေပါတယ်။

## ရခဲ့ဗ္ဗ ရှင်ဘဝ

လူဝတ်ကြောင်နဲ့ တရားအားထုတ် ပြီးနောက် ကျေးရွာ အရှေ့မင်းကျော မှာ ကိုရင်ကြီး ဝတ်တယ်။ တရားအ ထုတ်တယ်။ တစ်ခါတလေတော့ မိ တွေရှိတဲ့ အိမ်ကို ကြွလာတတ်တ ဖခင်ဖြစ်သူကလဲ သား ကိုရင်ကြ မျက်နှာချင်းမဆိုင် မတွေ့ချင်ဘ အိမ်အပြင်ကို ထွက်ထွက်သွားတ တယ်။

တစ်နေ့ မျက်နှာချင်း မဆိုင်ချင် ဖခင်ကို ရဟန်းခံပေးဖို့ ပြောတ ဖခင်ကလဲ ပြတ်သားတယ်။ ဘယ် ထိ ပြောသလဲဆိုရင် အိမ်ကလူ ကို…

'အေး မင်းတို့တွေ ရဟန်းခံပေးချင် ကြ၊ ငါက ရဟန်းမခံပေးဘူး။ ရဟန်းခံ သူလဲ ငါ့အိမ် မနေနဲ့'

## စကားကို နားထောင်ကြတယ်

ဒီတော့ မိခင်ဖြစ်သူကလဲ အိမ် မနေတော့ဘူး။ မီးဖိုချောင်မှာ ဆ နေတယ်။ သမီးဖြစ်သူ ရဟန်း လောင်းကလဲ အိမ်ခွဲဆောက် တယ်။

## နိဗ္ဗာန်ဝင်လမ်း မြတ်ရဟန်း

၁၃၆၂ ခုနှစ်၊ နှောင်းတန်ခူးလပြ ကျော် (၄)ရက်၊ ဗုဒ္ဓဟူးနေ့မှာ ရဟန်းဒါယကာ ဦးကျော်ဖေ၊ ရဟ ဒါယိကာမ ဒေါ်ခင်ဌွေးတို့က ကျေ အရှေ့မင်းကျောင်း ဆရာ ဦးဝိစိတ္တကို ဥပဇ္ဈာယ်ဆရာပြုပြီး သ ဝင်ကာ မြင့်မြတ်သော ရဟန်းဘဝ ရောက်ရှိပါတယ်။

ဆရာတော်ဟာ ရဟန်းပြုပြီး မ ခင်မှာဘဲ ပုလဲမြို့နယ်၊ လယ် အနီးက မဟာမြိုင် တရား တရားအားထုတ် ကြတော်မူတ နောက်တော့ စစ်ကိုင်းတောင်ရိုး



www.burmeseclassic.com

www.burmeseclassic.com

...ည် မဟာစည်သာသနာ့ရိပ်သာ ... ဆရာတော် ဘဒ္ဒန္တ သုဝဏ္ဏ ...ဘာဓရ၊ သာသနာ့ တက္ကသိုလ် ...) ယခု ပုလဲတောရ ဆရာ ...ထံမှာ နည်းနာခံယူပြီး ဝိပဿနာ ...နဲ့ တရားအားထုတ်တော်မူ ...။

## ...ရက်တောပျော် ဆရာတော်

...ရွှမ်းရည် မဟာစည်မှ ဝိပဿနာ ...ပ် အားထုတ်ပြီးနောက်မှာ ကျော ...ကို ပြန်ကြွတယ်။ ရွာအနီးက ...ရက်ခြံမှာ တစ်ပါးနေ တောကျောင်း ... တစ်ပါးတည်း တရားအားထုတ် ...တင်းသုံးတော်မူတယ်။ လက်လှမ်း ...မှုတရားစာအုပ်များကိုဖတ်ရှုတယ်။

...ရားစာအုပ်နဲ့ ကျောင်းကို ရဟန်း ...ကာ၊ ဒါယိကာမတို့က လှူဒါန်း ...တယ်။ ရဟန်းတရားနဲ့အညီ နည်း ...အမှုကို ဆောင်တယ်။ တစ်နေ့ ...ကြီမ်သာ ခံဆွမ်းကို ဘုဉ်းပေး ...ယ်။ နောက်တော့ သတ္တဝါများကို ...မေတ္တာဖြန့်ဝေကာ သက်သတ် ...တ်သာ ဘုဉ်းပေးတော့တယ်။

## ကျောင်းပြောင်းခြင်း

နောက်တော့ သရက်ခြံ သရက်သီး ...ရောက်ရင် သရက်သီး ပုတ်သံတွေ ...ကြောင့် တရားအားထုတ်ချိန် အသံရဲ့ ...နှောင့်အယှက်ကြောင့် ကျောင်း ...ပြောင်းဖို့ စိတ်ကူးတယ်။ ဒါကြောင့် ...ကျာရွာရှိ ဒေါ်သန်းကြည်နဲ့အတူ ...ဟန်းဒကာနဲ့ ရဟန်းအမတို့က ခြံ ...နီးရှိ မြေဝယ်ကာ တောရကျောင်း ...ဘောင်းကို ရွှေ့ပြီး နေရာသစ်မှာ ...ကျောင်းတည်လှူဒါန်း ကုသိုလ်ပြုကြ ...ပါတယ်။

ဆရာတော် ဦးအာလောကဟာ



အချိန်ရှိသမျှ မေတ္တာဘာဝနာပွားခြင်း၊ တရားအားထုတ်ခြင်း၊ တရားစာပေဖတ်ရှုခြင်းတို့ဖြင့် (၁၀)နှစ်ကျော်ကြာ တောရပျော် ဆရာတော်ဘဝနဲ့ မြတ်သောအကျင့်နဲ့ သီတင်းသုံးနေတော်မူတယ်။

## ဆေးကုသမှု ခံယူခြင်း

ဆရာတော်ဟာ တောရဆောက်တည် ပျော်နေသော်လဲ သက်တော် (၆၀)ကျော်မှာတော့ ဂိလာနဘဝ ရောက်ခဲ့ရတယ်။ ရာသီဥတု အေးလွန်းခြင်း၊ မိုးရေများ စိုစွတ်သော်လဲ ဆွမ်းခံဝတ် မပျက်ခြင်းတို့ကြောင့် အဆုတ်ရောဂါ ခံစားရတယ်။ ဝေဒနာ ကြီးလာတာကို သတိထားမိပြီး တရားအလုပ်ကို အပြီး လုပ်ဆောင်သွားတော့မယ်လို့ ဆုံးဖြတ်လိုက်တယ်။ ဝေဒနာကားပိုပြီး ပြင်းထန်လာပြီး စကားမိန့်တော်မူက ခံတွင်းနှုံက ဆိုးနေပြီ။

(၁၈-၁၁-၂၀၁၁)နေ့မှာတော့ ညီမရဟန်းဒါယိကာမက ဆေးကုသခံရန် လျှောက်ထားတယ်။ ရုတ်တရက် စီစဉ်ရသောကြောင့် ဂန့်ဂေါ-မန္တလေး လိုင်းကားပေါ်မှာ ပင်ပန်းကြီးစွာ အမိုမဲ့ကြားခုံပေါ် သည်းခံပြီး ဝေဒနာ ရှုပွားနေခဲ့ပါတယ်။

မုံရွာရောက်မှသာ ခရီးသည်တစ်ဦး ဆင်း၍ ခုံနေရာ ရခဲ့ပါတယ်။ မန္တလေး ရွှေမန်းကျောင်းတိုက်မှာ (၂)ရက်တည်းခိုပြီး တော်ဝင်ဆေးတိုက်မှာ ကုသခဲ့ပါတယ်။ ရောဂါ ရှာဖွေစစ်ဆေးတော့ တီဘီလို့ သတ်မှတ်ပြီး ဂန့်ဂေါ ဆေးရုံမှာ တီဘီဆေးရဖို့ ဆေးစာပေးတယ်။ (၁၅)ရက်နေမှ ပြန်လာပါလို့ ပြောတယ်။

## ကျောင်းအဖြစ် သီတင်းသုံးတော်မူပါ

(၂၁-၁၁-၂၀၁၁)နေ့မှာ ကျောရွာကို ပြန်ရောက်တယ်။ နာမကျန်းဖြစ်နေပြီ။ တစ်ပါးတည်းနေဖို့ မဖြစ်နိုင်တော့သလို ဆွမ်းကိစ္စနဲ့ ပြုစုဖို့ လိုအပ်နေတဲ့အတွက် ခမည်းတော်ကြီးက မကျန်းမာသရွေ့ မိမိရဲ့နေအိမ်ကို ကျောင်းအဖြစ် သီတင်းသုံးနေတော်မူပါလို့ လျှောက်ထားတာနဲ့ သီတင်းသုံးနေပါတယ်။

## ရှင်သာရိပုတ္တာရောထုံး နှလုံးမူ

(၂၇-၁၁-၂၀၁၁) နေ့မှာတော့ ဆရာတော်ဟာ ရောဂါအပြင် ခရီးဒဏ်တို့ကြောင့် ထင်သည့် အစာပင် လက်မခံချင်တော့၊ ဆရာတော်က တရားနှလုံး သွင်းနေတော်မူသည်၊ မိနစ် (၂၀) ခန့် လုံးဝ ငြိမ်သက်သွားသည်။ မိသားစုဆွေမျိုးတို့က ခြေချိုး၊ ရင်ဘတ်ဖိ၊ ငိုကြွေး၊ ဟစ်အော်ကြတော့ ဆရာတော် မျက်လုံးဖွင့်ပြီး နောက်ဆုံး မိန့်မှာသွားတာကား...

'နင်တို့က ဘာဖြစ်လို့ ငိုကြွေးပူဆွေးနေကြသလဲ၊ ငါက တရားရှုနေတယ်၊ နင်တို့အသံတွေကြောင့် ဒီလိုမဟုတ်ရင် တစ်ခါတည်း ကိစ္စပြီးပြီ'

ဟု မိန့်မှာတယ်။ နောက်ထပ် (၁) ကြိမ် ငြိမ်သက်သွားတယ်။ ညီမဖြစ်သူ ရဟန်းအမ ကျောင်းအမ ဒေါ်ခင်ဌေး လက်ပေါ်တွင်ပင် ခန္ဓာဝန်ချတော်မူတယ်။

## (၁)ရက်နဲ့ (၁)ရက် ထူးခြားပြီ

ဆရာတော် ပျံလွန်တော်မူပြီး (၃)



www.burmeseclassic.com

www.burmeseclassic.com

ရက်အကြာ အဂ္ဂိစျာပန ကျင်းပမည်ဟု ဆုံးဖြတ်ကြပါတယ်။ ဒုတိယနေ့ ရောက်
[illegible]
ကာ ပျော့ပျောင်းနေပါတယ်။ လက်ခြေ တို့ ကွေးဆန့်လို့ရဆဲ၊ ခန္ဓာကိုယ်က အနံ့ဆိုး လုံးဝ မထွက်၊ အိပ်ပျော်နေသည့်အလားပင်၊ မျက်လုံးတော်က ပွင့်ပြီး မျက်နှာထက်က ပြုံးပြုံးကြီး ဖြစ်နေပါတယ်။ အဲဒီနောက် ဆံတော်ကို ပယ်ပြီး အပြန့်ပြန့် အလှန်လှန် ရိတ်ကြည့်ပါတယ်။ နောက်နေ့တွင် ဆံတော် အငုတ်များ ထွက်နေတာကို စမ်းလို့ရပါတယ်။

## ဓာတ်တော်တွေ ဖူးရပြီ

(၃၀-၁၁-၂၀၁၁)နေ့ ကျောင်း၏ အနောက်ဘက်တွင် ကျောင်းသား အများစုရဲ့ ပူဇော်မှုခံယူပြီး အဂ္ဂိစျာပန ကျင်းပပါတယ်။ အဂ္ဂိစျာပန ကျင်းပနေတုန်း အနံ့ဆိုးများ မထွက်ခြင်း၊ ကြွတက်၊ ကုန်းထခြင်း အလျှင်းမရှိပါ။ အုံ့ညိုဖွယ်ကား နှလုံးတော်မှာ မီးမခြင်း ဖြစ်ပါတယ်။ တချို့ကလဲ မီးနဲ့တွေ့ ဘာခံနိုင်မလဲဆိုကာ ဝါးစိမ်းတွေကို ခုတ်ကာ မီးတောက်အတွင်း ထပ်မံ ထည့်သွင်းပြန်ပါတယ်။ ဝါးမီးတွေသာ လောင်မြိုက်ကုန်ပါတယ်၊ နှလုံးတော်ကား ရှိမြဲပင်။

[illegible]
သော အံ့သွား ထပ်ရပြန်ပါတယ်။ နှလုံးမှ ပန်းထွက်တဲ့ သွေးတို့က ပန်းရောင် အလုံးငယ်များ ထပ်ရပါတယ်။ အရိုးကဖြစ်တဲ့ ဖြူဖြူဖွေးဖွေး အလုံးများကို ထပ်မံ တွေ့ရပါတယ်။ အချို့ သေးငယ်တဲ့ အဖြူလုံးများကို ဖိခြေလိုက်ရင် ပလက်တီနမ် အမှုန်များလို ဝင်းပြောင်ဖြစ်နေပါတယ်။ ခါးဆစ်ရိုးမှာ ရွှေရောင်လို ဝါဝင်းတဲ့အဆင်း ဖြစ်နေတာကို အံ့ညြဖွယ် ဖူးတွေ့ရပါတယ်။ တစ်နယ်လုံး သတင်းပြန့်သွားပါတယ်။ အံ့ညြဘနန်း ဖြစ်ကြရပြီ။ ခမည်းတော်မှာလဲ သားရဟန်းအတွက် ကျေနပ်ပီတိ ဖြစ်ရပါတော့တယ်။

## အံ့ညြမကုန်

ဆရာတော်ရဲ့ ဓာတ်တော်အစုံကို ဖန်ပေါင်းအိုးမှာထည့်ပြီး ကျောင်းအရှေ့မင်းကျောင်းမှာ ပူဇော်ခံ ထားရှိပါတယ်။ အများကုသိုလ်ဖြင့် စေတီတည် ကိုးကွယ်မည်ဟု သိရပါတယ်။

ဆရာတော် ဦးအာလောက ခန္ဓာဝန်ချတဲ့ ခမည်းတော်ကြီးအိမ်၌ မကြုံဖူးတဲ့ အံ့ဖွယ်မှာ ခန္ဓာဝန်ချတဲ့ ခုတင်ဘော
အောက် ယောင့်ကွေးဘက်က မီ
ငယ်များ လင်းလက်နေတာကို
ကြိမ်တိုင် တွေ့ရပါတယ်။ သုံးခဲ့တ
ဇောင်ခေါက်က အတွင်းက လက်နိုင်
ထိုးထားတဲ့အတိုင်း အလင်းရောင် ဖြ
ထွက်နေတာကို တွေ့မြင်ရလိုက်တာပင်
ဖြစ်ပါတယ်။

ဆရာတော်ရဲ့ ပြာတွေကိုတော့
ကျောင်းရဲ့ အနောက်ဘက်ချောင်းမှ
ရေမျှော ပူဇော်လိုက်ကြပါတယ်။

ဆရာတော်ရဲ့ ဘဝပုံရိပ်ကား မထင်
မရှား၊ သာမန်တောရပျော် ပုဂ္ဂိုလ်
သည် ပဋိပတ္တိဖြင့် ဘဝမှ လွတ်မြောက်
အောင် ကြိုးစားအားထုတ်မှုကား စံနမူ
ပင် ဖြစ်ပါတယ်။

ဒီနှစ် မြတ်ဆရာ ပူဇော်ပွဲခရီးစဉ်ကို
သွားရခြင်းဖြင့် ဆရာတွေကို ကိုယ်တိုင်
ကန်တော့ခွင့်ရတဲ့ ပီတိရယ်၊ ပုဂ္ဂိုလ်ထူး
ကို ဖူးတွေ့ခွင့်ရပြီး ထူးခြားတဲ့ ဖြစ်စဉ်
ရယ်ကို တင်ပြရင်း ကုသိုလ်မျှဝေ
ပြုလိုက်ပါသည်။

**ညိုမြင့်မောင်**

**စာရှုသူ သုတေသီနှင့် ဝါသနာရှင်များသို့. . .**

မိမိတို့ဒေသရှိ ဆရာတော်ကြီးများ ပုဂ္ဂိုလ်ထူးကြီးများ၏ မိမိတို့သာသိပြီး သမိုင်းမဝင်သော ဖြစ်ရပ်များကို ရေးသားပေးပို့နိုင်ကြပါပြီ။

ဤသို့ ရေးသားပေးပို့ခြင်းဖြင့် ကွယ်လပ်ဖြစ်နေသော အများမသိသော ဖြစ်ရပ်များကို မှတ်တမ်းတင်ပြီး ဖြစ်သွားပါမည်။ ဤကုသိုလ်ထူးကြီးကို ပါဝင်မှတ်တမ်းတင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

လေးစားစွာဖြင့်. . .

ဦးကျော်မိုးထိုက်
[illegible]

www.burmeseclassic.com

www.burmeseclassic.com

အစဉ်အလာကြီးမားသော ဂါထာထူးနှင့်

# မဂ္ဂင်ရှစ်ပါး အဒ္ဒလက်ဖွဲ့

ဦးသင်းမောင်သန့်
(အာ.ဆ.ဏ၊ ပခန်းတန်း)

ရတနာသုံးပါး ကန်တော့ခန်း၌ ပါရှိခဲ့သော ဂါထာနှင့်လက်ဖွဲ့အကြောင်းကို ဆက်၍ရေးသားပါဦးမည်။


အစဉ်အလာကြီးမားသော ဂါထာထူးဖြစ်သော်လည်း ထိုဂါထာမှာ လူသိများ၍ ထင်ရှားပြီးသား ဖြစ်ပါသောကြောင့် ယခုမှဆက်၍ ရေးရခြင်းလည်း ဖြစ်ပေသည်။

ရေးသားရခြင်းမှာလည်း ဂါထာတော်၌ ထူးသောပါဠိတစ်ကြောင်းပါနေခြင်း၊ ဂါထာကို အနက်ဖွင့်ကလည်း ထူးခြင်းနှင့် စီရင်ပုံကလည်း ထူး၍နေခြင်းတို့ကြောင့်ပင်ဖြစ်သည်။

ထို့အပြင် ဖော်ပြရေးသားခဲ့သော ဆရာတော်အရှင်သူမြတ်၏ ကြီးမားလှသော စေတနာ၊ မေတ္တာတို့ကို အသိအမှတ်ပြုကာ ဦးထိပ်တင်ခြင်းဟု ဆိုချင်ပါသေးသည်။

မဂ္ဂင်ရှစ်ပါးလက်ဖွဲ့သည် ပဒုမ္မာကြာပွင့် ပုံသဏ္ဌာန်ဖြစ်ပါသည်။ ထို့ကြောင့် ပဒုမ္မာကြာချပ်လို တြင်းနဝင်းတော့ရပါဒ်ရှိသော ဝံသဒ္ဒပမာဏများဖြစ်သည်ဟု ဆိုထားပါသည်။

ထို့အပြင် ပဒုမ္မာကြာပွင့်သဏ္ဌာန် **ဆိုတ်း၊ တကိုဏ်း၊ ဖကိုဏ်း၊ ရကိုဏ်း** သေးကိုဏ်းအစဉ်သင့်နေရသော ဝံသဒ္ဒါထာမျိုးဖြစ်ပြီး မဂ္ဂင်ရှစ်ပါးအဒ္ဒလက်ဖွဲ့သည် ဇိအက္ခရာကို ရှစ်ကြိမ်



ပဒုမ္မာကြာပွင့် ပုံသဏ္ဌာန် မဂ္ဂင်ရှစ်ပါး အဒ္ဒလက်ဖွဲ့ပုံ

- ပဒုမ္မာကြာပွင့်ပုံသဏ္ဌာန် မဂ္ဂင်ရှစ်ပါး အဒ္ဒလက်ဖွဲ့ပုံကို ပုံတူကူးယူ၍ နေ့ကောင်းရက်မြတ်၌ မြင့်သော၊ မြတ်သောနေရာတွင် ချိတ်ဆွဲပူဇော်လျှင် ထူးခြားသော ကောင်းကျိုးကို ရစေနိုင်ပါသည်။
- ထို့ပြင် ရွှေပြား (သို့မဟုတ်) ငွေပြားတွင် ရေး၍ လက်ဖွဲ့ထိုး၍ ဆောင်လိုက ဆောင်နိုင်ပါသည်။ အကျိုးက အလုံးစုံ ကောင်းပါသည်ဟု ဆိုချင်ပါသည်။
- ထိုဂါထာကို အမြဲမပြတ် ရွတ်ဖတ်ပူဇော်မည်ဆိုလျှင် အကြံအစည်ကောင်းဟူသမျှကို အထူး အောင်မြင်စေပါသည်။ ထိုထက်ကား ရန်အပေါင်းကို ထူးထူးခြားခြား အောင်မြင်ခြင်းပင်ဖြစ်ပါသည်။

ရွတ်ဖတ်ရန်လည်း ညွှန်ပြထားပါသေးသည်။

ထို့နောက် ရတနတ္တယပဏာမပါဠိကို ကြည့်ရှုသွတ်သွင်း၍ ရေးထားပါသည်။ ဓမ္မပဒ္ဓိသမ္ဘိဒါ ဆန်းကြယ်နက်နဲခြင်းကို သိစေပါသည်ဟု ဆိုပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။

## ပဒုမ္မာကြာပွင့် ဂါထာတော်

သိဒ္ဓိ ဘဝန္တု ဇိနစက္ကဝရာဘိဝုမိယော၊
ဇိနာဘိ မာရာရိ ဇိနော ဒယာလယော။
ဇိနုတ္တ ဓမ္မော စ ဇိနေန ပူဇိတော၊
ဇိနော ရသော နန္တ ဇိနပ္ပသံသိတော။
ဇိနာဒယော တေရိ ဇိတေ နမာမဟံ။
***(ပန်းပဒုမ်)***

ဂါထာတော်အနက်

**ဇိနစက္ကဝရာ ဘိဝုမိယော၊** ကိလေသာကို အုပ်ချုပ်မိသော ဥတ္တရိမနုဿ ဓမ္မဘုရားအာဏာ သာသနာတော်စက် လရောင်နေမီး တက်သကဲ့သို့ အဆက်ဆက် စည်ပင် ပြန့်ပွားခြင်းတို့သည်။

**သိဒ္ဓိ၊** သဗ္ဗသိဒ္ဓိမြောက်ကုန်သည်။

**ဘဝန္တု၊** ဖြစ်စေကုန်သတည်း။

**ဒယာလယော၊** မဟာကရုဏာ ဉာဏ်တော်၏ တည်ရာလည်း ဖြစ်တော်မူပေထသော။

**ဇိနော၊** ကိလေသာကို အောင်တော်မူပြီးသော မြတ်စွာဘုရားသည်။

**မာရာရိ၊** မာယာလေးဆယ် ပရိယာယ်ထောင်သောင်း မကောင်းတတ်သော ရန်မာန်တို့ကို။

**ဇိနာဘိ၊** အောင်တော်မူနိုင်၏။

**ဇိနုတ္တဓမ္မောစ၊** ကိလေသာကို လွှတ်မြောက်နိုင်သော ဥတ္တရိမနုဿဓမ္မ ဖြစ်သော ပါရမီဆယ်ပါးသတိပဋ္ဌာန် သမာပတ်မဂ္ဂင်တရားကိုလည်း။

**ဇိနေန၊** မြတ်စွာဘုရားသည်။

**ပူဇိတော၊** ပရိယတ် ပဋိပတ် နှစ်ထပ်နှစ်လွှာ ထင်ရှားစွာ ပူဇော် ဟောတော်မူ၍။

**ဇိနောရသော၊** ကိလေသာခပင်းကို မြစ်ချင်းပြီး ခမည်းတော်ဘုရားလို အောင်ပြီဟုဆိုနိုင်ပေသော၊ အိမ်ရှေ့ နန်းလျာ မဟာသယ်ရာဇ်မင်းကိုလည်း။

**အနန္တဇိနပ္ပသံသိတော၊** အောင်သူ တကာတို့၏ ရှေ့ဖျား၊ နဝင်္ဂရမာရကင် ကို ပေးသနား၍ ငါ့တပည့်သား ငါလိုပဲ ဟု ပရိသတ်ပွဲတွင် ချီးမွမ်းတော်မူ၏။

**အရိဇိတေ၊** အရိအရွဲ တရွဲရွဲယိုစီး တတ်သော ကိလေသာအပေါင်းတို့ကို စင်ကြယ်အောင် ဆေးလျှော်တော်မူပြီး ကုန်သော။

**တေဇိနာဒယော၊** ထိုဇိနာတ်၏ အရှင်ဖြစ်တော်မူသော ဘုရားရဟန္တာ စသော သူတော်ကောင်းတို့ကို။

**အဟံ၊** ကာယကမ္မံ ကိုယ်ဟုသမုတ် အကျုံးဝင်သည်။

**အဥ္စလီကမ္မေနစ၊** လက်အုပ်[illegible] ခြင်း ကာယဒွါရ ကာယကံဖြင့်လည်း[illegible] ကောင်း။

**ဝစီကမ္မေနစ၊** နှုတ်မြွက်ခြင်း ဝ[illegible] ဒွါရ ဝစီကံဖြင့်လည်းကောင်း။

**မနောကမ္မေနစ၊** နှလုံးသွင်း မနော[illegible] ဒွါရ မနောကံဖြင့်လည်းကောင်း။

**တီဟိဒွါရေဟိ၊** သုံးပါးသောဒွါ[illegible] သုံးပါးသောကံတို့ဖြင့်။

**ဝန္ဒေဝန္ဒာမိ၊** **နမေနမာမိ**[illegible] စိတ်ညွတ်ကြည်ညိုပါ၏ (ဝါ) မနောဒွါ[illegible] တွင်ဆုံ၍ အကုန်ရှိခိုးပူဇော်ဖူးမြော်[illegible] မာန်လျှော့ ကန်တော့ပါ၏ အရှ[illegible] ဘုရား။

**ခက်ခဲသောပါဠိအသံထွက်**

| | | |
|---|---|---|
| သိဒ္ဓိ | = | သိတ်ဓိ |
| ဘဝန္တု | = | ဘဝန်တု |
| ဇိနစက္ကဝရာ | = | ဇိနစက်ကဝရာ |
| ဘိဝုမိယော | = | ဘိဝုတ်ဒိယော |
| ဇိနုတ္တ | = | ဇိနုတ်တ |
| ဓမ္မောစ | = | ဓမ်မောစ |
| နန္တ | = | နန်တ |
| ဇိနပ္ပ | = | ဇိနပ်ပ |

***သင်၏ဘဝသာယာပါစေ။***

**ဦးခင်မောင်သန်း**
*(အ.မ.က၊ ပခန်းတန်း)*


**သိုးမွေး[illegible]**

ဖွပ်လျှော်နည်း



သိုးမွေးထည်များကို လျှော်မည်ဆိုလျှင် ပထမဦးစွာ အဝတ်ကို ရိုက်ခါပြီး ရေခွေး ခပ်နွေးနွေးတွင်ထည့်၍ ရေညှစ်ပစ်ပါ။ ***(အဝတ်ကို လိမ်၍ မညှစ်ရပါ။)***

ထို့နောက် ဆပ်ပြာပါသော ရေနွေး (သို့မဟုတ်) အဝတ်လျှော်ဆော်ဒါတွင် လက်ချား လက်ဖက်ရည်ဇွန်းနှင့် တစ်ဇွန်းထည့်၍ အဝတ်ကို ရေထဲ၌ ညင်သာစွာဆောင့်ပါ။ နောက်ထပ် ရေနွေးနွေးတွင် သုံးကြိမ်ခန့် ရေလဲ၍ ဆောင့်ရမည်။

ဆပ်ပြာရည်စင်သည့်အထိ ရေညှစ်ပြီးသောအခါ အထည်ကို ဆန်ခါတစ်ခုတွင်ဖြန့်၍ ခြောက်သွေ့အောင် နေလှန်းရမည်။

အင်္ကျီလှန်းသည့်ချိတ်နှင့် ချိတ်၍ သိုးမွေးထည်ကို နေလှန်းပါက အင်္ကျီပုံစံ မူလပုံစံမှ ပြောင်းလဲသွားတတ်သည်ကို အိမ်ရှင်မများ သတိပြုစေချင်ပါသည်။


***ခင်သန်းဝင်း(ပဲခူးယ်ကုန်း)***




www.burmeseclassic.com

www.burmeseclassic.com

# သည်းကြိုးရင်ကား



## အရုပ်သုံးဆေးဝါးကိုစား

လောကဌ် ဖြစ်နိုင်သည်ဟု ထင်ရသောအရာသည် ဖြစ်မလာသကဲ့သို့ မဖြစ်နိုင်ဟု ထင်ရသောအရာသည် ဖြစ်သွားသည်ကိုလည်းတွေ့ကြုံရပါ၏။

ကျွန်တော့်ဇာတိမြေသို့ မရောက်သည်မှာ (၅)နှစ်ရှိခဲ့ပြီ။ ရောက်ပြန်တော့ အံ့ဩစရာများစွာ တွေ့ရ၏။ ကောလင်းမြို့နှင့် (၁၀)မိုင်ခန့်ဝေးသော တောရွာကလေးတွင် လျှပ်စစ်မီးများ၊ ရုပ်ရှင်ကြည့်တိုက်များနှင့် ဖြစ်နေ၏။

ထို့ထက် အံ့ဩစရာမှာ ကျွန်တော့်ညီ သိန်းကြိုင်ထွန်းဖြစ်၏။ ရိုးသော၊ အေးသော သိန်းကြိုင်ထွန်း၊ သူများ အရက်သောက်လျှင် အမြည်းသာစား၊ အရက်မသောက်။ ထန်းရည်သောက်လျှင်လည်း ကြွက်ကြော်ကိုသာ စား၏။ ထန်းရည်မသောက်။ သို့သော် ယနေ့ သိန်းကြိုင်ထွန်းမှာ အရက်စွဲပြီး ဗိုက်ပူကား ဖြစ်နေ၏။

ကျွန်တော့်အစ်မ ကျောင်းဆရာမကို မေး၏။

'ဆေးမကုဘူးလား'

'ကုတယ်၊ မန္တလေးက အထူးကု ဆေးခန်းမှာ သွားပြတယ်။ ဆေးတွေလဲ ပေးလိုက်တယ်။ (၂)လရှိပြီ။ သိပ်ထူးခြားမှုတော့ မရှိသေးဘူး။ (၁)လ တစ်ခါ ပြရမှာတဲ့'

ကျွန်တော် စဉ်းစား၏။ ကျွန်တော် ကျောင်းဆရာလုပ်တဲ့ ကံကုန်းရွာက အဘလူကို သွားသတိရ၏။ အဘလူက ရှေးသမားအို။ ကလေး၊ လူကြီး၊ ယောက်ျား၊ မိန်းမ ရောဂါစုံကုတာ။ ကျွန်တော် အဘလူဆီသွားပြီး အကျိုးအကြောင်း ပြောပြ၏။ အဘလူက အေ၊ ဘီ၊ စီ နားမလည်။ သူနားလည်တာက ဒီရောဂါ ဘာကြောင့်ဖြစ်တာ။ ဘာဆေးနဲ့ကုရမှာ ဒါပဲ သိတာတဲ့။

ဒါနဲ့ ကျွန်တော်လည်း ဆေးတွေ တောင်း၊ လိမ်းရမယ့်ဆေးတွေကိုလဲ မှတ်နဲ့ ပြန်ခဲ့တယ်။ အိမ်ရောက်တော့ ဆေးတိုက်၊ ဆေးလိမ်းနဲ့ (၁)လလောက်အကြာမှာ အတော်သိသာလာခဲ့တယ်။ (၆)လလောက် မှန်မှန်လိမ်း၊ မှန်မှန်စားတော့ သိန်းကြိုင်ထွန်း တော်တော်လေး ကောင်းလာတယ်။

နောက်ထပ် (၃)လလောက် စားတော့ ပုံမှန်အလုပ်တွေ စမ်းလုပ်လာတယ်။ မောပန်းခြင်းလဲ မရှိဘူး။ အသားအရေလဲ ကောင်းခဲ့တယ်။ ဗိုက်ပူကြီးလဲ မရှိတော့ဘူး။

ဒါနဲ့ ကျွန်တော် အဘလူဆီသွား။ အကျိုးအကြောင်း သွားပြော၏။ အဘလူက...

'ဒီရောဂါက အရက်သောက်လွန်ပြီး အသည်းကြီးကြီးလာတာ။ အသည်းကြီးလာတော့ ရင်ကြီးကားလာတာ။ သည်းကြီးရင်ကားရောဂါလို့ ခေါ်တာ။ လိမ်းဆေးကတော့ "ရှားစောင်း လက်ပပ် လက်(၄)သစ်လောက်ကို နနွင်းဖြူဥ လက်တစ်ဆစ်စာနဲ့ ကြေအောင်ထောင်း။ ဗိုက်တစ်ပြင်လုံး လိမ်းပြီး၊ အသည်းနေရာကို အုံပေး။ တစ်ရက် တစ်ခါလိမ်း။ သောက်ဆေးကတော့ ဒါတွေပဲ။ မင်းက အများအတွက် လုပ်နေတဲ့သူဆိုတော့ မင်းကို ဒီဆေးနည်းပေးလိုက်မယ်'

ကျွန်တော်လည်း အဘလူပေးသော ဆေးနည်းလေးကို မှတ်ခဲ့၏။

**ဆေးနည်းမှာ...**

| | |
|---|---|
| ၁။ လက်ထုတ်ကြီး | ၂ကျပ်၊ |
| ၂။ ဆေးပုလဲ | ၂ကျပ်၊ |
| ၃။ ပန်းနု | ၂ကျပ်၊ |
| ၄။ ကြံစု | ၂ကျပ်၊ |
| ၅။ အင်ဒိုင်းဆေးနီ | ၂ကျပ်၊ |
| ၆။ ပန်းမ | ၂ကျပ်၊ |
| ၇။ ပညာလက်ာ | ၂ကျပ်၊ |
| ၈။ ရှိန်ခို | ၁ကျပ်။ |

တစ်ရက်(၃)ကြိမ် ရေအေးဖြင့် သောက်ရပြီး **ဆေးအချိန်အဆမှာ ကော်ဖီဇွန်းတစ်ဇွန်း** ဖြစ်ပါသည်။ အနည်းဆုံး (၆)လ သောက်ရပြီး အများဆုံး (၉)လ ဖြစ်ပါသည်။ ကုန်ကျစရိတ်မများပါ။ အရက်သောက်၊ အရက်စွဲ၍ သည်းကြီးရင်ကားဖြစ်နေသူများနှင့် အသင့်တော်ဆုံး ဖြစ်ပါသည်။

အရပ်သုံးဆေးဝါးဖြစ်၍ ဆေးအမည်မှာ "သည်းကြီးရင်ကား သက်သာပျောက်ကင်းဆေး" ဖြစ်ပါ၏။ မိမိပတ်ဝန်းကျင်တွင် ဤရောဂါမျိုး တွေ့ကြုံပါက မေတ္တာဖြင့် ကူညီပေးစေလိုပါသည်။

**နနွင်းဖြူဥ ဆိုသည်မှာ** နနွင်းဥနှင့်တူပြီး ဥကို ခွားနှင့်လှီးလျှင် အဝါရောင်မဟုတ်ဘဲ အဖြူရောင်ဖြစ်၏။ **အနံ့မှာ နနွင်းနံ့ ဖြစ်ပါသည်။ (နနွင်းဖြူဥ အခက်အခဲဖြစ်ပါက ကူညီနိုင်ပါသည်။)**

*မေတ္တာများဖြင့်...*

**မောင်မောင်ထိန်လင်း**
***(တိုင်းရင်းဆေး) ကောလင်းမြို့***



www.burmeseclassic.com

www.burmeseclassic.com





တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 00465

လိုင်စင် ၇/၂၀၀၈၊ တဆဆလ(တိုး)-၁၃၀

အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက (တနယ်ခင်း) ၁၃၀/၀၁၁

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေ ပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့် ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်,မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား လူသားတိုင်း ကျန်းမာဖို့ ခေတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ် ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာ လား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်း လေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်း မှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက် ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေ မက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်း ကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်း တစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေး က ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်း ကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့ မန္တလေးမြို့နှင့် မုံရွာမြို့ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ

ပင်ရင်း - မုံရွာ-ဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း

အမှတ်-ရ/၃၅၆၊ မေဓာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၇၇၊ ၀၉-၅၁-၈၀၁၃၂

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၃၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၃၄၇)




www.burmeseclassic.com

www.burmeseclassic.com



# ဆေးကောင်းရှန်ကျွာ

သိရှည့်ဂါထာ

ဦးကျော်ခေါင် (B.Ag)
မန္တလေး

လွန်ခဲ့သော နှစ်(၃၀)ဝန်းကျင်ခန့်က ဦးလေးသန်းတို့ရွာလေးသည် ဆေးရွက်ကြီးကို အားကိုးအားထားပြုပြီး စိုက်ကြသည်။ ရွာမှထွက်သော ဆေးရွက်ကြီးကိုသာမက ရွာနီးချုပ်စပ်မှ ဆေးရွက်ကြီးများကိုပါ ဦးလေးသန်းက ဝယ်ယူပြီး ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲမြို့နှင့် သီပေါမြို့တို့ရှိ ဆေးလိပ်ခုံများသို့ တင်ပို့ရောင်းချလေ့ရှိပါသည်။

ဆေးလိပ်ခုံ ပိုင်ရှင်များကလည်း ဦးလေးသန်းထံမှ ဆေးရွက်ကြီးကိုသာ ဝယ်ယူပြီး နှစ်ပတ်လည် ဆေးလိပ်၊ လိပ်ရန် စုဆောင်းလေ့ ရှိသည်။ ဦးလေးသန်းသည် "**သူ၏စီးပွား၊ ငါ့စီးပွားကို ထောက်ထားမိစေ၊ ကြီးလောဘကို မျှတစေ**"ဟု ရှေးပညာရှိများ ဆုံးမတော်မူသည်နှင့်အညီ သစ္စာ ရှိရှိဖြင့် မျှတစွာ လုပ်ကိုင်ခဲ့ပါသည်။

မိမိအား ယုံကြည်စိတ်ချ၍ မိမိထံမှသာ ဝယ်ယူသော ဆေးလိပ်ခုံပိုင်ရှင်များကို သစ္စာတရား လက်ကိုင်ထား၍ ရောင်းချပေးပါသည်။ ကိုင်းကျွန်းမြေ ကျွန်းကိုင်းမှိုဖြင့် လုပ်ကိုင်ခဲ့ကြသည်။

ဧရာဝတီမြစ်ကြီးသည် မေခ၊ မလိခ မြစ်နှစ်သွယ် ပေါင်းဆုံ၍မှ စီးဆင်းလာခဲ့ရာ မြစ်ကြီး၏ ဝဲ၊ ယာအချို့အရပ်တို့တွင် ဝါဆို၊ ဝါခေါင်လများ၌ မြစ်ရေသွင်းမိုးမှုကြောင့် မြစ်ရေနှင့်အတူ မျောပါလာသော မြေဆီ၊ မြေနှစ်တို့သည် မြန်မာနိုင်ငံအလယ်ပိုင်း သဲသောင်ကျွန်းများပေါ်တွင် စုပုံပြီး မြေဆီဩဇာ ဓာတ်သန် ကောင်းမွန်စေပါသည်။

သီးနှံစိုက်ပျိုးရာတွင် လွန်စွာကောင်းမွန်၏။ ထိုကျွန်းမြေများပေါ်တွင် မြစိမ်းရောင် ကမ္ဗလာကော်ဇောကြီး ခင်းထားသကဲ့သို့ တန်ဆောင်မုန်းလမှ စ၍ တပေါင်းလအထိ သီးနှံစိုက်ခင်းများကို တွေ့ရမည်ဖြစ်သည်။ ဗုဒ္ဓရှင်တော်မြတ် ဘုရားဟောကြားတော်မူထားသည့် တရားတော်တွင် သီလ၊ သမာဓိ၊ ပညာဖြင့် ပြည့်စုံသော အလှူခံပုဂ္ဂိုလ်ကို ကုသိုလ်ပြုလုပ်ပါက အကျိုးပေး ထက်သန်ပုံကို လယ်ယာမြေကောင်းသဖွယ်ဟု တင်စားဟောကြားခဲ့ပါသည်။

ဤသို့ မြေဆီ၊ မြေနှစ် ပြည့်စုံသော မြေပေါ်တွင် စိုက်ပျိုးထားသော သီးနှံစိုက်ခင်းများသည်လည်း အားရဖွယ်ရာဖြစ်ပါသည်။ ထိုအထဲတွင် မြန်မာ့ဆေးရွက်ကြီး စိုက်ခင်းများလည်း နေရာအနှံ့တွေ့နိုင်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

"လူရယ်ဖြစ်လာ၊
ကြုံအခါယ်၊
ဖူးပါဒေါသ၊
ချိုးနှိမ်ချလျက်၊
မာနကိုယ်၊
လူတုံလယ်မှာ၊
မေတ္တာဝေဖြာ၊
ကုသိုလ်ရှာလော့"

ဟု ဆုံးမတော်မူ ခဲ့သည့်အတိုင်း ဦးလေးသန်းသည် ငါးပါးသီလကို လုံခြုံအောင် ထိန်းသိမ်းပြီး ကုသိုလ်တရား တိုးပွားအောင် ဆောက်တည်လေ့ရှိပါသည်။

ရပ်ဝေလေ့ ရွာဝေလေ့အရ အပြောအဆို ကြမ်းတမ်းကြသော်လည်း ဦးလေးသန်းသည် မုသာဝါဒ လှည့်စားပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း၊ ပိသုဏာဝါစာ ကုန်းချောကုန်းတိုက် စကားပြောခြင်းမှ ရှောင်ကြဉ်ခြင်း၊ ဖရုသဝါစာ အယုတ်တမာ ဆဲဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ သမ္ဖပ္ပလာပဝါစာ ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း စသည့် ဝစီဒုစရိုက် မဖြစ်အောင် ပိုမိုထိန်းသိမ်းပါသည်။

သီလနှင့် ယဉ်ကျေးသိမ်မွေ့မှုကို သာ အလေးထားလေ့ ရှိပါသည်။ **"ခန္တီပရမံ တပေါ တီတိက္ခာ"**ဟု ဘုရားရှင် ဟောတော်မူသည်နှင့်အညီ သည်းခံခြင်းတရားကို ကိုယ်တိုင် ကျင့်ကြံ ပါရမီဖြည့်သူဟု ဆိုရပါမည်။

ဦးလေးသန်းသည် ရွာဦးကျောင်းမှ ကုလားတက်တုံးခေါက်သံ ကြားရသည်နှင့် တစ်ပြိုင်တည်း အိပ်ရာမှထကာ စီးပွားဖက်၊ အလုပ်သမားများ စားရန် ထမင်းချက်ပါသည်။ နံနက်ခင်းတွင် မြတ်စွာဘုရားအား ဆွမ်းတော်ကပ်လှူရန် ဆွမ်းတော်ပွဲပြင်ခြင်း၊ ရွာဦးကျောင်း ဆရာတော်အတွက် ဆွမ်းနှင့် ဟင်းလျာများ ချိုင့်တွင် ထည့်ခြင်းများ ပြုလုပ်ပြီးလျှင် ထမင်းပူပူလေးနှင့် ပဲပြုတ်၊ ငါးပိချက်တို့ဖြင့် အလုပ်သမားများနှင့်အတူ ကျောသားရင်သား မခွဲခြားဘဲ လက်ရည်တစ်ပြင်တည်း ဝိုင်းဖွဲ့ကာ စားကြပါသည်။

ရွာဦးကျောင်း ဆရာတော်ကြီး အရုဏ်ဆွမ်း ဘုဉ်းပေးရန် ဆွမ်းနှင့် ဟင်းလျာများကို ကိုယ်တိုင် သပိတ်ကဒါနမြောက်အောင် သွားရောက် ကပ်လှူ ကုသိုလ်ပြုလေ့ ရှိပါသည်။ အိမ်ပြန်ရောက်လျှင် အိမ်ရှိ ဘုရားကျောင်းတော်ကို သန့်ရှင်းရေးပြုလုပ်ပြီး ငါးပါးသီလ ခံယူကာ ပန်း၊ ရေချမ်း၊ ဆွမ်း စသည့် ခဲဖွယ်ဘောဇဉ်တို့ဖြင့် ကပ်လှူလေ့ ရှိပါသည်။

**စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲကတိုးကျေးရွာမှ ဆရာတော်ကြီး ဦးသုမန** ချီးမြှင့်ပေးခဲ့သော **သီရသ္မိဂါထာတော်မြတ်ကြီး**ကို အောက်ပါအတိုင်း သက်စေ့ပူဇော်ပြီး ပါရမီဖြည့်ကျင့်ပါသည်။

**(ဆရာတော်ကြီး၏ သာသနာရေး ဆောင်ရွက်ပုံများကို နောင်အလျဉ်းသင့်သောအခါတွင် ဖော်ပြပါမည်။)**

၁။ သိရသ္မိ (မေ) ဗုဒ္ဓသေဋ္ဌော
သာရိပုတ္တော စ ဒက္ခိဏေ၊
ဝါမအံသေ မောဂ္ဂလ္လာနော
ပုရတော ပိဋကတ္တယံ။
၂။ ပစ္ဆိမေ (မမ) အာနန္ဒော
စတုဒ္ဒိသာ ဒိဗ္ဗာသဝိ။
သမန္တာ လောကပါလာ စ
ကုန္တာ ဒေဝါ သပြဗ္ဗကာ။
၃။ တေသံ အာနုဘာဝေန
သဗ္ဗေ ဘယာ ဥပဒ္ဒဝါ၊
အနေကာ အန္တရာယာပိ
ဝိနဿန္တု အသေသတော။

အနက်

၁။ **ဗုဒ္ဓသေဋ္ဌော၊** ဘုရားမြတ်သည် **မေ၊** တပည့်တော်၏။ **သိရသ္မိ၊** ဦးခေါင်းထက်။ (**တိဋ္ဌတု၊** တည်နေပါစေသတည်း။) **သာရိပုတ္တော၊** အရှင်သာရိပုတ္တရာ မထေရ်သည် **ဒက္ခိဏေ၊** လက်ယာပခုံး၌ **မောဂ္ဂလ္လာနော၊** အရှင်မဟာမောဂ္ဂလ္လာန်သည်။ **ဝါမအံသေ** လက်ဝဲပခုံး၌။ **ပိဋကတ္တယံ၊** ပိဋကတ် သုံးပုံသည်။ **ပုရတော၊** မျက်နှာ ရာ ရှေ့ရပ်သာ၌။ (**တိဋ္ဌတု၊** တည် နေပါစေသတည်း။)

၂။ **အာနန္ဒော၊** အရှင်အာနန္ဒာသည် **မမ၊** တပည့်တော်၏။ **ပစ္ဆိမေ** မျက်နှာကွယ်ထား နောက်ရပ်ပါး၌ (**တိဋ္ဌတု၊** တည်နေပါစေသတည်း) **ဒိဗ္ဗာသဝိ၊** ရဟန္တာအရှင်မြတ်ကြီး တို့သည်။ **စတုဒ္ဒိသာ၊** လေးရပ် မျက်နှာကိုယ်အင်္ဂါတို့၌။ (**တိဋ္ဌန္တု၊** တည်နေပါစေကုန် သတည်း။) **သပြဗ္ဗကာ၊** ပြဗ္ဗာမင်းအပေါင်း နှင့်တကွ ဖြစ်ကုန်သော။ **ကုန္တာ ဒေဝါ၊** သိကြားနတ်မင်းတို့သည် လည်းကောင်း။ **လောကပါလာ** လောကကို စောင့်ရှောက်ကြကုန် သော နတ်ကောင်းနတ်မြတ်တို့ သည် လည်းကောင်း။ **မမ၊** အကျွန်ုပ် ၏။ **သမန္တာ၊** ဝန်းကျင်ဒိသာ အရပ် ဆယ်မျက်နှာတို့၌။ (**တိဋ္ဌန္တု၊** တည် နေပါစေကုန်သတည်း။)

၃။ **တေသံ၊** ထို ဘုရား,တရား, သံဃာ,သိကြား,နတ်,ပြဗ္ဗာတို့၏ **အာနုဘာဝေန၊** တန်ခိုးတော် မေတ္တာ အာနုဘော်ကြောင့်။ **သဗ္ဗေ၊** အားလုံးကုန်သော။ **ဘယာ၊** ဘေး တို့သည် လည်းကောင်း။ **ဥပဒ္ဒဝါ**



www.burmeseclassic.com

www.burmeseclassic.com



ဥပဒ်တို့သည် လည်းကောင်း။
**အနေကာ၊** တစ်ပါးမက များစွာ
ကုန်သော။ **အန္တရာယာဝိ၊**
အန္တရာယ်တို့သည် လည်းကောင်း။
**အ,သေသတော၊** အကြွင်းအကျန်
မရှိသောအားဖြင့်။ **ဝိနဿန္တု၊** ကင်း
စင် လွင့်ပျောက်ပါစေကုန်သတည်း။

ဟု ရွတ်ဖတ်ပူဇော်ပါသည်။ ဗုဒ္ဓါသာ ရွတ်ဆိုသဒ္ဒါ ယုံကြည်စွာဖြင့် အခန့်ဖန်ပွား ပူဇော်မှုများလာသည်နှင့်အမျှ တဖြည်းဖြည်း အလေ့အကျင့်ဖြစ်လာသည်။ အလေ့အကျင့်မှ ပါရမီဖြည့်ဆည်းပြီး ဘဝသံသရာအတွက် အထောက်အပံ့ကျောင်းများ ဖြစ်ခဲ့ရပါသည်။

ရွာဦးကျောင်းဆရာတော်အား ရွာနီးချုပ်စပ်ရွာများမှ သာရေးနာရေး၊ ပင့်ဖိတ်လျှင် ယခုခေတ်ကဲ့သို့ ဆိုင်ကယ်များ နေရာအနှံ့ မရှိသေးသောကြောင့် ဦးလေးသန်းက နွားလှည်းဖြင့် ပို့ပေးသည်။ သံဃာတော်များ လှည်းစီးရာတွင် သက်သောင့်သက်သာရှိစေရေးအတွက် လှည်းပေါ်တွင် ဖျာတစ်ချပ်ခင်းပြီး ထိုဖျာပေါ်မှာ သင်ဖြူးတစ်ချပ်ထပ်ခင်းပါသည်။ သင်ဖြူးပေါ်မှာတော့ စောင်တစ်ထည်ကို ခေါက်ပြီး နေရာထိုင်သဖွယ် ခင်းပေးပြီး ဆရာတော်အား သီတင်းသုံးကာ လိုက်ပါစေသည်။

ဤသို့ ပို့ဆောင်ပေးခြင်းကို ဦးလေးသန်းအဖို့တော့ ယာဥ် လှူဒါန်းရသကဲ့သို့ ပီတိသောမနဿ ဖြစ်ပေါ်နေပါသည်။ တစ်ခါတစ်ရံ လှည်းဖြင့် ပို့ဆောင်ပေးရာတွင် ဆရာတော်ကြီးများ၏ ဆုံးမသော တရားဓမ္မတို့ကိုလည်း နာကြားခွင့်ရရှိပါသည်။

ကိုယ့်ကာယက်၊ ကိုယ့်ဆီပြန်၊ အမှန်ကြုံရမြဲ
ကိုယ့်ဝစီကံ၊ ကိုယ့်ဆီပြန်၊ အမှန်ကြုံရမြဲ
ကိုယ့်မနောကံ၊ ကိုယ့်ဆီပြန်၊ အမှန်ကြုံရမြဲ

စသည့် ဓမ္မစကား တရားတော်များကို နေ့တိုင်း ကြားလာသည့်အခါ စိတ်ထားဖွေးလျက် အသိဉာဏ်ပညာများပါ ထက်မြက်လာပါသည်။ ကုသိုလ်ရရေးကိုသာ အလေးထားလျက်ရှိပြီး မိမိဖြည့်ကျင့်နေသော ငါးပါးသီလကို မကျိုးမပေါက်၊ မပေါက်မကြားအောင် စောင့်ထိန်းလာခဲ့ပါသည်။

ဦးလေးသန်းသည် ရွာဦးကျောင်းအတွင်းရှိ အဘိုးဖြစ်သူ ဦးအောင်ဖြိုးတည်ဆောက်လှူဒါန်းခဲ့သော ရှေးသိမ်တော်ကြီးကို ပြုပြင်လိုစိတ်များ ထက်သန်ခဲ့ပါသည်။ သံဃာတော်များ ရဟန်းခံပွဲပြုလုပ်ရာတွင် ဖြစ်စေ၊ လပြည့်,လကွယ် ဥပုသ်ပြုရာတွင် ဖြစ်စေ၊ ခံ့ညား ထည်ဝါစေလိုသော မဟာကုသိုလ် သောမနဿစိတ်ထားဖြင့် ပြုပြင်လိုစိတ်များဖြစ်ခဲ့ပြီး **"ဒီတစ်ခေါက် ဆေးရွက်ကြီးများ ရောင်းချလို့ရတဲ့ငွေနဲ့ သိမ်ကြီးကို ပြုပြင်မည်"**ဟု ပုဗ္ဗစေတနာ ထက်သန်စွာဖြင့် ဆုံးဖြတ်လိုက်ပါသည်။

ဆေးရွက်ကြီးပိုများကို တောင့်တင်းခိုင်မာအောင် ထန်းလျှော်များဖြင့် ချည်နှောင်ပြီး မော်တော်ပေါ်သို့ တင်ကာ ရောင်းချရန်အတွက် မန္တလေးမြို့သို့ ခရီးထွက်ခဲ့ပါသည်။ မန္တလေးမြို့မှ ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နှင့် သီပေါမြို့များသို့ တင်ပို့ရောင်းချပါတော့သည်။

ဦးလေးသန်း ကျောက်မဲမြို့ကို ရောက်သည်နှင့် ဆွေမျိုးရင်းချာသဖွယ် ဖြစ်နေကြသော ဆေးလိပ်ခုံပိုင်ရှင်များက ဝါးနှီးဖြင့် ရက်လုပ်ထားသည့် ပိုဖြင့် ထည့်ထားသော ဆေးရွက်ကြီးကို ဝယ်ယူကြပါသည်။ သီပေါမြို့မှ ဆေးလိပ်ခုံပိုင်ရှင်များကလည်း ထိုနည်းတူစွာ ဝယ်ယူကြသဖြင့် ဦးလေးသန်း၏ သိမ်ပြုပြင်မည့် ဒါနပွဲကြီး အောင်မြင်တော့မည် ဖြစ်ပါသည်။

အရောင်းအဝယ်လုပ်ငန်းများ ပြီးစီးသောအခါ မိမိနေရပ်သို့ပြန်ရန်အတွက် ရောင်းချ၍ရသော ငွေများကို အသေအချာ ရေတွက်ပြီး လုံခြုံအောင် ပလတ်စတစ်အိတ်ဖြင့် ထုပ်ပြီး အင်္ကျီအတွင်းခံအိတ်ထဲသို့ သိမ်းဆည်းပါတော့သည်။

လမ်းခရီးတွင် သုံးစွဲရန် ငွေ အနည်းငယ်ကိုသာ အပြင်အိတ်ထောင်တွင် ထည့်ပါသည်။ "ငါ ရွာပြန်ရောက်လျှင်တော့ သိမ်ကျောင်းတော်ကြီး ပြုပြင်ရတော့မည်"ဟု ရေရွတ်ပြီး ပီတိစိတ်ဖြစ်နေကာ သိမ်ကျောင်းတော်ကြီး လှူဒါန်းလိုသော ပုဗ္ဗစေတနာတို့ဖြင့် တက်ကြွလျက် ရှိနေပါသည်။

ဦးလေးသန်း စီးနင်းလိုက်ပါခဲ့သော ခရီးသည်တင်ကားကြီးသည် ကျောက်



www.burmeseclassic.com

www.burmeseclassic.com

မဲမြို့မှ မန္တလေးသို့ ဦးတည်ကာ ထွက်ခွာခဲ့ပါသည်။ ကားပေါ်မှာတော့ ဦးလေးသန်းသည် ဆရာတော်ဦးသုမန ချီးမြှင့်ပေးခဲ့သော သိရသ္မိဂါထာတော်မြတ်ကြီးကို အာရုံစူးစိုက်၍ ရွတ်ဆိုပူဇော်ကာ လိုက်ပါခဲ့သည်။

ဦးလေးသန်းသည် သိမ်ကျောင်းတော်ကြီးကို ပြုပြင်လိုသော စေတနာဇောက ပြင်းထန်နေသောကြောင့် ဆေးရွက်ကြီးများ ရောင်းချ၍ ရရှိခဲ့သောငွေများနှင့်အတူ မိမိရွာသို့ ဘေးမသီရန်မခဘဲ အလျင်အမြန် ရောက်ချင်နေပါသည်။

သို့အတွက် ဂါထာတော်မြတ်ကြီးကို ခါတိုင်းထက် စူးစူးစိုက်စိုက် အနက်အဓိပ္ပာယ်ကိုပါ အာရုံပြု၍ ရွတ်ဖတ်ပူဇော်နေမိသည်။ ဘယ်နေရာရောက်နေပြီလဲကိုပင် သတိမပြုမိတော့ပါ။ ရုတ်တရက် ကားကြီးသည် တုံ့ခနဲရပ်သွားမှ မျက်လုံးဖွင့်ကြည့်မိပါသည်။ ကားပေါ်မှာတော့ ခရီးသည်များ ရုတ်ရုတ်သဲသဲ ဖြစ်နေသည်။

''ကားပေါ်က ခရီးသည်တွေ ဆင်းကြ''ဟု ပြောသံကြားလိုက်ရ၍ ခရီးသည်များအားလုံး တန်းစီပြီး ကားပေါ်မှဆင်းကာ ကား၏ဘေးတွင် တန်းစီ၍ ငုတ်တုတ်ထိုင်နေရပါသည်။ ဦးလေးသန်းလည်း ခရီးသည်များနှင့်အတူ ကားပေါ်မှဆင်းကာ တန်းစီ၍ ထိုင်ခဲ့ပါသည်။

ဓားပြတိုက်နေခြင်းဖြစ်၏။ ဓားပြခေါင်းဆောင်ဟု ထင်ရသူက ခရီးသည်များကို တစ်ယောက်ချင်း တန်းစီပြီး လက်ဝတ်ရတနာများနှင့် ငွေကြေးများကို လုယူနေပါသည်။ ဦးလေးသန်းစိတ်ပူလာပါသည်။ ဒီတစ်ခါတော့ ကိုယ်ကျိုးနည်းရပေတော့မည်။ သိမ်



ကျောင်းတော်ကြီး ပြုပြင်ဖို့ ငွေတွေကို ဓားပြများ ယူသွားလျှင်တော့ ခဲလေသမျှ သဲရေကျ ဖြစ်ရချေတော့မည်။

ငါ့မှာ အားကိုးဖွယ်ရာဟူ၍ ''သိရသ္မိဂါထာတော်မြတ်ကြီး''သာ ရှိတော့သည်။ အများနည်းတူ ထိုင်လျက် ဂါထာတော်ကိုသာ ရွတ်ဆိုပွားများနေပါသည်။ နားထဲမှာတော့ ဓားပြများ၏ ဆဲဆိုသံက မကြားတစ်ချက် ကြားတစ်ချက် ပိုးတဝါးဖြစ်နေသည်။ ဇောချွေးများပင် ပြန်လာပြီး ဓားပြများကား ဦးလေးသန်းကို မြင်ဟန်မတူပါ။ အခြားလူများထံမှသာ ရှာဖွေ၍ လုယက်ယူငင်နေပါသည်။ ဦးလေးသန်းထံမှ ငွေများကို ယူမသွားပါ။

အတန်ကြာသော် ''ခရီးသည်တွေ ကားပေါ်တက် မင်းတို့ကား မြန်မြန်မောင်းသွားတော့''ဟု ပြောသံ ထပ်ကြားရသည်။ ထိုအခါမှ ဦးလေးသန်းလည်း ခရီးသည်များနှင့်အတူ ကားပေါ်သို့တက်ပြီး မိမိထိုင်ခုံနေရာတွင် ထိုင်ကာ သက်ပြင်းချမိတော့သည်။ ခရီးသည်များကတော့ ငိုသူက ငိုကာ ညည်းညည်းညူညူဖြင့် တစ်ယောက်တစ်မျိုး ပြောဆိုနေကြပါသည်။ ထို့နောက် ခရီးသည်တင်ကားကြီးသည် မန္တလေးဘက်သို့ ဆက်လက်မောင်း

ထွက်ခဲ့ပါတော့သည်
ကားပေါ်တွင် ဦးလေးသန်
စဉ်းစားနေမိသည်
ငွေကြေး၊ ဥစ္စာများသည်
ရေ၊ မီး၊ မင်း၊ ခိုးသာ
ဓားပြစသည့် ရန်သူတို့၏ဘေးမှ အ
အနှောင့်အယှက် ပေးနိုင်သည်
မီးလောင်ရာတွင် မိမိ၏ ပစ္စည်းဥစ္စာ
တို့ကို မီးလောင်စာမဖြစ်မီ ရအော
ယူရပါသည်။ ရအောင် မယူလိုက်
ပါက ထိုပစ္စည်းသည် မီးလောင်စာ
သွားပြီး အချည်းနှီးသာ ဖြစ်ပေတော့
သည်။ ဒီလို အချည်းနှီးမဖြစ်ရအော
ဥစ္စာပစ္စည်းတို့ကို လှူဒါန်းခြင်း၊ 
ကုသိုလ်ပြုခြင်းသည်သာ ကိုယ်ပိုင်
ဖြစ်ပေတော့သည်။

ဤကားပေါ်မှ ခရီးသည်တို့၏ 
ကြေးနှင့် လက်ဝတ်ရတနာများ 
လက်ဝယ်သို့ ပေးလိုက်ရလို့ ပူဆွေး
သောကရောက်၍ နေရပေပြီ။ 
တော့ ''သိရသ္မိဂါထာတော်မြတ်ကြီး''
ကို ယုံကြည်မှု သဒ္ဓါတရားဖြင့် အ
ကိုး၍ ရွတ်ဆိုပွားများ၍သာ ဓားပြ
မှ လွတ်ခဲ့ရသည်။ ဓားပြလက်ဝယ်
ဘာတစ်ခုမှ မပေးလိုက်ရ။

သိမ်တော်ကြီးကို ပြုပြင်ပြီး သံသ
ဝဲသြဃမှ လွတ်မြောက်နိုင်ရေးအတွ
စီးပွားဥစ္စာ၏ အနှစ်ဖြစ်သော 
ခြင်း၊ လူ့ဘဝ၏ အနှစ်ဖြစ်သော 
ဆောက်တည်ခြင်း၊ သံသရာလွတ်
အတွက် မဂ္ဂင်ရှစ်ပါးအကျင့်နှင့် ဝိ
နာဘာဝနာများကိုသာ ကျင့်ကြံ 
ထုတ် ပါရမီဖြည့်ဆည်းတော့မည်
ဆုံးဖြတ်လိုက်ပါတော့သည်။

**ဦးကျော်ဆောင်း(B.A)**
**မန္တလေး**




www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ မြွေနှစ်တာကာလအတွင်း ဓားတောင်ကိုကျော်၍

# မီးပင်လယ်ကို ဖြတ်သန်းနိုင်ရဲ့



ရှခန်းယဲ

**၂၀၁၃ ခုနှစ်၊ မြွေနှစ်တာကာလ တစ်လျှောက်တွင် ကြုံတွေ့ရဖွယ်ရှိသော အခက်အခဲ၊ အကျပ်အတည်း၊ အတားအဆီးမှန်သမျှ** ဖွဲလုံ့လဖြင့် ကျော်ဖြတ်နိုင်ရေး တွန်းအားဖြည့်ပေးသည့် အစီအစဉ် ဖြစ်သည်။

တရုတ်ဘာသာတွင် "**ဓားတောင်ကျော်၍ မီးပင်လယ်ဖြတ်ခြင်း**"သည် ရင်ဆိုင်ကြုံတွေ့ရသမျှ အခက်အခဲအားလုံးကို အားတင်း ကျော်ဖြတ်ခြင်းဟု အဓိပ္ပာယ်ရသည်။

တရုတ်နိုင်ငံ ကွမ်ရှီး (Gàng Xī) ပြည်နယ်တွင် နေထိုင်ကြသော **ကျွမ်း** (Zhuāng) လူမျိုးစုဝင်တို့၏ ရိုးရာ ဓလေ့ပွဲတော်များ၌ ဝါးလုံးတွင် တပ်ဆင်ထားသော မိုးမျှော် ဓားသွားလှေကားထစ်များကို ဖိနပ်ခြေနင်းမပါသော ဗလာခြေဖဝါးဖြင့် တစ်ထစ်ခြင်း တက်ရောက်ပြီးနောက် မီးကျီးခဲ ရဲရဲပေါ်တွင် ကြာနန်းကြာရွက်များ၌ လမ်းလျှောက်ရသကဲ့သို့ နင်းကာ ကျော်ဖြတ်သွားခြင်းကို ပြသလေ့ ရှိကြသည်။

စူးစမ်းလိုသော ဧည့်သည်များ တစ်ဦးစ, နှစ်ဦးစ ထွက်လာကာ မီးကျီးခဲများပေါ် စမ်းသပ် ဖြတ်နင်းကြည့်လေ့ရှိကြသည်။ ဓားသွားများပေါ်သို့မူ ခြေတင်ဝံ့သူ မရှိကြပါ။

မီးကျီးခဲများမှာ မီးသွေးမီးဖိုများစီတန်းထားခြင်းဖြစ်ရာ ထိုမီးဖိုတန်း (၁၀ လုံးခန့် ရှိပါမည်။) ကို "ကျွမ်း" လုံလင်, လုံ့မတို့က အသာအယာ ခြေဖော့နင်းကာ ဖြတ်သန်းသွားကြသော်လည်း စူးစမ်းသူတို့မှာ ဒုတိယမြောက် မီးဖိုပေါ်သို့ပင် ခြေမချနိုင်ဘဲ ဆင်းပြေးကြသည်ချည်း ဖြစ်လေသည်။ **(ကိုယ်တိုင် သွားရောက် လေ့လာရခြင်း မဟုတ်ပါ။ ကွမ်ရှီးပြည်နယ်တွင် နေထိုင်သော အစ်ကိုကြီး ဝမ်ဂျင်းဇီ** (Wáng Jìn Zhì) **ထံသို့ ၂၀၁၂ ခုနှစ်၊ မေလကုန် ကာလများ၌ အလည်အပတ် သွားရောက်သော အစ်မ ဝမ်းဟိုမိန်း (ခေါ်) ဒေါ်လေးလေးနွယ်က ဗီဒီယို မှတ်တမ်း ရိုက်ကူးလာသဖြင့် မြင်တွေ့ရခြင်းသာ ဖြစ်ပါသည်။)**

ကျွမ်းလူမျိုးများက "ဓားတောင်ကျော်၍ မီးပင်လယ်ဖြတ်ခြင်း" တရုတ်ဆိုရိုးကို ပြကွက်ဖော် ခင်းကျင်းပြသခြင်း ဖြစ်သည်။ ဓားမရှ၊ မီးမလောင်နိုင်စေရန် ရိုးရာဓလေ့ဆိုင်ရာ ကျင့်စဉ်များကို ကြိုတင် လေ့ကျင့်ထားကြရသည်ဟု သိရသည်။

ယခု ဖော်ပြမည့် အစီအစဉ်ကား ဓားမရှ၊ မီးမလောင်သော အစီအစဉ် မဟုတ်ပါ။ ဘဝမျက်နှာစာ အသီးသီး၌ အခက်အခဲ ဟူသမျှကို **၂၀၁၃ ခုနှစ်၊ မြွေနှစ်တာအတွင်း ကျော်ဖြတ်သွားနိုင်ရန်** ယတြာပြု အားဖြည့်ပေးသော အပြင်အဆင် ဖြစ်ပါသည်။

ကြာသပတေးနေ့ နံနက် (၉း၀၀) နာရီမှ (၁၁း၀၀)နာရီ အချိန်အတွင်း ခေါက်ဆွဲခြောက် တစ်မျှင်ကို ရေတစ်ခွက်အတွင်း ထည့်စိမ်ကာ နေအိမ်ရှိ ဘုရားရှင် (သို့မဟုတ်) ကိုးကွယ်ရာ သိဒ္ဓိရှင်၊ သူတော်စင်အား ဆက်ကပ်ကာ သက်ဆိုင်ရာ ပူဇာဂါထာများကို (၁၅)မိနစ် (နာရီတစ်စိတ် သို့မဟုတ် တစ်မတ်စာ)ခန့် ရွတ်ဖတ်ပူဇော်ပါ။

ကြုံတွေ့နေရသော အခက်အခဲ၊ အကျဉ်းအကျပ်၊ ပြဿနာများမှ လွတ်မြောက်ကျော်လွှားရလိုကြောင်း ဖွင့်ဟလျှောက်ထား ဆုတောင်းပါ။ ခေါက်ဆွဲတစ်မျှင် ဆိုရာ၌ (မိမိလုံ့လဖြင့် ဖြတ်တောက်သွားခြင်း) မချိုးမဖြတ်ရပါ။ ရှည်နိုင်သမျှ အလျားအရှည်ရှိသော ခေါက်ဆွဲမျှင် တစ်မျှင်ကို ရွေးချယ်ရပါသည်။

**တရုတ်ဓလေ့အရ** ခေါက်ဆွဲကို အသက်ရှည်ခြင်း အနက်အဓိပ္ပာယ် ကောက်ယူလေ့ရှိရာ ချိုးဖြတ်လိုက်ခြင်းသည် ရပ်တည်မှု ဇီဝဓာတ်အား ချိုးဖြတ်လိုက်ခြင်း နိမိတ်ဆောင်သော ကြောင့် ဖြစ်သည်။

တရုတ်စာပေတွင် အချုပ်အချယ် အကန့်အသတ်မရှိခြင်းကို (满) မန့် (Màn)ဟု ရေးသား ခေါ်ဝေါ်သည်။ ရေစက်သုံးစက် အမှတ်အသား (氵) နှင့် ရှည်မျောမျောပုံစံရှိခြင်း၊ (㒼)

 (စာမျက်နှာ (၁၆၈) သို့)

www.burmeseclassic.com

www.burmeseclassic.com

ဟူရာငါ

# သင်္ကေတများ

ဘာသာစကား (၁၉)



ရေကန်

အီဂျစ်တို့၏ အရုပ်သင်္ကေတ ရေးထုံးတွင် ရေကန်သည် လျှို့ဝှက်နက်နဲ၍ နားလည်ရခက်ခဲသော ဂမ္ဘီရဆိုင်ရာ ရုပ်သဏ္ဍာန်အဖြစ် အမှတ်အသားပြုကြသည်။

ရေကန်၏ သာမန်ဖော်ပြချက်မှာ တည်ငြိမ်မှု ဖြစ်သည်။ သွယ်ဝိုက်အဓိပ္ပာယ်မှာကား ယေဘုယျနှင့် ဝိသေသ၊ သာမန်ကာလျှံကာ အခြေအနေ အပေါ်ယံသဘောနှင့် သိပ်သည်းနက်နဲခြင်းတို့အကြား ဆက်စပ်ပေးသော သင်္ကေတဖြစ်သည်ဆို၏။

ထို အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ ရေကန်တွင်းရှိ ရေထု၌ သန့်ရှင်းကြည်လင်ကာ ဖောက်ထွင်းမြင်နိုင်သော အမှိုက်သရိုက်ကင်းမဲ့သည့် အခြေအနေကို ညွှန်းခြင်းဖြစ်သည်။

အီဂျစ်တို့၏ အယူအဆတွင် မြေအောက်သို့ နက်ရှိုင်းစွာ တည်ရှိနေသည့် ရေကန်သည် နေနတ်မင်းကြီး ညအခါ ဖြတ်သန်းသွားလာသည့် လမ်းဖြစ်သည် ဆို၏။

အီဂျစ်နိုင်ငံ အရှေ့ပိုင်း နိုင်းမြစ်ကမ်းရှိ ရှေးဟောင်း သီးဘီးစ်လူမျိုးများ နေထိုင်ခဲ့ရာ **ကာနက်ခ်**(Karnak) ကျေးရွာတွင် တည်ရှိသော "**အေမွန်**" ဘုရားသခင်၏ ဘုရားကျောင်း၌ ရေကန် တစ်ကန်ကို အထူးပြုလုပ်ထားရှိသည်။

ညဥ့်အချိန်တွင် နေနတ်မင်းကြီး အလွယ်တကူ ဖြတ်သန်းသွားလာနိုင်ရန် ဖြစ်သည်။ အထူးနက်ရှိုင်းလှ၍ ရေအောက်သို့တိုင် ထိုးဖောက်မြင်ရသည်အထိ ကြည်လင်သည် ဆို၏။

ဝတ်ပြု ဆုတောင်းသူများသည် ထိုကန်ရေပြင်တွင် လှေဖြင့် လှေလာခါက် တုံ့ ကူးခပ်ကာ နေမင်းကြီး၏ ညအချိန် ဖြတ်သန်းသွားလာခြင်းကို ဂါရဝပြု ဆုတောင်းလေ့ ရှိကြလေသည်။

နက်ရှိုင်းလှသော ကန်ရေပြင်သည် သူတို့၏ တောင်းသောဆုများကို နေနတ်မင်းကြီးထံ အရောက်ပို့ပေးကာ ကူညီကယ်မ စောင့်ရှောက်တော်မူခြင်း ခံယူ ရရှိနိုင်သည်ဟု ယုံကြည်ကြသည်။

ဤရေပြင်ကြီးက သူတို့ကို လူအများကြားမှ သိသာ ထင်ရှားစွာ သတိပြုမိစေရေး ကူညီပေးနိုင်သည် ဆို၏။

အိုင်းရစ်နှင့် ဘရက်တန်လူမျိုးများကမူ တမလွန်လောကသည် သမုဒ္ဒရာ သို့မဟုတ် ရေကန်၏ ကြမ်းပြင်တွင် တည်ရှိသည်ဟု ယုံကြည်ကြသည်။

နေလုံးကြီးအနောက် မိုးကုပ်စက်ဝိုင်းအောက်သို့ ငုပ်လျှိုးနေသည့် နေဝင်စအချိန်တွင် ရေကန်မျက်နှာပြင်အား စေ့စေ့ကြည့်ကာ တမလွန်ဘဝရောက်နေသူအတွက် အမှာစကားပါးကြသည်။ ဆုတောင်းပေးကြသည်။

ဝင်လုဆဲ နေမင်းကြီးသည် တမလွန်လောကသို့ သူတို့၏ အမှာစကားများ သယ်ဆောင်ပေးသွားနိုင်သည်ဟု ယူဆကြသည်။ သမုဒ္ဒရာရေပြင် သို့မဟုတ် ကန်ရေပြင်တွင် ...
ထင်နေသော နေလုံးကြီးကို ကြည့်...
ဆုတောင်းကြခြင်း ဖြစ်သည်။

သို့ဖြစ်လေရာ ရေကန်သည် ယေ...
ယျ ပုံသဏ္ဍာန်အားဖြင့် တည်ငြိမ်ခြ...
သင်္ကေတဖြစ်သကဲ့သို့ ဝိညာဉ်...
ဆရာနှင့် ဆက်စပ်ခြင်း၊ လျှို့ဝှက်န...
၍ သိနားလည်ရ ခက်ခဲသော သ...
တရားများနှင့် ဆက်နွှယ်နေခြင်း...
ပေါင်းစည်းသည်။

ထို့ပြင် အစိုင်အခဲနှင့် အခိုးအ...
တို့၏ ကြားခံပစ္စည်း၊ အကော...
အထည်ဖော် ဆုပ်ကိုင်၍ရသော ရု...
နှင့် အကောင်အထည်ရုပ်ဒြပ် ဖော်...
ခြင်းငှာ မစွမ်းသာသော နာမ်ဓာတ်...
ဆက်သွယ်ချက်အဖြစ်လည်း အဓိပ္ပာ...
ဖွင့်ကြလေသည်။ **(ဤတွင် ရေ... ဟူသည် နက်ရှိုင်းကျယ်ပြန့်သော... ရေကန်ကြီးကို ဆိုလိုပါသည်။)**



သိုးငယ်

မိခင် သိုးမကြီး၏ အုပ်ထိန်း...
အောက်မှ သိုး(သို့မဟုတ်) မွေး...
သိုးငယ်ဖြစ်သည်။ သန့်စင်ခြ...း၊ အ...
ကင်းခြင်း၊ အနွံအတာ...အောက်...
သည်းခံခြင်းတို့ကို ဖော်ပြသကဲ့...



www.burmeseclassic.com

www.burmeseclassic.com

ကြောင်းမဲ့ စွန့်လွှတ်အနစ်နာခံခြင်း
သည်း ညွှန်းသည်။

ိုးကွယ် ယုံကြည်မှုဆိုင်ရာ
သာကြီးတစ်ခုက သိုးငယ်ကို
ား အရေးထားသည်။ ထာဝရ
ရားသခင်၏ သိုးငယ်ဟု တင်စား
သည်။

ရှင့်ခုံညားသော ခြင်္သေ့နှင့် ယှဉ်တွဲ
ိုးသားတည်ကြည်ခြင်း သင်္ကေတ
ဖြစ်လည်း သုံးစွဲတတ်ကြသည်။
ိုးငယ်နှင့် ခြင်္သေ့ဆိုင်ရာ ဒဏ္ဍာရီ
ာလည်း အလယ်ခေတ်အလွန်
ပြောင်းလဲရေး ခေတ်ကာလ
လျှောက်တွင် တွင်ကျယ်စွာ ပေါ်
ပေါက်ခဲ့သည်။

ယခုအခါ သိုးငယ်ကို **"သနား
ချယ်"**ဟူသော ဖွင့်ဆိုချက်ဖြင့်
သင်္ကေတပြု သုံးနှုန်းကြလေသည်။



**မီးအိမ်**

အသိဉာဏ်နှင့် ဝိညာဉ်ဆိုင်ရာ
ကိုယ်စားပြုသင်္ကေတ ဖြစ်သည်။ မီးစာ
(၁၂)ခုရှိသော ရာသီစက်ကဲ့သို့ မီးအိမ်
လည်း ရှိသေးသည်။ ပျိုမျစ်သန့်စင်
ကို ကိုယ်စားပြုကာ မီးစာ(၁၂)ခုပါ
အိမ်ကို ထွန်းလေ့ရှိသည်။

နတ်ဒေဝတာ သူတော်စင်တို့အား
က်ဂါရဝပြုခြင်း ဖြစ်သည်။ ဂရိတို့၏
ချစ်ဖိုက်နတ်သမီး (Aphrodite)ကဲ့သို့
နှင့်အချစ် နတ်သမီးဗီးနပ်(Venus)၊
ရားကျောင်းများတွင် သူတော်စင်
စိန့်ဩဂတ်စတင်း St.Augustineအား
ပူဇော်သည့်အနေဖြင့် မီးစာ(၁၂)ခုပါ
မီးအိမ်ကို ထွန်းညှိတတ်ကြလေသည်။

ဆယ့်နှစ်ရာသီပတ်လုံး အမှောင်ခွင်း
၍ အလင်းဆောင်ပါစေ၊ (၁၂)ရာသီ
တွင် မွေးဖွားကြသူ ဇာတာရှင် အားလုံး
ဉာဏ်ပညာ အလင်းဓာတ်ရပါစေ၊
ဘုရားသခင် ဖန်ဆင်းထားသော
လောကကမ္ဘာကြီး ရေရှည် တည်တံ့
ခိုင်မြဲရေး၊ လူသားအားလုံး ကောင်းကျိုး
သုခ ပြည့်စုံစေရေးအတွက် ရည်ရွယ်
ဆုတောင်းပေးခြင်း ဖြစ်သည်။

ထို့ပြင် ဝိညာဉ်ပိုင်း၊ နာမ်ပိုင်းဆိုင်ရာ
လက်ဆုပ်လက်ကိုင်ပြ၍ မရနိုင်သော
(မြင်အပ်၊မမြင်အပ်သော) အရာအားလုံး၊
သတ္တဝါအားလုံးအတွက်ပါ ထည့်သွင်း
ဆန္ဒပြုထားခြင်း ဖြစ်သည်။

အရှေ့တိုင်း အထူးသဖြင့် တရုတ်
ယဉ်ကျေးမှုဓလေ့တွင်ကား **မီးစာ
ဆယ့်နှစ်ခု**(Twelve Wicks)၊ **မီးအိမ်
အစား**(Eight wicks) မီးစာ(၈)ခုပါ
မီးအိမ်ကို အသုံးပြုကြသည်။

မိုးအောက်မြေပြင် ကမ္ဘာမြေတစ်ဝန်း
ဘေးရန်ကာဆီး၍ အမှောင်ခွင်း
အလင်းရောက်ပါစေဟူ၍ တောင်းဆု
ပြုခြင်း ဖြစ်သည်။

ယင်းကို Ba Gua Deng **"ပါးကွာ
တီင်း"** အဋ္ဌမုခ်မီးအိမ်ဟု ခေါ်ကြ
သည်။ မျက်နှာ(၈)ဖက်၊ **"အရပ်ရှစ်
မျက်နှာ အလင်းရောက်ပါစေ"** ဟု
လည်း ရည်ညွှန်းခြင်းဖြစ်ကာ အရပ်
ရှစ်ခွင်မှ နာမ်ပိုင်းဆိုင်ရာ အနှောင့်
အယှက်များကိုလည်း ကာကွယ်ပေး
သည်။

ဘုံဘုရားကျောင်းရှိ သွေးသောက်
ညီအစ်ကိုတစ်ယောက် ကွယ်လွန်ပါက
မီးစာနှစ်ခု(Two wicks)ပါ မီးအိမ်ကို
ညဦးအချိန်တွင် မိမိတို့ အိမ်ရှေ့လမ်းမ
နံဘေးတွင် ထွန်းညှိပေးလေ့ ရှိကြ
သည်။

ဘဝတစ်ပါးသို့ ကူးပြောင်းခါစ
ညီနောင်အတွက် လမ်းပြခြင်း ဖြစ်သကဲ့
သို့ ဝသုန္ဓရေနတ်မင်းအားလည်း ခွင့်ပန်
ဂါရဝပြုခြင်း ဖြစ်သည်။ ဝသုန္ဓရေ
နတ်မင်းအား ပူဇော်ခြင်းလည်း ဖြစ်
သောကြောင့် အနီရောင်မီးအိမ်ကို
အသုံးပြုကြသည်။

ယခုအခါ ဖယောင်းတိုင်အနီ နှစ်
တိုင် ထွန်းညှိပေးကြလေသည်။ ကွယ်
လွန်သူ၏ ရုပ်ကလာပ်ကို မြှုပ်နှံရန်
အတွက် သင်္ချိုင်းမြေတွင် ဝသုန္ဓေရေ
နတ်မင်းထံမှ ခွင့်တောင်း(မြေဝယ်)ရာ
တွင်ကား (မီးစာနှစ်ခုပါ) မီးအိမ်ကို
မီးညှိခြင်း မပြုဘဲ ရွှေစက္ကူနှင့်အတူ
မြေပေါ်တွင် ထားရှိရလေသည်။ ကွယ်
လွန်သူ၏ ဝိညာဉ်က ပူဇော် ကပ်လှူ
နိုင်ရန် ဖြစ်သည်။



အဲမောင်းလှံရှည်

အဲမောင်းလှံရှည်ကား စစ်ပွဲ၏
သင်္ကေတ ဖြစ်သည်။ ထို့အပြင် ပုရိသ
(Phallic)(ယန်းဓာတ်) သဘာဝဆိုင်ရာ
အမှတ်အသားလည်း ဖြစ်သည်။
ယောက်ျားပီသခြင်း၊ အားကောင်း
မောင်းသန်ရှိခြင်း၊ ထကြွပြင်းထန်ခြင်း
သဘောဆောင်သည်။

ဂရိတို့၏ ဒေဝတာပုရာဏ်များတွင်
ထိုကဲ့သို့ သဘောဆောင် အဲမောင်း
လှံရှည်များကို အထူးပင် ဖွဲ့နွဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com

သည်။

၁၇ ရာစု စဦးပိုင်းကာလများတွင် ဖဲလက်စ်(Phallus)ဟု ခေါ်သော စွင့်ကားနေသည့် ပုရိသလိင်နိမိတ် ရုပ်တုကို ထုလုပ်ကိုးကွယ်မှုများရှိခဲ့ရာ ယနေ့တိုင် ဂျပန်နိုင်ငံ အချို့နေရာများ၌ ပူဇော်ပွဲ အခမ်းအနား စည်ကားစွာ တွေ့နိုင်လေသည်။

ယင်းမှာ လောကီမှုဆိုင်ရာ ဖွင့်ဆိုချက်ဖြစ်၍ ခားရှည်ကဲ့သို့ပင် ကောင်းကင်ဘုံနှင့် သွယ်ဝိုက် ဆက်သွယ်နေသော သင်္ကေတအဖြစ်လည်း သတ်မှတ်ကြသည်။ **"ချဲလိစ်"**(Chalice) **(ခရစ်ယာန် ဘုရားကျောင်းများတွင် စပျစ်ရည်ထည့်သော ခွက်ဖလား)** တို့နှင့် ဆက်စပ်ယှဉ်တွဲနေသည်ဟု ယူဆကြသည်။

သင်္ကေတဆိုင်ရာ အမှတ်အသားများ ဖြစ်ကြသော အကိုင်းအခက်၊ သစ်ပင်၊ ကြက်ခြေခတ်၊ တောင်ကြားမှုပုဆိန်ကဲ့သို့လည်း အထောက်အကူပြုသည့် သင်္ကေတဖြစ်သည်။

မြင်းစီးသူရုပ်ပုံနှင့် အဲမောင်းလှံရှည်ကို ယှဉ်တွဲပေးလိုက်ပါက ရိုးသားဖြောင့်မှန်စွာဖြင့် အင်တိုက်အားတိုက် ကူညီမည်ဟု အဓိပ္ပာယ်ရလေသည်။

ထို့ပြင် အဲမောင်းလှံရှည်အား အထွေထွေ စွန့်လွှတ်အနစ်နာခံခြင်း၏ သင်္ကေတအဖြစ်လည်း ရှုမြင်ကြလေသည်။

မိမိမြေ၊ မိမိအရှင်သခင်နှင့် ပြည်သူပြည်သားတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ရှပ်ရှပ်ချုံချုံ ကာကွယ်တိုက်ခိုက်လျက် မိမိ၏ အဲမောင်းလှံရိုးကို တင်းတင်းဆုပ်ကိုင်ကာ အသက်ပေးသွားသော စစ်သူကြီးကို ပမာပြုခြင်း ဖြစ်လေသည်။

## ရှုမျှော်ခင်း

တောတောင်ရေမြေ ကျေးငှက်ပန်းမန် စသည်တို့၏ ရှုချင်စဖွယ် မြင်ကွင်းပုံ ဖြစ်သည်။ အထူးသဖြင့် ကျေးလက်ဒေသရှိ ရှုမျှော်ခင်းများကို ရေးဖွဲ့လေ့ ရှိကြသည်။ ဆန့်ကျင်ဘက် အင်အားနှစ်ရပ် ဒွန်တွဲ၍ လွန်ဆွဲ အားပြိုင်နေခြင်း အမှတ်အသားဖြစ်သည်။

ဗဟိဒ္ဓပြင်ပသဏ္ဌာန်နှင့် အဇ္ဈတ္တအတွင်းသန္တာန်တို့ ဒွန်တွဲလွန်ဆွဲ အားပြိုင်နေခြင်းကို ပေါ်လွင်စေရန် တောင်နှင့် တောင်ကျစမ်းရေတို့ ယှဉ်တွဲ ဖော်ပြကြသည်။

တောင်ကြီးပမာ တည်တံ့ ခံ့ထည်ကာ စမ်းရေလျှဉ်ပမာ လျင်မြန်လှုပ်ရှားနေခြင်းကို ဆိုလိုရင်း ဖြစ်သည်။ တည်တံ့ခြင်းနှင့် လှုပ်ရှားခြင်းတို့ ဆန့်ကျင်ဘက်များ ဖြစ်ကြသော်လည်း အတူယှဉ်တွဲရှိနေခြင်းကို ခန္ဓာကို[...] တွင်းရှိ ဆန့်ကျင်ဘက်အင်အား[...] ပမာပြုခြင်း ဖြစ်သည်။

ရှုပ်ထွေးနက်နဲသော စိတ်[...] ဗျူဟာဆိုင်ရာ အချက်အလက်[...] ညွှန်းဆိုရာတွင် လည်းကောင်း၊ က[...] ပြန့်နက်ရှိုင်းလှသော စီးပွား[...] နိုင်ငံရေးဆိုင်ရာ ပရိယာယ်မျာ[...] ဖော်ပြရာ၌ လည်းကောင်း၊ ဆန်းကြ[...] နက်နဲသည့် လူသားတို့၏ ချစ်မေ[...] သံယောဇဉ်နှောင်ဖွဲ့မှုများကို ထင်[...] စေလို၍ လည်းကောင်း ရှုမျှော်ခ[...] များကို အသုံးပြုကြလေသည်။

သက်ဆိုင်ရာ နယ်ပယ်ကိစ္စရပ်[...] အတွက် မိမိ၏ ဆိုလိုရင်း ပေါ်လွင်[...] သော အကြောင်းအရာများ ခြယ်[...] ပါဝင်သည့် ရှုမျှော်ခင်းပုံကို ရွေးချ[...] ပေသည်။

အိမ်အိုတစ်လုံးနှင့် ဆန့်ကျင်ဘ[...] နှစ်ခုဖြစ်သည့် သစ်ငုတ်တို၌ အ[...] အညောက်ထွက်နေသော ရှုမျှော်[...] ပုံသည် အိုမင်းမစွမ်း မိဘများက သ[...] သမီးမြေးမြစ်တို့အား တမ်းတ သ[...] ကြောင်း ကိုယ်စားပြု အမှာပါ[...] ဖြစ်လေသည်။

### ဟူကျင်းဇီ

စာမျက်နှာ (၁၆၅)မှ အဆက်

မန် (Màn)တို့ တွဲစပ်ထားခြင်း ဖြစ်သည်။

ထို့ကြောင့် ကြုံဆုံနေရသော အကျပ်အတည်း အချုပ်အချယ်များ ပြေပျောက်စေရန် (ရှည်မျောမျောပုံစံ) ခေါက်ဆွဲမျှင်ကို ရေစိမ်လျက် ကပ်လှူခြင်း ဖြစ်သည်။

**ကြာသပတေးနေ့မှာ နှစ်ဆိုးမိုးရှင် မြွေပုံရိပ် ပိုင်ဆိုင်သော နေ့ဖြစ်၍ အချိန်မှာ မြွေပုံရိပ် စိုးမိုးသောအချိန် ဖြစ်လေသည်။** အရေးတကြီး ရင်ဆိုင်ရပါက (နေ့ရက်ရွေးရန် အဆင်မပြေပါက) မည်သည့်နေ့ဖြစ်စေ အဆိုပါ အချိန်အတွင်း ကပ်လှူပါ။

ထို့နောက် **သုတ်ပရိတ်တော်၊ ပူဇော်ဂါထာ** တစ်ခုခုကို(၁၅) မိနစ် ကြာအောင် ရွတ်ဖတ်ပူဇော်ရခြင်းကား (၁) နာရီ၏လေးပုံတစ်ပုံ ပမာဏဖြစ်သော (၁၅)မိနစ်ကို ညွှန်းခြင်းဖြစ်သည်။

အဓိက ရည်မှန်းချက်ကား တစ်စိတ်၊ တစ်မတ် (လေးပုံတ[...] ကို (刻) **"ယီးခဲ့"** (Yī Kè)ဟု ခေါ်၏။

ထိုစာလုံး "ခဲ့" သည် (克)ဟူသော ခဲ့စာလုံးနှင့် ကိုယ်စ[...] သုံးနှုန်းနိုင်သည်။ ဒုတိယ (克) "ခဲ့" စာလုံးကား အောင်နိုင်[...] ထိန်းသိမ်းချုပ် ကိုင်နိုင်ခြင်း၊ အဓိပ္ပာယ်လည်း ရှိသဖြင့် အခက်[...] ပြဿနာများကို ထိန်းသိမ်းချုပ်ကိုင်နိုင်ခြင်း၊ အောင်နိုင်မိတ်[...] သောကြောင့် ဖြစ်ပေသည်။

ဓားတောင်ကျော်၍ မီးပင်လယ် ဖြတ်နိုင်သကဲ့သို့ မြွေနှ[...] အတွင်း ကြုံတွေ့ရမည့် အကျပ်အတည်း အဟန့်အတာ[...] အောင်မြင်စွာ ကျော်ဖြတ်နိုင်ကြပါစေ။

### ဝူခန်းယဲ




www.burmeseclassic.com

www.burmeseclassic.com

မစိုက်သင့်သော ဂမုန်းများနှင့်

# ကုမုဒြာကြာဂမုန်း

စန္ဒာပို
(တောင်ငူ)



◆ ကုမုဒြာကြာဂမုန်းအပွင့် ရှေ့တည့်တည့်မှ အတွင်းပိုင်း

စာရေးသူသည် နက္ခတ္တရောင်ခြည်
ဆောင်းကို အနှစ်(၂၀)ကျော် နှစ်သက်
စွာ ဖတ်ရှု လေ့လာသူတစ်ဦး ဖြစ်ပါ
သည်။ ဤကာလအတွင်း သတိမထား
မိခဲ့ဘဲလားတော့မသိ ဂမုန်းဆောင်းပါး
များနှင့်ပတ်သက်ပြီး ကောင်းကျိုး ခံစား
ရသော ဂမုန်းပင်များအကြောင်းတွေကို
သာ ဖတ်ရှုခဲ့ရပါသည်။

ကောင်းကျိုးမခံစားရသော (မစိုက်
သင့်သော) ဂမုန်းပင်များအကြောင်းကို
တော့ အသေးစိတ် မဟုတ်ဘဲ အရေ
အတွက်အားဖြင့် ရေးသားတင်ပြထား
သည်ကို တစ်ကြိမ် ဖတ်ရှုဖူးပါသည်။

ဤကွက်လပ်ကလေးကို ဖြည့်စွက်
သည့်အနေနှင့် ဤဆောင်းပါးကို ရေး
သားခြင်း ဖြစ်ပါသည်။ လူတတ်ကြီး
တော့ မဟုတ်ပါ။ မိမိလက်လှမ်းမီ
သလောက် တင်ပြခြင်း ဖြစ်ပါသည်။

ဤဆောင်းပါးကို ရေးဖို့ရန်လည်း
တစ်နှစ်ကျော်ကျော် လေ့လာ စောင့်
ကြည့်ပြီးမှ ရေးဖြစ်ပါသည်။ ယခုတင်ပြ
သည့် ဓာတ်ပုံများသည် မနှစ်ကတည်း
က ရိုက်ယူထားသည့် ဓာတ်ပုံများ ဖြစ်
ပါသည်။

လူအတော်များများဟာ သူများက
"ဂမုန်း"ဆို၍ လိုက်ပြီး"ဂမုန်း"စိုက်ကြ
သာ ဘာဂမုန်း,ညာဂမုန်းမှန်း ဂဃနဏ
မသိကြ။ အချို့ဆိုလျှင် "ဗေဒါဂမုန်း"
ကို အိမ်အတော်များများမှာ စိုက်ထား
သည်ကို တွေ့ဖူးပါသည်။

ဤဗေဒါဂမုန်းကို စိုက်ရသည်မှာ
လွယ်ကူသလောက်၊ ရေမလောင်းရဘဲ
ရှင်သန်နိုင်သဖြင့် အလွယ်တကူ စိုက်
ပျိုးတတ်ကြခြင်း ဖြစ်ပါသည်။ မစိုက်
သင့်သော ဂမုန်းမှန်း မသိကြ။

ဂမုန်းပင်များမှာ ဂမုန်းစောင့်များ
ရှိကြပါသည်။ **(သစ်ပင်များမှာ
အစောင့်များရှိသည့် သာဓကများကို
ဘုရားလက်ထက်ကတည်းက ရှိ
ကြောင်း နိပါတ်တော်များမှာ ရှိပါ
သည်။)**

သို့ပါ၍ စိုက်ကောင်းသည့် ဂမုန်းပင်
များကိုလည်း စိုက်ပြီး ဂရုမစိုက်ဘဲ
ပစ်စလက်ခတ်ထားလျှင်လည်း ဆိုး
ကျိုးများ ရရှိနိုင်ပါသည်။ ဂရုမစိုက်နိုင်
လျှင်တော့ မစိုက်တာ အကောင်းဆုံး
ဖြစ်ပါမည်။



www.burmeseclassic.com

www.burmeseclassic.com

ရှေးပညာရှိများ တွေ့ရှိလေ့လာခဲ့ကြသည့် ဂမုန်းပင်မျိုးပေါင်း များစွာ ရှိသည့်အနက် လူသားတို့အား ကောင်းကျိုးမပေးသည့် ဂမုန်းမျိုး (၇)မျိုးခန့် ရှိပါသည်။ ယင်းတို့မှာ...

(၁) ဘီလူးဂမုန်း။

***(က) နန်းတိုင်ဘီလူးဂမုန်း။***

***(ခ) တောဘီလူးဂမုန်း။***

(၂) ဆင်ဂမုန်း။

(၃) ကုမုဒြာကြာဂမုန်း။

(၄) ဇော်မဂမုန်း။

(၅) မြွေဂမုန်း။

(၆) ဆင်စွယ်ဂမုန်း။

(၇) ဇေဒါဂမုန်း


စသည်တို့ ဖြစ်ပါသည်။

အထက်ပါ မစိုက်ကောင်းသောဂမုန်း(၇)မျိုးအနက်ကုမုဒြာကြာဂမုန်း တစ်မျိုးတည်းကိုသာ မိမိလေ့လာမိသလောက်ကို ဓာတ်ပုံနှင့်တကွ ရေးသားတင်ပြပေးမှာ ဖြစ်ပြီး ကျန်ဂမုန်းများကိုတော့ နောင်တစ်ချိန် အချက်အလက်များ ရရှိပါက ထပ်မံရေးသားတင်ပြပါဦးမည်။

## ကုမုဒြာကြာဂမုန်းနှင့် ကျွန်တော်

လွန်ခဲ့သည် (၃)နှစ်ကျော်ခန့်က မိုးတွင်းကာလမှာ သူငယ်ချင်းဖြစ်သူ ကိုအေးချို့နှင့် လမ်းမှာ တွေ့ဖြစ်ပါသည်။ စက်ဘီးရပ်ပြီး နှစ်ယောက်သား စကားပြောနေစဉ် စာရေးသူက သူ့စက်ဘီးလက်ကိုင်မှာ ချိတ်ထားသည့် ဆွဲခြင်းထဲတွင် ပါလာသည့် သစ်ပင်တစ်မျိုးကို စိတ်ဝင်စားသဖြင့် "ဒါဘာပင်လဲ"ဟု မေးကြည့်ရာတွင် ကိုအေးချို့မှ...

'ဒီအပင်ဟာ ကုမုဒြာဂမုန်းပင်' ဟု ပြောကြားပါသည်။



◆ ကုမုဒြာကြာပွင့် သောတိုက်

စာရေးသူသည် ထိုစဉ်က ကုမုဒြာဂမုန်းပင်သည် ရေထဲမှာ ပေါက်သည့် ဂမုန်းပင်ဟု ထင်ခဲ့ပါသည်။ ဘာကြောင့်လည်းဆိုတော့ "ကုမုဒြာကြာ"မှာ မိုးတွင်းအချိန် ညအခါ လသာသည့်အချိန် (လရောင်ဆမ်း)မှ ပွင့်သည်ဟု ကြားဖူးသောကြောင့် "ကြာ"ဆိုသည့်စကားပါနေ၍ ရေထဲမှာ ပေါက်သည့် အပင်ဟု ထင်ခဲ့မိပါသည်။

တကယ်တမ်းကြတော့ အခေါ်အဝေါ်မှာ "ကြာ"ဆိုသည့် စကားလုံးလည်း မပါကြောင်း သိရှိခဲ့ရပါသည်။

ကိုအေးချို့ထံမှ အတက်(အရွက်) တစ်ခုကို တောင်းယူခဲ့ပါသည်။ ရှားစောင်းပင်လို အရွက်ပြား ထူထူလေးများမှာ အနားတွန့်လေးများရှိပြီး အရွက်ရှည်ပါသည်။ အရွက်အရှည်မှာ တစ်ပေခွဲခန့် ရှိပါသည်။

ရုတ်တရက်ကြည့်လျှင် ရွက်ကျပင် ပေါက်သဏ္ဌာန်ရှိပြီး ရွက်ကျပင်ပေါက် ထက် အရွက်သေးပြီး ရှည်ပ[...] သည်။

အနားတွန့်လေးများမှာ အဖု[...] လေးများပါနေသဖြင့် မစိုက်ကောင်[...] ဘူးဟု ကြားဖူးသော်လည်း စမ်း[...] ကြည့်ချင်သည့် ဉာဉ်ကလေး[...] ကြောင့် တောင်းယူခဲ့ခြင်း ဖြစ်ပ[...] သည်။

အိမ်ရောက်တော့ ဘယ်နေ[...] စိုက်ရမှန်း မသိသေးသည့်အပြ[...] ဘယ်လို စိုက်ရမည်ကိုလည်[...] မမေးမိခဲ့။ သို့နှင့် မိမိခြံ၏ ရှေ့လ[...] တစ်ဖက်ရှိခြံလွတ်တွင် မာလက[...] ပင်ခွကြားထဲမှာ သေသေချာချ[...] ညှပ်ပြီး တင်ထားလိုက်ပါသည[...]

**(သစ်ပင်ခွကြားမှာ စိုက်ရသည[...] အထင်နှင့်)**

မိုးများလည်း ရွာနေတော့ အဖုလေး[...] များ ရှည်လာနေပါသည်။ တစ်[...] သွားကြည့်ရာတွင် အပင်တစ်ခု[...] အောက်ကို ပြုတ်ကျနေပါသည်။ သို့[...] ပြန်ကောက်ပြီး အနည်းငယ်မြင့်သည[...] သရက်ပင်ခွကြားတွင် အုန်းဆံဖတ်[...] အရင်းပိုင်းကို အုပ်ပြီး နှီးဖြင့် သေသေ[...] ချာချာ စည်း၍ ပြန်စိုက်ထားလိုက်[...] သည်။

(၄,၅)ရက်လောက်နေတော့ အဖု[...] လေးများ ပွင့်လောက်ပြီး အထင်[...] သွားကြည့်ရာ ကုမုဒြာကြာတစ်ပင်[...] အစရှာမရအောင် ပျောက်ဆုံးသွား[...] တော့သည်။

သူငယ်ချင်းထံ ထပ်မံ တောင်းယူ[...] ကြံစည်နေတုန်း မိမိအိမ်နီးချင်းခြံ[...] မြေအိုးဖြင့် စိုက်ပျိုးထားကြောင်း သိ[...] သဖြင့် ကိုယ်တိုင်မစိုက်တော့ဘဲ [...] ကြည့်သည့်အစီအစဉ်သို့ ပြောင်းလို[...] ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

### အပင်၊အရွက်၊အဖူးအပွင့်
### ပုံသဏ္ဍာန်များ

ကုမုဒြာကြာဂမုန်း၏ အပင်မှာ ပင်စည်လုံးသည် အစိမ်းရောင်ရှိပြီး လက်မလုံးခန့် တုတ်ပါသည်။ မြေကြီးထဲမှ အပေါ်ကို ထွက်ကာ ယင်းပင်စည်ထဲမှ အစိမ်းရောင် ရွက်ပြား ရှည်မျောမျောတို့ ထွက်ပါသည်။ **(ယင်းအရွက်များကို ပင်စည်နားမှ ဖြတ်၍ အပင်သစ် စိုက်နိုင်ပါသည်။)**

အရွက်အနားများမှာ ရွက်ကျပင် ခါက် အရွက်လို အနားတွန့်များ ပါပြီး ယင်းအနားတွန့်များမှ အဖူးများ ထွက်ပါသည်။ အရွက်၏အနားမှ ဖူးပွင့်သည်မှာလည်းတစ်မျိုးထူးဆန်းပါသည်။

ရွက်ညှာတစ်ခုတွင် မူလအရွက်၏ အရင်းမှ ဘေးနှစ်ဖက်သို့ တစ်ရွက်စီ ထပ်ထွက်တာလည်း ရှိပါသည်။ ရွက်ကြီး၏ အနားတွန့်များမှ ရွက်သေးများ ထွက်၍ ထွက်တာလည်း ရှိသကဲ့သို့ ပင်စည်ရင်း မြေကြီးထဲမှ အရွက်ထွက်တာလည်း ရှိပါသည်။

အရွက်ထွက်ပုံ တစ်သမတ်တည်း မရှိတာကလည်း ထူးခြားမှု တစ်ခုပါပဲ။ ရွက်ညှာတံသည် ကာလကြာသည်နှင့်အမျှ တဖြည်းဖြည်း လုံးသွားပြီး ပင်စည် ဖြစ်သွားပါသည်။

အဖူး၏အရောင်မှာ ဝါကြန့်ကြန့် အရောင်ရှိပြီး ရိုးတံရှည်ကာ အဖူးအပြင်ပိုင်းတွင် အမွေးထူထူ ရှည်ရှည်များ ပါရှိပါသည်။ အဖျားပိုင်းမှာ ခပ်လုံးလုံး ပုံသဏ္ဍာန် ရှိပါသည်။ အဖူးရင့်လာလျှင် (၆)လက်မခန့်အထိ ရှည်ပါသည်။ စဖူးချိန်မှ ပွင့်ချိန်အထိ (၁၅) ရက်ခန့် ကြာတတ်ပါသည်။

အဖူးသည် (၆)လက်မခန့်ရှည်ပြီး အဖျားပိုင်းမှာ (၄၀)ဝပ် မီးသီးအရွယ်ခန့် ရှိလာပြီဆိုလျှင် ရင့်လာပြီဖြစ်ပါသည်။

မကြာမီ ည(၉)နာရီခန့်အချိန် မိုးအနည်းငယ်ရွာပြီး လရောင်ဆမ်းသည့်အချိန် (အနည်းငယ် လင်းသည့်အချိန်)တွင် အဖူးအပေါ်မှ ကာအုပ်ထားသော ပွင့်ဖတ်ကြမ်းမွေးအရှည်များ နောက်သို့ တဖြည်းဖြည်း လန်သွားပြီး အတွင်းမှ ဖြူဖွေးလှပသော လက်သီးဆုပ်ခန့် အပွင့်ကြီးများ ပွင့်ပါသည်။



ကုမုဒြာကြာ ပွင့်နေပုံ

အပွင့်ပုံသဏ္ဍာန် အတော်လှပါသည်။ အော်လံပုံစံဖြစ်ပြီး ပွင့်ဖတ်များမှာ ဖြူဖွေးနေပါသည်။ ပန်းပွင့်အတွင်းပိုင်း၌ ဝတ်ဆံများမှာ အဖြူရောင် လက်တံများနှင့် ဝတ်မှုန်ဝါဝါလေးများသည် ပင့်ကူတစ်ကောင်သဏ္ဍာန် ပန်းပွင့်၏ အတွင်းပိုင်း အောက်ဘက် တစ်ခြမ်းတွင် ရှိပါသည်။

ကုမုဒြာကြာပန်းပွင့်များသည် ညပိုင်း (၉၊ ၁၀)နာရီခန့်တွင် စပွင့်ပြီး နံနက်မိုးလင်းလျှင်မူ အနှီအပွင့်များ ပြန်ငုံသွားပါသည်။ ယင်းနောက် ညှိုး ခြောက်သွားပါသည်။

### ကုမုဒြာကြာအပွင့်၏ ဆေးအသုံး

အပွင့်ကို ခူးပြီး ပြုတ်၍ ငါးပိရည် တို့စရာအဖြစ် စားသုံးကြပါသည်။ အဖူး၊ အပွင့်များများရလျှင် ရေဖြင့် ပြုတ်၍ မြေပဲမှုန့်၊ ပုစွန်ခြောက်⸱နှံ့၊ ပဲမှုန့်ကျက်၊ ဆီချက်၊ ဆား၊ ကြက်⸱⸱နှံ စသည် အသုပ်အမည်စုံထည့်၍ သုပ်စားနိုင်ပါသည်။

ထို့အပြင် အဖူးနှင့်အပွင့်များကို ရေစင်အောင် ဆေး၍ ကတ်ကြေးဖြင့် ညှပ်ကာ ရရှိသော အဖတ်ကလေးများကို ဆီနှင့် ကြော်စားနိုင်ပါသည်။ (၂၁-၇-၁၂)နေ့ ည(၁၀)နာရီခန့်မှာ ကုမုဒြာကြာအပင်မှ တစ်ပွင့်တည်း ပွင့်ပါသည်။ တစ်ပွင့်တည်းမို့လားမသိ အပွင့် အတော်ကြီးပါသည်။

ညပိုင်းမှာ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ထားပြီး နံနက်(၆)နာရီခန့်မှာ ပြန်ငုံသွားစဉ် ပိုင်ရှင်ထံမှ စာရေးသူ တောင်းယူပြီး ရေဖြင့် ပြုတ်၍ ပဲပုပ်ချက်ဖြင့် တို့စားကြည့်ပါသည်။

အပွင့်ကို အပင်မှ ခူးစဉ် အညှာရင်းမှ အလွန်စေးကပ်သော အစေးများ ထွက်ပါသည်။ အပွင့်ပြုတ်၏ အရသာမှာ ပေါက်ပန်းဖြူပွင့်ပြုတ်လို ရှိပြီး ရုံးပတီသီးပြုတ်လို ခပ်ချွဲချွဲ ဖြစ်နေပါသည်။ စားသုံးမည်ဆိုလျှင် သိပ်နူးအောင် မပြုတ်သင့်ပါ။

ကုမုဒြာကြာဂမုန်းပွင့်ကို စားသုံးခြင်း



www.burmeseclassic.com

www.burmeseclassic.com

ဖြင့် နှလုံးအားကောင်းစေပြီး နှလုံးနှင့် ပတ်သက်သည့် ရောဂါများလည်း သက်သာပျောက်ကင်းစေသည်ဟု ဆိုပါသည်။ ကုမုဒြာကြာအပွင့်ကို အခြောက်လှန်း၍ အမှုန့်ပြုလုပ်ပြီး သွေးဆေးဖော်စပ်ရာတွင် အနီအမှုန့်ကို အချိုးကျ ထည့်သွင်းဖော်စပ်ရပါသည်။

အမျိုးသမီးများအတွက် သားအိမ်အားကောင်းစေပြီး သွေးလေသန့်စင်စေပါသည်။ ဓမ္မတာ ငုတ်ခြင်း၊ ထိမ်ခြင်းများကို သက်သာ ပျောက်ကင်းစေပါသည်။

ကိုအေးချိုနှင့် နောက်တစ်ကြိမ် တွေ့ရာတွင် သူက ကုမုဒြာကြာဂမုန်းပင်ကို သစ်ပင်ကြီးများမှာလည်းကပ်၍ စိုက်နိုင်ကြောင်း၊ သူ၏ယောက္ခမ ခြံရှေ့ရှိ ကုက္ကိုပင်ကြီးမှာလည်း ကပ်၍ စိုက်ပျိုးထားသည့်မှာ အုံလိုက်ကြီး ဖြစ်နေကြောင်း ပြောပြပါသည်။ နောက်တစ်ခု ထပ်ပြောတာက...

'ခင်ဗျားကသာ မစိုက်ကောင်းဘူး ပြောနေတာ (...)မြို့က ရန်ကုန်-မန္တလေး ကားလမ်းနံဘေးမှာရှိတဲ့ အလွန်စည်ကားတဲ့ စားသောက်ဆိုင်တစ်ဆိုင်မှာ ဒီ ကုမုဒြာကြာဂမုန်းပင်များကို အမြောက်အမြား အမြတ်တနိုး စိုက်ပျိုးထားတယ်'

ဟု ပြောပါသည်။ ဤဂမုန်းပင်၏ အပွင့်သည် အပင်သက်တမ်း တစ်နှစ်ပြည့်တိုင်း ပွင့်ဖတ်တစ်ခုတိုးပြီး ယင်းကို **"ထပ်တစ်ရာပန်း"**ဟု တင်စားထားကြောင်း ပြောပြပါသည်။

စာရေးသူ၏ ပတ်ဝန်းကျင်တွင် ခြံ



◆ ကုမုဒြာကြာအဖူး

နှစ်ခြံ၌ ကုမုဒြာကြာဂမုန်းပင်များ စိုက်ပျိုးထားကြရာ မနှစ်ကတော့ နှစ်ခြံစလုံး တစ်ပြိုင်တည်း ပွင့်ကြသော်လည်း ယခု (၂၀၁၂)ခုနှစ်မှာတော့ တစ်ခြံက (၄-၇-၁၂)နေ့မှာ ဒုတိယအကြိမ်အဖြစ် ပွင့်ပြီး ကျန်တစ်ခြံကတော့ (၁၆-၇-၁၂)နေ့မှာ အဖူးသေးသေးလေး စတင်ပြီး (၂၁-၇-၁၂)နေ့ ညမှာ ပွင့်ပါသည်။

ကုမုဒြာကြာဂမုန်း တစ်အိုးလုံးရှိ အပင်များမှ တစ်ပွင့်တည်းသာ ပွင့်ပါသည်။ တစ်ပင်နှင့် တစ်ပင် ဖူးပွင့်ချိန် မတူညီတာကိုလည်း သိရှိရပါသည်။

ဤဂမုန်းပင် ပိုင်ရှင်များသည် စာရေးသူ၏ သားချင်းများ ဖြစ်နေပါ၍ ဆိုးပြစ်များကိုတော့ မတင်ပြတော့ပါ။

လူ့ဘဝ၏ ကံကြမ္မာဆိုတာလည်း လေးနှစ် (သို့မဟုတ်) ရှစ်နှစ်လျှင် တစ်ကြိမ် အကောင်းအဆိုး ပြောင်းလဲမှုလေးတွေ ရှိနေကြော
မှတ်သားဖူးပါသည်။

သို့ပါ၍ "တိုက်ဆိုင်မှု"ေ
တွေ့ပဲဟု သဘောထားလို
ပါသည်။ စာရေးသူအနေ
ဤကုမုဒြာ ကြာဂမုန်းပင
မစိုက်ကောင်းဘူးဟု မဆို
မစိုက်သင့်ဘူးဟုသာ ရှေး
ရှိများ၏ အဆိုအမိန့်အ
ရေးသားတင်ပြခြင်း ဖြ
သည်။

နိဂုံးချုပ်အားဖြင့် ပြောရ
စာရေးသူအနေနှင့် ဤကု
ကြာဂမုန်းပင်ကို သိပ်သဘေ
မတွေ့ပါ။ ဘာကြောင့်လ
ဆိုလျှင် အပင်အနေအ
ကိုက စိုစိုပြည်ပြည် ေ
ဆာဆာ မရှိတာရယ်၊ အ
တည်ပုံကလည်း အရိုး ထေ
လေးလို ခြောက်ကပ်က
မြင်နေတာကြောင့် သဘောမကျ
ဖြစ်ပါသည်။

စာရေးသူသည် ကုမုဒြာကြာ ဂ
ပင်ကို သုတေသနပြု ရေးသား
မဟုတ်ဘဲ မိမိ လက်လှမ်းမီသလော
လေ့လာရေးသားခြင်းသာ ဖြစ်ပါသ
မမြင်ဘူးသူများအတွက် ဗဟုသု
အဖြစ် ရည်ရွယ်ပါသည်။

**စေန္ဒာမိုး (တောင်ငူ)**

စာကိုး

**ဆရာကရေး "တန်ခိုးကြီးေ ဂမုန်းပင်များ"၊**

**တိုင်းရင်းဆေး ဆရာဦး ကိုအေးချို ပြောပြချက်၊**

**ကိုယ်တိုင်လေ့လာချက်။**



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်အတွက်

ထက်မင်းကျော်စွာ

# မွေးရက်စွဲနှင့် ကံကြမ္မာ

ခရစ်ပြက္ခဒိန် ၂၀၁၃ ခုနှစ်သို့ ရောက်ရှိသောအခါ မည်သည့်လ၌ မွေးဖွားသည်ဖြစ်စေ...

**✪ (၁)ရက်၊ (၁၀)ရက်၊ (၂၁)ရက်၊ (၃၁)ရက်နေ့များ၌ မွေးဖွားသူတို့သည်...**

မိမိတို့၏ ဘဝမျက်နှာစာများတွင် နိဂုံးချုပ် အဆုံးသတ်ခြင်းတို့ ကြုံတွေ့ရဖွယ်ရှိသည်။

ဒုက္ခ၊ သုက္ခ ရောက်နေကြသူတို့အတွက်မှာ အဆိုးများ ပြီးဆုံး၍ အကောင်း၏ အစကို မြင်တွေ့ရပါသည်။ ရောဂါဝေဒနာ ခံစားနေရသူတို့သည်း ဝေဒနာများ သက်သာပျောက်ကင်းနိုင်သကဲ့သို့ ခံစားနေရသော ငွေဒုက္ခများမှ ကျွတ်လွတ်ကာ ဘဝတစ်ပါးသို့ ကူးပြောင်းရခြင်းလည်း ကြုံရတတ်ပါသည်။

**✪ (၂)ရက်၊ (၁၂)ရက်၊ (၂၂)ရက်နေ့များတွင် မွေးဖွားသူတို့မှာ...**

သာယာပျော်ရွှင်ဖွယ် နိဒါန်းများ ကြုံရကိန်းရှိသည်။ ဘဝတစ်ဆစ်ချိုးပြောင်းလဲနိုင်သည့် အချိုးအကွေ့ကာလ ထူးခြားသောမှတ်တိုင် ဖြစ်နိုင်သည်။

ငွေကြေးကိစ္စ၊ စီးပွားရေး နှလုံးသားရေး အစရှိသည်တို့တွင် အစွန်းနှစ်ဖက်မှ ကင်းလွတ်ပါမည်။ မြောက်မြားစွာသော ငွေကြေး အောင်မြင်ကြီးပွားမှုများ မမျှော်လင့်နိုင်သကဲ့သို့ ဆုံးရှုံးနစ်နာမှုကြီးများလည်း ကြုံရဖွယ် မရှိချေ။

**✪ (၃)ရက်၊ (၁၃)ရက်၊ (၂၃)ရက်နေ့များ၌ မွေးဖွားသူတို့ကား...**

ချမ်းသာကြွယ်ဝမှုနှင့် ဓနဥစ္စာများ ပြည့်စုံနိုင်ကြသည်။ စည်းစိမ်၊ ဂုဏ်သိန် ပြည့်ဝသောနှစ် ဖြစ်ပါသည်။ ဘဝအခြေအနေ တိုးတက်မြင့်မားကာ ယာဉ်ရထား၊ ဇိမ်ခံပစ္စည်းများလည်း ပိုင်ဆိုင်ရတတ်သည်။

အမျိုးသမီးများမှာ ကြွယ်ဝချမ်းသာသော ကြေးရတတ်မိသားစုဝင် ဖြစ်သွားနိုင်သည်။ ဓနဂုဏ် ပြည့်စုံသူ ခင်ပွန်းနှင့် လက်ထပ်ကာ သျှောင်နောက် ဆံထုံးပါနိုင်သည်။

**✪ (၄)ရက်၊ (၁၄)ရက်၊ (၂၄)ရက်နေ့များ၌ မွေးဖွားသူတို့မှာ...**

လျှို့ဝှက်ဆန်းကြယ်သော အဖြစ်အပျက်၊ မြင်ကွင်းများ ကြုံတွေ့ရကိန်းရှိသည်။ မိမိကိုယ်တိုင်လည်း ပါဝင်ပတ်သက်နေရတတ်သည်။

ကိုးကွယ်ယုံကြည်မှု ဘာသာတရားနှင့် ထုံးတမ်းစဉ်လာဓလေ့များ စိတ်ဝင်စား ကိုင်းရှိုင်းမှုရှိသောနှစ် ဖြစ်သည်။ ကျင့်စဉ်စရဏ၊ တရားထူး၊ အမြင်ထူးများ ရရှိနိုင်ကြသည်။ လူငယ်တို့မှာ နတ်ဖက်သောဖူးစာ ရရှိနိုင်ကြသည်။

**✪ (၅)ရက်၊ (၁၅)ရက်၊ (၂၅)ရက်နေ့များ၌ မွေးဖွားသူတို့မှာ...**

အနိဋ္ဌာရုံမြင်ကွင်း၊ ဖြစ်ရပ်များကြားသိမြင်တွေ့နေရတတ်သည်။ ကြုံဆုံရဖွယ် မျက်နှာစာအသီးသီးတွင် ကိုယ်စွမ်းဉာဏ်စွမ်း ရှိသမျှ အစွမ်းကုန် ထုတ်သုံး ကြိုးပမ်းရသောနှစ် ဖြစ်သည်။

သို့သော်လည်း ကျားကုတ်ကျားခဲ ကြိုးစားရသမျှ ထိုက်တန်သော အသီးအပွင့် ရလဒ်များ ခံစားနိုင်ကြ သည်။ အဆုံး၏ ကောင်းခြင်းနှင့် ပြည့်စုံကာ အသစ်တစ်ဖန် စတင်ရန် အားအင်ပြည့်လျှမ်း တက်ကြွနေတတ်ကြသည်။

**✪ (၆)ရက်၊ (၁၆)ရက်၊ (၂၆)ရက်နေ့များတွင် မွေးဖွားကြသူတို့မှာ...**

မျက်နှာစာအသီးသီးတွင် နှောင့်နှေးကြန့်ကြာခြင်းများ ကြုံဆုံနေရတတ်သည်။

နေဝင်ချိန် ဆည်းဆာကို ညွှန်ပြသော နှစ်ကာလဖြစ်ကာ အချိန်ရှိစဉ်က ကောင်းစွာ ကြိုးစားအားထုတ် ဖြည့်ဆည်းခဲ့သူများအတွက်ကား ပိုင်ဆိုင်ရရှိထားသော ဓနစည်းစိမ် အောင်မြင်မှုများကို ဆက်လက်၍ အချိန်ကြာမြင့်စွာ ဆုပ်ကိုင်ပိုင်ဆိုင်ခွင့် ရနိုင်ကြပါသည်။

**✪ (၇)ရက်၊ (၁၇)ရက်၊ (၂၇)ရက်နေ့များ၌ မွေးဖွားသူတို့မှာ...**

အရာရာ ပြည့်စုံခြင်းနှင့် သုခ



www.burmeseclassic.com

www.burmeseclassic.com

အသွယ်သွယ် ခညောင်းသောကာလ ဖြစ်လိမ့်မည်။ စည်းစိမ်ဥစ္စာ ရွှေငွေ ရတနာတို့ တိုးပွားကာ အလှူအတန်းများ ပေးကမ်းစွန့်ကြဲမှုများ ပြုလုပ်ခွင့်ရမည့်နှစ် ဖြစ်သည်။

မိမိကိုယ်တိုင်လည်း ပူဇော်ချီးမြှောက်ခြင်း ခံရကိန်းရှိသည်။ နေအိမ် မိသားစုနှင့် ရင်းချာသော အသိုင်းအဝိုင်းအတွင်း သုမင်္ဂလ သာရေးကိစ္စ ပေါ်ပေါက်၍ စိတ်ကြည်လင် ပေါ့ပါးမှုများသောနှစ် ဖြစ်သည်။

**✪ (၈)ရက်၊ (၁၈)ရက်၊ (၂၈)ရက် နေ့များတွင် မွေးဖွားသူတို့မှာ...**

ဘဝအသစ် နိဒါန်း စတင်ဖွင့်လှစ်ရမည့်နှစ်ဖြစ်သည်။ အသက်မွေးဝမ်းကျောင်းမှု၊ ပညာရေး၊ နှလုံးသားရေး စသည် မျက်နှာစာအသီးသီးတွင် အခြေခံ၊ အစ သင်ခန်းစာ(၁)မှ စတင်ဖြတ်သန်းရလိမ့်မည်။

လူငယ်များအတွက်ကား နှလုံးသားရေး အတွေ့အကြုံအသစ်၊ ချစ်သူအသစ် ရတတ်သည်။ အိမ်ထောင်ရှင်များကား သံယောဇဉ်အပိုကိစ္စ ရှုပ်ထွေးနိုင်သဖြင့် သတိထား ဆင်ခြင်သင့်သည်။

**✪ (၉)ရက်၊ (၁၉)ရက်၊ (၂၉)ရက် နေ့များတွင် မွေးဖွားသူတို့မှာ...**

ကျက်သရေမင်္ဂလာ ဝေသောကာလဖြစ်၍ လာဘ်လာဘ ရွှင်ပျမည်။ စီးပွားရေး မျက်နှာစာတွင် အခြေခံခိုင်မာ၍ ခြေကုပ်မြဲနိုင်မည်။ ကျန်းမာရေးတွင် ပို၍ ပြည့်စုံ ကောင်းမွန်လာမည်။

ကိုယ်ပိုင်အိမ်ခန်း၊ နေအိမ် မရှိသေးသူတို့ ကိုယ်ပိုင်ရရှိကာ နှလုံးသားရေးတွင်လည်း အိမ်ထောင်ဖက်ဖူးစာရှင် ရရှိနိုင်သည်။ အိမ်ထောင်ရေးတွင်မှု နှစ်ဦးနှစ်ဖက် ရိုင်းပင်းဖေးမတွေးမှုရှိသော သီရိဂေဟာ ဖြစ်လိမ့်မည်။

**✪ (၁၀)ရက်၊ (၂၀)ရက်၊ (၃၀)ရက် နေ့များ၌ မွေးဖွားသူတို့ကား...**

အကြံနှာစည် အောင်မြင်မည်။ မျှော်လင့်ချက် ဆန္ဒများ ပြည့်စုံနိုင်သောနှစ်ဖြစ်သည်။ အခက်အခဲ ပြဿနာများ နည်းပါး၍ လိုရာခရီးပန်းတိုင်သို့ လွယ်ကူလျင်မြန်စွာ ရောက်ရှိနိုင်ကြသည်။

အိမ်ရာထူထောင်ရန် ကြံရွယ်သူ တစ်ကိုယ်တည်း သမားတို့မှာ ဟန်ကျပန်ကျဖြစ်ကာ ထင်မှတ်ထားသည်ထက် ဆောလျင်စွာ ထူထောင်ဖြစ်မည်။ ဘဝအောင်မြင်ကြီးပွားမှုမှာ လက်တစ်ကမ်းအလို၌ ရှိ၏။

ဤနှစ်တွင် ကံကြမ္မာ မေးမိုန်နေသူများသည် **လစဉ် (၁၃)ရက်နေ့ ရောက်တိုင်း ကြာပွင့် (၃)ပွင့်ကို ပန်းအိုး၌ ထည့်၍** ညှော်ခန်းစားပွဲပေါ် တင်ကာ အိမ်ခန်းအလှဆင်ထားပါ။ ရေထည့်ပေးကာ ထိုရေ မဖိတ်မစဉ် အောင်ဂရုစိုက်ပါ။ သူ့အလိုအလျောက် ညှိုးနွမ်းသွားပါစေ။ ကိုယ်တိုင်ဥဿဟ ပြု၍ မစွန့်ပစ်ပါနှင့်။

နောက်လ (၁၃)ရက်နေ့ အသစ်လဲလှယ်ပါ။ ကြောင်၊ ခွေး၊ ကြွက် စသည့် တိရစ္ဆာန်များကြောင့် တိမ်းမှောက်သွားလျှင် ဤလအတွက် အပြင်အဆင် အထမြောက်ပြီဖြစ်၍ စွန့်ပစ်သိမ်းဆည်းပါလေ။

**မကောင်းသော ဘေးရန်၊ ဂြိုဟ်ဆိုး အစီးအနင်းများ ပျောက်ကွယ်သွားပါလိမ့်မည်။**

ထက်မင်းကျော်စွာ

စာရှုသူ၊ သုတေသီနှင့် စာရေးသူ ဆောင်းပါးရှင်များသို့...

နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါ...
မဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြပါရှိသေ...
ရောင်ခြည်ကမ္ဘာ့အသီးသီးရှိ ဆောင်း...
များမှ သင့်လျော်သည်များကို ရွေးချယ်...
**ဆောင်းပါးပေါင်းချုပ်များ** ထုတ်ဝေ...
ပါသည်။

သို့ဖြစ်၍ စာရေးသူဆောင်းပါးရှင်...
မှ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါ...
မဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြခဲ့ပါ...
**ဆောင်းပါးပေါင်းချုပ်များတွင် ထည့်...**
**သွင်းမည်ကို သဘောတူညီပြီးဖြ...**
**သည်ဟု** နက္ခတ္တရောင်ခြည်မဂ္ဂဇင်း...
ပါရမီမဂ္ဂဇင်းတိုက်မှ မှတ်ယူပါသည်။

အကယ်၍ ဆောင်းပါးပေါင်းချုပ်...
တွင် **ပါဝင်လိုခြင်းမရှိသူ စာရေး...**
**ဆောင်းပါးရှင်များအနေနှင့် နက္ခ...**
**ရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂ...**
**သို့ ဆောင်းပါးများကို မူလက...**
**ပေးပို့ခြင်း မပြုကြပါရန်** မေတ္တာရ...
အပ်ပါသည်။

အကယ်၍ ပေးပို့ပါက ဆောင်း...
ပေါင်းချုပ်များတွင် ထည့်သွင်းမှု...
သဘောတူညီပြီးဖြစ်သည်ဟု နက္ခ...
ရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတိုက်...
မှတ်ယူပါမည်။

**ထပ်မံပြီး ရွေးချယ်ဖော်ပြခံရပါ...**
**သင့်လျော်သောစာမူခနှင့် စာအု...**
**လက်ဆောင်ပါ ပေးပို့ပေးပါမည်။**

လေးစားစွာဖြင့်...
ဦးကျော်မိုးသိန်း
စာတည်းချုပ်
**နက္ခတ္တရောင်ခြည်မဂ္ဂဇ...**
**ပါရမီမဂ္ဂဇင်း**
အမှတ် ၂၃၃၊ (၂၉)လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့...



www.burmeseclassic.com

www.burmeseclassic.com

မိုးကာလတွင်

# မာလကာပင်မှာ

အသီး ပိုးဝင်တတ်သည့် အကြောင်းရင်းတစ်ခု

မိုးလရာသီ တစ်နေ့မှာ ဖြစ်၏။

ကျွန်တော်သည် တစ်ရပ်ကွက်တည်းနေသူ မိတ်ဆွေတစ်ဦးက သူ့အိမ်သို့ အလည်ခေါ်ထား၍ ထီးတစ်လက်နှင့် အိမ်မှ ထွက်ခဲ့သည်။

မိတ်ဆွေဖြစ်သူ အိမ်သို့ ရောက်သွားသည်နှင့် ကျွန်တော့်ကို ပျူငှာစွာနှင့် ခေါ်ကာ ဧည့်ခန်းမှာ နေရာပေးသည်။ မိတ်ဆွေက ကျွန်တော့်ကို ရေနွေးကြမ်းနှင့် ဧည့်ခံစကားပြောရင်း အနည်းငယ်အကြာမှာ...

'ခဏနေဦးဗျာ၊ ခင်ဗျားကို ပြစရာရှိလို့'

သူက ပြောပြောဆိုဆိုနှင့် အိမ်ခြံဝင်းထဲသို့ ဆင်းသွားသည်။ သူပြန်ရောက်လာတော့ သူ့လက်ထဲတွင် မာလကာသီး သုံးလုံး ပါလာသည်ကို တွေ့ရသည်။ သူ၏ အိမ်ခြံဝင်းထဲက ခူးလာပုံရသည်။ မာလကာသီးတွေမှာ အလုံးကြီးပြီး အတော်လှကြသည်။ သူက စားပွဲပေါ်တွင် မာလကာသီး သုံးလုံးလုံးကို သား၊လှီးဓားနှင့် ထက်ခြမ်းစီ ခွဲပြသည်။

သူခွဲပြသော မာလကာသီးတွေ၏ အတွင်းသားများမှာ ပိုးစားထားပြီး ညိုညည်းနေကြသည်ကို တွေ့ရ၏။

'ခင်ဗျား မာလကာသီးတွေက ဘယ်လိုဖြစ်တာလဲ'

'အဲဒါ ခင်ဗျားကို ကျွန်တော်ပြချင်လို့ ဘယ်လိုဖြစ်တာလဲ မသိဘူးဗျာ။ အဲဒီအပင်မှာ သီးတဲ့ အသီးတွေကတော့ ပြွတ်ခဲနေကြတာပဲ။ အသီးတိုင်း အဲဒီလိုဖြစ်နေတော့ အတော် နှမြောဖို့ကောင်းတယ်။

ခင်ဗျားက အသီးအပင်တွေ စိုက်ပျိုးလုပ်ကိုင်နေတာမို့ ဘယ်လိုဖြစ်တာလဲ၊ ဘယ်လိုလုပ်ရင် ကောင်းမလဲဆိုတာ ခင်ဗျား သိမလားလို့ အကူအညီ တောင်းတာပါဗျာ'

မိတ်ဆွေ ဖြစ်သူမှာ မာလကာသီးများ သီးပိုးဝင်နေသည့်ကိစ္စကို မကျေမနပ် ဖြစ်နေပုံရသည်။

ကျွန်တော်က စဉ်းစားရင်း မေးလိုက်မိသည်။

'ခင်ဗျား မာလကာပင် စိုက်တာ ဘယ်နေရာမှာ စိုက်တာလဲ၊ အဲဒီအပင်နားမှာ ကော ရေစီးမြောင်းရှိလား'

'ရှိတယ်၊ အပင်က အိမ်နောက်ဖေး ရေမြောင်းနဲ့ နီးကပ်နေတယ်'

သူပြောပြ၍ မာလကာပင် သီးပိုးစားသည့်ဖြစ်ရပ်က ကျွန်တော့် အထင်အမြင်နှင့် တိုက်ဆိုင်သွားသည်။

'မာလကာပင်ဘေးက ရေမြောင်းက ရေပုပ်, မြောင်းပုပ် ဖြစ်လိမ့်မယ်။ ရေပုပ်,မြောင်းပုပ်နဲ့ နီးတော့ အမြဲတမ်းကနေ ပိုးဝင်တတ်ပါတယ်။ အခု မိုးလမှာလဲ မိုးအားကောင်းနေတော့ ရေဝပ်တဲ့အချိန်လဲ ဖြစ်နေတယ်။

မိုးလကုန်သွားလို့ ရေမြောင်း စစ်သွားချိန်ကျမှ အသီးတွေ ပိုးစားခြင်း မရှိတော့ဘဲ ပြန်ကောင်းလာလိမ့်မယ်။

မာလကာပင်ကို စိုက်ကတည်းက ရေပုပ်, မြောင်းပုပ်နဲ့ ကွာလှမ်းတဲ့နေရာမှာ စိုက်သင့်တယ်။ ဒါမှ သီးစားပိုး မဝင်နိုင်မှာ။ ဒါဟာ ခင်ဗျားအတွက် အတွေ့အကြုံပေါ့ဗျာ'

'ခင်ဗျားပြောတာ မှန်ပါတယ်။ မာလကာပင်ဘေးက ရေမြောင်းက



ရေပုပ်, မြောင်းပုပ် ဖြစ်နေပါတယ်။ ခင်ဗျားပြောလို့ နားလည် သဘောပေါက်ပါပြီ။

ကျေးဇူးတင်ပါတယ်ဗျာ၊ တော်သေးတာပေါ့။ ကျွန်တော် စိတ်ပျက်ပြီး မာလကာပင်ကို ခုတ်လှဲပစ်မလို့ အခုတော့ နွေမှာသီးမယ့်အသီးကို စောင့်ခူးစားလို့ ရသေးတာပေါ့'

ကျွန်တော် ပြောပြ၍ မိတ်ဆွေဖြစ်သူမှာ ကျေနပ်ပီတိ ဖြစ်သွားရှာပါတော့သည်။

ကျွန်တော်သည် မိတ်ဆွေဖြစ်သူနှင့် တွေ့ဆုံပြီးနောက် မိုးလအခါတွင် မာလကာပင်မှ အသီးများ သီးပိုးဝင်တတ်သည့် အကြောင်းရင်းတစ်ခုကို စာဖတ်သူများအကျိုးငှာ စိတ်ကူးရပြီး ရေးသားတင်ပြလိုက်ရပါသည်။

**ကိုမောင်ကျော်လှိုင်(မအူပင်)**



www.burmeseclassic.com

www.burmeseclassic.com

# ဝဲနှင်းခူး အချက်

စိတ်မပျက်နှင့်



တစ်နေ့သော - နံနက်(၈)နာရီခန့် ကျွန်တော်သည် သာယာမြို့သစ် (၁၄) လမ်းနေ ဦးဗိုလ်မင်းနှင့်အတူ ကိစ္စတစ်ခု ဖြင့် မြို့သစ်(၄)လမ်းနေ ဦးစောသောင်း ကြီး [ရဲမှူး(ငြိမ်း)] ဂန္ဓဝါခရိုင် ရဲမှူး ရုံး]ထံ ရောက်ရှိခဲ့ကြပါသည်။

'ဆရာဗိုလ်နဲ့ ကိုသန်းဝင်းတို့ပါလား။ လာကြဗျာ... ထိုင်ကြ'

ကျွန်တော်တို့ ဆရာ့ရှေ့ ကုလား ထိုင်အသီးသီးတွင် ဝင်ထိုင်ကြပြီး လာ ရင်းကိစ္စအား တင်ပြ ဆွေးနွေးကြပါ သည်။

အတန်ကြာ ဆွေးနွေးပြီး ကိစ္စပြီးစီး သွားသော်လည်း မပြန်နိုင်ကြသေးဘဲ လက်ဖက်ခြောက်မွှေးမွှေးလေး ခတ် ထားသည့် ရေနွေးကြမ်းအား တစ်ခွက် ပြီးတစ်ခွက် ငှဲ့သောက်ရင်း ဝန်ထမ်း ဘဝက အတွေ့အကြုံများကို အပြန် အလှန် နောက်ကြောင်းပြန်ကာ တဟားဟား ရယ်မောနေကြပါသည်။

ထို့နောက် ရပ်ကွက်အတွင်း သာရေး နာရေးကိစ္စများအကြောင်း၊ ဖတ်ခဲ့ဖူး သည့်ဘာသာရေးစာပေများ အကြောင်း ရောက်သွားပြီး စကား လက်စသတ် မရ ဖြစ်နေကြသည်။

နောက်ဆုံး ကျန်းမာရေးနှင့် ဆေးမြီး တိုကိစ္စသို့ ရောက်သွားကြပြန်၏။ သူ သိသမျှ၊ ကိုယ်သိသမျှ ဆေးမြီးတို အစွမ်းထက်မှုအား ပြောကြားနေရင်း ဆရာဦးစောသောင်းကြီးမှ...

'ကိုသန်းဝင်း... မင်း နက္ခတ္တရောင် ခြည်မဂ္ဂဇင်းမှာ စာရေးနေတယ် မဟုတ်လား။ ငါ ကိုယ်တိုင် လက်တွေ့ ပျောက်ကင်းခဲ့တဲ့ ဝဲနှင်းခူးသက်သာ ပျောက်ကင်းဆေးနည်းတစ်ခု ရေးပို့ ကွာ'

'ဆရာ့ကိုယ်တွေ့ ပျောက်ခဲ့တာ ဆိုတော့ ဆရာကိုယ်တိုင်ရေးရင် ပို မကောင်းဘူးလား။ ဆရာလဲ မဂ္ဂဇင်း တွေမှာ စာရေးနေတာပဲ'

'ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေ မယ့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနဲ့ဆို ပိုပြီး အံဝင်ခွင်ကျဖြစ်နေလို့ပါ'

'ဒီလိုဆိုလဲ ဆရာ့ဆေးနည်း ပြော ပါဦး'

'ဒီလိုကွ... အငြိမ်းစားမယူခင် နှစ်, နှစ်လောက်က ငါ့ ညာဘက်ခြေခုံမှာ ယားအောင့်အောင့်ဖြစ်နေလို့ လက်နဲ့ ကုတ်ရင်းကုတ်ရင်း အရေပြားပွန်းပြီး အနာလို ဖြစ်လာတယ်။

ယားလဲ အတော်ယားတယ်။ ယား နာပျောက်ဆေးတွေ လိမ်းပေမယ့် မပျောက်ဘဲ အရည်တစိုစိုနဲ့ ပိုပြီး ပွား လာတယ်။

နားလည်တဲ့လူတွေ ပြကြည့်တော့ ဝဲနှင်းခူလို့ ပြောတယ်။ အဲဒီတော့ ဝဲနှင်းခူပျောက်မယ့်ဆေးနည်း မေးမြန်း စုံစမ်းရတာပေါ့ကွာ။

ဆေးနည်းတွေကတော့ တစ် ယောက်တစ်မျိုး ပြောကြတာပဲပေါ့။ ငါလဲ ပြောသမျှ ဆေးတွေ လိမ်းတာပဲ။ မပျောက်ဘူး။ ဒါနဲ့ပဲ လေး,ငါး,ခြောက် လလောက် ကြာလာတယ်။

တစ်နေ့... ငါ့မိတ်ဆွေ ကိုဝင်းမောင် နဲ့ တွေ့တော့ ဆေးနည်းတစ်ခု ပေးပြန် တယ်။ သူပြောတဲ့ ဆေးနည်းအတိုင်း လုပ်လိုက်တော့ တစ်ပတ်အတွင်း သက်သာ ပျောက်ကင်းသွားတယ်။ ဝမ်းသာလိုက်တာကွာ မပြောနဲ့တော့။ အဲဒီတော့မှပဲ ရှူးဖိနပ် ပြန်စီးနိုင်တော့ တယ်'

ဆရာသည်

စကားကိုရပ်ပြ

ရေနွေးကြမ်းတစ်ခွက် ငှဲ့သောက်နေ

တော်တော်နှင့် စကားမဆက်သဖြ

ကျွန်တော်မှ...

'ဆက်ပြောလေ ဆရာ'

'ဟ...ပြီးပြီလေကွာ'

'ဟာ... ဆရာကလဲ ဝဲနှင်းခူပျော

တာသာ ပြောတာ ဆေးနည်းမပါသေ

ဘူးလေ'

'ဟော... ဟုတ်လား။ ဟား...ဟား...ဟ

အေးပါကွာ။ လောကြီးသွားလို့ပါ။ ဆေးန

က လွယ်လွယ်လေးပါ။ ဒီလိုကွာ... ရေ

ကြမ်းအိုးထဲက လက်ဖက်ခြောက်ဖတ်တွေ

အပုပ်ခံ ညအိပ်ရာဝင်ရင် အနာပေါ်အုံ

လုံအောင် စည်းထားရမယ်။

နောက်နေ့ကျတော့ ဖယ်ပြီး အနာ

သန့်ရှင်းရေးလုပ်၊ အိပ်ရာဝင်ရင် တစ်

လက်ဖက်ခြောက် နောက်ထပ်အသစ်နဲ့ အုံ

စည်း။ နောက်ရက်တွေလဲ ဒီအတိုင်းပေ

တစ်ပတ်လောက်ဆိုရင် သိသိသာသ

ပျောက်လိမ့်မယ်။ အဆင်မသင့်လို့ ကြာ

(၁၀)ရက်ပေါ့ကွာ။ ကိုယ်တိုင်ပျောက်ခဲ့

နည်းမို့ ရဲရဲကြီးသာ ရေးပေးတော့ပေါ့'

**(ဆရာဦးစောသောင်းကြီးအား ဤ**

**စာစုဖြင့် ကျေးဇူးတင် ဂါရဝပြုအ**

**ပါသည်။)**

**ကိုစနေ**



www.burmeseclassic.com

www.burmeseclassic.com

# သားယောက်ျားလေး

မွေးဖွားစေသည့်အဆောင်

ဟူလွင်ဇော်



ဝမ်းဗိုက်မြင်ကွင်း

တစ်ခုသော နေ့ခင်းကာလ...

ညှိခန်းရှိ ဝါးကုလားထိုင်တွင် ထိုင်၍ ကွမ်းသီးညှပ်နေခိုက် ဇနီးသည်က...

'ဟိုမှာ... ပြောင်ကိုး(ဝမ်းကွဲအစ်ကို) ရောက်လာတယ်'

ဟု လှမ်းပြောသဖြင့် ကြည့်မိရာ အိမ်ရှေ့တွင် ယောင်လည်လည်ဖြစ်နေသော ''ဝမ်ကျင်းဖူ''ကို တွေ့လိုက်ရသည်။ တံခါးဖွင့်ကာ ထွက်ခေါ်မှ အိမ်တွင်း ရောက်လာသည်။

'မရောက်တာကြာလို့ အိမ်ခန်းကို သိမ်မေ့မေ့ ဖြစ်နေတာယ်။ ငါ အရင်တစ်ခေါက်လာတုန်းက ဒီဗာဒံပင်တွေမှ မရှိသေးဘဲ'

တရုတ်နိုင်ငံ၊ ကွမ်းရှီးပြည်နယ်၊ ချိုကျိုးမြို့တွင် နေထိုင်သော ဝမ်းကွဲအစ်ကိုကြီး ဝမ်ဂျင်းဖီထံ အလည်အပတ်သွားရောက်ပြီးအပြန် ရန်ကုန်တွင် ခေတ္တနားစဉ် အလည်ရောက်လာခြင်း ဖြစ်သည်။

ဝမ်းကွဲအစ်ကိုက ရိုက်ကူးလာသော မှတ်တမ်းဓာတ်ပုံ၊ ဗီဒီယိုဓာတ်ပုံများကို ပြသပေးသည်။ လီမြစ်တွင်းမှ ချစ်မူရေးရာ အဆင်ပြေစေသော မေတ္တာတိုင် ဆင်နှာမောင်း၊ တောင်ဥမင်ဂူအပါအဝင် လီမြစ်ကြောင်းတစ်လျှောက် လေ့လာရေးခရီးစဉ် မှတ်တမ်းများ ဖြစ်သည်။

ယင်းတို့အနက် ထူးထူးခြားခြား သစ်သား ပိတုန်းရုပ်ပုံကို မြင်ရသဖြင့် မေးမြန်းကြည့်သည်။

'ဒီ သစ်သားပိတုန်းက ဘာလုပ်တာလဲ'

'ဒေသခံလူမျိုးစုတွေရဲ့ အဆောင်သဘောတစ်ခုပဲ။ သားယောက်ျားလေး မွေးအောင်တဲ့'

'ဆေးဝါးမန္တရားစီရင်ရသေးသလား'

'မလိုပါဘူး။ သစ်မာတစ်မျိုးရဲ့ အနှစ်သားကို ပိတုန်းရုပ်ထုပြီး ပြတင်းပေါက်မှာ ချိတ်ဆွဲထားပေးကြတယ်။ များသောအားဖြင့် ပထမသားဦး မိန်းကလေးဖြစ်နေရင် ဒုတိယကိုယ်ဝန်ရှိလာတာနဲ့ ဒီလို ချိတ်ဆွဲထားလေ့ရှိကြတယ်။

'သူတို့ရိုးရာ နတ်ဘုရားတွေကို ပူဇော်တာ ဖြစ်မှာပေါ့'

'မဟုတ်ပါ မောင်ရာ... ပိတုန်းကို တရုတ်လို(尼 木 蜂)ရဲ့မှုဖူန်း (Nìè MùFōng)**''သစ်ဖောက်ပျား''**လို့ ခေါ်တယ် မဟုတ်လား။ သစ်ပင်၊သစ်ကိုင်းတွေမှာ လိုဏ်ဖောက်ပြီး အိမ်လုပ်နေတတ်ကြတယ်။ မွေးဖွားခြင်းက သစ်သားဓာတ်စိုးမိုးတယ်။ ဒါကြောင့် **''သစ်ဖောက်ပျား''**လို့ ခေါ်တဲ့ ''ပိတုန်း''က ချောချောမောမော မျက်နှာမြင်စေတယ်'


'ယောက်ျားလေး၊ မိန်းကလေး ဘယ်မှာ ခွဲခြားလို့လဲ'





www.burmeseclassic.com

www.burmeseclassic.com



◆ သစ်သားပိတုန်း ကျောဘက်

◆ နံဘေးမြင်ကွင်း



'ဒီအကောင် အလောတကြီး နိုင်လိုက်တာ၊ ဆက်စဉ်းစားလေ။ "သစ်ဖောက်ပျား"လို့သာ ခေါ်တယ်။ ပျားအစစ် မဟုတ်ဘူး။'

'ဟုတ်ပြီ။ ယင်း (Yin)ဓာတ်ဆောင်တဲ့ပျားပေါ့။ သားဦးကလဲ မိန်းကလေးဆိုတော့ "ယင်း"ဓာတ်ကြွယ်ဝနေတယ်။ ဝင်ရောက်ခြင်း သင်္ကေတဖြစ်တဲ့ တံခါးမနဲ့ ပြတင်းပေါက်မှာ "တံခါးမ" က ယန်း၊ ပြတင်းပေါက်က "**ယင်း**"။

"**ယင်း**"ဓာတ် လွန်ကဲအောင် တန်ဆာ ဆင်ထားတဲ့အတွက် ထိုက်ကျိုးသဘော **(အစွန်းတရားနှစ်ဖက် ခွန်တွဲလွန်ဆွဲကာ ဟန်ချက်ညီအောင် ထိန်းညှိခြင်းသဘောတရား)**အရ ယန်းဓာတ်ဆောင် သားယောက်ျားလေး မွေးဖွားစေတဲ့ အကူအပံ့မစွည်း ဖြစ်လာတာပေါ့နော်'

'အေး... မွေးကင်းစ,ကလေးကို ရည်ညွှန်းတာဖြစ်လို့ သစ်သားပိတုန်းက ခြေတွေ,လက်တွေ ဖြန့်ကားတာ၊ အတောင်ဖြန့်တာ မထုလုပ်ရဘူး'

ပိတုန်း၏ ဝမ်းဗိုက်ပိုင်းကို လှန်ကြည့်ရာ ခြေ,လက်(၆)ချောင်းကို ဝမ်းဗိုက်တွင် ကပ်လျက်ပုံစံ မြင်တွေ့ရလေသည်။

**(တရုတ်နိုင်ငံတွင် တစ်အိမ်ထောင် (လင်မယားနှစ်ဦး) ကလေးတစ်ဦးသာ မွေးခွင့်ရှိသော်လည်း ကွမ်ရှီးပြည်နယ်၊ ကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသတွင် ကလေးနှစ်ဦး ထိ မွေးဖွားခွင့် ပြုထားပါသည်။)**

ဤ သားယောက်ျား မွေးဖွား... သော အဆောင်ကို ပြုလုပ်ပါ... မြန်မာ့ရေမြေတွင် ပေါများသော "**ပိတောက်**"သားကို "**ပိတုန်း**" ရုပ်ထုကာ "**ပြတင်း**"၌ ချိတ်ဆွဲခြ... ဖြင့် ပို၍ ထိရောက်စေနိုင်သည်... ယူဆမိပါသည်။

**ဟူဂျင်းဇီ**



www.burmeseclassic.com

www.burmeseclassic.com

# လက္ခဏာပဟေဠိ

ဆရာ ဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်သုတေသီ

အဖြေညှိကြစို့


ယခုလအတွက် ဖော်ပြပေးလိုက်သော ညာလက်ဖဝါးပုံစံပိုင်ရှင်မှာ **အသက်(၂၈)နှစ်အရွယ် အမျိုးသားတစ်ဦး** ဖြစ်ပါသည်။ လက်ဖဝါးပြင်နှင့် လက်ချောင်းများကို သေချာစွာ ကြည့်ရှုလေ့လာ စစ်ဆေးပြီးမှ အောက်ပါမေးခွန်းများကို ဖြေကြည့်ပါ။

၁။ စေ့စပ်လက်ထပ်ဖို့ကိစ္စမှာ မိဘ၊ မောင်နှမတို့ သဘောတူစွာ အဆင်ပြေပြေ ဖြစ်နိုင်မလား။

၂။ ဝန်ထမ်းလုပ်ငန်းမှာ ရာထူးဩဇာရှိသူ အရာရှိအဆင့်မျိုး ဖြစ်နိုင်သလား။

၃။ ပြည်ပမှာ အခြေချလုပ်ကိုင် နေထိုင်ရကိန်း ရှိနိုင်လား။

မိမိတို့၏ အဖြေများကို အကြောင်းပြချက်နှင့်တကွ သီးခြားစာရွက်လွတ်မှာ ရေးမှတ်ပြီးမှ ပဟေဠိအဖြေများနှင့် ညှိနှိုင်းတိုက်ဆိုင် ကြည့်စေချင်ပါသည်။ သို့မှသာ လက္ခဏာပညာသုတ ပိုမို တိုးပွားနိုင်ပါမည်။




ပဟေဠိ အဖြေများကို
စာမျက်နှာ(၁၈၂)တွင်
ကြည့်ရှုပါရန်။



www.burmeseclassic.com

www.burmeseclassic.com

# ပုတီးကျင့်စဉ်နှင့်

## ဖြစ်စဥ်များ

တက္ကသိုလ် ဘုန်းနိုင်



စာရေးသူ ငယ်ရွယ်စဉ်ကပင် ပုတီးစိပ်ခဲ့သည်။ အသက်(၃၂)နှစ်မှစ၍ ကံငါးပါးကို လုံခြုံအောင် ထိန်းသိမ်း၍ အဓိဋ္ဌာန်ပုတီးကို နေ့စဥ် ဝတ်မပျက် စိပ်ခဲ့ပါသည်။ စာရေးသူအား သွန်သင်ညွှန်ကြားသူမှာ ဆရာကြီး တယော ဦးဆန်နီပင် ဖြစ်ပါသည်။

ဆရာကြီး တယောဦးဆန်နီသည် တောထဲတွင် ဝိဇ္ဇာတစ်ဦးနှင့်တွေ့ပြီး ဗုဒ္ဓဘာသာဝင်အဖြစ်သို့ ကူးပြောင်းလာသူဖြစ်ပြီး ဗေဒင်နှင့် အင်္ဂရတ်ပညာကို အထူး တတ်ကျွမ်းသူ ဖြစ်ပါသည်။

စာရေးသူအား ဆရာကြီးက ဗေဒင်ပညာအပြင် စနစ်တကျ ပုတီးစိပ်တတ်ရန် သင်ကြားပေးသည်။ အစိုးရရုံးဌာနတစ်ခုသို့ အလုပ်ဝင်ရောက်ပြီးနောက် ပုတီးစိပ်သက် ကြာလာသောအခါ စာရေးသူအား စောင့်ရှောက်နေသော ပုဂ္ဂိုလ်တစ်ဦး ဓာတ်စီး၍ ကြွလာပါသည်။ ရံဖန်ရံခါတွင် ပြင်ပမှ လမိုင်းပုဂ္ဂိုလ်များ အမှတ်မထင် မှီကပ်လာတတ်သည်။

စောင့်ရှောက်သော ပုဂ္ဂိုလ်အစစ်အမှန်ဓာတ်စီးလာပါက ဦးခေါင်းမှစ၍ အအေးဓာတ်စိမ့်ဝင်စီးဆင်းလာပြီး ရင်ညွှန့်အောက်တွင် ရပ်တန့်သွားသည်။ ပြီးနောက် နှုတ်မှ လိုအပ်သမျှကိုသာ ညွှန်ကြားသွားပါသည်။ လမိုင်းများဖြစ်ပါက ခန္ဓာကိုယ်အောက်ပိုင်းမှစ၍ တစ်ကိုယ်လုံးလှုပ်နေပြီး စကားတွေ တတွတ်တွတ်နှင့် ယောင်ပွဲ့အောင် ပြောနေတတ်သည်။

စာရေးသူ ကိုးကွယ်သော ဆရာတော်နှင့် ဆရာကြီးက လမိုင်းများ မကပ်နိုင်ရန် ပုတီးစိပ်ပြီးတိုင်း အာနာပါနသဿတိဘာဝနာကို (၁၀)မိနစ်ခန့် ပြုလုပ်ခိုင်းတတ်ပါသည်။ နှာသီးဖျားတွင် ဝင်ထွက်နေသောလေကို ထိထိမိမိ သိအောင် ရှုတတ်လာသောအခါ လမိုင်းပုဂ္ဂိုလ်များ ဝင်မကပ်တော့ပါ။ စောင့်ရှောက်နေသော ပုဂ္ဂိုလ်ပင် ဓာတ်စီးကြွလာသည့် အကြိမ်ကျဲသွားသည်။

စာရေးသူသည် တတ်ကျွမ်းထားသော ဗေဒင်ပညာဖြင့် မိတ်ဆွေအပေါင်းအသင်းများကို စမ်းသပ် ဟောပြောကြည့်၏။ တစ်ခါတစ်ရံတွင် မမျှော်လင့်ဘဲ နှုတ်မှ ဟောပြောလိုက်သော စကားများကြောင့် အံ့အားသင့်ရသည်။ စာရေးသူ၏ စိတ်ထဲတွင် ပြောချင်စိတ်မရှိသောစကားများ ဟောပြောထွက်လာတတ်သည်။

နေ့တစ်နေ့တွင် စာရေးသူ၏ရုံးမှ မိတ်ဆွေတစ်ဦးသည် ကြုံ၍ ဗေဒင်တွက်ခိုင်း၏။ ဗေဒင်တွက်နေဆဲတွင် ဓာတ်စီးလာပြီး တစ်လအကြာတွင် အသည်း ကျောက်တည်ရောဂါကြောင့် ဆေးရုံတက်ရလိမ့်မည်ဟု မထင်မှတ်ဘဲ ဟောပြောလိုက်သည်။ ထိုမိတ်ဆွေသည် တစ်လအကြာတွင် အသည်း ကျောက်တည်သဖြင့် ဆေးရုံ၌ အမှန်ပင် ခွဲစိတ်ကုသမှု ခံယူခဲ့ရသည်။

ရုံးပိတ်ရက်တစ်ရက်တွင် ကုန်သည် အမျိုးသမီးတစ်ယောက် ဗေဒင်မေးရန် ရောက်လာသည်။ အထင်မကြီးသော ပုံစံဖြင့် မေးခွန်းများကို ကတ်သီးကတ်သတ်မေးသည်။ အိမ်ထောင်ရေးကိစ္စကို မေးလာသောအခါ မထင်မှတ်[...] နှုတ်မှ ဓာတ်စီးပြီး အမျိုးသမီး ဖော[...] ပြန်ခဲ့သမျှအကြောင်းတွေကို ဖွင့်[...] ပြောဆိုလိုက်သောအခါ အမျိုးသမီး[...] ရှက်ရှက်နှင့် စာရေးသူအား တောင်း[...] ၍ ကန်တော့ပြီး ပြန်သွားပါသည်။

စာရေးသူ၏ ဆရာကြီးက ဗေ[...] မဟောရန် တားပါသည်။ ဆရာ[...] ကိုယ်တိုင်ကပင် ဗေဒင်ဟောမစာ[...] လိုအပ်မှသာ ယတြာများ ပြုလု[...] ပေးလေ့ ရှိပါသည်။ စာရေးသူသ[...] ဝန်ထမ်းတစ်ဦးဖြစ်သည့်အပြင် အား[...] သည့်အချိန်များတွင် ပုတီးစိပ်[...] လျော့နည်းသွားမည်စိုးသဖြင့် ထို[...] ပိတ်ပင်ထားခြင်း ဖြစ်ပါသည်။

စာရေးသူသည် အားလပ်ချိန်တို[...] ပုတီးစိပ်ပြီး အာနာပါနသဿတိဘာဝ[...] ကို စွဲစွဲမြဲမြဲ ဖွဲ့ဖြင့် လုပ်လာသ[...] အာရုံနိမိတ်များ ထင်ရှားစွာ ပေါ်[...] သည်။ ဥပမာအားဖြင့် [...]ချုပ်[...] ညွှန်ကြားရေးမှူးချုပ်သ[...] မြို့နယ်[...] သို့လာမည်ဟု အိပ်မက်,မက်သည်[...]



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ထဲတွင် ဝတ်စားထားသော ဝတ်စားဆင်ယင်မှုအတိုင်း မြို့နယ်ရုံးသို့ သွားသောနေ့တွင် တစ်ထပ်တည်း တူညီသော ဝတ်စားဆင်ယင်မှုအတိုင်း ဝတ်စားလာသည်ကို တွေ့ရ၏။ ခရီးထွက်မည့်နေ့တွင် ကားမရ၍ ခရီးမသွားဖြစ်သော ကိစ္စရပ်မျိုးကို ကြိုတင်၍ အိပ်မက်ရထား၏။ ရာထူးတိုးမြှင့်စာမေးပွဲတွင် ရာထူးတိုး၊ မတိုးကိုလည်း ကြိုတင်၍ နိမိတ်များ ရထားတတ်သည်။

စာရေးသူသည် နံနက်(၄း၀၀)နာရီတွင် ပုံမှန် အိပ်ရာမှနိုးပြီး ဘုရားသောက်တော်ရေလဲ၊ ဆီမီးအမွှေးတိုင်ပူဇော်၍ ပုတီးစိပ်လေ့ ရှိပါသည်။ ပုတီးစိပ်ပြီး၍ အာနာပါနသသတိဘာဝနာ ပြုလုပ်ချိန်၌ ဘုရားများတွင် သွား၍ ပုတီးစိပ်ရန် စောင့်ရှောက်သော ပုဂ္ဂိုလ်က ညွှန်ကြားလာတတ်၏။

တစ်နေ့တွင် ကျိုက္ကဆံဘုရားသို့ ညနေ(၄း၀၀)နာရီတိတိအချိန် သွားရောက်၍ ပုတီးစိပ်ပြီး မြတ်သောပုဂ္ဂိုလ်တစ်ဦးအား ငွေတစ်ဆယ်ကျပ် လှူဒါန်းခဲ့ရန် ညွှန်ကြားလာသည်။ ဘုရားသို့ သွားရန် နေအိမ်မှ ထွက်သောအခါ ညနေ(၃)နာရီ ထိုးနေပေပြီ။ ညနေ(၄း၀၀)နာရီအရောက်သွားရမည် ဖြစ်သဖြင့် အငှားယာဉ်ဖြင့်သွားမှ ရနိုင်မည်ဖြစ်သဖြင့် အငှားယာဉ်များကို မျှော်နေစဉ် မိတ်ဆွေတစ်ဦး၏ ကားရောက်လာသည်။ မိတ်ဆွေသည် တောင်ဥက္ကလာပသို့သွားမည်ဖြစ်၍ လမ်းကြုံသဖြင့် ထိုကားဖြင့် လိုက်သွား၏။ ဘုရားဝင်းထဲသို့ ကားဝင်လိုက်သောအခါ ညနေ(၄း၀၀)နာရီတိတိ ထိုးနေပေပြီ။

စာရေးသူသည် တန်ဆောင်းအတွင်းသို့ ဝင်၍ ပုတီးစိပ်ရန် ပြင်ဆင်နေစဉ် သူတောင်းစားတစ်ဦး စာရေးသူထံ ရောက်လာပါသည်။ သူတောင်းစားသည် ညာဘက်လက်ဖဝါးနှင့် ဘယ်ခြေဖဝါးတို့ကို ပတ်တီးစည်းထား၏။ ဟောင်းနွမ်းနေပြီဖြစ်သော ရှပ်အင်္ကျီအဖြူနှင့် ပုဆိုးအဖြူဝတ်ထားပြီး "ငွေတစ်ဆယ်လောက် ပေးပါ"ဟု တောင်းသဖြင့် ငွေတစ်ဆယ်ကျပ်တန် တစ်ရွက်ကို ပေးလှူလိုက်သည်။

သူတောင်းစားက ဆုများပေးပြီး စာရေးသူအား လှည့်လှည့်ကြည့်ပြီး တန်ဆောင်းအတွင်းမှ ထွက်သွား၏။ စာရေးသူ ပုတီးစိပ်နေသောအခါ စောင့်ရှောက်နေသောပုဂ္ဂိုလ်က မနောဖြင့် "ဘိုးတော်ဆီက ဘာမှ မရလိုက်ဘူးလား"ဟု မေးပါသည်။ ဘိုးတော်သည် သူတောင်းစားပုံစံဖြင့် လာ၍ အလှူခံသဖြင့် သာမန်သူတောင်းစားတစ်ယောက်အဖြစ်သာ မှတ်ယူပြီး အထင်သေးမိခဲ့သည်မှာ အမှန်ဖြစ်ပါသည်။

"မြတ်သော ပုဂ္ဂိုလ်အား ငွေတစ်ဆယ်ကျပ် လှူဒါန်းခဲ့ပါ"ဟူသော ဓာတ်စီးသောပုဂ္ဂိုလ်၏ ညွှန်ကြားချက်ကို ပြန်လည် စဉ်းစားမိသောအခါမှ ငွေတစ်ဆယ်ကျပ်လာ၍ အလှူခံသူမှာ ဘိုးတော်တစ်ဦး ဖြစ်နိုင်သည်ဟုသာ ကောက်ချက်ချမိတော့သည်။ ဘိုးတော်ထံမှ ဘာပစ္စည်းမှ မရလိုက်ပါ။ ပေးသွားသောဆုများသာ ပြည့်ဝခဲ့ပါသည်။

လပြည့်နေ့ တစ်နေ့တွင် စောင့်ရှောက်နေသောပုဂ္ဂိုလ်က စာရေးသူအား ရွှေတိဂုံဘုရားတွင် လက်ဖွဲ့ပစ္စည်းသွားယူဖို့ ညွှန်ကြားပါသည်။ စာရေးသူသည် နံနက်စာ ထမင်းစားပြီး ရွှေတိဂုံစေတီသို့ သွားခဲ့၏။ ဘုရားပေါ်သို့ရောက်သောအခါ နေ့လယ်(၁)နာရီ ထိုးနေပေပြီ။ အရှေ့ဘက်မုခ်ရှိ ဓမ္မစေတီတွင် ပုတီးစိပ်ရန် သွားသောအခါ နေရာတွင် လူပြည့်ကျပ်နေသဖြင့် အစွန်နားတွင် နေရာယူလိုက်ပါသည်။

ပုတီးစိပ်ရန် ပြင်ဆင်နေစဉ်အတွင်းမှ ယောဂီဝတ်ပုဂ္ဂိုလ်တစ်ဦးက နေရာဖယ်ပေးပြီး သူ့ပုတီးနှင့် ပုတီးစိပ်ပေးရန် ပြောသည်။ စာရေးသူလည်း အားနာစွာဖြင့် ယောဂီဝတ်ပုဂ္ဂိုလ်ပေးသော ပုတီးနှင့် ယောဂီ ထပေးသောနေရာတွင် နေရာယူ၍ ရက္ခန်းစင်တောင်ဆရာတော်၏ ပုတီးစိပ်နည်းဖြင့် ကိုးပတ်တိတိ စိပ်လိုက်သည်။ ပုတီးစိပ်ပြီး၍ ပုတီးကို ပြန်ပေးရန် ကြည့်လိုက်သောအခါ ယောဂီဝတ်ပုဂ္ဂိုလ်မှာ မရှိတော့ပါ။ ဘုရားရင်ပြင်ပေါ်တွင် အနှံ့ရှာဖွေသော်လည်း မတွေ့တော့ပါ။

ပုဂ္ဂိုလ်ပြောသောလက်ဖွဲ့မှာ အဆိုပါ စိပ်ပုတီးဖြစ်နိုင်သည်ဟု ထင်မြင်ယူဆသဖြင့် ပုတီးကို ဘုရားတွင် မလှူခဲ့တော့ဘဲ နေအိမ်သို့ ယူလာခဲ့ပါသည်။ ဆရာကြီးဦးဆန်နီက ပုတီးကို စစ်ဆေးကြည့်သောအခါ ဂြိုဟ်ခွင်ပုတီးဖြစ်ပြီး ဂြိုဟ်သက်အလိုက် ပုတီးလုံးကလေးများကို စီမံထားပြီး စနေသားများအတွက် ရည်ရွယ်ပြုလုပ်ထားခြင်းဖြစ်ကြောင်း ပြောပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆောင်းအကုန် နွေအကူးကာလတွင် စာရေးသူသည် ပန်းတောင်းမြို့နယ်ရှိ ထုံးဘိုရွာသို့ အလုပ်ကိစ္စဖြင့် ရောက်ခဲ့သည်။ ထုံးဘိုရွာတွင် ဇရပ်တစ်ခု၌ ကန်တော့ပွဲ (၁၀၈)ပွဲထိုး၍ အလင်းတိုင် (၁၀၈)တိုင်ထွန်းပြီး ရဟန်းတစ်ပါး ပုတီးစိပ်နေသည်ကို တွေ့ရ၏။ ရဟန်းတော်၏နောက်ဘက် တစ်ကိုက်အကွာတွင် တပည့်နှစ်ဦးလည်း ပုတီးကိုယ်စီဖြင့် ပုတီးစိပ်နေကြသည်။

စာရေးသူ အနားသို့ ရောက်သွားသောအခါ ရဟန်းတော်မှ လှမ်းခေါ်ပြီး ပုတီးစိပ်ရန် ပြောသည်။ စာရေးသူလည်း ပုတီးစိပ်ရန် ပြင်းပြနေသဖြင့် နှစ်ခါမခေါ်ရဘဲ ကန်တော့ပွဲများအရှေ့တွင် ဝင်ထိုင်လိုက်၏။ ရဟန်းတော်က ပွဲပေါ်တွင် တင်ထားသော ပုတီးကိုယူ၍ ပေးသည်။ စာရေးသူသည် ဘုရားကန်တော့လိုက်ပြီး ရဟန်းတော်ပေးသော ပုတီးဖြင့် ပုတီးစိပ်ရန် ဟန်ပြင်လိုက်သည်။

ပုတီးလုံးများမှာ သပျစ်သီးနီးပါးမျှရှိပြီး ပုတီးလုံးတိုင်းတွင် အင်းပြားများကပ်ထားသည်။ စာရေးသူ ပုတီးစ,စိပ်သောအခါ ခန္ဓာကိုယ်တစ်ခုလုံးမှာ ဆတ်ဆတ်တုန်ပြီး ကြက်သီးမွေးညင်းများထနေ၏။ အာရုံထိမိရန် မနည်းကြိုးစား၍ စိပ်ရသည်။ တဖြည်းဖြည်းငြိမ်သက် တည်ငြိမ်သွားပြီး ပုတီးကိုးပတ်ပြည့်သောအခါ ရဟန်းတော်က...

'နောက်ကြုံရင်လဲ ပုတီးလာစိပ်ပါဦး၊ ဒကာကြီး ဘယ်အဆင့်ကို ရောက်နေပြီဆိုတာ သိရတာပေါ့'

ဟု ပြောလာ၏။ စာရေးသူသည် အလုပ်ကိစ္စ အရေးတကြီး ဆောင်ရွက်ရန် ရှိနေသေးသဖြင့် ရဟန်းတော်အား နှုတ်ဆက်ကာ ပြန်ခဲ့၏။ နှစ်ရက်အကြာတွင် အလုပ်များပြီးစီး၍ ရဟန်းတော်အား နှုတ်ဆက်ရင်း ပုတီးစိပ်မည်ဟု စိတ်ကူးနှင့် သွားသောအခါ ရဟန်းတော်အား မတွေ့ရဘဲ ဇရပ်အဟောင်းကိုသာ တွေ့လိုက်ရပါတော့သည်။

ဝန်ထမ်းတစ်ဦး၏ ပြောပြချက်အ… ရုံဖန်ရုံခါ ရဟန်းတော်ကို တွေ့ရတ… ကြောင်း၊ ရဟန်းတော်ထံမှ ဗီးကြ… ငှက်ပျောသီးတစ်လုံး စားရဖူးကြော… နှင့် ငှက်ပျောသီးစားပြီး အလုပ်ကြ… လုပ်ရာ တစ်နေ့လုံး ဆာလောင်မွ… သိပ်မှု မရှိ၍ အမှတ်တရ ဖြစ်ခဲ့… ကြောင်း ပြောပါသည်။

ရဟန်းအား ဖူးတွေ့ပြီး ပုတီးထပ်… စိပ်မည်ဟု အားခဲလာခဲ့ရာ ရဟန်းတော်… မရှိတော့သဖြင့် စိတ်မကောင်း ဖြစ်… ရသည်။ ရဟန်းတော် ပြောပြမည်… သော ရောက်ရှိနေသည့်အဆ… ဆိုသည်မှာ...

ကျင့်စဉ်၊ စရဏအား သို့မဟု… ပါရမီပေလား သိချင်စိတ်များ ပြင်း… နေပါတော့သည်။

**တက္ကသိုလ် အပန်ငယ်**


**စာမျက်နှာ (၁၇၉)မှ အဆက်**

**လက္ခဏာပမာဏ အခြေများ**

**၁။ စေ့စပ်လက်ထပ်ဖို့ ကိစ္စမှာ မိမိဘက်မှ မိဘ၊ မောင်နှမများက သဘောမတူ မကြည်ဖြူသဖြင့် အဆင်ပြေပြေ မဖြစ်နိုင်ပါ။ အဘယ်ကြောင့်ဆိုသော်...**

နှလုံးလမ်းအဖျားမှ လမ်းခွဲတစ်ခုက အင်္ဂါဂြိုဟ်ခုံထဲရောက်အောင် ထင်ရှားစွာ ထိုးဝင်နေခြင်း [(က)အကွရာ] ကြောင့် ဖြစ်သည်။


* * *




**၂။ ဝန်ထမ်းလုပ်ငန်းမှာ ဩဇာရှိသူ၊ ရာထူးရှိသူ အရာရှိအဆင့်မျိုး ဖြစ်နိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော်...**

လက်ညှိုးနှင့် လက်ခလယ်ကြားမှ သန့်လျက်သင်္ကေတက လက်ခလယ်အောက် စနေဂြိုဟ်ခုံဘက် ရောက်ရှိခြင်း [(ခ)အကွရာ]နှင့် အသက်လမ်းက လက်ညှိုးအောက် ကြာသပတေးဂြိုဟ်ခုံ အထက်ပိုင်းမှ ထွက်ခြင်း [(ဂ)အကွရာ]တို့ကြောင့် ဖြစ်သည်။


* * *




**၃။ ပြည်ပမှာ အခြေချလုပ်ကို… နေထိုင်ရကိန်း မရှိပါ။ အဘ… ကြောင့်ဆိုသော်...**

အသက်လမ်းကြောင်း အရင်းပို… သည့် သောကြာဂြိုဟ်ခုံအတွင်း… နီးကပ်စွာ ကွေးဝင်နေခြင်း [(ဃ… အကွရာ]ကြောင့် ဖြစ်ပါသည်။

* * *




*လက္ခဏာပညာသုတ တိုးပွားကြ… အောင်မြင်ကျော်ကြား ချမ်းသာ… ပွားအောင်...*

ဆရာ ဦးအောင်မြိုင် (…ဒေဘွဲ့…)
လက္ခဏာဗေဒပိုတေသီ



www.burmeseclassic.com

www.burmeseclassic.com



◆ ဆူးဖြူပင်

# ဆူးဖြူပင်နှင့် ဆေးသုံးအချို့

ဇွန်မိုးဝင်း

'ခင်ဗျား အိမ်သာခဏခဏ သွားနေတာ ဝမ်းများလျှောနေသလား'

'မဟုတ်ပါဘူးဘုရား။ တင်ပါး အနာစိမ်းပေါက်နေလို့ ဆေးအုံတာပါ။ ဖရုံဆွဲ ကြွက်သားစွန်းနေရာမှာဆိုတော့ ယောင်းချက်က မမြဲဘူး။ ခဏခဏ ပြန်ကပ်နေရတယ်'

'ဝမ်းလျှောဝမ်းပျက်တာဆိုရင် ဟောဒီ အရွက်ရင့် သတ္တုညှိကို မနက်,ည လက်ဖက်ရည်ဇွန်း တစ်ဇွန်းစီ သောက်ပေးရုံနဲ့ ပျောက်ပါတယ်'

ဦးသီလာစာရ ညွှန်ပြသော အရွက်မှာ ဆီးဖြူရွက်နှင့် ဆင်ဆင်တူ၍ မန်ကျည်းသီးကဲ့သို့ အဆစ်ကလေးများ ဆက်နေသော သီးတောင့်များရှိ၏။

'တရုတ်မန်ကျည်းလား ဦးပဥ္ဇင်း'

'**ဆူးဖြူပင်**ပါ။ အစေ့ကို ချိုးဖွဲ့ရင် အစေးထွက်တယ်။ အပင်မှာ ဆူးပါတယ်။ အစေးနဲ့အခေါက်က ဆေးဖက်ဝင်တယ်။ ဆူးဖြူသီးအခွံနဲ့ ဗာဒံသီး အခွံဆတူရော၊ ပြာချပြီး သွားတိုက်ရင် သွားရောဂါမှန်သမျှ ကောင်းတယ်၊ သွားခိုင်တယ်။ အညာပေါက် သွားတိုက်ဆေးပင်ပေါ့'

'ဒါထက် ဦးပဥ္ဇင်း မိတ်ဆွေတစ်ယောက် မမြင်ပါလား။ ဆီးချိုဖြစ်နေတဲ့ လူလေ'

'ကိုမြလား... အလုပ်က ပန်းရန်သမား၊ လက်သမား ဆီးချိုရောဂါရှိနေတော့ မတော်တဆ ခဲ၊ အုတ်၊ သစ်သား ရှရာတွေက သွေးမတိတ်၊ အနာမကျက်နိုင်ဖြစ်လို့ အလုပ်မလုပ်ရဘူး။

အဲဒါ ဆူးဖြူရွက်နု (၅)မူးသားလောက်ကို သကြားခဲနဲ့



www.burmeseclassic.com

www.burmeseclassic.com



◆ ဆူးဖြူသီးများ

ရောပြီး မနက်, ည တစ်ကြိမ်စီ စားပေးတာ လ,ဝက်လောက် အကြာမှာ၊ ရောဂါသက်သာသွားလို့ အခုကန့်ဘလူနယ်ဘက် အလုပ်သွားလုပ်နေပြီ'

'တပည့်တော်ရဲ့ ဒေါ်ကြီးတစ်ယောက်လဲ ဆီးချိုအတွက် စိတ်မသက်မသာ ဖြစ်နေတယ်။ ဆူးဖြူရွက်နုခူးသွားရအောင်ကလဲ ဟိုရောက်ရင် ရွက်ခြောက် ဖြစ်သွားမယ်'

'အဲဒီအတွက် မပူပါနဲ့၊ အသီးတောင့်ကို ချိုးလို့ရတဲ့ အစေးကို စားပေးရင်လဲ ဆီးချိုကောင်းပါတယ်။ အစေးတွေကို နီးပြားကလေးနဲ့ ခြစ်ယူပြီး စိတ်ရှည်လက်ရှည် စုဆောင်းရင် ဖြစ်နိုင်ပါတယ်။ ဒါ့ထက် ခင်ဗျား ဖြစ်နေတဲ့ သွေးစုနာအတွက်လဲ သုံးလို့ရတယ်။

အရေလဲထားတဲ့ မြွေရေခွံမှာ ဆူးဖြူစေးသုတ်ပြီး အနာပေါ် ပတ်တီးစည်းပေးရင် နုပိန့်,ရှင့်ပေါက် ကောင်းသွားမှာပါ။ ကျုပ်တို့ သံဃာတွေမှာ ဆွမ်းစားပင့်ရင် သီလပေး တရားကလေး ဟောတော့ ခံတွင်းနဲ့ မကောင်းရင် အားနာစရာ။

ဆူးဖြူခေါက်အမှုန့် ဆောင်ထားပြီး ရေနွေးပူပူ… လက်ဖက်ခြောက် ခတ်သလိုခတ်၊ ခပ်နွေးနွေးရှိတော… ငုံပေး၊ ပလုတ်ကျင်းပေးရင် ခံတွင်းနဲ့ ပျောက်တယ်…

**မြန်မာ့ရိုးရာ ခံတွင်းသန့်ဆေးပေါ့'**

'လောလောဆယ်ဆယ်တော့ အရွက်စိမ်းတချို့ ယူသွ… ရမယ်။ နေ့နေ့ညည ကွန်ပျူတာဖန်သားပြင်နဲ့ မျက်… အပ်နေရတော့ မျက်စိမှုန်,မျက်စိပူလာတယ်။ ဆူးဖြူရွ… ထုထောင်းပြီး ညအိပ်တဲ့အခါ မျက်ခွံပေါ် အုံပေး… နောက်တစ်နေ့မှာ ကြည်ကြည်လင်လင်နဲ့ အလုပ်ဆ… လုပ်ဖြစ်တယ်'

မုံရွာမြို့ မဟာလယ်တီတိုက်မှ အရှင်သီလာစာရ ညွှ… သော ဆူးဖြူပင်နှင့် ဆေးသုံးနည်းအချို့ ဖြစ်ပါသည်။

**ခွန်စိုင်းဝမ်း**



www.burmeseclassic.com

www.burmeseclassic.com

# ထူးထူးခြားခြား မိုးလေတား

ကြည်မိုး
(မနောမယိဒ္ဓိ၊ ဇရာမြေ)



စာရေးသူ စာမရေးဖြစ်တာ ကြာပြီမို့ မိတ်ဆွေ သူငယ်ချင်းများက ပြန်လည်ရေးသားရန် တိုက်တွန်းကြခြင်းကြောင့် စာရှုသူ မိတ်ဆွေအပေါင်းတို့အား ထူးခြားဖြစ်စဉ် ကိုယ်တွေ့ဖြစ်ရပ် တစ်ခုကို အခြေခံကာ ရေးသား တင်ပြပေးလိုက်ပါသည်။

အကြောင်းအရာများမှာ ခေတ်ကာလ ပြောင်းလဲလာသည်နှင့်အမျှ အသစ်အဆန်းများ ဖြစ်ပေါ်လာကြသည်။

စာရေးသူ တင်ပြမည့် အကြောင်းအရာမှာ မိုးတားလေတားခြင်းပင် ဖြစ်ပါသည်။ ''ဘာများ ထူးခြားသနည်း'' ဟု မေးစရာ ရှိပါသည်။ ဤအဖြေသည် ခေတ်ကာလနှင့် နှိုင်းယှဉ်၍ ဖြေရပေမည်။

စာရေးသူတို့ ငယ်စဉ်ကာလက အလှူပွဲ၊ မင်္ဂလာပွဲများ၌ မိုး၊ လေ စိတ်မချရလျှင် မိုးတား လေတားခြင်း ပြုကြပါသည်။

ပြုကြပုံမှာ သုံးချောင်းထောက် သွန်းဆွမ်းအုပ် (သို့မဟုတ်) လင်ပန်းတစ်ခုတွင် ငှက်ပျော သုံးဖီး၊ အုန်းသီးတစ်လုံး၊ ဆေး၊ ဆန် စသည်တို့ကို ထည့်၍ အရှင်ဥပဂုတ္တမထေရ်မြတ်အား ပင့်လျှောက်၍ အမွေးတိုင်၊ ဖယောင်းတိုင် ထွန်းညှိကာ ပူဇော်ခြင်းပြုကာ မိုးလေတားခြင်း ပြုကြသည်။

ထိုမိုးလေတားခြင်းကို တာဝန်ယူထားသူသည် အလှူ မပြီးမချင်း ရေမချိုးရ၊ မီးမပြတ် ထွန်းပေးရသည်ဟု သိခဲ့ရပါသည်။

ယခုခေတ် အခါကာလ၌ ဤကဲ့သို့ မဟုတ်ပါ။ လွန်စွာ ထိရောက်၍ ကိစ္စလည်းမများဘဲ မိုးလေတားခြင်းကို ပြုလုပ် ဆောင်ရွက်၍ရလေသည်။

စာရေးသူလည်း ဤအကြောင်းကို မကြာသေးသော ကာလကမှ သိရပါသည်။ ထိုအကြောင်းကို စာရေးသူ၏ သား မင်္ဂလာဆောင်ကိစ္စ ဆောင်ရွက်စဉ်မှာမှ သိခဲ့ရခြင်း ဖြစ်ပါသည်။

မိဘတို့ ဝတ္တရားရှိသည့်အတိုင်း မင်္ဂလာကိစ္စ ပြုလုပ်ဆောင်ရွက်၍ ကိစ္စများနေချိန်၌ မိုးကလည်း တဖျန်းဖျန်း ရွာနေသည်။ ဖိတ်စာတွေကလည်း ရိုက်၍ ပြီးစီးသွား၍ ရက်ရွှေ့၍လည်း မရသဖြင့် မဖြစ်မနေ လုပ်ဆောင်ရပေပြီ။ မိုး,လေအတွက် သောကများနေသည်။

သို့သော်လည်း စိတ်ထဲမှာ မထားနိုင်၊ မင်္ဂလာကိစ္စ ပြီးမြောက်ရေးသာ ဆောင်ရွက်နေရပေသည်။ စာရေးသူ အပြင်မှ ပြန်ရောက်လာချိန်တွင် အိမ်ရှေ့၌ ငှက်ပျောတုံးတစ်တုံးကို ကျင်းတူး၍ ဖောက်ထိုး စိုက်ထားသည်ကို တွေ့ရှိလိုက်ပါသည်။

ထို့ကြောင့် စာရေးသူမှ မေးလိုက်ပါသည်။

'အိမ်ရှေ့မှာ ငှက်ပျောတုံးကို ဖောက်ထိုးစိုက်ပြီး ဘာလုပ်တာလဲ'

ဟု မေးရာ စာရေးသူ၏ ဇနီးဖြစ်သူမှ ပြောပါသည်။

'မိုးတား လေတား လုပ်ထားတာ'ဟု ဖြေပါသည်။

'ဪ... အေး ပြီးရောပေါ့ကွာ'

ဟု ပြော၍ လုပ်စရာကိစ္စများကို ဆက်လက် လုပ်ဆောင်လျက်ဖြင့် အချိန်ကို ကုန်လွန်စေသည်။

ညဘက် ရောက်ပြန်တော့လည်း ဖိတ်ကြားထားသော မိတ်သင်္ဂဟများ တဖွဲဖွဲနှင့် မင်္ဂလာဆောင်သို့ လာကြသည်။ ကာရာအိုကေ ဆိုသူကဆို၊ ညည်းခံသူက ညည်းခံ၊ ဟင်းချက်သူက ချက်နှင့် ပျော်ရွှင်စရာ ညလေးတစ်ညအဖြစ် အချိန်ကုန်လွန်ခဲ့ရာ နံနက်မိုးသောက် အလင်းရောက်သော်လည်း မိုးမှာ တစ်စက်တစ်ပေါက်မျှ



www.burmeseclassic.com

www.burmeseclassic.com

မကျခဲ့ပါ။

လာလာသမျှ ပရိသတ်များမှာလည်း အံ့သြကြလျက် ပြောဆိုကြပါသည်။

'တော်သေးတာပေါ့ ကိုကြည်စိုးရာ မိုးရွာရင် ခက်ရချေရဲ့'

ဟု စိုးရိမ်မကင်းစွာ ပြောဆိုရှိ၍ နေရာအသီးသီးတွင် နေရာယူကြကာ မုန့်နှင့် လက်ဖက်ရည်အချိုများ သုံးဆောင်ကြပါသည်။

ညေ့်ပရိသတ်များလည်း တဖွဲဖွဲ လာရောက်ကြရာ စာရေးသူ၏ ညီအစ်ကို မောင်နှမများဖြစ်ကြသော အသိစာရေးဆရာများ ရောက်ရှိလာရာ စာရေးဆရာများပီပီ ငှက်ပျောပင် ဖောက်ထိုးစိုက်ထားသည်ကို စိတ်ဝင်တစား ပိုင်း၍ မေးကြပါသည်။

'ကိုကြည်စိုး ဒီငှက်ပျောပင် ဖောက်ထိုးက ဘာကြောင့် စိုက်ထားတာလဲ'

'မိုးတား လေတား လုပ်ထားတာလို့ ပြောတာပါပဲ'

'ဒါဆို ကိုကြည်စိုး မသိဘူးပေါ့'

'ဟုတ်ကဲ့ခင်ဗျာ၊ ဒါပေမယ့် ကျွန်တော် မေးမြန်းပြီး ပြန်လည် ဖြေကြားပေးပါမယ် ခင်ဗျာ'

ဟု နှစ်သိမ့်လိုက်ရပါသည်။

မင်္ဂလာကိစ္စ ပြီးမြောက်သွား၍ ထိုကိစ္စကို မေးမြန်းစုံစမ်းကြည့်ရာ မောင်အေးမင်းဆိုသူ ပြုလုပ်သည်ဟု သိရပါသည်။

သို့အတွက်ကြောင့် မောင်အေးမင်းကို ခေါ်၍ ဒီအစီအရင် ပြုလုပ်ပုံကို ရှင်းပြပေးရန် တောင်းဆိုရပြန်သည်။

'ညီလေး မောင်အေးမင်းရေ၊ ငှက်ပျောပင်ဖောက်ထိုး မိုးတားလေတားတာကို အစ်ကို့ကို ရှင်းပြပေးပါဦးကွာ။ စာရေးဆရာများက စိတ်ဝင်စားတဲ့အတွက် ဒီအစီအရင်ကို သေသေချာချာ ရှင်းပြပါ'



'ရပါတယ် အစ်ကိုရာ။ ဒီအစီအရင်ကို ဘုန်းတော်ကြီးတစ်ပါးက ပေးတာပါ။ ဒီအစီအရင်ကို ပြုလုပ်မယ့်သူဟာ အရက်သေစာ မသောက်ရပါဘူး။ ဒါကတော့ အဓိကအချက်ပါ။ အစီအရင်က ဒီလိုပါ'

၁။ ပထမဦးစွာ ငှက်ပျောပင်ကို နှစ်တောင်ခန့် ဖြတ်ပါ။

၂။ ဒုတိယ မြေကျင်းကို တစ်တောင်ခန့်တူးပါ။

၃။ မြေကျင်းတူးပြီးလျှင် ငှက်ပျောပင်ကို ဖောက်ထိုးကိုင်၍ "မိုးနှင့်မြေ ပြန်ကာလုန်" ဟုဆိုကာ သရဏဂုံ (၃) ပါးကို (၉) ခေါက် ရွတ်ပါ။

ပြီးလျှင် **သစ္စာအဓိဋ္ဌာန် ပြုရမည်** မှာ...

'ဤငှက်ပျောပင် မနုတ်သမျှ ကာလပတ်လုံး မိုး-မရွာပါစေသတည်း'

ဟုဆိုကာ ငှက်ပျောပင်ကို ဖောက်ထိုးစိုက်၍ မြေဖို့သိပ်ကာ မိုးနတ်သား၊ လေနတ်သားတို့အား တိုင်တည် ပြောဆိုရမည်။

ပြောဆိုရန်မှာ...

၄။ မိုးနတ်မင်း၊ လေနတ်မင်းများ ယခုအခါ ဤမင်္ဂလာ အလှူတော်ပွဲ၌ မိုးလေများ အေးချမ်းစွာ ပြီးစီးရန် မေတ္တာရပ်ခံပါသည်။ ကူညီ

၍ အလှူတော်မင်္ဂလာ အောင်မြင်ရန် ...
ပိုင်း၍မစပါ'

ဟု အလေးအနက်ပြု၍ ပြောဆို ဆောင်ရွက်ရပါမည်။

'အစ်ကိုရေ အဲဒါ မိုးလေတားတဲ့ အစီအရင်ပါပဲ'

'အေးကွာ ညီလေးရာ အခုလို ရှင်းပြတဲ့အတွက် ကျေးဇူးတင်ပါတယ်။ နောင်အခါ အခွင့်သင့်ရင် နှလုံးလှစွာရောင် ခြည်မဂ္ဂဇင်းကနေ တင်ပြပေးပါ့မယ် ကွာ'

'ဟုတ်ကဲ့ပါ အစ်ကို'

ဒါကတော့ စာရေးသူ၏ သား... မင်္ဂလာဆောင်တွင် ကိုယ်တွေ့ဖြစ်ရ... ပါ။

နောက်တစ်ခု ဖြစ်ရပ်ကတော့ စာရေးသူ၏ သူငယ်ချင်း မြန်မာ... မီးရထား ဆိုရုံစာရေးကြီး ကိုမောင်မောင်... ၏သမီး မင်္ဂလာဆောင်ကိစ္စ၌ စာရေး... အား အကူအညီ တောင်းပါသည်... ကိုမောင်မောင်၏ဇနီး မကျင်ဝင်းမှ...

'ကိုကြည်စိုးရေ အကူအညီတစ်... ပေးပါဦး'

'ပြောပါ ဘာကူညီရမှာလဲ'

'ကိုကြည်စိုးရဲ့သား မင်္ဂလာဆောင်... မှာ မိုးတားတဲ့ဆရာကို ပင့်ပေးပါလား... ညဏ်ပူဇော်ခလဲ ပေးပါ့မယ်'

'ဟုတ်ကဲ့ ခေါ်ပေးပါ့မယ် စိတ်... ပါ'

ဟု တာဝန်ခံ၍ ပြန်လာခဲ့ပါသည်...

အိမ်ပြန်ရောက်၍ မောင်အေး... အား ခေါ်ကာ အကူအညီ တော... သောအခါ သူ မအား၍ မလိုက်... ကြောင်း ပြောပါသည်။

'အစ်ကိုရယ် ကျွန်တော် ပြော... တဲ့ အစီအရင်အတိုင်းသာ လုပ်...

'ညီလေးရာ ဖြစ်ပါ့မလား...
ဖြစ်ပါတယ်။ ယုံယုံကြည်ကြည်...





www.burmeseclassic.com

www.burmeseclassic.com

မနော်မြင့်တင်

# [illegible]

မင်းစေယျာ
(ကျောင်းတုန်း)



လူတိုင်း, လူတိုင်းမှာ ခုံးကွယ်တိမ်မြုပ်နေတဲ့ သံလိုက်ဓာတ်ဆိုတာ ရှိကြပါတယ်။ ခန္ဓာကိုယ်ကြီးဟာ သံလိုက်ဓာတ်ကို စုဆောင်းရာဓာတ်အိုးအိမ်ကြီး တစ်ခုပါပဲ။

သံလိုက်ဓာတ်ကို စုဆောင်းမွေးမြူယူမယ်ဆိုရင် ရရှိခံစားနိုင်ပါတယ်။ စိတ်ဓာတ်တည်ငြိမ်ရင့်ကျက်သူ၊ စိတ်ညာကို လိုက်စားလေ့ကျင့်သူတွေဟာ သံလိုက်ဓာတ်ရဲ့ အကျိုးတရားကို ရရှိ ခံစားရမှာ ဖြစ်ပါတယ်။

**"စိတ္တေန နီယတိ လောကော"**

စိတ်သည် လောကကို ဆောင်၏။ စိတ်သည် လောကကို ဖန်တီး၏။ စိတ်တည်းဟူသော တစ်ခုတည်းသာ ခမ္မ၏အလိုသို့ အားလုံးသော သတ္တလောကသားတို့ အစဉ်တစိုက် လိုက်ပါနေကြသည်။

ဤအမြင်အသိမှာ ယထာဘူတကျသော ဗုဒ္ဓ၏ အမြင်အသိပင် ဖြစ်သည်။

စိတ်သည် ဆန်းကြယ်၏။ သတ္တလောကသားတို့သည် စိတ်ကြောင့်ပင် ပျက်စီးကြသည်။

စိတ်ကြောင့်ပင် လူတွေ ပျက်စီးဆုတ်ယုတ်ကြသည်။

စိတ်ကြောင့်ပင် တိုးတက် အောင်မြင်ကြရသည်။

စိတ်ကြောင့်ပင်လျှင် သိဒ္ဓိတန်ခိုး အမျိုးမျိုး ရကြသည်။

စိတ်ကြောင့်ပင် သံသရာ လည်ကြရသည်။

စိတ်ကြောင့်ပင် သံသရာဝဋ်မှ ကျွတ်လွတ်ကာ နိဗ္ဗာန်ဝင်ကြရသည်။

စိတ်သည် သတ္တလောကသား အားလုံးကို ဤမျှ အနိုင်ယူ စိုးမိုးထားနိုင်ပေသည်။

စိတ်ပိုင်းဆိုင်ရာ ကျင့်ကြံသူများ၊ သံလိုက်ဓာတ် ရရှိရန် မွေးသူများသည် သံလိုက်ဓာတ်၏ ထွက်ပေါက်ယိုပေါက်များကို နားလည်ထားရန် အထူးပင် လိုအပ်ပါသည်။

သံလိုက်ဓာတ် ယိုစိမ့်ထွက်နိုင်သော အချက်များမှာ စိတ်လေလွင့်ခြင်း၊ စိတ်အလိုလိုက်တတ်ခြင်း၊ စိတ်ရှုပ်ခြင်း၊ ဒေါသထွက်ခြင်း၊ သောကဖြစ်ခြင်း၊ ပူဆွေးခြင်း၊ ကြောက်လန့်ခြင်း၊ စိတ်ညစ်ခြင်း၊ စိတ်တိုခြင်း၊ မာန်မာနထားခြင်း၊ ငြူစူစောင်းမြောင်းသောစိတ်ရှိခြင်း၊ ကဲ့ရဲ့ပြစ်တင်လိုသောစိတ် ရှိခြင်း၊ လွန်ကဲသော အပျော်အပါးတို့ကို လိုက်စားခြင်း စသည့် သံလိုက်ဓာတ်၏ ယိုဖိတ်ပေါက်တွေကို သတိထား ပိတ်ဆို့နိုင်ဖို့ လိုအပ်ပါသည်။

သံလိုက်ဓာတ်ကို ထိန်းသိမ်းရေးတွင် အကြောင်းမဲ့ ကိုယ်လက် လှုပ်ရှားခြင်း



www.burmeseclassic.com

www.burmeseclassic.com

တို့ကိုလည်း ထိန်းသိမ်းရမည်။ မျက်နှာ ရှုံ့မဲ့နေခြင်း၊ မျက်မှောင်ကုတ်ခြင်း၊ လက်ချောင်းကလေးများ လှုပ်နေခြင်း၊ ဒူးနှန့်နေခြင်း၊ ကိုယ်ယိမ်းထိုးခြင်း၊ သွားကြိတ်ခြင်း၊ အံကြိတ်ခြင်း၊ နှုတ်ခမ်းကိုက်ခြင်း၊ ဆိုးခန့် ဆတ်ခန့် ထခြင်း စသည် သတိလွတ်သည့် လှုပ်ရှားမှုမှန်သမျှကို ချုပ်တီးပြီး ကိုယ်, စိတ် ကျန်းမာစေရန် အမြဲတမ်း ကြိုးစားနေရမည် ဖြစ်သည်။

တကယ်တော့ လူတိုင်းမှာ သံလိုက်ဓာတ်ဟာ အနည်းနှင့်အများ ရှိနေတာပါပဲ။ တချို့လည်း အသုံးမချနိုင်သည့်အတွက် တိမ်မြုပ်နေတာပါပဲ။


အမှန်မှာ စိတ်ဟာ ဖြူစင် သန့်ရှင်းပါသည်။ ဖြူစင်သန့်ရှင်းသည့်စိတ်မှာ အရာရာကို အလွယ်တကူ ထင်မြင်ကြည်လင်စေပါသည်။

သို့သော် ကျွန်ုပ်တို့အားလုံး၏ လောဘ, ဒေါသ, မောဟစိတ်များကြောင့် မြင်, သိ စသည့် စိတ်တွေမှာ မှောင်အတိ ဖြစ်ခဲ့ရပါသည်။

စိတ်ဓာတ်စွမ်းအား ကြီးမားသူ၊ သံလိုက်ဓာတ် အားကောင်းသူများနှင့် တွေ့ကြုံ ထိတွေ့ ဆက်ဆံသည့်အခါမှာ သူ့ထံမှ ကျင့်ကြံထားသော သံလိုက်ဓာတ် စွမ်းအားကြောင့် မိမိစိတ်မှာ ထူးခြားမှုတစ်ခုခုကို ခံစားရတတ်ပါသည်။

ကြက်သီးထသွားတာတွေ၊ သူ့ရဲ့ သြဇာကို နာခံမိတာတွေ၊ အလိုလို လေးစား ယုံကြည်သွားတာတွေဟာ သံလိုက်ဓာတ် အားကြီးသူတွေနှင့် တွေ့ဆုံတိုင်း ကြုံလိုက်ရတာတွေကို ကျွန်ုပ်ရော စာဖတ်သူတွေပါ တစ်ခါတစ်ရံ ခံစားမိကြတာကို သတိထားမိကြပါလိမ့်မည်။

ဒါကြောင့်လည်း ကျွန်ုပ်၏ ဖခင်ထံမှ



လက်တွေ့ သင်ယူ ကျင့်ကြံခဲ့ရသော စိတ်ပိုင်းဆိုင်ရာ ကျင့်စဉ်ကလေးတွေကို ရေးသား တင်ပြလိုက်ပါသည်။

အဲဒီလို လေ့ကျင့်ရာမှာလည်း မကျင့်မီမှာ ကြိုတင် ပြုလုပ်ရမည့် အချက် (၈)ချက်ကို သတိထားပါ။

(၁) သင့်တင့်သောနေရာ ရွေးချယ်မှု၊
(၂) သင့်တင့်သောအချိန် ရွေးချယ်မှု၊
(၃) ရတနာသုံးပါး မိဘဆရာသမားတို့ကို ပူဇော်ကန်တော့မှု၊
(၄) သရဏဂုံသုံးပါးနှင့်တကွ သီလဆောက်တည်ခြင်း၊
(၅) မိမိနှစ်သက်ရာ ကမ္မဋ္ဌာန်း တောင်းခံခြင်း၊
(၆) မေတ္တာပို့ အမျှဝေခြင်း၊
(၇) အပြစ်ကြီးငယ်တို့ကို ခွင့်လွှတ်၍ တောင်းခံခြင်း၊
(၈) သင့်တင့်လျောက်ပတ်သော ထိုင်နည်းတို့ကို ရွေးချယ်ခြင်း၊

စသည့် ပြုလုပ်ဖွယ်ရှိတာတွေကို ကြိုတင် ပြုလုပ်ရပါမည်။ ဒါတွေကိုတော့ စာဖတ်သူတွေ နားလည်သဘောပေါက်ပြီး ဖြစ်သည့်အတွက် စာမျက်နှာ အခက်အခဲကိုငဲ့ပြီး ဖော်မပြတော့ပါဘူး။ လုပ်ဆောင်ရမည့် ကျင့်စဉ်တွေကိုပဲ ဖော်ပြပေးသွားပါမည်။

ဦးစွာ ပထမ (၂)လက်မ ပတ်လည်ရှိသည့် အဖြူရောင် ကတ္တူစက္ကူချပ်ကို ပြုလုပ်ရပါမည်။ အဲဒီ ကတ္တူစက္ကူချပ် အလယ်မှာ (၁)လက်မ အချင်းအဝိုင်းရှိသည့် စက်ဝိုင်းကိုဆွဲပြီး စက်ဝိုင်းတစ်ခုလုံးကို အနက်ရောင် သုတ်ပြစ်လိုက်ရပါမည်။

အဲဒီ စက်ဝိုင်းချပ်ကို စိတ်ပညာကျင့်သူ မျက်စိနှင့် တစ်တန်းတည်းနေအောင် ထားပေးပါ။ ကတ်ပြားဟာ မျက်စိအပေါ် တက်မနေရသလို မျက်စိရဲ့ အောက် ကျနေလို့လည်း မဖြစ်ပါဘူး။

ဒါမှသာ မျက်စိဟာ အာရုံကို ပိုမို ထိ ရောက်ရောက် ယူနိုင်မှာ ဖြစ်ပါသည် ကတ်ပြားနှင့် ကျင့်စဉ်ကျင့်သူဟာ (၃)ပေ ထက် ပိုမဝေးသည့်နေရာမှာ ဖြစ် သည်။

ထိုင်သည့်နေရာမှာ ယောကျ်ား လျှင် မဟာပလ္လင်ခွေ ထိုင်နည်း ထိုင်ရပါမည်။ မဟာပလ္လင်ခွေ ထိုင်နည်း ဆိုတာ ဘယ်ဘက်ခြေကို အောက် ထား၊ ညာဘက်ခြေကို အပေါ်က ကိုယ့်ကိုယ် အလိုက်သင့် ဖြောင့်မတ် ထားပါ။

တင်ပျဉ်ခွေထက်တွင် ဘက်လက် အောက်ကထား၊ ညာလက်ကို အပေါ် ကထား။ လက်မခြင်း ထိထိုင်ပါ။ ကိုယ် ကိုယ် ဖြောင့်မတ်စွာ ထိုင်ခြင်းအား ကျောဆစ်ရိုးတို့သည် ထိပ်အစွန်း ညီနေသဖြင့် အရေ, အသား, အကြော တို့သည် ညီမျှကြကုန်သည်။

ထိုသို့ ညီမျှနေသဖြင့် ကိုက်ခဲနာကျ ခြင်း မဖြစ်ပေါ်နိုင်ချေ။ ကိုက်ခဲနာကျ ခြင်း မရှိသောကြောင့် ဝေဒနာကို မ စားရပါဘဲ တည်ငြိမ်သော သမာဓိ ရရှိပြီး စိတ်ပိုင်းဆိုင်ရာ တိုးတက်မှု ရရှိလာပါလိမ့်မယ်။

ယင်းကသိုဏ်းဝန်းကျင့်စဉ်ကို ကျ သူဟာ အချိန်အခါ သတ်မှတ်ချ ထားရပါမယ်။ ကသိုဏ်းဝန်းကို မျ တောင်မခတ် မျက်စိမမှိတ်ဘဲ အာရုံ ကြည့်နေရမှာ ဖြစ်ပါသည်။

လူတစ်ယောက်ဟာ တစ် မျက်တောင် အကြိမ်



www.burmeseclassic.com

www.burmeseclassic.com

…တ်လေ့ရှိပါသည်။

ဒါကြောင့် မျက်တောင်မခတ်ဘဲ …ကြည့်ရမယ့်ကျင့်စဉ်ဟာ စိတ်ပညာ …ိုက်စား ကျင့်ကြံသူအတွက် ကြီးစွာ …သာဒုက္ခကို ဖြစ်စေပါသည်။ အဲဒီဒုက္ခ …ို ကျော်လွှားနိုင်မှသာ အောင်မြင်မှု …အရသာကို ခံစားရမှာ ဖြစ်ပါ …သည်။

…ဦးစွာ ပထမ မနိုင်ဝန်ကိုထမ်းပြီး …မိဋ္ဌာန် မလန်သွားအောင် စတင် …ကျင့်ဆောင်ရပါမည်။ ထို့ကြောင့် မိနစ် …နည်းငယ်ကနေ နာရီပိုင်းအထိ …ကျင့်ဆောင်နိုင်အောင် တစ်ဆင့်ထက် …တစ်ဆင့် မြင့်သထက် မြင့်တက်သွားရ …မှာ ဖြစ်ပါသည်။ ကြိုးစားသူအတွက် …အောင်မြင်မှုကို ရရှိ ခံစားရမှာ ဖြစ်ပါ …သည်။

ကသိုဏ်းဝန်းကို စတင် လေ့ကျင့်စ …မှာ လေ့ကျင့်သူမှာ မျက်လုံးညောင်း …ခြင်း မျက်ရည်ပူကျခြင်းတွေ ဖြစ်တတ် …ပါသည်။ စိတ်ဓာတ်ကျမသွားပါနှင့်၊ …အစပိုင်းမှာတော့ ဘယ်အလုပ်မဆို အခက်အခဲ ရှိစမြဲပါပဲ။

ကသိုဏ်းဝန်းကြည့်သည့် မိနစ်မှ နာရီ ကြာလာသည့်အခါမှာတော့ အဖြူရောင် လေးထောင့်ထဲက အနက်ရောင် ကသိုဏ်းဝန်းလေးဟာ လှုပ်ရှားလာတယ်လို့ ထင်ရပါသည်။

နာရီပိုင်းအထိ အနည်းဆုံး (၁) နာရီလောက်ထိ ကြည့်နိုင်လာသည့်အခါမှာတော့ အဖြူရောင်လေးထောင့်ကွက် ပျောက်သွားပြီး အနက်ရောင် ကသိုဏ်းဝန်း ထီးထီးကို မြင်လာရမှာ ဖြစ်ပါသည်။

ထိုမှတစ်ဆင့် အနက်ရောင် ကသိုဏ်းဝန်းရဲ့ ပတ်လည်ဝန်းကျင်မှာ အဝါရောင်လေးတွေ ပတ်ပတ်လည် တောက်ပြောင်နေတာကို တွေ့ရပါလိမ့်မည်။ ဒီအချိန်ဟာဆိုရင် ကသိုဏ်းဝန်းကြည့်သည့် ဝါသနာရှင်ဟာ ကသိုဏ်းစွမ်းအင် တစ်စိတ်တစ်ဒေသကို ရရှိနေပြီလို့ ယူဆရပါမည်။

ကသိုဏ်းဝန်းကျင့်စဉ်ရဲ့ အောင်မြင်မှု အတိုင်းအတာကို သိချင်ရင် လက်တွေ့ စမ်းသပ်ကြည့်ပါ။

လူအများကြားမှာ ကိုယ့်ကိုယ် နောက်ခိုင်းထိုင်နေတဲ့ လူတစ်ယောက်ကို စိတ်ညွှန်ကြည့်ပါ။ စိတ်ညွှန်တဲ့အခါ **"ဒီလူဟာ ငါ့ကို လှည့်ကြည့်ရမယ်၊ လှည့်ကြည့်ရမယ်"** ဆိုပြီး မျက်တောင်မခတ်ဘဲ စိုက်ကြည့်ပေးပါ။

ဒီလိုဆိုရင် ထူးခြားလှစွာပဲ ဒီလူဟာ ကိုယ့်ကိုယ် လှည့်ကြည့်လာတာကို အံ့ဩစွာ တွေ့ရပါမည်။ မယုံကြည်ရင် ဆက်လက် စမ်းသပ်ကြည့်ပါ။ တိုးတက်အောင်မြင်လာတာကို တွေ့ရမှာ ဖြစ်ပါသည်။

**မှတ်ချက်။ ။ စိတ်ပညာ ကျင့်စဉ်များကို ကိုယ်တိုင် သင်ကြား ပြသပေးခဲ့သော အဖဆရာကြီး ဦးချစ်ခိုင်အား ဤဆောင်းပါးဖြင့် ကန်တော့လိုက်ပါသည်။**

**မင်းဇေယျာ(ကျောင်းကုန်း)**

**စာမျက်နှာ (၁၈၆)မှ အဆက်**

…ုပ်ပါ။ အစ်ကိုလဲ အတွေ့အကြုံ ရတာပေါ့ဗျာ။ ကျွန်တော် …ကယ် အလုပ်မအားလို့ပါ'

'အေးပါကွာ။ အစ်ကိုပဲ တာဝန်ယူ ဆောင်ရွက်ပေးလိုက်ပါ့…မယ်'

ဒီလိုနှင့် မကျင်ဝင်း အကူအညီတောင်းသည်ကို စာရေးသူပဲ …အကြောင်းပြန်ကြားရပါသည်။

'ကဲ…မကျင်ဝင်းရေ မိုးတားတဲ့ဆရာ မအားလို့ ကျုပ်ကိုပဲ …ုပ်ပေးဖို့ သင်ပြလိုက်တယ်ဗျာ'

'ဖြစ်ပါ့မလား ကိုကြည်စိုးရယ်'

'ဖြစ်ရမှာပေါ့ဗျာ။ ဆရာ ညွှန်ကြားတဲ့အတိုင်း လိုက်နာ…ကျင့်သုံးရင် ဖြစ်ပါတယ်'

ဟု ပြော၍ စာရေးသူကိုယ်တိုင် ဝှတ်ပျောပင်ကို ခုတ်၍ …ထက်က အစီအရင်အတိုင်း ဆောင်ရွက်ရာ မှန်တိုင်းထန်၍ …ွာမည့်မိုးသည် အောင့်အည်းသည်းခံကာ မရွာလာပဲ လည်းပြီး သည်းထန်စွာ ရွာသွန်းပါတော့သည်။

ထို့ကြောင့် စာရေးသူကိုယ်တိုင် အသုံးပြု၍ မှန်ကန်တိကျသဖြင့် **"ထူးထူးခြားခြား မိုးလေတား"** ဟူသော ခေါင်းစဉ်ဖြင့် စာဖတ်ပရိသတ်များကို တင်ပြရေးသား ဖော်ပြလိုက်ရပါသည်။

စာရေးဆရာ၊ ဆရာမများကိုလည်း ဤစာစုဖြင့် ဖြေကြား ရှင်းလင်း ပြလိုက်ရပါသည်။

မိုးတားလေတားအကြောင်းကို စုံလင်တိကျစွာ ဖြေကြားပြောပြပေး သော **ညီငယ် မောင်အေးမင်းကိုလည်း ဤစာစုဖြင့် ကျေးဇူး တုံ့ပြန်အပ်ပါသည်။**

***အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ရွှင်လန်းကြပါစေ။***

**ကြည်စိုး (မနောမယိဋ္ဌိ၊ ရောမြေ)**



www.burmeseclassic.com

www.burmeseclassic.com



ကိုသက်ရှည်

# သူ့အရပ် သူ့ဒေသ နှင့်

သူ့ဓလေ့ဆန်းများ

ဝက်မွေးလျှင်

နတ်တင်ရတဲ့ ကန့်ဖွန်းမရွာ

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ၂၀၁၁ ခုနှစ်၊ မေလ အမှတ်(၂၉၈) စာမျက်နှာ (၁၆၉)တွင် **"ဆိတ်,ဝက်ကို လုံးဝ မမွေးမြူရသည့် ရွာသုံးရွာ အကြောင်း"** ရေးသားခဲ့ပြီး ဖြစ်ပါသည်။

နေရာတိုင်း၊ အရပ်ဒေသတိုင်းလို သူ့နေရာနှင့်သူ ဓလေ့ထုံးတမ်း အစဉ်အလာတို့ကား ရှိနေစမြဲဖြစ်သည်။ "အယူသီးတယ်၊ အစွဲအလမ်းကြီးတယ်" ဟူ၍ ပြောဆို၍ မရပေ။

တဖွတ်ထိုးပြုလုပ်လျှင် ပြုလုပ်သူ
သာလျှင် ဆုံးရှုံးခြင်း၊ နစ်နာခြင်း
ကြုံတွေ့ရတတ်သည်မှာ ဓမ္မတာ
ဖြစ်သည်။ အစဉ်အလာတို့အာ
မဖျက်စကောင်းပေ။

ထိုကဲ့သို့ အစဉ်အလာတို့အာ
မယုံကြည်လို့ ကိုယ်တိုင် မပြုလုပ်လ
နေပါ၊ စော်ကားမော်ကား မထီမဲ့မြ
မပြုလုပ်ရပါ။

နေရာဒေသတိုင်းလို တစ်ကျေ
တစ်ဂါထာ တစ်ရွာ တစ်ပုဒ်ဆန်း
သလို မတူကွဲပြားသည့် အချက်တို့က
အများပင် တွေ့ရတတ်သည်။ စာ
သူ ရေးသားခဲ့ပြီး ဖြစ်သည်။

ဆိတ်,ဝက်ကို လုံးဝ မမွေးမြူရသ
ထူးခြားသည့် ရွာသုံးရွာတို့မှာ ဆိ
ဝက်တို့ မမွေးမြူရသလို ဆိတ်,ဝက်
နှင့် ပတ်သက်၍ အစဉ်အလာ
တင်ရ မြှောက်ရ ပသရ
လည်း မရှိသ
ရွာများလည်း ဖြစ်သ
ကျွဲ,နွား မွေးမြူသူတို့
ပတ်သက်၍ နေရာဒေ
အတော်များများတွင် တစ်နှစ်တ
ဦးအောင်နိုင်နတ်အား တင်ပသရ
အစဉ်အလာ ရှိကြသည်။ ကျွဲ,နွား
သူတို့ ထိုသို့ တစ်နှစ်တစ်ကြိမ်
နတ်စာပွဲ တင်ရသော်လည်း
မွေးမြူကာ၊ ဝက်သားအား နတ်တ
သည့် ကျေးရွာအရပ်ဒေသတို့က
အလွန်ပင်တွေ့ခဲ့သည်။

တစ်နေ့နံနက်တွင် စာတိုက်သို့
ထည့်သွားရင်း ကိုဝင်းကျော်နိုင်
တခြားစီးပွားရေး အလုပ်အ
အကြောင်း စကားစမြည်ပြော
သူ၏ယောက္ခမ အမျိုးသမီး၏
ဖြစ်သည့် ကန့်ဖွန်းမရွာ၏ ဒေသဓ

www.burmeseclassic.com

www.burmeseclassic.com

…စ်ခုအား သိလိုက်ရသည်။

ကိုဝင်းကျော်နိုင်မှာ စလေစာတိုက်…ွင် တာဝန်ကျရာ အမျိုးသမီးဖြစ်သူ…ာ ရွာမှာပင်နေပြီး စပါးပေါ်ပေး ပဲ…ါ်ပေး ကြက်သွန်စိုက်ချိန် ကြက်သွန်…က်ကာ မွေးမြူရေးလုပ်ငန်းအနေနှင့်…က်မွေးမြူကြောင်း သိရသည်။

'ကျွန်တော်တို့ဒေသက တစ်မျိုးဗျ။ …က်မွေးပြီး ရောင်းတဲ့အချိန်ကြတော့ …အကောင်ပြတ် ရောင်းလေ့ရောင်းထ…ရှိဘူး။ ဝက်တစ်ကောင် ပေါ်တော့ …ယ်ဆိုရင် ခေါင်း၊ အမြီး၊ ခြေထောက်၊ …လီစာတွေ ဝက်ပေါ်တဲ့သူကို ပေးရ…တယ်။ ဝက်ပိုင်ရှင်ကတော့ အထူး…လည်း ရွာထဲ လိုက်ရောင်းနေစရာ…ိုဘူး။ ဝက်ပေါ်မယ်ဆိုတာနဲ့ …ောင်ဖြူက ဘယ်နှစ်တွဲ၊ မောင်နီက …ယ်နှစ်ပိဿာနဲ့ လာပြီး ဆွဲသွားတာ…။

ပိုင်ရှင်က စာရင်းစာအုပ်နဲ့ ယူတဲ့…သူတွေ မှတ်ထား။ နောက်မှ ရက်ချိန်းနဲ့ …ဘူး။ မရဘူး။ မပေးဘူးဆိုတာ မရှိဘူး။ …ယ်တုန်းကလဲပြုံးပြုံး၊ ပေးတော့လဲ …ပြုံး ဘယ်သူမှ မငြင်းဘူး။အဲဒီ …လေ့တစ်ခုက တော်ပါတယ်'

စာရေးသူမှ…

'အကောင်ပြတ် ရောင်းတာကော …ရှိဘူးလား'

ဟု မေးရာ…

'အကောင်ပြတ်က ရောင်းတဲ့သူ …ည်းတယ်။ ရှိတော့လဲ ရှိတယ်'

ဟု ပြောပါသည်။

'ဒါဆိုရင် ကိုယ်မွေးတဲ့ဝက် ကိုယ့် …ာသာ အသားပေါ်ရောင်းတဲ့ ဓလေ့ …တစ်ခုပေါ့'

'ဟုတ်တယ် သူတို့ဆီက ဓလေ့က ဝက်မွေးရင် ရောင်းမစားဘူး။ ကိုယ်တိုင်ပေါ်ပြီး အသားတွေ ဟိုနားနည်းနည်း၊ ဒီနားကနည်းနည်း လိုက်လို့ပြီး နတ်တင်ရတဲ့ ဓလေ့ရှိတယ် အကောင်ပြတ် ရောင်းတဲ့သူတွေကြတော့ အဲဒီလို မတင်ရလို့ ဝက်မွေးပြီး အဲဒီလို ရောင်းစားတဲ့သူတွေ မိသားစုတွေမှာ အိမ်မှာ တစ်ခုခုဖြစ်တတ်တယ်၊ ခိုက်တတ်တယ်'

ဟု ပြောပါသည်။

အချို့ဒေသများတွင် ဝက်အား မွေးလည်း မမွေးရ၊ တင်ရမြှောက်ရတာလည်း မရှိသလို၊ အချို့ဒေသများတွင် ဝက်မွေးကြသည်။ အသားအား ကိုယ်တိုင်ပဲ ပေါ်ရောင်းရောင်း၊ အကောင်ပြတ်ပဲရောင်းရောင်း အသားအား နတ်တင်ရသည့်ဓလေ့ မရှိကြပေ။

သို့သော် **ဆိပ်ဖြူမြို့နယ်၊ ဆိပ်ဖြူမြို့နှင့် အနောက် မိုင်(၃၀)ဝေးကွာသည့် ကန်ဖွန်းမကျေးရွာ၏ ဓလေ့တစ်ခုမှာ ဝက်မွေးသူတို့မှာ ကိုယ်တိုင် မွေးမြူကာ အသားအား ကိုယ်တိုင်ပေါ်လျက် ရောင်းကာ နတ်တင်ရသည်။**

**ဝက်မွေးပြီး အကောင်ပြတ် ရောင်းစားသူတို့မှာ မိသားစု တစ်ခုခု ထိခိုက်တတ်တာ ကြုံတွေ့ရလေ့ရှိကြောင်း** ကန်ဖွန်းမကျေးရွာနယ်တစ်ဝိုက် ဝက်မွေးသူတို့၏ အစဉ်အလာဓလေ့အား ဖော်ပြလိုက်ရပါသည်။

ရပ်ဓလေ့၊ ရွာဓလေ့၊ နယ်ဓလေ့တို့အား မည်သူမှ ရှောင်လွှဲပစ်ပယ်ရနိုင်မည် မဟုတ်ပါ။

**[ပြောပြပေးသူ ကိုဝင်းကျော်နိုင် (ဆ.သ.ရ)စလေအား ကျေးဇူးတင်ပါသည်။]**

**ကိုသက်ရှည်**

**စာမူရှင်များသို့…**

**ပေးပို့သော**

**စာမူများကို**

**မူပွား**

**ထားကြပါရန်နှင့်**

**မရွေးချယ်ပါက**

**ပြန်လည်ပေးပို့မည်**

**မဟုတ်ပါကြောင်း**

**အသိ**

**ပေးအပ်ပါသည်။**

**လေးစားစွာဖြင့်…**

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com



# လိပ်ခေါင်းရောဂါအတွက်

ဟာဒ်စေ့

စာရေးသူသည် အလုပ်ခွင်မှနားပြီး (အငြိမ်းစား)ဖြစ်၍ နေ့တိုင်း၊ နံနက်တိုင်း လမ်းလျှောက်ရင်း ဈေးတောင်ဘက်ရှိ ဦးကြီးမောင် (နီလာဝင်း နာရီပြုပြင်ရေး) ဆိုင်သို့ မပျက်မကွက် ရောက်ခဲ့သည်မှာ ယနေ့ထိ (၄) နှစ်ကာလပင် ကျော်ခဲ့ပြီ။

ဦးကြီးမောင်၏ ဆိုင်ကိုရောက်တိုင်း သတင်းစာ၊ ဂျာနယ်များ ဖတ်ရှုပြီး အချင်းချင်း ဆွေးနွေးခြင်း၊ အာလာပ သလ္လာပ ပြောဆိုခြင်းဖြင့် အချိန်ကုန်စေခဲ့ပါသည်။

ယင်းသို့ စာပေ၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး စသည့် အကြောင်းများ ပြောဆိုနေခဲ့ရာမှ တစ်နေ့ နံနက်တွင် စာရေးသူက ကျန်းမာရေးကိစ္စနှင့် ပတ်သက်ပြီးပြောရာ အထူးသဖြင့် လိပ်ခေါင်းရောဂါအကြောင်းသို့ ရောက်ရှိသွားပါသည်။

စာရေးသူတို့သည် နှစ်ပေါင်းများစွာ စာရေးဝန်ထမ်းအလုပ်ကို လုပ်ဆောင်ခဲ့ရသဖြင့် အညောင်းနာစွဲခြင်း၊ အကြောတက်ရောဂါရခြင်း၊ ဒူလာသွေးဝမ်းနှင့် လိပ်ခေါင်းရောဂါများဖြစ်ကြောင်း ပြောဆိုမိကြပါသည်။

ဒီတွင် စာရေးသူက လိပ်ခေါင်းရောဂါနှင့် ပတ်သက်ပြီး ညည်းညူလိုက်ရာ ဦးကြီးမောင်က စာရေးသူအား ကြည့်ပြီး...

'ဘာလဲဗျ ခင်ဗျားမှာ လိပ်ခေါင်းရောဂါ ရှိနေလို့လား'

'ဆိုကြပါတော့ဗျာ'

'ဘာမှ မခက်ပါဘူး။ လိပ်ခေါင်းရောဂါအတွက် နည်းတွေ အများကြီးရှိပါတယ်။ ခု ကျွန်တော်ပြောမယ့်နည်းက ကျွန်တော့်အရီးလေး (ကျေးလက်များတွင် ဖအေ၏ ညီအစ်ကိုများကို အရီးကြီး၊ အရီးလေးဟု ခေါ်ကြပါသည်) သက်သာ ပျောက်ကင်းတဲ့နည်းဗျာ။ ခင်ဗျား စမ်းကြည့်ချင်ရင် ကြည့်ပေါ့။ ကျွန်တော် ပြောပြပါ့မယ်။'

'ဟာ... ဟုတ်လား၊ ဒီလိုဆို ပြောဗျာ'

စာရေးသူက အားရဝမ်းသာ ပြောဆိုလိုက်သဖြင့် ဦးကြီးမောင်က သူ့အရီးလေးကိုယ်တိုင် ခံစားရသော လိပ်ခေါင်းရောဂါ ပျောက်ကင်းသွားသည့် ဆေးနည်းကို ပြောပြပါသည်။ ဆေးနည်းကား...

ယနေ့ မြန်မာနိုင်ငံတွင် တွေ့ရှိနေရသည့် **ဟာဒ်ပင်အသီးမှ အစေ့ကို ထုတ်ယူစားသုံးခြင်း ဖြစ်သည်။** ဟာဒ်ပင်သည် ပင်စည်မျိုးဖြစ်၍ မြန်မာနိုင်ငံ ဒေသအနှံ့အပြားတွင် တွေ့ရှိနိုင်ပါသည်။ ဟာဒ်ပင်များသည် အဆက်မပြတ် သီးပွင့်တတ်ပါသည်။

ဟာဒ်သီးများ မှည့်၍ ကြွေကျသည်ကို ကောက်ယူ အခြောက်လှန်းကာ ထိုအသီးများ သွေ့ခြောက်ပါက ထုခွဲ၍ ဟာဒ်စေ့များ ယူရသည်။

ဟာဒ်စေ့သည် ရှည်မျော့မျော့ကလေး ဖြစ်သည်။ ဟာဒ်စေ့သည် ချိုဆိမ့်သော အရသာရှိသည်၊ သုက်ကို ပွားစေတတ်သည်၊ လေ၊ သည်းခြေကို နိုင်သည်၊ အဆီရှိသည်၊ ပူသည်၊ သလိပ်ကို ပွားစေတတ်သည်။

ရတ္တပိတ်နာကို လွန်စွာနိုင်သည်။ ဟာဒ်စေ့ကို ညက်စွာထောင်းပြီး နွားနို့... ကျိုသောက်သော် နှလုံးတုန် ရင်ခုန်... များနှင့် သင့်သည်။ အင်အားလည်း ဖြစ်စေသည်။

ဖော်ပြပါ ယင်း **ဟာဒ်စေ့ကို တစ်...လျှင် (၇)စေ့ (ခုနစ်စေ့)ခန့် နေ့... မှန်မှန် စားသုံးသွားပါက** လိပ်ခေါ...ရောဂါသည်လည်း တဖြည်းဖြည်း... ပျောက်ကင်းသွားသည်ဟု သက်... ပျောက်ကင်းသူ ဦးကြီးမောင်... အရီးလေးက ပြောကြောင်း သိ... သည်။

သို့ပါ၍ ယင်း လိပ်ခေါင်းရောဂါ... သူများသည် ဟာဒ်စေ့များအား ရှာ... စုဆောင်း သုံးစွဲခြင်းဖြင့် မိမိတို့ ခံစား... ရသော ရောဂါဝေဒနာ ပျောက်က... စေရန် စေတနာကောင်းဖြင့် ရေး... ဖော်ပြလိုက်ရပါသည်။ ယုံယုံကြ... ကြည် သုံးစွဲနိုင်ကြပါစေသော်၊

**[ဤဆေးနည်းကို မအား... သည့်ကြားမှ စိတ်ရှည်လက်... ပြောပြသော ဦးကြီးမောင် (နီ... ဝင်း နာရီပြုပြင်ရေး – ချောက်... ကျေးရွာတွင်ရှိပါသည်။]**


**အောင်ဝင်းသန်း(...နံ့ခြေ**



www.burmeseclassic.com

www.burmeseclassic.com





ဇလွန်မြို့ ပြည်တော်ပြန်ဂါထာနှင့်

# ဆီမီးတိုင် ဝိရင်နည်း

မောင်ဗဟိန်း (အင်းတော်)

စာရေးသူသည် ၁၉၈၂ ခုနှစ်၊ အောက်တိုဘာလ (၇)ရက်နေ့မှစပြီး ညာရေးဌာနသို့ မူလတန်းပြဆရာအဖြစ် ဌာနပြောင်းဖြင့် ဝင်လာခဲ့ရာ အလည်ဆိပ် အ.မ.ကတွင် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

အင်းတော်နှင့် အလည်ဆိပ်သည် ဝေးကွာသောခရီး ဖြစ်ပါသည်။ အကွာဝေးမှာ (၉)မိုင်ခန့် ရှိပါသည်။ စက်ဘီးနှင့်တစ်ဖုံ၊ ခြေကျင်တစ်သွယ်၊ မိုးတွင်းဆိုလျှင် ရွာတွင် ကျောင်းဖွင့်ရက်များတွင် သွားနေလေ့ရှိပြီး ကျန်ရက်များတွင် အင်းတော်နှင့် နေ့ချင်းပြန်သွားခဲ့ပါသည်။

ရေရှည်တွင် မဖြစ်တော့သဖြင့်လည်း ရွာတွင် ပြောင်းရွှေ့နေခဲ့ပါသည်။ (၃)နှစ်ကျော်(၄)နှစ်နီးပါးခန့် ရောက်သည့်အခါအပြောင်းအရွှေ့ တင်လိုက်ရာ အင်းတော် အ.ထ.ကသို့ မူလတန်းပြတာဝန်ဖြင့် ပြောင်းရွှေ့ခဲ့ရပါသည်။ အိမ်နှင့် အိုးမကွာ အိမ်မကွာဖြင့် ကျောင်းတက်ရသဖြင့် အဆင်ပြေခဲ့ပါသည်။

စာရေးသူ အင်းတော်အ.ထ.ကသို့ ပြောင်းရွှေ့ခဲ့သည့် နေ့ရက်မှာ (၂၀.၁၂.၈၅) ဖြစ်ပါသည်။ နွေကျောင်းပိတ်ပြီး ပြန်အဖွင့် (၁၂.၁၂.၈၆)နေ့တွင် တိုင်းပညာမှ အလယ်တန်းပြရာထူး (မူတာဝန်)ဖြင့် ထမ်းဆောင်ရန် အလည်ဆိပ်အ.မ.ကတွင် ရာထူးသစ်နေရာဖြင့် ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခဲ့ရပါသည်။

အလည်ဆိပ်မှ ပြောင်းရွှေ့ခဲ့ရသည်မှာ (၆)လကျော်ပဲ ရှိသေးသည်။ ပြန်ပြောင်းရပြန်သဖြင့် ပြောင်းချင်စိတ်မရှိခဲ့ပါ။ ဝန်ထမ်းဖြစ်နေ၍ ပြန်ပြောင်းခဲ့ရပါသည်။

အပြောင်းအရွှေ့ ကြိုးစားဖို့ဆိုသည်မှာကလည်း ဝန်ထမ်းစည်းမျဉ်းအရ နေရာတစ်ခုတွင် (၂)နှစ်အနေကြာပြီးမှ လျှောက်ထားခွင့်ရမှာဖြစ်သဖြင့် အပြောင်းအရွှေ့ ကြိုးစားဖို့မလွယ်။ ဝန်ထမ်းစည်းမျဉ်းအရ (၂)နှစ်အကြာမှ ပြောင်းရွှေ့လျှင်လည်း အ.ထ.ကလို ကျောင်းမျိုး ရနိုင်ဖွယ်မရှိ။ အင်းတော်မြို့ပေါ်တွင် အထက်တန်းကျောင်းတစ်ကျောင်းတည်းသာရှိ၍ ပြောင်းရွှေ့လိုသူများ၏။

အခက်အခဲဖြစ်လျှင် သတိအရဆုံးကား ရတနာသုံးပါးပင် ဖြစ်ပါသည်။ နားနောင်ဆရာတော် ဦးကလျာဏထံ ဖူးတွေ့ရ၏။ အခက်အခဲတစ်ရပ်ကို တင်ပြလျှောက်ထားရာ...

'ဇလွန်မြို့ပြည်တော်ပြန်ဂါထာကို ဖယောင်းတိုင်တွင်ဖြစ်စေ၊ ဖိုင်းကိုင်စက္ကူတွင်ဖြစ်စေ ရေးပြီး တစ်ရက်လျှင် မနက်တစ်ကြိမ်၊ မွန်းတည့်တစ်ကြိမ်၊ ညဦးတွင်တစ်ကြိမ် တစ်နေ့ (၃)ကြိမ်တိုင် ပူဇော်ပြီး ဆုတောင်းပါ'

ဟု မိန့်ခဲ့ပါသည်။

စာရေးသူသည် ဆရာတော် ဦးကလျာဏ မိန့်သည့်အတိုင်း အလည်ဆိပ်ရွာတွင် နေ့စဉ် တစ်လခန့် ထွန်းပြီး ပူဇော်ခဲ့ပါသည်။ တစ်လပြည့်၍ လစာထုတ်ရန် အင်းတော်မြို့သို့ သွားသည့် အခါ မြို့နယ်ပညာရေးမှူး ဦးညွန့်မောင်က စာရေးသူအား ခေါ်ပြီး သူ့ရုံးခန်းတွင် ပြောပါသည်။

'မင်းကုသိုလ်ကောင်းတယ်။ လ/ထ မြို့နယ် ပညာရေးမှူး ဦးအေးကျော်ကို မင်း ကျေးဇူးတင်၊ အင်းတော်အ.ထ.ကကို ပြောင်းပြီးဖြစ်တဲ့ မင့်ကို အင်းတော် အ.ထ.ကမှာလဲ ရာထူးသစ်လိုနေတော့ အော်ဒါပြန်ပြင်ဖို့ ပြောတယ်။

မင်းကလဲ အမေတစ်ခု သားတစ်ခုမို့ ငါ တိုင်းကို သွားတဲ့အခါ အလည်ဆိပ်အော်ဒါအစား အ.ထ.ကအင်းတော်အော်ဒါ ပြောင်းယူခဲ့မယ်။ မင်း မနက်ဖြန်ကစပြီး အ.ထ.ကအင်းတော်မှာ ဝင်တော့'

စာရေးသူမှာ မိမိကိုယ်မိမိ မယုံချင်ကံကောင်းချင်တော့ စာရေးသူအားမှ ပြောပေးသည့် လထမြို့နယ်ပညာရေး





www.burmeseclassic.com

www.burmeseclassic.com

မှူး ဦးအေးကျော်နှင့် မြို့နယ်ပညာရေးမှူးကို ကျေးဇူးအထူး တင်ခဲ့ရပါသည်။

စာရေးသူအဖို့ စိတ်ဆန္ဒ ပြည့်ဝစေသည့် ဤဖလွန်မြို့ ပြည်တော်ပြန် ဂါထာဖြင့် ဆီမီးတိုင် စီရင်နည်းကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ တစ်ဆင့် စာဖတ်ပရိသတ်အား လက်ဆောင်အဖြစ် ရေးသားတင်ပြပါရစေ။

**စီရင်ဆောင်ရွက်ပုံမှာ...**

သီလယူပါ။ ဘုရား၊ တရား၊ သံဃာနှင့် မိဘ၊ ဆရာတို့ကို ရည်စူးပြီး ဆီမီး(၅)တိုင်ပူဇော်ပါ။ ပွဲပေးနိုင်လျှင် ကောင်းသည်။ မပေးနိုင်က အသီး(၅)ပွဲ တင်ပါ။


ပန်းသီး၊ ငှက်ပျောသီး၊ ဩဇာသီး ရရာတစ်ခုခုကို (၅)ပွဲ ဆက်ကပ်လှူပါ။ ပန်းမှာ အောင်သပြေပန်းပွင့် ဆောင်ရွက်မည့်သူ၏ အညွန့်ပန်းတို့ဖြင့် ရောပြီးဘုရားအိုးတွင် စုပေါင်းလှူဒါန်းပါ။ ဘုရားရှေ့မှာပဲ စီရင်ပါ။

လက်ရေးသေးသူများ ဖယောင်းတိုင်တွင် တိုင်ခြေမှ မီးစာအထိ ရေးပါ။ ဖယောင်းတိုင်တစ်တိုင်ပေါ်မှာ ဆန့်အောင်ရေးပါ။

အကယ်၍ မရေးလိုပါက မိုင်းကိုင်စက္ကူပေါ်တွင် ရေးပြီး အောက်မှ အထက်သို့ ပုံစံမျိုးဖြင့် ကပ်ပါ။ ကော်ဖြင့် ကပ်နိုင်ပါသည်။

**အညွန့်ပန်းများအဖြစ်...**

၁။ တနင်္ဂနွေသား → ကံ့ကော်
၂။ တနင်္လာသား → ဇော်စိမ်း(သို့)ဌှက်
၃။ အင်္ဂါသား → ပိန္နဲညွန့်(သို့)ခရေ
၄။ ဗုဒ္ဓဟူးသား → သရေပြ
၅။ ကြာသပတေးသား → သီး
၆။ သောကြာသား → ဒန်း
၇။ စနေသား → အုန်းညွန့်တို့ဖြစ်ပါသည်။



ဖလွန်မြို့ မာရ်အောင်မြင်
ပြည်တော်ပြန်
စမ္ဗုခတ် ဂါထာတော်ကြီး

ဣတိပိ ပိဋကတ္တယံ အနိစ္စံ ဒုက္ခံ အနတ္တာ သတ္တဗောဇ္ဈင်္ဂေါ အဋ္ဌင်္ဂိကော မဂ္ဂေါ စတု သတိပဋ္ဌာန် သဗ္ဗညု ဣန္ဒြေ သဟာသ သုရိယော ဩြောင်း နမော မေတ္တာနံ ရာဇဘယံ စောရဘယံ ဥဒကဘယံ အဂ္ဂိဘယံ သတ္တဘယံ သဗ္ဗဘယံ ဇေယျော ဇယတု မင်္ဂလံ အနိစ္စံ သခ်တံ ပဋိစ္စသမုပ္ပန္နံ ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ နိရောဓဓမ္မံ သဟတိ။

အနက်အဓိပ္ပာယ်

**ပိဋကတ္တယံ၊** ပိဋကတ်သုံးပုံသည်။ **ဣတိပိ၊** ဤသို့ ဖြစ်ခြင်း, ပျက်ခြင်းစသော သဘောရှိသောကြောင့်လည်း။ **အနိစ္စံ၊** အနိစ္စမည်၏။ **ဒုက္ခံ၊** ဒုက္ခမည်၏။ **အနတ္တာ၊** အနတ္တမည်၏။

**သတ္တဗောဇ္ဈင်္ဂေါ၊** ခုနစ်ပါးသော ဗောဇ္ဈင်သည်လည်းကောင်း။ **အဋ္ဌင်္ဂိကော၊** အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော။ **မဂ္ဂေါ၊** မဂ်သည်လည်းကောင်း။ **စတုသတိပဋ္ဌာနံ၊** လေးပါးသော သတိပဋ္ဌာန်သည်လည်းကောင်း။ **သဗ္ဗညု၊** အလုံးစုံသော တရားအပေါင်းကို။ **ဣန္ဒြေ၊** အစိုးရတော်မူသော မြတ်စွာဘုရားသည်လည်းကောင်း။ **သဟာသ သုရိယော၊** ရောင်ခြည်တစ်ထောင် အလင်းကိုဆောင်သော နေမင်းသည်လည်းကောင်း။ **ဣတိပိ၊** ဤသို့ ဖြစ်ခြင်း, ပျက်ခြင်း စသော သဘော[...] ရှိသောကြောင့်လည်း။ **အနိစ္စံ၊** အနိ[...] မည်၏။ **ဒုက္ခံ၊** ဒုက္ခမည်၏။ **အနတ္တာ၊** [...] အနတ္တမည်၏။

**မေတ္တာနံ၊** မေတ္တာရှင် မြတ်[...] ဘုရားရှင်တို့အား။ **နမော၊** ရှိခိုးပါ[...] **ဩြောင်း၊** အန္တရာယ်ကင်း ရန်ငြ[...] ရှင်းပါစေသတည်း။

**ရာဇဘယံ၊** မင်းဘေးကို လည်း[...] ကောင်း။ **စောရဘယံ၊** ခိုးသူဘေး[...] လည်းကောင်း။ **ဥဒကဘယံ၊** ရေဘေး[...] ကိုလည်းကောင်း။ **အဂ္ဂိဘယံ၊** မီးဘေး[...] ကိုလည်းကောင်း။ **သတ္တဘယံ၊** [...] လက်နက်ဘေးကို လည်းကောင်း[...] **သဗ္ဗဘယံ၊** အားလုံးသောဘေး[...] လည်းကောင်း။ **ဇေယျော၊** အောင်မြ[...] နိုင်သည်။ **ဇယတု၊** ဖြစ်ပါစေ[...] သတည်း။ **မင်္ဂလံ၊** မင်္ဂလာဟူသ[...] သည်။ **ဇယတု၊** အောင်မြင်ပါစေ[...] သတည်း။

**ပဋိစ္စသမုပ္ပန္နံ၊** အကြောင်းတ[...] ကို စွဲ၍ဖြစ်သော အကျိုးတရားသ[...] **သခ်တံ၊** ကံ, စိတ်, ဥတု, အာဟာ[...] တည်းဟူသော အကြောင်းတ[...] လေးပါးတို့သည် ပြုပြင်အပ်သ[...] ဖြစ်၍။ **အနိစ္စံ၊** အမြဲမရှိ။ **ခယဓမ္မံ၊** [...] ကုန်ခြင်းသဘောရှိ၏။ **ဝယဓမ္မံ၊** ပျ[...] ခြင်းသဘောရှိ၏။ **ဝိရာဂဓမ္မံ၊** [...] ကင်းခြင်းသဘောရှိ၏။ **နိရောဓဓမ္မံ၊** [...] ချုပ်ငြိမ်းခြင်းသဘောရှိ၏။ **ခမတိ၊** [...] ပညာရှိအပေါင်းသည် နှစ်သက်[...]

ဖယောင်းတိုင်တွင် ရေးပြီး[...] (၃၇)ခေါက် ရွတ်ပါ။ ရွတ်ပြီး ထွန်း[...]

**အာယု ဝဏ္ဏော သုခံ ဗလံ**

**မောင်ဗဟိန်း (အင်းဝ[...])**



www.burmeseclassic.com

www.burmeseclassic.com

သိုင်းပညာရှင်

# ဆရာကြီး မင်းယကာ

၏ ဘဝအတွေ့အကြုံများ (၁၃)



ဆရာကြီးမင်းယကာ
(တိုက်ပွဲဝင်)

ကျွန်တော်တို့ ဗန်းမော်သိန်းအောင် ပညာအနွယ်များ သင်ယူတတ်မြောက်ခဲ့သော စပရိန်လက်သီး (သို့မဟုတ်) လက်သီးပျော့ (သို့မဟုတ်) လျှပ်စစ်လက်သီးထိုးနည်းစနစ်နှင့် တူသည်ဟု ယူဆမိပါသည်။ အတိအကျတော့ မပြောနိုင်ပါ။ သို့သော် **"လက်မကွာ လက်သီး"** ထိုးနည်းစနစ်က လက်သီးဆုပ်၍ လက်သီးကို ဒေါင်လိုက် ထောင်ထားရာမှ ဆတ်ခနဲ ထိုးထုတ်လိုက်သော နည်းစနစ်ဖြစ်သည်ကို တွေ့ရပါသည်။

စပရိန်လက်ကတော့ လက်ဝါးကို ဖြန့်ထောင်ထားရာမှ ဆတ်ခနဲ လက်ကို ရှေ့သို့ ထုတ်လိုက်ချိန်တွင် လက်သီးကို ဆုပ်လိုက်ရသော နည်းစနစ် ဖြစ်ပါသည်။

ထို့ပြင် ဗန်းမော် စပရိန်လက် (သို့မဟုတ်) လက်သီးပျော့ (သို့မဟုတ်) လျှပ်စစ်လက်သီး ထိုးလိုက်သည့်အခါတိုင်း တဖြောက်ဖြောက်နှင့် အသံထွက်သည်ဟု ပြောစမှတ် တွင်ခဲ့ပါသည်။

အမှန်မှာ လက်ဝါးကို ဆတ်ခနဲ ဆတ်ပြီး လက်သီးဆုပ်လိုက်သောအခါ

ယခင်လမှ အဆက်

ပြီးမှ ရင်ဘတ်ရှေ့တွင် ပြန်၍ အသင့်ပြင်ရန် လိုသည်။ လက်သီးမာကို လက်သီးပျော့ကဲ့သို့ ထိုးလိုလျှင် လက်သီးကို ဆုပ်လျက်မှ မိမိ၏ မေးစေ့ရှေ့ခန့်တွင် ထောင်ထားပြီး ဖျတ်ခနဲ ထိုးထုတ်၍ ဖျတ်ခနဲ ပြန်၍ အသင့်ပြင်ခြင်းပင် ဖြစ်ပါသည်။

**မှတ်ချက်။ ။ ယခု စာရေးနေစဉ်ကာလ ၂၀၁၂ ခုနှစ်၊ ဧပြီ ပထမပတ်အတွင်း မြဝတီ ရုပ်မြင်သံကြားမှနေ၍ ကွန်ဖူးဘုရင် ဘရုစ်လီ၏ ဘဝဇာတ်ကြောင်းကို ပြသလျက်ရှိပါသည်။** (The Legend of Brucelee) ဟု နာမည် ထိုးထားပါသည်။

[Legend ကို a story from the past that may not be true ဟု ဖွင့်ဆိုသလို an extremely famous person, espin particular field; ဟုလည်း ဖွင့်ဆိုပါသည်။

(Oxford Advanced Learner's Dictionary. fifth edition 1995)]

ယုံချွန်းသိုင်းပညာမှ "လက်မကွာ လက်သီး" ခေါ်သော လက်သီးကို ဒေါင်လိုက် ရှေ့သို့ ထုတ်ထားရာမှ ဆတ်ခနဲ ထိုးလိုက်သည့် နည်းစနစ် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

လက်ချောင်းလေးချောင်းနှင့် လက်ဝါး ထိခတ်လိုက်သောအသံ ဖြစ်ပါသည်။

ထိုသို့ အသံထွက်အောင်လည်း လေ့ကျင့်ရပါသည်။ ထိုးထိုးချင်း အသံ မြည်သည်မဟုတ်၊ လက်ဝါးကို ရေစိုနေသည့်အခါတွင် ပို၍ အသံမြည်ပါသည်။

ထို့ကြောင့် လေ့ကျင့်ခါစ သင်တန်းသားများသည် အသံထွက်စေရန် လက်ချောင်းလေးများကို ရေဆွတ်၍ ထိုးလေ့ရှိကြပါသည်။

ထိုသို့အားဖြင့် ဘယ်ညာ လက်သီးပျော့ထိုးတိုင်း တဖြောက်ဖြောက်နှင့် မြည်နေခြင်း ဖြစ်ပါသည်။ ထို့ပြင် လျှပ်စစ်လက်သီးသည် ဖျတ်ခနဲထိုးပြီး ဖျတ်ခနဲ ပြန်ရုပ်သွားသောကြောင့် မျက်စိထဲတွင် ရိပ်ခနဲသာ မြင်လိုက်ရပါသည်။ ထိုးချက်၏ လျင်မြန်မှုနှင့် လက်သီးပြန်ရုပ်လိုက်သည့် လျင်မြန်မှုတို့မှာ တစ်ထပ်တည်း ကျရပါသည်။

စကားကြုံ၍ တင်ပြရလျှင် ယနေ့ ဂီတလောကတွင် နာမည်ကျော်ဆဲ ဖြစ်သော စန္ဒရား တင်ဝင်းလှိုင် ဆိုပါလျှင် ဂီတသမားဆိုပြီး လူပျော့လေးတစ်ယောက်ဟု မထင်လိုက်ပါနှင့်။ သူသည် အထက်တန်းကျောင်းသား ဘဝက ဆရာကြီး ဗန်းမော်သိန်းအောင်ထံတွင် သိုင်းပညာ သင်ယူခဲ့ဖူးသူတစ်ဦး ဖြစ်ပါသည်။

တက္ကသိုလ်ရောက်သည့် အချိန်တွင် ဗန်းမော်သိုင်းကို ဆက် မလေ့ကျင့်တော့ပါ။ ကျွန်တော်နှင့် သွားအတူ လာအတူ စားအတူဖြစ်၍ ကျွန်တော်က...

'တင်ဝင်း ဘာဖြစ်လို့ ဗန်းမော်သိုင်းကို ဆက်မကျင့်တော့တာလဲ။ မင်းလဲ ဗန်းမော် လက်ကွက်ကို ကောင်းကောင်းတတ်တာပဲ'



ဟု မေးသောအခါ...

'ကိုထွန်းမြင့်ကြီးရေ ကျွန်တော်က စန္ဒရား တီးမယ့်သူဖြစ်တော့ လက်ချောင်း၊ လက်ဆစ်၊ လက်ကောက်ဝတ်တွေ ပျော့ပျောင်းနေဖို့ အရေးကြီးတယ်။ လက်သီးထိုးတွေကို အစဉ်အမြဲ လေ့ကျင့်နေရင် လက်ကောက်ဝတ်တွေ သန်မာတောင့်တင်း ခိုင်ခံ့ပြီး စန္ဒရားတီးရာမှာ အခက်အခဲ တွေ့မယ်။

အဲဒါကြောင့် ကျွန်တော် ဆက်မကျင့်တော့တာ။ ခင်ဗျားနဲ့ ကျွန်တော်က လိုင်းမတူပါဘူး။ ခင်ဗျားက ဆက်လုပ်ပေတော့ ကျွန်တော်ကတော့ သိုင်းလေ့ကျင့်ခန်းကို နားလိုက်ပြီ'

ဟု ပြောဖူးပါသည်။

ဆရာကြီး ဗန်းမော်သိန်းအောင်၏ စပရိန်လက်သီး (သို့မဟုတ်) လျှပ်စစ်လက်သီး (သို့မဟုတ်) လက်သီးပျော့မှာ နာမည်ကြီးပါသည်။ လက်သီးထိုးရာတွင်လည်း လျှပ်လက်သလို မြန်ပါသည်။

လက်သီး ထိုးလိုက်လျှင်လည်း မျက်စိထဲတွင် ရိပ်ခနဲသာ မြင်လိုက်ရပါသည်။

မပြောချင်လှသော်လည်း ဗန်းမော် လက်သီးနှင့် ပတ်သက်သည့် စာရေးသူ၏ ကိုယ်တွေ့ အဖြစ်အပျက်မှန် တစ်ရပ်ကို တင်ပြလိုက်ပါသည်။

အကြောင်းအရာမှာ ဂုဏ်ယူ လောက်သော အကြောင်းအရာ မဟုတ်၍ အဖြစ်အပျက် ဇာတ်ကြောင်းကို အဓိကထားပြီး တင်ပြလိုခြင်း မဟုတ်ဘဲ ထိုအဖြစ်အပျက်တွင် အသုံးပြုခဲ့သော၊ လက်တွေ့ အသုံးချခဲ့သော စပရိန်လက် (သို့မဟုတ်) လျှပ်စစ်လက် အကြောင်းကိုသာ အဓိက တင်ပြလိုခြင်း ဖြစ်ပါသည်။

တိုတို ပြောကြပါစို့။ ထိုစာရေးသူနှင့် ဆရာတစ်ယောက် ပြဿနာ ဖြစ်ကြသည်။ ထိုဆရာ၏အိမ်သို့ သွားမေးသောအခါ ပြန်မလာသေးကြောင်း ပြောသောကြောင့် ထိုသူ ပြန်မလာမချင်း စောင့်ရန် သံမိဗ္ဗာန်ချပြီး လမ်းထိပ်မှ စောင့်နေပါတော့သည်။

ထိုသူမှာ ည (၁၀)နာရီလောက်ကျမှ အဖော်တစ်ယောက်နှင့် ပြန်လာပါသည်။ စာရေးသူက သူ့ရှေ့မှ လမ်းကိုပိတ်ပြီး ရပ်လိုက်သည်။ သူရေးထားသော ဆောင်းပါးပါသည့် မဂ္ဂဇင်းစာအုပ်ကို ဘယ်လက်ဖြင့် ကိုင်၍ သူ့ကို ပြရင်း ညာလက်ညှိုးဖြင့် ဆောင်းပါးကို ထိုးပြထားလိုက်ပါသည်။

အမှန်မှာ ညာလက်သီးပျော့ဖြင့် ထိုးရန် အသင့်ပြင်ထားလိုက်ခြင်း ဖြစ်ပါသည်။ နည်းစနစ်အရ ဘယ်လက်ကို ရှေ့တွင်ထောင်၍ ညာလက်ကို လက်ဝါးဖြန့်ပြီး နောက်မှာထားခြင်း ဖြစ်ပါသည်။ ညာလက်ကို တဆဆဖြင့် လှုပ်ရှားပေးနေပါသည်။ သို့မှသာ လက်သီးပျော့ကို ကြိုက်သည့်အချိန်တွင် ထိုးလွှတ်နိုင်မည် ဖြစ်သည်။

ထိုဆရာက စာရေးသူထက် အရပ်မြင့်ပြီး ခွန်အားဗလ ပို၍ကောင်းသည်။ သို့သော် စာရေးသူက စိတ်



www.burmeseclassic.com

www.burmeseclassic.com

…အရာတွင် သူ့ကို စိုးမိုးထားနိုင်၍ …ဆက်ပိုပြီး သတ္တိ ရှိနေပါသည်။ …သူက မေးပြော့ပြောရင်း ထို …က မခန့်လေးစား ပြန်ပြောရင်း …စ်လှမ်းတိုးလာ သူ့စကား မဆုံးမီ …(၁၅)နှစ်ကျော် လေ့ကျင့်ထားသော …ရေးသူ၏ စပရိန်လက် (သို့မဟုတ်) …မော်လက် (သို့မဟုတ်) လျှပ်စစ် …က်သီးသည် သူ့ပါးစပ်ကို ခွပ်ခနဲ …ပြီးသား ဖြစ်သွားပါသည်။ **(နောက် …သိရသည်မှာ ထိုဆရာမှာ အပေါ် …ခမ်းကွဲပြီး ရွှေ့သွား သုံးချောင်း …သွားသည်ဟူ၍ ဖြစ်သည်။)**

အဆိုပါ အဖြစ်အပျက်ကို အရေသာခံ …ပြနေခြင်း မဟုတ်ပါ။ လက်သီး … (သို့မဟုတ်) စပရိန်လက်သီး …မဟုတ်) လျှပ်စစ်လက်သီး၏ လျင် …ပြင်းထန်ပုံကို တင်ပြလိုရင်းသာ …ပါသည်။ ***စကားချပ်။***

'ဆရာ ဗန်းမော်သိန်းအောင်ရဲ့ လက်သီးက …မြန်တယ်၊ ဖမ်းလို့မရဘူး။ သူ့လက်သီးကို …မ်းနိုင်တဲ့သူလဲ မပေါ်သေးဘူး'

ဟူသော စကားရပ်မှာ တေဇိန္ဒာရာမ …င်းဆရာများအဖွဲ့ သိုင်းတက္ကသိုလ် … အဝန်းအဝိုင်းတွင် ပျံ့နှံ့ပြီး သိုင်း …ရာများ လောကတွင်လည်း နာမည် …ကျော်နေပါသည်။

ထိုစဉ်ကာလက ထိုသို့သော …သတင်းစကားကို ကိုယ့်စရိတ်နှင့်ကိုယ် …သတင်းဖြန့်ပြီး ကြားပွဲစား လုပ်နေသူ …တော့ အစ်ကိုကြီး ကိုမြင့်သိန်း …ရှည်ကြီး) ဖြစ်ပါသည်။ ယနေ့ခေတ် …င်အောင် ကျော်ကြားလျက်ရှိသော …င်းအဖွဲ့အစည်းကြီးတစ်ခု၏ ဆရာ …စ်ဦး ဖြစ်ပါသည်။

သူက လူချစ်လူခင် ပေါပါသည်။ …မြဲတမ်း အပြုံးပန်းဝေဆာနေသော သူ့မျက်နှာကိုက ချစ်ခင်စရာ ကောင်း



နေသောကြောင့်ပင် ဖြစ်ပါသည်။

နောက်ပိုင်းတွင် အစ်ကိုကြီး ကိုမြင့်သိန်းနှင့်တွေ့၍ ထိုသတင်းကို လွှင့်ပြီး ဆရာ ဗန်းမော်သိန်းအောင်၏ ပြိုင်ဘက်ကို လိုက်ရှာတာနှင့် ပတ်သက်၍ ဘာဖြစ်လို့ ကြားပွဲစား လုပ်တာလည်းဟု မေးကြည့်သောအခါ…

'ဗန်းမော်လက်သီး မြန်တယ်ဆိုတာတော့ ကြားဖူးတယ်။ ဒါပေမယ့် ဘယ်လောက် မြန်တယ်ဆိုတာ မမြင်ဖူးဘူး။ နောက်ပြီး ကျော်ကြားတဲ့အတိုင်း တကယ်မြန်ရဲ့လား။ စကား "ကား"တာလား ဆိုတာ သိချင်တယ်။ မြင်ချင်တယ်။ ဒါကြောင့် သူနဲ့ ယှဉ်ပြိုင်မယ့် လူကို ရှာပေးတာပါကွာ'

ဟု ပြန်ဖြေခဲ့ဖူးပါသည်။

အစ်ကိုကြီး ကိုမြင့်သိန်းရဲ့ ဆန္ဒပြည့်ဝခဲ့သလို ကျွန်တော်တို့လည်း ဆရာ ဗန်းမော်သိန်းအောင်၏ လက်သီးထိုးပုံထိုးကွက်ကို မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရပါသည်။

ဆရာ ဗန်းမော်သိန်းအောင်၏ လက်သီးကိုဖမ်းမည့် သိုင်းဆရာတစ်ဦး ပေါ်ပေါက်လာခဲ့ပါသည်။ ထိုဆရာကြီးသည် ငွေကြေး ပြည့်စုံချမ်းသာသော သူတစ်ဦး ဖြစ်ပါသည်။ ငွေကြေးကလည်း ပြည့်စုံ၊ သိုင်းပညာမှာလည်း ဆရာတစ်ဆူဖြစ်၍ အလွန်ပင် မောက်မာလှသူ ဖြစ်ပါသည်။

သိုင်းဆရာများထဲတွင် ရှားရှားပါးပါး ရုပ်အင်္ကျီလက်တိုကို နိုင်လွန်ပါးဖြင့် ချုပ်ဝတ်သူ ဖြစ်ပါသည်။ သူ့ကိုယ်ပေါ်မှ ဆေးများ၊ အင်းများ၊ စမများကို အထင်းသား မြင်နေရပါသည်။

လက်ဖျံ နှစ်ဖက်လုံးပေါ်တွင်လည်း ဇာတ်ကြီးဆယ်ဘွဲ့အင်းများ၊ သိုင်းအဖွဲ့ အစည်းဆိုင်ရာ ပညာဆင့် ဂေါက်များကိုလည်း မြင်တွေ့နေရပါသည်။

ထိုဆရာကြီးသည် တုတ်တုတ်ခိုင်ခိုင်နှင့် ဗလကောင်းပါသည်။ ရင်အုပ်ကြွက်သားကြီးများမှာ ဖုထစ်မောက်ကြွနေပါသည်။ လက်မောင်းအိုးကြီးမှာ ပြည့်တင်းနေပြီး လက်ဖျံနှစ်ဖက်မှာ တောင့်တင်းသန်မာလှပါသည်။ နိုင်လွန်အင်္ကျီလက်တိုနှင့် ရှမ်းဘောင်းဘီ အနက်ရောင်ကို တွဲဝတ်လေ့ရှိပါသည်။ **(သိဖူး၊ မြင်ဖူးသူများ ထိုဆရာကြီး၏ ပုံရိပ်ကို ပြန်လည် မြင်ယောင်နေမိမှာပင်။)**

အဆိုပါ သိုင်းဆရာကြီးက လက်သီးဖမ်းတာနှင့် ပတ်သက်ပြီး ငွေကျပ်နှစ်ရာကြေး လောင်းကြေးထပ်မည်ဟု ဆိုလာပါသည်။ ရွှေတစ်ကျပ်သားလျှင် နှစ်ရာကြေးပေါက်သော ကာလဖြစ်၍ လောင်းကြေးမှာ အလွန်များသည်ဟု ဆိုရမည် ဖြစ်သည်။

ယှဉ်ပြိုင်မည့် နေရာကိုတော့ တေဇိန္ဒာရာမကျောင်းတိုက်ရှေ့ လမ်းတစ်ဖက် ကုန်းလေးပေါ်တွင်ရှိသည့် ကာကာ လက်ဖက်ရည်ဆိုင်တွင် ဖြစ်ပါသည်။

ရှေ့လ ဆက်ဖတ်ပါရန်

ဆရာကြီး မင်းယကွ
(တိုက်ပွဲဝင်)



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလအတွင်း
ပုံရိပ်ရှင်တို့၏

# ကံကြမ္မာ



ဟူကျင်းဇီ (Hu Jin Zhi)

ဤလတွင်...



✣ ကြွက်နှစ်ဖွား

ငွေကြေးပြဿနာများ ပြေလည်သွားပါမည်။ အစုအပုံလိုက် ရကိန်းမရှိသော်လည်း အားကိုးနိုင်သည့် ပမာဏကို လောက်လောက်လားလား ပိုင်ဆိုင်နိုင်ကြသည်။

အပ်ချုပ်စက်၊ စက်ဘီးကဲ့သို့ စွမ်းအင်မဲ့စက်များ ဝင်ကိန်းရှိသည်။ အမျိုးသားဇာတာရှင် လူလွတ်တို့ အိမ်ထောင်ဖနီးမယား ရတတ်ပါသည်။



✣ ခွေးနှစ်ဖွား

အတတ်ပညာ၊ အသိပညာများ တိုးပွားနိုင်သောကာလဖြစ်သည်။ စိတ်ချမ်းမြေ့စရာ ဇာတ်လမ်း၊ အဖြစ်အပျက်၊ မြင်ကွင်းများကို ကြည့်ရှု မြင်တွေ့နိုင်ကြသည်။

မျက်စိနှင့် ပတ်သက်သော ရောဂါဝေဒနာများ လျော့နည်းသက်သာသွားလိမ့်မည်။ မိခင်ဘက်မှ ဆွေမျိုးသားချင်းများအတွင်း မင်္ဂလာကိစ္စ ပေါ်ပေါက်တတ်သည်။



✣ မြွေနှစ်ဖွား

လုပ်ငန်းဆောင်တာများ သွက်လက်အဆင်ပြေလာမည်။ အခက်အခဲပြဿနာ နည်းပါး၍ စိတ်အေးချမ်းသာရှိသောကာလ ဖြစ်သည်။

ဆွေမျိုးမိတ်သင်္ဂဟများနှင့် စုဝေးကာ ဘုရားဖူးခရီး၊ အလည်အပတ်ခရီးများ သွားလာရဖွယ်ရှိသည်။ ဖန်ထည်၊ မှန်ထည် အသုံးအဆောင်ပစ္စည်းများ ဝင်ကိန်းရှိသည်။



✣ မြင်းနှစ်ဖွား

ကြံဆောင်သမျှ အလုပ်အကိုင်၊ အကြံအစည်များ အောင်မြင်ဖြစ်ထွန်းချိန်ဖြစ်သည်။ ထင်း၊ မီးသွေး၊ လောင်စာများနှင့် စပ်လျဉ်း၍ အကျိုးပေးသန်ကာ ငွေကြေးအမြတ်အစွန်း ရရှိနိုင်ကြသည်။

မိတ်ဆွေကောင်း တိုးပွားရရှိမည်။ ရာထူးဂုဏ်၊ ဓနဂုဏ် ပြည့်စုံသူမိတ်ဆွေသစ်များနှင့် သိကျွမ်းခင်မင်ခွင့် ရတတ်သည်။



✣ နဂါးနှစ်ဖွား

အသည်းနှင့် သည်းခြေဆိုင်ရာ ချို့ယွင်းဖောက်ပြန်ခြင်း ဝေဒနာများ ဖြစ်ပေါ်ခံစားရကိန်းရှိသည်။

ကျန်းမာရေး အခြေအနေ ဆိုးရွားတတ်သောကာလဖြစ်ရာ သတိ၊ ဝီရိယဖြင့် ကြပ်မတ်ကုသပါ။ မီးအပူလောင်ခြင်း၊ ရေနွေးပူလောင်ခြင်းတို့အတွက် စိုးရိမ်ရတတ်သည်။



✣ ကျားနှစ်ဖွား

မှန်းဆမျှော်လင့်ချက်များ နီးစပ်အောင်မြင်သောသမယ ဖြစ်သည်။ အိုးအိမ်ခြံမြေ ပြုပြင်မွမ်းမံရကိန်းရှိသည်။ ကြွေထည်၊ မြေထည်ပစ္စည်းများ အကျိုးပေးသန်သည်။

သုမင်္ဂလာကိစ္စဖြင့် ရုံးပြင်ကနား ရောက်ရှိတတ်သည်။ အမျိုးသမီးဇာတာရှင်တို့မှာ သားအိမ်နှင့် မီးယပ်ဆိုင်ရာ ဝေဒနာများ သက်သာပျောက်ကင်းသွားနိုင်သည်။



✣ နွားနှစ်ဖွား

ကံဇာတာ ညှိုးမှိန်သောကာလဖြစ်သည်။ ဆူးချွန်၊ သစ်စ၊ ဝါးစများ[...] ထိခိုက်အနာတရ ဖြစ်စေနိုင်သည်[...] ထဘီ၊ ဘောင်းဘီ၊ ပုဆိုး ခါးဝ[...] တန်ဆာများ ပျောက်ဆုံးပျက်စီးတ[...] သည်။

ငွေကြေးကိစ္စ၊ လူမှုရေးကိစ္စ[...] အတွက် အရေးအကြောင်း ကြုံလာ[...] က ကူညီထောက်ပံ့မှုများ ကြန့်ကြာ[...] ဒေါသ ထွက်လွယ်နေလိမ့်မည်။



✣ ယုန်နှစ်ဖွား

အောင်မြင်ကျော်ကြားသော[...] အချိန် ဖြစ်သည်။ အလှူအတန်း[...] ပေးဖြစ်မည်။ ငွေကြေးသောက က[...] ကွာ၍ ကြွေးမြီအချို့လည်း ပြေလ[...] သွားနိုင်သည်။

ခွဲခွာနေကြရသော အိမ်ထောင်[...] မိသားစုဝင်များနှင့် ပြန်လည်ဆုံ[...] ခွင့်ရလိမ့်မည်။ မရွှေ့မပြောင်းနိုင်သော[...] ပစ္စည်းများ ဝင်ကိန်းရှိသည်။



✣ ဆိတ်နှစ်ဖွား

စီးပွားရေးတွင် ငွေကြေးအထော[...] အပံ့များ အားရကျေနပ်ဖွယ် ခံစား[...] နိုင်ကြသည်။ စိတ်ပျက်အားလျော့[...] အခြေအနေကိစ္စရပ်များ ကွယ်ပျော[...] ၍ စိတ္တသုခပြည့်စုံသောကာလ [...] သည်။

ကင်မရာ၊ ရုပ်သံစက်များ[...] ဆောင်ရတတ်သည်။ ဒေါ်ဝန်းက[...] လူများအကြား အရေးပါသူ နေရာ[...]



www.burmeseclassic.com

www.burmeseclassic.com

...ခြင်း ခံရဖွယ်ရှိသည်။



❖ မျောက်နှစ်ဖွားများ

အလုပ်အကိုင်များ အဆင်ပြေ ဖြစ်ထွန်းနိုင်ကြသည်။ ဝန်ထမ်းများမှာ အလုပ်ရှင်၏ ချီးမွမ်းအားကိုးခြင်း ခံရတော့မည်။

အမျိုးသမီးဇာတာရှင် လူလွတ်များမှာ စေ့စပ်ကမ်းလှမ်းခြင်း ခံရကိန်းရှိသည်။ ပြည်ပရပ်ဝေးမှ ဝမ်းမြောက်ဖွယ် သတင်းစကားများ လက်ခံရဖွယ်ရှိသည်။



❖ ကြက်နှစ်ဖွားများ

အမနာပ ပြောဆိုကဲ့ရဲ့ခြင်း ခံရတတ်သည်။ မနာလိုမုန်းထားသူ ပေါ်များသောကာလဖြစ်သည်။ အပြောအဆို အနေအထိုင် သိုသိပ်နိုင်မှသာ ပြဿနာနည်းလိမ့်မည်။ ဆိုးဆေးနှင့် အဖျော်ယမကာတို့ကြောင့် ဘေးဥပဒ်ဖြစ်ခြင်းကို သတိပြုရှောင်ရှားပါ။



❖ ခွေးနှစ်ဖွားများ

ရတနာပုံဆိုက်ကိန်း ကြုံတတ်သည်။ ငွေကြေးမြောက်မြားစွာ ပိုင်ဆိုင်ရဖွယ်ရှိသည်။ လာဘ်လာဘ ရွှင်လန်း၍ စီးပွားရေးလုပ်ငန်းများ အောင်မြင်ကြီးပွားချိန် ဖြစ်သည်။

ပျိုရွယ်သူတို့အတွက်ကား ချစ်မှုရေးရာတွင် စန်းပွင့်လိမ့်မည်။ ရည်းစားက စွန့်ပစ်ခြင်း ခံရသူတို့မှာလည်း ကြာရှည်စွာ အသည်းကွဲခွင့်မရဘဲ အလျော်အစား ပြန်ရတတ်လေသည်။

ဤလတွင် ကံကြမ္မာ မှေးမှိန်နိမ့်ပါးနေသူများသည် မြစ်, ချောင်း, ရေကန်များအနီးရှိ စေတီပုထိုး၊ ရုပ်တုရုပ်ပွားတော်များ ထံတော်ပါးသို့ သွားရောက်ကာ **အပြာရောင်ရှိသော ကြာ(ကြာညို)တစ်ပွင့် ကပ်လှူကာ** မကောင်းသော အကျိုးအာနိသင်များ လျော့ပါးစေကြောင်း ဆုတောင်းပါ။

ရှင်ဥပဂုတ္တ ရုပ်ပွားအရှင်မြတ်ထံသို့လည်း ဆည်းကပ်ဆုတောင်းနိုင်သည်။ အဆိုးတရားတို့ ကွယ်ပျောက်သွားပါလိမ့်မည်။

***ကြိုဆောင်သမျှ အောင်မြင်ကြပါစေ။***

**ဟူဂျင်းဇီ** ***(Hu Jin Zhi)***

---

ဆေးမတိုးသော

# ဆေးမတွေ့သော လူနာ အတွက်



ပြုဖွယ်ယတြာ

ထိုးဆေး, စားဆေး, လိမ်းဆေးအမျိုးမျိုး သုံးနေသော်လည်း ရောဂါဝေဒနာ ထူးခြားသက်သာမှုမရှိဘဲ ဖြစ်နေခြင်းကို ဆေးက ရောဂါကို မတိုးနိုင်ဘဲ ဖြစ်နေသဖြင့် "ဆေးမတိုး"ဟု ဆိုပါသည်။

ဤစားဆေးနှင့်လည်း ရောဂါမထူး၊ ဟိုအဆေးနှင့်လည်းထူးမလာပါက ရောဂါနှင့်ဆေး မတွေ့ခြင်းပင်ဖြစ်ပါသည်။

ထိုသို့ ဆေးမတိုး၊ ဆေးမတွေ့သော ကျန်းမာသူ လူနာအတွက် ပြုဖွယ်၊ ဆောင်ရွက်ဖွယ်၊ ကုသိုလ်ဆက်ယတြာအား တင်ပြအပ်ပါသည်။

နတ်မောက်မြို့နယ်၊ ညောင်ပင်ရွာမှ ဆရာကြီး ဦးဟန်ထွန်းထံမှ ရရှိသော ညာအမွေ ဖြစ်ပါသည်။

* လူနာသည် ထသွား ထလာ ပြောနိုင်ဆိုနိုင် အခြေအနေဆိုလျှင် ကိုယ်တိုင် ဆောင်ရွက်ပါ။ မထနိုင်, မသွားနိုင်ပါက အိမ်သူအိမ်သား တစ်ဦးဦးမှ ဆောင်ရွက်ပေးပါ။
* ရေဖလားတစ်လုံးတွင် ငွေမင်သုတ်သုံးနိုင်ပါသည်။ ငွေဖလားအစစ်ရှိလျှင်လည်း သုံးနိုင်ပါသည်။
* ငွေဖလားတွင် ရေတစ်ဝက်ခန့်ထည့်၍ အောင်သပြေညွန့် (၁၈)ညွန့် ထိုးစိုက်လှူဒါန်းပါ။
* ထို့နောက် ငွေဖလားကိုကိုင်ပြီး အောက်ပါဂါထာ (၁၈)ခေါက် ရွတ်ပွားပေးပါ။

"ဣဋ္ဌိမဏ္ဍော စ ဃ ဒေဝါ
ဝသုန္ဓာ ဣဓ သာသနေ
တေ ဝိ အမေ နုရကၡဿ
အရောဂေန သုခေန စ"

ခက်ခဲသော ပါဠိအသံထွက်

**ဣဋ္ဌိ** = အိတ်ဋိ
**မဏ္ဍော** = မန်တော
**ဝသုန္ဓာ** = ဝသန်တာ
**ဣဓ** = အိဓ
**အမေ** = အန်မေ
**နုရကၡဿ** = နုရက်ခန်တ

အနက်

**ဣဓသာသနေ၊** ဤမြတ်စွာဘုရားသာသနာတော်၌။ **ဝသုန္ဓာ၊** နေကြကုန်သော။ **ဣဋ္ဌိမဏ္ဍော၊** လွန်ကဲသော တန်ခိုးရှိကြကုန်သော။ **ဃ ဒေဝါစ၊** အကြင်နတ်တို့သည်လည်း။ **သန္တိ၊** ရှိကုန်၏။ **တေဝိ၊** ထိုနတ်တို့သည်လည်း။ **အမေ၊** ငါတို့ကို။ **အရောဂေနစ၊** ရောဂါကင်းရေးအားဖြင့်လည်းကောင်း။ **သုခေနစ၊** ချမ်းသာရေးအားဖြင့်လည်းကောင်း။ **အနုရကၡန္တု၊** အစဉ် စောင့်ရှောက်နိုင်ကြပါစေကုန်သတည်း။

***(နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာ ဆရာကြီး ဦးစံတင့်မှ ပါဠိအနက် ပြန်ဆိုပေးပါသည်။)***

* နောက်နေ့များတွင် ရေ အသစ်လဲပေးပါ။ အောင်သပြေညွန့် ညှိုးလျှင် အသစ်လဲပေးပါ။ (၉)ရက် ဆောင်ရွက်ပါ။ လူနာအတွက် လိုအပ်သလို ဆုတောင်းသမှု ပြုပေးပါ။

အမြန် ဆေးတိုး, ဆေးတွေ့ပြီး ကျန်းမာလာပါမည်။ ကုသိုလ်လည်းရ၊ ကျန်းမာရေးလည်းရစေသော ယတြာ ဖြစ်ပါသည်။

**နတ်မောက် လှမြင့်သစ်**



www.burmeseclassic.com

www.burmeseclassic.com

# ဒူးနာ ခါးနာဆိုလျှင်

## သက်သာပျောက်ကင်းတဲ့ဆေး

မြို့သစ် မြင့်နောင်





၂၀၀၈ ခုနှစ်ခန့်က ဖြစ်ပါသည်။

ကျွန်တော်တို့ ရပ်ကွက်မှ ထိုစဉ်က ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌမှ ကျွန်တော်တို့ အဖွဲ့ဝင်များဖြစ်ကြသော ရာအိမ်မှူး၊ ဆယ်အိမ်မှူး၊ ရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များမှ အစပြု၍ ရှင်းနိုးမှု၊ စည်းလုံးမှုရှိစေရန်ဟူသော ရည်ရွယ်ချက်ဖြင့် အားလုံးသောအဖွဲ့ဝင်များအား ခေါ်ယူ၍ တစ်နေ့သော ညနေခင်းတွင် လှူခွဲ၍ ဘောလုံးကန်ကြရပါသည်။

အင်းစိန်မြို့သစ် က/ခရပ်ကွက်၊ က/၃လမ်းအပိုင် သဲကွင်းတွင် ကန်ရခြင်းဖြစ်ပါသည်။ ဘောလုံးပွဲပြီးလျှင် ကျွန်တော်တို့ အဖွဲ့ဝင်များအားလုံး ဥက္ကဋ္ဌက အဆင်သင့်ချက်ပြုတ်ထားသော ကြက်သားနှင့်ဘူးသီးချက်၊ ငါးပိရည် တို့စရာတို့ဖြင့် ကျွေးမွေးညှိခံပါသည်။

ထိုသို့ စားသောက်ပြန်လာသော အချိန်တွင် ညာဘက်ဒူးခေါင်းမှာ အနည်းငယ်နာသလို ခြေသလုံးကြွက်သားများလည်း နာလာပါတော့သည်။ နံနက်မိုးလင်းတော့ အိပ်ရာကအထမှာတော့ ညာဘက်ဒူးခေါင်းမှာ မထောက်နိုင်တော့ဘဲ အတော့ကို နာကျင်မှုဝေဒနာကို ခံစားရပါတော့သည်။

လူးဆေး,လိမ်းဆေးများ လိမ်းသော်လည်း မသက်သာဘဲ တစ်ပတ်ခန့်ကြာသောအခါ အကြောနှင့်ပတ်သက်သော ဆေးခန်းတို့၊ တရုတ်အပ်စိုက်ကုတို့နှင့် ပြသကုသသော်လည်းသက်သာပျောက်ကင်းခြင်း မရှိပါ။

ကောင်းနိုးရာရာ ကုသရင်းဖြင့် ငွေလည်း နှစ်သိန်းနီးပါးခန့် ကုန်ခဲ့ပါသည်။ တစ်လကျော်ခန့် ကြာခဲ့လေပြီ။

တစ်နေ့မှာတော့ ကျွန်တော့် သူငယ်ချင်းဖြစ်သူ မြို့သစ်ဈေးမှ ကိုသန်းလွင်နှင့်တွေ့ရာ ကျွန်တော့်တွင် ခံစားနေရသော ဒူးနာဝေဒနာရောဂါကို သူတွေ့မြင်သိရှိသွားရာ "အစ်ကို ဘာမှ မပူနဲ့ ကျွန်တော် ကုပေးမယ်" ဆိုပြီး ညကျတော့ ရောက်လာပါသည်။

လက်ထဲမှာလည်း အကြမ်းပန်းကန်လုံးခန့် အထုပ်တစ်ထုပ်လဲ ပါလာပြီး...

'ကဲ အစ်ကို ဒီဆေးကို ဒီည ကျွန်တော် စည်းပေးခဲ့မယ်။ မနက်ကျ သက်သာသွားလိမ့်မယ်'

ဟူ၍ ပြောပြီး စိမ်းစိမ်းဝါဝါအရောင်ရှိသော စေးကပ်ကပ်ဆေးပစ္စည်းများအား ဒူးခေါင်းပတ်လည် အုံပေးပြီး ပတ်တီးဖြင့် စည်းပေးထားခဲ့ပါသည်။

'ဘာမှမပူနဲ့ အစ်ကို မနက်ကျ ပျောက်သွားလိမ့်မယ်။ ကျွန်တော်[...] တော့မယ် ဂျူတီဝင်ရတော့မယ်'

ဟူ၍ နှုတ်ဆက်ပြီး ပြန်သွားပါ[...] သည်။

ကျွန်တော်လည်း ဆေးစည်[...] အိပ်ရာဝင်ခဲ့ပါတော့သည်။ နံန[...] လင်း အိပ်ရာအထတွင် နာနေ[...] ဒူးနာရောဂါဝေဒနာမှာ မယုံနိုင်[...] သက်သာ ပျောက်ကင်းသွားပါ[...] သည်။

နံနက်(၇)နာရီလောက် အကြ[...] ကိုသန်းလွင် ရောက်လာပါတော့[...] ရောက်ရောက်ခြင်း လှမ်းမေးသ[...]

'ဘယ်နှယ့်လဲ အစ်ကို ဒူး[...] သက်သာရဲ့လား'

ဟူ၍...

စာမျက်နှာ (၂၁၆



www.burmeseclassic.com

www.burmeseclassic.com

ရက္ကန်းစင်တောင် ဆရာတော်ကြီး တရားအားထုတ်သွားခဲ့သော

# မနောမယ အောင်တော်မူဘုရား

နှင့် ကရာကုန်းကျောင်း ဆရာတော် ဦးကေသရ၏ ကျင့်စဉ် ဗုဒ္ဓါနုဿတိ

ရွှေနီလင်း
(ကောလင်း)



◆ ထွက်ရပ်ပေါက်ပုဂ္ဂိုလ် ရက္ကန်းစင်တောင် ဆရာတော်ကြီး ဦးသြဘာသ
တရားအားထုတ်သွားသော မနောမယ အဓိဋ္ဌာန်လိုဏ်ဂူတော်ဘုရား (ခေါ်)
မနောမယ အောင်တော်မူ စေတီတော်ပုံ

## မနောမယ အောင်တော်မူဘုရားနှင့် လာဘမုနိ ဆုတောင်းပြည့်ဘုရား

စာရေးသူသည် ကောလင်းမြို့ အနောက်ဘက် တစ်ခေါ်သာသာခန့် တွင်ရှိသော ကရာကုန်းကျေးရွာ ဘုန်းတော်ကြီး ကျောင်းဝင်းအတွင်း ဟောဂန္ဓာရီ ဝိဇ္ဇာမိုရ် ရက္ကန်းစင်တောင် ဆရာတော်ကြီး ဦးသြဘာသ အဓိဋ္ဌာန် မြဲ တရားအားထုတ်ခဲ့ဖူးသည့် **မနောမယ အဓိဋ္ဌာန် လိုဏ်ဂူတော်ဘုရား (ခေါ်) မနောမယ အောင်တော်မူ စေတီတော်**နှင့် ပတ်သက်၍ ဆောင်းပါး တစ်စောင်တစ်ဖွဲ့ ရေးသားလိုသည်မှာ နှစ်ကာလ အတန်ကြာခဲ့ပြီ ဖြစ်ပါသည်။ သို့သော် အကြောင်း မတိုက်ဆိုင်လှ၍ မရေးဖြစ်ခဲ့ပါ။

ယမန်နှစ်များက စာရေးသူသည် မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ် "ရက္ကန်းစင်တောင် ဆရာတော်ကြီး ဦးသြဘာသ၏ ကျောက်ဆစ်ပုံတော်" နှင့် "နဂါးရုံဘုရား" တည်ထားရာ "ရက္ကန်းစင်တောင်တော်"သို့ ဘုရားဖူးတစ်ခေါက်၊ **စဉ့်ကူးနယ် "ဟသ်ာမရွာ"ရှိ သုံးထပ်ကျောင်းတော်တွင် ဆရာတော်ကြီးဦးသြဘာသ အဓိဋ္ဌာန် ဆုတောင်းပြည့်ခဲ့ရာ "နဂါးရုံမြတ်ဘုရား"**ထံ ဘုရားဖူးတစ်ခေါက် သည် ရောက်ရှိခဲ့သည်။ ခရီးများ က်ခဲ ပင်ပန်းခဲ့သည်။

ထို့နောက်တွင် အကြောင်းနှင့် အကျိုး ဆက်စပ် တွေးတောမိပြီးလျှင် ပုံတော်များ လှူဒါန်းလိုစိတ် ပေါ်ပေါက်လာခဲ့သည်။

ထို့ကြောင့် (၉–၁–၂၀၀၁)နေ့တွင် ကရာကုန်းကျောင်းဝင်း အရှေ့တောင် ထောင့်အရပ်တွင် ပြုပြင် တည်ထားသော "မနောမယ အောင်တော်မူ ဘုရား" ဂူအတွင်းတွင် ပညာအလင်းပြု ထုတ် "ရက္ကန်းစင်တောင် ဆရာတော်ကြီး ဦးသြဘာသပုံတော်" နှင့် "ထွက်ရပ်ပေါက်ပုဂ္ဂိုလ် (၃၄)ပါး ပုံတော်" (အခြားပုံနှိပ်တိုက်ထုတ်)တို့ကို မှန်ပေါင်သွင်း၍ လှူဒါန်းခဲ့ပါသည်။

ကျောင်းထိုင်ဆရာတော် ဦးကေသရ နှင့် ဘုရားများ ပြုပြင် တည်ထားရာတွင် ဦးစီးခဲ့သော ပင်လည်ဘူးမြို့နယ်၊ နမ့်မားရွာ ဆရာတော် (ဦးကောဝိဒ)တို့က ထိုဘုရား မြောက်ဘက် ကပ်လျက် တည်ထားသော လာဘမုနိ ဆုတောင်းပြည့်ဘုရားတွင် ပူဇော်ထားရှိနိုင်ရန် ပုံတော်များ ထပ်မံ လှူဒါန်းနိုင်ပါက လှူဒါန်းပါရန် မေတ္တာရပ်ခံခဲ့ပါသည်။

ထို့ကြောင့် (၂၉–၁–၂၀၀၁)နေ့တွင် ရက္ကန်းစင်တောင် ဆရာတော်ကြီး၏ အဓိဋ္ဌာန်များနှင့် ကိုက်ညီမည့် "နဂါးရုံဘုရား"ပုံတော်နှင့် "ရက္ကန်းစင်တောင် ဆရာတော်ပုံတော်" တို့ကို မှန်ပေါင်


www.burmeseclassic.com

www.burmeseclassic.com

သွင်း၍လည်းကောင်း ကျင်းပမည့် ဘုရားပွဲတော်အတွက် ဆွမ်းတစ်ပွဲစာတို့ကို လှူဒါန်းခဲ့ပါသည်။

ကရာကုန်းကျောင်း

ဆရာတော်ဦးကောသလ

စာရေးသူတို့အိမ်သည် မြို့ပေါ် ဘုန်းကြီးကျောင်း (၃)ကျောင်းမှ ကြွလာသော သံဃာတော်များအား နေ့စဉ် ဆွမ်းကပ်လှူဒါန်းလျက် ရှိပါသည်။ ပုံတော်များလှူပြီး နောက်လများတွင် ကရာကုန်းကျောင်းမှ ကပ္ပိယ ဦးညိုဦးသည် စာရေးသူတို့က ကိုရင်လေးတစ်ပါးအား ဆွမ်း နေ့စဉ်လှူရန် အပ်နှံလာရာ စာရေးသူတို့မိသားစုကလည်း သဒ္ဓါတရားထက်သန်စွာ လက်ခံလိုက်ပါသည်။ ကိုရင်လေး စာသင်သွားနိုက်တွင် ထိုကျောင်းမှ ဦးပဥ္ဇင်း ဦးဉာဏဝရက နေ့စဉ် ဆွမ်းခံကြွလာပါသည်။ တစ်နေ့တွင် စာရေးသူက ဦးပဥ္ဇင်း ဦးဉာဏဝရအား စာရေးသူ၏ စိတ်ကူးကို ပုံဖော်နိုင်ရန် ဤသို့ လျှောက်ထားခဲ့ပါသည်။

'ဦးပဥ္ဇင်း, ဦးပဥ္ဇင်းတို့ကျောင်းက ရက္ခန်းစင်တောင် ဆရာတော်ကြီး တရားထိုင်သွားတဲ့ဘုရားနဲ့ ကျောင်းထိုင်ဘုန်းတော်ကြီးရဲ့ တရားကျင့်စဉ်တချို့ကို ဆောင်းပါးတစ်ပုဒ်ရေးပြီး နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနဲ့ပါရမီမဂ္ဂဇင်းကို ပို့ချင်ပါတယ်။ ခွင့်ပြု, မပြု ဆရာတော်ကို လျှောက်ပေးစေချင်ပါတယ်'

ဦးပဥ္ဇင်း...

'ဒကာကြီးက စာရေးဆရာကိုး။ ဦးပဥ္ဇင်း ဘုန်းကြီးကို လျှောက်ပေးလိုက်ပါ့မယ် ဒကာကြီး'



ရက္ခန်းစင်တောင် ဆရာတော်ကြီး ဦးပြဿသမုံ

နောက်တစ်နေ့တွင် စာရေးသူက စာရေးရန်ကိစ္စကို ထပ်မံ မေးမြန်းရာ ဦးပဥ္ဇင်းက...

'ဒကာကြီး ကျောင်းကိုလာခဲ့ပါလား။ ဘုန်းကြီးနဲ့ အေးအေးဆေးဆေး စကားပြောရတာပေါ့'

စာရေးသူ...

'တင်ပါ့ဘုရား။ ဒီလိုဆိုလဲ ဘုန်းကြီးအားလပ်နိုင်မယ့် ညနေပိုင်း လာခဲ့ပါ့မယ်ဘုရား'

ထိုနေ့သည်ကား (၁၈–၁–၂၀၀၃) နေ့ ဖြစ်ပါသည်။ ကိုးနဝင်းကြေသော ရက်ရာဇာ နေ့ထူးနေ့မြတ်ပင်တည်း။

ညနေပိုင်းတွင် စာရေးသူသည် ကရာကုန်းအုပ်စု၊ ကရာကုန်းရွာ၊ ကရာကုန်း ဘုန်းတော်ကြီးကျောင်းသို့ စက်ဘီးဖြင့် ရောက်ရှိသွားပါသည်။ စာရေးသူက ကျောင်းထိုင်ဆရာတော် ဦးကောသလအား စာရေးသူ ရေးသားဖော်ပြပါရှိခဲ့သည့် "နက္ခတ္တရောင်ခြည် မဂ္ဂဇင်း" နှင့် "ပါရမီမဂ္ဂဇင်း" တို့[...] လှူဒါန်းပါသည်။

ဦးပဥ္ဇင်း ဦးဉာဏဝရကလည်း[...] လိုအပ်သည်တို့ ကူညီပေးပါသည်[...] စာရေးသူက ဆရာတော်အ[...] ဤသို့ လျှောက်ထားပါသည်။

'ဘုန်းဘုန်းဘုရား မနေ[...] အောင်တော်မူဘုရား အကြော[...] နဲ့ အရှင်ဘုရားရဲ့ တရားကျင့်[...] တချို့ကို မဂ္ဂဇင်းမှာ ဆောင်း[...] ရေးလိုပါတယ်။ သာသနာ့အကျ[...] အတွက် ရေးဖို့ရာ ဖြစ်ပါတ[...] ဘုရား'

ဆရာတော် ဦးကောသလက[...]

'ဒကာကြီး စာရေးလိုတ[...] ဘုန်းကြီးရဲ့ ကျင့်စဉ်တချို့ကို ပြေ[...] ပါ့မယ်။ လယ်တီ ဆရာတော်ကြီ[...] ဘုရားဂုဏ်တော်ကွန်ချာ ပွား[...] ပုတီးစိပ်နည်းပါပဲ။ အနည်းဆုံး တစ်နေ့[...] တစ်ခေါက် ရွတ်ဆိုပွားများပါ။ (၁၀၈)လုံး[...] နဲ့ စိပ်ရင် တစ်မျက်နှာ ပုတီးတစ်[...] ရပါလိမ့်မယ်။

ဘုရားဂုဏ်တော် ကျေးဇူးတော်တွေ[...] အနက်အဓိပ္ပာယ်နဲ့ ထင်မြင်ပြီး ဖြည်း[...] မှန်မှန် ရွတ်ပွားပါ။ ပုတီးစိပ်ပါ။ ကိုး[...] ရွတ်နိုင်၊ စိပ်နိုင်ရင်လဲ ကောင်းပါတယ် အ[...] ကြီး။

သတ္တဝါအပေါင်းကိုလဲ မေတ္တာလဲ ပို့[...] ဘုရားနဲ့အတူ နေထိုင်ရသလိုရှိပြီး လော[...] လောကုတ္တရာ အကျိုးတွေ ရရှိလာပါ[...] မယ်။ ရှည်ရှည်ဝေးဝေး ရေးမယ်ဆိုရင်[...] ဒကာကြီးလဲ စာရေးဆရာပဲ။ ကျမ်းအဆို[...] နဲ့ ညှိနှိုင်းပြီး ရေးလိုက်ပေတော့ ဒကာ[...]

ထိုသို့ မိန့်တော်မူပါသည်။ စာရေး[...] အားလည်း လက်နှိပ်စက်ဖြင့် ရိုက်[...] ထားသော "လယ်တီဆရာတော်[...] ဘုရားဂုဏ်တော်ကွန်ချာ ပွားများ ပု[...] စိပ်နည်း" စာရွက်မိတ္တူ (၂) စောင်[...]



www.burmeseclassic.com

www.burmeseclassic.com



◆ ဆရာတော် ဦးကောသလအား သံဃာတော်(၃)ပါးနှင့် အတူတွေ့ရပုံ
(ဘယ်ဘက်အစွန် ယပ်တောင်နှင့် တရားဟောကြည့်) (၇-၇-၉၀ နေ့)

ပြီးမြှင့်ပေးလိုက်ပါသည်။

'ဘုန်းကြီးကတော့ မြတ်စွာဘုရားရဲ့ ဂုဏ်တော်၊ ကျေးဇူးတော်တို့ကို လယ်တီဆရာတော်ကြီးရဲ့ ပွားများနည်း အတိုင်း အမြဲတမ်း ရွတ်ဖတ်သရဇ္ဈာယ် ပွားများနေပါတယ်'

ဟူ၍လည်း ဆရာတော် ဦးကောသလ က မိန့်တော်မူပါသည်။

### လယ်တီဆရာတော်ကြီး၏ ဘုရားဂုဏ်တော်ကွန်ချာ ပွားများ ပုတီးစိပ်နည်း

၁။ ဘဂဝါ၊ အရဟံ။ [ ၂ ]
၂။ အရဟံ၊ ဘဂဝါ။ [ ၂ ]
၃။ ဘဂဝါ၊ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ။ [ ၃ ]
၄။ သမ္မာသမ္ဗုဒ္ဓေါ၊ အရဟံ၊ ဘဂဝါ။ [ ၃ ]
၅။ ဘဂဝါ၊ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော။ [ ၄ ]
၆။ ဝိဇ္ဇာစရဏသမ္ပန္နော၊ သမ္မာသမ္ဗုဒ္ဓေါ၊ အရဟံ၊ ဘဂဝါ။ [ ၄ ]
၇။ ဘဂဝါ၊ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော။ [ ၅ ]
၈။ သုဂတော၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သမ္မာသမ္ဗုဒ္ဓေါ၊ အရဟံ၊ ဘဂဝါ။ [ ၅ ]
၉။ ဘဂဝါ၊ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ။ [ ၆ ]
၁၀။ လောကဝိဒူ၊ သုဂတော၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သမ္မာသမ္ဗုဒ္ဓေါ၊ အရဟံ၊ ဘဂဝါ။ [ ၆ ]
၁၁။ ဘဂဝါ၊ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရောပုရိသဒမ္မသာရထိ။ [ ၇ ]
၁၂။ အနုတ္တရောပုရိသဒမ္မသာရထိ၊ လောကဝိဒူ၊ သုဂတော၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သမ္မာသမ္ဗုဒ္ဓေါ၊ အရဟံ၊ ဘဂဝါ။ [ ၇ ]
၁၃။ ဘဂဝါ၊ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရောပုရိသဒမ္မသာရထိ၊ သတ္ထာဒေဝမနုဿာနံ။ [ ၈ ]
၁၄။ သတ္ထာဒေဝမနုဿာနံ၊ အနုတ္တရောပုရိသဒမ္မသာရထိ၊ လောကဝိဒူ၊ သုဂတော၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သမ္မာသမ္ဗုဒ္ဓေါ၊ အရဟံ၊ ဘဂဝါ။ [ ၈ ]
၁၅။ ဘဂဝါ၊ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရောပုရိသဒမ္မသာရထိ၊ သတ္ထာဒေဝမနုဿာနံ၊ ဗုဒ္ဓေါ။ [ ၉ ]
၁၆။ ဗုဒ္ဓေါ၊ သတ္ထာဒေဝမနုဿာနံ၊ အနုတ္တရောပုရိသဒမ္မသာရထိ၊ လောကဝိဒူ၊ သုဂတော၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သမ္မာသမ္ဗုဒ္ဓေါ၊ အရဟံ၊ ဘဂဝါ။ [ ၉ ]
၁၇။ ဘဂဝါ၊ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရောပုရိသဒမ္မသာရထိ၊ သတ္ထာဒေဝမနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ။ [ ၁၀ ]
၁၈။ ဘဂဝါ၊ ဗုဒ္ဓေါ၊ သတ္ထာဒေဝမနုဿာနံ၊ အနုတ္တရောပုရိသဒမ္မသာရထိ၊ လောကဝိဒူ၊ သုဂတော၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သမ္မာသမ္ဗုဒ္ဓေါ၊ အရဟံ၊ ဘဂဝါ။ [ ၁၀ ]

### ဘုရားဂုဏ်တော် (၉)ပါး၏ အဓိပ္ပာယ် အနှစ်ချုပ်များ

**(၁) အရဟံ...**

ကိလေသာရန်တို့ကို (အငွေ့ အသက် အထုံ ဝါသနာမျှ မကျန်ရအောင်) ပယ်တော်မူပြီးဖြစ်သော မြတ်စွာဘုရား။

ဆိတ်ကွယ်ရာ မကောင်းမှုပြုခြင်း၌ ဆိတ်ကွယ်ရာ ရှိတော်မမူသော မြတ်စွာဘုရား။

ဆိတ်ကွယ်ရာ၌ မကောင်းမှု ပြုတော်မမူသော မြတ်စွာဘုရား။

ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား။

**(၂) သမ္မာသမ္ဗုဒ္ဓေါ...**

မဖောက်မပြန် (အမှန်) ကိုယ်တိုင်၊ ကိုယ်ပိုင် (ထိုးထွင်း၍) သိမြင်တော်မူသော မြတ်စွာဘုရား။

**(၃) ဝိဇ္ဇာစရဏသမ္ပန္နော...**

အသိဉာဏ်၊ အကျင့်တရားတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

**(၄) သုဂတော...**

ကောင်းသောစကားကို ဆိုတော်မူသော မြတ်စွာဘုရား။

ကောင်းသောနိဗ္ဗာန်သို့ ကြွတော်မူသော၊ ကောင်းစွာ လာတော်မူသော မြတ်စွာဘုရား။



www.burmeseclassic.com

www.burmeseclassic.com

**(၅) လောကဝိဒူ...**

လောကအားလုံးကို အကုန်အစင် သိမြင်တော်မူသော မြတ်စွာဘုရား။

**(၆) အနုတ္တရော ပုရိသ ဒမ္မသာရထိ...**

ဆုံးမထိုက်သော သတ္တဝါများကို ဆုံးမမှုဝယ် အတုမရှိ အသာဆုံး ဖြစ်တော်မူသော မြတ်စွာဘုရား။

**(၇) သတ္ထာဒေဝမနုဿာနံ...**

လူ, နတ်, ဗြဟ္မာ (သတ္တဝါ အားလုံး)တို့၏ ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရား။

**(၈) ဗုဒ္ဓေါ...**

သစ္စာလေးပါး တရားတို့ကို ကိုယ်တော်တိုင်သိ၍ သူတစ်ပါးတို့အားလည်း သိစေတော်မူတတ်, ဟောကြားတော်မူတတ်သော မြတ်စွာဘုရား။

**(၉) ဘဂဝါ...**

ဘုန်းတော်(၆)ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

### အကျိုးအာနိသင်များ

မြတ်စွာဘုရား၏ ဂုဏ်တော်များကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ ပုတီးစိပ်ခြင်းသည် ဗုဒ္ဓါနုဿတိ ဘာဝနာ ပွားများခြင်းဖြစ်၏။ ဥပစာရစျာန်၊ ဈာန်၏ ရှေ့ပြေးသမာဓိ ဖြစ်လာ၏။


ဤဘုရားဂုဏ်တော်ကွန်ချာ (ခေါ်) ဗုဒ္ဓါနုဿတိဘာဝနာကို အဖန်ဖန် စီးဖြန်းအားထုတ်သောသူ၊ ပုတီးစိပ်သောသူသည် အောက်ပါ အကျိုးအာနိသင်များကို ရရှိစေနိုင်လေသည်။

**စတုရာရက္ခကျမ်းမှ...**

၁။ ဘုရားရှင်၌ ရိုသေခြင်းများ၏။
၂။ တုပ်ဝပ်ကျိုးနွံခြင်း များ၏။
၃။ သဒ္ဓါ, သတိ, ပညာ ပြန့်ပြော၏။
၄။ ကုသိုလ်ပုည ပြန့်ပြော၏။
၅။ ပီတိ, ပါမောဇ္ဇ များ၏။
၆။ ဘေးငယ်, ဘေးကြီး သည်းခံနိုင်၏။
၇။ ဒုက္ခကို မညည်းတွား။
၈။ ဘုရားနှင့် အတူတကွ ငါနေရသည်ဟု အမှတ်သညာ များစွာဖြစ်၏။
၉။ ဗုဒ္ဓါနုဿတိ ဘာဝနာ စွဲနေ ကိန်းအောင်းရာ ဤကိုယ်ခန္ဓာသည် စေတီအိမ်နှင့် တူ၏။
၁၀။ ပူဇော်ခြင်းငှာ ထိုက်၏။
၁၁။ ဘုရားအဖြစ်၌ စိတ်ညွှတ်ခြင်း များ၏။
၁၂။ အရိုက်ဝတ္ထု လွန်ကျူးရောက်ကြုံလျှင် ဘုရားရှင် မြင်ရသည့်အသွင် ဟိရီ, ဩတ္တပ္ပ ဝင်ပေ၏။
၁၃။ ထိုဗုဒ္ဓါနုဿတိ "ဥပစာရဈာန်"၌ သမာဓိ တည်၍ ဝိပဿနာကိုပွားလျှင် "မဂ်,ဖိုလ်" ရ၏။
၁၄။ မရလျှင် သုဂတိဘဝ၌သာ လားရာ၏။

### ဆရာတော် ဦးကေသရ၏ ထေရုပ္ပတ္တိအကျဉ်း

လယ်တီဆရာတော်ကြီး၏ ပွားများနည်းအတိုင်း တရား ပွားများကျင့်ကြံအားထုတ်လျက်ရှိသော "ဆရာတော် ဦးကေသရ"၏ ထေရုပ္ပတ္တိအကျဉ်းမှာ ၁၂၉၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၄) ရက်၊ တနင်္လာနေ့၊ နေ့ (၁)ချက်တီး အချိန်တွင် ခမည်းတော် ဦးဖိုးထိန်၊



ဆရာတော် ဦးကေသရအား စာရေးသူ ဓိဝိပကြီးနှင့် အစ်ကိုတို့ ဆွမ်းကပ် လှူဒါန်းနေစဉ် (၇-၇-၉၀ နေ့)

မယ်တော် ဒေါ်ဖွားသင်တို့မှ ဖွား[illegible] တော်မူသည်။

ဇာတိရွာမှာ စစ်ကိုင်းတိုင်းဒေသ[illegible] ဒီပဲယင်းမြို့နယ်၊ ကြည်ရွာအုပ်[illegible] ကြည်ရွာ ဖြစ်သည်။ စစ်ကိုင်းတို[illegible] ဒေသကြီး၊ ကောလင်းမြို့နယ်၊ က[illegible] ကုန်းအုပ်စု၊ ကရာကုန်းရွာ၊ ကရာကု[illegible] ဘုန်းတော်ကြီးကျောင်းတွင် ကျော[illegible] ထိုင်ဆရာတော်အဖြစ် အုပ်ချုပ်[illegible] သာသနာပြုလျက်ရှိသည်။

ဆရာတော်၏ သီးခြား ဓာတ်[illegible] မရိုက်ဖြစ်ခဲ့သောကြောင့် ဆရာတော်[illegible] ၏ပုံပါ၍ အသင့်ရှိနေသော ဓာတ်[illegible] (၂)ပုံ (၇-၇-၉၀ နေ့က ရိုက်ထား[illegible] ခဲ့သောပုံ)ကို ဖော်ပြလိုက်ပါသည်။

### မနောမယ အောင်တော်မူဘုရား

ကရာကုန်း ဘုန်းတော်ကြီး ကျောင်း[illegible] ဝင်းအတွင်းတွင် ရက္ခန်းစင်တော[illegible] ဆရာတော်ကြီး ဦးသြဘာသ အဓိဋ္ဌာ[illegible] ပြု တရားအားထုတ်သွားသော "မနော[illegible] မယ အောင်တော်မူဘုရား" ရှိပါသ[illegible]

ထိုဘုရား မြောက်ဘက်တွင် "လာဘမုနိ ဆုတောင်းပြည့်ဘုရား" ရှိပါသည်။ ထိုဘုရားများသည် မင်းတုန်း[illegible]



www.burmeseclassic.com

www.burmeseclassic.com

င်းလက်ထက်မှာ တည်ထားခဲ့သော ဘုရားများဖြစ်ပြီး ဆရာတော် ဦးကောဝိဒ ဦးစီး၍ အသစ်တစ်ဖန် ပြုပြင် မွမ်းမံထားခြင်း ဖြစ်ပါသည်။

ထိုဘုရားများသည် ရှေးကျသော ဘုရားများဖြစ်၍ တစ်ဝဂူ လိုဏ်ဂူဘုရားများသာ များပြားပါသည်။ မနောမယ အောင်တော်မူဘုရားသည် ရှေ့တွင် မှာရုံးယယ်နှင့် အလွန်တရာ သပ္ပာယ်ပါသည်။

ဘုရားလိုဏ်ဂူအတွင်းတွင် ထိုင် တော်မူနေသော ဘုရားဆင်းတုတော် တစ်ဆူနှင့် ဆရာတော် ဦးကောဝိဒ ရေးသွင်းခဲ့သော ရက္ကန်းစင်တောင် ဆရာတော်ကြီး ဦးသြဘာသ၏ ပန်းချီပုံတော် ရှိသည်။

တရားထိုင်ရန် နေရာ အနေအထား အရ ရဟန်းရှင်လူ (၃)ဦး ထိုင်သာရုံ ရှိသည်။ အဝင်ပေါက်ဝသည် လူတစ် ယောက် ဝင်သာရုံရှိပြီး တစ်ရွက်ဖွင့် တံခါး ဖြစ်ပါသည်။

ဘုရား၏ လိုဏ်ဂူနံရံ အမြင့်ပိုင်း နေရာတွင် "မနောမယ အဓိဋ္ဌာန် လိုဏ်ဂူတော်ဘုရား"။

"ရက္ကန်းစင်တောင် ထွက်ရပ်ပေါက် ခဲ့ ဆရာတော်ကြီး ဦးသြဘာသ တရား အားထုတ်သွားသောနေရာ သေသဂူ"။

ဟူ၍လည်းကောင်း။

"ပညာရှိ သူတော်ကောင်း...

သင်သည် မိမိစိတ်ကို ထိန်းသိမ်း စောင့်ရှောက်ထားနိုင်လျှင် လူ, နတ်, နိဗ္ဗာန် ချမ်းသာသုံးပါးကို ကေန် ရရှိ မည်ပါသည်" ဟူ၍လည်းကောင်း သိ မှတ်ဖွယ်၊ မှတ်သားဖွယ် စာတန်းများ ရေးထိုးသွားသောပုဂ္ဂိုလ်မှာ ယခုအခါ နတ်ထံ ပျံလွန်တော်မူသွားပြီဟု သိရှိရသော စေတီကို ဦးစီး ပြုပြင် မွမ်းမံပေးခဲ့သည့် ဆရာတော် ဦးကောဝိဒ (အေးစေတီကျောင်း၊ နမ္မားရွာ၊ ပင်လည်ဘူးမြို့နယ်) ဖြစ်ကြောင်း သိရပါသည်။

## ရက္ကန်းစင်တောင် ဆရာတော်ကြီး ဦးသြဘာသ

မင်းဆက်ရာဇဝင် သမိုင်းအရ မင်းတုန်းမင်းသည် ၁၂၁၄ ခုနှစ်မှ ၁၂၄၀ ပြည့်နှစ်ထိ စိုးစံခဲ့ကြောင်း အမျိုးသား ပညာဝန် ဦးဖိုးကျား၏ ခေတ်မီ မြန်မာရာဇဝင် အကျဉ်းအရ သိမှတ်ရသည်။

ရက္ကန်းစင်တောင် ဆရာတော်ကြီး ဦးသြဘာသ၏ မွေးသက္ကရာဇ်မှာ ၁၁၉၉ ခုနှစ်ဖွား (သို့မဟုတ်) ၁၂၀၂ ခုနှစ်ဖွား၊ ၁၂၇၅ ခုနှစ်၊ မန္တလေး ကျောက်စိမ်းတန်းအနီး ဆေးရိုးကြီးဝင်းတွင် ဘဝအထူး စံလွန်တော်မူကြောင်း ဝေါဟာရပိုစတာနှင့် ရက္ကန်းစင်တောင် တော်မှ ကျောက်စာအရ သိရှိလေရာ ရက္ကန်းစင်တောင် ဆရာတော်ကြီး ဦးသြဘာသသည် မင်းတုန်းမင်းခေတ်တွင် မလွဲမသွေ ရှိနေကြောင်း ခိုင်မာစွာ သိရှိရသည်။

ကောလင်းမြို့နယ် ကရာကုန်း ဘုန်းတော်ကြီးကျောင်း နယ်မြေဒေသတွင် ရက္ကန်းစင်တောင် ဆရာတော်ကြီး ဦးသြဘာသအကြောင်းကို ပါးစပ်ရာဇဝင်အရ သိရှိရသည်မှာ ဤသို့ ဖြစ်ပါသည်။

မင်းတုန်းမင်းခေတ်တွင် ကရာကုန်း ကျောင်းဝင်း နယ်မြေအတွင်း၌ မောင်နှမနှစ်ဦး သာသနာရေးဆိုင်ရာ အလုပ်များကို လုပ်ကိုင်ဆောင်ရွက် အားထုတ်ခဲ့ကြသည်။ အစ်ကိုတော်မှာ "ရက္ကန်းစင်တောင် ဆရာတော်ကြီး ဦးသြဘာသ" ဖြစ်ပြီး နှမတော်မှာ "မယ်ဖော့"ဟူ၍ ဖြစ်သည်။

အစ်ကိုတော်က ရဟန်းဝတ်နှင့် ဖြစ်ပြီး ကျောင်းတစ်ကျောင်းဖြင့် နေထိုင်သည်။ နှမတော်က ယောဂီဖြစ်ပြီး ကျောင်းတစ်ကျောင်းဖြင့် နေထိုင်သည်။ အစ်ကိုတော်သည် မနောမယ အဓိဋ္ဌာန် လိုဏ်ဂူတော်ဘုရားတွင် အဓိဋ္ဌာန်ပြု တရားအားထုတ်လေ့ ရှိတတ်သည်။

ထိုဘုရား၏ အနောက်ဘက်နားတွင် ဖိုတည်၍ ဖိုထိုးခြင်းအပြင် လောကီ, လောကုတ္တရာ ရေးရာများကို အထူး တလည် လိုက်စား ကျင့်ကြံအားထုတ်ခဲ့သည်။

အစ်ကိုတော်က နှမတော် မယ်ဖော့ ကို မနောမယဘုရား၏ အနောက် တောင်ထောင့် အရပ်နေရာတွင် အသုံးပြုရန် ရေကန်ကို တူးခိုင်းသည်။ မယ်ဖော့သည် အဖော်များနှင့် ရေကန် တူးရသည်။

မယ်ဖော့သည် မကြာခဏ နာမကျန်း ဖြစ်တတ်သည်။ တစ်နေ့သော အခါတွင် ရက္ကန်းစင်တောင် ဆရာတော်ကြီး ဦးသြဘာသသည် အကြောင်း တစ်စုံတစ်ရာ မသိရဘဲ ကျောင်းပေါ်မှ ခုန်ဆင်းပြီး ဤဒေသမှ ထွက်ခွာသွားတော့သည်။ နောက်ထပ် လုံးဝ ပြန်၍ မရောက်လာတော့ပေ။

မယ်ဖော့တို့ တူးခဲ့သော ရေကန်မှာ နှစ်ကာလကြာ၍ ကောပျက်နေခဲ့ရာ ယခုထက်တိုင် **"မယ်ဖော့ကန်"** အမည်ဖြင့် ကျန်ရှိနေသေးသည်။

**(ဤဆောင်းပါး ဖြစ်မြောက်ရေး အတွက် ကရာကုန်းကျောင်း ဆရာတော် ဦးကေသရ၊ ဦးပဉ္စင်း ဦးဉာဏဝရ၊ ရပ်မိရပ်ဖ ဦးစံရတို့အား ကူညီပေးသည့် ကျေးဇူး အထူး တင်ရှိပါသည်။)**

**နေနီလင်း(ကောလင်း)**



www.burmeseclassic.com

www.burmeseclassic.com

### [illegible]

**စီးပွားရေး။** ။ စီးပွားရေးလုပ်ငန်းများ ကောင်းမည်။ လုပ်ငန်းသစ်များကို စတင်နိုင်သလို မိမိလုပ်ငန်းများကို တိုးချဲ့နိုင်သောကာလ ဖြစ်သည်။

နိုင်ငံခြားသားများနှင့် ဆက်ဆံမှုတွင် သိပ်အဆင်မပြေ။ နိုင်ငံခြားနှင့် ဆက်သွယ်ရသောလုပ်ငန်းများ၊ ခရီးဝေးတွင် သွားရောက်လုပ်ကိုင်ရသောလုပ်ငန်းများ အကျိုးအမြတ် နည်းမည်။

**ဝန်ထမ်းရေးရာ။** ။ မိမိ ကြံစည်ထားသောလုပ်ငန်း၊ တင်ပြထားသောလုပ်ငန်းစီမံချက်များတွင် အားနည်းချက်များ ရှိနေသည်။ သတိထား လုပ်ကိုင်ပါ။

**အိမ်တွင်းရေး။** ။ အိမ်တွင်းရေးမှာ သားသမီးများနှင့် စကား အပြောအဆို အဆင်မပြေ ဖြစ်မည်။ သားသမီးများ၏ နိုင်ငံခြားခရီး အဆင်ပြေမည်။

**အချစ်ရေး။** ။ စကားပြောမှားရာမှ အချစ်ရေး အဆင်မပြေ ဖြစ်ရလိမ့်မည်။ မိမိက အလျှော့ပေးပါ။

**ပညာရေး။** ။ ပညာရေး ကံကောင်းသောကာလ ဖြစ်ပါသည်။ နည်းနည်း ကြိုးစားရုံနှင့် များများ အောင်မြင်မည်။

**ကျန်းမာရေး။** ။ ကျန်းမာရေး ညံ့တတ်၍ အသွားအလာ အစားအသောက် သတိထားပါ။

**ဆောင်ရန်ရက်များ။** ။ ၃၊ ၅၊ ၈၊ ၁၀၊ ၁၂၊ ၁၅၊ ၁၇၊ ၁၉၊ ၂၂၊ ၂၄၊ ၂၆၊ ၂၉၊ ၃၁။

**ရှောင်ရန်ရက်များ။** ။ ၄၊ ၆၊ ၉၊ ၁၁၊ ၁၃၊ ၁၆၊ ၁၈၊ ၂၀၊ ၂၃၊ ၂၅၊ ၂၇၊ ၃၀။

**ထီထိုးရန်ရက်များ။** ။ ၂၊ ၇၊ ၁၀၊ ၁၂၊ ၁၄၊ ၁၇၊ ၂၁၊ ၂၄၊ ၂၈၊ ၃၁။

**ထီထိုးရန်ဂဏန်းများ။** ။ ၃၊ ၅၊ ၈၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ ကြည်ညိုလေးစားရသော သက်ကြီးဝါကြီး တစ်ဦးဦးကို အနက်ရောင် ဖိနပ်တစ်ရန်ဖြင့် ဂါရဝ လက်ဆောင်ပေးပါ။

### [illegible]

**စီးပွားရေး။** ။ သူတစ်ပါး၏ ငွေကြေးနှင့်ပတ်သက်၍ ပြဿနာ ပေါ်တတ်၍ ငွေကြေး ကိုင်တွယ်သုံးစွဲရာတွင် အထူး သတိထားပါ။ စာရင်းအင်း အသေအချာလုပ်ပါ။

ရင်းနှီးမြှုပ်နှံထားသော အရင်းအနှီးများ အချည်းနှီးဖြစ်တတ်၍ စီးပွားရေးတွင် မကစားပါနှင့် အရင်းဆုံးတတ်သည်။

**ဝန်ထမ်းရေးရာ။** ။ အလုပ်နှင့်ပတ်သက်၍, အပြစ်တင်ခံရတတ်၍ အရာရာတွင် သတိဖြင့်ဆောင်ရွက်ပါ။

**အိမ်တွင်းရေး။** ။ သားသမီးကြောင့် အိမ်တွင်းရေး အဆင်မပြေ ဖြစ်ရတတ်သည်။ ငွေရေးကြေးရေး အဆင်ပြေသော်လည်း ဂုဏ်သိက္ခာကျဆင်းရတတ်သည်။

**အချစ်ရေး။** ။ အချစ်ရေး အဆင်ပြေပါသည်။ တစ်ရပ်တည်း၊ တစ်လမ်းတည်း၊ တစ်ဌာနတည်းမှသူနှင့် ဖူးစာဖက်ရလိမ့်မည်။

**ပညာရေး။** ။ ပညာရေးအတွက် ကြိုတင် ပြင်ဆင်ပါလေ။ ဝီရိယသာ အဓိကပါ။

**ကျန်းမာရေး။** ။ ကျန်းမာရေး ကောင်းမည်။ သွေးတိုးရောဂါ အခံရှိသူ များ သက်သာမည်။ ဆေးကောင်းတွေ့မည်။

**ဆောင်ရန်ရက်များ။** ။ ၂၊ ၅၊ ၇၊ ၉၊ ၁၂၊ ၁၄၊ ၁၆၊ ၁၉၊ ၂၁၊ ၂၃၊ ၂၆၊ ၂၈၊ ၃၀။

**ရှောင်ရန်ရက်များ။** ။ ၃၊ ၆၊ ၈၊ ၁၀၊ ၁၃၊ ၁၅၊ ၁၇၊ ၂၀၊ ၂၂၊ ၂၄၊ ၂၇၊ ၂၉၊ ၃၁။

**ထီထိုးရန်ရက်များ။** ။ ၄၊ ၇၊ ၉၊ ၁၂၊ ၁၆၊ ၁၈၊ ၂၁၊ ၂၅၊ ၂၈၊ ၃၀။



၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ( ၁ ရက်နေ့မှ ( ၃၁ ) ရက်နေ့အထိ

ခုနှစ်ရက်သားသမီးများအတွက်

# ဟောစာတမ်း

ဆရာကျော်မြသည်









**ထီထိုးရန်ဂဏန်းများ။** ။ ၂၊ ၅၊ ၇၊ ၉ ဂဏန်းများများပါအော[...] ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ စံပယ်ပန်း (၁၅)ကုံးကို ဘုရားထံ ကပ်[...] ပူဇော်၍ လိုရာဆုတောင်းပါ။ ကိစ္စရှိလျှင် စံပယ်ပန်း (၂)ပွင့် ဆောင်သွား[...]

### [illegible]

**စီးပွားရေး။** ။ စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွ[...] မည့်ကာလ ဖြစ်သည်။ မိတ်ဆွေများ၏ အကူအညီ၊ လုပ်[...] အကျိုးဖြစ်ထွန်းမည်။ မင်း၊ အစိုးရ၊ ဌာနဆိုင်ရာလူ[...] များ၏ အကူအညီကို အပြည့်အဝရမည်။

**ဝန်ထမ်းရေးရာ။** ။ ဌာနဆိုင်ရာလူကြီးများ၏ အကူအညီ[...] လုပ်ငန်းများ ပြီးစီးအောင်မြင်မည်။ ရာထူးတိုး အ[...] အတန်း တိုးမြှင့်မည့်ကာလ ဖြစ်သည်။

**အိမ်တွင်းရေး။** ။ အိမ်တွင်းရေး သာယာမည်။ အိမ်ထော[...] ဖက်၏ လုပ်ငန်းကိစ္စများ အောင်မြင်မည်။ သားသမီးမျာ[...] ပညာရေး၊ စီးပွားရေး ကောင်းမည်။

**အချစ်ရေး။** ။ အချစ်ရေးတွင် ငွေရေးကြေးရေးကြော[...] သောကပွေ့ရတတ်သည်။

**ပညာရေး။** ။ ကြိုးစားသည့်ထက် ပို၍ အောင်မြင်မည်။ မိမိ သင်[...] လိုသည့်ပညာ၊ သင်တန်းသို့တက်ပါ။ ထူးထူးချွန်ချွန် အောင်မြင်မည်[...]

**ကျန်းမာရေး။** ။ အရိုးအဆစ်များ နာကျင်ကိုက်ခဲသောဝေ[...] ခံစားရတတ်သည်။ ညဘက် ရေမချိုးပါနှင့်။

**ဆောင်ရန်ရက်များ။** ။ ၄၊ ၆၊ ၈၊ ၁၁၊ ၁၃၊ ၁၅၊ ၁၈၊ ၂၀၊ ၂၂၊ [...] ၂၇၊ ၂၉၊ ၃၁။

**ရှောင်ရန်ရက်များ။** ။ ၃၊ ၇၊ ၉၊ ၁၂၊ ၁၄၊ ၁၆၊ ၁၉၊ ၂၁၊ ၂၃၊ [...] ၂၈၊ ၃၀။

**ထီထိုးရန်ရက်များ။** ။ ၂၊ ၅၊ ၈၊ ၁၀၊ ၁၃၊ ၁၇၊ ၂၀၊ ၂၄၊ ၂၇၊ ၂၉၊ [...]

**ထီထိုးရန်ဂဏန်းများ။** ။ ၂၊ ၄၊ ၆၊ ၈ ဂဏန်းများများပါအောင် ရွေး[...]

**အဆောင်ယတြာ။** ။ အလုပ်အကိုင် အကြံအစည်များရှိလျှင် အုန်းယ[...] ခက် (သို့မဟုတ်) အုန်းလက် (၈)ရွက်ကို ဘုရားတင် ကြေးအိုးတွင်ထည့်၍ [...] ပါ။ လိုရာဆုတောင်းပါ။

### [illegible]

**စီးပွားရေး။** ။ လုပ်ငန်းများကို အခက်အခဲ ပြဿနာများကြ[...] လုပ်ဆောင်ရမည်။ လူပင်ပန်း, စိတ်ပင်ပန်း ဖြစ်မည်။ ငွေ[...] အမြတ်ရမည်။ အလုပ်ကြောင့် ဂုဏ်တက်မည်။

**ဝန်ထမ်းရေးရာ။** ။ လုပ်ငန်းများ အချိန်မီ ပြီးစီးရန် အကြီးအက[...] အကူအညီပေးလိမ့်မည်။ လုပ်ငန်းတစ်ခုတည်းကိုသ[...] တာဝ[...] လိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com





**အိမ်တွင်းရေး။** ။ သားသမီးကိစ္စကြောင့် အိမ်တွင်းရေး သောကယာ ဖြစ်မည်။ သားသမီးထဲမှ နိုင်ငံခြားခရီးသွားရန် ကြိုးစားနေပါက မသွားဖြစ်သေး၊ အထစ်အငေါ့ ဖြစ်နေသည်။
**အချစ်ရေး။** ။ အချစ်ရေး အဆင်ပြေမည်။ ရုတ်တရက် လက်ထပ်ရန်ကိစ္စ ပေါ်ပေါက်လာတတ်သည်။ သို့သော် ခေတ္တ ဆိုင်းငံ့ပါဦး။
**ပညာရေး။** ။ ခေတ်မီပညာရပ်များကို သင်ယူခွင့်ရလိမ့်မည်။ နိုင်ငံခြား ပညာသင်ခရီး မပြုလုပ်ပါနှင့်ဦး။
**ကျန်းမာရေး။** ။ လေထိုးလေအောင့် လေရောဂါများကို အထူးသတိထားပါ။ ပန်ကာလေမခံပါနှင့်၊ ညဘက် ရေမချိုး ပါနှင့်။
**ဆောင်ရန်ရက်များ။** ။ ၁၊ ၃၊ ၆၊ ၉၊ ၁၁၊ ၁၄၊ ၁၇၊ ၁၉၊ ၂၂၊ ၂၅၊ ၂၇၊ ၃၀။
**ရှောင်ရန်ရက်များ။** ။ ၂၊ ၄၊ ၇၊ ၁၀၊ ၁၂၊ ၁၅၊ ၁၈၊ ၂၀၊ ၂၃၊ ၂၆၊ ၂၈၊ ၃၁။
**ထီထိုးရန်ရက်များ။** ။ ၃၊ ၅၊ ၈၊ ၁၁၊ ၁၃၊ ၁၆၊ ၁၉၊ ၂၁၊ ၂၄၊ ၂၇၊ ၂၉။
**ထီထိုးရန်ဂဏန်းများ။** ။ **၁၊ ၃၊ ၆၊ ၉** ဂဏန်းများများပါအောင် ရွေးချယ်ပါ။
**အဆောင်ယတြာ။** ။ ဆောင်ရွက်ရန်ကိစ္စရှိပါက စိန်ခြယ်ပန်း (၁၇)ပွင့် (သို့မဟုတ်) စံပယ် (၁၇)ကုံးကို ဘုရားတင်ပါ။ လိုရာဆုတောင်းပါ။

## ကြာသပတေး

**စီးပွားရေး။** ။ အလှကုန်ပစ္စည်းများ၊ အမျိုးသမီး အသုံးအဆောင်များ၊ မီးဖိုချောင်သုံးပစ္စည်းများ အရောင်းအဝယ်ကောင်းမည်။ အောက်လက် ငယ်သား၊ အလုပ်သမားများက ငွေကြေးနှင့်ပတ်သက်၍ တောင်းဆို စရာမှန်း ရှိသည်။
**ဝန်ထမ်းရေးရာ။** ။ အလုပ်အကိုင်များ လုပ်ရကိုင်ရ ခက်နေမည်။ အကြီးအကဲများ၏ အကူအညီ မရနိုင်သေးပါ။
**အိမ်တွင်းရေး။** ။ အိမ်ထောင်ဖက်နှင့် အလိုက်အထိုက်နေပါ။ စိတ်ဆိုး စရာ၊ ဒေါသဖြစ်စရာများရှိလျှင် သည်းခံပေးပါ။ မိသားစု ခရီးထွက် ပေးပါ။
**အချစ်ရေး။** ။ ချစ်သူမရှိသေးသူများ ချစ်သူတွေ့မည်။ ချစ်သူရှိသူများ မင်္ဂလာကိစ္စကို မစဉ်းစားပါနှင့်ဦး။
**ပညာရေး။** ။ ခေတ်မီပညာရပ်များ သင်ကြားခွင့်ရလိမ့်မည်။ ကြိုးစား သမျှ အရာထင်မည့်ကာလ ဖြစ်သည်။
**ကျန်းမာရေး။** ။ ကျန်းမာရေးကောင်းသော်လည်း ဦးခေါင်းမူးဝေခြင်း၊ ဦးခေါင်းကိုက်ခြင်းတို့ ရုတ်တရက် ဖြစ်တတ်၍ စိတ်ရောကိုယ်ပါ အနားယူပေးပါ။
**ဆောင်ရန်ရက်များ။** ။ ၁၊ ၄၊ ၇၊ ၉၊ ၁၂၊ ၁၅၊ ၁၇၊ ၂၀၊ ၂၃၊ ၂၅၊ ၂၈၊ ၃၁။
**ရှောင်ရန်ရက်များ။** ။ ၂၊ ၅၊ ၈၊ ၁၀၊ ၁၃၊ ၁၆၊ ၁၈၊ ၂၁၊ ၂၄၊ ၂၆၊ ၂၉။
**ထီထိုးရန်ရက်များ။** ။ ၃၊ ၆၊ ၉၊ ၁၂၊ ၁၅၊ ၁၉၊ ၂၃၊ ၂၅၊ ၂၇၊ ၃၀။
**ထီထိုးရန်ဂဏန်းများ။** ။ **၁၊ ၄၊ ၇၊ ၉** ဂဏန်းများများပါအောင် ရွေးချယ်ပါ။
**အဆောင်ယတြာ။** ။ အုန်းပန်း (၅)ခက် (သို့မဟုတ်) စိန်ခြယ် (၁၉)ပွင့်ကို ဘုရားတွင် ကပ်လှူပူဇော်ပါ။ လိုရာဆုတောင်းပါ။ အကြောင်းကိစ္စရှိလျှင် စိန်ခြယ်ပန်းကို ဆောင်သွားပါ။

## သောကြာ

**စီးပွားရေး။** ။ ကိုယ်စားလှယ်လုပ်ငန်းများ၊ ပွဲစားလုပ်ငန်းများ၊ ဥပဒေအကျိုးဆောင်လုပ်ငန်းများ အဆင်ပြေမည်။ ငွေရမည်။ အလုပ်ရုံ များ ပုံမှန်လည်ပတ်ပြီး အမြတ်အစွန်း ရနေမည်။
ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ပညာရေးဆိုင်ရာသင်တန်းများ၊ ကျောင်းသားများ၊ သင်တန်းသားများနှင့် အောင်မြင်နေမည်။
**ဝန်ထမ်းရေးရာ။** ။ မိမိ အထက်အရာရှိ၏ကိုယ်စား မိမိက လုပ်ငန်းများ ဆောင်ရွက်ရလိမ့်မည်။ အကြီးအကဲတို့၏ ကူညီ စောင့်ရှောက်မှုကြောင့် လုပ်ငန်းများ အောင်မြင်မည်။
**အိမ်တွင်းရေး။** ။ အိမ်တွင်းရေး အဆင်ပြေသာယာမည်။ သား သမီးများအတွက် ပျော်ရွှင်စိတ်ချမ်းသာမည်။ သားသမီးတို့ ကြောင့် မိဘများ ဂုဏ်တက်မည်။
**အချစ်ရေး။** ။ အချစ်ရေးတွင် မိဘများကြောင့် ပြဿနာပေါ် တတ်သည်။ ဘယ်သူတွေကြောင့်ဖြစ်စေ သစ္စာရှိရှိ ချစ်ဖို့သာလို ပါသည်။
**ပညာရေး။** ။ ပညာရေးတွင် ဘာကိုသင်သင်၊ ဘယ်သင်တန်း တက်တက် ထူးချွန်စွာ အောင်မြင်တတ်မြောက်မည်။
**ကျန်းမာရေး။** ။ သွေးတိုး၊ နှလုံးရောဂါအခံရှိပါက အနေအထိုင် အစားအသောက် ဆင်ခြင်ပါ။ ရောဂါဟောင်း ပြန်ထတတ်သည်။
**ဆောင်ရန်ရက်များ။** ။ ၂၊ ၅၊ ၇၊ ၁၀၊ ၁၃၊ ၁၅၊ ၁၈၊ ၂၁၊ ၂၃၊ ၂၆၊ ၂၉၊ ၃၁။
**ရှောင်ရန်ရက်များ။** ။ ၃၊ ၆၊ ၈၊ ၁၁၊ ၁၄၊ ၁၆၊ ၁၉၊ ၂၂၊ ၂၄၊ ၂၇၊ ၃၀။
**ထီထိုးရန်ရက်များ။** ။ ၄၊ ၇၊ ၉၊ ၁၂၊ ၁၅၊ ၁၇၊ ၂၀၊ ၂၃၊ ၂၅၊ ၂၈၊ ၃၁။
**ထီထိုးရန်ဂဏန်းများ။** ။ **၂၊ ၅၊ ၇၊ ၀** ဂဏန်းများများပါအောင် ရွေးချယ်ပါ။
**အဆောင်ယတြာ။** ။ ရွှေလှပန်း (၄)ခက်၊ မေမြို့ပန်း (၅)ခက် (သို့မဟုတ်) ပုလဲပန်း (၉)ခက်ကို ဘုရားတွင်ကပ်လှူပါ။ လိုရာဆုတောင်းပါ။

## စနေ

**စီးပွားရေး။** ။ ဆေးဝါးထုတ်လုပ်ရေး၊ ရောင်းဝယ်ရေးလုပ်ငန်းများ အကျိုးဖြစ်ထွန်းမည်။ ဆန်စပါးရောင်းဝယ်ရေး၊ ဆီမျိုးစုံရောင်းဝယ်ရေး လုပ်ငန်းများ အရောင်းအဝယ် ကောင်းမည်။ ပလတ်စတစ်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ အမြတ်များမည်။ လုပ်ငန်းများ တိုးချဲ့နိုင်ပါသည်။
**ဝန်ထမ်းရေးရာ။** ။ မိမိတင်ပြသမျှ၊ လုပ်ဆောင်သမျှ အရာမထင် ဖြစ်မည်။ မိမိ၏အထက်မှ ပုဂ္ဂိုလ်အများက လုပ်ငန်းဆိုင်ရာအမြင်တွင် မိမိနှင့်မတူ ဖြစ်နေမည်။
**အိမ်တွင်းရေး။** ။ အိမ်တွင်းရေးကတော့ ပုံမှန် အဆင်ပြေလျက်ပါပဲ။ သားသမီးများထဲမှ အိမ်ထောင်ပြုသူ ရှိလိမ့်မည်။ မင်္ဂလာပွဲကို ခမ်းခမ်း နားနား ပြုလုပ်နိုင်ပါလိမ့်မည်။
**အချစ်ရေး။** ။ ငွေရေးကြေးရေး ခက်ခဲမှုသည် အချစ်ရေးကို ထိခိုက် လိမ့်မည်။ ချစ်သူနှစ်ဦး ကြံစည်ထားသောကိစ္စများ ပျက်သွားလိမ့်မည်။
**ပညာရေး။** ။ ပညာရေးကို ပေါ့ပေါ့ဆဆ မလုပ်ပါနှင့်။ ဘဝ၏ တိုး တက်မြင့်မားရေးသည် ပညာရေးပေါ်တွင် မူတည်နေပါသည်။
**ကျန်းမာရေး။** ။ ကျန်းမာရေး ညံ့မည်။ သွေးတိုးရောဂါ အခံရှိပါက ရောဂါဟောင်း ပြန်ထတတ်သည်။
**ဆောင်ရန်ရက်များ။** ။ ၁၊ ၄၊ ၆၊ ၁၀၊ ၁၃၊ ၁၅၊ ၁၉၊ ၂၂၊ ၂၄၊ ၂၉၊ ၃၀။
**ရှောင်ရန်ရက်များ။** ။ ၂၊ ၅၊ ၇၊ ၁၁၊ ၁၄၊ ၁၆၊ ၂၀၊ ၂၃၊ ၂၅၊ ၃၀။
**ထီထိုးရန်ရက်များ။** ။ ၃၊ ၆၊ ၈၊ ၉၊ ၁၂၊ ၁၅၊ ၁၇၊ ၁၈၊ ၂၁၊ ၂၄၊ ၂၆၊ ၂၇၊ ၂၈၊ ၃၁။
**ထီထိုးရန်ဂဏန်းများ။** ။ **၁၊ ၄၊ ၆၊ ၀** ဂဏန်းများများပါအောင် ရွေးချယ်ပါ။
**အဆောင်ယတြာ။** ။ ကျန်းမာရေးကောင်း၍ အလုပ်အကိုင် အကြံအစည်များ အောင်မြင်စေရန်အတွက် ဘုရားတစ်ဆူဆူ၏ ကြာသပတေးဂြိုဟ်တိုင်တွင် ဒေါနပန်း (၁၀)ခက်လှူ၍ တနင်္လာဂြိုဟ်တိုင်တွင် မေမြို့ပန်း (၁၉)ပွင့် ကပ်လှူပူဇော်၍ လိုရာ ဆုတောင်းပါ။

*ကျန်းမာ ချမ်းသာပါစေ။*

**ဆရာ ရောင်ခြည်**




www.burmeseclassic.com

www.burmeseclassic.com

# သားသမီးရခြင်း မရခြင်းနှ

ကျွန်ုပ်အမြင်




ကြည့်ပါ...။

❁ နှလုံးလမ်းကြောင်းသည် ဉာဏ်လမ်းနှင့် နီးကပ်ပြီး **အင်္ဂါဖိုဂြိုဟ်ခုံက** စ,ထားတယ်။ **(က)**

ဒါဟာ အိမ်ထောင်ရေးသောက ကြုံရမယ့် သင်္ကေတပါ။

❁ တနင်္ဂနွေဂြိုဟ်ခုံပေါ်တွင် **ကြက်ခြေခတ်သင်္ကေတ**ကို တွေ့ရပါတယ်။ **(ခ)**

ဒါကလဲ ပျော်ရွှင်ချမ်းမြေ့မှုတွေ ဆိတ်သုဉ်းစေတဲ့ သင်္ကေတပါ။

❁ အသက်လမ်းကြောင်းရင်းမှာ ရှုပ်ထွေးမှုတွေ၊ **ဖြတ်တောက်ထားမှု**တွေကို တွေ့ရတယ်။ **(ဂ)**

ဒါကတော့ သားအိမ်ပိုင်းဆိုင်ရာ အားနည်းခြင်း၊ ရောဂါရခြင်းတို့ ဖြစ်စေပါမယ်။

❁ **လက်သန်း တိုပြီး သေး**ပါတယ်။ **(ဃ)**

ဒါဟာ သားသမီး ရရန် ခက်ခဲခြင်းနဲ့ နည်းခြင်းကိုပြတဲ့ သင်္ကေတပါ။

❁ သောကြာ**ဂြိုဟ်ခုံ** **ကျဉ်း**ပါတယ်။ **(င)**

ဒါဟာ အောင်မြင်တဲ့ သန္ဓေသားရဖို့ ခက်ခဲမယ့် ပြယုဂ်ပါ။

❁ အင်္ဂါဖိုဂြိုဟ်ခုံမှာ **ကြက်ခြေခတ်သင်္ကေတ** တွေ့ရတယ်။ **(စ)**

ဒါကတော့ ထိခိုက်ဒဏ်ရာရခြင်း၊ ခွဲစိတ်ခံရခြင်း၊ သွေးထွက်သံယိုဖြစ်ခြင်းတို့ ကြုံပါတယ်။ ဒီတော့ သားလျှောပျက်ကျခြင်းနဲ့လဲ ဆိုင်ပါလိမ့်မယ်။

အဲဒီ အမျိုးသမီးဟာ (၂)လကျော် ကိုယ်ဝန်လွယ်ပြီး ပျက်ကျတာ နှစ်ကြိမ်ရှိပါပြီ။ သားသမီးလိုချင်လို့ ဆေးစစ်တော့ သားအိမ်မှာ အကျိတ်တစ်ခု တွေ့ရတယ်။ ဒါကြောင့်မို့ ဆေးပညာရှင်များက သတ်မှတ်ပြီး ဆေး ခြောက်လခန့်ထိုးရင် သက်သာပြီး သားသမီးရနိုင်ကြောင်း ပြောပါတယ်။ ထိုအချိန် အမျိုးသမီးရဲ့အသက်မှာ (၄၄)နှစ် ထဲရောက်နေပါပြီ။

ဒါကြောင့် ကျွန်ုပ်ကတော့ "**စဉ်းစားပြီး လုပ်ပါ**"လို့ အကြံ လိုက်ပါတယ်။

**ပရံ ရက္ခန္တော အတ္တာနံ ရက္ခတိ**

**ဦးသော်ခင်(ဟင်္သာတ)**



www.burmeseclassic.com

www.burmeseclassic.com

# ဘယ်လိုဖူးစာဖက် အိမ်ထောင်ကျမလဲ



## အလွယ်တွက်နည်း

နတ်မြောက် လှမြတ်ဖြစ်



ကျွန်ုပ်ထံသို့ အသက် (၁၆)နှစ်မှ (၃၅)အတွင်း လူငယ်,လူရွယ်၊ တူ,တူမများ လာရောက်တတ်ပါသည်။ သူတို့အလျှင် အမြဲ မေးတတ်သည်မှာ "ဘယ်လိုဖူးစာဖက်၊ အိမ်ထောင်ဖက် ဖြစ်မလဲ" ဟူသော ယေဘုယျအမေးများ ဖြစ်ပါသည်။

ကျွန်ုပ်၏ ကန့်ကူလက်လှဲ့ဆည်ငယ် ဆရာကြီး ဦးအုန်းညွန့်ထံမှ ရရှိသော ဗေဒါဘုတ် အလွယ်နည်း၊ စတိနည်းကို သူတို့လေးတွေအားပေးပြီး ကိုယ်တိုင် တွက်ခိုင်း အဖြေရှာခိုင်းလိုက်ပါသည်။

သူတို့လေးတွေ ရယ်မောပျော်ရွှင်စွာ ပြန်သွားလျှင် ကျွန်ုပ်ရင်မှာလည်း အပျော်ပီတိ ပွားရသည်ပင် ဖြစ်ပါသည်။

သို့အတွက် လူငယ်, လူရွယ်, လူပျို, အပျိုတိုင်း သိချင်, တွက်ချင်လျှင် အလွယ်အသာ တွက်ထုတ် အဖြေသိနိုင်ရန် အရှိတရား ပညာအတိုင်း ဆရာ အမျှချန် ရေးသား တင်ပြပေးလိုက်ပါသည်။

သို့သော် "ကမ္ဘသကာ" ဟူသည့် "ကံ,ကံ၏အကျိုး"ကိုတော့ ပစ်ပယ်၍ မဖြစ်ပါ။ ကံအကျိုးပေး, အတိတ်ကံ, ပစ္စုပ္ပန်ကံ ရှိနေသေးသည်ကိုတော့ သတိပြုစေလိုပါသည်။

လေ့နံ့ခြားထစ်ပါပဲဟုတော့ မယူဆစေလိုပါ။ သို့သော် ဤတွက်နည်းသည် (၅၅ ရာခိုင်နှုန်း) တိကျမှန်ကန်သည်ကို နှစ်ပေါင်း လေးဆယ်အတွင်း သိခဲ့ရပြီဖြစ်၍ ယခုကဲ့သို့ ဖော်ထုတ် ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။ တွက်နည်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

❖ ဦးစွာပထမ မြန်မာခုနှစ် မွေးသက္ကရာဇ်အမှန်

သိဖို့ လိုပါသည်။ သက္ကရာဇ်မှားလျှင် လုံးဝမှားပါမည်။ အင်္ဂလိပ်သက္ကရာဇ်သာသိလျှင် နှစ်တစ်ရာ ပြက္ခဒိန်တွင် မြန်မာသက္ကရာဇ် ရှာဖွေကြည့်ပါ။

- ❖ မွေးသက္ကရာဇ်မှ (၁)နုတ်ပါ။
- ❖ (၁)နုတ်၍ရသောကိန်းကို (၇)ဖြင့် စားပါ။
- ❖ အကြွင်းသည် အိမ်ထောင်ဖက် အဖြေဖြစ်ပါသည်။ အဖြေနှင့် တွက်နည်းနမူနာ အောက်တွင် ဖော်ပြလိုက်ပါသည်။

**ဥပမာ** ⇒ ၁၃၂၄ ခုနှစ် မွေးဖွားသူ။

– ၁ နုတ်ပါ

ဂုဏ်ဖြင့်÷ | ၁၃၂၃ | ၁၈၉

၇
၆၂
၅၆
၆၃
၆၃
၀ ကြွင်း

**(၁)ကြွင်းလျှင်** မိမိထက် အသက်ကြီးသူနှင့် အိမ်ထောင်ကျပြီး တစ်သက်တာ အိမ်ထောင်ရေး ခိုင်မြဲပါမည်။

အကယ်၍ မိမိထက် ငယ်သူနှင့် အိမ်ထောင်ကျလျှင် မတည်မြဲနိုင်ပါ။ နောက်ထပ် အိမ်ထောင်ကျနိုင်သေးသည်။

**(၂)ကြွင်းလျှင်** အချစ်ဦးနှင့် လွဲတတ်သည်။ ချစ်သူ၏ သစ္စာဖောက် လှည့်စားခြင်း ခံရတတ်သည်။ နံ့အအနှင့် အိမ်ထောင်ကျတတ်ပြီး အိမ်ထောင်ဆက် နှစ်ဆက်, သုံးဆက် ဖြစ်တတ်သည်။

**(၃)ကြွင်းလျှင်** ချစ်သူနှင့်ငြား၍ ငြားသူနှင့်ချစ်ပြီး သာယာတည်မြဲသော အိမ်ထောင်ရေးကောင်း ဖြစ်ပါမည်။

တစ်ဦးနှင့်တစ်ဦး သည်းခံ ကြင်နာ မြတ်နိုး အချစ်တိုးသော အိမ်ထောင်ရေးကောင်း ဖြစ်ပါမည်။ ဘဝတစ်သက်တာ တည်မြဲသော အိမ်ထောင် ဖြစ်ပါမည်။




www.burmeseclassic.com

www.burmeseclassic.com

# မြေပြမ်းကျင်း

ဒီလိုလုပ်ပါ

မိုးသန်းမိုး (ဇီးကုန်း)



စာရေးသူ တင်ပြမည့် အဖြစ်အပျက်သည် စာရေးသူ ငယ်စဉ် (၁၃)နှစ်, (၁၄)နှစ်သားလောက်က ဖြစ်ပျက် ခံစားခဲ့ရသော အဖြစ်အပျက် ဖြစ်ပါသည်။

ထိုစဉ်က ဇီးကုန်းမြို့၊ ရန်ကုန် ပြည်လမ်းမ၊ ဈေး၏ အရှေ့ဘက် လမ်းနံဘေးတွင် ဘဘကြီး လက်ဖက်ရည်ဆိုင် ရှိပါသည်။ ကျွန်ုပ်တို့နှင့် ဆိုင်နီးနားချင်း၊ ဒေါ်ခွေးမကြီး ခေါက်ဆွဲဆိုင်၊ ဦးပြုံးတူး လေထိုးဆိုင်၊ ဦးချင်စန်း စားသောက်ဆိုင်နှင့် မြို့မ မီးသတ်ရုံတို့ ရှိကြပါသည်။

စာရေးသူက ဘဘကြီးဆိုင်တွင် နေပါသည်။ ဘဘကြီးဆိုသူ ဘကြီးမှာ စာရေးသူ၏ မိခင်၏ ဖခင် ဖြစ်ပါသည်။

တစ်နေ့တွင် စာရေးသူ လက်ဖက်ရည်ဆိုင် လူရှင်းသဖြင့် စားပွဲတွင် ထိုင်နေရင်း ထိုင်ခုံမှ မြေပေါ်သို့ လိမ့်ကျပါသည်။

ထိုနေ့ တစ်နေ့ခင်းလုံး ဘာမှ မဖြစ်ပါ။ ထိုနေ့ည သန်းခေါင်ယံ အချိန်လောက်တွင် ကျွန်ုပ်၏ ဝမ်းဗိုက်ထဲမှ အူများကို လက်နှင့် ဆွဲယူနေသကဲ့သို့ ခံစားရပြီး အိပ်ရာမှ နိုးလာပါသည်။ တစ်ညလုံး ငိုပြီး မိုးစင်စင် လင်းခဲ့ရပါသည်။

နံနက်ရောက်သောအခါ ကျွန်ုပ်၏ ဘကြီးအား ဘကြီး၏ ခယ်မဖြစ်သူ ကျွန်ုပ်၏ ဘွားလေးတော်သူ ဒေါ်အေးကြည်မှ...

'မောင်လေးရယ် မနေ့က ထိုင်ခုံ
လိမ့်ကျတယ် မြေများ ဖမ်းသလား
ဆိုပြီး ကျွန်ုပ် လိမ့်ကျသော မြေ
ရာ၌ မြေစာကျွေးပေးရာ ည ေ
သောအခါ ယမန်နေ့ညကကဲ့သို့ မ
ရတော့ဘဲ ကောင်းစွာ အိပ်
ပျောက်ကင်းသွားပါသည်။

တစ်ခါသော် ကျွန်ုပ်၏ သားကြီး
သူ ကိုအောင်မိုးဦး ဇီးကုန်း စည်
သာယာတွင် အမှုထမ်းဘဝနှင့် နေ
ဖြစ်ပါသည်။ တစ်ခုသော လွှတ်
ရေးနေ့ မတိုင်မီ၊ ဇီးကုန်းမြို့ စ
ရုံးကြီးအတွင်းရှိ လွှတ်လပ်ရေး အ
အမှတ်ကျောက်တိုင်နှင့် လွှတ်
ကို ကာကွယ်ပါဆိုသော ဆိုင်းဘုတ်
အား မီးအလှဆင်အပြီး လှေ



www.burmeseclassic.com

www.burmeseclassic.com

အဆင်း အောက်ဆုံး လောကားထစ်အဆင်းတွင် ခြေချော်ကျပါသည်။

နောက်တစ်နေ့တွင် ခြေခုံကြီး ရောင်ပြီး မထောက်နိုင်တော့ပါ။ ဆရာဝန်ပြ၊ ထိုးဆေး၊ သောက်ဆေးများဖြင့် ကုသပါသော်လည်း လေး၊ ငါးရက် ကြာသည်အထိ မပျောက်ကင်းဘဲ ရှိနေသဖြင့် ကျွန်ုပ်က "မြေများ ဖမ်းသလားမှ မသိဘဲ၊ သူ ခြေချော်ကျသည့်နေရာ မြေစာကျွေးဖို့" ပြောသဖြင့် ကျွန်ုပ်၏ ဇနီးမှ သူ ခြေချော်ကျရာ နေရာသို့ သွား၍ မြေစာသွားရောက် ကျွေးလိုက်ရာ တဖြည်းဖြည်း သက်သာ ပျောက်ကင်းသွားပါသည်။

ဤကဲ့သို့ ကိုယ်တွေ့ အဖြစ်အပျက်များစွာ ရှိသော်လည်း ဆောင်းပါး ရှည်မည်စိုး၍ ချန်လှပ်ထားခဲ့ရပါသည်။

ဘုမ္မစိုးနတ် (မြေစောင့်နတ်)တို့တွင်လည်း လူသားတို့ကဲ့သို့ပင် စိတ်ထား နူးညံ့သောနတ်၊ စိတ်ထား မနူးညံ့သော နတ်တို့ရှိရာ နူးညံ့သောနတ်တို့က လူသားတို့၏အပေါ် သည်းခံ ခွင့်လွှတ်တတ်ကြသော်လည်း၊ မနူးညံ့သော နတ်တို့က ဖမ်းစားတတ်ကြလေသည်။

မြေဖမ်းခြင်းဆိုသည်မှာ မြေစောင့်နတ် (ဘုမ္မစိုး)နတ် ဖမ်းစားခြင်းသာ ဖြစ်ပါသည်။ မြေဖုတ်ဘီလူး ဖမ်းသည်ဟုလည်း ပြောကြပါသည်။

ထို့ကြောင့် မတော်တဆ အမြင့်မှ ချော်ကျလျှင်သော်လည်းကောင်း၊ မြေပေါ်သို့ လဲကျလျှင်သော်လည်းကောင်း၊ မြေဖမ်းခံရလျှင် (သို့မဟုတ်) သံသယရှိလျှင် ကျွန်ုပ် ဖော်ပြသည့် နည်းလမ်းဖြင့် ဆောင်ရွက်ကြပါရန် ဖော်ပြလိုက်ပါသည်။

ပြုလုပ်ပုံ အစီအရင်...

မိမိလဲကျ၊ ချော်ကျခဲ့သော မြေနေရာတွင် ကျင်းငယ်တစ်ခု ဒူးရှင်းနှင့် တူးပါ။ မြေကြီး ကျင်းတူးရာတွင် ပထမ တူးရသော မြေသားကို သပ်သပ်တစ်ပုံ၊ ဒုတိယ မြေသားကို သပ်သပ်တစ်ပုံ၊ တတိယ တူး၍ရသော မြေသားကို သပ်သပ်တစ်ပုံစီ ထားပါ။

အိမ်က မသွားမီ ထမင်းတစ်ဆုပ်၊ မျှင်ငါးပိ (သို့မဟုတ်) ငါးငါးပိ ကော်ဖီဖွန်း တစ်ဖွန်းခန့်နှင့် ငရုတ်သီး ခြောက်တစ်တောင့်တို့ကို ဖက်တစ်ရွက်နှင့် သေချာစွာ ထည့်ယူသွားပြီး တူးထားသော မြေကျင်းထဲသို့ ထည့်ပြီး၊ ပထမ တူးထားသော မြေကို အရင်ဖို့ တတိယ တူးထားသောမြေကို ဒုတိယဖို့ပြီး၊ ဒုတိယ တူးထားသောမြေကို နောက်ဆုံးထည့်ဖို့ပါ။ မြေသားဖို့ရင်းက နှုတ်မှလည်း...

'ယခု ခံစားနေရသော ...နေ့သား/သမီးအတွက် ကျွေးမွေးပါတယ်၊ မိမွေးတိုင်း၊ ဖမွေးတိုင်း ဖြစ်ပါစေ၊ ပျောက်ကင်း ချမ်းသာပါစေ'

ဟု ပြောရပါမည်။ ထိုသို့ ဆောင်ရွက်ပြီးလျှင် ကိစ္စအဝဝ ပြီးစီးပြီ ဖြစ်ပါသည်။

**(မိမိ နေထိုင်ရာအရပ်နှင့် ဝေးကွာသောဒေသတွင် ဖြစ်ခဲ့ပါက အိမ်ရောက်မှ မြေဖမ်းမှန်းသိလျှင် မိမိ အိမ်၏ လှေကားအောက် မြေကြီးတွင် ဆောင်ရွက်၍ ရပါသည်။)**

*ဤစာစုဖြင့် ဘွားလေးအား ဂါရဝပြုပါ၏။*

**ဦးသန်းဦး(ဇီးကုန်း)**

စာမျက်နှာ (၂၀၉)မှ အဆက်

**(၄)ကြွင်းပါက** ရှုပ်ထွေးမွေလီသော အိမ်ထောင်ရေး ဖြစ်ပြီး သာယာအေးချမ်းမှု မရနိုင်ပါ။ သူက အငယ်ထား၊ ကိုယ်က အငယ်ယူ ဖြစ်တတ်သည်။

**(၅)ကြွင်းပါက** အိမ်ထောင်ဆက်များတတ်ပြီး မုဆိုးမ၊ မုဆိုးဖို၊ တစ်ခုလပ်များနှင့် ဖူးစာဆုံတတ်ပြီး သာယာအေးချမ်းမှုမရနိုင်သော အိမ်ထောင်ရေး ဖြစ်တတ်သည်။

**(၆)ကြွင်းပါက** သာယာသောအိမ်ထောင်ရေး ဖြစ်ပြီး ဖူးစာရှင် အစစ်အမှန်ရခြင်း၊ အိမ်ထောင်ကျခြင်းဖြစ်သည်။ တစ်ဦးအပေါ်တစ်ဦး မြတ်မြတ်နိုးနိုး ချစ်ချစ်ခင်ခင် 'ကြင်ကြင်နာနာရှိမည်။

အိမ်ထောင်ဖက်ကောင်းသဖြင့် ချမ်းသာကြွယ်ဝ ပြည့်စုံ သာယာမည်။ အပြစ်ကင်းသော၊ ကောင်းသော၊ မွန်မြတ်သော အိမ်ထောင်ရှင်များ ဖြစ်ပါမည်။

**(၀)ကြွင်းပါက** စစ်မှန်သော အိမ်ထောင်ရေးဖြစ်ပြီး သာယာအေးချမ်းမည်။ ခိုင်မြဲတည်ကြည်သော အိမ်ထောင်ဖက်ဖြစ်ပြီး တစ်ဘဝလုံး လက်တွဲသွားနိုင်သော အိမ်ထောင်ရေး ဖြစ်ပါသည်။

သို့ပါ၍ လူငယ်လူရွယ် မောင်မယ်တို့ ရင်ခုန်ခံစား စဉ်းစားတွေးခေါ် ဆင်ခြင်နိုင်ရန်အလို့ငှာ ဖော်ထုတ် တင်ပြအပ်ပါသည်။

*ကလျာဏကာရီ ကလျာဏံ ပါပကာရီစ ပါပကံ။*

**နတ်မောက် လှမြင့်သစ်**



www.burmeseclassic.com

www.burmeseclassic.com

မြောက်ဦး တူးဖော်ရေးကုန်း အမှတ်(၂)မှ တူးဖော်တွေ့ရှိသည့်

# ယဉ်ကျေးမှု ရှေးလက်ရာများ (၁...

ပန်းချီ ထူးလှ
(ရှေးဟောင်းသုတေသ...

ယခင်လမှအဆက်

✱ ✱ ✱ ပုံ (၁၄)

ဆန္ဒွင်းမကောင်းကွက်ပုံစံ ဖြစ်ပါသည်။ မြေမီးဖုတ် စဉ့်ကြွမ်းခင်းပြား လက်ရာ တစ်ခုပင် ဖြစ်ပါ၏။ အဖြူရောင် စဉ့်ရောင်ပေါ်၌ အနားသတ် အပြာလိုင်းဖြင့် အနားကွပ်ထားပါသည်။ အလယ်တွင်လည်း အပြာလိုင်းဖြင့် အကွက်ကလေးတစ်ကွက် ဖော်ထားပါ၏။

ဤမြေမီးဖုတ် စဉ့်ကြွမ်းခင်းပြား၏ အတွင်းမျက်နှာပြင်တွင် တွင်းကလေး တစ်တွင်း ပါရှိပါသည်။ ဤမျက်နှာပြင်၌ စဉ့်ရောင် မတွေ့ရှိရဘဲ မြေမီးဖုတ် ရောင်သာ တောက်ပစွာ တွေ့ရှိရပါသည်။

**ပုံ (၁၄)** မူလ စဉ့်ကြွမ်းခင်းပြားကို A1ကျင်း တောင်ဘက်ကျင်းပေါင်မှ (၄)ပေခန့်အကွာ ကျင်းအနက် (၂ ၁/၂) ပေခန့်မှ တူးဖော်တွေ့ရှိရပါသည်။

မြေမီးဖုတ် ကြွမ်းခင်းပြား၏ မူလလက်ရာ အကျယ်ဆုံး ထောင့်စွန်းနှစ်ဖက် (၄)လက်မခန့်၊ အထက်၊ အောက် ထောင့်စွန်းနှစ်ဖက် အမြင့် (၃)လက်မခန့်နှင့် အထူ (၃/၄)လက်မခန့် ရှိပါသည်။

✱ ✱ ✱ ပုံ (၁၅)

**ဤ ပုံ(၁၅)** ဒီဇိုင်းလက်ရာမှာ မြောက်ဦးတူးဖော်ရေးကုန်း အမှတ် (၂) A1ကျင်း တောင်ဘက်ကျင်းပေါင် မှ (၅)ပေခန့်အကွာ ကျင်းအနက် (၁ ၁/၂)ပေခန့်မှ တူးဖော်တွေ့ရှိရသော မြေမီးဖုတ် စဉ့်ပန်းအိုးကွဲ အပဲ့အစကို ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာ တစ်ခုပင် ဖြစ်ပါသည်။


တူးဖော်တွေ့ရှိရသော မြေမီးဖုတ် စဉ့်ပန်းအိုးကွဲ အပဲ့အစ အမြင့် (၈ ၁/၂) လက်မခန့်၊ အကျယ် (၄)လက်မခန့်နှင့် အထူ (၁/၂)လက်မခန့် ရှိပါသည်။

**ပုံ (၁၅)** ဒီဇိုင်းလက်ရာ၏ လက်ယာဘက်တွင် မြေမီးဖုတ် စဉ့်ပန်းအိုးကွဲ၏ အထူအပါး အခုံးအခွက်ကို အနက်လိုင်းဖြင့် ရေးဆွဲဖော်ပြထားပါသည်။


မြေမီးဖုတ် စဉ့်ပန်းအိုးကွဲ မူ... လက်ရာ အပြင်ဘက်တွင် စဉ့်ရော... အဖြူနှင့် အပြာရင့်ရောင်လိုင်းတွ... တန်ဆာဆင်ထားသည်ကို တွေ့ရှိရ... သည်။

✱ ✱ ✱ ပုံ (၁၆)

သုံးနားညီတြိဂံသဏ္ဌာန် မြေမီးဖု... စဉ့်လက်ရာ ကြွမ်းခင်းပြားတစ်ခု ဖြစ်... သည်။ အပြင်ဘက်တွင် အပြာရော... စဉ့်ရောင် တွေ့ရှိရပြီး အတွင်း... တွင် မြေမီးဖုတ်ရောင် တွေ့ရှိရပါသည်... အတွင်းဘက် မျက်နှာပြင်၌ တွင်း...



ပုံ (၁၄)




ပုံ (၁၅)




www.burmeseclassic.com


www.burmeseclassic.com



ပုံ (၁၆)



ပုံ (၁၇)



ပုံ (၁၈)

လေးတစ်တွင်း ပါရှိပါ၏။

ပုံ (၁၆) ဒီဖိုင်းလက်ရာ၏ လက်ယာဘက်တွင် မြေမီးဖုတ် စဉ့်ကြမ်းခင်းပြား၏ အထူပမာဏကို လိုင်းအနက်ဖြင့် ရေးဆွဲဖော်ပြထားပါသည်။ တူးဖော်တွေ့ရှိရသော မြေမီးဖုတ် စဉ့်ကြမ်းခင်းပြား၏ အကျယ် (၃)လက်မခန့်၊ အမြင့် (၂)လက်မခန့်နှင့် အထူ (၃/၄)လက်မခန့် ရှိပါသည်။

ဤ ပုံ(၁၆) ဒီဖိုင်းလက်ရာမှာ A1ကျင်း အနောက်ဘက် ကျင်းပေါင်မှ ကပ်လျက် ကျင်းအနက် (၂)ပေခန့်မှာ တူးဖော်တွေ့ရှိသော မြေမီးဖုတ် စဉ့်ကြမ်းခင်းပြားကို ကူးယူရေးဆွဲထားသော ဒီဖိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။

* * * ပုံ (၁၇)

ပုံ (၁၇) ဒီဖိုင်းလက်ရာမှာ မြောက်ဦးတူးဖော်ရေးကုန်း အမှတ် (၂) E3ကျင်း အနောက်တောင်ထောင့် ကျင်းပေါင်မှကပ်လျက် ကျင်းအနက် (၁)ပေခန့်တွင် တူးဖော်တွေ့ရှိရသော မြေမီးဖုတ် စဉ့်ပန်းပွင့်ဖတ်တစ်ချပ်၏ လက်ရာကို ကူးယူရေးဆွဲထားသော ဒီဖိုင်းလက်ရာပင် ဖြစ်ပါသည်။

ဤစဉ့်ပန်းပွင့်ဖတ်မှာ နံရံများတွင် အလှဆင်သော ပွင့်ဖတ်ဖြစ်လိမ့်မည်ဟု ယူဆရပါသည်။ မူလ မြေမီးဖုတ် စဉ့်ပန်းပွင့်တစ်ခု အမြင့် (၄)လက်မခန့်၊ အကျယ် (၃ ၁/၂)လက်မခန့်နှင့် အထူ (၃/၄)လက်မခန့် ရှိပါသည်။

ပုံ (၁၇) ဒီဖိုင်းလက်ရာမှာ မြေမီးဖုတ် စဉ့်ပန်းပွင့်ဖတ်တစ်ခု၏ ကျောဘက်မျက်နှာပြင်ကို ရေးဆွဲဖော်ပြထားသော ဒီဖိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။

ဒီဖိုင်း လက်ယာဘက်တွင် အနက်လိုင်းအထူဖြင့် စဉ့်ပန်းပွင့်ဖတ်အထူကို ရေးဆွဲဖော်ပြထားပါသည်။ မူလ မြေမီးဖုတ် စဉ့်ပန်းပွင့်ဖတ် ကျောဘက်မျက်နှာပြင်တွင် စဉ့်အဝါရောင်နှင့် အစိမ်းရောင်ကို တွေ့ရှိရပါသည်။

ပွင့်ဖတ်အလယ်တွင် အဝါရောင်ခံထားပြီး အနားသတ်လိုင်းကို အစိမ်းရောင်ဖြင့် သတ်ထားပါသည်။ အတွင်းဘက် မျက်နှာပြင်တွင် မြေမီးဖုတ်ရောင်သာ တွေ့ရှိရပြီး တွင်းကလေးတစ်တွင်း ပါရှိပါသည်။

* * * ပုံ (၁၈)

ပိရမစ်ပုံစံငယ်နှစ်ခုကို ဆက်စပ်ထားသည့်သဏ္ဍာန် တွေ့ရှိပါသည်။ အရင်းကြီးပြီး အဖျားချွန်သွားပါသည်။ အောက်ခြေမှ အဖျားထိ လေးမျက်နှာတွေ့ရှိရပါသည်။

အောက်မျက်နှာကလွဲ၍ ကျန်မျက်နှာများကို စဉ့်အပြာရင့်ရောင် သုတ်လိမ်းထားပါသည်။ အောက်ခြေ မျက်နှာပြင်တွင် မြေမီးဖုတ်ရောင်သာ တွေ့ရှိရပါသည်။


အဆောက်အအုံ၏ ဝရန်တာများ၊ နံရံများတွင် တန်ဆာဆင်သည့် ပစ္စည်းဖြစ်လိမ့်မည်ဟု ယူဆရပါသည်။ ပုံ (၁၈)ဒီဖိုင်းလက်ရာ၏ လက်ယာဘက်တွင် ပိရမစ်နှစ်ခု ဆက်စပ်ထားသည့် မြေမီးဖုတ် စဉ့်လက်ရာ၏ အထူပမာဏကို လိုင်းအနက်ဖြင့် ရေးဆွဲဖော်ပြထားပါသည်။




www.burmeseclassic.com

www.burmeseclassic.com

ပုံ (၁၉)



ပုံ (၂၀)



**ဤ ပုံ(၁၈)** မူလ မြေမီးဖုတ် စဥ့်လက်ရာကို မြောက်ဦးတူးဖော်ရေးကုန်း အမှတ် (၂) A2ကျင်း တောင်ဘက် ကျင်းပေါင်အနီး ကျင်းအနက် (၁-၃/၄)ပေ ခန့်မှ တူးဖော်တွေ့ရှိရပါသည်။

မူလ မြေမီးဖုတ် စဥ့်လက်ရာ၏ အလျား (၂-၃/၄)လက်မခန့်၊ အောက်ခြေ အထု (၁)လက်မခန့်နှင့် အမြင့် (၁-၃/၄) လက်မခန့် ရှိပါသည်။

ပုံ (၁၈) ဒီဇိုင်းလက်ရာမှာ ဖော်ပြပါ မြေမီးဖုတ် စဥ့်လက်ရာကို ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ဖော်ပြပါ စဥ့်လက်ရာမျိုး ဤ A2ကျင်းတွင် မြောက်မြားစွာ တွေ့ရှိရပါသေးသည်။

* * * ပုံ (၁၉)

**ပုံ(၁၉)** ဒီဇိုင်းလက်ရာသည် မြောက်ဦးတူးဖော်ရေးကုန်း အမှတ် (၂) A2 ကျင်း အရှေ့ဘက် ကျင်းပေါင်အနားမှ ကပ်လျက် ကျင်းအနက် (၁-၃/၄)ပေခန့်မှ တူးဖော်တွေ့ရှိရသော မြေမီးဖုတ်စဥ့်လက်ရာ ပွင့်ဖတ်တစ်ခုကို ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။

တူးဖော်တွေ့ရှိရသော မူလ မြေမီးဖုတ်စဥ့်လက်ရာ ပွင့်ဖတ်၏ အမြင့် (၄)လက်မခန့်၊ အကျယ် (၃)လက်မခန့်နှင့် အထု (၁/၄)လက်မခန့် ရှိပါသည်။ ပုံ (၁၉) ဒီဇိုင်းလက်ရာမှာ မြေမီးဖုတ် ပွင့်ဖတ် စဥ့်လက်ရာ၏ ကျောဘက် မျက်နှာပြင်ကို ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာပင် ဖြစ်ပါသည်။

ဤမျက်နှာပြင်၌ အလယ်တွင် စဥ့်အစိမ်းရောင် တွေ့ရှိရပြီး အနားပတ်လည်တွင် စဥ့်အဖြူရောင်ဖြင့် အနားကွပ်ထားပါသည်။ အတွင်းဘက် မျက်နှာတွင် မြေမီးဖုတ်ရောင် တွေ့ရှိရပြီး အချင်း (၁-၁/၄)လက်မခန့်နှင့် တွင်းအနက် (၁/၈)လက်မခန့်ရှိသော တွင်း ကလေးတစ်တွင်း တွေ့ရှိရပါသည်။ ပုံ (၁၉)ဒီဇိုင်းလက်ရာ၏ လက်ယာ ဘက်တွင် မြေမီးဖုတ်ပွင့်ဖတ်စဥ့် ၏ အထုပမာဏကို လိုင်းအနက်ဖြ ဖော်ပြထားပါသည်။

* * * ပုံ (၂၀)

မြေမီးဖုတ် အိုးခြမ်းကွဲ အပဲ့အ လက်ရာတစ်ခုပင် ဖြစ်ပါသည်။ အိုး ကွဲအတွင်း မျက်နှာပြင် အချောဖြ အပြင်ဘက်တွင် ရာဇမတ်ကွက်ဒီ ကလေးများဖြင့် တန်ဆာဆင် သည်ကို တွေ့ရှိရပါသည်။

ပုံ (၂၀) ဒီဇိုင်းလက်ရာမှာ မြေမီး အိုးခြမ်းကွဲ၏ အပြင်ဘက် မျက်နှာ ကို ရေးဆွဲထားသော ဒီဇိုင်းလက်ရာ ဖြစ်ပါသည်။ ဤပုံ (၂၀)ဒီဇိုင်းလက် ၏ လက်ယာဘက်တွင် မြေမီး အိုးခြမ်းကွဲ၏ အထုပမာဏကို အနက်ဖြင့် ဖော်ပြရေးဆွဲထားပါ

တူးဖော်တွေ့ရှိရသော မူလမြေမီး အိုးခြမ်းကွဲကို မြောက်ဦးတူးဖော် ကုန်း အမှတ် (၂) A6ကျင်း အ မြောက်ထောင့် ကျင်းပေါင်မှ (၃) ခန့်အကွာ ကျင်းအနက် (၂)ပေ တူးဖော်တွေ့ရှိရပါသည်။

ထို တူးဖော်တွေ့ရှိရသော မြေ ဖုတ် အိုးခြမ်းကွဲ အပဲ့အစ အမြင့် ( စင်တီမီတာခန့်၊ အကျယ် (၅)စင် မီတာခန့်နှင့် အထု (၁/၄)စင်တီမီတာ ရှိပါသည်။ အိုးခြမ်းကွဲ ဒီဇိုင်းအပေါ် အနားကလေး လိုင်းတစ်လိုင်း တွေ့ ရှိရပါသည်။

ရှေ့လ ဆက်ဖတ်ပါရန်

**ပန်းချီထူးလှ**
***(ရွှေပေါင်းသုတေသန)***



www.burmeseclassic.com

www.burmeseclassic.com



သာယာကျော်
(မကျွေး)

# ပတူတူပ်ရှိ

မသေနိုင်တဲ့ဆေး

တစ်နေ့သော အခါသမယတွင် ကျွန်တော့်အလုပ်ရုံသို့ ကိုအောင်မိုး ဆိုသူ ရောက်ချလာသည်။ ကိုအောင်မိုးသည် ကျွန်တော်နှင့် လုပ်ငန်းတစ်ဌာနတည်းတူသူ ဖြစ်လေ၏။

သူသည် သူ၏ တုတ်ခိုင်ပြည့်ဖြိုးသွန်းလှသော ခန္ဓာကိုယ်နှင့်မလျှ ပေါ့ပါးသွက်လက်စွာ လှုပ်ရှားလုပ်ကိုင်သူ တစ်ဦးလည်း ဖြစ်သည်။

သူ့အသက်က ရှိလှမှ (၃၉)နှစ် အလွန်ဆုံး။ ဒါပေမယ့် ခန္ဓာကိုယ်နှင့် အသက်က ကျိန်တွယ်ပြောမှ ယုံကြည်ရမည့် အနေအထားမျိုး ဖြစ်နေသည်။ ထိုထိုသော ကိုအောင်မိုးက ကျွန်တော့်ကိုမြင်မြင်ချင်း...

'ဗျို့ ဗေဒင်ဆရာ၊ စာရေးဆရာ၊ လုပ်ငန်းဆရာ ဆရာကျူရေ၊ အမယ်လေး ခင်ဗျားဂုဏ်ပုဒ်တွေ ထည့်ခေါ်ရတာနဲ့တင် တလောတုန်းက မသေခဲ့ဘဲ အခုမှ တကယ်သေတော့မယ် ထင်ပါရဲ့ဗျာ'

ဟု ပြောလာ၏။

'တွေ့မှမတွေ့ရသေးဘူး။ ကိုအောင်မိုးကြီးကတော့ ဖောက်ပြီ။ ကဲ ဆို ကျွန်တော် ဘာကူညီပေးရမလဲ။ ဒါနဲ့ နေစမ်းပါဦး ခင်ဗျား ကျွန်တော့်ကို ခုနကပြောလိုက်တဲ့ စကားထဲမှာ ပါ,ပါတယ်။

ဘာတဲ့ တလောတုန်းက မသေဘဲ အခုကျမှ တကယ်သေတော့မယ် ဟုတ်လား။ အဲဒီစကားကြီးက ဘာအဓိပ္ပာယ်လဲဗျ'

ဟု ကျွန်တော်က သူ၏ ဆူဖြိုးဖောင်းကားနေသော ဗိုက်ကြီးကို လက်သီးနှင့် ခပ်ဆဆ ထိုးလိုက်ရင်း ပြန်မေးလိုက်သည်။ ထိုအခါ သူက...

'အဲဒီကိစ္စ ပြောချင်လို့ ဆရာကျူကို လိုက်ရှာနေတာ။ ဒီနေ့ပါဆိုရင် နှစ်ပတ်တောင် ရှိသွားပြီ'

ဟု ဆို၏။

'အမယ်လေး ထူးထူးဆန်းဆန်း ဘာတွေများ ပြောချင်လို့တုံး'

'ထူးဆန်းဆို ကျုပ် ဟိုတလောက သေတွင်းဝကိုတောင် ရောက်သွားသေးတာ'

'ဟော လုပ်လာပြန်ပြီ ဒီသေမယ့်ကိစ္စ'

'ဒီလိုဗျာ ဆရာကျူ တလောတုန်းက ခင်ဗျားက ခွင့်ရက်ရှည် ယူသွားတယ်လို့ ကြားတယ်။ ဒါကလဲ အခုလေးတင်မှ သိရတာ။

အဲဒီ တလောတုန်းကပေါ့ဗျာ။ ကျုပ် အလုပ်လုပ်နေတဲ့ အလုပ်ရုံတစ်ရုံရဲ့ ခေါင်မိုးအပေါ် မျက်နှာကြက်မှာ ပတူဆိုတဲ့ ပျားအနွယ်ဝင်အုံကြီးတစ်အုံ လာစွဲနေတာ ကြုံရတယ်ဗျို့။

ဒီလိုလာစွဲနေတော့ အထက်အကြီးအကဲတွေ လာစစ်ဆေးတဲ့အခါတိုင်း ဒီဟာကြီးက ဘာမဟုတ် ညာမဟုတ်နဲ့ အရုပ်ဆိုး အကျည်းတန်နေစေတာပေါ့။

နောက်ပြီး ကျုပ်တို့ အလုပ်ရုံက ဝန်ထမ်းမှန်သမျှလဲ ဒီပတူအုံကြီးကနေ တစ်နေ့တစ်နေ့ ရန်ပြုတိုက်ခိုက်လာမှာကို နေ့ရှိသရွေ့ ပူပန်နေရတာကိုး။

အထူးသဖြင့် လူကြီးခရီးစဉ်တွေ ကြုံလာတဲ့အခါတိုင်း ဒီအုံကြီး ရှိနေတဲ့ ပင့်ကူအမြှေးတွေနဲ့ အမှိုက်သရိုက်တွေကို အမြဲလိုလို သန့်ရှင်းရေး မဝင်မဖြစ်ဝင်ရတယ်လေ။

ဒီလိုအချိန်တိုင်း ကျုပ်တို့ဝန်ထမ်းတွေအားလုံး အထိတ်တလန့် ဖြစ်ခဲ့ရတာ ကြာလှပေါ့။

ဒီတော့ကာ တစ်နေ့ ကျုပ်တို့ ရုံတာဝန်ခံ အထက်အရာရှိက သူ့ရဲ့ကောင်းရွှေပွဲ ကျင်းပပေးတယ်။ ဒီပတူအုံကြီးကို ဘယ်သူ ဖြိုရဲလဲပေါ့ မေးလာပြီ။

ကျုပ်တို့ တစ်ရုံလုံး အသက်တောင် ရှူဖို့ မေ့သွားကြတယ် ထင်ပါရဲ့။ ဘယ်သူမှ ပြန်မဖြေရဲကြဘူး။ ပြန်မဖြေနိုင်ကြဘူးကို ပြောတာ။ ဒီတော့ ကျုပ်ကိုပဲ လူကြီးက မေးတော့တာပေါ့။

"ဟော့ကောင် အောင်မိုးကြီး မင်းအုံကြီးကို ဖြိုရဲလား၊ မဖြိုရဲရင်လဲ ရတယ်။ ဒိပြင် ပြင်ပအလုပ်သမားတစ်ယောက် ရှာဖြိုခိုင်းမယ် ဘယ့်နှယ်လဲ"

ပေါ့။ ကျုပ်ကလဲ တစ်မျိုးဗျ။ ကျုပ်ကို အားကိုးလို့ တာဝန်ပေးလို့ ခိုင်းလာရင် ဘယ်သူ့ကိုမဆို လုပ်ပေးလိုက်ရမှ ကျေနပ်တာ။

ဒီတော့ တိုတိုပဲ ပြောပါရစေ။ ကျုပ် အဲဒီအုံကြီးကို အကောင်းဆုံး ဖြိုဟာ



www.burmeseclassic.com

www.burmeseclassic.com

ခင်းပြီး ဖြို့လိုက်တယ်။ ကျုပ် စစ်ဆင်ရေး အနည်းငယ် လွဲချော် ပ်ာသွားတာကြုံရတယ်။

အဲဒီ 'ဟ'ချက်ကို ဒီပတ္တူတွေက ကျုပ်ကို ဝိုင်းသမလိုက်ကြတယ်။ ဝိုင်းကင်လိုက်ကြတယ်ဗျာ။ ဟောဒီမှာ ကြည့်ပါလား ဒဏ်ရာတွေ'

ဟု ဆိုကာ သူ့အင်္ကျီလက်ရှည်ကို ချွတ်ပြလာသည်။

အပါးပါး အများကြီး ဝိုင်းခဲလိုက်ကြပါလား။ မသေကောင်း မပျောက်ကောင်း။ ကျွန်တော် ဒီပတ္တူတို့၊ ပသန်တို့၊ ပျားကြီးအုံတို့အကြောင်းကို ကြားဖူးနားဝ ရှိဖူးသည်။

ထိုအကောင်များသည် သူတို့ရန်သူများကို ဖွဲကောင်းကောင်းနှင့် ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်ကြလေ့ရှိသည်ဟု။ ဘယ်အထိ တိုက်ခိုက်နိုင်သလဲ ဆိုပါက ရေထဲငုပ်နေတာတောင်မှ ပေါ်လာသည်အထိ စောင့်ဆိုင်း၍ တိုက်ခိုက်တတ်ကြလေ့ရှိ၏။

ထိုသို့ တိုက်ခိုက်ခံရပါကလည်း ဦးခေါင်းအတုပ်ခံရက ဆံပင်များ တစ်ပတ်အတွင်း ဖြူသွားတတ်ခြင်း၊ ဖျားနာတတ်ခြင်းနှင့် အဆိုးဆုံးကား သေသည်အထိ ဖြစ်သွားတတ်ပေသည်။

'တော်တော် တွယ်လိုက်ကြတယ်ထင်တယ်။ မသေကောင်း၊ မပျောက်ကောင်းဗျာ ကျွတ်ကျွတ် ဒါနဲ့ ခင်ဗျား မသေဘဲ အခုလို အလတ်ကြီး ရှိနေနိုင်တာ ဆေးကောင်းဝါးကောင်းတော့ တွေ့သွားလို့နဲ့တူတယ်'

ဟု ကျွန်တော်က ပြောလိုက်ရာ သူက...

'အဲဒီအကြောင်း ဆရာကျုံကို ဆေးဆောင်းပါးကောင်းတစ်ပုဒ် ရေးစေချင်လို့ အခုလို လာပြောတာပေ့ါ။ ဆေးနည်းက လွယ်လွယ်လေးနဲ့ ကျုပ်အသက်ကို ကယ်သွားတာဗျ။

အဲ နေဦး နေဦး ဆေးနည်းထက် အဲဒီဆေးနည်းကို လမ်းညွှန်စေခိုင်းခဲ့တဲ့ ကျုပ် အထက်အရာရှိကြီး**(အလုပ်ရှုံတာဝန်ခံ မဟုတ်ပါ။ အမည်နာမနှင့် အဆင့်မထည့်ပါနှင့်ဟု တောင်းပန်ထားပါသည်။)**တစ်ဦးကြောင့် ကျုပ်အခုအချိန်အထိ မသေနိုင်ဘဲ စကားပြောနိုင်တာလို့ပြောမှ ပိုမှန်လိမ့်မယ်'

ဟု ကျွန်တော့်ကို ပြောပြသည်။ ထို့ကြောင့် ကျွန်တော်က...

'ခင်ဗျား အထက်အရာရှိကြီးပေးတဲ့ ဆေးနည်းက ဘယ်လိုလဲဗျ'

ဟု မေးလိုက်သည်။ ထိုအခါ သူက...

'ကျုပ် ဆရာသမားက ကျုပ်ကို လူနာလာမေးရင်း ပေးသွားတဲ့ ဆေးနည်းက အဲဒီပတ္တူတွေ တုပ်ထားတဲ့ ဒဏ်ရာတွေအားလုံးကို **ကြက်သွန်နီဥ အစိမ်းထုထောင်းလို့ရတဲ့ သတ္တုရည်နဲ့ မကြာခဏ ပွတ်တိုက်ခိုင်းလိုက်တာပဲ။**

ဒါနဲ့ပဲ (၂)ရက်အကြာမှာ အရှင်းသက်သာ ပျောက်ကင်းသွားတာပေ့ါ။ အဲဒီ ကျုပ်ကိုယ်တွေ့ဖြစ်ရပ်မှန်အကြောင်း နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ ရေးပို့ဖြစ်အောင် လုပ်စမ်းဗျာ။ ကျုပ်လို ကြုံလာခဲ့ရင် အသက်ဘေးက ကင်းအောင်လို့'

ဟု စေတနာပါသော စကားတို့ကို ရွှန်းလဲ့တောက်ပသော မျက်ဝန်းတို့ဖြင့် သူ ဆိုခဲ့ပြီ မဟုတ်ပါလား။

*မေ့ွာ ဟာဝေ ရက္ခတီ ဓမ္မစာရီ*

**သာထက်ဇော် (မကွေး)**

စာမျက်နှာ (၂၀၀)မှ အဆက်

ကျွန်တော်လည်း ဝမ်းသာအားရပြ[...]
ပြန်ပြောလိုက်သည်။

'သက်သာရုံတင်မကဘူး သူငယ်[...]
ချင်းရေ ပျောက်ကင်းသွားပြီထင်တာ[...]
ဒါနဲ့နေစမ်းပါဦး သူငယ်ချင်းရယ်[...]
သူငယ်ချင်းရဲ့ ဆေးနည်းလေးကို[...]
ပြောပြပါဦး။ ကျွန်တော့်လို ဘဝတူ[...]
ဒုက္ခရောဂါဝေဒနာရှင်များနဲ့ အများ[...]
ပြည်သူအားလုံး သိနိုင်အောင် ဓိဓိ[...]
ဒါနလဲ ဖြစ်သွားအောင် နက္ခ[...]
ရောင်ခြည်မဂ္ဂဇင်းမှာ ထည့်လိုက်[...]
လို့ပါ သူငယ်ချင်းရယ်'

ဟူ၍ သူငယ်ချင်းအား တောင်း[...]
လိုက်လေသည်။

ထိုအခါ သူငယ်ချင်း ကိုသန်းလွ[...]
က...

'ရေးလိုက်ပါဗျာ ထည့်ရေးလိုက်[...]
ဆိုပြီး သူပြောသော ဆေးနည်[...]
မှာ...

'ကြောင်ပန်းရွက် လက်တစ်ဆု[...]
ချင်းလက်တစ်ဆစ်၊ စပါးလင်တစ်[...]
(အရွက်များဖြတ်၍)၊ သက်ရင်း[...]
ရွက် (၁)ရွက် (သေးလျှင်နှစ်ရွက်[...]
ဆားအနည်းငယ်နှင့် ထမင်းအနည်း[...]
ငယ်တို့အား ရောတ်ဆုံတွင် ထည့်[...]
ထောင်း ကြေညက်စေးပိုင်သွား[...]
သုံး၍ရပါပြီ'

ဟူ၍ ပြောပြပါသည်။

**ကိုယ်တိုင်ကုသပေးပြီး ဆေး[...]
နည်းပါ ပြောပြပေးသော အင်း[...]
မြို့သစ်ဈေးမှ ဝန်ထမ်းသူငယ်ချ[...]
ကိုသန်းလွင်အား ဤစာရ[...]
အမှတ်တရ ကျေးဇူးတင်လျက်[...]**

**သစ္စာ မေတ္တာ ရှင်မှာထား၍[...]**

**မြို့သစ် မြင့်နော[...]**



www.burmeseclassic.com


www.burmeseclassic.com

ကွတ္တရောင်
ည် မဂ္ဂဇင်း၌
င် ကွင်း
သစ်ကွင်း
မျိုး ဝါး
တာစသည့်
သဘာဝ
တ် ထူး
၍နားလည်
က်ခဲသော
ဆန်သည့်
များစွာအား
သည့် တတ်
သူများက
အရင်များ
ပ် ပေးကြ
ည်။

အပြင် အချို့သူတို့သည်လည်း ဆန်းသည့် ပစ္စည်းများ၏ ပင်ကို များကို သိရှိကြကာ ဆောင် ခြင်းကြောင့် အမျိုးမျိုးသော ကျိုးကျေးဇူးများ ရရှိကြသည်ကို ရှုရသည်မှာ စိတ်ဝင်စားဖွယ် ဖြစ် ည်။

စာရေးသူသည် စပျစ်စိုက်ပျိုးရန် က် မြေနေရာပြုပြင်ရာတွင် ခြံနှင့် မလွတ်သော စာရေးသူတို့ တွင် ပေါက်ရောက်မှု လွန်စွာ သည့် တောင်ပေါ်ဒေသတွင်သာ က်ရောက်ခြင်းရှိသည့် အိမ်တိုင်လုံး အုံတုံပင်အား ခုတ်လှဲပစ်ရပါ ည်။

အုံတုံပင်၏အခေါက်သည် စေးတွဲ အာနိသင်ရှိ၍ အုံတုံပင်၏ ခေါက်ကို အမှုန့်ပြုကာ ရေးအခါက ားတည့်ရာတွင် အင်္ဂတေဖျော်စပ် ၌ အုံတုံပင်၏ အခေါက်အမှုန့်အား ကျ ထည့်ဝင်အသုံးပြုခဲ့ကြသည်။



# သစ်မြစ်ကွင်း

## နှင့် ပတ်သက်၍ သိသူများမှ ဖြေကြားပေးပါရန်

ယခုခေတ်အခါတွင်တော့ ဘိလပ်မြေက အဓိကနေရာက ဝင်ယူလာခြင်းကြောင့် အသုံးမပြုတော့ပေ။

အုံတုံခေါက်အမှုန့်အား အမွှေးတိုင်ပြုလုပ်ရာတွင်တော့ ယခုအခါ အသုံးပြုနေကြဆဲ ဖြစ်သည်။

အုံတုံပင်နေရာအား ထယ်ထိုးရာတွင် အုံတုံအမြစ်များစွာထဲမှ မထင်မှတ်ဘဲ ထူးထူးဆန်းဆန်း တစ်ခုနှင့်တစ်ခု ဆက်နေသည့် အုံတုံမြစ်ကွင်းအား တွေ့ရှိရလေသည်။

အုံတုံပင်ခုတ်လှဲပြီး (၆)နှစ်လောက်ကြာမှ တွေ့ရခြင်းဖြစ်လေသည်။ မာကျောသော အသားဖြစ်၍ ဆွေးမြည့်မသွား။

တွေ့ခဲ့ ရခဲသော အုံတုံမြစ် သစ်ကွင်းအား သိမ်းဆည်းကာ မည်သို့သော အသုံးများ ပြုနိုင်မလဲဆိုသည့် အတွေးများနှင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းအား လစဉ်လိုလို သစ်မြစ်ကွင်းနှင့် ပတ်သက်ပြီး ဆောင်းပါးများ ပါလေမလားဆိုသည့် မျှော်လင့်ချက်နှင့် အထူးဂရုထား ရှာဖွေဖတ်ရှုခဲ့သော်လည်း သစ်မြစ်ကွင်းနှင့် ပတ်သက်ပြီး ရေးသားထားခြင်း မတွေ့ခဲ့ရပါ။

သစ်ကွင်းများ အကြောင်းသာ ဖတ်ရှုရပြီး စာရေးသူ ရရှိထားသည့် **သစ်မြစ်ကွင်းနှင့် ပတ်သက်ပြီး မည်သို့အစွမ်းရှိ၍ မည်သို့ အသုံးပြုရမည်ဆိုသည်ကို သိရှိသူများမှ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ဆက်လက်တင်ပြပေးပါရန် ပန်ကြားအပ်ပါသည်။**

**အေးချမ်းအောင် (ရမည်းသင်း)**





www.burmeseclassic.com

www.burmeseclassic.com

သိဒ္ဓိဝင်

# မာတင်္ဂအဆောင်

အစီအရင်

မေတ္တာမောင်

ဘုရားအလောင်းတော် မာတင်္ဂဘဝ ဖြစ်ခဲ့ဖူးကြောင်း ဗုဒ္ဓဝင်နိပါတ်တော်များတွင် ပါရှိခဲ့သည်။ လောကီအစီအရင် ပညာရပ်များတွင် မာတင်္ဂအဆောင်ရုပ် အစီအရင်များကို လောကီပညာရှင်များက ဆောင်ရွက်မှုပြုကြသည်။

## မာတင်္ဂအစီအရင် ဆောင်ရွက်မှု

'မာတင်္ဂရုပ်တု ထုတာ သစ်အမျိုးအစား(၂)မျိုးရှိတယ်။ တစ်မျိုးက သူတောင်းစား အမြဲဆောင် အသုံးပြုတဲ့ ထမ်းပိုးကျိုးကို ဇ⸺ပ်မှုနဲ့ နံ့သင့်သားကို ထုလုပ်ခြင်းလို့ ရှိတယ်။

တချို့က ဂမုန်းပေါင်း၊ ပန်းပေါင်းတွေနဲ့လဲ ထုလုပ်စီရင်ကြတယ်။ အစွမ်းဆုံးက သူတောင်းစား ထမ်းပိုးကျိုးကို စီရင်ထုလုပ်မှုက ပိုအစွမ်းထက်တယ်လို့ ယုံကြည်လက်ခံကြတယ်။

နံ့သင့်သားဆိုတာက မိမိမွေးနံ့ရဲ့ ပဥ္စမမြောက်နေ့နံ့သား **ပဥ္စပွတ်သား**ကို အသုံးပြုရတယ်။ ဂမုန်းပေါင်း၊ ပန်းပေါင်းတွေကတော့ စုဆောင်းယူရတယ်။ တချို့ ဆရာတော်ကြီးတွေ၊ ဆရာကြီးတွေဆီမှာ အဆင်သင့် စုပေါင်းပြီးသားတွေ ရရှိတတ်ပါတယ်။

## နံ့သင့် ပဥ္စပွတ်သား ရွေးချယ်ပုံ

* * *

| | | |
|---|---|---|
| ✤ မွေးနံ့ တနင်္ဂနွေသားသမီးဆိုရင် | ➡ | ကြာသပတေးနံ့သစ်သား |
| ✤ မွေးနံ့ တနင်္လာသားသမီးဆိုရင် | ➡ | သောကြာနံ့သစ်သား |
| ✤ မွေးနံ့ အင်္ဂါသားသမီးဆိုရင် | ➡ | စနေနံ့သစ်သား |
| ✤ မွေးနံ့ ဗုဒ္ဓဟူးသားသမီးဆိုရင် | ➡ | တနင်္ဂနွေနံ့သစ်သား |
| ✤ မွေးနံ့ ကြာသပတေးသားသမီးဆိုရင် | ➡ | တနင်္လာနံ့သစ်သား |
| ✤ မွေးနံ့ သောကြာသားသမီးဆိုရင် | ➡ | အင်္ဂါနံ့သစ်သား |
| ✤ မွေးနံ့ စနေသားသမီးဆိုရင် | ➡ | ဗုဒ္ဓဟူးနံ့သစ်သား |

ကို အသုံးပြု ထုလုပ်ရတယ်။

## ပုံသဏ္ဍာန်အနေအထား

မုဆိုးဒူးထောက်၊ စအိုဖနောင့်ပိတ်ထိုင်ဟန်၊ ညာလက်ဒူးပေါ်တင်+ ဖလားတစ်လုံး ကိုင်ထားရမယ်။ လက်တစ်ဖက်က တောင်ဝှေးတစ်ချောင်းပါမယ်။ ခေါင်းပေါင်းထည့်ရမယ်။ အပေါ်တိုက်ပုံအင်္ကျီ၊ အပေါ်ဖုံးအင်္ကျီ၊ ပုဆိုးပါရမယ်။

မာတင်္ဂရုပ်တု စိမ်မှု စီရင်တဲ့အခါ တန်ခိုးကြီးဘုရား၊ သိမ်တွေမှာ စိမ်ရတယ်။ မိမိနေအိမ်မှာဆိုရင် ကန်တော့ပွဲတစ်ပွဲနဲ့ စိမ်ရတယ်။

ပန်း(၇)မျိုး၊ သစ်သီး(၇)လုံး၊ အမွှေးတိုင်(၇)တိုင်၊ ဖယောင်းတိုင်(၇)တိုင်၊ ရေစင်(၇)ခွက်ကို ဘုရားရှင်ကို ကပ်လှူပူဇော်ရမယ်။ အသိအိမ် (၇)အိမ်က ဆန် လက်(၇)ဆုပ်၊ ဒါမှမဟုတ် ဆန်နို့ဆီဘူး(၇)ဘူး ပါရမယ်။

မာတင်္ဂဂါထာတော်နဲ့ (၃၇)ခေါက်ရွတ်ပြီး သိဒ္ဓိတင် အသက်သွင်းရတယ်။



မာတင်္ဂပုံ ထုရန် နမူနာပုံ
(ဒဘားတိုက်မြင်မှ)

အဲဒီဂါထာကို တစ်နေ့(၉)ခေါ...
အနည်းဆုံး ရွတ်ဆိုရမယ်။

## မာတင်္ဂဂါထာတော်

ဥုံ ပိယော ဒေဝ မနုဿာနံ၊
ပိယော ဗြဟ္မာဏ မုတ္တမံ။
ပိယော နာဂသုပဏ္ဏာနံ၊
ပိယိန္ဒြိယံ နမာ မဟံ။
လာဘံ ဖေဟိ ဓနံ ဖေဟိ
ဓနံ ဖေဟိ လာဘံ ဖေဟိ။
နမော ဗုဒ္ဓါယ မေ သိဒ္ဓိ။

**အနက်**

**ဥုံ**၊ အန္တရာယ်ကင်း ရန်စွယ်ရှင်း... သတည်း။ **မုတ္တမံ**၊ အတုမရှိ တ... လောကလုံးထက် သာလွန်မြင့်မြ... တော်မူသော မြတ်စွာဘုရား... **ဒေဝမနုဿာနံ**၊ နတ်၊လူတို့... **ပိယော**၊ ချစ်အပ်၏။ **ဗြဟ္မဏ**... ပုဂ္ဂိုလ်သည်။ (တစ်နည်း) မကောင်း...

www.burmeseclassic.com

www.burmeseclassic.com



◆ ပြောဆိုရှင်းပြသော ဆရာဝဏ္ဏအောင်

ကို အပပြုပြီးသော(ကိလေသာ ကင်းကွာသော)ပုဂ္ဂိုလ်သည်။ **ပီယော၊** ချစ်အပ်၏။ **နာဂသုပဏ္ဏာနံ၊** နဂါးနှင့်ဂဠုန်တို့သည်။ **ပီယော၊** ချစ်အပ်၏။ **ဝိယိန္ဒြိယံ၊** ချစ်ဖွယ် စက္ခု စသောဣန္ဒြေရှိတော်မူသော မြတ်စွာဘုရားကို။ **အဟံ၊** အကျွန်ုပ်သည်။ **နမာမိ၊** ရှိခိုးပါ၏။

**လာဘံ၊** လာဘ်သည်။ **ဧဟိ၊** လာလှည့်။ **ဓနံ၊** ဥစ္စာသည်။ **ဧဟိ၊** လာလှည့်။ **ဓနံ၊** ဥစ္စာသည်။ **ဧဟိ၊** လာလှည့်။ **လာဘံ၊** လာဘ်သည်။ **ဧဟိ၊** လာလှည့်။ **ဗုဒ္ဓါယ၊** မြတ်စွာဘုရားအား။ **နမော၊** ရှိခိုးပါ၏။ **မေ၊** တပည့်တော်အား။ **သိဒ္ဓိ၊** အစစအရာရာ အောင်မြင်ပြီးစီးခြင်းသည်။ **(ဟောတု၊** ဖြစ်ပါစေသတည်း။)

*(ဤမာတင်္ဂါထာတော် ပါဠိအနက်တို့ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာ ဆရာကြီး ဦးစံတင့်(မွှာစရိယ၊ ဝိနယဓရ၊ တေနိကာယကောဝိဒ)မှ ပြန်ဆိုပေးပါသည်။)*

စီရင်ပြီးတဲ့ မာတင်္ဂရုပ်တုကို မိဘသဖွယ် အမြဲရှိသေလေးစားပြီး လိုအင်ဆန္ဒကို ပြောဆို တောင်းဆိုရတယ်။ ခန္ဓာကိုယ်မှာ ဆောင်မယ်ဆိုရင် အပေါ်ပိုင်းမှာ ဆောင်ရမယ်။ ခါးအောက်ပိုင်း မဆောင်ရဘူး။ အမွှေးနံ့သာ၊ ရေမွှေး အမြဲ ဆွတ်ပေးရတယ်။ (၇)အိမ်က ဆန်ကို ပန်းကန်လုံးတစ်လုံးနဲ့ တစ်ပတ်တစ်ကြိမ်လဲလှယ်လှူဒါန်းပေးရတယ်။

### အာနိသင်ထက်သိဒ္ဓိများ

ပီယသိဒ္ဓိ၊ ဓနသိဒ္ဓိ ပြည့်စုံစေတယ်။ အပြောအဆို အောင်မြင်တယ်။ အရောင်းအဝယ် ကောင်းတယ်။ မျက်နှာ ပွင့်လန်းတယ်။ စီးပွားတက်တယ်။ လူချစ်လူခင် ပေါတယ်။ အသံကြားသနား၊ မျက်နှာမြင် ချစ်ခင်တယ်။ နှစ်ချစ်တယ်။ အကြံအစည် အောင်မြင်စေတယ်ဆိုတဲ့ သိဒ္ဓိတွေ ပြည့်ဝစေပါတယ်။

မာတင်္ဂရုပ်တုတော်မှာ လောကီစီးပွားရေး၊ လောကီကိစ္စရပ်တွေမှန်သမျှ သိဒ္ဓိဝင် ပြီးမြောက်အောင်မြင်စေတဲ့ လောကီအစီအရင်ကောင်း တစ်ခုပါ။ (၇)ရက်သားသမီးတွေ၊ ယုံကြည်သူတွေ အစီအရင် ပြုလုပ်နိုင်စေဖို့ လမ်းညွှန်ပေးရတာပါပဲ'

လောကီပညာ အစီအရင်များကို လေ့လာကျွမ်းကျင် တတ်မြောက်ခဲ့သော ဆရာဦးဝဏ္ဏအောင်မှ ပြောဆိုရှင်းပြမှုအား ထပ်ဆင့် တင်ပြရေးသားလိုက်ရပါသည်။

**မေဃာမောင်**

# ခိုင်းနွားများ

## ခွာနာ ဖြစ်ခဲ့သော်



မြန်မာ့လယ်ယာလုပ်ငန်း များတွင် နွားများသည်အဓိကအခန်းမှာ ပါဝင်နေဆဲ ဖြစ်ပါသည်။ ထိုသို့သော ခိုင်းနွားများမှာ နေပူ၊ မိုးရွာမရှောင် လုပ်ကိုင်ရာမှ ခွာနာရောဂါ ရရှိတတ်ပါသည်။

စာရေးသူတို့ ရပ်ကွက်အတွင်း ခွာနာဖြစ်နေသော နွားများကို ဤဆေးနည်းအတိုင်း ပြုစု၍ နွားများ ခွာနာရောဂါ သက်သာ ပျောက်ကင်းသွားပါသည်။

ဤဆေးနည်းကို ဆရာကြီး တစ်ဦးထံမှ ရရှိ၍ စေတနာထား ကုသပေးရာ နွားများမှာ ခွာနာရောဂါမှ ကင်းဝေးစေပါသည်။

ငွေကုန်သက်သာ၍ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်များ ဗဟုသုတ ရကြစေရန် ဖော်ပြလိုက်ပါသည်။

(၁) ကြက်သွန်နီ (၁)ကျပ်သား
(၂) အင်တွဲ (၁)ကျပ်သား
(၃) ဒုတ္တာ (၁)ပဲသား

အထက်ပါဆေး (၃)မျိုးကို ကြိတ်၍ နေသွေ့အောင်လှန်းပြီး အုန်းဆီနှင့် ခွာနာဖြစ်သော နွားခြေထောက်ကို လိမ်းပေးပါ။ (၃)ရက် လိမ်းပေးပါက ခွာနာဖြစ်နေသော နွားများမှာ အလုပ်ခွင်တွင်ရှင်လန်းတက်ကြွစွာအသုံးပြုနိုင်မည်ဖြစ်ကြောင်းရေးသားလိုက်ပါသည်။

မှတ်ချက်

အင်တွဲ၊ ဒုတ္တာသည် (ပရ)ဆေးဆိုင်တွင် ရနိုင်ပါသည်။


**ရွှေတောင်ကိုနိုင်(မြောက်ဦး)**



www.burmeseclassic.com

www.burmeseclassic.com







ယခင်လမှ အဆက်

# တရုတ် ကြိုးထုံးပညာ (၄

ဟူကျင်ဇီ

အခြေခံ ကြိုးထုံးနည်း (၄၄)

蓮花观音

Líang Huā Guāng Yīn

လျန် ဟွား ကွမ်း ယင်း

ကြာပန်း

ကွမ်ယင်ကြိုးထုံး


ကြာပန်း အလယ်တွင် ကွမ်းယင်း ဗောဓိသတ္တ စံပယ် တော်မူဟန် ဖြစ်သည်။


ပုံ (၁)


လိုအပ်သော ပစ္စည်းများ ကွမ်းယင်းရုပ်တုနှင့် ရောင်စုံ ကြိုးများဖြစ်သည်။


ပုံ (၂)

သွပ်နန်းကြိုး သို့မဟုတ် လက်ကောက်ကွင်းငယ် စသည် ကွင်းတစ်ခုတွင် အရောင်ကွဲ ကြိုးစနှစ်စကို ငြိမ်းချမ်းရေးကြိုးထုံး *(ကြိုးထုံးပညာ အမှတ်(၄၄)တွင် ဖော်ပြပြီး ဖြစ်သည်။)* ချည်နည်းဖြင့် ချည်ပါ။










www.burmeseclassic.com

www.burmeseclassic.com




ပုံ (၃)

တစ်ခုကျော်မှ ကြိုးစကို ယူကာ ထပ်ချည်ပါ။

ပုံ (၄)

ဤသို့ဖြင့် ကွင်းပြည့်အောင် ချည်သွားပါ။

ပုံ (၅)

ကြိုးစတစ်ခုတည်းဖြင့် အခြားကွင်းတစ်ကွင်းပြည့်အောင် ချည်ပါ။

ပုံ (၆)

ပုံ(၄)တွင် ချည်ပြီးသော ကွင်းပေါ်သို့ ပုံ(၅)မှတစ်ရောင်တည်းကွင်းကိုထပ်ပါ။

ပုံ (၇)

အလယ်ဗဟိုတွင် ရုပ်တုတင်ပါ။

ပုံ (၈)

ကြာပန်းပွင့်အလယ်တွင် စံပယ်နေသော ကွမ်းယင်းဖောဓိသတ္တပုံတော် ရရှိပါပြီ။

ကြာပန်းသည် တရုတ်ဗုဒ္ဓဘာသာတွင် မြတ်စွာဘုရားရှင်၏ ကျက်သရေသြဘာနိမိတ်ဖြစ်သော ရတနာ(၈)ပါးတွင် အပါအဝင်ဖြစ်ရာ နောင်ပွင့်တော်မူမည့် ဘုရားလောင်း ဗောဓိသတ္တနှင့် တွဲဖက်ပူဇော်ခြင်းဖြင့် နေအိမ်ဂေဟာနှင့် လောကကမ္ဘာအတွက် မင်္ဂလာနိမိတ်ကောင်း ဖြစ်လေသည်။

**ဟူဂျင်းဇီ**

## အသားဆန်ပြုတ်

### ညှီနံ့ပျောက်အောင်

နာလန်ထ လူနာများအဖို့ အသားဆန်ပြုတ်ကိုသာ အားထားရစဉ် အသားညှီနံ့ကြောင့် ခံတွင်း ပို၍ ပျက်ရလေသည်။ ညှီနံ့ မထွက်စေရန် ကြက်သွန်နီ ပါးပါးလှီး ဆီသတ်ကာ အနေတော် အသားတုံး (ဝက်၊ ကြက်၊ ငါး စသည်) ကလေးများထည့်၍ ကြွပ်ရွသည်အထိ ကြော်ပါ။

ထို့နောက် ငါးပိ၊ ငံပြာရည် အနည်းငယ်ထည့်၍ ဆေးထားသောဆန်အား ထပ်မံထည့်ကာ



ကြော်ပါ။ အနည်းငယ် နီရောင်သန်းလျှင် ရေထည့်ကာ နူးနပ်သည်အထိ ကျိုပေးပါက အညှီနံ့ ပျောက်ကင်းသော အသားဆန်ပြုတ်ကို ရရှိပါမည်။

**အေးဝင်းသန္တာ**



www.burmeseclassic.com

www.burmeseclassic.com



# ဆေးဒန်း အသုံးချနည်း

ယခု ရေးသား ဖော်ပြပေးသွားမည်မှာ ဆေးဒန်းသား အသုံးချနည်း အများအပြားရှိသည့်အနက်မှ ကိုယ်တွေ့လမ်းစဉ်တစ်ခုမျှသာ ဖြစ်ပါသည်။

မိမိသည် ဆေးဒန်းနှင့် ပတ်သက်သမျှ ဖမ်းနည်းများကို အတော်အသင့် ရေးသား ဖော်ပြပေးခဲ့ဖူးပါသည်။ သို့သော်လည်း အဂ္ဂိရတ်ဝါသနာရှင်များ အနေဖြင့် ပေါက်ပေါက်ရောက်ရောက် အောင်မြင်ဖြစ်သောပုဂ္ဂိုလ် အတော်နည်းလှပါသည်။

ဝါသနာရှင်အပေါင်းကို တိုက်တွန်းလိုသည်မှာ စဉ်းစားဆင်ခြင်၍ ဉာဏ်လွှာသုံးတတ်ဖို့ရန် ဖြစ်ပါသည်။ မိမိ ရေးသားထားသည်များကို အမှီပြုပြီး ရရှိလာသော ဆေးဒန်းသားကို အကောင်းဆုံးဖြစ်စေရန် လုပ်တတ်ကြံတတ်ဖို့ လိုပါသည်။

မိမိ ရေးသား ဖော်ပြခဲ့ဖူးသော နည်းနှင့် ဖမ်း၍ရသော ဓာတ်သားမှာ အမှန်တကယ် အသုံးဝင်ပါသည် ဆိုသည်ကိုမူ အထူးရေးလိုပါသည်။

ဖမ်း၍ ရရှိတာကလေးနှင့် မပြီးပါ။ ယင်းဓာတ်သားကို မီးချက်ဝံ့ရန်နှင့် သန့်စင်မှုရှိရန် အရေးကြီးလှပါသည်။ **“ဘယ်အဆင့်၊ ဘယ်အနေအထား၊ ဘယ်အရောင်အသွေးမျိုး ရောက်မှ သန့်ရှင်းမှုရှိတာပါလဲ”** ဟု မေးရန်ရှိပါသည်။

ရှင်းအောင် ရေးရမည်ဆိုပါလျှင် ဓာတ်သားမှာ အဆီခန်းခြောက်ပြီး ကျစ်လျစ် သိပ်သည်းမှုရှိမှ ဖြစ်ပါမည်။

ပြောင်တောင်တောင်နေပါလျှင် ဓာတ်ဆီ မခန်းသေးဘဲ ရှိနေသည်ကို သတိပြုရပါမည်။ ယင်းအဆီ ရှိနေ့၊ ခံနေပါလျှင် အများ မျှော်လင့်ထားသကဲ့သို့ တွဲစပ်ကြည့်ရာ၌ ယင်းအဆီက ကြားခံနေပါသဖြင့် မိမိလိုသလို ဖြစ်၍မလာပါ။

ဤကဲ့သို့ မိမိလိုသလို မဖြစ်သည့်အပြင် ဓာတ်သားမှာ ချော်ဘက်သို့ လိုက်သွားမည်မှာ မလွဲပါ။ ဤသည်မှာ အရေးကြီးသောအခန်း ဖြစ်ပါသည်။ အထက်က ရေးသားသကဲ့သို့ ဂရုစိုက်ကြပါလေ။

ယခုတော့ ဆေးဒန်းဓာတ်သားကောင်းတို့၏ အသုံးဝင်ပုံကို ရေးသား ဖော်ပြပေးသွားပါတော့မည်။

အထက်က ရေးသားခဲ့သည့် အဆီခန်းခြောက်၍ သန့်ရှင်းနေသော ဆေးဒန်းဓာတ်သားမျိုး ဆိုပါလျှင် ဥပမာ ဓာတ်သားတစ်ကျပ်သားရှိလျှင် ကိတ်တစ်မတ်သားနှင့် တွဲစပ်လျှင် လုံလောက်ပါပြီ။ ယင်းနှစ်ပါး ကောလီဖြစ်သွားအောင် ထိုးလိုက်ပါ။ မကြာခင်မှာပဲ ကောလီဖြစ်သွားပါမည်။

တဖြည်းဖြည်းချင်း အရောင်မှာလည်း လိုက်၍ လာပါမည်။ အရောင်အပြည့်အဝ မလိုက်သေးသော်လည်း ဓာတ်မှာ အလုပ်၊လုပ်သောအဆင့်သို့ ရောက်ရှိပါတော့သည်။

အလုပ်၊လုပ်ပုံမှာ ထုံကျပြဒါးကို ဆေးဒန်းဓာတ်လုံးနှင့် ဖိပြီး ဖုတ်ပါ။ ဓာတ်အရည်ဖြစ်စရာ မလိုပါ။ ယင်း ဖုတ်၍ရခဲ့သော အသားကို အုပ်၊ ဆားနှင့် သိပ်ပြီး ထိုးချပါ။

ရရှိလာသော အသားမှာ တစ်ခါတလေ မည်းပြီး၊ တစ်ခါတလေ အဖြူ ဖြစ်တတ်ပါသည်။ ဖြူဖြူမည်းမည်း ကိတ်အနည်းငယ် ထည့်ပေးလိုက်ပါ။ အားလုံးအပြီးအစီး ထွက်၍လာပါတော့သည်။

ဆေးဒန်းလုံးတို့မည်သည် ပျိုသည်ဟူ၍ မရှိပါ။ ဝါသနာရှင်များ ဒါကို သိရှိထားဖို့ရန် လိုပါသည်။ ဒါက ဓာတ်နှင့်ဖိပြီး လုပ်ပုံလုပ်နည်းမျှသာ ဖြစ်ပါသည်။

နောင် အလျဉ်းသင့်ပါလျှင် ယင်း ဓာတ်လုံးနှင့် (ကျစ်)ထုတ်ပုံထုတ်နည်းကို ရေးသား ဖော်ပြပေးပါမည်။

ဦးသုမန (မစိုးရိမ်)



www.burmeseclassic.com

www.burmeseclassic.com



ကျော်ရင် (ပညာ) ဟသ်ာတ

အစွမ်းထက်မြတ်

# သင်္ဘောရွက်

တစ်နေ့ တက္ကသိုလ် ပိတောက်လမ်း ဘက်ရှိ ကိုမင်းကြူတို့ မိသားစုအိမ်သို့ ရောက်သွားသည်။ မတွေ့တာကြာပြီ ဖြစ်၍ ဝမ်းသာအားရ ဆီးကြိုကြသည်။ အိမ်ပေါ်တွင်ထိုင်မိ၍ စကားပြောကြ ရင်း ကျွန်တော့်လက်ထဲမှ မတ်လထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို တွေ့သွား သည်။

အိမ်ရှင် ဒေါ်မိမိအေးက...

'ဆရာကြီးက. နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှာ စာရေးနေတော့ အတော်ပဲ။ ကျွန်မဆီမှာ မိတ္တူကူးတဲ့စာတစ်စောင် ရှိတယ်။ ဖတ်ကြည့်ပါလား'

ဟု ဆိုလာပါသည်။

ဒေါ်မိမိအေးမှာ အမှတ်(၄) မူလ တန်းကျောင်းမှ ဆရာမတစ်ဦးဖြစ်ပြီး ပန်းချီ၊ စာပေနှင့် တိုတိုစစ ဝါသနာ ပါသူ ဖြစ်သည်။ ဒေါ်မိမိအေးပေးသော မိတ္တူကူးထားသည့် စာအား ဖတ်ကြည့် ရာ အလွန်စိတ်ဝင်စားသဖြင့် ချက်ချင်း အနီးရှိ မိတ္တူကူးဆိုင်တွင် မိတ္တူကူး ယူလိုက်ပါသည်။

စာမှာ ''မင်းယုဝေ'' ရေးသားသော **''ကင်ဆာရောဂါနှင့် သင်္ဘောရွက်''** ခေါင်းစဉ်နှင့်အပြင် ဒေါက်တာခင်ရွှေ (တိရစ္ဆာန်ဆေးကုဆရာဝန်) ရေးထား သည့် ဘာသာပြန်ဆောင်းပါး တစ်ပိုင်း တစ်စလည်းပါသည်။

သင်္ဘောရွက်သည် ကင်ဆာရောဂါ ပျောက်ကင်းကြောင်းကို အထောက် အထား ခိုင်လုံစွာဖြင့် ရေးသားထား ပါသည်။ စာမှာ အဓိကလိုရင်းအချက် များကို ရွေး၍မိတ္တူကူးထားသည်ဖြစ် ခြင်းကြောင့် မည်သည့်နေ့ထုတ် ဆောင်းပါးဟု မသိရပါ။

သို့သော် စာထဲတွင် ဆရာမင်းယုဝေ က...

'လွန်ခဲ့သော (၃၅)နှစ်ကျော်က မြဝတီ စာပေတိုက်တွင် ကျွန်တော် အယ်ဒီတာချုပ် အဖြစ် တာဝန်ထမ်းဆောင်နေချိန်က ဖြစ် သည်။

ဟု ရေးသားထားသည်။

ဆရာမင်းယုဝေက သင်္ဘောရွက် အစွမ်းကို အောက်ပါအတိုင်း ဖော်ပြ ထားပါသည်။ စာရှည်မည်စိုး၍ အဓိကကိုသာ အကျဉ်းချုံး၍ ရေးသား ပါမည်။ သင်္ဘောရွက်၏ ကင်ဆာ ရောဂါ ပျောက်ကင်းပုံကို အများသိရှိ အသုံးပြုနိုင်ရန်ဖြစ်ပါသည်။

ဆောင်းပါးတွင် ရန်ကုန်ဆေးရုံကြီး ဓာတ်ရောင်ခြည်ဌာန တာဝန်ခံ ဆရာ ဝန်ကြီး ဒေါက်တာတင်အောင်ထံ ကင်ဆာရောဂါဖြစ်နေသော ဆရာ တော်တစ်ပါးကြွလာသည်။ ဓာတ် ရောင်ခြည်ကင်ဖို့ စီစဉ်ရာ လက်မခံဘဲ ပြန်ကြွသွားပါသည်။

နောင်(၃)လကျော်အကြာမှာ ပြန်ကြွ လာ၍ စစ်ဆေးကြည့်ပါသည်။ ကင်ဆာ ပျောက်ကင်းနေကြောင်း သိရသဖြင့် ''ဘာဆေးသောက်သလဲ''မေးကြည့်ရာ သင်္ဘောရွက်စိမ်း သတ္တုရည်ကိုသာ သောက်ကြောင်း ပြောပြပါသည်။

ဒေါက်တာခင်ရွှေ (တိရစ္ဆာန်ဆေး ကုဆရာဝန်) ဘာသာပြန်ထားသော ဆောင်းပါးတွင်...

'ဩစတြေးလျနှင့် နယူးဇီလန်၌ သင်္ဘောပင်ကို ပေါ်ပေါ်ဟုခေါ်ကြောင်း သင်္ဘောရွက်အရည်သည် ဩစတြေး လျနိုင်ငံ ရွှေကမ်းခြေရှိလူများအား ကင်ဆာရောဂါ ပျောက်စေကြောင်း၊ မစ္စတာစတန်ရှယ်တန်သည် သင်္ဘော ရွက်သတ္တုရည်သောက်ခြင်းဖြင့် ၁၉၆၂ ခုနှစ်က စွဲကပ်ခဲ့သော ကင်ဆာသည် နောင် ဘယ်တော့မှ ပြန်မပေါ်တော့



www.burmeseclassic.com

www.burmeseclassic.com

ကြောင်း ရှယ်တန်၏ဖနီးသဲ့သည့် ကင်ဆာရောဂါပျောက်ကြောင်း ဆေးမြီးတိုကို အခြားဝေဒနာသည်တို့အား ဖြန့်ဝေပေးရာ (၁၆)ယောက် ပျောက်ကင်းကြောင်း...'

ရေးသားထားပါသည်။

ထို့ပြင် သေလုဆဲဆဲဖြစ်နေသော လူနာအား သဘော်ရွက်ပြုတ်ရည်နှင့် ကုရာ ပျောက်ကင်းကြောင်း၊ အရွက်တို့ကို အခြောက်လှန်း၊ အမှုန့်ထောင်း၍ သုံးစွဲပါက ပို၍စွမ်းကြောင်း ဗိုင်းရပ်စ်ပိုးများ၊ မှိုများနှင့် ကင်ဆာဆဲလ်တို့ကို တိုက်ဖျက်ကြောင်း၊ ကင်ဆာကျိတ်တို့ကို ထူးကဲစွာချေဖျက်ပေးကြောင်း၊ ခုခံအားကျဆင်းမှုတို့၏ ကယ်တင်ရှင်ဖြစ်ကြောင်း...

အစာအိမ်နှင့် အူလမ်းကြောင်း ကင်ဆာတို့ကို တိုက်ဖျက်ကြောင်း ရေးသားထားပါသည်။ တုတ်ကွေးရောဂါ၊ လည်ချောင်းရောဂါများကိုလည်း ပျောက်ကင်းပါသည်။

ဆရာမင်းယုဝေက **ထမင်းစားတိုင်း သဘော်ရွက်စိမ်းကို ရေဆေးဖြော၍ မကြာခဏစားကြောင်းနှင့် အသက်(၈၃)နှစ် ရှိသော်လည်း ဘာရောဂါမှမရှိ၊ ကျန်းမာပေါ့ပါး ဖျတ်လတ်လျက်ရှိကြောင်း** ရေးသားထားပါသည်။

ကျွန်တော်သည် သဘော်ရွက်၏ အစွမ်းထက်ကြောင်းကို ဤသို့ ကျယ်ကျယ်ပြန့်ပြန့် သိလိုက်ရသဖြင့် လည်ချောင်းရောဂါဖြင့် ကွယ်လွန်သွားရှာပြီဖြစ်သော မိခင်ကြီးအား ပြန်လည်သတိရမိပါသည်။ ဤဆေးနည်းအား ထိုအချိန်က သိလိုက်ရလျှင်ဟူသော အတွေးဝင်လိုက်မိပါသည်။

မိတ္တူကူးထားသော ထိုဆောင်းပါးကို နှစ်သက်ယုံကြည်စွာယူလာပြီး အိမ်ရောက်၍ စိတ်ဝင်စားစွာ ဖတ်နေစဉ် အိမ်နားနီးမှ မဝတ်ရည်နိုင်ဝင်းဆိုသူ တက္ကသိုလ် စာပေးစာယူ ကျောင်းသူတစ်ယောက် ရောက်လာသည်။

အစာအိမ်ကြောင့် အမြဲတမ်း အောင့်အောင့်နေပြီး ရှုံ့မဲ့နေသည်ကိုသာ တွေ့မြင်နေရသည်။ ယခုအခါ ရွှင်ရွှင်ပျပျဖြစ်နေသည်ကို တွေ့ရသဖြင့် "ဗိုက်အောင့်တာ ဘယ်လိုနေသေးလဲ"ဟု မေးကြည့်ပါသည်။ သဘော်ရွက်ဆေးနည်းပေး၍ စမ်းသပ်ကြည့်လိုသော ရည်ရွယ်ချက်ဖြင့် မေးခြင်းဖြစ်ပါသည်။

'ပျောက်သွားပြီ ဘဘရဲ့'

'ဟုတ်လား ဘာဆေးနဲ့ ပျောက်သွားတာလဲ ပြောပါဦး'

'ဒီလို ဘဘရဲ့ ပုစွန်ခြောက်ကို အမှုန့်ထောင်း သဘော်ရွက်ကို အစိမ်းပါးပါးလှီးပြီး သုံး,လေးခါ သုပ်စားတာ အခုမအောင့်တော့ဘူး။ အစာအိမ်ကောင်းသွားပြီ။ အတော့်ကို ခါးတာ မျက်စိမှိတ်ပြီး မနည်းမျိုချရတယ်။ ဒါတောင် ပုစွန်ခြောက်ပါလို့'

ဟု ပြောပြပါသည်။

ထိုကြောင့် သဘော်ရွက်သည် အထောက်အထား ခိုင်လုံစွာဖြင့် ရောဂါပျောက်ကင်းပါကြောင်း ရေးသားလိုက်ရပါသည်။

**ဆောင်းပါးရေးသားခဲ့သော ဆရာနှင့် မိတ္တူစာရွက်ပေးသော ဆရာမ ဒေါ်မိမိအေးတို့အား ကျေးဇူးတင်လျက်...**

ကျော်ရင် (ပညာ)
*ဟသ်ာတ*

အမျိုးသမီးများ
## နို့ရည် မထွက်သော်



(၃-၄-၂၀၁၂) နေ့မှာတော့ ဝန်းသိုမြို့နယ်၊ သဲချောင်းရွာမှ ဦးချစ်မုန်းနှင့် မမျှော်လင့်ဘဲ တွေ့ရသည်မှာ ဝမ်းသာမိပေသည်။

ထို ဦးချစ်မုန်းမှာ ဓာတ်ဗိန္ဒောဆရာကြီးတော့ မဟုတ်ပေ။သူ၏အဘိုးလက်ထက်က ကျန်ရှိနေသေးသော ဆေးမှတ်စုများမှ ဆေးမြီးတိုများကို ရောဂါဝေဒနာ ခံစားနေရသူများအားစေတနာကောင်းဖြင့် ဖြန့်ချီနေသူ ဖြစ်ပါသည်။

ထိုနေ့က သူပြောပြသော ဆေးနည်းမှာ နို့ရည်မထွက်၍ စိတ်ညစ်နေရသော အမျိုးသမီးများအတွက် ဆေးနည်းကောင်းတစ်လက် ဖြစ်ပါသည်။

ထိုဆေးနည်းမှာ သူ၏ သားဦးလေးတုန်းကလည်း သောက်သုံးခဲ့ရသည်။ ရွာထဲမှ အမျိုးသမီးအချို့လည်း သောက်သုံး၍ အကျိုးခံစားရကြောင်း ပြောပြ၍ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်အား သတင်းကောင်းပါးလိုက်ပါသည်ခင်ဗျား။

ဆေးမြီးတိုမှာ မခက်ပါ။

သဘာဝ စိမ့်တော၊ မြိုင်တော အင်းအိုင်များ၌ ပေါက်ရောက်တတ်သော သင်ပင်များ ရှိပါသည်။ ထိုသင်ပင်၏ အကြောဖြင့်(ပန်းတနော်ဖျာ) ဖျာများ ရက်လုပ်တတ်ကြပေသည်။

ထိုသင်ပင်၏ အမြစ်ခေါင်းကို သုံးခွက်တစ်ခွက်ကျန်အောင် ကျိုပြီး လက်ဖက်ရည်သောက်အကြမ်းပန်းကန် တစ်လုံးခန့် တစ်နေ့သုံးကြိမ် သောက်ပေးခြင်းဖြင့် အကျိုးခံစားနိုင်ကြောင်း သိရပါသည်။

*လိုအင်ဆန္ဒ ပြည့်ဝကြပါစေ။*

**အောင်နိုင်ဝင်း**
*(မိဿလင်ဂျင်း)*



www.burmeseclassic.com

www.burmeseclassic.com



# ကျွန်တော်နှင့် သာမညဆရာတော်ကြီး

## ၏ ထူးခြားဆန်းကြယ် ဖြစ်ရပ်ဆန်းများ (၂)

လင်းလက်ထိန်
(မှော်ဘီ)



**ယခင်လမှ အဆက်**

ကျွန်တော်
အိပ်မက်မှ နိုးခဲ့သော
အချိန်က နံနက်(၃)နာရီ
ထိုးတွင် ဖြစ်သည်။
ကျွန်တော်လည်း
အိပ်မက်အကြောင်းကို
ပြောပြရင်းမှ ပြန်လည်
အိပ်စက်ခြင်း မပြုတော့ဘဲ မိခင်ဖြစ်သူ
ကို နှိုးကာ...

'အမေ ကျွန်တော် အိပ်မက်, မက်တယ်။ အိပ်မက်ထဲမှာ ကျွန်တော်က သာမည ဆရာတော်ကြီးဆီသွားပြီး အမေ့သမီးရောဂါကို ပျောက်ကင်းအောင် မ,စပါ။ လည်ချောင်းဖောက်ပြီး ကုသမှု မခံရပါစေနဲ့လို့ လျှောက်တော့ ဆရာတော်ကြီးက "အေး... လွှတ်လိုက်မယ်၊ ဘာမှ မပူကြနဲ့လို့ ပြောတယ် အမေရဲ့"'

ဟု အိပ်မက်အကြောင်းကို ပြောပြသော် အမေသည် ဝမ်းသာလွန်းလှစွာနှင့်...

'ဟုတ်လား ဆရာတော်ကြီးက ဘာမှမပူနဲ့ လွှတ်လိုက်မယ်လို့ ပြောသလား။ အမေ ဝမ်းသာလိုက်တာ ဆရာတော်ကြီး ကယ်မှပဲ ဒီရောဂါကပျောက်မှာ၊ ဆရာတော်ကြီးကို ကျေးဇူးတင်လိုက်တာကွယ်'

ဟု ဆရာတော်ကြီးကို အိပ်မက်, မက်သည် ဆိုရုံမျှနှင့် အမေ့မှာ ယုံကြည်မှု သဒ္ဓါတရားများ ဖြစ်ပေါ်လာပြီး သူ့သမီးငယ်မှာ အမှန်မုချ ရောဂါ ပျောက်ကင်းလိမ့်မည်ဟု တထစ်ချ ယုံကြည်နေရှာပေ၏။

'ကဲ... အမေ ဘုရားဆွမ်းကပ်ဖို့ ဆရာတော်ကြီးအတွက်ပါ ဆွမ်းချက်



www.burmeseclassic.com

www.burmeseclassic.com

ဗျာ၊ ဘုရားဆွမ်းကပ်ပြီးရင် ဆရာတော်ကြီးကိုလဲ ဆွမ်းကပ်ပြီး အမေ့သမီးရောဂါ ပျောက်ကင်းအောင် ထပ်ဆုတောင်းလိုက်ပေါ့။ ကျွန်တော်လဲ လက်ဖက်ရည်ဆိုင်ဖွင့်အမီ သွားတော့မယ်ဟု ပြောပြီး စက်ဘီးဆွဲကာ အိမ်မှထွက်ခဲ့လေတော့သည်။

ထိုစဉ်က ကျွန်တော်တို့ မိသားစုမှာ တစ်နေရာစီ ခွဲကာ နေထိုင်ကြရသောအချိန် ဖြစ်သည်။ လက်ဖက်ရည်ဆိုင်တွင် ကျွန်တော့်ညီမဖြစ်သူ ပိုးပိုးက တူမလေးဖြစ်သူ သီတာနှင့်အတူနေပြီး ကျွန်တော်ကား မှော်ဘီမြို့မှ ငါးမိုင်ကွာဝေးသည့် ကျွန်တော်တို့နေထိုင်ရာ ဘောကုန်းကျေးရွာရှိ အိမ်၌ မိခင်ဖြစ်သူနှင့်အတူ ညစဉ် ပြန်အိပ်ရသဖြင့် လက်ဖက်ရည်ဆိုင်သို့ နေ့သွား၊ ညပြန် ပြုလုပ်နေရသောအချိန် ဖြစ်သည်။



အစ်မဖြစ်သူကမူ ရန်ကုန်မြို့ရှိ အဒေါ်တော်စပ်သူ (အမေ့ညီမငယ်) နေအိမ်၌ နေထိုင်ပြီး လျှပ်စစ်ပစ္စည်းမျိုးစုံ ရောင်းချသည့် စတိုးဆိုင်ကြီး (ဆိုင်၏အမည်မှာ ဦးရွှေလင်း + ဒေါ်ကျင်ကျင် လျှပ်စစ်ပစ္စည်း အရောင်းဆိုင် ဖြစ်သည်။)တွင် အလုပ် လုပ်ကိုင်လျက်ရှိရာ ရန်ကုန်မှာပင် အနေများပါသည်။

ဤသို့နှင့် ကျွန်တော်လည်း စက်ဘီးစီး၍ အိမ်မှထွက်ခဲ့ရာ လက်ဖက်ရည်ဆိုင် တည်ရှိသော မှော်ဘီမြို့ တပ်ကြီးကုန်းကျေးရွာသို့ ရောက်တော့ မိုးစင်စင်လင်းပြီ ဖြစ်သည်။ ညီမဖြစ်သူမှာ ဆိုင်သို့ လက်ဖက်ရည် လာသောက်သူများဖြင့် အလုပ်ရှုပ်နေပေပြီ။

ကျွန်တော်ရောက်တော့ ညီမငယ်က...

'ကိုကို ငါ ဒီနေ့ ရန်ကုန်သွားရမှာဆိုတော့ တကယ်လို့ ဆေးရုံတက်နေရရင် ပြန်လာနိုင်မှာ မဟုတ်ဘူး။ လက်ဖက်ရည်ဆိုင်ကိစ္စ နင့်ဘာသာနင်ကြည့်ပြီး စီစဉ်တော့နော်။ အမေ့ကိုလဲ ရွာမှာ တစ်ယောက်တည်း ပစ်မထားခဲ့နဲ့ဦး။ အမေနဲ့ အဖော်အဖြစ် ညအိပ်နေပေးဖို့ တစ်ယောက်ယောက်ကို သေသေချာချာ မှာခဲ့ပြီးမှ နင်က လက်ဖက်ရည်ဆိုင်မှာ လာအိပ်ပါ။ ဆိုင်မှာကလဲ သီတာ တစ်ယောက်တည်းဆိုတော့ နင်ရှိမှ ဖြစ်မှာပါ'

ဟု လေသံကလေးဖြင့် နောက်ကြောင်း မအေးသည့်အလား ကျွန်တော့်ကို ပြောဆို မှာကြားနေ၏။

'နင် သွားစရာရှိတာ စိတ်ချလက်ချ သွားပါ။ ငါ အကုန်လုံး အဆင်ပြေအောင် စီစဉ်ပါ့မယ်။ နင့်ရောဂါကိုသာ နင်ပျောက်အောင်ကု၊ ဘာမှ စိတ်ဓာတ်မကျနဲ့၊ ငါ ညက သာမည ဆရာတော်ကြီးကို အိပ်မက်,မက်တယ်'

ဟု ကျွန်တော်က အိပ်မက်အကြောင်း သူ့ကို ပြောပြလေ[...]

ညီမငယ်မှာ ဝမ်းသာအားရဖြစ်ပြီး စိ[...] ဓာတ်လည်း အတော်တက်သွား[...] ရှိသည်။ ကျွန်တော့်ကိုလည်း...

'ကိုကိုရယ် နင်ပြောလို့ ငါ တက[...] အားရှိသွားပြီ။ ဆရာတော်ကြီး[...] အိပ်မက်ထဲမှာ လွှတ်လိုက်မယ်လို့[...] တော့ ငါ့ရောဂါ ပျောက်အေ[...] တကယ် လွှတ်လိုက်မှာပါ။ ငါယုံ[...] ဒီအတိုင်းဆို ဆရာတော်ကြီးက [...] ပစ်ထားမှာ မဟုတ်ပါဘူး'

ဟု ပြောပြီး ရန်ကုန်သို့ သွား[...] ပြင်ဆင်လေတော့သည်။ နံနက် [...] နာရီခွဲတွင် ကျွန်တော့်ညီမငယ်[...] (မှော်ဘီ + ရန်ကုန်) ဟိုင်းလပ်ကား[...] ရန်ကုန်သို့ ထွက်ခွာသွားလေ[...] သတည်း။။

## ညီမငယ်၏ အသံမထွက်သည့် ရောဂါ ပျောက်ပြီ

ဤသို့ဖြင့် ကျွန်တော့်ညီမငယ် [...] သည် (မှော်ဘီ + ရန်ကုန်) ဟိုင်း[...] ကားဖြင့် ရန်ကုန်သို့ ထွက်ခွာလာခဲ့[...] မင်္ဂလာဒုံသို့ ရောက်လျှင် ကျိုက်[...] စေတီတော်ရှေ့ရှိ (မင်္ဂလာဒုံ + ရန်[...] (၅၁)လိုင်း ဟိုင်းလပ်ကားဂိတ်၌ [...] ပြောင်းစီးသည်။

အဘယ်ကြောင့်ဆိုသော် [...] ကားကို ဆက်လက်စီးသွားပါက [...] လိုက် အဝေးပြေးဂိတ်တွင် ([...] + ရန်ကုန်) ဟိုင်းလပ်ကားများ ဂိတ်[...] ဖြစ်ပြီး ရန်ကုန်မြို့တွင်းအထိ မ[...] ချေ။ ထို့ကြောင့် သူမက ရန်ကု[...] ဆူးလေပန်းခြံအထိ ရောက်သော [...] လိုင်း (မင်္ဂလာဒုံ + ရန်ကုန်) ဟို[...] ကားကို ပြောင်းစီးခြင်း ဖြစ်သည်[...]

သူမလည်း (၅၁)လိုင်းကား[...]



www.burmeseclassic.com

www.burmeseclassic.com

နင်းလိုက်ပါခဲ့လေရာ စော်ဘွားကြီးကုန်း, ဆယ်မိုင်ကုန်း အစရှိသည်တို့ကို ကျော်ဖြတ်လာပြီးနောက် မဟာစည်ဆတိုင်တွင် ခရီးသည် အတင်အချပြုလုပ်၍ ကားခဏရပ်စဉ် အသက် (၇၀)ကျော်ခန့်ရှိ အဒေါ်ကြီး တစ်ယောက် ကားပေါ်သို့ တက်လာပါသည်။

ထိုအဒေါ်ကြီးသည် ယောဂီရောင်ခြည်ကို ဝတ်ဆင်ထားပြီး အဖြူရောင် ရင်ဖုံးအင်္ကျီပေါ်မှ ယောဂီရောင် အပေါ်ဖုံးအင်္ကျီ ခပ်နွမ်းနွမ်းကို ဝတ်ဆင်ထားကာ ခန္ဓာကိုယ် ပိန်ပိန်ပါးပါးနှင့်ဖြစ်ချေ၏။ ထိုအဒေါ်ကြီး ကားပေါ်သို့ ရောက်သော် ကားစပယ်ယာမှ ယာဉ်စီးခ (၅)ကျပ်ကို တောင်းလေသည်။ (ထိုစဉ်က မင်္ဂလာဒုံ + ရန်ကုန် ကားများ၏ ယာဉ်စီးခမှာ ၅ ကျပ်သာ ဖြစ်သည်။)

ထိုသို့ ယာဉ်စီးခ ကားခကို တောင်းလေသော် အဒေါ်ကြီးက...

'သားရယ် အမေ့မှာ ကားခပေးစရာ ပိုက်ဆံ မပါဘူးကွယ်'

ဟု ကားစပယ်ယာအား ပြောသော် စပယ်ယာက...

'ဟာ... ခင်ဗျားကြီးကလဲ ကားခမပါရင် ကားမစီးနဲ့ပေါ့ဗျ။ ဒါ စီးပွားရှာနေတာ၊ အလကား အပျော်လုပ်နေတာ မဟုတ်ဘူး'

ဟုဆိုကာ ကားမောင်းသည့် ဒရိုင်ဘာအား ကားကို လှမ်းအော်ရပ်ခိုင်းပြီး ဆင်း... ဆင်း၊ ပိုက်ဆံမပါရင် မတင်ဘူးဟု ပြောဆိုကာ အဒေါ်ကြီးကို ကားပေါ်မှ ဆင်းစေ၏။

ထိုအခါ ကျွန်တော့်ညီမငယ် ပိုးပိုးက နေသာတော့ဘဲ စပယ်ယာကို စုတ်သပ် အချက်ပေးပြီး ပိုက်ဆံ (၅)ကျပ်



ကို ထုတ်ပြကာ အဒေါ်ကြီးကို သူမ၏ နံဘေး လွတ်နေသည့် ထိုင်ခုံနေရာကို လက်ယပ်ခေါ်ကာ ထိုင်စေပါသည်။ ပိုက်ဆံ (၅)ကျပ် ရပြီဖြစ်သဖြင့် စပယ်ယာလည်း ဘာမျှ မပြောတော့ဘဲ ကားကို ဆက်မောင်းစေ၏။

ကားထွက်သည်နှင့် အဒေါ်ကြီးက...

'သမီးလေး မွေးကတည်းက စကား မပြောတတ်တာလားကွယ်၊ လက်ဟန်ခြေဟန်နဲ့ ပြတာတွေ့လို့ အမေက မေးတာပါ'

ဟု ဆိုသော်...

'သမီးက မွေးကတည်းက စကား မပြောတတ်တာ မဟုတ်ပါဘူး။ လွန်ခဲ့တဲ့ (၄၊ ၅၊ ၆)လလောက်ကစပြီး အသံဝင်သွားတာ။ သမီးအသံက လေသံလောက်ပဲ ထွက်တော့ စပယ်ယာ မကြားမှာစိုးလို့ စုတ်သပ်ပြီး လှမ်းခေါ်ရတာပါ'

ဟု ပိုးပိုးက နှစ်ကိုယ် ကြားနိုင်ရုံ လေသံဖြင့်သာ ရှင်းပြ ပြောဆိုလိုက်ရသည်။

ထိုအခါ ဘေးမှ ပါလာသော ခရီးသည်များက ဆေးခန်းတွေ ဘာတွေ သွားမပြဘူးလား။ ဟိုဆေးခန်းက သိပ်ကောင်းတာ၊ ဒီဆရာဝန်က သိပ်ကောင်းတာဟု မေးကြ ပြောကြသော် ပိုးပိုးက ဆေးရုံဆေးခန်းများသို့ ပြပြီးဖြစ်ကြောင်း၊ အထူးကု ပါရဂူကြီးများနှင့်လည်း စမ်းသပ်စစ်ဆေးပြီး ကုသမှု ခံယူနေကြောင်း...

သို့သော် အသံက ယခုအထိ ပြန်မထွက်သဖြင့် ဆရာဝန်ကြီးများက လည်ချောင်းဖောက်ရမည် ဆိုသဖြင့် ယခု နား၊ နှာခေါင်း၊ လည်ချောင်းကု ဆေးရုံကြီး၌ လည်ချောင်းဖောက် ကုသမှု -ပြုလုပ်ရန်အတွက် လာခြင်းဖြစ်ကြောင်း ရှင်းပြ ပြောဆိုသော် ခရီးသည်များမှ စုတ်သပ်သူကသပ်၊ စိတ်မကောင်းဖြစ်သူကဖြစ်နှင့် ရှိကြလေသည်။

ထိုသို့ ပြောဆိုနေကြချိန်တွင် ယောဂီဝတ် အဒေါ်ကြီးမှာ ဘာတစ်ခွန်းမှ ဝင်ရောက် ပြောဆိုခြင်းမရှိဘဲ ငြိမ်၍ နားထောင်နေပြီး တစ်ယောက်တစ်ပေါက် စကားများ ဆုံးသွားကာမှ...

'သမီးလေး အမေ့ဆေးကို သောက်ပါလား။ အမေ သမီးကို သောက်ဆေးလေးတစ်ပြား ပေးမယ်'

ဟု အဒေါ်ကြီးက ပြောသော် ကျွန်တော့်ညီမဖြစ်သူ ပိုးပိုးက မကြားဟန်ဆောင်နေလေ၏။

ထိုခေတ် ထိုအခါကလည်း တို့ဆေးများ ခေတ်စားနေချိန်။ တို့ဆေးနှင့် တို့သော် သတိမေ့သွားကာ ပါသမျှ ပိုက်ဆံ၊ ပစ္စည်းတို့ကို ယူသွားသည်ကို ခံလိုက်ရသူများရှိကြောင်းကို ကြားဖူးနား၀ ရှိထားသဖြင့် ထိုကဲ့သို့ ဖြစ်မည်ကို စိုးရိမ်ပြီး အဒေါ်ကြီး တိုက်သည့်



www.burmeseclassic.com

www.burmeseclassic.com



ဆိုသော ဆေးပြားကို မသောက်ချင်၍ ဖြစ်သည်။

ထိုစဉ်က သူ့ထံတွင် ပိုက်ဆံ ငါးသောင်းကျော် ပါလာသည်ဖြစ်ရာ စိုးရိမ်သောစိတ်ဖြင့် မသိလိုက် မသိဘာသာ နေလိုက်ခြင်း ဖြစ်သည်။ (ထိုအချိန်က ငွေငါးသောင်း ဆိုသည်မှာ တန်ဖိုး မနည်းလှပေ။) သူမထံမှ စကားပြန်မရသော်...

'သမီးလေး အမေ့ဆေးကို သောက်ပါ၊ သမီးလေးရောဂါ ပျောက်သွားလိမ့်မယ်'

ဟု အဒေါ်ကြီးက ထပ်ပြောပြန်၏။ ပိုးပိုးကလည်း ထပ်၍ မသိချင်ယောင် ပြုနေပြန်သည်။ ထိုသို့နေပါသော်လည်း အဒေါ်ကြီးကား လက်မလျှော့ပေ။

'သမီးလေးရယ် အမေက သမီးလေးကို မကောင်းကြံစည်မယ့်သူ မဟုတ်ပါဘူး။ အမေ့ကို ယုံပါ၊ သမီးလေးရောဂါကို ပျောက်စေချင်လွန်းလို့ပါကွယ်'

ဟု နှုတ်မှ ပြောလည်းပြော ပိုးပိုး၏ လက်တစ်ဖက်ကိုလည်း သူ့လက်ဖြင့် ဆွဲယူကာ ကျန်သည့် လက်တစ်ဖက်က သူဝတ်ဆင်ထားသည့် အပေါ်ဖုံးအင်္ကျီ ရှေ့ အောက်ဘက်ဘေးရှိ အိတ်ထဲမှ စက္ကူထုပ်ကလေးကို နှိုက်ယူ၍ ဆွဲယူထားသော ပိုးပိုး၏လက်ထဲသို့ ထည့်ပေးလေသည်။

ထိုအခါ ပိုးပိုးလည်း စိတ်ထဲမှနေ၍...

'ဩော်... ဒီအမေကြီးက အသက်လဲကြီးပါပြီ ငါ့ကိုလဲ မကောင်းကြံစည်မှာ မဟုတ်ပါဘူး။ ငါ့ကို တကယ့်စေတနာနဲ့ ပေးတာ ဖြစ်မှာပါ။ ဘာပဲဖြစ်ဖြစ် သူပေးတဲ့ဆေးကို ငါ သောက်လိုက်ပါ့မယ်'

ဟုတွေးပြီး စက္ကူထုပ်ကလေးကို ဖြေလိုက်သော် ဘားပလက်ဆေးပြား အရွယ်ခန့် ဗမာဆေးပြား ညိုညိုလေး တစ်ပြားကို တွေ့ရသဖြင့် ယူပြီး ပါးစပ်ထဲသို့ ထည့်လိုက်လေသော် ထိုဆေးပြားလေးသည် ခဏချင်း အရည်ပျော်ကာ လည်ချောင်းထဲသို့ စီးဝင်သွားလေ၏။

ထိုဆေးပြား သောက်ပြီးသည်နှင့် တစ်ပြိုင်နက် ပိုးပိုးလည်း ကားပေါ်၌ပင် အိပ်ပျော်ခြင်းသို့ ရောက်လေတော့သတည်း။

မည်မျှကြာအောင် အိပ်လိုက်မိသည် မသိ၊ ကားစပယ်ယာမှ "မောင်နိုင်ပါသေးလား။ မောင်နိုင်"ဟု မြို့တွင်း မောင်နိုင်လမ်း မှတ်တိုင်တွင် ဆင်းမည့် ခရီးသည် ရှိမရှိ မေးလိုက်သည့်အသံကို ကြားကာမှ အိပ်ပျော်ရာမှ ပိုးပိုးလည်း လန့်နိုးလာခဲ့သည်။

သူမက မောင်နိုင်မှတ်တိုင်တွင် ဆင်းပြီး (၂၄)လမ်း အောက်လမ်းရှိ အစ်မ ဆရာဝန်ဖြစ်သူထံ သွားရမည် ဖြစ်ရာ စပယ်ယာကို မောင်နိုင်မှတ်တိုင်တွင် ဆင်းမည်ဖြစ်ကြောင်း အသိပေးရန် စုတ်သပ်၍ လှမ်းခေါ်ပါသော်လည်း စပယ်ယာက မကြား၊ မှတ်တိုင်ရောက်ရန်ကလည်း အတော် နီးကပ်နေ... ဖြစ်သဖြင့်...

'ကဲ... စုတ်သပ်ခေါ်လို့ မရတော့... ငါ အော်ပြောလိုက်မယ်။ ငါ့အ... မထွက်ရင်လဲ ဘေးက ခရီးသည်တွေ... ပိုင်းပြောပေးကြမှာပါ'

ဟု တွေးကာ ပိုးပိုးက "မောင်နိုင်... ပါတယ်၊ မောင်နိုင်ပါတယ်" ဆို... အော်လိုက်လေရာ သူ့အော်သံမှာ ... တိ ကျယ်လောင်စွာ ထွက်ပေါ်သွား... သဖြင့် သူကိုယ်တိုင်ပင် လန့်ဖျပ်သွား... ကာ ဝမ်းသာလွန်း၍ ဝမ်းသာလုံးဆို... ရာမှ သူမဘေးမှ ယောဂီဝတ် အဒေါ်... ကြီးအား သတိရပြီး ကြည့်လိုက်... အဒေါ်ကြီးကား မရှိတော့ပေ။ ... သည့်မှတ်တိုင်တွင် ဆင်းသွားမှန်း... လည်း မသိလိုက်တော့။

ပိုးပိုးလည်း ဝမ်းသာလှစွာဖြင့် မှ... တိုင်တွင်ဆင်းပြီး (၂၄)လမ်းရှိ အစ်... ဆရာဝန်ဖြစ်သူတို့ အိမ်သို့ ထ... လျှောက်လာရင်း တစ်ယောက်တည်... အသံထွက်၍ စကားများ တတွတ်တွ... ပြောဆိုလာရာ အသံမှာ နဂို... အတိုင်း အကောင်းပကတိ ရှိနေ...

အစ်မ ဆရာဝန်ဖြစ်သူအိမ်... ရောက်သော် ဖြစ်ကြောင်းကုန်... ပြောပြရာ အစ်မနှင့်တကွ မိသား... အားလုံးက နားထောင်ပြီး အံ့ဩမ... ဖြစ်ကြချေကုန်၏။

သာမည ဆရာတော်ကြီးနှင့် ... သက်၍လည်း ပိုမိုကြည်ညို မြတ်နိုး... လေကုန်၏။ ဤသို့ဖြင့် လည်ချော... ဖောက်၍ ရောဂါကုသရန် မလိုတော့... ကျွန်တော့်ညီမငယ်မှာ ထိုနေ့က ... ရွှင်ဝမ်းမြောက်စွာနှင့် မော်ဘီသို့ ... လေတော့သတည်း။

ဤသည်တို့ကား ကျွန်တော့်...






www.burmeseclassic.com

www.burmeseclassic.com

# စိတ်ဝင်စားဖွယ်ကောင်းသော
# ထိုးမြဲလက်မှတ်များအကြောင်း

သရက်ကြီး ဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

၁။ ***



ယခုလအတွက် နံပါတ်(၁)နေရာမှာ ဖော်ပြပေးထားသော ထိုးမြဲလက်မှတ်ပိုင်ရှင်မှာ အသက်လေးဆယ့်ရှစ်နှစ်အရွယ် အမျိုးသားတစ်ဦး ဖြစ်ပါသည်။ **"ရဲဇော်မောင်"** ဆိုသော နာမည်ကို ထိပ်ဆုံးနှစ်လုံး လက်မှတ်ရွေးထိုးထားခြင်း ဖြစ်သည်။

မြန်မာလို မွေးသက္ကရာဇ် **၁၃၂၆ ခုနှစ်၊ တန်ဆောင်မုန်းလ၊ ဗုဒ္ဓဟူးသား** ဖြစ်ရာ မူလမဟာဘုတ်၊ နာမက္ခရတိုင်၊ ဗုဒ္ဓိတို့ ချကြည့်လျှင်...

***

| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင် | ပုတိ |

| | | |
|---|---|---|
| | ၇ | |
| ၂ | ၅ | ၁ |
| ၆ | ၃ | ၄ |

မူလမဟာဘုတ်

| | |
|---|---|
| ၂ | |
| ၁ | ၇ |
| ၆ | ၅ |
| ၄ | ၃ |

နာမက္ခရတိုင်

၁ ၂ ၃ ၄ ၅ ၆ ၇

ဗုဒ္ဓိ

ပုတိဖွားကို **ပုတိ + ဘင် + သိုက်** မွေးနံပေါ် အညွှန့်အုပ် နာမည်ပေးနည်း နာမက္ခရတိုင်စဉ်မှန်၊ ဗုဒ္ဓိမှန်ဖြစ်၍ နာမည်ပေး ကောင်းပါသည်။

သို့သော် **ဗုဒ္ဓဟူး + အင်္ဂါ = ပုတိ + ဘင်** စာလုံးနှစ်လုံးတွဲကို လက်မှတ်ရွေးထိုးထားခြင်းက မှားပါသည်။ လက်မှတ်ညံ့ပါသည်။ ဘာပဲလုပ်လုပ် အညံ့အပျက်များနှင့် ကြုံရတတ်သည်။

ဗုဒ္ဓဟူး + ကြာသပတေး= ပုတိ+ သိုက် ဖြစ်သော "ရဲမောင်"ကို လက်မှတ်ရွေးထိုးလျှင် ပိုမိုကံကောင်း တိုးတက်လာနိုင်သည်။


သင်္ချာဗေဒင်ပညာအရ ရဲ = ၆၊ မောင် = ၁၉။ စုစုပေါင်း (၂၅)ဂဏန်းဖြစ်၍ နိမိတ်ကောင်းသော ဂဏန်းတွဲဖြစ်သည်။


***



**(ထိုးမြဲလက်မှတ်နမူနာ)**

၂။ ***





ယခုလအတွက် နံပါတ်(၂)နေရာမှာ ဖော်ပြပေးလိုက်သော ထိုးမြဲလက်မှတ်ပိုင်ရှင်မှာ အသက်သုံးဆယ့်ကိုးနှစ်အရွယ် ကုမ္ပဏီပိုင်ရှင် အမျိုးသားတစ်ဦးဖြစ်သည်။ **"အောင်ကျော်လွင်"** ဆိုသော နာမည်သုံးလုံးမှ အစစာလုံးကို လက်မှတ်ရွေးထိုးထားခြင်း ဖြစ်သည်။ "အောင်"ကို အင်္ဂလိပ်လို လက်မှတ်ထိုးထားသည်။

မွေးသက္ကရာဇ် မြန်မာလို **၁၃၃၅ ခုနှစ်၊ တန်ဆောင်မုန်းလ၊ တနင်္ဂနွေသား** ဖြစ်ရာ မူလမဟာဘုတ်၊ နာမက္ခရတိုင်၊ ဗုဒ္ဓိတို့ ချကြည့်လျှင်...

***

| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင် | ပုတိ |


| | | |
|---|---|---|
| | ၂ | |
| ၄ | ၇ | ၃ |
| ၁ | ၅ | ၆ |

မူလမဟာဘုတ်



www.burmeseclassic.com

www.burmeseclassic.com




တနင်္ဂနွေ မရဏဖွားကို တနင်္ဂနွေ+ တနင်္လာ + ဗုဒ္ဓဟူး= မရဏ + အဓိပတိ +အထွန်း နာမည်ပေးထားခြင်း၊ နာမက္ခရ တိုင်စဉ် မှန်ခြင်း၊ ဗုဒ္ဓိမှန်ခြင်းတို့ကြောင့် နာမည်ပေးကောင်းပါသည်။

သို့သော် မရဏဌာနမှ စာလုံးကို လက်မှတ် ရွေးထိုးထားခြင်းတော့ မကောင်းပါ။ လက်မှတ်သင်္ကေတ လည်း ညံ့နေသည်။ ရုတ်တရက် အမှု ဖြစ်၊ စီးပွားပျက်ကြုံတတ်သည်။

နာမည် အလယ်စာလုံးနှင့် နောက် စာလုံးဆိုလျှင် တနင်္လာ+ဗုဒ္ဓဟူး မိတ်ဂြိုဟ်တွဲလည်းဖြစ် (အဓိပတိ+ အထွန်း)ဌာနလည်း ကောင်း။ သင်္ချာ ဗေဒင်ပညာအရ **ကျော်**= ၁၀၊ **လွင်**= ၁၅။ စုစုပေါင်း (၂၅)ဂဏန်းတွဲ နိမိတ် လည်း ကောင်းသည်။ **"ကျော်လွင်"** ကို လက်မှတ်ရွေးခြင်းဖြင့် ရေရှည် အောင်မြင် တိုးတက်ကြီးပွားချမ်းသာ ဖြစ်နိုင်သည်။

* * *




၃။ * * *



ယခုလအတွက် နံပါတ်(၃)နေရာ တွင် ဖော်ပြပေးလိုက်သည့် ထိုးမြလက် မှတ်ပိုင်ရှင်မှာအသက်လေးဆယ်ကျော် အနုပညာနယ်မှ အမျိုးသမီးကြီးတစ်ဦး ဖြစ်သည်။ **"ကြည်ကြည်အေး"** ဆို သော မူလနာမည်ရင်းကို အင်္ဂလိပ်လို လက်မှတ်ရေးထိုးထားခြင်း ဖြစ်သည်။

ထိုးမြလက်မှတ် ပုံသဏ္ဌာန်မှာ အပြိုင်သင်္ကေတများခြင်း၊ ကြယ်ပွင့်ရှိ ခြင်း စသည်တို့ကြောင့် အယှဉ်အပြိုင် များပြီး အိမ်ထောင်ရေးသောကလည်း ရောက်စေနိုင်သည်။


သူမ၏ မြန်မာလို မွေးသက္ကရာဇ်မှာ **၁၃၃၂ ခုနှစ်၊ ဝါခေါင်လ၊ တနင်္လာ** သမီးဖြစ်ရာ မူလမဟာဘုတ်၊ နာမက္ခရ တိုင်၊ ဗုဒ္ဓိတို့ ချကြည့်လျှင်...

အချစ်ရေး၊ အိမ်ထောင်ရေး၊ ကျန်းမာ ရေးတို့ ညံ့တတ်သည်။ ငွေမမြဲ၊ စီးပွား မမြဲ ဖြစ်တတ်သည်။ နာမည်နောက်ဆုံး စာလုံး အထွန်းဌာနမှ တနင်္ဂနွေနံ "အေး" ကို လက်မှတ်ရွေးထိုးခြင်း အကောင်း ဆုံးဖြစ်သည်။


မြန်မာနိုင်ငံမှာသာ နေထိုင်လုပ်ကိုင် သူဖြစ်၍ မြန်မာလို လက်မှတ်ထိုးသင့် သည်။

လက်မှတ်အောက်က မျဉ်းမသား ပါ။ ဝစ္စပေါက်နေရာတွင် ပွင့်ဖတ်နှစ် ရှိ သပြေညွှန့်ပုံ ရေးထိုးသင့်သည်။

* * *





* * *




တနင်္လာ ဘင်္ဂအပျက်ဌာနဖွားကို **တနင်္လာ+ တနင်္လာ + တနင်္ဂနွေ= ဘင်္ဂ + ဘင်္ဂ + အထွန်း** နာမည်ပေးထား ခြင်း မကောင်းပါ။ မွေးနံကို အမြစ်အုပ် ခြင်း၊ ဘင်္ဂဌာနမှ အက္ခရာ(၂)လုံးပါခြင်း တို့ကြောင့် ဖြစ်သည်။ နာမက္ခရတိုင် စဉ် မှန်သော်လည်း ဗုဒ္ဓိမှားပါသည်။

၎င်းနာမည်၊ ၎င်းလက်မှတ်မျိုးမှာ

၄။ * * *



ယခုလအတွက် နံပါတ်(၄)နေ တွင် ဖော်ပြပေးလိုက်သော ထိုး လက်မှတ်ပိုင်ရှင်မှာ အသက် ငါးဆ ကျော် စတိုးဆိုင်လုပ်ငန်းရှင် အ သမီးကြီးတစ်ဦး ဖြစ်သည်။

**"ယဉ်ယဉ်သန်း"** ဆိုသော နာမ သုံးလုံးမှ ရှေ့နှစ်လုံးကို လက်မှ ထိုးထားခြင်း ဖြစ်သည်။ လက်မှတ်




www.burmeseclassic.com

www.burmeseclassic.com

သဏ္ဌာန်မှာ ညှိသည်။ အယှဉ်အပြိုင် များခြင်း၊ ငွေမပြဲခြင်းတို့ကို ဖြစ်စေနိုင်သည်။

မြန်မာလို မွေးသက္ကရာဇ်မှာ **၁၃၂၀ ပြည့်နှစ်၊ တပေါင်းလ၊ ဗုဒ္ဓဟူးနေ့** ဖြစ်ရာ မူလမဟာဘုတ်၊ နာမက္ခရတိုင်၊ ဗုဒ္ဓိတို့ ချကြည့်လျှင်...

* * *




ဗုဒ္ဓဟူး ဘင်္ဂအပျက်ဌာနဖွားကို ဗုဒ္ဓဟူးနံ နှစ်လုံးဆင့် နာမည်ပေးခြင်း များပါသည်။ **ဘင်္ဂ+သိုက်** နာမက္ခရတိုင် စဉ်မှန်၊ ဗုဒ္ဓိမှန်ဖြစ်၍ သာမန်အားဖြင့် နာမည်ပေး မည့်လှပါ။ ထိုမြဲလက်မှတ် အဖြစ် ဘင်္ဂဌာနမှ စာလုံးနှစ်လုံးကို ရွေးထိုးခြင်းလည်း များပါသည်။

ဤနာမည်မျိုးတွင် သိုက်ဌာနမှ သောကြာနံ "သန်း"ကို လက်မှတ်ရွေးထိုးသင့်သည်။ သင်္ချာဗေဒင်ပညာအရ ဂဏန်းပေါင်းလဒ်(၁၅)ရသဖြင့် ဂဏန်းတွဲနိမိတ်လည်း ကောင်းပါသည်။

လက်မှတ်အောက်က မျဉ်းမသားရပါ။ ငွေအိတ်သင်္ကေတ တည့်တည့်လှလှ ဆွဲခြင်းဖြင့် ဝင်ငွေပိုကောင်းပြီး ပွင့်ဖတ် (၄)ခုပါသော ပန်းပွင့်အညွှန့် နေရာမှာ ထားခြင်းဖြင့် ကိုယ်ချမ်းသာ၊ စိတ်ချမ်းသာ ပိုဖြစ်စေနိုင်ပါသည်။

* * *



(လက်မှတ်နမူနာ)

*အောင်မြင်ကျော်ကြား၊ ချမ်းသာကြီးပွားအောင်...*

**ဆရာကြီး ဦးအောင်မြိုင်**

*(ဥပဒေဘွဲ့)*

*လက္ခဏာဗေဒင်ပညာသုတေသီ*

စာမျက်နှာ (၂၂၈)မှ အဆက်

တစ်ရှောက် ဆရာတော်ကြီးနှင့် ပတ်သက်မှု၊ ဂမ္ဘီရဆန်ဆန် ဆက်နွှယ်မှုမှုတစ်ဆင့် ညီမငယ်၏ ရောဂါဝေဒနာကို ပျောက်ကင်းစေရန် မေတ္တာဓာတ် ကြီးမားစွာဖြင့် သာမညဆရာတော်ကြီးမှ မ,စစောင့်ရှောက်ခြင်းကို မျက်ဝါးထင်ထင် တွေ့မြင်သိရှိခဲ့ရခြင်းပင် မဟုတ်ပါလား။ အိပ်မက်ထဲမှတစ်ဆင့် သာမည ဆရာတော်ကြီးက...

**'မပူပါနဲ့ လွှတ်လိုက်မယ်'**

ဆိုသည့် စကားအတိုင်း အပြင်လောကတွင် တိုက်တိုက်ဆိုင်ဆိုင် ကြုံတွေ့ခဲ့ရသော ယောဂီဝတ်အဒေါ်ကြီး၏ ဆေးပြားလေးကို သောက်ခွင့်ရရှိခဲ့ရာမှ အသံပြန်လည်၍ ထွက်ရှိလာပုံမှာ ပြောမယုံ ကြုံဖူးမှ သိကြပေလိမ့်မည်။

အစပထမ၌ အထူးကု ဆရာဝန်ပါရဂူကြီးများ၊ အစွမ်းထက်လှပါသည်ဆိုသည့် ဆေးဝါးများဖြင့် ကုသနေချိန်၌ ထိုဆရာဝန်ကြီးများ၊ ထိုဆေးဝါးများကို ထိမထင် တင်းခံနေသော ယင်းရောဂါဝေဒနာကား ယခုမူ အဘယ်ကြောင့် ဆုတ်ခွာ ရှောင်တိမ်းသွားရပါသနည်း။

အမှန်စင်စစ်၌ ကျေးဇူးရှင် သာမည ဆရာတော်ကြီး၏ ပညာဂုဏ်၊ သီလဂုဏ်၊ သမာဓိဂုဏ်တို့နှင့်တကွ ကြီးမားလှသော မေတ္တာဓာတ်တို့၏ အင်အားကို မလွန်ဆန်နိုင်တော့သည့်အတွက် ထိုရောဂါဝေဒနာသည် ညီမငယ်ထံ၌ ရက်ရှည်လများ စွဲကပ်နေရာမှ မနေသာတော့၊ မနေဝံ့တော့ဘဲ ရှောင်တိမ်းထွက်ခွာသွားရခြင်းသည် အမှန်ပင်ဖြစ်ပေတော့သည်တကား။

ထို့ကြောင့် ဂမ္ဘီရ၊ ဝိဇ္ဇာဓရတည်းဟူသော အကြောင်းတရားတို့အား လက်တွေ့ မကြုံဖူး မတွေ့ဖူးသူများအတွက် ယုံမှားသံသယ မဖြစ်ကြစေရန် ကျွန်တော်နှင့် သာမည ဆရာတော်ကြီး၏ ထူးခြားဆန်းကြယ်လှသည့် ဖြစ်ရပ်ဆန်းအစုံစုံကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ ဖွင့်ဆို ရေးသားရင်းဝမ်းမြောက်စွာဖြင့် နိဂုံးချုပ်လိုက်ရပါတော့သတည်း။

*သစ္စာတရားကို ဦးထိပ်ထားလျက်...*

**လင်းလက်ထိန်(မှော်ဘီ)**



www.burmeseclassic.com

www.burmeseclassic.com

ဤလတွင် ဖွင့်လှစ်မည့် အောင်ဘာလေ ထီဆုကြီးများနှင့် နီးစပ်နိုင်ကြစေရန် ၃၊ ၂၊ ၆ ဂဏန်းခြေများကို ရွေးချယ်ကာ ဂ၊ ဠ၊ ဗ၊ အ အက္ခရာဝလီများနှင့် တွဲဖက် ကံစမ်းပါ။

ဂဏန်းတွဲများကို အဓိက အားပြုလိုပါက ၃၆၊ ၂၅၊ ၆၉ ဂဏန်းအတွဲများကို ရွေးချယ်ကံစမ်းပါ။

**ဥပမာ။ ။ (၃)နှင့် (၆)** ပူးကပ်ပါဝင်သော ထီလက်မှတ်၊ ပူးကပ်ခြင်း မရှိစေကာမူ ထိပ်နှင့်ပိတ် ပါဝင်သော ထီလက်မှတ်များကို ရွေးချယ် ကံစမ်းနိုင်သည်။

မွေးနှစ်ပုံရိပ်အရ နေ့ကောင်းရက်သာ၊ ကံလာဘ်ပွင့်ဂဏန်း၊ အရောင်များ ရွေးလိုပါက အောက်တွင်ကြည့်ပါ။

* * *

| မွေးနှစ် | နေ့ကောင်း | ရက်သာ (မြန်မာပြက္ခဒိန်) | ကံပွင့်အရပ် | လာဘ်ပွင့်အရောင် |
|---|---|---|---|---|
| ကြွက် | ကြာသပတေး | လဆန်း (၄,၁၄)ရက်<br>လဆုတ် (၉)ရက် | အရှေ့တောင် | အစိမ်းရင့် |
| နွား၊ ကျား | တနင်္လာ | လဆန်း (၂,၁၂)ရက်<br>လဆုတ် (၇)ရက် | အနောက်တောင် | မြေဖို |
| ယုန် | သောကြာ | လဆန်း (၇)ရက်<br>လဆုတ် (၂,၁၂)ရက် | အနောက် | ရွှေဝါ |
| နဂါး၊ မြွေ | စနေ | လဆန်း (၈)ရက်<br>လဆုတ် (၃,၁၃)ရက် | အရှေ့မြောက် | အညို |
| မြင်း | ကြာသပတေး | လဆန်း (၃,၁၃)ရက်<br>လဆုတ် (၈)ရက် | အရှေ့ | အစိမ်းနု |
| ဆိတ်၊ မျောက် | တနင်္ဂနွေ | လဆန်း (၆)ရက်<br>လဆုတ် (၁,၁၁)ရက် | အနောက်မြောက် | အဖြူ |
| ကြက် | ဗုဒ္ဓဟူး | လဆန်း (၁,၁၁)ရက်<br>လဆုတ် (၆)ရက် | မြောက် | အပြာ |
| ခွေး၊ ဝက် | အင်္ဂါ | လဆန်း (၉)ရက်<br>လဆုတ် (၄,၁၄)ရက် | တောင် | အနီ |

## ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလအတွက် ဓာတ်ကြီးငါးပါးစိုးမိုးမှုနှင့် အောင်ဘာလေ





**ဆိုင်**
**တည်ရာ**
**အရပ်၏အင်အား၊**
**ဌာနဗလ ရယူလိုပါက...**

မြစ်ကမ်း၊ ချောင်းကမ်း၊ ကန်ပေါင်၊ လှေဆိပ်၊ သင်္ဘောဆိပ်၊ ရေယာဉ်တို့၌ ရောင်းချသောထီဆိုင်၊ ဆိုးဆေး၊ အဖျော်ယမကာ အရောင်းဆိုင်၊ အအေးဆိုင်၊ ရေသန့်စက်ရုံ၊ ရေသ... အရောင်းဆိုင် စသည်တို့အနီး ဖွင့်လှ... ထားသော ထီဆိုင်များတွင် ရှာဖွေ... ကံစမ်းပါ။

ဘဏ်တိုက်ကြီးများ၊ လုံးဝန်းသော... ပုံသဏ္ဌာန်ရှိ အဆောက်အအုံများ... အလှမွေးငါးကန်များ စသည်တို့အနီး... ထီအရောင်းဆိုင်များတွင်လည်း ကံထူး... ကံကောင်းနိုင်ကြသည်။

ထီအရောင်းဆိုင်၏ မျက်နှာစာတွင်... အလှမွေးငါးကန်များ၊ အများသုံး... သောက်ရေစင်များ ရှိနေပါက ထီဆု... ကြီးများ ဆွတ်ခူးရန် နိမိတ်ကောင်း... သော အပြင်အဆင် ဖြစ်လေသည်။

**ထီကံမြှင့် ယတြာပြုလိုပါက...**

စေတီပုထိုးတစ်ဆူ၏ မြောက်ဘက်... အရပ်၊ သောကြာဂြိုဟ်တိုင်အနီးတွင်... ကြာပန်း (၁)ပွင့် ကပ်လှူကာ ထီဆု... ကြီးများ ပိုင်ဆိုင်ရစေရန် တိုင်တည်... ဆုတောင်းပါ။ ဗုဒ္ဓဟူးနေ့ ညနေပိုင်း... အချိန်တွင် ပြုလုပ်နိုင်က အထူး... ကောင်းပါလိမ့်မည်။


***ဓာတ်ကြီးငါးပါး၊ အကူအညီဖြင့် ထီ... ထူးကြပါစေ။***

ထက်မင်းကျော်...



www.burmeseclassic.com

www.burmeseclassic.com



# အန္တော ဒိန့်ရ

လမ်းနှစ်ဖြာ (၃)

ရွှေတောင် ဆင်မောင်ကြည်

ယခင်လမှအဆက်

အန္တောချော်တွေ ခပ်ထည့်လိုက်၊ ...ပ်လိုက်၊ ထည့်လိုက်နဲ့ လုံနှုတ်ခမ်း ...ောက် စပါးလုံးတစ်ထောက်သာသာ ...ောက်အရောက်မှာတော့ အန္တော ...ော်ထည့်တာကို ဆရာပုဏ္ဏ ရပ်လိုက် ...ယ်။

'အန္တောချော်ထည့်တဲ့အခါ လုံ ...တ်ခမ်းနဲ့အညီ ပြည့်အောင် ဘယ် ...ော့မှ မထည့်ရဘူး။ ပြည့်အောင်၊ ...ံ့အောင်ထည့်ရင် အန္တောချော် ပျော် ...ာနဲ့ ဝေကျတာပဲ။ လုံနှုတ်ခမ်းလျှံကျ ...ယ်။ လုံဘေးပတ်လည်မှာ ချော်ရည် ...တွေ စီးကျပြီး လုံနာမယ်။ လုံသက် ...ည်ဘူး။ ဒါကြောင့် စပါးလုံးတစ် ...ထောက်လောက်တော့ အနည်းဆုံး ...န်ရမယ်'

ဖိုးဟန် သေသေချာချာကြည့်ပြီး ...တ်ထားလိုက်တယ်။

'အေး...အဲဒီလို မထည့်ချင်ရင် လုံ ...စ်ဝက်လောက်ပဲ အန္တောချော်ထည့် ...ဆင်ပြီး ထိုးပေတော့။ ချော်ပျော်မှ ...ပ်ထပ်ပြီး ထည့်ပေးလဲ ရတယ်'

ဆရာပုဏ္ဏက ပြောပြောဆိုဆို ဖိုခွင် ထဲမှာ ထားမယ့် လုံဖင်အောက်ခြေ အတွက် နေရာပြင်တယ်။ ဖိုခွင်ထဲမှာ ရှိတဲ့ ပြာတွေကို ဖိသိပ်ပေးတယ်။ ဖိလိုက်,သိပ်လိုက်နဲ့ အောက်ခြေ တင်း ပြီး မာလာတယ်။

ဖိုခွင်အောက်ခြေ မျက်နှာပြင်ညီပြီး မာသွားတော့ အန္တောပြဒါးဓာတ်သား ထည့်ထားတဲ့ လုံကို တည်တယ်။ ဆရာပုဏ္ဏက လိုချင်တာရတဲ့ပုံနဲ့ ခေါင်း တစ်ချက် ညိတ်တယ်။ ဖိုးဟန် ကြည့် လိုက်တော့ ခြောက်ပေါက်ဖိုရဲ့ နှာပေါက် နဲ့ လုံနဲ့က မီးလျှံဖြစ်နေတယ်။ လုံငှားဖုံးလေးက နှာပေါက်အောက်မှာ ရောက်နေတယ်။ လက်သန်းတစ်လုံး လောက်တော့ ကွာမယ်ထင်တယ်။

'အန္တောဓာတ်သားကို အန္တောချော်အုပ်ပြီး ထိုးရင် မီးလျှံထိုးရတယ်။ မီး စ,တင်လျှင် တင်ချင်း ဘယ်တော့မှ နှုတ်ခမ်းတိုက်၊ ခါး တိုက် မထိုးရဘူး။ လုံနဲ့ဓာတ်သားကလဲ အံဝင်ခွင်ကျ ဖြစ်နေရတယ်။ ဓာတ်သားက များ၊ လုံက သေးနေရင်လဲ ခရီးမရောက်ဘူး။ ဓာတ်သားကနည်း၊ လုံက ကြီးမြန်ရင်လဲ မပြီးမြောက်ဘူး'

ဆရာပုဏ္ဏက ပြောရင်းဆိုရင်း လုံ ဘေးမှာ မီးသွေးတွေ ညှပ်တယ်။ လုံ မယိုင်ဖို့၊ လုံမတိမ်းဖို့၊ လုံငြိမ်ဖို့ပဲ။ လုံ ငှားဖုံးပေါ်မှာ မီးသွေး တစ်ခဲတင်တယ်။ ပြီးတာနဲ့ သတင်းစာစက္ကူတစ်ရွက်ကို ခါးလည်က ဆွဲဖြဲတယ်။ နှစ်ရွက် ထပ် တယ်။ ဆွဲဖြဲတယ်။ ထပ်တယ် ဖြဲတယ်။

ပြီးတော့ ခပ်ဖွဖွလေး လုံးတယ်။ မီးရှို့ပြီး စွဲတာနဲ့ အုန်းဆံခွံတွေ ထည့် တယ်။ အပေါ်ကနေ မီးသွေးတစ်တုံး ထုအုပ်ပြီး ဖိုကြိုးကို ဆွဲတော့တာပဲ။ မီးကစားပြီ။

မီးစွဲပြီ။ ဖိုသံက တဟဲဟဲ၊ မီးက တရှဲရှဲနဲ့...

မီး တစ်အုပ်ပြီးတစ်အုပ် လေဟာရင် ဂေါက်ချ မီးသွေးဖို၊ မီးသွေးထပ်ထည့်၊ ထပ်ထည့်နဲ့ မီး(၅)အုပ် မီးသွေးအကျ မှာတော့ ဆရာပုဏ္ဏက လုံငှားဖုံးကို ဖွင့်တယ်။

ဖိုးဟန်ကြည့်လိုက်တော့ ချော်က သွက်သွက်ခါအောင် အရည်လည်နေ တယ်။ ချော်မျက်နှာပြင်က ခွက်ယောင် ယောင်လေး ရှိတယ်။ ချော်မျက်နှာပြင် အလယ်မှာတော့ အမြှုပ်ကလေးတွေ လို အလုံးကလေးတွေ (၅)ခု၊ (၆)ခု လောက် တွေ့ရတယ်။ ကြည့်နေရင်း ခဏနေတော့ ချော်ထဲကို မြုပ်သွား တယ်။





www.burmeseclassic.com

www.burmeseclassic.com

'အဲဒီ မြုပ်သွားတာလေးတွေက အန္တောချော်ချက်တဲ့အချိန်က ချော်ထဲမှာ ကျန်နေတဲ့ အန္တောခတ်သားတွေပဲ။ အန္တရာယ်မပေးဘူး။ နောက်တော့ ကြာလာရင် အောက်ဆင်းထိုင်ပြီး ခတ်သားနဲ့ ပေါင်းသွားမှာပဲ။ ထွေလီကာလီတွေ မတွေးနဲ့၊ မီးသာ ဆက်တင်'

ဖိုးဟန် ခေါင်းတစ်ချက် ဆက်လိုက်ပြန်။ ပညာတစ်ခု ရသွားပြန်ပြီကိုး။

'ဒါပေမယ့်ကွာ... အဲဒီလို မဖြစ်ချင်ရင် တို့တွေ အန္တောချော် ချက်ချက်ပြီးစုတဲ့အချိန်က အန္တောချော် တော်တော်များများ ရပြီဆိုရင် အဲဒီအန္တောချော်တွေကို လုံသစ် ဖောက်လုံတစ်လုံးထဲမှာ ထည့်ပြီး မီးနဲ့ ထိုးချလိုက်၊ ချော်ထဲမှာ ခိုဝင်အောင်းနေတဲ့ အန္တောသားတွေ အောက်ဆင်းထိုင်တယ်။


လုံအေးတော့ ခွဲထုတ်လိုက်ရင် အန္တောခတ်သားနဲ့ ချော်နဲ့ ကွဲသွားတယ်။ ခတ်တခြား ချော်တခြား ဖြစ်သွားတယ်။ ချော်ထဲမှာ ဘာခတ်သားမှ မရှိတော့ဘူး။ စိတ်အချရဆုံး အန္တောချော်ပဲ'

ဆရာပုဏ် လက်ဘယ်,ညာ မနားအောင် ဖိုခွင်ဝင်လိုက်တာ မနက်စာစားချိန်မှာ တစ်ခါနားတယ်။ ဖိုးဟန်ကတော့ ရှည်လိုက်တာ လမ်းရှည်ကြီးပဲလို့ တွေးမိတယ်။

ထမင်းစားပြီး၊ တအောင့်လောက်နားပြီး ဖိုခွင်ပြန်ဝင်တယ်။ ညနေ (၄) နာရီထိုးတဲ့အထိပဲ။ ဖိုခွင်ထဲမှာ လုံကို ဒီအတိုင်း မီးရပ်ထားလိုက်တယ်။

ဖိုးဟန် လွတ်လပ်ရေးရပြန်ပြီ။

တနင်္လာနေ့မှာတော့ ဖိုးဟန် ကျောင်းတက်ရပြီ။ ဖိုခွင်ကို ဘယ်ပြန်ကြည့်နိုင်လိမ့်မတုံး။ ဖိုခွင်တခြား သူတခြား ကျောင်းသွားရတာကိုး။ ဆရာ



ပုဏ်တစ်ယောက်တည်း ဖိုခွင်မှာ ကြဲတော့တာပဲ။

တနင်္လာနေ့ကနေ သောကြာနေ့အထိ ခတ်ပထဝီခိုင်ဖို့ အန္တောချော်နဲ့ ထိုးတာပါပဲလို့ ဆရာပုဏ်က ပြောတယ်။ ဖိုးဟန် သိပြီးသားလုပ်ငန်းစဉ်ကို ဆရာပုဏ်က ဆက်တိုက် နေ့စဉ်ရက်ဆက် လုပ်ကိုင် ဆောင်ရွက်သွားတာပါပဲ။ ခတ်သားကို တေဇောဝင်အောင် သွင်းသွားတာပါပဲ။

သောကြာနေ့ည ညစာစားအပြီး ရေနွေးဝိုင်းဆင်ကြတော့ ဆရာပုဏ်က ဖိုခန်းထဲကို သွားပြီး လုံကို ယူလာတယ်။ လုံက တော်တော် မီးနာထားပုံပေါ်တယ်။ လုံနှုတ်ခမ်းက ပါးနေတယ်။ ချော်ရောင်တွေက လုံဘေးပတ်လည်မှာ တပြောင်ပြောင်နဲ့...

ဆရာပုဏ်က လုံကိုကိုင်ပြီး ဖိုးဟန်နား,နားမှာ လှုပ်လိုက်တယ်။

လုံထဲက အသံမြည်တယ်။ ဂလောက်...ဂလောက်နဲ့။ အသံတော့ မကျယ်ဘူး။ အသံ ခပ်တိုးတိုးလေးပဲ။

'အဲဒီလို အသံကြားရင် လုံချောင်တယ်လို့ ခေါ်တယ်။ ပထဝီခိုင်သွားပြီဆိုတာ လက်တွေ့ပြတာပဲ။ ပထဝီမခိုင်ရင် ငရဲမီး အစားမခံဘူး။ အမ်စီမလှည့်နဲ့လို့ ဆိုကြတယ်။ ငရဲမီးစားရင် အဖတ်မကျဘူး။ ဆုံးရှုံးမှုနဲ့ ရင်ဆိုင်ရမယ်'

စကားကို လက်စသတ်ပြီး ဆရာပုဏ် လုံကို ခွဲလိုက်တယ်။ ခတ်လုံးနဲ့ ချော်က တွဲမနေဘူး။ ကပ်မနေဘူး။ ခတ်လုံးမှာ ချော်မကပ်ဘူး။ ခတ်
သား ထွက်ကျလာတယ်။ ခတ်လုံး
အပေါ်က ခုံးနေတယ်။ နက်ပြာရောင်
မှာ အဖြူရိပ်သန်း နေတယ်။ ပြဒါးဟိတ်
ကို တဖျပ်ဖျပ်နဲ့ တွေ့ရတယ်။

လည်ရစ်အောက်မှာတော့ နီဝါရောင်
အသားကို တွေ့ရတယ်။ ခတ်သား
ကျစ်နေတယ်၊ အဟာန့်တော့ သေးသွား
သလိုပဲ။ အပေါ်နှုတ်ခမ်းက ခုံးပြီး
နေတယ်၊ သူ့အောက်မှာတော့ လည်
အရစ်ကလေးနဲ့...

'အဲဒါ ဇော်ဂျီဦးထုပ်ဆောင်းတယ်လို့
တယ်'

လို့ ဆရာပုဏ်က ဆိုတယ်။

ခတ်သားအောက်ပိုင်းက မျက်
ပြင်ထက် ပိုပြီး တောက်ပြောင်တ
ပိန်ရာ,ခွက်ရာလေးတွေလဲ ရှိတ
ဆရာပုဏ်ပေးလို့ ခတ်လုံးကို
ကြည့်တော့ လက်ထဲမှ ချွဲတဲ
တယ်။ ကိုင်ရတာ တစ်မျိုးပဲ။ အ
ချိန်ကလဲ တစ်နေတယ်။ ဂန
သဘော။ ခတ်လုံးကို လုံခြောက်
ထားတော့ အဝါရည်သန်းပြီးနေ
အမည်းပျောက်လဲ ထိုးနေတယ်။
ရွှေရောင်ဖုံးသွားအောင် ထိုးကြ

'မနက်ဖြန် အမ်စီလှည့်မယ်'

လို့ ဆရာပုဏ်က ကြို
တယ်။

စနေနေ့မှာ မိုးမှ မလင်းသေး
ဆရာပုဏ် ဖိုခွင်ဝင်ပြီ။ ဖိုး
နောက်တော်ပါးက တစ်ဖဝါး
ကပ်ပါသွားရတယ်။ ဘယ် နော
နေဝံ့မတုံး။

ဆရာပုဏ် ဖိုခွင်ကို မျက်
တယ်။ ဣန္ဒြာစရိယလုံ လုံပ
(၅)ထဲမှာ ခတ်သားကို
ဖိုခွင်ထဲမှာတော့ လုံကို ပေါ်



www.burmeseclassic.com

www.burmeseclassic.com

ည့် ခေါက်တိုက်တည်တယ်။

မီးတင်ပြီးတာနဲ့ ဆရာပုဏ္ဏ ဖိုဆွဲပါ ပြီး မီးသွေးက ကောင်းတော့ မီးကလဲ ငြိမ်းတယ်။ ကြို့သားမီးသွေး။ မီးသွေး လေလုပေါ့။ မီးညီပြီး မီးစီးထိုးထားတဲ့ အချိန် လုံထဲက ခေါက်အရည်ပျော်ပြီ။

အပြားခတ်ပြီး ညှပ်ထားတဲ့ ဘော် တစ်ကျပ်သားကိုတစ်စချင်း...တစ်စချင်း အနွေ့ပြဒါးခေါက်သားထဲကို ထည့် တယ်။ ကြာလိုက်တာ။ ဘော်ပြားလေး တွေတစ်စ အရည်ပျော်ပြီး ခေါက်သား ထဲသို့ ဝင်သွားမှ နောက်တစ်စ ထည့် တာဆိုတော့ စိတ်ရှည်လိုက်တဲ့ ဆရာ ပုဏ္ဏ...

ဘော်တစ်ကျပ်သား အကုန်ထည့် ပြီးတာနဲ့ လုံငှားဖုံး,ဖုံးပြီး အားတိုက် ခင်တိုက် ထိုးတော့တာပါပဲ။ အတော် ထိုးယူရတယ်။ မနည်းကြာတယ်။ ခေါက်သားနဲ့ ဘော်ပေါင်းဖို့ (၂)နာရီ ကျော်ကျော် ထိုးရတယ်။

ဆရာပုဏ္ဏက ဖိုခွင်မှာ ဝင်နေတုန်း ရေနွေးအိုး အကျိုးခိုင်းတယ်။ ဖိုးဟန်က ဒေါ်မြရွှေကို တစ်ဆင့်ခိုင်းတယ်။ ဒေါ်မြ ရွှေက ထမင်းချက်တဲ့ မီးဖိုမှာ ရေနွေး အိုးတည်တယ်။ ဟော... ရေနွေးဆူပါ ပြီကော။

ခေါက်သားကလဲ ရောယှက်သွားပြီ။ ရေနွေးကလဲ ကျက်ပြီ၊ ဆူပြီ။ ဆရာ ပုဏ္ဏက သွပ်ရေပုံးထဲမှာ ရေနွေး ကျိုက်ကျိုက်ဆူကို ထည့်ခိုင်းတယ်။ သစ်သားယောက်မနဲ့ ခပ်သွက်သွက် လက်ယာရစ် မွှေခိုင်းတယ်။ သွပ်ပုံးထဲ မှာ ရေနွေးတွေ လည်ပြီး ကတော့ထိုး တဲ့အချိန်...

ဆရာပုဏ္ဏက ဖိုခွင်ထဲက လုံကို လုံငှားဖုံးဖွင့်ပြီး၊ ညှပ်နဲ့ဆွဲပြီး မ,လိုက် တယ်။ ပြီးတော့ ရေနွေးတွေ ကတော့ ထိုးနေတဲ့ သွပ်ရေပုံးထဲကို လက်ပြန်



လောင်းထည့်လိုက်တယ်။ ဂလောက်... ဂလောက်...ဂလောက်...ဂလောက် အသံကြားရပြီး ခေါက်သားအစကလေး တွေ သွပ်ရေပုံး ဖင်အလယ်ကို စုသွား တယ်။

အသံငြိမ်ပြီး ရေပြင်ညီခါနီးမှာ သွပ် ပုံးထဲက ရေတွေကို သွန်ခိုင်းတယ်။ သွပ်ပုံးထဲမှာ ခေါက်သားအစလေးတွေပဲ ကျန်တယ်။ အဲဒီခေါက်သားတွေကို ထမင်းစား ပန်းကန်ပြားတစ်ချပ်ထဲမှာ ထည့်ပြီး ရေတွေကို စစ်ထုတ်ပစ်တယ်။ ရေအခန်းမှာတော့ ကြွေပန်းကန်ပြား ကို နေလှန်းခိုင်းတယ်။

မကြာလှဘူး။ မိုးနေပြင်းပြင်းမှာ (၁၀)မိနစ်အတွင်း ခြောက်သွားတယ်။ ဆရာပုဏ္ဏက လုံခွင် နှုတ်ခမ်းပေါ်မှာ ကျောက်စရစ်ခဲ အရွယ်ညီညီ (၃)လုံး ကို တင်တယ်။ ဖိုခုံလောက်ဆိုင်။ အဲဒီ အပေါ်မှာ သဲခွက်ကို တင်တယ်။ စတီး ပန်းကန်ပြားထဲမှာ သဲထည့်ထားတဲ့ သဲခွက်ပဲ။

ကြွေ လက်ဖက်ရည်ပန်းကန်ထဲကို (၃)စိတ်ခွဲထားတဲ့ ခေါက်သားအစတွေ ကို ထည့်တယ်။ ခေါက်သားတွေပေါ်ကို ငရုတ်မီး စားပွဲတင်ဇွန်း (၃)ဇွန်းစာလောက် ထည့်တယ်။ ရေနွေးခေါက်ဘူးထဲက ရေနွေး(၃)ဇွန်းလောက်လဲ ရောထည့် တယ်။

ခေါက်သားထည့်ထားတဲ့ လက်ဖက် ရည်ပန်းကန်ကို သဲခွက်ပေါ် တင်လိုက် တယ်။ မီးအပူကြောင့် ပူနေတဲ့ သဲအပူ က ငရုတ်မီးကို အရှိန်မြှင့်ပြီး စားစေတော့ တယ်။ အမြှုပ်ကလေးတွေ ထလာ တယ်။ ခေါက်သားပေါ်မှာ ခုံးတက်လာ တယ်။

ပြုပ်ပြုပ်...ပြုပ်ပြုပ်နဲ့ ပလုံလေးတွေ စီလာတယ်။ အခိုးထောင်းထောင်း ထလာတယ်။ စားသွားလိုက်တာ ကြည့်နေရင်း...ကြည့်နေရင်း အမှုန့် ကလေးတွေ ဖြစ်သွားတယ်။

ငရုတ်မီး အစားနည်းသွားတော့ ငရုတ်မီး ထပ်ထည့်၊ ရေနွေးထပ်ထည့်ပြီး စားစေ ပြန်တယ်။ တော်တော်တော့ လက်ဝင် တဲ့ အလုပ်။ မလွယ်ဘူး။

(၅)ကြိမ်မြောက် စားပြီးတဲ့အခါ လက်ဖက်ရည်ပန်းကန်လေးကို ဖိုခွင် ပေါ် သဲခွက်ထဲကနေပြီး ဖိုခွင်ဘေးက သဲခွက်ထဲကို ပြောင်းထည့်လိုက်တယ်။ လက်ဖက်ရည်ပန်းကန်လေး နည်း နည်းအေးသွားတော့ ကြွေပန်းကန်ပြား ကြီးထဲကို လောင်းထည့်တယ်။ အမှုန့်စ နည်းနည်းကျန်နေလို့ ရေနွေးနည်း နည်းထည့်ပြီး ကျင်းယူတာပဲ။

ကြွေပန်းကန်ပြားကြီးထဲက ရေနွေး တွေကို စစ်,စစ်ပြီး သွန်လိုက်၊ ရေနွေး ထပ်ထည့်လိုက်၊ သွန်လိုက်နဲ့ ကြည့်နေ ရင်း...ကြည့်နေရင်းက ကွမ်းယာကို ဝါးစားထားလို့ ထွက်လာတဲ့ ကွမ်းဝါး ဖတ်တွေလို ဖြစ်လာတယ်။ အမည်း ဖတ်တွေလဲ ပါတယ်။ နီဝါညိုရောင် မှောင်ရွှေမည်း အရောင်တဖျပ်ဖျပ်နဲ့။

'အဲဒါ ရွှေတွေကွ'


ဆရာပုဏ္ဏက အားပါးတရ ဆို တယ်။

'ရွှေမှ အခေါက်ရွှေ။ ကွမ်းဖတ်များ လေ ရွှေများလေ၊ ကွမ်းဖတ်နည်းလေ ရွှေနည်းလေပဲ ဖိုးဟန်'



www.burmeseclassic.com

www.burmeseclassic.com



အန္တောဓာတ်သား ပြဒါးနဲ့ဆောင် ဓာတ်သားအလုံးကြီးက အကြီးကြီး။ အခု ကွမ်းဖတ်တွေက နည်းလိုက်တာလို့ ဖိုးဟန်တွေးတယ်။

ဖိုးဟန်မှ အတွေးမဆုံးသေးဘူး။ ဆရာပုဏ်က သိပုံပေါ်တယ်။

'ဖိုးဟန် လောဘမကြီးနဲ့ ပေးသလောက်နဲ့ ရောင့်ရဲတင်းတိမ်ကွာ။ ပြဒါးတစ်ကျပ်သားနဲ့ တို့ ထိုးကြတာပဲ။ ရွှေဖြစ်လာရင် အများဆုံး တစ်မူးသားပဲ။ ဒီထက် လျော့ချင် လျော့မယ်။ အာဂဖြစ်လှ(၃)ပဲထက် မပိုဘူး။ သမားစဉ် စားလမ်းက ဒီလောက်ပဲ။ ဒယ်အိုးကြီးနဲ့ ဖြစ်ချင်ရင်တော့ ပြာရိုက်ဖော့'

နောက် ''ဒီနေ့တော့ နားမယ်'' တဲ့။

တနင်္လာနေ့မှာတော့ ကျောင်းဆရာလေး မောင်ဖိုးဟန် ကျောင်းချိန်မှန်မှန် တက်ရတော့မယ်။ မနက်(၅)နာရီထိုးတော့ ဆရာပုဏ်နိုးပြီ။ ဖိုးဟန် ကျောင်းတက်ရမှာကို ဆရာပုဏ်သိတယ်။ ဆရာတပည့်နှစ်ယောက် ဖိုခွင်ဝင်ကြပြီ။

ဖောက်လုံနံပါတ်(၁) အကြီးထဲကို ကွမ်းဖတ်တွေ ထည့်တယ်။ သူ့အပေါ်က လက်ချားမီးပေါက် သိပ်တယ်။ လုံငှားဖုံး,ဖုံးပြီး မီးလျှံ တစ်အုပ်ထိုးတယ်။ နောက်တစ်အုပ် မီးလျှံပဲ ထိုးပြန်တယ်။ မီးကိုကြည့်လို့ ဆရာပုဏ်က ဆိုတယ်။

မီးရောင်က အဝါနုရောင်ကနေ အဝါရောင်ရင့်ပြီး နောက်လာတယ်။

ဆရာပုဏ်က ဖိုကြိုးကို ဆွဲရင်း သံငေါက်ကလေးနဲ့ မီးရောင်ကို ထိုး, ထိုးပြီး ပြတယ်။

'ချော်ပျော်ပြီကွ။ ချော်ပျော်ရင် ဓာတ်ပျော်ပြီ။ မကြာဘူး'

မောင်ဖိုးဟန် အခေါက်ရွှေကို တွေ့ရတော့မယ်။

မဟာမြိုင်ဆရာတော်ကြီးရဲ့ မဟာသိဒ္ဓိကျမ်းရင်းကြီးထဲမှာ...

'လောကီသိပ္ပံ ပညာဉာဏ်ဖြင့် ထက်သန်သောသူ ဤသည့်မှုကို ယူကြစေသား သဘောထား၍ မိန့်ကြားခဲ့သည် မီးနားလည်က စီရင်ကြလော့ အပယ်ရှိ စွယ်မစုံမှု ယုံ၍ လိုက်စား စရိုက်အားကြောင့် စီးပွားလက်ရှိ ဆုံးတတ်တိ၏'

လို့ လမ်းညွှန်ပြသ ဆိုခဲ့မထားတယ်။ သရေခေတ္တရာ ပြည်မြို့က ထွက်ရပ်မြန်းသွားတဲ့ ဆရာတော် ဦးဇာဂရကလဲ အဲဒီလိုပဲ ဆိုပြန်တယ်။

ဖိုကို အဆက်မပြတ်ဆွဲရင်း ဆရာပုဏ်က ပညာပေးတယ်။

'ပကတိမီး၊ ချော်ပျော်မီး၊ ဓာတ်ပျော်မီး၊ ဓာတ်ပြုမီး၊ အထိုင်မီး စတာတွေတော့ သိမှဖြစ်မယ် မောင်ဖိုးဟန်'

မီးသွေးကလဲ (၆)အုပ်၊ (၇)အုပ်လောက် ကျသွားပြီ။

ဆရာပုဏ် ဖိုမီးကိုရပ် ညှပ်နဲ့ လုံငှားဖုံးကိုဖွင့် ချော်ငြိမ်အောင် ခဏလောက်နေ ချော်ပြင်ညီလို့ တည်ငြိမ်မှ လုံကို ညှပ်နဲ့ဆွဲတင်ပြီး သဲခွက်ထဲကို ထည့်ထားလိုက်တယ်။ ဆရာပုဏ်က ဖိုးဟန်ကို ကြည့်ပြီး...

'ကဲ... ဖိုးဟန် မင်း ကျောင်းသွားဖို့ပြင်၊ မင်း ထမင်းစားကျောင်းဆင်း ပြန်လာမှ လုံကို ခွဲမယ်။ နောက်ဆံမတင်းနဲ့၊ ကျောင်းဆရာတာဝန် ကျေအောင်လုပ်'

ဆရာပုဏ်ရဲ့ ကျောက်ပေါ် သဲ့သဲ့ရှိတဲ့ မျက်နှာမှာ အပြုံးပန်း ဝေဆာပြီး တဟဲဟဲနဲ့ ရယ်မော ပြောတယ်။

ဖိုးဟန်လဲ ကျောင်းကို သွားရပြီ ဘယ် နောက်ဆံတင်းလိမ့်မတုံး။

ထမင်းစားကျောင်းဆင်းလို့ ဖိုး အိမ်ကို ပြန်လာတော့ ဆရာပု အသင့်အနေအထားနဲ့ သူ့လက် လုံကို ကိုင်ထားပြီ။ (၆)လက်မလော ဆောက်ပါးသံနဲ့ ရိုက်ခွဲလိုက်တ ဓာတ်သားထွက်ကျလာတယ်။ အဆ ပကတိပဲ။ အဟန့်တော့ နည်းတ ဒါပေမယ့် ဓာတ်သားက စိုပြေ ဝင်းအိနေတယ်။

ရှိလှ(၃)ပဲသားပဲ။

ဆရာပုဏ်က သူ့လွယ်အိတ်ထဲ ချိန်ခွင်ကို ယူပြီး ချိန်တယ်။

တစ်မူးသားကွက်တိ။

ချိန်ခွင်လျှာ ဘယ်,ညာ မ မစောင်းဘူး။ မယိမ်းဘူး။ တည် လျက် ငြိမ်လို့။

ဓာတ်သားကို လက်နဲ့ ဆဆ ရင်း ဆရာပုဏ်က...

'ဖိုးဟန်...အဲဒါ ဒန်နာသုတ က ရွှေဖြစ်တာပဲ၊ စားလမ်းပဲ ထောက်လမ်းပဲ'

'ဆရာ အဖြစ်နည်းလှချည့်လ

'မင်းကွာ... စားလမ်းပါ၊ ထောက်လမ်းပါ ဆိုနေမှတော တာ အဖြစ်နည်းပြီပေါ့။ အလှ



www.burmeseclassic.com

www.burmeseclassic.com

အတန်းကြီး ဘယ်ပေးနိုင်မလဲ။ အေး... တစ်ခုတော့ ရှိတယ်ကွ။ ရိက္ခာထောက် ရပြီဆိုမှတော့ စားဖို့ မပူရတော့ဘူး။ **အပူအပင်ကင်းကင်းနဲ့ အပိုဒုက္ခတွေကို မဆွယ်နဲ့။ မူလဒုက္ခတွေကို ပယ်ပြီး ထွက်ရပ်စခန်းကို မှန်းမျှော်ရမယ်'**

ဖိုးဟန် စကားတစ်ခွန်း မဟနိုင်ဘူး။ နှုတ်ဆိတ်နေရပြီ။

'အခုလုပ်တာ ရွှေဖြစ်စားလမ်း၊ ရိက္ခာထောက်လမ်း။ မင်းလမ်းခွဲပြီး ကြံစည်မယ်ဆိုရင် အန္တောက ထွက်ရပ်စခန်းအထိ ပေါက်မြောက်စေနိုင်တယ်'

မောင်ဖိုးဟန် ကြောင်ခံနေတယ်။ အန္တောက ထွက်ရပ်အထိ သွားတယ်ဆိုတော့ ဘယ်လိုကြီးလဲဟပေ့။ ကြားမှ မကြားဘူးဘဲ။ ဘယ်သိမလဲ မောင်ဖိုးဟန်။

ဖိုးဟန်ရဲ့အဖြစ်ကို ဆရာပုဏ်က သနစ်စုံအောင် သိတယ်။ ဖိုးဟန်တော့ တစ်ကွက်လိုနေပြီ၊ ဟာနေပြီ။ ဖြည့်လိုက်ဦးမှ ဆိုတဲ့သဘောနဲ့ ဆရာပုဏ်က...

'အန္တောနဲ့ပြဒါး တွဲထားတဲ့ ဓာတ်သားကို ဘော်မကပ်နဲ့ ဆက်ထိုး၊ လုံချောင်တဲ့အထိ ထိုး။ လုံချောင်ပြီဆိုရင် လုံခြောက်တစ်လုံ ချော်တစ်လုံ၊ လုံခြောက်တစ်လုံ ချော်တစ်လုံနဲ့ မှန်မှန်ဓာတ်ကစား မင်းမှတ်မိတယ်နော်'

ဖိုးဟန် ခေါင်းတစ်ချက်အညိတ်မှာ...

'လုံခြောက် (၁၀)လုံလောက် ထိုးပြီးရင် လုံခြောက်ထိုးထားတဲ့ လုံခွံကိုကြည့် ဓာတ်သားရဲ့အပေါ် လုံနှုတ်ခမ်းမှာ ချော်ရစ်လာမယ်။ သိသာရုံလေးပဲ၊ အရောင် သာသာလောက်ကလေးပဲ။ မများဘူး။ ကိုယ့်သားအကြောင်း ကိုယ်သိရမယ်။



နောက် လုံ(၁၀)လောက် ဆက်ထိုးရင် ဓာတ်သားဘေးမှာ ချော်ထု စပြီး ရစ်လိမ့်မယ်၊ ဓာတ်သားက နာနဲ့ လှည့်တာကို ခံပြီ။ နာလှည့်တော့၊ နာဆီသွင်းတော့လို့ ပြောနေတာပဲ။ မင့်ကို နာလှည့်နည်းလဲ သင်ပေးခဲ့မယ်'

ဖိုးဟန်မျက်လုံး အပြုံးတစ်ချက် ဝင်းလက်သွားတယ်။ နာဆီသွင်းတာနဲ့ နာချက်တာ တခြားစီပဲဆိုတာကိုတော့ ဖိုးဟန် သိတယ်။ အခုတော့ ဒီနှစ်တန်ကို ခွဲခြားပြီး ကွဲကွဲပြားပြား သိရတော့မယ်။ ဆရာပုဏ်က ဆက်ပြောပြန်တယ်။

'နာလှည့်တဲ့အခါ ကြက်ဥ မကျက်တကျက် ကြော်အတိုင်းပဲ။ ဓာတ်သားအနှစ်က အလယ်မှာ အိနေတာပဲ။ ချော်က ဘေးမှာ အုံနဲ့ကျင်းနဲ့ ရစ်နေတယ်။ နောက်ဆုံးမှာ ချော်ဖုံးသွားတယ်'

'အဲဒီတော့ လုံခွဲလိုက်ရောလား ဆရာ'

'ဖိုးဟန်... မင်းကတော့ လုပ်ပြန်ပြီ စကားဆုံးအောင် နားထောင်ပါဦးဟ'

'အန္တောချက်တုန်းကအတိုင်း လုပ်ကိုင်ဆောင်ရွက်ရမယ် ထင်လို့ပါ ဆရာရယ်'

ဖိုးဟန်ဆိုတာ မျက်လုံးလေး ဆီးစေ့လောက်နဲ့...

'နာနဲ့ ချက်ထိုး,ထိုးတယ်ဆိုတာ နာက အညစ်အကြေးကိုလဲ စားတယ်။ ဖယ်ထုတ်တယ်။ ဓာတ်သားအပျော့အပျဉ်းဆိုက်ဖို့ နာဆီကိုလဲ သွင်းပေးတယ်။ ဓာတ်သားအပြောင်းအလဲ ဖြစ်သွားပြီ။ နာဆီဝင်ရင် ဓာတ်သားစိုတယ်၊ ရွှဲတယ်။ ဒါပေမယ့် ချက်ထိုး,ထိုးတဲ့အခါ မီးနားလည်ဖို့ အရေးကြီးတယ်။ ပေးတတ်,ယူတတ်ရတယ်။ မီးကို ကိုယ်လိုသလို ပုံသွင်းပြီး ခိုင်းနိုင်ရတယ်'

'ခက်တော့တာပဲ ဆရာရယ်... နည်းကမခက် မီးက ခက်ဆိုတာပဲ ရှိပေမယ့်၊ မီးကလဲ ခက်တာပဲ၊ နည်းကလဲ ခက်တာပဲ။ တစ်ခါ ခုနကပဲ မီးနားလည်က စီရင်ကြလော့လို့ ဆရာပြောတယ်'

'ဟော့ကောင် ဖိုးဟန်... ငတုံးငအေမင့်ရှေ့မှာ ဘယ်သူရှိသလဲ ကြည့်လိုက်စမ်း'

ဖိုးဟန် မျက်စိနှစ်ကွင်း လင်းခနဲလက်သွားတယ်။ အသိဉာဏ်တစ်ချက် ကွက်ခနဲ ပေါ်သွားတယ်။

'ဆရာမပြ နည်းမကျတဲ့ ဆရာမရှိလို့ကတော့ မင်း ဘယ်ဓာတ်ကိုပဲ ထိုးထိုး၊ ဖို ဘယ်နှစ်လုံးဆင်ပြီး ထိုးထိုး နှစ်ပေါင်းရာချီထိုး အချိန်တိုတိုနဲ့ လိုရာပြီးမြောက် ခရီးရောက်လိမ့်မယ် မဟုတ်ဘူး။ (၁၀)နှစ်ခရီးနဲ့ တစ်လခရီး ဒီလိုကွာလိမ့်မယ်'

ဆရာလိုတယ်ဆိုတာတော့ ဖိုးဟန်သိတာပေ့။ ကြာလှပေ့သိတာ။ ရှမ်းတရုတ်သိုင်းပညာ ဆရာပုဏ် ဖိုးဟန်ကို သင်ပေးခဲ့စဉ်က (၅)ကွက်လောက်ဆိုတာ မလွယ်ဘဲ ခက်လှလို့ ဆရာပုဏ် (၃)ကြိမ်ပြန်ပြခဲ့ရတယ်။ မေ့ပါရိုးလား။


ရှေ့လ ဆက်ဖတ်ပါရန်

ရွှေတောင် ခင်မောင်ကြည်



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ခင် (မင်းလှ)

(၃၂)လုံး

# လိုရာသုံးအင်း

စာရေးသူအနေဖြင့် အင်းပညာတော်တော်များများကို လေ့လာ သင်ကြားခဲ့ဖူးပါသည်။ ဒီအင်းပညာက လွယ်ကူသည်၊ အကျိုးသက်ရောက်မှုကောင်းသည်၊ ထိရောက်မှုရှိသည်။ ဒီအင်းပညာကို စာရေးသူ ရရှိခဲ့သည်မှာ လွန်ခဲ့သော (၁၅)နှစ်ခန့်က ဘူးသီးတောင်မြို့နယ်၊ နွားရုံတောင်ကျေးရွာတွင် စာရေးသူ၏ မွေးစားမိခင်, ဖခင်များ နေထိုင်ကြ၍ ရောက်တုန်းရောက်ခိုက် ငယ်စဉ်က ကျေးဇူးရှိခဲ့ကြသူများကို ဂါရဝပြု ကန်တော့ရန် သွားရောက်ခဲ့ပါသည်။

နွားရုံတောင်ရွာ၏ မြောက်ဘက် (၄)ဖာလုံခန့်တွင် ရှေးဟောင်း စေတီတော်ကြီးတစ်ဆူ ရှိပါသည်။ (၃၁)ဘုံစေတီတော်ဟု ခေါ်ပါသည်။

စာရေးသူနှင့် ညီအစ်ကိုဝမ်းကွဲတော်စပ်သူ ဦးသာစိန်လှနှင့် ညီမများဖြစ်သော မဝင်း၊ မစောနုဖြူတို့ကိုပါ ခေါ်ကာ နံနက် (၈) နာရီခန့်တွင် ဘုရားဖူးရန် ထွက်လာခဲ့ကြပါသည်။

ဘုရားကုန်းတော်ပေါ်တွင် ရှေးခေတ်လက်ရာ စေတီပုထိုးများ၏ ကမ္ပည်းစာများကို လေ့လာကြရင်း စေတီတော်ကြီး၏ အရှေ့ဘက်အရောက်တွင် မလှမ်းမကမ်း တောင်ကုန်းလေးတစ်ခုပေါ်၌ ကျောင်းတစ်ဆောင်ကို မြင်ရပါသည်။ စာရေးသူက...

'ဟော့... ညီမလေး ဒီကျောင်းမှာ သံဃာတွေ သီတင်းသုံးကြသလား'

ဟု မေးလိုက်သည့်အခါ ညီမလေး မဝင်းမှ...

'ဟုတ်ကဲ့ အစ်ကိုလေး ဆရာတော်ကြီးတစ်ပါး သီတင်းသုံးပါတယ်'

စာရေးသူက...

'တို့ ဘုရားဖူးလို့ပြီးရင် ဆရာတော့်ကျောင်းကို သွားဖူးကြမယ်နော်'

ပြောလိုက်ပြီး စေတီတော်ကို လှည့်လည် ဖူးမြော်ကြသည်။

နံနက် (၁၀)နာရီခန့်တွင် စေတီတော်၏ အရှေ့ဘက် စောင်းတန်းလှေကားမှဆင်းပြီး ဆရာတော် သီတင်းသုံးတော်မူသော တောင်ကုန်းလေးပေါ်သို့ တက်ရောက်ကြသည်။

တိတ်ဆိတ် ငြိမ်သက်လှသော ကျောင်းလေးတွင် ဆရာတော်ကြီးတစ်ပါးတည်း ရှိသည်။ ကပ္ပိယကြီးတစ်ဦး အနားမှာရှိသည်။ စာရေးသူတို့ ဆရာတော့်ကျောင်းထဲ ဝင်သွားလိုက်သည့်အခါ...

ကပ္ပိယကြီးက ''လာကြ... လာကြ ဒီမှာ ထိုင်ကြ'' ဟုဆိုပြီး နေရာချပေးသည်။ ဆရာတော်ကြီးအား ဦးချ ဖူးမြော်ကြကာ ဦးသာစိန်လှက...

'တပည့်တော်တို့ နွားရုံတောင်ရွာက ပါဘုရား'

ဟု လျှောက်ထားလိုက်ပါသည်။

'ဪ... နွားရုံတောင်က ဒကာ တွေ ကိစ္စနဲ့ လာကြတာလား'

ဟု ဆရာတော် အမိန့်ရှိသောအခါ စာရေးသူက...



www.burmeseclassic.com

www.burmeseclassic.com

'တပည့်တော်တို့ (၃၁)ဘုံ စေတီတော် ဖူးမြော်ရင်း လာခဲ့တာပါဘုရား။ တပည့်တော်တို့က နွားရုံတောင်ရွာက ဦးစံကျော်လှရဲ့ သားသမီးတွေ ဖြစ်ပါတယ်ဘုရား'

'ဒကာကြီး စံကျော်လှ နေကောင်းရဲ့လားကွယ့်'

'မှန်ပါ့ဘုရား၊ နေထိုင်ကောင်းပါတယ်ဘုရား'

'ဒါနဲ့ နေပါဦး ဒကာကြီးမှာ သမီးတွေပဲရှိတာ မဟုတ်လား'

'မှန်ပါ့ဘုရား တပည့်တော်ကို အဖေနဲ့အမေက ငယ်စဉ်က သာသနာ့အမွေခံယူဖို့ မွေးစားခဲ့တာပါဘုရား။ တပည့်တော် (၉) နှစ်၊ (၁၀)နှစ်သားအရွယ်က ဒီရွာမှာ နေခဲ့ပါတယ်ဘုရား။ ငယ်စဉ်ကပင် ရန်ကုန်ကို သွားရောက် ပညာသင်ခဲ့ရလို့ ရွာနဲ့ အလှမ်းဝေးကွာခဲ့ရပါတယ်ဘုရား။

နောက်တော့ ဌာနဆိုင်ရာ အလုပ်တစ်ခုမှာဝင်လုပ်ပြီး အလုပ်က အနားယူကာ အခု တိုင်းရင်းဆေးပညာနဲ့ အသက်မွေးဝမ်းကျောင်းပြုလျက် ရှိပါတယ်'

ဟု လိုရင်းကို တိုတိုနှင့် လျှောက်ထားလိုက်သောအခါ ဆရာတော်က...

'ဘုန်းကြီးလဲ ငယ်စဉ်က တိုင်းရင်းဆေးဆရာ လုပ်ခဲ့တယ် ဒကာလေး။ ယခု ဘုန်းကြီးဖြစ်လာတော့မှ ဝိနည်းသိက္ခာအရ လောကီပညာတွေကို စွန့်ခဲ့တာ'

'မှန်ပါ့ဘုရား'

'ဒကာလေးကို ကြွတုန်း ဆေးကုတဲ့ နည်းပညာတစ်ခု ပေးလိုက်မယ်။ ယုံယုံကြည်ကြည် အသုံးချကြည့်ပါ'

ဟု ဆိုကာ ဆရာတော် လက်ရေးမှုနှင့် ရေးထားသော ဗလာစာအုပ်



တစ်အုပ်ကို စာအုပ်စင်ပေါ်က လှမ်းယူလိုက်သည်။ ပြီးလျှင်...

'ရော့... ဒီစာအုပ်ထဲမှာ ရေးထားတဲ့အတိုင်း ကူး "(၃၂)လုံး လိုရာသုံးအင်းတော်"ဆိုတာ တွေ့လိမ့်မယ်။ ဒါ မူရင်းအတိုင်းပဲ။ ဘုန်းကြီး ဆေးဆရာလုပ်တဲ့အချိန်က ကိုယ်တိုင် ကုသခဲ့တဲ့ ပညာတွေဖြစ်တယ်။ ဒီပညာနဲ့ အများသတ္တဝါတွေကို ကယ်မပါ၊ ကူညီပါ။

သတ္တဝါတွေရဲ့ ကိုယ်ခန္ဓာမှာ ကျရောက် ဖြစ်ပေါ်တဲ့ ဘယ်ဝေဒနာမဆို ဘယ်လိုအတတ်ပညာ ဆေးဝါးနဲ့ပဲ ကုသ, ကုသ အဓိက ပျောက်ကင်းချမ်းသာဖို့ပဲ မဟုတ်လား ဒကာလေး'

'မှန်ပါတယ် ဘုရား'

'ဘုန်းကြီး ဒီပညာကို ဘယ်လို ရရှိခဲ့တယ်ဆိုတာ ပြောပြမယ်။ ဘုန်းကြီး ငယ်စဉ်က ဟိုဘက်နိုင်ငံတစ်ခုရဲ့ နယ်မြေဒေသမှာ နေထိုင်ခဲ့ဖူးတယ်။ ကျေးလက်ဒေသဆိုတော့ အစစ အရာရာ ခေတ်မမီဘူး။ တောသူ,တောင်သူများ ဖြစ်ကြတယ်။

တစ်နေ့ ဘုန်းကြီး ကျန်းမာရေး မကောင်းဖြစ်တော့ ဘုန်းကြီးရဲ့ မယ်တော်က ရွာလယ်ပိုင်းက ဆေးဆရာကြီး ဦးကွန့်ဆိုသူကို ပင့်ခေါ်လာတယ်။

ဒီဆရာကြီးက အဲဒီ ဒေသနီးဝန်းကျင်မှာ နာမည်ကျော်ကြားတဲ့ ဆရာတစ်ဆူ ဖြစ်တယ်။ ဆရာကြီးက အိမ်ပေါ်ရောက်တာနဲ့ (လူနာ)ဝတ်တဲ့ အင်္ကျီဟောင်းတစ်ထည်ကို တောင်းတယ်။ ပြီးရင် (၆) လက်မခန့်ဖြတ်ယူပြီး အဲဒီ အင်္ကျီပိတ်စထဲမှာ "အင်းကွက်တစ်ခု" ရေးဆွဲချထားတယ်။

ဘုန်းကြီး အဲဒီတုန်းက စိတ်ထဲကပေါ့ ဒီဆေးဆရာကြီး လူနာကို အရင်ဆုံး ဆေးမကုဘဲနဲ့ ယတြာချေဖို့ လုပ်တာလား စိတ်ထဲမှတ်တယ်။ ဆရာကြီးက အင်းကွက် ရေးဆွဲပြီးကာမှ...

'လူလေး နာမည်ပြောပါ'

'ကျွန်တော့်နာမည် လှအောင်မြင့်ပါ"

'ဘာနေ့သားလဲ'

'ဗုဒ္ဓဟူး နံနက်မွေးပါ'

'ရပြီ... ရပြီ'

ဟုဆိုကာ ဘုရားခန်းရှိရာသို့ သွားပြီး ကျောက်သင်ပုန်းပေါ်တွင် စာရေးတယ်။

နောက်တော့ ကျောက်သင်ပုန်းပေါ်က စာလုံးတွေကို အင်္ကျီစပေါ်မှာ ရေးဆွဲထားတဲ့ အင်းကွက်ထဲကို တစ်လုံးစီ, တစ်လုံးစီ ရေးသွင်းနေတယ်။ ပြီးရင် အဲဒီ အင်္ကျီစကို မီးစာပြုပြီး ပျားဖယောင်းနဲ့ ဖယောင်းတိုင်လုပ်ကာ ဘုရားမှာ မီးပူဇော်တယ်။ ဆုတောင်းပြီး သစ္စာပြုတယ်။

ဆရာတော်ကြီးက စကားပြောရင်း အာခြောက်ကပ်လာသဖြင့် ရှေ့က ရေခွက်ထဲက ရေကို မော့၍ သုံးဆောင်လိုက်သည်။

'ကဲ... ဒကာလေး သေချာရေးမှတ်ဒါ ပညာခန်းပဲ'

'မှန်ပါ့ဘုရား'

'ဆေးဆရာကြီး သစ္စာပြုပုံက...

"ဘုန်းတော်အနန္တ ဂုဏ်တော်အနန္တ...

www.burmeseclassic.com

တော်အနန္တနဲ့ ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ တပည့်တော် ဆေးဆရာ ဦးကွန့် သစ္စာဆိုပါသည်ဘုရား လွန်ခဲ့သော သုံးရက်ခန့်က ကျန်းမာရေး နေထိုင်မကောင်း ဖြစ်ခဲ့သော ဗုဒ္ဓဟူးသား မောင်လုအောင်မြင့် ကျန်းမာ ချမ်းသာရပါစေ" ဤစကားသည် မှန်သောသစ္စာစကား ဖြစ်ပါသည် မြတ်စွာဘုရား'

ဟုဆိုကာ မေတ္တာပို့ပြီးကာမှ လူနာရှိရာသို့ လာပြီး ကျန်းမာရေးဆိုင်ရာကိစ္စတွေ မေး၊ စမ်းသပ်၊ ဆေးစပ်ပြီး သောက်ခိုင်းတယ်။ အဲဒီမှာ ဘုန်းကြီးက ဆေးဆရာကြီးကို မေးတယ်။

'ဆရာကြီး ဆရာကြီးဟာ လူနာကို အရင်ဆေးကုမပေးဘဲ မီးထွန်းပူဇော်ပြီးမှ ဆေးပေးတယ်။ ဆေးကုသတယ်ဆိုတော့ ဆေးပို့စွမ်းတာပေါ့နော်'

ပြောတော့ ဆေးဆရာကြီးက ပြုံးပြီး...

'လူလေး ဝါသနာပါလို့လားတဲ့'

'ဟုတ်ကဲ့ ကျွန်တော် သင်လိုပါတယ်'

ဆရာကြီးက...

'ဒီလိုရှိတယ်ကွယ့်။ "လောကမှာ မသိသူ ကျော်ကာသွား သိတဲ့သူ ဖော်ကာစား" ဆိုတဲ့ စကားပုံတစ်ခု ရှိတယ်။ မီးထွန်းတာဟာလဲ ဆေးကုသပေးတာပဲ။ ဆေးကုသတယ်ဆိုတာ ရုပ်ဆိုတဲ့ ကိုယ်ခန္ဓာကို ကုသရသလို လူနာရဲ့ ကံတရားအပေါ်မှာ ဂြိုဟ်စီးဂြိုဟ်နင်း နိမိတ်ဆိုး၊ အိပ်မက်ဆိုး၊ မိစ္ဆာအမျိုးမျိုးတို့ရဲ့ လှုံ့လပယောဂကြောင့် ဖြစ်စေတတ်တဲ့ ဝေဒနာ ရောဂါတွေကိုလဲ ကုသပေးဖို့လိုတယ်။

အဲဒါကို အခြေခံပြီး ဘုရားဂုဏ်တော်၊ တရားဓမ္မဂုဏ်တော်၊ သံဃာတော်အရှင်မြတ်တို့ရဲ့ ဂုဏ်တော်တွေကို အာရုံပြု သစ္စာပြုပြီး မီးထွန်း



ဆေးကုသပေးတယ်ဆိုတော့ ပိုပြီး ဆေးစွမ်းထက်မြက်တာပေါ့။

ဒီမီးထွန်းပြီး ဆေးကုတဲ့ပညာက သင်ယူရတာ လွယ်ကူတယ်။ ဒါပေမယ့် ကိုယ်ကျင့်တရားကောင်းဖို့တော့ လိုတယ်။ "သီလ၊ သမာဓိ၊ ပညာ၊ သစ္စာ"ရှိအောင် ကြိုးစားနေထိုင်ရမယ်'

'ဆရာကြီးက ကျောက်သင်ပုန်းပေါ်မှာ ရေးထားသော အင်းဆန်သွင်း စာတမ်းကို ပြသောအခါ ခုနက သစ္စာပြု၍ ရွတ်ဆိုသော စာတမ်းသာဖြစ်တယ်။ ဘုန်းကြီးက ဒီစာတမ်းက ဆရာကြီး မီးထွန်း သစ္စာပြုတဲ့အခါ ရွတ်ဆိုတာ ကြားလိုက်ပါတယ်'

'ဟုတ်တယ် လူလေး ဒါ ဆေးကုပေးတဲ့ စာတမ်းပါ'

'ဒီစာလုံးတွေရဲ့အရေအတွက်ဟာ (၃၂)လုံးရှိတယ်။ ဝေဒနာရှင် လူနာရဲ့ အင်္ကျီ အဝတ်စမှာ အင်းကွက်ကို ချပြီးလျှင် (၃၂)လုံးရှိတဲ့ စာလုံးတွေကို မြင်းသွားချပြီး အလယ်ကွက်မှာ လူနာရှင်ရဲ့ နံကိုသွင်း အဲဒီ အင်္ကျီစကို ပျားဖယောင်း ဖါးကျုပ်သားနဲ့ မီးစာပြုလုပ်ကာ ဘုရားမှာ မီးထွန်းပူဇော်ပြီး သစ္စာဆိုပြီး ဆေးကုပေးတယ်။ ဘုန်းကြီး နေကောင်းသွားပြီးနောက် ဆေးဆရာကြီး ဦးကွန့်ထံမှာ (၂)နှစ်ခန့် ဆေးပညာ သင်ယူခဲ့တယ်။ ဆေးပညာနဲ့ အသက်မွေးဝမ်းကျောင်းခဲ့တယ်။

လူတော်တော်များကို ကုသပေးဖူးတယ်။ တကယ်ကောင်းတဲ့ ပညာတစ်ခုပါ။ ဘုန်းကြီး (လက်တွေ့)ပဲ။ သေသေချာချာ ကူးပြီး[illegible] သွားပါ'

ဟု မိန့်ကြားသောကြောင့် ဒီပညာကို စာရေးသူ ရရှိလာခဲ့သည်။ ဆရာတော်မှာကြားသည့်အတိုင်း ဆောင်ရွက်လုပ်ကြည့်သည်။ အဆင်ပြေပါသဖြင့် ဝါသနာပါသူများ၊ လေ့လာ လိုက်စား သူများ သိရှိနိုင်စေရန် ဖော်ပြအပ်ပေ သည်။

**(၃၂)လုံး လိုရာသုံး အင်းပုံစံ**

| | | | | | | |
|---|---|---|---|---|---|---|
| | | ခဲ့ | လွန် | မောင် | | |
| | | သား | ရ | မှာ | | |
| ချမ်း | ဖြစ် | ကျ | သော | ခဲ့ | လု | [illegible] |
| က | ဟူး | သာ | နံ | ပါ | ဗု | [illegible] |
| ကောင်း | မှာ | ခန့် | ဒ္ဓ | သုံး | နေ | [illegible] |
| | | မ | စေ | မြင့် | | |
| | | ကျ | ရက် | ထိုင် | | |

အင်းဆန်

**လွန်ခဲ့သော သုံးရက်ခန့်က ကျန်းမာရေး နေထိုင်မကောင်း ဖြစ်ခဲ့သော ဗုဒ္ဓဟူးသား မောင်လုအောင်မြင့် ကျန်းမာ ချမ်းသာရပါစေ။**

**မြင်းသွားပုံစံ**

| | | | | | | |
|---|---|---|---|---|---|---|
| | | ၁၆ | ၁ | ၂၂ | | |
| | | ၂၁ | ၃၀ | ၉ | | |
| ၂၈ | ၁၅ | ၈ | ၁၇ | ၂ | ၂၃ | ၁၀ |
| ၇ | ၂၀ | ၂၉ | နံ | ၃၁ | ၁၈ | ၃ |
| ၁၄ | ၂၇ | ၆ | ၁၉ | ၄ | ၁၁ | ၂၅ |
| | | ၁၃ | ၃၂ | ၂၄ | | |
| | | ၂၆ | ၅ | ၁၂ | | |

**ဗိုလ်မင်း(မင်းလု)**



www.burmeseclassic.com

www.burmeseclassic.com

ပဲ ငါးဇွန်းသာ စားသုံးတဲ့

သာသနာပြု

# အဘရသေ့ကြီးနှင့်

ကြုံတွေ့ခဲ့ရစဉ်က

အမှတ် (၂)

စင်သူ (မော်လမြိုင်)



အဘရသေ့ထံ မရောက်မီကပင် **"အကြားအမြင်ရသော ရသေ့ကြီးတစ်ပါး ဘုရားလာတည်နေကြောင်း။ အကြားအမြင်ဖြင့် ကြိုတင် ဟောပြောချက်များမှာ လွန်စွာ မှန်ကန်ကြောင်း"** ကြားသိခဲ့ရပြီး ဖြစ်သည်။

အဘရသေ့ကြီးနှင့် ကျွန်မ၏ဖခင်တို့ စကားများ ဆက်ပြီး ပြောနေရင်းမှ အဖေက ကိစ္စတစ်ခုအား အဘရသေ့ထံ လျှောက်ထား မေးမြန်းကြည့်ပါသည်။ လျှောက်ထား မေးမြန်းသည့် ကိစ္စကတော့ အဖေ၏တပည့် တပ်ကြပ်ကြီးတစ်ဦး၏ သမီးငယ်လေး ပျောက်ဆုံးသွားတာနှင့် ပတ်သက်ပြီး ကလေး ပြန်ရနိုင်၊ ပြန်မရနိုင်၊ သက်ရှိထင်ရှား ရှိနေသလား ဆိုသောကိစ္စပင် ဖြစ်ပါသည်။

ယင်း တပ်ကြပ်ကြီးမှာလည်း သူ၏ ပျောက်ဆုံးသွားသော သမီးငယ်လေး အတွက် များစွာ စိတ်ဆင်းရဲလျက် ရှိနေသည်။ (ဒီနေရာတွင် ပုဂ္ဂိုလ်ရေး အရ ထိခိုက်မည်စိုး၍ တပ်ကြပ်ကြီး၏ နာမည်ကို မဖော်ပြတော့ပါ။)

## သမီးငယ်လေး ပျောက်ဆုံးသွားရပုံ

အထက်ပါ ပျောက်ဆုံးသွားသော သမီးငယ်လေးမှာ သုံးနှစ်ကျော်, လေးနှစ်ဝန်းကျင်လောက် ရှိပါသည်။ ကလေး၏ ဖခင် တပ်ကြပ်ကြီးနှင့် မိခင်ဖြစ်သူတို့သည် ခွင့်ရသဖြင့် ပဲခူးမြို့တွင် နေထိုင်သော ကလေး၏ အဘွားဆီသို့ အလည် သွားရောက်ကြပါသည်။

အဘွားမှာ မိခင်၏ အမေ တော်စပ်ပါသည်။ ပဲခူးမြို့ရှိ အဘွား၏ နေအိမ်တွင် နေထိုင်စဉ် ကလေးငယ်မှ အဘွားနှင့် နေခဲ့ချင်သည် ဆိုသဖြင့် ယင်းတို့ လင်မယား နှစ်ယောက်သာ တပ်သို့ ပြန်လာခဲ့ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

အဘွားလည်း မြေးဖြစ်သူကို ခေါ်ပြီး ဘုရားဖူးရန် ရန်ကုန်မြို့သို့ သွားရောက်ခဲ့သည်။ ရန်ကုန်ရောက်တော့ အသိမိတ်ဆွေတစ်ဦး၏အိမ်တွင် ခေတ္တတည်းခိုပါသည်။ ထိုမိတ်ဆွေအိမ်တွင် အခြား ဧည့်သည် လင်မယား နှစ်ယောက်လည်း ရောက်ရှိ တည်းခိုနေချိန် ဖြစ်သည်။

ဒီလိုနှင့်ပဲ ဧည့်သည်များ အချင်းချင်း ရင်းနှီးသွားကြပြီး တစ်ရက်တွင် ရွှေတိဂုံဘုရားသို့ သွားရောက် ဖူးမြော်ရန် အတူတူ သွားကြလေသည်။ ဘုရားသို့ သွားရာတွင် အဘွားက မြေးဖြစ်သူ ကလေးငယ်ကိုပါ ခေါ်သွားပါသည်။

ရွှေတိဂုံဘုရားကို လှည့်လည် ဖူးမြော်ကြပြီး ဘုရားမှ ပြန်အဆင်း လမ်းတစ်နေရာအရောက် ဘုရားစောင်းတန်း၌ ပစ္စည်းတစ်ခု ဝယ်စရာရှိတာ သတိရလို့ သူ၏ မြေးဖြစ်သူနှင့်အတူ ဧည့်သည် လင်မယားနှစ်ဦးကို...

'ဒီနားမှာ ခဏလောက် စောင့်ပါဦး။ ပစ္စည်းတစ်ခု ဝယ်ဖို့ မေ့နေလို့ သွားပြန်ဝယ်လိုက်ဦးမယ်။ ကလေးကိုလဲ ခဏထားခဲ့မယ်။ ကြည့်ထားပေးပါဦး'

ဟု မှာကြား၍ ကလေးငယ်အား ခေတ္တအပ်ထားပြီး ပစ္စည်းကို သွားဝယ်လေသည်။

ဝယ်စရာရှိသည့် ပစ္စည်းကို ဝယ်ပြီး ပြန်လာတော့ ထားခဲ့သောနေရာတွင် ကလေးငယ်ရော ဧည့်သည် လင်မယား နှစ်ယောက်ပါ မရှိတော့ပေ။ အနီးအနားတစ်ဝိုက် လိုက်ရှာသော်လည်း မတွေ့ရချေ။

သို့နှင့် အဘွားအိုလည်း တည်းခိုရာအိမ်သို့ ပြန်လာခဲ့ပေသည်။ အိမ်ရောက်တော့ ကလေးငယ်နှင့် ဧည့်သည် လင်မယားနှစ်ယောက်လည်း ပြန်



ရောက်မလာတော့ပေ။

ဧည့်သည်လင်မယားမှာ အိမ်ရာအတည်တကျ မရှိဘဲ ခြေသလုံးအိမ်တိုင်သမားများဖြစ်ပြီး အလုပ်အကိုင်မှာလည်း သတ်သတ်မှတ်မှတ် မရှိဘဲ ကြုံရာလုပ်ကိုင်ကြောင်း၊ နေရာဒေသ အနှံ့ လှည့်လည် သွားနေသူများဖြစ်ကြောင်းတို့ကို အိမ်ရှင်ထံမှ တစ်ဆင့်ကြားသိရတော့သည်။

ဒီတော့မှ အဘွားလည်း မြေးဖြစ်သူအတွက် ဘာလုပ်ရမှန်းမသိဖြစ်ကာ စိတ်ဆင်းရဲပြီး ပဲခူးသို့ ပြန်ခဲ့ရသည်။ ပဲခူးရောက်တော့ ကလေး၏ မိဘနှစ်ပါးထံ ကြေးနန်းရိုက် အကြောင်းကြားခဲ့သည်။ ကြေးနန်းစာ ရ,ရချင်း ပဲခူးလိုက်သွားတော့မှ ဖြစ်ကြောင်းကုန်စင် သိရပေသည်။ နောက်ဆုံးတွင် ကလေးငယ်၏ သတင်းကို အစအနပင် မရဘဲ စိတ်ပူပန်ဆင်းရဲစွာဖြင့် တပ်ကြပ်ကြီး လင်မယားမှာ တပ်သို့သာ ပြန်ခဲ့ရပေသည်။

အထက်ပါ ကလေးပျောက်ကိစ္စနှင့် ပတ်သက်ပြီး အဘရသေ့ကြီးမှ မိန့်ကြားရာတွင်...

'ဒီကလေးက ဧရာဝတီမြစ်ရဲ့ အနောက်ဘက်က ရွာတစ်ရွာမှာ ရောက်နေတယ်။ ကောင်းကောင်းမွန်မွန်ပဲ စောင့်ရှောက်ထား ကြတယ်ကွ'

ဟူ၍ အာရုံခံကြည့်ပြီး ပြောပါသည်။ ကျွန်မဖခင်မှ...

'အဘ ကလေးကို ပြန်ရအောင် လုပ်ပေးလို့ရမလား'

ဟု လျှောက်ထားကြည့်ရာ အ ရသေ့မှ...

'အေး... ရတယ်၊ ကလေးရဲ့ ဓာ နဲ့ပဲဖြစ်ဖြစ်၊ အဝတ်အစားနဲ့ပဲဖြစ် ကလေးရဲ့အဖေကို ဌါဆီလွှတ်လို ကွာ'

ဟု ပြောပါသည်။

အဖေလည်း တပ်ကို ပြန်ရော သည်နှင့် ယင်းတပ်ကြပ်ကြီးအား ခေ ယူပြီး အကျိုးအကြောင်း ပြောပြ အဘရသေ့ထံသို့ အမြန်ဆုံး သွာ ရောက် တွေ့ဆုံနိုင်းလိုက်ပါသည် အဘရသေ့ထံ အဖေမှ စာတစ်စော ရေးပေးကာ ယင်းတပ်ကြပ်ကြီး ထည့်ပေးလိုက်ပါသည်။

---

ကလေး၏ဖခင် အဘရသေ့ထံ ရောက်ရှိခြင်း

---

ကလေး၏ဖခင်မှာ အချိန် ဆိုင်း ဘဲ နောက်နေ့တွင် ကလေး၏ အဝ အစားတစ်စုံကို လွယ်အိတ်ထဲ ထ ယူပြီး အဘရသေ့ရှိရာ နေရာ အရောက် သွားလေသည်။ အဘ ရောက်တော့...

'ကလေးရဲ့ အဝတ်အစားကို ထ မင်းကလေးကို ပြန်ရအောင် ငါလုပ် မယ်'

ဟု ပြောပါသည်။ တပ်ကြပ် မှ...

'ဘယ်တော့လောက် ပြန်ရ အဘ'



www.burmeseclassic.com

www.burmeseclassic.com



ဟုမေးရာ အဘာရသေ့က...

'အေး... တစ်လ

တောအတွင်း ပြန်ရမယ်'

ဟု ပြောပါသည်။ ဒါနှင့် တပ်ကြပ်ကြီးက...

'တစ်လကို ဒီနေ့က စ,မှတ်ရမှာလား။ မနက်ဖြန်က စ,မှတ်ရမှာလား အဘ'

ဟု မေးရာ...

'အေး... မင်းဘာသာမင်း မှတ်ချင်တဲ့နေ့က စ,မှတ်ကွာ'

ဟူ၍ ပြောလိုက်ပါသည်။

တပ်ကြပ်ကြီးတို့ လင်မယားမှာလည်း ကလေးအတွက် ရတက်မအေးနိုင်ဘဲ သက်ဆိုင်ရာကို တိုင်တန်းခြင်း၊ သတင်းစာများတွင် ကြေညာခြင်းများကို ဆက်လက် ဆောင်ရွက်ပါသည်။

ထိုကိစ္စများကို ကလေး ပျောက်, ပျောက်ခြင်း မလုပ်ဘဲ ဘယ်လိုမှ ရှာရသည့်အဆုံး ရက်အတန်ကြာမှ ပြုလုပ်ခြင်း ဖြစ်ပါသည်။ သတင်းစာတွင် ကြေညာထားသည့် ဆက်သွယ်ရန် လိပ်စာမှာ ပဲခူးရှိ အဘွားဖြစ်သူ၏ အိမ်လိပ်စာကို ဖော်ပြထားသည်။

## သန်းတနော်မြို့နယ်ထဲရှိ ရွာတစ်ရွာသို့ ကလေး ရောက်ရှိသွားပုံ

ကလေးကို ခေါ်သွားသော လင်မယား နှစ်ယောက်မှာ ငါးခြောက်များ အရောင်းအဝယ် ပြုလုပ်မည်ဟုဆိုကာ သန်းတနော်ဘက်မှ ရွာတစ်ရွာသို့ ရောက်ရှိသွားတော့သည်။ ထိုရွာသည် ငါးခြောက်များ ထွက်ရှိသော ရွာတစ်ရွာဖြစ်ပြီး ယင်းရွာရှိ ငါးခြောက်လုပ်ငန်းရှင်တစ်ဦး၏ အိမ်မှ ငါးခြောက်ငါးသောင်းဖိုးကို အကြွေး ယူပါသည်။

ထိုစဉ်က ငွေငါးသောင်းမှာ လွန်စွာပင် တန်ဖိုးရှိလှပါသည်။ 'ကလေးကိုလည်း မိမိတို့ရဲ့ကလေးဟု ပြောထားပါသည်။ ကလေးကို အဆိုပါ ငါးခြောက်လုပ်သောအိမ်တွင် ခေတ္တထားခဲ့မည်။ အကြွေးယူသွားသော ငါးခြောက်များ ရောင်းချပြီးမှ ငါးခြောက်ဖိုးလည်း လာပေးမည်။ ကလေးလည်း ပြန်လာခေါ်မည်ဟုဆိုကာ ကလေးကို ယင်းအိမ်မှာပင် အပ်နှံထားခဲ့လေသည်။

အိမ်ရှင်များမှလည်း...

'သူတို့သားသမီး တစ်ယောက်လုံးတောင် ထားခဲ့တာ၊ ပြန်လာမှာပါ'

ဟု တွေးကာ သဘောတူ လက်ခံခဲ့သည်။ ဒီလိုနှင့် ရက်တွေသာ တစ်ရက်ပြီးတစ်ရက် ကုန်လွန်ခဲ့သည်။ လူလိမ် လင်မယားကတော့ ပေါ်မလာတော့ပေ။

ကလေးငယ်မှာလည်း ဘာကိုမှ ရေရေရာရာ ပြောပြနိုင်သည့်အရွယ် မဟုတ်ပေ။ ငါးခြောက်လုပ်ငန်းရှင် အိမ်ကလည်း ထိုစဉ်က ကျေးရွာကောင်စီဥက္ကဋ္ဌနှင့် ဆွေမျိုးသားချင်း တော်စပ်ကြသည်။

## ကလေးကို ကျေးရွာကောင်စီဥက္ကဋ္ဌ အိမ် ပို့ကြပြီ

ရက်အတန် ကြာလာတော့ ငါးခြောက်လုပ်ငန်းရှင် အိမ်ကလည်း ပြဿနာ တက်လာမည် စိုးရိမ်သဖြင့် ကလေးကို ကျေးရွာကောင်စီဥက္ကဋ္ဌ အိမ်သို့ အကျိုးအကြောင်း ရှင်းပြကာ အပ်နှံလေသည်။

ကောင်စီဥက္ကဋ္ဌကလည်း ကလေးကို သူ့အိမ်မှာ လက်ခံပြီး စောင့်ရှောက်ထားပါသည်။ ကလေးငယ်မှာ ဘာမှ မေးမြန်း၍မရသလို စကားလည်း သိပ်မပြောချေ။

ကောင်စီဥက္ကဋ္ဌအိမ်တွင် ခယ်မဖြစ်သူ အပျိုကြီးတစ်ဦး ရှိပါသည်။ ယင်းအပျိုကြီးမှ ကလေးငယ်အား ရေချိုးပေးခြင်း၊ သနပ်ခါးလိမ်းပေးခြင်း၊ ထမင်းခွံ့ကျွေးခြင်းများ ပြုလုပ်ပေးပါသည်။ တစ်နေ့တွင် အပျိုကြီးမှ ရေချိုးပေးရင်း ကလေးလည်ပင်းရှိ ကြိုးကို...

'သမီးရယ် လည်ပင်းမှာ ကြိုးကြီးက ကျပ်နေတာပဲ ဖြတ်လိုက်မယ်နော်'

ဟု ပြောပြီး ကတ်ကြေးနှင့် ညှပ်ပြီး ဖြတ်လိုက်ပါသည်။ ယင်းကြိုး ဖြတ်ပေးလိုက်ပြီး နောက်ပိုင်းမှ ကလေးငယ်မှာ စကားများ ပြောဆိုလာပြီး အမူအရာမှာလည်း ရွှင်ရွှင်ပျပျ ရှိလာပါတော့သည်။

ဒီတော့မှ ယင်းကြိုးမှာ ကလေးအား "ခြေမန်းကွင်း"သဖွယ် စွပ်ထားပေးတာ ဖြစ်နိုင်တယ်ဟု လူအများက ယူဆကြပါသည်။ ကောင်စီဥက္ကဋ္ဌအိမ်ဆိုတော့ တပ်မတော်စစ်ကြောင်းများ ဝင်ထွက်သွားလာလေ့ ရှိပါသည်။ ရံဖန်ရံခါ တပ်မတော်သားများလည်း တည်းခိုနေထိုင်တတ်ပါသည်။

ထိုအခါမျိုးတွင် တပ်မတော် စစ်



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းမှ ဗိုလ်ကြီးနှင့် ကလေးငယ်တို့ စကားပြောဆိုရာ၌ ကလေးမှ...

'သမီးတို့အဖေလဲ ဒါမျိုးတွေ ဝတ်တယ်'

ဟု ပြောပြီး ဗိုလ်ကြီးဝတ်ထားသော စစ်ယူနီဖောင်းများကို လက်ညှိုးထိုးပြပါသည်။ ဗိုလ်ကြီးနှင့် တပည့်များ၏ သေနတ်များကို လက်ညှိုးထိုးပြ၍ ကလေးက...

'သမီးတို့အဖေမှာလဲ ဒါမျိုးရှိတယ်'

ဟု ပြောပါတော့သည်။

သို့နှင့် ဗိုလ်ကြီးဖြစ်သူ အရာရှိမှ ကျေးရွာကောင်စီလူကြီးအား...

'ဥက္ကဋ္ဌ ဒီကလေးဟာ ကျွန်တော်တို့ တပ်မိသားစု အသိုင်းအဝိုင်းထဲက ဖြစ်နိုင်တယ်။ ဒါကြောင့် ဒီကလေးကို သေချာ ဂရုစိုက် စောင့်ရှောက်ထားပါ။ တစ်နေ့ သူ့မိဘတွေ ပေါ်လာနိုင်တယ်'

ဟု ပြောကြားခဲ့သဖြင့် ကျေးရွာကောင်စီဥက္ကဋ္ဌမှ ကောင်းမွန်စွာ စောင့်ရှောက်ထားခဲ့သည်။

အဘရသေ့ဆီမှ ပြန်လာပြီးနောက် တစ်လအတွင်း ကလေးငယ်၏ သတင်းကို ကြားသိရတော့သည်။

## ကလေးငယ် ပဲခူးပြန်ရောက်ပြီ

တပ်ကြပ်ကြီးထံသို့ ယောက္ခမဆီမှ ကြေးနန်းစာ လာပါသည်။ ကလေးကို ပန်းတနော်ဘက်ရှိ ရွာတစ်ရွာမှ လူနှစ်ဦးက လာပြန်ပို့ကြောင်း၊ ပဲခူးသို့ အမြန်လာရန် ဖြစ်ပါသည်။

တပ်ကြပ်ကြီးတို့လည်း ကြေးနန်းရလျှင် ရချင်း ပဲခူးသို့ သွားပါသည်။ ဟိုရောက်မှ ဖြစ်ကြောင်းကုန်စင် သိရသည်။ သတင်းစာတွင် ထည့်လိုက်သော ကလေးပျောက် ကြေညာပါ ဓာတ်ပုံမှ ကလေးငယ်နှင့် သူတို့ထံတွင် ရောက်ရှိနေသော ကလေးငယ်မှာ တူနေသောကြောင့် သတင်းစာမှ လိပ်စာ အတိုင်း ပဲခူးရှိ အဘွားအိမ်သို့ ကျေးရွာဥက္ကဋ္ဌက လူနှစ်ဦးကို စေလွှတ်ပြီး ကလေးငယ်ကို ပဲခူးသို့ ပြန်ပို့ပေးခြင်း ဖြစ်ပါသည်။

အဘွားဖြစ်သူမှာလည်း ကလေးကို လာရောက် ပို့ဆောင်ပေးသူများကို ကျေးဇူးတင်မဆုံး ဖြစ်နေပါသည်။ သို့နှင့် တပ်ကြပ်ကြီးတို့ ဇနီးမောင်နှံလည်း ကလေးကိုခေါ်ပြီး တပ်သို့ ပြန်လာခဲ့ပါသည်။ အဘရသေ့ ပြောသလို တကယ်ပင် ကလေးအား တစ်လအတွင်း ပြန်လည် ရရှိခဲ့ပါသည်။

## မင်း လေ့ကျားထစ်တက်မယ်၊ သာယာဝတီဘက် ပြောင်းရမယ်

အဘရသေ့ကြီးနှင့် အဖေတို့ စကားပြောနေစဉ် အဖေမှ မိမိဘဝရှေ့ရေးအတွက် လျှောက်ထားမေးမြန်းကြည့်ရာ အဘရသေ့က ခဏ အာရုံခံကြည့်သလို ပြုလုပ်လိုက်ပါသည်။ ပြီးနောက်...

'အင်း... မင်း လေ့ကားထစ်တက်ဖို့ ရှိတယ်။ မကြာတော့ဘူး'

ဟု ပြောရာ အဖေက...

'အဘ ရာထူးတက်ဖို့ ပြောတာလား'



'ဟု မေးရာ...

'ရာထူးတက်ဖို့ ...
မဟုတ်သေးဘူး ရာထူး...
နောက်နှစ်မှရမှာ၊ အ...
တက်တာ ကိုပြော...
ဝါလဲ မင်းတို့ဟာ...
နားမလည်ပါဘူး...

ဟု ပြောပါသည်...

အဘရသေ့မှ အဖေ့အား...

'အခုလက်ရှိ မင်းလုပ်နေတဲ့ အလု... တွေ အကုန်ကောင်းပါတယ်'

ဟု ဆက်ပြောပါသည်။ လက်ရှိ... လုပ်နေသည့် အလုပ်ဆိုတာကတော့... တရားထိုင်၊ ပုတီးစိပ်၊ ဂုဏ်တော်များ... ပွားများခြင်းကို ဆိုလိုခြင်း ဖြစ်ပါသည်။

'မင်း ဘုရားတည်ရဦးမယ်ကွ'

ဟု အဘရသေ့မှ ပြောရာ အဖေ... က...

'ဘုရားတည်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး... အဘရာ'

ဟု ပြောလိုက်ပါသည်။ စစ်မှုထမ်း... ဘဝဖြင့် ဘုရားတည်ဖို့ဆိုတာ ဘယ်... လိုမှ မဖြစ်နိုင်ပေ။ ဘုရားတည်သည်... ဆိုသည်မှာလည်း နေ့ချင်းညချင်း ပြီး... သည့်ကိစ္စ မဟုတ်ပေ။

'အေး... ဘုရားတည်တဲ့ ကိစ္စ... တော့ မင်းရဲ့ ကာယကံ၊ ဝစီကံ... မနောကံတို့ကြောင့် ဖြစ်မြောက်လိမ့်... မယ်။ မင်းအနေနဲ့ မယုံရင်တော့ စောင့်... ကြည့်ပေါ့'

ဟု အဘရသေ့မှ ပြောပါသည်။

'ကျွန်တော် ဘယ်ကို ပြောင်းရမှာလဲ... အဘ'

ဟု မေးရာ...

'မင်း သာယာဝတီဘက် ပြောင်း... မယ်ကွ'



www.burmeseclassic.com

www.burmeseclassic.com

ဟု အဘရသေ့မှ ကြိုတင် ဟောခဲ့ပါသေးသည်။

### ဒုလ္လဘရဟန်းဝတ်ခြင်း

အဘရသေ့ထံမှ ပြန်လာပြီး သိပ်မကြာမီ သင်္ကြန်နှစ်ကူး၌ တပ်မှ စုပေါင်းရဟန်းခံရှင်ပြု ပြုလုပ်ပေးသဖြင့် ကျွန်မအဖေလည်း ရဟန်းဘောင်သို့ တက်ခဲ့ပါသည်။ ထိုသို့ ရဟန်းတက်ရာတွင် အရာရှိများထဲမှ မိမိတစ်ဦးသာဖြစ်ပြီး ကျန်ရဟန်းများမှာ အခြားအဆင့်စစ်သည်များ ဖြစ်ပါသည်။

တပ်ဦးကျောင်း ကျောင်းထိုင် ဆရာတော်မှ တိုင်ပင်စရာရှိသော ကိစ္စများကို အဖေနှင့် တိုင်ပင် နှီးနှောတတ်ပါသည်။ တစ်နေ့ နေ့လယ်ပိုင်းတွင် ဆရာတော်မှ...

'သိမ်ဆောက်ဖို့ နေရာတစ်ခု ကျုပ်ကြည့်ထားတယ် လိုက်ကြည့်စမ်းပါ'

ဟု ခေါ်သဖြင့် ဆရာတော်နှင့်အတူ သိမ်ဆောက်ရန် အကြမ်းဖျင်း လျာထားသောနေရာအား သွားရောက် ကြည့်ရှုပါသည်။ ယင်းကိစ္စမှ အပြန်တွင် ကျောင်းအနီးအရောက် အဖေမှ ဆရာတော့်အား...

'ဘုန်းကြီးကျောင်းထဲမှာလဲ စေတီတစ်ဆူတောင် မရှိသေးဘူး၊ စေတီတစ်ဆူလောက် တည်နိုင်ရင်တော့ ကောင်းတာပေါ့ ဘုရား'

ဟု လျှောက်ထားရာ ဆရာတော်မှ...

'အေး... တည်တော့ တည်ချင်တာပေါ့၊ ဒကာလဲ မပေါ်သေးဘူး'

ဟု ပြောပါသည်။ ထိုအခါ အဖေမှ...

'ဆရာတော် အချိန်တန်ရင် ဖြစ်လာပါလိမ့်မယ်။ စေတီတည်လျှင်တော့ ဒီနေရာဟာ အကောင်းဆုံးနေရာ ဖြစ်



တယ်'

ဟု မြေနေရာကို ဆရာတော့်အား ပြပါသည်။ ယင်းမြေနေရာကတော့ မြေပြင် ညီညာပြန့်ပြူးကာ ကျောင်း၏ အရှေ့မြောက်ဘက်၊ ကျောင်းနှင့် မနီးမဝေးဖြစ်ပြီး စေတီတည်ရန် အလွန်ပင် သင့်တော်လှပါသည်။

ဆရာတော်မှလည်း...

'အခုချိန်ထိတော့ ဒကာမရှိသေးဘူး၊ ဒကာပေါ်တော့လဲ စေတီတည်တာပေါ့ဗျာ'

ဟု ပြောပြီး ကျောင်းပေါ်သို့ ဆရာတော်နှင့်အတူ တက်ခဲ့ပါသည်။

### ရာထူးအဆင့်တိုး အမိန့်ထွက်ခြင်း

ဒုလ္လဘရဟန်းမှ ထွက်ပြီး မကြာမီ ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ရာထူးခန့်ရုံးမှ အဆင့်တိုးမြှင့်ကြောင်း အမိန့်နှင့် သာယာဝတီရှိ တပ်ရင်းသို့ ပြောင်းရွှေ့တာဝန် ထမ်းဆောင်ရမည်ဖြစ်ကြောင်း အမိန့် ထွက်လာပါသည်။

ဒီတော့မှ အဘရသေ့ ပြောသော "လှေကားထစ် တက်မည်" ဆိုတာ တကယ် မှန်ကန်နေကြောင်း တွေ့ရပါသည်။

တပ်မတော်၏ ထုံးစံအရ ရာထူးကို တစ်ခါတည်း တိုးမြှင့်ပေးခြင်း မရှိဘဲ စမ်းသပ်ကာလ တစ်နှစ်ကို ယာယီအဖြစ်နှင့် ခန့်ထားပြီး တစ်နှစ်ပြည့်မှ ရာထူးများ တပ်ဆင်ခွင့် ရရှိပါသည်။

သို့ဖြစ်၍ အဘရသေ့ ပြောသော "လှေကားထစ်တက်မည်၊ ရာထူးက နောက်နှစ်မှရမည်" ဆိုသည်မှာ တပ်မတော်၏ ထုံးစံအရ မှန်ကန်နေပါသည်။ အမိန့်ထွက်ပြီး သုံးပတ်အတွင်း ဗိုလ်မှူးအဆင့်ဖြင့် သာယာဝတီရှိ တပ်ရင်းသို့ ပြောင်းရွှေ့ခဲ့ပါသည်။

ပြောင်းရွှေ့ရာတွင် မိမိတစ်ဦးတည်းသာ အရင်ပြောင်းသွားပြီး မိသားစုအား ကလေးများ ကျောင်းပိတ်မှ ပြန်လာခေါ်ရမည် ဖြစ်ပါသည်။ ပြောင်းမိန့် ထွက်လာတော့ ပြောင်းရမယ့်နေရာဟာ သာယာဝတီရှိ တပ်ရင်း ဖြစ်နေပါ၍ အဘရသေ့၏ ကြိုတင် ဟောပြောချက်မှာ အလွန် မှန်ကန်နေပါသည်။

### မိသားစုအား ခေါ်ယူရန် ပြန်လာခြင်း

သာယာဝတီတပ်သို့ ရောက်ရှိပြီး ရှေ့တန်းတွင် သုံးလခန့် တာဝန် ထမ်းဆောင်ကာ တပ်ရင်းပြန်နားချိန်၌ မိမိ၏ မိသားစုများကို ခေါ်ယူရန် ပြန်လာခဲ့ပါသည်။ ပြန်ရောက်၍ သုံး၊လေးရက် အကြာတွင် တပ်ဦးကျောင်း ဆရာတော်ကို မိသားစုနှင့် သွားရောက်ကန်တော့ပါသည်။

ထိုအချိန်မှာတော့ ဆရာတော့် ကျောင်းဝင်းအတွင်း လူစုလူဝေးဖြင့် မဏ္ဍပ်ထိုးပြီး အထက်အဖြူ အောက်အဖြူ ဝတ်ဖြူစင်ကြယ် ဝတ်ထားသော ဆရာတစ်ယောက်သည် ဘုရားတည်ရန် စတင် ဆောင်ရွက်နေပါသည်။ ယင်းပုဂ္ဂိုလ်မှာ အကြားအမြင် ဟောပြောခြင်းအလုပ်ဖြင့် အလှူခံ၍ ဘုရားတည်ရန် ရောက်ရှိလာခြင်း ဖြစ်သည်။ အဖေမှ ဆရာတော့်အား...

'ဘုရားတည်တာ ဆရာ့ ပြောတာ [illegible] ခိုင်းတာလား'



www.burmeseclassic.com

www.burmeseclassic.com

ဟု မေးလျှောက်ရာ ဆရာတော်မှ…

'ကျုပ်တည်ခိုင်းတာတော့ မဟုတ်ဘူးဗျ။ သူ့ဘာသာသူ ဓာတ်ကျလို့ ဒီနေရာမှာ ဘုရားတည်ခွင့်ပြုပါရန် တောင်းတာနဲ့ ကျုပ်ကလဲ စေတီတစ်ဆူရ မနည်းဘူးဆိုပြီး ကျုပ်ကျောင်းထဲ တည်ခွင့် ပြုလိုက်တာပဲ'

ဟု မိန့်ကြားပါသည်။ အဖေမှ ဆရာတော့်အား…

'သူ ဓာတ်ကျတယ်ဆိုတဲ့နေရာဟာ တပည့်တော် ပြခဲ့တဲ့နေရာပဲ ဖြစ်နေပါလားဘုရား'

ဟု လျှောက်ထားရာ ဆရာတော်မှ…

'ဟုတ်တယ်ဗျ၊ အံ့သြစရာပဲ။ တိုက်တိုက်ဆိုင်ဆိုင် ဒကာကြီး ပြထားတဲ့နေရာမှာ ဓာတ်လာကျတယ်ဗျာ'

ဟု ပြောပါသည်။ အဖေနှင့် မိသားစုလည်း ဆရာတော့်အား ကန်တော့ကာ ဘုရားတည်ရာ နေရာသို့ သွားရောက်ပြီး အလှူငွေများ ထည့်ဝင် လှူဒါန်းခဲ့၍ ဘုန်းကြီးကျောင်းမှ ပြန်လာခဲ့ပါသည်။

ဤဘုရားတည်သော ကိစ္စမှာလည်း အဘရသေ့ ပြောခဲ့သော ''ကာယကံ၊ ဝစီကံ၊ မနောကံတို့ကြောင့် ဖြစ်မြောက်မည်''ဟု ဆိုစကားအတိုင်း အံ့သြလောက်အောင် မှန်ကန်နေတာ တွေ့ရပါသည်။

## အဘရသေ့ထံ ဂါရဝပြု နှုတ်ဆက်ရန် သွားရောက်ခြင်း

အဖေသည် တပည့်နှစ်ယောက်နှင့် အတူ နေပြည်တော် တပ်ကုန်းဘက်ရှိ ဓာတ်ပုံမှ ကျစ်ကုန်းပေါ်တွင် ဟောင်းရောက်ရှိနေဘုရားအိုများ ပြုပြင်နေ



ရာ၌ သိတင်းသုံး နေထိုင်လျက်ရှိသော အဘရသေ့ထံသို့ သွားရောက်ပါသည်။ ရောက်လျှင်ရောက်ချင်း အဘရသေ့အား လက်အုပ်ချီပြီး ဂါရဝပြုလိုက်ပါသည်။ အဘရသေ့မှ…

'ဘာလဲ မင်းက ငါ့ဆီကို နောက်ထပ် လာနိုင်တော့မှာ မဟုတ်ဘူး။ နောက်ဆုံးအနေနဲ့ လာကန်တော့တာ မဟုတ်လား'

ဟု ဆီး၍ ပြောပါတော့သည်။ အဖေမှလည်း အဘရသေ့ထံသို့ မသွားမီ…

'နောက်လဲ သွားနိုင်တော့မှာ မဟုတ်ဘူး၊ နောက်ဆုံးအနေနဲ့ ဂါရဝ သွားပြုဦးမှပဲ'

ဟု ထိုစကားအတိုင်း ပြောကြားပြီး အိမ်မှ ထွက်သွားရာ အဘဆီရောက်တော့ မိမိပြောခဲ့သော စကားအတိုင်း အမေးခံရတော့သည်။

ယခု သိတင်းသုံးနေထိုင်သော နေရာမှာ ပထမအကြိမ် သွားရောက်ခဲ့သောနေရာတွင် မဟုတ်တော့ပါ။ နောက်တစ်နေရာတွင် ပြောင်းပြီး ဘုရားအဟောင်း ပြုပြင်နေချိန် ဖြစ်သည်။

အဘရသေ့ သိတင်းသုံးနေထိုင်ရာ တဲကျောင်းတွင် သစ်သားဖြင့် ပြုလုပ်ထားသော ဓားမကြီးနှစ်ချောင်းကို ထောင်ထားတာ တွေ့ရပါသည်။ ယင်း သစ်သားဓားမကြီးများတွင် "ဘိုးဓမ္မ" ဟူ၍ ဆေးအညိုရောင်ဖြင့် ရေးသားထားပါသည်။ ထီးဖြူနှစ်လက်ကိုလည်း အမြဲတမ်း စိုက်ထားပါသည်။ အဘနှင့် အဖေတို့ နာရီဝက်လောက် စကား ပြောရပါသည်။

'မင်း သွားလေရာအရပ်မှာတော့ အန္တရာယ် မဖြစ်ပါဘူး။ မင်းလုပ်နေကျ အလုပ်တွေ အမြဲတမ်း လုပ်ပေါ့ကွာ။ နောက်တော့လဲ ငါ မင်းကို ပြန်ခေါ်မယ်'

ဟု ပြောလိုက်ပါသည်။ ဒီနေ့အချိန် ထိတော့ အဘရသေ့နှင့် ပြန်လည် ဆုံစည်းခြင်း မရှိသေးပါ။

အဘရသေ့လည်း ဘယ်အရပ် ဘယ်ဒေသတွင် သာသနာပြုလုပ်ငန်း များ ဆောင်ရွက်နေသည်ကို မသိနိုင်ပေ။ ယခု ဂါရဝပြု သွားရောက်ခြင်းသည် အဘရသေ့နှင့် နောက်ဆုံး တွေ့ဆုံခဲ့ရခြင်းသာ ဖြစ်ပါသည်။

ဤသို့သော သာသနာပြု ပုဂ္ဂိုလ်ထူး များ မြန်မာနိုင်ငံ အနှံ့အပြားတွင် လှည့်လည်ပြီး သာသနာပြုလုပ်ငန်းများ ဆောင်ရွက်နေခြင်းများ အမြောက် အမြား ရှိနေပါသည်။

ခုနစ်ရက် သားသမီးများကြားတွင် အသွင်အမျိုးမျိုးဖြင့် သာသနာပြု လုပ်ငန်းများအား ဆောင်ရွက်နေသော သူတော်စင် ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်များအား ဤစာဖြင့် ရောက်ရာအရပ်မှ ဂါရဝ ပြုလိုက်ရပေသည်။

**(ဘဝတစ်ကွေ့တွင် ကြုံတွေ့ခဲ့သော အဘရသေ့နှင့် သာသနာပြု ပုဂ္ဂိုလ်များ ထာဝရ ချမ်းမြေ့သာယာ ရှိကြပါစေ။)**

**ဇင်သူ(မော်လမြိုင်)**



www.burmeseclassic.com

www.burmeseclassic.com

# အညာမှာ မိကျောင်းဖမ်းတဲ့

ရေချိုပိုင် ဦးရှင်ကြီး

သတိုးဝဏ္ဏသီရိ



ရေငန်ပိုင် ဦးရှင်ကြီးက ရေချိုဒေသ အညာမှာ မိကျောင်းလာဖမ်းတယ် ဆိုတော့ ယုံရခက်ခက်ပေါ့ဗျာ။ ဒါ အညာမှာ တကယ်ဖြစ်ခဲ့တာဗျ။ အညာမှာ ဘယ်လို မိကျောင်းရှိမလဲလို့ ဆင်မှာပေါ့။ ဒါက ကျုပ်တို့ ငယ်ငယ်က တကယ်ဖြစ်ခဲ့တဲ့ ကိုယ်တွေ့ဗျ။

အဲ...အတိအကျ ပြောရရင် ဂျပန်ပြေးလို့ အင်္ဂလိပ်ပြန် အဝင်ပေါ့။ ကျုပ်တို့က ငယ်ငယ်ဆို ခပ်ငယ်ငယ်ကို ရှိပါသေးတယ်။ ကျုပ်တို့ရွာက ဧရာဝတီမြစ် အနောက်ဘက်ကမ်းက ရှိမ္မကားဆိုတဲ့ ရွာပေါ့။

ရွှေဘိုတောင်လက် ဝက်လက်နယ် ကပေါ့ဗျာ။ အဲဒီခေတ်က ကျုပ်တို့ ရွာနားမှာ ဝဲကြီး အကြီးကြီး လှည့်နေတာ နာမည်ကြီး ဝဲကြီးပေါ့။ ဧရာဝတီ မြစ်ကလဲ ယခုပုံစံ မဟုတ်ဘူးဗျ။

တစ်ရက်မှာဗျာ မိကျောင်းကြီး (၂) ကောင်က ရေတက်တာမှားတာလား၊ မျက်စိပဲ လည်လာတာလားတော့ မသိဘူး။ ဝဲကြီးရှိတဲ့ ကျုပ်တို့ ရွာလေးနားက သောင်ပြင်ပေါ်ရောက် လာရောဗျို့။

ဘသားချောများက အေး...အေး မနေဘူး။ သောင်ပြင် ရေချိုးရေခပ် ဆင်းတဲ့လူတွေကို လိုက်ဟပ်နေလို့ ဘယ်သူမှ သောင်ပြင်ကို မဆင်းရဲတော့ဘူးဗျို့။

ဒီနှစ်ကောင်က တော်တော်ဆိုးတာ သောင်ပြင်မှာ ခွေးတွေ့ ခွေးဆွဲ၊ နွားတွေ့ နွားဆွဲ၊ လူတွေ့လဲ အတင်းလိုက်ဟပ်တော့ ရွာသားတွေက အကုန်ကြောက်ပြီး ဒီကောင်ကြီးနှစ်ကောင်ကို နှိမ်နင်းဖို့ အခက်တွေ့နေကြရတယ်။

ကျုပ်တို့အညာမှာ မိကျောင်းကို ဘယ်လို အမဲလိုက်ရမှန်းမသိ ဖြစ်နေတယ်။ အညာမှာက မိကျောင်းမှ မရှိတာကိုး။ ဒါနဲ့ အနားတောင် မကပ်ရဲကြပါဘူး။ သက်ဆိုင်ရာကို အကူအညီ တောင်းရအောင်ကလဲ ခေတ်က ခေတ်ပျက်ဆိုတော့ အခက်တွေ့နေကြရတာ ပေါ့ဗျာ။

ဒါနဲ့ ရွာထဲက အတွေ့အကြုံရှိ၊ အရောက်အပေါက်ရှိတဲ့ လူကြီးတွေက ပြောပြတယ်။ သက်ကြီးစကား သက်ငယ်ကြားပေါ့လေ။ သူတို့ပြောတာ က...



www.burmeseclassic.com

www.burmeseclassic.com

'မိကျောင်းဆိုတာ အောက်ပြည်က ရေနံပိုင် ဦးရှင်ကြီးနဲ့ ဆိုင်တဲ့ကောင်တွေကွ။ ဦးရှင်ကြီးနတ်ကို ကန်တော့ပွဲထိုးပြီး ဒီကောင်တွေကို ထိန်းသိမ်းပေးဖို့ ပြောကွာ။ သူတို့နဲ့ သက်ဆိုင်တဲ့သူတွေက ပြန်ခေါ်လိမ့်မယ်'

ဆိုတော့မှ ဦးရှင်ကြီးနတ်ကို အသေအချာ မတင်တတ်ပေမယ့် အညာရဲ့ ထုံးစံအတိုင်း အုန်း၊ ငှက်ပျော၊ အလင်းတိုင်နဲ့ လက်ဖက်ပွဲပါတင်ပြီး ဦးရှင်ကြီးကို ပင့်၊ ဒီအညာမှာ လာပြီး ဒုက္ခပေးနေတဲ့ သတ္တဝါနှစ်ကောင်ကို ရှင်းပေးဖို့ တောင်းပန်ရတယ်ဗျို့။

နှစ်ရက်လောက်လဲနေရော အသားမည်းမည်း ထောင်ထောင်မောင်းမောင်း လူထူးဆန်းနှစ်ယောက် မန္တလေး ဂေါဝိန်ဆိပ်ကမ်းကို ရောက်လာရောဗျို့။ ဒီလူနှစ်ယောက်ကို ဘာကြောင့် လူထူးဆန်းလို့ ပြောလဲဆိုတော့ သူတို့က ဘေးတစ်ဖက်က ကျားထားတဲ့ ခေါင်းပေါင်းရှည်ကြီးတွေ ပေါင်းထားပြီး အင်္ကျီတွေကလဲ ဘေးနှစ်ဖက်ကျားကြီးတွေနဲ့ဗျ။

ပြီးတော့ သူတို့က ရှိမ္မကားကို ဘယ်လိုသွားရသလဲဆိုတာ လိုက်မေးနေလေရဲ့ဗျာ။ အဲဒီခေတ်က ဒီခေတ်လို *လိုင်းသင်္ဘောတွေ၊ စက်လှေတွေ* ဘယ်ရှိမှာတုံး။ ထင်းလှေကြီးတွေ၊ စဉ့်ထည်တင်တဲ့ လှေကြီးတွေသာ ရှိတာ။

ဒါနဲ့ ထင်းလှေသမားများကို ရှိမ္မကားရွာကို လိုက်ပို့ပေးဖို့ ပြောတော့ ထင်းလှေနဲ့ ပါလာကြရော။ သူတို့ ဘယ်အရပ်ကလာတာ၊ ဘာကိစ္စနဲ့လာကြောင်း လုံးဝ မပြောကြဘူး။ လှေထွက်လာပြီးတဲ့နောက် ရှိမ္မကားဝဲကြီးရောက်ရင်သာ သူတို့အား ပြောဖို့ပဲ တွင်တွင်ပြောနေကြလေရဲ့။

ဟော...လှေသားတွေက ရွက်နဲ့



ဆန်တက်လာရင်း ဝဲကြီးလဲတွေ့ရော...

'ဟောဟိုမှာ... မြင်နေရတဲ့ ဝဲကြီးဟာ ခင်ဗျားတို့ပြောတဲ့ ဝဲကြီးပဲ'

လို့ ဆိုရော...

'ကျုပ်တို့က ဒီနေရာမှာ မိကျောင်းကြီးနှစ်ကောင် သောင်းကျန်းနေတယ်ဆိုလို့ မိကျောင်းဖမ်းရအောင် လာခဲ့တာ။ ကျုပ်တို့ကို ဝဲကြီးနား ကပ်နိုင်သလောက် ကပ်ပေးပါ'

လို့ ပြောတယ်။

ဒီတော့မှ လှေသမားတွေ ပျာယာခတ်ကုန်ကြတာပေါ့။ သူတို့မှာ ဝဲနဲ့ လွတ်အောင် လှေကို ရွက်တိုက်ရတာ ဝဲနားကို ကပ်ခိုင်းနေတယ်ဆိုတော့ ဘယ်ကပ်ရဲမလဲ။ လူထူးဆန်းနှစ်ယောက်ကိုပဲ ဝိုင်းကြည့်နေကြတာပေါ့။

'ကဲ...ခင်ဗျားတို့လှေကိုသာ ဝဲနားရောက်*အောင် ကပ်မှာသာ ကပ်ပါ။ ခင်ဗျားတို့လှေ* ဘာမှမဖြစ်စေရဘူး။ ကျုပ်တို့ တာဝန်ယူတယ်'

လို့ အတင်းပြောတော့ လှေသားတွေလဲ ဝဲနဲ့ နီးနိုင်သမျှ နီးအောင် ကပ်ပေးလိုက်ရတယ်ဗျို့။

လူထူးဆန်းနှစ်ယောက် ဝဲနားလဲရောက်ရော လှေနံပေါ်တက်ပြီး ဒိုင်ပင်ထိုးချပါလေရောလား။ လှေထိုးသားတွေလဲ အံ့သြလွန်းလို့ ကြည့်နေကြတယ်။ လှေထိုးသားတွေရော၊ ကုန်းပေါ်က လူတွေပါ ဝဲထဲ ခုန်ချတယ်ဆိုဝိုင်းပြီး စောင့်ကြည့်နေကြတာ

အတော်များတာပဲ။

အတော်လဲ ကြာရောဗျာ။ မိကျော[င်း]... ပါးဖြူကြီးနှစ်ကောင်က တ... မိကျောင်းနှစ်ကောင်ကို လည်ချော[င်း]... ကို ခဲထားပြီး ပေါ်လာပါရောလာ[း]... လှေပေါ်က လူတွေရော၊ ကမ်းပေါ်... လူတွေပါ "မိကျောင်းတွေကို ဦးရှင်[ကြီး]... က လာခေါ်သွားပြီ...လာခေါ်နေပြီ"... အော်လိုက်ကြတာ ရွာထဲက က... တွေရော၊ ခွေးတွေရော မကျန်အော... ထွက်ကြည့်ကြတာပေါ့။

ကျုပ်တောင် ဘုမသိဘမသိနဲ့ ... လိုက်ကြည့်တာ မောနေတာပဲ။ အဲ... သူ့အကောင်သူတွဲ ခဲပြီး ခေါ်သွား... အောက်နားလဲ အတော်ရောက်က... ရေထဲငုပ်သွားပါလေရောလား။ အဲ... နောက်တော့ မိကျောင်းမြင်ဖူးချင်တ... ဆိုဟောင် မမြင်ရတော့ပေါင်ဗျာ။

အညာဆိုပေမယ့် မိကျောင်း... ပေါ်ခဲ့ဖူးတယ်ဗျို့။ အညာရေချိုအော... ဦးရှင်ကြီး မစွမ်းဘူး မထင်နဲ့ဗျို့။ ကျ... ကတော့ အဲဒီကတည်းက ဦးရှင်[ကြီး]... နတ်ကို ဦးနှောက်ထဲ စွဲနေတာ ... ဆိုပါတော့...

ရေနံပိုင်ဦးရှင်ကြီးဟာ မိကျော[င်း]... *တွေကို အလွှမ်းနိုင်တယ်ဆိုတာ လူ*... တွေ ပြောသံတာ ကြားဖူးခဲ့တာ။ အ... တော့ သူနိုင်တဲ့ မိကျောင်းတွေ... ရေချိုမှာတောင် အံ့သြဘနန်း လာ... ခေါ်သွားတာလို့ ပြောစမှတ် တွင်... တယ်။ ခင်ဗျားတို့ရော... ကျ... ကိုယ်တွေ့ မမြင်ချင်ဘူးလားဗျာ။

***ကောင်းကျိုးလိုရာဆန္ဒ ပြည့်***...
***ပါစေ။***

**သတိုးဝဏ္ဏသီရိ**



www.burmeseclassic.com

www.burmeseclassic.com

ပဲခူးရိုးမ

# တောင်ညိုတောင်ကြီးမှ

## ကိုယ်တိုင်တွေ့မြင်ခဲ့ရသော ထူးဆန်းသည့် အလင်းတန်းကြီး

ဒွေးရွှေ (ဖိုးကျွန်း)


(၁)

ဦးခင်မောင်ထွန်း (မင်းသွေးနွယ်၊ ကျွန်း၊ ကဗျာ အမျိုးသားစာပေဆုရ)၊ ဦးတင်မောင်ဝင်း (သူရိန်ဝင်း၊ ဖိုးကျွန်း)၊ ဦးအေးသောင်းအုန်း (မောင်သာမန်၊ ကျွန်း)၊ ဦးမောင်မောင်ဝင်း [လှိုင်း ညာရေး)ပညာရေးမှူး]၊ ဦးမြင့်သိန်း ကောင်းဆက်(ကြေး/မြေ)ဦးစီး၊ မြေ ရှင်း]၊ ဦးမြင့်ကျော် [မိုးကျော် (ဖိုး ကျွန်း)]၊ ဦးဝင်းမြင့်နိုင် (ဦးစီးမှူး၊ မြို့နယ် သတ်တပ်ဖွဲ့)၊ ဦးရဲဇော်(ရဲဇော်– ကျွန်း၊ နက္ခတ္တဝေဒသုတေသီ)တို့နှင့် ကျွန်တော်ပါဝင်သော ဖိုးကျွန်းမြို့နယ် စာရေးဆရာအဖွဲ့ဝင် အချို့တို့သည်...

ပဲခူးရိုးမရှိ တောင်ညိုတောင် သွားလာရေးအတွက် နံနက်(၈)နာရီ ထောက်၌ ပြည်လမ်းရှိ "ရဲမြန်မာ စားသောက်ဆိုင်"၌ လူစုကြပြီး လူစုံ သည်နှင့် ဖိုးကျွန်းမြို့၏ အရှေ့မြောက် ဘက်ရှိ မျှော်တော်တောင်သို့ မော်တော် ဆိုင်ကယ်များဖြင့် စတင် ခရီးထွက်ခဲ့ ကြပါသည်။

လမ်းခရီးက မကောင်းလှဘဲ တော လမ်းခရီးဖြစ်သဖြင့် ခရီးမတွင်ကျယ် သဖြင့် မျှော်တော်တောင်သို့ နံနက်(၁၁) နာရီလောက်မှ ရောက်ကြ၏။ ရောက် သည်နှင့် လက်ခုပ်ပင်စခန်းတွင် အမော ဖြေရင်း ရဲမြန်မာမှ ထုပ်ယူလာ ကြသော ခေါက်ဆွဲထုပ်များကို ဖြေ စားကြပါသည်။

စားသောက်ပြီးကြသည်နှင့် ခေတ္တ အနားယူကာ ယင်း၏နောက်



ကန္တာရီဆရာလေး ထက်အောင်လှိုင်ဦးစီး၍ ဂုဏ်ရှင်သရုပ်ဆောင် မင်းဦး၊ အရိုင်းနှင့် ဒေါ်စန္ဒာရွှေတို့ တည်ထားခဲ့သော ကျောက်သဘောင်ဖြေတိုင်ထိပ်ရှိ "အောင်ခေတ်ပွင့်" စေတီတော်

ကျောဘက်ရှိ (၇)မိုင်လောက်ဝေး သော မန်ကျည်းပင်ဆည်ရှိရာသို့ ထွက် ခဲ့ကြပြန်ပါ၏။ တောင်ညိုတောင်ကြီးက ယင်းမန်ကျည်းပင်ဆည်မှ စက်လှေဖြင့် တစ်ဆင့်သွားရမည် ဖြစ်ပါသည်။

မန်ကျည်းဆည်သို့ နေ့တစ်နေ့ရဲ

www.burmeseclassic.com

တွင် ရောက်ကြပါ၏။ တောင်ပေါ်သို့ တောက်လျှောက်တက်ရသည့် တောင်တက်လမ်းဖြစ်သောကြောင့် ခရီးက ကြန့်ကြာလှပါသည်။ ကျွန်တော်တို့လည်း မန်ကျည်းပင်ဆည် ရောက်သည်နှင့် လုံခြုံရေးဌာနမှ ဆိုင်ကယ်များကို အပ်နှံကာ "ရန်ကြီးအောင်" မော်တော်ဖြင့် တောင်ညိုတောင်သို့ ခရီးဆက်ခဲ့ကြပြန်ပါ၏။

မန်ကျည်းပင်နှင့် တောင်ညို တောင်တန်းကြီးမှာ ဆည်ရေပြင် (၁၅)မိုင်ခန့်ကို ကျော်ဖြတ်သွားရမည်ဖြစ်ပြီး တောင်ညိုတောင်က ပေါင်းတည်မြို့နယ်တွင် ရှိပါသည်။

တောင်ညိုတောင်ဆိုသည်မှာ ပုဂံပြည်၊ နရသီဟပတေ့ (တရုတ်ပြေးမင်း) လက်ထက် ပုဂံသို့ တရုတ်တပ်များ တိုက်ခိုက်ရန် ဝင်ရောက်လာကြစဉ် ခုခံစစ်မျက်နှာတိုင်း၌ မြန်မာတပ်များ ရှုံးနိမ့်သဖြင့် နရသီဟပတေ့မင်းသည် အောက်ပြည်သို့ ထွက်ပြေးခဲ့လေသည်။

ထိုအချိန် ငဆောင်းချမ်းအရပ်၌ တိုက်ခိုက်လျက်ရှိသော စစ်မျက်နှာလည်း မခံနိုင်ဘဲ စစ်သူကြီးကိုယ်တိုင် ကျဆုံး၍ စစ်ပျက်သဖြင့် အားကိုးရာဖခင်မရှိတော့ပြီဖြစ်သည့် မောင်ကြီး၊ မောင်လတ်၊ မောင်ငယ်နှင့် ညီမငယ် (၂)ဦးတို့သည်လည်း 'ရိုးမအတိုင်း အောက်ပြည်ဘက်သို့ ထွက်ပြေး တိမ်းရှောင်ခဲ့ကြလေသည်။

ပြည်မြို့အနီး ရောက်သောအခါ၌ နရသီဟပတေ့မင်း၏ သတင်းကို ထောက်ရာ သားတော်ပြည်စားက အဆိပ်ခတ်သဖြင့် နတ်ရွာစံကြောင်း သိရသည်နှင့် ရိုးမအတိုင်း အောက်ဘက်သို့ ဆက်လက် ထွက်ခွာခဲ့ကြလေ၏။

ထို့နောက် ရွာသူကြီး၏သမီး ခင်ဝါ သီနှင့် လက်ဆက်ကာ သာယာဝတီမြို့ကို တည်၍ အစ်ကိုအကြီးဆုံး မောင်ကြီးက "သတိုးနော်ရထာ" ဘွဲ့ခံပြီး မင်းလုပ်ခဲ့လေသည်။ ညီတော်နှစ်ပါးကိုလည်း မြို့ရွာများတည်စေပြီး ညီမငယ်နှစ်ဦးကိုတော့ အကြီးကို ဝက်လုကတော်ဟူသောဘွဲ့ဖြင့် ဝက်လုမြို့ကို ပေး၍ အငယ်ကို စောဖြူမယ်ဟူသောဘွဲ့ဖြင့် စောဖြူတောင်ကို စားစေလေသည်။

ညီတော်နှစ်ပါးဖြစ်သည့် မောင်လတ်နှင့် မောင်ငယ်တို့လည်း ရိုးမတစ်ကြောတွင်ပင် မြို့ရွာများ တည်ကြလေ၏။ ပြီးသည်နှင့် နောင်တော်အား လျှောက်ရာ ညီတော်အလတ်ဖြစ်သော မောင်လတ်ကို တောင်ညိုမင်းဘွဲ့ကို ပေး၍ အငယ်ကို ကျောက်စောင်းမင်းဘွဲ့ကို ပေးကာ မင်းပြုစေလေသည်။

တောင်ညိုတောင် ဆိုသည်မှာ တောင်ညိုမင်း မြို့ရွာတည် နန်းစံခဲ့သည့် တောင်ဖြစ်သဖြင့် တောင်ညိုတောင်ဟူ၍ ခေါ်စမှတ်ပြုခြင်း ဖြစ်ကြလေသည်။

ထိုတောင်ညိုတောင်သည် ထူးဆန်းအံ့သြဖွယ်ရာ လျှို့ဝှက်နက်နဲသော ဂမ္ဘီရနယ်မြေကြီးဖြစ်ကြောင်း ဆရာရဲဖော်က ပြောသဖြင့် ထိုတောင်ကို လေ့လာရန် ကျွန်တော်တို့ လာခဲ့ကြခြင်း ဖြစ်ပါသည်။

'အဲဒီ တောင်ညိုတောင်ကြီးရဲ့ တောင်ခြေရင်းမှာ အောက်ခြေပေ (၂၀)လောက်ရှည်ပြီး အပေါ်အမြင့် ပေ (၃၀)လောက်မြင့်တဲ့ ကျောက်သဘော်ခြေတိုင်ကြီး ရှိတယ်။ အဲဒီအပေါ်မှာ ဂန္ဓာရီ ဆရာလေး(ဆရာကြီးမင်းသိခ်၏ တပည့်) ထက်အောင်လှိုင် ဦးစီးပြီး ရုပ်ရှင်သရုပ်ဆောင် မင်းဦး၊ အရိုင်း၊ ဒေါ်စန္ဒာရွှေတို့ တည်ထားတဲ့ (၉)

တောင်ပြည့် အောင်ခတ်ပွင့်
လေး ရှိတယ်။

ဆရာထက်အောင်လှိုင်က
စေတီလေးမှာ ပတ္တမြားတစ်
အလယ်မှာထားပြီး နဝရတ်ကိုး
ဌာပနာဖို့ လာတိုင်ပင်လို့ ကျွန်
ရောက်ခဲ့ဖူးတယ်။ ဘုရားက ကျော
သဘော်ခြေတိုင်ကြီးရဲ့ ထိပ်
ခက်ခက်ခဲခဲ တည်ထားတာ အံ့သြ
ပါဗျာ။ ထုံးသင်္ကန်း အဖွေးသား
ဆည်းလည်းသံလေး တလွင်လွင်
ဆိုတော့ ကြည်ညိုဖို့လဲ ကောင်း။ လွ
မောဖို့လဲ ကောင်းတယ်။

အဲဒီ တောင်ညိုတောင်ပေါ်မှာ
တစ်ပိုက်စာ၊ နှစ်ပိုက်စာလောက်ရှိ
အမြဲတမ်း အသီးတွေ သီးနေတဲ့
ပင်ကြီးတွေလဲ တွေ့ရတယ်။ တ
ငရုတ်ပင်တွေဆို ဝါးတစ်ရိုက်လော
မြင့်တယ်။ အောက်မှာလဲ ငရုတ်
တွေ ကြွေကျထားတာ ရဲပတောင်
ရော ခြေနင်းစရာ မရှိဘူး။ အပင်ပေါ်
လဲ ငရုတ်သီးမှည့် လာစားကြ
ငှက်သံတွေက ဆူညံနေတာပဲ။

ဒေသခံတွေ ပြောစကား
တစ်ခါတလေမှာ တောင်ကြောပေါ်
ညောင်ပင် စိုက်စိုက်လေးတွေ တ
ပေါက်နေတာ တွေ့ကြရတယ်
ဒါပေမယ့် နောက်တစ်ခါ သွားတော
တွေ့ချင်မှ တွေ့ရတယ်တဲ့။

တောင်ညိုတောင်နဲ့ ခပ်လှမ်းလှမ်း
ဉာဏ်လယ်ရွာက စောသာအေ
ကတော့ သူ အဲဒီတောင်ပေါ် ရော
သွားရင်း တောင်ကြောပေါ်မှာ တ
ပေါက်နေတဲ့ ညောင်ပင်လေးတွေ
လို့ ညောင်ရွက်ကလေး(၂)ရွက်
တယ်ဆို ဒူး၊ အိတ်ထဲထည့်
အိမ်ရောက်လို့ကြည့်တော့ ညောင်ရွ
တွေက ရွှေခွက်တွေ ဖြစ်နေတယ်



www.burmeseclassic.com

www.burmeseclassic.com

နဲ့ နောက်တစ်ခေါက် ပြန်သွားတော့ အညောင်ပင်မှ မတွေ့ရတော့ဘူးလို့ ပြောတယ်။

သူ့ထက် ထူးဆန်းတာက တစ်ခါ တစ်ခါ ရေပုပ်အိုင်ကြီးဘက်ကနေ ဆလိုက်ကြီး ထိုးလိုက်သလို တောင်ကြီးတစ်ခုလုံး လင်းထိန်ပြီး ကောင်းကင်အထိ တက်သွားတဲ့ အလင်းတန်းကြီးပဲ။ တစ်ည ဂန္ဓာရီ ဆရာလေး ဆက်အောင်လှိုင်နဲ့ကျွန်တော် အတူရှိနေစဉ် အဲဒီ ထိုးထွက်လာတဲ့ အလင်းကြီးကို ကျွန်တော်ကိုယ်တိုင် မြင်ခဲ့ရတယ်'

ဆရာရဲဖော်က စက်လှေပေါ်၌ပင် တောင်ညိုတောင်ကြီး၏ ဂမ္ဘီရဆန်လှပုံများကို အထက်ပါအတိုင်း စိတ်ဝင်တစားဖွယ်ရာ ပြောပြခဲ့ပါသည်။


ကျွန်တော်တို့ စီးလာသော "ရန်ကြီးအောင်" မော်တော်လေးသည် တောင်ညိုတောင်ကြီး၏ ခြေရင်းသို့ ညနေ(၅)နာရီတွင် ဆိုက်ခဲ့ပါတော့၏။

(၂)

တောင်ခြေတွင် မော်တော်ဆိုက်လိုက်သည်နှင့် အောင်ဓာတ်ပွင့်စေတီလေးမှ ဆည်းလည်းသံလေးများကို သာယာနာပျော်ဖွယ် တလွင်လွင် ကြားလိုက်ရပါသည်။

မော်တော်ပေါ်မှာ လှမ်းမျှော်ကြည့်လိုက်မိပါသည်။ ဆရာရဲဖော်ပြောသလိုပင် ထုံးသင်္ကန်းမှာ တဖွေးဖွေးနှင့် စေတီလေးကို ညနေစောင်း တောရိပ်တောင်ရိပ်တို့ ခပ်မှိုင်းမှိုင်းလေး ကြားမှ ဖူးတွေ့လိုက်ရပါ၏။ မင်းဦးနှင့် အရိုင်းတို့ကိုလည်း ကျေးဇူးတင်မိပါသည်။

ထိုညက ကျွန်တော်တို့ စေတီအနီးရှိ လက်ခုပ်ပင်ကြီးများ အောက်တွင်ပင်



မီးဖိုကြီးများဖို၍ အိပ်လိုက်ကြပါသည်။ ညရောက်တော့ ကျွန်တော်မှ လှေလာရေးခရီး၌ ပါမလာခဲ့သည့် ရယ်ရွှင်ဖွယ်ရာ ပြောတတ်၍ သူနှင့်တွေ့လျှင် ပါးစပ်စေ့မနေရသော ဦးကြည်ဝင်း (ကြက်ခြေနီ ကြည်ကြည်)ကို သတိရလိုက်မိပါသည်။

သူပါလာလျှင် ဟာသနှော၍ ရယ်ရွှင်ဖွယ် ပြောတတ်သော သူ့ပညာကြောင့် တသောသောရယ်ရင်း အိပ်ချင်ပြေမည်ဖြစ်ကြောင်း တွေးမိပါ၏။ ယခုတော့ ဆရာတို့အဖွဲ့က ကျွန်တော်မှ လွဲပြီး ခရီးပန်းလူပန်းဖြင့် အစောကြီး အိပ်မောကျကုန်ကြပြီ ဖြစ်ပါ၏။ ကျွန်တော်သာ ကျားကြောက်သဖြင့် အိပ်ရမှာ မဝံ့မရဲ ဖြစ်နေရခြင်း ဖြစ်ပါ၏။ ဒီလိုနှင့် ညတစ်ချက်ထိုးလောက် ရှိသွားပါသည်။

ထိုစဉ်ပင်...

တစ်ဖက်တောင်ကြော ထိပ်ဘက်ဆီမှ မာကျူရီမီးအရောင် ဖြူဖြူတန်းကြီးတစ်ခုသည် ရုတ်ခြည်းပေါ်ထွက်လာပြီး ကောင်းကင်သို့ အတန်းလိုက် ထိုးထွက်သွားပါသည်။ တောင်ကြောကြီးတစ်ခုလုံးလည်း ဝင်းခနဲဖြင့် လင်းထိန်သွားပါ၏။ ပထမတော့ ကျွန်တော်လည်း ကြောင်သွားပါသည်။ နောက်မှ ဆရာရဲဖော်ပြောတာကို သတိရပြီး အားလုံးကို နှိုးပြောရပါ၏။

ကျွန်တော်လည်း ကိုယ်တွေ့မျက်မြင်ကြုံလိုက်ရသော အလင်းတန်းကြီးကို အတော်လေး စိတ်ဝင်စားသွားပါတော့သည်။ သို့ကြောင့် နံနက် မိုးလင်းသည်နှင့် နယ်မြေဒေသကျွမ်းသော ဆရာရဲဖော်ကိုခေါ်ကာ အလင်းတန်းကြီးနှင့် ပတ်သက်၍ လေ့လာရန် ထွက်ခဲ့ပါသည်။

အလင်းတန်း ထွက်ပေါ်လာလောက်သည်ဟု ထင်ရသည့်နေရာ အားလုံးသို့ ရှာဖွေသော်လည်း မည်သည့် သဲလွန်စမှ မရနိုင်သဖြင့် စိတ်ပျက်သွားပါ၏။ ရေပုပ်အိုင်ဆိုသည်ကိုလည်း ရှာမတွေ့ကြပါချေ။

'ဒီတောင်ခြေနဲ့ မနီးမဝေးနေရာတွေမှာတော့ ယာခင်းကြီးတွေရှိတယ် ဆရာ။ အနား ပတ်ဝန်းကျင်ရွာတွေက ယာလာလုပ်ကြတာ သူတို့ကို မေးကြည့်ရရင် ကောင်းမလား မသိဘူး။ သူတို့ကတော့ သိကောင်းသိကြလိမ့်မယ် ထင်တယ်'

ဆရာရဲဖော်က အကြံပေးပါသည်။

'ကောင်းတယ် ဆရာရဲဖော်။ တစ်ယောက်မဟုတ် တစ်ယောက်တော့ သိနိုင်တာပေါ့'

ဟု ကျွန်တော်က ဆရာရဲဖော်အကြံကောင်းကြောင်း ပြောပြီး နှစ်ယောက်သား တောင်ညိုတောင်ကြီး၏ မြောက်ဘက် တောင်ခြေဆီ ဆင်းခဲ့ကြပါ၏။

ကျွန်တော်တို့သွားရာ လမ်းတစ်လျှောက်၌ ဆရာရဲဖော်ပြောခဲ့သလို တစ်ခါဖူးမျှ မမြင်ဘူးခဲ့သည့် လူတစ်ပိုက်စာခန့် အသီးများ ရဲရဲနီအောင် သီးနေကြသော ငရုတ်ပင်ကြီးများကို



www.burmeseclassic.com

အံ့ဩဖွယ် တွေ့မြင်ရပါသည်။

'ဆရာရဲဖော်ရေ... ခင်ဗျားပြောတာ ဟုတ်တယ်ဗျ။ တော်တော် ထူးဆန်းတာပဲ။ ငရုတ်ပင်ဆိုတာ သာမန်အားဖြင့်တော့ အကြီးဆုံး ခြေသလုံးလောက်ပဲ ကျွန်တော်တော့ မြင်ဖူးတယ်ဗျာ။ ဒါလဲ ရှားရှားပါးပါးပဲ။ ဒီလောက်ကြီးတာတော့ တစ်ခါမှ မတွေ့ဖူးဘူး'

'ဟုတ်တယ်ဆရာ... ကျွန်တော်လဲ ဆရာ့လိုပါပဲ။ ဒီရောက်မှ ဒီလောက်ကြီးတဲ့ အပင်မျိုး မြင်ဖူး,တွေ့ဖူးတာ။ ပထမတော့ ငရုတ်ပင်မှ ဟုတ်,ဟုတ်ပါ့မလားလို့၊ ငရုတ်သီးတွေ တွေ့ရမှ ဒါ ငရုတ်ပင်အစစ်ပဲလို့ လက်ခံမိတာ မယုံချင်စရာပဲ'

'ဟုတ်ပါ့ဗျာ'

ကျွန်တော်နှင့် ဆရာရဲဖော်လည်း စကားပြောရင်းနှင့်ပင် တောင်ခြေသို့ ရောက်ခဲ့ကြပါတော့သည်။ တောင်ခြေရောက်သည်နှင့် အရှေ့ဘက်သို့ ဆင်းသွားသည်။ လူသွားလမ်းလေးကို တွေ့လိုက်ရသဖြင့် ထိုလမ်းလေးအတိုင်း လိုက်ခဲ့ရာ အင်သားများဖြင့် လင့်စင်လေးလို ခြေတံရှည်ရှည်နှင့် ဆောက်ထားသည့် လေးတိုင်စင် ယာတဲလေး တစ်တဲကို တွေ့လိုက်ကြရပါ၏။

(၃)

ယာတဲလေးနှင့် မလှမ်းမကမ်း၌ အသက်(၅၀)နှစ်ခန့် ကရင်တိုင်းရင်းသားကြီးတစ်ဦး ငပြုပ်ခင်းကို ပေါက်ပြားတစ်လက်နှင့် ပေါင်းဆွနေသည်ကို တွေ့ရပါသည်။ ကျွန်တော်တို့ကို တွေ့သည်နှင့် ကရင်တိုင်းရင်းသားကြီးက ပေါက်ပြားကို ထောက်ကာ ရပ်ကြည့်နေပါသည်။

နောက် ''ကောင်တို့... မင်းတို့ ဘာလာလုပ်တာတုံး''ဟု မေးသဖြင့် ဆရာရဲဖော်က လာရင်းကိစ္စကို အကျိုးအကြောင်းပြောပြရာ ယင်းက...

'ဟာ... ဒါဆိုရင်တော့ ငါ့ပါးကြီးသိတယ်ကွ။ ငါလဲ အပါးကြီးပြောပြထားလို့ သိတော့ သိပါတယ်။ ဒါပေမယ့် ပြန်မပြောပြတတ်ဘူး။ မင်းတို့ပြောတဲ့ အလင်းတန်းကြီးကိုတော့ ငါလဲ တစ်ခါ တစ်ခါ မြင်ပေါ့'

ဟု ဆိုကာ တောင်ညိုတောင်ကြီးနှင့် (၃)မိုင်လောက်ဝေးသည့် သူ့အပါးတို့ အမိုးတို့နေရာ ''ရွာရှောင်''ရွာကြီးသို့ ကျွန်တော်တို့ကို ခေါ်ခဲ့ပါ၏။

ရွာရှောင်၌ အသက်(၇၀)ကျော်ကျော် ကရင်တိုင်းရင်းသား အဘိုးအိုတစ်ယောက်ကို အဆင်သင့် တွေ့ရပါသည်။ ကျွန်တော်တို့ကို ခေါ်လာသော ကရင်တိုင်းရင်းသား အဘိုးအိုအား အကျိုးအကြောင်းပြောပြရာ အဘိုးအိုက...

'အေး... အေး သိချင်တယ်ဆိုရင်တော့ ပြောပြရတာပ ဖိုးခွားလေးတို့ရာ။ ငါတို့ကိုလဲ အဲဒီလိုပဲ အပါးကြီးတို့၊ ဖထီးတို့တွေက ပြောပြလို့ သိရတာပဲဟေ့'

ဟု ဆိုကာ အလင်းတန်းကြီး အကြောင်းကို အောက်ပါအတိုင်း ပြောပြပါတော့၏။

* * *

သုဝဏ္ဏဘူမိ သထုံပြည်ကြီးကို အုပ်ချုပ် မင်းလုပ်ခဲ့သည့် မနူဟာ(ခေါ်) မနူရာဇာမင်းကြီး၏ သားတော် ဝိပဒူရာဇာ၌ ဂေါ်သဇင်မင်းသားဟု လူသိများခဲ့သော ဓမ္မရာဇာခေါ်သည့် သားတော်တစ်ပါး ရှိခဲ့သည်။

ဝိပဒူရာဇာတွင် သမီးတော်များသာ ထွန်းကားပြီး ထီးမွေနန်းမွေ ဆက်ခံမည့်ပုဂ္ဂိုလ်ဟူ၍ ဂေါ်သဇင်မင်းသား တစ်ပါးသာ ထွန်းကားသဖြင့် ဖခမည်း တော်က သားတော်အား အစိုး တကြည့်ကြည့်နှင့် ရှိခဲ့၏။

ရှားရှားပါးပါး သားတော်လေး ဖြ သဖြင့် ချစ်မဝနိုင်အောင်လည်း ရှိ သည်။ သားတော်လေးကလည် တော်ဝင်သားတော်လေးပီပီ ရုပ်ရည် ချောမော လှပသလောက် ယဉ်ကျေး လိမ္မာသူ၊ နူးညံ့သိမ်မွေ့သူလေးလည်း ဖြစ်၏။

ဂေါ်သဇင်မင်းသားလေး အရွယ် ရောက်သောအခါ၌ ခမည်းတော် အတတ်ပညာများ သင်ကြား နေမိန္ဒရတောင်ရှိ ကေလာသ ဆရာ ရသေ့ထံသို့ အပ်နှံခဲ့လေသည်။ ကေလာသ ရသေ့သည် ဂေါ်သဇ မင်းသားလေးအား ယောကျ်ား တတ်အပ်သော တစ်ဆယ့်ရှစ် သော အတတ်ပညာတို့ကို သင်ကြား ပေးလေသည်။

သို့သော် ကျန်အချိန်များ၌ ထွက်ရ စခန်း မျှော်မှန်း၍ ဓာတ်လမ်း လျှောက်လှမ်းနေသည့် သူ့လုပ်ရ လမ်းအတွက် ဂေါ်သဇင်ကို ကူညီ လေ၏။

ဆရာရသေ့အလိုရှိသော ဆေးမြစ် ဆေးပင်,ဆေးဥတို့ကို ဂေါ်သဇင်မ သားလေးက နေမိန္ဒရတောင် အ တစ်ဝိုက် ရှာဖွေပေးရလေသည် တစ်ခါတစ်ရံ၌ ဆရာရသေ့နှင့်အ ဖိုခွင်သို့ဝင်ကာ ဖိုဆွဲပေးရလေသည်

ကာလ မကြာမတင်မှာ ကေလာသ ရသေ့က ဓာတ်လုံးပေါ ပြောက်၍ ဝိဇ္ဇာစခန်း မြန်းကြွခဲ့ တော့၏။ ထိုအချိန်မှစ၍ ဂေါ်သ မင်းသားလေးသည်လည်း အဂ ပညာကို ဝါသနာပါကာ ဆရာရသေ့ ဓာတ်လမ်းအတိုင်း လျှောက်လှ

www.burmeseclassic.com

လေတော့သည်။ ထို့အတူ နန်းမှုစိုးရာတို့ကိုလည်း စိတ်မဝင်စားတော့ဘဲ လျစ်လျူရှုခဲ့လေတော့၏။

ဝိပဒ္ဒုရာဇာမင်းကြီးသည် သားတော်၏အဖြစ်ကို သိရသည်နှင့် သားတော်အား ရှေ့တော်မှောက် ခေါ်ယူပြီး...

'သားတော်... ဖခမည်းတော်မှာ ထီးမွေနန်းမွေ ဆက်ခံဖို့ ဆို၍ သားတော်တစ်ပါးသာ ရှိလေတယ်။ ခမည်းတော်ရဲ့ လက်ရုံးဆို၍လဲ သားတော်သာ ဖြစ်ပေတယ်။ သို့အတွက် သားတော်ရဲ့ အင်္ဂါရပ်လုပ်ငန်းတွေကို ရှုန်ပြီး ပြည်ထဲရေးကို စီမံပါလော့'


ဟု အမျိုးမျိုး နားချ ပြောကြားလေသည်။ ထို့နောက် စန္ဒာဒေဝီမင်းသမီးနှင့် လက်ထပ်၍ အိမ်ရှေ့အရာ ပေးလေ၏။

သို့သော် ဂေါ်သဇင်မင်းသားလေးက ထီးနန်းကိုလည်း အလိုမရှိ၊ ဃရာဝါသကိုလည်း မခံစားလိုဘဲ ကြောက်ရွံ့ထိတ်လန့်သူဖြစ်သဖြင့် အိမ်ရှေ့ဥပရာဇာအဖြစ် စန္ဒာဒေဝီမင်းသမီးလေးနှင့်အတူ ဘိသိက်သွန်းလောင်းပြီးသည့် ညမှာပင် လူယုံတော် ငယ်ကျွန်နှစ်ပါးဖြစ်သည့် စုန္ဒနှင့်ဝဂ္ဂတို့ကို တိုင်ပင်၍ သုဝဏ္ဏဘုမ္မိသထုံမြို့မှ အလယ်ရိုးမဖြစ်သော မြေလတ်ဒေသဆီသို့ ထွက်ပြေးတိမ်းရှောင်ခဲ့လေ၏။

* * *

ဂေါ်သဇင် မင်းသားလေးသည် တောင်ညိုတောင်ဟု နောင်တွင် အမည်တွင်လာမည့် တောင်ထွတ်ကြီး ရောက်သောအခါ၌ စုန္ဒနှင့် ဝဂ္ဂတို့ကို သူတတ်ကျွမ်းသည့် အင်္ဂါရပ်ဓာတ်လမ်းတို့ကို မခြွင်းမချန် သင်ပေးပြီး...

'ကဲ... စုန္ဒနဲ့ ဝဂ္ဂ၊ ဒီနေ့ကစပြီး ဒီတောင်ကြီးမှာပဲ တစ်ယောက် တစ်



နေရာ နေလို့ရမယ့်နေရာတွေ ကိုယ်စီရှာပြီး ဝိဇ္ဇာတို့ရဲ့ တိုင်းပြည်ရောက်ဖို့ အင်္ဂါရပ်ဖိုလမ်းကို လျှောက်ကြပေရော့။ ဝိဇ္ဇာတိုင်းပြည်ရောက်မှ မင်းတို့ငါတို့လဲ အသက်ရှည်ကြမယ်။ အသက်ရှည်မှလဲ သံသာရဝဋ္ဋဒုက္ခတော မောစနတ္တာယဆိုတဲ့အတိုင်း သံသရာဝဋ္ဋ ဆင်းရဲအပေါင်းက ကျွတ်လွတ်ထွက်မြောက်နိုင်မယ့် တရားဓမ္မတွေကို စိတ်နှလုံးငြိမ်းချမ်းစွာနဲ့ ကျင့်ကြံပွားများအားထုတ်နိုင်ကြမယ်'

ဟု ဆုံးမ ပြောကြားလေ၏။

စုန္ဒနှင့် ဝဂ္ဂတို့လည်း...

'ကောင်းလှပါပြီ အရှင့်သား... ကျွန်တော်မျိုးကြီးတို့ ကြိုးစားပါ့မယ်'

ဟု ဝန်ခံလျှောက်ထားကာ တစ်ယောက်တစ်နေရာဆီ လမ်းခွဲထွက်ခဲ့ကြလေသည်။

ဂေါ်သဇင် မင်းသားလေးမှာ ကေလာသ ဆရာရသေ့၏ အခါအားလျော်စွာ ကြွရောက်၍ သွန်သင်ပြသညွှန်ကြားမှုတို့ကို ခံရသဖြင့် ရောက်ပြီး မကြာမီပင် ဓာတ်စခန်းပြီးမြောက်လိုရာသို့ ရောက်သွားခဲ့လေသည်။

စုန္ဒနှင့် ဝဂ္ဂတို့သာ မပေါက်မြောက်နိုင်ဘဲ ကျန်ရှိနေခဲ့ကြလေ၏။ သို့သော် အားမလျှော့ကြဘဲ ရရာ သစ်မြစ်၊ သစ်ဖု၊ သစ်သီးတို့ကို ဖြစ်သလို ရှာဖွေစားသောက်ကြရင်း ဖွဲ့လုံ့လ၊ ဝီရိယတို့ဖြင့် ဆက်လက် ကြိုးစားခဲ့ကြ၏။ ထိုသို့ ကြိုးစားရင်းမှ စုန္ဒက မကြာမီ ခရီးလမ်းဆုံးသို့ ရောက်ခဲ့ပြန်သည်။

'ရောင်းရင်းဝဂ္ဂ...ငါတော့ မဟာမြိုင်တောကို သွားတော့မည်။ သင်လဲ တစ်နေ့ မဟာမြိုင်ဝနာကို လာရမည် မလွဲပါဘူး။ အားခဲ၍သာ ကြိုးစားကျန်ခဲ့ပါရော့။ သင့်ရဲ့ ဖွဲစိတ်ကိုတော့ မလျှော့လိုက်ပါနဲ့။ ငါတို့လဲ ပစ်မထားပါဘူး'

ဟု နှုတ်ဆက်ကာ ဝဂ္ဂကို ထား၍ မဟာမြိုင်တောသို့ ထွက်သွားခဲ့လေ၏။

ဝဂ္ဂသည် အတူလာ သုံးယောက်၌ အရှင့်သားတော်နှင့် ရောင်းရင်းတို့က ပေါက်မြောက်၍ လိုရာခရီးသို့ ရောက်ခဲ့ကြပြီး သူတစ်ယောက်သာ ကျန်နေခဲ့သဖြင့် အားငယ်စွာ ကျန်ခဲ့လေသည်။

သို့သော် အားငယ်သည်ဟု ရပ်မထားဘဲ ဆက်လက် ကြိုးစားခဲ့သည်။ ရက်၊ လတွေ ကြာလာခဲ့သော်လည်း ဓာတ်က ခရီးမတွင် လမ်းမပေါက်နိုင်သဖြင့် စိတ်ပျက်သလို ဖြစ်လာခဲ့၏။ ဓာတ်ကို နေ့မအား၊ ညမအား ကစားနေရသည့်အတွက် အိပ်ပျက်စားပျက်လည်း ဖြစ်လာသည်။

ထိုအချိန် ယင်းဓာတ်ကစားရာ ဂူကြီးနှင့် မဝေးလှသောနေရာ၌ တောင်ပေါ်တက် ကတွတ်သီးခူးရင်း စခန်းချနေကြသည့် ဖိုးတောနှင့်ဖိုးထေ သူငယ်ချင်းနှစ်ယောက် ရောက်လာလေသည်။

ဝဂ္ဂကို တွေ့သောအခါ အကျိုး



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းမေးရာ ဝဂ္ဂက မိမိခန္ဓာကိုယ်၌ ရှိသည့် ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော အစရှိသော ဓာတ်တို့ကို ပြုပြင်နိုင်မြဲစေပြီး အသက်ရှည်စေနိုင်သည့် ''ပြဒါးရှင်ဓာတ်လုံး'' ထိုးနေတာ ဖြစ်ကြောင်း ပြောပြသဖြင့် ယင်းတို့လည်း စိတ်ဝင်တစား ဖြစ်လာကြကာ...

'ကျွန်တော်တို့ကိုလဲ အဲဒီပညာ သင်ပေးပါ ဆရာ။ ကျွန်တော်တို့ အဲဒီဓာတ်ထိုးတဲ့ပညာကို တတ်မြောက်ချင်ပါတယ်။ ဒါမှမဟုတ် ဆရာကိုယ်တိုင် ဆရာပြောတဲ့ ပြဒါးရှင်လုံးကို ထိုးပေးပါ။ ဆရာခိုင်းသမျှ ကျွန်တော်တို့ လုပ်ပေးပါ့မယ်'

ဟု တောင်းပန်ကြလေ၏။

'ကောင်းပြီ... မောင်ရင်တေနဲ့ မောင်ရင်ထေတို့ သင်တို့ကလဲ သီလ သမာဓိအရာ ကြိုးစား စောင့်ရှောက်ထိန်းသိမ်း ကျင့်ကြံကြပါလော့'

ဝဂ္ဂက ဝန်ခံပြီး ဖိုးတေနှင့် ဖိုးထေတို့ ရှာဖွေကျွေးမွေးသည့် သစ်ဥသစ်သီးတို့ကို စားရင်း ဖိုဆက်လက်ကစားခဲ့ရာ မကြာမီပင် ယင်းအလိုရှိသော ပြဒါးရှင်လုံးကို ရရှိခဲ့လေတော့၏။

ထိုအခါ ဝဂ္ဂက ဓာတ်ဓာတ်ချင်းကူး ဖြစ်ဖူးများစွာ ထုံးနှလုံးမှု၍ ရင်းသေဖျားနှောကာ မူလပြဒါးရှင်လုံးနှင့် နောက်ပြဒါးကိုပူးပြီး ပြဒါးရှင်လုံး တစ်လုံး ပြုလုပ်ပေးခဲ့လေသည်။

ထို့နောက်...

'မောင်ရင်တေနဲ့ မောင်ရင်ထေတို့ မင်းတို့အတွက် ငါ ပြဒါးရှင်လုံး တစ်လုံး ဆောင်ရွက်ထားခဲ့ပြီ။ နောက်တစ်ခါ ဓာတ်ချင်းပူး၍ ထူးကဲတဲ့ ဝိဇ္ဇာလမ်းကို မြန်းခဲ့ကြပေရော့။ သီလအရာလဲ မြဲကြစေ၊ စရဏအရာလဲ စွဲကြစေ'

ဟု မှာကြား၍ သူ့သခင် ဂေါ်သဇင် မင်းသားလေးနှင့် ရောင်းရင်း စုန္ဒတို့နောက် လိုက်ခဲ့လေတော့၏။

* * *

ဖိုးတေနှင့် ဖိုးထေတို့ ရရှိထားသည့် ပြဒါးရှင်လုံးမှာ ပိုင်းစက်ဖြူဖွေးလျက် ရောင်ရှင်လေးတွေထွက်လျက် ရှိပေသည်။ ယင်းတို့ ဆရာဝဂ္ဂက ထိုပြဒါးရှင်လုံးနှင့် ပြဒါးစိမ်းပေါင်းကာ ရင်းသေဖျားနှောပြီး နောက်ထပ် ပြဒါးရှင်ဓာတ်လုံး တစ်လုံး ထပ်လုပ်ပြီး တစ်ယောက်တစ်လုံးယူဖို့ စိတ်မကူးဘဲ ရှိသည်။

''ပြဒါးရှင်''လုံးကိုသာ သူရထိုက်သည်၊ ငါရထိုက်သည်ဟု လုကြရင်း အငြင်းပွား၍ ရန်ဖြစ်ကြလေတော့သည်။ နှစ်ဦးစလုံး လောဘ၊ ဒေါသ ဇောတို့လည်း တက်ကာ အပြီးအတေး ကြီးစွာဖြင့် ပြဒါးရှင်လုံးကိုလုရင်း သတ်ပုတ်ကြလေသည်။

ထိုအခါ သန့်ရှင်းစင်ကြယ်၍ သိဒ္ဓိကြီးဆယ်ပါးတို့နှင့် သိဒ္ဓိပေါင်း ထောင်သောင်းတို့ ခညောင်းပြည့်စုံနေပြီဖြစ်သည့် ပြဒါးရှင်လုံးသည် သီလပျက်သော ယင်းတို့လက်၌ မနေတော့ဘဲ...

''ဒိန်းခနဲ''မြည်ကာ ဟိန်းထွက်သွားသည့် အသံကြီးနှင့်အတူ ကောင်းကင်သို့ အလင်းတန်းကြီးတစ်ခုအဖြစ် ထိုးတက် ပျံသန်းသွားလေတော့သည်။

ထိုအခါ ဖိုးတေနှင့် ဖိုးထေတို့ နှစ်ယောက်လည်း ယင်းတို့လက်မှ ထွက်၍ ကောင်းကင်သို့ အလင်းတန်းကြီးအဖြစ် ပျံထွက်သွားသော ပြဒါးရှင်လုံးကို နှမြောတသစွာ ကြည့်ရင်း မျက်လုံးအပြူးသား၊ ပါးစပ်အဟောင်းသား ဖြစ်ကျန်ခဲ့ကြလေသည်။

ပြဒါးရှင်လုံးလည်း ကောင်းကင်၌ ဟိုမှသည်၊ သည်မှဟို ပျံသန်းလျက် ရှိလေ၏။

ဖိုးတေနှင့် ဖိုးထေမှာ ပြဒါးရှင်လုံးကို လက်လွှတ် ဆုံးရှုံးလိုက်ကြသည် အတွက် လောဘဇောကို မထိန်းနိုင်ကြ တော့ဘဲ ကောင်းကင်မှာပျံသန်းလျက် သော ပြဒါးရှင်လုံးကို မျက်တော မခတ် ငေးမောကြည့်ရှုကြရင်း ရင် တလှိုက်လှိုက် ဖြစ်လာကြကာ ပူလော ပြင်းပြသော အသံတို့ဖြင့်...

'ပြဒါးရှင်လုံးကြီးရေ... ငါ့ဆီကို ပြ လာခဲ့ပါ'

ဟု နှစ်ယောက်စလုံးပြိုင်တူ ထအော်လိုက်ကြလေတော့၏။ နောက် ယင်းပြဒါးရှင်လုံးအား သူ ထိုက်သည်၊ ငါရထိုက်သည်၊ သူ့ဟာ ငါဟာဟု ဆက်လက် ငြင်းခုံကြ တစ်ယောက်တစ်ပြန် ပြန်လည် သတ်ပုတ်ကြပြန်ရာ အတန်အကြာ နှစ်ယောက်စလုံး အမောဆို့၍ နေရာမှာပင် သေဆုံးသွားကြ တော့သည်။

ထိုအခါ ကောင်းကင်၌ ပျံဝဲလျက်ရှိ သော ပြဒါးရှင်လုံးသည်လည်း တဖြည်းဖြည်း အောက်သို့ ပြန်ကျ ကာ တောင်၏ လှိုဏ်ဂူကြီးအတွင်း ရှိ ရေပုပ်အိုင်ကြီးထဲသို့ ထိုးကျသွား လေတော့၏။

(၄)

'အဲဒါ ဖိုးခွားလေးတို့ သိချင်နေတဲ့ အလင်းတန်းကြီးအကြောင်းပဲ။ တောင် ညိုတောင်ကြီးရဲ့ ခါးလယ်လောက်မှာ ဂူကြီးလိုဖြစ်နေတဲ့ နေရာရှိတယ်။ အဲ အတွင်းပိုင်းမှာ ရေပုပ်အိုင်ကြီးရှိတယ် အဲဒီအိုင်က ရေဟာ ပုပ်စော်နံတယ် အသားနဲ့ သွားထိရင် ခရုသင်း

စာမျက်နှာ (၂၆၃) သို့



www.burmeseclassic.com

www.burmeseclassic.com



# အိပ်မက်ထဲက

ဖြစ်ရပ်ဆန်း

ဦးတင်မြင့် (ဟသ်ာတ)

တစ်နေ့သောအခါ...

စာရေးသူသည် မရောက်တာ ကြာ ပြီဖြစ်သော ဒေါ်ခင်လေး (အငြိမ်းစား ဆရာမ)၏ အိမ်သို့ လမ်းကြုံ၍ ဝင် ရောက်ခဲ့ပါသည်။ ရောက်မဆိုက်ပင် စာရေးသူမှ...

'ဒါနဲ့ ဆရာမ ဘုရားဖူးသွားတယ် ဆို...ဘယ်တုန်းက ပြန်ရောက်လဲ'

ဟု မေးရာ...

'သိပ်မကြာသေးဘူး ဆရာ။ ဆရာ လာတာနဲ့ အတော်ပဲ ပြောပြရဦး မယ်'

ဟု ပြန်ပြောပါသည်။...

'ဘာများလဲဗျာ... ပြောစမ်းပါဦး'

'ဆရာ...အချိန်ရတယ်မို့လား၊ ခဏ နော်'

ဟု ဆိုကာ ကြက်ဥနှင့်ငုံးဥ ဝယ်သူများကို ရောင်းချ နေပါသည်။ ဆရာမ ဒေါ်ခင်လေးသည် ဖခင်သေဆုံးသွားပြီဖြစ်၍ မိခင်ကြီးနှင့်အတူနေကာ အိမ်ထောင်မပြုဘဲ ကြက်နှင့် ငုံးဥများကို လက်လီလက်ကား ရောင်းချနေသူ ဖြစ်ပါသည်။

မိခင်ကြီးအပေါ် ကျေးဇူးသိတတ်ပြီး ဘာတစ်ခုမှ လိုလေသေးမရှိအောင် ဂရုစိုက်ပါသည်။ တစ်ချိန်က စီးပွားရေး မပြေလည်တုန်းကဆိုလျှင် အိမ်ဖော် လုပ်၍ မိခင်ကြီးကို လုပ်ကျွေးရန်အထိ ဆုံးဖြတ်ထားသော်လည်း အခြေအနေ ပြန်ကောင်းလာ၍ အိမ်ဖော်မလုပ်ဖြစ် ကြောင်းလည်း သိရပါသည်။

အလှူအတန်းဆိုလျှင် အလွန် ဝါသနာပါ သဒ္ဓါရှိသူ ဖြစ်ပါသည်။ ဘုန်းကြီးကျွေး ကျောင်း,လမ်း ကွန်ကရစ်အခင်း၊ တရားစခန်းအတွက် နေ့ဆွမ်းလှူခြင်း စသော ကောင်းမှုတို့ ကို ပြုလုပ်သူလည်း ဖြစ်ပါသည်။

အိမ်တွင် ဆွမ်းခံသံဃာ(၁၃)ပါးကို နေ့စဉ်မပြတ် ဆွမ်းလောင်းလှူခြင်း၊ ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ ကထိန်ခင်း ခြင်း စသည်တို့ကိုလည်း ပြုလုပ်နေသူ ဖြစ်ပါသည်။

ထို့ကြောင့်လားမသိ ဒေါ်ခင်လေးတို့ သားအမိတို့မှာ အလွန်အေးချမ်းလျက် ရှိကြောင်း တွေ့နေခြင်း ဖြစ်ပါသည်။

'ဆရာ... ဘာတွေစဉ်းစားနေတာ လဲ၊ ရေနွေးနဲ့ လက်ဖက်သုပ်လဲ သုံး ဆောင်ပါဦး။ ရောက်တုန်း အေးအေး ဆေးဆေးပေါ့ ဆရာရယ်'

ဟု သူ့အသံကြားမှ စာရေးသူလည်း အတွေးနယ်ထဲမှ ပြန်ထွက်ခဲ့ရပါသည်။

'ဘာရယ်မဟုတ်ပါဘူး။ ဆရာမရဲ့ မိဘအပေါ် ဂရုစိုက်မှု၊ အလှူဒါနပြုရာ မှာ သဒ္ဓါတရားထက်သန်မှုတွေကိုပါ'

'ဒါကတော့ ဆရာရယ်၊ ဆရာပြော တယ်မို့လား မိဘဆိုတာ သက်ရှိဘုရား လို့ တင်စားကြတယ် မဟုတ်လား၊ အစဉ်ဂါရဝထား လေးမြတ်စွာ ပြုစု လုပ်ကျွေးရမယ်။ အလှူဒါနကိုလဲ သူတော်ကောင်းတွေရဲ့ ဒါနပြုရိုးဖြစ်တဲ့ အတိုင်း မကြာမကြာ လှူဒါန်းပေးရ မယ်။

ဒါတွေဟာ လောကီလောကုတ် နှစ်ဖြာမှာ အကျိုးမယုတ်ဘဲ ကောင်း ကျိုးတွေ ပွားစီးစေမယ်လို့ ပြောခဲ့တာ ကို ကျွန်မ မှတ်ထားပါတယ် ဆရာ'

ဟု ပြန်ပြောပါသည်။



www.burmeseclassic.com

www.burmeseclassic.com

'သာဓုပါဗျာ...သာဓုပါ'

ဟု စာရေးသူမှ ကောင်းချီးပြုလုပ်ပါသည်။ ဆက်လက်၍...

'ဒါနဲ့...ဆရာမ ပြောစရာရှိတယ် ဆိုတာ'

ဟု မေးလိုက်သောအခါ...

'ဟုတ်ပါရဲ့ ပြောမယ် ဆရာ၊ ဒီလိုပါ ကျွန်မ အိပ်မက်မက်တယ်။ အိပ်မက်ထဲမှာ ရေလယ်ကောင်မှာ သီတင်းသုံးနေတဲ့ ဘုရားတစ်ဆူကို ဖူးမြင်ရတယ်။

ပြီးတော့ ပဌာန်းဆက်တွေ၊ ဆွေတော်မျိုးတော်တွေကိုလဲ တွေ့ခဲ့ပြီး မေတ္တာပို့ အမျှဝေခဲ့ရတယ်။ နောက်တစ်ခါ နဂါးမယ်တော်ကြီးကြီးကို တွေ့ဆုံ ကန်တော့ခဲ့ရသေးတယ် ဆရာ။

အဲဒီနောက်ပိုင်း ကျွန်မအနေနဲ့ ဘုရားဖူးထွက်ချင်စိတ်တွေ တအားဖြစ်ခဲ့တယ်။ အထူးသဖြင့်ကတော့ အိပ်မက်ထဲက ဘုရားကို ဖူးချင်တယ်။ အဲဒီလို အိပ်မက်မျိုးကို တစ်ခါမှ မမက်ခဲ့ဖူးပါဘူး'


ဟု ပြောပြပါသည်။

'ဒါနဲ့ပဲ ဘုရားဖူးသွားဖြစ်တယ် ဆိုပါတော့'

'ဟုတ်ပါတယ် စ,သွားတုန်းကတော့ ပဲခူးရွှေမောဓောဘုရားနဲ့ အခြားဘုရားတွေကိုပဲ။ ဒါပေမယ့် အိပ်မက်ထဲက ဘုရားကို တအားဖူးချင်လို့လား မသိဘူး။ မမျှော်လင့်ဘဲ ရောက်သွားတယ်'

'ဟို... ရေလယ်ကောင်က ဘုရားဆိုတာလား'

'ဟုတ်တယ်ဆရာ...အဲဒီ ရေလယ်ကောင်က ဘုရားဆိုတာ တကယ်တော့ ကျိုက္ခမီရေလယ်ဘုရား ဖြစ်နေတယ် ဆရာ။ အိပ်မက်ထဲကအတိုင်းပဲဆရာ။ တစ်ခုရှိတာက ကျွန်မမက်တဲ့ ဘုရားဟာ ယခင် စပြီး တည်ထားတဲ့ပုံစံမျိုး



ပါ။

ဒါပေမယ့် အခု ဖူးတွေ့ရတာနဲ့ အပြင်အဆင် နည်းနည်းပဲ ကွာပါတယ်။ အဲဒီဘုရားရောက်တော့ ကျွန်မလေ ကြက်သီးတွေ တအားထပြီး ဝမ်းသာတာ မပြောနဲ့တော့'

'နောက်ကော'

ဟု မေးရာ...

'နောက်ပြီး ပဌာန်းဆက်တွေ၊ ဆွေတော်မျိုးတော်တွေကို ရည်မှန်းပြီး အလှူဒါနတွေ ပြုပါတယ်။ မေတ္တာပို့ပြီး အမျှလဲ ဝေခဲ့ပါတယ်။ ပြီးတော့ နဂါးမယ်တော်ကိုလဲ ဆီမီး၊ နံ့သာတိုင်၊ ပန်း၊ သစ်သီးများကို လှူဒါန်း အမျှဝေခဲ့ပါတယ် ဆရာ'

ဟု ပြောပြပါသည်။

'ထူးခြားမှုရှိလား'

'အဲဒီလို မေတ္တာပို့ အမျှဝေချိန်မှာ အမွှေးနံ့တွေ ရတယ် ဆရာ။ လေပြည်လေညင်းလေးတွေ ရုတ်တရက်တိုက်တာ သိရတယ်'

ဟု ပြောရာ...

'ဒါနဲ့ နေပါဦး၊ နဂါးမယ်တော်ဆိုတာနဲ့ရော တွေ့ခဲ့ရလား'

ဟု မေးသောအခါ...

'ဘုရားကို ဖူးနေတဲ့အချိန်မှာ ကျွန်မ ဘေးနားမှာ အမျိုးသမီးကြီးတစ်ဦး ရောက်နေတာကို အမှတ်မထင် သိလိုက်ရတယ်။ ဘာမှတော့ မပြောဘူး။

ဒါနဲ့ ကျွန်မလဲ ဘုရားဖူးပြီး ခုန အမျိုးသမီးကို ကြည့်တော့ မတွေ့ရတော့ဘူး။ ဒါပေမယ့် ညကျတော့ အိပ်မက်ထဲမှာ ဘုရားဖူးတုန်းက အမျိုးသမီးကြီးကို နဂါးမယ်တော်ပုံစံမျိုးလို တွေ့လိုက်ရသလို ပဌာန်းဆက်တွေ ဆွေတော်မျိုးတော်တွေကလဲ ကျွန်မပို့တဲ့ မေတ္တာနဲ့ အမျှကို ရကြတယ်လို့ ပြောကြတယ်။

ဝမ်းလဲ အလွန်သာတဲ့အကြောင်း ပြောကြတာကို မက်ခဲ့ပါတယ်။ အဲဒီ ဘုရားဖူးပြီး ပြန်လာတဲ့နောက်ပိုင်း အတော်လေး စိတ်ချမ်းသာလာတယ်။ အရောင်းအဝယ်လဲ ပိုကောင်းလာတယ်။

ခုလဲ ဝါခေါင်လပြည့်ကျော်ရင် သံဃာ(၁၅)ပါးကို အိမ်ပင့်ပြီး ဝါဆိုသင်္ကန်း ကပ်ဦးမယ်။ တန်ဆောင်မုန်းကျ ကျိုက်ပျော်လေးကျောင်းမှာ ကထိန်ခင်းဦးမယ် ဆရာ'

ဟု အားပါးတရ တရစပ် ပြောပြပါတော့သည်။

'မျိုးစေ့မှန်ရင် အပင်သန်ရမှာပေါ့ဗျာ။ အချိန်တန်ရင်တော့ အကျိုးပေးသန်ရမှာပေါ့။ ဟုတ်တယ်နော် ဆရာမ'

ဟု စာရေးသူမှ ပြောလိုက်ပါတော့သည်။

**မှတ်ချက်။ ။ အမည်လွှဲပြောင်းထားသည်မှအပ ဖြစ်ရပ်မှန် ဖြစ်ပါသည်။**

*(ပုရွေးရှု သဗ္ဗ မင်္ဂလံ)*

**ဦးအုန်းမြင့်** *(မာသ်ာတ)*



www.burmeseclassic.com

www.burmeseclassic.com



ရှေ့နေ ဦးသောင်းစိန်

# နဂါးရုံဘုရားမှသည်

ကျွန်ုပ်သည် ကြောင်ရွာသို့ ရောက်ရှိနေ၏။ အလည်အပတ်သဘော ရောက်ရှိနေခြင်းဖြစ်၏။ ကြောင်ရွာသည် ကျောက်ဆည်မြို့၏အရှေ့ မိုင်အားဖြင့် (၄၁)မိုင်အကွာတွင်ရှိ၏။ ကျေးရွာအုပ်စုရွာတစ်ရွာဖြစ်ပြီး ဒုဋ္ဌဝတီ (တစ်နည်း) ဒုတ္တဝတီ၊ (နောက်တစ်နည်း) မြစ်ငယ်မြစ်၊ (နောက်ထပ်တစ်နည်း) သီပေါမြစ်၏ တောင်ဘက်ကမ်းတွင် ရှိလေသည်။

တောင်တန်းခြေ မြေပြန့်ခပ်ကျယ်ကျယ်တွင် ကျေးရွာသည် တည်ရှိလေရာ မြစ်အတွင်း အကွေ့အကောက်ရှုခင်းနှင့် မြစ်တစ်ဖက်ကမ်း ရှုခင်းများ၊ အိမ်ရာ အဆောက်အအုံများကား ရှုချင်ဖွယ်ကောင်းလှ၏။ အထူးသဖြင့် ကြောင်ရွာ အရှေ့ပိုင်းနှင့် ခြံစည်းရိုးကပ် တည်ဆောက်ပြီး ပြီးစီးလုနီးပါးရှိနေသော ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းကြီးကား ငွားငွားစွင့်စွင့် ကြွားကြွားဝင့်ဝင့်နှင့် ရှုမငြီးဖွယ် ရှိနေပါလေသည်။

မနေ့က ထူးခြားလှ၏။ နတ်တော်လကြီးဖြစ်ပေမင့် မိုးက သဲသဲမဲမဲရွာခဲ့၏။ ရှမ်းပြည်နယ်စပ်ဖြစ်နေသော ဤ ကြောင်ရွာနယ်မြေတွင် တောင်တန်းကြီးများ ဝေ့ဝေ့ဝိုက်ဝိုက် မှိုင်းမှိုင်းညို့ညို့ ရီရီဝေဝေ တိတ်တိတ် ဆိတ်ဆိတ် ငြိမ်ငြိမ် သက်သက်ရှိနေရာ အလုပ်လုပ်စရာ ဘာမှမရှိ။ ညှို့သည်ကြီးဖြစ်နေသော ကျွန်ုပ်သည် ဟိုစဉ်းစား၊ ဒီစဉ်းစားနှင့် ဤစာဖြစ်လာရန်အကြောင်း ပေါ်ပေါက်လေတော့သည်။

အဖြစ်အပျက်ရေးရန်ကား ဤ ကြောင်ရွာနှင့် မည်သို့မှ မသက်ဆိုင်ပါချေ။ သို့သော် ဤရွာနှင့် ခပ်ဆင်ဆင်တည်ရှိသော ဟုမ္မလင်းမြို့နယ်၊ မိုင်းကိုင်းရွာကြီးဆီသို့ ကျွန်ုပ်စိတ်အစဉ်သည် အတိတ်မင်မိသည်နှင့် အရိပ်ထင်ထင် ရောက်ရှိသွားလေ၏။ မိုင်းကိုင်းရွာသည် ဂုချင်ပြည်နယ်၊ ဖားကန့်ကျောက်တွင်းနယ်မြေမှ ပြေးဆင်းလာသော ဥရုချောင်း(ခေါ်)ဥရုမြစ်ဘေးတွင်ရှိ၏။

**၁၉၇၇ ခုနှစ်ခန့်က**ဖြစ်မည် ထင်ပါသည်။ မိဘနှင့်မခြားသော ဆရာစစ်ကိုင်းတိုင်းရဲမင်းကြီး (ဤကား အများအခေါ်သာ) အနီးတွင် ကျွန်ုပ်သည် အပါးတော်မြဲ(ခေါ်) ပီအေ(ခေါ်) အတွင်းရေးအရာရှိ (ခေါ်)ကိုယ်ရေးအရာရှိဘဝနှင့် တာဝန်ထမ်းဆောင်နေရကာ ရဲမင်းကြီးနှင့်အတူ မိုင်းကိုင်းရွာ ရဲစခန်းသို့ ရောက်ရှိနေခဲ့ပါသည်။ ရဲ





www.burmeseclassic.com

www.burmeseclassic.com

စခန်း စစ်ဆေးရန်ပါတည်း။

ထားပါလေ။ ကျွန်ုပ်တင်ပြလိုသည်မှာ မြစ်ငယ်မြစ်ဘေးရှိ ကြောင်ရွှာအကြောင်း မဟုတ်သကဲ့သို့ ဥရုမြစ်ဘေးက မိုင်းကိုင်းရွာအကြောင်းလည်း မဟုတ်ပါ။ ဤစာပါ ကိုယ်တွေ့အကြောင်းအရာသာ ဖြစ်ပါသည်။ ကျေးဇူးပြု၍ ဆက်လက်ဖတ်ရှုပေးကြပါကုန်။

မိုင်းကိုင်းရဲစခန်း စစ်ဆေးအပြီး ပြန်ရန် ရဲမော်တော်ပေါ်သို့ အတက်တွင် မိုင်းကိုင်းရဲစခန်း နယ်ထိန်းကျော်မောင်မောင်ကြီး(ရဲတပ်ကြပ်)က…

'ဆရာ နောင်ပူအောင်ရွာ ဘုန်းကြီးကျောင်းမှာ ရှေးဘုရားတွေ ဝင်ဖူးပါလား။ လွန်ခဲ့တဲ့ (၇)ရက်လောက်က ကျောင်းအုတ်တံတိုင်းပျက် ပြင်တော့ ရှေးဘုရားရုပ်တုတော်တွေ ရထားတယ်'

ဟု သတင်းပေးလာ၏။ အတိုင်းမသိ ဝမ်းသာရပါသည်။ ရဲမော်တော်အပေါ်တွင် နေရာယူပြီးနောက် ထုံးစံအတိုင်းပင် ကျွန်ုပ်သည် ရဲမင်းကြီးကို သတင်းပို့၏။ ရှေးဘုရားများ၊ ပေါ်တော်မူများ ဖူးရန်တည်း။

မကြာပါလေ ဥရုချောင်း ဝဲဘက်ကမ်းဘေးရှိ နောင်ပူအောင်ရွာ ဘုန်းကြီးကျောင်းတွင် ဘုရားများ ဖူးခွင့်ကြုံရ၏။ ဘုရားဉာဏ်တော် အနိမ့်အမြင့် ကြေးပုံတော် (၂၀၀)ကျော်ခန့် ရှိလေသည်။ ရှေးရိုး ရှမ်းယဉ်ကျေးမှု လက်ရာများဟု ယူဆမိခဲ့၏။ ဘုရားပုံတော်၊ ရုပ်တုတော်များထဲတွင် နဂါးရုံဘုရားတစ်ဆူကို အမှတ်ထင်ထင် ဖူးရပါ၏။

နဂါးရုံဘုရားပုံတော်ကား လိပ်ခွေနေသော နဂါးကိုယ်ပေါ်တွင် ဘုရားကိုယ်တော်သည် တင်ပျဉ်ခွေ ဘူမိဖဿမုဒြာ အနေအထားတော်ဖြင့်



သီတင်းသုံး ထိုင်နေတော်မူကာ နဂါးမင်းက မိမိပါးပျဉ်းဖြင့် အုပ်မိုးပေးထားသည်ဖြစ်၏။ ဉာဏ်တော်ကား တစ်မိုက်ခန့်မြင့်၏။ ပုံတော်၏အခြေတွင် ရှေးအင်္ဂတေများ မညီမညာ ကပ်စွဲနေ၍ ပုံတော်ကို လှဲထားရ၏။ ထောင်ထား၍ မရပေ။

ရဲမော်တော်ကား ဟုမ္မလင်းသို့ ဆက်လက်စုန်ခဲ့၏။

'နဂါးရုံဘုရားတစ်ဆူရရင် ပင့်ချင်တယ်။ ရှေးဘုရားဖြစ်ဖို့လိုတယ်။ ဉာဏ်တော်လဲ အိမ်က ဘုရားခန်းနဲ့ လိုက်ဖက်အောင် အနည်းဆုံး တစ်ပေခွဲလောက်တော့ ရှိမှဖြစ်မယ်'

ကျွန်ုပ်အား ရဲမင်းကြီး မိန့်ကြားထားခဲ့သော စကားများကို ကျွန်ုပ်ကြားယောင်နေမိ၏။ ယခု ဖူးတွေ့ခဲ့ရသော နဂါးရုံဘုရားပုံတော်သည် ရဲမင်းကြီးလိုချင်သော အရွယ်အစား ဉာဏ်တော်နှင့် မကိုက်မညီ၍ နောင်ပူအောင်ကျောင်းတော်တွင် ကျွန်ုပ်သည် ရဲမင်းကြီးကိုပင် ယူငင်မပြုသမိခဲ့ပေ။ ဤသည်ပင် ကျွန်ုပ်အမှားပေလား စိတ်တွင် သံသယပွားနေမိခဲ့၏။ စိတ်တွင် မလုံမလဲနိုင်လေရကား ရင်ထဲတွင် တင်းကျပ်နေ၏။

သို့နှင့် ကျွန်ုပ်နှင့်အတူပါလာသည့်

ရဲတပ်ကြပ်ကြီး ဦးချစ်ငြိမ်းကို ဤ
အကြောင်းဖွင့်အန်၍ ပြောမိ၏။ ရဲမ
ကြီး စိတ်မကောင်းမဖြစ်စေရန်အတွ
ဤကိစ္စ သတင်းမပို့မိစေရန်လည
ရဲတပ်ကြပ်ကြီးကို သတိပေးထာ
၏။ ဤအချက်သည်ပင်လျှင် အလွ
ကြီးမားလှသော အမှားကြီးဖြစ်
ကြောင်း နောင်သောအခါမှ သိရ
တော့၏။

ဟုမ္မလင်းမြို့ကား ချင်းတွင်းမြစ်
တွင်ရှိ၏။ ဥရုမြစ်သည် ဟုမ္မလ
အနီး ချင်းတွင်းမြစ်ထဲသို့ ထိုးဝင်ပေါ
ဆုံစီးဆင်း၏။ ဟုမ္မလင်းသည် ဥရု
မှတစ်ဆင့် ဖားကန့်အထိသွားနိုင်သေ
အဓိက နားနေစခန်းကဲ့သို့ဖြစ်ပြီး
ကိုင်းတိုင်း ခန္တီးမြို့အထိ ချင်းတွင်း
အတိုင်း ဆန်တက်နိုင်၏။ ချင်းတွ
အတိုင်း စုန်ဆင်းပါက မော်လိုက
ဖောင်းပြင်၊ ကလေးဝ၊ ကနီ၊ မုံရွာ
များသို့ ရောက်နိုင်၏။ ဤသို့ကြော
ဟုမ္မလင်းဆိပ်ကမ်း တစ်ဝိုက်တွ
သဘော်၊ မော်တော်၊ စက်လှေ၊
အမျိုးမျိုးနှင့် စည်ကားလှ၏။ ကုန်း
မှလည်း အိန္ဒိယထိ ပေါက်ရောက်
၏။

ဟုမ္မလင်းမြို့တွင် ကျွန်ုပ်နှင့် ရဲမ
ကြီးတို့သည် ရဲအစောင့်အကြပ်အ
နှင့်တကွ ရေဆိပ်ရှိ အရပ်တည်းခို
ကြီးတစ်ခုတွင် တည်းခိုကြပါသ
ကျွန်ုပ်သည် ခရီးရောက်မဆိုက်
ရဲမင်းကြီး၏ ညွှန်ကြားချက်
ဟုမ္မလင်းရဲစခန်းသို့ ပြေးရ၏။ ရဲ
အချုပ်၊ အချုပ်ကင်းနှင့် ရဲစ
မှတ်ပုံတင်အချို့ကို သာမန် စစ်ဆေ
ပါတည်း။

ရဲစခန်းရောက်၍မှ မကြာပါ
နာရီဝက်ကျော်ကျော်ခန့် အကြာ



www.burmeseclassic.com

www.burmeseclassic.com

ရဲမင်းကြီးထံမှ ကျွန်ုပ်အား အခေါ်လွှတ်လေ၏။ ခုမဆိုင်း လိုက်လာရန် အမိန့်ဖြစ်ပါသတည်း။

တည်းခိုရိပ်သာတွင် ရဲမင်းကြီးသည် ဒေါသအိုးပေါက်ကွဲလျက် ရှိပါသည်။

'မင်း ဘာPAလဲ၊ မင်းကို ငါ ဘာမှာထားလဲ၊ နဂါးရုံဘုရား တွေ့တယ်မဟုတ်လား၊ ဘာလို့ ငါ့ကိုမပြသလဲ မင်း အဲဒါရှင်း'

ဟု ကျွန်ုပ်အပေါ် စွဲချက်များတင်တော့၏။ ကျွန်ုပ်က တတ်စွမ်းသမျှ ရှင်းလင်းတင်ပြ၏။ မိုးကြိုးပစ်ရာ ထန်းလက်ကာမိ၏။ အရာမထင်ပါချေ။ ဘယ်သူမပြု မိမိမှုသာပါတကား။

သို့သော် ကျွန်ုပ်ကား ဆိတ်ဆိတ်မနေမိပါ။ ဆက်လက်၍ မိုက်မဲ၏။ တပ်ကြပ်ကြီး ဦးချစ်ငြိမ်းအား တစ်နေရာတွင် ခေါ်၍ကြိမ်းမောင်းမိ၏။ တပ်ကြပ်ကြီးလည်း ကျွန်ုပ်မှာကြားခဲ့သည်ကို မေ့လျော့ကာ ရဲမင်းကြီးနှင့် စကားပြောရာတွင် နဂါးရုံဘုရားပုံတွေ့သည့်အကြောင်း ပြောမိကြောင်း ဝန်ခံကာ စိတ်မကောင်းစွာဖြင့် ကျွန်ုပ်အား အနူးအညွတ်တောင်းပန်၏။

ကျွန်ုပ်သည် ဟုမ္မလင်းရဲစခန်းသို့ စစ်ဆေးရန် ထိုညက ဒုတိယအကြိမ် ပြန်သွားခဲ့၏။ ရဲစခန်းကို စစ်သည်မှာ ည(၁)နာရီခန့်အထိ ကြာပြီးမှ တည်းခိုရိပ်သာသို့ ပြန်ရောက်လေသည်။ ရဲမင်းကြီးလည်း အိပ်ပေပြီ။ အစောင့်ကင်းသားကို မေးကြည့်ရာ ရဲတပ်ကြပ်ကြီး ဦးချစ်ငြိမ်း ပြင်ပသွားနေကြောင်း သိရ၏။ ကျွန်ုပ်လည်း ရင်မောစွာဖြင့် ထိုညက အိပ်ပျော်သွားခဲ့လေသည်။

နောက်နေ့မနက် (၅)နာရီခန့်တွင် ရဲတပ်ကြပ်ကြီး ဦးချစ်ငြိမ်းကနှိုး၍ ကျွန်ုပ် အိပ်ရာကထ၏။



'ဆရာ ဒီမှာကြည့်၊ ဒါ ကျွန်တော် ညကသွားယူလာတာ၊ ဘုန်းကြီးက ရဲမင်းကြီးကိုးကွယ်ဖို့ ခွင့်ပြုလို့ ပင့်လာတာ'

နောင်ပူအောင် ဘုန်းကြီးကျောင်းတွင်တွေ့ရသော နဂါးရုံဘုရား ကြေးဆင်းတုတော်ကို ကျွန်ုပ် အံ့သြစွာ ဖူးတွေ့ရပြန်၏။ ရွှံ့များ၊ ရေများ ပေကျံပြီး တစ်ညလုံးလုံး သွား,ပြန်ခဲ့သော တပ်ကြပ်ကြီးကို ကျွန်ုပ်သည် အလွန်သနားမိ၏။ ရန်များလှသော ဤဥရုချောင်းခရီးကို လှေတစ်စင်းဖြင့် အရပ်သားအယောင်ဆောင်ကာ တစ်ဦးတည်း သွားခဲ့ရသော ဤတပ်ကြပ်ကြီး၏ စွန့်စားမှုကို စိတ်မှတ်တမ်း၌ တင်ထားခဲ့လေသည်။

ရဲမင်းကြီးကား အိပ်ရာမှ မနိုးသေး၍ ကျွန်ုပ်သည် စားပွဲငယ်တစ်လုံးကို ဧည့်ခန်းအလယ်တွင် ချစေကာ နဂါးရုံဘုရားကို တည့်မတ်စေရန် ကျောက်ခဲ အခုအခံများဖြင့် စီမံ၍ သပ္ပာယ်စွာထားပြီး ရဲမင်းကြီး၏ အိပ်ရာအထ နံနက်စာစားသုံးချိန်ကို စောင့်စားနေခဲ့မိ၏။

'ဘုရား ဘယ်လိုကြွလာတာလဲ'

ဟု ရဲမင်းကြီးက ကျွန်ုပ်အား မေးလေသည်။ ကျွန်ုပ်လည်း မိမိအမှားများကို ဝန်ချပြောကြားပြီး ရဲတပ်ကြပ်ကြီး၏ စွန့်စားမှုများကို ဟိမဝန္တာချီးမွမ်းခန်းဖွဲ့၍ တင်ပြရလေသည်။

'အေးကွာ ငါတော့မကြိုက်ဘူး။ ဘုရားစင်နဲ့ဆိုရင် ပုံတော်က သေးနေတယ်။ အဲဒါ မင်းကိုးကွယ်တော့၊ ယူတော့'

ဟု ရဲမင်းကြီးက မိန့်လေ၏။ ဤမှာမှပင် ကျွန်ုပ်၏ရင်ဝယ် ငြိမ်းချမ်းမှု ပြန်ရလာရပြန်၏။ သို့သော်... သို့သော်...။

ဤ... သို့သော်၏ရှေ့ဝယ် တင်ပြရန်များသည် ကျွန်ုပ်၏ ကိုယ်တွေ့ဖြစ်ရပ်များ ဖြစ်သော်လည်း စာရှုသူအား ဆုပ်ကိုင်မပြနိုင်သော အခြေအနေများကြောင့် မချင့်မရဲဖြစ်ရပါသည်။ မယုံမရှိပါနှင့်ဟုသာ ကျွန်ုပ် ပြောလိုပါသည်။ အချို့ပုဂ္ဂိုလ်များ ယခု သက်ရှိ ရှိနေသေးပါ၍ အမှန်တရားဖြစ်သည်ကိုမူ ကျွန်ုပ် ရဲရဲပြောပါမည်။ ဂမ္ဘီရအရာများကား ဆန်းပြားပါဘိတောင်း။

ဟုမ္မလင်းမြို့တွင် ကျွန်ုပ်တို့သည် (၄)ညအိပ်၊ (၅)ရက်နေခဲ့ကြ၏။ နောက်ဆုံးရက်တွင် အလုပ်များပြီးပြေပြီး အချိန်အား ရနေ၍ ကျွန်ုပ်သည် ဟုမ္မလင်းရဲစခန်းရှိ နယ်ထိန်းတပ်ကြပ် မောင်မြင့်မြတ်ကိုခေါ်ကာ မြို့တွင်းသို့ လျှောက်လည်၏။

'မြင့်မြတ် မင်းတို့မြို့မှာ ဘာများ အထူးအဆန်းရှိသလဲ'

ဟု မေးရာ...

'ဆရာ ယုံ,မယုံတော့မသိဘူး။ နောက်ဖြစ်ရှေ့ဖြစ် အတော်အဆန်း


www.burmeseclassic.com

www.burmeseclassic.com



ဟောပြောနိုင်တဲ့ ဆရာမတစ်ယောက် တော့ရှိတယ် သွားမလား'

ဟု သူက ပြန်ပြော၏။

သို့နှင့် ကျွန်ုပ်နှင့်မောင်မြင့်မြတ် သည် ထိုဆရာမအိမ်သို့ ရောက်သွား၏။ ဆရာမသည် အသက်(၂၅)နှစ်ခန့် အသားအရေ ဝင်းဝါစိုပြည်ကာ ကိုယ်လုံးကိုယ်ထည် တင်းတင်းရင်းရင်းနှင့် အချိုးအဆက် အလွန်ကျနပြီး ရှမ်းတိုင်းရင်းသူတစ်ဦးဖြစ်နေ၍ ကျွန်တော် ထင်ထားခဲ့သော ခပ်အိုအိုအရွယ် ဆရာမကြီးနှင့် အလွန်ကွာခြားနေရာ ကျွန်ုပ်ပင်လျှင် အံ့ဩသွားမိ၏။ သူ၏ ပညာအပေါ်တွင်လည်း ဟောမှဟော နိုင်ပါ့မလား၊ ဟုတ်မှဟုတ်ပါလေစဟု သံသယလည်း ဝင်မိ၏။

'ဆရာ ရှင့်မှာ ရှင့်ထက် ရာထူးကြီးတဲ့ ဝဝဆရာကြီးတစ်ယောက်နဲ့ အတူလာတယ်။ ရေစပ်တစ်နေရာမှာ အဲဒီ ဝဝကြီးချော်လဲလို့ ဆရာက ဆွဲထူရတယ်။ ပြီးတော့ ဆရာ့မှာ ကြေးဘုရားတစ်ဆူရထားတယ်။ နဂါးရုပ်ပါတယ်။ အဲဒီဘုရားက ရှင့်ကိုရော၊ ရှင့်ဆရာ ဝဝကြီးကိုရော အကျိုးပေးမယ်မဟုတ်ဘူး။ ဘုရားက ဘာမှဆိုးကျိုးမပေးပေမယ့် ဆေးဘုရားဖြစ်တယ်။ ဂမ္ဘီရ အတတ်နဲ့စီစဉ်ထားတာဖြစ်တယ်။ ဖြစ်နိုင်ရင် အဲဒီပုံတော်ကို မူလနေရာ ပြန်ပို့လိုက်ပါ။ ဒါမှမဟုတ် ဆေးကုစားတဲ့ ဆရာတစ်ဦးဦးကို ပေးလှူလိုက်ပါ'

ဟု ဆရာမက ရှည်ရှည်ဝေးဝေး ပြော၏။ မိုင်းကိုင်းမှာ ရဲမင်းကြီး ချော်လဲခဲ့သည်ကို သူ ဘယ်လိုသိပါ့လိမ့်၊ ရှေ့ဖြစ်မှာတွေ သူပြောလိုက်တိုင်း မလုပ်ရင် တကယ်ဖြစ်မှာလားဟု ကျွန်ုပ်သည် တစ်တွေးတည်း တွေးနေခဲ့မိ၏။ 'ငါတော့ ဒုက္ခပဲ'ဟုလည်း စိတ်ဝယ် ညည်းတွားနေခဲ့မိ၏။ ဒီထက် ရဲမင်းကြီးကို ဒုက္ခရောက်မည်ဟု ဟောပြောထား၍ ကြီးစွာစိတ်မကောင်းဖြစ်မိ၏။ တကယ်ဖြစ်လေသော် ကျွန်ုပ်သည် တရားခံပါလား။

ကျွန်ုပ်၏ ဟူမွလင်း၊ မုံရွာ၊ စစ်ကိုင်း ခရီးစဉ်တွင် ကျွန်ုပ်၏စိတ်သည် မကြည်မလင်ဖြစ်လွန်းလှ၏။ အလုပ်,လုပ်ရာတွင်လည်း ချီတုံချတုံနိုင်လှ၏။ ရဲမင်းကြီး၏ အဆူအပြောလည်း မကြာမကြာခံရ၏။ ချောက်ချောက်ချားချားလည်း ရှိလှ၏။ ဤခရီး ခံစားမှုမျိုးလုံးဝမကြုံဖူးပေ။ ချင်းတွင်း၏ အကျော်အမော် အလှအပများသည် ကျွန်ုပ်၏ စိတ်ဘဝင်နှလုံးကို မည်သို့မှ ယူကျုံးဆွဲငင်မှု မပြုနိုင်ပါချေ။

'ဟော့ကောင် ငါ့ဘုရားကို နှောင့်ယှက်အောင် ကျောင်းအရောက် အမြန်ပြန်ပို့ မပို့ရင် မင်းကို ငါ ပေါက်သတ်မယ် မင်း သေဖို့ပြင်ထား'

ဟု ဟူမွလင်းမြို့တွင် ညအိပ်စဉ်က ကျွန်ုပ်၏ အိပ်ရာဘေး၌ နဂါးလူလင် တစ်ဦး လာပြောနေသည်ဟု အိပ်မက်မက်၏။ တကယ်လာပြောနေသည် ထင်၍ မျက်စိများ ပွတ်၍ကြည့်မိသည် အထိ ခံစားမိခဲ့ရ၏။ ချွေးများလည်း ပြန်ရလေသည်။

မော်လိုက်မြို့ ညအိပ်မက်တွင်မူ ကျွန်ုပ်သည် လှေတစ်စီးကို တစ်ဦးတည်း ကိုယ်တိုင်လှော်၍ မြစ်ကို ဖြတ်ကူးစဉ် ရေထဲ၌ နဂါးကြီးတစ် ကောင်က နောက်ကလိုက်၏။ ကျွန်ုပ် က အတင်းလှော်ပြေး၏။ ကြောက်စိတ် လည်း သည်း၍ အလွန်မောပန်းလှ၏ နဂါးကြီးသည် ကျွန်ုပ်၏လှေ အတင်းရစ်ပတ်၏။ လှေမှောက်သွား ကျွန်ုပ်လည်း ရေဝယ်ကျ၏။ ရေ ပြေးရ၏။ ပြီးသော် ဘယ်လိုကဘယ် အချုပ်ထဲ ရောက်သွားသည်က ကျွန်ုပ်ဖြစ်နေရ၏။ အံ့ဩစရာပင်။

ချင်းတွင်းခရီးတွင် နဂါးရုံဘုရား ကြေးဆင်းတုတော်ကို ဖူးချင့်စွ သပ္ပာယ်စေရန် မန်ကျည်းမှည့်နှစ် ဆေး၏။ ဆင်းတုတော်လည်း အဆင်း ဝင်းဝါ၍လာ၏။ သို့ရာတွ ဆင်းတုတော်အောက်ခြေတွင် အင်္ဂတေများက ကျစ်လျစ်မာခဲ မည်သို့မှ ထုခွဲမရ၍ အခက်ကြုံရ မြန်မာ့အင်္ဂတေပညာအပေါ် တ တဩဖြစ်မိ၏။

သို့နှင့် ရဲမော်တော် ကြမ်းပျဉ် အင်္ဂတေကို ဓားသွေးကဲ့သို့ ပွတ်တိုက် ၏။ နှစ်ရက်ပင်ကြာမှ ဘုရားကို တော်ကို တည့်တည့်မတ်မတ်ထား ၏။ ဝင်းဝါစိုပြည်သော ကြေးဆင် တော်လည်း ဖူးမဝအောင် ကြည် ဖွယ် ရှိတော်မူလှ၏။ ကျွန်ုပ်၏ ရင်တွ စိုးရိမ်နေမှုများမှ ပျောက်ပျက်မသွား ပေ။

'ဟော့ကောင် မင်းက ဘုရားကိုပြုပြင် ဒါတော့ ငါကြိုက်တယ်။ မင်းရဲ့ အသ ချမ်းသာပေးမယ်။ ဒါပေမယ့် ကို



www.burmeseclassic.com

www.burmeseclassic.com

ခွင့်မလွှတ်နိုင်ဘူး။ ဘုရားပြန်မပို့ရင် မင်းကို ငါ ဒုက္ခရောက်အောင် လုပ်ရမှာပဲ၊ ဒါတော့ မင်းသတိထားပါ။ ဒီထက် ရှင်းလင်းအောင် နိမိတ်တစ်ခု ငါပြမယ်။ မင်း စောင့်ကြည့်နေ' ဟု ကလေးဝမြို့၌ ညအိပ်စဉ် နဂါးလုလင်သည် ကျွန်ုပ်ကို အိပ်မက် ပေးပြန်၏။ ယခင်က ဤသို့သော အိပ်မက်များကို မမက်ဖူးရကား ကျွန်ုပ် သည် အံ့သြပြီးအံ့သြနေခဲ့၏။ ကြောက် ရွံ့မှုများရှိနေကာ ကျွန်ုပ်အား တစ်ဦးဦး က စောင့်ကြည့်နေသကဲ့သို့ ခံစားနေခဲ့ ရ၏။ ဤသို့ခံစားရလေအောင် အဘယ် မည်သော ဆရာသည် ဤရုပ်ပုံတော် ကို ထုလုပ်စီမံခဲ့ပါသနည်း။ မည်သူ သည် အစီအမံများဖြင့် ဖွဲ့စည်းထားခဲ့ ပါသနည်း။

ကျွန်ုပ်သည် ဤပုံတော်ကို ပြန်၍ ပို့လိုပါ၏။ ခရီးစဉ်အကြီးအကဲမှာ ရဲမင်း ကြီးဖြစ်နေ၍ ကျွန်ုပ် ဘာများတတ်စွမ်း နိုင်ပါမည်နည်း။ နောင်သောအခါမှ ပို့ပါမည်ဟုသာ စိတ်ဝယ်မှတ်ထား၏။

ရဲမော်တော်ကား ကျွန်ုပ်တို့၏ ခရီး ဖော်ရေယာဉ်ဖြစ်၍ သူ့တာဝန်ကိုပင် ကျေပွန်စွာ ထမ်းဆောင်လာခဲ့၏။ ရှေ့ (၅)မိုင်ကျော်တွင် မင်းကင်းမြို့က ကြို နေပါသည်။

'ဟေ့ ဟိုမှာကြည့်စမ်း ဘာလဲကွ' ဟု ရဲမင်းကြီးက ကျွန်ုပ်အား မေး၏။ ကျွန်ုပ်သည် အသင့်ဖြစ်နေသော မှန်ပြောင်းဖြင့် ရဲမင်းကြီး လက်ညိုးညွှန် သော အရာဆီသို့ ကြည့်ရ၏။ မော် တော်ရှေ့တူရူ ကိုက်(၄၀၀)ခန့်အကွာ ချင်းတွင်းမြစ်လယ်တွင် လှေ(၃)စင်း က အတင်းလှော်၍လိုက်၏။ ရှေ့မှာ ချေ(၁)ကောင် ရေကူးပြေးနေ၏။

ချေသည် ဟိုမှာဘက်မှ ဒီမှာဘက် သို့ မြစ်ဖြတ်အကူးတွင် လှေများက



လိုက်ဖမ်းနေရာ တောလိုက်သည် မဟုတ် ရေလိုက်သည်ဟု ဆိုရမည်သို့ ရှိ၏။ ချေကို လှေများမီကာ ခုတ်ထစ် သတ်ဖြတ်၍ လှေတစ်စင်းအပေါ် တင် ပြီး ယူသွားကြလေသည်။

ဤအဖြစ်အပျက် မြင်ကွင်းသည် ကြည့်၍ကောင်းသော်လည်း အနိဋ္ဌာရုံ မြင်ကွင်းဟု ကျွန်ုပ်မှတ်ယူမိ၏။ အိပ်မက်ထဲက နိမိတ်ဆိုတာများလား ဟု စိုးထိတ်စွာ ခံစားမိ၏။ ဤနိမိတ်ကို လည်း မည်သို့ရှိသည် အဓိပ္ပာယ် မကောက်ယူတတ်ပါလေ။

'ဟေ့ကောင် ချေ(ဂျီ) ရေကူးလို့သေတာ ဘာဆန်းမှတ်လို့ ဒါ ငါပြတဲ့ နိမိတ်မဟုတ် ဘူး။ ငါ မင်းကို မနက်လင်းရင် ကြောက်စရာ တစ်ကောင်ပြမယ်။ မင်း ယုံပါ။ ဒါမှမယုံရင် မင်းကို ငါ ဒုက္ခပေးမှာပဲ၊ ဘုရားသာ ပြန်ပို့ မပို့ရင် မင်းထိုက်နဲ့မင်း ခံပေတော့'

ကနီမြို့တွင် နဂါးလုလင်ပြောပြ အိပ်မက်ပေး၏။ ကျွန်ုပ်ကား ဟိုယခင် က ဤသို့ ဂမ္ဘီရဆန်သော အိပ်မက် မျိုးများကို အယုံအကြည်နည်းခဲ့သော်လည်း ယခုကဲ့သို့ ညစဉ်ညဆက် မက်နေခဲ့သော အိပ်မက်များကြောင့် မရဲတရဲ ယုံကြည်ရာမှ စိုးရွံ့ထိတ်လန့် မှုများကား သည်း၍သည်း၍ လာခဲ့ ရပေပြီ။ ယခုလည်း နဂါးလုလင်က အိပ်မက်ပေးပြန်ပြီ။

ဘာတွေ ဘာတွေ ကြုံဆုံဦးမှာလဲ ဟု စိတ်ဝယ် လေးလံကာ တော်တော် နှင့် ပြန်၍အိပ်မပျော်နိုင်ပါချေ။ ရဲမော် တော်ဘုတ်၏ ရှေ့ဦးပိုင်း အောက်ခြေ အိပ်ခန်းတွင် အိပ်စင်(၂)ခုရှိရာ ကျွန်ုပ် ၏ ယာဘက်တွင် ရဲမင်းကြီးသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်နေ၏။ ကျွန်ုပ် ကား အိပ်မပျော်နိုင်ရာ သမ္ဗုဒ္ဓေဂါထာ တော်ကြီးမှအစ ပရိတ်တော်များကို တိုးတိုးညင်သာ ရွတ်ဖတ်နေမိခဲ့ပါ၏။ နဂါးလုလင်ကိုလည်း မေတ္တာပို့ပါ၏။

အိပ်ရာပေါ်တွင် ကျွန်ုပ်သည် ဝဲမှ ယာ၊ ယာမှဝဲသို့ စောင်းငဲ့၍ အမျိုးမျိုး အိပ်ကြည့်၏။ တော်တော်နှင့် အိပ် မပျော်ပါ။ နံနက်(၃)နာရီခန့်မှ တစ်ဖန် ပြန်၍အိပ်ပျော်ပြီး နံနက်(၅)နာရီကျော် မိုးလင်းမှနိုးလေ၏။ မျက်လုံးများဖွင့် မရမီ သတိပြုမိသည်မှာ ကျွန်ုပ်၏ နှာဝ၌ ညှီစို့စို့အနံ့ဆိုးတစ်မျိုးက တိုးဝင် လျက်ရှိ၏။ ဘာပါလိမ့်ဟု တွေး၏။ မော်တော်နောက်ဘက်က ရဲဘော်များ နံနက်စာချက်ရာက ထွက်လာသော အနံ့များဟု ထင်မှတ်ထားခဲ့၏။

ကျွန်ုပ်မျက်စိများ ဖွင့်ကြည့်သော် ရဲမင်းကြီးသည် သူ့အိပ်ရာပေါ်တွင် ပက်လက်အနေအထားဖြင့် စာအုပ် တစ်အုပ်ကို ဖတ်နေ၏။ ဟိုမှဒီ၊ ဒီမှ ဟိုသို့ မျက်စိများကို ဖွင့်လှစ်ကြည့်သော အခါ အလွန်ကြောက်ရွံ့စရာကောင်း သော မြွေကြီးတစ်ကောင်သည် ရဲမင်း ကြီး၏ အိပ်စင်အောက်တွင် ခွေနေ



www.burmeseclassic.com

www.burmeseclassic.com

သည်ကို တွေ့ရ၏။

ကိုယ်လုံး သုံးထွာဆိုင်ခန့်ကြီးသော စပါးအုံးဖြစ်၏။ မြွေကြီးသည် မိမိခေါင်းကို အခွေပေါ်တင်ကာ ကျွန်ုပ်အား စောင့်ကြည့်နေ၏။ လျှာ တစ်လစ်တစ်လစ်ပြုပြီး ဒေါသပြွမ်းသော မျက်လုံးအစုံဖြင့် ကျွန်ုပ်အား ကြည့်နေသည်ဖြစ်ရာ ကျွန်ုပ်သည် အလွန်သွက်လက်သော ခြေလှမ်းဖြင့် အထက်တစ်ဆင့်အမြင့်ရှိ မော်တော်မောင်းသူနေရာသို့ တက်သွားမိ၏။

'မင်းကြီး၊ မင်းကြီး သတိထားပါ။ အိပ်စင်အောက်မှာ မြွေကြီး ရောက်နေတယ်။ အမြန်တက်ခဲ့ပါ မင်းကြီး'

ဟု ကျွန်ုပ်က အလောသုံးဆယ် အော်ပြောခေါ်လေရာ မင်းကြီးလည်း ပြူးပြူးပျာပျာနှင့် ကျွန်ုပ်၏အနီးသို့ ပြေးတက်လာခဲ့၏။

'ဟ နည်းတဲ့အကောင်ကြီးပါလား၊ ရဲဘော်တွေ ခေါ်စမ်း'

ဟု မိန့်၏။ ရဲတပ်ကြပ် မောင်ထူးနှင့် ရဲသားသိန်းငွေတို့ ရောက်လာကြ၏။

'ဖယ် ဖယ် ဆရာ၊ ကျွန်တော် ကာဘိုင်နဲ့ပစ်သတ်မယ်'

ဟု မောင်ထူးကပြော၏။ ကာဘိုင်ကိုလည်း ကျည်ထိုး၏။ ကျွန်ုပ်က မောင်ထူး၏ကာဘိုင်ကို အမိုးသို့ ထောင်လိုက်ရ၏။

'မပစ်နဲ့ မပစ်နဲ့ မောင်းလိုက်ချင် သူထွက်ပြေးသွားမှာပဲ၊ မော်တော်လဲ မင်းပစ်ရင် ပေါက်သွားမယ်'

ဟု အမြန်ပင် တားမြစ်လိုက်ရ၏။ ထိုစဉ်က မြွေကြီးကို မသေစေလိုသော စိတ်ဆန္ဒများ ကျွန်ုပ်တွင် ရှိနေခဲ့ပါ၏။ စိုးရိမ်မှုများပြားနေသည်က တစ်ကဏ္ဍ၊ နဂါးလုလင်များလားဟု အတွေးက



တစ်မျိုး ဖြစ်နေခဲ့ပါ၏။

မြွေကြီးသည် ကျွန်ုပ်နှင့် ရဲတပ်ဖွဲ့ဝင်များက ထိုးဝါးများဖြင့် ထိုးထုတ်သောအခါ အသာပင် အိပ်ခန်းမှ အပေါ်သို့ ပြန်တက်လာပြီး မော်တော်ဘေးပေါက်မှတစ်ဆင့် ချင်းတွင်းမြစ်ထဲသို့ ထိုးဆင်းသွားရာ 'ဝုန်း ဝုန်း' ဟူသော အသံသည် မော်တော်သံ၊ လူသံများကိုပင် လွှမ်းမိုးသွားခဲ့လေ၏။

ကျွန်ုပ်တို့သည် မုံရွာမြို့သို့ရောက်ပြီး စစ်ကိုင်းမြို့သို့ ရဲကားများဖြင့် ပြန်လည်ရောက်ရှိပါသည်။

ကျွန်ုပ်၏အိမ်တွင် ဇနီးသည် တတိယသမီးကို မွေးဖွားပေးခဲ့ရာ (၃) ရက်ရှိပြီဟု ခရီးရောက်မဆိုက် ကျွန်ုပ်သိရ၏။ သမီးရော မိခင်ပါ ကျန်းမာကြသည်ကို တွေ့မြင်ရ၍ ဝမ်းသာရ၏။ ကျွန်ုပ်၏ နဂါးရုံဘုရား ကြေးဆင်းတုတော်ကို အိမ်ဘုရားစင်တွင်တင်ကာ ကျွန်ုပ်သည် ဘုရားဝတ်ပြု၊ ငါးပါးသီလ ခံယူလျက် နဂါးလုလင်နှင့်တကွ သဗ္ဗသတ္တာဝေနေယျများကို မေတ္တာပို့ပါ၏။

တစ်နေ့ ကျွန်ုပ်သည် ရုံးမှပြန်ရောက်လာရာ ထမင်းစားခန်းတွင် ဇနီး ထမင်းစားနေသည်ကို တွေ့ရ၏။ အိမ်ပေါ်သို့ ကျွန်ုပ် တက်ရောက်လာရာ မြွေဆိုး

တစ်ကောင်သည် မွေးစသမီးငယ်၏ ခေါင်းရင်းတွင် ပါးပျဉ်းထောင်လျက် ပါးပျဉ်းကို ဟိုယိမ်းဒီယိမ်း ပြုနေသည်ကို တွေ့ရ၏။ ကျွန်ုပ် အထူးပင် တု... လှုပ်ကြောက်ရွံ့ပြီး မှင်တက်မိနေခဲ့... သည်။ သမီးအတွက် အလွန်ပင် စိုး... သွားမိ၏။ ခဏအကြာတွင် မြွေ... သည် အိမ်နောက်ရှိ မန်ကျည်းပင်ကြီ... ဆီသို့ ထွက်ခွာသွားလေသည်။ ကျွ... လည်း သူ့အား မေတ္တာပို့ရုံမှအ... ဘာကိုမှ မလုပ်လိုက်ပါချေ။

ဟုမ္မလင်းခရီးစဉ်မှ ပြန်ရောက်သည်... မှာ (၇)ရက်ပင်မပြည့်မီ ဤသို့ မြွေ... ၏မြင်ကွင်းကို မြင်ရလေရာ ကျွ... ယူဆောင်ခဲ့သော နဂါးရုံဘုရားအ... စိတ်မကွက်စကောင်းသော်လည်း ဆ... လက်ထားရှိ ကိုးကွယ်ရန်ကိုမူ စိ... မသိုးမသန့်ရှိလှပါ၏။ နောင်ပူအော... သို့သွားရန်မှာလည်း ခရီးစဉ်မရှိ... ပေ။

နောက်တစ်နေ့တွင် ရဲမင်းကြီးသည်... ရဲချုပ်ရုံးသို့ အစည်းအဝေးတက်ရော... ရန် သွား၏။ ကျွန်ုပ်လည်း န... ဘုရားကို မိမိအိမ်၌ ဆက်လက်ထာ... ကိုးကွယ်ရန် မဝံ့ရာ တစ်ကြော... ကျွန်ုပ်မရှိခိုက် တစ်စုံတစ်ရာ ဆိုး... များ ပေါ်ပေါက်နေမည်ကို စိုးရိမ်သည်... က တစ်ကြောင်းကြောင့် ဘုရား... ပင့်ယူပြီး ရန်ကုန်သို့ ရဲမင်းကြီးနှင့်အ... လိုက်သွားလေ၏။

ရန်ကုန်မြို့တွင် ကီလီလမ်း၌ ... သံဃဟော'ဟူ၍ရှိ၏။ ပိုင်ရှင်ကား ... နှင့် ဗဟိုပြည်သူ့ဝန်ထမ်းကျော... (ဖောင်ကြီးတွင်) ၁၉၆၆ ခုနှစ်... အရာရှိငယ်သင်တန်း အမှတ်... အတူတက်ခဲ့ကြသည့် ရဲစခ... ဟောင်း ဦးခင်မောင်... ဖြစ်လေသ...



www.burmeseclassic.com

www.burmeseclassic.com

ဦးခင်မောင်စိုးနှင့်တွေ့၍ နဂါးရုံဘုရား ကိုပြသပြီး အထက်ပါသမိုင်းကြောင်း ကို ရှည်ရှည်ဝေးဝေးပြောဖြစ်ရာ ဦးခင် မောင်စိုးက...

'ဟာ သူငယ်ချင်း ဒီလိုလုပ်ကွာ၊ မင်းစိတ်မှာ ဒီဘုရား ဆက်ပြီးကိုးကွယ်ဖို့ မငုံဘူးမဟုတ် လား။ ငါ့မှာ ဆေးဆရာလဲဖြစ်၊ ဗိုလ်ကြီး ဟောင်းလဲဖြစ်တဲ့ သူငယ်ချင်းတစ်ယောက် ရှိတယ်။ သူက ရော်ဘာစက်ရုံမှူးလဲ ဖြစ်တယ်။ သူ့ဆီ ငါ ဒီဘုရားယင့်သွားမယ်။ သူ ကိုးကွယ် ချင်ရင် ပေးလိုက်မယ် ဘယ့်နှယ်လဲ'

ဟု အဆိုပြုပြောဧ်။

ကျွန်ုပ်ကလည်း သူငယ်ချင်း ဦးခင် မောင်စိုး အကြံပေးသည့်အတိုင်း သဘောတူကာ နဂါးရုံဘုရားကို ဦးခင် မောင်စိုး၏ လက်သို့ အပ်လိုက်ပါတော့ သည်။

ကျွန်ုပ်သည်ကား ယခုအခါတွင် ဒုက္ခမျိုးစုံ ကြုံဆုံခဲ့ရပြီးနောက် အရပ် သားဘဝသို့ ရောက်ရှိခဲ့ရပါသည်။ စာရှည်မည်စိုးပါ၍ အသေးစိတ် မတင် ပြလိုတော့ပါ။ ဦးခင်မောင်စိုးနှင့်လည်း ထိုသို့တွေ့ဆုံသည်မှ ယနေ့တိုင် မတွေ့ ဆုံမိတော့ပါ။ နဂါးရုံဘုရားမှသည် ဦးခင်မောင်စိုး မည်သို့သော ကံစွမ်းများ ကြုံဆုံရသည်၊ သူ၏ ဗိုလ်ကြီးဟောင်း၊ ဆေးဆရာ၊ ရော်ဘာစက်ရုံမှူးကြီး လည်း မည်သို့သော ကံစွမ်းများ ကြုံဆုံရ သည် မသိရပါ။

မိမိ၏ စားဝတ်နေရေး၊ ဘဝရေး အတွက် ခက်ခက်ခဲခဲ ရုန်းကန်နေရဆဲ ဖြစ်သူမှာ ကျွန်ုပ်ပင်ဖြစ်ပြီး အသက် အသွယ်များအားလုံး ပြတ်တောက် လျက် ရှိရပါသည်။

နဂါးရုံဘုရားမှသည် နောင်အဖြစ် အပျက် အဆိုးအကောင်းများ သိလိုပါ လျှင် ရန်ကုန်မြို့ ကီလီလမ်းရှိ 'စိုး သံဂဟေ' ဆိုင်းဘုတ်ကလေးကို ရှာဖွေ ပြီး ရဲစခန်းမှူးဟောင်း ဦးခင်မောင်စိုးထံ စုံစမ်းမေးမြန်းကြပါကုန်...။

***ကျန်းမာ ချမ်းသာကြပါစေ။***

**ရွှေနေ ဦးသောင်းစိန်**

စာမျက်နှာ (၂၅၄)မှ အဆက်

အကွက်ကြီးဖြစ်ပြီး ဖျက်မရဘူးလို့ ပြောကြတယ်။ အိုင်ထဲမှာတော့ ရွှေ ငွေဖြစ်စေ တဲ့ **လက်ယာကန့်**ရှိတယ်။ အဲဒီရေနဲ့ ငွေစင်ကို စိမ်ပြီး မီးကင်ရင် ရွှေဖြစ်တယ်လို့ ငါ့အပါးကြီးက ပြောခဲ့ဖူးတယ်။ ငါ့လက်တွေ့တော့ မဟုတ်ဘူးနော။

အဲဒီအိုင်ကြီးထဲမှာ စောစောက ဖထီးပြောတဲ့ ပြဒါးရှင်လုံးရှိတယ်။ အဲဒီပြဒါးရှင်လုံး က မကြာမကြာ ရေပုပ်လာစိမ်တယ်ဆိုပ။ ဒီတောင်ကြီးမှာ ပြဒါးရှင်လုံး ရေပုပ်အိုင် လာ ရေပုပ်စိမ်တဲ့အခါမျိုး၊ ကောင်းကင်ကို ပြန်တက်တဲ့အခါမျိုးတွေမှာ အလင်းတန်း ကြီးတွေဖြစ်ပြီး တစ်တောင်လုံး ဝင်းထိန်သွားတယ်။ ဖိုးခွားလေးတို့ မြင်တယ်ဆိုတဲ့ အလင်းတန်းကြီးဟာ ဖထီးပြောတဲ့ ပြဒါးရှင်လုံးရဲ့အရောင် ဖြစ်နိုင်ထင်ပ။

အဲဒီအလင်းရောင်ကြီးကို ဖထီးတို့တွေလဲ တစ်ခါတစ်ခါ မြင်တယ်။ ထင်းခုတ်၊ ဝါး ခုတ်၊ တောလည် အမဲလိုက်သူတွေလဲ မြင်တယ်။ ရေပုပ်အိုင်ကို ဖိုးခွားတို့ ဗဟုသုတ အဖြစ် ကြည့်ချင်တယ်ဆိုရင် ငါ့ဖိုးခွား စောဖိုးသာ လိုက်ပြလိမ့်မယ်၊ ကြည့်သွား ကြပေါ့။ အလင်းတန်းကြီးကတော့ ရေပုပ်အိုင်ကြီးဆီက ထိုးထိုးထွက်လာတာ အမှန်ပဲ'

ဖထီးကြီးက ကျွန်တော်တို့ သိလိုသမျှကို စိတ်ရှည်လက်ရှည်ဖြင့် ရှင်းပြပါသည်။

ကျွန်တော်နှင့် ဆရာရဲဇော်လည်း ဖထီးကြီးပြောသမျှ အသံဖမ်းယူခဲ့ကြပြီး ဖထီးကြီးအား ကျေးဇူးတင်စကားဆို၍ ကျွန်တော်တို့ကို စောင့်နေမည် ဖြစ်သည့် တောင်ညိုတောင် လေ့လာရေး စာရေးဆရာအဖွဲ့ရှိရာ ကျောက်သဇ်ဘာ ခြေတိုင် ထိပ်မှ ''အောင်မာတ်ပွင့်'' စေတီ လေးရှိရာသို့ ဖထီးကြီးကို နှုတ်ဆက်၍ ပြန်ခဲ့ကြ ပါလေတော့၏။

**[ကိုယ်တွေ့ဇာတ်လမ်းလေးများကို ပြောပြပေးသည့် စာရေးဆရာ ရဲဇော် အား ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။]**

**အေးရွှေ (*ဒီးကုန်း*)**

စာ
မူ
ပို့
လို
က...

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၃၃၊ (၂၉)လမ်း၊
ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့၊
ဖုန်း-၀၁ ၂၄၂၂၀၄



www.burmeseclassic.com

www.burmeseclassic.com

# သိဒ္ဓိမြောက်တဲ့ဆေး



သိသူများမှ ဖော်ပြပေးစေချင်

တစ်ဦးနဲ့တစ်ဦး ချစ်ခင်စေပါတယ်။ ၅၂၈ ရော၊ ၁၅၀၀ ပါ ပြောလို့ရပါတယ်။

နောက်ပြီး ဒီဆေးကို ဆောင်ထားရုံနဲ့ လာဘ်လာဘ ရွှင်စေတယ်ဗျ။ ဥစ္စာ၊ ရွှေ၊ ငွေ ဒီရေအလား တိုးတက်စေပါတယ်။ နေသိဒ္ဓိမြောက်တယ်လို့ ပြောရမလားပဲ။

ဆေးကတော့ **လိမ်းဆေး**ပါ။ ရေနဲ့ကျောက်ပျဉ်ထက်မှာသွေးပြီး လက်ညှိုးဒါမှမဟုတ် လက်ခလယ်နဲ့တို့ပြီး၊ မိမိရဲ့ (ကာယကံရှင်ရဲ့) နဖူးဆံစမှာ သုတ်လိမ်းပြီး၊ ပြောဆိုစရာ၊ လုပ်ကိုင်စရာတွေကို ယုံယုံကြည်ကြည်နဲ့ ဆောင်ရွက်ရုံပါပဲ။

**ယခု ဒီဆေးတောင် စာရေးတဲ့သူထံရောက်လာတာ အနှစ် (၄၀)ခန့် ရှိပါပြီ။ စာရေးသူရဲ့ ဖခင်က ယူလာတာပါ။ ဆေးသက် (၄၀)နှစ် ရှိပြီပေါ့ဗျာ။ ဆေးရဲ့အရောင်က ရေညှိရောင်ပါ။ ဆေးရဲ့အနံ့ကတော့ မွှေးပါတယ်။ သင်းမွှေးပါ ရှူရှူရှရှကြီး မဟုတ်ပါဘူး။**

ဆေးကိုတော့ အရေးကြီးတဲ့အခါမှ ထုတ်သုံးတာပါ။ မိသားစုသုံးတဲ့ မိသားစုဆေးပါပဲ။ စာရေးသူထံ ဆေးရှိမှန်းသိလို့ လာတောင်းတဲ့အခါ အရင်ကလို ကျောက်ပျဉ်မှာသွေးပြီး မပေးနိုင်တော့ပါဘူး။ ရှိတဲ့ဆေးကို ပိတ်ဖြူပတ်ထားပါတယ်။

ပိတ်ဖြူကို ဆေးအာနိသင် ကူးစေပါတယ်၊ ဆေးဓာတ်ဆေးငွေ့ ပိတ်ဖြူစကို စွန်းထင်း ကူးစက်စေတဲ့ သဘောပေါ့။

လာပြီးတောင်းရင် ပိတ်ဖြူလေးကို လက်မလောက် ဖြတ်ပေးလိုက်တာပါပဲ။ အိမ်၊ ခြံ၊ မြေ ရောင်းလိုတဲ့ မိတ်ဆွေတစ်ဦး လာတောင်းတယ်ဗျ။ ပေးလိုက်ပါတယ်။ မိတ်ဆွေလဲ အဆင်ပြေတယ်လို့ ဖုန်းဆက်ပါတယ်။ ဝမ်းသာစရာပါပဲ။

အိမ်ထောင်ရေး အဆင်မပြေတဲ့ အရာရှိတစ်ဦးကို ဒီဆေးနဲ့ ကူညီဖူးရာ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ကြည်စေအေးစေ ဖြစ်သွားပါတယ်။ ဒါက ပွဲတွေ့တွေ့ပါ။

ဒီဆေးပိုင်ရှင်က ဦးရန်အောင်ပါ။ စာရေးသူရဲ့ အဖေပါပဲ။ အသက်က (၈၅)နှစ် ရှိပါပြီ။ သူလဲ သူ့ဆရာ ဝဲဒေါင့် ဆရာထွန်းဆီက ရခဲ့တာပါ။ ယခု ဆရာထွန်းက ကွယ်လွန်သွားပါပြီ။ ဆရာထွန်းရဲ့သား ကိုဝင်းဆွေနဲ့ သမီးဖြစ်သူ မခင်စိုးတို့ပဲ ကျန်ပါတယ်။ သူတို့မောင်နှမ (၂)ယောက်ဆီမှာ ဆေးလက်ကျန် ရှိဦးမလား မပြောတတ်ပါ။

နောက်ပြီး ဒီဆေးရဲ့ မူလပိုင်ရှင်က ဝဲဒေါင့်ရွာ အရှေ့ကျောင်း ဆရာတော်ပါ။ ဆရာတော်လဲ ပျံလွန်တော်မူတာ ကြာပါပြီ။ အဲဒီဆရာတော်ကလဲ ဆေးကို ကိုယ်တိုင် ဖော်စပ်ခဲ့တာ မဟုတ်ပါဘူး။ ယင်းထက် အရင် ကျောင်းထိုင်သွားတဲ့ ဆရာတော်ကြီး ဖော်စပ်သွားခဲ့တာတဲ့။

ဆေးဖက်ဝင်ပစ္စည်းတွေကို နှစ်အတော်ကြာစုဆောင်းရတယ်လို့ ပြောကြပါတယ်။ ဆေးမှာပါဝင်တဲ့ ဆေးဖက်ဝင် ပစ္စည်းတွေက ရာသီအလိုက်ပွင့်တဲ့ ပန်းပွင့်တွေလို့ မတိမကျ

သိရပါတယ်။

ဆေးကြိတ်တဲ့အခါ ရေနဲ့ပဲ တန်ဆောင်မုန်းလပြည့်နေ့ညမှာ ကြိတ်ပါသတဲ့။ အဲဒီတုန်းက ဝါသနာပါတဲ့လူတွေ လာတောင်းတိုင်း ပေး သတဲ့။ မှတ်တမ်းမှတ်ရာ မရှိတော့ ဆေးနည်း မသိရပါဘူး။

ပန်းပင် ပန်းပွင့်ရဲ့ သဘာဝကလဲ လူချစ်လူခင် ပေါစေပါတယ်။ မေတ္တာ သက်ဝင်စေပါတယ်။ လာဘ်လာဘ တွေ ရွှင်စေပါတယ်။ ဒီဆေးကို လူ အချို့ကလဲ မယုံကြည်ကြပါဘူး။ ''တိုက်ဆိုင်မှုပဲ'' ဆိုပြီး ပြောကြ တယ်။ စာရေးသူကတော့ လက်တွေ့ ဆိုတော့ ယုံတယ်ဗျာ။

**လက်ပံနီ**

**[စာရှုသူ သုတေသီ ဝါသနာရှင် များသို့ အထက်ပါဆေးနှင့် ပတ် သက်၍ သိရှိသူများမှ မှတ်တမ်းပြု နိုင်ရန်အတွက် ဆေးနည်းကို နက္ခ ရောင်ခြည်မဂ္ဂဇင်းသို့ ရေးသား လှူဒါန်း ပေးပို့ကြပါရန် ပန်ကြား အပ်ပါသည်။**

*ဦးကျော်မိုးသိ*
*တည်းချုပ်*



www.burmeseclassic.com

www.burmeseclassic.com

ချိုချစ် စည်ပင် (ငြိမ်း)

လွန်ခဲ့သော နှစ်ပေါင်း (၆၀)ခန့်က

# ရေပေါ်မှာ ပေါ်လျက် တရားရှုခဲ့သူ အမေနန်း

ပြီးခဲ့သည့် ဝါဆိုလက သားကြီးမှ မွေးဖွားသည့် မြေးဆောင်နှမကို ရှင်ပြုနားသအလှူတော်မင်္ဂလာ ပြုလုပ်လှူဒါန်းရန်၊ ရှင်လောင်း၏ မိဘနှစ်ပါး၊ ဆွေမျိုးတစ်သိုက်နှင့်အတူ စစ်ကိုင်းတောင်ရိုး ခေမာသကချောင်သို့ သွားရောက်၍ ညီမတစ်ဝမ်းကွဲတော်စပ်သူ **တိုက်အုပ် သီလရှင်ကြီး ဒေါ်ဝဏ္ဏသီ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကပဏ္ဍိတ)**ကို အမှူးထား၍ လှူဒါန်းခဲ့ပါသည်။

အားလပ်ချိန်များ၌ သီလရှင်ကြီးနှင့် စပ်မိစပ်ရာ ဆွေးနွေးခဲ့ရာ **လွန်ခဲ့သော နှစ်ပေါင်း (၆၀) ခန့်က မြင်းခြံမြို့ စွန်းလွန်းဂူကျောင်း ဆရာတော်ထံ သွားရောက်၍ တရားအားထုတ်ရာမှ တရားတွေ့သွားသော အမျိုးသမီး တစ်ယောက်** ပေါ်ထွန်းခဲ့ကြောင်း၊ ၎င်းမှာ မြင်းခြံမြို့နယ်၊ ဆင်ချောင်း ကျေးရွာမှ အမေနန်း(ခေါ်) ဒေါ်နန်း ရာပင်ဖြစ်ကြောင်း ပြောပြပါသည်။

ဆင်ချောင်းကျေးရွာမှာ မြစ်ကမ်းဘေးတွင် ရှိပြီး ဧရာဝတီမြစ်ရေ တက်လျှင် ရွာထဲသို့ ရေများဝင်ပါသည်။



ဘုံချိုး အသက် (၇၀)အရွယ်
အမေနန်း(ခေါ်) ဒေါ်နန်းရာ

အမေနန်းမှာ အသက် (၅၀)နှစ်လောက်တွင် မြင်းခြံမြို့ စွန်းလွန်းဂူကျောင်း ဆရာတော်ထံတွင် ဩဝါဒခံယူ၍ တရားအားထုတ်ပါသည်။

အမေနန်းနေသော အိမ်မှာ နှစ်ထပ်အိမ် ဖြစ်ပါသည်။ နေ့လယ်နေ့ခင်း အမေနန်း တရား အားထုတ်နေလျှင် အောက်ထပ်မှ လွှဆွဲသံပမာ ရှူးရှူးရှဲရှဲအသံများ ကျယ်လောင်စွာ ကြားနေရပါသည်။

တစ်လလောက် ကြာသော် ထိုအသံများ မကြားရတော့ပါ။ ဆရာတော်၏ ဩဝါဒအရ ထိမှု၊ သိမှု၊ သတိပြုကို အာရုံဖြင့် မှတ်၍ အားထုတ်ပြီး တရား တွေ့သွားပါတော့သည်။

တစ်နေ့သ၌ အမေနန်း၏ စိတ်ထဲတွင်...

'ငါ ရေထဲဆင်းရင် နစ်မှာ မဟုတ်၊ ရေ ပေါ်မှ ဘုရားရှိခိုးရင် ရလိမ့်မယ်'

ဟု အောက်မေ့ပြီး မြေးများနှင့်အတူ လက်တွဲ၍ ရေထဲဆင်း၍ ဒူးထောက် ပုဆစ်တုပ်၍ လက်အုပ်ချီပြီး မိမိမြင်ရသော ဘေးတီ၊





www.burmeseclassic.com

www.burmeseclassic.com

ဘုရားများကို ရှိုးကန်တော့ရာ မိမိမှာ ရေမနစ်ဘဲ ရေပေါ် ပေါ်နေသည်ကို တွေ့ရပါသည်။

မြေးဖြစ်သူ မောင်လှမော်က...

'အမေကြီး လက်တွေ၊ ခြေထောက်တွေ မြှောက်ပြီး အိပ်ပြပါ'

ဆို၍ အိပ်ပြသော်လည်း ရေမနစ်ဘဲ ရေပေါ်တွင် ပေါ်နေပါသည်။ အနီးအနားမှ ထိုအခြင်းအရာကို မြင်တွေ့သူများက လက်ခုပ်လက်ဝါးတီး၍ ဩဘာပေး ချီးမွမ်းပြောဆိုကြပါသည်။

အမေနန်းအကြောင်းကို ပိုမိုသိလိုပါက **ဦးတင်ထွန်း+ဒေါ်ဝင်းရီ (မုန့်တီဖိုလုပ်ငန်း)၊ အမှတ်(၆၀)၊ မြန်မာ့ဂုဏ်ရည်လမ်းနှင့် အသောကလမ်းဆုံ၊ နတ်ချောင်းရပ်ကွက်၊ တာမွေ၊ ရန်ကုန်မြို့**ထံ စုံစမ်းရန် လမ်းညွှန်သဖြင့် သွားရောက်ခဲ့ပါသည်။

ဦးတင်ထွန်းမှာ ဘုရား တရား အလွန်ကြည်ညို လေးစားသူ ဖြစ်ပါသည်။ ဘုရားခန်းတွင် ဗုဒ္ဓရုပ်ပွားတော်များ၊ ရဟန္တာပုံတော်များ၊ ပုဂ္ဂိုလ်ထူးများ၊ ဝိဇ္ဇာပုံတော် စသည်များနှင့် အဝင်ဝတွင် အမေနန်း၏ လူတစ်ရပ်ခန့်ရှိ ဓာတ်ပုံ(၂)ပုံပါ ချိတ်ဆွဲထားသည်ကို တွေ့ရှိခဲ့ရပါသည်။

ဦးတင်ထွန်းမှာ အမေနန်း နေထိုင်သည့် ဆင်ချောင်း မြောက်ရွာကပင် ဖြစ်ပါသည်။ ပူဇော်ထိုက်သည်ကို ပူဇော်ခြင်းသည် မင်္ဂလာတစ်ပါး ဖြစ်ကြောင်း ပြောပြပါသည်။

အမေနန်း၏ သမီး ဒေါ်မွေးရင်နှင့် သမက် ဦးစံမြင့်တို့မှာ ပွဲစားတန်းလမ်း၊ နတ်ချောင်းရပ်ကွက်၊ ရန်ကုန်မြို့တွင် နေထိုင်ကြပါသည်။

အမေနန်း ရန်ကုန်မြို့ရှိ သမီးထံ အလည်ရောက်စဉ်ကလည်း ကန်တော်ကြီး၊ အင်းလျားကန်များကိုသွား၍ ရေထဲမှ ရွှေတိဂုံစေတီတော်ကို ဖူးမြော်ရာ၌လည်း ရေပေါ်တွင် ဒူးထောက် ပုဆစ်တုပ် လက်အုပ်ချီ ကန်တော့ရာ ရေမနစ်ဘဲ ရေပေါ်တွင် ပေါ်၍ အနီး အနားရှိ လူအများက လက်ခုပ်တီး ဩဘာပေး အုန်းအုန်းကျွက်ကျွက် ဖြစ်ခဲ့ရပါသည်။

**၁၉၇၀ ပြည့်နှစ်လောက်**က အမေနန်း၊ အသက်(၈၃)နှစ် အရွယ်တွင် ဘဝတစ်ပါး ပြောင်းသွား၍ ဂူသွင်း သင်္ဂြိုဟ်လိုက်ကြောင်း သိရှိရပါသည်။

ထို့နောက် အမေနန်း၏ မြေးဖြစ်သူ အသက် (၇၁)နှစ်ရှိ ဦးလှမော်အား

◆ အသက် (၅၀)အရွယ်

အမေနန်း (ခေါ်) ဒေါ်နန်းရာ



တောင်ဥက္ကလာ၊ အိမ်နံပါတ် (၄၈၅)၊ တကောင်း (၅)လမ်းထိပ်၊ (၅)ရပ်ကွက်တွင် သွားရောက် တွေ့ဆုံ၍ အမေနန်းနှင့် ပတ်သက်ပြီး အခြား ထူးဆန်း အံ့ဩဖွယ်ရာ ဖြစ်စဉ်များရှိက ပြော[...] ရန် မေးမြန်းခဲ့ပါသည်။

အမေနန်းအား အုတ်ဂူသွင်း မြှုပ်[...] တစ်နှစ်နှင့် (၇)လ အကြာတွင် ဦးလှမော်[...] ဦးဆောင်၍ အုတ်ဂူကို ဖွင့်ဖောက်[...] သောအခါ လူကောင်းတစ်ယောက် အိ[...] ဘိသကဲ့သို့ မပုပ်မသိုး၊ မဆွေးမြေ[...] ခြေချောင်း လက်ချောင်းများကို ကိုင်[...] ကြည့်ပါက ပျော့ပျောင်းပြီး လှုပ်[...] ရကြောင်း၊ ဝမ်းဗိုက်ကို နှိပ်ကြည့်[...] ပျော့နေကြောင်း တအံ့တဩ ပြောပြ[...] ဤကဲ့သို့ တိမ်မြုပ်နေသော [...] ဆန်း အံ့ဩဖွယ်ကောင်း[...] ဖြစ်ရပ်ဆန်းအား အ[...] သိရှိနိုင်ရန် ရေးသား [...] အပ်ပါသည်။

အမေနန်းနှင့် ပတ်သ[...] အခြား သိလိုသော အ[...] များရှိပါက ၎င်း၏ မြေး[...] စပ်သူ ဦးလှမော်ထံသို့ [...] မြန်း စုံစမ်းနိုင်ပါကြော[...] အသိ ပေးအပ်ပါသ[...]

**[ဓာတ်ပုံ ရိုက်ကူးပေးသ[...] ဒစ်ဂျစ်တယ် ကင်မရာ[...] ဦးအောင်နိုင်မျိုးအား အ[...] ကျေးဇူးတင်လျက်]**

အေးငြိမ်းရာအမှန် [...] နိဗ္ဗာန်ဘုံကို အမေနန်း[...] ယောက် ရောက်ရှိပါစေ[...]

***အနုမောဒနာ အနုဗ္ဗဒါ[...]***

**ဦးညွှတ်လျက်...**

**မျိုးချစ်-စဉ့်ကိုင် ငြိမ်[...]**



www.burmeseclassic.com

www.burmeseclassic.com



မြတ်သာစင်ဦး

# ဂန္ဓမာဒနတောင်

## နှင့် ဝတ်သက်သော ဥက္ကာရဲ့ ဖြစ်ရပ်ဆန်းများ (၁)

ကျွန်တော်ကား အခမဲ့ နတ်လမ်းညွှန်သမား ဖြစ်၏။ ကျွန်တော်နေထိုင်ရာ ကျေးရွာသို့ တစ်နယ်တစ်ကျေးမှ အလုပ်အကိုင်သဘောမျိုးဖြင့် ဖြစ်စေ၊ အလည်အပတ်သဘောမျိုးဖြင့် ဖြစ်စေ ရောက်လာတတ်သည့် ဧည့်သည်တိုင်းကို ချင်းလယ်ကျေးရွာရှိ ရွှေစေတီတစ်ထောင် သာသနာ့နယ်မြေသို့ ဘုရားဖူးရန် မပျက်မကွက် လိုက်ပါပို့ဆောင်ပေးရစမြဲ ဖြစ်၏။

ဂန္ဓမာဒနတောင်ပေါ်ရှိ ရွှေစေတီတစ်ထောင် သာသနာ့နယ်မြေကား ဖူးမြင်ရသူတိုင်းက လက်ဖျားခါ အံ့ဩရသော အလွန်စည်ကားသာယာသည့် ဘက်စုံ သာသနာ့နယ်မြေတစ်ခု ဖြစ်သည်။

ကြည့်လေရာရာတိုင်း လက်ညှိုးထိုးမလွဲ၊ ဖူးမြော်၍မကုန်နိုင်အောင် များပြားလှသော စေတီပုထိုးများကား အနယ်နယ်အရပ်ရပ်မှ အလှူရှင်တို့၏ ယုံကြည်မှုသဒ္ဓါတရားကို အထင်း



www.burmeseclassic.com

www.burmeseclassic.com

သား လှစ်ပြ ဖော်ကျူးနေသော ကြည်နူးစရာမြင်ကွင်းပင် ဖြစ်ပါသည်။

ယခုဆိုလျှင် နွေ,မိုး,ဆောင်း ရာသီ မရွေးပင် ဘုရားစေတီများ တည်ထား လျက်ရှိသည့် မြင်ကွင်းကို မပြတ် တွေ့မြင်နေရလေပြီ။

'ဂန္ဓမာဒနတောင်နဲ့ ပတ်သက်ပြီး အဘိုးအဘွားတွေ လက်ထက်က လူသိနည်းသေးတဲ့ ထူးထူးဆန်းဆန်း ဖြစ်ရပ်ကလေးတွေ ရှိသေးတယ်။ ဒီတစ်ခေါက် အဲဒီအကြောင်းတွေ ရေးကြည့်ပါလား'

ကျွန်တော်နှင့်အတူ ရေးဖော် ရေးဖက်ဖြစ်သူ သူရိန်မြင့်(လယ်တော သား)၏ တိုက်တွန်းချက်စကား ဖြစ် ၏။

ဆရာ သူရိန်မြင့်(လယ်တောသား) ကား တကယ့် ပီပီ တောင်သူတောင် သား လယ်သမားကြီးစစ်စစ်ပင် ဖြစ် သော်လည်း စာပေကို မြတ်နိုးစိတ် အပြည့် ရှိသည်။ လယ်ယာလုပ်ငန်း ခွင်နှင့် စီးပွားရေးလုပ်ငန်းများကြောင့် အချိန် မအားမလပ်ရှိသည့်ကြားထဲက စာပေကို ကြိုးကြိုးကုတ်ကုတ် ဖတ်ပြီး ဗဟုသုတ ရှာသည်။ လေ့လာအား မှတ်သားအား ကောင်းသဖြင့် သူ့တွင် စာပေဝမ်းစာအပြည့် ရှိသည်။

သူ့ထံမှ ကျွန်တော် မကြားဖူးသေး သော ထူးထူးဆန်းဆန်း ဖြစ်ရပ် ကလေးတွေ မကြာခဏ ကြားရသည်။ ယခု ဆရာ သူရိန်မြင့်(လယ်တော သား) ပြောပြသည့် ဂန္ဓမာဒနတောင် တော်နှင့် ပတ်သက်သော ဖြစ်ရပ်ဆန်း ကလေးနှစ်ခုကို ရေးသား တင်ပြလိုက် ပါသည်။

* * *

လွန်ခဲ့သော နှစ်ပေါင်း(၈၀)ကျော်



ခန့်က ဂန္ဓမာဒနတောင်နှင့် တစ်ခေါ် သာသာခန့်အကွာ မရမ်းကုန်းရွာ ကလေးတွင် ဦးဘမောင်ဆိုသော ရွာ သားကြီးတစ်ယောက် ရှိခဲ့ဖူးသည်။

ဦးဘမောင်သည် သာမန် လက် လုပ်လက်စားတစ်ဦးပင် ဖြစ်၍ သူ ကျွမ်းကျင်သော ဈေးရောင်းသည့် အလုပ်ဖြင့် မိသားစုကို သမ္မာအာဇီဝ မျှတစွာ လုပ်ကိုင်ကျွေးမွေးသည်။

စိတ်ကောင်းလည်း ရှိ၍ အမြဲ ပျော်ပျော်ရွှင်ရွှင် နေတတ်ရုံမက လူ တကာနှင့် အဆင်ပြေအောင် ဆက်ဆံ တတ်သဖြင့် ရွာသူရွာသားအားလုံး၏ လေးစားခင်မင်မှုကို ခံရသူဖြစ်သည်။

ကိုယ်ကျင့်သီလကို တတ်နိုင်သမျှ လုံခြုံအောင် ထိန်းသိမ်း၍ လပြည့် လကွယ်ရက်များတွင် ဘုရားသွား၊ ကျောင်းတက်ရန် မမေ့လျော့သူလည်း ဖြစ်သည်။

တစ်ညတွင် ဦးဘမောင် အိပ်ပျော် နေခိုက် အိပ်မက်ထဲတွင် ဝတ်ဖြူစင် ကြယ်ဖြင့် သူတော်စင်တစ်ဦးကို တွေ့ လိုက်ရသည်။

'ဘမောင် မင်းက စိတ်ကောင်းရှိ တယ်။ ကိုယ်ကျင့်သီလလဲ ပြည့်စုံတန် သလောက် ပြည့်စုံတယ်။ မင်းနဲ့ငါ ဟာ ပဋ္ဌာန်းဆက်တွေဖြစ်တဲ့အတွက် မင်းကိုငါ ဒီအတိုင်း ပစ်မထားရက်ဘူး။ မင်းကို ငါပိုင်တဲ့ ဥစ္စာပစ္စည်းတချို့ ပေးမယ်။ အခု မနက်အရုဏ်မတက် ခင်အချိန်မှာ ဂန္ဓမာဒနတောင် မြောက် ဘက်တောင်ခြေရင်းက ဝါးပိုးဝါးရုံကြီး အောက်ကို တစ်ယောက်တည်း လာ ခဲ့ပါ။

အဲဒီ ဝါးပိုးဝါးရုံခြေရင်းမှာ ငါ တောင် ဝှေးတစ်ချောင်း ထောင်ထားမယ်။ တောင်ပေါ်ကနေ ထူးထူးဆန်းဆန်း ဆင်းလာတဲ့သတ္တဝါတွေ တွေ့ရင် မင်း အဲဒီတောင်ဝှေးနဲ့ ကြိုက်သလောက် ရိုက်ပြီး ယူပါ။ ပြီးရင် ရတဲ့ ဥစ္စာပစ္စည်း ထက်ဝက်ကို မင်းစားပြီး ကျန်တဲ့ ထက်ဝက်ကို ဂန္ဓမာဒနတောင်ပေါ်မှာ ဘုရားတည်၊ သာသနာပြုပါ'

သူတော်စင်၏ စကားဆုံးသောအခါ ဦးဘမောင် ဖျတ်ခနဲ လန့်နိုးသွား၏။ အိပ်မက်မှာ တကယ်လိုလို ထူးဆန်း လှသဖြင့် တစိမ့်စိမ့် ပြန်တွေးရင်း ဆက်အိပ်၍မရတော့ပါ။

ဦးဘမောင်က အိပ်ရာမှ အသာထ ၍ အိပ်ခန်း ပြတင်းတံခါးကို ဖွင့်ပြီး ကောင်းကင်ကို မော့ကြည့်လိုက် သည်။ ယနေ့သည် လပြည့်ကျော် တစ်ရက်နေ့ဖြစ်သဖြင့် ကောင်းကင် ပေါ်မှ လ,ရောက်ရှိနေသည့်နေရာကို ကြည့်ပြီး အချိန်ကို နံနက်လေးနာရီ ခန့် ရှိပြီဖြစ်ကြောင်း ခန့်မှန်းမိလိုက် သည်။

ဦးဘမောင်က စောစောက အိပ် မက်ထဲမှ သူတော်စင်ပြောသည့် စကား ကို အမှတ်ထင်ထင် ပြန်လည်ကြား ယောင်ရင်း သူတော်စင်၏ စကား မယုံရဲယုံရဲဖြင့် ညွှန်ပြခဲ့သည့်နေရာ သွားရန် ချီတုံချတုံ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုခေတ်ထိုအခါက ဂန္ဓမာဒနတောင် မြောက်ဘက်ခြမ်းသည် ရခိုင်ရိုးမတောင်စပ်ဖြစ်၍ တောအလွန်နက်သည်။ သားရဲတိရစ္ဆာန်များလည်း အလွန်ပေါသည်။ တော်ရုံ သတ္တိရှိသူများပင် နေ့ခင်းကြောင်တောင်၌ ထိုနေရာသို့ တစ်ယောက်တည်း မသွားဝံ့ကြ။ သတ္တိ အလွန်ကောင်းသော ဦးဘမောင်ပင် ထိုနေရာသို့ တညင်းသီးခူးရင်း၊ မှိုရှာရင်း တစ်နှစ်လျှင် တစ်ကြိမ်၊ နှစ်ကြိမ်ခန့်သာ ရောက်သည်။

ဦးဘမောင်မှာ အိပ်ရာပေါ်တွင် ငုတ်တုတ်ထိုင်၍ အိပ်မက်အကြောင်းကို စဉ်းစားနေရင်း နောက်ဆုံးတွင် အိပ်မက်ထဲမှ သူတော်စင်၏ စကားမှန်,မမှန် စူးစမ်းလိုစိတ်များက တားမရနိုင်အောင်ပင် ဖြစ်လာ၏။

ထို့ကြောင့် ဖြစ်လိုရာဖြစ်စေတော့ဟု သဘောထားရင်း လက်တစ်ဖက်က မီးအုပ်ဆောင်းကို ကိုင်၊ အခြားလက်တစ်ဖက်က ဓားမတစ်ချောင်းကို ကိုင်၍ သူတော်စင် ညွှန်ပြသည့်နေရာသို့ ထွက်လာခဲ့လေသည်။

အိမ်အပြင်သို့ ထွက်လိုက်သည်နှင့် နွေနံနက်ခင်း၏ အအေးဓာတ်က ဦးဘမောင်ကို မထိတထိ ကျီစယ်လိုက်သည်။ အရုဏ်တက်လုနီးပြီ ဖြစ်သော်လည်း မီးအုပ်ဆောင်း အလင်းရောင်ကျရာ နေရာမှလွဲ၍ ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ထုက ကြီးစိုးနေဆဲ၊ ညဥ့်ငှက်အော်သံလေးများကို ကြားနေရဆဲပင် ဖြစ်၏။

ဦးဘမောင် ကြာကြာမလျှောက်လိုက်ရဘဲ ဝါးပိုးဝါးရုံကြီးနှင့် တဖြည်းဖြည်း နီးကပ်လာသည်။ နွေလယ်အခါသမယပေမို့ အပင်တိုင်းမှ သစ်ရွက်တို့က တောင်ခြေဆင်ခြေလျှောကုန်းမြေပေါ်တွင် ခြေချင်းဝတ်ဖုံးမျှကြွေကျနေကြသည်။

ပြင်းထန်သော အပူရှိန်ကြောင့် တောင်ခြေတောစပ်ကို ကွေ့ဝိုက်စီးဆင်းနေသော တောင်ကျချောင်းကလေးတွင်ပင် ရေများ ခန်းခြောက်စပြုနေပြီ။

တောင်ကျချောင်းကလေးနှင့် ဆက်နေသည်က တစ်ကေနီးပါးမျှ ကျယ်ဝန်းသော စိမ့်ရေအိုင်ကြီး ဖြစ်၏။ ထိုရေအိုင်ကြီး၏ အထက်ဘက် ဂန္ဓမာဒနတောင်ခြေရင်းတွင် သူတော်စင် ညွှန်ပြခဲ့သည့် ဝါးပိုးဝါးရုံကြီးရှိမှန်း အရောက်အပေါက် ရှိဖူးထားသည့် ဦးဘမောင် အလိုလိုသိနေသည်။

ဦးဘမောင်က စိမ့်ရေအိုင်ကြီးကို ကွေ့ပတ်၍ သူတော်စင်ညွှန်ပြသည့်နေရာသို့ တရွေ့ရွေ့ သွားနေ၏။ ယခုလို နံနက် အရုဏ်တက်လုအချိန်ကား ညဘက် အစာရှာထွက်တတ်သည့် သားကောင်ကြီးများ မိမိတို့အသိုက်အမြုံများဆီသို့ ပြန်လာတတ်ချိန်မို့ သားကောင်ကြီးများနှင့် မတိုးမိရန် မနည်း သတိထားနေရင်း တွေ့ရှိက ရင်ဆိုင်နိုင်ရန် လက်ထဲမှ ဓားမကြီးကိုလည်း အသင့်အနေအထားနှင့် ကိုင်ဆောင်ထားလိုက်၏။ ခပ်ဝေးဝေးတောတန်းတစ်နေရာဆီမှ ချေ(ဂျီ) ဟောက်သံကို ခပ်မှန်မှန်ပင် ကြားနေရလေသည်။

ဝါးပိုးဝါးရုံကြီးဆီသို့ မျက်စိရှင်ရှင်ဖြင့် စူးစမ်းရင်း သတိနှင့် ချဉ်းကပ်လာသော ဦးဘမောင်သည် ဝါးရုံပင်ခြေရင်းတွင် မှီ၍ ထောင်ထားသော တောင်ဝှေးတစ်ချောင်းကို အိပ်မက်ထဲမှ ပုဂ္ဂိုလ်ထူးပြောသည့်အတိုင်း တွေ့လိုက်ရသဖြင့် ဝမ်းသာအားရ ဖြစ်သွားသည်။

ဦးဘမောင်က ဓားမကို ခါးတွင် ထိုးလိုက်ပြီး တောင်ဝှေးကို အလျင်အမြန် ကောက်ယူ ကိုင်ကြည့်လိုက်သည်။ ထို့နောက် မီးအုပ်ဆောင်းကို မြေပြင်တွင်ချ၍ မီးအလင်းရောင်အောက်တွင် တောင်ဝှေးကို အပြန်ပြန်အလှန်လှန် စစ်ဆေးကြည့်လိုက်သည်။

တောင်ဝှေးက အလေးချိန် အတော်စီးပြီး အနက်ရောင် ပြောင်လက်နေသည်။ တွေ့မြင်ဖူးနေကျ ရိုးရိုးသစ်သားဖြင့် ပြုလုပ်ထားခြင်းမဟုတ်ဘဲ အဖိုးတန် ရှားပါးလှသည့် သစ်တစ်မျိုးမျိုးနှင့် ပြုလုပ်ထားသည်ဟု ယူဆရသော ထူးဆန်းလှသည့် တောင်ဝှေးကို ကိုင်ကြည့်နေရင်း ဦးဘမောင်စိတ်ထဲတွင် အိပ်မက် မက်နေသလို



www.burmeseclassic.com

www.burmeseclassic.com

ပြန်လည် ခံစားနေရလေသည်။

ဦးဘမောင်က ထူးဆန်းလှသော တောင်ဝှေးကို ကိုင်ပြီး အမျိုးမျိုး တွေးတောရင်း အတန်ကြာအောင် ငိုင်နေမိ၏။ ထိုစဉ်တွင် ဝါးရုံအထက် ဘက် တောင်ခါးပန်းဆီမှ တောတိုး သံသဲ့သဲ့ကို စတင်ကြားလိုက်ရသည်။

ဦးဘမောင်က အသံလာရာဆီသို့ မော့ကြည့်လိုက်သော်လည်း အင်အား နည်းပါးလှသော မီးအုပ်ဆောင်း အလင်းရောင်ကြောင့် ဘာကိုမှ သဲသဲ ကွဲကွဲ မမြင်ရပါ။ အမှန်တကယ်အား ဖြင့်လည်း ဦးဘမောင် ရောက်ရှိနေရာ ပတ်ဝန်းကျင်တစ်ခုလုံးမှာ တိုးမပေါက် အောင် ရှုပ်ထွေးထူထပ်လှသော ချုံ တောကြီးအတိ ဖြစ်သဖြင့် နေ့လယ် နေ့ခင်းဘက်တွင်ပင် ရှေ့ သုံး,လေး တောင် အကွာလောက်မှ လွဲ၍ ဘာ ကိုမှ ရှင်းရှင်းလင်းလင်း မြင်ရမည် မထင်ပါ။

ဦးဘမောင်၏ ရင်ထဲတွင် တော တိုးသံကြောင့် ထိတ်ခနဲ ဖြစ်သွား၏။ ချက်ချင်းပင် ခန္ဓာကိုယ်ကို အသင့် အနေအထားဖြစ်အောင် ပြန်ပြင်လိုက် ရင်း တောင်ဝှေးကို ဝါးရုံပင်ကြီးတွင် ပြန်၍ မှီထောင်ထားလိုက်၏။

ထို့နောက် ခါးမှ ဓားမကို ချွတ်၍ ညာဘက်လက်ထဲတွင် ကျစ်ကျစ်ပါ အောင် ဆုပ်ကိုင်ထားရင်း တောကိုး သံကို ဂရုတစိုက် နားထောင်နေလိုက် သည်။ ဤတော ဤတောင်တွင် မှီတွယ် ခိုကပ်နေရသော တော တိရစ္ဆာန်များ ရှိသဖြင့် ယခု တောတိုး သံမှာ တောသတ္တဝါများ တောင် အောက်သို့ ဆင်းလာခြင်းဖြစ်မည်ဟု ဦးဘမောင် တထစ်ချ မှတ်ယူလိုက် သည်။

တောတိရစ္ဆာန်တို့၏ ဘာသာဘာဝ လွတ်လပ်မှုကို အနှောင့်အယှက် မပေးလိုသည်က တစ်ကြောင်း၊ တော ကောင်ကြီးများ ဆင်းလာခြင်းဖြစ်လျှင် အသက်အန္တရာယ် ရှိနိုင်သောကြောင့် အကာအကွယ်ယူရန် လိုအပ်သည်က တစ်ကြောင်းတို့ကြောင့် ဦးဘမောင် က ဓားနှင့် မီးအုပ်ဆောင်းကို လက် တစ်ဖက်စီတွင် ကိုင်ထားရင်း ဝါးပိုးဝါးရုံ အလယ်သို့ ခက်ခက်ခဲခဲ တိုးဝင်ပြီး ရပ်နေလိုက်သည်။

ခဏအကြာတွင် ဝါးရုံပင်ကြီး အောက်ရှိ ဝါးရွက်ခြောက်များကို သတ္တဝါတစ်ကောင်က နင်းပြီး ဝင်လာ သံ အနီးကပ်ကြားလိုက်ရသဖြင့် ဦးဘမောင်က လက်ထဲမှ ဓားကို အသင့်ပြင်ရင်း အသံလာရာဆီသို့ မီးအုပ်ဆောင်းကို ဆတ်ခနဲ လှည့် လိုက်သည်။

ထိုအခါမှ သတ္တဝါငယ်တစ်ကောင် သစ်ရွက်ခြောက်များပေါ် ပြေးလွှားသံ တဝုန်းဝုန်းပေါ်လာပြီး တဝေါင်းဝေါင်း ဟောက်သံကလည်း တစ်တောလုံး သိမ့်သိမ့်တုန်သွားလေသည်။

'ဟင် ချေ(ဂျီ)လေးတစ်ကောင်ပဲ။ ငါ့မှာတော့ တောကောင်ကြီးမှတ်လို့'

ဦးဘမောင်မှာ ကြောက်စိတ်ကြောင့် အနည်းငယ်ပင် ကြွေပျက်သွားသဖြင့် တစ်ယောက်တည်း အရှက်ပြေ ခပ် တိုးတိုး ပြောလိုက်သည်။ ချေ(ဂျီ)က ဦးဘမောင်ကို လန့်ပြီး တဝေါင်းဝေါင်း ဟောက်ရင်း အဝေးသို့ ထွက်ပြေးသွား လေပြီ။

ဦးဘမောင်က နောက်ထပ် အခြေ အနေ မည်သို့မျှ မထူးခြားသဖြင့် အိမ်ပြန်ရန် စိတ်ကူးလိုက်ပြီး ဝါးရုံ အပြင်သို့ ထွက်လိုက်သည်။

'ဟ ဘာကြီးလဲဟ'

ဦးဘမောင်မှာ သူ မျက်နှာမူလိုက် ရာ တည့်တည့် ဝါးပိုးဝါးရုံနံဘေးတွင် မီးတန်းကြီးတစ်ခုကို ရုတ်တရက် အနီးကပ် တွေ့လိုက်ရသဖြင့် အလန့် တကြား ဖြစ်သွားသည်။

မီးတန်းကြီးမှာ ဂန္ဓမာဒနတောင် ပေါ်မှ အောက်သို့ တန်းဆင်းလာခြင်း ဖြစ်ပြီး သူရပ်နေသည့်နေရာနှင့် အလွန် နီးကပ်လာသဖြင့် နောက်သို့ ခုန်ဆုတ် ပေးလိုက်ရ၏။ နောက်ဘက် ခပ်လှမ်း လှမ်းနေရာရောက်မှ ဦးဘမောင်က ထူးဆန်းလှသော မီးတန်းကြီးကို ငြိမ် ပြီး ရပ်ကြည့်နေလိုက်သည်။

'ဟာ လိပ်တွေ၊ မီးထဲမှာ လိပ်တွေ မနည်းပါလား'

ဦးဘမောင်မှာ ရုတ်တရက် တောမီး လောင်လာခြင်းဟု ထင်လိုက်သော် လည်း အသေအချာ ကြည့်လိုက်တော့ မှ မီးတန်းကြီးထဲတွင် လိပ်အုပ်ကြီး တစ်အုပ်ကို ထင်ထင်ရှားရှားပင် မြင် တွေ့လိုက်ရလေတော့သည်။ ဦးဘမောင် မှာ သူ့တစ်သက် တစ်ခါမှ မတွေ့ဖူး သော မီးတန်းကြီးနှင့် လိပ်အုပ်ကြီးကို ပါးစပ်အဟောင်းသားဖြင့် တအံ့တဩ ငေးမောကြည့်ရှုနေမိသည်။

လိပ်အုပ်ကြီးမှာ စုစုပေါင်း အကောင် နှစ်ဆယ်ကျော်မျှရှိပြီး ကြီးစဉ်ငယ် လိုက် တန်းစီ၍ မီးတန်းကြီးကြား တောင်အောက်သို့ ဆင်းလာကြခြင်း ဖြစ်၏။ လိပ်များမှာ မီးတန်းများကြား ထဲတွင် အေးအေးလူလူပင် တရွေ့ရွေ့ လှုပ်ရှား သွားလာနေကြခြင်း ဖြစ်ပြီး လိပ်များ သွားရာလမ်းအတိုင်း ဖြစ် ပေါ်နေသော မီးတောက်များက ယင်း တို့ခန္ဓာကိုယ်ကို လောင်ကျွမ်းသွား ခြင်းမရှိသည်မှာ အံ့သြစရာကောင်း

www.burmeseclassic.com

www.burmeseclassic.com



လှသည်။

ဦးဘမောင်မှာ လိပ်အုပ်ကြီးက မိမိကို အန္တရာယ်မပေးနိုင်ကြောင်း သိ၍ တဖြည်းဖြည်း ပိုမိုရဲတင်းလာပြီး မီးအပူရှိန်ကိုပင် ဂရုမပြုအားဘဲ လိပ်အုပ်ကြီးအနီးသို့ နီးနိုင်သမျှ နီးအောင် ကပ်သွားကာ သေသေချာချာကြည့်၏။

သူနှင့် လက်တစ်ကမ်းခန့်အကွာတွင် ရှိသော ရှေ့ဆုံးမှ အကြီးဆုံးလိပ်ကြီးကို မြင်တွေ့လိုက်ရသောအခါ ဦးဘမောင်၏ အံ့ဩစိတ်သည် ချက်ချင်းပင် ရယ်ချင်စိတ်သို့ ကူးပြောင်းသွားလေသည်။

ရှေ့ဆုံးမှ ဣန္ဒြေရရ တစ်လှမ်းချင်းလှမ်းလာသော တစ်တောင်ပတ်လည်ခန့်ရှိ လိပ်ကြီးမှာ အခြားလိပ်များနှင့် မတူဘဲ အရှည် လက်လေးသစ်ခန့်ရှိ အမောက်နီနီကြီးက ဦးခေါင်းပေါ်တွင် အထင်းသား ရှိနေ၏။ ရောမလိပ်ကြီးကား ဦးဘမောင်ကို မျက်လုံးစွေ၍ မခိုးမခန့်ကြည့်လျက် ကုန်းကုန်းကွကွနှင့် လမ်းလျှောက်နေသည်မှာ ပြောင်လှောင်ပြနေသည်နှင့်ပင် တူနေတော့သည်။

လိပ်သတ္တဝါမှန်သမျှ မည်သည့်အခါမှ ကြက်များကဲ့သို့ အမောက်မပါကြောင်းကို သိထားသော ဦးဘမောင်မှာ လိပ်ကြီး၏ ကိုးရိုးကားရားနိုင်လှပုံကို တစိမ့်စိမ့်ကြည့်ရင်း ရယ်ချင်စိတ်များ တားမရဆီးမနိုင် ဖြစ်လာကာ ချုပ်တည်းမထားနိုင်တော့ဘဲ တဟားဟားနှင့် အားရပါးရ ရယ်ပစ်လိုက်တော့သည်။

ဦးဘမောင်က လိပ်ကြီးကိုကြည့်၍ ရယ်မောလိုစိတ်ကို ထိန်းချုပ်မထားနိုင်ဘဲ အချိန်အတန်ကြာအောင် တဟီးဟီး တဟားဟားနှင့် ရယ်မောနေခိုက်မှာပင် လိပ်အုပ်ကြီးက သူ့ရှေ့မှ တစ်ကောင်ပြီးတစ်ကောင် တရွေ့ရွေ့ ထွက်ခွာသွားပြီး တောင်ခြေမှ စိမ့်ရေအိုင်ကြီးထဲသို့ အလျှိုလျှို ဆင်းသက်ပျောက်ကွယ်ကုန်ကြသည်။

လိပ်များ ရေအိုင်ကြီးထဲသို့ ဆင်းသွားသည်နှင့် မီးတန်းကြီးကလည်း တစ်စတစ်စနှင့် ပြန်လည် ငြိမ်းသွား၏။ ဦးဘမောင်ကား သူတော်စင်၏ မှာကြားချက်ကို မေ့လျော့ကာ တသိမ့်သိမ့် ရယ်မော၍ ကောင်းနေတုန်းပင်။

လိပ်များအားလုံး သူ့ရှေ့မှ ပျောက်ကွယ်သွားလုနီးနီး အချိန်မှပင် သူတော်စင်၏ စကားကို ပြန်လည် ကြားယောင်လာပြီး ဝါးရုံတွင် မှီ၍ထောင်ထားသော တောင်ဝှေးကို အမြန်ယူ၍ လိပ်အုပ်၏ နောက်ဆုံးမှ ခုံညင်းလုံး(ဒိုးလုံး)ခန့် အသေးဆုံး လိပ်ကလေးကို တောင်ဝှေးနှင့် လှွဲရိုက်လိုက်၏။

တောင်ဝှေး ရိုက်ချက်ကြောင့် ပက်လက်လန်ပြီး ငြိမ်သက်သွားသော လိပ်ကလေးကို ဦးဘမောင် ကောက်ယူကြည့်လိုက်သော အခါတွင်ကား စောစောက သက်ရှိသတ္တဝါလိပ်ကလေးမှာ သက်မဲ့ ရွှေတုံးရွှေသားအတိ ဖြစ်သွားသည်ကို ထူးဆန်းစွာ တွေ့လိုက်ရလေသည်။

* * *

မရမ်းကုန်းကျေးရွာတွင် တစ်ချိန်က ဦးသာဒွန်းဆိုသူ ရွာသားတစ်ယောက် နေထိုင်ခဲ့ဖူးသည်။

တစ်နေ့တွင် မရမ်းကုန်းရွာသို့ ဦးသာဒွန်းနှင့် သက်တူရွယ်တူ အသက်ငါးဆယ်ခန့် ဥပဓိရုပ်ကောင်းကောင်းနှင့် ညော်သည် ယောကျာ်းကြီးတစ်ဦး ရောက်လာသည်။

ညော်သည်မှာ ခေါင်းတွင် သျှောင်ထုံးနှင့်ဖြစ်ပြီး ပင်နီတိုက်ပုံနှင့် ပုဆိုးကွက်တုံးတို့ကို ကျကျနန ဝတ်ဆင်ထား၍ ပခုံးတွင်လည်း ပစ္စည်းပစ္စယ အပြည့်ထည့်ထားသော လွယ်အိတ်တစ်လုံးကို လွယ်ထားသည်။

ဦးသာဒွန်းက ညော်သည်ကို တွေ့မြင်သောအခါ ရိုးသားဖော်ရွေစိတ် အပြည့်ရှိသော မရမ်းကုန်းရွာသားတစ်ဦးပီပီ သူ့အိမ်သို့ ပင့်ဖိတ်ခေါ်ဆောင်သွားပြီး ကောင်းမွန်စွာ ညော်ခံပြုစုပါသည်။

ထမင်း,ဟင်း စားသောက်ပြီးကြ၍ ညချမ်းအချိန် ရောက်သောအခါ မိသားစုများ စုံစုံလင်လင် ရှိနေချိန်တွင် ညော်သည်က ဦးသာဒွန်းကို စကား စ,လေသည်။

'ကဲ ဦးသာဒွန်းရေ၊ ကျုပ်ကတော့ အထက်အညာကနေ အနယ်နယ် အရပ်ရပ်ကို လှည့်လည်ပြီး ဆေးကုသနေတဲ့ ဆေးဆရာတစ်ယောက်ပါ။

ကျုပ် ဒီရွာကို ရောက်လာတာက တော့ ဆေးကုသဖို့ကိစ္စ သက်သက်တင် မဟုတ်ဘဲ တခြား အရေးကြီးတဲ့ကိစ္စ တစ်ခု ဆောင်ရွက်စရာရှိလို့ ရောက်လာတာပါ။

ဒီတော့ ကျုပ် မရှင်းမလင်းလို့



www.burmeseclassic.com

www.burmeseclassic.com

သိချင်လို့ မေးတဲ့ မေးခွန်းကလေးတွေကိုတော့ အတတ်နိုင်ဆုံး စိတ်ရှည်ရှည်နဲ့ သည်းခံပြီး ဖြေပေးပါဗျာ'

'ဟုတ်ကဲ့ မေးပါ ဆရာကြီး၊ ကျွန်တော် သိသမျှ ဖြေပေးဖို့ အဆင်သင့်ပါပဲခင်ဗျာ'

ဦးသာဒွန်းက ဆေးဆရာကြီးရှေ့တွင် ရှိရှိသေသေ ထိုင်လိုက်ပြီး ဆရာကြီး ဆက်လာမည့် စကားကို နားစွင့်နေလိုက်၏။


'ကျုပ်မေးလိုတဲ့ ကိစ္စက တခြားကိစ္စမဟုတ်ပါဘူး။ ခင်ဗျားတို့ရွာမှာ ရေအိုင်ကြီးတစ်ခု ရှိတယ်။ အဲဒီ ရေအိုင်ကြီးထဲက ညစဉ်ညတိုင်း ရေလုံးသံကြီးတွေ ကြားရတတ်တယ်ဆိုတာ ဟုတ်သလား။ အဲဒီအိုင်ကြီးက တကယ်ရှိသလား'

ဆေးဆရာကြီးက ဦးသာဒွန်း၏ မျက်နှာကို စူးစူးစိုက်စိုက်ကြည့်ရင်း မေးလိုက်သည်။ ဦးသာဒွန်းက ချက်ချင်းပင် ခေါင်းညိတ်ပြလိုက်၏။

'ဟုတ်ကဲ့ ဆရာကြီးကြားတဲ့သတင်း အမှန်ပါပဲ ဆရာကြီး။ ကျွန်တော်တို့ရွာရဲ့ အနောက်ဘက်က ဂန္ဓမာဒနတောင်ခြေရင်းမှာ အဲဒီအိုင်ကြီး ရှိပါတယ်။

အဲဒီအိုင်ကြီးဟာ အခုမှ တူးဖော်ထားတဲ့ အိုင်မဟုတ်ဘဲ ဟိုးရှေးပဝေသဏီ ဘိုးဘွားတွေ လက်ထက်ကတည်းက ရှိခဲ့တဲ့ အိုင်ကြီးပါ။ ရိုးရိုးရေအိုင် မဟုတ်ဘဲ စိမ့်ရေအိုင်ကြီးပါဆရာကြီး။ အိုင်ရဲ့ အကျယ်အဝန်းက တစ်ကေနီးနီးလောက် ကျယ်ပါလိမ့်မယ်'

ဦးသာဒွန်းက ဆရာကြီး သိလိုသမျှကို ရှင်းပြလိုက်သည်။ ဆေးဆရာကြီးက ဦးသာဒွန်းစကားကို ငြိမ်၍ စဉ်းစားနေပြီးမှ နောက်ထပ် သိလိုဟန်ဖြင့် ဦးသာဒွန်းကို မျက်လုံးလှန်၍ ကြည့်လိုက်သည်။



'စိမ့်အိုင်ဆိုတာ ဘာလဲဗျ'

'စိမ့်အိုင်ဆိုတာ ရိုးရိုးရေအိုင်နဲ့ မတူပါဘူး။ နေရာတိုင်းမှာ ရွှံ့ညွန်တွေ၊ အိတွေ ပြည့်နေတဲ့ ရေအိုင်ကို ကျွန်တော်တို့ ဒေသအခေါ်နဲ့ ခေါ်ကြတာပါ။ အိဆိုတာက ကြည့်လိုက်ရင် ရိုးရိုးသာမန်မြေပြင်လို့ ထင်ရပေမယ့် လူနင်းလိုက်ရင် အထဲကို ကျွံဝင်သွားတတ်တဲ့ မြေပါ'

'ဩော် ဟုတ်ပါပြီ။ ဒါနဲ့ ညဘက် ကြားရတတ်တဲ့ ရေသံအကြောင်းကို ဆက်ပြောပါဦး'

'ဟုတ်ကဲ့ပါ ဆရာကြီး၊ တစ်ခါတစ်ရံ ညဘက်တွေကျရင် အဲဒီအိုင်ကြီးထဲက ရေသတ္တဝါတစ်ကောင်ကောင် မြူးထူးလှုပ်ရှားတဲ့ ရေလှိုင်းသံကြီးတွေ ကြားရတတ်ပါတယ်။ ဒီလို ကြားရတာကလဲ အခုမှမဟုတ်ဘဲ ကျွန်တော်တို့ ရွာသားတွေ ရှေးအစဉ်အဆက်ကတည်းက ကြားခဲ့ကြတာပါ။

အဲဒီအသံက နေ့ဆက် ကြားရတာ မဟုတ်ဘဲ တစ်ခါတလေ လ,ခြားဆိုသလို ကြားချင်တဲ့အချိန်မှ ကြားရတတ်တာဆိုတော့ ရေအိုင်ထဲက သတ္တဝါဟာ ဘယ်လိုသတ္တဝါဆိုတာ ဘယ်သူမှ အချိန်ကုန်ခံပြီး စောင့်ကြည့်မနေကြပါဘူး။

အဲဒီ အန္တရာယ်ကြောင့်ပဲ ကျွဲ၊ နွား တိရစ္ဆာန်ကအစ ဘယ်သူမှ မဆင်းဘူးကြတော့ ရေအိုင်ကြီးက အနက် ဘယ်

လောက် ရှိတယ်ဆိုတာ
ဘယ်သူမှ မှန်မှန်
ကန်ကန် မပြောနိုင်ကြပါဘူး
အတွေ့အကြုံ ဗဟုသုတ ရှိသူတွေ
ကတော့ ဒီဒေသတွေဟာ ဟိုးတစ်ချိန်
က ဝေနိမြစ်ကြီးနဲ့ တစ်ဆက်တစ်စ
တည်း ရှိခဲ့တဲ့နေရာတွေ ဖြစ်နိုင်ပြီး
မြစ်တွေ, ချောင်းတွေ ကောသွားတဲ့
အခါမှာ အိုင်ထဲမှာ တင်ကျန်ရစ်တဲ့
နှစ်ချို့ငါးကြီးတွေ ဖြစ်နိုင်တယ်လို့
ယူဆကြပါတယ်'

ဦးသာဒွန်းက ရှည်လျားစွာ ရှင်းပြ
လိုက်သည်။ ဆေးဆရာကြီးက ဦးသာ
ဒွန်း၏ စကားကို စိတ်ဝင်တစား နား
ထောင်နေပြီး ဦးသာဒွန်း၏ နောက်ဆုံး
မှတ်ချက်ချသံကို ကြားသောအခါ ကန့်
ကွက်လိုဟန်ဖြင့် ခေါင်းကို ခါပြလိုက်
သည်။

'ခင်ဗျား ပြောသလို မဖြစ်နိုင်ဘူး
ကျုပ်အယူအဆကို ပြောရရင် အဲဒါ
သိုက်မိကျောင်းလူးတဲ့ အသံပဲ။ အဲဒီ
ဂန္ဓမာဒနတောင်မှာ မမြင်အပ်တဲ့
ဘုမ္မိယသိုက်တွေ အများကြီးရှိတယ်။
ကဲ ဒီအကြောင်းတွေ ထားလိုက်ပါ
တော့လေ။ ဦးသာဒွန်း ကျုပ်ကို အဲဒီ
ရေအိုင်ကြီးဆီကို ရောက်အောင်သာ
လမ်းပြပေးပါ။ ကျုပ် အကြံအစည်
အောင်မြင်ရင် ခင်ဗျားတစ်သက် စား
မကုန်တဲ့ပစ္စည်းတွေ ရ,ရပါစေ့မယ်'

ဆေးဆရာကြီး၏ စကားကို ကြား
လိုက်ရသောအခါ ဦးသာဒွန်း၏ မျက်
လုံးများမှာ လောဘဖြင့် အရောင်များ
လက်လာသည်။

ရှေ့လ ဆက်ဖတ်ပါရန်

မြတ်သဇင်ဦး



www.burmeseclassic.com

www.burmeseclassic.com



ဖိုးဦးတောင်တန်း

နေဝန်းနီ

# ပြည့်ထွက်စခန်းဝင် (၁)

ဂန္ဓာရီဆရာလေးရဲဖော် လက်မှ နာရီလေးကို ကြည့်လိုက်တော့ (၁၂) နာရီထိုးဖို့ ငါးမိနစ်သာ လိုတော့သည်။ သို့ကြောင့် တခြားအထွေအထူး ပစ္စည်းများ မပါသော်လည်း အသုံးအဆောင် ပစ္စည်းမှန်သမျှ စုဆောင်းထည့်ထားသော တစ်လုံးတည်းသော စစ်သုံးကျောပိုးအိတ်ကြီးကို ကျောမှာပိုး၍ ပြည်–ညောင်ပင်လေးဆိပ်မှ ဖိုးဦးတောင်တစ်ဖက်ကမ်းသို့ ကူးမည့် မော်တော်ပေါ်သို့ တက်ခဲ့သည်။

(၁၂)နာရီထိုးသည်နှင့် ချမ်းမြေ့အောင် မော်တော်လေးက မွန်းတည့်နေရောင်အောက်၌ ဖြူလွလွ လှိုင်းခေါင်းဖြူလေးများ၊ လှိုင်းကြက်ခွပ်လေးများနှင့် ငွေသားသင်ဖြူးလွှာကြီးများ အလိပ်လိုက် ထနေသလို ဧရာဝတီမြစ်ရေပြင်ကို ထိုးခွဲကာ တရိပ်ရိပ်နှင့် အတင် ခုတ်မောင်းထွက်ခဲ့လေ၏။

'ငါ့သား ဘဆီကိုလာရင် ပြည်–ညောင်ပင်လေးဆိပ်ကနေ (၁၂)နာရီထွက်မယ့် မော်တော်စီး၊ တစ်နာရီလောက်တော့ စီးရလိမ့်မယ်။ ဟိုဘက်ကမ်းရောက်ရင် ဖိုးဦးတောင်ပေါ်ကိုတက်ခဲ့၊ ဘ တောင်ပေါ်စေတီလေးက စောင့်နေမယ်'

ဘသူတော်ကြီး၏ မှာစကားအရ ဂန္ဓာရီဆရာလေးရဲဖော် လာခဲ့ခြင်းဖြစ်သည်။ လာသာလာခဲ့ရသော်လည်း တစ်ခါဖူးမျှ မရောက်ဘူးသည့် ခရီးဖြစ်သဖြင့် စိုးရိမ်ကြောင့်ကြလျက် ရှိပေသည်။ အကယ်၍များ ဘသူတော်ကြီးနှင့် မတွေ့ခဲ့လျှင်ဆိုသည့် အတွေးတို့က သူ့ကို ခြောက်လှန့်သလိုလည်း ရှိပေသည်။

သူ ပြည်ဆံတော်စေတီတော်မြတ်ကြီး၏ ဘိုးဘိုးအောင်ဓာတ်နန်း၌ ထူးဆန်းစွာ တွေ့ခဲ့ရသော သထုံ သိကုံတ္တရတောင်မှ လူသူတော်ကြီး၏ အကျင့်စခန်း လမ်းညွှန်ချက်များအတိုင်း ပြည်ဝင်ကျင့်စဉ်ကို ကျင့်ခဲ့စဉ်က နောက်ဆုံးအဓိဋ္ဌာန်စခန်းဖြစ်သော **ဘုရားကြီး စေတီတော်မြတ်ကြီး၌** ဘုရားပရိဝုဏ်တွင်း တံမြက်စည်းလှည်းနေသည့် ဘသူတော်ကြီးကို တွေ့ခဲ့ရခြင်း ဖြစ်လေသည်။

ဘသူတော်ကြီးက ဘုရားပရိဝုဏ်တစ်လျှောက် တံမြက်လှည်းပြီးချိန်၌ သူလည်း အဓိဋ္ဌာန်ပုတီး စိပ်ပြီးလေသည်။ အဓိဋ္ဌာန်ပုတီးပတ်ပြည့်၍ ခေတ္တအနားယူနေချိန်၌ ဘသူတော်က သူ့အနား လာရပ်ပြီး...

'ငါ့သား အဓိဋ္ဌာန်ဝင်တာ ထင်တယ်ပ'

ဟု မေးလေ၏။

'ဟုတ်ပါတယ် ဘသူတော်၊ အဓိဋ္ဌာန်





www.burmeseclassic.com

www.burmeseclassic.com

အကျင့်စခန်း ဝင်နေတာပါ'

'ကျင့်စဉ်က...'

'ကျင့်စဉ်ကတော့ ဂန္ဓာရီထွက်ရပ်လမ်း ပြည်ဝင်ပြည်ထွက် ကျင့်စဉ်ပါ။ ခုကျင့်နေတာက ပြည်ဝင်ကျင့်စဉ်ရဲ့ နောက်ဆုံးအမိဋ္ဌာန် ဖြစ်ပါတယ်'

'ကောင်းပ ကောင်းပ၊ ဒါဆို ပြည်ထွက်ကျင့်စဉ် ကျင့်ရဦးမှာပေါ့ ဟုတ်စ'

'ဟုတ်ကဲ့ပါ ဘသူတော်'

'အိမ်း ပြည်ထွက်ကျင့်စဉ်က ဒီမှာကျင့်လို့ မရဘူးသားရဲ့ ဒါက ပြည်မြို့လေ၊ ပြည်မြို့မှာ မြို့တွင်းမှာ ကျင့်နေရင် ပြည်ဝင်ပဲ ခေါ်မှာပေါ့။ ပြည်ထွက်ဆိုရင် ပြည်မြို့က ထွက်ကျင့်မှ လမ်းစဉ်မှန်လိမ့်မယ်'



သူက ဘသူတော်ကြီးကို တအံ့တသြ ကြည့်နေလိုက်သည်။ ဘသူတော်က သူ့ကို ကြင်နာစွာကြည့်ပြီး ဆက်ပြောသည်။

'ဘသူတော်လဲ သားကျင့်တဲ့ ပြည်ဝင်ပြည်ထွက်ကျင့်စဉ်ကိုပဲ ကျင့်ခဲ့တဲ့ သူပေါ့။ ငါ့သား ပြည်ထွက်ကျင့်စဉ် ဆက်ကျင့်မယ်ဆိုရင် ဖိုးဦးတောင်ကို လာခဲ့၊ ဖိုးဦးတောင်ဆိုတာ ပြည်မြို့ရဲ့ တစ်ဖက်ကမ်းမှာရှိတယ်။ မြတ်စွာဘုရား သက်တော်ထင်ရှားရှိခဲ့စဉ်က သုဝဏ္ဏဘုမ္မိလို့ခေါ်တဲ့ သထုံကို ကြွခဲ့တယ်။

အဲဒီအချိန်က ဒီဒေသအားလုံးဟာ ရေပြင်လွှာကြီးပေါ့။ ဘယ်ရပ်ဘယ်ရွာ ဘယ်ကျွန်းမှ မရှိသေးဘူး။ ပြောရရင်တော့ ပင်လယ်ပြင်ကြီးပေါ့ကွယ်၊ မြတ်စွာဘုရားရှင် မဇ္ဈိမကို ပြန်ကြွတော့ နောက်ပါရဟန္တာ (၅၀၀)နဲ့အတူ ကောင်းကင်ကနေ ဈာန်နဲ့ ပင်လယ်ပြင်ကြီးကို ဖြတ်ကြွခဲ့တယ်။

ခု ဖိုးဦးတောင်လို့ ခေါ်မယ့်နေရာ ရောက်တော့ ဒိုက်တစ်ခုပေါ်မှာ မျောပါလာတဲ့ ပွေးဖို၊ ပွေးမ ဖနီးမောင်နှံနှစ်ကောင်အနက် ကောင်းကင်ကနေ ကြွမြန်းလာတဲ့ မြတ်စွာဘုရားရှင်ကို ပွေးဖိုက လက်ဦးဖူးတွေ့ခဲ့ရတယ်။

ဒါနဲ့ ပွေးဖိုလဲ ပွေးမကို ပြောမယ်လုပ်တော့ ပွေးမ အိပ်ပျော်နေတဲ့ အတွက် အိပ်ရေးပျက်မှာစိုးပြီး မနှိုးတော့ဘဲ သူသာ မြတ်စွာဘုရားရှင်ကို ဖူးမြော်ကန်တော့လိုက်တယ်။ ပွေးဖိုကြီးဖူးပြီးမှ ပွေးမက နိုးလာတယ်၊ သူက နောက်မှ ဘုရားကို ဖူးရတယ်။

ဒါကြောင့် ခု အဲဒီနေရာကို မြတ်စွာဘုရားကို ပွေးဖိုက စ,တွေ့ ဖူးခဲ့တဲ့ အထိမ်းအမှတ်အဖြစ် **'ဖိုဦးတောင်း'** **'ဖို-ဦးတောင်'**လို့ သမုတ်ခဲ့တဲ့နေရာပေါ့။ ခု ကာလရွေ့လျောတော့ ဖိုးဦးတောင်လို့ ခေါ်ခဲ့ တွင်ခဲ့ကြတဲ့ နေရာပေါ့ကွယ်။

အဲဒီနေရာဟာ သူတော်ကောင်း သူမြတ်လောင်းတွေနဲ့ ဝိဇ္ဇာဇော်ဂျီ တပသီတို့ နှလုံးမွေ့လျော် ပျော်တဲ့ နေရာပေါ့။ ဂန္ဓာရီခရီးသည် ဝိဇ္ဇာခရေ ထွက်ရပ်လမ်းမြန်းမယ့် အကျင့်စရဏ တွေကို ကျင့်ကြသူတိုင်း **'အောင်ကြောင်းဝေဖြာ အောင်မြေမဟာ'** ကြီးပဲကွယ်။ အဲဒီမြေကိုလာ အောင်
မင်္ဂလာ တစ်နည်းနည်းနဲ့ ပူကြတယ်
စိမ့်ကြီးဂနိုင် မြိုင်ကြီးဝနာ ဝိဇ္ဇာတို့
အောင်ဂေဟာအရပ်ပဲ။

နောက်တစ်ခုက သားတို့လို ပြည်
ဝင်ပြည်ထွက် အကျင့်တွေ ကျင့်ကြ
တွေအတွက် **အင်းဂူ**ဆိုတာရှိတယ်
အဲဒီအင်းဂူကိုဆင်းပြီး **ဖိုးဂူ**ကိုပြော
အကျင့်တွေ ကျင့်ကြရတယ်။

**'အင်းဂူမှာအောင်း ဖိုးဂူပြော**
**ထုံမှောင်း ပြည်ထွက်ကြောင်း'**
တဲ့ တဘောင်အတိတ် အောင်နိမိ
လဲရှိတယ်။ ငါ့သား ပြည်ထွက်
လက်ကျင့်မယ်ဆိုရင် ပြည်မြို့တစ်
ကမ်း ဖိုးဦးတောင်ကိုလာခဲ့၊ ဘ
ပေါ်စေတီလေးက စောင့်နေမယ်
မှာ ဘလဲ အကူအညီတွေ ပေး
လိမ့်မယ်'

ဟု မှာလေသည်။

'ကျေးဇူးတင်ပါတယ် ဘသူ

'အိမ်း သာဓု၊ သာဓု၊ သာဓု'

ဘသူတော်က စကားအဆုံး
သုံးကြိမ်ခေါ်၍ ထွက်သွားသည်။
ဆရာလေးရဲဇော်လည်း ဘသူတော်
ကြည့်ရင်း နောက်တစ်နေ့၌
တောင်ဘက်ကမ်းကူးရန် ဆုံးဖြတ်
ချလိုက်သည်။

ထိုဆုံးဖြတ်ချက်အတိုင်းပင်
တစ်ခါဖူးမျှ မရောက်ဘူးသည့်
တောင်ဘက်သို့ ချမ်းမြေ့အော
မော်တော်လေးကို စီးနင်းလိုက်ပါ
ခြင်းဖြစ်လေ၏။

* * *

ချမ်းမြေ့အောင် မော်တော်
မှန်မှန်ခုတ်မောင်းလျက် ရှိ
ဂန္ဓာရီဆရာလေးရဲဇော်သည်
တော်လေး၏ ပြတင်းပေါက်အနီး



www.burmeseclassic.com

www.burmeseclassic.com



ထိုင်၍ လိုက်ပါလာရင်း တစ်ဖက်ကမ်းတွင် လှမ်းမြင်နေရသည့် အနောက်ရိုးမဟုခေါ်သော ရိုးမတောင်တန်းကြီး၌ရှိသည့် ညို့ညို့မှောင်းမှောင်း မှိုင်းမှိုင်းပြာပြာ တောင်တန်းကြီးများကို ကြည့်ရင်း ဖိုးဦးတောင်ကို မှန်းဆနေမိသည်။

ဘသူတော်၏ ဖိတ်ကြားချက်ကြောင့်သာ လာခဲ့ရသော်လည်း စင်စစ်တော့ ဖိုးဦးတောင်ဆိုသည်မှာ မည်သည့်တောင်မှန်း ဂန္ဓာရီဆရာလေးရဲ့ဖော် မသိပါချေ။

တစ်ဖက်ကမ်းသို့ တစ်နာရီလောက်မှ ရောက်မည်ဖြစ်ပြီး ဖိုးဦးတောင်ကို မေး၍တက်ရမည်။ တောင်ပေါ်စေတီလေးမှ ဘသူတော် စောင့်နေမည်ဖြစ်သည်။ စေတီလေးရောက်လျှင် အနည်းဆုံး သုံးနာရီ၊ လေးနာရီတော့ ရှိချေသည်။

ထိုမှ ဘသူတော်ကို မတွေ့၍ ပြည်မြို့သို့ ပြန်ရမည်ဆိုပါက ညနေပိုင်း ဤဘက်ကမ်း ပြန်ကူးမည့် မော်တော်တို့ စက်လှေတို့က မရှိတော့။ နောက်...း အင်းဂူဆိုတာကိုလည်း သူမသိ။ ...ဂူဆိုတာတော့ ဝေလာဝေး။ ဒီသို့ဆိုလျှင်...

ဂန္ဓာရီဆရာလေးရဲ့ဖော်၏ ရင်ထဲကြောင့်ကြပူပန်စိတ်တို့က ကြီးစိုးနေ၏။ "ဘသူတော် စောင့်မှာပါလေ။ သူကိုယ်တိုင် ပြောခဲ့တာပဲ"ဟူသည့် အတွေး တွေးမိပြန်တော့ သက်သာသလို ဖြစ်လာပြန်သည်။ ဒီသို့နှင့်ပင် မော်တော်လေးက တစ်ဖက်ကမ်းသို့ ကပ်မှန်းမသိ တဖြည်းဖြည်း ကပ်လာခဲ့သည်။

'ဒီက မိတ်ဆွေက ဘယ်သွားမှာလဲ'

သူ့နံဘေးတွင် ညောင်ပင်လေးဆိပ်ကတည်းက အတူစီးနင်းလိုက်ပါသည့် သူနှင့် ရွယ်တူလောက်ရှိမည့် တစ်ချိန်လုံး ပုတီးစိပ်နေသူတစ်ဦးက ပုတီးကိုသိမ်းပြီး သူ့ကို မေးလိုက်ခြင်းဖြစ်သည်။

မော်တော်လေးပေါ်၌ ယောက်ျား၊ မိန်းမ၊ ကလေး၊ လူကြီး စီးနင်းလိုက်ပါလာသူ (၃၀)နီးပါးမျှ ရှိသော်လည်း သူ့အုပ်စုနှင့်သူ၊ သူ့အဖွဲ့နှင့်သူ စကားစမြည် ပြောကြ ဆိုကြ ရယ်မောကြ ရှိနေကြသော်လည်း သူနှင့် သူ့နံဘေးမှ တစ်ချိန်လုံး ပုတီးစိပ်လိုက်ပါလာသူ နှစ်ဦးသာ တိတ်ဆိတ်ငြိမ်သက်နေခဲ့ကြလေသည်။

တစ်ဦးက ပုတီးစိပ်နေသဖြင့် ငြိမ်သက်နေခြင်းဖြစ်ပြီး သူကတော့ သူ့အတွေးနှင့်သူ ငြိမ်သက်လိုက်ပါလာခြင်း ဖြစ်သည်။

ထိုအချိန်တွင်ပင် သူ့နံဘေးမှ လူက မေးလိုက်ခြင်းဖြစ်သည်။ ဂန္ဓာရီဆရာလေးရဲ့ဖော်က ထိုသူကို အကဲခတ်သလိုကြည့်ရင်း ထိုသူ့အမေးကို မဖြေသေးဘဲ...

'မိတ်ဆွေကကော ဘယ်သွားမှာပါလိမ့်'

ဟု ပြန်မေးလိုက်၏။

'ဖိုးဦးတောင်ကိုပါ။ ဖိုးဦးတောင်ပေါ်စေတီလေးကို သွားမှာပါ'

ဂန္ဓာရီဆရာလေးရဲ့ဖော်သည် ထိုသူ့ထံမှ ထွက်ပေါ်လာသည့် စကားကို ကြားလိုက်ရသည်နှင့် အံ့ဩဝမ်းသာသွားလေသည်။ သူမသိသည့်၊ သူမရောက်ဘူးသော ခရီးစဉ်အတွက် အဖော်တစ်ဦး ရလာရုံမက ခရီးစဉ်ကို ထိုသူက လမ်းညွှန်ပို့ပေးသလိုလည်း တိုက်တိုက်ဆိုင်ဆိုင် ဖြစ်သည် မဟုတ်ပါလား။

'ကျွန်တော်လဲ ဖိုးဦးတောင် တောင်ပေါ်စေတီလေးကို သွားမှာပါ'

ဒီတော့မှ သူက ဝမ်းသာအားရဖြင့် ပျာပျာသလဲ ပြောလိုက်သည်။

'ဒါဆို အဖော်ရတာပဲ။ အတူတူသွားကြတာပေါ့'

'ဟုတ်ကဲ့၊ အတူတူသွားကြတာပေါ့'

ဂန္ဓာရီဆရာလေးရဲ့ဖော်က သဘောကျစွာ ပြောရင်း ဝမ်းသာအားရခေါင်းညိတ်လိုက်လေ၏။

* * *

ဖိုးဦးတောင် တောင်ပေါ်စေတီလေးသို့ ဂန္ဓာရီဆရာလေးရဲ့ဖော် ညနေသုံးနာရီလောက်၌ ရောက်ခဲ့သည်။ သူ့အား တောင်ပေါ်စေတီလေးကို ဦးဆောင်ခေါ်လာခဲ့သူ ခရီးကြုံမိတ်ဆွေကတော့ တောင်ပေါ်စေတီ ရောက်သည်နှင့် သူ့ကို နှုတ်ဆက်ကာ [illegible]



www.burmeseclassic.com

www.burmeseclassic.com

လေး၏ တစ်ဖက်သို့ ထွက်ခွာသွားလေသည်။ စေတီလေး၌ ဘသူတော်ကို အဆင်သင့် တွေ့လိုက်ရ၏။

'ဘသူတော်ရယ်... ကျွန်တော့်မှာ မသွားတတ်၊ မလာတတ်နဲ့ စိတ်တွေ ပူပန်နေရတာ၊ ဘသူတော်ကို မတွေ့ရင် ဘယ်လိုလုပ်ရပါ့မလဲပေါ့'

သူက စေတီလေးကို ဝတ်ဖြည့် ဖူးမြော်ပြီးသည်နှင့် ဘသူတော်ကြီး ကို ပြောလိုက်သည်။ ဘသူတော်က ပြုံးရင်း...

'သူတော်ကောင်းသွားတဲ့ လမ်းပဲ သားရယ်၊ အကူအညီဆိုတာ အလိုလိုတွေဖြစ်လာမှာပါ။ သားသာ စိတ်ဓာတ်ကို ကြံ့ကြံ့ခိုင်ခိုင် ရှိပါစေ။ သားက အခု တော့ တယ် အားငယ် တတ်တာကိုးကွယ့်။ နောက်ပြီး ဘက ကတိသစ္စာကို ဦးထိပ်ထားတဲ့သူပါ'

ဘသူတော်ကပြောရင်း ယခုည ဤစေတီလေးတွင် စတင် အဓိဋ္ဌာန် ယူရန် ပြောသည်။ အဓိဋ္ဌာန်ယူ ပြည့် ထွက်လမ်းစဉ် ကျင့်နေစဉ်အတွင်း စားရေးသောက်ရေးကအစ မပူရန် သူတာဝန်ယူမည် ဖြစ်ကြောင်းလည်း ပြော၏။

ထို့နောက် ဝိဇ္ဇာခရ ထွက်ရပ်လမ်းနှင့် ပတ်သက်၍ အခက်အခဲ အတားအဆီး အနှောင့်အယှက်များလည်း အမျိုးမျိုးတွေ ရှိနိုင်ကြောင်း၊ ဝိဇ္ဇာတို့၏ တန်ခိုးသိဒ္ဓိ ဆိုသည်တို့မှာ နတ်တို့နှင့် တန်ခိုးသိဒ္ဓိများ တူမျှကြသဖြင့် နတ်တို့ မနာလိုဖြစ် နှောင့်ယှက်တတ်ကြကြောင်း...

ကိုယ်စောင့်နတ်ကစ တောစောင့်နတ်၊ တောင်စောင့်နတ် အစရှိသဖြင့် နတ်အများကို အထူးမေတ္တာပို့ရမည် ဖြစ်ကြောင်း၊ နတ်တို့နှင့် ချစ်ခြင်းကို



ဖြစ်စေရမည့် ဖြစ်ကြောင်းလည်း အမိန့်ရှိလေသည်။

ထိုညက ဂန္ဓာရီဆရာလေးရဲဖော်သည် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို ဘုရားလှူပြီး **ဝိဇ္ဇာစရဏသမ္ပန္နော** ပုတီးစိပ်ကို အပတ်ရေ (၁၀၈)ပတ် စိပ်ပြီး စတင်အဓိဋ္ဌာန်ယူခဲ့၏။

ပြည်ဝင်ကျင့်စဉ် အဓိဋ္ဌာန်ယူခဲ့စဉ်က ထိုပုတီးစိပ်ကိုပင် အခါအားလျော်စွာ တွေ့ကြုံခဲ့ရသော ဆရာသခင်တို့က ညွှန်ကြားခဲ့သည်။ အဓိဋ္ဌာန်ယူရမည့် နေရာဌာနတို့သာ ကွဲပြားခဲ့ရသည်။ သို့ကြောင့် ယခု ပြည်ထွက်ကျင့်စဉ်၌လည်း ထိုပုတီးစိပ်ဖြင့်ပင် စတင် အဓိဋ္ဌာန်ယူလိုက်ခြင်း ဖြစ်ပေ၏။

နံနက်အရုဏ်တက်ချိန် တောင်စာလေးများ၊ ဘုတ်ငှက်ကလေးများ၊ စာပုတီးလေးများ တီတီတာတာ အော်မြည်ချိန်၌ ဘသူတော်လက်ထဲတွင် ဆွမ်းတော်ကပ်ရန် အငွေ့တထောင်းထောင်း ထနေသော ဆွမ်းအုပ်ကလေးကို ကိုင်ရင်း ရောက်လာသည်။

နောက် စေတီလေးရှိ စကျင်ကျောက်သားများနှင့် ထုလုပ်ထားသော ဗုဒ္ဓရုပ်ပွားတော်ရှေ့ရှိ ဆွမ်းကလပ်တွင် ဆွမ်းအုပ်ကလေးကို ...

ကာ ဘုရားဝတ်ပြု မေတ္တာပို့...

ဆွမ်းကပ်၍ သူ၏ လုပ်နေကျဝတ်...

ဖြစ်ဟန်တူသော ပုတီးစိပ်ခြင်း၊ တ...

ဘာဝနာ ရှုမှတ်ပွားများခြင်းတို့...

ဆက်လက်ပြုလုပ်သည်။

ပြုဖွယ်ကိစ္စများအားလုံး ပြီး...

ဘသူတော် သူ့ဆီ ထလာသည်...

နောက်...

'ကဲ သား အရုဏ်ဆွမ်း...

အောင်။ ဆွမ်းစားပြီးရင် ဒီကနေ နေ...

ပြောင်းရမယ်။ အင်းဂူကို သွားရမယ်...

ဟု ပြောလိုက်သည်။

* * *

"အင်းဂူ"

အင်းဂူ ဆိုသည်မှာ ဂန္ဓာရီဆ...

လေးရဲဖော် လှမ်းမြင်နေရသည့် ...

(၁၀၀၀)လောက်မြင့်မည့် တောင်...

၏အလယ် တောင်ကမ်းပါးယံ...

ရှိသည်ဟု ဘသူတော်က ပြောသ...

ခက်ခက်ခဲခဲ ဆင်းရမည့်နေရာ...

ကြောင်း တွေးရင်း ဂန္ဓာရီဆရာ...

ရဲဖော် ပခုံးတွန့်သွားမိပေ၏။

'အင်းဂူက ဟိုရှေ့က တောင်မြင့်...

တောင်ခါးပန်းအလယ် တည့်တည့်မှာ...

တော်တော် ခက်ခက်ခဲခဲတော့ သွား...

နေရာပဲ။ တောင်တန်းကြီးပေါ်ကိုသာ ...

ရောက်နိုင်ကြပေမယ့် အင်းဂူရှိတဲ့ ...

စောင်းကိုတော့ ရောက်ဖို့ မလွယ်...

တစ်ချက် အတိမ်းမခံဘူး။ တစ်ချက်မှား...

ဘဝခြားသွားနိုင်တဲ့ နေရာပေါ့။ ...

ဘတို့ ကျင့်နေကြတဲ့ ဂန္ဓာရီပညာလို...

ရယ်'

ရှေ့လ ဆက်ဖတ်ပါရန်

**နေဝန်းနီ**



www.burmeseclassic.com

www.burmeseclassic.com



# ဘုရားပုံးတဲ့ သက်တံလေလား

သိသူများမှ ဖော်ပြပေးကြပါ

ရွှေစံကင်း

လောကတွင် လူတိုင်း လူတိုင်းသည် ထူးခြားဆန်းပြားသော ဖြစ်ရပ်များကို မထင်မှတ်ဘဲနှင့် ကြုံတွေ့ကြရသည်။ တချို့သော အကြောင်းအရာများသည် ဖြစ်ရိုးဖြစ်စဉ် ဆိုသော်လည်း အများ မကြုံဘူးသော၊ မသိသေးသော၊ မကြားဘူးသော ဖြစ်ရပ်များ ဖြစ်ခဲ့ရ၏။

စာရေးသူ ကြုံတွေ့ခဲ့ရသော အောက်ပါ ဖြစ်ရပ်ကလေးကို စာရှုသူ အပေါင်းတို့အား ကောင်းသည့်, ဆိုးသည်ကို ဝေဖန် အကြံပြုပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

စာရေးသူတို့ နေထိုင်သော အိမ်သည် ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းတွင် တည်ရှိပြီး မြစ်နှင့် တစ်ဖာလုံခန့်ဝေးပြီး မြစ်ဘက်သို့ မျက်နှာမူကာ တည်ဆောက်ထားခြင်း ဖြစ်သည်။

အိမ်၏ ခေါင်းရင်းဘက်သည် တောင်ဘက်အရပ်တွင်ရှိပြီး ဘုရားခန်းကို သီးသန့်တစ်ခန်း ထုတ်ထားသည်။ ဘေး တစ်ဖက်တစ်ချက်တွင် မှန်အကြည်များကို တပ်ဆင်ထားသည်။

မိုးလယ်ကာလ နေ့တစ်နေ့တွင် ဖြစ်သည်။ မိုးများကလည်း ရွာလျက်ရှိပြီး ညနေ လေးနာရီလောက်တွင် မိုးများ တိတ်သွားသည်။ ထိုအချိန် နေက အလင်းရောင် ထွက်လာသည်။ ကောင်းကင်တွင် မိုးသားများလည်း ကင်းစင်လျက်ရှိ၏။ ထိုအချိန်တွင် စာရေးသူသည် ခြံထဲသို့ သီးပင်စားပင်များကို ပြုပြင်ရန် ထွက်ခဲ့သည်။

နာရီဝက်ခန့်အကြာတွင် အိမ်ပေါ်မှ သမီးအကြီး၏ အရေးတကြီး ခေါ်သံကို ကြားလိုက်ရသည်။

'ဖေကြီးရေ့ ဖေကြီးရေ ဒီမှာလာကြည့်ပါဦး၊ ဘုရားစင်မှာ အရောင်တွေ ထွက်နေတယ်၊ မြန်မြန်လာ'

ဟု ပြောသည်။ စာရေးသူလည်း အလုပ်ကို ခေတ္တရပ်ကာ အိမ်ကို အပြေးတစ်ပိုင်း ရောက်ရှိလာခဲ့သည်။

အိမ်ပေါ်သို့ရောက်သော် ဘုရားစင်သို့ လှမ်းကြည့်လိုက်သည်။ ဟုတ်ပါသည် အရောင်မျိုးစုံလင်စွာဖြင့် အလင်းရောင်သည် ဘုရားကျောင်းဆောင်အတွင်း ဝင်လျက် လင်းထိန်နေသည်ကို တွေ့လိုက်ရသည်။

စာရေးသူ အံ့သြသွားသည်။ ထို့ကြောင့် အိမ်သားများအား လှမ်းခေါ်လိုက်သည်။

'အားလုံး လာကြဟေ့ ဒီမှာ ဘုရားရောင်ခြည်တော် လွှတ်နေတယ်ဟေ့၊ ဖူးကြ… ဖူးကြ'


ဆိုပြီး ဘုရားကို မိသားစုလိုက် ဝိုင်းပြီး ဖူးကြသည်။ ပြီးလျှင် စာရေးသူမှ ထိုအလင်းရောင်သည် မည်သည့်နေရာက ထွက်သည်ကို သိရှိရန် အနီးသို့ ကပ်ပြီး လေ့လာမိသည်။

အလင်းရောင်သည် ဘုရားကျောင်းဆောင်၏ ညာဘက်တွင်လည်း လင်းထိန်နေသည်၊ ဘယ်ဘက်တွင်တော့ ညာဘက်လောက် အလင်းရောင်မရှိ၊ တကယ် ရောင်ခြည်တော် ကွန့်မြူးသွင် နှစ်ဖက်စလုံး အလင်းရောင်တူညီနေ

 စာမျက်နှာ (၂၈) သို့

www.burmeseclassic.com

www.burmeseclassic.com



သိုသခိုဦး
(မာန်အောင်)

# ရုက္ခစိုးခုန်

### အလောင်းအစားလုပ်ရဲ့သူ

နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတွေမှာ မြန်မာနိုင်ငံအရပ်ရပ်တို့မှ ဆောင်းပါးရှင်များ၏ ရေးသားတင်ပြထားတဲ့ ဖြစ်ရပ်မှန် ရုက္ခစိုးဇာတ်လမ်းတွေကို စဉ်ဆက်မပြတ်အောင် ဖတ်ရှုနေရပါတယ်။ စာရေးသူအနေဖြင့် ဖတ်လို့မရိုးနိုင်သလို ဝမ်းသာပီတိလဲ ဖြစ်မိပါတယ်။

ဒီလို ရုက္ခစိုးဇာတ်လမ်းတွေကို ဖတ်ပြီးတဲ့အချိန်မှာ **လွန်ခဲ့သော နှစ်ပေါင်း (၃၆)နှစ်လောက်ခန့်က** အဖြစ်အပျက်လေးတစ်ခုကို ပြန်လည် သတိရမိပါတယ်။ ဒီဇာတ်လမ်း ဖြစ်မြောက်အောင် ပြောပြပေးခဲ့တဲ့ သူကတော့ စာရေးသူတို့ရွာမှ အသက် (၇၀)ခန့် ရှိပြီဖြစ်တဲ့ ရှေးမီနောက်မီ "ဦးရဲလှဦး" ဆိုသော ပုဂ္ဂိုလ်ကြီးတစ်ဦးပဲ ဖြစ်ပါတယ်။ အဆိုပါ အဘ "ဦးရဲလှဦး"၏ ပြောပြချက်အရ စာစီပြု တင်ပြလိုက်ရပါတယ်။

* * *

"ကိုအောင်ဘု"ဟာ အလောင်းအစားကို အလွန် ဝါသနာထုံသူတစ်ဦးဖြစ်သလို သူ့ရဲ့အိမ်မှာလဲ တိုက်ကြက်ဖတွေကို အုပ်လိုက် မွေးထားပါတယ်။ တိုက်ကြက်ဖတွေ ခွပ်နိုင်တဲ့အရွယ်သို့ ရောက်ရှိလာပြီဆိုရင် သူဟာတော့ကျ



www.burmeseclassic.com

www.burmeseclassic.com

နှစ်သက်တဲ့ ကြက်ဖတစ်ကောင်ကို ရွေးပြီး တခြားအိမ်က တိုက်ကြက်ဖတွေနဲ့ ခြေစမ်းသဘောမျိုးအနေဖြင့် တိုက်လေ့ရှိပါတယ်။

အဲဒီလို (၃,၄)ကြိမ်ခန့် တိုက်ကြည့်ပြီးလို့ သူ့ကြက်ဖရဲ့ အရည်အချင်းကို စိတ်ချရလောက်ပြီဟုဆိုရင် တခြားရွာများက ကြက်ဖများနဲ့ လောင်းကြေးထပ်တိုက်ပါတော့တယ်။ တစ်နေ့မှာတော့ ကိုအောင်ဘုတစ်ယောက် သူ့ကြက်ဖကို တခြားရွာက ကြက်ဖတစ်ကောင်နဲ့ လောင်းကြေးထပ် တိုက်ဖို့အတွက် ချိန်းဆိုလိုက်ပါတယ်။

အစပထမတွင်တော့ ကိုအောင်ဘုရဲ့ ကြက်ဖမှာ အဆက်မပြတ်အောင် တိုက်စစ်ဆင်ပြီး ခွပ်ပါတယ်။ နောက်တဖြည်းဖြည်း ရေဆုံးလာလို့ အမောဖောက်လာပြီး ထွက်ပြေးပါတော့တယ်။ ဒါကြောင့် ကိုအောင်ဘုမှာ လောင်းကြေးထပ်ထားတဲ့ ပိုက်ဆံတွေကို လျော်ပေးလိုက်ရတယ်။

ကိုအောင်ဘုတစ်ယောက် လျော်ပေးလိုက်ရတဲ့ ပိုက်ဆံတွေအစား ဘယ်လိုပြန်ပြီး ရှာဖွေရမလဲဆိုတာ ကြံမိကြံရာ အကြံထုတ်ရပါတော့တယ်။ သိပ်အကြာကြီး အကြံ မထုတ်လိုက်ရပါဘူး။ ကိုအောင်ဘုရဲ့ ခေါင်းထဲကို အကြံတစ်ခုက ရုတ်တရက် ဝင်ရောက်လာပါတယ်။ အဲဒီအကြံကား...

* * *

ရွာ၏ အနောက်တောင်ဘက် မလှမ်းမကမ်းတစ်နေရာတွင် ညောင်ပင်ကြီးတစ်ပင်ရှိပြီး ထိုညောင်ပင်ကြီးရဲ့ ခြေရင်းမှာ ရွာသူရွာသားများ ပူဇော်ပ,သနေတဲ့ အဘိုး ရုက္ခစိုးစင် ရှိပါတယ်။ စင်ရဲ့ အခန်းထောင့်တစ်နေရာတွင် ရွာသူရွာသားများ ပူဇော်ထားတဲ့



ပိုက်ဆံတွေက အပုံလိုက် ရှိနေပါတယ်။

အဲဒီ ရုက္ခစိုးစင်ရှိရာ ညောင်ပင်ကြီး၏အနီးသို့ လူတစ်ယောက် ကြက်ဖနှစ်ကောင်ကို တစ်ဖက် တစ်ကောင်ပွေ့ပိုက်ထားပြီး ခပ်သွက်သွက် လျှောက်လာနေပါတယ်။ ထိုသူကား အခြားလူ မဟုတ်ပါ။ ကြက်သမား ကိုအောင်ဘုပဲ ဖြစ်ပါတယ်။

ကိုအောင်ဘုဟာ ညောင်ပင်ကြီးရဲ့ အောက်ခြေရှိ အဘိုး ရုက္ခစိုးစင်ရဲ့ ရှေ့ကို ရောက်တာနဲ့ ညင်သာစွာ ထိုင်လိုက်ပြီး သူ့လက်ထဲက ကြက်ဖနှစ်ကောင်ကို အဘိုး ရုက္ခစိုးစင်ဘက်သို့ ကြည့်လိုက်ပြီး ပြသလိုက်ပါတယ်။

'အဘိုး ရုက္ခစိုးကြီးရေ ဟောဒီ ကြက်ဖနှစ်ကောင်မှာ ဒီကြက်ဖက အဘိုး ရုက္ခစိုးကြီးရဲ့ ကြက်ဖ ဖြစ်တယ်။ မှတ်ထားနော်။ ဟောဒီကြက်ကတော့ ကျွန်တော့်ရဲ့ကြက်ဖ ဖြစ်တယ်။ အဘိုး ရုက္ခစိုးကြီးရဲ့ ကြက်ဖနဲ့ ကျွန်တော့်ရဲ့ကြက်ဖကို တိုက်ကြည့်မယ်နော်။ ဒါပေမယ့် အလကားတော့ မဟုတ်ဘူးနော်။ လောင်းကြေးထပ်ပြီး တိုက်မှာ'

ထိုသို့ ပြောဆိုလိုက်ပြီး ကြက်ဖနှစ်ကောင်ကို မြေကြီးပေါ်သို့ ချပေးလိုက်တယ်။ ကြက်ဖနှစ်ကောင်မှာလဲ အဆက်မပြတ်အောင် ခွပ်ပါတော့တယ်။ သိပ်အကြာကြီး မခွပ်လိုက်ရပါ။ အဘိုး ရုက္ခစိုးကြီး၏ ကြက်ဖ ထွက်ပြေးပါတော့တယ်။ ထိုအခါ ကိုအောင်ဘုက...

'တွေ့တယ်မဟုတ်လား အဘိုး ရုက္ခစိုးကြီးရဲ့ ကြက်ဖ ထွက်ပြေးသွားပြီ။ ဒါကြောင့် အဘိုး ရုက္ခစိုးကြီးရဲ့ ပိုက်ဆံတွေကို ကျွန်တော် ယူလိုက်တော့မယ်နော်'

ထိုသို့ ပြောဆိုလိုက်ပြီး စင်၏ ထောင့်တစ်နေရာတွင် စုပုံထားသော ပိုက်ဆံတွေကို လက်နှစ်ဖက်ဖြင့် သိမ်းကျုံးယူလိုက်ပါတော့တယ်။ ဒီနောက်မှာတော့ ကိုအောင်ဘုတစ်ယောက် ရွာဘက်ဆီသို့ သွက်လက်သော ခြေလှမ်းများဖြင့် ပြန်လာခဲ့ပါတယ်။

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားခဲ့ပြီး နောက်တစ်နေ့ညတွင် ကိုအောင်ဘု၏ မိန်းမဖြစ်သူ မစန်းငွေမှာ အိပ်မက်တစ်ခုကို မြင်မက်ပါတော့တယ်။ အိပ်မက်ထဲတွင် အသက် (၆၀) ခန့် ရှိမည်ထင်ရသော ဝတ်ဖြူစင်ကြယ် ဝတ်ထားတဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦးဟာ လက်ထဲတွင် တောင်ဝှေးတစ်ချောင်းကို ကိုင်ဆောင်ပြီး မစန်းငွေအား စူးရှသော မျက်လုံးအစုံဖြင့် စူးစူးစိုက်စိုက် ကြည့်လိုက်ပြီး လက်ညှိုးငေါက်ငေါက်ထိုးကာ မစန်းငွေအား ထိုသို့ ပြောပြလိုက်ပါတယ်။

'မနေ့က နင့်ယောက်ျား အောင်ဘုဟာ ကြက်ဖနှစ်ကောင်နဲ့ ငါ့ဆီကို ရောက်လာတယ်။ အဲ့ဒီကြက်ဖ နှစ်ကောင်ကို သူနဲ့ငါ တစ်ယောက် တစ်ကောင်ကျစီယူပြီး လောင်းကြေးထပ် တိုက်ကြတယ်။ ငါ့ကြက်ဖက ထွက်



www.burmeseclassic.com

www.burmeseclassic.com

ပြေးလို့ ငါ့ပိုက်ဆံတွေ အကုန်ယူသွားတယ်။ ဒီတစ်ခါတော့ ငါ ခွင့်လွှတ်လိုက်မယ်။ နောက်တစ်ခါ ဒီလို လာမလုပ်နဲ့လို့ နင့်ယောကျ်ား အောင်ဘုကို ပြောပြလိုက်။ ငါသွားမယ်'

ထိုသို့ ပြောဆိုပြီး ရုတ်တရက် ကွယ်ပျောက်သွားပါတော့တယ်။ အိပ်မက်အား မြင်မက်ခဲ့ပြီး နောက်တစ်နေ့တွင် မစန်းငွေသည် အိပ်မက်အကြောင်းကို သူ့ယောကျ်ား ကိုအောင်ဘုအား ပြောပြလိုက်ပါတယ်။

ထိုအခါ ကိုအောင်ဘုက...

'ဘာမှ တွေးကြောက်မနေပါနဲ့ စန်းငွေရာ အဘိုး ရုက္ခစိုးကြီးက စိတ်ကောင်းရှိပါတယ်။ ဘာအန္တရာယ်မှ မပေးပါဘူး'

'ရှင်မကြောက်ပေမယ့် ကျွန်မက ကြောက်တယ်တော်။ အများသူငါတွေ ပူဇော်ပ,သနေတဲ့ အဘိုး ရုက္ခစိုးကြီးကို ရှင်မို့လို့ မဖွယ်မရာ လုပ်ရက်တယ်။ မတော်လို့ အဘိုး ရုက္ခစိုးကြီးက ဒဏ်ခတ်လာခဲ့ရင် ရှင်ပဲ ဒုက္ခရောက်မှာ'

'ကဲ... ငါ အခုပဲ အဘိုး ရုက္ခစိုးကြီးကို သွားပြီး တောင်းပန်လိုက်မယ်ဟာ။ ဘာမှ တွေးကြောက်မနေနဲ့တော့ ဟုတ်ပြီလား'

ထိုသို့ ပြောဆိုလိုက်ပြီးနောက် ကိုအောင်ဘုတစ်ယောက် ရွာအပြင်ဘက် ညောင်ပင်ကြီးအောက်တွင် ရှိသော အဘိုး ရုက္ခစိုးစင်ရှိရာသို့ ချက်ချင်း ထွက်သွားပါတော့တယ်။

'ဇာတ်လမ်းကတော့ ဒီမျှပါပဲ မောင်သစ်ရေ။ တကယ်တော့ ရုက္ခစိုးဆိုတာ စိတ်ကောင်းရှိတဲ့ ရုက္ခစိုးပဲဖြစ်ဖြစ်၊ ခက်ထန်ကြမ်းတမ်းတဲ့ ရုက္ခစိုးပဲဖြစ်ဖြစ် သူတို့တွေကို သွားပြီး အမှားတစ်ခုခုကို မပြုလုပ်မိအောင် နေထိုင်သွားမယ်ဆိုရင် ဘာအန္တရာယ်မှ မပေးပါဘူး'

စကားဆုံးသည်နှင့် အဘ "ဦးရဲလှဦး" က ရေနွေးကြမ်း ပန်းကန်ကို ကောက်ကိုင်လိုက်ပြီး တစ်ကျိုက်မော့သောက်လိုက်လေ၏။

စာရေးသူလည်း အဘပြောသမျှကို မှတ်သားလိုက်ပြီးနောက် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းသို့ စာစီပြု ရေးသားတင်ပြလိုက်ရပါတော့သည်။

***ရှင်လန်းချမ်းမြေ့ကြပါစေ။***

ညိုသစ်ဦး(မာန်အောင်)

စာမျက်နှာ (၂၇၇)မှ အဆက်

ရမည်။ ယခုတော့ တစ်ဖက်နှင့်တစ်ဖက် မတူညီဘဲ ကွဲပြားလျက် ရှိသည်။

ထို့ကြောင့် စိတ်ထဲက မသင်္ကာဖြစ်လာသည့်အတွက် အိမ်အောက်သို့ ဆင်းပြီး ကောင်းကင်သို့ မော့ကြည့်မိသည်။ ဟော... တွေ့ပါပြီ သက်တံကြီးတစ်ခု ကောင်းကင်တွင် ပေါ်နေခြင်း ဖြစ်သည်။

သက်တံ၏ တစ်ဖက်စွန်းသည် စာရေးသူတို့ ဘုရားစင်ကို တိုက်ရိုက်ထိုးကျနေပြီး ဘေးမှ ကာထားသော မှန်ကို ထိုးဖောက်ကာ ဘုရားကျောင်းဆောင်ကို ထိုးနေခြင်း ဖြစ်သည်။ သက်တံ၏ အခြားတစ်ဖက်သည် ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းရေထဲတွင် ကျရောက်နေသည်ကို တွေ့လိုက်ရသည်။

ဖြစ်ရပ်ကလေးကတော့ ဤမျှသာ ဖြစ်ပါသည်။ ဖြစ်ရိုးဖြစ်စဉ် ဖြစ်သော်လည်း အင်မတန်မှ ကြုံကြိုက်ခဲလှပါသည်။ ရှားပါးလှပါသည်။

ထို့ကြောင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းပရိသတ်ကြီးအနေဖြင့် **ဤကဲ့သို့ အဖြစ်မျိုး ကြုံဖူးပါသလား၊ အကယ်၍များ ဤကဲ့သို့ ကြုံဖူးကြားဖူးပါက မည်ကဲ့သို့ ကောင်းကျိုးရှိသည်၊ ဆိုးကျိုးရှိသည်တို့ကို ပညာရှင်များ နားလည်တတ်ကျွမ်းသူများအနေဖြင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ ဖော်ပြပေးကြပါရန်** အထူးပဲ မေတ္တာရပ်ခံအပ်ပါသည်။

***အားလုံး လိုရာဆန္ဒ ပြည့်ဝနိုင်ကြပါစေ။***

ရွှေစံကင်း

စာမူပို့ရန်လိပ်စာ...
ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၇၃၊ (၂၉)လမ်း၊
ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း-၀၁ ၂၄၂...



www.burmeseclassic.com

www.burmeseclassic.com



ရွှေကံမြေ့ ဖိုးဇော

# ဓာတ်ပုံဆရာဘဝ

## ဖြစ်ရပ်ဆန်းများ(၁)

ကျွန်တော်က ဓာတ်ပုံဆရာမျိုးရိုးလို့ ပြောရင်တော့ ရမယ်ထင်တယ်။ အဖေက အသက်(၂၀)နှစ်လောက်အထိ ရွာမှာ လယ်လုပ်ပြီး အသက်မွေးနေတုန်းပေါ့။

ရွာဆိုတာက အခု ကျွန်တော်တို့နေတဲ့ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း ပြည်မြို့နယ်၊ ဝက်ထီးကန်တိုက်နယ်ထဲက သပြေပင်အင်း(ခေါ်) အင်ကုန်း(ခေါ်) ကန့်လန့်ကုန်းဆိုတဲ့ရွာလေး...

အဖေ အသက်(၂၀)ကျော်လောက်မှာ အိမ်ထောင်ကျ။ သားတွေ,သမီးတွေ ရလာမှ ဝက်ထီးကန်တိုက်နယ်ကို ပြောင်းပြီး ဓာတ်ပုံလုပ်ငန်းကို တောက်လျှောက်လုပ်လာခဲ့တာ။ ဩော်... ပြောဖို့ကျန်ခဲ့တယ်။ အဖေက ဓာတ်ပုံပညာကို ပြည်မြို့က "မော်"ဓာတ်ပုံတိုက်မှာ သင်ခဲ့တာ ပျ။ အဲဒီအချိန်တုန်းက ပြည်မြို့မှာ ဓာတ်ပုံဆရာဦးဆန်းလွင်ရဲ့ "မော်" ဓာတ်ပုံတိုက်က နာမည်ကြီးပေါ့။ ဆိုပါတော့ဗျာ... အဖေက မွေးတဲ့ ကျွန်တော်တို့ ညီအစ်ကိုမောင်နှမ (၅)ယောက်လုံး ဓာတ်ပုံပညာတော့ တတ်တဲ့လူချည်းပဲ။ ကျွန်တော်လဲ ဒီလိုပဲပေါ့။ (၈)တန်း ကျောင်းသားဘဝမှာကတည်းက ဓာတ်ပုံရိုက်တတ်နေပြီ။

ကိုယ်တိုင် အမှောင်ခန်း(Dark Room)ထဲမှာ ဓာတ်ပုံတွေ ကူးတတ်နေပြီ။ အလင်းအမှောင်ရဲ့သဘော၊ Colar (အရောင်)တွေ၊ Shapeတွေရဲ့သဘော Zoomတွေရဲ့အထာ စသည်ပေါ့...

ဒီလိုတွေ ပြောနေလို့ ကျွန်တော့်ဘဝအကြောင်းထက်ပဲ ကျွန်တော့်ကိုယ်တွေ့ကြုံခဲ့ရတဲ့ ဒီအဖြစ်အပျက်ဆန်းလေးမှာ ဓာတ်ပုံတွေ လိုက်ရိုက်ရင်း ဖြစ်ခဲ့တာမို့ ဓာတ်ပုံနဲ့ ပတ်သက်ရင် ကျွန်တော် တော်တော်လေး ကျွမ်းကျင်



www.burmeseclassic.com

www.burmeseclassic.com

နေပြီဆိုတာကို ကြိုတင်ပြောပြထားချင်တာပါ။

ဒီလိုဗျာ... တစ်နေ့ပေါ့။ မနက်ကြီး ဝက်ထီးကန်ရဲစခန်းက နယ်ထိန်းတစ်ယောက်နဲ့ ရဲဘော်နှစ်ယောက် ကျွန်တော့်အဖေရဲ့ တင်အေး(ဓာတ်ပုံ)တိုက်ကို ရောက်လာကြတယ်။

'ဦးလေး ဓာတ်ပုံရိုက်ခေါ်ချင်လို့'

'ဘယ်ကိုလဲကွ'

'လယ်ဘဲ့ရွာမှာပါ'

'ဘာဖြစ်လို့လဲကွ'

'ဦးမောင်မောင်ရဲ့ အလုပ်သမားတစ်ယောက် သစ်ဆွဲရင်း တုံးပိသေလို့ ရဲမှုရခင်းဆိုပါတော့ ဦးလေးရာ။ အဲဒါ မှတ်တမ်းဓာတ်ပုံလေး တင်ချင်လို့'

အဖေက ကျွန်တော့်ဘက် လှည့်ပြီ...

'သား... မင်း လိုက်သွားမလား။ သွားရဲလား'

'ဟာ... အဖေ၊ ဘာလဲ၊ ဘာလို့ မသွားရဲရမှာလဲ။ ကျွန်တော်လိုက်သွားလိုက်မယ်'

အဲဒါနဲ့ ကျွန်တော် ကင်မရာတွေ၊ ကင်မရာမီး(Flash gun)တွေ သေချာစစ်၊ ဓာတ်ခဲအသစ်တစ်စုံ အပိုထည့်၊ အားလုံးပြည့်စုံအောင် စစ်ဆေးလိုက်ပြီး သူတို့ရဲတပ်ဖွဲ့နဲ့ လယ်ဘဲ့ရွာကို ထွက်လာခဲ့ကြတယ်။

လယ်ဘဲ့ရွာဟာ ဝက်ထီးကန်ကနေ (၆)မိုင်လောက်ဝေးတဲ့ ရွာကြီးတစ်ရွာပေါ့။ ကျွန်တော်တို့အဖွဲ့ စက်ဘီးတွေစီးပြီး သွားခဲ့ကြတယ်။ အမှန်တော့ ကားနဲ့ သွားရင်လဲ ရတယ်။

ဝက်ထီးကန်နဲ့ မြောက်နဝင်းဆည်ကို အဲဒီအချိန်က လမ်းကောင်းကောင်း ပေါက်နေပြီ။ ဒါပေမယ့် လမ်းမကြီးကနေ ရွာထဲကို ကားဝင်ရတာ အခက်အခဲရှိလို့ ကားနဲ့ မသွားကြတာ...

ထားပါတော့ဗျာ... ဒီလိုနဲ့ အခင်းဖြစ်တဲ့နေရာကို ကျွန်တော်တို့ ရောက်ခဲ့ကြတယ်။ ဒီနေရာမှာ အခင်းဖြစ်တဲ့နေရာကို နည်းနည်း ရှင်းပြမှ ဖြစ်မယ်ဗျ။

သစ်ခွဲတဲ့ လွှစင်တွေဟာ များသောအားဖြင့် ရွာပြင်က သစ်ကြီးဝါးကြီးအရိပ်ကောင်းတဲ့ ညောင်ပင်ကြီးတွေ၊ ကုက္ကိုပင်ကြီးတွေရဲ့အောက်မှာ ရှိကြတာကိုး။

ဆိုတော့...ဒီဦးမောင်မောင်ရဲ့ လွှစင်ဟာလဲ လယ်ဘဲ့ရွာအထွက်က ညောင်ပင်ကြီးအောက်မှာပေါ့။ ညောင်ပင်က တော်တော်ကြီးတယ်ဗျ။

ကျွန်တော်တို့ ရောက်တဲ့အချိန်က နေ့လယ်(၁၂း၀၀)နာရီ ဝန်းကျင်ဆိုတော့ နေက အရမ်းပူနေတဲ့ အချိန်ပေါ့။ ဒါပေမယ့် ညောင်ရိပ်ကြောင့် ထင်တယ်။ အေးစိမ့်နေတာပဲဗျာ။

ဦးမောင်မောင်ရယ်၊ သူ့အလုပ်သမား(၃)ယောက်ရယ်၊ လယ်ဘဲ့ရွာက ရွာလူကြီးတချို့ရယ်ကတော့ ကျွန်တော်တို့အရင် ကြိုရောက်နေကြပြီ။

တကယ်တော့ ဦးမောင်မောင်တို့၊ ဦးရွှေတို့ဆိုတာ ကျွန်တော်တို့ ဝက်ထီးကန် နဝင်းလယ်းရပ်ကွက်က သစ်သူဌေးတွေပေါ့။ သူတို့က သစ်တွေကို အခုလိုရွာတွေမှာ ခွဲခြမ်းပြီးမှ ဝက်ထီးကန်ကိုတင် အရောင်းအဝယ်လုပ်ကြတာပေါ့။

ကဲ...ကျွန်တော်တို့ ဇာတ်လမ်းလေး ပြန်ဆက်ကြရအောင်ဗျာနော့။ ရဲတွေဟာ ရှိတဲ့လူအင်အားကို သုံးပြီး အလောင်းကို ပိနေတဲ့ သစ်တုံးကြီးကို ဝိုင်းဝန်းဖယ်ကြတာပေါ့။

ပြီးတော့ ထုံးမှုန့်တွေနဲ့ ဟိုဖြူး ဒီဖြူး အရှေ့၊အနောက်၊တောင်၊မြောက် မှတ်သင့်တာ မှတ်ပေါ့ဗျာ။ ခဏကြာတော့ နယ်ထိန်းက မေးတယ်။

'အစ်ကိုတို့က ဒီအခင်းဖြစ်တဲ့နေ (ညောင်ပင်ကြီးအောက်)မှာပဲ ရိုက်ချ တယ်။ မင်းအတွက် ဓာတ်ပုံရိုက်ရ အဆင်ပြေပါတယ်နော်'

'ရပါတယ် ကျွန်တော်က ပြဿ မရှိပါဘူး။ Flash gunလဲ ပါတယ် ဒီညောင်ရိပ်မပြေနဲ့ ညဘက်အမှော ထဲတောင် ကောင်းကောင်းရိုက် တယ်၊ ကင်မရာကလဲ Nikon အကော စားဗျ။ ဟဲ...ဟဲ'

'ကဲ...ဒါဆိုလဲ ရိုက်ပေးကွာ'

ဒါနဲ့ ကျွန်တော်လဲ လွယ်အိတ်ထဲ ကင်မရာကိုထုတ် Aperture(အပေါ် တွေ၊ Shutter(ရှတ်တာ)တွေညှိ၊ Fla gunကိုဖွင့် မီးအားပြည့်ပြီဆိုတာ သေ တော့မှ အလောင်းကို သေသေချာ ချိန်ပြီး Focus ဖြတ်၊ OKပြီဆိုတော ဓာတ်ပုံရိုက်လိုက်တယ်။

'ချက်'

ကျွန်တော့်စိတ်ထဲမှာ သံသယ သွားတာရယ်၊ စိတ်ထင့်သွားတာရ တစ်ပြိုင်တည်း ခံစားလိုက်ရတယ် သံသယဆိုတာက ကင်မရာရဲ့ မော ကျသံကို တယ်မကြိုက်လှဘူး။

ပုံမှန်ဆိုရင် မောင်းကျသံဟာ "ချရပ်"ဆိုတဲ့ အသံထွက်ရမှာ အခုတော့ ပုံမှန်မဟုတ်တဲ့ အသံဖြစ် တယ်။ Shutter အသံလွဲနေတယ် နောက်တစ်ချက်က Flash gunက အားပြည့်ရဲ့သားနဲ့ မီးမပွင့်ဘူး။

စိတ်ထင့်သွားတယ်ဆိုတာ အဲ ပုံမှန် မဟုတ်တော့ဘူးလေ။ ကျွန်တော် ကိုယ်တိုင်လဲ သိပ္ပံသမားပါပဲ၊ လက်တွေ့ သမား။ ဒါပေမယ့် တစ်ခါတစ်ရံ ကျွန်တော်တို့ လိုက်မမှီတဲ့ ပရလော ဆိုတာ ရှိနေတတ်တယ်လေ။ ကြည့်ပေါ့။

ဆိုတော့...ကင်မရာကနေ Fla



www.burmeseclassic.com

www.burmeseclassic.com

gunပြန်ဖြုတ် မီးကို စမ်းဖွင့်ကြည့်တယ်။ ရတယ်။ အိုကေ...ပြန်ကြိုးစားကြည့်တာပေါ့။

Flash gunကို အားပြန်ဖြည့် ကင်မရာမှာတပ်၊ Apertureနဲ့ Shutterကို (၈,၆၀)ပုံမှန်ထား၊ သေချာပြီဆိုမှ Focus ဖြတ်၊ မောင်းကို နှိပ်ချလိုက်တယ်။

ဒုတိယအကြိမ် NO မရဘူး။ အခုန အတိုင်းပဲ မီးမပွင့်ဘူး။ မောင်းသံမှားနေတယ်။ ဒီအတိုင်းဆိုရင် အခုရိုက်ပြီးတဲ့ နှစ်ပုံစလုံး မပေါ်ဘူး။ ဓာတ်ပုံကောင်းကောင်း လုံးဝမဖြစ်နိုင်ဘူးဆိုတာ ကျွန်တော် ကောင်းကောင်းသိနေတယ်။ ကျွန်တော့် အတွေ့အကြုံအရပေါ့။

အခုနလိုပဲ တတိယအကြိမ် ပြန်ကြိုးစားကြည့်ဖို့ လုပ်တယ်။ အဲဒီမှာပဲ နယ်ထိန်းက...

'ဘယ်လိုလဲ ညီလေးရ... ဘာတွေဖြစ်နေတာလဲ'

ကျန်တဲ့လူတွေကလဲ ဝိုင်းကြည့်နေတာပေါ့။ ကျွန်တော့်ကို...

'ဒီလိုဗျ...အစ်ကိုတို့ကို ဘယ်လိုပြောပြရင်ကောင်းမလဲ။ ဒီလိုဗျာ...အခု ကျွန်တော် ရိုက်ထားတဲ့ ဓာတ်ပုံနှစ်ပုံက ဘယ်လိုမှ မပေါ်ဘူး။

ဆိုလိုတာ ကျွန်တော် ဓာတ်ပုံရိုက်နေတာကို တစ်စုံတစ်ရာက နှောင့်ယှက်နေတယ်။ ကျွန်တော် ဘယ်လိုမှ ဓာတ်ပုံရိုက်လို့ မရဘူးဖြစ်နေတယ်။ ဟောဒီမှာကြည့် Flash gunမှာ မီး လုံးဝပြည့်နေတယ်။ မြင်တယ်နော်'

ဆိုပြီး ကျွန်တော် မီးစမ်းပြတယ်။ မီးက "ဖောင်း" ခနဲနေအောင် ပွင့်တယ်။ ဒီတော့ ကျွန်တော် ထပ်ပြောဖြစ်တယ်။

'ကဲ...အစ်ကို အခု ကျွန်တော်



နောက်ဆုံးအကြိမ် ကြိုးစားကြည့်မယ်။ အကယ်၍ အရင်လိုပဲ မရဘူးဆိုရင် ကျွန်တော်တို့ တစ်ခုခု လုပ်ရလိမ့်မယ်။ ဒီအလောင်းရဲ့ ဓာတ်ပုံကို ရဖို့ ဒီနေရာမှ ဒီနေရာထားပြီး ရိုက်မယ်ဆိုရင်တော့ ကျွန်တော့်အတွက် အဆင်မပြေဘူး။ ဆိုလိုတာက ဒီညောင်ပင်ကြီးအောက်မှာ ဆက်ရိုက်နေမယ်ဆိုရင်တော့ အဆင်ပြေနိုင်မယ်မထင်ဘူး

အစ်ကိုတို့ ရဲမှူးရဲခင်း မှတ်တမ်းဓာတ်ပုံရရင်ပြီးရော ဘယ်နေရာပဲ ထားရိုက်ရိုက် ရတယ်ဆိုရင်တော့ ဒီ တစ်ကြိမ် ကြိုးစားကြည့်လို့မှ အဆင်မပြေရင် ကျွန်တော့်ကို တစ်ခု ကူညီရလိမ့်မယ်။

အဲဒါက အလောင်းကို နေပူတဲ့နေရာ (ညောင်ပင်အရိပ်နဲ့ လွတ်ရာ)ကို ရွှေ့ပေးရလိမ့်မယ်။ ဘယ်လိုလဲ ရမလား'

ဆိုတော့ သူလဲ သဘောတူတယ်။

နယ်ထိန်းကတော့ သူ့အတွေ့အကြုံအရ ကျွန်တော်ပြောတာကို သိပ်မအံ့သြပေမယ့် ကျန်တဲ့လူတွေကတော့ နည်းနည်း လန့်သွားကြတယ်ထင်တယ်။ တီးတိုးတီးတိုး သဖန်းပိုးပေါ့။

ဒါနဲ့ နောက်ဆုံးအကြိမ် ကြိုးစားကြည့်မိတယ်။ ထင်ထားတဲ့အတိုင်းပါပဲ မရဘူး။ ဒီတော့ အလောင်းကို ညောင်ပင်နဲ့ အတော်လှမ်းလှမ်းကို ရွှေ့လိုက်တယ်။ နေပူကြီးထဲမှာပေါ့။ ကျွန်တော် Flash gun သုံးစရာ မလိုတော့ဘူး။ အမှောင်ရိပ်မပါတော့ဘူးလေ၊ ပြန်သိမ်းပေါ့။ ကင်မရာက Apertureနဲ့ Shutterတွေကို (၁၁,၁၂၅)ပြန်ပြောင်း OKပြီဆိုတော့ ဓာတ်ပုံရိုက်လိုက်တယ်။

'ချပ်'

နေပူထဲမှာမို့ အဲဒီအသံ အမှန်ပဲ ကြိုက်တယ်။ ဒီပုံပေါ်ပြီ။ ကျွန်တော့် သဘောအရ Auto သိနေတယ်။ သေချာအောင်လို့ နောက်ထပ်နှစ်ပုံ ထပ်ရိုက်တယ်။ OK အားလုံး အဆင်ပြေတယ်။ နယ်ထိန်းကိုလဲ ပြောလိုက်တယ်။

'ရပြီအစ်ကို ဘာမှမပူနဲ့။ ဒီပုံတွေ (နေပူထဲမှပုံတွေ)ကိုတော့ အာမခံတယ်ဗျာ။ စိတ်ချ'

နောက်တော့ ပြန်ခဲ့ကြတယ်။ ဓာတ်ပုံဖိုးတောင်းစရာရှိတာ တောင်း။ ဘောင်ချာဖွင့်ပေါ့။ အိမ်ရောက်တယ်ဆိုရင်ပဲ ကျွန်တော် အမှောင်ခန်းထဲ တန်းဝင်တော့တာ။ ဖလင်ဆေးလိုက်တယ်။ Negative(နဂ္ဂတစ်) ထွက်လာပါပြီဗျာ။ ရှေ့ဆုံးပုံ မည်းမည်းကြီး လုံးဝမပေါ်ဘူး။ နောက်သုံးပုံ အားလုံး OK (အိုကေ)။

ကြည့်စမ်း... ဘယ်လောက်တောင် ဆန်းကြယ်သလဲ။ ဒါ ကျွန်တော့်ရဲ့ ဓာတ်ပုံဆရာဘဝ တကယ့်ဖြစ်ရပ်မှန်တွေထဲက တစ်ခုပေါ့။ နောက်တော့မှ ထပ်ရေးပါဦးမယ်။ ဒီထက် ဆန်းကြယ်တာတွေ...

**ရွှေကံမြေ ဖိုးကေ**



www.burmeseclassic.com

www.burmeseclassic.com



# ရပ်ရွာအကျိုးကို

## ဆောင်နေတဲ့ ပရလောကသား

ရွာသက္ကိုရ ကျော်ဝင်းအောင်
(ပြည်- ဆည်မြောင်း)

လောကကြီးမှာ ယနေ့တိုးတက်နေပါတယ်ဆိုတဲ့ နိုင်ငံအတော်များများမှာ သိပ္ပံပညာ၊ ကွန်ပျူတာပညာတွေနဲ့ လိုက်လို့မမီ၊ တိုင်းတာလို့မရတဲ့ စိတ်နယ်လွန် ဖြစ်ရပ်ဆန်းကြယ် ဝိညာဉ်လောက အဖြစ်အပျက်တွေဟာ မြောက်မြားစွာ ဖြစ်ပေါ်နေတာကို စာဖတ်သူတိုင်း အသိပါ။

ယခု စာရေးသူ ရေးသားဖော်ပြမည့် အကြောင်းအရာမှာ ပရလောကနှင့် ပတ်သက်သော ဖြစ်ရပ်ဆန်းကြယ်ဇာတ်လမ်းတစ်ပုဒ်သာ ဖြစ်ပါသည်။ ထိုဖြစ်ရပ်သည် လွန်ခဲ့သော နှစ်ပေါင်း (၃၀)ခန့်က ပြည်မြို့ ဆံတော်ရပ်ကွက်တွင် ဖြစ်ပွားခဲ့သော အဖြစ်အပျက်တစ်ခု ဖြစ်ပါသည်။ ဇာတ်လမ်းအစမှာ ဤသို့ ဖြစ်ပါသည်။

*　　*　　*

သရေခေတ္တရာ ပြည်မြို့သ…
ဧရာဝတီမြစ်ကမ်းပါးပေါ်တွင် တ…
သောကြောင့် ရေလမ်း၊ ကုန်း…
အဆင်ပြေ ချောမွေ့ပြီး ပွဲရုံ…
မြောက်မြားစွာ တည်ရှိ၍ အလွန်…



www.burmeseclassic.com

www.burmeseclassic.com

စည်ကားသော မြို့တစ်မြို့ဟု ခေါ်ဆိုနိုင်ပါသည်။

ယခုအခါ နဝဒေးတံတားကြီးနှင့် ရွှေဘုံသာမုနိဘုရားကြီး ပေါ်ထွန်းလာ၍ ပြည်မြို့မှာ ပိုမို စည်ကားလာပေသည်။ ဆံတော်ရပ်ကွက်မှာ ပြည်မြို့ပေါ်ရှိ ရပ်ကွက်ကြီးများ ဖွဲ့စည်းတည်ဆောက်ရာတွင် တစ်ခုအပါအဝင် ရပ်ကွက် ဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်းလုံး နာမည်ကျော်ကြား လူသိများသော လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ခြေတော်ရင်းတွင် တည်ရှိသော ရပ်ကွက်တစ်ခုပင် ဖြစ်သည်။

ထိုရပ်ကွက်တွင်ရှိသော ရပ်ကွက်အရန်မီးသတ် လူငယ်လေးများသည် နွေ၊ မိုး၊ ဆောင်းမဟူ ရပ်ကွက်အတွင်း သူခိုးသူဝှက်နှင့် မီးဘေးရန် ကင်းဝေးစေရန် ညဥ့်နက်တိုင်အောင် ကင်းလှည့်သောစနစ် ထားရှိသည်။

ထိုစဉ်အခါက ဆံတော်ရပ်ကွက် အရန်မီးသတ်အဖွဲ့ အုပ်ချုပ်သူမှာ တပ်စုမှူး ဘဘဦးထွန်းကြည် ဖြစ်ပါသည်။ ထို အရန်မီးသတ်ရဲဘော်များတွင် တပ်ကြပ် ဦးအောင်မင်းဆိုသော အသက်(၂၀)ဝန်းကျင်ရှိ အရန်မီးသတ်ရဲဘော်အဖြစ် တာဝန်ထမ်းဆောင်နေစဉ်ကာလက အဖြစ်အပျက်တစ်ခု ဖြစ်ပါသည်။

ထိုပုဂ္ဂိုလ် ဦးအောင်မင်းသည် ယခုအခါ ခေတ္တရာမြို့သစ်ရပ်ကွက်တွင် နေထိုင်ကာ လူမှုရေးလုပ်ငန်းဖြစ်သော ကြက်ခြေနီတပ်ဖွဲ့တွင် ပြည်မြို့နယ်ဒု၊တပ်ရင်းမှူးအဖြစ် တာဝန်ထမ်းဆောင်နေသည့်အပြင် ရပ်ကွက်အုပ်ချုပ်ရေးရုံးတွင်လည်း ရာအိမ်စုမှူးအဖြစ် တာဝန်ထမ်းဆောင်နေသူ



ဖြစ်သည်။

ဆံတော်ရပ်ကွက်တွင် ဦးအောင်မင်းသည် အရန်မီးသတ်တပ်ဖွဲ့ ညဂျူတီတာဝန်ကျတိုင်း ပျက်ကွက်သူတစ်ယောက် မဟုတ်ပေ။ ယနေ့လည်း ဦးအောင်မင်းတို့ အရန်မီးသတ်အဖွဲ့မှာ ညဂျူတီကျသဖြင့် ဆံတော်ရပ်ကွက် အရန်မီးသတ်ကင်းသို့ စောစီးစွာ ရောက်ရှိနေသည်။

ထိုသို့ စောစီးစွာ ရောက်ရှိရခြင်းမှာလည်း မိုးတွင်းအခါကာလလည်းဖြစ်ပြန်၊ မိုးကလည်း တဖွဲဖွဲကျနေ၍ မိုးကလည်း ဒု၊ကင်းမှူး တာဝန်ကျနေသောကြောင့် ဖြစ်သည်။

မိုးအေးအေးနှင့် အရန်မီးသတ်ကင်းတွင် ရေနွေးကြမ်းသောက်ရင်း အရန်မီးသတ်ရဲဘော်လေးများနှင့် စကားစမြည် ပြောဆိုနေကြခြင်း ဖြစ်သည်။ ထိုအချိန်တွင် အရန်မီးသတ်တပ်ဖွဲ့ တပ်စုမှူး ဘဘဦးထွန်းကြည် ရောက်ရှိလာပြီး…

'ကိုအောင်မင်းရေ… ည(၁)နာရီနဲ့ (၃)နာရီကြားကို ရပ်ကွက်အတွင်း ပတ်ကင်းလှည့်ဖို့ မမေ့နဲ့နော်။ မိုးအေးအေးနဲ့ သူခိုးရန် ကြောက်ရတယ်ကွ'

'ဟုတ်ကဲ့ပါ ဘဘ၊ ကျွန်တော်တို့အဖွဲ့ ပတ်ကင်းလှည့်ပါမယ်'

အရန်မီးသတ်အဖွဲ့ တပ်စုမှူး ဘဘဦးထွန်းကြည်သည် ကျွန်တော်တို့ အရန်မီးသတ်ရဲဘော်များကို မှာကြားပြောဆိုပြီး သူ၏စားပွဲတွင် ဝင်ထိုင်ကာ စာဖတ်နေပါသည်။

ကိုအောင်မင်းတို့ အရန်မီးသတ် ညဂျူတီကျသူတွေမှာ အဖွဲ့တွေ ခွဲပြီး အသီးသီး လှည့်ကင်းပတ်ရန် နေရာနယ်မြေ ခွဲဝေ သတ်မှတ်ကြပါသည်။ ယခုည ကိုအောင်မင်းတို့ ပတ်ကင်းလှည့်နယ်မြေမှာ ဗိုလ်ချုပ်လမ်း၊ စာတိုက်တန်းလမ်း၊ ရွှေဆံတော်ဘုရားမြောက်ဘက် စောင်းတန်းလမ်း **(ယခုအခါ မျိုးသုခ အထူးကုဆေးခန်းတည်ရှိရာလမ်း)**တို့ ဖြစ်ပါသည်။

သို့နှင့် အရန်မီးသတ်အဖွဲ့ တပ်ကြပ် ကိုအောင်မင်းမှာ မီးသတ်အဖွဲ့ကင်းမှ နာရီကို လှမ်းကြည့်လိုက်သည့်အခါ ည(၂)နာရီ စွန်းလာပြီမို့ သူနှင့် တာဝန်ကျ အရန်မီးသတ် ရဲဘော်လေးများကို ခေါ်ပြီး သူတာဝန်ကျရာ ရပ်ကွက်အတွင်း ပတ်ကင်းလှည့်ဖို့ ပြင်ဆင်ပါသည်။

ကွမ်းတစ်ယာညက် အကြာမှာ အရန်မီးသတ်တာဝန်မှူး တပ်ကြပ် ကိုအောင်မင်းနှင့်အဖွဲ့မှာ တာဝန်ကျရာ လမ်းအသီးသီးကို ပတ်ကင်းလှည့်ရန် ထွက်ခဲ့ပါတော့သည်။

သာသနာ့ဗိမာန်ရှေ့ မျက်စောင်းထိုးလမ်း (ဦးမြင့် သင်္ကန်းပရိက္ခရာဆိုင်တိုက် နောက်ဘက်)ကို ရောက်သည့်အခါ အရန်မီးသတ်တပ်ဖွဲ့ ရဲဘော်လေးများရှေ့ ဝါးနှစ်ပြန်လောက်မှာ အသက်(၅၀)ခန့် ခေါင်းတုံးဆံပင်နှင့် အင်္ကျီလက်တို ဝတ်ထားသူတစ်ဦးမှာ မိုးဖွဲဖွဲမှာ ဘာမှ ဆောင်းစရာမပါဘဲ မသက်မသာ သွားနေပါသည်။

ဒီအခါမှာ အရန်မီးသတ်တပ်ဖွဲ့ဝင် (၂)ဦးနှင့် အရန်မီးသတ် တာဝန်မှူး တပ်ကြပ် ကိုအောင်မင်းမှာ [illegible]



www.burmeseclassic.com

www.burmeseclassic.com

ကို မီရန်အတွက် အမြန်လျှောက်သော်လည်း ထိုပုဂ္ဂိုလ်မှာ ဝါးနှစ်ပြန်လောက်က မြန်နေသလို ထင်ရပြီး မနှေးမမြန် လိုက်လျှင်လည်း ထိုပုဂ္ဂိုလ်မှာ ဝါးနှစ်ပြန်လောက်ကပင် မနှေးမမြန် လျှောက်နေပါသည်။

ဒီလိုနှင့် ထိုပုဂ္ဂိုလ်မှာ ဦးညိုတိုက်၏ နောက်ကျောချင်းကပ်လျက် ရှိသည့် ဦးအေးကို ခြံဝန်းထဲကို ခြံတန်းတွေ မဖယ်မပြဘဲ ဝင်သွားသည်ကို တွေ့ရ၍ အရန်မီးသတ်တပ်ဖွဲ့ဝင်တွေမှာ သူခိုးဝင်သွားတယ်ဆိုပြီး၊ အနီးပတ်ဝန်းကျင်က အိမ်တွေကို အကုန်လိုက်နှိုးပြီး ဝိုင်းဝန်း ရှာဖွေကြပါသည်။ သို့သော် အပ်ကျပျောက်တာတောင် ရှာ၍ရသည့် လူစုလူဝေးဟာ သူခိုးကို အစ အနတောင်မှ မမြင်တွေ့ရတော့ပါ။

သို့နှင့် အရန်မီးသတ်တပ်ဖွဲ့ ကင်းတာဝန်မှူး ကိုအောင်မင်းမှာ စိတ်ပျက်အားလျှော့ပြီး ပတ်ဝန်းကျင်လူများကို ကျေးဇူးတင်စကားပြောကာ အရန်မီးသတ် တပ်စုရုံးရှိရာ အရန်မီးသတ်ကင်းစခန်းကို ပြန်လာပြီး တပ်စုမှူး ဘဘဦးထွန်းကြည်ကို ဖြစ်ပျက်သမျှ အကြောင်းစုံကို နှုတ်သံနှောကာ ပြန်ပြောပြတော့တာပေါ့။

ဒီအခါမှာ တပ်စုမှူး ဘဘဦးထွန်းကြည်မှာ စိတ်မကောင်းသော ဟန်အမူအရာဖြင့် ကင်းတာဝန်မှူး ကိုအောင်မင်းကို ပြန်ပြောပြပါသည်။

'အင်း… မောင်ကြောင်းစုံဟာ တို့ရဲ့အရန်မီးသတ်တပ်ဖွဲ့အပေါ်မှာ တော်တော်သံယောဇဉ်ကြီးသွားခဲ့ပုံပဲ။ အခု မင်းတို့တွေခဲ့တဲ့ ပုံပန်းသဏ္ဌာန်အရဆိုရင် မင်းတို့ရဲ့နောင်တော် အရန်မီးသတ် ရဲဘော်ဟောင်းကြီးတစ်ယောက်ပါကွာ။

ရပ်ကွက်အပေါ် တို့က တာဝန်သိသိနဲ့



စောင့်ရှောက်နေသလို ပရလောကသား မောင်ကြောင်းစုံကလဲ ရပ်ကွက်အပေါ် တို့နဲ့အတူ စောင့်ရှောက်နေကြောင်း မင်းတို့ကို သိအောင် ပြလိုက်တာပဲ။ ဘာမှမကြောက်ပါနဲ့ကွာ'

ဤကဲ့သို့ အရန်မီးသတ်တပ်ဖွဲ့ တပ်စုမှူး ဘဘဦးထွန်းကြည် ပြောပြလိုက်သည့်အခါ အရန်မီးသတ်ရဲဘော်လေးများနှင့် တပ်ကြပ် ကိုအောင်မင်းမှာ မကြောက်သော်လည်း ခေါင်းနားပန်းကြီးသွားသည်မှာတော့ အမှန်ပါ။ စိတ်ထဲမှာလည်း ယခုလို မှတ်ချက်ချမိလိုက်ပါတော့သည်။

'ဩော်…ပရဟိတ လူမှုရေးစိတ်ဓာတ်ဟာ သက်ရှိလူသားတိုင်းတောင် မလုပ်ကိုင် မဆောင်ရွက်နိုင်ပေမယ့် ဘဝတစ်ပါးကို ပြောင်းသွားတဲ့ ပရလောကသားကတောင် ရပ်ကွက်ပြည်သူအပေါ် တာဝန်သိတတ်သေးရင် ပါးသဲ အသက်ရှင်နေသမျှ ကာလပတ်လုံး လူမှုရေး လုပ်ဆောင်မှုတွေနဲ့ ဘဝကို မြှုပ်နှံထားလိုက်ပါမယ်'

အထက်ပါ စကားစုကို နောင်တော်ကြီး အရန်မီးသတ် တပ်ဖွဲ့ဝင်ဟောင်းကြီး ကြားယောင်မိပါက အားရဝမ်းသာ ဖြစ်မှာ အမှန်ဖြစ်သော်လည်း ဤစကားကို အရန်မီးသတ် တပ်ကြပ် ကိုအောင်မင်း၏ ရင်ထဲက အသံသာ ဖြစ်ပါသည်။ ဘေးနားက အရန်မီးသတ် တပ်ဖွဲ့ဝင် ရဲဘော်လေးများနှင့် တပ်စုမှူး ဘဘဦးထွန်းကြည်ပင် မသိလိုက်ပါ။

ထိုအဖြစ်အပျက်များ ဖြစ်ပွားပြီးနောက် တပ်ကြပ် ကိုအောင်မင်းသည် ရပ်ရွာလူမှုရေးများ၊ သာမူ့နာမူများ မကျန် ယနေ့ထက်တိုင် အားကြိုးမာန်တက် ဆောက်ရွက်လျက်ရှိသည်မှာ စာရေးသူအသိပင် ဖြစ်ပါသည်။

ထို့ကြောင့် လောကတွင် ကူညီပေးလိုသော စိတ်ဓာတ်ကောင်းများသည် သက်ရှိလူသားများအနေဖြင့် စံပြနမူနာယူသင့်သော ပြယုဂ်ဆိုက မှားမည်မထင်ပါ။

ထို့ကြောင့် စာရေးသူသည် အသပြာမချမ်းသာ၍ ငွေကြေးဖြင့် မကူညီနိုင်သော်လည်း ဘာသာရေးလုပ်ငန်း၊ ရပ်ရွာလူမှုရေးလုပ်ငန်းများကို ကိုယ်နိုင်သည့် ကျရာနေရာမှ တာဝန်ထမ်းဆောင်နေပါသည်။


သို့သော်လည်း ယခုကဲ့သို့ ပရလောကသား ပုဂ္ဂိုလ်ကတောင် ရပ်ရွာလူမှုရေးတာဝန်ကို ထမ်းဆောင်နေကြောင်း နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်များ သိရှိစေရန် လွန်ခဲ့သော နှစ်ပေါင်း(၃၀)ခန့်က ဖြစ်ရပ်မှန်လေးကို ရေးသား တင်ဆက်လိုက်ရပါသည်။ **(၁၃၇၃ ခုနှစ်၊ မဟာသင်္ကြန်မဏ္ဍပ်တွင် လုံခြုံရေးကင်းကျရင်း ပြောပြသော ခေတ္တရာမြို့သစ်ရာအိမ်စုမှူး ဦးအောင်မင်းအား ကျေးဇူးတင်ပါသည်။)**

ရသဂမ္ဘီရ ကျော်ဝင်းအောင်
*(မြည်-ဆည်မြောင်း)*



www.burmeseclassic.com

www.burmeseclassic.com



မင်းဝေလှိုင်
(အကြောဘုရင်)

# ပရလောကကမ္ဘာ

## စကားပြောနိုင်သည့် ဖြစ်ရပ်ဆန်း

ကျွန်ုပ်သည် ဘုရားရှင်ကို အလွန် ကြည်ညိုပြီး သာသနာတော်ကို အလွန် ချစ်ခင်လေးစား တန်ဖိုးထားသည့် သာသနာပြုနေသူ ပုဂ္ဂိုလ်တစ်ယောက်ဖြစ်ကြောင်း ဦးစွာ ဝန်ခံလိုပါသည်။

ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ယုံကြည်သည့် (သဒ္ဓါ)တရားအထွဋ်တင်ကာ ဗိုလ်ငါးပါးနှင့်အညီ ဝိပဿနာ တရားတော်မြတ်ကို ဆရာသမားကောင်းနှင့် ကျင့်ကြံ အားထုတ်ခဲ့သည့်အတွက်လည်း ထိုက်တန်သည့် တရားအဆင့်တစ်ခုကို ရောက်ရှိ ရရှိခဲ့သည်လည်း ဖြစ်ပါသည်။

ကျွန်ုပ် အဓိက ပြောဆိုလိုသည့် အချက်မှာ တရားတော်ကို မြတ်နိုးစွာ အားထုတ်ကြပါက **(၁) သာသနာစောင့် ပုဂ္ဂိုလ်များ၏ အစောင့်အရှောက်ကို ခံယူရရှိခြင်းနှင့် (၂) စိတ်ကမ္မဋ္ဌာန်းကို ပိုင်ပိုင် အားထုတ်ခဲ့ပါက စိတ်သမာဓိလိုင်း မြင့်မားလာကာ မမြင်ရသည့် လောကသားများနှင့် ဆက်သွယ်နိုင်ခြင်း** စသည့် အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း ထင်ရှား သိစေလိုခြင်း မူလဖြစ်ပါသည်။

ပထမအချက်အနေဖြင့် ကျွန်ုပ်သည် မဟာစည်နည်းအရ တရားတော်မြတ်ကို **ပဲခူးတိုင်း၊ ကဝမြို့နယ်၊ ကျားတက်ဆရာတော်ကြီး**ထံတွင် အားထုတ်ခဲ့ရာ ဉာဏ်စဉ်တရား နာကြားခွင့် ရခဲ့ပါသည်။ ဆရာတော်ကြီးမှ အားရတော်မမူသေးဘဲ သူ့သာသနာပြုရာနောက် လိုက်စေကာ ဆက်လက် အားထုတ်စေခြင်းပါသည်။

ကျွန်ုပ်လည်း ဝန်ထမ်းဘဝမှ လစာမဲ့ခွင့်ယူကာ ဆက်လက် အားထုတ်ရာ တရားဉာဏ် ပိုမို ရင့်ကျက်လာပြီး တရားပြ လက်ထောက်တစ်ယောက် အဖြစ် ကူညီနိုင်ခဲ့ပါသည်။

လိုရင်းဆိုသော် အနီတရားတော်မြတ်ကို မြတ်မြတ်နိုးနိုး အားထုတ်ခဲ့သူ ကျွန်ုပ်အား သာသနာစောင့် ပုဂ္ဂိုလ်မြတ်တစ်ဦးမှ လေဖြတ်ရောဂါ၊ အကြောရောဂါအမျိုးမျိုးကို မိမိ၏လက်၊ သူတို့၏ဓာတ်ဖြင့် ဝင်ရောက်ကုသပေးရာ ကျွန်ုပ်သည် (အကြောဘုရင်)အမည်ဖြင့် အကြောရောဂါကုဆရာတစ်ယောက် ဖြစ်လာပြီး တစ်ဖက်မှလည်း သာသနာကို ပြုနိုင်ခဲ့ပါသည်။

နောင်တစ်ချိန် ဝေဒနာရှင်တစ်ဦးမှ နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတွင် "အကြောဘုရင်နှင့် တွေ့ဆုံခြင်း" ဆောင်းပါးဖြင့် မိတ်ဆက်ပေးရာမှ ကျွန်ုပ်သည် နိုင်ငံအဝန်းသို့ မနေမနား ခရီးထွက်ကာ စေတနာဆရာအဖြစ် အသက်ကယ်ခွင့် ရခဲ့ပါသည်။ ကျေးဇူးကြီးပေစွ။

ထိုသို့ နယ်လှည့်ပြီး ကုသနေခဲ့ရာ



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သ၌ ဘီလူးကျွန်း ကလော့ ကျေးရွာ မုတော်ကျောင်းတိုက်၌ တည်းခိုနေထိုင်ပြီး လူနာများကို လက်ခံကုသပေးလျက် ရှိပါသည်။

ကျွန်ုပ်သည် ညစဉ် မိမိအလေ့အတိုင်း ရေးဟောင်း သိမ်တော်ကြီးတွင် တရားရှုမှတ်ပါသည်။ ပြီးလျှင် မေတ္တာပို့ အမျှဝေရာ အစောင့်အရှောက်များနှင့် ဆက်သွယ် စကားပြောခွင့်ရခဲ့ပါသည်။

ဤနေရာတွင် ကျွန်ုပ်သည် ပရလောကသားများနှင့် ဆက်သွယ် စကားပြောနိုင်စွမ်း ရှိနေသည်မှာ ကြာပြီဖြစ်သော်လည်း နောင် အကျယ်အကျယ် မငြိမ်းဖွယ်ဖြစ်မည်စိုး၍ မည်သူ့အားမျှ ဖွင့်ဟပြောဆို တိုင်ပင်ခြင်း မပြုမိပါ။ မိမိအား ပုတ်ခတ်စော်ကားလာမည်စိုးသည်ထက် တရားတော်ကို စော်ကားခံရမှာ အလွန် စိုးပါသည်။

တရားတော်သည် မိမိ၏ဘဝ၊ မိမိ၏ အသက် ဖြစ်သည်နှင့်အညီ တရားအားထုတ်ပြီးမှ ဤလူ ရူးကြောင်ကြောင် ဖြစ်သွားလေခြင်းဟူသော အပြောမျိုး ကျွန်ုပ်မခံနိုင်ပါ။

သို့သော် တရားတော်သည် တကယ်ရှိသည်။ တကယ် ထက်မြက်သည်။ တကယ့် လျှို့ဝှက်ချက်များဖြင့် ပြည့်နှက်နေသည် ဆိုသည်ကို သံသယရှိသူများကို သိစေချင်သည်။ ပြစေချင်သည်။ အံ့အားတသင့် ဖြစ်သွားစေချင်သည်။ ဤသည်ကား ကျွန်ုပ်၏ စစ်မှန်သော အာသီသသာတည်း။

လက်တွေ့မှ ယုံကြည် လက်ခံလိုသည့် လောကကြီးတွင် ကျွန်ုပ်ကိုယ်တိုင် သိပ္ပံသမား၊ ခေတ်ပညာတတ်တစ်ယောက်ပီပီ ကျွန်ုပ်၏ တွေ့ရှိချက်ဖြစ်သော အစောင့်အရှောက်များ အကြောင်းကို သေချာချင်ပါသည်။

ထို့ကြောင့်လည်း ကျောင်းထိုင်ဆရာတော်ကြီးအား တင်ပြ လျှောက်ထားရာ ဆရာတော်ကြီးမှ ပြုံးပြီး ထောက်ခံစကား ပြောကြားပါသည်။

'ဒကာကြီးမြင်တာ အမှန်တွေပါ။ ဒီကျောင်းမှာ အရင်က ဘီလူးရုပ်တုနှစ်ခု ရှိတယ်။ ယခင်ဆရာတော်ကြီးက ရေးဟောင်းပစ္စည်း ရောင်းဝယ်သူတွေ လက်ထဲထည့်လိုက်တာ၊ ဝယ်သူတွေကလဲ ထုပ်ပိုးပြီး ဘုရားသုံးဆူ လမ်းကနေ ယိုးဒယားကို ခိုးအထုတ်၊ တပ်မတော်စစ်ကြောင်းနဲ့တိုးပြီး ချောက်ထဲ ပစ်ချခဲ့တာ။

အဲဒီ ဘီလူးကြီးတွေက နေစရာ၊ ထိုင်စရာ မရှိတဲ့အကြောင်း ဆရာတော်ကြီးကို အကြိမ်ကြိမ် အိပ်မက်ပေးတာနဲ့ ဆရာတော်ကြီးက မနေနိုင်လို့ နေစရာလုပ်ပေးခဲ့ရတာ ဟောဟိုမှာ ကြည့်ပါလား'

ဆရာတော်၏ ညွှန်ပြရာကြည့်လိုက်ရာ အုတ်တိုက်ကလေးနှစ်လုံးကို တွေ့ရပါသည်။

'ဒကာကြီးက ကိုယ့်ကိုယ်ကို သံသယ ရှိနေတာလား'

'သေချာချင်လို့ပါ ဘုရား'

'စိတ်ချပါ။ ဒကာကြီး အမြင်မမှားပါဘူး'

ကျွန်ုပ်သည် ဤအချက်ကို သက်သေအရာထား၍ စိတ်ကမ္မဋ္ဌာန်းကို နိုင်နိုင် အားထုတ်ခဲ့ပါက မမြင်ရသည့် လောကသားများနှင့် စိတ်ချင်းဆက်သွယ် စကားပြောနိုင်လာခြင်း ဟူသည့် အကျိုးတရား ရရှိသည်မှာ ကေန် ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

သာသနာကို ချစ်မြတ်နိုးပြီး၊ သာသနာကို လေ့လာလိုက်စား တန်ဖိုးထားသူများ ပွားများနိုင်ကြပါစေ။

**မင်းစံလှိုင်(အကြောဘုရင်)**

**မည်သူမဆို ပါဝင်ရေးသား နိုင်ပါသည်**

*စာမူပို့ရန်* ...

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၃၃၊ (၂၉)လမ်း
ပန်းဘဲတန်းစာတိုက်၊
ရန်ကုန်မြို့။



www.burmeseclassic.com

www.burmeseclassic.com



ဇာရှင်ဝိသုဒ္ဓ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ရာဇဂြိုဟ်ရွာမှ

# ဂမ္ဘီရ ရေကန်ကြီး

ရာဇဂြိုဟ်ပြည်ကို အစိုးရသော ဝေဠုဝန်ကျောင်းတော် ဒါယကာ ဗိမ္ဗိသာရမင်းသည် အသက် (၁၅)နှစ်တွင် မင်းဖြစ်၏။ အသက် (၆၇)နှစ် နန်းသက် (၅၂)နှစ် ရောက်သောအခါ သားတော် အဇာတသတ် မင်းသည် ခမည်းတော်ကို သတ်၍ မင်းပြု၏။

အဇာတသတ်မင်းကို သားတော် ဥဒယဘဒ္ဒ သတ်၍ မင်းပြု၏။ ဥဒယဘဒ္ဒကို သားတော် အနုရုဒ္ဓါသတ်၍ မင်းပြု၏။ အနုရုဒ္ဓါကို သားတော် မုဏ္ဍ သတ်၍ မင်းပြု၏။ မုဏ္ဍကို သားတော် နာဂဒါသ သတ်၍ မင်းပြု ၏။

ထိုသို့ အဖသတ်မင်း(၅)ဆက်ရှိသောအခါ သာသနာသက္ကရာဇ် (၇၂) နှစ် ရှိခဲ့လေပြီ။ ထိုအခါ ရာဇဂြိုဟ်ပြည်သူပြည်သားတို့က အဖသတ်မင်းမျိုးကို မနှစ်သက်ကြတော့သဖြင့် နာဂဒါသမင်းကို သတ်၍ သုသုနာဂအမတ်ကြီးကို တညီတညွတ်တည်း မင်းမြှောက်ကြ၍ အဖသတ်မင်းဆက်အမျိုးအနွယ်တို့ကို ရာဇဂြိုဟ်ပြည်မှ နှင်ထုတ်ကြလေကုန်သတည်း။

ထိုအခါ နာဂဒါသ၏သားကား ဇာလာမိက၊ ဥသိက၊ ကိစ္စန ညီနောင်သုံးယောက်တည်း။ ထိုမင်းသားသုံးယောက် ပြည်မှ ထွက်သည့်ကာလ အတူတကွ လိုက်ပါသော ဆွေတော်မျိုးတော် (၃၀၀၀)၊ မင်းသားတို့နှင့် အတူ ပျော်ပိုက်လိုက်ပါလိုသူ အမှုထမ်း (၄၀၀၀)၊ အရိယာရဟန္တာ(၅၀၀)၊ ဆင်(၈၀၀)၊ မြင်း(၁၀၀၀)၊ မင်းထွက်တော်မူလျှင် လိုက်ရသော သင်တိုင်းဝတ်မဟာဓနု လေးကြီးကိုင်သူရဲ (၁၀၀၀)၊ စူဠဓနု လင်းလေးကိုင်တုရိုင်းသားလူမျိုး(၁၀၀၀)၊ ကာစွဲသန်လျက်ကြီးကိုင်သူရဲ(၁၀၀၀)၊ အလုံးစုံ (၁၇၀၀၀)သော ဗိုလ်ခြေနှင့်တကွ ရာဇဂြိုဟ်ပြည်ကြီးမှ ထွက်ကြ၍ စစ်အင်္ဂါလေးပါးနှင့် အပြည့်အစုံ အရှေ့တောင်ထောင့်အရပ်သို့ ဖြည်းညင်းသာယာစွာ သမာဓိနတ်တို့ စောင်မ၍ ဘေးအန္တရာယ်မရှိ စခန်းများစွာ သုံးလကျော် လေးလခန့် ထွက်ခွာရာတွင် မြို့ကြီးရွာကြီး တည်ထောင်ပြုစုလောက်သော ဘုမ္မိနက်သန်နေရာတို့ကို စူးစမ်းဆင်ခြင်လျက် ဤအရပ်သို့ ရောက်သဖြင့် နှစ်သက်လောက်သော မြေအပြင်ကို မြင်၍ ရပ်ဆိုင်းနေထိုင်စခန်းချကုန်သတည်း။

ထိုအခါ ဇာလာမိက မင်းသား အသက် (၁၇)နှစ်ရှိ၏။ ညီတော်နှစ်ယောက်မှာ ငယ်လှသေးသည်။ **(သာသနာတော် သက္ကရာဇ်ကား (၇၃)နှစ် ရှိလေပြီ။)** လေးမျက်နှာ၊ ရှစ်မျက်နှာအရပ်တို့ကို ပတ်လည်စူးစမ်းသည်ရှိသော် အနောက်မျက်နှာ၌ သီရိပဗ္ဗတတောင်ပေါ်က စီးဆင်းသော နန်းကရင်အမည်ရှိသော ချောင်းကြီးသည် အရှေ့အရပ်သို့ စီး၍ မြေညီရာအရပ်သို့ရောက်လျှင် တောင်သို့ လက်ယာရစ်သွား၏။

ထိုချောင်း၏ အရှေ့ဘက်အရပ်၌ မနီးမဝေး မနိမ့်မမြင့် တောင်ကမူတစ်ခုထက်တွင် သစ်ပင်ကြီးတစ်ပင်ကို လက်ယာရစ် နွယ်ပတ်လျက်ရှိ၏။ ထို့အတူ တောင်အရပ်၊ အနောက်အရပ်၊ မြောက်အရပ်တို့၌လည်း သစ်ပင်ကြီးတစ်ပင်စီတွင် နွယ်ပတ်လျက်ရှိကြ၏။ အလယ်ချက်မ၌ကား ညီညွတ်စွာသော မြေအပြင်ထက်တွင် အင်ကြင်းပင်ကြီးတစ်ပင်သည် လုံးပတ် (၁၀)တောင်၊ (၁၅)တောင်ရှိ၏။ အရပ် အတောင်(၅၀)ရှိ၏။ ခက်မငါးဖြာ တင့်တယ်၏။

ထိုအင်ကြင်းပင်ကြီးကို သမာဝတီ





www.burmeseclassic.com

www.burmeseclassic.com



အမည်ရှိသော နွယ်ပင်သည် နဂါးရုပ် အဆင်းကဲ့သို့ လက်ယာရစ်ပတ်လျက်ရှိ၏။ ထိုသို့ အဆန်းတကြယ် အံ့ဖွယ်ရာတို့ကို တွေ့မြင်ကြရသဖြင့် ဤအရပ်၌ မြို့နန်းတည်ထောင်ရသော် သာသနာငါးထောင်ပတ်လုံး အဓွန့်ရှည်စွာ စည်ပင်လတ္တံ့ဟု ယူဆကြကုန်၏။

သို့သော် မြို့တည်ရန် အခါမရောက်သေး။ အကြောင်းမှာကား လဂ်နိုးနှင့် တည်သောမြို့သည် မင်းသက်ရှည်၍ မြို့သက်မရှည်ရာ။ ဇဂ်မကိန်းနှင့် တည်သောမြို့သည် မြို့သက်ရှည်၍ မင်းသက်မရှည်ရာ။ ထာဝရကိန်းနှင့် တည်သော မြို့သည်သာလျှင် မင်းသက်ရော မြို့သက်ပါ နှစ်ပါးလုံး ရှည်သည်ဟု ထာဝရကိန်းကို စောင့်ငံ့လျက်...

ထိုဘုမ္မိနက်သန်နေရာနှင့် မနီးမဝေး နန်းကရင်ချောင်း အရှေ့ဘက်၌ အိမ်ခြေ(၅၀၀၀၀)ဖြင့် ရောဇနတိုင်း အရိမဒ္ဒမြို့ဟု ယာယီခေတ္တ တည်ထောင်၍ ကြွင်းသော အိမ်ခြေတို့ကို အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာတို့၌ မြို့ရွာပြုစု၍ လုပ်ကိုင်စားသောက် ကြံစည်အားယူကြသည်။

သာသနာသက္ကရာဇ် ၉၂ ခုနှစ်တွင် ချင်းတွင်းမြစ်အရှေ့ဘက် မဟာမြိုင်တောတွင်း၌ ကစူး ကစက် သက်ကွမ်း ရည် အစုစုရှိသော လူမျိုးတို့ကို သိမ်းရုံး၍ မဟာဝုန်မြို့ဟု သမုတ်ပြီးလျှင် ညီတော်အငယ် ကိစ္စနရာဇာကို မင်းပြုစေ၏။

ထို့နောက် သာသနာသက္ကရာဇ် ၉၅ ခုနှစ်၌ ဝန်းသိုကောလင်း မိုးညှင်းအရပ်၌ ညီတော်အလတ် ဥသိကရာဇာကို မင်းပြုစေ၏။ ဤကဲ့သို့ (၂၇)နှစ်ပတ်လုံး ပြည်ထဲရေးတို့ သိမ်းပိုက်ပြုစုပြီး ထာဝရကိန်းဖြစ်သော သာသနာနှစ် (၁၀၀)ပြည့် တပေါင်းလဆန်း (၁၅)ရက် စနေနေ့နံနက် အလင်းရောင်ပြုလာသောအခါ နာရီပါဒ် (၁၃)၊ ဗီဇနာ (၂)ပြန် ခရာပြည့်၊ ကုံလဂ်၊ သိဟ်စန်း၊ မေထုန်ရာသီ၊ စနေတြွင်း၊ မေထုန်ရာသီ၊ စနေနဝင်း လဂ်စီးနက္ခတ် (၂၃)လုံး (၃)ပါဒ် ထက်လဂ်စီးလျက် အနုရာဓနက္ခတ် မွန်းမတ်သောအခါတွင် ဇာလာမိကမင်းကြီးသည် နွယ်ပတ်မြို့ မြေကျုံး နာရီမြို့တာမြို့လျှား တံခါး အစရှိသည်တို့ကို တိုင်းတာတည်လုပ်တော်မူသည်။


မြို့တာအဝန်းကား (၅၀၃၆)တာ၊ မြို့ရပ်(၁၀)၊ တောင်မြို့ထုမြေခင်း (၂)တာ၊ မြို့ထိပ်(၁၀)တောင်၊ မြို့ရိုးနှင့် ကျုံးပတ်လျက် (၁၅)တာ၊ ကျုံးစောက်အနက် (၇)တောင်၊ မြို့တွင်း အရှေ့၊ အနောက်(၂၅၆၄)တာ၊ တောင်၊မြောက် (၁၀၁၅)တာ၊ အရှေ့မျက်နှာ ကြိမ်ခင်း တံခါး (၁၂)တာ၊ ကြိမ်ခင်းတံခါးက စည်ပေါက်တံခါးအထိ (၁၈၆)တာ...၊

စည်ပေါက်တံခါး (၁၂)တာ၊ စည်ပေါက်တံခါးမှ ကြိမ်ခင်းတံခါးအထိ (၁၁၄)တာ၊ ကြိမ်ခင်းတံခါး (၁၂)တာ၊ ကြိမ်ခင်းတံခါးမှ ဟဲခင်းတံခါးအထိ (၁၁၅)တာ၊ ဟဲခင်းတံခါး (၁၂)တာ၊ ဟဲခင်းတံခါးမှ မြောက်မျက်နှာ ကြိမ်ခင်းတံခါးထိ (၁၀၄)တာ၊ အရှေ့မြောက်မျက်နှာ ဟဲခင်းတံခါး (၁၂)တာ၊ တံခါး

မြို့ရိုးကား မညီမညွတ်ရှိသည်။ ...
သုံးထပ်မြို့ကား အုတ်မြို့မဟုတ် ...
ရောကျောက်ပါတည်း။

* * *

နွယ်ပတ်မြို့တည်သော ဇာတာ




**စင်နက္ခတ်(၁၀)လုံး (၂)ပါဒ်**

၁။ ဇာလာမိကမင်းကြီးမှစ၍ မင်းအ... အဆက် စိုးမိုးအုပ်ချုပ်လာခဲ့... ရာ...

၂။ သားတော် မဟာဝန္တရာဇာ၊

၃။ သူ၏သားတော် မဟာသိဒ္ဓန္တရာ...

၄။ မဟာသိဒ္ဓန္တရာဇာ၏ ညီတော်... နန္ဒရာဇာ၊

၅။ နန္ဒရာဇာ၏ သားတော် "လန္တပါ... ရာဇာ" ယင်းလန္တပါလရာဇာ ... တက်၍ (၁၀)နှစ်အကြာ ... တိုက်ပါဠိလိပုတ်ပြည်ကြီးမှ ... ဓမ္မာသောကမင်းကြီး ဝေတော်... သော ဓာတ်တော်တို့ကို မြို့အ... မျက်နှာ မြို့တွင်း၌ အုတ်နီ၊ အုတ်... အုတ်ဖြူ သုံးမျိုးလုပ်စေ၍ ထို... လုပ်သော နေရာကိုလည်း ... ငါးပါးဖြင့် ဆန်းကြယ်သော "... **ရေကန်ကြီး ဖြစ်စေတော်မူ...**



www.burmeseclassic.com

www.burmeseclassic.com



**လျှင် အရှေ့တောင်ထောင့်အရပ် ၌ အုတ်သုံးမျိုးဖြင့် မဟာစေတီ ကို တည် ထားကိုးကွ ယ် တော် မူ သည်။**

ဓာတ်တော် မွေတော်တို့ကိုလည်း ထိုမဟာစေတီအောက်၌ မြေထဲ အတောင် (၄၀)တူး၍ နဝရတ် (၉)ပါး၊ ရတနာကြုတ်ဖြင့် ကောင်းစွာထည့် သွင်း၍ ရွှေပန်းဆိုင်၊ ငွေပန်းဆိုင်၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက် ရတနာ(၇)ပါး ကြဲမြှောက်ပူဇော်၍ သွတ်သွင်းဌာပနာတော်မူ၏။ သစ္စာ လေးပါးတရားကို မစောင့်သော သူတို့ ယူ၍ မရခြင်းငှာ အဓိဋ္ဌာန်တော်မူ၍ သံစက်၊ နဂါးစက်တို့ဖြင့် ခက်ခဲစွာ ထားတော်မူ၏။

ဤ အကြောင်းအရာတို့သည် ကလေးမြို့၊ တိန်းညွှင်းမြို့၊ ရာဇဂြိုဟ်မြို့ သုံးမြို့ဂိုဏ်းအုပ်ကျောက်ကာ **(မုံရွာ ကျောက်ကာမဟုတ်) ဆရာတော် ကြီးကျောင်း ပေစာမှ နွယ်ပတ်မြို့ ရာဇဝင်ပါ အကြောင်းအရာ** တစ်စိတ် ဝ.စ်ဒေသ ဖြစ်ပါသည်။

လန္တပါလမင်းကြီးသည် တည်ထား ကိုးကွယ်တော်မူခဲ့သော မဟာစေတီ သည် ယခုအခါ ကလေးမြို့နယ်၊ ရာဇဂြိုဟ်ရွာ အရှေ့တောင်ထောင့်၌ ''အုတ်သုံးမျိုးစေတီ''ဟု ထင်ရှားပါ သည်။ ယင်းမဟာစေတီခေါ် အုတ် သုံးမျိုးစေတီတော်ကြီးနှင့် စေတီတော် ကြီး တည်ထားရန် အုတ်ဖုတ်ခဲ့သော **'ဂမ္ဘီရရေကန်ကြီး'** တို့ တည်ရှိနေဟန် ပထဝီမြေပုံ အနေအထားမှာ ရာဇဂြိုဟ် ရွာတောင်ဘက် တောင်ကုန်း တောင် ကမ်းပါးစောင်းတွင် ဂမ္ဘီရရေကန်ကြီး ရှိသည်။

ထို တောင်ကမ်းပါးစောင်းအတိုင်း တောင်ဘက်သို့ လေးဖာလုံခန့် သွား လိုက်လျှင် မဟာစေတီခေါ် အုတ်သုံး မျိုးစေတီကို ဖူးတွေ့ရမည် ဖြစ်သည်။ ဂမ္ဘီရရေကန်ကြီးနှင့် စေတီကြီး၏ အရှေ့ဘက်သည် မြေနိမ့်လွင်ပြင်၊ လယ်ကွင်းများနှင့် နေရဥ္စရာမြစ်တို့ကို အပေါ်စီးမှ မြင်ရသည်မှာ အလွန် သာယာလှပါသည်။ ထိုနေရဥ္စရာမြစ် သည် နွယ်ပတ်မြို့ရာဇဝင်ထဲမှ နန်းကရင် ချောင်းဖြစ်ပြီး ရာဇဂြိုဟ်ရွာမှာ နွယ် ပတ်မြို့ဟောင်း ဖြစ်ပါသည်။

ထိုဂမ္ဘီရရေကန်နှင့် စေတီကြီးကို မင်းအံဆက်ဆက် နှစ်ပေါင်းနှစ်ထောင် ကျော် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြ ရာ ပျက်စီးယိုယွင်းလာသဖြင့် ရွာသူရွာ သားများက မဟာစေတီခေါ် အုတ်သုံး မျိုးစေတီတော်ကို ပြုပြင်ကြရန် စေတီ ၏ အောက်ခြေအထိ တူးဖော်ကြရာ ရေလုံးကြီး ကန်ထွက်လာခဲ့ကြသဖြင့် အံ့သြထိတ်လန့်စွာ ဆောက်တည်ရာ မရ ဖြစ်ကြရပါသည်။

ရေများ ကန်ထွက်နေသော နေရာ နှင့် (၄)ဖာလုံခန့်အကွာ မြောက်ဘက် မှ ဂမ္ဘီရရေကန်ကြီးကို ဖောက်ထုတ် လိုက်ရာ စေတီတော်ကြီးနေရာမှ ကန် ထွက်နေသော ရေလုံးကြီးသည် ထူးဆန်း စွာ ရပ်တန့်သွားပါတော့သည်။

ထိုအခါမှ ရွာသူရွာသားများမှာ အောက်ခြေကို ဆက်မတူးကြတော့ဘဲ စေတီတော်ကြီးကိုသာ ပြန်လည်တည် ထား မွမ်းမံကြရာ ယခု ဖူးတွေ့ရသည့် အတိုင်း ဖြစ်ပါသည်။

ယနေ့ တိုးတက်နေသော သိပ္ပံ ခေတ်ကြီးတွင် မယုံနိုင်စရာ ဆန်း လည်း ဆန်းကြယ်လှပါပေသည်။ ရှေး ခေတ်က ဘူတာဝိဟာန ဂမ္ဘီရ အတတ်ပညာတို့ကို ဂမ္ဘီရရေကန်ကြီးက ယခု ခေတ်လူသားတို့အား လက်တွေ့မျက်တွေ့ သက်သေပြခဲ့ပေပြီ။

ထိုကဲ့သို့ စေတီတော်ကြီးကို ပြုပြင် ခဲ့ကြသော်လည်း ဂမ္ဘီရရေကန်ကြီးကို ကား မပြုမပြင် ပေါက်လွတ်ပစ်ထားခဲ့ ကြရာ ရှေးအခါက ပိုးချည်ခင်တစ်ဆုံး ထောက်၍မမီအောင် နက်သော ရေကန်ကြီးသည် ယခုအခါ ရေတိုက် စား၍ မြေသားပို့ပြီး ကောလာခဲ့သ[illegible] နွေအခါ ကန်အလယ်၌သာ ရွှံ့ညွန်ကြီး ရှိပြီး ကျွဲ၊ နွားစားကျက်မြေပြင် ပကတိ ဖြစ်နေပေပြီ။

ကန်ပေါင်အနီး၌ အိမ်များ ဆောက် လုပ်လာကြခြင်းများလည်း ဂမ္ဘီရရေ ကန်ကြီး၏ ဘဝနိဂုံးဖြစ်လာနိုင်ပါ သည်။ ဘောလုံးကွင်း တစ်ကွင်းနီးပါးမျှ ရှိသော ဂမ္ဘီရရေကန်ဟောင်းကြီးကို ရွာသူရွာသားများ ဝိုင်းဝန်းဆည်ကြ လျှင်ပင် ဖြစ်နိုင်ပါသည်။

သို့သော် ဝေဠုဝန်ကျောင်းဒါယကာ ဗိမ္ဗိသာရမင်းကြီး၏ အနွယ်တော်များ တည်ထားခဲ့သော ဂမ္ဘီရရေကန်ကြီး ကို ပြုပြင်မည့် ကောင်းမှုကုသိုလ်ရှင် များ ပေါ်ပေါက်ပါစေဟု ဆုတောင်းရ ပါတော့သည်။

အကယ်၍ ကုသိုလ်ရှင် မပေါ်ပေါက် ပါကလည်း ဤဆောင်းပါးသည် ရှေး ဟောင်းသမိုင်းဝင် ဂမ္ဘီရရေကန်ကြီး တစ်ခု၏ သမိုင်းမော်ကွန်း ဖြစ်ပါစေ သတည်း။

**အရှင်ဝိသုဒ္ဓ**



www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ် မောင်လှ

# နှင်းခဲရာသွား တောလား

ဖြစ်ရပ်တို့က ဆယ်စုနှစ်လေးစု ကျော်လာခဲ့ရုံသာမက စာရေးသူမှာ အယ်လ်ဖိုင်းမားခေါ် အတိတ်မေ့ရောဂါကလည်း ဝင်စပြုရှ်နေပြီဟု ထင်မိပါ၏။ သို့ဖြစ်၍ ကိုယ့်ဦးနှောက်ထဲက မှတ်ဉာဏ်ဆဲလ်တို့ကို အတင်းနှိုးဆွကြည့်သည်။

စတင် သတိရလာသည်ကတော့ ရန်ကုန် စီးပွားရေးတက္ကသိုလ်က ၁၉၆၉ ခုနှစ်မှာ ဘွဲ့ရခဲ့သည်။ ထို့နောက် (၈–၅–၁၉၇၀)နေ့မှာ ဖောင်ကြီး ဗဟိုပြည်သူ့ဝန်ထမ်းကျောင်း ဖေယျတပ်ခွဲ အပတ်စဉ်(၁)သို့ သင်တန်းတက်ရသည်။ ထိုသင်တန်းက သုံးလကြာမြင့်သည်။

ထို ဖောင်ကြီးသင်တန်းပြီးနောက် ရန်ကုန်မြို့ ကမ္ဘာအေးက ဗဟိုသမဝါယမ သင်တန်းကျောင်းမှာ တစ်လကျော်ခန့် မှာ ဆက်တက်ရပြန်ပါသည်။

ထိုသင်တန်းများအားလုံး ဆင်းပြီး သည့်နောက်မှာတော့ စာရေးသူ သင်တန်းဆင်းများကို သမဝါယမ ကေဒါများအဖြစ် ခန့်အပ်ပြီးတာဝန်ကျ



www.burmeseclassic.com

www.burmeseclassic.com

ရာ မြို့နယ်များသို့ စေလွှတ်လိုက်ပါတော့သည်။

ထို့နောက် စာရေးသူမှာ **၁၉၇၁ ခုနှစ်တွင်** ရမည်းသင်းမြို့နယ်သို့ တာဝန်ကျခဲ့ပါသည်။ ကျွန်တော်တို့ သမဝါယမကေဒါများ၏ အဓိက တာဝန်မှာ ထိုအချိန်က နိုင်ငံတစ်ဝန်းတွင် ရှိနေဆဲ လ.လ.သ.သ ခေါ် လယ်ယာနှင့် လုပ်ငန်းပေါင်းစုံ သမဝါယမ အသင်းဟောင်းများကို အသစ်ပြဋ္ဌာန်းပေးလိုက်သည့် ၁၉၇၀ ပြည့်နှစ်တွင် သမဝါယမအသင်း ဥပဒေနှင့်အညီ ပြန်လည် ဖွဲ့စည်းပေးရန်ပင် ဖြစ်၏။

ထိုသို့ ပြန်လည်ဖွဲ့စည်းပေးရာ၌ ပါတီ၊ ကောင်စီ၊ လယ်သမား၊ အလုပ်သမားနှင့် သမဝါယမဦးစီး စသည့် အဖွဲ့စုံတို့ဖြင့်သာ ဆောင်ရွက်ပိုင်ခွင့်ရှိပါ၏။ သို့ပါ၍ တာဝန်ကျရွာများသို့ ဖော်ပြပါ အဖွဲ့ဝင်များ အားလုံးဖြင့်သာ သွားရောက်ဆောင်ရွက်ကြရပါသည်။

ရမည်းသင်းမြို့နယ်ထဲက နန်းခွဲကျေးရွာအုပ်စုကို ကျွန်တော်တို့အဖွဲ့က တာဝန်ကျ၏။ ယင်းနန်းခွဲအုပ်စုမှာ ရမည်းသင်းမြို့ အရှေ့မြောက်ဘက်က တောင်ကုန်းမြင့်ကြီးပေါ်မှာ တည်ရှိသည်၊ လမ်းပန်းဆက်သွယ်ရေး အထူးခက်ခဲ၍ မြို့က လူသူအရောက်အပေါက် နည်း၏။

ထို့ကြောင့် နန်းခွဲရွာသို့ အစိုးရတာဝန်ရှိသူများမှတစ်ပါး အခြား သွားသူများ မရှိခဲ့ပါ။ လမ်းခရီးတွင် ရွာဆက်လုံးဝမရှိ။ သို့ဖြစ်၍ နန်းခွဲခရီးစဉ်တွင် စားသောက်နိုင်ရန် အဖွဲ့သားအားလုံး ထမင်းထုပ်နှင့် ရေဘူးကိုယ်စီ ယူခဲ့ကြရ၏။

တောင်တက်လမ်းခရီးမှာ ဝါးရုံနှင့်



သူးချုံတို့က အပင်ချင်းယှက်ပြီး ကိုင်းချင်းဆက်ကာ ပိတ်ဆို့ထားကြ၏။ ရှေ့ဆုံးမှ တောကျွမ်းသူက ဦးဆောင်ကာ ကိုယ့်လမ်းကို ကိုယ်တိုင် ဓားဖြင့် ယမ်းကာ ရှင်းပြီးသွားရ၏။ ရံဖန်ရံခါတွင် လမ်းရိုးဟောင်းက ပျောက်သွားပြီး မျက်စိလည်သွားသည်လည်း ရှိခဲ့ဖူးသည်။

ကျွန်တော်တို့ နန်းခွဲရွာသွားအဖွဲ့မှာ ရမည်းသင်းမြို့မှ နံနက်အလင်းရောင်လာချိန်ကစ၍ မြို့အရှေ့က တောင်ကြောပေါ်သို့ တဖြည်းဖြည်း တက်လာခဲ့ကြခြင်းဖြစ်သည်။ သို့ပါ၍ နေမွန်းတည့်ချိန်မှာတော့ မောပန်းပြီး ချွေးပြိုက်ပြိုက် ကျလာတော့၍ အားလုံး ရပ်နားပြီး ထမင်းစားကြပါတော့သည်။

စားပြီးနောက် ရှေ့ဆက်လျှောက်ကြသောအခါ အမြင့်ဆုံးတောင်ကြောပေါ်သို့ ရောက်လာပြီဖြစ်၍ တောက ပိုနက်လာ၏။ တောကြက်တွန်သံများ၊ ချေဟောက်သံများ၊ တောဝက်တို့၏ ကစ်ကစ်နှင့် အော်မြည်သံများကို အတိုင်းသား ကြားလာရ၏။

အဖွဲ့ခေါင်းဆောင်က သားရိုင်းတိရစ္ဆာန်တွေ့လျှင် မကြောက်ဖို့ ထွက်မပြေးဘဲ လက်နက်နှင့် ပြန်ခုခံဖို့ တဖွဖွ သတိပေးနေပါသည်။ ကျွန်တော်တို့ အားလုံး၏ ခေါင်းထဲမှာ လမ်းခုလတ်တွင် လူနေအိမ်ခြေ လုံးဝမရှိ၊ မှောင်သွား၍ဆိုပြီး လမ်းမှာ အိပ်နေ၍ မရပါ။ ရောက်သည့်နည်းဖြင့် ယခုည နန်းခွဲရွာသို့ အရောက်သွားရေးပင် ဖြစ်ပါ၏။

ခဏကြာတော့ အသံကြားရာသို့ ကျွန်တော် ငုံ့ကြည့်လိုက်ရာ ဟိုအဝေးလျှိုထဲက ဝါးရုံပင်ခြေမှာ တောဝက်မိသားစုက မျှစ်တူးစားနေကြသည်။ ဤလမ်းမှာ တောဝက်သာမက ဝက်ဝံလည်း ပေါပါသည်။

နန်းခွဲရွာသားတို့ နှစ်စဉ် ဝက်ဝံအကုတ်ခံရ၍ ရမည်းသင်းဆေးရုံသို့ ရောက်လာခဲ့သူများ ရှိခဲ့ပါသည်။ ဝက်ဝံက လူ၏ဦးခေါင်းမှ အောက်ခြေသို့ သူ၏ သန်မာသော လက်သည်းရှည်ကြီးများနှင့် တအားကုတ်ချတတ်သည်။

ထိုအခါ ဝက်ဝံအကုတ်ခံရပြီး ဦးခေါင်းရေလန်သွားသူများ၊ မျက်စိတစ်ဖက်ပါသွားသူများပင် ရှိခဲ့သည်ဟု ဆို၏။ နောက်မကြာမီ ဆင်ချေးပုံ အစိုပုံကြီးတစ်ပုံကို ဘွားခနဲ တွေ့လိုက်ကြရ၍ အားလုံး ထိတ်လန့်သွားကြပါတော့သည်။

ထိုသို့ ထိတ်လန့်နေခိုက်မှာ သစ်ပင်ထိပ်ဖျားမှာ ငှက်ခါးတစ်ကောင်က သူ့အတောင်ပံကို တဖျတ်ဖျတ် ရိုက်ခတ်၍ အော်ဟစ်ကာ အဝေးသို့ ပျံသန်းသွားသံကိုပင် ကျွန်တော်တို့မှာ ကြောက်ရွံ့သွားမိကြပြန်ပါသည်။

နန်းခွဲသို့ နေမဝင်မီ ရောက်လိုဇောနှင့် တစ်နေ့လုံး တောင်တက်ခရီးပြင်းနှင်လာခဲ့ကြသော ကျွန်တော်တို့အဖွဲ့မှာ မိုးကြီးစုန်းစုန်းချုပ်တော့မှ ဇီးမြို့ ကုန်းဆိုသည့် အိမ်ခြေသုံး,လေးဆယ်



www.burmeseclassic.com

www.burmeseclassic.com

ခန့်ရှိ ရွာငယ်လေးကို ဘွားခနဲ တွေ့လိုက်ကြပါတော့သည်။

ထိုရွာမှ လူကြီးများက သမဝါယမဆိုင်ရှိသည့် နန်းခွဲမြောက်ရွာမှာ ရှေ့နှစ်မိုင်ခန့် ဝေးပါသေးကြောင်း ပြောပြသည်။ ဇီးဖြူကုန်းမှာ ရေသောက်ပြီး ကျွန်တော်တို့ ရှေ့ဆက်သွားကြရန် ပြင်ဆင်ခိုက်မှာ မှောင်မိုက်လာပြီဖြစ်၏။ သို့ဖြစ်၍ ကျွန်တော်တို့အဖွဲ့အတွက် ကညင်ဆီမီးတိုင်များကို ရွာသားများက ထွန်းညှိပေးလိုက်ကြ၍ လမ်းပြမီးအိမ်များအဖြစ် အဆင်ပြေသွားကြပါတော့သည်။

ဇီးဖြူကုန်းရွာသားများက ရမည်းသင်းအပြန်မှာ သူတို့ရွာမှာ အိပ်ဖြစ်အောင် အိပ်ပေးကြပါ၊ ဧည့်ခံချင်လွန်းလို့ပါဟု တရရ မှာလိုက်ကြ၏။

ကျွန်တော်တို့အဖွဲ့မှာ နန်းခွဲတောင်ရွာကိုဖြတ်ပြီးနောက် သမဝါယမဆိုင်ရှိသည့် နန်းခွဲမြောက်ရွာသို့ ညဉ့်ဦးပိုင်းတွင် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားကြပါတော့သည်။ ယောကျ်ားခြေနှင့် တစ်နေ့လုံး နှင်ခဲ့ရသော ခရီးကြမ်းကို ပြန်လည် ချင့်တွက်ကြည့်ပါက အနည်းဆုံး တစ်ဆယ့်ငါးမိုင်ခရီးတော့ ရှိမည်အမှန်ပါ။ ပိုချင်သာပိုမည်။

ထိုနန်းခွဲကျေးရွာအုပ်စုတွင် နန်းခွဲတောင်ရွာ၊ မြောက်ရွာ၊ နတ်အင်းရွာ၊ ဇီးဖြူကုန်းရွာနှင့် ရှမ်းရိုးမနယ်စပ်ကတဲအိမ်စုလေးများသာရှိသော ဆောင်ဖြူနောင်နင်းခေါ် ရွာငယ်လေးတို့ကို ပေါင်းလိုက်က ငါးရွာရှိပါ၏။

အသက်မွေးဝမ်းကျောင်း အနေနှင့် တောင်ယာစပါး၊ ကိုင်းသီးနှံနှင့် ကျွဲ၊ နွား မွေးမြူရေး၊ သစ်စေး ထိုးရောင်းခြင်း စသည်တို့ကို အဓိကထား လုပ်ကိုင်ကြသည်။

နန်းခွဲမှ ရွာလူကြီးအချို့မှာ မြို့ပြသို့



ပင် မရောက်ဘူးသူများရှိကြောင်း သိရှိခဲ့ရ၏။ သူတို့ဒေသခံ အများစုမှာ အစားခြိုပေါက်၊ နွားခြိုပေါက် ဆိုသည့် အတိုင်း ဒေသထွက်များနှင့်သာ ရောင့်ရဲတင်းတိမ်နိုင်ကြသူတွေက များလှပါ၏။

နန်းခွဲသားများမှာ ဗမာလူမျိုးစစ်စစ်များဖြစ်ကြသော်လည်း သူတို့အရပ်က အေးလွန်းရွှေ့လားမသိ စကားဝဲလွန်းကြ၍ ကျွန်တော်တို့မှာ နားလည်အောင် အတော်ပင် နားစွင့်ထောင်ကြရသည်။

ကျွန်တော်တို့အဖွဲ့ဝင် သမိုင်းသုတေသီတစ်ဦးက ဤနန်းခွဲအုပ်စုမှာ အနော်ရထာမင်းစော လက်ထက်က တည်ထားပေးခဲ့သော နယ်ခြားကင်းရွာဖြစ်ကြောင်း အခိုင်အမာ ပြောလာပါသည်။

နန်းခွဲရွာခြေက အရှေ့သို့ စီးဆင်းသွားခဲ့သော နန်းခွဲချောင်းကား ပေါင်းလောင်းမြစ်ဖျားထဲသို့ စီးဆင်းသွားသည်။

နန်းခွဲမြောက်ရွာရှိ သမဝါယမဆိုင်က စာရင်းများကို ကျွန်တော်တို့က စစ်ဆေးပြီးနောက် အမှုဆောင်သစ်များကိုပါ တစ်ပါတည်း ရွေးချယ်ကာ နန်းခွဲကျေးရွာ သမဝါယမအသင်းသစ်အဖြစ် အောင်မြင်စွာ ဖွဲ့စည်းပေးနိုင်ခဲ့ပါသည်။

ထိုသို့ နှစ်ညအိပ် နှစ်ရက်တည်းနှင့် သမဝါယမကိစ္စများကို ဆောင်ရွက်ပေးပြီးနောက် နေ့ပိုင်းတွင် အလာတုန်းက ခေတ္တ ရပ်နားခဲ့သော ဇီးဖြူကုန်းရွာလေးသို့ နောက်ကြောင်း ပြန်ဆုတ်ခဲ့ကြသည်။

ဇီးဖြူကုန်းရွာသားများက ကျွန်တော်တို့အဖွဲ့ကို လှိုက်လှဲပျူငှာစွာဖြင့် ကြိုဆိုကြပြီးနောက် သင့်လျော်သော အိမ်များတွင် နေရာချထားပေး၍ အဖန်ရည်ဖြင့် ဧည့်ခံထားပေးကြပါ၏။

ထို့နောက် အသားလတ်လတ် အရပ် ပုပြတ်ပြတ်နှင့် အသက်လေးဆယ်ခန့်ရှိ ဦးညီကေးဆိုသူသည် သမဝါယမ အမှုဆောင်ဖြစ်ကြောင်း သူ့ကိုယ်သူ မိတ်ဆက်လာ၏။

ထို့နောက် ထိုဦးညီကေးကပင်...

'ဆရာတို့ကို တစ်ခါမှ မစားခဲ့ဘူးတာတွေနဲ့ ဧည့်ခံချင်လွန်းလို့ ကျွန်တော်ကို ခွင့်ပြုပါဦး'

ဟု ဆိုကာ ရွာပြင်သို့ ပြေးထွက်သွားပါတော့သည်။

ကျွန်တော်တို့အဖွဲ့မှာ နန်းခွဲရွာက လက်ဆောင်ပေးလိုက်သော ဆတ်သားပြုတ်အစိုတွဲကြီးများ ကိုယ်စီပါလာကြ၍ ထိုဆတ်သားများကို ကြော်လှော်ပြီး တစ်ရွာလုံး စားသောက်နေကြတော့သည်။

ညမီးထွန်းချိန်ရောက်တော့မှ ဦးညီကေးက သူ့လက်ထဲမှာ ဗန်းဆန်ကောကဲ့သို့ အတွဲကြီးတစ်တွဲကိုဆွဲကာ ချွေးသံတရွှဲရွှဲဖြင့် ပြန်ရောက်လာပါသည်။

သူက ပတ္တူအုံကြီးဖြစ်ကြောင်း၊ ဒီအုံက အခန်းတိုင်းမှာ ပတ္တူသားလေးများပါကြောင်း၊ ပြောပြောဆိုဆိုနှင့် ပတ္တူတစ်ကောင်ကို ဖွန်းနှင့် လက်တွေ့



www.burmeseclassic.com

www.burmeseclassic.com



ကော်ထုတ်ပြီး ပန်းကန်ထဲသို့ ထည့်ပြ၏။

ခဏအကြာမှာတော့ လင်ဗန်းကြီးထဲမှာ လက်မတစ်ဆစ်ခန့်ရှိ ဖြူဖွေးနုရွနေသော ပတ္တူသားလောင်းများကို တွေ့လိုက်ရသည်။

ပတ္တူဆိုသည်မှာ ပျားပိတုန်း အနွယ်ဝင်များ ဖြစ်ကြပါ၏။ သို့သော် ပျားအုံကဲ့သို့ ပျားရည်မရှိပါ။ ပတ္တူအုံမှာ ပတ္တူသားလောင်းများသာရှိ၍ ယင်းတို့ကိုပင် ကြော်ချက်စားကြရုံသာ ဖြစ်ပါသည်။

ကျွန်တော်က စိတ်ဝင်စားလှ၍ မီးဖိုသို့ သွားကြည့်၏။ ပတ္တူအုံတွဲကြီးကား ပုသိမ်ထီးကြီး,ငယ် ဆယ်ခုခန့်ကို အထက်မှအောက်သို့ ငယ်စဉ်ကြီးလိုက် တပ်ထားသည်နှင့် တူလှပါ၏။ တစ်နည်းအားဖြင့် တရုတ်ဘုံကျောင်းက အမိုးများနှင့် ဆင်တူနေပါသည်။

အောက်ဆုံးအိမ်မှာ အသက်အရင့်ဆုံး သားလောင်းများနေ၍ အမြင့်ဆုံးအိမ်မှာ အသက်အနုဆုံး သားလောင်းများနေ၏။ ကျွန်တော်တို့အဖွဲ့ဝင် ခုနစ်ဦးတို့မှာ ထိုညက ဇီးဖြူကုန်းရွာက တောင်ရိုးဆန်နုနုနှင့် ဖြူဥနေသည့် ပတ္တူသားလောင်းကြော်တို့ကို ကြုံတောင့်ကြုံခဲ တွဲဖက်စားလိုက်ရပါသည်။

ကျွန်တော့်လျှာပေါ်မှာတော့ ဆီအိမ့်ဆင်းသွားပြီး အရသာရှိလွန်းလှပါ၏။ အကြောပေါင်းတစ်ထောင် စိမ့်သွားသည်လားမသိ ခေတ္တမျှ လောကကြီးကို မေ့သွားတော့သည်။

မယုံဘူးဆိုသူတွေ ရှိလာက မကြုံဘူးသေးလို့ပါဟု ဆိုရပါမည်။ ကျွန်တော်တို့ လူငယ်များက ပတ္တူကြော် စားပြီးစမှာပင် ခေါက်ခနဲ အိပ်ပျော်သွားကြတော့သည်။

သို့သော် လူကြီးများမှာ စားပြီးပြီးချင်း ကိုက်ခဲလာကြတော့၍ ရွာသားအချို့ကိုခေါ်ကာ နင်းနှိပ်ချိုးဖွဲ့စေပြီးတော့မှ အိပ်စက်နိုင်ကြပါတော့သည်။

ကျွန်တော်က မိုးလင်းလျှင်လင်းချင်း ပတ္တူအုံကို ကိုယ်တိုင်ဖွပ်လာခဲ့သော ဦးညီကေးကိုခေါ်မေးကာ စာဖြင့် မှတ်တမ်းတင်ခဲ့ပါသည်။ ပတ္တူအုံမှာ ရွာအနောက်ဘက် တစ်မိုင်ကျော်ဝေးသည့် ဆူးချုံအုပ်အလယ်က တောင်ပို့တွင်းထဲမှာရှိကြောင်း...

ပတ္တူအုံရှိရာကို လူသာမက ကျွဲနွားတိရစ္ဆာန်များပင် မသွားဝံ့ကြကြောင်း၊ ပတ္တူတွင်းအနီးမှာ အမြဲဝပ်ပြီး အသေခံတိုက်ရဲသည့် ပတ္တူသူရဲကောင်းများ ကင်းလှည့် စောင့်ကြပ်နေကြကြောင်း...

အကယ်၍ ပတ္တူရှိမှန်း မသိဘဲ မျက်စိလည်လမ်းမှားပြီး ရောက်သွားတတ်သူများရှိက ထိုကင်းစစ်သူရဲကောင်းတွေက အဝေးရောက်အောင် အမြဲခြောက်လှန့်ပြီး မောင်းထုတ်နေကြကြောင်း...

ယင်းကဲ့သို့ တွင်းအနီးက မြေပြင်ကင်းသာမက ပတ္တူအုံအပေါ်က ကောင်းကင်အမြင့်မှာလည်း အမြဲပျံဝဲပြီး အဝေးကရန်သူကိုပါ လက်ဦးမှုရယူ တိုက်နိုင်အောင် စောင့်ကြပ်နေသော ကောင်းကင်က ကင်းတွေလည်း ရှိပါသေးကြောင်း ပြောပြပါသည်။

ဦးညီကေးက သူ့အတွေ့အကြုံအရ ပတ္တူမှာ အလွန်အဆိပ်ပြင်းကြောင်း၊ လူကို အတုပ်ခံရလျှင် ဆံပင်တွေကျွတ်ပြီး နာတာရှည် လူနာဖြစ်ကာ ထိုလူမှာ နာလန်မထူနိုင်တော့ကြောင်း...

များများအတုပ်ခံရလျှင် မြန်မြန်သေဆုံးတတ်ကြောင်း၊ သူတို့ရန်က ကာကွယ်နိုင်သည့်နည်းမှာ ရေထဲဆင်းငုပ်နေခြင်းပင်ဖြစ်ကြောင်း...

သို့သော် ပေါ်လာက အငြိုးကြီးကြီးနှင့် အသေတုပ်တတ်ပြန်ကြောင်း၊ အကယ်၍ နွားရိုင်းတစ်ကောင်က ပြေးလွှားနေရင်း သူတို့အုံပေါ်ကို မတော်တဆ တက်မိပြီး ခြေကျွံဝင်သွား၍ သူ့ခြေထောက်ကို မြေပေါ် ပြန်ဆွဲတင်လိုက်လျှင် အရိုးချည်းပဲ ပါလာတော့ကြောင်း ပြောပြပါသည်။

ကျွန်တော်က...

'ဒီလောက် အဆိပ်ပြင်းတဲ့ ပတ္တူအုံကို ခင်များ ဖွပ်ပုံလေးကို ရှင်းပြပါဦး'

ဆိုတော့ သူက စိတ်လိုလက်ရနှင့် အောက်ပါအတိုင်း ဆက်ပြောပြပါသည်။

'ပတ္တူဖွပ်ဖို့ အချိန်ရွေးတာက အဓိကပါ။ အမြင်အားနည်းတဲ့ မှောင်စပျိုးချိန်မှာ သစ်ရွက်ပါ ကိုင်းခြောက်နှစ်ကိုင်းကို ကျွန်တော့်ခေါင်းပေါ်တင်ကာ ပတ္တူအုံရှိရာကို အမြန်ပြေးသွားရပါတယ်။

အဲဒီအချိန်မှာ မိုးပေါ်က ဝဲပျံနေတဲ့ ပတ္တူကင်းကောင်တွေက ကျွန်တော့်ကို



www.burmeseclassic.com

www.burmeseclassic.com

မှောင်စမို့ မြင်ချင်မှလဲမြင်မယ်။ မြင်ပြန်ရင်လဲ သစ်ကိုင်းခြောက်တွေ လေထဲ ဝဲပါနေတယ်လို့ မြင်ကြမှာပါ။

ဒီလို ကင်းကောင်တွေ လစ်ငိုက်တွေဝေနေချိန်မှာ ကျွန်တော်က အပိုင်သိထားတဲ့ ပတူတွင်းဝကို ပြေးသွားရပါတယ်။ ရောက်ရောက်ချင်းပဲ ကျွန်တော့်ခေါင်းပေါ်က သစ်ရွက်ခြောက်တွေကို အမြန်မီးရှို့ကာ ပတူတွင်းဝကို ထိုးထည့်လိုက်ရပါတယ်။ ပတူတွင်းဝက မီးတောက်ကိုမြင်ရင် ကောင်းကင်က ပတူကင်းကောင်တွေက သူတို့အုံကို ကာကွယ်ဖို့ဆိုကာ မီးတောက်ထဲကို အသေခံပြီး ထိုးချလိုက်ပါတော့တယ်။

ဒီလိုပဲ တွင်းထဲကရော တွင်းပတ်ဝန်းကျင်က စောင့်ကြပ်နေတဲ့ ပတူကင်းစစ်သည်တွေအားလုံး အသေခံတိုက်ပွဲဝင်ကြတယ်ဆိုပြီး မီးတောက်ထဲ ထိုးဆင်းကာ သေသွားကြတယ်ဗျ။

ဒီလိုနဲ့ အဆိပ်ရှိတဲ့ ပတူတွေအားလုံး သေပြီးတော့မှ ပတူအုံကျင်းထဲကို ကျွန်တော် မီးခြစ်နဲ့ဝင်ကြည့်ပြီး စိတ်အေးလက်အေးနဲ့ ဆွဲယူလာခဲ့ရတာပေါ့ ဆရာရယ်။

ကျွန်တော် ခုလို အန္တရာယ်တွေကို ရင်ဆိုင်ပြီး ပတူအုံကို ဆွဲလာခဲ့ရတာဟာ ဆရာတို့ကို ကျွေးချင်လွန်းလို့ပါ။ ဆရာတို့အဖွဲ့ကို ညွှန်ခံခွင့်ရတာကိုပဲ ဝမ်းသာလို့ မဆုံးပါဘူးဗျာ'

ဩော်... သူ့အသက်နှင့်ရင်းပြီး ကျွန်တော်တို့ကို အာဟာရဒါန ပြုပေးခဲ့သည့် ဦးညီကေးပါကလား။ ရှာမှရှားပါ၏။

ကျွန်တော် ပြန်ခါနီးမှာ ပတူအုံကို လက်တွေ့ကိုင်တွယ်ကြည့်သည်။ သူတို့၏ နှုတ်သီးအမာဖြင့် သစ်ခေါက်သစ်သားတို့ကို ကိုက်ဖဲ့ခြေမွ၍ အစေး



တစ်မျိုးဖြင့် ရောစပ်ကာ ဗိသုကာပညာ အဆင့်မြင့်စွာနှင့် ဆောက်လုပ်ထားခဲ့ကြောင်း တွေ့ရသည်။

ပတူအုံအဆင့်တိုင်းကို အလယ်မှ ဒေါက်တိုင်များဖြင့် ထောက်ခံပေးထား၏။ အပေါ်ဆုံးထပ် အမိုးပေါ်ရှိ ဒေါက်တိုင်ကိုတော့ တောင်ပို့အတွင်းက မျက်နှာကြက်တွင် ခိုင်မာစွာ တွယ်ကပ်ပေးထားပါသည်။

ဦးညီကေး ပြောပြချက်အရ ပတူတို့ ကင်းလဲပုံမှာ အဆင့်မြင့်လှသည်။ နောက်ကင်းလဲမည့် ကင်းကောင် ရောက်ပြီးမှ ပထမကင်းကောင်က တွင်းထဲပြန်ဝင်ကြသည်။ ပတူတို့က စစ်ဦးဘီလူး တွေ့သည့်ရန်သူကို အသေခံကာ တိုက်ရဲကြသည်။ သေရဲကြသည်။ အလွန်ကြောက်စရာကောင်းပါသည်ဟုဆို၏။

ပတူအကြောင်း လေ့လာမှတ်သားခဲ့ရာမှ သူတို့စစ်ပညာနှင့် သတ္တိအရာမှာ ကျွန်ုပ်တို့ လူသားများပင် အတုယူထိုက်ကြပါသည်။ ကောင်းကင်အမြင့်က ဝဲပျံကင်းလှည့်နေခြင်းမှာ အမြင်အားကောင်း၍ အဝေးမှ ရန်သူကိုပင် ကြိုတင် ကာကွယ်ပေးနေခြင်းလည်း ဖြစ်၏။

သို့သော် တွင်းအနီးသို့ ချဉ်းကပ်လာမည့် ရန်သူကိုလည်း မြေပြင်ကင်းက အမြဲစောင့်ကြပ် မောင်းထုတ်နေကြပါသည်။ ဤကား ပတူတို့၏ ကင်းတို့ ကင်းရှည်စနစ်ကို လူသား စစ်ပညာရှင်များပင် လေ့လာမှတ်သားထိုက်ကြောင်း သိခဲ့ရပါသည်။

သို့သော် ထိုသို့ အဆိပ်ပြင်းပြီး လျင်မြန်၍ သတ္တိရှိပြီး အသေခံတိုက်ခိုက်ကြသော ပတူတို့ကား အဟိတ်တိရစ္ဆာန်များသာ ဖြစ်ကြ၏။ ထိုတိရစ္ဆာန်တို့ထက် ဦးနှောက် ပိုကောင်းသော၊ ပိုသာသော လူသားများက ယင်းတို့၏ အားနည်းချက် အလစ်အငိုက်ကို အမိအရ ဆုပ်ကိုင်၍ စွန့်စားတိုက်ယူလိုက်ကြသောအခါ ထိုပတူတို့ အညံ့ခံ၍ အရှုံးပေးလိုက်ရတော့သည်ကို လက်တွေ့မြင်ခဲ့ရပါသည်။

စာရေးသူက ရမည်းသင်းမြို့သို့ ပြန်ခါနီးမှာ ပတူတို့ထံက ဒဿနတွေများစွာရခဲ့သည်။ ကျွန်ုပ်တို့ အိမ်နီးချင်း တရုတ်နိုင်ငံက စစ်သေနင်္ဂဗျူဟာကျမ်းများကို ပြုစုခဲ့သူ တရုတ်စစ်ဘုရင်ကြီး ဆွန်ဖူးမှာလည်း ဤကဲ့သို့ ပတူ စသည့် သဘာဝ စစ်သဘောတရားများကို သေသေချာချာ ဂဃနဏ လေ့လာဆန်းစစ်ပိုင်းခြား၍ သုတေသနပြုပြီးမှ ရေးသားနိုင်ခဲ့ခြင်း ဖြစ်ရမည်ဟု ကျွန်တော် အပိုင်ယုံကြည်မိခဲ့ပါသည်။

အသက်စွန့်ပြီး ပတူဖွပ်ကျွေးခဲ့သူ ဦးညီကေးကိုလည်း ကျွန်တော်တို့အဖွဲ့က ပါလာသမျှငွေကို စု၍ ဆုတွေချပေးခဲ့သည်။ ထို့နောက် ရွာသားများနှင့် အပြန်အလှန် နှုတ်ဆက်ကာ ပြန်လာကြပါတော့သည်။

တက္ကသိုလ် . မောင်[illegible]



www.burmeseclassic.com

www.burmeseclassic.com

# ရဟန္တာပုဂ္ဂိုလ်ထူး

## ဖူးတွေ့ရဖူးသူများ

ရွှေဘော်ကမြ
မောင်ကြည်သိန်း



ဘူး''ဆိုသူများကို စာရေးသူ သာဓက ပြဆိုပါမည်။

တတိယရေညဝတီခေတ်၌ စန္ဒသူရိယမင်းနှင့် မိဖုရား စန္ဒီမာလာဒေဝီ တည်ထောင်စိုးစံစဉ် မြတ်စွာဘုရားသည် နောက်ပါရဟန္တာ(၅၀၀)နှင့်တကွ ရက္ခိုင်ပြည်သို့ ကြွချီတော်မူခဲ့ပါသည်။

''ရခိုင်''ဟူသည် ''ရက္ခိတ''မှ ဆင်းသက်လာခြင်း ဖြစ်သည်။ အဓိပ္ပာယ်အားဖြင့် **''အမျိုးနှင့် သီလကို စောင့်ထိန်းသူ''**ဟု သိရှိရပါသည်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးနှင့် နောက်ပါရဟန္တာ (၅၀၀)သည် ကောင်းကင်ခရီးဖြင့် ကြွချီတော်မူလာခြင်း ဖြစ်ပါသည်။

ယနေ့ချိန်ခါ ကောင်းကင်ခရီးဖြင့် ကြွမြန်းသည့် ရဟန္တာပုဂ္ဂိုလ်ထူး ဖူးတွေ့ရသည်ဆိုလျှင် လူတိုင်း ယုံချင်မှ ယုံကြပေမည်။ ဒါပေသိ ''မကြုံဖူးလို့ မယုံ

စာရေးသူ ငယ်စဉ်က ရွှေဂုံတိုင်လမ်း အမှတ်(၂၀၉/၆)မှာနေစဉ် ယခု ဦးစိုးညွန့် [တော်ဝင်နှင်းဆီခြံ(Royal Rose)] ရှေ့ သာသနာ့ဗိမာန်တော်ကြီး ပြီး၍ ရေစက်ချပွဲ ကျင်းပစဉ် ဓမ္မကထိက ဆရာကြီး ဦးလှသိန်း တရားဟောကြားပါသည်။

ဘာတရားလဲဆိုလျှင် နိဗ္ဗာန်ရောက်ကြောင်းတရားပါ။ ဒီအချိန်မှာ [illegible] သူဘေးမှ ပုဂ္ဂိုလ်တစ်ဦးက





www.burmeseclassic.com

www.burmeseclassic.com

'ဆရာကြီး နိဗ္ဗာန်ဆိုတာ တကယ်ရော ရှိပါသလား ခင်ဗျား'

တဲ့။ ဆရာကြီးက...

'ကဲ ဒါဆိုရင် ခု ဆရာကြီး ရေးပြထားတာကို ဟိုး ရွှေဂုံတိုင်မီးပွိုင့်ကနေ ကြည့်စမ်း မြင်ရလား'

'မမြင်ရပါဘူး ခင်ဗျား'

'အေး ဒါဆိုရင် ရေးထားတာကော တကယ်လား'

'တကယ်ပါ ခင်ဗျား'

'ဒီလိုပဲ နိဗ္ဗာန်ဆိုတာ မြင်တတ်အောင်၊ မြင်ရအောင် ကြည့်မှ မြင်မှာပေါ့။ မမြင်ဘူးလို့ မယုံဘူးဆိုရင် ငါ့တပည့် မှားမနေဘူးလား'

'မှားနေပါတယ် ခင်ဗျား။ ကျွန်တော့်ကို ခွင့်လွှတ်ပါ ဆရာကြီး'

ဆိုပြီး ဦးချတောင်းပန်ရှာပါသည်။

ယခု တင်ပြမည့် ဖြစ်ရပ်သည် အမှန်တကယ် ကြုံတွေ့သူများကို မေးမြန်းပြီး အမှန်အတိုင်း ရေးသားတင်ပြပါမည်။ မမှန်မကန် ရေးသားခဲ့ပါက မဟာအဝီစိငရဲ၌ ကျရောက်ပါစေ။ မှန်ကန်သော သစ္စာစကားဖြင့် ရေးသားခြင်းပြုပါက နိဗ္ဗာန်မရမီစပ်ကြား အလှူကြီးပေးနိုင်ပြီး သန်းဆုကြီးများ ပေါက်ရပါစေသတည်း။

၁၉၉၆ ခုနှစ်၏ ညချမ်း (၉)နာရီတွင် ရွှေဂုံတိုင်လမ်း အမှတ်(၄၂)ကားဂိတ်တွင် လူအများ အုတ်အော်သောင်းတင်း တစ်ယောက်တစ်ပေါက် ပြောသံကြား၍ အိမ်တွင်းမှ ထွက်ကြည့်သူများမှာ ဒေါ်ခင်ဝင်းရီ၊ သမီး သက်မာဝင်း၊ ဇင်မာဝင်း ညီအစ်မနှစ်ဦးပါ။

'ဘာဖြစ်တာလဲ၊ လူတွေလဲ လမ်းပေါ်မှာ မနည်းပါလား'

'ညည်းမသိဘူးလား၊ ခုနက ကောင်းကင်မှာ ရဟန္တာပေါ်လို့'



'ဟင်... သမီးတို့ မဖူးလိုက်ရဘူးနော် အမေ'

'အေး အမေ ဆုတောင်းဆန္ဒပြုမယ်'

'ဘုရားတပည့်တော်မတို့သည် တစ်ခါဖူးမျှ ရဟန္တာပုဂ္ဂိုလ်ထူး မတွေ့ဘူး၊ မဖူးဘူးပါ။ ဖူးထိုက်၊ ဖူးခိုက် ကြုံရင် နောက်တစ်ခါ ထင်ထင်ရှားရှား ပြတော်မူပါဘုရား'

ထိုစဉ် ကောင်းကင်တစ်ခုလုံး ဝင်းပလင်းလက်လာပြီး အရပ်တော် (၇)ပေခန့်၊ တောင်ဝှေး၊ သပိတ်အစုံဖြင့် ရဟန္တာပုဂ္ဂိုလ်ထူး ဖူးတွေ့လိုက်ရပါသည်။

'ဘုရားတပည့်တော် ဤအိမ်အိမ်ငှားဘဝမှ မြန်မြန်ပြောင်းရပါစေဘုရား'

ဤသို့ ဆုတောင်းသူက ဒေါ်ခင်ဝင်းရီ။ သမီးနှစ်ဦးကလည်း...

'တပည့်တော်တို့ အတန်းတင်စာမေးပွဲမှန်သမျှ အောင်မြင်ပါစေဘုရား'

ဆိုပြီး ဦးချအပြီး ရဟန္တာပုဂ္ဂိုလ်ထူး ပျောက်ကွယ်သွားခဲ့ပါသည်။

'အဖေ ပြန်လာတာ နောက်ကျလို့ ခုလေးတင် ရဟန္တာပုဂ္ဂိုလ်ထူး သမီးတို့ ဖူးတွေ့လိုက်ရတယ်'

'အေးကွယ် သာဓု၊ သာဓု၊ သာဓု သမီးတို့ ဖူးရတာ အဖေလဲ ဖူးရသလိုပါပဲကွယ်'

စာရေးသူအဖေ ဦးထွန်းကြိုင် ပြောဖူးပါသည်။

'တူလေး ရဟန္တာလို ပုဂ္ဂိုလ်ထူး ဖူးတွေ့ရရင် ဆုတစ်ဆုတည်းတောင်း ချက်ချင်းလက်ငင်း ပြည့်စုံစေသတဲ့ကွယ်'

ဤစကား မှန်ပါသည်။ ဖနီး ခင်ဝင်းရီ တောင်းသလို (၃)လအတွင်းမှာ အိမ်ပြောင်းရသည်။ ကောင်းသောပြောင်းခြင်းပါ။ သမီးနှစ်ဦးလည်း သူငယ်တန်းမှ ဘွဲ့ရသည်အထိ တစ်ခါမှ စာမေးပွဲမကျဘဲ သမီးကြီး သက်မာဝင်းက(B.Sc Bot)၊ အငယ်မ ဇင်မာဝင်းက(B.A-စီးပွားရေးသိပ္ပံ)နှင့် ကျောင်းပြီး၍ ယခုဆို နိုင်ငံခြားမှာ အလုပ်ဝင်ပြီး အဆင်ပြေနေပါပြီ။

စာရေးသူတို့လည်း ရွှေတောင်မြို့မှာ ကိုယ်ပိုင်အိုးအိမ်နှင့် ခြံကျယ်ကျယ် အိမ်ကောင်းကောင်းနဲ့ နေနိုင်ခဲ့ပါပြီ။

**ဒုတိယ** ကြုံတွေ့သူကတော့ **ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ်၊ ရွှေဟသာၤကျေးရွာမှ** ကိုတင့်ဖြစ်ပါသည်။ ကိုတင့်ဆိုတာ ကြံခင်းမြို့နယ် ဘောလုံးလက်ရွေးစင်တစ်ဦးပါ။ သူ့စီးပွားရေးက ဗာဂျီးနီးယားစိုက်သည့် အလုပ်ပါ။

**၁၉၇၆ ခုနှစ်၊ နွေတစ်နေ့၏** ညနေ နေဝင်ရီတရောအချိန်၊ သူ့ရွာရှေ့ရော ဝတီမြစ် ဟိုမှာဘက်က အရှေ့ဘက်ရိုးမ

www.burmeseclassic.com

ကြီး၊ တစ်ညနေလုံး ပေါင်းဆွ ဆေးကျွေးရသဖြင့် ပင်ပန်းနွမ်းနယ်၍ ခေတ္တမှေးခနဲ အိပ်ပျော်သွားပြီး ခဏအကြာမှာ မိုးကောင်းကင်ကို မော့ကြည့်လိုက်စဉ်...

'ဟာ ဘယ်လိုပါလိမ့်၊ ဘာတွေပါလိမ့်၊ ငါအိပ်မက်များ မက်နေသလား၊ မဟုတ်သေးပါဘူး'

မျက်လုံး ပွတ်ကြည့်ပြီး ရိုးမတောင်တန်းကြီးတွေဘက် ကြည့်လိုက်တော့...

'ဟာ ရဟန္တာ(၇)ပါးတောင်ပါလား၊ တန်းစီပြီး တဖြည်းဖြည်း ကြွသွားလိုက်ကြတာ။ ဖူးလို့မဝ ကြည့်လို့အားမရနိုင်ပါလား၊ ဟာ ငါ ကန်တော့လိုက်ဦးမှ'

BURMESE CLASSIC .com

စိတ်ထဲမှလည်း...

'တပည့်တော် ထီဆုကြီး ပေါက်ပါရစေဘုရား'

ဟု ဆုတောင်းအပြီး ဦးချ၍ မော့အကြည့်မှာ တစ်ပါးမျှ မရှိတော့ပါ။ နောက်တစ်နေ့ ကြခင်းထီဆိုင်မှာ ထီသွားထိုးခဲ့ရာ အဲဒီအပါတ်မှာပဲ ထီ(၅၀၀၀)ဆု ပေါက်ပါသည်။

အဲဒီချိန်က ရွှေတစ်ကျပ်သား (၁၆၀၀)ကျပ်ပါ။ တစ်နေ့ ရန်ကုန်ကို ထီဆုငွေ လာထုတ်တော့ စာရေးသူ၏ အမေးကို ဖော်ပြပါအတိုင်း ပြောဆိုခဲ့ပါသည်။ စာရေးသူတို့ ညီအစ်ကို လေးဦးကိုလည်း 'ဘုံကျောင်း'ဟိုတယ်၊ ကုက္ကိုင်းမှာ အဝကျွေးခဲ့ပါသည်။ ကိုတင့်ဖနီး မငွေမှာ စာရေးသူတို့နှင့် မောင်နှမ ဝမ်းကွဲတွေပါ။

**တတိယ ရဟန္တာပုဂ္ဂိုလ်ထူး ဖူးတွေ့ရသူကတော့** ဦးမြင့်သန်း၊ ကျွန်တော်က သူ့ကို "ဒေါ်ပုံမြင့်သန်းလေး"လေးဟု ချစ်စနိုးခေါ်သည်။



ဘာလို့လဲဆိုတော့ သူက မယ်ဒလင် တီးကောင်းတယ်။ စာရေးသူက အဆိုကောင်း။ သူနှင့် ကျွန်တော်က မလေးရှားနိုင်ငံ ပူချွန်း၊ ဗင်ဒါကင်ရာရာမှာတွေ့တာ။ စက်ရုံက (C.V.S)METAL, Ind. SDN.BHD)။ တစ်နေ့ အလုပ်ပိတ်ရက် စကားစမြည်ပြော၍ ရဟန္တာပုဂ္ဂိုလ်အကြောင်း ဆွေးနွေးကြတော့...

'ကိုကြည်သိန်းကို ပြောရဦးမယ်။ ကျွန်တော်က ရန်ကုန်မြို့၊ ဒေါ်ပုံမှာနေတုန်းက စီးပွားရေး မပြေလည်တော့ သမ္မန်ခတ်တယ်။ ပုဇွန်တောင်ဆိပ်ကနေ ဟိုဘက်ကမ်းကို ကူးတို့ပို့တယ်ဆိုပါတော့ဗျာ။

တစ်ခါတလေ (၂၀၀)ကျပ်ရတယ်။ တစ်ခါတလေ ဈေးဦးတောင် မပေါက်ဘူးဗျ။ တစ်နေ့ ၁၉၇၄ ခုနှစ်၊ လကသီတင်းကျွတ်လ... သမ္မန်ခတ်မလို့ လှေကြိုးဖြုတ်တုန်း ကျွန်တော်နဲ့ (၃)လံလောက်အကွာ ရေပြင်ပေါ်ကနေ ဘုန်းကြီးတစ်ပါး ကောင်းကင်ပျံတက်သွားတယ်ဗျ။

ကျွန်တော်လဲ အံ့အားသင့်ပြီး ဟာ ဟင် ဘာပါလိမ့်၊ သေချာကြည့်တော့မှ ရဟန္တာပုဂ္ဂိုလ်ဗျ။ ကောင်းကင်ကို ဈာန်နဲ့ကြွသွားလိုက်တာ။ မီးပုံပျံတက်သလို မျိုးဗျ။ တရွေ့ရွေ့နဲ့ မျက်စိအောက်မှာတင် ပျောက်သွားပါရော'

'ဒါဆို ခင်ဗျား ဦးချဆုတောင်းလိုက်ရောလား'

'ကျွန်တော်လဲ ပထမတော့ ကြက်သေသေနေတာဗျ။ တစ်ခါမှ ဒါမျိုးမြင်ဖူး,တွေ့ဖူးတာ မဟုတ်တော့ လန့်သွားတယ်ဗျ။ သပိတ်တို့၊ တောင်ဝှေးတို့ ဘာမှ မပါဘူးဗျ။ မျက်နှာတော့ သဲသဲကွဲကွဲ မမြင်ရဘူး။ ကျောခိုင်းကြွသွားတာဆိုတော့ ဘယ်မြင်ရမလဲ'

'ဘာဆုများ တောင်းသလဲ ပြောပါဦးဗျ'

'ကျွန်တော် ဒီဘဝက လွတ်မြောက်ပါစေလို့ ဆုတောင်းတယ်ဗျာ။ ခုဆုတောင်းပြည့်တယ် ဆိုရမယ်ဗျ။ မိန်းမက ဒေါ်ပုံမှာ အိမ်တစ်လုံး ဝယ်ဖြစ်တယ်။ ရွှေလဲ စုမိတယ်။ ဒါ ပုဂ္ဂိုလ်ထူးဖူးတွေ့ရလို့ ထင်ပါရဲ့ဗျာ'

'အေးဗျာ ခုလို ပြောပြလို့ ကျေးဇူးတင်ပါတယ်'

သူနှင့် စာရေးသူ ခွဲခဲ့တာ ယခုဆို (၅)နှစ်ရှိပါပြီ။ အမှတ်ရစရာလေးတွေ ရေးလိုက်ပါသည်။ ဒီစာဖတ်ရလျှင် သတိရပါစေ။

ကဲ စာဖတ်သူအပေါင်းလည်း ရဟန္တာပုဂ္ဂိုလ်ထူး ဖူးတွေ့နိုင်ပါစေ၊ တောင်းသောဆုလည်း တစ်လုံးတစ်ပါဒ ပြည့်ဝပြီး သာသနာ့အကျိုး၊ ရပ်ရွာအကျိုး၊ တိုင်းပြည်အကျိုး သယ်ပိုးနိုင်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်ကြပါစေသော်။

***စာဖတ်သူအပေါင်း ကျန်းမာချမ်းသာကြပါစေ။***

**ရွှေမှော်မြေ မောင်ကြည်သိန်း**




www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည်
လူဝင်စားတို့၏ အကြောင်းများကို
စာအုပ်ထဲမှာလည်း
ဖတ်ခဲ့ဖူးပါသည်။
အပြင်မှာလည်း လက်တွေ့
အားဖြင့် မြင်တွေ့ခဲ့ဖူးပါ
သည်။ ကျွန်ုပ် မြင်တွေ့
ခဲ့ဖူးသော လူဝင်စားများမှာ
လူ့ဘဝမှ လူ့ဘဝသို့၊
တိရစ္ဆာန်ဘဝမှ
လူ့ဘဝသို့၊ တစ္ဆေ
သရဲ၊ ဥစ္စာစောင့်
အစရှိသည့် ဘဝများမှ
လူဝင်စား
ဖြစ်ခဲ့ကြဖူးသူများကိုသာ
ကြားခဲ့၊ မြင်ခဲ့ဖူးပါသည်။
သို့သော်လည်း
လူခြောက်ဘဝမှ
လူသားဘဝသို့ လူဝင်စား
ဖြစ်ခဲ့ဖူးသောသူများကိုဖြင့်
မူ တစ်ခါမှ ကြားလည်း
မကြား၊ မြင်လည်း
မမြင်ခဲ့ဘူးပါ။ သို့သော်
ယခုတော့ မြင်တွေ့ခဲ့ရပါပြီ။

လူခြောက်ဘဝကနေ လူဝင်စား ဖြစ်လာခဲ့သော သူတစ်ယောက်၏ အကြောင်းကို ရေးသားတင်ပြသွားပါမည်။ သူ့အကြောင်းကို မတင်ပြမီ ကျွန်ုပ် တွေ့ခဲ့၊ ကြားသိခဲ့ရသော လူခြောက်တို့၏ အကြောင်းအရာများကို ဦးစွာ တင်ပြလိုပါသည်။ လိုအပ်မည် ထင်၍ ဖြစ်ပါသည်။



ချစ်ဦး

# လူခြောက်ဘဝမှ

## လူဝင်စားဘဝ ဖြစ်လာသူတစ်ယောက်၏ ဖြစ်ရပ်ဆန်းများ

* * *

ကျွန်ုပ်သည် စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ ရေလဲ(မြင်သာ) ရွာသား ဖြစ်ပါသည်။ ကျွန်ုပ် ငယ်စဉ်အခါက ကျွန်ုပ်တို့ရွာသည် သင်္ကြန် အခါကာလသို့ ရောက်ပြီဆိုသည်နှင့် မိမိတို့ရွာရှိ ဘုန်းကြီးကျောင်းတွင်သာ မကဘဲ အခြားရွာက ဘုန်းကြီးကျောင်းများသို့ပါ သွားပြီးကန်တော့ကြပါသည်။

ဆိုပါစို့... ကျွန်ုပ်တို့ရွာဆိုလျှင် ကျွန်ုပ်တို့ရွာ၏ တောင်ဘက်တွင်ရှိသော ခိုတောင်းရွာ ဘုန်းကြီးကျောင်းသို့ တစ်ရက်၊ ကျွန်ုပ်တို့ရွာ၏ အရှေ့ဘ
တွင်ရှိသော ငိုးပင်းရွာနှင့် မြင်သာ
ဘုန်းကြီးကျောင်းများသို့ တစ်ရ

ကျွန်ုပ်တို့ရွာ၏ အနောက်ဘက်
ရှိသော မယ်ဇလီရွာ၊ ဇီးပင်သာ
နောင်ဆန်းကျင်ရွာရှိ ဘုန်းကြီးကျေ
များသို့ တစ်ရက် စသည်ဖြင့် လှည့်



www.burmeseclassic.com

www.burmeseclassic.com

ပြီး သွားရောက် ကန်တော့ကြပါသည်။

ထိုနည်းတူ အခြားသော ရွာများက လည်း ကျွန်ုပ်တို့ရွာရှိ ဘုန်းကြီးကျောင်း သို့ လာရောက်ပြီး အတီး၊အမှုတ်၊အက အခုန်တို့ဖြင့် တပျော်တပါးနှင့် လာ ရောက် ကန်တော့ကြပါသည်။

မည်သည့်ရက်တွင် မည်သည့် ဘုန်းကြီးကျောင်းသို့ မည်သည့်ရွာများ က သွားရောက် ကန်တော့ကြမည် စသည့် အစီအစဉ်များကိုတော့ ရွာလူ ကြီးများက ကြိုတင်ပြီး ညှိနှိုင်းထားကြ ရပါသည်။ သို့မှသာ ရွာခံလူများက မိမိတို့ရွာသို့ ဘုန်းကြီး ကန်တော့ရန် ရောက်ရှိလာကြမည့် ရွာသူရွာသား ကလေးသူငယ်များအား ထမင်း၊ ဟင်း မှအစ မုန့်ပဲသရေစာအဆုံး လိုလေ သေးမရှိ ကြိုတင် စီစဉ်ထားနိုင်ရန် ဖြစ်ပါသည်။

မည်သို့ဆိုစေ **၁၉၆၃ ခုနှစ်၏** တစ်နေ့သော သကြန်အခါကာလတွင် ကျွန်ုပ်က အရီးမမြိုင်နှင့်အတူ နောင် ဆန်းကျင်ရွာအထိ ဘုန်းကြီးကျောင်း များသို့ သွားရောက် ကန်တော့ကြစဉ် လိုက်ပါသွားဖြစ်ခဲ့ပါသည်။

နောင်ဆန်းကျင်ရွာသို့ ရောက်သော အခါ ဘုန်းကြီးများအား ကန်တော့ကြ ခြင်း၊ ရွာက တည်ခင်းဧည့်ခံသော ထမင်း၊ဟင်းမှအစ မုန့်ပဲသရေစာ များအဆုံး စားသောက်ကြပြီးသော အခါ ရွာများသို့ ပြန်ရန်သာ ရှိတော့ သည်။

သို့သော် မပြန်သေးဘဲ ထိုရွာတွင် အိမ်တစ်အိမ်က လူခြောက်ကလေး တစ်ယောက် မွေးဖွားထားသည်ဆို၍ အများနည်းတူ သွားရောက်ကာ ကြည့်ရှုဖြစ်ခဲ့ပါသည်။ အိမ်ရှင်က ထန်းခေါက်ဖာကလေးထဲတွင် ထည့်



ထားသော လူခြောက်ကလေးအား ကြည့်ရှုချင်သမျှ လူများကို စိတ်ရှည် လက်ရှည်ဖြင့် ထုတ်ပြပေးပါသည်။ လူတွေကလည်း ဝိုင်းအုံပြီး ကြည့်ကြ ပါသည်။ ထူးဆန်း၍ ဖြစ်ပါသည်။

ကျွန်ုပ်ကလည်း အများနည်းတူ ဝင်၍ကြည့်ဖြစ်သောအခါ အဆိုပါ လူခြောက်ကလေးမှာ အရပ် (၆)လက်မ ဝန်းကျင်သာ ရှိမည်ဟု ထင်ရပါသည်။ သို့ဆိုလျှင် သူ၏ ကိုယ်လုံးကိုယ် ပေါက်ကိုတော့ဖြင့် ခန့်မှန်း၍ မြင်နိုင်ကြ ပါပြီ။

ခန္ဓာကိုယ် သေးသေးကလေး ဖြစ် နေသည်မှအပ တကယ့် လူသားစစ်စစ် ကဲ့သို့အတိုင်းပဲ ဖြစ်ပါသည်။ ခြေ၊ လက်၊ မျက်စိ၊ နား၊ နှာခေါင်း၊ ပါးစပ် စသည်များအားလုံး ပါဝင်ပါသည်။ နောက်ဆုံး ခြေသည်း၊ လက်သည်း ကလေးများပင် ပါသည်။ အသား အရောင်မှာ ညိုညစ်ညစ်ကလေး ဖြစ်ပါ သည်။

ထူးခြားတာဆို၍ ဦးခေါင်းပိုင်းတွင် မြင်တွေ့ရမည့် ဆံပင်နေရာမှာတော့ ဆံပင်များမရှိဘဲ အသားပိုများဖြင့် ရစ် ပတ်ထားပါသည်။ ဘိုးတော်များ ဦးခေါင်း ပေါင်းထားသကဲ့သို့ ဖြစ်နေ သည်။ ခါးအောက်ပိုင်းနေရာလောက် တွင်လည်း လူသားများ ပုဆိုး ခါးတောင်းကျိုက်ထားသကဲ့သို့ အသား ပိုများဖြင့် စုဖွဲ့ထားခြင်းကို မြင်တွေ့ခဲ့ရ ပါသည်။

ဤသည်မှာ စာရေးသူ ကိုယ်တိုင် မြင်တွေ့ ခဲ့ရဖူးသော လူခြောက်၏ ကိုယ်နေဟန်ထား ပုံပန်းသဏ္ဌာန်များပင် ဖြစ်ပါတော့သည်။

ဆက်လက်၍ လူခြောက်တို့၏ လျှို့ဝှက်ဆန်းကြယ်မှုများကိုပါ တင်ပြ ပါဦးမည်။ သို့မှသာ ပို၍ ပြည့်စုံမည် ထင်ရ၍ ဖြစ်ပါသည်။

အဆိုပါ လူခြောက်ကို မြင်တွေ့ရပြီး သည့်နောက် ရွာသို့ ပြန်အလာတွင်မှ လူကြီးသူမများက လူခြောက်နှင့် ပတ်သက်ပြီး သူတို့ ကြားထားခဲ့ဖူး သမျှကို တစ်ယောက်တစ်ပေါက်စီ ပြောရင်း ပြန်ခဲ့ကြပါတော့သည်။ သူတို့ ပြောဆိုသမျှကို ကျွန်ုပ်က စုစည်းပြီး ပြန်လည် ဖောက်သည်ချရသော်...

လူခြောက်တို့သည် လူသားများ ကဲ့သို့ပင် အသက်ရှိသည်ဆို၏။ အသက်အရွယ်ကိုလိုက်ပြီး လိုအပ် သော အဝတ်အစား၊ အသုံးအဆောင် များကို သူ၏အိပ်ရာဘေးတွင် ထားပေး ရသည်ဆို၏။

ဆိုပါစို့...သူသည် အသက်လေး၊ငါး နှစ် ကျောင်းစနေရတော့မည့်အရွယ် ရောက်ပါလျှင် ကျောင်းဝတ်စုံနှင့်တကွ လိုအပ်သော လွယ်အိတ်၊ ကျောက် သင်ပုန်း(ခုခေတ်မှာတော့ စာအုပ်)၊ ခဲတံ အစရှိသည်ဖြင့် ထားပေးရသည် ဆို၏။

ထိုနည်းတူ လူပျိုပေါက်အရွယ် ရောက်လာလျှင်လည်း သူ၏အသက် အရွယ်နှင့်လိုက်ပြီး အဝတ်အစားများ ကို ဝယ်ပေးရသည်ဆို၏။ ဥပမာ နာရီ လက်စွပ် စသည်ဖြင့် ထားပေးရသည်



www.burmeseclassic.com

www.burmeseclassic.com

ဆို၏။ မထားပေး၍ သူလိုချင်လျှင် မိဘများကို အိပ်မက်ပေးပြီး တောင်းတတ်သည်ဆို၏။ မိဘများကလည်း မတတ်နိုင်စရာမရှိဟု ဆိုပါသည်။

အကြောင်းမူကား သူက ပစ္စည်းတစ်ခုခုကို တောင်းသည်ဆိုပါစို့။ မိဘများက ဝယ်ပေးဖို့ ငွေမရှိပါဟု ပြောလိုက်ရုံနှင့် နောက်နေ့များတွင် မိဘတို့၏ ခေါင်းအုံးအောက်တွင် ငွေက ရောက်လာတတ်သည်ဟု ဆိုပါသည်။

ဤသို့ဖြင့် မိဘများကို ရှာပေးပြီး သူလိုချင်တာ ဝယ်မပေးပြန်လျှင်လည်း မိဘများဆီက ပစ္စည်းများကို သူက ပြန်ခိုးယူတတ်ကြောင်း၊ ထိုအခါ မိဘများက မွဲပြာကျသည်အထိ ဖြစ်တတ်သေးကြောင်း ပြောကြပါသည်။ အံ့ဩဖွယ် ကောင်းလေစွ။

ထို့အပြင် အဆိုပါ လူခြောက်တို့၏ လျှို့ဝှက်ဆန်းကြယ်မှုများမှာ အပြင်လောက (မိခင်ဝမ်းတွင်းမှာ ရှိနေစဉ်) သို့ ရောက်မလာခင်ကတည်းကပင် ဖြစ်တတ်သေးကြောင်း။ ဆိုပါစို့... ကိုယ်ဝန် လွယ်ထားရသော မိခင်မှာ တစ်ခါတစ်ရံ ပိန်လိုက်၊ တစ်ခါတစ်ရံ ဖောင်းလိုက်(ပူလိုက်) ဖြစ်တတ်သေးသည်ဟု ဆိုပါသည်။

ဤသို့ ဖြစ်ရသည်မှာလည်း သူသည် မိခင်၏ ဝမ်းဗိုက်ထဲမှာ အချိန်ပြည့်မနေ။ တစ်ခါတစ်ရံ အပြင်သို့ ထွက်လိုက်၊ ဝင်လိုက် လုပ်တတ်၍ ဤကဲ့သို့ မိခင်၏ ဝမ်းဗိုက်မှာ ပူလိုက်၊ ပိန်သွားလိုက် ဖြစ်ရသည်ဟု ဆိုပါသည်။ မည်သို့ပင် ဖြစ်နေစေကာမူ ကိုးလလွယ် ဆယ်လ ရောက်သောအခါ သာမန်လူကဲ့သို့ မွေးဖွားလာကြသည်ဟု ဆိုပါသည်။

ပြောချင်ကြသည်မှာ လူခြောက်တို့



သည် မိခင်ဝမ်းတွင်းမှ မကျွတ်ခင်ကတည်းက စတင်ပြီး ထူးခြားဆန်းပြားလှပါသည်။ လျှို့ဝှက်ဆန်းကြယ်နိုင်လှပါသည်ဟူ၍ပင် ဖြစ်တော့သည်။

ဤသည်မှာ လူခြောက်တို့၏ သဘောသဘာဝကို ကြားဖူးခဲ့သမျှ ဖြစ်ပါသည်။

ကဲ... ယခုတော့ အဆိုပါလူခြောက်မျိုး လူ့ဘဝထဲသို့ ဝင်စားလာခဲ့သူ တစ်ယောက်၏အကြောင်းကို ဆက်ရေးပြပါတော့မည်။ ဇာတ်လမ်းက ယခုမှ စတော့မည်ဆိုပါတော့။ ဆက်ပြီး ဖတ်ကြည့်ပေးကြပါဦး။

* * *

တကယ်တော့ ကျွန်တော်ဟာ ညီအစ်ကိုမောင်နှမ ခြောက်ယောက်ရှိကြတဲ့အထဲမှာ ကျွန်တော်က အငယ်ဆုံးပါ။ မွေးချင်းကတော့ (၇)ယောက်ရှိခဲ့တယ်။ ခြောက်ယောက်မြောက်မွေးခဲ့တဲ့ ကျွန်တော်ရဲ့ အထက်ကတော့ လူလောကကြီးထဲမှာ မရှိတော့ဘူး။ ဘာကြောင့်လဲဆိုတော့ မွေးလာကတည်းက လူခြောက်ပါ။

အဲဒီ လူခြောက်ကိုတော့ ကျွန်တော်မမြင်ဖူးပါဘူး။ ကျွန်တော့်မိဘတွေရဲ့ ပြောပြချက်အရ အရပ်အမြင့် (၆) လက်မလောက်သာရှိတဲ့ လူသားက လေးပါပဲတဲ့။ ခြေလက်၊ မျက်စိ၊ နားနှာခေါင်း၊ ပါးစပ်ပေါက် အားလုံးပါ တယ်လို့ ဆိုတယ်။

အဲဒီ လူခြောက်ကလေးကို သူများတွေက သိမ်းထားပါဆိုတော့ အဖေ အမေတွေကလဲ သိမ်းထားခဲ့ကြတာပေါ့။ အဲဒီလို သိမ်းထားနေစဉ်မှာပဲ ကျွန်တော့်ရဲ့ အဖေကို အိပ်မက်သုံးခါလောက် ပေးတယ်လို့ ပြောတယ်။

ပထမဦးဆုံး အိမ်မက်ပေးတုန်းက မှောက်လျက်အနေအထားနဲ့ ကလေးငယ်တစ်ယောက်က ကျွန်တော့်အဖေကိုကြည့်ပြီး **'တို့အိမ်မှာ သားရှိတယ်'** ဆိုပြီး ပြောသတဲ့။

ဒုတိယအခေါက်မှာတော့ ငုတ်တုတ်ထိုင်နေတဲ့ ကလေးငယ် တစ်ယောက်က ကျွန်တော့်အဖေကို ကြည့်ပြီး **'တို့အိမ်မှာ သားရှိတယ်'** ဆိုပြီး အိပ်မက်ပေးပြန်သတဲ့။

ဒီလိုနဲ့ တတိယအခေါက် အိပ်မက်အပေးမှာတော့ ဒီကလေးက မတ်တတ်ရပ်နေပြီတဲ့။ စကားပြောတာကတော့ ခုနကပြောခဲ့တဲ့အတိုင်းပဲပေါ့။ ဆိုချင်တာကတော့ တဖြည်းဖြည်းနဲ့ ကြီးပြင်းလာခဲ့ခြင်းပါပဲ။

အဲဒီနောက်မှာတော့ အိပ်မက်ပေးခြင်း၊ ပြခြင်း မရှိတော့လို့ သိမ်းထားတဲ့ လူခြောက်ကလေးကို သွားကြည့်ကြတော့ ကြွက်ကိုက်၊ ပိုးဟပ်ကိုက်နဲ့ ပျက်စီးနေတာကို တွေ့ရပြီး၊ နောက်ဆုံးမှာ မြေမြှုပ်ပစ်ကြတယ်လို့ ဆိုပါတယ်။

အဲဒီနောက်မှာတော့ ကျွန်တော့် အမေမှာလဲ နောက်ထပ်ကိုယ်ဝန်



www.burmeseclassic.com

www.burmeseclassic.com

လာပြီး အချိန်တန်တော့ သားတစ်ယောက် မွေးခဲ့ရတော့တာပေါ့။ အဲဒီသားဟာ ကျွန်တော်ပါပဲ။

ကျွန်တော့်ရဲ့ အံ့ဖွယ်ဖြစ်ရပ်တွေဟာ ငယ်စဉ်ကတည်းက စ,ခဲ့တယ်လို့ပဲ ပြောရမယ်ထင်တယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်ဟာ ငယ်စဉ်အခါက ဓာတ်ပုံရိုက်လို့ မရခြင်းပါပဲ။



ကျွန်တော့်ရဲ့ မိဘတွေဟာ သားသမီးတွေရဲ့ ငယ်စဉ်အခါက ဓာတ်ပုံတွေကို အမှတ်တရရိုက်ပြီး အိမ်မှာထားလေ့ရှိတယ်။ ကျွန်တော့်ရဲ့ အထက်က အစ်ကို၊ အစ်မတွေရဲ့ ငယ်စဉ်အခါကဓာတ်ပုံတွေ အခု အိမ်မှာရှိတယ်။

ကျွန်တော့်ကိုလဲ ငယ်စဉ်အခါက ရုပ်ပုံကို ဓာတ်ပုံရိုက်ယူထားမယ်ဆိုပြီး ပထမ ကျွန်တော်တို့နေတဲ့ ဆင်တဲက ဓာတ်ပုံဆိုင်မှာ သွားရိုက်ကြသတဲ့။ ဒါပေမယ့် ဖလင်ဆေးတော့ ရုပ်ပုံ မပေါ်ဘူးလို့ ဆိုပါတယ်။

အဲဒါနဲ့ပဲ ဆင်တဲရဲ့တစ်ဖက်ကမ်းမှာရှိတဲ့ ပြည်မြို့ကိုသွားပြီး ထပ်ရိုက်ကြပြန်တယ်။ ဖလင်ဆေးတော့ ပုံမပေါ်ဘူး။ မကျေနပ်လို့ နောက်တစ်ခါ ထပ်ရိုက်ပြီး ဆေးပြန်တော့လဲ မပေါ်ဘူးတဲ့။

နောက်ဆုံး ဓာတ်ပုံဆရာက လက်လျှော့ခဲ့ရပြီး အခုထိ ကျွန်တော့်ရဲ့ ငယ်စဉ်အခါကဓာတ်ပုံ အိမ်မှာ မရှိခဲ့ပါဘူး။ ပြောချင်တာက ငယ်စဉ်အခါက ကျွန်တော့်ရဲ့ ဆန်းကြယ်မှုပါ။

အဲဒီရဲ့ နောက်မှာတော့ ကျွန်တော်ဟာ စကားတွေ စ,ပြီးပြောတတ်စ ပြုလာတယ်ဆိုရင်ပဲ **"ငါက လူခြောက်ကွ၊ လူခြောက်"** ဆိုပြီး မကြာခဏ ပြောတတ်သတဲ့။

ဒီအခါ မိဘနဲ့ အစ်ကို၊ အစ်မ ဆွေမျိုးသားချင်းတွေကလဲ အံ့ဩကြတာပေါ့။ အံ့ဩမယ်ဆိုလဲ အံ့ဩလောက်ပါတယ်။ ဒီအသက်အရွယ်ကလေးနဲ့ လူခြောက်ကို မမြင်ဘူးတဲ့ သူက သူ့ကိုယ်သူ လူခြောက်ပါလို့ ပြော,ပြောနေတာကိုး...။

ပြီးတော့ လူခြောက်ဆိုတာက လူနာမည်မှ မဟုတ်တာ၊ ထားပါဦးတော့။ ဒီနားတစ်လျှောက်မှာ ဦးလူခြောက်၊ မောင်လူခြောက် စသည်အားဖြင့် ရှိနေလို့ သူက သူတို့ကို အားကျပြီး လိုက်ပြောတယ်ဆိုရင်လဲ တစ်မျိုးပါ။ ခုတော့ ဒီဆင်တဲတစ်ရွာလုံးမှာ လူခြောက်ဆိုပြီး မှည့်ခေါ်ထားတဲ့ သူ တစ်ယောက်မှ မရှိဘူးလေ။

ဒီတစ်ခါ မိဘဆွေမျိုးသားချင်းတွေက ဒါဟာ အရင်က ကြွက်ကိုက်၊ ပိုးဟပ်ကိုက်ပြီး မြေမြှုပ်ခဲ့ရတဲ့ ကျွန်တော်ရဲ့ အထက်က လူခြောက်ကလေး၊ အခုတစ်ဖန် လူသားအဖြစ်နဲ့ ပြန်လာဝင်စားတာပဲဆိုပြီး ယုံကြည်သွားကြတော့တာပေါ့။ ဘာပဲဖြစ်ဖြစ် ဒါကလဲ ကျွန်တော့်ရဲ့ ဆန်းကြယ်မှုတွေထဲက တစ်ခုပဲမဟုတ်လား။

နောက်တစ်ခုက ကျွန်တော့်ရဲ့ မိဘများဟာ ကျွန်တော် မမွေးခင်ကအထိ အိုးပိုင်၊ အိမ်ပိုင်နဲ့ မနေခဲ့ကြရပါဘူး။ အိမ်ငှားဘဝ လက်လုပ်လက်စား ဘဝနဲ့ နေခဲ့ကြရတယ်။

ကျွန်တော့်ကို မွေးလာပြီးတဲ့ နောက်ပိုင်းမှာတော့ လုပ်ငန်းကိုင်ငန်းတွေ အဆင်ပြေလာပြီး အိုးပိုင်အိမ်ပိုင်ဘဝနဲ့ နေလာခဲ့ရတယ်လို့ မိဘတွေက ပြောကြပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ဟာ မိသားစုအတွက် လာခြင်းကောင်းသောသူလို့ တင်စားပြီး ပြောရင် ရနိုင်တာပေါ့။

အဲ... ကျွန်တော် အသက်အရွယ်ရလာတော့ ကျောင်းနေ... စသဖြင့်ပေါ့ဗျာ။ အခုတော့ ကျောင်းလဲ ပြီးခဲ့ပြီမို့ ဆင်တဲမှာရှိတဲ့ အမှတ်(၁၆) အကြီးစားစက်ရုံမှာ အလုပ်လုပ်နေရပါပြီ။ အားလပ်တဲ့ ရက်တွေမှာတော့ အိမ်မှာ စက်ဘီးပြင်တယ်။ ဆိုင်ကယ်,ကယ်ရီ လိုက်တယ်။ ဆိုင်ကယ်,ကယ်ရီ လိုက်တယ်ဆိုလို့ ပြောရဦးမယ်။

တစ်နေ့မှာပေါ့ဗျာ... ကျွန်တော်ဟာ လူနှစ်ယောက်ကိုတင်ပြီး ပြည်ဘက်ကမ်းကို သွားပို့ပေးရတယ်။ ကျွန်တော် အပါအဝင် လူသုံးယောက်ရဲ့ အလေးချိန်က ဘယ်နည်းမှာလဲဗျာ။

အဲဒါ ပြည်ဘက်ကမ်းကိုရောက်တော့ သူတို့ကိုထားခဲ့ပြီး ကျွန်တော်တစ်ယောက်တည်း ဆင်တဲဘက်ကို ပြန်ကူးလာတာပေါ့။ လမ်းတစ်လျှောက်လုံး ဘာမှမဖြစ်ခဲ့ပါဘူးဗျာ။ ချောချောမောမောရှုရှုပါပဲ။

အဲ အိမ်ရှေ့အနားကိုလဲ ပြန်ရောက်



www.burmeseclassic.com

www.burmeseclassic.com

ရော ဖောက်က ကျိုးသွားပြီး စီးမရတော့ဘူး။ တော်သေးတာပေါ့ဗျာ။ ပြည်ဘက်ကမ်းမှာသာ ဖြစ်ခဲ့ရင် ကျွန်တော် ဘယ်လောက် ဒုက္ခရောက်ခဲ့မလဲဆိုတာ။

အဆိုးဆုံးကတော့ဗျာ။ ပြန်လာစဉ် လမ်းခုလတ်မှာတင် အဲဒီလို ဖြစ်သွားရင် ကျွန်တော်တစ်ယောက်တည်း... စဉ်းစားသာ ကြည့်တော့ဗျာ။

ကျွန်တော့်အထင်ပြောရရင် ဟိုပြည်ဘက်ကမ်းမှာကတည်းက ဒီဆိုင်ကယ်ရဲ့ ဖောက်က ကျိုးနေလောက်ပြီဗျ။ ဒါပေမယ့် ကျွန်တော်ဟာ ဟန်မပျက်စီးပြီး အိမ်ကို အရောက်လာနိုင်ခဲ့ပါတယ်။ အိမ်ရှေ့ရောက်ခါနီးမှပဲ ဖြစ်ရတော့တာပါ။

ကျွန်တော်ဟာ ဒီစက်ရုံမှာ အလုပ်မလုပ်ခင် ရန်ကုန်မှာ အလုပ်သွားလုပ်ခဲ့သေးတယ်။ အဲဒီမှာလဲ ထိနိုက်ဒဏ်ရာ အနာတရတွေနဲ့ တွေ့ကြုံဖို့ဖြစ်ခဲ့တိုင်း ပွတ်ကာသီကာလေးတွေ လွဲချော်ပေးခဲ့တာ အများကြီးပါဗျာ။

ပြောပြရရင် တစ်နေကုန် ပြောလို့မဆုံးနိုင်ပါဘူး။ တစ်ခါတစ်ရံ ဘေးအန္တရာယ်တစ်ခုခု ဖြစ်လာတော့မယ်ဆိုတာကို ကြိုသိနေသလိုမျိုး ဖြစ်တတ်တယ်။ မကြာပါဘူး ကြိုသိနေတဲ့အတိုင်း ဖြစ်လာတာက များတယ်ဗျ။

ကျွန်တော့်ရဲ့ နာမည်က ချမ်းသာပါ။ ငွေကတော့ မချမ်းသာပါဘူး။ ဒါပေမယ့် ရတဲ့လစာနဲ့ ခုနက ကျွန်တော် ပြောခဲ့တဲ့ အပြင်အလုပ်နဲ့ ပေါင်းပြီး ဟန်မပျက်စားနိုင်သောက်နိုင်တဲ့အပြင် မိဘတွေကိုလဲ အလုပ်အကျွေး ပြုထားနိုင်ပါတယ်။ စိတ်ကတော့ နာမည်နဲ့လိုက်အောင်ကိုမှ ချမ်းသာနေရပါတယ်။ လောလောဆယ် က.စ.စ (၁၆)ဆင်တဲ ပန်းတောင်းမြို့နယ်မှာပဲ နေပါတယ်။

* * *

ဤသည်တို့မှာ ကျွန်ုပ်ကိုယ်တိုင် တွေ့ခဲ့ရဖူးသော လူခြောက်အစစ်တို့ ပုံသဏ္ဌာန်၊ အရွယ်အစားနှင့် သူတို့ ထူးခြားဆန်းပြားပြီး လျှို့ဝှက်ဆန်း ကြယ်မှုများအပြင် လူခြောက်ဘဝ လူ့လောကထဲသို့ လူဝင်စား ဖြစ်လာ သော လူသားတစ်ယောက်တို့၏ ဖြ ရပ်ဆန်း အကြောင်းများပင် ဖြစ် တော့သည်။

နေရာမှန်၊ ဖြစ်ရပ်မှန်၊ အမည်မှ များကို ကာယကံရှင်၏ ခွင့်ပြုချက်ဖြ ခံစားရေးဖွဲ့ကြောင်း ဝန်ခံပါသည်။

**ရှင်လန်း ချမ်းမြေ့ကြပါစေ**

ချစ်ဆိုင်

BURMESE CLASSIC .com


**☞ တက္ကသိုလ်နှင့် တက္ကသိုလ်လွန်အဆင့် ပညာရေးကိစ္စများအတွက် ☜**

- ယခုနှစ် ပညာသင်နှစ်အတွင်း ဖြေဆိုရမည့် စာမေးပွဲများတွင် အခက်အခဲမရှိဘဲ ဖြေဆိုနိုင်ပြီး အမှတ်ကောင်းကောင်း ရရှိထူးချွန်အောင်မြင်စေဖို့။
- မဟာဘွဲ့၊ ပါရဂူဘွဲ့၊ ဘွဲ့လွန်၊ ဝင်ခွင့်စာမေးပွဲတွေ အဆင်ပြေ လွယ်ကူစွာဖြေဖို့။
- ပညာသင်ယူနေစဉ်ကာလအတွင်း ငွေကြေးအခက်အခဲ၊ အချစ်ရေး၊ အိမ်ထောင်ရေး၊ အနှောင့် အယှက်၊ အပေါင်းအသင်း၊ အပျော်အပါး၊ အသောက်အစား၊ လောင်ကစား စတဲ့ အဖျက်မျိုး တွေနဲ့ ခိုက်ရန်အမှုအခင်းပြဿနာတွေ မကြုံရဘဲ ဘွဲ့ရပြီးဆုံးအောင် သင်ယူနိုင်စေဖို့။
- လက်ရှိ တက်ရောက်နေသော တက္ကသိုလ်မှ အခြား မိမိဆန္ဒရှိရာ တက္ကသိုလ်တစ်ခုခုသို့ ပြောင်းရွှေ့သင်ယူခွင့် လျှောက်ထားမည့်ကိစ္စ၊ ခက်ခဲကြန့်ကြာခြင်းမရှိဘဲ အဆင်ပြေ လွယ်ကူစွာ အမြန်ဆုံး ကျလာစေဖို့။ [ယုံကြည်အားကိုးမှသာ လာခဲ့ပါ။]

**ဆရာကြီး ဦးအောင်မြင့်**

(ဥပဒေဘွဲ့)(လက္ခဏာဗေဒင်ပညာသုတေသီ)

အမှတ်(၈၄၃)၊ ဦးဝိစာရလမ်း၊ (၃၄)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊

ဖုန်း-၀၁-၅၈၆၇၀၄၊ ၀၉-၅၀၆၂၈၄၃၊ ၀၉-၅၁၇၇၆၂၂




www.burmeseclassic.com